http://www.dhammadownload.com

ပန်းရွှေပြည်စာအုပ်တိုက်



၅ သိန်း ၁ သောင်း ၂ ထောင် ၂ ကျိပ် ၈ ဆူကုန်သော ရှင်စောဘုရားတို့၏
စကားအစီအစဉ် အတ္ထုပ္ပတ္တိကို ဆိုသော

# တထာဂတုပ္ပတ္တိကျမ်း

## ဓမ္မနန္ဒထေရ်

မြန်မာဘာသာစကားပြေ စီရင်သည်။


လွန်ခဲ့သော နှစ်ပေါင်း ၃၂၅ ကျော် ညောင်ရမ်းခေတ်ပေမူမှ ပထမဆုံး ပုံနှိပ်ခြ

ဂုတဒီပနီဓမ္မ ■ ကျိုင်ထိုကိုဝါပဏ္ဍိတ


ပန်းရွှေပြည်စာအုပ်တိုက်

http://www.dhammadownload.com


# ပန်းရွေပြည်စာအုပ်တိုက်ထုတ် ဘာသာရေးစာအုပ်များ





ခွင့်ပြုချက် ၄၀၈၃၄၂၀၁၆





ခွင့်ပြုချက် ၃၂၀၁၆၀၆၀၈





ခွင့်ပြုချက် ၄၀၇၈၈၀၉၀၈





ခွင့်ပြုချက် ၃၂ / ၂၀၀၄ (ခ)





ခွင့်ပြုချက် ၃၂၀၁၂၉၁၀၂၀၇





ခွင့်ပြုချက် ၂၀၃၄၅၅၀၂၀၉




ခွင့်ပြုချက် ၁၅၂၄၀၂၅၈၀၈




ခွင့်ပြုချက် ၃၂၀၂၄၂၀၁၀၄




ခွင့်ပြုချက် ၃၂၀၄၂၀၁၀၉

http://www.dhammadownload.com

http://www.dhammadownload.com

အမျိုး ဘာသာ သာသနာ
ရှေ့ကြာပန်းနှယ် သန့်ပါစေ။
ကမ္ဘာအနှံ့ ပြန့်ပါစေ။
ရောင်ဝါနေသို့ ထွန်းပါစေ။
ရှည်ကြာအဝွန့် တည်ပါစေ။

ပန်းရွေးညွှန် စာအုပ်တိုက်

http://www.dhammadownload.com



အနော်ရထာလမ်းနှင့် သိမ်ဖြူလမ်းထောင့်, ဗိုလ်တထောင်မြို့နယ်, ရန်ကုန်မြို့။
ဖုန်း ၀၁-၂၉၄၃၇၇, ၀၉-၅၁၈၁၇၁၅

http://www.dhammadownload.com

၂၀၀၆ မုန်းဆုတ်
သီတဂူ တမ္ဘာဇုဠတက္ကသိုလ် ပြက္ခဒိန်မှ
ခေတ်ပုံတော်များကို သုံးစွဲခွင့်ပြုသော

စစ်ကိုင်းတောင်ရိုး
သီတဂူကမ္ဘာပုဠတက္ကသိုလ် အဓိပတိ
သီတဂူဆရာတော်
ဒေါက်တာ အရှင်ဥာဏိဿရ

အား ကျေးဇူးဦးခိုက်တင်ရှိပါကြောင်း
မှတ်တမ်းတင်အပ်ပါသည်။

ပုဂံမြို့ အာနန္ဒာဘုရားရှိ သဲကျောက်ဆင်းတု ဗုဒ္ဓဝင်ပုံတော်များကို
သီတဂူ လှဂုဏ်ရည် ကျော်ဝင်း(မန္တလေး)က ရိုက်ကူးထားပါသည်။

http://www.dhammadownload.com



# တထာဂတုပ္ပတ္တိကျမ်း

ဓမ္မနန္ဒဆေရ

http://www.dhammadownload.com


တန်ဖိုး ၅၀၀၀ ကျပ်

အုပ်ရေ ၅၀၀ အုပ်

အကြိမ် ပထမအကြိမ်
၂၀၁၀ ခုနှစ် အောက်တိုဘာလ

မျက်နှာဖုံး ရဲရဲ

အတွင်းဓာတ်ပုံ လှဂုဏ်ရည် ကျော်ဝင်း(မန္တလေး)

ထုတ်ဝေသူ ဦးသိမ်းမင်း(ဝဂ္ဂ၂၉၁)
ပန်းရွှေပြည်စာအုပ်တိုက်
အမှတ် ၃၃၄, ၈ လမ်း, ၁၁ ရပ်ကွက်,
တောင်ဥက္ကလာပမြို့နယ်, ရန်ကုန်မြို့။

ပုံနှိပ်သူ ဦးဝင်းကျော်ထွန်း(ဝဂ္ဂ၉၅၈)
မုံရွေးပုံနှိပ်တိုက်
အမှတ် ၈၁/ခ, သံလွင်လမ်း,
ပဟန်းမြို့နယ်, ရန်ကုန်မြို့။

စာမူခွင့်ပြုချက် ၆၀၀၁၂၈၀၃၁၀

အုပ်ချုပ်ခွင့်ပြုချက် ၆၀၀၃၉၅၁၀၃၁၀

၂၉၄ ၃

မြန်နန္ဒထေရ်
တထာဂတုပ္ပတ္တိကမ်း / မြန်နန္ဒထေရ် - ရန်ကုန် ၊ ၂၀၁၀ ၊
ပန်းရွှေပြည်စာပေ ၊ ၂၀၁၀ ၊
၅၁၂ - စာ ၊ ၁၈ × ၂၅ စင်တီ ၊
(၁) တထာဂတုပ္ပတ္တိကမ်း


### ဖို့ကာဝန်အရေးပုံ၈၈

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး၊
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး၊
အချုပ်အခြာအာဏာ တည်တံ့ခိုင်ပြိုရေး ဒို့အရေး၊

### ပြင်ဆင်ချင်းအကားများ

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ၊
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ၊
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ၊

### နိုင်ငံရေး ဦးစားပေးချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား မြန်လည် ရေးလုံးညီညွတ်ရေး
- နိုင်မာသည့် ပွဲ့စုံလုံပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ပွဲ့စုံလုံပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

### စီးပွားရေး ဦးစားပေးချက် (၄) ရပ်

- စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း တက်နိုင်ဖွံ့ဖြိုးတိုးတက်စောင် တည်ဆောက်ရေး
- ရေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ပန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

### လူမှုရေး ဦးစားပေးချက် (၄) ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တဖြင့်မြှင့်မားရေး
- အမျိုးဂုဏ်၊ ဓာတိဂုဏ်ဖြင့်မြှင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် တိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြိုင်ရေးနှင့် ပညာရည် မြင့်မားရေး

http://www.dhammadownload.com



ဘုရားလောင်းမယ်တော်ကား ရွှေချည်ထဘီကိုဝတ်၍၊ ငါးကြင်းမျက်စိနှင့် တူသောအကွက်ပေါ်သော ဘွဲ့ဖြူပုဆိုးကို ခြေဖျားတိုင်အောင်ရုံ၍၊ အလိုလိုညွတ်သော အင်ကြင်းခက်ကို လက်ယာလက်ဖြင့်ကိုင်၍ လက်ဝဲလက်ဖြင့် ညီမတော်ဂေါတမီလည်ကို ဆွဲဖက်၍ ရပ်လျက်ပင် ဓမကရိုက်ရေစစ်မှ ရေထွက်သကဲ့သို့ ဘုရားလောင်းကို ဖွား၏။

http://www.dhammadownload.com

http://www.dhammadownload.com

http://www.dhammadownload.com



ပဋ္ဌဝဂ္ဂိတို့ ခေါ်တော်မူ၍ ဝါဆိုလပြည့်နေ့ည အနောက်မျက်နှာမှလည်း နေတစ်ခြမ်းဝင်သောအခါ, အရှေ့မျက်နှာမှလည်း ဥတ္တရာသင်္ဃနက္ခတ်နှင့်ယှဉ်လျက် လတစ်ခြမ်းပေါ်သောအခါ၌ အစရှိသည်ဖြင့် မမ္မစကြာတရားတော်မြတ်ကို ဟောတော်မူ၏။ အနောက်မျက်နှာ၌ နေ လုံးလုံးဝင်, အရှေ့မျက်နှာ၌ လဝန်း အလုံးစုံပေါ်သောအခါ၌ မမ္မစကြာသုတ္တန်တရားတော်မြတ်သည် အပြီးသို့ရောက်၏။

http://www.dhammadownload.com



"ဤမဟာသမ္မတမင်း၏အနွယ်သည် ခမည်းတော်မင်းကြီး၏အနွယ်တည်း။ ငါတို့အားကား ဒီပင်္ကရာ, ကောဏ္ဍည, မင်္ဂလ အစရှိသော ၂ ကျိပ် ၅ ဆူကုန်သော ဘုရားရှင်တို့၏အနွယ်တည်း။ ထို ၂ ကျိပ် ၅ ဆူကုန်သော ဘုရားတို့သည် လည်းကောင်း၊ တစ်ပါးကုန်သော အထောင်မက များစွာကုန်သော ဘုရားတို့သည် လည်းကောင်း ဆွမ်းခံသွားသဖြင့်သာလျှင် အသက်မွေးကုန်၏" ဟု မိန့်တော်မူ၍ ခရီးမဲ့၌ ရပ်တော်မူလျက် -

http://www.dhammadownload.com



"ချစ်သားရာဟုလာ။ ၂ သောင်းသောရဟန္တာတို့ဖြင့် ခြံရံအပ်သော, ရွှေအဆင်းနှင့် ကူသောအဆင်းရှိသော ဗြဟ္မာမင်း၏အရုပ်ကဲ့သို့ ထိုရဟန်းကြီးကို သင်သည် ရှုလော့။ ဤရဟန်းကြီးသည် သင်၏ အဖတည်း။ ထိုရဟန်းကြီးအား ရွှေအိုးကြီး ၄ လုံးသည် ရှိကုန်၏။ ထိုရဟန်းကြီး တောထွက်သောအခါမှစ၍ ထို ရွှေအိုးကြီးတို့ကို ငါတို့သည် မမြင်ကုန်ပြီ။ သင်ချစ်သားသည် သွား၍ အဖွေတောင်းချေ"

http://www.dhammadownload.com



'လောဘ, ဒေါသ, မောဟ' ဟူသော ကျော့ကွင်းကို ရှင်းရှင်းကျွတ်အောင် ငါလည်း ချွတ်နိုင်ပေပြီ။ သင်-တို့လည်း ချွတ်နိုင်ပေပြီ။ မကျွတ်လွတ်နိုင်ဘဲ ဝဋ်ဆင်းရဲဆဲမျော်ပွေ့သော သတ္တဝါတို့သည်လည်း လွန်စွာ များလှကုန်သည်။ ထိုသူတို့အား စီးပွားချမ်းသာကို ပြုခြင်းငှာ ထိုထိုမြို့ရွာသို့ ဒေသစာရီ ကိုယ်စီ သွားကြလေကုန်။

http://www.dhammadownload.com

"အချင်း ပါလိလေယျက။
သင်ကား ငါနှင့်အလားတူစွ။
အပေါင်းအဖော်နှင့်နေခြင်း မည်သည်ကား
များစွာသောဆင်းရဲ ရှိ၏။
မိမိချမ်းသာကို ရှာလိုသောသတ္တဝါသည်
လိမ္မာနူးညံ့သော ခင်ပွန်းကောင်းကို မရမူ
တစ်ယောက်တည်းသာ နေရာ၏"



"ငါတစ်ယောက်တည်းသာလျှင်
ပရိနိဗ္ဗာန်ပြုလေအံ့။
ယခုအခါ ငါတစ်ယောက်တည်းသာလျှင်
သင်တို့ကို ဆုံးမ၏။
ငါ ပရိနိဗ္ဗာန်ပြုသည်ရှိသော်
ဓမ္မက္ခန္ဓာ ၈ သောင်း ၄ ထောင်ဟု ဆိုအပ်သော
ဘုရားရှင် ၈ သောင်း ၄ ထောင်တို့သည်
ဆုံးမရစ်လတ္တံ့"ဟု မိန့်တော်မူပြီး၍ -



http://www.dhammadownload.com

ညောင်ရမ်းခေတ်တွင်ပြုစုတော်မူသော

ရှေးအကျဆုံး ဗုဒ္ဓဝင်ပေမူကို ပထမကြိမ်အဖြစ် စက်တင်ပုံနှိပ်ခြင်း

# တထာဂတုပ္ပတ္တိကျမ်း

## အရှင်ဓမ္မနန္ဒထေရ်

စီရင်ပြုစုတော်မူသည်။

http://www.dhammadownload.com



## မာတိကာ


- တထာဂတုပ္ပတ္တိနိဒါန်း ၁
- အမှာစာ ၁၁
- ကျေးဇူးစကား ၂၄
- ကျမ်းဦးနိဒါန်း ၂၅
- သုမေဓာရှင်ရသေ့ ဗျာဒိတ်ရခြင်း ၂၇
- ဒီပင်္ကရာ မြတ်စွာဘုရား ဗုဒ္ဓဝင် ၃၉
- ကောဏ္ဍည မြတ်စွာဘုရား ဗုဒ္ဓဝင် ၄၂
- မင်္ဂလ မြတ်စွာဘုရား ဗုဒ္ဓဝင် ၄၅
- သုမန မြတ်စွာဘုရား ဗုဒ္ဓဝင် ၅၁
- ရေဝတ မြတ်စွာဘုရား ဗုဒ္ဓဝင် ၅၃
- သောဘိတ မြတ်စွာဘုရား ဗုဒ္ဓဝင် ၅၅
- အနောမဒဿီ မြတ်စွာဘုရား ဗုဒ္ဓဝင် ၅၇
- ပဒုမ မြတ်စွာဘုရား ဗုဒ္ဓဝင် ၅၉
- နာရဒ မြတ်စွာဘုရား ဗုဒ္ဓဝင် ၆၁
- ပဒုမုတ္တရ မြတ်စွာဘုရား ဗုဒ္ဓဝင် ၆၃
- သုမေဓ မြတ်စွာဘုရား ဗုဒ္ဓဝင် ၆၅
- သုဇာတ မြတ်စွာဘုရား ဗုဒ္ဓဝင် ၆၇
- ပိယဒဿီ မြတ်စွာဘုရား ဗုဒ္ဓဝင် ၇၀
- အတ္ထဒဿီ မြတ်စွာဘုရား ဗုဒ္ဓဝင် ၇၃
- ဓမ္မဒဿီ မြတ်စွာဘုရား ဗုဒ္ဓဝင် ၇၅
- သိဒ္ဓတ္ထ မြတ်စွာဘုရား ဗုဒ္ဓဝင် ၇၇
- တိဿ မြတ်စွာဘုရား ဗုဒ္ဓဝင် ၈၀
- ဖုဿ မြတ်စွာဘုရား ဗုဒ္ဓဝင် ၈၃
- ဝိပဿီ မြတ်စွာဘုရား ဗုဒ္ဓဝင် ၈၅
- သိခီ မြတ်စွာဘုရား ဗုဒ္ဓဝင် ၈၈
- ဝေဿဘူ မြတ်စွာဘုရား ဗုဒ္ဓဝင် ၉၀
- ကကုသန် မြတ်စွာဘုရား ဗုဒ္ဓဝင် ၉၂
- ကောဏာဂုံ မြတ်စွာဘုရား ဗုဒ္ဓဝင် ၉၅

http://www.dhammadownload.com




- ကဿပ မြတ်စွာဘုရား ဗုဒ္ဓဝင် ၉၇
- ဂေါတမ မြတ်စွာဘုရား ဗုဒ္ဓဝင် ၁၀၀
- မြတ်စွာဘုရားတို့၏ အထူးထူးအထွေထွေသောအကြောင်း ၁၀၁
  - သဗ္ဗညုဘုရားအလောင်းတော်ကား ၃ ပါး။ ၁၀၁
  - ပါရမီကား ၁၀ ပါး။ ၁၀၁
  - စွန့်ခြင်းကား ၅ ပါး။ ၁၀၂
  - အကျင့်သော်ကား ၃ ပါး။ ၁၀၂
  - သဗ္ဗညုဘုရားတို့အား ထူးခြားကွဲပြားကုန်သည်ကား ၈ ပါး။ ၁၀၂
  - ခပ်သိမ်းသောဘုရားတို့ ဓမ္မတာ ၃၀ ။ ၁၀၃
  - ခပ်သိမ်းသောဘုရားတို့အား မစွန့်အပ်သောအရပ်ကား ၅ ပါး။ ၁၀၃
  - မဖြစ်သောအရပ် ၁၈ ပါး။ ၁၀၄
  - ဖြစ်ရာ ၅ ပါး။ ၁၀၅
  - ကပ် ၃ ပါး။ ၁၀၅
- ကမ္ဘာပျက်သည်ကို ပြခြင်း ၁၀၇
- မဟာသမ္မတမင်းဆက်ကို ပြခြင်း ၁၁၃
- သာကီဝင်မင်းဆက်ကို ပြခြင်း ၁၁၆
- ကပိလဝတ်ပြည်၏ အကြောင်း ၁၁၇
- အလောင်းတော်နတ်သားအား ပဋိသန္ဓေယူရန် တောင်းပန်ခြင်း ၁၂၁
- ဘုရားလောင်း ဖွားတော်မူခြင်း ၁၂၃
- ကာဠဒေဝိလရသေ့ ငိုသည်,ရယ်သည်ကို ပြခြင်း ၁၂၆
- ပုဏ္ဏားတို့အဟောကို ပြခြင်း ၁၂၇
- နေရိပ်လွဲသည်ကို ပြခြင်း ၁၂၈
- လေးအတတ်ကို ပြခြင်း ၁၂၉
- ဘုရားလောင်းနန်းတက်ခြင်းနှင့် နိမိတ် ၄ ပါးကို မြင်ခြင်း ၁၃၁
  - သူအိုကို ပြခြင်း ၁၃၁
  - သူနာကို ပြခြင်း ၁၃၂
  - သူသေကို ပြခြင်း ၁၃၃
  - ရဟန်းကို ပြခြင်း ၁၃၄
- ယသောရာမိဖုရား မျက်နှာမြင်သည်ကို ပြခြင်း ၁၃၅
- ကိသာဂေါတမီ ချီးမွမ်းစကားကို ပြခြင်း ၁၃၆
- ဘုရားလောင်း နန်းမှဆွာတော်မူသည်ကို ပြခြင်း ၁၃၇
- ဘုရားလောင်း ရာဇဂြိုဟ်ပြည်သို့ဝင်၍ ဆွမ်းရယ်သည်ကို ပြခြင်း ၁၄၂
- ဒုက္ကရစရိယာကျင့်သည်ကို ပြတော်မူခြင်း ၁၄၄

http://www.dhammadownload.com




- ကာလနဂါးမင်းထံ ရွှေခွက်ရောက်သည်ကို ပြခြင်း ၁၄၇
- မာရ်မင်းကို ပထမအောင်ခြင်း ၁၄၉
- သတ္တသတ္တာဟကို စံနေတော်မူခြင်း ၁၅၃
- မြတ်စွာဘုရား သတ္တသတ္တာဟ ၇ ဌာန ပြတော်မူခြင်း ၁၅၄
  - ပလ္လင်စေတီ (ပလ္လင်သတ္တာဟ) ၁၅၄
  - အနိမိသစေတီ (အနိမိသသတ္တာဟ) ၁၅၄
  - စင်္ကမစေတီ (ရတနစင်္ကမသတ္တာဟ) ၁၅၄
  - ရတနစေတီ (ရတနဃရသတ္တာဟ) ၁၅၄
  - အဇပါလစေတီယ (အဇပါလသတ္တာဟ) ၁၅၅
  - မုစလိန္ဒစေတီ (မုစလိန္ဒသတ္တာဟ) ၁၅၆
  - ရာဇာယတနစေတီယ (ရာဇာယတနသတ္တာဟ) ၁၅၆
- ပဉ္စဝဂ္ဂီ ၅ ဦးကို ဓမ္မစက္ကာတရားဦး ဟောတော်မူခြင်း ၁၅၈
- သာဘာဂိရိဘိလူးမင်းနှင့် ဟေမဝတာဘိလူးမင်း အကြောင်း ၁၆၁
- သူဋ္ဌေးသားယသကို ရဟန်းပြုခြင်း ၁၆၇
- မြတ်စွာဘုရား ရာဇဂြိုဟ်သို့ ကြွတော်မူခြင်း ၁၇၁
- မြတ်စွာဘုရားအား ဝေဠုဝန်ကျောင်းကို လှူတော်မူခြင်း ၁၇၃
- သာရိပုတ္တရာ, မောဂ္ဂလာန် ပရိဗ္ဗာဇက ၂ ယောက် ရဟန်းပြုခြင်း ၁၇၆
- ကပိလဝတ်သို့ ကြွတော်မူခြင်းငှာ ပင့်ခြင်း ၁၇၇
- ကပိလဝတ်ပြည်သို့ မြတ်စွာဘုရားသခင် ကြွချီတော်မူခြင်း ၁၇၉
- ယသောဓရာဓိဖုရား ဝိယိုရှိနိုးသည်ကို ပြခြင်း ၁၈၄
- သာကီဝင်မင်းသား ၆ ယောက်နှင့် ဥပါလိတို့ ရဟန်းပြုခြင်း ၁၈၇
- ရှင်အနုရုဒ္ဓထေရ်အကြောင်း ၁၈၈
- အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတော်လှူ ၁၈၉
- ယဇမူဓော်သော ပုဏ္ဏားအကြောင်းကို ပြခြင်း ၁၉၁
- စုန္ဒဝက်ထိုးသည် အကြောင်း ၁၉၃
- ရှင်မဟာကဿပထေရ် အကြောင်း ၁၉၅
- အရှင်ယသောဇထေရ်အကြောင်းကို ပြခြင်း ၁၉၇
- မြတ်စွာဘုရားနှင့်အတူ ၅၀၀ သောရဟန်းတို့ အရဟတ္တဖိုလ်တည်ခြင်း ၁၉၉
- လင်းနို့အကျင့်ကျင့်သော ပုဏ္ဏားအကြောင်း ၂၀၁
- ရဟန်းတို့အား တန်ခိုးမပြရန် ပညတ်ခြင်း ၂၀၃
- မြတ်စွာဘုရားကိုယ်တော်တိုင် ယမိုက်ပြာဇိုဟာ ပြခြင်း ၂၀၅
- သတ္တမဝါဆိုစဉ်ကို ပြခြင်း ၂၁၄
- မြတ်စွာဘုရား အဘိဓမ္မာတရားတော် ဟောကြားခြင်း ၂၁၆

http://www.dhammadownload.com




- တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူခြင်း ၂၂၀
- သေက္ခ, အသေက္ခပုဂ္ဂိုလ်တို့တရားကို ရှင်သာရိပုတ္တရာအား မေးတော်မူခြင်း ၂၂၃
- နကုလအဖ, နကုလအမိအကြောင်းကို ပြခြင်း ၂၂၅
- ဗောဓိမင်းသား၏အကြောင်းကို ပြခြင်း ၂၂၇
- သာမာဝတီ မိဖုရားအကြောင်းကို ပြခြင်း ၂၃၀
- ဥတေနမင်းအား ဘဒ္ဒဝတီဆင်မ၏ကျေးဇူးကို ပြခြင်း ၂၃၃
- မြတ်စွာဘုရားသည် ပါလိလေယျကတောသို့ ကြွတော်မူခြင်း ၂၃၅
- ပါလိလေယျက ဆင်မင်း အကြောင်း ၂၃၇
- ကောသမ္ဗီရဟန်းတို့ကို ဆုံးမတော်မူခြင်း ၂၄၁
- ဘာရဒ္ဒါရဇပုတ္တားနှင့် တွေ့ဆုံခြင်းအကြောင်း ၂၄၂
- ဝေရဉ္ဇပုတ္တားနှင့် တွေ့ဆုံခြင်း ၂၄၆
- သူဋ္ဌေးသားသုဒိန် ရဟန်းပြုခြင်း ၂၅၂
- မေဃိယထေရ်၏အကြောင်းကို ပြုခြင်း ၂၅၄
- မဟာနာမမင်းအကြောင်းကို ပြခြင်း ၂၅၈
- အာဠဝကဘီလူးကို ဆုံးမတော်မူခြင်း ၂၆၂
- ပြည့်တန်ဆာမ သိရိမာအကြောင်းကို ပြခြင်း ၂၆၉
- မေဃိယထေရ်ကို ဆုံးမခြင်း ၂၇၃
- ပုဏ္ဏထေရ်အကြောင်းကို ပြခြင်း ၂၇၄
- အစောတသတ္တုမင်းနှင့် ဝန္ဓိမင်းတို့အကြောင်းကို ပြခြင်း ၂၇၉
- အမ္ဗပါလီ၏ဆွမ်းကို ခံတော်မူခြင်း ၂၈၉
- မြတ်စွာဘုရား မကျန်းမာသည်ကို ပြခြင်း ၂၉၁
- ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုသည်ကို ပြခြင်း ၂၉၃
- အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုသည်ကို ပြခြင်း ၂၉၉
- မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် မာရ်နတ်လျှောက်သည့် အကြောင်း ၃၀၁
- ရဟန်းတို့အား ဆုံးမတော်မူ၍ ဝေသာလီပြည်ကို အဆုံးစွန်ကြည့်ခြင်း ၃၀၆
- စုန္ဒ၏သားပြိမ်းဆွမ်းကို ခံတော်မူခြင်း ၃၀၈
- အင်ကြင်းတောအကွေ့သို့ ကြွသည်ကို ပြခြင်း ၃၁၃
  - ဝရဏနတ်, ဝါရဏနတ်တို့အကြောင်း ၃၁၆
- ရှင်ဥပဝါဏထေရ်ကို ဖယ်ရှားစေခြင်း အကြောင်း ၃၁၉
- အရှင်အာနန္ဒာအား ဆိုဆုံးမခြင်းများစွာကို ပြခြင်း ၃၂၁
- သုဘဒ်ပရိဗိုဇ်ကို ချေချွတ်တော်မူခြင်း ၃၂၇
- မြတ်စွာဘုရားသည် အဆုံးစွန်သော တရားကိုဟောခြင်း ၃၂၉
- မြတ်စွာဘုရားအလောင်းတော်ကို မီးပူဇော်ရာသို့ ဆောင်ခြင်း ၃၃၄

http://www.dhammadownload.com




- မြတ်စွာဘုရားအလောင်းတော်ကို မီးသင်္ဂြိုဟ်တော်မူခြင်း ၃၃၈
- အဓာတသတ်မင်း ငိုမြည်တမ်းသည်ကို ပြခြင်း ၃၄၁
- ၇ ပြည်ထောင်မင်းတို့ ဓာတ်တော်တောင်းသည်ကို ပြခြင်း ၃၄၃
- အဓာတသတ်မင်းသည် ဓာတ်တော်တို့ကို ဆောင်ခြင်း ၃၄၇
- မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်း ၃၅၀
- ဓာတ်တော်အစုစုကို ဌာပနာ၍ စေတီတည်ကြပုံ ၃၅၁
- သင်္ဂါယနာတင်သည်တို့ကို ပြခြင်း ၃၅၄
- မြတ်စွာဘုရားကျေးဇူးတော်ကို ရှင်မဟာကဿပ အောက်မေ့ခြင်း ၃၅၆
- သင်္ဂါယနာတင်ပွဲ၌ အရှင်အာနန္ဒာကို မရွေးသည်ကိုပြခြင်း ၃၅၉
- အရှင်အာနန္ဒာ ပူဆွေးသောကဖြစ်သည်ကို ပြခြင်း ၃၆၄
- ရာဇဂြိုဟ်ပြည်ရှိ ကျောင်းကြီးတို့ကို ပြုပြင်ကြခြင်း ၃၆၆
- အရှင်အာနန္ဒာ ရဟန္တာဖြစ်သည်နှင့် ပထမသင်္ဂါယနာတင်သည်ကို ပြခြင်း ၃၆၉
  - ဝိဋ္ဌကတ် ၃ ပုံ ၃၇၆
  - နိကာယ် ၅ ရပ် ၃၇၇
  - ဝိဋ္ဌကတ် ၃ ပုံ အင်္ဂါ ၉ ပါး ၃၇၉
- မဂ္ဂန္ဒာ ၈ သောင်း ၄ ထောင် ၃၈၂
- ဒါသကထေရ်ဝတ္ထု ၃၈၆
- သောဏထေရ်ဝတ္ထု ၃၈၇
- သိဂ္ဂဝထေရ်ဝတ္ထု ၃၈၈
- ဒုတိယသင်္ဂါယနာတင်သည်ကို ပြခြင်း ၃၈၉
- ရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏အကြောင်း ၃၉၂
- တိဿထေရ်ဝတ္ထု ၃၉၅
- အသောကမင်းအကြောင်းကို ပြခြင်း ၄၀၁
- နိဂြောဓသာမဏေ၏အကြောင်းကို ပြခြင်း ၄၀၆
- သာသနာ့အမွေခံ ဖြစ်တော်မူခြင်းအကြောင်း ၄၁၁
- အသောကမင်းကြီး၏ သာသနာသန့်ရှင်းရေး ဆောင်ရွက်ပုံအကြောင်း ၄၁၇
- တိဿထေရ်၏အကြောင်းကို ပြခြင်း ၄၁၉
- အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ပင့်တော်မူခြင်းအကြောင်း ၄၂၂
- အရှင်မောဂ္ဂလိပုတ္တတိဿထေရ် တန်ခိုးပြခြင်း ၄၂၄
- အရှင်မောဂ္ဂလိပုတ္တတိဿ က တိတ္ထိတို့အယူကို နှိမ်နင်းခြင်း ၄၂၇
- တတိယသင်္ဂါယနာတင်သည်ကို ပြခြင်း ၄၂၉
- ၉ တိုင်း ၉ ဌာနသို့ သာသနာပြု စေလွှတ်တော်မူခြင်း ၄၃၃
- သာသနာပြုမထေရ်တို့အကြောင်းကို ပြခြင်း ၄၃၄

http://www.dhammadownload.com




- ဒေဝါနံဝိယတိဿမင်း အဘိသိက်ခံသည်ကို ပြခြင်း ၄၅၀
- အရှင်မဟိန္ဒထေရ် ကြွလာသည်ကို ပြခြင်း ၄၅၂
- သုမနသာမဏေ ဓာတ်တော်,မွေတော်တို့ ဈာပနကိုပြခြင်း ၄၆၀
- ဘုရား ၃ ဆူ လက်ထက် သိန်းခိုကျွန်းအကြောင်း ၄၆၃
- သိန်းခိုကျွန်းသို့ မြတ်စွာဘုရား ကြွတော်မူခြင်းအကြောင်း ၄၆၇
- အနုဠာဒေဝီ ရဟန်းပြုခြင်းအကြောင်း ၄၆၉
- မဟာဗောဓိကို ဓမ္မာကောလဆိပ်သို့ ဆောင်ခြင်း ၄၇၅
- မဟာဗောဓိကို ဒေဝါနံဝိယတိဿမင်း ကြိုသည်ကိုပြခြင်း ၄၇၇
- ဒေဝါနံဝိယတိဿမင်းကြီး သာသနာ့ဝန်ဆောင်ခြင်း ၄၈၀
- ဒေဿနာ, သာဿနာ, ကထာစသည်တို့ကို ပြခြင်း ၄၈၄
  - ဒေဿနာ ၃ ပါး ၄၈၄
  - သာဿနာ ၃ ပါး ၄၈၅
  - ကထာ ၃ ပါး ၄၈၅
  - သိက္ခာ ၃ ပါး ၄၈၅
  - ပဟာန် ၃ ပါး ၄၈၆
  - ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ ၄၈၆
- ဝိဋကတ် ၃ ပုံသင်ခြင်းခွဲ မကောင်းသဖြင့်သင်ခြင်းကို ပြခြင်း ၄၈၈
  - အလဂဒူပမာ ပရိယတ္တိ ၄၈၈
  - ဝိနည်းဝိဋကတ် ၄၉၀
  - သုတ္တန်ဝိဋကတ် ၄၉၁
  - အဘိဓမ္မာဝိဋကတ် ၄၉၁
  - ပထမသင်္ဂါယနာ ၄၉၃
  - ဒုတိယသင်္ဂါယနာ ၄၉၃
  - တတိယသင်္ဂါယနာ ၄၉၃
  - စတုတ္ထသင်္ဂါယနာ ၄၉၄
  - အရှင်ဗုဒ္ဓဃောသ ၄၉၄

http://www.dhammadownload.com



# တထာဂတုပ္ပတ္တိ နိဒါန်း

တထာဂတုပ္ပတ္တိကျမ်း[၁]ကို ပြုစုချိန်ကား ညောင်ရမ်း ၇ ဆက်မြောက် ရမည်းသင်းမင်း မင်းရဲကျော်ထင်[၂]ဘုရင် လက်ထက်တော် ဖြစ်ပါသည်။ တိုင်းပြည်၌ စစ်မက်ရေး ငြိမ်သက်ချိန် ဖြစ်ပါသည်။

ဆရာတော်ပြုစုသော အခြားကျမ်းစာမူများကို မတွေ့ရပါ။ ပေမူ၌ မိမျိုးဖန္ဓယ်ကိုလည်း ဖော်ပြမထားပါ။ မည်သည့်အရပ်နေ မည်သူမည်ဝါ၏ တောင်းပန်မှုကြောင့် ပြုစုကြောင်းလည်း မပါပါ။

စကားပြေ အရေးအဖွဲ့၌ကား တိုရှင်းပြေပြစ်ပြီး၊ ဝါကျအား ကောင်းလှပါသည်။ အချို့အရေးအဖွဲ့တို့၌ နိဿယနည်းကိုလည်း အလျှဉ်းသင့်သလို ထည့်သုံးထားပါသည်။

ဗုဒ္ဓဝင်စာပေအနေဖြင့်မူ တွေ့ရှိရသမျှ၌ 'ရှေးအကျဆုံးမူအဖြစ် တွေ့ရှိရကြောင်း' ဒေါ်လွင်မာဦး၏ 'ဗုဒ္ဓဝင်စကားပြေ ဖွံ့ဖြိုးတိုးတက်လာပုံ' ပါရဂူဘွဲ့ တင်သွင်းသောကျမ်းတွင် သုံးသပ်တင်ပြထားပါသည်။

လွန်ခဲ့သော နှစ်ပေါင်း ၃၂၅ နှစ်ခန့်က မြန်မာစကားပြေအဖွဲ့, ဗုဒ္ဓဝင်စာပေအဖွဲ့ကို ပညာရှင်တို့အတွက် လေ့လာသုံးသပ်စရာ စိတ်ဝင်စားဖွယ် ကောင်းလှပါသည်။ မြန်မာမင်းဆက်ခေတ်အရဆိုလျှင် ညောင်ရမ်းမင်းဆက်လက်ထက်တော်တွင် ဖြစ်ပါသည်။

အခြားသော ဗုဒ္ဓဝင်စာပေ အစောင်စောင်နှင့် ညှိချိန် ဆင်ခြင်ကြည့်ပါကလည်း စကားပြေ ရေးဖွဲ့တင်ပြမှုတွင် ပြေပြစ်ကျစ်လစ်လှကြောင်း တွေ့ကြရပါမည်။

ညောင်ရမ်းခေတ်ကား စကားပြေ ထွန်းကားပါသည်။ ဦးကုလား၏ မဟာရာဇဝင်ကြီး, ရာဇဝင်လတ်, ရာဇဝင်ချုပ်။ သဒ္ဒမ္မာလင်္ကာရ ဆရာတော်၏ ရတနာကရကျမ်း။ တောင်ငီလာဆရာတော်၏ ယသဝမုနဝတ္ထု။ ဝရာဘိသယ်နာထဆရာတော်၏ မဏိကုဏ္ဍလဝတ္ထု စသော စကားပြေစာပေသာမက ဝန်ကြီးပဒေသရာဇာ၏ မဏိကက်ပြဇာတ်နှင့် တျာချင်းများ။ ဦးအောင်ကြီး၏ ၁၂ရာသီဖွဲ့ လူးတား။ ရှင်ကရဝိက၏ ပုဂံဖွဲ့ လူးတား, နရပတိရေလား, မင်းလှယဉ်နုပျို့, ၄ ထပ်ကျောင်းတည် မော်ကွန်း, ရတုများ စသည်ဖြင့် စာပေအဖွဲ့အနွဲ့ ပုံစံစုံ လင်းထိန်ကွန့်မြူးချိန်ပင် ဖြစ်ပါသည်။

၁- ရန်ကုန်တက္ကသိုလ်စာကြည့်တိုက်ပေမူ 'တ.ဗ.စ ၇၅၁၃'

၂- ဤမင်းကို ဝမ်းဘဲအင်းစံမင်း၊ အင်္ဂါမင်းဟူ၍လည်း ခေါ်ကြပါသည်။

http://www.dhammadownload.com



ထိုခေတ် ထိုအခါ၌ ရေးဖွဲ့ခဲ့သော ဝိဋ္ဌကတ်တော်မ အရှင်ဓမ္မနန္ဒ၏ တထာဂတုပ္ပတ္တိကျမ်းကို ပုံနှိပ်မှုအဖြစ် ဖော်ပြခွင့်ရသည့်အတွက် ပန်းရွေပြည်စာအုပ်တိုက် အနေဖြင့် များစွာ ဂုဏ်ယူဝမ်းမြောက်လှပါကြောင်း။ ဤပေမူကို ကူညီပေးကမ်းသူ ဒေါက်တာ လွင်မာဦးကိုလည်းကောင်း၊ ပေမူကို အစအဆုံး အင်္ဂါစုံ ကူးပေးကူညီကြသူများကိုလည်းကောင်း ကျေးဇူးဥပကာရ အထူးတင်ရှိလှပါကြောင်း မှတ်တမ်း ပြုအပ်ပါသည်။

## ညောင်ရမ်းမင်း ၁၀ ဆက်

၁- ညောင်ရမ်းမင်း ။ ။ ၁၅၉၉ ခုနှစ်တွင် နန်းတက်ပြီး၊ ၁၆၀၅ ခုနှစ်တွင် နတ်ရွာစံ။
ဘုရင့်နောင်၏ သားတော်တစ်ပါး ဖြစ်သည်။

၂- အနောက်ဖက်လွန်မင်း ။ ။ ၁၆၀၅ ခုနှစ်တွင် နန်းတက်ပြီး၊ ၁၆၂၈ ခုနှစ်တွင် နတ်ရွာစံ။ ညောင်ရမ်းမင်း၏ သားတော်တစ်ပါး ဖြစ်သည်။ သားတော်မင်းရဲဒီဗွ လုပ်ကြံ၍ ကဲ့တော်ကုန်ရသည်။

၃- သာလွန်မင်း ။ ။ ၁၆၂၉ ခုနှစ် နန်းတက်ပြီး၊ ၁၆၄၈ ခုနှစ်တွင် နတ်ရွာစံ။
မြို့တော်ကို အင်းဝသို့ ပြောင်းရွှေ့ခဲ့။

၄- ပင်းတလဲမင်း ။ ။ ၁၆၄၈ ခုနှစ် မှ ၁၆၆၁ ခုနှစ်အထိ (မင်းရဲ့ရန္ဓမိတ်)နန်းစံ။ နန်းမှချုပြီး ရေ၌ ဖျောက်ဖျက်ခံရသည်။
သာလွန်မင်း၏သားတော် ဖြစ်သည်။

၅- ပြည်မင်း ။ ။ ၁၆၆၁ ခုနှစ် မှ ၁၆၇၂ ခုနှစ်အထိ။
ပင်းတလဲမင်း၏ညီတော် ဖြစ်သည်။

၆- နရာဝရမင်း ။ ။ ၁၆၇၂ ခုနှစ် နန်းတက်ပြီး၊ ၁၆၇၃ ခုနှစ်တွင် ကဲ့တော်ကုန်သည်။
ပြည်မင်း၏သားတော် ဖြစ်သည်။

၇- မင်းရဲကျော်ထင် ။ ။ ၁၆၇၃ ခုနှစ်တွင် နန်းတက်ပြီး ၁၆၉၈ ခုနှစ်တွင် နတ်ရွာစံသည်။

http://www.dhammadownload.com



ပြည်မင်းညီတော်မှ မွေးဖွားသူ(နရာဝရ
မင်းနှင့် ညီအစ်ကိုဝမ်းကွဲ တော်စပ်သူ)
ဖြစ်သည်။

၈- စနေမင်း ။ ။ ၁၆၉၈ ခုနှစ် မှ ၁၇၁၄ ခုနှစ်အထိ
နန်းတက်ခဲ့သည်။
မင်းရဲကျော်ထင်ဘုရင်၏သားတော်
ဖြစ်သည်။

၉- တနင်္ဂနွေမင်း ။ ။ ၁၇၁၄ ခုနှစ် မှ ၁၇၃၃ ခုနှစ်အထိ
နန်းတက်ခဲ့သည်။
စနေမင်း၏သားတော် ဖြစ်သည်။

၁၀- မဟာဓမ္မရာဇာဓိပတိ ။ ။ ၁၇၃၃ ခုနှစ် မှ ၁၇၅၂ ခုနှစ်အထိ
နန်းတက်ခဲ့သည်။
ညောင်ရမ်းမင်းဆက်ခေတ်၏ နောက်ဆုံး
မင်းဆက် ဖြစ်သည်။
'သောကြာမင်း,ဟံသာဝတီရောက် မင်း
တရားကြီး' ဟုလည်း ထင်ရှားသည်။

ကျမ်းပြုဆရာ ဓမ္မနန္ဒအရှင်သည်ကား မွေးနှစ်ကို မသိရပါသဖြင့် သက်တော်
ကို မခန့်မှန်းနိုင်သော်လည်း၊ 'ညောင်ရမ်းခေတ်ဦး၌ မွေးဖွားတော်မူသည်ဟု
မှန်းဆနိုင်ပါသည်။

ပေချပ် 'က-ကျော' ၌

'ကထာမဂ္ဂတ္ထုပ္ပတ္တိယံ၊ စကားအစီအစဉ် အတ္ထုပ္ပတ္တိကိုဆိုသော။ ဣဒံ၊
ဤ တထာဂတုပ္ပတ္တိကျမ်းကို။ ဓမ္မနန္ဒေန၊ ပိဋကတ်တော်မှ 'ဓမ္မနန္ဒ' အမည်ရှိ
သော။ ထေရေန၊ ထေရ်သည်။ သမာသေန၊ အကျဉ်းအားဖြင့်။ ရစိသံ၊
မြန်မာဘာသာစကားပြေ စီရင်ပေအံ့'ဟု ပါရှိပါသည်။

တထာဂတုပ္ပတ္တိကျမ်းသည် ပေအင်္ဂါ 'က-ကျော' မှ 'ပေါ-ဝမ်း'၌
ဆုံးပါသည်။

ဦးဇဋိလဝိမံသ
ပန်းချီပြည်စာအုပ်တိုက်

http://www.dhammadownload.com



# မြန်မာဗုဒ္ဓဝင်စာပေသမိုင်းဦး

ဦးအေးချို - မဟာဝိဇ္ဇာ

'ဗုဒ္ဓဝင်' ဟူသော စကားမှာ 'ဗုဒ္ဓဝံသ' ဟူသော ပါဠိတော်မှ ဆင်းသက်လာသော စကား ဖြစ်သည်။ ဗုဒ္ဓ+ဝံသကို ခွဲခြမ်း၍ အနက်ဖွင့်ကြသည်မှာ 'ဗုဒ္ဓ'သည် 'ဘုရား'ဖြစ်ပြီး၊ 'ဝံသ'သည် 'အနွယ်အဆက်တော်' ဟူ၍ ဖြစ်သည်။

သုခမ္မဝတီဗုဒ္ဓဝင် အမှာစာတွင် 'ဗုဒ္ဓဝံသ-ဘုရားရှင်တို့၏ အဆက်အနွယ်ကို မဖျက်ပြယ်အောင် ဟောတော်မူအပ်သော ဘုရားနှုတ်ထွက် ဓမ္မစက်တော်ကြီး' ဟု ဖွင့်ဆိုရေးသားသည်။

ဗုဒ္ဓဝင်ကို မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားခဲ့လေသည်။ ခုဒ္ဒကနိကာယ် သုတ္တန်ဝိဋကတ်တော်တွင် 'ဗုဒ္ဓဝံသ' ပါဠိတော်ကြီး၌ ဂါထာပေါင်း ၁၄၅၈ ဂါထာ ရှိလေသည်။ မဟာသက္ကရာဇ် ၁၀၄ ခုနှစ် ကဆုန်လပြည့်ကျော် ၁ ရက်နေ့က ကပိလဝတ်နေပြည်တော်၏ ကောင်းကင်ယံ ရတနာစင်္ကြံတော်၌ သီတင်းသုံးတော်မူပြီး ဟောကြားတော်မူလေသည်။ ဟောကြားရသည်မှာလည်း ဆွေတော်မျိုးတော်တို့၏ မာန်မာနကို ချေဖျက်တော်မူလို၍ ဟောကြားခြင်း ဖြစ်လေသည်။ အကျယ်ဖော်ပြရလေသော် ဤသို့ ဖြစ်ပါသည်။

ဗုဒ္ဓရှင်တော်ဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးနောက် ပထမဝါကို ဗာရာဏသီပြည် မိဂဒါဝုန်တော၌ လည်းကောင်း၊ ဒုတိယဝါကို ရာဇဂြိုဟ်ပြည်၌* လည်းကောင်း သီတင်းသုံးတော်မူပြီးလျှင် ခမည်းတော် သုဒ္ဓေါဒနမင်းကြီး၏ အကြိမ်ကြိမ် ပင့်လျှောက်ချက်အရ၊ ဖွားမြင်တော်မူရာ ဇာတိမြေဖြစ်သော ကပိလဝတ်ပြည်သို့ ကြွတော်မူလေသည်။

ကပိလဝတ်ပြည်သို့ ဆိုက်ရောက်တော်မူပြီးနောက် နိဂြောဓာရုံဥယျာဉ်တော်၌ ရဟန္တာအရှင်မြတ်အပေါင်း ၂ သောင်းမျှခြံရံကာ သီတင်းသုံးတော်မူသည်။

ထိုအခါ သာကီဝင်မင်းတို့သည် ခက်ထန်သောမာန်မာန ရှိကြသူများဖြစ်ကြသည့်အတိုင်း "သိဒ္ဓတ္ထမင်းသားသည် အသက်အရွယ်အားဖြင့် ငါတို့အောက် ငယ်လှပေ၏။ ငါတို့တူ မျှသာဖြစ်ပေ၏။ ငါတို့သား မျှသာဖြစ်ပေ၏။ ငါတို့ညီမျှသာ ဖြစ်ပေ၏" ဟု သဘောထားကြကာ မင်းသားငယ်, မင်းသမီးငယ်များကိုသာ ရှိခိုးဦးခိုက်စေပြီးလျှင်၊ မိမိတို့မှာမူကား ပရိသတ်၏ အစွန်အဖျား နောက်ဘက်မှ ထိုင်ကြကာ ရှိခိုးဦးခိုက်မှုကို မပြုဘဲ နေကြလေသည်။

---

* 'ရာဇဂြိုဟ်၌ ဒုတိယဝါဆိုတော်မမူမီ ကပိလဝတ်ပြည်သို့ ကြွတော်မူသည်' ဟုလည်း မူကွဲရှိသည်။

http://www.dhammadownload.com



ဗုဒ္ဓရှင်တော်ဘုရားသည် ထိုသူတို့မာန်မာနကျိုး၍ ရှိခိုးကြစေရန် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်စားတော်မူပြီးနောက် ကောင်းကင်သို့ ပျံတက်တော်မူကာ သာကီဝင်တို့၏ဦးခေါင်း၌ ဖဝါးမြေမှုန့်ကို ကြဲသကဲ့သို့ပြု၍ ရေအစုံ မီးအစုံ စသော ယမိုက်ပြာဋိဟာကို ပြတော်မူလေသည်။ ထိုသို့သော အံ့ဖွယ်ကို မြင်ကြရသောအခါ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးကိုယ်တိုင် သားတော်ကို (၃ ကြိမ်မြောက် ရှိခိုးသည့်အဖြစ်) ရှိခိုးတော်မူလေသော် သာကီဝင်အပေါင်းတို့သည် တစ်ဦးမကျန် ရှိခိုးကြလေသည်။ ထိုအခါ အရှေ့, အနောက် စကြဝဠာတိုက် ၁ သောင်းကို ကျော်လွန်သည့် ရတနာစကြီတော်ကြီးကို ဖန်ဆင်းတော်မူကာ လူးလာစုန်ဆန် အဖန်ဖန်ကြွတော်မူ၍ တရားတော်ကို ဟောကြားတော်မူလေသည်။

ဤသို့သော အခြင်းအရာအားလုံးကို ရာဇဂြိုဟ်ပြည် ဂိဇ္ဈကူဋ်တောင်ကျောင်း၌ သီတင်းသုံးတော်မူနေသည့် လက်ယာတော်ရံ အရှင်သာရိပုတ္တရာကိုယ်တော်မြတ်ကြီးက ဖူးမြင်တော်မူရလေရာ၊ 'သမ္မာသမ္ဗုဒ္ဓ အတုလထွတ်တင် ဘုရားရှင်၏ ဖြစ်စဉ်ကျင့်ထုံး အားလုံးမကျန်ဟောပါရန်' တောင်းပန်လျှောက်ထားရပါမူ ကောင်းပေမည်တကား' ဟု အကြံရတော်မူကာ၊ နောက်ပါရဟန်းတော် ၅၀၀ တို့နှင့်အတူ ဘုရားရှင်ရှိရာသို့ ကောင်းကင်ခရီးဖြင့် ကြွလာတော်မူပြီးလျှင်၊ တည်ခြင်း ၅ မျိုးဖြင့် ရှိခိုးတော်မူလျက်[၁] အောက်ပါဂါထာဖြင့် လျှောက်ထား မေးမြန်းတော်မူလေ၏။

'ကိဒိ သော တေမဟာဝီရ၊ အဘိနီဟာရော နုရုတ္တမ။
ကမ္ပိကာလေ တယာဓီရ၊ ပတ္တိတာ ဗောဓိမုတ္တမာ။ ။

မဟာဝီရ၊ သမ္မပွဓာန် ကိစ္စဆင့်ပွား လေးထွေပြားသည့် ကြီးမားသော လုံ့လဝီရိယလည်း ရှိတော်မူပေထသော။ နုရုတ္တမ၊ လူတို့ထက်မြတ် နတ်တို့ထက်သာ ဗြဟ္မာတို့ထက်ကဲလွန် အမြန်ခေါင်ဖူး သုံးလူမျူးဘုရား။ တေ၊ အရှင်ဘုရား၏၊ အဘိနီဟာရော၊ နရက်,ဘဝဂ် သွက်သွ[illegible]ခုန် သောင်းတိုက်တုန်သား ဘုန်းဂုဏ်တော်အား လွန်ကြီးမားသည့် ဘုရားဖြစ်ရန် ဆုပန်တော်မူခဲ့ခြင်းကို။ ကိ[illegible]သော၊ ဘယ်သို့ရှုအပ် မှတ်ရပါမည်နည်း ဘုရား။ ဓီရ၊ သဗ္ဗညုတဉာဏ်သခင် သုံးလူရှင်ဘုရား။ တယာ၊ အရှင်ဘုရားသည်၊ ကမ္ပိကာလေ၊ ဘယ်ကပ်ကမ္ဘာ ဘယ်အချိန်ခါ၌။ ဥတ္တမာဗောဓိ၊ ပစ္စေကဗောဓိ, သာဝကဗောဓိတို့ထက် အဓိပတိဥက္ကဋ္ဌ မြတ်ထွတ်လှစွာ သမ္မာသမ္ဗောဓိဆုကြီးကို။ ပတ္တိတာ၊ စိတ်တော် ညွတ်ကာ ရလိုပါဟု ပန်ထွာတောင့်တ အပ်ခဲ့ပါသနည်းဘုရား[၂]။

ရှင်သာရိပုတ္တရာ လျှောက်ထားတော်မူသောအခါ မြတ်စွာဘုရားသခင်သည် ဒီပင်္ကရာမြတ်စွာဘုရားထံတော်မှောက်ဝယ် သုမေဓာ ရှင်ရသေ့ဘဝနှင့် ဗျာဒိတ်တော် ခံယူတော်မူသည်မှ စ၍ ကဿပမြတ်စွာဘုရား ထံမှောက်တော်တွင် ဇောတိပါလ လုလင်ဘဝနှင့် ဗျာဒိတ်တော် ခံတော်မူရပုံထိ ၂ ကျိပ် ၄ ဆူကုန်သော မြတ်စွာဘုရားတို့၏ ထံမှောက်တော်တွင် ဗျာဒိတ်ခံရတော်မူပုံများ ပါဝင်သည့် ဗုဒ္ဓဝံသကို ဟောကြားတော်မူခဲ့လေသည်။ ဗုဒ္ဓဝံသပါဠိတော်တွင် ဂေါတမဗုဒ္ဓဝင် ပါရှိသော်လည်း အကျယ်အပြန့်မဟုတ်ချေ။

ဗိသနိုးမြို့ဟောင်းတွင် ယခင်က ရှာဖွေတူးဖော်ခဲ့ရာ၊ ဗုဒ္ဓဆင်းတုတော်များ မတွေ့သေးသော်လည်း ၂၀၀၃ ခုနှစ် ဖွန်လ ၁၀ ရက်နေ့က တူးဖော်သည့်အခါ ကြေးဗုဒ္ဓဆင်းတုတော်တစ်ဆူ တူးဖော်ရရှိသည်။[၃] ထိုအထောက်အထားအရ ဗိသနိုးမြို့ပြခေတ်တွင် ဗုဒ္ဓဘာသာကို သက်ဝင်ယုံကြည်နေကြကြောင်း ပြောနိုင်သည်။

သရေခေတ္တရာမြို့ဟောင်း တူးဖော်စဉ်က ဗုဒ္ဓဝင်ဆိုင်ရာ ကျောက်ပြား ၃ ချပ် တွေ့ရှိရသည်။ နာဠာဂီရိဆင် အောင်မြင်တော်မူခန်း ၁ ချပ်, မယ်တော်မာယာဒေဝီ ဖွားတော်မူခန်း ၁ ချပ်, မြတ်စွာဘုရား ပဋ္ဌဝဂ္ဂီ ၅ ပါးကို

---

၁- 'ကျမ်းဦးမှတ်ဖွယ်'၊ ထေရာအပါဒါန်ပါဠိတော် မြန်မာပြန်၊ ဒုတိယအုပ်။ စာ- ဂ၊ ဃ

၂- ဦးဝိစိတ္တသာရာဘိဝံသ။ 'မဟာဗုဒ္ဓဝင်' ပထမတွဲ- ပထမပိုင်း နိဒါန်း။ စာ- က

၃- ဦးညွန့်ဟန်။ 'ရှေးဟောင်းမြို့တော်များမှ အသစ်တွေ့ အထောက်အထားများ' မြန်မာ့ရှေးဟောင်းမြို့တော်များ။ သမိုင်းသုတေသနဦးစီးဌာန ၂၀၀၇။ စာ- ၉

http://www.dhammadownload.com



တရားဦး ဓမ္မစကြာဟောခန်း ၁ ချပ် ဖြစ်သည်။[၄] ထိုကျောက်ပြားများကို ထောက်ထား၍ သရေခေတ္တရာမြို့ပြခေတ်တွင် ဗုဒ္ဓဝင်အကြောင်းအရာများကို နားလည်သိရှိနေကြပြီဟု ယုံကြည်ရသည်။

ပုဂံခေတ်တွင် ဗုဒ္ဓဘာသာ ထွန်းကားပြန့်ပွားလာခဲ့သည်ကို အထူးရေးရန် မလိုတော့ပြီ။ ပုဂံမြို့ဟောင်းမှ ဗုဒ္ဓဝင် ၈ ခန်း, ၉ ခန်း ပါသော အုတ်ခွက်ဆင်းတုတော်များ တွေ့ရ၏။

ဒါနပတိသီရိမဟာသာလိနီ သူကြွယ်မ လျှုဒါန်းခဲ့သော '၈ ခန်း ဗုဒ္ဓဝင်' အုတ်ခွက်ဘုရားဝယ် မယ်တော်မာယာသား ဖွားခန်း၊ မြတ်စွာဘုရား တန်ခိုးပြာဋိဟာ ပြခန်း၊ တာဝတိံသာမှ ဆင်းခန်း၊ ပရိနိဗ္ဗာန် စံတော်မူခန်း၊ နာဠာဂီရိဆင် ချုတ်ခန်းတို့ကို ဝဲယာဝန်းရံပတ်လျက် အလယ်၌ဗောဓိပင်နှင့် ရွှေပလ္လင် အောင်တော်မူခန်း ဖြစ်သည်။[၅]

'၉ ခန်းဗုဒ္ဓဝင်' မှာ သုဇာတာ ဃနာန္ဒိဆွမ်း ကပ်လှူခန်း ဖြစ်ဟန်ရှိသော ၁ ခန်း ပိုလာသည်။[၆] အချို့အုတ်ခွက်များမှာ '၁၆ ခန်း ဗုဒ္ဓဝင်' အထိ ပါဝင်သည်။[၇]

ပန်းချီအနေနှင့်ပြောရသော် ၂ ကျိပ် ၈ ဆူဗုဒ္ဓဝင်နှင့် မယ်တော်မာယာ ဖွားတော်မူခန်းပန်းချီ ဖြစ်သည်။ လောကထိပ် ပန်ဘုရားအတွင်းနှင့် နန္ဒမညာဘုရားအတွင်း နံရံများတွင် ဖွားတော်မူခန်းပန်းချီများ တွေ့ရသည်။

ကျောက်ဆစ်လက်ရာများ, အုတ်ခွက်ဗုဒ္ဓဝင်များနှင့် ပန်းချီများတွင် ဖော်ပြထားသော ဗုဒ္ဓဝင်အကြောင်းအရာများကို ထောက်ထား၍ ပုဂံခေတ်တွင် ဗုဒ္ဓဝင်ဆိုင်ရာစာပေများ ရောက်နေပြီဖြစ်ကြောင်း အခိုင်အမာပြောနိုင်သည်။ ပုဂံခေတ် ကျောက်စာများတွင် 'ပိဋကတ် ၃ ပုံ လှုဒါန်းကြကြောင်း' ကျောက်စာများ၌ ရေးထိုးထားသည်ကို တွေ့ရသဖြင့်၊ ဗုဒ္ဓ ဝံသပါဠိတော် ရောက်ရှိနေနိုင်သည်။ ပုဂံခေတ်ဦးပိုင်းတွင် အဋ္ဌကထာများ ရှိ, မရှိ မသိရနိုင်သေးပေ။

ပုဂံ 'ဓေယျသိခံ' ခေါ် နန်းတောင်းများမင်း လက်ထက်က သခင်သုဇဝိုလ်နှင့် သား သခင်သိဃံဝိရသုဇ္ဈဝိုလ်တို့သည် ဘုန်းတော်ကြီးကျောင်းဆောက် လှုဒါန်းမှုအတွက် သက္ကရာဇ် ၅၈၅ ခု တော်သလင်းလပြည့် သောကြာ (၁၀-၉-၁၂၂၃)နေ့တွင် ကျောက်စာ ရေးထိုးခဲ့သည်။ ထိုကျောက်စာတွင် လှုဒါန်းသော ပိဋကတ်ကျမ်းစာစာရင်းပါ ဖော်ပြထားသည်။ ဖခင်လှုဒါန်းသော ပိဋကတ်ကျမ်းပေါင်းမှာ ၁၁၂ ကျမ်း ဖြစ်ပြီး၊ သားလှုဒါန်းသော ပိဋကတ်ကျမ်းများကို အမည်စာရင်း ဖော်ပြထားသော်လည်း အချို့စာကြောင်းများ ပျက်စီးနေခြင်း၊ စုစုပေါင်း အရေအတွက်စာကြောင်း ကျောက်စာ၌ ပျက်စီးနေခြင်းကြောင့် ကျမ်းပေါင်းမည်မျှဟု မသိရချေ။

ဖခင် သခင်သုဇဝိုလ် လှုဒါန်းသော ကျမ်းစာရင်းတွင် ဗုဒ္ဓဝင်ဆိုင်ရာအဖြစ် အနာဂတဝင်ကျမ်းနှင့် တထာဂတုပ္ပတ္တိကျမ်း ပါဝင်သည်ကို တွေ့ရသည်။ အနာဂတဝင်ကျမ်းမှာ အရိမေတ္တေယျဘုရားအလောင်းအကြောင်း ဗုဒ္ဓဝင်ဖြစ်ပြီး၊ တထာဂတုပ္ပတ္တိကျမ်းမှာ ဗုဒ္ဓဝင်ကျမ်း ဖြစ်သည်။[၈]

အလျဉ်းသင့်သဖြင့် တစ်ဆက်တည်း ဖော်ပြလိုသည်မှာ ပုဂံ တက်နွယ်ကျောင်းကျောက်စာ ဖြစ်ပါသည်။ လှုဒါန်းခဲ့သော ပိဋကတ်ကျမ်းစာများအမည် ဖော်ပြ၍ ကျောက်စာရေးထိုး မှတ်တမ်းတင်ခဲ့သောကြောင့် ထင်ရှားစေရသော ကျောက်စာတစ်ချပ်လည်း ဖြစ်ပါသည်။

တက်နွယ်ကျောင်းကို ကျောက်စာအရ

''အရိမတ္တနပူရမေည်သော ပြေည်နှိုက်တက်နွယ်ချောင်၏ အရှေ့ဖက်တွင် ကျောင်းကိုဝ်လှူတော်မူလျှင်၏။''

ဟု တက်နွယ်ချောင်းအရှေ့ဘက်၌ ဆောက်လုပ်လှူကြောင်း သိရသည်။

---

၄- ဦးစိန်မောင်ဦး။ 'သရေခေတ္တရာမြို့ဟောင်း' ရေးဟောင်းမြန်မာ့ မြို့တော်များ၊ ၁၉၉၃။ စာ- ၁၄၂-၁၄၃

၅- ဦးမြ။ 'ရေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ' ပထမတွဲ၊ စာ- ၁၆-၁၇

၆- ဦးမြ။ 'ရေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ' ပထမတွဲ၊ စာ- ၃၈

၇- ဦးမြ။ 'ရေးဟောင်းအုတ်ခွက်ရုပ်ပွားဆင်းတုတော်များ' ပထမတွဲ၊ စာ- ၄၀

၈- ဒေါက်တာသန်းထွန်း။ 'ဗဒုံမင်း ၂၇ အောက်တိုဘာ ၁၇၈၅ က ဆင့်ထိုးထားခဲ့ပြီးမှ ပျောက်ဆုံးနေတဲ့ ၁၀ စက်တင်ဘာ ၁၂၂၃ ရက်စွဲပါ ကျောက်စာမူရင်းကို ပြန်လည်တွေ့ရှိခြင်း'၊ မြန်မာသမိုင်းလစ်ကွက်များ၊ စာ- ၁၉-၂၂ 'နောင်းတွေ့ကျောက်စာများ' မြန်မာသမိုင်းအဖွဲ့၊ ၂၀၀၅၊ စာ- ၂၁-၂၄

http://www.dhammadownload.com



တက်နွယ်ကျောင်းကျောက်စာသည် ပုဂံမြို့ ဝက်ကြီးအင်း ကျောင်းတိုက်အတွင်း၌ ရှိသည်။ လှူဒါန်းသော ဒါယကာမှာ တောင်တွင်းမင်း သီရိဇေယျသူရ ဇနီးမောင်နှံဖြစ်ပြီး၊ လှူဒါန်းသောကာလမှာ ပုဂံခေတ် မဟုတ်ဘဲ ပထမအင်းဝခေတ် ဖြစ်ပါသည်။ ကျောက်စာရေးထိုးသော သက္ကရာဇ်မှာ ၈၀၄ ခုနှစ် (ခရစ်နှစ် ၁၄၄၃) ဖြစ်သည်။ ထိုကျောက်စာတွင် ဗုဒ္ဓဝင်ဆိုင်ရာကျမ်းစာများဖြစ်သော အဋ္ဌကထာဗုဒ္ဓဝင်, တထာဂတုပ္ပတ္တိ, အဋ္ဌကထာဇာတတကီ, သောတတ္တကီနိဒါန်း, အနာဂတဝင်တို့ကို တွေ့ရသည်။[၉] အဋ္ဌကထာဗုဒ္ဓဝင်မှာ ဗုဒ္ဓဝံသပါဠိတော်ကို အဋ္ဌကထာဖွင့်ဆိုထားသောကျမ်း ဖြစ်သည်။

ထိုတထာဂတုပ္ပတ္တိကျမ်းများကို မည်သည့်ပုဂ္ဂိုလ် ရေးသားပြုစုသည်ကို မသိရချေ။ သခင်သုဇိုလ်လှူဒါန်းသော တထာဂတုပ္ပတ္တိကျမ်းနှင့် တူ မတူကိုလည်း မပြောနိုင်သေးချေ။ စွယ်စုံကျော်ထင်ကျမ်း ပုစ္ဆာ ၅၂၇ တွင် "တထာဂတုပ်၊ ကျမ်းအချုပ်၊ စီလုပ်ဘယ်ကျွန်းဖြစ်ပေနည်း" ဟု ကြည့်ကန့်ရှင်ကြီး မေးမြန်းထားရာ၊ ဖြေဆိုသူ ကျီးသဲလေးထပ်ဆရာတော် ဘုရားကြီးက 'ငါတို့ ဗမ္မာဒိပ်ကျွန်း မြန်မာနိုင်ငံ ရတနာပူရမြို့နေ အရှင်သာရဒသီထေရ် စီရင်သော ကျမ်းတည်း"[၁၀] ဟု ဖြေဆိုထားရာ၊ ကျီးသဲလေးထပ်ဆရာတော် ရည်ညွှန်းသည့် ရတနာပူရမြို့ဆိုသည်မှာ ရတနာပုံမြို့ဖြစ်နိုင်ဖွယ်ရှိသည်။ ကုန်းဘောင်ခေတ်နှောင်းကျမ်းသာ ဖြစ်နိုင်သည်။ ပါဠိဘာသာဖြင့် ပြုစုသောကျမ်းလား၊ မြန်မာဘာသာဖြင့် ပြုစုသော ကျမ်းလား ဆိုသည်ကိုလည်း မသိနိုင်သေးပေ။

ဦးယမ်ပြုစုသည့် ဝိဋ္ဌကတ်တော်သမိုင်းတွင်

'၃၄၇။ ။ တထာဂတုပ္ပတ္တိမှာ ဗမ္မာဒိပ်ကျွန်း တမွဒီပတိုင်း 'အရိမဒ္ဒနာ'မည်သော ပုဂံမြို့ ရှင်ဘုရားကို ပြုစုသည်။' ဟု ဆိုထားသည်။

ဦးယမ်ကပင် 'တထာဂတုပ္ပတ္တိမှာ နိသျမရှိ'[၁၁] ဟု ဆိုထားပြန်ရာ၊ ဦးယမ်မှတ်တမ်းတင်သည့် တထာဂတုပ္ပတ္တိကျမ်းမှာ ပါဠိဘာသာဖြင့် ပြုစုထားသောကျမ်း ဖြစ်သည်။

သာသနာရေးဝန်ကြီးဌာနမှ ၁၉၉၇ ခုနှစ်တွင် ထုတ်ဝေသော ဇိနတ္ထပကာသနီကျမ်း၏နိဒါန်းတွင် နိဒါန်းရေးသူ ဦးထွန်းလှိုင်က တထာဂတုပ္ပတ္တိကျမ်းနှင့်ပတ်သက်၍ ဤသို့ မှတ်ချက်ပြုထားသည်။

'တထာဂတုပ္ပတ္တိ ဟူသည်မှာ မြတ်စွာဘုရား ဖြစ်တော်မူပုံ'ဟု မြန်မာလို အဓိပ္ပာယ်ရသည်။ ယင်းအဓိပ္ပာယ်အရ ဗုဒ္ဓဝင်ကျမ်းပင် ဖြစ်နိုင်စရာရှိသည်ဟု ခန့်မှန်းရသည်။

ပုဂံပြည် အရှင်ဉာဏာဂန္ဓိ ပြုစုစီရင်သည်ဟု ဝိဋ္ဌကတ်တော်သမိုင်း စာပိုဒ် နံပါတ် ၃၄၈ ပါဠိစာပေစုထဲ၌ ရေးသားထားသည်ကို တွေ့ရသည်။ ပေမူ,စက္ကူမူအဖြစ် မတွေ့ရဖူးချေ။ ပျောက်ကွယ်သွားပြီဟု ယူဆရပေသည်။

ယင်း တထာဂတုပ္ပတ္တိပါဠိကျမ်းကို ညောင်ရမ်းခေတ် မင်းရဲကျော်ထင်လက်ထက် သက္ကရာဇ် ၁၀၄၆ ခု၌ အရှင်ဓမ္မနန္ဒ မြန်မာပြန်သည့် ပေမူရှိကြောင်း သိရသည်။ စက္ကူမူ မရှိသေးပေ။ သို့ရာတွင် တထာဂတဥဒါနဒီပနီကျမ်း နိဝုံးတွင် တထာဂတုပ္ပတ္တိကျမ်းကို ရည်ညွှန်းထားသောကြောင့် ဘိုးတော်ဘုရားခေတ်ထိ တထာဂတုပ္ပတ္တိကျမ်း ရှိနိုင်သေးကြောင်း ခန့်မှန်းသည်။[၁၂]

မောင်မောင်ညွှန့်(မန်းတက္ကသိုလ်)က စာကြည့်တိုက်များရှိ ပေစာများကို လေ့လာသုတေသနပြုပြီး၊ 'မြန်မာနိုင်ငံ ပါဠိနှင့် ဝိဋ္ဌကတ်စာပေ သမိုင်းသစ်' စာအုပ် ရေးသားပြုစုခဲ့ရာ တထာဂတုပ္ပတ္တိကျမ်း ၂ စောင် တွေ့ရသည်။

---

၉- အုန်းကြည်။ 'တက်နွယ်ကျောင်းကျောက်စာ လေ့လာချက်'၊ မြန်မာနိုင်ငံသုတေသနစာစောင်၊ အမှတ်-၁၃။ ဇွန်လ ၂၀၀၄။ စာ- ၁၁၉-၁၄၆

၁၀- ကျီးသဲလေးထပ်ဆရာတော်။ စွယ်စုံကျော်ထင်ကျမ်း၊ သာသနာရေးဦးစီးဌာန၊ ၁၉၈၃။ စာ-.၃၂၈

၁၁- ဦးယမ် 'ဝိဋ္ဌကတ်တော်သမိုင်း' ဟံသာဝတီ၊ ၁၉၅၉။ စာ- ၁၃၂။ ၁၉၄

၁၂- ဦးထွန်းလှိုင်။ 'နိဒါန်း'၊ ဇိနတ္ထပကာသနီ၊ သာသနာရေးဦးစီးဌာန ၁၉၉၇၊ စာ - ခ

http://www.dhammadownload.com



တစ်ကျမ်းမှာ ဝိဋ္ဌကတ်တော်မှ ဓမ္မနန္ဒထေရ်စီရင်သည့် စကားပြေဗုဒ္ဓဝင် ဖြစ်သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် ပေစာ မှတ်ပုံတင်အမှတ် ၁၁၆၆၀ ဖြင့် မှတ်တမ်းတင်ထားသည်။

ကျန်တစ်ကျမ်းမှာ 'တထာဂတုပ္ပတ္တိနိဒါန ဝဏ္ဏနာပါဠိနိဿျ' ဖြစ်ပြီး၊ ပုဂံမြို့ ဉာဏာဂန္ဓီထေရ် စီရင်သည်။ တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် တိုက်ပိုင်အမှတ် ၆၆၂၃ ဖြင့် မှတ်တမ်းတင်ထားသည်။[၁၃]

'ဦးထွန်းလှိုင်က ပျောက်နေပြီ' ဟု ယူဆရသည့် တထာဂတုပ္ပတ္တိကျမ်းကို ပြန်လည်တွေ့ရှိရသည်။ သက္ကရာဇ် ၁၀၄၆ ခုနှစ်၌ အရှင်ဓမ္မနန္ဒ ရေးသားပြုစုခဲ့သည့် တထာဂတုပ္ပတ္တိကျမ်းကို ပန်းရွေပြည်စာအုပ်တိုက်မှ ပြန်လည်ပုံနှိပ်ရန် စီစဉ်နေကြောင်းလည်း ဝမ်းမြောက်ဖွယ် ကြားသိရသည်။

ပုဂံခေတ်က သခင်သုဇီဝလ်လှူဒါန်းသော တထာဂတုပ္ပတ္တိကျမ်းနှင့် တက်နွယ်ကျောင်းကျောက်စာလာ တထာဂတုပ္ပတ္တိကျမ်းတို့မှာ ယနေ့တွေ့နေရသော ပုဂံမြို့ ရှင်ဉာဏာဂန္ဓီပြုစုသော တထာဂတုပ္ပတ္တိကျမ်း ဟုတ်, မဟုတ် မပြောနိုင်သေးချေ။ ကျိုးသဲလေးထပ်ဆရာတော်တွေ့ရသည့် ရတနာပူရမြို့နေ အရှင်သာရဒဿီ စီရင်သည့် တထာဂတုပ္ပတ္တိကျမ်းမှာမူ ပျောက်ကွယ်နေသေးသည်။

တက်နွယ်ကျောင်းကျောက်စာတွင် 'အဋ္ဌကထာ ဇာတတကီကျမ်း' ပါဝင်ရာ ယင်းကျမ်းကို အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသ ပြုစုသည်။ ဓကနိပါတ် ဇာတ်နိဒါန်းအဖွင့် အဋ္ဌကထာ ဖြစ်သည်။

သောတတ္တကီကျမ်းမှာ သီဟိုဠ်ကျွန်း အနုရာဓပြို့ မဟာဝိဟာရကျောင်းတိုက်နေ ဗုဒ္ဓဗုဒ္ဓဃောသ ပြုစုသည်။[၁၄]

ဗုဒ္ဓဗုဒ္ဓဃောသအကြောင်းကို ဦးထွန်းလှိုင် မှတ်ချက်ပြုထားသည်မှာ ဤသို့ဖြစ်သည်။

'ယင်းသောတတ္တကီ ဗုဒ္ဓဝင်ကျမ်းကို အရှင်ဗုဒ္ဓဃောသပြုစုသည်ဟု ကျမ်းနိဂုံး၌ မှာထားသည်။ အဋ္ဌကထာဆရာကြီး အရှင်မဟာဗုဒ္ဓဃောသအား အဋ္ဌသာလိနီကျမ်း ရေးရန် တိုက်တွန်းတောင်းပန်သူမှာ ဗုဒ္ဓဃောသထေရ်ဖြစ်ကြောင်း အဋ္ဌသာလိနီကျမ်း ပဏာမဓ္ဌ ပြဆိုထားသည်။ အဋ္ဌသာလိနီကျမ်းပြုသူမှာ 'မဟာဗုဒ္ဓဃောသ' အမည်ခံယူထားသောကြောင့် ကျမ်းပြုရန် တိုက်တွန်းသူကို 'ဗုဒ္ဓဗုဒ္ဓဃောသ' ဟု အမည်ပေးကြဟန် တူသည်။''[၁၄]

သောတတ္တကီကျမ်းသည် တက်နွယ်ကျောင်းကျောက်စာအရ ပထမအင်းဝခေတ်တွင်မှ လှူဒါန်းသောကျမ်းအဖြစ် တွေ့ရသော်လည်း၊ ပုဂံခေတ်ဦးပိုင်းကပင် ထိုကျမ်း၌ပါရှိသော ဗုဒ္ဓဝင်များ တွေ့နေရလေသည်။ အထူးသဖြင့် ၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင် ဖြစ်သည်။

ဗုဒ္ဓဝံသပါဠိတော်တွင် ဒီပင်္ကရာမြတ်စွာဘုရားမှ ဂေါတမမြတ်စွာဘုရားထိ ၂ ကျိပ် ၅ ဆူ ဗုဒ္ဓဝင်သာပါပြီး၊ တဏှင်္ကရာမြတ်စွာဘုရား, မေဓင်္ကရာမြတ်စွာဘုရား, သရဏင်္ကရာမြတ်စွာဘုရား တို့အကြောင်း အကျယ်မပါရှိပေ။

ဗုဒ္ဓဝံသပါဠိတော် ဗုဒ္ဓဝင်ကိတ္တိကကဏ္ဍတွင်

'ဤကမ္ပာမှ မရေမတွက်နိုင်သော ကမ္ပာ၌ တဏှင်္ကရာမြတ်စွာဘုရားသည် လည်းကောင်း၊ မေဓင်္ကရာ မြတ်စွာဘုရားသည် လည်းကောင်း ထိုမှတပါး သရဏင်္ကရာမြတ်စွာဘုရားသည် လည်းကောင်း၊ ဒီပင်္ကရာမြတ်စွာဘုရားသည် လည်းကောင်း ထို ၄ ဆူသောမြတ်စွာဘုရားတို့သည် သာရမဏ္ဍကမ္ပာ၌ ပွင့်တော်မူကုန်၏'[၁၅] ဟု အမည်မျှသာ ပါဝင်သည်။

ဗုဒ္ဓဝံသပါဠိတော်၌ မြတ်စွာဘုရားအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားထံမှောက်တွင် သုမေဓာရှင်ရသေ့ဘဝဖြင့် စတင် ဗျာဒိတ်ခံယူတော်မူရပြီး၊ ကဿပမြတ်စွာဘုရားထံမှောက်တွင် ဇောတိပါလ လုလင်ဘဝဖြင့်

---

၁၃- မောင်မောင်ညွန့်။ (မန်းတက္ကသိုလ်)။ 'မြန်မာနိုင်ငံပါဠိနှင့် ဝိဋ္ဌကတ်စာပေသမိုင်းသစ်'၊ စာပေဗိမာန်၊ ၂၀၀၃ ခုနှစ်၊ စာ- ၂၀၂

၁၄- ဦးထွန်းလှိုင်။ 'နိဒါန်း'၊ ဓိနတ္ထပကာသနီ၊ စာ - ၀၊

၁၅- ထေရပဒါန်၊ ပါဠိတော်မြန်မာပြန်၊ ခုတိယအုပ်၊ ၁၉၆၃၊ စာ- ၃၈၁

http://www.dhammadownload.com



နောက်ဆုံးဗျာဒိတ် ခံယူတော်မူရပုံ ပါဝင်သည်။ ၂ ကျိပ် ၄ ဆူကုန်သော ဗုဒ္ဓဘုရားရှင်တော်များထံတော်မှောက်တွင် ဗျာဒိတ်ခံရခြင်းဖြစ်သည်။

ဗုဒ္ဓဝံသအဋ္ဌကထာနှင့် ဇာတကအဋ္ဌကထာတို့တွင် တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ မြတ်စွာဘုရားတို့ထံတော်မှောက်တွင် ဂေါတမမြတ်စွာဘုရားအလောင်းတော် ဗျာဒိတ်တော် မခံရသည့်အတွက် ထိုဘုရားများကို အကျယ်ဟောကြားတော် မမူခြင်းဖြစ်ကြောင်း ရေးသားထားလေသည်။

သောတတ္တကီကျမ်းမှာ-

'စိန္တိတံ သတ္တသခ္ခီယျံ၊ နဝသခ္ခီယျ ဝါစကံ။

ကာယဝါစံ စတုချာထံ၊ ဗုဒ္ဓတ္တ သမုပါမုခိ။ ။' ဟူသော ဂါထာကို မူထား၍

က- ဘုရားဖြစ်ရန် စိတ်ဖြင့်ကြံစည်သည်မှာ ကမ္ဘာပေါင်း ၇ အသင်္ချေ ကြာသည်။ ဘုရား ၁ သိန်း ၂ သောင်း ၅ ထောင်ဆူ ပွင့်သည်။

ခ- ဘုရားဖြစ်ရန် နှုတ်ဖြင့်ဆုတောင်းသည်မှာ ကမ္ဘာပေါင်း ၉ အသင်္ချေ ကြာသည်။ ဘုရား ၃ သိန်း ၈ သောင်း ၇ ထောင်ဆူ ပွင့်သည်။

ဂ- စိတ်ရောကိုယ်ပါ ဆုတောင်း၍ ပါရမီဖြည့်သည်မှာ ၄ အသင်္ချေ ကြာသည်။ ဘုရားပေါင်း ၂၈ ဆူ ပွင့်သည်။ သို့ကြာမှ ဂေါတမဘုရားဖြစ်သည် ဟူသော အဆိုကိုမူထား၍ အကျယ်ဖွင့်ဆိုသောကျမ်းဖြစ်သည်။

မြန်မာပြည်၌ အသုံးအစွဲများသော 'သမ္မုဒ္ဓေ' ဘုရားရှိခိုးမှာ ဤသောတတ္တကီကျမ်းလာအတိုင်း ရေးသားထားသော ဘုရားရှိခိုးဂါထာ ဖြစ်သည်။ သမ္မုဒ္ဓေဘုရားရှိခိုးတွင် ပါဝင်သော 'အဋ္ဌဝီသဉ္စ' ဘုရား ၂၈ ဆူ ဟူသည်မှာ ယနေ့ကိုးကွယ်နေကြသော ၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင်ပင် ဖြစ်သည်။[၁၆]

သောတတ္တကီကျမ်းတွင် တဏှင်္ကရာ, မေဓင်္ကရာ, သရဏင်္ကရာ ဘုရားများ၏ ခမည်းတော်အမည်, မယ်တော်အမည်, ပွင့်ရာဇာဓိအမည်များ ပါသည်။ ဇိနကာလမာလီကျမ်းတွင် ထိုဘုရား ၃ ဆူ၏ ခမည်းတော်, မယ်တော်အမည်ကွဲများဖြင့် ပါရှိသည်။[၁၇]

ဗုဒ္ဓဝံသပါဠိတော်အရ ၂ ကျိပ် ၅ ဆူ ဗုဒ္ဓဝင်တွင် သောတတ္တကီကျမ်းလာ ဘုရား ၃ ဆူနှင့် ပေါင်းစပ်ပြီး ၂ ကျိပ် ၈ ဆူဗုဒ္ဓဝင် ဖြစ်ပေါ်လာခဲ့ရာ၊ ပုဂံခေတ်တွင် ၂ ကျိပ် ၈ ဆူဗုဒ္ဓဝင်ကို အကြည်ညိုများခဲ့ကြသည်။

ပုဂံတွင် နှစ်ပေါင်းများစွာ တာဝန်ထမ်းဆောင်ခဲ့ပြီး သုတေသနလုပ်ခဲ့သူ မင်းဘူးအောင်ကြိုင်က 'ပုဂံခေတ်က ၂ ကျိပ် ၈ ဆူကို အလွန်ကိုးကွယ်ကြဟန် တူပါသည်။ အဘယ်ကြောင့်ဆိုသော် ဂူဘုရားတိုင်းလိုလိုပင် နံရံအထက်ပိုင်းတွင် ပွင့်တော်မူရာ ဇောဓိပင်များနှင့်တကွ မင်စာများဖြင့်ဖော်ပြလျက် ရေးဆွဲလေ့ရှိပါသည်။ ပုဂံခေတ်တွင် ရေးနေကျ မပါမဖြစ်ပုံတော်များ ဖြစ်ပါသည်။'[၁၈] ဟုသုံးသပ်ထားသည်။

၂ ကျိပ် ၈ ဆူဟုဆိုသော်လည်း သမ္မှုလ်ဘုရားတွင် ဗုဒ္ဓဝံသပါဠိတော်အတိုင်း ၂ ကျိပ် ၅ ဆူသာ ရေးသားထားသည်လည်း ရှိသည်။[၁၉] သမ္မှုလ်ဘုရားမှာ သက္ကရာဇ် ၆၁၈ ခုနှစ် (ခရစ်နှစ်-၁၂၅၆)က တည်ခဲ့သော ဘုရားဖြစ်သည်။ ပုဂံခေတ် ဥဇနာမင်းကြီး၏ မိဖုရား သုံးလူလ တည်ခဲ့သောဘုရား ဖြစ်သည်။ 'သုံးလူလ'အမည်ကို 'သမ္မှုလ်' ဟု အဖတ်မှားရာမှ 'သမ္မှုလ်' ဟု တွင်နေကြောင်းလည်း မှတ်သားရသည်။

---

၁၆- ဦးထွန်းလှိုင်။ 'နိဒါန်း' ဗိနယ္ထပကာသနီ၊ စာ - ရှ

၁၇- မင်းဘူးအောင်ကြိုင်။ 'လက်ရာအစုံ နဂါးရုံ' ထွန်းဖောင်ဒေးရှင်း စာပေဘဏ်ကော်မတီ၊ ၂၀၀၉၊ စာ- ၈၁-၈၅

၁၈- မင်းဘူးအောင်ကြိုင်။ 'လက်ရာအစုံ နဂါးရုံ' ထွန်းဖောင်ဒေးရှင်း စာပေဘဏ်ကော်မတီ၊ ၂၀၀၉၊ စာ- ၂၂

၁၉- ဗုဒ္ဓဝင်ပါဠိမင်စာများ၊ အရှေ့တိုင်းပညာဌာန ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်၊ ရန်ကုန်- ၁၉၈၁ ခုနှစ်

http://www.dhammadownload.com



ပုဂံခေတ်ဦးပိုင်းက တည်ခဲ့သော လောကထိပ်ပန်ဂူနှင့် အလိုပြည့်ဂူတို့တွင် ၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင်ကို မွန်ဘာသာဖြင့် မင်စာ ရေးထားသည်။ ထိုဗုဒ္ဓဝင်တွင် တဏှာကိစ္စာ, မေဓာကိစ္စာ, သရဏာဂုကိစ္စာ ဘုရား ၃ ဆူ ဗုဒ္ဓဝင်ပါ ထည့်သွင်းထားသည်။[၂၀]

သက္ကရာဇ် ၅၈၅ ခုနှစ်တွင် နားတောင်းများမင်း၏ အမတ်သေနာပတိဖြစ်သော အနန္တသူဇနီးမောင်နှံသည် လေးမျက်နှာဂူဘုရား တည်ခဲ့သည်။[၂၁]

လေးမျက်နှာဂူဘုရားတွင် ၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင်ကို မြန်မာဘာသာဖြင့် မင်စာများ ရေးသားခဲ့သည်။ ထိုဗုဒ္ဓဝင်တွင် ၂ ကျိပ် ၈ ဆူအပြည့် ပါဝင်သည်။[၂၂]

ပုဂံတွင် 'ဝိနည်းဓိရ်ဘုရားများ' ဟူ၍ ရှိသည်။ ဤဘုရားများအစုကို 'ဝိနည်းဓိရ်အစု' ဟု ခေါ်ဝေါ်ခြင်းမှာ ဤ တစ်ဝိုက်တွင် တွေ့သောကျောက်စာများတွင် 'ဖုန်းမြတ်သောဝိနည်းဓိရ်ကျောင်း' ဟုလည်းကောင်း၊ 'သခင် ဝိနယထေရ်ကျောင်း' ဟုလည်းကောင်း ပါရှိသောကြောင့် သက္ကရာဇ် ၅၈၃ ခု, ၅၈၆ ခု, ၅၈၉ ခု, ၆၀၅ ခု, ၆၁၅ ခု, ၆၁၈ ခု ကာလများဖြစ်သော နားတောင်းများမင်း, နရသိခ်ဥဇနာမင်း, ကျစ္စာမင်း, ဥဇနာမင်း, နရသီဟပတေ့မင်း လက်ထက်တို့တွင် ဤတစ်ဝိုက် 'သခင်ဝိနည်းဓိရ်' ဟု အရေးပါသောအမည် တွင်နေသည့် မထေရ် သီတင်းသုံးရာဒေသဌာနဖြစ်သောကြောင့် ခေါ်ဝေါ်ခြင်း ဖြစ်လေသည်။[၂၃]

ထိုဝိနည်းဓိရ်ဘုရား မင်စာများတွင်လည်း ၂ ကျိပ် ၈ ဆူဗုဒ္ဓဝင်ကို အပြည့်အစုံ ရေးဆွဲ မှတ်တမ်းတင်ထားသည်။

'တဏှာကိစ္စာရောပုရာစည်ရာညပင် ပွင်ဇအ်။

မေထကိစ္စာရောပုရာပေါက်ပင်ပွင်ဇအ်။

သရဏာဂုကိစ္စာရောပုရာညောင်ချုန်ပွင်ဇအ်။[၂၄] ။ စသည်ဖြင့် ပါသည်။

ဝိနည်းဓိရ်ဂူဘုရားများတွင် ပွင့်ရာဇော်မိ အမည်သာ ပါသော်လည်း၊ လေးမျက်နှာဘုရား မင်စာတွင်မူ သက်တော်, ခမည်းတော်, မယ်တော်, ပွင့်ရာဇော်မိ အပြည့်အစုံပါဝင်သည်။

၂ ကျိပ် ၈ ဆူ ဗုဒ္ဓဝင်တွင် ရှေးဘုရား ၃ ဆူသည် ပုဂံခေတ်ဦးက တည်ထားခဲ့သော ဂူဘုရားပန်းချီများတွင် ပါဝင် နေသည်ကို ထောက်ထား၍ သောတတ္တာကီကျမ်းသည် ထိုစဉ်ကပင် ရောက်နေသည်ဟု မှန်းဆရသည်။ တက်နွယ်ကျောင်း ကျောက်စာ မှတ်တမ်းတစ်ခုတည်းကြည့်၍ ထိုကာလမှသာ ထိုကျမ်း ရောက်ရှိနေပြီဟု သုံးသပ်ရန် မဟုတ်ပေ။

ဗုဒ္ဓဝင်ကျမ်းများ ရောက်ရှိနေပြီဖြစ်သောကြောင့် ဗုဒ္ဓဝင်ပန်းချီများ၊ ထိုပန်းချီများကို ဖော်ညွှန်းရေးသားပေးသော မင်စာများလည်း ရှိနေပြီဖြစ်၏။ သိသာရန်အလို့ငှာ မြင်းကပါဂူပြောက်ကြီးဘုရား မင်စာများမှ မွန်ဘာသာရေး ဗုဒ္ဓဝင် မင်စာအနည်းငယ်ကို ထုတ်နုတ်ပြပါမည်။ သို့ရာတွင် မွန်ဘာသာဖြင့် မဖော်ပြဘဲ ဦးကျော်ငြိမ်း၏ မြန်မာပြန်ကို ဖော်ပြပါမည်။

'...မနောသိလာကျောက်(ဖျာ)ပေါ်၌

'လောကပါလ (နတ်မင်းကြီး)၏ ကတော်တို့သည် မိဖုရားကို ရေချိုးပေးရန် အနဝတတ္တရေကန်သို့ သယ်ဆောင် သွားကြသည်။'

'လောကပါလ နတ်မင်းလေးပါးတို့သည် သန်လျက်ကိုင်၍ မိဖုရားအား စောင့်ရှောက်၏။'

---

၂၀- မင်းဘူးအောင်ကြွေင်။ 'လက်ရာအစုံ နုဂါးရုံ' စာ- ၈၈
ဗိုလ်မှူးဘရှင်။ 'လောကထိပ်ပန်' မြန်မာနိုင်ငံသမိုင်းတော်အရှင်။ ၁၉၆၂ ခုနှစ်။ စာ- ၄၇

၂၁- ဦးဗိုကော။ 'ပုဂံသုတေသနလမ်းညွှန်' စာပေဗိမာန် ၁၉၈၁-စာ-၃၆၈

၂၂- ဗုဒ္ဓဝင်ပါဠိမင်စာများ။ စာ- ၃၅၉-၃၈၀

၂၃- ဦးဗိုကော။ 'ပုဂံသုတေသနလမ်းညွှန်'၊ စာ- ၃၉၅

၂၄- ဘောမောင်တင်နှင့် ကျိအိပ်-လုစ်။ 'ပုဂံကျောက်စာညွှန်ပေါင်း' ၁၉၂၈၊ စာ- ၁၆၂

http://www.dhammadownload.com



'မိဖုရားသည် အိပ်မက်ကို လျှောက်ကြား၏။'
'မိဖုရားကြီးသည် (သူ့ခမည်းတော် အုပ်စိုးလျက်ရှိသော ဒေဝဒဟပြည်သို့) သွား၏။'
'မိဖုရားသည် [လုမ္ဗနီအင်ကြင်းတောရှိ] (ဘုရားလောင်းအား) ဖွားမြင်တော်မူသည်။'
'ဘုရားလောင်းသည် မြောက်အရပ်သို့ မျက်နှာမူလျက် ခြေလှမ်းခုနစ်လှမ်း လှမ်း၏'
'မိဖုရားကြီး၏ ခမည်းတော် (အဇ္ဇနမင်း)သည် မိဖုရားကြီးအား စောင့်ရှောက်၍ သီရိသုဒ္ဓေါဒနမင်း၏ တိုင်းပြည် (ကပိလဝတ္ထု)သို့ ပြန်ပို့သည်'[၂၅]

မြင်းကပါဂူပြောက်ကြီးမှ ဗုဒ္ဓဝင်မင်စာများသည် ရေးဆွဲထားသောပန်းချီကားအတွက် ရေးထားသောမင်စာများသာ ဖြစ်သည်။

အာနန္ဒာဘုရားအတွင်းတွင်မူ ဗုဒ္ဓဝင်ကျောက်ဆစ်ရုပ်တုများ ရှိသည်။ ထိုကျောက်ဆစ်ရုပ်တုများကို လေ့လာ၍ မင်းဘူးအောင်ကြွင်က ပုံများကို ရှင်းပြထားသည်။ ရှင်းလင်းချက်များကို ချုန်လှပ်၍ ကျောက်ဆစ်ရုပ်တုများအတွက် အစီအစဉ်တကျ တပ်ထားသောခေါင်းစဉ်များကို ကြည့်ပါ။

၁- သုဒ္ဓေါဒနမင်းကြီး နန်းစံတော်မူခန်း
၂- မာယာမိဖုရား စက်ပျော်သောအခန်း
၃- မာယာမိဖုရား အိပ်မက်မြင်တော်မူခန်း
၄- မာယာမိဖုရား အိပ်မက်မြင်ခန်း
၅- မာယာမိဖုရား အိပ်မက်မြင်ခန်း
၆- မာယာမိဖုရား အိပ်မက်မြင်ခန်း
၇- မာယာမိဖုရား အိပ်မက်မြင်ခန်း
၈- သုဒ္ဓေါဒနမင်းကြီးကို မာယာမိဖုရား လျှောက်တင်ခန်း
၁၁- မာယာမိဖုရား ဒေဝဒဟပြည်သို့ သွားသောအခန်း
၁၂- ဘုရားအလောင်းကို ဖွားတော်မူခန်း
၁၇- ဘုရားအလောင်း ဖွားမြင်စ ခုနစ်လှမ်း သွားသောအခန်း[၂၆]

အမှတ်အစဉ် ၈ မှ စ၍ ကျော်လွှားဖော်ပြရခြင်းမှာ ဗုဒ္ဓဝင်ကျောက်ဆစ်ရုပ်တုများမှာ အသေးစိတ်လွန်းသဖြင့် ဗုဒ္ဓ ဝင်ပေါ်လွင်စေရန် မာယာတော်မာယာ အိပ်မက်မြင်မက်ခန်းကို ၄ ကွက် ထုဆစ်ထားသည်ကိုကြည့်၍ သိနိုင်ပါသည်။ ဗုဒ္ဓဝင်အခန်းပေါင်းများစွာ, ကျောက်ဆစ်ရုပ်တုပေါင်းများစွာ ရှိပါသည်။

မင်းဘူးအောင်ကြွင်၏စာရင်းအရ ကျောက်ဆစ်ရုပ်ပေါင်း ၁၄၂ ရုပ် ရှိပါသည်။[၂၇]

အာနန္ဒာဘုရားနှင့် ဂူပြောက်ကြီးဘုရားတို့မှာ ပုဂံခေတ်ဦးပိုင်းစေတီများ ဖြစ်ပါသည်။ သက္ကရာဇ် ၅၈၅ ခုထိုး သိဃ်ဝိရ်သုဇ္ဇဗိုလ် ကျောက်စာအရ ယင်းသက္ကရာဇ်တွင်မှ 'တထာဂတုပ္ပတ္တိကျမ်း' အမည် တွေ့ရသော်လည်း၊ ထိုသက္ကရာဇ် မတိုင်မီကပင် ဗုဒ္ဓဝင်ကျမ်းစာများ ရောက်ရှိနေပြီဖြစ်ကြောင်း ထင်ရှားစေလို၍ သာဓကဆောင်ရခြင်း ဖြစ်ပါသည်။

သက္ကရာဇ် ၅၈၅ ခုနှစ်ထိုး ကျောက်စာနှင့် ခေတ်ပြိုင်တည်ခဲ့သော ဝိနည်းဓိရ်ဘုရား မင်စာတွင် ပန်းချီပုံများအောက်မှ မြန်မာဘာသာဖြင့် ရေးထိုးထားသော ဗုဒ္ဓဝင်ကို သိသာရန် အနည်းငယ်ဖော်ပြလိုပါသည်။

---

၂၅- ဦးကျော်ငြိမ်း။ 'ပုဂံမြို့ဟောင်း မြင်းကပါဂူပြောက်ကြီးဘုရား'။ ကမ္ဘည်းကျောက်စာနှင့် ပုံနှိပ်ထုတ်ဝေရေးဌာနခွဲ၊ ရွှေဟောင်း သုတေသနဦးစီးဌာန၊ ၁၉၉၂ ခု၊ ။ စာ- ၄၄
၂၆- မင်းဘူးအောင်ကြွင်။ 'လက်ရာစုံစွာ အာနန္ဒာ'၊ စာပေဗိမာန်၊ ၁၉၈၇၊ စာ- ၁၂၈-၁၃၁
၂၇- မင်းဘူးအောင်ကြွင်။ 'လက်ရာစုံစွာ အာနန္ဒာ'၊ စာပေဗိမာန်၊ ၁၉၈၇၊ စာ- ၁၆၄

http://www.dhammadownload.com



ဆရာကြီးဦးဘေမောင်တင်တို့က ယခုဖော်ပြမည့် မင်စာများသည် ဘုရားအမှတ် ၃၃၆နှင့် ၃၄၀အတွင်းရှိ မင်စာများ ဖြစ်သည်။ အကြောင်းအရာမှာ ဘုရား ၂ ဆူလုံးဌ အတူတူပင်ဖြစ်သည်။ သို့သော် စကားအနည်းငယ် ခြားနားချက် ရှိသည်ဟု မှတ်ချက်ရေးပြီး၊ ခြားနားချက်များကို မူကွဲအဖြစ် ပြထားပါသည်။ သို့ရာတွင် ဤဌ်ဌ် မလိုအပ်သဖြင့် ကွဲလွဲချက်များ ကို မဖော်ပြတော့ပါ။

'ပုရှာမိဖွာနံတောင်ဆင်ဖျူဟုယ်မက်၏
'ပုရှာမိဖွာအနဝတတ်အိုဝ်နှိုက်ရိယ်ခွိုဝ်မက်၏
'ပုရှာအမိအဖပြည်နှိုက်နိယ်ဇအံ။
'ပုရားသွိုင် မိဖွာကိုဝ်နတ်တိုဝ်ထံသောမြင်မက်၏။[၂၀]

ဖော်ပြပြီးသမျှတို့သည် ပုဂံခေတ် ဗုဒ္ဓဝင်မှတ်တမ်း ပန်းချီ၊ အုတ်ခွက်၊ ကျောက်ဆစ်ရုပ်တုမှတ်တမ်းများ ဖြစ်သည်။

ပုဂံခေတ်တွင် ဗုဒ္ဓအကြောင်းအရာများကို ဗုဒ္ဓဝံသပါဠိတော်တွင် ပါဝင်သမျှထက် ပိုမိုကျယ်ပြန့်စွာ သိနေကြပြီဖြစ်ကြောင်း သေချာစွာပြောနိုင်သည်။

ပုဂံခေတ်က ဗုဒ္ဓဝင်အနုပညာများအနက် မယ်တော်မာယာ ဖွားတော်မူခန်း ကျောက်ဆစ်လက်ရာ, အုတ်ခွက်ဘုရားလက်ရာ, စဉ်ကွင်းလက်ရာ, ပန်းချီလက်ရာ, ကြေးရုပ်လုံး ပန်းပုလက်ရာများကို လေ့လာပြီး၊ မြတ်စွာဘုရားအလောင်းတော်သည် မယ်တော်မာယာ၏ လက်ယာနံတောင်းမှ ဖွားတော်မူပုံ ရေးဆွဲ ထုလုပ်ထားကြသဖြင့် မဟာယာန ဗုဒ္ဓဝင် မဟာဝတ္ထုအလိုအတိုင်းပင် ဖြစ်ကြောင်း ဦးမြင့်အောင်၏ မှတ်ချက်[၂၆]ကိုလည်း သတိချပ်စရာ အချက်တစ်ရပ်အဖြစ် သိထားသင့်ပေသည်။

ဗုဒ္ဓဝံသပါဠိတော်တွင် မြတ်စွာဘုရား ဗုဒ္ဓဝင်မှာ အကျယ်အပြန့် မပါဝင်ပေ။ 'ဓာတုဘာဇနီယကထာ'မှာ မြတ်စွာဘုရား ပရိနိဗ္ဗာန်စံလွန်တော်မူပြီးနောက် ဓာတ်တော်ခွဲဝေခန်း ဖြစ်သည်။ ဤအခန်းသည် မြတ်စွာဘုရား ဟောကြားတော်မူခြင်း မဟုတ်ဘဲ၊ သင်္ဂါယနာတင်သည့် အချိန်တွင်မှ ဖြည့်စွက်မှတ်တမ်းတင်၍ သင်္ဂါယနာတင်ခြင်း ဖြစ်နိုင်ဖွယ် ရှိသည်။

ယနေ့ ကျယ်ကျယ်ပြန့်ပြန့် ဖတ်ရှုလေ့လာနေရသော ဗုဒ္ဓဝင်သည် ၄၅ ဝါပတ်လုံး မြတ်စွာဘုရားဟောကြားတော်မူသော သုတ်, ဝိနည်း, အဘိဓမ္မာ, အဋ္ဌကထာကျမ်းများမှ သင့်လျော်ရာတို့ကို စုပေါင်းပြုစုထားခြင်း ဖြစ်သည်။ ပုဂံခေတ် ဗုဒ္ဓဝင်များမှာ အစီအစဉ်တကျ ရေးသားထားပြီးဖြစ်သော ဗုဒ္ဓဝင်ကျမ်းများကို အခြေခံ၍ ရေးသားထားခြင်း ဖြစ်နိုင်ဖွယ် ရှိလေသည်။

ဗုဒ္ဓဝင်စာပေအနေဖြင့် အစောဆုံးတွေ့ရသောကျမ်းမှာ ဒုတိယ တောင်ဘီလာဆရာတော် ရှင်ဂုဏရသာလင်္ကာရ ပြုစုသည့် 'အစိန္တေယျဝတ္ထု' ဖြစ်သည်။ ထိုကျမ်းကို

'သက္ကရာဇ် ၁၀၄၆ ခု၊ ဥတုဟေမန္တ၊ မာဃပုဏ္ဏမီ၊ ပြည့်ညီထွန်းတက်၊ ဆယ်လေးရက်တွင်၊ စိရင်ကောင်းမှု၊ အပြီးပြုသည်။။ သာဓု နတ်, လူ ခေါ်စေသော' ဟူသော နိဂုံးအရ သက္ကရာဇ် ၁၀၄၆ ခု တပို့တွဲလဆန်း ၁၄ ရက်နေ့တွင် ပြီးစီးကြောင်း သိရသည်။

ညောင်ရမ်းခေတ် သက္ကရာဇ် ၁၀၄၆ ခုနှစ်တွင် အရှင်ဓမ္မနန္ဒ စီရင်သည်၊ သို့မဟုတ် မြန်မာဘာသာ ပြန်ဆိုသည့် တထာဂတုပ္ပတ္တိကျမ်းမှာ ယခင်က တိမ်မြုပ်နေခဲ့ရာ၊ ယခုအခါ ပြန်လည်တွေ့ရှိပြီဖြစ်သောကြောင့်၊ ထိုကျမ်း ၂ ကျမ်းသည် ကျမ်းပြီးနှစ် ၁ နှစ်တည်း ဖြစ်နေသည်ကိုလည်း ဝမ်းမြောက်ဖွယ် မှတ်တမ်းတင်ရပေမည်။

---

၂၈- ဘေမောင်တင်။ 'ပုဂံကျောက်စာညွှန်ပေါင်း' စာ- ၁၅၈

၂၉- ဦးမြင့်အောင်။ 'ဖွားမြင်တော်မူခန်း ပန်းချီပန်းပုများ'၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှုသုတေသန၊ မြင့်အောင်စာပေ၊ ၁၉၇၉၊ စာ- ၁၇၂

http://www.dhammadownload.com



အစိန္တေယျလေးပါးဝတ္ထုမှာ ဗုဒ္ဓဝင်ကျမ်းစစ်စစ် မဟုတ်ပေ။ အစိန္တေယျလေးပါးအကြောင်း ပြုစုထားသည့် ကျမ်းသာ ဖြစ်သည်။ 'အနန္တော ဗုဒ္ဓဉာဏော' အကြောင်းကို အကျယ်ရှင်းပြရင်း ဗုဒ္ဓဝင်ရေးသားထားခြင်း ဖြစ်သည်။ မြတ်စွာဘုရား ပဋိသန္ဓေယူတော်မူခန်းမှ ပဉ္စဝဂ္ဂီ ၅ ပါးတို့အား ဓမ္မစက္ကာတရားဦး ဟောခန်းအထိ ပါသည်။

အရှင်ဓမ္မနန္ဒ၏ တထာဂတုပ္ပတ္တိကျမ်းမှာမူ ဗုဒ္ဓဝင်ကျမ်းစစ်စစ် ဖြစ်သည်။

သက္ကရာဇ် ၁၁၃၄ ခုနှစ်တွင် သီရိသဒ္ဓမ္မာဘိလင်္ကာရမဟာထေရ် ဒီပဲယင်းဆရာတော်သည် 'တထာဂတဥဒါနဒီပနီ' အမည်ရှိ ဗုဒ္ဓဝင်ကျမ်း ပြုစုခဲ့သည်။

သက္ကရာဇ် ၁၁၆၀ ပြည့်နှစ် တော်သလင်းလတွင် 'မာလာလင်္ကာရဝတ္ထုတော်ကြီး' ပြုစုပြီးစီးခဲ့သည်။ ပြုစုသူမှာ ကဝိဝံသာဘိဓဇ မဟာဓမ္မရာဇဂုရုဘွဲ့တံဆိပ်တော်ရ ဒုတိယမဲထီးဆရာတော် ဖြစ်သည်။ မာလာလင်္ကာရကျမ်းအဓိပ္ပာယ်ကို ပြုစုသူ ဆရာတော်ကြီးက 'မာလာလင်္ကာရ နာမိကံ၊ ပါရမီတော်, ဘုန်းတော်အစဉ်၏ တန်ဆာသဖွယ်ဖြစ်၍ 'မာလာလင်္ကာရ' အမည်ရှိသော ကျမ်းကို' ဟူ၍ အဓိပ္ပာယ် ဖွင့်ပြသည်။ မြတ်စွာဘုရား၏ ပါရမီတော်အစဉ်, ဘုန်းတော်အစဉ်ကို တန်ဆာဆင်၍ ပြဆိုသောကျမ်း ဟူ၍ နားလည်ရသည်။

မာလာလင်္ကာရကျမ်းသည် ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ ဗုဒ္ဓဝင်ပင် ဖြစ်သည်။

ရှေးက မြန်မာဘာသာဖြင့် ရေးသားပြုစုပြီးဖြစ်သော 'တထာဂတုပ္ပတ္တိကျမ်း' နှင့် 'တထာဂတဥဒါနဒီပနီကျမ်း' တို့တွင် မြတ်စွာဘုရားအလောင်း သုမေဓာ ရှင်ရသေ့ဘဝ ဒီပင်္ကရာမြတ်စွာဘုရား ထံတော်မှောက်တွင် ဗျာဒိတ်တော် ခံယူသည်မှစ၍ ၂ ကျိပ် ၄ ဆူ ဗုဒ္ဓဝင်များကို ရေးသားပြီးမှ ဂေါတမဗုဒ္ဓမြတ်စွာဘုရား၏ ဗုဒ္ဓဝင်ကို ရေးသားကြသည်။

မာလာလင်္ကာရတွင် ထို ၂ ကျိပ် ၄ ဆူ ဗုဒ္ဓအကြောင်း ရေးသားခြင်းမပြုဘဲ အလောင်းတော် သေတကေတုနတ်သား နတ်စည်းစိမ်ခံစားစဉ် ဗုဒ္ဓကောလာဟလဖြစ်ခြင်းအခန်းမှ စတင်ရေးသားထားသည်မှာ မာလာလင်္ကာရ၏ ထူးခြားချက် ဖြစ်သည်။

ဘုရားအလောင်းတော် သိဒ္ဓတ္ထကုမာရသတို့သား ဖွားမြင်ခန်းကို ရေးသားထားရာတွင်

'ဘုရားလောင်းသည်မူကား တစ်စုံတစ်ရာ တစ်ခုသော မစင်မကြယ်သောအမှုဖြင့် လိမ်းကျံခြင်းမရှိဘဲ သန့်ရှင်း စင်ကြယ်စွာ ကာသိကတိုင်းဌဖြစ်သော ပုဆိုးပေါ်၌ တင်ထားအပ်သော ပတ္တမြားရတနာကဲ့သို့ တင့်တယ်ထွန်းပ လျက် တရားဟောပလ္လင်မှ ဆင်းသက်သော တရားဟောပုဂ္ဂိုလ်ကဲ့သို့၊ လှေကားမှဆင်းသက်သော ယောကျ်ားကဲ့သို့ လက်တော် ၂ ဖက်, ခြေတော် ၂ ဖက်တို့ကို ဆန့်၍ ရပ်လျက်သာလျှင် မယ်တော်ဝမ်းမှ ဖွားတော်မူ၏' ဟုရေးသည်။

ပုဂံခေတ်က ရေးဆွဲထုလုပ်လေ့ရှိသော ဖွားတော်မူခန်း ပန်းချီ, ကျောက်ဆစ်ပုံများကဲ့သို့ မယ်တော်၏ လက်ယာ နံတောင်းမှ ဖွားတော်မူခြင်း မဟုတ်ပေ။

လေးတော်တင်ခန်းကို အရှင်ဓမ္မနန္ဒ၏ တထာဂတုပ္ပတ္တိကျမ်းနှင့် တထာဂတ ဥဒါန ဒီပနီကျမ်းတို့တွင် သိဒ္ဓတ္ထကုမာရ မင်းသားအဖို့ သမီးကလျာများဆက်သရန် ခမည်းတော် သုဒ္ဓေါဒနမင်းကြီးက အတိုင်းအတိုင်းအပြည်ပြည်သို့ တမန် စေလွှတ်သည့်အခါ သိဒ္ဓတ္ထမင်းသား၌ အတတ်မစုံသေးကြောင်း ရယ်ပွဲဖွဲ့ကြသောကြောင့် လေးတော်တင်ရကြောင်း ရေးသားထားသည်။

မာလာလင်္ကာရကျမ်းတွင်မူ ယသောဓရာနှင့် လက်ထပ်ထိမ်းမြားပြီး စံစားနေစဉ် လေးတော်တင်ကြောင်း ရေးသားထားသည်။ ဤအဖွဲ့အစွဲသည် အစိန္တေယျလေးပါးဝတ္ထုနှင့် တူညီနေသည်ကို တွေ့ရသည်။

မြတ်စွာဘုရား ဘုရားအဖြစ်သို့ ရောက်တော်မူပြီး ဗောဓိပင်ရင်းတွင် ၇ ရက် သီတင်းသုံးနေသည်မှစ၍ အစဉ် အတိုင်း သတ္တသတ္တာဟ စံတော်မူသည်။ ပဉ္စမသတ္တာဟကို အဇပါလညောင်ပင်ရင်း၌ စံစားတော်မူစဉ် 'ဟုံးဟုံး'

http://www.dhammadownload.com



ဟူသောအသံပြု၍ သွားတတ်သော 'ဒိဋ္ဌမင်္ဂလိက' အမည်ရှိသောပုဏ္ဏားသည် မြတ်စွာဘုရားထံသို့ ချဉ်းကပ်ပြီး၊ ''အဘယ်မျှသော အကြောင်းဖြင့် ပုဏ္ဏား မည်ရသနည်း။ ပုဏ္ဏားအဖြစ်ကို ပြုတတ်သော တရားတို့သည်ကား အဘယ်တရားတို့နည်း'' ဟု မေးလျှောက် ကြောင်း၊ မြတ်စွာဘုရားက ဖြေကြားမိန့်တော်မူကြောင်း တထာဂတဥဒါန ဒီပနီ၌ ရေးသားသည်။

မာလာလင်္ကာရကျမ်းတွင်မူ ပဥ္စမသတ္တာဟ စံတော်မူစဉ် မာရ်နတ်သားသည် 'တဏှာ, အရတီ, ရာဂါ' မည်သော သမီး ၃ ယောက်ကို မြတ်စွာဘုရားထံမှောက် စေလွှတ်ပြီး ဖြားယောင်းစေသည့်အကြောင်း ရေးသားထားသည်။

မာလာလင်္ကာရကျမ်းကို ရေးသားရာ၌ တထာဂတဥဒါနဒီပနီလောက် မကျယ်ဝန်းသော်လည်း ဗုဒ္ဓဝင်အကြောင်း အရာမှ ကြည်ညိုဖွယ်ရာအကြောင်းများ ပါသင့်သလောက် ပါသည်။ အချို့အကြောင်းအရာများကို ကျမ်းပြုဆရာတော်က စကားချပ်များ ရေးသားရှင်းလင်းပြသည်။ မူကွဲရှိလျှင်လည်း မူကွဲရှိကြောင်း ဖော်ပြသည်။

မာလာလင်္ကာရကျမ်းသည် ကုန်းဘောင်ခေတ်စကားပြေ ဖြစ်သည်။ မဟာနိပါတ်တော်ဖြစ်သော ဇာတ်ကြီး ၁၀ ဘွဲ့ အနက် သုဝဏ္ဏသာမဇာတ်တော်မှတစ်ပါး ကျန် ၉ စောင်ကို မြန်မာဘာသာဖြင့် ရေးသားပြုစုပြီးချိန်ဖြစ်၍၊ အင်းဝခေတ် စကားပြေ, ညောင်ရမ်းခေတ်စကားပြေများထက် ပြေပြစ်လာသည့်သဘော ရှိသည်။ ဝါကျတို, ဝါကျရှည်ကို သင့်လျော်သလို ရေးဖွဲ့လာသည်။ ပါဠိဂတိကင်းသည့် ဝါကျစကားပြေဟန်သို့ ကူးပြောင်းလာပြီဟု ဆိုနိုင်သည်။

ဃသသူဌေးသား၏ဖခင် ယသသူဌေးကြီး သရဏဂုံတည်ခန်း ရေးဖွဲ့ထားသော စကားပြေဟန်ကို ကြည့်ပါ။

ဘုရားသခင်လည်း သေဌေးအား အစဉ်သောတရားစကားကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ သေဌေးသည် သောတာပတ္တိဖိုလ်သို့ ရောက်၍ သာသနာတော်၌ မဆုတ်မနစ် ကြည်ညိုသောစိတ်ရှိသဖြင့် ''အရှင်ဘုရား။ အလွန်ကောင်းစွတကား။ ဥပမာကား မှောက်၍ထားသောအိုးကို လှန်ဘိသကဲ့သို့၊ ဖုံးလွှမ်းအပ်သော ဝတ္ထုကိုမူလည်း ဖွင့်ဘိသကဲ့သို့၊ ခရီးမှားသော သူတို့အား ခရီးကြားပေသကဲ့သို့ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော အမိုက်တိုက်၌ ဆီမီးတန်ဆောင်ကို ထွန်းဘိသကဲ့သို့၊ မျက်စိအမြင်နှင့် ပြည့်စုံသောသူသည် ရူပါရုံကို မြင်ဘိသကဲ့သို့ ထို့အတူလျှင် အရှင်ဘုရားသည် များစွာသော အကြောင်းတို့ဖြင့် တရားတော်ကို ဟောတော်မူပေသည်။'

ဤစကားပြေသည် ပါဠိကို မြန်မာပြန်သော်လည်း ပါဠိဂတိကင်းပြီး ပြေပြစ်သောစကားပြေအဖြစ် တွေ့နိုင်လေသည်။

မာလာလင်္ကာရဝတ္ထုကို ခရစ်နှစ် ၁၈၇၃ ခုနှစ်က မော်လမြိုင် အက်ဗာတိုက်ဓာပုံနှိပ်တိုက်က ပုံနှိပ်ထုတ်ဝေခဲ့သည်။ အမည်စာမျက်နှာတွင် '...ကျမ်းသည် ပထမ, ဒုတိယ, တတိယ, စတုတ္ထ, ပဉ္စမတွဲတိုင်အောင် တစ်အုပ်တည်း လုပ်ဆောင်သည်' ဟု ပါသည်။ ထိုစာအုပ်ကို တက္ကသိုလ်များ ဗဟိုစာကြည့်တိုက်တွင် တိုက်ပိုင်အမှတ်-၁၂၂၈၆၆ ဖြင့် မှတ်တမ်းတင် သိမ်းဆည်းထားသည်။[၃၀]

ထိုစာအုပ်သည် ပထမဆုံးပုံနှိပ်ထုတ်ဝေသည့် စာအုပ် ဖြစ်နိုင်သည်။ ဟံသာဝတီပုံနှိပ်တိုက်က ထုတ်ဝေသည့် ၁၉၆၁ ခုနှစ်ထုတ်မူတွင် မာလာလင်္ကာရကျမ်းကို ၁၉၀၉ ခုနှစ်က ရန်ကုန်မြို့ ဟံသာဝတီပုံနှိပ်တိုက်တွင် ပထမအကြိမ် ရိုက်နှိပ်၍၊ မန္တလေးမြို့ ဟံသာဝတီပုံနှိပ်တိုက်တွင် ဒုတိယအကြိမ် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။ တတိယအကြိမ်ကို ၁၉၆၁ ခုနှစ်တွင် ရိုက်နှိပ်ထုတ်ဝေရာတွင် မန္တလေးမြို့ ခင်မကန် ပါဠိတက္ကသိုလ် ကျောက်ဆောက်ကျောင်း အရှင်ဝါသဝဏ်မှ ၁၂၁၆ ခုနှစ်ရေး မာလာလင်္ကာရဝတ္ထုတော်ကြီး ပေမူဖြင့် တိုက်ဆိုင်တည်းဖြတ် ထုတ်ဝေကြောင်း နိဒါန်းတွင် ရေးသားထားသည်။ ထိုမှတစ်ပါး အခြားပုံနှိပ်မှုများ မတွေ့မိသေးပေ။

---

၃၀- မောင်မြင့်ဆွေ။ 'မြန်မာနိုင်ငံ ပုံနှိပ်ထုတ်ဝေသောစာအုပ်များ စာရင်း' (၁၈၁၆-၈၅) (စာကြည့်တိုက်ပညာ ဒီပလိုမာတွဲအတွက် တင်သွင်းသောကျမ်း)၊ စာ- ၁၃၉

http://www.dhammadownload.com



မာလာလင်္ကာရကျမ်း၏ ထူးခြားချက်မှာ မြန်မာဘာသာဖြင့် ပုံနှိပ်ထုတ်ဝေခြင်းမပြုမီ အင်္ဂလိပ်ဘာသာပြန် ပုံနှိပ်ထုတ်ဝေခြင်း ဖြစ်သည်။ ပုံနှိပ်ထုတ်ဝေသည့်နှစ်မှာ ခရစ်နှစ် ၁၈၅၁ ဖြစ်၍ မြန်မာဘာသာ ပုံနှိပ်ထုတ်ဝေသည့် စာအုပ်ထက် ၂၂ နှစ် စောကြောင်း သိရသည်။ ဘာသာပြန်ဆို ပုံနှိပ်သူမှာ ချက်စတာဗင်းနက် (Chester Bennett) ဖြစ်သည်။ မြန်မာမူအတိုင်း အင်္ဂလိပ်ဘာသာ အတိအကျပြန်ဆို၍၊ Life of Gaudama အမည်ဖြင့် အမေရိကတွင် ၁၈၅၁ ခုနှစ်က ပုံနှိပ် ထုတ်ဝေခဲ့သည်။ ကျမ်းအမည်ကို 'မာလာလင်္ကာရဝတ္ထု' ဟု ဖော်ပြထားသော်လည်း ကျမ်းပြုသူအမည်ကို ဖော်ပြမထားပေ။

ချက်စတာဗင်းနက်သည် ပထမဦးစွာ ၁၈၅၁ ခုနှစ်တွင် ပုံနှိပ်ထုတ်ဝေသော Journal of the American Oriental Society အတွဲ ၃ တွင် စာမျက်နှာ ၁ မှ ၁၆၄ တိုင် ပုံနှိပ်ဖော်ပြခဲ့သည်။ ယင်းမူကိုပင် ၁၉၅၉ ခုနှစ်တွင် မိုက်ကယ်အပ်ဒဝပ် (Micheal Edwardes)က တည်းဖြတ်၍ လန်ဒန်ဖိုလီယိုအသင်းမှ A Life of the Buddha from Burmese Manuscript အမည်ဖြင့် ထပ်မံ ထုတ်ဝေခဲ့သည်။[၃၁]

မာလာလင်္ကာရထက် စောသော တထာဂတဥဒါနဒီပနီကိုမူ ပြင်သစ်လူမျိုး ရိုမန်ကက်သလစ်ခရစ်ယာန်ဂိုဏ်းအုပ် ပေါလ်အင်ဘရိုစ်ဘီဂန်ဒက်၊ ၁၈၁၃-၉၄ (The RT. Rev. Paul Ambrose Bigandet)က အင်္ဂလိပ်ဘာသာပြန်ဆိုပြီး အာရှအရှေ့ပိုင်းနှင့် အိန္ဒိယကျွန်းစုဂျာနယ် The Journal of the Indian Archipelago and Eastern Asia in 1852-55 (Vol 6-9) အတွဲ ၆ မှ ၉ အထိတွင် ထည့်သွင်း ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ ၁၈၅၈ ခုနှစ်တွင် ရန်ကုန်မြို့ ပဲခူးပုံနှိပ်တိုက်မှ The Life or Legend of Gaudama, the Budha of the Burmese အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့သည်။[၃၂]

မာလာလင်္ကာရသည် တထာဂတဥဒါနဒီပနီထက် ၁ နှစ်စောပြီး ဘာသာပြန်ဆို ပုံနှိပ်ခဲ့ရသော ဗုဒ္ဓဝင် ဖြစ်နေကြောင်း တွေ့ရသည်။

ကုန်းဘောင်ခေတ် 'ဘိုးတော်ဘုရား' ခေါ် ဗဒုံမင်းလက်ထက်က ရေးသားပြုစုခဲ့သည့် မာလာလင်္ကာရ ဗုဒ္ဓဝင်ကျမ်းသည် ကမ္ဘာသိ မြန်မာဗုဒ္ဓဝင်ကျမ်းတစ်ဆူအဖြစ် ဂုဏ်ယူရပေမည်။ ။

---

၃၁- မောင်ဓေယျာ။ 'ကမ္ဘာသိ မြန်မာများနှင့် ကမ္ဘာသိ မြန်မာစာအုပ်များ' Unity စာပေ၊ ၂၀၀၇ ခုနှစ် (စာ- ၁၉၀)

၃၂- မောင်ဓေယျာ။ 'ကမ္ဘာသိ မြန်မာများနှင့် ကမ္ဘာသိ မြန်မာစာအုပ်များ' Unity စာပေ၊ ၂၀၀၇ ခုနှစ် (စာ- ၁၈၅)

http://www.dhammadownload.com

# တထာဂတုပ္ပတ္တိကျမ်း

## အရှင်ဓမ္မနန္ဒထေရ်

စီရင်ပြုစုတော်မူသည်။

http://www.dhammadownload.com



## ဇကျးဇူးစကား

- ဤစာအုပ်ကို ထုတ်ဝေနိုင်သည့် အခွင့်အလမ်းပေါ်အောင် လမ်းညွှန်ပေးခဲ့သော ဆရာမောင်ခင်မင် (ဓနုဖြူ)

- ပေမူအဖြစ်မှ လက်ရေးမူသို့ ကူးပြီးသည်ကို ဖတ်ရှုအသုံးပြု ခွင့်နှင့် ထုတ်ဝေရန်အကြံပြုခဲ့သော ဆရာမ ဒေါက်တာ လွင်မာဦး (မြန်မာစာဌာန - နိုင်ငံခြားဘာသာတက္ကသိုလ်)

- အမှာစာရိုးမြင့်ရုံသာမက ဖတ်ရှုအားပေးသော ဆရာဦးအေးချို (မဟာဝိစ္ဆာ)

- ပေမှကူးပြီး လက်ရေးမူ, ကွန်ပျူတာမူများကို ကူညီဖတ်ရှု စီစစ်တည်းဖြတ်ပေးသော ဆရာဦးထွန်းတင့် (မြန်မာစာအဖွဲ့ -ငြိမ်း), ဆရာဦးညွှန့်မောင် (ရန်ကုန်တက္ကသိုလ် ဗဟိုစာကြည့်တိုက် ပေစာဌာန)

- ကွန်ပျူတာစာစီကြသော မစန္ဒာ, မပွင့်မာဦး

- ကွန်ပျူတာစာပြင်နှင့် ခက်ဆစ်များထုတ်ပေးသော ဆရာဦးညွှန့်မြိုင်တို့အား ကျေးဇူးများစွာ တင်ရှိလှပါကြောင်း မှတ်တမ်းတင်အပ်ပါသည်။

ပန်းချေပြည်စာအုပ်တိုက်

http://www.dhammadownload.com



နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

ဝဒ္ဓတုသဗ္ဗမင်္ဂလံ။
'သဗ္ဗမင်္ဂလံ၊ ခပ်သိမ်းသောမင်္ဂလာသည်။ ဝဒ္ဓတု၊ ဖြန့်ပွားများစေသတည်း။'

## ကျမ်းဦးနိဒါန်း

'သမ္မုဒ္ဒေ အဋ္ဌဝီသဉ္စ ဒွါဒသဉ္စ သဟဿကေ။
ပဉ္စသတ သဟဿာနိ၊ နမာမိ သိရသာမဟံ။
'အပ္ပကာ ဝါလုကာ ဂင်္ဂါ၊ အနန္တာ နိဗ္ဗုတာ ဇိနာ။
တေသံဓမ္မဉ္စ သံဃဉ္စ၊ အာဒရေန နမာမဟံ။
'နမက္ကာရာ နုဘာဝေန။ ဟိတွာ သမ္မေ ဥပဒ္ဒဝေ၊ အနေက အန္တရာယာပိ။ ဝိနာသန္တု အသေသတော။ ။'

'အဋ္ဌဝီသုံ၊ ၂ ကျိပ် ၈ ဆူကုန်သော။ သမ္မုဒ္ဒေစ၊ ရှင်တော်ဘုရားတို့ကို လည်းကောင်း။ ဒွါဒသဉ္စ သဟဿကေ၊ ၁ သောင်း ၂ ထောင်ကုန်သော။ သမ္မုဒ္ဒေစ၊ ရှင်တော်ဘုရားတို့ကို လည်းကောင်း။ ပဉ္စသတ သဟဿာနိ၊ ၅ သိန်းကုန်သော။ သမ္မုဒ္ဒေစ၊ ရှင်တော်ဘုရားတို့ကို လည်းကောင်း။ အဟံ၊ ငါသည်။ သိရသာ၊ ဦးခေါင်းဖြင့်။ နမာမိ၊ ရှိခိုး၏။ တေသံ၊ ထို ၅၁၂,၀၂၈ ဆူကုန်သော မြတ်စွာဘုရားတို့၏။ ဓမ္မဉ္စ၊ တရားတော်ကို လည်းကောင်း။ သံဃဉ္စ၊ သံဃာတော်ကို လည်းကောင်း။ အဟံ၊ ငါသည်။ အာဒရေန၊ ရိုသေသဖြင့်။ နမာမိ၊ ရှိခိုးပါ၏။ နမက္ကာရာ နုဘာဝေန၊ ရှိခိုးခြင်း စေတနာ၏ အာနုဘော်ကြောင့်။ သမ္မေ၊ ခပ်သိမ်းကုန်သော။ ဥပဒ္ဒဝေ၊ ဥပဒ္ဒဝေါတို့ကို။ ဟိတွာ၊ ဖျောက်ဦး၍။ အနေကအန္တရာယာပိ၊ များစွာကုန်သော အန္တရာယ်တို့သည်လည်း။ အသေသတော၊ အကြွင်းမရှိသောအားဖြင့်။ ဝိနာသန္တု၊ ပျောက်ကင်းစေကုန်သတည်း။'

'တေသံပါရမီယောစေဝ၊ ဓမ္မေသံဃေသုသာဒရံ။
ဝန္ဒာမဟံသဒါတေန သကိမ္ပေါမမပူရတု။ ။'

'တေသံ၊ ထို ၅၁၂,၀၂၈ ဆူကုန်သော မြတ်စွာဘုရားတို့၏။ ပါရမီယောစေဝ၊ ၃၀ သော ပါရမီတို့ကို လည်းကောင်း။ ဓမ္မေစ၊ တရားတော်၌ လည်းကောင်း။ သံဃေစ၊ သံဃာတော်၌ လည်းကောင်း။ သုသာဒရံ၊ ကောင်းစွာ ရိုသေခြင်းနှင့်တကွ။ သဒါ၊ အခါခပ်သိမ်း။ အဟံ၊ ငါသည်။ ဝန္ဒာမိ၊ ရှိခိုး၏။ တေနဝန္ဒနာ ကမ္မေန၊ ထိုသို့ရှိခိုးရသော ကောင်းမှုကြောင့်။ မမ၊ ငါ၏။ သကိမ္ပေါ၊ အကြိမ်သည်။ ပူရတု၊ ပြည့်ဝပါစေသတည်း။'

http://www.dhammadownload.com



'တေသံဗုဒ္ဓါနံဥပ္ပန္နံ၊ ကထာမဂ္ဂတ္ထာပ္ပတ္တိယံ။
ဓမ္မနန္ဒေနထေရေန။ သမာသေနရစိသိဒံ။ ။'

'တေသံဗုဒ္ဓါနံ။ ထို ၅၁၂,၀၂၈ (၅ သိန်း ၁ သောင်း ၂ ထောင် ၂ ကျိပ် ၈ ဆူကုန်သော) ရှင်စောဘုရား တို့၏။ ဥပ္ပန္နံ၊ ဖြစ်သော။ ကထာမဂ္ဂတ္ထာပ္ပတ္တိယံ၊ စကားအစီအစဉ် အတ္ထာပ္ပတ္တိကိုဆိုသော။ ဣဒံ၊ ဤ 'တထာဂတုပ္ပတ္တိကျမ်း' ကို။ ဓမ္မနန္ဒေန၊ ပိဋကတ်တော်မ 'ဓမ္မနန္ဒ' အမည်ရှိသော။ ထေရေန၊ ထေရ်သည်။ သမာသေန၊ အကျဉ်းအားဖြင့်။ ရစိသံ၊ မြန်မာဘာသာစကားပြေ စီရင်ပေအံ့။'

## တထာဂတုပ္ပတ္တိ

လူ ၃ ပါးတို့၏အထွတ် မကိုဋ်သရဖူဖြစ်တော်မူသော ဂေါတမရှင်တော်ဘုရားအလောင်းတော်သည် ကဋ္ဌဝါဟနလုလင် ဖြစ်တော်မူသည်မှစ၍၊ ရှည်လျားစွာသောကမ္ဘာတို့၌ များလှစွာသော၊ မရေတွက်နိုင်သော ပါရမီတို့ကို ဖြည့်တော်မူ၍၊ အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌ သက်တော် ၂၉ နှစ်ရောက်တော်မူလျှင် ကဏ္ဍက[၁]မြင်းကို စီးတော်မူ၍၊ သိကြားနတ်မင်း၏စည်းစိမ်နှင့်တူသော မင်း၏စည်းစိမ်ကို စွန့်တော်မူပြီးမှ ၇ ရက်ကြာ၌ စကြာရတနာရောက်လတ္တံ့သည်ကို မငဲ့မူ၍၊ စကြဝတေးမင်း၏ နေရာကဲ့သို့သော နေရာတော်မှ ထွက်တော်မူ၍၊ အနောမာမြစ်နား၌ ရဟန်းပြုတော်မူလျှင်၊ သဗ္ဗညုတာအဖြစ်သို့ ရောက်တော်မူ၍၊ ဓမ္မစကြာတရား ကို ဟောတော်မူသည်မှစ၍၊ သုဘဒ်ပရိဗိုဇ်ကို ဆုံးမတော်မူသည်တိုင်အောင် ဘုရားကိစ္စ ပြီးသည်ရှိသော်၊ ကုသိနာရုံပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူသော 'ဂေါတမ' အမည်ရှိသော ရှင်တော်ဘုရားသည် ကမ္ဘာအသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်းပတ်လုံး အယုတ်၊ အလတ်၊ အမြတ်အားဖြင့် ၁၀ ပါးသောပါရမီတို့ကို ဖြည့်တော်မူ၍ ဘုရားဆုကို တောင်းတော်မူသည်ကား-

'စိန္တိတံသတ္တသင်္ချေယျံ၊ နဝသင်္ချေယျဝါစကံ။
ကာယဝါစာစတုချာတံ၊* ဗုဒ္ဓတ္တံ သမုပါဂမိ။ ။' ဟူသော ဂါထာနှင့်ညီစွာ ဘုရားဆုကို စိတ်ထဲက တောင့်တတော်မူသည် ၇ အသင်္ချေ၊ နှုတ်ပွက်၍ တောင်းတော်မူသည် ၉ အသင်္ချေ၊ စိတ်ထဲလည်းကောင်း၊ နှုတ်ပွက်၍လည်းကောင်း တောင်းတော်မူသည်ကား ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းတည်း။ ဤသို့လျှင် ကမ္ဘာ အသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်းတည်း။

ထိုကမ္ဘာတို့တွင် ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာအသင်္ချေ ၂၀ နှင့် ကမ္ဘာ ၁ သိန်းထက်၌ အကနိဋ္ဌဘုံ၌ဖြစ်သော ကမ္ဘာ ၁ သောင်း ၆ ထောင် အသက်နေသော အနာဂါမ်ပြဟ္မာကြီးသည် လောကဋ္ဌ ဘုရား မဖြစ်သောအဖြစ်ကို မြင်၍၊ 'လူတို့၏ ကိုးကွယ်ပုန်းအောင်း လဲလျောင်းရာမရှိသော် ငါတို့ သုဒ္ဓါဝါသ ဗြဟ္မာသည် နည်း၍ ဆိတ်ချောတော့မည်' ဟု ကြီးစွာသောစိုးရိမ်ခြင်းသည် ဖြစ်၍၊ 'ယခု ကြီးစွာသောလုံ့လနှင့် ပြည့်စုံသော၊ နှလုံးမြဲမြံစွာ ဘုရားဖြစ်အံ့သော အကြောင်းကို ပြုအံ့သောငှာ စွမ်းနိုင်သောသူသည် အဘယ်မည်

* ကာယဝါစံ စတုချာတံ - စီနတ္ထပကာသနီ

http://www.dhammadownload.com



သော သူသည်နည်း' ဟု ဤစကြဝဠာမှတစ်ပါး အနန္တစကြဝဠာတို့ကို ကြည့်လတ်သော်၊ တစ်စုံတစ်ယောက် သောသူကိုမျှ မမြင်၍ ဤစကြဝဠာကို ကြည့်ပြန်သော် ငါတို့ဘုရားလောင်းကို မြင်လေ၏။

ထိုအခါ ငါတို့ဘုရားအလောင်းတော်သည် ဂန္ဓာရပြည်၌ ဆင်းရဲသောအမျိုး၌ ဖြစ်တော်မူ၍၊ မျက်မမြင် သောမယ်တော်ကို မပျက်မကွက် ထင်းထမ်း၍ လုပ်ကျွေး၏။ ထိုအခါ ဘုရားအလောင်း ကဋ္ဌဝါဟနလုလင်သည် ကုန်စည်သွယ်အံ့သောငှာ မယ်တော်ကို လှေထက်သို့ တင်၍ ကုန်သည်တို့နှင့်တကွ သင်္ဘောလွှင့်လေသော်၊ ၇ ရက်မြောက်သောနေ့၌ သမုဒ္ဒရာအလယ်တွင် သင်္ဘောပျက်၍ နစ်လေ၏။ ဘုရားလောင်း ကဋ္ဌဝါဟနလုလင်သည် မယ်တော်ကို ပခုံးထက်ထမ်း၍ မဟာသမုဒ္ဒရာကို ကူး၏။

ထိုအခါ အကနိဋ္ဌဘုံ၌ဖြစ်သော အနာဂါမ် သဟံပတိဗြဟ္မာသည် ဘုရားလောင်းစိတ်ထဲသို့ ဝင်၍ ဘုရားဆုကို တောင်းစေ၏။ ထိုအခါ မိမိအသက်ကို စွန့်၍၊ မယ်တော်အသက်ကို ကယ်လို၍၊ မယ်တော်ကို ပခုံးထက် ထမ်း၍ မဟာသမုဒ္ဒရာကိုကူးသော် ကဋ္ဌဝါဟနလုလင်သည် ဤသို့ သစ္စာစကားကို ဆိုတော်မူ၏။

'ငါတည်း အကယ်၍ ဘုရားဖြစ်သည်ရှိသော်၊ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့အား 'တရား' တည်းဟူသော ဆီမီးတန်ဆောင်ကို ညှိ၍ လင်းစေအံ့။ ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် 'သံသရာ' တည်းဟူသော ဝဋ်ဆင်းရဲ၌ နစ်မွန်းလေသည်ကို ကယ်တင်၍ ဆင်းရဲမှ လွှန်စေအံ့။ ခပ်သိမ်းသောသတ္တဝါတို့သည် 'သံသရာ' တည်းဟူသော မောဃအယဉ်၌ မျောပါလေသည်ကို ကူးမြောက်ပြီးသော 'နိဗ္ဗာန်' တည်းဟူသော ကမ်းတစ်ဖက်သို့ ပို့ပေအံ့' ဟူ၍၊ 'ဗုဒ္ဓါဗောဓေယျံ။ မုတ္တောမောစေယျံ။ တိဏ္ဏော တာရေယျံ။' ဟူသော စကားတော် ၃ ခွန်းတို့ဖြင့် ဘုရားလောင်းတို့သည် ကြိမ်းမြဲကြိမ်းခြင်းတို့ဖြင့် ကြိမ်းပတော်မူ၍၊ နှုတ်မပွက်ဘဲ စိတ်ထဲကကြံ၍ ဘုရားဆုကို ၃ ကြိမ် တောင်းတော်မူ၏။ အနာဂါမ်ဖြစ်သော သဟံပတိဗြဟ္မာကြီးလည်း ကျွန်းဖန်ဆင်း၍ မယ်တော်နှင့်တကွ အသက် ရတော်မူ၏။

ထိုမှတစ်ပါး ငါတို့ဘုရားအလောင်းတော်သည် 'သိရိမတိ' အမည်ရှိသောပြည်ကို အစိုးရသောမင်း၏ သားဖြစ်တော်မူ၍ ခမည်းတော်လွန်သဖြင့် မင်း၏အဖြစ်သို့ ရောက်တော်မူ၏။ 'သတ္တဝါဟန' အမည်ရှိသောမင်း ဖြစ်တော်မူသောအခါ အမုန်ယစ်သောဆင်ကို မြင်၍ ဤသို့ ဆိုတော်မူ၏။

''ရာဂ' မည်သည်ကား အလွန်ရှည်သော တံသင်းနှင့် တူ၏။ အလွန်ပူသော မီးနှင့် တူ၏။ အလွန်ကြမ်းသော မြွေဆိပ်နှင့် တူ၏။ ဤဆင်သည်ကား ရာဂကြောင့်သာ ဖြစ်တော့သည်' ဟူ၍ ထိုမင်းအား ကြီးသောသံဝေဂ ရသည်ဖြစ်၍၊

''အော်-ရာဂသည်ကား အလွန်ကြမ်း၏။ အလွန်ပြင်း၏။ ဘေးဥပဒ္ဒဝေါ များ၏။ အဘယ်ကြောင့်နည်း ဟူမူကား ခပ်သိမ်းသောသတ္တဝါတို့သည် ရာဂကိုမှီ၍သာလျှင် 'သံသရာ' တည်းဟူသော သမုဒ္ဒရာ၌ နစ်မွန်း၏။ ရာဂကိုမှီ၍သာလျှင် ငရဲကြီး ၈ ထပ်၌ ခံရကုန်၏။ ရာဂကိုမှီ၍သာလျှင် ၁၂၈ ထပ်ရှိသော ဥဿဒရက် ငရဲငယ်၌ ခံရကုန်၏။ ရာဂကိုမှီ၍သာလျှင် ပြိတ္တာဘုံ၌ ဖြစ်ကုန်၏။ ရာဂကိုမှီ၍သာလျှင် တစ်ပါးမက များလှစွာသော တိရစ္ဆာန်ဘုံ၌ ဖြစ်ကုန်၏'' ဟူ၍ ဆိုပြီးမှ ဤဂါထာကို ဆိုပြန်၏။

'ရာဂတုရေနိ မေ သတ္တာ၊ ဝိတာပုတ္တံဝိယာလ္လတိ။

ပုတ္တာစ ဝိတရာဟန္တိ၊ မာတာမာရေတိဓိတရံ။ ။' ဤသို့ အစရှိသော ဂါထာကို ဆိုပြန်သတည်း။

http://www.dhammadownload.com



ထိုဂါထာ၏ အဓိပ္ပာယ်ကား--

'ရာဂကို မှီ၍သာလျှင် ဤသတ္တဝါအပေါင်းတို့သည် အဖသည် သားကို သတ်၏။ သားသည်လည်း အဖကို သတ်၏။ အမိသည် သမီးကို သတ်၏။ သမီးသည်လည်း အမိကို သတ်၏။ အစ်ကိုသည် ညီကို သတ်၏။ ညီသည်လည်း အစ်ကိုကို သတ်၏။ အစ်မသည် ညီမကို သတ်၏။ ညီမသည်လည်း အစ်မကို သတ်၏။ အရီးသည် တူမကို သတ်၏။ တူမသည်လည်း အရီးကို သတ်၏။ လင်သည် မယားကို သတ်၏။ မယားသည်လည်း လင်ကို သတ်၏။ ဤသို့လျှင် အချင်းချင်း သတ်ကြခြင်းသည်ကား ရာဂကြောင့်သာလျှင် ဖြစ်သတည်း။ ဤမှတစ်ပါးသော သတ္တဝါအပေါင်းတို့သည်ကား အဘယ်သို့ဆိုဖွယ်ရာ ရှိအံ့နည်း။

'ရာဂကို မှီ၍သာလျှင် ဤသတ္တဝါအပေါင်းတို့သည် စည်းစိမ်ချမ်းသာကို ဖျက်ကုန်၏။ အခြွေအရံ, ကျော်စောခြင်းကို ဖျက်၍ ကျော်စောမဲ့ကို ဖြစ်စေသတည်း။

'ရာဂကို မှီ၍သာလျှင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် အခါခပ်သိမ်း ချမ်းသာခြင်းမှ ယုတ်ကုန်၏။ ကုသိုလ်တရားတို့သည် ပျက်ကုန်၏။ သုဂတိဘုံသို့ ဖြစ်ကုန်သည် နည်းကုန်၏။

'ရာဂကို မှီ၍သာလျှင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် လောဘ,ဒေါသနှိုင်ငံသို့ လိုက်၍ 'သံသရာ' တည်းဟူသော အပါယ, ဝိနိပါတိက, အသုရာတို့၌သာ ပွားကုန်၏။

'ရာဂကို မှီ၍သာလျှင် ခပ်သိမ်းသော သတ္တဝါအပေါင်းတို့သည် အခါခပ်သိမ်းလျှင် သီလပျက်ကုန်၏။ သမာဓိ, ဘာဝနာ, စျာန်တို့မှ အခါခပ်သိမ်း အန္တရာယ်ကို ပြုတတ်၏။

'ရာဂကို မှီ၍သာလျှင် ဤသတ္တဝါအပေါင်းတို့သည် သုဂတိဘဝကို ဖယ်၍ ဒုဂ္ဂတိဘုံသို့သာ များစွာ ဖြစ်ကုန်၏' ဟူ၍၊ ဤမျှလောက်သော ကိလေသာတို့၏အပြစ်ကို ဆို၍၊

တစ်ဖန် 'သတ္တဝါအပေါင်းတို့ကို အဘယ်မည်သောအကြောင်းဖြင့် သံသရာဝဋ်ဆင်းရဲမှ လွတ်စေကုန်သနည်း' ဟု တစ်ပါးသောစိတ်ကို ဖြစ်စေ၏။

'ဘုရားမှတစ်ပါး ဝဋ်ဆင်းရဲမှ လွတ်စေနိုင်သော အကြောင်းမည်သည် မရှိပြီ။ ထိုကြောင့် ငါတို့သည်လည်း ၁၅၀၀ ကိလေသာတို့ကို 'အရဟတ္တမဂ်' တည်းဟူသော သန်လျက်ဖြင့် ဖြတ်၍၊ ဘုရား ဖြစ်၍၊ ဤသတ္တဝါတို့ကို 'ကိလေသာ' တည်းဟူသော ရန်အပေါင်းတို့မှ ကွာကင်းစေ၍ နိဗ္ဗာန်ပြည်သို့ ပို့ရလို၏'ဟု ဘုရားဆုကို နှုတ်မပွက်ဘဲ စိတ်ထဲကသာကြံလျက် တောင်းတော်မူ၍၊ ပြည်ကို စွန့်၍၊ တစ်ယောက်တည်းသာ ဟိမဝန္တာသို့ ဝင်၍၊ ရသေ့ရဟန်း ပြု၍၊ အသက်၏အတိုင်း တည်၍ အသက်အဆုံး၌ နတ်ပြည်၌ ဖြစ်တော်မူလေ၏။

ထိုမှတစ်ပါးလည်း ငါတို့ဘုရားအလောင်းတော်သည် မဂဓတိုင်း 'အာလိန်' အမည်ရှိသောပုဏ္ဏားရွာ၌ ပုဏ္ဏားအကြီးသား ဖြစ်တော်မူ၏။ ထိုလုလင်တည်း အိမ်ထောင်မှ တောထွက်၍၊ ရသေ့ရဟန်း ပြု၍ ၅၀၀ သော ရသေ့ရဟန်းကို ခြံရံလျက် ပဏ္ဏာပ္ပတောင်၌ နေတော်မူ၏။

ထိုအခါ ဘုရားအလောင်းသည် ပဏ္ဏာပ္ပတောင်ခြေရင်း၌ ကျာမဲ့*အား မိမိကိုယ်ကို လှူ၏။ 'ဤသို့သော ကောင်းမှုအကျိုးအားဖြင့် နောင်အခါ ဘုရားဖြစ်ရပါလို၏။ ဘုရားဖြစ်၍ သံသရာဝဋ်ဆင်းရဲ၌ နစ်မြုန်းကုန်သော

* မူရင်းပေါ်၌ ပေအရေးအတိုင်း ဟော်ပြလိုက်ပါသည်။ ပေါရာဏအဘိဓာန်များ၌လည်း ရှာမတွေ့ပါသဖြင့် ခက်ဆစ်မပေးနိုင်ပါ။ 'ကျားရဲ' ဖြစ်နိုင်သည် ထင်ရ၏။

http://www.dhammadownload.com



သတ္တဝါအပေါင်းတို့ကို နိဗ္ဗာန်သို့ ပို့ရပါလို၏' ဟူ၍ နှုတ်မပွက်ဘဲ စိတ်ထဲကသာကြ၍ ဘုရားဆုကို တောင်းတော်မူ၏။

ငါတို့ ဘုရားလောင်းသည် ဘုရားဆုကို နှုတ်မပွက်ဘဲ စိတ်ထဲကသာ တောင်းတော်မူသော ၇ အသင်္ချေ၏ အမည်ကား ဤသို့တည်း။

'နန္ဒော သုနန္ဒော ပထဝီ၊ မဇ္ဈောဓရဏီသာဂရော။
ပုဏ္ဏရိကောတိ မေ သတ္တ၊ အသင်္ချေယျာပကာသိတာ။ ။'

အဓိပ္ပာယ်ကား

'နန္ဒအသင်္ချေ၊ သုနန္ဒအသင်္ချေ၊ ပထဝီအသင်္ချေ၊ မဇ္ဈောအသင်္ချေ၊ ဓရဏီအသင်္ချေ၊ သာဂရအသင်္ချေ၊ ပုဏ္ဏရိကအသင်္ချေ' ဟူ၍ ၇ ပါးသောအသင်္ချေတို့ကို ပြအပ်၏။ ထို ၇ ပါးသောအသင်္ချေတို့တွင် နန္ဒအသင်္ချေ၌ ဗြဟ္မဒေဝ အစရှိသော ၅၀၀၀ သောရှင်တော်ဘုရားတို့သည် ပွင့်တော်မူ၏။ သုနန္ဒအသင်္ချေ၌ ၉၀၀၀။ ပထဝီအသင်္ချေ၌ ၁ သောင်း။ မဇ္ဈောအသင်္ချေ၌ ၁ သောင်း ၁ ထောင်။ ဓရဏီအသင်္ချေ၌ ၂ သောင်း။ သာဂရအသင်္ချေ၌ ၃ သောင်း။ ပုဏ္ဏရိကအသင်္ချေ၌ ၄ သောင်း။ ဤသို့လျှင် ၇ အသင်္ချေထက်၌ ပွင့်တော်မူသောဘုရားအပေါင်းကား ၁ သိန်း ၂ သောင်း ၅ ထောင် ဖြစ်၏။

ထိုမြတ်စွာဘုရားတို့တွင် ရှေးဦးစွာသော ဗြဟ္မဒေဝဘုရားလက်ထက် ငါတို့ဘုရားအလောင်းသည် သာဂရပြည်ကိုအစိုးရသော 'သိရိအတိဒေဝ' အမည်ရှိသောမင်း ဖြစ်တော်မူ၍၊ ဗြဟ္မဒေဝရှင်တော်ဘုရားအား သင်္ခါကြည်ညိုတော်မူသည် ဖြစ်၍၊ ကြီးစွာသောအလှူကိုပေးလျက် နှုတ်မပွက်ဘဲ စိတ်ထဲကသာ ကြ၍ ဘုရားဆုကို တောင်းတော်မူ၏။ ဤသို့ အစရှိသောအားဖြင့် ၇ အသင်္ချေထက်၌ ပွင့်လေသမျှဘုရားရှင်တို့၌လည်း နှုတ်မပွက်ဘဲ စိတ်ထဲကသာ ဘုရားဆုကို တောင်းတော်မူသည် ၇ အသင်္ချေတည်း။

နှုတ်ပွက်၍ ဘုရားဆုကို တောင်းတော်မူသည်ကား ၉ အသင်္ချေတည်း။ ထိုအသင်္ချေတို့၏အမည်ကား* ဤသို့တည်း။

'သဗ္ဗဘဒ္ဒေ၌ သဗ္ဗဖုလ္လော သဗ္ဗရတန ဉသဘခန္ဓော မာနိဘဒ္ဒော ဥဒုမောဉသဘော ခန္ဓတ္တမေဝစ။ သဗ္ဗဟာလော အသင်္ချေယျော။ နဝမောတိပဝုစ္စရေ။'

အဓိပ္ပာယ်ကား-

'သဗ္ဗဘဒ္ဒအသင်္ချေ၊ သဗ္ဗဖုလ္လအသင်္ချေ၊ သဗ္ဗရတနအသင်္ချေ၊ ဉသဘကန္ဓအသင်္ချေ၊ မာနိဘဒ္ဒအသင်္ချေ၊ ဥဒုမအသင်္ချေ၊ ဉသဘအသင်္ချေ၊ ခန္ဓတ္တမအသင်္ချေ၊ သဗ္ဗဟာလအသင်္ချေ' ဟူ၍ ၉ ပါးသော အသင်္ချေတို့ကို ပြအပ်၏။ ထို ၉ ပါးသောအသင်္ချေတို့ ၌ သဗ္ဗဘဒ္ဒအသင်္ချေ၌ 'ပေါရာဏဂေါတမ' အစရှိသော ၅ သောင်းသော ရှင်တော်ဘုရားတို့သည် ပွင့်တော်မူကုန်၏။ သဗ္ဗဖုလ္လအသင်္ချေ၌ ၆ သောင်း။ သဗ္ဗရတနအသင်္ချေ၌ ၇ သောင်း။ ဉသဘကန္ဓအသင်္ချေ၌ ၈ သောင်း။ မာနိဘဒ္ဒအသင်္ချေ၌ ၉ သောင်း။ ဥဒုမအသင်္ချေ၌ ၂ သောင်း။ ဉသဘအသင်္ချေ၌ ၁ သောင်း။ ခန္ဓတ္တမအသင်္ချေ၌ ၅ သောင်း။ သဗ္ဗဟာလအသင်္ချေ၌ ၂၀၀၀။ ဤသို့လျှင် ၉ အသင်္ချေထက်၌ ပွင့်တော်မူသော ဘုရားအပေါင်းကား ၃ သိန်း ၈ သောင်း ၇ ထောင် ဖြစ်၏။

* ၉ သင်္ချေရေတွက်ပုံမှာ တထာဂတဉာဏနဒီဃနိုနှင့်တူသော်လည်း 'သဗ္ဗဘဒ္ဒအသင်္ချေ၊ သဗ္ဗဖုလ္လအသင်္ချေ၊ သဗ္ဗရတနအသင်္ချေ၊ ဉသဘကန္ဓအသင်္ချေ၊ ခန္ဓတ္တမအသင်္ချေ၊ မာဏိတအသင်္ချေ၊ ဘဒ္ဒအသင်္ချေ၊ ဥဒုမအသင်္ချေ၊ သဗ္ဗဘလ္လအသင်္ချေ'ဟု ဖိနတ္ထပကာသနီ (၅၁၁-၅၄၃)၌ မူကွဲသည်။

http://www.dhammadownload.com



ထိုမြတ်စွာဘုရားတို့တွင် အစသော ပေါရာဏဂေါတမဘုရားရှင်လက်ထက် ငါတို့ဘုရားလောင်းသည် 'ခညဝတီ' အမည်ရှိသောပြည်ကို အစိုးရသော 'သာဂရနာဂရိန္ဒ' အမည်ရှိသော မင်းဖြစ်တော်မူ၍၊ ပေါရာဏဂေါတမရှင်တော်ဘုရားအား နံ့သာကျောင်း လှူ၍ အလှူကြီး ပေးတော်မူလျက်၊ နူတ်ပွက်၍ ဘုရားဆုကို တောင်းတော်မူ၏။

ဤသို့ အစရှိသောအားဖြင့် ၉ အသင်္ချေထက်၌ ပွင့်လေသမျှ ဘုရားရှင်တို့၌လည်း နူတ်ပွက်၍ ဘုရားဆုကို တောင်းပါသော်လည်း ဗျာဒိတ်တော်ကို မခံရချေ။ နောက်စွန်း ပေါရာဏဒီပင်္ကရာဘုရား ရှင်လက်ထက်၌ကား ငါတို့ဘုရားလောင်းသည် ပေါရာဏဒီပင်္ကရာ ဘုရားရှင်နှမတော် 'ဥမတိက' အမည်ရှိသောမင်းသမီး ဖြစ်တော်မူ၏။ ထိုအခါ တစ်နေ့သ၌ ပေါရာဏဒီပင်္ကရာ မြတ်စွာဘုရားရှင်တပည့်တော် သာမဏေတစ်ယောက်သည် ပြည်အလုံးကို ဆီခံ၍မရသောကြောင့် မင်းအိမ်သို့ ဝင်လေ၏။

ထိုအခါ 'ဥမတိက' အမည်ရှိသောမင်းသမီးသည် ဘုံ ၇ ထပ်ရှိသော ပြာသာဒ်၏အပြင်၌ နေသည်ရှိသော်၊ အခါမဟုတ်ဘဲ မင်းအိမ်သို့ဝင်သော ထိုသာမဏေကိုမြင်၍ ဤသို့ ကြံ၏။

'ဤရဟန်းသည်လည်း ဤအခါ၌ မင်းအိမ်သို့ဝင်သည်ကား ဆွမ်းအလို့ငှာတည်း လာသလော။ ထိုသို့မဟုတ် တစ်ပါးသောအကျိုးငှာတည်း လာသလော' ဟု မိမိ အလုပ်အကျွေးမတစ်ယောက်ကို စေလိုက်၏။

ထိုကျွန်မသည် ထိုရဟန်း၏အထံသို့သွား၍ အကြောင်းကို မေးသည်ရှိသော်၊ ဆီအလို့ငှာ လာသော အဖြစ်ကို သိ၍ မင်းသမီးအား အကြောင်းကို လျှောက်ပေ၏။ ထိုစကားကို ကြား၍၊ 'ဥမတိက' အမည်ရှိသော မင်းသမီးသည် ထိုရဟန်းကို ပင့်စေ၍၊ ခြေတို့ကို ဆေးစေ၍ ရှိခိုးပြီးသော် မြတ်သောနေရာ၌ နေစေ၏။

မင်းသမီးလည်း တစ်ခုသော မြတ်သောရွှေခွက်ကို ယူ၍၊ ရွှေအဆင်းနှင့်တူသော 'သိရိသိဒ္ဓတ္ထ' အမည်ရှိသောဆီဖြင့် ပြည့်စေ၍၊ ထိုဆီခွက်ကို မိမိဦးခေါင်း၌ တင်၍ ဤသို့လျှင် ထို မင်းသမီးစိတ်တော်သည် ဖြစ်၏။ 'အကြင်သို့သဘောဖြင့် ငါ၏မောင်တော် ဘုရားသခင်သည် ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၏ အကျိုးငှာ ဘုရား ဖြစ်တော်မူ၏။ ထိုသို့သောသဘောဖြင့် ငါတို့သည်လည်း နောင်သောအခါ ခပ်သိမ်းသောသတ္တဝါအပေါင်းတို့၏ အကျိုးငှာ ဖြစ်ပါလို၏။ ငါ ဘုရားဖြစ်သောအခါ၌လည်း ဤ 'သိရိသိဒ္ဓတ္ထ' ဆီ၏ အမည်ကဲ့သို့သော အမည်ကို ရပါလို၏'ဟု စိတ်ထဲက ဘုရားဆုကို တောင်း၍၊ ထိုဆီကို ဦးခေါင်းမှချ၍ သပိတ်၌ ထည့်ပြီးမှ ဤသို့လည်း ဆို၏။

''မောင်ရှင်။ ဤဆီကို သခင်အလျောက် အကျွန်ုပ် မောင်တော်ဘုရားသခင်အား ပူဇော်တော်မူလော့။ ပူဇော်ပြီးမှ အကျွန်ုပ်စကားကို မောင်တော်ဘုရားသခင်အား လျှောက်ပါလေ။ 'အရှင်ဘုရားနှမတော် 'ဥမတိက' အမည်ရှိသောမင်းသမီးသည် 'သိရိသိဒ္ဓတ္ထ' အမည်ရှိသော ဤဆီကို လှူရသောအကျိုးအားဖြင့် နောင်လာလတ္တံ့သောအခါ၌ ဘုရား ဖြစ်ရပါလို၏။ ဘုရား ဖြစ်သောအခါ၌လည်း ဤသိရိသိဒ္ဓတ္ထ ဆီ၏အမည်ကဲ့သို့သော ကျွန်ုပ်၏အမည်သည် ဖြစ်ရပါလို၏'ဟု ရှင်ပင်ဘုရားနှမတော်သည် ဆုတောင်းသည်ကို ပြု၏'ဟု မြတ်စွာဘုရားကို လျှောက်ပါလေ'' ဟူ၍ သာမဏေအား သတင်းစကားကို ပေး၍ လွှတ်လိုက်၏။

ထိုသာမဏေလည်း မင်းသမီးသတင်းစကားကို ဆောင်၍၊ နေရာမှထပြီးသော် သပိတ်ကိုယူ၍ ကျောင်းတော်သို့ သွားလေ၏။

http://www.dhammadownload.com



သာမဏေလည်း ထိုနေ့ပင်လျှင် များစွာသောဆီဖြင့် ပူဇော်ခြင်းကိုပြု၍ မိမိအလိုရှိသောအလျောက် ဆုတောင်းပြီးသော်၊ မြတ်စွာဘုရားကို ရှိခိုး၍ ဤသို့ နားတော်လျှောက်၏။

''ရှင်ပင်ဘုရား။ ယနေ့ ဤမျှလောက်သော ဆီမီးပူဇော်ခြင်းကို ပြုခြင်းသည် ရှင်ပင်ဘုရားနှမတော် 'ဝေမတိက' အမည်ရှိသော မင်းသမီး၏ အလှူတည်း။ ရှင်ပင်ဘုရားနှမတော်သည် ဤဆီမီးကို လှူရသော အကျိုးအားဖြင့် ဘုရားဖြစ်ခြင်းငှာ အလိုရှိ၏။ ဘုရားဖြစ်သောအခါ၌လည်း 'အကြင်သို့သောရှိသော 'သိရိသိဒ္ဓတ္ထ' အမည်သည် ဖြစ်၏။ ထိုသို့သောရှိသော အကျွန်ုပ်အမည်သည် ဖြစ်ရပါလို၏' ဟု ဆုတောင်းသည်ကို ပြု၏'' ဟု ပေါရာဏဒီပင်္ကရာမြတ်စွာဘုရားလည်း ထိုသာမဏေစကားကို ကြားတော်မူသည်ရှိသော်၊

''သာမဏော။ သင်သည် နောင်လာလတ္တံ့သောအခါ၌ ငါ၏ အမည်ကဲ့သို့ အကြင်အခါ၌ ဒီပင်္ကရာဘုရား ဖြစ်လတ္တံ့။ ထိုအခါမှ ငါ၏နှမတော် ဝေမတိကမင်းသမီးအား ဗျာဒိတ် ကြားလတ္တံ့။ သင်၏မျက်မှောက်မှ ဗျာဒိတ် ရလတ္တံ့သတည်း'' ဟု သာမဏေအား ဗျာဒိတ်ပေးတော်မူပြီးမှ နှမတော်အား အစဉ် ဗျာဒိတ် ညွှန်တော်မူပေ၏။

ထိုသာမဏေသည်လည်း မြတ်စွာဘုရားအမိန့်တော်ကို ကြားလတ်သော် နှစ်လိုဝမ်းသာသောစိတ် ရှိသည်ဖြစ်၍၊ နေရာမှထပြီးသော် မြတ်စွာဘုရားကို လက်ယာရစ်လှည့်၍ သွားလေ၏။

ဤသို့လျှင် ၇ အသင်္ချေတွင်း၌ ပွင့်တော်မူသော ရှင်တော်ဘုရားသည် ၁ သိန်း ၂ သောင်း ၅ ထောင်။ ၉ အသင်္ချေထက်၌ ပွင့်တော်မူသော ရှင်တော်ဘုရားသည် ၃ သိန်း ၈ သောင်း ၇ ထောင်။ ၂ ဝါရကို ပေါင်းသော် ၅ သိန်း ၁ သောင်း ၂ ထောင် ဖြစ်၏။ သည်အကြောင်းကို ရည်၍ 'စင်ဖြူဝမ်းမြောက် သဒ္ဒါပေါက်လျက် ၁၆ အသင်္ချေ ကမ္ဘာကြေ၍ လွန်လေတုံ့ရှောင်း ၅ သိန်းပေါင်းနှင့် ၁ သောင်းအခေါင် ၂ ထောင်မက ဗြဟ္မဒေဝဘုရားစသည် မဆွေရှေးဖျား မြတ်သောဖျား၌ အဝါးလည်းဝ ကျွမ်းမိလှ၍' ဟု ပညာရှိတို့ ဆိုကုန်သတည်း။

စိတ်ထဲကလည်းကောင်း, နှုတ်ပွက်၍လည်းကောင်း တောင်းသည်ကား ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းတည်း။

၄ အသင်္ချေတို့၏အမည်ကား-

'သေလော ဘာသော ဇယော စေတ၊ ရုစိယာအသခံယာဂ္ဂမေ။
စတ္ထာရော ဇတေ အသင်္ချေယျ၊ ဝိနိ ပါတာတိဝုစ္စတိ။ ။'

အဓိပ္ပာယ်ကား-

'သေလအသင်္ချေ၊ ဘာသအသင်္ချေ၊ ဇယအသင်္ချေ၊ ရုစိယအသင်္ချေ' ဟူ၍ ၄ ပါးသောအသင်္ချေတို့တည်း။ ထိုအသင်္ချေတို့၌ ပွင့်တော်မူသော ဘုရားကား တဏှင်္ကရာဘုရား, မေဓင်္ကရာဘုရား, သရဏင်္ကရာဘုရား, ဒီပင်္ကရာဘုရား, ကောဏ္ဍညဘုရား, မင်္ဂလဘုရား, သုမနဘုရား, ရေဝတဘုရား, သောဘိတဘုရား, အနောမဒဿီဘုရား, ပဒုမဘုရား, နာရဒဘုရား။ ဤသို့လျှင် ၁ ကျိပ် ၂ ဆူတည်း။ ။ ကမ္ဘာ ၁ သိန်းထက်၌ ပွင့်တော်မူသောဘုရားကား- ပဒုမုတ္တရဘုရား, သုမေဓဘုရား, သုဇာတဘုရား, ပိယဒဿီဘုရား, အတ္ထဒဿီဘုရား, ဓမ္မဒဿီဘုရား, သိဒ္ဓတ္ထဘုရား, တိဿဘုရား, ဖုဿဘုရား, ဝိပဿီဘုရား, သိခီဘုရား, ဝေဿဘူဘုရား, ကကုသန်ဘုရား, ကောဏာဂုံဘုရား, ကဿပဘုရား, ဂေါတမဘုရား, အရိမေတ္တေယျဘုရား။ ဤသို့လျှင် ၁ ကျိပ် ၇ ဆူတည်း။'

http://www.dhammadownload.com



ဤသို့အားဖြင့် ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းထက် ပွင့်တော်မူသောဘုရားကား ၂ ကျိပ် ၉ ဆူတည်း။ ဤအသင်္ချေနှင့် ကမ္ဘာ ၁ သိန်းတို့၌ ပွင့်တော်မူသော ဘုရားအပေါင်းကား ၅ သိန်း ၁ သောင်း ၂ ထောင် ၂ ကျိပ် ၉ ဆူ (၅၁၂၂၀၂၉) ဖြစ်ကုန်၏။

ထိုဘုရားအပေါင်းတို့တွင် ငါတို့ရှင်တော်ဘုရား ဂေါတမတွင် ၅ သိန်း ၁ သောင်း ၂ ထောင် ၂ ကျိပ် ၈ ဆူကိုရည်၍ သမ္မုဒ္ဓေဂါထာကို စီရင်သတည်း။

ဤသို့ များသောအသင်္ချေတို့၌ များသောရှင်တော်ဘုရားတို့ဖြစ်ဟန်ကို 'သောတတ္တကိန္နဒါန်း' ဆိုသတည်း။ သောတတ္တကိ မူကား သင်္ဂီယနာ ၃ ထပ်တင်သော မုခပါဠ် ပါဠိတော်လည်း မဟုတ်။ 'အဋ္ဌကထာ' ဟူ၍ မဆို၊ 'ဋီကာ' ဟူ၍လည်း မဆိုသာ ဖြစ်သောကြောင့် ကျမ်းမခဲ့ဟု ဆရာမြတ်တို့ မယုံကြည်ကုန်။ ။

http://www.dhammadownload.com



## သုမေဓာရှင်ရသေ့ ဗျာဒိတ်ရခြင်း

၄ အသင်္ချေတို့တွင် သေလအသင်္ချေထက် သာရမဏ္ဍကမ္ဘာ၌ 'တဏှင်္ကရာဘုရား, မေဓင်္ကရာဘုရား, သရဏင်္ကရာဘုရား, ဒီပင်္ကရာဘုရား' ဟူ၍ ၄ ဆူသောရှင်တော်ဘုရားတို့သည် ပွင့်တော်မူကုန်၏။ ထို ၄ ဆူသော ဘုရားတို့တွင် တဏှင်္ကရာဘုရား, မေဓင်္ကရာဘုရား, သရဏင်္ကရာဘုရား၊ ဤ ၃ ဆူသောဘုရားတို့၌လည်း ငါတို့ဘုရားလောင်းသည် အင်္ဂါ ၈ ပါး မစုံချေသောကြောင့် ဗျာဒိတ်တော်ကို မခံရချေ။ ဒီပင်္ကရာမြတ်စွာ ဘုရားလက်ထက်တော်တွင်မှ ဗျာဒိတ် ရချေသည်။

ထိုအခါ ငါတို့ဘုရားလောင်းသည် အမရဝတီပြည်၌ ကုဋေ ၈၀ ကြွယ်သော ပုဏ္ဏားသား သုမေဓာပုဏ္ဏား ဖြစ်တော်မူ၍၊ ခမည်းတော်လွန်သဖြင့် ခမည်းတော်အရာကို ရ၍၊ စည်းစိမ်ချမ်းသာ ခံစားလျက်နေသောအခါ ဘဏ္ဍာစိုးသည် လာ၍၊ ပုရပိုက်ကမ္ဘည်းကို ဖွင့်လျက် ဘေးတော်, ဘိုးတော်, ခမည်းတော်, မယ်တော်တို့ ဥစ္စာ ဘဏ္ဍာတို့ကို အစဉ်အလျောက်ရေတွက်စိစစ်၍ လျှောက်လတ်သော်၊ 'ဤမျှသော ဥစ္စာပစ္စည်းတို့ကို အသိပ်အနှက် ဆည်းပူးကြလေကုန်သည်။ ထိုဥစ္စာတို့ကို ဘေးခင်, ဘွားခင်, ခမည်းတော်, မယ်တော်တို့တွင် မည်သူမျှသော်လည်း မူး-ပဲသော ဥစ္စာကိုမျှ ယူ၍မသွားလေကုန်' ဟူ၍ ကိုယ်၏အဖြစ်အပျက်ကို ဆင်ခြင်တော်မူလတ်သော် သံဝေဂ ရ၍၊ ကုဋေ ၁၀၀ မကသောဥစ္စာကို စွန့်ကြဲ၍ အလျှံကြီးပေးပြီးသော်၊ ဟိမဝန္တာသို့ ဝင်လေ၍ တောထွက်တော်မူလျှင်၊ ရသေ့ရဟန်း ပြုတော်မူ၍ အဘိညာဉ် စျာန်သမာပတ်တို့ကို ရတော်မူ၏။

တစ်ရံသောအခါ စျာန်ယာဉ်စီး၍ ကောင်းကင်ဖြင့် သွားလာတော်မူလေသော်၊ အမရဝတီပြည်သူပြည်သား တို့ကိုလည်း သောင်းသီးအုတ်ဩဒနာ မြေမိုးသယ်၍ ခရီးပြင်ဆင် သုတ်သင်သည်ကို မြင်လတ်သော်၊ ကောင်းကင် မှသက်၍ ''အဘယ်သူအားသွားစရာ ဤသို့ မြေမိုးညှဉ်းတိ ပြင်ဆင်သုတ်သင်သနည်း'' ဟု မေးလေ၏။

ပြည်သူတို့သည်လည်း ''ဒီပင်္ကရာမြတ်စွာဘုရားကြွတော်မူစရာ သုတ်သင်ပြင်ဆင်ကြသတည်း'' ဟု အကြောင်းကို ကြားပေ၏။

သုမေဓာရှင်ရသေ့လည်း 'ဤလောက၌ ဘုရား ဖြစ်တော်မူသည်'ဟု ကြားလျှင်ပင် ဝိတိသောမနဿ ကိုယ်အလုံးစိမ့်မျှ ရှိသည်ဖြစ်၍၊ ''ငါ့အားလည်း တာဝန်း အဖို့ပေးပါ''ဟု တောင်း၍၊ ရေရွှေ့ညှန်ညွှန် တာဝန်းပေး၍ ဖို့လေသော်၊ မပြီးခင် ၄ သိန်းသောသံဃာနှင့်တကွ ဆွမ်းဘုဉ်းပေးခြင်းငှာ အမရဝတီပြည်သို့ ကြွတော်မူ၍၊ သုမေဓာရသေ့ သယ်ဖို့သောအခင်းသို့ ရောက်လတ်တော်မူသော်၊ သုမေဓာရှင်ရသေ့လည်း ၄ သိန်းသော သံဃာ နှင့်တကွ ဒီပင်္ကရာမြတ်စွာဘုရားကို လျှောက်နင်းစိမ့်သောငှာ ကိုယ်တော်ကို တံတားပြု၍၊ အသက်တော်နှင့်တကွ ကိုယ်တော်ကို စွန့်၍၊ ဘုရားဆုကို နှုတ်ပွက်၍ တောင်းတော်မူ၏။

'မနုဿတ္တံလဿိဂံ သမ္မတ္တိ၊ ဟေတုသတ္ထာရ ဒဿနံ။

ပဗ္ဗဇ္ဇာဥဏ္ဏာသမ္မတ္တိ၊ အဓိကာရော့စဆန္ဒတာ။ ။' ဟူသော ဂါထာနှင့်ညီစွာ၊ လူ၏အဖြစ်, ယောကျ်ား၏ အဖြစ်, တိဟိတ်ပဋိသန္ဓေနေသောအဖြစ်, ဘုရားကိုဖူးမြင်ရသောအဖြစ်, ရဟန်း၏အဖြစ်, အဘိညာဉ် သမာပတ်နှင့်

http://www.dhammadownload.com



ပြည့်စုံသောအဖြစ်, အသက်ကို စွန့်သောအဖြစ်, ဘုရားအဖြစ်ကို အလိုရှိသောအဖြစ်၊ ဤသို့ အင်္ဂါ ၈ ပါးနှင့်ညီစွာ ဘုရားအထံတော်၌ နှုတ်ပွက်၍ ဘုရားဆုကို တောင်းတော်မူသော်၊ ဒီပင်္ကရာမြတ်စွာဘုရားလည်း သုမေဓာရသေ့ဦးခေါင်းရင်း၌ ရပ်တော်မူ၍ ဤသို့သော ဗျာဒိတ်စကားကို နှုတ်တော်ပွက်သတည်း။

'ပဿထ ဏမံ တာပသံ၊ ဧဋိလံ ဥဂ္ဂတာပနံ။

အပရိမေယျေ ဏတော ကပ္ပေ၊ ဗုဒ္ဓေါ လောကေ ဘဝိဿတိ။ ။' အစရှိသောဂါထာတို့ဖြင့် ဗျာဒိတ်ကြားတော်မူပေ၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား-

''ဆဲကျစ်ဦးစွန်းလည်း ထုံးထသော ဤသုမေဓာရသေ့ကို ငါ၏တပည့်သား ရဟန်းအဝေါင်းတို့သည် ရှုပါကုန်လော့။ ဤသုမေဓာရသေ့သည် ဤသာရမဏ္ဍကမှာမှစ၍ ၄ အသင်္ချေ ကမ္ဘာ ၁ သိန်းထက် ဘဒ္ဒကပ်ကမ္ဘာ၌၊ လောက ၃ ပါး၌ သစ္စာ ၄ ပါးတရားကိုသိတော်မူသော ဘုရား ဖြစ်လတ္တံ့။ ထိုသို့ဖြစ်သောအခါ နှလုံးမွေ့လျော်ဖွယ်ရှိသော 'ကပိလ' အမည်ရှိသောပြည်မှ ထွက်ပြီးသော်၊ အနောမာမြစ်နား၌ ရဟန်းပြုတော်မူ၍ ကမ္မဋ္ဌာန်းကို လုံ့လပြုလျက်၊ ၆ နှစ်ပတ်လုံး ဒုက္ကရစရိယာကျင့်ပြီးမှ 'အဇပါလ' အမည်ရှိသော ညောင်ပင်၏အနီး၌ နေတော်မူပြီးသော်၊ ထိုညောင်ပင်ရင်း၌ သုဇာတာ၏နို့ဃနာဆွမ်းကို ခံတော်မူ၍ နေရွှေရာမြစ်သို့ ကပ်တော်မူပြီးသော်၊ ထက်ဝယ်ပြုတော်မူလျက် နောင်လာလတ္တံ့သော နေ့ရက်ကြာအံ့သည်ကို စိစစ်ချင့်တွက်တော်မူသော်၊ 'သတ္တသတ္တာဟ ကြာအံ့ သည်'ဟု တစ်နေ့ ၁ လုတ်ကို ရည်၍ ၄၉ လုတ် ဘုဉ်းပေးတော်မူပြီးမှ၊ ရွှေခွက်ကို နေရွှေရာချောင်း၌ မျှော၍ ညချမ်းသောအခါ နတ်စီရင်အပ်သော မြတ်သောခရီးဖြင့် သွားတော်မူလေသော်၊

''ခရီးအကြား၌ သုဒ္ဓါယငစင် လျှုအပ်သော မြက် ၈ ဆုပ်ကိုကိုင်တော်မူလျက် ဗောဓိပင်အနီးသို့ ကပ်တော်မူလေ၍ လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့အရပ်၌ ရပ်တော်မူလျက် မြက် ၈ ဆုပ်ကို ခင်းတော်မူပြီးမှ မြက်ပလ္လင်၌ ထက်ဝယ်ဖွဲ့တော်မူ၍၊ 'ငါ၏ အရေ သော်လည်းကောင်း, အကြော သော်လည်းကောင်း, အရိုး သော်လည်းကောင်း, အသား သော်လည်းကောင်း ခြောက်တပ်သော်လည်း ခြောက်တပ်စေ။ သဗ္ဗညုတဉာဏ်သို့ မရောက်ဘဲကို ဤထက်ဝယ်ကို ဖျက်၍ မထပြီ'ဟု အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော အဝိရိယ အဓိဋ္ဌာန်တော်မူပြီးမှ ဗောဓိပင်ကို တံကဲပြု၍ မြထီးကဲ့သို့သော အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူလျက်၊ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍ သစ္စာ ၄ ပါးတရားကို သိလတ္တံ့။

''ဤ အရှင်မယ်တော်ကား မဟာမာယာဓိဗုရား၊ ခမည်းတော်ကား သုဒ္ဓေါဒနမင်း၊ နာမတော်ကား ဂေါတမ၊ ရဟန်းယောကျ်ား လက်ယာရံကား ဥပတိဿ, လက်ဝဲရံကား ကောလိတ၊ အလုပ်အကျွေးကား အာနန္ဒာ၊ ရဟန်းမိန်းမ လက်ယာရံကား ခေမာ, လက်ဝဲရံကား ဥပ္ပလဝဏ်၊ ပွင့်သောသစ်ပင်ကား ဗုဒ္ဓဗော၊ 'စိတ္တာသူကြွယ်, ဟတ္ထာဠဝက' အမည်ရှိသော ဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်၊ 'နန္ဒမာတာ, ဥတ္တရာ' အမည်ရှိသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက် ဖြစ်ကုန်လတ္တံ့'' ဟူ၍ ဗျာဒိတ်ပေးတော်မူ၏။ ဗျာဒိတ်ပေးတော်မူသောအခါ၌ များလှစွာသော နိမိတ်ဩဘာသအံ့ဖွယ်တို့သည် ဖြစ်ကုန်လေကုန်၏။

မဟာဝိပါက် ၈ ပါးတို့တွင် သောမနဿသဟဂုတ် ဉာဏသမ္ပယုတ် ပဌမအသင်္ခါရိကစိတ်ဖြင့် တိဟိတ်ပဋိသန္ဓေနေတော်မူသော သုမေဓာရှင်ရသေ့သည် ဤသို့ ၁၄ ချက်သော ဗျာဒိတ်စကားကို မိန့်တော်မူ၍၊ ၈ ဆုပ်သောပန်းတို့ဖြင့် ကြဖြန့်ပူဇော်တော်မူ၍၊ လက်ယာရစ်လှည့်ပြီးသည်မှ စကြာခြေတော်ကို ချီလှမ်း၍ ကြွတော်မူသော ဒီပင်္ကရာမြတ်စွာဘုရားကို လည်းကောင်း၊ နောက်တော်၌ပါသော ရဟန္တာအပေါင်းတို့သည် ပန်း, နံ့သာတို့ဖြင့်

http://www.dhammadownload.com



ပူဇော်ရိသေစွာပြုကုန်၍ လက်ယာရစ်လှည့်ပြီးမှသွားကုန်သော ၄ သိန်းသောတပည့်သားတော်တို့ကို လည်းကောင်း၊ လူ, နတ်, နဂါး, ဂန္ဓဗ္ဗနတ်တို့သည် ပန်း,နံ့သာတို့ဖြင့် ပူဇော်၍၊ ရိသေစွာ ရှိခိုး၍ သွားကုန်သည်တို့ကို လည်းကောင်း၊ ကြည့်၍ ဆုံးပြီးသော်၊ ရှင်ပျနှစ်လို ဝမ်းသာသောစိတ်ဖြင့် မှောက်ခုံဝပ်ရာညွန်ပျောင်းမှ အသာထတော်မူ၍၊ ချမ်းသာသဖြင့်လည်းကောင်း, ဝမ်းမြောက်သောစိတ်ဖြင့်လည်းကောင်း, နှစ်လိုရွင်ပျသောစိတ်ဖြင့်လည်းကောင်း လွန်စွာဖြစ်၍၊ ထက်ဝယ်ခွေ၍ နေတော်မူပြီးသော် ဤသို့ ကြံတော်မူ၏။

'ငါသည် ဈာန်၌လည်း လေ့လာ၏။ အဘိညာဉ်တန်ခိုး၌လည်း အပြီးသို့ ရောက်၏။ ၁ သောင်းသော လောကဓာတ်၌ရှိကုန်သော ရသေ့တို့သည်လည်း ငါနှင့် တူသောရသေ့သည် မရှိကုန်။ တန်ခိုးဖန်ဆင်းခြင်းတို့၌လည်း ငါနှင့် တူသောသူ မရှိ။ ဤသို့သဘောရှိသော ချမ်းသာကို ရပြီ'

၁ သောင်းသော စကြဝဠာ၌နေကုန်သော ဗြဟ္မာအပေါင်းတို့သည်လည်း ရှေးမှ ဖူးမြင်ဖူးသောအတိုင်း နိမိတ်ဩဘာသတို့ကို သုမေဓာရှင်ရသေ့အား ပြင်းစွာသောအသံကို ဖြစ်စေကုန်လျက် ပြောဟောကုန်၏။

"သုမေဓာရှင်ရသေ့။ သခင်ရသေ့သည် မချွတ်လျှင် ဘုရား ဖြစ်လတ္တံ့။ ရှေးဘုရားအလောင်းတော်တို့အားလည်း မြတ်စွာဘုရားတို့ မိန့်တော်မူအပ်သော ဗျာဒိတ်တော်ကိုရ၍ မြတ်သောထက်ဝယ်ကို ခွေသောအခါ၌ အကြင်နိမိတ်တို့သည် ထင်ကုန်၏။ ထိုနိမိတ်တို့သည်လည်း ယခု ရှင်ရသေ့လက်ထက် ထင်ကုန်၏။

"ချမ်းခြင်း, ပူခြင်း မရှိသည်၏ ထိုနိမိတ်တို့သည်လည်း ထင်ကုန်၏။ ရှင်ရသေ့သည် ဘုရား ဖြစ်လတ္တံ့။

"စကြဝဠာ ၁ သောင်းသောလောကဓာတ်သည်လည်း အသံဆိတ်သည် ဖြစ်၏။ နှောင့်ယှက်ခြင်း ကင်းသည် ဖြစ်၏။ ထိုနိမိတ်တို့သည်လည်း ယခု ထင်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"မုန်တိုင်းလေပြင်းတို့သည်လည်း မလာကုန်။ မြစ်တို့သည်လည်း မစီးကုန်။ ထိုနိမိတ်တို့သည်လည်း ယခု ထင်၏။ ရှင်ရသေ့သည် ဘုရား ဖြစ်လတ္တံ့။

"ကြည်း၌ဖြစ်ကုန်သော ခပ်သိမ်းသောပန်းတို့သည် လည်းကောင်း, ရေ၌ဖြစ်ကုန်သော ခပ်သိမ်းသော ပန်းတို့သည် လည်းကောင်း ထို ထက်ဝယ်ဖွဲ့သောခဏ၌ ပွင့်ကုန်၏။ ခပ်သိမ်းသော ကြည်းပန်း, ရေပန်းတို့သည် ယခု ပွင့်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"နွယ်တို့သည် လည်းကောင်း, သစ်ပင်တို့သည် လည်းကောင်း ထို ထက်ဝယ်ခွေသောအခါ၌ အသီးသီးကုန်၏။ ခပ်သိမ်းသောနွယ်,သစ်ပင်တို့သည်လည်း အသီးနှင့် ပြည့်စုံကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"ကောင်းကင်၌တည်ကုန်သော ရတနာတို့သည် လည်းကောင်း ထို ထက်ဝယ်ခွေသောအခါ၌ ထွန်းပကုန်၏။ ထိုရတနာတို့သည်လည်း ယခု ထွန်းပကုန်၏။ ရှင်ရသေ့သည် မချွတ်လျှင် ဘုရား ဖြစ်လတ္တံ့။

"လူပြည်၌ဖြစ်ကုန်သော လူတို့စည်းစိမ် လည်းကောင်း, နတ်ပြည်၌ဖြစ်ကုန်သော နတ်တို့စည်းစိမ် လည်းကောင်း ထို ထက်ဝယ်ခွေသောအခါ၌ အလိုလိုမြည်ကုန်၏။ ထို လူ,နတ်စည်းစိမ်တို့သည်လည်း ယခု မြည်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"အထူးထူးအပြားပြား ဆန်းကြယ်ကုန်သော ပန်းတို့သည်လည်း ထက်ဝယ်ဖွဲ့ခွေသောအခါ၌ ကောင်းကင်မှ ရွာကုန်၏။ ၂ ပါးကုန်သောထိုပန်းတို့သည်လည်း ယခု ရွာကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

http://www.dhammadownload.com



"မဟာသမုဒ္ဒရာတို့သည် ကျိုက်ကျိုက်ဆူကုန်၏။ စကြဝဠာ ၁ သောင်းသည် အပြားအားဖြင့် တုန်လှုပ်၏။ ၂ ပါးကုန်သော ထို သမုဒ္ဒရာ, စကြဝဠာတို့သည်လည်း ယခု မြည်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"ယူဇနာ ၁ သောင်းရှိသောရေၜိလည်း ထိုထက်ဝယ်ခွေသောအခါ၌ ငရဲမီးတို့သည် ငြိမ်းကုန်၏။ ထို ငရဲမီးတို့သည်လည်း ယခု ငြိမ်းကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"နေသည်လည်း အညစ်အကြေး ကင်း၏။ ခပ်သိမ်းသောကြယ်တို့သည်လည်း ထွန်းပကုန်၏။ ထို ၂ ပါးသောနိမိတ်တို့သည်လည်း ယခု ထင်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"မိုးမရွာသည်ဖြစ်၍ ရေသည် မြေမှ တက်၏။ ထိုရေသည်လည်း မြေမှ တက်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"ကြယ်အပေါင်းတို့သည် တင့်တယ်ကုန်၏။ ကောင်းကင်အပြင်၌ နက္ခတ်တို့လည်း တင့်တယ်ကုန်၏။ လသည်လည်း ဝိသာခါနက္ခတ်နှင့် ယှဉ်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"တွင်း၌နေကုန်သော သတ္တဝါတို့သည်လည်းကောင်း, ချောက်၌နေကုန်သော သတ္တဝါတို့သည် လည်း ကောင်း မိမိတို့နေရာမှ ထွက်ကုန်၏။ ယခု နေရာမှ ထွက်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"သတ္တဝါတို့အား မမွေ့လျော်ခြင်းသည် မဖြစ်။ ထို ထက်ဝယ်ခွေသောအခါ၌ ရောင့်ရဲကုန်၏။ ခပ်သိမ်း ကုန်သော ထိုရောင့်ရဲခြင်းသည်လည်း ယခု ဖြစ်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"အနာတို့သည်လည်း ငြိမ်းကုန်၏။ မွတ်သိပ်ခြင်းတို့သည်လည်း ပျောက်ကုန်၏။ ထိုနိမိတ်တို့သည် လည်း ယခု ထင်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"အကြင်အခါ၌ သတ်ခြင်းသည် ကင်းကုန်၏။ အမျက်ဒေါသ အမိုက်မောဟသည် ပျောက်ကုန်၏။ ခပ်သိမ်းကုန်သော ထိုအကုသိုလ်တို့သည်လည်း ကင်းကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"အကြင်အခါ၌ ၂၅ ပါးသော ဘေးသည် မဖြစ်။ ထိုနိမိတ်တို့သည် ယခု ထင်၏။ ထိုသို့သောအကြောင်း ကြောင့် ငါတို့ သိရကုန်ပြီ။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"မြူသည်လည်း အထက်သို့ မတက်။ ယခု၌လည်း ထိုနိမိတ်သည် ထင်၏။ ထိုသို့သောအကြောင်း ကြောင့် ငါတို့ သိရကုန်ပြီ။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"မကောင်းသောအနံ့တို့သည် ဖဲကုန်၏။ နတ်၌ဖြစ်သောအနံ့တို့သည် လှိုင်ကုန်၏။ ထိုအနံ့သည်လည်း ယခု လှိုင်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"အရူပဘုံ၌ဖြစ်သော သတ္တဝါတို့ကိုထား၍ ခပ်သိမ်းသောနိမိတ်တို့သည်လည်း ထင်ကုန်၏။ ခပ်သိမ်း သောနိမိတ်တို့သည်လည်း ယခု ထင်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"အကြင်မျှလောက်ကုန်သော ခပ်သိမ်းသော ငရဲတို့မည်သည် ရှိကုန်၏။ ခပ်သိမ်းသောငရဲတို့သည်လည်း ယခု ထင်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"တိရိစ္ဆာန်ရံတို့သည်လည်း လည်းကောင်း, တံခါးရွက်တို့သည် လည်းကောင်း, ကျောက်တောင်တို့သည် လည်းကောင်း ဝိတ်ပင်ဆို့တားခြင်းတို့သည် မရှိကုန်။ တိရိစ္ဆာန်ရံ, တံခါးရွက်, ကျောက်တောင်တို့သည်လည်း ယခု ဟင်းလင်းဖြစ်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

http://www.dhammadownload.com



"သခြင်းသည် လည်းကောင်း, ပဋိသန္ဓေနေခြင်းသည် လည်းကောင်း ထို ထက်ဝယ်ခွေသောခဏာ၌ မရှိ။ ထိုနိမိတ်တို့သည်လည်း ယခု ထင်ကုန်၏။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့။

"သုမေဓာရှင်ရသေ့။ ဝိရိယကို မြဲစွာချီးမြှင့်လော့။ မဆုတ်နှင့်။ ရှေ့သို့ တက်လော့။ ငါတို့သည် ထို အကြောင်းကို အထူးသဖြင့် သိကုန်ပြီ။ ရှင်ရသေ့သည် မချွတ် ဘုရား ဖြစ်လတ္တံ့"

ဤသို့လျှင် နတ်, ဗြဟ္မာတို့သည် ရှေးဘုရားလောင်းတို့သည် ဗျာဒိတ်ရ၍၊ ထက်ဝယ်ခွေ၍ နေလျှင် ဤသို့သော နိမိတ်သြဘာသတို့ကို မြင်ကုန်, သိကုန်သောအတိုင်း သုမေဓာရှင်ရသေ့ကို ပြန်ကြားပေကုန်၏။

ဘုရားလောင်းသည် ဒီပင်္ကရာမြတ်စွာဘုရား မိန့်တော်မူသောစကားတော်ကို လည်းကောင်း, စကြဝဠာ ၁ သောင်းခွဲနေကုန်သော နတ်တို့၏စကားကို လည်းကောင်း၊ ဤ ၂ ပါးသောစကားကို ကြား၍၊ နှစ်လို ဝမ်းမြောက်ဝမ်းသာဖြစ်၍ ဤသို့လျှင် ထိုအခါ၌ ကြံတော်မူ၏။

'မြတ်စွာဘုရားတို့သည် ၂ ခွန်းသောစကား မရှိကုန်။ မြတ်စွာဘုရားတို့၏ စကားတော်သည် အချည်းနှီး မရှိကုန်။ ဘုရားတို့စကားတော်သည် ချွတ်လွဲသည် မရှိ။ ငါသည် မချွတ်အမြဲလျှင် ဘုရား ဖြစ်အံ့။ ကောင်းကင်၌ပစ်အပ်သော အုတ်ခဲသည် မြေ၌ကျသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားစကားတော်သည် မချွတ် မြဲ၏။ ခပ်သိမ်းသောသတ္တဝါတို့၏သခြင်းသည် အမြဲ မချွတ်မလွဲသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားစကားတော်သည် အမြဲ မချွတ်မလွဲသည် ဖြစ်၏။ ညဉ့်၏ကုန်ခြင်းသည် ရောက်လတ်သော် နေထွက်ခြင်းသည် မြဲသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားစကားတော်သည် မြဲသည်သာလျှင်တည်း။ ထွက်ပြီးသောအိပ်ရာရှိသော ခြင်္သေ့၏ဟောက်ခြင်းသည်လည်း မြဲသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားစကားတော်သည်လည်း မြဲသည်သာလျှင်တည်း။ ကိုယ်ဝန်ဆောင်သောမိန်းမတို့၏လည်း 'သား' ဟူသောဝန်ကို ချခြင်းသည်လည်း မြဲသကဲ့သို့၊ ထို့အတူ မြတ်စွာဘုရားစကားတော်သည်လည်း အမြဲရှိသည် ဖြစ်၏။ ငါသည် ဘုရား ဖြစ်အံ့'

ဤသို့ ကြံတော်မူပြီးမှ ထိုသုမေဓာရသေ့သည် ဘုရားလောင်းတို့ကျင့်ရာဝတ်တို့ကို 'ဘုရားသဗ္ဗညူ ရှင်တော်ဘုရားတို့သည် ဤသို့သောအကျင့်ဝတ်တို့ကို ပြုကျင့်ရာသော ဝတ်' ဟူ၍ ဟောတော်မူသော်လည်း၊ ဗျာဒိတ်တော်ကိုရသောအခါ၌ သူတစ်ပါးတို့နှင့် မဆက်ဆံသော, သယမ္ဘူဉာဏ်ဖြစ်သောပညာနှင့် ယှဉ်သည်ဖြစ်သောကြောင့် ခဏချက်ချင်းပင် အောက်,အထက်အလုံးစုံကို မြင်၍၊ ယခုသဗ္ဗညူအဖြစ်ကို ပြုတတ်ကုန်သော တရားတို့ကို ထိုမှဤမှ စုံစမ်းတော်မူသော်၊ သုမေဓာရှင်ရသေ့အား ထိုအခါ၌ ရှေးဦးစွာ ဒါနပါရမီကို မြင်တော်မူလေ၏။

ဤသို့လျှင် ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စာပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ၊ ဤ ၁၀ ပါးသောတရားတို့ကို အစဉ်အတိုင်း မြင်တော်မူပြီးမှ 'ထို ၁၀ ပါးသောတရားတို့ကို အယုတ်, အလတ်, အမြတ်အားဖြင့် ၃၀ သော ပါရမီတို့ကို ပြည့်မှသာ ဘုရားအဖြစ်သို့ ရောက်တော်မူကုန်သည်။ ငါတုံသည်လည်း ဤ ၁၀ ပါးသောပါရမီတို့ကို အယုတ်, အလတ်, အမြတ်အားဖြင့် ၃၀ သော ပါရမီ ဖြည့်မှသာ ဘုရားအဖြစ်သို့ ရတုံချေအံ့' ဟု နှလုံးပြုတော်မူ၍၊ ၁၀ ပါးသော ဘုရားအဆောက်အအုံဖြစ်သော ပါရမီတို့ကို ဖြည့်တော်မူအံ့သောအကြောင်းတို့ကို လံ့လ ပြုတော်မူ၏။

ဤသို့လျှင် ငါတို့ဂေါတမမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတို့ကို ဖြည့်၍၊ နှုတ်မပွက်ဘဲ စိတ်ထဲကသာ ကြံ၍ ဘုရားဆုကို တောင်းတော်မူသည် ၇ အသင်္ချေ။ နှုတ်ပွက်၍ ဘုရားဆုကို တောင်းတော်

http://www.dhammadownload.com



မူသည် ၉ အသရေ်။ ၁၆ အသရေ်သော ကမ္ဘာတို့၌ ပွင့်တော်မူကုန်သော ဘုရားရှင်တို့တွင် ပါရမီတို့ကို ဖြည့်၍ ဘုရားဆုကို တောင်းပါသော်လည်း ဘုရားရှင်တို့၏ဗျာဒိတ်တော် မခံရချေ။ ဒီပင်္ကရာမြတ်စွာဘုရား လက်ထက်တွင် ဗျာဒိတ်တော်ကို စ၍ ရချေသည်။

ဤသို့လျှင် ငါတို့ဘုရားအလောင်းတော် သုမေဓာရသေ့အား ဗျာဒိတ် စ၍ ပေးတော်မူသော ဒီပင်္ကရာ ဘုရားက စ၍ ၄ အသရေ်နှင့် ကမ္ဘာ ၁ သိန်းတို့တွင် ဘုရားဖြစ်တော်မူသော ကမ္ဘာ၊ ဘုရားမဖြစ်ဘဲ သုဉ်းသော သုညကမ္ဘာ၊ ဘုရားတို့၏ နာမတော်, မယ်တော်, ခမည်းတော် အစရှိသည်တို့၏ အတ္ထုပ္ပတ္တိ၊ ထိုဘုရားတို့၏အထံတို့၌ ဗျာဒိတ်ခံတော်မူသော ကိုယ်တော်၏အဖြစ်တို့ကိုကား အကျဉ်းအားဖြင့် ဤသို့သိအပ်၏။

http://www.dhammadownload.com



## ဒီပင်္ကရာ မြတ်စွာဘုရား ပုဒ္ဓဝင်

ဒီပင်္ကရာ မြတ်စွာဘုရား အလောင်းတော်သည်ကား ၁၆ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံး ပါရမီတို့ကို ဖြည့်တော်မူ၍၊ ပါရမီအဆုံးဖြစ်သော ဝေဿန္တရာကိုယ်တော်၏အဖြစ်နှင့် တူသောကိုယ်တော်၏အဖြစ်ဖြင့် တည်၍ ထိုအဖြစ်မှ စုတေသော်၊ တုသိတာနတ်ပြည်၌ နတ်၏အသက်အတိုင်း နေပြီးမှ နတ်တို့တောင်းပန်သဖြင့် ပဋိညာဉ် ကိုပေးပြီးသော်၊ တုသိတာနတ်ပြည်မှစုတေ၍ ရမ္ဘဝတီပြည်ကိုအစိုးရသော 'သုဒေဝ' အမည်ရှိသောမင်း၏ မြောက်သားတော် 'သုမေဓာဒေဝီ'အမည်ရှိသော မိဖုရားဝမ်း၌ ပဋိသန္ဓေ စွဲတော်မူလေ၏။ ဘုရားလောင်း ပဋိသန္ဓေနေတော်မူသောအခါ၌ ၃၂ ပါးသော နိမိတ်ဩဘာသတို့သည် ဖြစ်ကုန်၏။

ပဋိသန္ဓေ ၁၀ လလွန်သဖြင့် မယ်တော်ဝမ်းမှ ဖွားတော်မူပြီးသော်၊ ခပ်သိမ်းသောသတ္တဝါတို့ထက် မြတ်တော်မူသော ဘုရားလောင်းသည် မြောက်သို့ရှေးရှု ၇ ဖဝါး သွားတော်မူ၍ အလုံးစုံသောအရပ်မျက်နှာတို့ကို ကြည့်တော်မူလတ်သော်၊ နတ်တို့၏အစည်းအဝေး၌ ဘုရားလောင်းနှင့် တူသောသူ၊ လွန်သောသူကို မမြင်၍၊ ၁ သောင်းသောလောကဓာတ် တစ်ပြိုင်နက်သောအသံဖြင့် ကြွေးစေ၍၊ 'အဂ္ဂေါဟမသ္မိ လောကဿဓေဋ္ဌော ဟမသ္မိလောကဿ၊ သေဋ္ဌော ဟမသ္မိလောကဿ အယမန္တိ မာဇာတိနတ္ထိဒါနိ ပုနဗ္ဘဝေါ' ဟု မိန့်တော်မူ၍၊

"လောက ၃ ပါးထက် ငါသာလျှင် မြတ်သောသူ ဖြစ်၏။ လောက ၃ ပါးထက် ငါသာလျှင် ချီးမွမ်း အပ်သောသူ ဖြစ်၏။ လောက ၃ ပါးထက် ငါသာလျှင် အကြီး ဖြစ်၏။ ဤ ငါ၏အဖြစ်သည် အဆုံးစွန်သော အဖြစ်တည်း။ တစ်ဖန် ပဋိသန္ဓေနေခြင်းသည် ငါ့အား မဖြစ်ပြီ" ဟု ပဲ့တင်သံကိုကြားစေ၍ မိန့်တော်မူ၏။

ဘုရားလောင်းသည် အရွယ်သို့ရောက်ပြီးသော် မြောက်သားတော် 'ပဒုမာဒေဝီ' အမည်ရှိသောမိဖုရားကြီး ဖြစ်၍၊ ၃ သောင်းသော အခြံအရံနှင့်တကွ ဥတု ၃ ပါးနှင့်လျော်ကန်ပတ်သော 'ဟံသာ, ကောဉ္စာ, မယူရာ' အမည်ရှိသော ပြာသာဒ် ၃ ဆောင်၌ အနှစ် ၁၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို ခံစံတော်မူလျက် 'ဥသဘက္ခန္ဓ' အမည်ရှိသော သားတော်ကို ဖွားလေ၍၊ နိမိတ် ၄ ပါးကို မြင်သဖြင့် ဆင်ယာဉ်စီး၍ တောထွက်တော်မူပြီးသော်၊

၁၀ လ ဒုက္ကရစရိယာကျင့်ပြီးမှ ဃနာဆွမ်းကို ဘုဉ်းပေး၍ ရွှေခွက်ကို မျှောပြီးသော်၊ ညချမ်းသောအခါ၌ မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်ကို ကပ်တော်မူလေ၍ 'ကပိတန'[1]အမည်ရှိသော ညောင်ကြတ်ပင်[2]ကို လက်ယာရစ်လှည့်ပြီးသော်၊

အရှေ့ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ မြက်ပလ္လင်၌ ထက်ဝယ်ဖွဲ့တော်မူ၍၊ 'ငါ၏ အရေသော်လည်းကောင်း, အကြောသော်လည်းကောင်း, အရိုးသော်လည်းကောင်း, အသွေးသော်

၁- ကပိတန။ ကပိတနကို 'မြန်မာကုက္ကိုပင်, ဇေးပင်'ဟု ပါဠိမြန်မာအဘိဓာန်၌ပြ။ 'ညောင်ရုပ်ပင်'ဟု အဘယာရာမအဘိဓာန်၌ပြ။
၂- ကုက္ကိုပင် - ငါးခုန်မူ။

http://www.dhammadownload.com



လည်းကောင်း ခြောက်တပ်သော်လည်း ခြောက်တပ်စေ။ သမ္မဉ္ဇတဉ္ဇာဏ်ကို မရောက်ဘဲကို ဤထက်ဝယ်ကို မဖျက်ဖြိုဟု အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသောဝီရိယကို မိဠာန်တော်မူပြီးမှ၊ အရပ်တော် ၈၀ နှင့်လျောက်ပတ်သော အချင်း ၅၃ တောင်ရှိသော, ဆန်းကြယ်စွာသော ရတနာရွှေပလ္လင်ထက် ဗောဓိပင်ကို တံကဲပြု၍ မြထီးကဲ့သို့သော အရွှေဗောဓိခက်အရိပ်၌ နေတော်မူ၏။

ကာယဗလ, ဉာဏဗလနှင့် ပြည့်စုံတော်မူသော ဘုရားလောင်းသည် ဗောဓိပင်ရင်း၌ နေတော်မူသည် ရှိသော်၊ သိကြား, ဗြဟ္မာ, အသုရာ, နတ်, နဂါး, ဂဠုန်တို့သည် ပူဇော်ကုန်လျက်၊ များစွာသောကောင်းချီးတို့ကို ဖြစ်စေလျက် ရပ်ကုန်၏။ ထိုအခါ မာရ်စစ်ကို ဖျက်ဆီးတော်မူ၍ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၏။ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ၏။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ ပဋိလောမ ဆင်ခြင်တော်မူ၍၊ ခန္ဓာတို့၌ 'အနိစ္စ' အစရှိသောအစွမ်းဖြင့် ဆင်ခြင်တော်မူပြီးမှ အစဉ်သဖြင့် အာသဝက္ခယဉာဏ်ကို ရတော်မူ၍၊ အထွတ်အမြတ်ဖြစ်သော သမ္မဉ္ဇတဉ္ဇာဏ်ကို သိတော်မူသဖြင့် ဘုရားအဖြစ်သို့ရောက်တော်မူပြီးသော်၊ 'အနေကဓာတိ' အစရှိသော ဥဒါန်းဂါထာဖြင့် ဥဒါန်းစကားကို ဖြစ်စေ၍ ဗောဓိပင်ရင်း၌ သတ္တသတ္တာဟကို လွန်စေပြီးသော်၊ ဗြဟ္မာ တောင်းပန်သဖြင့် ဓမ္မစက္ကာတရားကို ဟောတော်မူ၏။

ဒီပင်္ကရာမြတ်စွာဘုရားသည် ကုဋေ ၁၀၀ တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် ရှေးဦးစွာ ပါတိမောက် ပြတော်မူ၏။ ဒုတိယအစည်းအဝေးဖြင့် ကုဋေ ၉၀ တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် ၂ ကြိမ်မြောက် ပါတိမောက် ပြတော်မူ၏။ တတိယအစည်းအဝေးဖြစ်သော ကုဋေ ၉၀၀၀ တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် ၃ ကြိမ်မြောက် ပါတိမောက် ပြတော်မူ၏။ ဤသို့လျှင် ၃ ကြိမ်မြောက် ပါတိမောက် ပြတော်မူသတည်း။

ဒီပင်္ကရာ မြတ်စွာဘုရားလက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်သည် သုမေဓရသေ့ဖြစ်တော်မူ၍၊ ဒီပင်္ကရာ မြတ်စွာဘုရားအား လျှောက်နင်းတော်မူစိမ့်သောငှာ အလွန်စွန့်ခဲလှစွာသော ကိုယ်တော်ကို တံတား ပြု၍၊ ညွှန်ပျောင်း၌ အလျားဝပ်၍၊ အသက်တော်နှင့်တကွ ကိုယ်တော်ကို စွန့်၍ ဘုရားဆုကို တောင်းတော်မူ၏။

ဒီပင်္ကရာမြတ်စွာဘုရား ဖြစ်လတ္တံ့သောအကြောင်းကို ဗျာဒိတ်ပေးတော်မူ၍ ရှေးဦးစွာ ဗျာဒိတ်ရတော်မူ၏။ ဒီပင်္ကရာပြည်တော်ကား 'ရမ္မဝတီ' အမည်ရှိသောပြည်။ ခမည်းတော် 'သုဒေဝ' အမည်ရှိသောမင်း။ မယ်တော်ကား သုမေဓာဒေဝီ မိဖုရား။ မြောက်သားတော်ကား ပဒုမဒေဝီမိဖုရား။ သားတော်ကား ဥသဘက္ခန္ဓ။ အမျိုးတော်ကား မင်းမျိုး။ မင်းစည်းစိမ် အနှစ် ၁ သောင်း၊ ယာဉ်တော်ကား ဆင်၊ ဒုက္ကရစရိယာကား ၁၀ လ။ ပွင့်တော်မူသော ဗောဓိကား 'ကပိတန' အမည်ရှိသော ညောင်ကြတ်ပင်။ ပလ္လင်တော်ကား ၅၃ တောင်။ အရပ်တော်ကား အတောင် ၈၀။ အရောင်တော်ကား ၁၈ ယူဇနာ။ ရဟန်းယောကျ်ား လက်ယာရံ သုမင်္ဂလ, လက်ဝဲရံ တိဿ။ အလုပ်အကျွေး သောဘိတ။ ရဟန်းမိန်းမ လက်ယာရံ နန္ဒာ, လက်ဝဲရံ သုနန္ဒာ။ 'တပုဿ, ဘလ္လိက' ဟူသော ဒကာယောကျ်ား ၂ ယောက်။ 'သိရိမာ, သောဏာ' ဟူသော ဒကာမိန်းမ ၂ ယောက်။ လူတို့အသက် ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် အသက် ၈ သောင်း နေတော်မူ၍ နန္ဒာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။

http://www.dhammadownload.com



ထိုအရပ်၌ပင် ဒီပင်္ကရာမြတ်စွာ ဘုရားဓာတ်တော်ကို ၃၆ ယူဇနာရှိသောစေတီ တည်၍ ဌာပနာလေ၏။ ဒီပင်္ကရာမြတ်စွာဘုရား သာသနာတော်သည် အနှစ် ၁ သိန်း ဖြစ်၍၊ ဒီပင်္ကရာဘုရားရှင်တပည့်တော်တို့ ကွယ်တော်မူသဖြင့် သာသနာတော် ကွယ်လေ၏။ ။

ဒီပင်္ကရာ မြတ်စွာဘုရား ဗုဒ္ဓဝင်

http://www.dhammadownload.com



## ကောဏ္ဍည မြတ်စွာဘုရား ပဒုမဝင်

ဤသို့လျှင် သေလအသရေ်ထက်၌ တဏှာကိ်ရာဘုရား, မေဓကိ်ရာဘုရား, သရဏာကိ်ရာဘုရား, ဒီပကိ်ရာဘုရား။ ဤ ၄ ဆူသောဘုရားပွင့်တော်မူ၍ ကာလလွန်သဖြင့် ၄ အသင်္ချေနှစ် ကုန်ပြန်လေမှ ဘာသအသင်္ချေဖြစ်ပြန်လေ၏။

ထိုဘာသအသင်္ချေထက် တစ်ခုသောသာရကမ္ဘာ၌ 'ကောဏ္ဍည' အမည်ရှိသော ရှင်တော်ဘုရားသည် လောက၌ ထင်ရှားဖြစ်တော်မူ၏။ ကောဏ္ဍညမြတ်စွာဘုရား အလောင်းတော်သည်ကား ၁၆ သင်္ချေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံး ပါရမီတော်ကို ဖြည့်တော်မူ၍၊ ပါရမီအဆုံးဖြစ်သော ဝေဿန္တရာ ကိုယ်တော်၏အဖြစ်နှင့် တူသောကိုယ်တော်၏အဖြစ်ဖြင့် ထိုအဖြစ်မှစုတေသော် တုသိတာနတ်ပြည်၌ဖြစ်၍၊ အသက်အတိုင်းနေ၍၊ နတ်တို့ တောင်းပန်သဖြင့် ပဋိညာဉ်ကို ပေးပြီးသော် တုသိတာနတ်ပြည်မှ စုတေ၍၊ 'ရမ္မဝတီ' အမည်ရှိသောပြည်ကို အစိုးရသော 'သုနန္ဒ' အမည်ရှိသောမင်း၏ မြောက်သားတော်သုဇာတာဒေဝီမိဖုရားဝမ်း၌ ပဋိသန္ဓေ နေတော်မူလေ၏။ ဘုရားလောင်း ပဋိသန္ဓေနေသောအခါ၌ ၃၂ ပါးသော နိမိတ်ဩဘာသတို့သည် ဖြစ်ကုန်၏။

ပဋိသန္ဓေ ၁၀ လလွန်သဖြင့် မယ်တော်ဝမ်းမှ ဖွားမြောက်တော်မူ၍၊ ခပ်သိမ်းသောသတ္တဝါတို့ထက် မြတ်သောဘုရားလောင်းသည် မြောက်သို့ရှေးရှု ၇ ဖဝါးသွားတော်မူ၍ ခပ်သိမ်းသောအရပ်မျက်နှာတို့ကို ကြည့်တော်မူလတ်သော် ထို နတ်,လူတို့၏အစည်းအဝေး၌ ဘုရားလောင်းနှင့် တူသသူ, လွန်သသူကို မမြင်သည်ဖြစ်၍၊ ၁ သောင်းသောလောကဓာတ်ကို တစ်ပြိုင်နက်သောအသံဖြင့် ကြွေးစေ၏။

''အဂ္ဂေါဟမသ္မိလောကဿ၊ ဇေဋ္ဌောဟမသ္မိလောကဿ၊ သေဋ္ဌောဟမသ္မိလောကဿ၊ အယမန္တိမာဇာတိ၊ နတ္ထိဒါနိ ပုနဗ္ဘဝေါ''ဟု မိန့်တော်မူ၏။

''လောက ၃ ပါးထက် ငါသာလျှင် မြတ်သောသူဖြစ်၏။ လောကဓာတ်၌ ငါသာလျှင် ချီးမွမ်းအပ်သောသူဖြစ်၏။ လောကဓာတ် ၃ ပါးထက် ငါသာလျှင် အကြီးဖြစ်၏။ ဤ ငါ၏အဖြစ်သည် အဆုံးစွန်သော အဖြစ်တည်း။ တစ်ဖန် ပဋိသန္ဓေနေခြင်းသည် ငါ့အား မရှိပြီ'' ဟု ပုံတင်ထပ်သံကို ကြွေးစေ၍မိန့်တော်မူ၏။

ထိုနောင်မှ သတို့သားအား အမည်မှည့်အံ့သောနေ့၌ 'ကောဏ္ဍည' ဟူသောအမည်ကို မှည့်ကုန်၏။ ကောဏ္ဍညမင်းသားသည် အရွယ်သို့ရောက်ပြီးသော်၊ မြောက်သားတော် 'ရုစိဒေဝီ' အမည်ရှိသော မိဖုရားကြီးဖြစ်၍၊ ၃ သိန်းသောအခြံအရံနှင့်တကွ ဥတု ၃ ပါးနှင့်လျော်ပတ်သော 'သုစိ, သုရုစိ, သုဘ' အမည်ရှိသောပြာသာဒ် ၃ ဆောင်၌ အနှစ် ၁ သောင်းပတ်လုံး မင်း၏စည်းစိမ်ကို ခံစားတော်မူလျက် 'ဝိဇိတသေန' အမည်ရှိသောသားတော်ကို ဖွားလေ၍၊ နိမိတ် ၄ ပါးကိုမြင်သဖြင့် ရထားယာဉ် စီး၍ တောထွက်တော်မူပြီးသော်၊ ၁၀ လ ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ ရွှေခွက်ကို မျှောပြီးသော်၊ ညချမ်းသောအခါ၌ မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်လေ၍၊ 'သာလကလျာဏီ' အမည်ရှိသော* ကညင်ပင်-

* နံပဒပင်-ဟုလည်း မူကွဲရှိ။ ပထမငါးခုနှိုင်းဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။ သာလကလျာဏီကို နံပဒပင် ဟု ပါဠိအဘိဓာန်၌ပြ။

http://www.dhammadownload.com



ကြောင်လျှာပင်ကို လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ မြက်ပလ္လင်၌ ထက်ဝယ်ဖွဲ့တော်မူ၍၊ 'ငါ၏ အရေ သော်လည်းကောင်း, အကြော သော်လည်းကောင်း, အရိုး သော်လည်းကောင်း, အသွေး သော်လည်းကောင်း ခြောက်ထပ်သော်လည်း ခြောက်ထပ်စေ။ သဗ္ဗညုတဉာဏ်ကိုမရောက်ဘဲ ဤထက်ဝယ်ရာကို မဖျက်ပြီ'ဟု အဂါ၊ ၄ ပါးနှင့် ပြည့်စုံကုန်သော ဝီရိယကို အဓိဋ္ဌာန်တော်မူပြီးမှ၊ အရပ်တော် ၈၈ တောင်နှင့် လျောက်ပတ်သော အချင်း ၅၇ တောင်ရှိသော ဆန်းကြယ် စွာသောရတနာ ရွှေပလ္လင်ထက် ဗောဓိပင်ကို တဲကဲ့သို့သော ဗောဓိအရိပ်၌ နေတော်မူ၏။

ကာယဗလ, ဉာဏဗလနှင့် ပြည့်စုံတော်မူသော ဘုရားလောင်းသည် ဗောဓိပင်ရင်း၌ နေတော်မူသည်ရှိသော်၊ သိကြား, ဗြဟ္မာ, အသုရာ, နဂါး, ဂဠုန်တို့သည် ပူဇော်ကုန်လျက်၊ များစွာသောကောင်းချီးတို့ကို ဖြစ်စေလျက် ရပ်ကုန်၏။

ထိုအခါ မာရ်စစ်ကို ဖျက်ဆီးတော်မူ၍ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၏။ သန်းခေါင်ယံ၌ ဒီဗ္ဗစက္ခု ဉာဏ်ကို ရတော်မူ၏။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ, ပဋိလောမအားဖြင့် ဆင်ခြင်တော်မူ၍၊ ခန္ဓာတို့၌ 'အနိစ္စ' အစရှိသောအစွမ်းဖြင့် ဆင်ခြင်တော်မူပြီးမှ အစဉ်သဖြင့် အာသဝက္ခယဉာဏ်ကို ရတော်မူ၍၊ အထွတ်အမြတ်ဖြစ်သော သဗ္ဗညုတဉာဏ်ကို သိတော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော် 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာဖြင့် ဥဒါန်းစကားကို ဖြစ်စေ၍၊ ဗောဓိပင်အနီး၌ သတ္တသတ္တာဟကို လွန်စေပြီးသော် ဗြဟ္မာတောင်းပန်၍ ဓမ္မစက်ကြာတရားကို ဟောပေ၏။

ကောဏ္ဍညမြတ်စွာဘုရားသည် အကုဋေ ၁ သိန်း တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် နယုန်လပြည့်နေ့ ရှေးဦးစွာသောအစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ အကုဋေ ၁ သောင်း တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် ၂ ကြိမ်မြောက် အစည်းအဝေး၌ ပါတိမောက်ပြတော်မူ၏။ ကုဋေ ၉၀ တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် ၃ ကြိမ်မြောက်သော အစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ ဤသို့လျှင် ၃ ကြိမ်မြောက်သော အစည်းအဝေးသည် ဖြစ်၏။

ကောဏ္ဍညဘုရားလက်ထက်တော်၌ ငါတို့ဘုရား အလောင်းတော်သည် 'ဝိဇိတာဝီ'အမည်ရှိသော စကြဝတေးမင်း ဖြစ်တော်မူ၍၊ စန္ဒဝတီပြည်၌ နေတော်မူ၏။ ထိုအခါ ကောဏ္ဍညမြတ်စွာဘုရားသည် အကုဋေ ၁ သိန်း ရဟန္တာအပေါင်းခြံရံလျက် ဒေသစာရီသွားတော်မူသည်ရှိသော် အစဉ်သဖြင့် စန္ဒဝတီပြည်သို့ ရောက်တော်မူလေ၏။ ဝိဇိတာဝီမင်းကြီးလည်း 'ငါတို့ပြည်သို့ မြတ်စွာဘုရား ရောက်တော်မူသည်' ဟုကြားလျှင် ခရီးဦးကြိုဆိုတော်မူ၍၊ မြတ်စွာဘုရား နေတော်မူသောအရပ်ကို ကောင်းစွာစီရင်တော်မူ၍၊ ''နက်ဖြန်အကျိုးငှာ အကျွန်ုပ်တို့ ဆွမ်းကို ခံစေသတည်း'' ဟု ဘုရားအမှူးရှိသော သံဃာတော်နှင့်တကွ ဆွမ်းဖိတ်တော်မူပြီးသော်၊ မြတ်စွာဘုရားကို ရှိခိုး၍ လက်ယာရစ် ၃ ကြိမ်လှည့်ပြီးမှ နန်းတော်သို့ပြန်လေ၏။

မိုးသောက်ပြီးသော် ဆွမ်း ခဖွယ် စားဖွယ်တို့ကို စီရင်၍ ဘုရားအမှူးရှိသော သံဃာတော်တို့အား ကြီးစွာသောအလှူကို လှူတော်မူ၏။ ဝိဇိတာဝီမင်းကြီးလည်း မြတ်စွာဘုရားအား ဆွမ်းကျွေး၍ တရားဟောတော်မူသောအဆုံး၌ ဤသို့ နားတော်လျှောက်၏။ ''ရှင်ပင်ဘုရား။ လူများအား သင်္ဂြိုဟ်ခြင်းကို ပြုတော်မူ၍၊ ဝါတွင်း ၃ လပတ်လုံး ဤအရပ်၌လျှင် ဝါဆိုတော်မူပါ'' ဟု တောင်းပန်၏။ ဝါတွင်း ၃ လပတ်လုံး အခြားမရှိ။ ဘုရားအမှူးရှိသောသံဃာတော်တို့အား အသဒိသအလှူကြီးကို ဖြစ်စေ၏။

http://www.dhammadownload.com



ကောဏ္ဍညမြတ်စွာဘုရားလည်း ဝိဖိတာဝီမင်းကြီးအား ''နောင်အခါ ဂေါတမမြတ်စွာဘုရား ဖြစ်လတ္တံ့'' ဟု ဗျာဒိတ်ပေးတော်မူ၍ တရားဟောတော်မူလေ၏။ ဝိဖိတာဝီစကြဝတေးမင်းကြီးသည် တရားတော်ကို ကြားသဖြင့် ပြည်ကိုဆောင်နှင်း၍ ရဟန်းပြုတော်မူပြီးသော်၊ ဝိဇ္ဇကတ် ၃ ပုံကိုသင်၍၊ သမာပါတ် ၈ ပါး၊ အဘိညာဉ် ၅ ပါးတို့ဖြစ်စေ၍၊ မယုတ်သောစျာန် ရှိသည်ဖြစ်၍ ဗြဟ္မာပြည်၌ ဖြစ်တော်မူလေ၏။

ကောဏ္ဍညမြတ်စွာဘုရားပြည်တော်ကား ရမ္မဝတီပြည်။ ခမည်းတော်ကား သုနန္ဒမင်း။ မယ်တော်ကား သုဇာတာဓိဖုရား။ မြောက်သားတော်ကား ရုစိဒေဝီမိဖုရား။ သားတော်ကား ဝိဖိတာသေန။ အမျိုးတော်ကား မင်းမျိုး။ မင်းစည်းစိမ် အနှစ် ၁ သောင်း။ ယာဉ်တော်ကား ရထား။ ဒုက္ကရစရိယာ ၁၀ လ။ ပွင့်တော်မူသော ဗောဓိကား သာလကလျာဏီ[1] အမည်ရှိသော နံပဲပင်။ ပလ္လင်တော်ကား ၅၇ တောင်။ အရပ်တော်ကား ၈၈ တောင်။ ရဟန်းယောကျ်ား လက်ယာရံ ဘဒ္ဒ။ လက်ဝဲရံ သုဘဒ္ဒ။ အလုပ်အကျွေး အနုရုဒ္ဓါ။ ရဟန်းမိန်းမ လက်ယာရံ တိဿာ။ လက်ဝဲရံ ဥပတိဿာ။ 'သောဏ, ဥပသောဏ' ဟူသော ဒကာယောကျ်ားအလုပ်အကျွေး ၂ ယောက်။ 'နန္ဒာ, သီရိမာ' ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် အသက်တော် ၈ သောင်း နေတော်မူ၍၊ စန္ဒာရာမ[2]၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထို အရပ်၌ပင် ကောဏ္ဍည ဘုရားဓာတ်တော်ကို ၇ ယူဇနာစေတီတည်၍ ဌာပနာလေ၏။ ကောဏ္ဍညမြတ်စွာဘုရား သာသနာတော်သည် အနှစ် ၁ သိန်း ဖြစ်၍၊ ကောဏ္ဍညဘုရားရှင်သည် လည်းကောင်း၊ ဘုရားရှင့် တပည့် သားတော်သည် လည်းကောင်း ကွယ်တော်မူသဖြင့် သာသနာတော် ကွယ်တော်မူလေ၏။

## ကောဏ္ဍည မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- သာလကလျာဏီ - ကြောင်လျှာ။ ပထမဝါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

၂- 'နန္ဒာ' ဟု တထာဂတဥဒါနဒီပနီ၌ပြ။

http://www.dhammadownload.com



## မင်္ဂလ မြတ်စွာဘုရား ဗုဒ္ဓဝင်

ဤသို့လျှင် ဘာသအသခ်ျေထက်၌ ကောဏ္ဍညဘုရား ၁ ဆူသာ ပွင့်တော်မူ၍ ကာလလွန်သဖြင့် ဘာသ အသခ်ျေကုန်ပြန်လေမှ ဖယအသခ်ျေ ဖြစ်ပြန်လေ၏။ ထို ဖယအသခ်ျေထက် တစ်ခသောသာရမဏ္ဍကမ္ဘာ၌ မင်္ဂလဘုရား, သုမနဘုရား, ရေဝတဘုရား, သောဘိတ ဘုရား၊ ၄ ဆူသောဘုရားတို့ ဖြစ်တော်မူကုန်၏။ ထို ၄ ဆူသောဘုရားတို့တွင် မင်္ဂလရှင်တော်ဘုရားသည် ၁၆ အသခ်ျေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံး ပါရမီဖြည့်တော်မူ၍၊ ပါရမီအဆုံးဖြစ်သော ဝေဿန္တရာကိုယ်တော်၏အဖြစ်နှင့် တူသောကိုယ်အဖြစ်ဖြင့်တည်၍၊ ထိုအဖြစ်မှ စုတေသော် တုသိတာနတ်ပြည်၌ဖြစ်၍၊ နတ်၏အသက်အတိုင်းနေ၍၊ နတ်တို့တောင်းပန်လတ်သော် ၅ ပါးသော ကြည့်ခြင်းကြီးဖြင့် ကြည့်တော်မူ၍ တုသိတာနတ်ပြည်မှ စုတေခဲ့သော်၊ ခပ်သိမ်းသောပြည်တို့ထက် မြတ်သော 'ဥတ္တရ' အမည်ရှိသောပြည်ကိုအစိုးရသော ဥတ္တရမင်း၏ မြောက်သားတော်ဥတ္တရာဒေဝီ မိဖုရားဝမ်း၌ ပဋိသန္ဓေ နေလေ၏။ ဘုရားလောင်း ပဋိသန္ဓေနေတော်မူသောအခါ ၃၂ ပါးသော နိမိတ်ကြီဘာသတို့သည် ဖြစ်ကုန်၏။ ပဋိသန္ဓေနေသော နေ့မှစ၍ မယ်တော်မိဖုရားကိုယ်ရောင်သည် အတောင် ၈၀ အတိုင်း အရှည်ရှိသောအရပ်ကို နံ့၍ အရောင်နေ၏။ လ၏အရောင်, နေ၏အရောင်တို့ကို နှိပ်စက်၍ တည်၏။ ၁၀ လ လွန်သဖြင့် 'ဥတ္တရမဂူ' အမည်ရှိသောဥယျာဉ်၌ ယောကျ်ားမြတ်ကို ဖွားတော်မူ၏။ ဖွားကာမျှတည်းဖြင့်လျှင် ဘုရားအလောင်းသည် အရပ် ၈ မျက်နှာကိုကြည့်၍၊ မြောက်သို့ရှေးရှု ၇ ဖဝါးလှမ်းတော်မူ၍ မကြောက်မရွံ့သောစကားကို ဆိုတော်မူ၏။

'အဂ္ဂေါဟမသ္မိလောကဿ၊ ဇေဋ္ဌောဟ မသ္မိလောကဿ၊ သေဋ္ဌောဟ မသ္မိလောကဿ၊ အယမန္တိမာဇာတိ နတ္ထိဒါနိ ပုနဗ္ဘဝေါတိ' ဟု မိန့်တော်မူ၏။

''လောက ၃ ပါးထက် ငါသာလျှင် မြတ်သောသူဖြစ်၏။ လောက ၃ ပါးထက်လျှင် ချီးမွမ်းအပ်သော သူ ဖြစ်၏။ လောက ၃ ပါးထက် ငါသာလျှင် အကြီးဖြစ်၏။ ငါ၏အဖြစ်သည် အဆုံးစွန်သော အဖြစ်တည်း။ တစ်ဖန် ပဋိသန္ဓေနေခြင်းသည် ငါ့အား မရှိပြီ''ဟု ပဲ့တင်ထပ်သံကို ကြားစေ၍ မိန့်တော်မူ၏။

ထိုအခါ ၁ သောင်းသောလောကဓာတ်တို့၌ တန်ဆာဆင်ခြင်းနှင့်စပ်သော ထင်ရှားသောကိုယ် ရှိသည်ဖြစ်၍၊ ထိုထိုသောအရပ်၌ဖြစ်၍၊ အကြင်နတ်တို့သည် မင်္ဂလာရှိသောမင်းကြီးစကားတို့ကို ကောင်းစွာဖြစ်စေကုန်၏။ ထိုသတို့သားကို အမည်မှည့်အံ့သောနေ့၌ လက္ခဏာဖတ်တတ်ကုန်သော ပုဏ္ဏားတို့သည်ခပ်သိမ်းသော မင်္ဂလာနှင့်ပြည့်စုံလျက် ဤမင်းသားကို ဖွားသောကြောင့် 'မင်္ဂလသတို့သား' ဟူသောအမည်ကို မှည့်ကုန်၏။ 'မင်္ဂလ' အမည်ရှိသောမင်းသားသည် အရွယ်သို့ရောက်ပြီးသော်၊ မြောက်သားတော် ယသဝတီမိဖုရား အမှူးရှိသော ၃ သိန်းသော အခြံအရံနှင့်တကွ 'ယသဝါ, သုစိမာ, သီရိမာ' အမည်ရှိသော ဥတု ၃ ပါးနှင့် လျော်ကပ်တော်သော ပြာသာဒ် ၃ ဆောင်၌ အနှစ် ၉ သောင်းပတ်လုံး နတ်၏စည်းစိမ်နှင့်တူသော မင်း၏စည်းစိမ်ကို ခံစံတော်မူလျက်၊ 'သီလဝ' အမည်ရှိသော သားတော်ကို ဖွား၍၊ နိမိတ် ၄ ပါးကို မြင်သဖြင့် 'သုန္ဒရ' အမည်ရှိသော မြင်းစီး၍ တောထွက်တော်မူ၏။ ဘုရားလောင်း ရဟန်းပြုသည်၏အဆုံး၌ ၃ ကုဋေမျှလောက်သောလူတို့သည် ဘုရားလောင်းသို့လိုက်၍ ရဟန်းပြုကုန်၏။

http://www.dhammadownload.com



ထိုရဟန်းအပေါင်းခြံရံလျက် ၈ လပတ်လုံး ဒုက္ကရစရိယာကျင့်ပြီးမှ ကဆုန်လပြည့် ဥတ္တရရဏ်၌ ဥတ္တရသူဌေးသမီးဥတ္တရာသည် လှူအပ်သော 'နတ်ဩဇာ'တည်းဟူသော နို့ဃနာဆွမ်းကို ဘဉ်းပေးတော်မူ၍၊ သာလ တော၌ နေ့သန့်စင်တော်မူပြီးမှ 'ဥတ္တရ' အမည်ရှိသော အာဇီဝကလူသော မြက် ၈ ဆုပ်ကိုကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၏။ 'နာဂရုက္ခ' အမည်ရှိသော ကဲ့ကော်ပင်ကို လက်ယာရစ်လှည့်ပြီးသော် အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက်၊ ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ မြက်ပလ္လင်၌ ထက်ဝယ်ဖွဲ့တော်မူ၍၊ 'ငါ၏ အရေ သော်လည်းကောင်း, အကြော သော်လည်းကောင်း, အရိုး သော်လည်းကောင်း, အသွေး သော်လည်းကောင်း ခြောက်တပ်သော်လည်း ခြောက်တပ်စေ။ သဗ္ဗညုတဉာဏ်ကို မရောက်ဘဲကို မဖျက်ပြီ'ဟု အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝီရိယကို အဓိဋ္ဌာန်ပြီးမှ အရပ်တော် ၈၈ တောင်နှင့်လျောက်ပတ်သော အချင်း ၅၇ တောင်ရှိသော ဆန်းကြယ်သော ရတနာရွှေပလ္လင်ထက် ဗောဓိပင်ကို တံကဲ့ပြု၍ မြထီးကဲ့သို့သော အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။ ကာယဗလ, ဉာဏဗလနှင့်ပြည့်စုံတော်မူသော ဘုရားလောင်းသည် ဗောဓိပင်ရင်း၌ နေတော်မူသည်ရှိသော်၊ သိကြား, ဗြဟ္မာ, အသူရာ, နဂါး, ဂဠုန်တို့သည် ပူဇော်ကုန်လျက် များစွာသော ကောင်းချီးတို့ကို ဖြစ်စေလျက် ရပ်ကုန်၏။

ထိုအခါ မာရ်စစ်ကို ဖျက်ဆီးတော်မူ၍ နေမဝင်မီ မာရ်စစ်ကိုအောင်တော်မူ၏။ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ၏။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်ကို အနုလောမ ပဋိလောမ ဆင်ခြင်တော်မူ၍၊ ခန္ဓာတို့၌ 'အနိစ္စ' အစရှိသောအစွမ်းဖြင့် ဆင်ခြင်တော်မူပြီးမှ အစဉ်သဖြင့် အာသဝက္ခယဉာဏ်ကို ရတော်မူ၍၊ အထွတ်အမြတ်ဖြစ်သော သဗ္ဗညုတဉာဏ်ကို သိတော်မူသဖြင့် ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော်၊ 'အနေကဓာတိ' အစရှိသော ဥဒါန်းဂါထာဖြင့် ဥဒါန်းစကားကို ဖြစ်စေ၏။

မင်္ဂလမြတ်စွာဘုရား ကိုယ်တော်ရောင်သည်ကား တစ်ပါးကုန်သောဘုရားတို့၏ ကိုယ်တော်ရောင်သည် ထက်ဝန်းကျင် အတောင် ၈၀ အတိုင်းအရှည်ရှိသော ကိုယ်တော်ရောင်တို့သည် ဖြစ်ကုန်၏။ မင်္ဂလမြတ်စွာဘုရား ကိုယ်တော်ရောင်ကား ဤသို့ မဖြစ်။ ကာလမပြတ် အမြဲပင် ၁ သောင်းသော လောကဓာတ်ကို နှံ့စေ၍ တည်ကုန်၏။ သစ်ပင်, မြေ, တောင်, သမုဒ္ဒရာ စသည်တို့ကို ရွေ့ပြားဖြင့်လွှမ်းဘိသကဲ့သို့ မင်္ဂလာဘုရား သက်တော် ၉ သိန်း မျှသောကာလပတ်လုံး နေရောင်, လရောင်, ကြယ်ရောင်တို့သည် ညဉ့်, နေ့ အပိုင်းအခြား မထင်ကုန်။ နေ့အခါ၌ နေရောင်ကဲ့သို့ ခပ်သိမ်းသောသတ္တဝါတို့သည် အမြဲ မြတ်စွာဘုရား အရောင်တော်ဖြင့်သာလျှင် ခပ်သိမ်းသောအမှုကိစ္စတို့ကို ပြုကုန်၏။ သွားကုန်၏။ ညဉ့်,နေ့အပိုင်းအခြားကိုကား ညအခါပွင့်သောပန်းတို့ဖြင့် လည်းကောင်း, နံနက်အခါ ငှက်တို့၏ မြည်သံတို့ဖြင့် လည်းကောင်း လူတို့သည် ညဉ့်,နေ့အပိုင်းအခြားကို မှတ်ကုန်၏။

'တစ်ပါးကုန်သောမြတ်စွာဘုရားတို့သည် ဤသို့သောအာနုဘော် မရှိပါကုန်လော'ဟူမူကား တစ်ပါးကုန်သော မြတ်စွာဘုရားတို့ အလိုတော်ရှိသော် ၁ သောင်းသော လောကဓာတ်ကို လည်းကောင်း, ထိုထက်အလွန်ကို လည်းကောင်း အရောင်တော် ပျံ့နှံ့ရာ၏။ မင်္ဂလမြတ်စွာဘုရားကား ရှေးဆုတောင်းခဲ့ဖူးသောအစွမ်းအားဖြင့် တစ်ပါးကုန်သော မြတ်စွာဘုရားတို့၏ အရောင်တော်သည် အမြဲလျှင် တစ်လဲမျှလောက်သောအရောင်သည် ထွန်းပသကဲ့သို့၊ မင်္ဂလာဘုရား ကိုယ်တော်ရောင်သည် အမြဲလျှင် ၁ သောင်းသောလောကဓာတ်ကို နှံ့စေလျက် ထွန်းပ၍တည်၏။

http://www.dhammadownload.com



ထိုမင်္ဂလမြတ်စွာဘုရားအလောင်းသည် ဓေဿန္တရာကိုယ်တော်အဖြစ်နှင့် တူသောကိုယ်တော် ဖြစ်သောအခါ၌ သားမယားနှင့်တကွ ဝင်္ကပါတောင်နှင့် တူသောတောင်၌ နေတော်မူ၏။ ထိုအခါ ခပ်သိမ်းသောလူတိုင်းကို သတ်၍စားတတ်သော ကြမ်းသောအစွယ်ရှိသောကြောင့် 'ခရဒါဋ္ဌိက' အမည်ရှိသော ဘီလူးတစ်ယောက်သည် ဘုရားလောင်း အလှူပေးသည်ကို ကြား၍၊ ပုဏ္ဏားအသွင်ဖြင့် ကပ်လေ၍၊ ဘုရားလောင်းအား သူငယ် ၂ ယောက်တို့ အလှူခံ၏။ ဘုရားလောင်းလည်း ပုဏ္ဏားအား သူငယ် ၂ ယောက်ကို နှစ်လိုဝမ်းသာသောစိတ်ဖြစ်၍ ရေအဆုံးရှိ ဤမြေကြီးကိုတုန်လှုပ်စေလျက် လှူတော်မူ၏။

ဘီလူးလည်း စကြဲအစွန်း၌ တံခါးပြင်ကိုမှီလျက် ရပ်၍ ဘုရားလောင်းမြင်သည်ပင်လျှင် ကြာစွယ်ကြာရင်းကိုကဲ့သို့ သူငယ် ၂ ယောက်ကို စား၏။ ဘုရားလောင်းသည်လည်း ဘီလူးကိုကြည့်၍၊ ခံတွင်းကိုကြည့်ကာမျှ တည်း၌ မီးလျှံသည် တောက်သကဲ့သို့ သွေးအရည်သည် စီးထွက်လာသည်ကို မြင်တော်မူသော်လည်း ဆဲဖျား မျှလောက်သော နှလုံးမသာခြင်းပင် မရှိသည်ဖြစ်၍၊ 'ငါပေးသော အလှူသည်ကား အလွန်ကောင်းမြတ်စွတကား' ဟု ဤသို့ကြံတော်မူသော ဘုရားလောင်းကိုယ်တော်သည် ပီတိသောမနဿ ရှိတော်မူ၍ ဤသို့သောဆုကို တောင့်တတော်မူ၏။

''ဤသို့သောအလှူ၏ အကျိုးအားဖြင့် နောင်ဘုရားဖြစ်သောအခါ အရောင်တို့သည် ထွက်စေကုန်သတည်း''

ဤသို့သောဆု တောင်းတော်မူပူးသောကြောင့်၊ ဤသို့သောအရောင်တော်သည် ထွက်၍ ၁ သောင်းသော လောကဓာတ်ကိုလည်း နှံ့စေ၍ တည်သတည်း။

ထိုမှတစ်ပါးလည်း ထိုမင်္ဂလမြတ်စွာဘုရားအလောင်းတော်သည် ဘုရားစေတီကို မြင်၍၊ 'ဤစေတီအား ငါ၏အသက်ကို စွန့်အပ်၏' ဟူ၍၊ လှံငန်းကို ဆီမီးစာရစ်သကဲ့သို့ ကိုယ်တော်အလုံးကို ဆီမီးစာဖြင့်ရစ်၍၊ ၁၀၀၀ ရှိသော အဖိုး ၁ သိန်းထိုက်သောရွှေခွက်၌ ကောင်းသောအနံ့ရှိသော ထောပတ်ဖြင့် ပြည့်စေ၍၊ ထို ရွှေခွက်၌ ၁၀၀၀ သောဆီမီးစာကို ညှိ၍၊ ထိုရွှေခွက်ကို ဦးခေါင်းဖြင့် ရွက်၍၊ ကိုယ်အလုံးကို ညှိစေ၍၊ စေတီကို လက်ယာရစ်လှည့်၍၊ တစ်ညဉ့်ပတ်လုံး လွန်၍၊ နေအရောက်တက်သည်တိုင်အောင် လုံ့လပြုသော်လည်း မွေးတွင်းမျှ မပူသည်ဖြစ်၍ ကြာတိုက်သို့ဝင်သကဲ့သို့ ဖြစ်၏။

ထိုစကားသည် မှန်၏။ တရား မည်သည်ကား မိမိကိုယ်ကို စောင့်၏။ ထို့ကြောင့် မြတ်စွာဘုရားလည်း ဤသို့ ဟောတော်မူ၏။

'ဓမ္မောဟဝေရက္ခတိ ဓမ္မစာရိ၊ ဓမ္မောသုစိဏ္ဏောသုခမာဝဟတိ။
ဧသာနိသံသောဓမ္မော သုစိဏ္ဏော၊ နဒုဂ္ဂတိဂစ္ဆတိဓမ္မစာရိ။ ။'

ဟူ၍ ဤသို့သောစကားကို ဟောတော်မူသတည်း။

'ဘိက္ခဝေ၊ ရဟန်းတို့။ ဟဝေဓကန္တေန၊ စင်စစ်သဖြင့် တရားကိုကျင့်သောသူကို။ ဓမ္မော၊ တရားသည်။ ရက္ခတိ၊ စောင့်ပေ၏။ သုစိဏ္ဏော၊ ကောင်းစွာကျင့်သော။ ဓမ္မော၊ တရားသည်။ သုခမာဝဟတိ၊ ချမ်းသာကို ဆောင်ပေ၏။ သုစိဏ္ဏော၊ ကောင်းစွာကျင့်သော။ ဓမ္မော၊ တရား၌။ ဧသ၊ ဤသည်လျှင်။ အာနိသံသော၊ အကျိုးတည်း။ ဓမ္မစာရိ၊ တရားကိုကျင့်သောသူသည်။ ဒုဂ္ဂတိ၊ ငရဲသို့။ နဂစ္ဆတိ၊ မလားရ။'

http://www.dhammadownload.com



ဤသို့သောစကားကို မြတ်စွာဘုရားသည် မိန့်တော်မူပြီး၊ ဤသို့သော ကောင်းမှုအကျိုးအားဖြင့် ထိုသို့ မင်္ဂလာဘုရားကိုယ်တော်ရောင်သည် ၁ သောင်းသော လောကဓာတ်ကို နှံ့စေ၍ တည်သတည်း။

မင်္ဂလမြတ်စွာဘုရားလက်ထက်တော်၌ တို့ဘုရားအလောင်းတော်သည် ဗေဒင် ၃ ပုံကို တတ်သော သုရစိပုဏ္ဏား ဖြစ်တော်မူ၍ 'မြတ်စွာဘုရားကို ဖိတ်အံ့'ဟု ဘုရားရှင်သို့ကပ်လေပြီးသော်၊ သာယာစွာသော တရားတော်ကို ကြား၍ ''ရှင်ပင်ဘုရား။ နက်ဖြန်အလို့ငှာ အကျွန်ုပ်ဆွမ်းကို ခံတော်မူပါလော''ဟု လျှောက်၏။

မြတ်စွာဘုရားလည်း ''ပုဏ္ဏား။ အဘယ်မျှလောက်သောရဟန်းကို အလိုရှိသနည်း''ဟု မေးတော်မူ၏။ ''ရှင်ပင်ဘုရား။ အခြံအရံတော်ဖြစ်သော ရဟန်းတို့သည် အဘယ်မျှလောက်ရှိသနည်း''ဟု လျှောက်၏။

ထိုအခါ ရှေးဦးစွာသောအစည်းအဝေးကား ကုဋေ ၁ သိန်းရှိသောကြောင့် ''ပုဏ္ဏား။ ကုဋေ ၁ သိန်းရှိ၏'' ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ အလုံးစုံသော ရဟန်းအပေါင်းနှင့်တကွ အကျွန်ုပ်ဆွမ်းကို ခံတော်မူစေသတည်း'' ဟု လျှောက်၏။ မြတ်စွာဘုရားလည်း သည်းခံတော်မူ၏။

ဘုရားလောင်းလည်း ဆွမ်းဖိတ်ပြီးသော် အိမ်သို့သွား၍ ကြို၏။ 'ဤမျှလောက်သောရဟန်းတို့အား ယာဂု, ဆွမ်း, အဝတ်ပုဆိုးတို့ကို လှူအံ့သောငှာကား တတ်နိုင်၏။ ရဟန်းသံဃာနှင့် နေတော်မူစရာအရပ်သည် အဘယ်သို့ ဖြစ်ပါလတ္တံ့နည်း'ဟု ကြို၏။

ထိုအခါ သိကြားနေရာ ပဏ္ဍုကမ္ဗလာသည် ပူသောအခြင်းအရာကိုပြ၍၊ နတ်မျက်စိဖြင့် သိကြားမင်းကြည့်လတ်သော် ဘုရားလောင်းကို မြင်၍၊ 'သုရစိပုဏ္ဏားသည် ဘုရားအမှူးရှိသောသံဃာကို ဖိတ်၍ နေရာအရပ်ကို ကြို၏။ ငါသည်လည်း ထိုအရပ်သို့သွား၍ ကောင်းမှုအစုကို ယူအံ့သောငှာ အပ်၏'ဟု လက်သမားအသွင်ဖြင့် ဘုရားလောင်းရှေ့မှ ထင်ရှားပြပေ၏။ ထိုသိကြားမင်းသည် ''အခပေးသဖြင့် တစ်စုံတစ်ခု ပြုအပ်သောကိစ္စ ရှိသလော''ဟု မေး၏။

ဘုရားလောင်းလည်း လက်သမားကို မြင်၍၊ ''အဘယ်အတတ်ကို တတ်နိုင်အံ့နည်း'' ဟု မေး၏။

''ငါကား သိကြားမင်းတည်း။ ငါ့အား မသိသောအတတ် မည်သည် မရှိ။ အိမ်ကို လည်းကောင်း, မဏ္ဍပ်ကို လည်းကောင်း အကြင်သူသည် ပြုစေလို၏။ ထိုအမှုကို ပြုအံ့သောငှာ သိ၏ဟု ဖြေ၏။''

''ထိုသို့တပြီးကား ငါ့အား အမှုရှိ၏''

''အဘယ်အမှုနည်း''ဟုမေးသော်၊

''နက်ဖြန် ဘုရားအမှူးရှိသော အကုဋေ ၁ သိန်းသော ရဟန်းအပေါင်းနှင့်တကွ ဘုရားနေတော်မူရာ မဏ္ဍပ်ကို ပြုအံ့သောငှာ အလိုရှိ၏''ဟု ဆိုပေ၏။

''ငါ့အား အခပေးသည်ရှိသော် ပြုအံ့သောငှာ တတ်နိုင်၏''ဟု ဆို၏။

''ကောင်းပြီ။ ပြုပါလော့'' ဆို၍ တစ်ခုသောအရပ်ကို ကြည့်၏။

'၁၂ ယူဇနာ အတိုင်းအရှည်ရှိသောအရပ်သည် ကသိဏ်းဝန်းကဲ့သို့ ညီညွတ်သောအပြင် ရှိ၏။ မွေ့လျော်ဖွယ် ရှိ၏။ ဤမျှလောက်သောအရပ်၌ ရတနာတို့ဖြင့်ပြီးသော မဏ္ဍပ်သည် ပေါက်စေသတည်း'ဟု ကြည့်၏။ ထိုခဏ၌ပင်လျှင် မြေကိုခွဲ၍ မဏ္ဍပ် ပေါက်၏။

http://www.dhammadownload.com



ထိုမဏ္ဍပ်ကား ရွှေဖြင့်ပြီးသော သည်တိုင်၌ ရွှေဖြင့်ပြီးသော ကြာသွတ်အိုး။ ငွေဖြင့်ပြီးသော သည်တိုင်၌ ငွေဖြင့်ပြီးသော ကြာသွတ်အိုး။ ပတ္တမြားဖြင့်ပြီးသော သည်တိုင်၌ ပတ္တမြားဖြင့်ပြီးသော ကြာသွတ်အိုး။ သန္လာဖြင့်ပြီးသော သည်တိုင်၌ သန္လာဖြင့်ပြီးသော ကြာသွတ်အိုး။ ရတနာ ၇ ပါးဖြင့်ပြီးသော သည်တိုင်၌ ရတနာ ၇ ပါးဖြင့်ပြီးသော ကြာသွတ်အိုး။ ထိုသို့ ဖြစ်ကုန်၏။

ထိုရတနာ ၇ ပါးဖြင့် ပြီးသောမဏ္ဍပ်၏ သည်တိုင်၏အကြားအကြား၌ 'ရွှေခြူကွန်ရက် တွဲရရွဲရှိစေသတည်း'ဟု ကြည့်၏။ ကြည့်သည်နှင့်တကွပင် ရွှေခြူကွန်ရက်တို့သည် တွဲရရွဲ ရှိကုန်၏။ ထို ရွှေခြူကွန်ရက်တို့၏ အသံသည်ကား လေခတ်သည်ရှိသော် ပဉ္စင်္ဂတူရိယာ စည်, စောင်း, ငြင်းအသံကဲ့သို့သော သာယာစွာသော အသံတို့သည် မြည်ကုန်၏။

'အကြားအကြား၌ နတ်၌ဖြစ်သော နံ့သာဆိုင်း, ပန်ဆိုင်းတို့သည် တွဲရရွဲ ရှိစေသတည်း'ဟု ကြည့်၏။ ကြည့်သည်နှင့်တကွ နံ့သာဆိုင်း, ပန်းဆိုင်းတို့သည် ဖြစ်ကုန်၏။

'အကုဋေ ၁ သိန်းသော, ရဟန်းတို့အားအပ်သော, အဖိုးအတိုင်းမသိသောနေရာတို့သည် မြေမှပေါက်စေသတည်း'ဟု ကြံ၏။ ထိုခဏ၌ပင်လျှင် ပေါက်ကုန်၏။

'အထောင်အထောင်တိုင်း ရေအိုးတို့သည် ပေါက်စေသတည်း' ဟု ကြံ၏။ ကြံသောခဏ၌ပင်လျှင် ရေအိုးတို့သည် ပေါက်ကုန်၏။

ဤမျှလောက်သောမဏ္ဍပ်ကို ဖန်ဆင်း၍ ဘုရားအလောင်းအထံသို့ သွား၍၊ ''အရှင်။ လာလော့။ မဏ္ဍပ်ကို ကြည့်၍ ငါ့အား အခပေးလော့''ဟု ဆို၏။

သုရစိပုဏ္ဏားလည်း ထိုမဏ္ဍပ်ကို ကြည့်၏။ ကြည့်သောခဏ၌ပင်လျှင် ၅ ပါးသော အပြားရှိသော နှစ်လိုခြင်းတို့သည် အခြားမရှိ တွေ့ခြင်းသည် ဖြစ်၏။

ထိုအခါ၌ သုရစိပုဏ္ဏားအား မဏ္ဍပ်ကိုကြည့်လျက် ကြံ၏။ 'ဤမဏ္ဍပ်ကို လူပြု၍ မဖြစ်နိုင်။ ငါ၏ အလိုကို လည်းကောင်း, ငါ၏ကျေးဇူးကို လည်းကောင်း စွဲ၍၊ သိကြားနေရာပူ၍ သိကြားသည် ဤမဏ္ဍပ်ကို ဖန်ဆင်း၏။ စင်စစ်သော်ကား ဤသို့သဘောရှိသော မဏ္ဍပ်၌ တစ်နေ့မျှတည်းသာ အလှူပေးအံ့သောငှာ မသင့်'ဟု ၇ ရက်ပတ်လုံး အလှူပေးအံ့သောငှာ ကြံ၏။

ဘုရားတို့သဘောကား အပသောဝဏ္ဏတို့ကို လှူကာမျှတည်းဖြင့် ဘုရားလောင်းတို့ကို နှစ်သိမ့်သောငှာ မတတ်နိုင်။ တန်ဆာဆင်သောဦးခေါင်းကို ဖြတ်၍၊ မျက်စိကို ဖောက်၍၊ နှလုံးသားကို ထုတ်၍ ပေးသောအခါ၌ သာလျှင်၊ ဘုရားလောင်းတို့အား စွန့်ကြဲခြင်းကို မှီ၍ 'နှစ်သက်ခြင်း'မည်သည် ဖြစ်၏။

ငါတို့ဘုရားလောင်းသည် သိဝိဇာတ်၌ နေ့တိုင်းနေ့တိုင်း အသပြာ ၅ သိန်းတို့ကို စွန့်၍ တံခါး ၄ မျက်နှာတို့၌ လည်းကောင်း, မြို့လယ်၌ လည်းကောင်း အလှူပေးသော်လည်း ထိုအလှူသည် နှစ်သက်စေခြင်းငှာ မတတ်နိုင်။ အကြင်အခါ၌ သိကြားမင်းသည် လာ၍ ဘုရားလောင်းအား မျက်စိတို့ကို တောင်း၏။ ထိုအခါ၌ မျက်စိတို့ကိုဖောက်၍ လှူရမှသာလျှင် ရွှင်ခြင်းသည် ဖြစ်၏။ ဆဲဖျားလောက်သောစိတ်သည်မျှ တွန့်တိုမရှိ။ ဤသို့သောအလှူကို မှီ၍ကား ဘုရားလောင်းတို့အား ရောင့်ရဲခြင်းသည် မရှိနိုင်။

ထိုကြောင့် ထို'သုရစိ'အမည်ရှိသော ယောကျ်ားမြတ်သည်လည်း '၇ ရက်ပတ်လုံး ငါသည် အသိန်းသော ရဟန်းတို့အား အလှူကိုပေးအံ့သောငှာ အပ်၏'ဟု ကြံ၍၊ ထိုမဏ္ဍပ်၌ ဘုရားအမှူးရှိသော ရဟန်းအပေါင်းတို့ကို

http://www.dhammadownload.com



နေစေ၍ ၇ ရက်ပတ်လုံး နွားနို့ဃနာကို လျှု၏။ ထို ဃနာမည်သည်ကား ကြီးကြီးသောဖျဉ်းအိုး၌ နို့ရည်ကို ပြည့်စေ၍၊ ခုံလောက်ထက်၌ တည်၍ တစ်ခဲနက် ကျက်ပြီးသော်၊ အတန်ငယ်ဆန်တို့ကို ထည့်၍ ပျားသကာ, ထောပတ်ဖြင့်ပြုပြင်သော ဘောဇဉ်ကို ဆိုအပ်၏။ လူတို့သည် ဆွမ်းကျွေးသည် မဟုတ်။ နတ်တို့ ဆွမ်းကျွေးကုန်၏။ ၁၂ ယူဇနာအတိုင်းအရှည်ရှိသော အရပ်တို့၏လည်း ရဟန်းတို့နေရာ မလောက်သည်ဖြစ်၍၊ ထိုရဟန်းတို့သည် မိမိအာနုဘော်အားဖြင့် နေကြကုန်၏။

၇ ရက်မြောက်သောနေ့၌ကား ရဟန်းတို့၏သပိတ်ကို ဆေး၍၊ ဆေးအလိုငှာ ထောပတ်ဆီဦး, ဆီ, ပျား, တင်လဲတို့ဖြင့် ပြည့်စေ၍၊ သင်္ကန်းလျှာပုဆိုး ၃ ထည်နှင့်တကွ လျှု၏။ သံဃာအငယ်ဆုံးရသော ပုဆိုး ၃ ထည်သည်ကား အဖိုး ၁ သိန်းစီ ထိုက်ကုန်၏။

မြတ်စွာဘုရားသည်လည်း ဆွမ်းအနုမောဒနာပြုလျက်၊ 'ဤယောကျ်ားသည် ဤသို့သဘောရှိသော ကြီးစွာသောအလှူကို ပေး၏။ အဘယ်သို့ ဖြစ်လတ္တံ့နည်း'ဟု ကြည့်တော်မူလေသော်၊ ကမ္ဘာ ၁ သိန်းအလွန်ရှိသော ကမ္ဘာ ၂ အသင်္ချေထက်၌ ဂေါတမဘုရား ဖြစ်လတ္တံ့သည်ကို မြင်တော်မူ၍၊ ''သင်သည် ဤမျှလောက်သော ကာလကို လွန်၍၊ 'ဂေါတမ' အမည်ရှိသောဘုရား ဖြစ်လတ္တံ့''ဟု ဗျာဒိတ် ကြားတော်မူပေ၏။

ယောကျ်ားမြတ်လည်း ဗျာဒိတ်တော်ကို ကြား၍၊ 'ငါသည် ဘုရား ဖြစ်လတ္တံ့။ အိမ်ရာထောင်ခြင်းဖြင့် အကျိုးမရှိ။ ရဟန်းပြုအံ့'ဟု ကြံ၍၊ ထိုသို့သဘောရှိသော စည်းစိမ်ကို တံတွေးပေါက်ကဲ့သို့ စွန့်၍၊ မြတ်စွာဘုရား အထံတော်၌ ရဟန်း ပြု၍၊ ဘုရားစကားတော်ကို သင်၍၊ အဘိညာဉ် ၅ ပါး, သမာပတ် ၈ ပါးတို့ကို ဖြစ်စေ၍၊ မယုတ်သောစွာန် ရှိသည်ဖြစ်၍၊ အသက်အတိုင်း နေ၍ ဗြဟ္မာပြည်၌ ဖြစ်လေ၏။

မင်္ဂလမြတ်စွာဘုရားပြည်တော်ကား 'ဥတ္တရ' အမည်ရှိသော ပြည်။ ခမည်းတော်ကား 'ဥတ္တရ' အမည်ရှိသောမင်း။ မယ်တော်ကား ဥတ္တရာမိဖုရား။ မြောက်သားတော်ကား ယသဝတီမိဖုရား။ သားတော် သီဝလမင်းသား။ အမျိုးတော်ကား မင်းမျိုး။ မင်းစည်းစိမ် အနှစ် ၉ သောင်း။ ယာဉ်တော်ကား မြင်း။ ဒုက္ကရစရိယာကား ၈ လ။ ပွင့်တော်မူသော ဗောဓိပင်ကား 'နာဂရုက္ခ'အမည်ရှိသော ကုံကော်ပင်။ ပလ္လင်တော်ကား ၅၇ တောင်။ အရပ်တော်ကား ၈၈ တောင်။ အရောင်တော်ကား ၁ သောင်းသောလောကဓာတ်။ ရဟန်းယောကျ်ား လက်ယာရံသုဒေဝ, လက်ဝဲရံ ဓမ္မသေန။ အလုပ်အကျွေး ပါလိတ။ ရဟန်းမိန်းမ လက်ယာရံ အသောကာနန္ဒာ, ရဟန်းမိန်းမ လက်ဝဲရံ အသောကာ။ 'အသောကာနန္ဒ, ဝိသာခ' ဟူသော ဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'အရုဏာ, သုတနာ' ဟူသော ဒကာမိန်းမအလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် အသက်တော် ၈ သောင်းနေတော်မူ၍၊ 'ဝေဿက'အမည်ရှိသော ဥယျာဉ်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအရပ်၌ပင် မင်္ဂလမြတ်စွာဘုရားဓာတ်တော်ကို ၃၀ အစောက်ယူဇနာရှိသော စေတီတည်၍ ဌာပနာ လေ၏။ မင်္ဂလဘုရား ပရိနိဗ္ဗာန်ပြုသည်နှင့်တစ်ပြိုင်နက်တည်းလျှင် ၁ သောင်းသော လောကဓာတ်တို့သည် အလင်းဖျောက်၍ မိုက်၏။ ဘုရားရှင်တပည့်သားတော်တို့ ကွယ်တော်မူသဖြင့် သာသနာတော် ကွယ်တော်မူလေ၏။

**မင်္ဂလမြတ်စွာဘုရား ဗုဒ္ဓဝင်**

**ပန်းချီပြည်စာအုပ်တိုက်**

http://www.dhammadownload.com



## သုမန မြတ်စွာဘုရား ဗုဒ္ဓဝင်

မင်္ဂလာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍၊ အစဉ်သဖြင့် လူတို့အသက် ၁၀ တိုင်အောင် ယုတ်ပြန်၍၊ ၁၀ ကသည် အသင်္ချေတိုင်အောင် တက်၍၊ တစ်ဖန် ယုတ်၍၊ လူတို့အသက် အနှစ် ၉ သောင်းနေသောအခါ သုမန ဘုရားသည် လောကဌ ဖြစ်တော်မူ၍၊ ထို သုမနဘုရားလောင်းသည် ပါရမီအဆုံးသို့ ရောက်၍၊ တုသိတာ နတ်ပြည်၌ ဖြစ်၍၊ နတ်၏အသက်အတိုင်း နေ၍၊ နတ်ပြည်မှ စုတေ၍၊ မေခလပြည်၌ သုဒတ္တမင်း၏မိဖုရား သိရိမာဝမ်း၌ ပဋိသန္ဓေ ယူလေ၏။ ၁၀ လလွန်သဖြင့် မယ်တော်ဝမ်းမှ ဖွားမြောက်တော်မူ၍ အရွယ်သို့ ရောက်တော်မူပြီးသော်၊ 'စန္ဒ, သုစန္ဒ, ဝဠဲသ' အမည်ရှိသော ပြာသာဒ် ၃ ဆောင်တို့၌ မြောက်သားတော် 'သုသမဏမိဖုရား' အမျူးရှိသော ၆ သိန်းသော အခြံအရံနှင့်တကွ အနှစ် ၉ သောင်းပတ်လုံး နတ်စည်းစိမ်နှင့် တူသော မင်း၏စည်းစိမ်ကို စံစားတော်မူလျက်၊ 'အနူပမ' အမည်ရှိသော သားတော်ကို ဖွား၍၊ နိမိတ် ၄ ပါးကို မြင်သဖြင့် ဆင်ယာဉ်စီး၍ ရဟန်းပြုတော်မူ၏။

ရဟန်းပြုတော်မူသောအဆုံး၌ ၃ ကုဋေသောလူတို့သည် လိုက်၍ ရဟန်းပြုကုန်၏။ ထိုရဟန်းတို့ခြံရံလျက် ၁၀ လ ဒုက္ကရစရိယာကျင့်ပြီးမှ ကဆုန်လပြည့် အနောမ နိဂုံး၌ အနောမသူဋ္ဌေးသမီး အနောမာလှူသော နို့ဃနာကို ဘုဉ်းပေးတော်မူ၍၊ သာလတောဌ နေသန့်တော်မူပြီးမှ အာဇီဝကလှူသော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ကပ်လေ၍၊ 'နာဂရုက္ခ' အမည်ရှိသော ကဲ့ကော်ပင်ကို လက်ယာရစ်လှည့်ပြီးသော် အရှေ့မြောက်ထောင့်အရပ်သို့ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်၌ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသောဝီရိယကို မိဋ္ဌာန်တော်မူပြီးမှ အရပ်တော် ၉၀ နှင့် လျော်ပတ်သော အချင်း ၆၀ ရှိသော ဆန်းကြယ်စွာသော ရတနာရွှေပလ္လင်ထက် ဗောဓိပင်ကို တဲကဲပြု၍ မြထီးကဲ့သို့သော အရှေ့ဗောဓိအခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ မာရ်စစ်ကို နေမဝင်မီ အောင်တော်မူ၍၊ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်, သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်, မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်ကိုရ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော် ဥဒါန်းအနေကဂါထာကို ဆင်ခြင်တော်မူ၏။ ဗောဓိအနီး၌ သတ္တသတ္တာဟတို့ကို လွန်စေ၍ တရားဟောစိမ့်သောငှာ ဗြဟ္မာတို့ တောင်းပန်လတ်သော်၊ 'ရေဠီးစွာ အသူအား တရားဟောရအံ့နည်း' ဟု ဆင်ခြင်တော်မူသော်၊ 'ငါနှင့်အတူ ရဟန်းပြုကုန်သော ၃ ကုဋေသော ရဟန်း' ကို မြင်တော်မူ၍၊ ဟသ်ာမင်းကဲ့သို့ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍၊ မေခလဥယျာဉ်၌ သက်တော်မူ၍၊ ဥယျာဉ်စောင့်ကို စေတော်မူ၍၊ ညီတော် သရဏမင်းသားကို လည်းကောင်း, ပုရောဟိတ်သားသတို့သားကို လည်းကောင်း ခေါ်တော်မူစေ၍၊ ပရိသတ် ဖြစ်စေ၍၊ ၃ ကုဋေသော ရဟန်းတို့ကို လည်းကောင်း၊ များစွာသော ကုဋေမကသော နတ်, လူတို့အား လည်းကောင်း ဓမ္မစက်ကြာတရားကို ဟောတော်မူပေ၏။

ထိုသုမနမြတ်စွာဘုရားသည် အကုဋေ ၃ သိန်းသော တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် ရေဠီးစွာပါတိမောက် ပြတော်မူ၏။ ထိုမှတစ်ပါး ကဲ့နတောင်၌ အကုဋေ ၉ သိန်းသော တပည့်သားတော်

http://www.dhammadownload.com



ရဟန္တာအပေါင်းခြံရံလျက် ၂ ကြိမ်မြောက် ပါတိမောက် ပြတော်မူ၏။ ထိုမှတစ်ပါး အကုဋ္ဌေ ၁၈ သိန်းသော တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် ၃ ကြိမ်မြောက် ပါတိမောက် ပြတော်မူ၏။ ဤသို့လျှင် ၃ ကြိမ်မြောက်သော အစည်းအဝေးသည် ဖြစ်၏။

သုမနဘုရားလက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်သည် ကြီးသောတန်ခိုးအာနုဘော်ရှိသော 'အတုလ'အမည်ရှိသော နဂါးမင်း ဖြစ်တော်မူ၏။ ထိုနဂါးမင်းသည် လောကဓ္ဓ ဘုရား ဖြစ်တော်မူသော အကြောင်းကို ကြား၍၊ ဆွမျိုးအပေါင်းခြံရံလျက် နဂါးပြည်မှထွက်၍ အကုဋ္ဌေ ၁ သိန်းခြံရံလျက် နေတော်မူသော မြတ်စွာဘုရားအား နတ်၌ဖြစ်သော စည်၊ စောင်း၊ ငြင်းတို့ဖြင့် ကြွေးကြော်၍ ကြီးစွာသောအလှူကို ဖြစ်စေ၏။ အသစ်သော တစ်စုံသောပုဆိုးကို လှူ၍ သရဏဂုံဓ္ဓ တည်၏။ ထိုသုမနမြတ်စွာဘုရားလည်း အတုလနဂါးမင်းအား 'နောင်အခါ ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ် ကြားတော်မူပေ၏။

သုမနမြတ်စွာဘုရား ပြည်တော်ကား 'မေခလ'အမည်ရှိသောပြည်။ ခမည်းတော်ကား 'သုဒတ္တ'အမည်ရှိသောမင်း။ မယ်တော်ကား သိရိမာမိဖုရား။ မြောက်သားတော်ကား သုမနာ* မိဖုရား။ သားတော်ကား အနူပမ။ အမျိုးတော်ကား မင်းမျိုး။ စည်းစိမ် အနှစ် ၉ သောင်း။ ယာဉ်တော်ကား ဆင်။ ဒုက္ကရစရိယာ ၁၀ လ။ ပွင့်တော်မူသော ဗောဓိကား နာဂရုက္ခအမည် ရှိသော ကဲ့ကော်ပင်။ ပလ္လင်တော်ကား အတောင် ၆၀။ အရပ်တော်ကား အတောင် ၉၀။ အရောင်တော်ကား အမြဲမရှိ၊ အလိုတော်အတိုင်း နှံ့၏။ ရဟန်းယောကျ်ားလက်ယာရံ သရဏ။ လက်ဝဲရံ ဘာဂိတတ္တ။ အလုပ်အကျွေး ဥဒေန။ ရဟန်းမိန်းမ လက်ယာရံကား သောဏာ၊ လက်ဝဲရံ ဥပသောဏာ။ 'ဝရဏ၊ သရဏ' ဟူသော ဒကာယောကျ်ားအလုပ်အကျွေး ၂ ယောက်။ 'သာလာ၊ ဥပသာလာ'ဟူသော ဒကာမိန်းမအလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၉ သောင်းတာမိုးကို ၅ စု စု - ၁စုပစ် အသက်တော် ၇ သောင်း ၂ ထောင် နေတော်မူ၍၊ အင်္ဂါရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအရပ်၌ သုမနမြတ်စွာဘုရားဓာတ်တော်ကို ၄ ယူဇနာရှိသောစေတီ တည်၍ ဌာပနာလေ၏။ သာသနာတော်ကား သုမနဘုရားရှင်၊ ဘုရား ရှင်တပည့်တော်တို့ ကွယ်တော်မူသဖြင့် သာသနာတော် ကွယ်တော်မူလေ၏။

သုမန မြတ်စွာဘုရား ဗုဒ္ဓဝင်

* ဝဋ်သိကာ - ပထမငါးခုနှစ်ဆရာတော်၏ မဟာဗုဒ္ဓဝင်။

http://www.dhammadownload.com



## ရေဝတ မြတ်စွာဘုရား ဗုဒ္ဓဝင်

ထိုနောင် အနှစ် ၉ သောင်းမှ အစဉ်သဖြင့် ၁၀ နှစ်တိုင်အောင် ယုတ်ပြန်၍၊ ၁၀ နှစ်မှသည် အသချေ့် တိုင်အောင်နေ၍၊ အသချေ့်မှ ယုတ်ပြန်၍ အနှစ် ၆ သောင်း လူတို့နေသောအခါ၊ 'ရေဝတ' အမည်ရှိသော မြတ်စွာဘုရားသည် လောကဌ ထင်ရှားဖြစ်တော်မူ၏။

ထို ရေဝတ ဘုရားအလောင်းတော်သည် ပါရမီအဆုံးသို့ ရောက်၍၊ တုသိတာနတ်ပြည်၌ ဖြစ်၍၊ နတ်၏ အသက်အတိုင်းနေ၍၊ နတ်မှစုတေ၍၊ သုခညဝတီပြည်၌ 'ဝိပုလ'အမည်ရှိသောမင်း၏ မိဖုရား 'ဝိပုလာဒေဝီ'ဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် မယ်တော်ဝမ်းမှ ဖွားတော်မူ၍ အရွယ်သို့ ရောက်တော်မူပြီးသော်၊ သုဒဿန၊ ရတနဋ္ဌိ၊ အာဝေဠ' အမည်ရှိသော ပြာသာဒ် ၃ ဆောင်တို့၌ မြောက်သားတော် 'သုဒဿနာ' အမှူးရှိသော ၃ သောင်းသောအခြံအရံနှင့်တကွ အနှစ် ၁၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို ခံစံတော်မူလျက် 'ဝရဏ'အမည်ရှိသော သားတော်ကို ဖွ..၍၊ နိမိတ် ၄ ပါးကို မြင်သဖြင့် ရထားစီး၍ တောထွက်တော်မူ၏။ ၉၁ ကုဋေသောလူတို့သည်လည်း ဘုရားလောင်းသို့လိုက်၍ ရဟန်းပြုကုန်၏။

ထိုရဟန်းတို့ခြံရံလျက် ၇ လ ဒုက္ကရစရိယာကျင့်ပြီးမှ ကဆုန်လပြည့်နေ့ အညတရသူဌေးသမီးလှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သာလတောင် နေ့သန့်စင်တော်မူပြီးမှ ညချမ်းသောအခါ အာဇီဝကတစ်ဉီး လှူအပ်သော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၍၊ 'နာဂရုက္ခ'အမည်ရှိသော ကဲ့ကော်ပင်ကို လက်ယာရစ်လှည့်ပြီးသော် အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူ၍ ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ မြက်ပလ္လင်၌ နေတော်မူ၏။

ထိုအခါ မာရ်စစ်ကို နေမဝင်မီ အောင်တော်မူ၍၊ ညဉ့် ၃ ယံ၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ ဘုရားအဖြစ်သို့ ရောက်တော်မူပြီးသော်၊ ဥဒါန်း အနေကဇာတိကို ဆင်ခြင်တော်မူ၏။ ဗောဓိအနီး၌ သတ္တသတ္တာဟာကို လွန်စေ၏။ ၈ ကြိမ်မြောက်သောသတ္တာဟာ၌ တရားဟောစိမ့်သောငှာ ဗြဟ္မာတောင်းပန်လတ်သော် ဓမ္မစက္ကာတရားကို ဟောတော်မူပေ၏။

ထို ရေဝတမြတ်စွာဘုရားသည် ၃ ကြိမ်သော အစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ ရှေးဦးစွာသော အစည်းအဝေး၌ ရဟန်းအပေါင်းကား မရေတွက်နိုင်။ ၂ ကြိမ်မြောက်သော အစည်းအဝေး၌ ရဟန်းအပေါင်းကား အကုဋေ ၁ သိန်း။ ၃ ကြိမ်မြောက်လည်း အကုဋေ ၁ သိန်း။ ဤ ၃ ကြိမ်မြောက်သော အစည်းအဝေးသည် ဖြစ်၏။

ထို ရေဝတမြတ်စွာဘုရားလက်ထက်တော်၌ ငါတို့ ဘုရားအလောင်းတော်သည် 'အတိဒေဝ'အမည် ရှိသော ပုဏ္ဏား ဖြစ်တော်မူ၍ မြတ်စွာဘုရားတရားတော်ကို ကြား၍၊ သရဏဂုံ၌ တည်၍၊ ဦးခေါင်းထက်၌ လက်အုပ်ကို ချီ၍၊ မြတ်စွာဘုရား၏ ကိလေသာကို ပယ်ခြင်း၌ ကျေးဇူးကို ချီးမွမ်း၍ စံပယ်တင်သောစုလျား ဖြင့် ပူဇော်၏။

http://www.dhammadownload.com



ရေဝတမြတ်စွာဘုရားလည်း 'အတိဒေဝ'အမည်ရှိသောပုဏ္ဏားအား 'နောင် ဂေါတမဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ်ကြားတော်မူပေ၏။

ရေဝတမြတ်စွာဘုရား ပြည်တော်ကား 'သုဓညဝတီ' အမည်ရှိသော ပြည်။ ခမည်းတော်ကား 'ဝိပုလ' အမည်ရှိသောမင်း။ မယ်တော်ကား ဝိပုလာဒေဝီမိဖုရား။ မြောက်သားတော်ကား သုဒဿနမိဖုရား။ သားတော်ကား ဝရုဏ။ အမျိုးကား မင်းမျိုး။ စည်းစိမ် အနှစ် ၆၀၀၀။ ယာဉ်တော်ကား ရထား။ ဒုက္ကရစရိယာကား ၇ လ။ ပွင့်တော်မူသော ဗောဓိကား 'နာဂရုက္ခ'အမည်ရှိသော ကဲ့ကော်ပင်။ ပလ္လင်တော်ကား ၅၃ တောင်။ အရပ်တော်ကား အတောင် ၈၀။ ကိုယ်ရောင်တော် အမြဲမရှိ။ ရဟန်းယောကျ်ားလက်ယာရံ ဝရုဏ, လက်ဝဲရံ ဗြဟ္မဒေဝ။ အလုပ်အကျွေး သမ္ဘဝ။ ရဟန်းမိန်းမလက်ယာရံ ဘဒ္ဒါ, လက်ဝဲရံ သုဘဒ္ဒါ။ 'ပဒုမ, ကဉ္စရီ' ဟူသော ဒကာ ယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'သိရိမာ, ယသဝတီ' ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၆ သောင်းတမ်းကို ၅ စု - ၁ စုပစ် - ၄ သောင်း ၈ ထောင်[၁] နေတော်မူ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော် အကွဲအပြား။

ရေဝတ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- အနှစ် ၆ သောင်း - တထာဂတဥဒါနဒီယနီး။

http://www.dhammadownload.com



## သောဘိတ မြတ်စွာဘုရား ဗုဒ္ဓဝင်

ထိုနောင် အနှစ် ၆ သောင်းမှ အစဉ်သဖြင့် ၁၀ နှစ်တိုင်အောင်ယုတ်ပြန်၍၊ ၁၀ နှစ်ကသည် အသင်္ချေတိုင်အောင် နေ၍၊ အသင်္ချေမှယုတ်ပြန်၍ အနှစ် ၉ သောင်း[၁]။ လူတို့နေသောအခါ 'သောဘိတ'အမည်တော်ရှိသော မြတ်စွာဘုရားသည် လောကဥ်ထင်ရှားဖြစ်တော်မူ၏။ ထိုသောဘိတ မြတ်စွာဘုရားအလောင်းတော်သည် ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်း ပါရမီကိုဖြည့်၍၊ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ဖြစ်၍၊ နတ်၏ အသက်အတိုင်း နေမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ သုဓမ္မပြည်၌ သုဓမ္မမင်း၏မိဖုရား သုဓမ္မာဝမ်း၌ ပဋိသန္ဓေယူတော်မူလေ၍၊ ၁၀ လလွန်သဖြင့် ဖွားမြင်တော်မူ၍ အရွယ်သို့ရောက်ပြီးသော် 'သုကုရာ, နာဠိ[၂], ပဒုမ အမည်ရှိသော ပြာသာဒ် ၃ ဆောင်၌ မြောက်သားတော် မခီလ[၃] မိဖုရား အမှူးရှိသော ၄ သောင်း ၆ ထောင်သော မောင်းမအပေါင်းခြံရံလျက်၊ အနှစ် ၉ သောင်းပတ်လုံး မင်း၏စည်းစိမ် ခံစံတော်မူလျက် သီဟကုမာရမင်းသားကို ဖွား၍၊ နိမိတ် ၄ ပါးမြင်သဖြင့် ပြာသာဒ်၌ပင် အာနာပါနကမ္မဋ္ဌာန်းကို ပွား၍၊ ၄ ပါးသောစျာန်တို့ကို ရ၍၊ ထိုပြာသာဒ်၌ပင်လျှင် ၇ ရက် ဒုက္ကရစရိယာ ကျင့်၍၊ မြောက်သားတော် မခီလမိဖုရား လှူအပ်သော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ တောထွက်လိုသောစိတ်တော် ရှိသည်ဖြစ်၍၊ တန်ဆာဆင်ခြင်းနှင့် စပ်သော ဤပြာသာဒ်သည် လူများမြင်စဉ်လျှင် ကောင်းကင်ဖြင့် သွား၍၊ ဗောဓိအနီး၌ တည်၍၊ ပြာသာဒ်မှ သက်တော်မူသည်နှင့်တကွ မြေကြီးသည် ၈၈ တောင် စုန့်စုန့်တက်၍၊ ထိုပလ္လင်၌ ထက်ဝယ်ခွေ၍ နေတော်မူပြီးမှ၊ ပြာသာဒ်သည် မြေသို့သက်၍ တည်၏။ မောင်းမအခြွေအရံ အပေါင်းတို့သည်လည်း ပြာသာဒ်မှသက်၍ သွားကုန်၏။

သောဘိတဘုရားသည် လူများအပေါင်းခြံရံလျက် ညဉ့်၏ ၃ ယံဖြင့် ဝိဇ္ဇာ ၃ ပါးကို ဖြစ်စေ၏။ မာရ်စစ်ဓမ္မတာ။ ပြာသာဒ်လည်း ထိုအရပ်၌ တည်၏။ သောဘိတဘုရား ဖြစ်တော်မူ၍ ဥဒါန်းစကားကို မိန့်တော်မူ၏။ ဗောဓိအနီး၌ သတ္တသတ္တာဟကို လွန်စေ၍၊ တရားဟောစိမ့်သောငှာ ဗြဟ္မာသည် တောင်းပန်လတ်သော် အခွင့်ပေးတော်မူ၍၊ 'ရှေးဦးစွာ အဘယ်သူအား ဟောရအံ့နည်း'ဟု ဒီဗ္ဗစက္ခုဉာဏ်ဖြင့် ကြည့်တော်မူသော်၊ အသမသတို့သားကို လည်းကောင်း, သုနေတ္တ သတို့သားကို လည်းကောင်း မြင်တော်မူ၍၊ 'ဤသတို့သား ၂ ယောက်သည် နက်နဲသောပညာနှင့် ပြည့်စုံ၏။ တရားကိုသိခြင်းငှာ စွမ်းနိုင်၏။ ယခု ငါသည် ဤသတို့သားတို့ကို ရှေးဦးစွာ ဟောအံ့'ဟူ၍၊ ကောင်းကင်ဖြင့် သွား၍ သုမေဥယျာဉ်၌ သက်တော်မူ၍၊ ''သတို့သား ၂ ယောက်တို့ကို ခေါ်ချေ''ဟု ဥယျာဉ်စောင့်ကို စေတော်မူ၍၊ အခြံအရံနှင့်တကွ ခြံရံလျက် လူများတို့၏အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူပေ၏။

၁- အနှစ် ၁ သိန်း။ တထာဂတဥဒါနဒီပနီ။ ၂- မဒီလာ။ ဆဋ္ဌမ္မ - ဗုဒ္ဓဝင်အဋ္ဌကထာ။
၃- ကုမုဒ, နာဠိန။ ဆဋ္ဌမ္မဗုဒ္ဓဝင်ပါဠိတော်။

http://www.dhammadownload.com



သောဘိတမြတ်စွာဘုရား၌ ၃ ကြိမ်သော အစည်းအဝေးသည် ဖြစ်၏။ ရှေးဦးစွာသောအစည်းအဝေး၌ ရဟန်းအပေါင်း ကုဋေ ၁၀၀။ ဒုတိယအစည်းအဝေး၌ ကုဋေ ၉၀။ တတိယအစည်းအဝေး၌ ကုဋေ ၈၀။ ဤ အစည်းအဝေးတို့ဖြင့် ၃ ကြိမ်မြောက် ပါတိမောက် ပြတော်မူ၏။

ထို သောဘိတမြတ်စွာဘုရား လက်ထက်၌ ငါတို့ဘုရားအလောင်းတော်သည် အဓိတပုဏ္ဏား ဖြစ်တော် မူ၍၊ ဘုရားအမှူးရှိသော သံဃာအပေါင်းကို ဆွမ်းကျွေး၍ ကြီးစွာသောအလှူကို လှူ၏။ မြတ်စွာဘုရားလည်း 'နောင် ဂေါတမဘုရား ဖြစ်လတ္တံ့' ဟု ဗျာဒိတ်ပေးတော်မူ၏။

သောဘိတမြတ်စွာဘုရား ပြည်တော်ကား သုဓမ္မပြည်။ ခမည်းတော်ကား 'သုဓမ္မ' အမည်ရှိသော မင်း။ မယ်တော်ကား သုဓမ္မာမိဖုရား။ မြောက်သားတော် မခိလမိဖုရား။ သားတော်ကား သီဟကုမာရ။ အမျိုးတော် ကား မင်းမျိုး။ မင်းစည်းစိမ် အနှစ် ၉ သောင်း။ ယာဉ်တော် ပြာသာဒ်။ ဒုက္ကရစရိယာ ၇ ရက်။ ပွင့်တော်မူသော ဗောဓိကား 'နာဂရုက္ခ' အမည်ရှိသော ကဲ့ကော်ပင်။ ပလ္လင်တော် ၃၈ တောင်။ အရပ်တော်ကား ၅၈ တောင်။ အရောင်တော် အမြဲမရှိ။ ရဟန်းယောကျ်ားလက်ယာရံ အသမ, လက်ဝဲရံ သုနေတ္တ။ အလုပ်အကျွေး အနောမ။ ရဟန်းမိန်းမ လက်ယာရံ နကုလာ, လက်ဝဲရံ သုစာတာ။ 'ရမ္မ, သုဒတ္တ' ဟူသော ဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'နကုလာ, စိတ္တာ' ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၉ သောင်းတမ်းကို ၅ စု - ၁ စုပစ် ၇ သောင်း ၇ ထောင် အသက်နေတော်မူ၍၊ သီတာရာမ၌ ပရိနိဗ္ဗာန် ပြုတော် မူ၏။ ဓာတ်တော် အကွဲအပြား။

သောဘိတ မြတ်စွာဘုရား ဗုဒ္ဓဝင်

http://www.dhammadownload.com



## အနောမဒဿီ မြတ်စွာဘုရား ပုဒ္ဓဝင်

ဤသို့လျှင် ဖယအသချေါထက်၌ မင်္ဂလာဘုရား, သုမနာဘုရား, ရေဝတဘုရား, သောဘိတဘုရား၊ ဤ ၄ ဆူသာ ပွင့်တော်မူ၍ ကာလလွန်သဖြင့် ဖယအသချေါ ကုန်မြဲလေမှ ရှစ်ယအသချေါ ဖြစ်ပြန်၏။ ထိုရှစ်ယ အသချေါထက် တစ်ခုသော ဝရကမ္ပာ၌ 'အနောမဒဿီ, ပဒုမ, နာရဒ' အမည်တော်ရှိသော ၃ ဆူသော ဘုရားတို့သည် ဖြစ်တော်မူကုန်၏။

ထို ၃ ဆူသောဘုရားတို့တွင် အနောမဒဿီ ဘုရားလောင်းတော်သည် ၁၆ အသချေါနှင့် ကမ္ဘာ ၁ သိန်း ပါရမီတို့ကိုဖြည့်တော်မူ၍၊ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ ဖြစ်၏။ နတ်၏အသက်အတိုင်းနေပြီးမှ နတ်တို့ တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ စန္ဒဝတီပြည်၌ 'ယသဝါ' အမည်ရှိသော မင်း၏မိဖုရား ယသော ဓရာဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။ ပဋိသန္ဓေ ယူတော်မူသည်ရှိသော် မယ်တော်ဝမ်းကား ဘုရားလောင်း ဘုန်းတော်ကြောင့် အရောင်သည် အတောင် ၈၀ အတိုင်းအရှည်ရှိသော အရပ်ကို နှံ့စေ၍ တည်၏။

၁၀ လလွန်သဖြင့် ဖွားမြင်တော်မူ၍၊ အမည်မှည့်အံ့သောနေ့၌ ဖွားတော်မူစဉ်အခါ ကောင်းကင်မှ ရတနာ ၇ ပါးတို့သည် ကျကုန်သဖြင့် 'အနောမဒဿီ' ဟူသောအမည်ကို မှည့်ကုန်၏။ အရွယ်သို့ရောက်လတ်သော် 'သိရီ, ဥပသိရီ, သိရိဝမု' အမည်ရှိသော ပြာသာဒ် ၃ ဆောင်၌ သိရိမာဒေဝီမိဖုရား အမှူးရှိသော ၂ သောင်း ၃ ထောင်သော မောင်းမအပေါင်းခြံရံလျက် အနှစ် ၁၀၀၀ ပတ်လုံး မင်းစည်းစိမ်ကို ခံစံပြီးမှ၊ 'ဥပဝါရဏ'[၁] အမည်ရှိသောသားတော်ကို ဖွား၍၊ နိမိတ် ၄ ပါးမြင်သဖြင့် ထမ်းစင်စီး၍ တောထွက်တော်မူ၏။ ရဟန်းပြုတော် မူသောအဆုံး၌ လူတို့သည် လိုက်၍ ရဟန်း ပြုကုန်၏။

ထိုရဟန်းအပေါင်းခြံရံလျက် ၁၀ လ ဒုက္ကရစရိယာကျင့်တော်မူပြီးမှ ကဆုန်လပြည့် နေ့၌ အနုပမပုဏ္ဏား ရွာ၌ ဆွမ်းခံ ဝင်တော်မူ၍၊ အနုပမာသူဌေးသမီး လျှုအပ်သော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍ သာလတောင်၌ နေသန့်စေတော်မူပြီးမှ၊ 'အန္ဆောမန' အမည်ရှိသော အာဇီဝကလျှုသော မြက် ၈ ဆုပ်ကို ကိုင်တော်မူ၍၊ ဗောဓိ ပင်သို့ ကပ်တော်မူ၍၊ 'အဇ္ဇုနရုက္ခ'အမည်ရှိသော ဖောက်ကြဲပင်ကို လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ ထက်ဝယ်ဖွဲ့တော်မူ၍၊ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ဝီရိယကို ဆောက်တည်၍၊ အရပ်တော် ၅၈ တောင်နှင့် လျောက်ပတ်သော အချင်း ၃၈ တောင်ရှိသော ရတနာရွှေပလ္လင်ထက် အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာဘုံ ၃ ပါးကို ရတော်မူ၍၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းစကားကို မိန့်တော်မူ၍၊ ဗောဓိအနီး၌ သတ္တသတ္တာဟကို လွန်စေပြီးသော်၊ ဗြဟ္မာတောင်းပန်

၁- ဥပဝါဏ - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး။

http://www.dhammadownload.com



သဖြင့် ခွင့်ပေးတော်မူပြီးမှ တရားဟောခြင်းငှာ သဗ္ဗညုတဉာဏ်ဖြင့် ကြည့်တော်မူလတ်သော်၊ မြတ်စွာဘုရားနှင့်တကွ ရဟန်းပြုသောရဟန်းတို့သည် ဥပနိဿယနှင့်ပြည့်စုံသည်ကို မြင်တော်မူ၍၊ 'အဘယ်အရပ်၌ နေသနည်း' ဟု စုံစမ်းလတ်သော်၊ သုဘဝတီပြည်အနီး၌ သုဒဿနဥယျာဉ်၌နေသည်ကို မြင်တော်မူလတ်သော်၊ ကောင်းကင်ဖြင့် ကြွတော်မူ၍ ဥယျာဉ်၌ သက်တော်မူ၏။ ထိုရဟန်းတို့ခြံရံလျက် နတ်,လူတို့၏အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူပေ၏။

ထိုအနောမဒဿီဘုရား၏လည်း ၃ ကြိမ်သောအစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ပထမအစည်းအဝေးကား ကုဋေ ၁၀၀။ ဒုတိယအစည်းအဝေးကား ကုဋေ ၉၀။ တတိယအစည်းအဝေးကား ကုဋေ ၈၀။ ဤ ၃ ကြိမ်သော အစည်းအဝေးတို့၏အလယ်၌ ၃ ကြိမ်တိုင် ပါတိမောက် ပြတော်မူ၏။

အနောမဒဿီဘုရား လက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်သည် ကြီးသောတန်ခိုးအာနုဘော် ရှိသော ကုဋေ ၁ သိန်းမကသော ဘီလူးတို့ကိုအစိုးရသော နာဂိပွ ဘီလူးစစ်သူကြီး[၁] ဖြစ်တော်မူ၏။

'လောက၌ ဘုရား ဖြစ်တော်မူသည်' ဟုကြားသောကြောင့် လာလတ်၍၊ ရတနာ ၇ ပါးတို့ဖြင့်ပြီးသော မဏ္ဍပ်ကို ဖန်ဆင်း၍၊ ထိုမဏ္ဍပ်၌ ၇ ရက်ပတ်လုံး ဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသောအလှူကို ပေး၏။ မြတ်စွာဘုရား အနုမောဒနာပြုသောအခါ 'နောင် အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းအထက်၌ ဂေါတမဘုရား ဖြစ်တော်မူလတ္တံ့' ဟု ဗျာဒိတ်ပေးတော်မူ၏။

အနောမဒဿီဘုရား ပြည်တော်ကား စန္ဒဝတီပြည်။ ခမည်းတော်ကား 'ယသဝါ' အမည်ရှိသော မင်း။ မယ်တော်ကား ယသောဓရာမိဖုရား။ မြောက်သားတော် သီရိမာမိဖုရား။ သားတော်ကား ဥပဝါရဏ။ အမျိုးတော်ကား မင်းမျိုး။ မင်းစည်းစိမ် အနှစ် ၁၀၀၀။ ယာဉ်တော် ထမ်းစင်။ ဒုက္ကရစရိယာ ၁၀ လ။ ပွင့်တော်မူသော ဗောဓိကား 'အဇ္ဈုန' အမည်ရှိသော ဖောက်ကြေပင်။ ပလ္လင်တော် ၃၈ တောင်။ အရပ်တော်ကား ၅၈ တောင်။ အရောင်တော် အမြဲမရှိ အလိုရှိတိုင်း ပျံ၏။ ရဟန်းယောကျ်ား လက်ယာရံ နိသဘ, လက်ဝဲရံ အနောမ။ အလုပ်အကျွေး ဝရဏ။ ရဟန်းမိန်းမ လက်ယာရံ သုနှရီ, လက်ဝဲရံ သုမနာ။ 'နန္ဒိဝမှ, သိရိဝမှ' ဟူသော ဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'ဥပလာ[၂], ပဒုမွာ' ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၈ သောင်း[၃] နေတော်မူ၍၊ ဓမ္မာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအရပ်၌ပင် အနောမဒဿီမြတ်စွာဘုရားဓာတ်တော်ကို အချင်း ၂၅ တောင် ထူပါရုံတည်၍ ဌာပနာ လေ၏။ အနောမဒဿီ ဘုရားအထံတော်၌ ရှင်သာရိပုတ္တရာ, မောဂ္ဂလာန် ၂ ပါးတို့သည် အဂ္ဂသာဝကဆုကို တောင်းသတည်း။

### အနောမဒဿီ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- အဇ္ဈကထာ၌ အမည်မပါ။ 'ယက္ခသေနာပတိ' ဟုသာ လာ၏။

၂- ဥပဂုလာ - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

၃- အသက်တော်ကား အနှစ် ၁ သိန်း - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



## ပဒုမ မြတ်စွာဘုရား ဟုဒ္ဓဝင်

ထိုနောင် အနှစ် ၁ သိန်းမှသည် အစဉ်သဖြင့် ၁၀ နှစ်တိုင်အောင် ယုတ်၍၊ ၁၀ နှစ်မှသည် အစဉ်သဖြင့် မွားရ၍၊ အသင်္ချေတိုင်အောင် နေ၍၊ လူတို့အသက် ၁ သိန်းနေသောအခါ ပဒုမမြတ်စွာဘုရားသည် လောကဌ ထင်ရှားဖြစ်တော်မူ၏။ ထို ပဒုမဘုရား အလောင်းတော်သည် ပါရမီအဆုံးဌ တုသိတာနတ်ပြည်ဌ ဖြစ်၍၊ နတ်၏အသက်အတိုင်း နေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ စမ္ဘကပြည်ဌ အသမမင်း၏မိဖုရား အသမာဒေဝီဝမ်းဌ ဝင်္ကိုသန္ဓေ ယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် စမ္ဘကဥယျာဉ်ဌ ဖွားတော်မူ၏။

သတို့သား ဖွားသည်ရှိသော် အလုံးစုံသော ဇမ္ဗူဒီပါကျွန်းဌ သမုဒ္ဒရာအဆုံးရှိသော ကောင်းကင်မှ ပဒုမ္မာမိုး ကျ၏။ ထို့ကြောင့် အမည်မှည့်အံ့သောနေ့ဌ နိမိတ်ဖတ်တတ်သောသူတို့သည် လည်းကောင်း, အဆွေအမျိုးတို့သည် လည်းကောင်း ထိုမင်းသားအား 'မဟာပဒုမသတို့သား' ဟူသောအမည်ကို မှည့်ကုန်၏။

ထိုမင်းသားသည် အရွယ်သို့ရောက်ပြီးသော်၊ 'နန္ဒ, ဝသုယ, သုတ္တရ'[၁] အမည်ရှိသော ပြာသာဒ် ၃ ဆောင်ဌ ဥတ္တရာဒေဝီမိဖုရား အမှူးရှိသော ၃ သောင်း ၃ ထောင်သော မောင်းမအပေါင်းခြံရံလျက်၊ အနှစ် ၁၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို စံစားလျက် 'ရမ္မ' အမည်ရှိသောသားကို ဖွား၍၊ နိမိတ် ၄ ပါးမြင်သဖြင့် အာဇာနည်မြင်းက,သော ရထားယာဉ် စီး၍ တောထွက်တော်မူ၏။ ဘုရားလောင်း ရဟန်းပြုပြီးသောအဆုံးဌ ၁ ကုဋေသော ယောကျ်ားတို့သည် လိုက်၍ ရဟန်းပြုကုန်၏။

ဘုရားလောင်းသည် ထိုရဟန်းတို့ခြံရံလျက် ၈ လ ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ ကဆုန်လပြည့်နေ့ ဓညဝတီပြည်ဌ ဓညဝတီ[၂]သူဌေးသမီး ဓညဝတီလှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပြီးသော်၊ သဟကာသဟကာရ[၃]တောဌ နေ့သန့်စေတော်မူ၍၊ ညချမ်းအခါဌ တိတ္ထကအာဇီဝက လှူသော မြက် ၈ ဆုပ်တို့ကိုကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၍၊ 'မဟာသောဏ' အမည်ရှိသော ကြောင်လျှာကြီးပင်[၄]ကို လက်ယာရစ်လှည့်ပြီးသော် အရှေ့ထောင့်အရပ်ဌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ မြက်ပလ္လင်ဌ ထက်ဝယ်ဖွဲ့တော်မူ၍ အင်္ဂါ ၄ ပါးရှိသော ဝီရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် ၅၈ တောင်နှင့် လျောက်ပတ်သော အချင်း ၄၈ တောင်ရှိသော ရတနာရွှေပလ္လင်ထက် အရှေ့ဗောဓိခက်အရိပ်ဌ နေတော်မူ၏။

ထိုအခါ မာရ်စစ်ကိုအောင်တော်မူပြီးသော်၊ ညဉ့် ၃ ယံတို့ဌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူပြီးသော်၊ 'အနေကဇာတိ' အစရှိသောဥဒါန်းကို ဖြစ်စေ၍ ဗောဓိအနီးဌ သတ္တသတ္တာဟကို လွန်စေပြီးသော်၊ ဗြဟ္မာ တောင်းပန်သဖြင့်

၁- နန္ဒတ္တရ၊ ဝသုတ္တရ၊ ယသုတ္တရရ - ပထမငါးခုနှစ်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

၂- သုဓညဝတီ - ပထမငါးခုနှစ်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။ အဋ္ဌကထာဌ နန္ဒုတ္တရ၊ ဝသုတ္တရ၊ ယသုတ္တရ ဟုရှိ၏။

၃- မဟာသာလဝနေ ဟု အဋ္ဌကထာဌ ရှိ၏။

၄- ကြောင်လျှာငယ်ပင် - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



ရှေးဦးစွာ တရားနာကိုစုံစမ်းလတ်သော်၊ မြတ်စွာဘုရားနှင့် အတူတကွ ရဟန်းပြုကုန်သော ၁ ကုဋေသော ရဟန်းတို့ကို မြင်တော်မူ၍၊ ထိုခဏခဏ်လျှင် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍၊ ခညဝတီပြည်၏အနီး သေခဉ္ဉ ဥယျာဉ်၌[1] သက်တော်မူ၍၊ ထိုရဟန်းတို့ ခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူပေး၏။

ထိုပဒုမဘုရားအား ၃ ကြိမ်သော အစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ ရဟန်းအပေါင်း ကုဋေ ၁ သိန်း။ ဒုတိယအစည်းအဝေး၌ ရဟန်းအပေါင်း ကုဋေ ၃ သိန်း။ တတိယအစည်းအဝေး၌ကား ရွာမရှိသော တောအုပ်၌နေသော ရဟန်းတို့သည် ၂ သိန်း။ ဤအစည်းအဝေး ၃ ကြိမ်တို့၌ ပါတိမောက်ပြတော်မူ၏။

တတိယအစည်းအဝေးဖြစ်သော ထိုတောအုပ်၌ ပဒုမမြတ်စွာဘုရား နေတော်မူစဉ်၊ ငါတို့ဘုရားအလောင်းတော်သည် ခြင်္သေ့မင်း ဖြစ်တော်မူ၍၊ ပဒုမမြတ်စွာဘုရားအား နိရောဓသမာပတ်ဝင်၍ နေတော်မူသည်ကို မြင်သော်၊ ကြည်ညိုသောစိတ်ဖြင့် ရှိခိုး၍၊ လက်ယာရစ် လှည့်၍၊ ခြင်္သေ့သံဖြင့် ၃ ကြိမ် ဟောက်၍၊ ၇ ရက်ပတ်လုံး 'ဘုရား'တည်းဟူသော အာရုံကို မစွန့်မူ၍၊ နှစ်လိုဝမ်းသာဖြင့် ကျက်စားအံ့သောငှာ မသွားမူ၍၊ 'အသက်'တည်းဟူသော စွန့်ကြဲခြင်းကို စွန့်၍ ဆည်းကပ်လျက် တည်၏။

မြတ်စွာဘုရားလည်း ၇ ရက်လွန်သဖြင့် နိရောဓသမာပတ်မှ ထတော်မူ၍၊ ခြင်္သေ့မင်းကို ကြည့်၍၊ 'ရဟန်းသံဃာအပေါင်း၌ စိတ်ကို ကြည်ညိုစေ၍ သံဃာတို့အား ရှိခိုးရလတ္တံ့ဟု ရဟန်းသံဃာသည် လာစေသတည်း'ဟု ကြို၏။ ထိုခဏခဏ်ပင်လျှင် ရဟန်းသံဃာအပေါင်းတို့သည် လာကုန်၏။ ခြင်္သေ့မင်းလည်း ရဟန်းသံဃာအပေါင်း၌ စိတ်သည် ကြည်၏။

မြတ်စွာဘုရားလည်း 'ခြင်္သေ့မင်း၏စိတ်သည် ကြည်၏။ နောင် ဂေါတမဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။

ပဒုမမြတ်စွာဘုရား ပြည်တော်ကား 'စမ္မက'အမည်ရှိသောပြည်။ ခမည်းတော်ကား 'အသမ'အမည်ရှိသော မင်း။ မယ်တော်ကား အသမာဒေဝီ။ မြောက်သားတော် ဥတ္တရာဒေဝီ။ သားတော်ကား 'ရမ္မ'အမည်ရှိသော မင်းသား။ အမျိုးတော် မင်းမျိုး။ မင်းစည်းစိမ် အနှစ် ၁ သောင်း။ ဒုက္ကရစရိယာ ၈ လ။ ပွင့်တော်မူသော ဗောဓိကား မဟာသောဏ အမည်ရှိသော ကြောင်လျှာကြီးပင်။ ပလ္လင်တော် ၄၈ တောင်။ အရပ်တော် ၅၈ တောင်။ အရောင်ကား အမြဲမရှိ၊ အလိုတော်အတိုင်း။ ရဟန်းယောကျ်ား လက်ယာရံ သာလ၊ လက်ဝဲရံ ဥပသာလ။ အလုပ်အကျွေး ဝရဏ။ ရဟန်းမိန်းမ လက်ယာရံ ရာဓာ၊ လက်ဝဲရံ သုရာဓာ။ 'အဘိယျ၊ အသမ' ဟူသော ဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'ရုစိ၊ နန္ဒရာမာ' ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၈ သောင်း နေတော်မူ၍၊ ဓမ္မာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတ်တော် အကွဲအပြားမရှိ။

## ပဒုမ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- အဋ္ဌကထာ၌ 'ဓနဉ္ဇယ' ဥယျာဉ်ဟု ရှိ၏။

http://www.dhammadownload.com



## နာရဒ မြတ်စွာဘုရား ဗုဒ္ဓဝင်

ပဒုမမြတ်စွာဘုရားသာသနာတော် ကွယ်သည်ရှိသော် လူတို့အသက် အနှစ် ၁ သိန်းကသည် အစဉ်သဖြင့် ယုတ်၍ ၁၀ နှစ်တိုင်မှတဖန် ပွားပြန်၍၊ အသင်္ချေတိုင်အောင် အသက် နေပြန်၏။ အသင်္ချေကမှ ယုတ်ပြန်၍ လူတို့အသက် ၉၀၀၀[၁] နေသောအခါ၊ နာရဒမြတ်စွာဘုရားသည် လောကဋ္ဌ ထင်ရှားဖြစ်တော်မူ၏။

ထို နာရဒဘုရားအလောင်းတော်သည် ၄ အသင်္ချေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံး ပါရမီကို ဖြည့်၍၊ ပါရမီအဆုံးသို့ ရောက်လတ်သော် တုသိတာနတ်ပြည်၌ ဖြစ်၍၊ နတ်၏အသက်အတိုင်းနေပြီးမှ နတ်တို့ တောင်းပန်သဖြင့် နတ်ပြည်မှ စုတော၍၊ ဓညဝတီပြည်၌ သုဒေဝမင်း၏မိဖုရား အနောမာဒေဝီဝမ်း၌ ပဋိသန္ဓေယူ၍၊ ၁၀ လလွန်သဖြင့် ဧနဥယျာဉ်၌ ဖွားတော်မူ၍၊ အမည်မှည့်အံ့သောနေ့၌ ဖမ္ဗူဒီပါကျွန်းအလုံး ပဒေသာပင် စသည်တို့၌ ဖြစ်ကုန်သော တန်ဆာတို့သည် ကောင်းကင်မှ ကျကုန်၏။ လူတို့အသုံးအဆောင်ဖြစ်ကုန်သော တန်ဆာတို့သည် မလျောက်ပတ်ကုန်။ ထိုကြောင့် လူတို့တန်ဆာကို ထိုသူငယ်အား မဧပေးကုန်။ ကောင်းကင်မှကျသော တန်ဆာတို့ကိုသာ ပေးကုန်၏။ ထို့ကြောင့် 'နာရဒ' ဟူသော သတို့သားအမည်ကို မှည့်ကုန်၏။

ထိုနာရဒသတို့သားသည် အရွယ်သို့ရောက်ပြီးသော် 'ဝိဇိတော, ဝိဇိတာဝီ, ဝိဇိတာဘိရာမ' အမည်ရှိသော ဥတု ၃ ပါးနှင့် လျောက်ပတ်သော ပြာသာဒ် ၃ ဆောင်၌ ဝိဇိတသေနာဒေဝီ အမှူးရှိသော ၄ သောင်းသော မောင်းမ အပေါင်းခြံရံလျက်၊ အနှစ် ၉၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ခံကို ခံစံတော်မူလျက် အနုတ္တရ[၂]မင်းသားကို ဖွား၍၊ နိမိတ် ၄ ပါး မြင်သဖြင့် အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော စစ်သည်အပေါင်းခြံရံလျက် ခြေဖြင့် သွားတော်မူ၍၊ ဥယျာဉ်၌ တောထွက်တော်မူ၏။ ဘုရားလောင်းရဟန်းပြုပြီးသော် ၁ သိန်းသောယောကျ်ားတို့သည် လိုက်၍ ရဟန်းပြုကုန်၏။

ထိုနာရဒဘုရားလောင်းသည် ဥယျာဉ်၌ပင် ၇ ရက် ဒုက္ကရစရိယာကျင့်တော်မူပြီးမှ ကဆုန်လပြည့်နေ့၌ မြောက်သားတော် ဝိဇိတသေနာ အမည်ရှိသော မိဖုရားလျှုအပ်သော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ ထိုဥယျာဉ်၌ပင် နေ့သန့်စင်တော်မူပြီးမှ သုဒဿနဥယျာဉ်ကို စောင့်သော ရာမ လှုအပ်သော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူ၍၊ 'မဟာသောဏ'အမည်ရှိသော ကြောင်လျှာကြီးပင်ကို လက်ယာရစ်လှည့်၍၊ အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်၌ ထက်ဝယ်ဖွဲ့၍ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝီရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် ၈၀ နှင့် လျောက်ပတ်သော အချင်း ၅၇ တောင်ရှိသော ရတနာရွှေပလ္လင်ထက် ဗောဓိပင်ကို တံကဲ့ဖြ၍ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ မာရ်စစ်ကို နေမဝင်မီအောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါးကို ပြည့်စေ၍၊ သဗ္ဗညုတဉာဏ်ကို သိတော်မူပြီးသော် 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို ရွတ်တော်မူ၏။ ဗောဓိအနီး သတ္တသတ္တာဟ

၁- ၉၀၀၀ - စာတော်မူ။ ၉ သောင်း - ပထမ ငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။
၂- နနုတ္တရ - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။ ဗုဒ္ဓဝင်အဋ္ဌကထာ။

http://www.dhammadownload.com



ကို လွန်စေပြီးသော်၊ ဗြဟ္မာသည် တောင်းပန်သဖြင့် ခွင့်ပေးတော်မူ၍၊ ဓနဉ္ဇယဥယျာဉ်၌ မြတ်စွာ ဘုရားနှင့်အတူ ရဟန်းပြုကုန်သော ၁ သိန်းသောရဟန်းတို့သည် ခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူပေ၏။

နာရဒမြတ်စွာဘုရားအား သာဝကအစည်းအဝေးသည် ၃ ကြိမ် ဖြစ်၏။ ပထမအစည်းအဝေးကား ရဟန်းအပေါင်း ကုဋေ ၁ သိန်း။ ဒုတိယအစည်းအဝေး၌ ရဟန်းအပေါင်း ကုဋေ ၉ သိန်း[၃]။ တတိယအစည်းအဝေး၌ ကုဋေ သိန်း ၈၀[၂]။ ဤအစည်းအဝေးတို့၌ ပါတိမောက် ၃ ကြိမ် ပြတော်မူ၏။

နာရဒမြတ်စွာဘုရားလက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်သည် ရသေ့ရဟန်း ပြုတော်မူ၍၊ အာဠာဠာ ၅ ပါး, သမာပတ် ၈ ပါးနှင့် ပြည့်စုံသည်ဖြစ်၍ ဟိမဝန္တာ၌ သခိမ်းဖြင့် နေ၏။ ထိုအခါ နာရဒမြတ်စွာဘုရားသည် ကုဋေ ၈၀ သော ရဟန္တာ, အနာဂါမိဖိုလ်၌တည်သော ၁ ကျိပ်သော ဥပါသကာ ခြံရံလျက် ထိုသခိမ်းသို့ ကြွတော်မူ၏။ ဘုရားလောင်းရှင်ရသေ့လည်း နာရဒမြတ်စွာဘုရားကိုမြင်၍ ဝမ်းမြောက်ဝမ်းသာ မြတ်စွာဘုရားကို နေတော်မူစိမ့်သောငှာ သခိမ်းကို ဖန်ဆင်း၍၊ တစ်ညဉ့်ပတ်လုံး မြတ်စွာဘုရား ကျေးဇူးတော်ကို ချီးမွမ်း၍၊ ဘုရားတရားကို ကြား၍၊ မိုးသောက်သောနေ့၌ ဥတ္တရကုရုကျွန်းသို့ သွား၍၊ ဆွမ်းကို ဆောင်၍၊ အခြံအရံနှင့်တကွ မြတ်စွာဘုရားကို ဆွမ်း,အဖျော်ဖြင့် ကြီးစွာသောအလှူကို လှူ၏။ ဤအတူ ၇ ရက်ပတ်လုံး ကြီးစွာသောအလှူကို ပေး၍၊ ဟိမဝန္တာမှ အဖိုးအတိုင်းမသိသော စန္ဒကူးနီကို ဆောင်ချေ၍ ထိုစန္ဒကူးဖြင့် မြတ်စွာဘုရားကို ပူဇော်၏။

နာရဒမြတ်စွာဘုရားလည်း 'နောင်အခါ ဂေါတမဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။ ဘုရားလောင်းရှင်ရသေ့လည်း ဗျာဒိတ်တော်ကို ကြားလျှင် အတိုင်းထက်အလွန် စိတ်ကို ရွှင်စေ၍၊ ပါရမီ ၁၀ ပါးတို့ကို ဖြည့်၍ အသက်၏အဆုံး၌ ကံအလျောက် ဖြစ်လေ၏။

နာရဒမြတ်စွာဘုရားပြည်တော်ကား ဓညဝတီပြည်။ ခမည်းတော်ကား 'သုဒေဝ' အမည်ရှိသော စကြဝတေးမင်း။ မယ်တော်ကား အနောမာဒေဝီမိဖုရား။ မြောက်သားတော်ကား ဝိဇိတသေနာဒေဝီမိဖုရား။ သားတော်ကား အနုတ္တရမင်းသား။ အမိုးတော်ကား မင်းမိုး။ ယာဉ်တော် ခြေဖြင့်ကြွတော်မူသည်။ ဒုက္ကရစရိယာ ၇ ရက်။ ပွင့်တော်မူသော ဗောဓိကား 'မဟာသောဏ'အမည်ရှိသော ကြောင်လျှာကြီးပင်။ ပလ္လင်တော် ၅၂ တောင်။ အရပ်တော်ကား အတောင် ၈၀။ ရောင်တော် အမြဲလျှင် ၁ ယူဇနာအရပ်ကို နှံ့စေ၏။ ရဟန်းယောကျ်ား လက်ယာရံ ဘဒ္ဒသာလ, လက်ဝဲရံ ဇိတမိတ္တ။ အလုပ်အကျွေး ဝါသေဋ္ဌ။ ရဟန်းမိန်းမ လက်ယာရံ ဥတ္တရာ, လက်ဝဲရံ ဖဂ္ဂုနီ။ 'ဥဂ္ဂဒိန်္ဓ, ဝဿ' ဟူသော ဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'ဂ္ဂန္ဓဝရီ, စန္ဒီ' ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၉ သောင်းကို ၅ စု - ၁ စုပစ်။ အနှစ် ၂ သောင်း ၂ ထောင် အသက်တော်နေ၍ သုဒဿနပြည်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုအရပ်၌ပင် မြတ်စွာဘုရားဓာတ်တော်ကို ၄ ယူဇနာရှိသော ထူပါရုံတည်၍ ဌာပနာလေ၏။ နာရဒမြတ်စွာဘုရား သာသနာတော် အနှစ် ၉ သောင်း ၅ ထောင် ဖြစ်၏။ ဤတွင်ရွှေ့ တို့ဘုရားအလောင်း ပါရမီကိုဖြည့်၍ ၄ အသင်္ချေ ပြည့်သတည်း။

### နာရဒ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- အကုဋေ ၉ သန်း - တထာဂတဥဒါနဒီပနီ။ ၂- အကုဋေ ၉ သန်း - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



## ပဒုမုတ္တရ မြတ်စွာဘုရား ဝုဒ္ဓဝင်

ဤသို့ရှစ်အသင်္ချေသည် လွန်လေပြီးသော် ဤဘဒ္ဒကပ်ကမ္ဘာမှ ပြန်၍ရေသော် ကမ္ဘာ ၁ သိန်းထက်တွင် တစ်ခုသောသာရကမ္ဘာ၌ 'ပဒုမုတ္တရ'အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်တော်မူ၏။

ထို ပဒုမုတ္တရဘုရားအလောင်းတော်သည် ပါရမီကိုဖြည့်၍၊ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ဖြစ်၍၊ နတ်၏အသက်အတိုင်းနေ၍၊ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ ဟံသာဝတီပြည်၌ 'အာနန္ဒ' အမည်ရှိသောမင်း၏ မိဖုရား သုဇာတာဒေဝီဝမ်း၌ ပဋိသန္ဓေယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် ဟံသာဝတီဥယျာဉ်၌ ဖွားတော်မူ၏။ အမည်မှည့်သောနေ့၌ ဖွားတော်မူစဉ်အခါ ပဒုမွာမိုးသည် ရွာ၏။ ထို့ကြောင့် ထိုသတို့သားအား 'ပဒုမုတ္တရသတို့သား' ဟူသောအမည်ကို မှည့်ကုန်၏။

အရွယ်သို့ရောက်လတ်သော် နရဝါဟန၊ ယသဝါဟန၊ ဝသဝတ္တီ အမည်ရှိသော ဥတု ၃ ပါးတို့နှင့် လျော်ကန်ပတ်သော ပြာသာဒ် ၃ ဆောင်၌ သုဒဿာဒေဝီမိဖုရား အမှူးရှိသော ၄၀ သောင်းသော မောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၁ သောင်းပတ်လုံး မင်း၏စည်းစိမ်ကို ခံစားတော်မူလျက် ဥတ္တရသတို့သားကို ဖွား၍၊ နိမိတ် ၄ ပါးကို မြင်သဖြင့် 'တောထွက်အံ့' ဟု ကြံတော်မူသောခဏာ၌ပင်လျှင် 'ဝသဝတ္တီ'အမည်ရှိသော ပြာသာဒ်သည် အိုးထိန်းစက်ကဲ့သို့ လည်၍၊ ကောင်းကင်သို့တက်၍၊ နတ်၏ဗိမာန်ကဲ့သို့, လပြည့်ဝန်းကဲ့သို့ ကောင်းကင်ပြင်ဖြင့် သွား၍ ဗောဓိပင်ကို အလယ်ပြုလျက် သောဘိတမြတ်စွာဘုရားပြာသာဒ်ကဲ့သို့ သက်၏။

ယောကျ်ားမြတ်လည်း ထိုပြာသာဒ်မှ သက်၍ ရဟန္တာတံခွန်ဖြစ်သော သင်္ကန်းကို ဝတ်၍၊ ထိုအရပ်၌ ဘုရားလောင်းသည် ၇ ရက်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူ၍ ကဆုန်လပြည့်နေ့ ဥဇ္ဈေနိဂုံးရွာ၌ ရစာနန္ဒ သူဌေးသမီးလှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သာလတောင်္ဂ နေ့သန့်စင်တော်မူ၍၊ ညချမ်းသောအခါ၌ သုစိတ္တအာဇီဝကလှူသော မြက် ၈ ဆုပ်တို့ကို ကိုင်တော်မူ၍၊ 'သလလ'အမည်ရှိသော ထင်းရှူးပင်ကို လက်ယာရစ်လှည့်၍၊ အရှေ့ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်၌ ထက်ဝယ်ဖွဲ့တော်မူ၍ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသောဝီရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် ၅၈ တောင် နှင့်လျော်ကန်သော အချင်း ၃၈ တောင်ရှိသော ရတနာရွှေပလ္လင်ထက် ဗောဓိပင်ကို တဲကဲ့ပြု၍ မြဲထီးကဲ့သို့သော အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ၏။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ မိုးသောက်ယံ၌ ပစ္စယာကာရဂို သုံးသပ်တော်မူ၍ အာသဝက္ခယဉာဏ်ကို ရတော်မူ၏။ သမ္မာသမ္ဗုဒ္ဓတာအဖြစ်သို့ ရောက်တော်မူပြီးသော်၊ 'အနေကဇာတိ' အစရှိသောဥဒါန်းဂါထာကို မိန့်တော်မူ၏။ ထိုအခါ ၁ သောင်းသော စက္ကဝဠာအားလုံးကို တန်ဆာဆင်သကဲ့သို့ ပဒုမွာမိုးသည် ရွာ၏။ ထို့ကြောင့် 'ပဒုမုတ္တရ' အမည်ရှိသော ဘုရား ဖြစ်တော်မူ၏။

ပန်းချေပြည်စာအုပ်တိုက်

http://www.dhammadownload.com



ဗောဓိအနီး၌ သတ္တသတ္တာဟကိုလွန်စေပြီးမှ ဗြဟ္မာသည် တရားဟောစိမ့်သောငှာ တောင်းပန်လာသော်၊ ခွင့်ပေးတော်မူ၍၊ 'တရားဦး အဘယ်သူအား ဟောရအံ့နည်း' ဟု ကြည့်တော်မူလတ်သော်၊ မိထိလာပြည်၌ အဝလ, သုဇာတ မင်းသား ၂ ယောက်တို့သည် ဥပနိဿယနှင့်ပြည့်စုံသည်ကို မြင်တော်မူ၍၊ ထိုခဏ၌လျှင် ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍၊ မိထိလာဥယျာဉ်၌ သက်တော်မူပြီးမှ ဥယျာဉ်စောင့်ကို ''မင်းသား ၂ ယောက်တို့ကို ခေါ်ချေ'' ဟု စေတော်မူလိုက်၏။

ထိုမင်းသား ၂ ယောက်သည်လည်း 'ငါတို့ခမည်းတော်အဆွေ သားတော် ပဒုမုတ္တရမင်းသားသည် ရဟန်းပြု၍ ဘုရားအဖြစ်သို့ရောက်တော်မူပြီးသော ငါတို့ပြည်သို့ ရောက်တော်မူ၏။ ယခု ငါတို့သည် ဖူးမြင်အံ့' သောငှာဟု အခြံအရံနှင့် တကွသွား၍ မြတ်စွာဘုရားကို ခြံရံလျက် နေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် လပြည့်ဝန်းကဲ့သို့တင့်တယ်လျက် ထိုအခြံအရံ၌ ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၁ သိန်းတို့လည်း ရှေးဦးစွာ အကျွတ်တရားရကုန်၏။

ပဒုမုတ္တရဘုရား၌ ၃ ကြိမ်သော အစည်းအဝေးတို့ ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ ရဟန်းအပေါင်း ကုဋေ ၁ သိန်း။ ဒုတိယအစည်းအဝေး၌ ရဟန်းအပေါင်း ကုဋေ ၁ သိန်း[၁]။ တတိယအစည်းအဝေး၌ ကုဋေ ၈ သိန်း[၂]။ ထို ၃ ကြိမ်သောအစည်းအဝေး၌ ပါတိမောက် ၃ ကြိမ် ပြတော်မူ၏။

ပဒုမုတ္တရမြတ်စွာဘုရား လက်ထက်တော်၌ 'ဒီဋ္ဌ' ဟူ၍ မရှိ။ ပဒုမုတ္တရဘုရားလက်ထက် ငါတို့ဘုရား အလောင်းတော်သည် ဇဋိလသူဌေးကြီး ဖြစ်တော်မူ၍၊ ဘုရားအမှူးရှိသော သံဃာတော်အား သင်္ကန်းနှင့်တကွ မြတ်သောဆွမ်းအလှူကို လှူ၍၊ အနုမောဒနာပြုသောအဆုံး၌ 'နောင်ကမ္ဘာ ၁ သိန်းထက်၌ 'ဂေါတမ'အမည်ရှိသော ဘုရားဖြစ်လတ္တံ့' ဟု ဗျာဒိတ်ကြားတော်မူပေ၏။

ပဒုမုတ္တရမြတ်စွာဘုရား ပြည်တော်ကား ဟံသာဝတီပြည်။ ခမည်းတော်ကား 'အာနန္ဒာ'အမည်ရှိသော မင်း။ မယ်တော်ကား 'သုဇာတာဒေဝီ'အမည်ရှိသော မိဖုရား။ မြောက်သားတော် 'သုဒဿာဒေဝီ'အမည်ရှိသော မိဖုရား။ သားတော်ကား ဥတ္တရမင်းသား။ အမျိုးတော် မင်းမျိုး။ မင်းစည်းစိမ် အနှစ် ၁ သောင်း။ ယာဉ်တော် ပြာသာဒ်။ ဒုက္ကရစရိယာ ၇ ရက်။ ပွင့်တော်မူသော ဗောဓိကား 'သလလ' အမည်ရှိသော ထင်းရှူးပင်။ ပလ္လင်တော် ၃၈ တောင်။ အရပ်တော် ၅၈ တောင်။ ရောင်ခြည်တော် ထက်ဝန်းကျင် ၁၂ ယူဇနာ။ ရဟန်းယောကျ်ားလက်ယာရံ ဒေဝလ, လက်ဝဲရံ သုဇာတ။ အလုပ်အကျွေး သုမန။ ရဟန်းမိန်းမ လက်ယာရံ အမိတာ, လက်ဝဲရံ အသမာ။ 'ဝိတိဏ္ဏ, တိဿ' ဟူသော ဒကာယောကျ်ားအလုပ်အကျွေး ၂ ယောက်။ 'ဝိတိဏ္ဏာဟဋ္ဌာ, ဝိစိဏ္ဏာ'ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၈ သောင်း နေ၍၊ နန္ဒာရာမ၌ ပရိနိဗ္ဗာန် ပြတော်မူ၏။ ထိုအရပ်၌ပင်လျှင် မြတ်စွာဘုရားဓာတ်တော်ကို အလုံးစုံသော ဇမ္ဗူဒီပါကျွန်း၌နေကုန်သောသူတို့သည် လာကုန်၍ ရတနာ ၇ ပါးဖြင့်ပြီးသော ၁၂ ယူဇနာ ရှိသောစေတီတည်၍ ဌာပနာလေ၏။

ပဒုမုတ္တရ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- အကုဋေ ၉ သန်း။ တထာဂတဥဒါနဒီပနီ။ ၂- အကုဋေ ၈ သန်း။ တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



## သုမေဓ မြတ်စွာဘုရား ဝတ္ထုဝင်

ပဒုမုတ္တရဘုရား ဖြစ်တော်မူသော ကမ္ဘာမှသည် ဘုရားမဖြစ်သောကမ္ဘာသည် ၃ သောင်းပြည့်မှ တစ်ခု သော မဏ္ဍကမ္ဘာ ဖြစ်၍၊ သုမေဓဘုရား, သုဇာတဘုရား ၂ ဆူသည် ဖြစ်တော်မူကုန်၏။

သုမေဓဘုရားအလောင်းတော်သည် ပါရမီကိုဖြည့်၍ ပါရမီအဆုံးသို့ ရောက်လတ်သော်၊ တုသိတာနတ်ပြည်၌ ဖြစ်၍၊ နတ်၏အသက်အတိုင်းနေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ သုဒဿနပြည်၌ 'သုဒတ္တ' အမည်ရှိသောမင်း၏မိဖုရား သုဒတ္တာဒေဝီဝမ်း၌ ပဋိသန္ဓေယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် သုဒဿန ဥယျာဉ်၌ ဖွားတော်မူ၏။

အရွယ်သို့ရောက်ပြီးသော် 'သုစန္ဒန, ကဉ္စန, သိရိဝမုန' အမည်ရှိသော ဥတု ၃ ပါးနှင့် လျောက်ပတ်သော ပြာသာဒ် ၃ ဆောင်၌ သုမနဒေဝီမိဖုရား အမှူးရှိသော ၈ သောင်း ၄ ထောင်သော မောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၉၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို ခံစားတော်မူလျက် သုမိတ္တာအမည်ရှိသော သားတော်ကို ဖွား၍ နိမိတ် ၄ ပါးမြင်သဖြင့် ဆင်ယာဉ်စီး၍ တောထွက်တော်မူ၏။ ကုဋေ ၉၀၀ သောသူတို့သည် လိုက်၍ ရဟန်းပြုကုန်၏။

ဘုရားလောင်းသည်လည်း ထိုရဟန်းအပေါင်း ခြံရံလျက် ၈ လပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူပြီးမှ ကဆုန်လပြည့်နေ့ နကုလနိဂုံး ရွာ၌ 'နကုလာ' အမည်ရှိသော သူဌေးသမီး လှုသောဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သာလတောင်၌ နေ့သန့်စင်တော်မူခြင်းကို လွန်စေ၍ ညချမ်းအခါ၌ သိရိဝမုအာဇီဝက လှုအပ်သော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက်၊ ဗောဓိပင်သို့ကပ်တော် မူ၍၊ 'နိမ္မ' အမည်ရှိသော တမာပင်ကို လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်၌ ထက်ဝယ်ခွေတော်မူ၍ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝီရိယကို အဓိဋ္ဌာန်တော်မူပြီးမှ၊ အရပ်တော် ၈၈ နှင့် လျောက်ပတ်သော အချင်း ၅၇ တောင်ရှိသော ရတနာရွှေပလ္လင်ထက် ဗောဓိပင်ကို တံကဲပြု၍ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

နေမဝင်မီ မာရ်စစ်ကို အောင်၍၊ ညဉ့် ၃ ယံ၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူပြီးမှ၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၏။

ဗောဓိအနီး၌ သတ္တသတ္တာဟကို လွန်စေပြီးမှ ၈ ကြိမ်မြောက်သောသတ္တာဟ၌ တရားဟောစိမ့်သောငှာ ဗြဟ္မာသည် တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ ကျွတ်ထိုက်သောပုဂ္ဂိုလ်တို့ကို ကြည့်တော်မူလတ်သော် မြတ်စွာဘုရားညီနောင်ဖြစ်သော သရဏသတို့သားကို လည်းကောင်း, သဗ္ဗကာမသတို့သားကို လည်းကောင်း၊ မြတ်စွာဘုရားနှင့် အတူရဟန်းပြုကုန်သော ရဟန်းတို့၏ သစ္စာ ၄ ပါးကိုထိုးထွင်း၍ သိခြင်းငှာ၊ စွမ်းနိုင်သည်ကို လည်းကောင်း မြင်တော်မူ၍ ကောင်းကင်ဖြင့် ကြွတော်မူပြီးသော်၊ သုဒဿနပြည်၏အနီး သုဒဿနဥယျာဉ်၌

http://www.dhammadownload.com



သက်တော်မူ၍၊ ဥယျာဉ်စောင့်ဖြင့် မြတ်စွာဘုရား နောင်တော်တို့ကို ခေါ်စေ၍ အခြံအရံနှင့်တကွ ထိုမင်းသားတို့၏ အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၁ သိန်းတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။

သုမေဓမြတ်စွာဘုရား၏ အစည်းအဝေးတို့သည် ၃ ကြိမ် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ ရဟန္တာ ကုဋေ ၁၀၀။ ဒုတိယအစည်းအဝေး၌ ရဟန္တာ ကုဋေ ၉၀။ တတိယ အစည်းအဝေး၌ ရဟန္တာ ကုဋေ ၈၀။ ဤ ၃ ပါးသောအစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။

သုမေဓဘုရားလက်ထက်၌ ငါတို့ဘုရားအလောင်းတော်သည် 'ဥတ္တရ'အမည်ရှိသော လုလင် ဖြစ်တော်မူ၍၊ မြို့ပိတ်ထားအပ်သော ကုဋေ ၈၀ သောဥစ္စာတို့ကို စွန့်၍၊ ဘုရားအမျှူးရှိသော သံဃာတော်အား ကြီးစွာသောအလှူကို ပေး၍ တရားတော်ကိုကြားပြီးသော်၊ သရဏဂုံတို့ကို ဆောက်တည်၍၊ တောထွက်၍ ရဟန်းပြု၏။

မြတ်စွာဘုရားလည်း ဆွမ်းအကျိုး ဟောပြီးသောအဆုံး၌ 'နောင် ဂေါတမဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ် ပေးတော်မူပေ၏။

ဥတ္တရလုလင်လည်း ဗျာဒိတ်တော်ကိုကြား၍ အတိုင်းထက်အလွန် ကြည်ညိုး၍၊ ပါရမီတို့ကို ဖြည့်၍ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်၍၊ သာသနာတော်ကို တင့်တယ်စေ၍ မမေ့မလျော့နေလျက်၊ စကြံသွားသော အခါ အဘိညာဉ် ၅ ပါးကို ရ၍ မြဟ္မာပြည်၌ ဖြစ်လေ၏။

သုမေဓမြတ်စွာဘုရား ပြည်တော်ကား သုဒဿနပြည်။ ခမည်းတော်ကား သုဒတ္တမင်း။ မယ်တော်ကား သုဒတ္တာဒေဝီမိဖုရား။ မြောက်သားတော်ကား သုမနာဒေဝီမိဖုရား။ သားတော် သုစိတ္တမင်းသား[1]။ မင်းစည်းစိမ် အနှစ် ၉၀၀၀။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော် ဆင်။ ဒုက္ကရစရိယာ ၈ လ။ ပွင့်တော်မူသောဗောဓိကား 'နိမ္ဗ'အမည်ရှိသော တမာပင်။ ပလ္လင်တော် ၅၈ တောင်။ အရပ်တော် ၈၈ တောင်။ အရောင်တော် ၁ ယူဇနာ။ ရဟန်းယောကျ်ား လက်ယာရံ သရဏ, လက်ဝဲရံ သဗ္ဗကာမ။ အလုပ်အကျွေး သာဂရ။ ရဟန်းမိန်းမ လက်ယာရံ ရာမာ။ လက်ဝဲရံ သုရာမာ။ 'ဥရုဝေလယ, ယသဝ' ဟူသော ဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'ယသောဓရာ, သိရိမာ' ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၉ သောင်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၇ သောင်း ၂ ထောင် နေတော်မူ၍၊ မေဓရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ မြတ်စွာဘုရားဓာတ်တော်သည် ထိုထိုသောအရပ်၌ အကွဲအပြားတူလေ၏။

သုမေဓ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ဗုဒ္ဓဝင်အဋ္ဌကထာ၌ 'ပုနဗ္ဗသုမိတ္တ' ဟု ရှိ၏။

http://www.dhammadownload.com



## သုဇာတ မြတ်စွာဘုရား ပုဒ္ဓဝင်

ထိုသုမေဓဘုရားသည် တစ်ပါးသောအခါ၌ ထိုမဏ္ဍာကမ္ဘာ၌ အစဉ်သဖြင့် သတ္တဝါတို့၏အသက်သည် ၁၀ နှစ်တိုင်အောင် ယုတ်၍၊ ၁၀ ကမှ အသင်္ချေတိုင်အောင် တက်၍၊ အသင်္ချေကမှ သက်ပြန်၍ လူတို့အသက် ၉ သောင်းနေသောအခါ သုဇာတမြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်တော်မူ၏။

ထို သုဇာတ ဘုရားအလောင်းတော်သည် ပါရမီကိုဖြည့်၍၊ တုသိတာနတ်ပြည်၌ ဖြစ်လေ၍၊ နတ်၏အသက် အတိုင်းနေ၍၊ နတ်တို့တောင်းပန်သဖြင့် နတ်ပြည်မှ စုတေ၍ သုမင်္ဂလပြည်၌ ဥဂ္ဂတမင်း၏ မိဖုရား ပဘာဝတီဝမ်း၌ ပဋိသန္ဓေ ယူလေ၏။ ၁၀ လလွန် သဖြင့် မယ်တော်ဝမ်းမှ ဖွားမြင်တော်မူ၍၊ အမည်မှည့်သောနေ့၌ ဓမ္မုဒီပါကျွန်း အလုံး ခပ်သိမ်းသောသတ္တဝါတို့အား ချမ်းသာကိုဖြစ်စေလျက် ဖွားသောကြောင့် 'သုဇာတသတို့သား' ဟူသော အမည်မှည့်ကုန်၏။

အရွယ်သို့ရောက်ပြီးသော် 'သိရီ, ဥပသိရီ, သိရိနန္ဒ' အမည်ရှိသော ပြာသာဒ် ၃ ဆောင်၌ သိရိနန္ဒာဒေဝီ မိဖုရား အမှူးရှိသော ၈ သောင်း ၃ ထောင်သော မောင်းမအပေါင်းခြံရံလျက်၊ အနှစ် ၉၀၀၀ ပတ်လုံး မင်း၏ စည်းစိမ်ကို ခံစားလျက် ဥပသေနသားတော်ကို ဖွား၍၊ နိမိတ် ၄ ပါးကိုမြင်သဖြင့် တောထွက်တော်မူ၏။

ဘုရားလောင်း ရဟန်းပြုတော်မူသောအဆုံး၌ ၁ ကုဋေသောလူတို့သည် လိုက်၍ ရဟန်းပြုကုန်၏။ ထို ရဟန်း အပေါင်းခြံရံလျက် ၉ လ ဒုက္ကရစရိယာကျင့်တော်မူပြီးမှ ကဆုန်လပြည့်နေ့ သုဒိန္နပြည်၌ သူဌေးသမီး လှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သာလတောင်၌ နေ့နေခြင်းကို လွန်စေ၍၊ ညချမ်းသောအခါ၌ သုနန္ဒအာဇီဝက လှူသော မြက် ၈ ဆုပ်တို့ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်လေ၍၊ 'ဓဇ္ဇ' အမည်ရှိသော ကြခတ်ဝါးပင်ကို လက်ယာရစ်လှည့်ပြီးသော် အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက်၊ ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်၌ ထက်ဝယ်ခွေတော်မူ၍ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝီရိယကို အဓိဋ္ဌာန်တော်မူပြီးမှ၊ အရပ်တော် ၅၀ နှင့်လျောက်ပတ်သော အမြင့် ၃၂ တောင်ရှိသော ပလ္လင်ပေါက်၍၊ ရွှေပလ္လင်ထက် ဗောဓိပင်ကို တံကဲပြု၍၊ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ မာရ်စစ်ကို ဖျက်ဆီးတော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါး ကို ရတော်မူ၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူပြီးသော်၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၍၊ ဗောဓိအနီး၌ သတ္တသတ္တာဟ ကို လွန်စေ၍၊ ဇြဟ္မာတောင်းပန်သဖြင့် ခွင့်ပေးတော်မူ၍၊ တရားဟောအပ်သောသူကို ကြည့်တော်မူလတ်သော် မြတ်စွာဘုရားဘထွေးတော် သုဒဿနမင်း[၁]အား လည်းကောင်း, ပရောဟိတ်သား ဒေဝသတို့သားအား လည်း ကောင်း သစ္စာ ၄ ပါး၌ စွမ်းနိုင်သောအဖြစ်ကို မြင်တော်မူ၍၊ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီးသော် သုမင်္ဂလ

၁- မြတ်စွာဘုရား ညီတော် သုဒဿနမင်းသား - ပထမငါးရုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီးနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။

http://www.dhammadownload.com



ပြည်၏အနီး သုမင်္ဂလဥယျာဉ်၌ သက်တော်မူ၍၊ ဥယျာဉ်စောင့်ကို မင်းသား, ပုရောဟိတ်သားတို့ကို အခြံအရံနှင့် တကွ လာစေ၍၊ ထိုမင်းသားတို့အလယ်၌ နေတော်မူ၍ ဓမ္မစက္ကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၈၀ ရှေးဦးစွာ အကျွတ်တရား ရကုန်၏။

အကြင်အခါ၌ သုဇာတမြတ်စွာဘုရားသည် သုဒဿနဥယျာဉ်တံခါးအနီး အင်ကြင်းပင်ရင်း၌ ယမိုက် ဖြာဋိဟာ ပြတော်မူ၍ တာဝတိံသာနတ်တို့သည်လည်း ဆည်းကပ်၍ နေကုန်၏။ ထိုအခါ ၃ သောင်း ၇ ထောင် ကုန်သောသူတို့သည် ၂ ကြိမ်မြောက် အကျွတ်တရားကို ရကုန်၏။

အကြင်အခါ၌ သုဇာတမြတ်စွာဘုရား ခမည်းတော်အထံသို့ ကြွတော်မူ၏။ ထိုအခါ ၆ သိန်းသော သူတို့သည် အကျွတ်တရား ရကုန်၏။ ဤ ၃ ကြိမ် အကျွတ်တရားကို ရကုန်၏။

သုဓမ္မဝတီပြည်၌ သုဓမ္မာဥယျာဉ်သို့လာကုန်သောသူတို့အား တရားဟောတော်မူ၍ ၆ သိန်း[3]သောသူတို့သည် ဖဟိဘိက္ခုအဖြစ်သို့ရောက်၍၊ ထိုရဟန်းတို့အလယ်၌ ရှေးဦးစွာသောအစည်းအဝေး၌ ပါတိမောက် ပြတော်မူ၏။ ဒုတိယအစည်းအဝေး၌ ၅ သိန်း[4]။ တတိယအစည်းအဝေး၌ ၄ သိန်း[5]။ ဤရဟန္တာအပေါင်းတို့ အလယ်၌ ပါတိမောက် ပြတော်မူ၏။ ဤသို့လျှင် ၃ ကြိမ်သောအစည်းအဝေးသည် ဖြစ်၏။

ထိုအခါ ငါတို့ဘုရား အလောင်းတော်သည် စကြဝတေးမင်း ဖြစ်တော်မူ၍၊ 'လောကဓ္ဓ ဘုရားဖြစ်တော်မူသောအကြောင်း'ကို ကြားတော်မူလတ်သော်၊ မြတ်စွာဘုရားသို့ကပ်၍၊ တရားစကားကို ကြား၍၊ ဘုရားအမှူးရှိသော သံဃာတော်အား ရတနာ ၇ ပါးနှင့်တကွ ၄ ကျွန်းကို လှူ၍ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုတော်မူ၏။ ၄ ကျွန်းလုံး၌နေကုန်သောသူတို့သည် ပြည်တိုင်းကား၌ဖြစ်သော အခွန်ကို ယူ၍၊ အာမိသကိစ္စကို ပြီးစေ၍၊ ဘုရား အမှူးရှိသောသံဃာအား အမြဲလျှင် ကြီးစွာသောအလှူကို လှူကုန်၏။

ထို သုဇာတမြတ်စွာဘုရားလည်း 'ငါတို့ဘုရားလောင်းကို 'နောင်အခါ ဂေါတမဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။

ဘုရားလောင်းသည် မြတ်စွာဘုရား အမိန့်တော်ကို ကြား၍၊ အတိုင်းထက်အလွန် ရွှင်မြူးခြင်းကို ဖြစ်စေ၍၊ ပါရမီ ၁၀ ပါးကို ဖြည့်၍၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်၍၊ သုဇာတမြတ်စွာဘုရား သာသနာတော်ကို တင့်တယ်စေ၍၊ ထိုအရပ်၌ မမေ့မလျော့နေတော်မူ၍၊ ဗြဟ္မဝိဟာရကိုပွားစေ၍ ဗြဟ္မာပြည်၌ ဖြစ်တော်မူလေ၏။

သုဇာတမြတ်စွာဘုရား ပြည်တော်ကား 'သုမင်္ဂလ'အမည်ရှိသော ပြည်။ ခမည်းတော်ကား 'ဥဂ္ဂတ' အမည်ရှိသောမင်း။ မယ်တော်ကား ပဘာဝတီမိဖုရား။ မြောက်သားတော်ကား သိရိနန္ဒာဒေဝီ။ သားတော်ကား ဥပသေန သတို့သား။ မင်းစည်းစိမ် အနှစ် ၉၀၀၀။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော်ကား မြင်း။ ဒုက္ကရ စရိယာ ၁၀ လ။ ပွင့်တော်မူသောဗောဓိကား 'ဓေဋ္ဌ'အမည်ရှိသော ကြဒတ်ဝါးပင်။ ပလ္လင်တော်ကား ၃၇ တောင်။ အရပ်တော်ကား အတောင် ၅၀။ ရောင်ခြည်တော်ကား အောက်, အထက် ၁ ယူဇနာ။ ရဟန်းယောကျ်ားလက်ယာရံ သုဒဿန, လက်ဝဲရံ သုဒေဝ။ အလုပ်အကျွေး နာရဒ။ ရဟန်းမိန်းမ လက်ယာရံ နာဂါ, လက်ဝဲရံ နာဂသမာ[7]၊ 'သုဒတ္တ, စိတ္တ' ဟူသော ဒကာယောကျ်ားအလုပ်အကျွေး ၂ ယောက်။ 'သုဘဒ္ဒါ, ပဒုမ္မာ'

၁,၂,၃- ၆ သန်း, ၅ သန်း, ၄ သန်း- တထာဂတဥဒါနဒီပနီ။
၄- နာဂသမာလာ- တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



ဟူသော ဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၉၀၀၀ တမ်းကို ၅ စု - ၁ စုပစ် အသက်တော် ၇ သောင်း ၂ ထောင် နေတော်မူ၍ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအရပ်၌ပင် ၃ ဂါဝုတ်ရှိသော စေတီတည်၍ ဓာတ်တော်ကို ဌာပနာလေ၏။

သုဇာတ မြတ်စွာဘုရား ဗုဒ္ဓဝင်

http://www.dhammadownload.com



## ဝိယဒဿီ မြတ်စွာဘုရား ဟုဒ္ဓဝင်

သုဇာတ မြတ်စွာဘုရားဖြစ်တော်မူသော ကမ္ဘာမှသည် ၆ သောင်း ၉ ထောင် ၈ ရာ ၂၀ (၆၉၈၂၀) ကမ္ဘာသို့ပြန်မှ တစ်ခုသော ဝရကမ္ဘာ၌ 'ဝိယဒဿီ, အတ္ထဒဿီ, ဓမ္မဒဿီ' ဟူသော ၃ ဆူသောဘုရားတို့သည် ဖြစ်တော်မူကုန်၏။

ထို ၃ ဆူသောဘုရားတို့တွင် ဝိယဒဿီမြတ်စွာဘုရားအလောင်းတော်သည် ပါရမီတို့ကို ဖြည့်၍၊ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၏။ နတ်၏အသက်အတိုင်း နေ၍၊ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍ သုညပြည်၌ သုဒတ္တမင်း၏ မိဖုရား သုစန္ဒာဒေဝီ[1] မိဖုရားဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် ဝါရဏ[2]ဥယျာဉ်၌ ဖွားတော်မူ၏။ အမည်မှည့်သောနေ့၌ လူတို့၏ချမ်းသာကုန်သော ပြာဋိဟာအထူးကို မြင်တော်မူသောကြောင့် 'ဝိယဒဿီသတို့သား' ဟူ၍ အမည်မှည့်ကုန်၏။

အရွယ်သို့ရောက်ပြီးသော်၊ 'သုနိမ္မလ, ဝိမလ, ဂိရိဂုဟာ' အမည်ရှိသော ပြာသာဒ် ၃ ဆောင်၌ ဝိမလာဒေဝီ အမှူးရှိသော ၃ သောင်း ၃ ထောင်သော မောင်းမအပေါင်းခြံရံလျက်၊ အနှစ် ၉၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို ခံစားလျက်၊ ကဠနဝေဠု[3]သတို့သားကို ဖွား၍၊ နိမိတ် ၄ ပါးကို မြင်သဖြင့် အာဇာနည်မြင်း က,သောရထားကို စီး၍ တောထွက်တော်မူ၏။

ဘုရားလောင်း ရဟန်းပြုတော်မူသောအဆုံး၌ ၁ ကုဋေသော လူတို့သည် လိုက်၍ ရဟန်းပြုကုန်၏။ ထိုရဟန်းအပေါင်းခြံရံလျက် ၆ လ ဒုက္ကရာစရိယာ ကျင့်တော်မူပြီးမှ ကဆုန်လပြည့်နေ့ ဝရဏ ပုဏ္ဏားရွာ၌ ဝသဘ ပုဏ္ဏားသမီးလှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သာလတောင်္ဂေနေခြင်းကို လွန်စေပြီးမှ၊ ညချမ်းသောအခါ၌ သုဇာတာအာဇီဝက လှူသော မြက် ၈ ဆုပ်တို့ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၍၊ 'ကကုဓ' အမည်ရှိသော ခံတက်ပင်ကို လက်ယာရစ်လှည့်ပြီးသော် အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက်၊ ၈ ဆုပ်သော မြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်၌ ထက်ဝယ်ဖွဲ့တော်မူ၍၊ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ဝီရိယကို အဓိဋ္ဌာန်တော်မူပြီးမှ၊ အရပ်တော် ၈၀ နှင့်လျောက်ပတ်သော အချင်း ၅၃ တောင်ရှိသော ပလ္လင်ပေါက်၍၊ ထိုရတနာရွှေပလ္လင်ထက် ဗောဓိပင်ကို တဲကဲ့ပြု၍၊ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူပြီးသော်၊ အနေကဓာတိ အစရှိသော ဥဒါန်း၀ါထာကို မိန့်တော်မူ၍၊ ဗောဓိအနီး၌သတ္တသတ္တာဟကို လွန်စေ၍၊ ဗြဟ္မာတောင်းပန်သဖြင့် ခွင့်ပေးတော်မူ၍ တရားဦးဟောအပ်သော သူကို ဆင်ခြင်တော်မူလတ်သော်၊ မြတ်စွာဘုရားနှင့်အတူ ရဟန်းပြုကုန်သောသူတို့သည် တရားကိုသိခြင်းဟု စွမ်းနိုင်သောအဖြစ်ကို

၁- စန္ဒာဒေဝီ- ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။
၂- ဝရုဏ- ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။
၃- ကဠနဝေလ - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

http://www.dhammadownload.com



မြင်တော်မူ၍၊ ကောင်းကင်ဖြင့် ထိုသူတို့အရပ်သို့ ကြွတော်မူ၍၊ ဥသဘဝတီပြည်၏အနီး ဥသဘဥယျာဉ်၌ သက်တော်မူ၍ ၁ ကုဋေသော ရဟန်းအပေါင်းခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူ လတ်သော်၊ ၁ သိန်း သောရဟန်းတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။ ဒုတိယအစည်းအဝေး၌ ၉ သောင်း အကျွတ်တရားကို ရကုန်၏။ တတိယအစည်းအဝေး၌ ကုဋေ ၈ သောင်း အကျွတ်တရား ရကုန်၏။ ဤသို့ ၃ ကြိမ်သောအစည်းအဝေး၌ အကျွတ်တရားကို ရကုန်၏။

သုမင်္ဂလပြည်၌ 'ပါလိတ'အမည်ရှိသောမင်းသားသည် လည်းကောင်း, ပုရောဟိတ်သားဖြစ်သော သဗ္ဗဒဿီ သတို့သားသည် လည်းကောင်း၊ ဤသတို့သား ၂ ယောက်တို့သည် အဆွေခင်မွန်း ဖြစ်ကုန်၏။ ထို ၂ ယောက်သော အဆွေခင်မွန်းတို့သည် ငရဲပြည်သို့ ဝိယဒဿီ မြတ်စွာဘုရားသည် ရောက်တော်မူသည်ဟု ကြား၍၊ ကုဋေ ၁ သိန်းသော အခြံအရံနှင့်တကွ ခရီးဦးကြိုဆို၍၊ ၇ ရက်ပတ်လုံး အလှူကြီးကို ပေး၍၊ ၇ ရက်မြောက်သောနေ့၌ ဝိယဒဿီမြတ်စွာဘုရားသည် အနုမောဒနာပြုသောအဆုံး၌ ကုဋေ ၁ သိန်းသောအခြံ အရံနှင့်တကွ ရဟန်းပြု၍ ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။

ထိုရဟန္တာတို့အလယ်၌ မြတ်စွာဘုရားသည် ရှေးဦးစွာ ပါတိမောက်ပြတော်မူ၏။ တစ်ပါးသောအခါ၌ သုဒဿန နတ်မင်း၏အစည်းအဝေး၌ ကုဋေ ၉၀ ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။ ထိုရဟန္တာအပေါင်း ခြံရံလျက် မြတ်စွာဘုရားသည် ၂ ကြိမ်မြောက် ပါတိမောက် ပြတော်မူ၏။

တစ်ဖန်လည်း 'ဒေါဏ'အမှူးရှိသော[၁] ကုဋေ ၈၀ သောသူတို့သည် ရဟန်းပြုကုန်၏။ ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။ ထိုရဟန္တာတို့အလယ်၌ မြတ်စွာဘုရားသည် ၃ ကြိမ်မြောက် ပါတိမောက်ပြတော်မူ၏။ ဤသို့လျှင် ၃ ကြိမ် ဝိယဒဿီမြတ်စွာဘုရား ပါတိမောက် ပြတော်မူ၏။

ထိုအခါ ငါတို့ဘုရားအလောင်းတော်သည် ဗေဒင် ၃ ပုံကို အပြီးတိုင်အောင်တတ်သော 'ကဿပ' အမည်ရှိသော ပုဏ္ဏားလုလင် ဖြစ်တော်မူ၏။ မြတ်စွာဘုရားတရားတော်ကို ကြား၍ သရဏဂုံသီလကို ဆောက်တည်၏။ ထိုအခါ 'ဝိယဒဿီ မြတ်စွာဘုရားသည် ဘုရားလောင်း ကဿပပုဏ္ဏားလုလင်အား ဤကမ္ဘာမှသည် ၁၁၈ ကမ္ဘာ ထက်၌ 'ဂေါတမ'အမည်ရှိသောဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ် ကြားတော်မူပေ၏။ ဘုရားလောင်းသည် မြတ်စွာဘုရားအမိန့်တော်ကို ကြား၍၊ အတိုင်းထက်အလွန် စိတ်ကြည်တော်မူ၍ ပါရမီ ၁၀ ပါးကို ဖြည့်တော်မူ၏။

ဝိယဒဿီ မြတ်စွာဘုရား ပြည်တော်ကား သုဓညပြည်။ ခမည်းတော်ကား သုဒတ္တမင်း။ မယ်တော်ကား သုစန္ဒာဒေဝီမိဖုရား။ မြောက်သားတော်ကား ဝိမလာဒေဝီမိဖုရား။ သားတော်ကား ကဉ္စနာဝေဠုသတို့သား။ မင်းစည်းစိမ် အနှစ် ၉၀၀၀။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော်ကား ရထား။ ဒုက္ကရစရိယာ ၆ လ။ ပွင့်တော်မူသောဗောဓိကား 'ကကုဓ'အမည်ရှိသော ခံတက်ပင်။ ပလ္လင်တော်ကား ၅၃ တောင်။ အရပ်တော် အတောင် ၈၀။ ရောင်တော်ကား အမြဲမရှိ အလိုတော်အတိုင်း။ ရဟန်းယောကျ်ား လက်ယာရံ ပါလိတ, လက်ဝဲရံ သဗ္ဗဒဿီ။ အလုပ်အကျွေး သောဘိတ။ ရဟန်းမိန်းမ လက်ယာရံ သုဇာတာ, လက်ဝဲရံ ဓမ္မဒိန္နာ။ 'သန္ဓက, ဓမ္မက' ဟူသော ဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'ဝိသာခါ, ဓမ္မဒိန္နာ' ဟူသော ဒကာမိန်းမ

၁- ဒေါဏမုခဆင်ကို ဆုံးမရာ၌ - ပထမငါးခုနိဒါနတော် မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

http://www.dhammadownload.com



အလုပ်အကျွေး ၂ ယောက်။ လူတို့အသက် ၉ သောင်းတမ်းကို ၅ စု - ၁ စုပစ် အသက်တော် ၇ သောင်း ၂ ထောင် နေတော်မူ၍၊ အသတ္တရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအရပ်၌ပင် ၃ ယူဇနောရှိသော စေတီတည်၍ မြတ်စွာဘုရားဓာတ်တော်ကို စေတီတည်၍ ဌာပနာလေ၏။

ဝိယဒဿီ မြတ်စွာဘုရား ဗုဒ္ဓဝင်

http://www.dhammadownload.com



## အတ္ထဒဿီ မြတ်စွာဘုရား ပုဒ္ဓဝင်

ဝိယဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍၊ သာသနာတော်ကွယ်ပြီးသော် လူတို့အသက် ၉ သောင်း မှ အစဉ်သဖြင့် ၁၀ တိုင်အောင် ယုတ်၍၊ တစ်ဖန် အသင်္ချေတိုင်အောင် ပွား၍ နေမှ ယုတ်ပြန်၍ လူတို့အသက် ၉ သောင်းနေသောအခါ အတ္ထဒဿီမြတ်စွာဘုရားသည် လောကဋ္ဌ ထင်ရှားဖြစ်တော်မူ၏။

အတ္ထဒဿီမြတ်စွာဘုရားအလောင်းတော်သည် ပါရမီကို ဖြည့်၍၊ ပါရမီအဆုံးဋ္ဌ တုသိတာ နတ်ပြည်ဋ္ဌ ဖြစ်၍၊ နတ်၏အသက်အတိုင်းနေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ သောဘဏပြည်ဋ္ဌ သာဂရမင်း၏မိဖုရား သုဒဿနာဒေဝီဝမ်းဋ္ဌ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် 'သုစိန္ဓန' အမည်ရှိသော ဥယျာဉ်ဋ္ဌ မယ်တော်ဝမ်းမှ ဖွားတော်မူ၍၊ ယောကျ်ားမြတ်သည် ဖွားကာမျှတည်းဋ္ဌ မြင့်ရှည်စွာသော ကာလပတ်လုံး ကင်းလေကုန်ပြီးသောအမျိုးအဆက်ဆက်တို့မှလာကုန်သော ရွှေအိုးထားရာအရပ်တို့ကို ဥစ္စာရှင်တို့သည် ရကုန်၏။ ထို့ကြောင့် သတို့သားအား အမည်မှည့်အံ့သောနေ့ဋ္ဌ 'အတ္ထဒဿီ' ဟူသောအမည်ကို မှည့်ကုန်၏။

ထိုမင်းသားသည် အရွယ်သို့ရောက်လတ်သော် 'အမရဂိရိ, သုရဂိရိ, ဝါဟန' အမည်ရှိသော ပြာသာဒ် ၃ ဆောင်ဋ္ဌ ဝိသာခါဒေဝီမိဖုရား အမှူးရှိသော ၃ သောင်းသောမောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၁၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို ခံစားလျက်၊ နိမိတ် ၄ ပါးကို မြင်၍၊ 'သေလ'အမည်ရှိသော သားတော်ကို ဖွားလတ်သော် သုဒဿန အသရာဇ်မြင်းစီး၍ တောထွက်တော်မူ၏။ ဘုရားလောင်းသို့လိုက်၍ ၉ ကုဋေသော လူတို့သည် ရဟန်းပြုကုန်၏။

ထိုရဟန်းတို့ ခြံရံလျက် ၈ လ ဒုက္ကရစရိယာကျင့်တော်မူပြီးမှ ကဆုန်လပြည့်နေ့ သုစိန္ဓနဂါးမင်း၏ စားစရာသောအကျိုးငှာ ဆောင်ခဲ့သော ပျားနှင့်ရောသော ဃနာကို လူများ ပေးသည်ရှိသော်၊ ခပ်သိမ်းသော အခြံအရံဖြင့် နဂါးမသည် ရွှေခွက်နှင့် တကွလှူသောဃနာ ဆွမ်းကို ဘဉ်းပေးတော်မူ၍၊ အင်ကြင်းပင်ငယ်တို့ဖြင့် တန်ဆာဆင်သော တရုဏသာလတောဋ္ဌ နေ့နေတော်မူခြင်းကို လွန်စေ၍၊ ညချမ်းသောအခါဋ္ဌ 'မဟာရုစိ'[၂] အမည်ရှိသော နဂါးသည်လှုအပ်သော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက်၊ ဗောဓိပင်သို့ ကပ်တော်မူ၍၊ 'စမ္မက' အမည်ရှိသော စံကားပင်ကို လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့မြောက်ထောင့်အရပ်ဋ္ဌ ရပ်တော်မူလျက်၊ ၈ ဆုပ်သော မြက်ကို ခင်းတော်မူပြီးမှ မြက်ပလ္လင်ဋ္ဌ ထက်ဝယ်ခွေတော်မူ၍၊ အင်္ဂါ ၄ ပါးရှိသော ဝီရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် ၈၀ နှင့် လျော်ပတ်သော အချင်း ၅၃ တောင်ရှိသော မြက်ခင်းရတနာ ရွှေပလ္လင်ထက် အရှေ့ဗောဓိခက်အရိပ်ဋ္ဌ နေတော်မူ၏။

ထိုအခါ မာရ်စစ်ကို အောင်တော်မူပြီးသော်၊ ညဉ့် ၃ ယံ ဋ္ဌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သဗ္ဗညုတအဖြစ်သို့ ရောက်တော်မူပြီးသော်၊ 'အနေကဓာတိ' အစရှိသော ဥဒါန်း၀ါထာကို ဖြစ်စေ၍၊ ဗောဓိအနီးဋ္ဌ သတ္တသတ္တာဟကို

၁- သုဒဿန - ပထမငါးခုန် ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။
၂- ဓမ္မရုစိ - ပထမငါးခုန် ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

http://www.dhammadownload.com



လွန်စေ၍၊ တရားဟောစိမ့်သောငှာ ဗြဟ္မာသည် တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ ထိုရဟန်းတို့သည် ခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၁ သောင်းတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။

အတ္ထဒဿီမြတ်စွာဘုရား၏လည်း ၃ ကြိမ်သောအစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ တပည့်သားတော် ရဟန္တာအပေါင်း ၉ သိန်း ၈ သောင်း။ ဒုတိယအစည်းအဝေး၌ ၈ သိန်း ၈ သောင်း။ တတိယအစည်းအဝေး၌ ၇ သိန်း ၈ သောင်း[၁]။ ဤ ၃ ကြိမ်သော အစည်းအဝေး၌ ၃ ကြိမ် ပါတိမောက် ပြတော်မူ၏။

ထိုအတ္ထဒဿီမြတ်စွာဘုရားလက်ထက်၌ ငါတို့ဘုရားအလောင်းတော်သည် 'သုသိမ' အမည်ရှိသော 'ဗြာဟ္မဏသာလ'ဟု လူတို့ သမုတ်၏။ ထို သုသိမပုဏ္ဏားသူကြွယ်သည် ခပ်သိမ်းသောစည်းစိမ်ချမ်းသာကို စွန့်၍၊ ဟိမဝန္တာသို့ ဝင်လေ၍၊ ရသေ့ရဟန်းပြု၍၊ အဘိညာဉ် ၅ ပါး, သမာပတ် ၈ ပါးတို့ကို ဖြစ်စေ၍ ကြီးသောအာနုဘော်ရှိသည် ဖြစ်၏။ လူများအားလည်း ကုသိုလ်, အကုသိုလ်တရားတို့၏ အကျိုးအပြစ်ကိုပြ၍ ဘုရားအဖြစ်ကို တောင့်တလျက် နေ၏။ ထိုအခါ အတ္ထဒဿီမြတ်စွာဘုရားသည် လောကဋ္ဌ ထင်ရှားဖြစ်တော်မူ၍၊ 'သုဒဿန'အမည်ရှိသောပြည်ကြီး၌, ၈ ပါးသောပရိသတ်တို့၏အလယ်၌ 'တရား'တည်းဟူသော အမြိုက်မိုးကို ရွာစေသည်ရှိသော်၊ ဘုရားလောင်းသည် ဘုရားတရားကို ကြား၍၊ နတ်ပြည်သို့ သွားလေ၍၊ နတ်ပြည်၌ဖြစ်ကုန်သော မန္ဒာရဝ, ပဒ္မာ, ပင်လယ်ကသစ်နတ်ပန်းတို့ကို နတ်ပြည်မှ ဆောင်ခဲ့၍ မြတ်စွာဘုရားအား ပူဇော်၏။ အတ္ထဒဿီမြတ်စွာဘုရားလည်း သုသိမရသေ့အား 'နောင်အခါ 'ဂေါတမ'အမည်ရှိသော ဘုရားဖြစ်လတ္တံ့' ဟု ဗျာဒိတ်ပေးတော်မူပေ၏။

သုသိမရသေ့လည်း ဗျာဒိတ်တော်ကိုကြား၍၊ အတိုင်းထက်အလွန် ၁၀ ပါးသော ပါရမီတို့ကို ဖြည့်တော်မူ၏။ အတ္ထဒဿီ မြတ်စွာဘုရားပြည်တော်ကား 'သောဘဏ'အမည်ရှိသောပြည်။ ခမည်းတော်ကား 'သာဂရ' အမည်ရှိသောမင်း။ မယ်တော်ကား သုဒဿနာဒေဝီမိဖုရား။ မြောက်သားတော်ကား ဝိသာခါဒေဝီမိဖုရား။ သားတော် 'သေလ' အမည်ရှိသောသတို့သား။ စည်းစိမ် အနှစ် ၁ သောင်း။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော် မြင်း။ ပွင့်သောဗောဓိကား 'စမ္ပက'အမည်ရှိသော စံကားပင်။ ပလ္လင်တော်ကား ၅၃ တောင်။ အရပ်တော်ကား အတောင် ၈၀။ အရောင်တော် အခါခပ်သိမ်း ထက်ဝန်းကျင် ၁ ယူဇနာမျှသောအရပ် နှံ့စေ၍ တည်၏။ ရဟန်းယောကျ်ား လက်ယာရံ သန္တ, လက်ဝဲရံ ဥပသန္တ။ အလုပ်အကျွေး အဘယ။ ရဟန်းမိန်းမ လက်ယာရံ ဓမ္မာ, လက်ဝဲရံ သုဓမ္မာ။ ဒကာယောကျ်ား 'နကုလ, နိသဘ' ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၁ သိန်းတမ်း ၅ စု - ၁ စုပစ် သက်တော် ၈ သောင်း[၂] နေတော်မူ၍၊ အနောမာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတ်တော်ကား အဓိဋ္ဌာန်တော်အားဖြင့် အကွဲအပြား ထိုထိုသောအရပ်၌ တည်လေ၏။

## အတ္ထဒဿီ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ဗုဒ္ဓဝင်အဋ္ဌကထာ၌ 'အစည်းအဝေး ၃ ကြိမ်လုံး ကုဋေ ၁ သိန်းစီ ရှိ၏'ဟု လာ၏။
၂- အဋ္ဌကထာ၌ 'အနှစ် ၁ သိန်း'ဟု ဆို၏။

http://www.dhammadownload.com



## ဓမ္မဒဿီ မြတ်စွာဘုရား ဟုဒွဝင်

အတ္ထဒဿီမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍၊ လူတို့အသက် ၁ သိန်းတမ်းကသည် အစဉ်သဖြင့် ၁၀ နှစ်တိုင်အောင် ယုတ်၍၊ တစ်ဖန် တက်ပြန်ယုတ်ပြန်၍ လူတို့အသက် အနှစ် ၁ သိန်းနေသောအခါ 'ဓမ္မဒဿီ' အမည်တော်ရှိသော မြတ်စွာဘုရားသည် လောကဋ္ဌ ထင်ရှားဖြစ်တော်မူ၏။

ထို ဓမ္မဒဿီမြတ်စွာဘုရားအလောင်းတော်သည် ပါရမီကို ဖြည့်၍၊ ပါရမီအဆုံးဋ္ဌ တုသိတာနတ်ပြည်ဋ္ဌ ဖြစ်၍၊ နတ်၏အသက်အတိုင်း နေပြီးမှ နတ်တို့ တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ 'သရဏ'အမည်ရှိသောပြည်ဋ္ဌ 'သရဏ'မင်း၏မိဖုရား သုနန္ဒာဒေဝီဝမ်းဋ္ဌ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် သရဏ ဥယျာဉ်ဋ္ဌ မယ်တော်ဝမ်းမှ ဖွားတော်မူ၏။

ထိုသတို့သားကို ဖွားတော်မူလတ်သော်၊ မတရားသောအကျင့်တို့သည် ကွယ်ကုန်၏။ တရားသောအကျင့်တို့ဋ္ဌ တည်ကုန်၏။ ထို့ကြောင့် အမည်မှည့်အံ့သောနေ့ဋ္ဌ 'ဓမ္မဒဿီ' ဟူသောအမည်ကို မှည့်ကုန်၏။

ထိုသတို့သားသည် အရွယ်သို့ရောက်လတ်သော် 'အရဇ, ဝိရဇ, သုဒဿန' အမည်ရှိသော ပြာသာဒ် ၃ ဆောင်ဋ္ဌ ဝိစိကေဠိဒေဝီမိဖုရား အမှူးရှိသော ၁ သိန်း ၂ သောင်းသော မောင်းမအပေါင်းခြံရံလျက်၊ အနှစ် ၂ သောင်း ပတ်လုံး မင်း၏စည်းစိမ်ကို ခံစံလျက်၊ နိမိတ် ၄ ပါးကို မြင်၍၊ 'ပုညဝုန'အမည်ရှိသော သားတော်ကို ဖွားလတ်သော် နတ်သားကဲ့သို့ အလွန်သိမ်မွေ့သည် ဖြစ်၍၊ နတ်၏စည်းစိမ်ကဲ့သို့ မင်း၏စည်းစိမ်ကို ခံစံတော်မူလျက်၊ သန်းခေါင်ယံဋ္ဌ ထတော်မူ၍ အသရေရှိသောအိပ်ရာဋ္ဌ နေတော်မူလျက်၊ အိပ်ပျော်ခြင်းသို့ ရောက်ကုန်သော မောင်းမတို့၏ဖောက်ပြန်ခြင်းကို မြင်တော်မူ၍၊ သံဝေဂ ရသည်ဖြစ်၍ တောထွက်လိုသော စိတ်တော်ရှိသည် ဖြစ်၏။

စိတ်တော်နှင့် တစ်ပြိုင်နက်တည်းပင် 'သုဒဿန'အမည်ရှိသောပြာသာဒ်သည် ကောင်းကင်သို့တက်လေ၍၊ စစ်အင်္ဂါ ၄ ပါး ခြံရံလျက် နေ ၂ ခုကဲ့သို့ လည်းကောင်း, နတ်ဗိမာန်ကဲ့သို့ လည်းကောင်း ကောင်းကင်ဖြင့် သွားလေ၏။ ဗောဓိအနီးဋ္ဌသက်၍ တည်လေ၏။ ယောကျ်ားမြတ်လည်း ဗြဟ္မာကပ်သောသင်္ကန်းကို ယူ၍ ရဟန်းပြုပြီးမှ၊ ပြာသာဒ်မှသက်၍ မနီးမဝေးသောအရပ်ဋ္ဌ တည်လေ၏။ ပြာသာဒ်လည်း တစ်ဖန် ကောင်းကင်ဖြင့် သွားလေ၍၊ ဗောဓိပင်ကို အတွင်းထားသည်ကို ပြု၍ မြေဋ္ဌ တည်လေ၏။ အခြံအရံဖြစ်ကုန်သော မိန်းမတို့သည်လည်း ပြာသာဒ်မှသက်၍၊ ဂါဝုတ်ခွဲ ရှိသောအရပ်သို့ သွားလေ၍ နေလေကုန်၏။ ထိုအခါ မောင်းမတို့မှတစ်ပါး ခပ်သိမ်းသောလူတို့သည် ဘုရားလောင်းသို့ လိုက်၍ ရဟန်းပြုကုန်သောသူတို့သည် ကုဋေ ၁ သိန်း ရှိကုန်၏။

ထိုအခါ ဓမ္မဒဿီဘုရားလောင်းသည် ဒုက္ကရစရိယာ ၇ ရက် ကျင့်တော်မူပြီးမှ 'ဝိစိကေဠိဒေဝီ'[၁] အမည်ရှိသော မြောက်သားတော်မိဖုရား လျှသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ ဆီးပင်တောဋ္ဌ နေ့နေခြင်းကို လွန်စေ၍၊ ညချမ်းသောအခါဋ္ဌ 'သိရိဝဟုန'အမည်ရှိသော လယ်စောင့်လှသော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက်၊ ဗောဓိပင်သို့ ကပ်တော်မူ၍၊ 'ဒိမ္မိဇာလ'အမည်ရှိသော မြက်နယန်းပင်ကို လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့မြောက်ထောင့်အရပ်ဋ္ဌ ရပ်တော်မူလျက် မြက် ၈ ဆုပ်ကို ခင်းတော်မူပြီးမှ၊ ထက်ဝယ်ခွေတော်မူ၍ အင်္ဂါ ၄ ပါးနှင့်

၁- ဝိစိကောဠီ - ပထမငါးခုနှစ်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီးနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။

http://www.dhammadownload.com



ပြည့်စုံသော ဝိရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် ၈၀ နှင့် လျောက်ပတ်သော အချင်း ၅၃ တောင် ရှိသော ရတနာရွှေပလ္လင်ထက် ဗောဓိပင်ကို တဲကဲပြု၍ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ နေမဝင်မီ မာရ်စစ်ကိုအောင်တော်မူပြီးသော်၊ ညဉ့် ၃ ယံ၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သဗ္ဗညုတ အဖြစ်သို့ ရောက်တော်မူပြီးသော်၊ 'အနေကဇာတိ' အစရှိသော ဥဒါန်း၀ါထာကို မိန့်တော်မူ၍ ဗောဓိအနီး၌ သတ္တ သတ္တာဟကို လွန်စေပြီးသော်၊ တရားဟောစိမ့်သောငှာ ဗြဟ္မာသည် တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ မြတ်စွာဘုရားနှင့်တကွ ရဟန်းပြုကုန်သော ကုဋေ ၁ သိန်းသောရဟန်းတို့သည် တရားကို သိမြင်ခြင်းငှာ စွမ်းနိုင်သောအဖြစ်ကို သိတော်မူ၍၊ ၁၈ ယူဇနာရှိသောခရီးကို တစ်ရက်တည်းဖြင့်သာလျှင် ကျသိပတနသို့ ခြေဖြင့် ကြွတော်မူလေ၍၊ ထိုရဟန်းတို့ခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၁ သိန်းသော ရဟန်းတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။

ထိုဓမ္မဒဿီမြတ်စွာဘုရား၏လည်း ၃ ကြိမ်သောအစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ကား ရဟန္တာအပေါင်း ကုဋေ ၁ သိန်း။ ဒုတိယအစည်းအဝေး၌ ရဟန္တာ ကုဋေ ၁၀၀။ တတိယအစည်းအဝေး၌ ရဟန္တာ ကုဋေ ၈၀။ ဤ ၃ ကြိမ်သောအစည်းအဝေးတို့၏အလယ်၌ ပါတိမောက် ပြတော်မူ၏။

ဓမ္မဒဿီမြတ်စွာဘုရားလက်ထက်၌ ငါတို့ဘုရား အလောင်းတော်သည် သိကြားမင်းဖြစ်တော်မူ၍၊ နတ်ပြည် ၂ ထပ်၌ နေကုန်သော နတ်တို့ဖြင့်ခြံရံလျက် လာတော်မူ၍၊ နတ်တို့၏ နံ့သာတို့ဖြင့် လည်းကောင်း, နတ်တို့၏ ပဉ္စင်္ဂတူရိယာ စည်, ဆောင်း, ငြင်းတို့ဖြင့် လည်းကောင်း မြတ်စွာဘုရားကို ပူဇော်၏။ ဓမ္မဒဿီ မြတ်စွာဘုရားလည်း ဘုရားလောင်းသိကြားမင်းအား 'နောင် 'ဂေါတမ' အမည်ရှိသောဘုရား ဖြစ်လတ္တံ့' ဟု ဗျာဒိတ်ပေးတော်မူ၏။ သိကြားမင်းသည် မြတ်စွာဘုရားဗျာဒိတ်တော်ကို ကြား၍၊ စိတ်သည် ကြည်၍ အတိုင်းထက်အလွန် ပါရမီ ဖြည့်တော်မူ၏။

ဓမ္မဒဿီမြတ်စွာဘုရား ပြည်တော်ကား သရဏပြည်။ ခမည်းတော်ကား 'သရဏ' အမည်ရှိသော မင်း။ မယ်တော်ကား သုနန္ဒာဒေဝီမိဖုရား။ မြောက်သားတော်ကား ဝိဗိကောဋ္ဌိဒေဝီမိဖုရား။ သားတော် ပုညဝမုနသတို့သား။ စည်းစိမ် အနှစ် ၈၀၀၀။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော် ပြာသာဒ်။ ဒုက္ကရစရိယာ ၇ ရက်။ ပွင့်တော်မူသောဇောဓိကား 'ဗိမ္ဗိဇာလ' အမည်ရှိသော မြက်နပန်းပင်[၁]။ ပလ္လင်တော်ကား ၅၃ တောင်။ အရပ်တော် အတောင် ၈၈ တောင်။ ရဟန်းယောကျ်ားလက်ယာရံ ပဒုမ, လက်ဝဲရံ ဖုဿဒေဝ။ အလုပ်အကျွေး သုနေတ္တ[၂]။ ရဟန်းမိန်းမ လက်ယာရံ ခေမာ, လက်ဝဲရံ သဗ္ဗနာမာ။ ဒကာယောကျ်ား 'သုဘဒ္ဒ, ကဋ္ဌိဿဟ' ဟူသော အလုပ်အကျွေး ၂ ယောက်။ ဒကာမိန်းမ 'သာဠိဟာ, ကဠိယာ' ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့ ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၈ သောင်းနေ၍၊ ကေသာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတ်တော်ကိုကား ထိုထိုအရပ်၌ပင် ၃ ယူဇနာရှိသော စေတီတည်၍ ဌာပနာလေ၏။ သာသနာတော်ကား ဘုရားဟပည့်, ဓာတ်တော်တို့ ကွယ်သဖြင့် ကွယ်လေ၏။

### ဓမ္မဒဿီ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ဗိမ္ဗိဇာလော - ရေခံတက်၊ ပထမငါးခုနှစ်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။
- 'သန်သက်ပင်တည်း။ မျက်နှာပန်းပင်လည်း ဆို၏' တထာဂတဥဒါနဒီပနီ။ ။ 'သံသက်ပင်' ဟု မြန်မာအဘိဓာန်၌ပြ။
၂- သုဒတ္တ - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



## သိဒ္ဓတ္ထ မြတ်စွာဘုရား ပုဒ္ဓဝင်

မွေဒသီမြတ်စွာဘုရား ဖြစ်တော်မူသော ကမ္ဘာမှသည် ကမ္ဘာ ၉၄ ပြန်မှ တစ်ခုသော သာရကမ္ဘာ၌ 'သိဒ္ဓတ္ထ' အမည်ရှိသော တစ်ဆူသောမြတ်စွာဘုရားသည် လောကဌ် ထင်ရှားဖြစ်တော်မူ၏။ ထို သိဒ္ဓတ္ထ မြတ်စွာဘုရား အလောင်းတော်သည် ၁၀ ပါးသောပါရမီတို့ကို ဖြည့်၍ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၏။ နတ်၏အသက်အတိုင်း နေ၍၊ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍ ဝေဘာရပြည်၌ ဥဒေန မင်း၏မိဖုရား သောမနဿာဒေဝီ[2]ဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် ဝိရိယဥယျာဉ်၌ ဖွားမြောက်တော်မူ၏။ ဘုရားလောင်းကိုဖွားသည်ရှိသော် အားထုတ်အပ်သောအမှုတို့သည် လည်းကောင်း၊ လိုအပ်သော အရာတို့သည် လည်းကောင်း အပြီးအစီးသို့ ရောက်ကုန်၏။ ထို့ကြောင့် ထိုသတို့သားကို 'သိဒ္ဓတ္ထ' ဟူသောအမည်ကို မှည့်ကုန်၏။

ထိုသိဒ္ဓတ္ထသတို့သားသည် အရွယ်သို့ရောက်သော် 'ကောကနဒ၊ ပုပ္ပလ[1]၊ ပဒုမ' ဟူသော ပြာသာဒ် ၃ ဆောင်၌ သုမနာဒေဝီ[3] အမှူးရှိသော ၄၀ သောင်း ၈ ထောင်သော မောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၁ သောင်း ပတ်လုံး မင်း၏စည်းစိမ်ကို ခံစံလျက်၊ နိမိတ် ၄ ပါးကို မြင်သဖြင့် 'အနုပမ'အမည်ရှိသောသားတော်ကို ဖွားလတ်သော် ရွှေဖြင့်ပြီးသောထမ်းစင် စီးတော်မူလျက် တောထွက်တော်မူ၍၊ ဝိရိယဥယျာဉ်သို့ သွားတော်မူ၍ ရဟန်းပြုတော်မူ၏။ ကုဋေ ၁ သိန်းသောသူတို့သည်လည်း ဘုရားလောင်းသို့ လိုက်၍ ရဟန်းပြုကုန်၏။

ထိုရဟန်းအပေါင်း ခြံရံလျက် ဒုက္ကရစရိယာ ၁၀ လ ကျင့်တော်မူ၍၊ ကဆုန်လပြည့်နေ့၌ အသဒိသ ပုဏ္ဏားရွာ၌ 'သုနေတ္တာ' အမည်ရှိသော ပုဏ္ဏားမသတို့သမီး လှူသောဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သရဒတော[2]၌ နေ့နေခြင်းကို လွန်စေပြီးမှ၊ ညချမ်းသောအခါ၌ 'ဝရုဏ'အမည်ရှိသောသူ လှူအပ်သော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၍ 'ဂဏိကာ'[3]အမည်ရှိသော မဟာလေ့ကားပင်ကို လက်ယာရစ် လှည့်ပြီးသော်၊ အရှေ့ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးသော်၊ မြက်ပလ္လင်ထက် ထက်ဝယ်ခွေတော် မူ၍ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝိရိယကို အဓိဋ္ဌာန်တော်မူပြီးမှ၊ အရပ်တော် ၆၀ နှင့် လျော်ပတ်သော အချင်း ၁၀၄၀[6] ပလ္လင်ပေါက်၌ ထိုပလ္လင်ထက် ဗောဓိပင်ကို တဲကဲ့ပြု၍ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

၁- သုဇဿာနာမ ဒေဝီယာ ဟု အဋ္ဌကထာရှိ၏။
၂- သုပုပ္ဖိတ - တထာဂတဥဒါနဒီပနီ။ ကောကာ, သုပ္ပလ, ပဒုမ ဟု အဋ္ဌကထာရှိ၏။
၃- သောမနဿာဒေဝီ - ပထမဓါးစုန်ဆရာတော်ဘုရားကြီး၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီးနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။
၄- "ပဒရုဓနေ" ဟု အဋ္ဌကထာရှိ၏။
၅- ကဏိကာရဗောဓိ ဟု အဋ္ဌကထာရှိ၏။
၆- စတ္တာလီသ ဟတ္ထဝိတ္ထတံ ဟု အဋ္ဌကထာရှိ၏။

http://www.dhammadownload.com



ထိုအခါ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သမ္မာသမ္ဗုဒ္ဓအဖြစ်သို့ ရောက်တော်မူပြီးသော်၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၏။ ဗောဓိအနီး၌ သတ္တသတ္တာဟကို လွန်စေ၍၊ တရားဟောစိမ့်သောငှာ ဗြဟ္မာတောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ မြတ်စွာဘုရား နှင့်တကွ ရဟန်းပြုကုန်သော ကုဋေ ၁ သိန်းသော ရဟန်းတို့အား သစ္စာ ၄ ပါးကိုသိခြင်းငှာ စွမ်းနိုင်သောအဖြစ်ကို မြင်တော်မူ၍၊ ကောင်းကင်ခရီးဖြင့် မိဂဒါဝုန်၌ သက်တော်မူ၍၊ ထိုရဟန်းတို့အား ဓမ္မစက္ကာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၁ သိန်းသောရဟန်းတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။

ထိုသိဒ္ဓတ္ထဘုရား၏လည်း ၃ ကြိမ်သော အစည်းအဝေးသည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ တပည့်သားတော် ရဟန်းအပေါင်း ကုဋေ ၁၀၀။ ဒုတိယအစည်းအဝေး၌ ကုဋေ ၉၀။ တတိယအစည်းအဝေး၌ ကုဋေ ၈၀။ ဤရဟန္တာအပေါင်းတို့၏အလယ်၌ ပါတိမောက် ပြတော်မူပေ၏။ ဤသို့လျှင် ၃ ကြိမ်သော အစည်းအဝေးသည် ဖြစ်ကုန်၏။

သိဒ္ဓတ္ထမြတ်စွာဘုရားလက်ထက်တော်၌ ငါတို့ မြတ်စွာဘုရားအလောင်းတော်သည် သုရသေနပြည်၌ 'မင်္ဂလ' အမည်ရှိသော ပုဏ္ဏား ဖြစ်တော်မူ၍၊ အကုဋ္ဌေမကသော ဥစ္စာတို့ကို စွန့်၍၊ ရသ့ေရဟန်း ပြုတော်မူ၍၊ ဈာန်အဘိညာဉ်ကို ဖြစ်စေ၍ နေတော်မူ၏။ 'သိဒ္ဓတ္ထ' အမည်ရှိသော မြတ်စွာဘုရားသည် လောကဒ္ဓဖြစ်တော်မူသည်ဟု ကြား၍၊ ထိုမြတ်စွာဘုရားသို့ ကပ်လေ၍၊ ရှိသေစွာ မြတ်စွာဘုရားကို ရှိခိုး၍၊ ဈာန်အဘိညာဉ်တန်ခိုးဖြင့် ဓမ္မာသပြေပင်ကို သွား၍၊ ဓမ္မာသပြေသီးကို ဆောင်ခဲ့၍၊ ကုဋေ ၉၀ သော ရဟန္တာအပေါင်းခြံရံသော သိဒ္ဓတ္ထမြတ်စွာဘုရားအား လှူ၍၊ ထိုဓမ္မာသပြေသီးတို့ဖြင့် ကောင်းစွာ ရောင့်ရဲစေ၏။ ကောင်းစွာ ဖြစ်စေ၏။ သိဒ္ဓတ္ထမြတ်စွာဘုရားလည်း ဓမ္မာသပြေသီးကို ဘုဉ်းပေးတော်မူ၍ ဘုရားလောင်းအား ဗျာဒိတ် ပေးတော်မူ၏။

'ဤကမ္ဘာမှသည် ၉၄ ကမ္ဘာထက်၌ 'ဂေါတမ' အမည်ရှိသောဘုရား ဖြစ်လတ္တံ့' ဟု ဗျာဒိတ်ပေးတော်မူ၏။ မင်္ဂလရသ့ေလည်း ဗျာဒိတ်တော်ကို ကြား၍၊ အတိုင်းထက်အလွန် ပါရမီ ၁၀ ပါးတို့ကို ဖြည့်တော်မူ၏။

သိဒ္ဓတ္ထမြတ်စွာဘုရားပြည်တော်ကား 'ဝေဘာရ' အမည်ရှိသော ပြည်။ ခမည်းတော်ကား 'ဥဒေန' အမည်ရှိသောမင်း။ မယ်တော်ကား သုဖဿာဒေဝီမိဖုရား။ မြောက်သားတော်ကား သောမနဿဒေဝီမိဖုရား။ သားတော်ကား 'အနုပမ' အမည်ရှိသော မင်းသား။ မင်းစည်းစိမ် အနှစ် ၁ သိန်း။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော် ရွှေထမ်းစင်။ ဒုက္ကရစရိယာ ၁၀ လ။ ပွင့်တော်မူသောဗောဓိကား 'ကဏိကာရ' အမည်ရှိသော မဟာလေကားပင်။ ပလ္လင်တော်ကား အတောင် ၄၀။ အရပ်တော် အတောင် ၆၀။ ရောင်တော် အတောင် ၈၀။ ရဟန်းယောကျ်ားလက်ယာရံ သမ္မလ၊ လက်ဝဲရံ သုမိတ္တ။ အလုပ်အကျွေး ရေဝတ။ ရဟန်းမိန်းမ လက်ယာရံ သီဝလာ၊ လက်ဝဲရံ သုရာမာ။ ဒကာယောကျ်ား 'သုဂ်ိယ၊ သမုဒ္ဒ' ဟူသော အလုပ်အကျွေး ၂ ယောက်။ ဒကာမိန်းမ 'ရမ္မာ၊ သုရမ္မာ' ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၈ သောင်းနေတော်မူ၍၊ အနောမဉ္ဇာဉ်၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်ကား ထိုအရပ်၌ပင်လျှင် ရတနာ

http://www.dhammadownload.com



ဖြင့်ပြီးသော၊ ၄ ယူဇနာအတိုင်းအရှည်ရှိသော စေတီတည်၍ ဌာပနာလေ၏။ သာသနာတော်ကား ဘုရား တပည့်တော်တို့ ကွယ်ကုန်သဖြင့် ကွယ်လေ၏။

## သိဒ္ဓတ္ထ မြတ်စွာဘုရား ဗုဒ္ဓဝင်

http://www.dhammadownload.com



## တိသဲ မြတ်စွာဘုရား ဗုဒ္ဓဝင်

သိဒ္ဓတ္ထမြတ်စွာဘုရား ဖြစ်တော်မူပြီးသော ကမ္ဘာမှသည် ဘုရား မဖြစ်သောကမ္ဘာတစ်ကမ္ဘာသုဉ်းပြန်မှ တစ်ခုသော မဏ္ဍာကမ္ဘာ၌ 'တိသဲဘုရား, ဗုဿဘုရား' အမည်ရှိသော ၂ ဆူသောဘုရားတို့သည် လောက၌ ထင်ရှားဖြစ်တော်မူ၏။

ထို ၂ ဆူသောဘုရားတို့တွင် တိသဲမြတ်စွာဘုရားအလောင်းတော်သည် ပါရမီတို့ကို ဖြည့်၍၊ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၍၊ အသက်အတိုင်းနေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍ 'ခေမက' အမည်ရှိသောပြည်၌ 'ဇနသန္ဓ' အမည်ရှိသောမင်း၏ မိဖုရားပဒုမာဒေဝီဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လ လွန်သဖြင့် အနောမဥယျာဉ်၌ မယ်တော်ဝမ်းမှ ဖွားတော်မူ၏။

အရွယ်သို့ရောက်သော် 'ဝုဟာသေလ, နာရိသယ, နိသဘ'[၁] အမည်ရှိသော ပြာသာဒ် ၃ ဆောင်၌ သုဘဒ္ဒါဒေဝီမိဖုရားအမျှူးရှိသော ၃ သောင်း ၃ ထောင်သောမောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၇၀၀၀ ပတ်လုံး မင်း၏ စည်းစိမ်ကို ခံစားလျက်၊ နိမိတ် ၄ ပါးကိုမြင်၍၊ အာနန္ဒာသတို့သားကို ဖွားလတ်သော် 'သောနုတ္တရ' အမည်ရှိသော မြင်းစီး၍ တောထွက်တော်မူ၏။ ၁ ကုဋေသော လူတို့သည်လည်း ဘုရားလောင်းသို့လိုက်၍ ရဟန်းပြုကုန်၏။

ထိုရဟန်းအပေါင်း ခြံရံလျက် ဒုက္ကရစရိယာ ၈ လ[၂] ကျင့်တော်မူပြီးမှ၊ ကဆုန်လပြည့်နေ့၌ ဝိရဇိဂုံးရွာ၌ ဝိရသူဌေးသမီး[၃]လှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သလလတောင်၌ နေ့နေခြင်းကို လွန်စေ၍၊ ညချမ်းသောအခါ၌ 'ဝိဖိတသင်္ဂါမက'[၄]အမည်ရှိသော, မုယောလယ်စောင့်လှူသော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၍၊ 'အသန' အမည်ရှိသော ဝိတောက်ပင်ကို လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့မြောက်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့တော်မူ၍ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝီရိယကို အဓိဋ္ဌာန်တော်မူပြီးမှ၊ အရပ်တော် ၆၀ နှင့် လျောက်ပတ်သော အချင်းအတောင် ၄၀ မြက်ပလ္လင်ထက် ဗောဓိပင်ကို တံကဲပြု၍ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ ယသဝတီပြည်၌ သဗ္ဗညုတအဖြစ်သို့ ရောက်ပြီးသော်၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၍ ဗောဓိအနီး၌ သတ္တသတ္တာဟကို လွန်စေပြီးမှ၊ တရားဟောစိမ့်သောဘုရာ ဗြဟ္မာတောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ ဗြဟ္မ

၁- ကုမုဒ, နာဠိယ, ပဒုမ - တထာဂတဥဒါနဒီပနီ
၂- ၁၀ လ ဒုက္ကရစရိယာ ကျင့်၏။ တထာဂတဥဒါနဒီပနီ
၃- 'ဓနဉ္ဇဓိ' မည်သော နိဂုံးပြည် 'ဓနဉ္ဇဓိ' မည်သော သူဌေးသမီး- တထာဂတဥဒါနဒီပနီ
၄- ဝိဖိတသင်္ဂါမက - ပထမ ငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။ ဝိဖိတကောသ-တထာဂတဥဒါနဒီပနီ။
၅- ဟံသာဝတီမြို့- ပထမ ငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်မူ

http://www.dhammadownload.com



ဒေဝမင်းသားကို လည်းကောင်း၊ ဥဒယမင်းသားကို လည်းကောင်း အခြံအရံနှင့်တကွ ဥပနိဿယနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍၊ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍၊ ယသဝတီပြည်၏အနီး မိဂဒါယတော၌ သက်တော်မူပြီးသော်၊ ဥယျာဉ်စောင့်ကို မင်းသားတို့ကို ခေါ်စေ၍၊ ထိုအခြံအရံတို့အား နှုတ်စေ၍၊ ဗြဟ္မာမင်း၏ အသံနှင့်တူသော သာယာစွာသောအသံဖြင့် ၁ သောင်းသောလောကဓာတ်ကို သိစေ၍ ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ အကုဋေ ၁၀၀ သူတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။

ထို တိသမြတ်စွာဘုရား၏လည်း ၃ ကြိမ်သော တပည့်သားတော်တို့ အစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ ရဟန္တာ ၁ သိန်း။ ဒုတိယအစည်းအဝေး၌ ရဟန္တာ ၉၀ သိန်း။ တတိယအစည်းအဝေး၌ ရဟန္တာ ၈၀ သိန်း[1]။ ဤရဟန္တာ အပေါင်းတို့၏အလယ်၌ ပါတိမောက် ပြတော်မူပေ၏။ ဤသို့လျှင် ၃ ကြိမ်သော အစည်းအဝေးသည် ဖြစ်ကုန်၏။

တိသမြတ်စွာဘုရားလက်ထက်တော်၌ ငါတို့မြတ်စွာဘုရား အလောင်းတော်သည် ဟံသာဝတီပြည်၌ 'သုဇာတ' အမည်ရှိသောမင်း ဖြစ်တော်မူ၍၊ အကုဋေမကသောဇနပုဒ်၌ ပြည်တိုင်းကား ဥစ္စာတို့ကို စွန့်၍၊ တောထွက်၍၊ ရသေ့ရဟန်း ပြုတော်မူ၍၊ ကြီးစွာသောတန်ခိုးအာနုဘော် ရှိသည်ဖြစ်၍၊ လောကဋ္ဌ ဘုရားဖြစ်သည် ကြားလတ်သော်၊ ၅ ပါးသော ပီတိတွေ့သောကိုယ် ရှိသည်ဖြစ်၍၊ မြတ်စွာဘုရားသို့ကပ်ပြီးသော် ရိသေစွာရှိခိုးလျက် ကြံတော်မူ၏။

'ယခုအခါ ငါသည် နတ်ပြည်၌ဖြစ်သော မန္ဒာဝရ၊ ပင်လယ်ကသစ် အစရှိကုန်သော နတ်ပန်းတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်အံ့'ဟူ၍၊ မိမိတန်ခိုးဖြင့် နတ်ပြည်သို့သွားလေ၍ စိတ္တလတာဥယျာဉ်သို့ ဝင်လေပြီးသော်၊ ပဒုမ္မာ၊ ပင်လယ်ကသစ်၊ မန္ဒာဝရ အစရှိကုန်သော နတ်ပန်းတို့ဖြင့် ၃ ဂါဝုတ်အတိုင်း ပြည့်စေပြီးသော် ယူခဲ့၍၊ ပရိသတ် ၄ ပါးတို့၏အလယ်၌ သွားတော်မူသော တိသမြတ်စွာဘုရားကို ပူဇော်၏။ ထိုပန်းတို့သည်လည်း ကောင်းကင်၌ ဗိတာန်ဖြစ်၍ တည်၏။

မြတ်စွာဘုရားလည်း 'ဤကမ္ဘာမှသည် ၉၂ ကမ္ဘာထက်၌ ဂေါတမ အမည်ရှိသောဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ် ပေးတော်မူ၏။ ဘုရားလောင်းလည်း ဗျာဒိတ်တော်ကိုကြား၍၊ အတိုင်းထက်အလွန် ပါရမီ ၁၀ ပါးတို့ကို ဖြည့်တော်မူ၏။

တိသမြတ်စွာဘုရား ပြည်တော်ကား 'ခေမက'အမည်ရှိသော ပြည်။ ခမည်းတော်ကား ဇနသန္ဓမင်း။ မယ်တော်ကား ပဒုမာဒေဝီမိဖုရား။ မြောက်သားတော်ကား သုဘဒ္ဒါဒေဝီ မိဖုရား။ သားတော်ကား အာနန္ဒာမင်းသား။ မင်းစည်းစိမ် အနှစ် ၇၀၀၀။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော် မြင်း။ ဒုက္ကရစရိယာ ၈ လ။ ပွင့်တော်မူသော ဗောဓိကား 'အသန'အမည်ရှိသော ဝိတောက်ပင်။ ပလ္လင်တော်ကား အတောင် ၄၀။ အရပ်တော် အတောင် ၆၀။ ရောင်တော် အတောင် ၈၀။ ရဟန်းယောကျ်ား လက်ယာရံ ဗြဟ္မဒေဝ၊ လက်ဝဲရံ ဥဒယ။ အလုပ်အကျွေးသမင်။ ရဟန်းမိန်းမ လက်ယာရံ ဖုဿာ၊ လက်ဝဲရံ သုဒတ္တာ။ ဒကာယောကျ်ား 'သဗ္ဗလ၊ သိရိ' ဟူသော အလုပ်အကျွေး ၂ ယောက်။ တကာမိန်းမ 'ကိသဂေါတမီ၊ ဥပသေနာ' ဟူသော အလုပ်အကျွေး ၂ ယောက်။

၁- ပထမ၌ အကုဋေ ၁၀၀၊ ဒုတိယ၌ အကုဋေ ၉၀၊ တတိယ၌ အကုဋေ ၈၀ - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



အသက်တော်ကား လူတို့အသက် ၁ သိန်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၈ သောင်းနေ၍၊ သုနန္ဒပြည်၏အနီး သုနန္ဒာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်ကို ထိုအရပ်၌ ၃ ယူဇနာရှိသော စေတီတည်၍ ဌာပနာလေ၏။ သာသနာတော်ကား ဘုရားတပည့်တော်တို့ ကွယ်တော်မူသဖြင့် သာသနာတော် ကွယ်လေ၏။

တိဿ မြတ်စွာဘုရား ဗုဒ္ဓဝင်

http://www.dhammadownload.com



## ဗုဿ မြတ်စွာဘုရား ဗုဒ္ဓဝင်

တိသမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ လူတို့အသက်တမ်း ၁ သိန်းတမ်းကသည် အစဉ်အတိုင်း ၁၀ နှစ်တိုင်အောင် ယုတ်၍၊ အစဉ်သဖြင့် အသချေတိုင်အောင် ပွား၍၊ တစ်ဖန် ယုတ်ပြန်၍ လူတို့အသက် ၉ သောင်းနေသောအခါ၌ 'ဗုဿ'အမည်ရှိသော မြတ်စွာဘုရားသည် လောကဋ္ဌ ထင်ရှားဖြစ်တော်မူ၍၊ ထိုဗုဿ မြတ်စွာဘုရားအလောင်းတော်သည် ပါရမီတို့ကို ဖြည့်၍၊ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ ဖြစ်၍၊ နတ်၏ အသက်အတိုင်းနေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ ကာသိကပြည်၌ ဇယသေနမင်း၏ မိဖုရား သိရိမာဒေဝီဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လ လွန်သဖြင့် သိရိမာဥယျာဉ်၌ မယ်တော်ဝမ်းမှ ဖွားတော်မူ၏။

အရွယ်သို့ရောက်သော်၊ 'ဂရုဠပက္ခ, ဟံသ, သုဝဏ္ဏဘာရ'[၁] အမည်ရှိသော ပြာသာဒ် ၃ ဆောင်၌ ကိသာဂေါတမီမိဖုရား အမှူးရှိသော ၃ သောင်းသော မောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၆၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို ခံစံလျက် နိမိတ် ၄ ပါးကိုမြင်၍၊ အနုပမ သားတော်ကို ဖွားလတ်သော်၊ တန်ဆာဆင်သော ဆင်ကျောက်ကုန်း၌စီးတော်မူလျက် တောထွက်တော်မူ၍ ရဟန်းပြုတော်မူ၏။ ဘုရားလောင်းသို့လိုက်၍ ရဟန်းပြုကုန်သော ရဟန်းအကုဋေခြံရံလျက် ဒုက္ကရစရိယာ ၆ လ[၂] ကျင့်တော်မူပြီးမှ ထိုရဟန်းအပါင်းတို့ကိုစွန့်၍၊ ၇ ရက်ပတ်လုံး တစ်ယောက်အထီးတည်း သွားတော်မူ၍၊ ကမ္မဋ္ဌာန်းဘာဝနာစီးဖြန်းလျက် နေတော်မူပြီးသော်၊ ကဆုန်လပြည့်နေ့ တစ်ပါးသောပြည်၌ တစ်ပါးသောသူဌေး၏သမီး 'သိရီဝမုနာ' အမည်ရှိသော သတို့သမီး လှူအပ်သော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သိဿပတောဋ္ဌ နေ့နေခြင်းကို လွန်စေ၍၊ ညချမ်းသောအခါ၌ သိရိဝမု အမည်ရှိသော ရသေ့လှူသော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၍၊ 'အာမလက'အမည်ရှိသော သျှိသျှားပင်[၃]ကို လက်ယာရစ် လှည့်တော်မူ၍၊ အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ မြက်ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့တော်မူ၍ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝီရိယကို မိဋ္ဌာန်တော်မူပြီးမှ၊ ဆောက်တည်တော်မူလျက်၊ အရပ်တော် ၅၈ တောင်နှင့်လျော်ပတ်သော အချင်း ၃၈ တောင်ရှိသော ရွှေပလ္လင်ထက် ဗောဓိပင်ကို တဲကဲပြု၍၊ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သဗ္ဗညုတ အဖြစ်သို့ ရောက်ပြီးသော်၊ 'အနေကဓာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၏။

၁- ရွှေဃ, ပက္ခိဟံသ, သုဝဏ္ဏ- တထာဂတဥဒါနဒီပနီ။
၂- ၁၀ လ ဒုက္ခရစရိယာ- တထာဂတဥဒါနဒီပနီ။
၃- ကြက်ဆူပင်- ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

http://www.dhammadownload.com



ဗောဓိအနီး၌ သတ္တသတ္တာဟကို လွန်စေပြီးသော်၊ တရားဟောစိမ့်သောငှာ ဗြဟ္မာ တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ မိမိနှင့်တကွ ရဟန်းပြုကုန်သော အကုဋ္ဌေသော ရဟန်းတို့သည် တရားကိုသိခြင်းငှာ စွမ်းနိုင်သည်ကို မြင်တော်မူ၍၊ ကောင်းကင်ခရီးဖြင့် ကြွတော်မူ၍၊ သင်္ကဿပြည်၏အနီး ဣသိပတန မိဂဒါယတောဝ်၌ သက်တော်မူ၍၊ ထိုရဟန်းတို့၏အလယ်၌ ဓမ္မစက္ကာတရားကို ဟောတော်မူပေ၏။ ထိုအခါ အကုဋ္ဌေ ၁ သိန်းသော ရဟန်းတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။

ထို ဗုဿမြတ်စွာဘုရား၏လည်း ၃ ကြိမ်သော အစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ တပည့်သားတော် ရဟန္တာအပေါင်း ၆၀ သိန်း။ ဒုတိယအစည်းအဝေး၌ ၅၀ သိန်း။ တတိယအစည်းအဝေး၌ ၄၀ သိန်း[၁]။ ဤသို့လျှင် ၃ ကြိမ်သောအစည်းအဝေး၌ ပါတိမောက် ပြတော်မူပေ၏။

ဗုဿမြတ်စွာဘုရားလက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်သည် အရိန္ဒမပြည်[၂]၌ 'ဝိဖိတာဝိ' အမည်ရှိသော မင်း ဖြစ်တော်မူ၍၊ မြတ်စွာဘုရားတရားတော်ကို ကြား၍၊ မြတ်စွာဘုရားအား ကြီးစွာသော အလှူကို ပေး၍၊ ပြည်ကိုစွန့်ပြီးသော် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍၊ ဝိဋ္ဌကတ် ၃ ပုံကို သင်၍၊ ဝိဋ္ဌကတ် ၃ ပုံကို ဆောင်၍ လူများအား တရားဟောတော်မူပေ၏။ ဘုရားလောင်းလည်း ဗျာဒိတ်တော်ကို ကြား၍၊ အတိုင်းထက်အလွန် ပါရမီတို့ကို ဖြည့်တော်မူ၏။

ဗုဿမြတ်စွာဘုရား ပြည်တော်ကား 'ကာသိက' အမည်ရှိသောပြည်။ ခမည်းတော်ကား ဇယသေနမင်း။ မယ်တော်ကား သိရိမာဒေဝီမိဖုရား။ မြောက်သားတော်ကား ကိသာဂေါတမီ မိဖုရား။ သားတော်ကား အနုပမ မင်းသား။ မင်းစည်းစိမ် အနှစ် ၆၀၀၀။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော် ဆင်။ ဒုက္ကရစရိယာ ၆ လ။ ပွင့်တော်မူသောဗောဓိကား 'အာမလက' အမည်ရှိသော သျှိသျှားပင်။ ပလ္လင်တော်ကား ၃၈ တောင်။ အရပ်တော် ၅၈ တောင်။ အရောင်တော် အတောင် ၈၀။ ရဟန်းယောကျ်ား လက်ယာရံ သုရက္ခိတ၊ လက်ဝဲရံ ဓမ္မသေန။ အလုပ်အကျွေး သဘိယ။ ရဟန်းမိန်းမ လက်ယာရံ စာလာ၊ လက်ဝဲရံ ဥပစာလာ။ ဒကာယောကျ်ား 'ဓနဉ္ဇယ၊ ဝိသာခ' ဟူသော အလုပ်အကျွေး ၂ ယောက်။ ဒကာမိန်းမ 'ပဒုမာ၊ သိရိနွာဂါ' ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၉ သောင်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၇ သောင်း ၂ ထောင် နေတော်မူ၍၊ ကုသိနာရုံပြည်၏အနီး သေနာရာမ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတ်တော်ကို အကွဲအပြားမရှိ ထိုထို သောအရပ်၌ တည်လေ၏။

ဗုဿ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ပထမ၌ ၆ သန်း၊ ဒုတိယ၌ ၅ သန်း၊ တတိယ၌ ၃ သန်း ၂ သိန်း - တထာဂတဥဒါနဒီပနီ။
၂- ပရိန္ဒမမြို့ - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

http://www.dhammadownload.com



## ဝိပဿီ မြတ်စွာဘုရား ဗုဒ္ဓဝင်

ဖုဿမြတ်စွာဘုရား ဖြစ်တော်မူသောကမ္ဘာမှသည် အပြားမရှိ စပ်ကာ သာရမဏ္ဍကမ္ဘာမှဖြစ်၍၊ ထိုကမ္ဘာ၌ ဝိပဿီမြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်တော်မူ၏။

ထို ဝိပဿီမြတ်စွာဘုရားအလောင်းတော်သည် ပါရမီတို့ကို ဖြည့်၍၊ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ ဖြစ်၍၊ နတ်၏အသက်အတိုင်း နေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍ ဗန္ဓုမတီ ပြည်၌ ဗန္ဓုမတီဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လ လွန်သဖြင့် ခေမမိဂဒါယိ[၁]တော်၌ မယ်တော်ဝမ်းမှ မွှားမြောက်တော်မူ၏။

အမည်မှည့်အံ့သောနေ့၌ နေ့,ည၌တို့၌ အမိုက်ပျောက်၍ အထူးသဖြင့်စင်ကြယ်ခြင်းကို မြင်သောကြောင့်၊ 'ဝိပဿီ' ဟူသောအမည်ကို မှည့်ကုန်၏။

အရွယ်သို့ရောက်သော် 'နန္ဒ, သုနန္ဒ, သိရိမာ' အမည်ရှိသော ဥတု ၃ ပါးနှင့် လျောက်ပတ်သော ပြာသာဒ် ၃ ဆောင်၌ 'သုဓနုဒေဝီ'[၂] (ဟု ပါဠိတော်၌ ဆို၏။ 'သုဒဿနာဒေဝီ'ဟု အဋ္ဌကထာ၌ ဆိုသည်) မိဖုရားအမျှူးရှိသော ၁ သိန်း ၂ သောင်း[၃]ကုန်သော မောင်းမအပေါင်းခြံရံလျက်၊ အနှစ် ၈ သောင်းပတ်လုံး မင်း၏စည်းစိမ်ကို ခံစံတော်မူလျက်၊ နိမိတ် ၄ ပါးကို မြင်၍၊ 'သမဝဋ္ဋကွန်း'အမည်ရှိသော သားတော်ကို ဖွားလတ်သော်၊ အာဇညမြင်း ကသောရထား[၄]စီးလျက် တောထွက်တော်မူ၏။ ဘုရားလောင်းသို့လိုက်၍ ၈ သောင်း ၄ ထောင်ယောကျ်ားတို့သည် ရဟန်းပြုကုန်၏။

ထိုရဟန်းအပေါင်းခြံရံလျက် ဒုက္ကရစရိယာ ၆ လ[၅] ကျင့်တော်မူပြီးမှ၊ ကဆုန်လပြည့်နေ့၌ သုဒဿနာသူဌေးသမီး လှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သာလတောင်း နေ့နေခြင်းကို လွန်စေ၍၊ ညချမ်းသော အခါ၌ 'သုဇာတ'အမည်ရှိသော မုရင်းလယ်စောင့်လှူသော ၈ ဆုပ်သောမြက်ကို ကိုင်တော်မူလျက်၊ ဗောဓိပင်သို့ကပ်တော်မူလေ၍၊ 'ပါဋလီ'အမည်ရှိသော သခွတ်ပင်ကို လက်ယာရစ် လှည့်တော်မူ၍၊ အရှေ့မြောက်ထောင့်အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်ထက်၌ ထက်ဝယ်ဖွဲ့တော်မူ၍ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝီရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် ၅၈ တောင်နှင့် လျောက်ပတ်သော အချင်း ၅၃ တောင်ရှိသော မြက်ခင်းရတနာပလ္လင်ထက် ဗောဓိပင်ကို တံကဲပြု၍ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

၁- ဓိဂဒါဝုန်တော - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။
၂- သုဒဿာဒေဝီ - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။ သုဒဿီဓိဖုရား - တထာဂတဥဒါနဒီပနီ။
၃- မောင်းမ၂၀၀၀ - တထာဂတဥဒါနဒီပနီ။
၄- အာဇာနည်မြင်းကသော ရထား - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။
၅- ၆ လ - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီးနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။ ၁၀ လ - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



ထိုအခါ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သဗ္ဗညုတ အဖြစ်သို့ရောက်ပြီးသော်၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၏။

ဗောဓိအနီး၌ သတ္တသတ္တာဟကိုလွန်စေ၍၊ တရားဟောစိမ့်သောငှာ ဗြဟ္မာ တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ ဝိပဿီမြတ်စွာဘုရား အမျိုးအနွယ်တော်တော်မူသော ခဏ္ဍကုမာရမင်းသား၏ လည်းကောင်း, ပုရောဟိတ်ပုဏ္ဏား၏ လည်းကောင်း[၁] ဥပနိဿယနှင့် ပြည့်စုံသောအဖြစ်ကို မြင်တော်မူ၍၊ ကောင်းကင်ခရီးဖြင့် ကြွတော်မူပြီး၍၊ သားတို့၏ ဘေးမဲ့ပေးရာဖြစ်သော ခေမမိဂဒါယ၌ သက်တော်မူ၍၊ ၂ ယောက်သော သားတို့ကို တံခါးစောင့်ကို ခေါ်စေ၍၊ အခြံအရံနှင့်တကွသော သတို့သားတို့၏အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ အကျွတ်တရားကို ရကုန်သောနတ်တို့သည်ကား မရေတွက်နိုင်။[၂]

ထိုဝိပဿီမြတ်စွာဘုရား၏လည်း ၃ ကြိမ်သောအစည်းအဝေးသည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ တပည့်တော် ရဟန္တာအပေါင်း ၆၈ သိန်း။ ဒုတိယအစည်းအဝေး၌ ၁ သိန်း။ တတိယအစည်းအဝေး၌ ၈ သောင်း။ ဤသို့လျှင် အစည်းအဝေး ၃ ကြိမ်၌ ပါတိမောက်ပြတော်မူပေ၏။

ထိုဝိပဿီမြတ်စွာဘုရား လက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်သည် ကြီးသော တန်ခိုးအာနုဘော်ရှိသော အတုလနဂါးမင်း ဖြစ်တော်မူ၍၊ ကုဋေ ၁ သိန်းမကသော အခြံအရံနှင့်တကွ ဝိပဿီမြတ်စွာဘုရားသို့ကပ်လေ၍၊ ဝိပဿီမြတ်စွာဘုရားအား ၇ ပါးသော ရတနာတို့ဖြင့်ပြီးသော စန္ဒကူးမဏ္ဍပ်ကို ဖန်ဆင်း၍၊ ထိုမဏ္ဍပ်၌ မြတ်စွာဘုရားကို နေစေ၍၊ ၇ ရက်ပတ်လုံး နတ်၌ဖြစ်သော သဒ္ဒါခြင်းအာနုဘော်နှင့် လျောက်ပတ်သော ကြီးစွာသောအလှူကို လှူ၍၊ ခပ်သိမ်းသောရတနာတို့ဖြင့် စီရင်အပ်သော, မြတ်သောသူတို့သာ နေထိုက်သော, ရွှေဖြင့်ပြီးသော, အထူးထူးသောပတ္တမြားရောင်တို့ဖြင့် ထွန်းပသော, လျှပ်စစ်နွယ်နှင့်တူသော အင်းပျဉ်ကို မြတ်စွာဘုရားအား လှူ၏။

မြတ်စွာဘုရားလည်း အင်းပျဉ်အကျိုးကို ဟောတော်မူပြီးသော အဆုံး၌ 'ဤကမ္ဘာမှသည် ၉၁ ကမ္ဘာထက်၌ 'ဂေါတမ'အမည်ရှိသော ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော် မူပေ၏။ နဂါးမင်းလည်း ဗျာဒိတ်တော်ကိုကြား၍၊ အတိုင်းထက်အလွန် ပါရမီ ၁၀ ပါးတို့ကို ဖြည့်တော်မူပေ၏။

ဝိပဿီမြတ်စွာဘုရား ပြည်တော်ကား 'ဗန္ဓုမတီ'အမည်ရှိသောပြည်။ ခမည်းတော်ကား 'ဗန္ဓုမာ'အမည်ရှိသောမင်း။ မယ်တော်ကား ဗန္ဓုမတီမိဖုရား။ မြောက်သားတော်ကား ပါဋိတော်၌ သုခနဒေဝီ-အဋ္ဌကထာ၌ သုတနုဒေဝီမိဖုရား။ သားတော်ကား သမဝဋ္ဋကွန္ဓမင်းသား။ မင်းစည်းစိမ် အနှစ် ၈၀ သောင်း။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော်ကား ရထား။ ဒုက္ကရစရိယာ ၆ လ။ ပွင့်တော်မူသောဗောဓိကား 'ပါဋလီ'အမည်ရှိသော သခွတ်ပင်။ ပလ္လင်တော်ကား ၅၃ တောင်။ အရပ်တော် ၈၀။ ရောင်ခြည်တော် ထက်ဝန်းကျင် ၇ ယူဇနာ။ ရဟန်းယောကျ်ားလက်ယာရံ ခဏ္ဍ, လက်ဝဲရံ တိဿ။ အလုပ်အကျွေး အသောက။ ရဟန်းမိန်းမ လက်ယာရံ စန္ဒာ, လက်ဝဲရံ

၁- ပုရောဟိတ်ပုဏ္ဏားသား တိဿ - ပထမငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီးနှင့် အဋ္ဌကထာ

၂- ၁ သောင်း ၄ ထောင်သောရဟန်းတို့ကို တရားတည်းဟူသော အမြှေးဆေးကို တိုက်ကျွေးတော်မူ၏ - ပထမ ငါးခုန်ဆရာတော်၏ မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

http://www.dhammadownload.com



စန္ဒမိတ္တာ။ ဒကာယောက်ကြီး ၁ပုနဗ္ဗသုမိတ္တ, နာဂ[၁] ဟူသော အလုပ်အကျွေး ၂ ယောက်။ ဒကာမိန်းမ ၁သီရိမာ, ဥတ္တရာ[၂] ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၈ သောင်းတမ်းကို ၅ စု - ၁ စုပစ် ၆ သောင်း ၄ ထောင် သက်တော် နေတော်မူ၍၊ သုစိတ္တာရာမ[၃]၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအရပ်၌ပင်လျှင် ၇ ယူဇနာရှိသော စေတီတည်၍ ဓာတ်တော်ကို ဌာပနာလေ၏။

ဝိပဿီ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ပုဏ္ဏနှင့် သုမိတ္တ- တထာဂတဥဒါနဒီယနီ။
၂- နာဂါနှင့် ဥပ္ပလာ- တထာဂတဥဒါနဒီယနီ။
၃- သုမိတ္တာရုံ- တထာဂတဥဒါနဒီယနီ။

http://www.dhammadownload.com



## သိဒိ မြတ်စွာဘုရား ပုဒ္ဓဝင်

ဝိပဿီမြတ်စွာဘုရားဖြစ်တော်မူသော ကမ္ဘာမှသည် ဘုရားမဖြစ်ဘဲ ကမ္ဘာ ၆၃ ပြည့်လေမှ တစ်ခုသော မဏ္ဍာကမ္ဘာဖြစ်၍ သိဒိမြတ်စွာဘုရား, ဝေဿဘူမြတ်စွာဘုရား၊ ဤ ၂ ဆူသည် လောကဒ္ဓ ထင်ရှားဖြစ်တော်မူ၏။

ထို ၂ ဆူသောဘုရားတို့တွင် သိဒိမြတ်စွာဘုရားအလောင်းတော်သည် ပါရမီတို့ကို ဖြည့်၍၊ ပါရမီအဆုံးဒ္ဓ တုသိတာနတ်ပြည်ဒ္ဓ ဖြစ်တော်မူ၍၊ နတ်၏အသက်အတိုင်း နေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍ အရဏာဝတီပြည်ဒ္ဓ 'အရဏာဝါ'အမည်ရှိသော မင်း၏ မိဖုရား ပဘာဝတီဝမ်းဒ္ဓ ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် နိသဘဥယျာဉ်ဒ္ဓ မယ်တော်ဝမ်းမှ ဖွားမြောက်တော်မူ၍၊ အမည်မှည့်အံ့သောနေ့ဒ္ဓ ထိုသတို့သားအား နဖူးသင်းကျစ် ဦးစွန်းကဲ့သို့တက်သောကြောင့် 'သိဒိ'ဟူသောအမည်ကို မှည့်ကုန်၏။

အရွယ်သို့ရောက်လတ်သော် 'သုစန္ဒက, သိရီ, နရိဝသဘ'[၁] အမည်ရှိသော ဥတု ၃ ပါးနှင့် လျောက်ပတ်သော ပြာသာဒ် ၃ ဆောင်ဒ္ဓ ပါဠိတော် သုစိတ္တာမိဖုရား-အဋ္ဌကထာ 'သဗ္ဗကာမာ' အမည်ရှိသောမိဖုရား အမျှူးရှိသော ၂ သောင်း ၄ ထောင်သော မောင်းမအပေါင်းခြံရံလျက်၊ အနှစ် ၇၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို ခံစံပြီးမှ နိမိတ် ၄ ပါးကို မြင်၍၊ 'သဗ္ဗဗုဒ္ဓ' အမည်ရှိသော သားတော်- (အဋ္ဌကထာဒ္ဓ 'အတုလ'အမည်ရှိသောသားတော်)ကို ဖွားလတ်သော်၊ ဆင်ယာဉ်စီး၍ တောထွက်တော်မူ၏။ ဘုရားလောင်းသို့ အစဉ်လိုက်၍ သိန်း ၇၀ သောယောကျ်ားတို့သည် ရဟန်းပြုကုန်၏။

ထိုရဟန်းအပေါင်း ခြံရံလျက် ၈ လ ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ၊ ကဆုန်လပြည့်နေ့ ဂိဏ်းအပေါင်းကို စွန့်၍၊ သုဒဿနနိဂုံးဒ္ဓ ဝိယဒဿီ သူဌေးသမီးလျှူအပ်သော ဟူးနှင့်ရောသော ဃနာဆွမ်းကို ဘဉ်းပေးတော်မူ၍၊ တရဏဒီရတောဒ္ဓ နေ့နေခြင်းကို လွန်စေ၍၊ ညချမ်းသောအခါဒ္ဓ 'အနောမဒဿီ'အမည်ရှိသော ရသေ့လျှူသော ၈ ဆုပ်သောမြက်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၍၊ 'ပုဏ္ဏာရိက'အမည်ရှိသော သရက်ဖြူပင်ကို လက်ယာရစ်လှည့်တော်မူ၍၊ အရှေ့မြောက်ထောင့်အရပ်ဒ္ဓ ရပ်တော်မူလျက် ၈ ဆုပ်သော မြက်ကိုခင်းတော်မူပြီးမှ၊ မြက်ပလ္လင်ထက်ဒ္ဓ ထက်ဝယ်ခွေတော်မူ၍၊ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသောဝီရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် အတောင် ၇၀ နှင့်လျောက်ပတ်သော အချင်း ၃၄ တောင်ရှိသော မြက်ခင်းပလ္လင်ထက် ဗောဓိပင်ကို တံကဲပြု၍ အရှေ့ဗောဓိခက်အရိပ်ဒ္ဓ နေတော်မူ၏။

ထိုအခါ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံ တို့ဒ္ဓ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သဗ္ဗညုတ အဖြစ်သို့ ရောက်ပြီးသော်၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၍၊ ဗောဓိအနီးဒ္ဓ သတ္တသတ္တာဟကို လွန်စေ၍၊ တရားဟောစိမ့်သောငှာ ဗြဟ္မာတောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ မြတ်စွာဘုရားနှင့်တကွ ရဟန်းပြုကုန်သော ၃ သိန်း ၇ ထောင်[၂]သောရဟန်းတို့အား ဥပနိဿယနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍၊

၁- သုစန္ဒက, ဂိရိ, ဝသဘ စာတော်မူ။ သုစန္ဒက, သိရိ, ဝိရိယသနာရိဝသဘ၊ (အဋ္ဌကထာ)
၂- ၃ သန်း ၇ သိန်း - ပထမငါးခုန် ဆရာတော်မူ

http://www.dhammadownload.com



ကောင်းကင်ခရီးဖြင့် ကြွတော်မူလေ၍၊ ဝိဂါဝဖိနဥယျာဉ်[၁]၌ သက်တော်မူပြီးသော်၊ ထိုရဟန်းအပေါင်း ခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ အကုဋ္ဌေ ၁ သိန်းသော ရဟန်းတို့သည် အကျွတ်တရားကို ရကုန်၏။

သိခိမြတ်စွာဘုရား၏လည်း ၃ ကြိမ်သောအစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ ရဟန္တာအပေါင်း ကုဋ္ဌေ ၁ သိန်း။ ဒုတိယအစည်းအဝေး၌ ကုဋ္ဌေ ၈ သောင်း။ တတိယအစည်းအဝေး၌ ကုဋ္ဌေ ၂ သောင်း[၂]။ ဤ ၃ ကြိမ်သောအစည်းအဝေး၌ ၃ ကြိမ် ပါတိမောက် ပြတော်မူပေ၏။

သိခိဘုရားလက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်သည် 'အရိန္ဒမ' အမည်ရှိသောမင်း ဖြစ်တော်မူ၍၊ ဘုရားအမှူးရှိသော ရဟန်းအပေါင်းအား သင်္ကန်းနှင့်တကွ ကြီးစွာသောအလှူကို ဖြစ်စေ၍၊ ရတနာ ၇ ပါးဖြင့် တန်ဆာဆင်သော ဆင်ရတနာကို လှူ၍၊ အပ်သောဥစ္စာတို့ကိုလည်း လှူ၏။ ထိုသိခိဘုရားလည်း အရိန္ဒမမင်းကြီးအား 'ဤကမ္ဘာမှသည် ၃၁ ကမ္ဘာထက်၌ 'ဂေါတမ' အမည်ရှိသော ဘုရားဖြစ်လတ္တံ့' ဟူ၍ ဗျာဒိတ်ပေးတော်မူ၏။ ဘုရားလောင်းလည်း ဗျာဒိတ်တော်ကို ကြား၍၊ အတိုင်းထက်အလွန် ပါရမီတို့ကို ဖြည့်တော်မူ၏။

သိခိမြတ်စွာဘုရားပြည်တော်ကား အရဏဝတီပြည်။ ခမည်းတော်ကား အရဏဝါမင်း။ မယ်တော်ကား ပဘာဝတီမိဖုရား။ မြောက်သားတော်ကား သုစိတ္တာဒေဝီမိဖုရား[၃]။ သားတော်ကား သုပ္ပဗုဒ္ဓမင်းသား[၄]။ မင်းစည်းစိမ် အနှစ် ၆၀၀၀။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော်ကား ဆင်။ ဒုက္ကရစ[၅] ဘ ၈ လ။ ပွင့်တော်မူသော ဗောဓိကား 'ပုဏ္ဏရိက' အမည်ရှိသော သရက်ဖြူပင်။ ပလ္လင်တော်ကား ၃၄ တောင်။ အရပ်တော် အတောင် ၇၀။ ရောင်ခြည်တော် ၃ ယူဇနာ အမြဲနှံ့၍ တည်၏။ ရဟန်းယောကျ်ား လက်ယာရံ အဘိဘူ, လက်ဝဲရံ သမ္ဘဝ။ အလုပ်အကျွေး ခေမင်္ကရ။ ရဟန်းမိန်းမ လက်ယာရံ သခီလာ, လက်ဝဲရံ ပဒုမာ။ ဒကာယောကျ်ား 'သိဝိဝမုန, စန္ဒ' ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၇ သောင်းတမ်းကို ၅ စု - ၁ စုပစ် သက်တော် ၅ သောင်း ၆ ထောင် နေတော်မူ၍၊ သီလဝတီပြည်၏အနီး ဒုသပရာမ[၅]၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအရပ်ပင်လျှင် ၃ ယူဇနာစေတီ တည်၍ ဓာတ်တော်ကို ဌာပနာလေ၏။

## သိခိ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ဧဂါဓိနိဥယျာဉ် - ပထမငါးခုန်ဆရာတော်မူ။

၂- ပထမအစည်းအဝေး ၁ သိန်း, ဒုတိယအစည်းအဝေး ၈ သောင်း, တတိယအစည်းအဝေး ၇ သောင်း - ပထမငါးခုန်ဆရာတော်မူ။ ပထမအစည်းအဝေး၌ ကုဋ္ဌေ ၁ သိန်း, ဒုတိယအစည်းအဝေး၌ ကုဋ္ဌေ ၉ သောင်း, တတိယအစည်းအဝေး၌ ကုဋ္ဌေ ၈ သောင်း - ဗုဒ္ဓဝင်အဋ္ဌကထာ

၃- မိဖုရားကြီးသဗ္ဗကာမာ - ဗုဒ္ဓဝင်အဋ္ဌကထာ

၄- သားတော် အတုလ - ဗုဒ္ဓဝင်အဋ္ဌကထာ)

၅- အဿာရာမ

http://www.dhammadownload.com



## ဝေဿဘူ မြတ်စွာဘုရား ဗုဒ္ဓဝင်

ထိုသီခီမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ လူတို့အသက် ၇ သောင်းတမ်း[၁]ကသည် အစဉ်သဖြင့် ၁၀ နှစ်တိုင်အောင် ယုတ်၍၊ တစ်ဖန် ပွားပြန်၍၊ အသင်္ချေတိုင်အောင်နေပြီးမှ တစ်ဖန်ယုတ်ပြန်၍၊ လူတို့အသက် ၆ သောင်းနေသောအခါ 'ဝေဿဘူ'အမည်ရှိသော မြတ်စွာဘုရားသည် လောကဌ် ထင်ရှားဖြစ်တော်မူ၏။

ထို ဝေဿဘူမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတို့ကို ဖြည့်၍၊ ပါရမီအဆုံးဌ် တုသိတာနတ်ပြည်ဌ်ဖြစ်၍၊ နတ်၏အသက်အတိုင်း နေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ 'အနောမ' အမည်ရှိသောပြည်ဌ် သုပ္ပတီတ[၂] အမည်ရှိသောမင်း၏မိဖုရား ယသဝတီဝမ်းဌ် ပဋိသန္ဓေယူတော်မူလေ၏။

၁၀ လလွန်သဖြင့် အနုပမဥယျာဉ်ဌ် မယ်တော်ဝမ်းမှ ဖွားမြောက်တော်မူ၍၊ ထိုဘုရားလောင်းအား အမည်မှည့်အံ့သောနေ့ဌ် 'ဝေဿဘူ' ဟူသောအမည်ကို မှည့်ကုန်၏။ အရွယ်သို့ရောက်ပြီးသော် 'ရှစိ, သုရှစိ, ရတိဝမုန'[၃] အမည်ရှိသော ပြာသာဒ် ၃ ဆောင်ဌ် သုစိတ္တာဒေဝီမိဖုရား အမှူးရှိသော ၃ သောင်းသော မောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၆၀၀၀ ပတ်လုံး မင်း၏စည်းစိမ်ကို ခံစံလျက် နိမိတ် ၄ ပါးကို မြင်ပြီးသော်၊ 'သုပ္ပဗုဒ္ဓ' အမည်ရှိသော သားတော်ကို ဖွားလတ်သော်၊ ရွှေထမ်းစင် စီး၍ ထောထွက်တော်မူ၏။ ဘုရားလောင်းသို့ အစဉ်လိုက်၍ ၃ သောင်းသောယောကျ်ားတို့သည် ရဟန်းပြုကုန်၏။

ထိုရဟန်းတို့ခြံရံလျက် ၆ လ ဒုက္ကရစရိယာ ကျင့်တော်မူပြီးမှ၊ ကဆုန်လပြည့်နေ့ သုစိတ္တာနိဂုံးဌ် 'သိရိဝမုနာဂိရိ'အမည်ရှိသော နဂါးမ လှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ သာလတောဌ် နေ့နေခြင်းကို လွန် စေ၍၊ ညချမ်းသောအခါဌ် နရိန္ဒနဂါးမင်းလှူသော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက်၊ 'သာလ'အမည်ရှိသော အင်ကြင်းပင်ကို လက်ယာရစ်လှည့်ပြီးသော် အရှေ့မြောက်ထောင့်အရပ်ဌ် ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်ထက်ဌ် ထက်ဝယ်ခွေတော်မူ၍ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသောဝီရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် အတောင် ၆၀ နှင့်လျောက်ပတ်သော အချင်း အတောင် ၄၀ ရှိသော ရတနာပလ္လင်ထက် ဗောဓိပင်ကို တံကဲပြု၍ အရှေ့ဗောဓိခက်အရိပ်ဌ် နေတော်မူ၏။

ထိုအခါ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့ဌ် ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သမ္မာသမ္ဗုဒ္ဓတာ အဖြစ်သို့ ရောက်တော်မူပြီးသော်၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၏။ ဗောဓိအနီးဌ် သတ္တသတ္တာဟာကို လွန်စေပြီးမှ တရားဟောစိမ့်သောငှာ ဗြဟ္မာ တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ မြတ်စွာဘုရား ညီတော်ဖြစ်သော သောဏမင်းသားနှင့် ဥတ္တရမင်းသားတို့၏ ဥယိသယနှင့် ပြည့်စုံသည်ကို မြင်တော်မူ၍

၁- ကုရ္ဍေ ၇ သောင်း - ပထမငါးခုန်ဆရာတော်မူ
၂- သုပ္ပတီသ - ပထမငါးခုန်ဆရာတော်မူ။ သုပ္ပတီတ။ စာတော်မူ
၃- ရှစိ, သုရှစိ, ရတိဝမုန - ပထမငါးခုန်ဆရာတော်မူ။ စာတော်မူ

http://www.dhammadownload.com



အနောမပြည်၏အနီး အရဏာဥယျာဉ်၌ သက်တော်မူ၍၊ ထိုညီတော်တို့ကို ဥယျာဉ်စောင့်ကို ခေါ်စေ၍၊ ထိုမင်းသားတို့၏ အခြံအရံတို့၏အလယ်၌ ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၈ သောင်းသော[1] လူတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။

ဝေဿဘူမြတ်စွာဘုရား၏လည်း ၃ ကြိမ်သောအစည်းအဝေးတို့သည် ဖြစ်ကုန်၏။ ပထမအစည်းအဝေး၌ တပည့်သားရဟန္တာအပေါင်း ၈ သောင်း။ ဒုတိယအစည်းအဝေး၌ ၇ သောင်း။ တတိယအစည်းအဝေး၌ ၆ သောင်း။ ဤ ၃ ကြိမ်သော အစည်းအဝေး၌ ၃ ကြိမ် ပါတိမောက်ပြတော်မူပေ၏။

ဝေဿဘူမြတ်စွာဘုရားလက်ထက်တော်၌ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် သုဒဿနမင်း ဖြစ်တော်မူ၍၊ ဝေဿဘူမြတ်စွာဘုရားအထံတော်သို့ ကပ်လေ၍၊ မြတ်စွာဘုရားတရားတော်ကို ကြား၍၊ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းအား သင်္ကန်းနှင့်တကွ ကြီးစွာသော အလှူကိုပေး၍၊ မြတ်စွာဘုရား နေတော်မူစရာ ဂန္ဓကုဋီကို ပြု၍၊ ထိုကုဋီကို ကျောင်း ၁၀၀၀ ရံ၍၊ မြတ်စွာဘုရားအား ကြီးစွာသောအလှူကို ပေးတော်မူ၍၊ ခပ်သိမ်းသော စည်းစိမ်ချမ်းသာကို မြတ်စွာဘုရားသာသနာတော်၌ စွန့်၍၊ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍၊ ရဟန်းကျေးဇူးနှင့် ပြည့်စုံသည်ဖြစ်၍၊ ၁၃ ပါးသော ဓူတင်ကျေးဇူး ကျေစေသည်ဖြစ်၍၊ မြတ်စွာဘုရားဖြစ်အံ့သော အဆောက်အအုံကို ရှာမှီး၍ မြတ်စွာဘုရားသာသနာတော်၌ မွေ့လျော်နေတော်မူ၏။

ဝေဿဘူမြတ်စွာဘုရားလည်း 'နောင် လာလတ္တံ့သောအခါ ဤကမ္ဘာမှသည် ၃၁ ကမ္ဘာထက်၌ ရဟန်းပြုတော်မူသော ဤမင်းကြီးသည် 'ဂေါတမ'အမည်ရှိသော ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူပေ၏။ ဘုရားလောင်းလည်း ဗျာဒိတ်တော်ကိုကြား၍၊ အလွန် စိတ်တော်ကြည်သည်ဖြစ်၍၊ အတိုင်းထက်အလွန် ဆောက်တည်၍ ၁၀ ပါးသောပါရမီတို့ကို ဖြည့်တော်မူ၏။

ဝေဿဘူမြတ်စွာဘုရား ပြည်တော်ကား 'အနောမ'အမည်ရှိသော ပြည်။ ခမည်းတော်ကား 'သုပ္ပတိတ'အမည်ရှိသော မင်း။ မယ်တော်ကား ယသဝတီမိဖုရား။ မြောက်သားတော်ကား သုစိတ္တာဒေဝီမိဖုရား။ သားတော်ကား သုပ္ပဗုဒ္ဓမင်းသား။ မင်းစည်းစိမ် အနှစ် ၆ သောင်း။ အမျိုးတော်ကား မင်းမျိုး။ ယာဉ်တော် ထမ်းစင်။ ဒုက္ကရစရိယာ ၆ လ။ ပွင့်တော်မူသောဗောဓိကား 'သာလ'အမည်ရှိသော အင်ကြင်းပင်။ ပလ္လင်တော်ကား အတောင် ၄၀။ အရပ်တော် အတောင် ၆၀။ ရောင်ခြည်တော် အတောင် ၈၀။ ရဟန်းယောကျ်ား လက်ယာရံ သောဏ၊ လက်ဝဲရံ ဥတ္တရ။ အလုပ်အကျွေး ဥပသန္တ။ ရဟန်းမိန်းမ လက်ယာရံ ရာမာ၊ လက်ဝဲရံ သမာလာ။ ဒကာယောကျ်ား သောတ္ထိက၊ ရမ္မ ဟူသော အလုပ်အကျွေး ၂ ယောက်။ ဒကာမိန်းမ ဂေါတမီ၊ သိရိမာ ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၆ သောင်းတမ်းကို ၅ စု - ၁ စုပစ် - ၄ သောင်း ၈ ထောင် သက်တော်နေ၍ ခေမာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်ကား ဖြန့်သောအားဖြင့် ထိုထိုသော အရပ်၌ အကွဲအပြား တည်လေ၏။

ဝေဿဘူ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ၇ သောင်း ၇ ထောင် - ငါးခုန်ဆရာတော်မူ။

http://www.dhammadownload.com



## ကကုသန် မြတ်စွာဘုရား ဗုဒ္ဓဝင်

ဝေဿဘူမြတ်စွာဘုရား ဖြစ်တော်မူသောကမ္ဘာမှသည် ဘုရား မဖြစ်သောကမ္ဘာ ၂၉ ပြန်လေမှ ဘဒ္ဒကပ်ကမ္ဘာ၌ 'ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ, ဤ ၄ ဆူသော ဘုရားတို့ဖြစ်ကုန်၏။ အရိမေတ္တေယျဘုရားကား ဖြစ်လတ္တံ့။' ဤ ၅ ဆူကုန်သော မြတ်စွာဘုရားတို့သည် လောကဒ္ဓါ ထင်ရှားဖြစ်တော်မူ၏။ ဤသို့လျှင် ဘုရားဖြစ်သော ၅ ပါးသောကမ္ဘာတို့တွင် ဤဘဒ္ဒကပ်ကမ္ဘာသည် ဘုရား ၅ ဆူတို့သည်ဖြစ်၍ တန်ဆာဆင်အပ်ကုန်သည်၏အဖြစ်ကြောင့် 'ဘဒ္ဒကမ္ဘာ'ဟူ၍ မြတ်စွာဘုရားတို့သည် ချီးမွမ်းတော်မူကုန်၏။

ထို ၅ ဆူသောဘုရားတို့တွင် ကကုသန် မြတ်စွာဘုရားအလောင်းတော်သည် ပါရမီတို့ကို ဖြည့်၍၊ ပါရမီအဆုံး၌ တုသိတာနတ်ပြည်၌ဖြစ်တော်မူ၍၊ နတ်၏အသက်အတိုင်းနေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ ခေမဝတီပြည်၌ ခေမာ[၁]အမည်ရှိသောမင်းကြီးအား အကျိုးအကြောင်းကို အစဉ်ဆုံးမသော 'အဂ္ဂိဒတ္တ' အမည်ရှိသော ပုရောဟိတ်ပုဏ္ဏားဇာ၏မြောက်သား ဝိသာခါပုဏ္ဏားမ၏ဝမ်း၌ ပဋိသန္ဓေ ယူတော်မူလေ၏။

အကြင်အခါ မင်းတို့သည် ပုဏ္ဏားတို့ကို အရိုအသေပြုကုန်၏။ ပူဇော်ကုန်၏။ မြတ်နိုးကုန်၏။ အလေးအမြတ်ပြုကုန်၏။ ထိုအခါ ဘုရားလောင်းတို့သည် ပုဏ္ဏားမျိုး၌ ဖြစ်ကုန်၏။ အကြင်အခါ ပုဏ္ဏားတို့သည် မင်းတို့ကို အရိုအသေ ပြုကုန်၏။ ပူဇော်ကုန်၏။ အလေးအမြတ် ပြုကုန်၏။ ထိုအခါ ဘုရားလောင်းတို့သည် မင်းမျိုး၌ ဖြစ်ကုန်၏။

ထိုကကုသန်မြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌ ပုဏ္ဏားတို့ကို မင်းတို့သည် အရိုအသေပြုကုန်သတတ်။ မြတ်နိုးကုန်သတတ်။ အလေးအမြတ် ပြုကုန်သတတ်။ ထို့ကြောင့် ကကုသန်မြတ်စွာဘုရားအလောင်းသည် များသောအရိုအသေ, များသောစည်းစိမ်ချမ်းသာ အသရေအပေါင်းဖြင့် အနှောင့်အယှက်မရှိသည်ဖြစ်၍ ပုဏ္ဏားအမျိုးသည် ၁ သောင်းသော လောကဓာတ်၌ ထင်ရှားဖြစ်တော်မူ၏။ ဘုရားလောင်းသည် ၁၀ လလွန်သဖြင့် ခေမဝတီ[၂] ဥယျာဉ်၌ မယ်တော်ဝမ်းမှ ရွှေနှယ်မှမီးလျှံကဲ့သို့ ဖွားတော်မူ၏။

အရွယ်သို့ရောက်ပြီးသော် 'ကာမ, ကာမဝဏ္ဏ, ကာမသုဒ္ဓိ' အမည်ရှိသော ပြာသာဒ် ၃ ဆောင်၌ ဝိဓုရပုဏ္ဏားမ (အဋ္ဌကထာ၌ ရောစိနီပုဏ္ဏားမ) အမျူးရှိသော ၃ သောင်းသော မောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၄ သောင်းပတ်လုံး မင်း၏စည်းစိမ်ကိုခံစံလျက်၊ နိမိတ် ၄ ပါးကိုမြင်၍၊ 'ဥတ္တရ'အမည်ရှိသော သားတော်ဖွားလတ်သော်၊ အဇပြင်း[၃]ကသော ရထားစီးတော်မူ၍ တောထွက်တော်မူ၏။

၁- ခေမင်္ကရမင်း - ပထမငါးခုနှစ်ဆရာတော်မူ။ ဗုဒ္ဓဝင်အဋ္ဌကထာ။
၂- ခေမဥယျာဉ် - ပထမငါးခုနှစ်ဆရာတော်မူ။
၃- အာစာနည်မြင်း - ပထမငါးခုနှစ်ဆရာတော်မူ။

http://www.dhammadownload.com



ဘုရားလောင်းရဟန်းပြုပြီးသော် ဘုရားလောင်းသို့လိုက်၍ ၄ သောင်းသောယောကျ်ားတို့သည် ရဟန်းပြုကုန်၏။ ထိုရဟန်းအပေါင်းခြံရံလျက်၊ ၁၀ လ[၁] ဒုက္ကရစရိယာကျင့်တော်မူပြီးမှ၊ ကဆုန်လပြည့်နေ့ သုဝိန္ဒရာ[၂]မိုဂုံးဦး ဝိဇိရိန္ဒပုဏ္ဏားသမီး[၃] လှူအပ်သော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ ခဒိရတောဠိ နေ့နေခြင်းကို လွန်စေ၍၊ ညချမ်းသောအခါ၌ 'သုဘဒ္ဒ'အမည်ရှိသော လယ်စောင့်လှူသော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၍၊ 'သိရီသ'အမည်ရှိသော ကုက္ကိုပင်ကို လက်ယာရစ်လှည့်တော်မူပြီးသော်၊ အရှေ့မြောက်ထောင့် အရပ်၌ ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်ထက်၌ ထက်ဝယ်ခွေတော်မူ၍ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသော ဝိရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် အတောင် ၄၀ နှင့်လျော်ပတ်သော အချင်း ၂၆ တောင်ရှိသော ရွှေပလ္လင်ထက် ဗောဓိပင်ကို တဲကဲ့ပြု၍ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ နေမင်မိ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍ သဗ္ဗညုတ အဖြစ်သို့ရောက်ပြီးသော်၊ 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၍၊ ဗောဓိအနီး၌ သတ္တသတ္တာဟ ကို လွန်စေ၍၊ တရားဟောစိမ့်သောငှာ ဗြဟ္မာတို့တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ မြတ်စွာဘုရားနှင့်တကွ ရဟန်းပြုလေကုန်သော ၄ သောင်းသောရဟန်းတို့သည် တရားကိုသိခြင်းငှာ စွမ်းနိုင်သောအဖြစ်ကို မြင်တော်မူ၍ ထိုရဟန်းတို့၏အလယ်၌ ဓမ္မစက်ကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၄ သောင်းတို့သည် အကျွတ်တရားကို ရကုန်၏။

ကကုသန်မြတ်စွာဘုရားသည်လည်း မြတ်စွာဘုရားနှင့်တကွ ရဟန်းပြုကုန်သော ၄ သောင်းသော တပည့်သားတော် ရဟန္တာအပေါင်းခြံရံလျက် တဝိုတ္တလပြည့်နေ့ ပါတိမောက် ဤတစ်ကြိမ်သာ ပြတော်မူ၏။

ကကုသန်မြတ်စွာဘုရားလက်ထက်တော်၌ ငါတို့ဘုရားအလောင်းတော်သည် 'ခေမ'အမည်ရှိသော မင်းဖြစ်တော်မူ၍၊ ဘုရားအမှူးရှိသော သံဃာတော်အား သပိတ်, သင်္ကန်းနှင့်တကွ ကြီးစွာသောအလှူကို လည်းကောင်း၊ မျက်စဉ်း အစရှိသောဆေးကို လည်းကောင်း လှူတော်မူ၍၊ ဘုရားတရားတော်ကို ကြား၍ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုတော်မူ၏။

ကကုသန်မြတ်စွာဘုရားသည်လည်း ဘုရားလောင်းအား 'နောင်အခါ ဤဘဒ္ဒကပ်ကမ္ဘာ၌ပင်လျှင် 'ဂေါတမ' အမည်ရှိသောဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ်ပေးတော်မူ၏။ ဘုရားလောင်းလည်း ဗျာဒိတ်တော်ကို ကြား၍၊ အတိုင်းထက်အလွန် ပါရမီ ၁၀ ပါးတို့ကို ဖြည့်တော်မူ၏။

ကကုသန်မြတ်စွာဘုရား ဖွားတော်မူသောပြည်တော်ကား ခေမဝတီပြည်။ ထိုပြည်ကို အစိုးရသော မင်းကား 'ခေမာ'အမည်ရှိသော မင်း။ ခမည်းတော်ကား ထိုခေမဝတီပြည်၌နေသော 'အဂ္ဂိဒတ္တ' အမည်ရှိသောပုဏ္ဏား။ မယ်တော်ကား 'ဝိ ခါ' အမည်ရှိသော ပုဏ္ဏေးမ။ မြောက်သားတော်ကား ပါဠိတော်၌ကား ဝိဓုရပုဏ္ဏေးမ (အဋ္ဌကထာ၌ကား ရောစိနီပုဏ္ဏေးမ)။ သားတော်ကား ဥတ္တရသတို့သား။ လူစည်းစိမ်ကား အနှစ် ၄ သောင်း။ အမျိုးတော်ကား ပုဏ္ဏား။ ယာဉ်တော်ကား ရထား။ ဒုက္ကရစရိယာ ၁၀ လ။ ပွင့်တော်မူသောဗောဓိကား 'သိရီသ'အမည်ရှိသော

၁- ၈ လ - စာတော်မူ။ ပထမငါးခုနှစ်ဆရာတော်မူ။ ဗုဒ္ဓဝင်အဋ္ဌကထာ။
၂- သုစန္ဒရဂိုဏ်း - ပထမငါးခုနှစ်ဆရာတော်မူ။ သုစိရိန္ဒနိဂုံး- ဗုဒ္ဓဝင်အဋ္ဌကထာ။
၃- ဝဇိရိန္ဒပုဏ္ဏားသမီး - ပထမငါးခုနှစ်ဆရာတော်မူ။ ဗုဒ္ဓဝင်အဋ္ဌကထာ။

http://www.dhammadownload.com



ကုက္ကိုပြင်။ ပလ္လင်တော်ကား ၂၆ တောင်။ အရပ်တော်ကား အတောင် ၆၀။ ရဟန်းယောကျ်ား လက်ယာရံ ဝိရောစ[၁], လက်ဝဲရံ သဒ္ဓိတ[၂]။ အလုပ်အကျွေး ဗုဒ္ဓဓ။ ရဟန်းမိန်းမ လက်ယာရံ သာမာ, လက်ဝဲရံ အပ္ပမာနာ[၃]။ ဒကာယောကျ်ား 'အစ္ဆုတ, သုမန' ဟူသော အလုပ်အကျွေး ၂ ယောက်။ ဒကာမိန်းမ 'နန္ဒာ, သုနန္ဒာ' ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၄ သောင်းတမ်းကို ၅၅ စု - ၁ စုပစ် - သက်တော် ၃ သောင်း ၂ ထောင်နေတော်မူ၍၊ ခေမာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအရပ်ပင်၌ ဂါဝုတ်မျှသောစေတီ တည်၍ ဓာတ်တော်ကို ဌာပနာလေ၏။

ကကုသန် မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ဝိဓုရ - ပထမငါးခုန်မူ။ စာတော်မူ။ ဗုဒ္ဓဝင်အဋ္ဌကထား။
၂- သဒ္ဓိဝ - ပထမငါးခုန်မူ။ စာတော်မူ။ ဗုဒ္ဓဝင်အဋ္ဌကထား။
၃- စမ္ပာ- စာတော်မူ။ ဗုဒ္ဓဝင်အဋ္ဌကထား။

http://www.dhammadownload.com



## ကောဏာဂုံ မြတ်စွာဘုရား ဗုဒ္ဓဝင်

ကကုသန်မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍၊ သာသနာတော်ကွယ်လတ်သော် လူတို့အသက် ၄ သောင်း တမ်းမှသည် အစဉ်သဖြင့် ၁၀ နှစ်တိုင်အောင် ယုတ်၍၊ တစ်ဖန် အသင်္ချေတိုင်အောင် ပွားပြန်၍၊ အသင်္ချေကမှ ယုတ်ပြန်၍၊ လူတို့အသက် ၃ သောင်းနေသောအခါ ကောဏာဂုံ မြတ်စွာဘုရားသည် လောကဌ် ထင်ရှား ဖြစ်တော်မူ၏။

ထိုကောဏာဂုံမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတို့ကိုဖြည့်၍၊ ပါရမီအဆုံးဌ် တုသိတာနတ်ပြည်ဌ် ဖြစ်တော်မူ၍၊ နတ်၏အသက်အတိုင်း နေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှစုတေ၍ ဘောဂဝတီ[1] ပြည်ဌ် 'ဘောဘာဂ' အမည်ရှိသောမင်းသည် မင်းပြု၏။ ထိုဘောဂဝတီပြည်ဌ် 'ယညဒတ္တ' အမည်ရှိသော ပုဏ္ဏား၏ မြောက်သားတော် ဥတ္တရာပုဏ္ဏေးမဝမ်းဌ် ပဋိသန္ဓေယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် သုဘဝတီ[2]ဥယျာဉ်ဌ် မယ်တော်ဝမ်းမှ ဖွားမြောက်တော်မူ၏။ ဖွားတော်မူသောအခါဌ် ဓမ္မာဒီပါကျွန်းအလုံး ရွှေမိုး ရွာ၏။ ထို့ကြောင့် ထိုသတို့သားအား အမည်မှည့်အံ့သောနေ့ဌ် ကနကာမ[3]ဟူသော အမည်ကိုမှည့်ကုန်၏။ ထိုအမည်သည် အစဉ်သဖြင့် ဖောက်ပြန်၍ ဂေါဏာဂမန်[4] ဟူ၍ ဖြစ်၏။ ထိုဘုရားလောင်းသည် အရွယ်သို့ရောက်ပြီးသော် 'တုသိတ, သန္တုသိတ, သန္တုဿ' အမည်ရှိသော ပြာသာဒ် ၃ ဆောင်ဌ် 'ရုစိဘတ္တာ'[5] အမည်ရှိသော ပုဏ္ဏေးမအမျှူးရှိသော ၁ သောင်း ၆ ထောင်သော မောင်းမအပေါင်းခြံရံလျက်၊ အနှစ် ၃၀၀၀ ပတ်လုံး လူစည်းစိမ်ကို ခံစံလျက် နိမိတ် ၄ ပါးကို မြင်၍ 'သတ္တဝါဟ' ဟူသော သားတော်ကို ဖွားလတ်သော်၊ ဆင်ယာဉ်စီး၍ တောထွက်တော်မူ၏။ ဘုရားလောင်း တောထွက်ပြီးသော် ၃ သောင်းသော ယောကျ်ားတို့သည် ဘုရားလောင်းသို့လိုက်၍ ရဟန်းပြုကုန်၏။

ထိုရဟန်းအပေါင်းခြံရံလျက် ၆ လပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူပြီးမှ၊ ကဆုန်လပြည့်နေ့ 'အဂ္ဂိသောနာ' အမည်ရှိသော ပုဏ္ဏားသမီးလှူသော ဃနာဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ ခဒိရတောဌ် နေ့နေခြင်းကိုလွန်စေ၍၊ ညချမ်းသောအခါဌ် 'နန္ဒိက'[6] အမည်ရှိသော မုယောလယ်စောင့်လှူအပ်သော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက်၊ ဗောဓိပင်သို့ ကပ်တော်မူလေ၍ 'ဥဒုမ္ဗရ' အမည်ရှိသော ရေသဖန်းပင်ကို လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့မြောက်ထောင့်အရပ်ဌ် ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်ထက်ဌ် ထက်ဝယ် ခွေတော်မူ၍ အင်္ဂါ ၄ ပါးနှင့် ပြည့်စုံသောဝီရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် အတောင် ၈၀ နှင့် လျောက်ပတ်သော အချင်း အတောင် ၈၀ ရှိသော ရွှေပလ္လင်ဌ် ဗောဓိပင်ကို တံကဲပြု၍ အရှေ့ဗောဓိခက်အရိပ်ဌ် နေတော်မူ၏။

၁- သောဘဝတီပြည် - စာတော်မူ။ ငါးခုန်မူနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။
၂- ကနကာဂမန - ငါးခုန်မူ။ ကနကာဂမန - ဗုဒ္ဓဝင်အဋ္ဌကထာ။
၃- ကောဏာဂမန - ငါးခုန်မူနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။
၄- ရုစိဂတ္တာ - ငါးခုန်မူနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။
၅- ဇောတိဿက - ငါးခုန်မူနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။

http://www.dhammadownload.com



ထိုအခါ နေမဝင်မီ မာရ်စစ်ကို အောင်တော်မူ၍၊ ညဉ့် ၃ ယံတို့၌ ဝိဇ္ဇာ ၃ ပါးကို ရတော်မူ၍၊ သဗ္ဗညုတ အဖြစ်သို့ ရောက်တော်မူပြီးသော် 'အနေကဇာတိ' အစရှိသော ဥဒါန်းဂါထာကို မိန့်တော်မူ၍၊ ဗောဓိအင်္ဂီး၌ သတ္တ သတ္တာဟာကို လွန်စေပြီးမှ တရားဟောစိမ့်သောငှာ ဗြဟ္မာတောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ ကောင်းကင် ခရီးဖြင့် ကြွတော်မူ၍၊ သုဒဿနပြည်၏အနီး ဣသိပတနဒ္ဒ မြတ်စွာဘုရားနှင့် ရဟန်းပြုကုန်သော ထိုရဟန်းတို့၏ အလယ်၌ ဓမ္မစက်ကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၃ သောင်း ရှေးဦးစွာ အကျွတ်တရားကို ရကုန်၏။

ကောဏာဂုံ မြတ်စွာဘုရားအားလည်း တစ်ကြိမ်သောအစည်းအဝေးသည် ဖြစ်၏။ ထိုအစည်းအဝေး၌ ၃ သောင်းသော တပည့်သားတော်ရဟန္တာအပေါင်းတို့၏အလယ်၌ တဝို့တွဲလပြည့် ပါတိမောက် ပြတော်မူ၏။

ထို ကောဏာဂုံမြတ်စွာဘုရားလက်ထက်၌ ငါတို့မြတ်စွာဘုရား အလောင်းတော်သည် မိထိလာပြည်၌ 'ပဗ္ဗာဝတ'[၁] အမည်ရှိသောမင်း ဖြစ်တော်မူ၍၊ အမတ်အပေါင်း ခြံရံလျက်၊ မြတ်စွာဘုရားအထံတော်သို့ သွား၍၊ တရားကို နာ၍၊ ဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို ဖိတ်ပြီးသော် ကြီးစွာသောအလှူကို လှူ၍၊ ထိုအရပ်၌ မြတ်စွာဘုရားအား ဝါဆိုစိမ့်သောငှာ တောင်းပန်၍၊ ဝါတွင်း ၃ လပတ်လုံး တပည့်သားတော် သံဃာအပေါင်းနှင့်တကွ မြတ်စွာဘုရားကို လုပ်ကျွေး၍၊ ပဋိညာဉ်တိုင်း၌ဖြစ်သော ပုဆိုး၊ သားမွေးဖြင့် ပြီးသော ပုဆိုး၊ ဝိုးချည်ရက်သော ပုဆိုး၊ ဘွဲ့ဖြူပုဆိုး၊ အတိုင်းမသိသောရွှေဖြင့်ပြီးသော အပေါ်ရုံပုဆိုး၊ ထိုမှတစ်ပါး များစွာသော ပရိက္ခရာတို့ကို လှူ၏။ မြတ်စွာဘုရားလည်း ဘုရားလောင်းအား 'ဤဘဒ္ဒကပ်ကမ္ပာ၌ 'ဂေါတမ'အမည်ရှိသော ဘုရား ဖြစ်လတ္တံ့'ဟု ဗျာဒိတ် ပေးတော်မူပေ၏။ ဗျာဒိတ်တော်ကို ကြား၍ ပြည်ကိုစွန့်ပြီးသော် မြတ်စွာဘုရားအထံတော်၌ ရဟန်းပြုတော်မူ၍ အတိုင်းထက်အလွန် ပါရမီ ၁၀ ပါးကို ဖြည့်တော်မူ၏။

ကောဏာဂုံမြတ်စွာဘုရား ဖွားတော်မူသော ပြည်တော်ကား သောဘဝတီပြည်။ ထိုပြည်ကို အစိုးရသော မင်းကား 'သောဘာဂ'အမည်ရှိသော မင်း။ ခမည်းတော်ကား ထိုပြည်၌နေသော 'ယညဒတ္တ'အမည်ရှိသော ပုဏ္ဏား။ မယ်တော်ကား 'ဥတ္တရာ'အမည်ရှိသော ပုဏ္ဏေးမ။ မြောက်သားတော်ကား 'ရုစိတတ္တာ'အမည်ရှိသော ပုဏ္ဏေးမ။ သားတော်ကား 'သတ္တဝါဟ'အမည်ရှိသော သတို့သား။ လူစည်းစိမ် အနှစ် ၃၀၀၀။ အမျိုးတော်ကား ပုဏ္ဏားမျိုး။ ယာဉ်တော် ဆင်။ ဒုတ္တရစရိယာ ၆ လ။ ပွင့်တော်မူသောဗောဓိကား 'ဥဒုမ္ဗရ'အမည်ရှိသော ရေသဖန်းပင်။ ပလ္လင်တော်ကား အတောင် ၈၀။ အရပ်တော်ကား အတောင် ၄၀။ ရောင်ခြည်တော် ၁၀ ယူဇနာ။ ရဟန်းယောကျ်ား လက်ယာရံ ဘိရု[၂]။ လက်ဝဲရံ ဥတ္တရ။ အလုပ်အကျွေး သောတ္ထိဇ။ ရဟန်းမိန်းမ လက်ယာရံ သုမုဒ္ဒာ, လက်ဝဲရံ ဥတ္တရာ။ ဒကာယောကျ်ား 'ဥဂ္ဂ, သောမဒေဝ' ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၃ သောင်းတမ်းကို ၅ စု - ၁ စုပစ်- ၂ သောင်း ၄ ထောင် အသက်တော်နေ၍၊ ပဗ္ဗတာရာမ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်တို့သည် ပြန့်သောအားဖြင့် အကွဲအပြား ထိုထိုသောအရပ်၌ တည်လေ၏။

### ကောဏာဂုံ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- ပဗ္ဗတ - ငါးခုနှစ်မူ။ တထာဂတဥဒါနဒီပနီမူနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။
၂- ဘီယျသ - စာတော်မူ။ ဘီယျောသ - ငါးခုနှစ်မူ။ ဘီယောယ - တထာဂတဥဒါနဒီပနီနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။

http://www.dhammadownload.com



## ကဿပ မြတ်စွာဘုရား ဗုဒ္ဓဝင်

ကောဏာဂုံ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍၊ လူတို့အသက် ၁ သိန်းတမ်းမှသည် အစဉ်သဖြင့် ၁၀ နှစ်တိုင်အောင်ယုတ်၍၊ တစ်ဖန် အသင်္ချေတိုင်အောင် ပြန်၍၊ အသင်္ချေကမှ တစ်ဖန် ယုတ်ပြန်၍၊ လူတို့အသက် ၂ သောင်း နေသောအခါ ကဿပမြတ်စွာဘုရားသည် လောကဌ် ထင်ရှားဖြစ်တော်မူ၏။

ကဿပမြတ်စွာဘုရား အလောင်းတော်သည် ပါရမီတို့ကို ဖြည့်တော်မူ၍၊ ပါရမီအဆုံးဌ် တုသိတာနတ်ပြည်ဌ် ဖြစ်တော်မူ၍၊ နတ်၏အသက်အတိုင်းနေပြီးမှ နတ်တို့တောင်းပန်သဖြင့် တုသိတာနတ်ပြည်မှ စုတေ၍၊ ဗာရာဏသီပြည်ဌ် 'ကိကီ' အမည်ရှိသောမင်းသည် မင်းပြု၏။ ထိုဗာရာဏသီဌ်နေသော 'ဗြဟ္မဒတ္တ' အမည်ရှိသော ပုဏ္ဏားမြောက်သားတော် ဓနဝတီပုဏ္ဏားမဝမ်းဌ် ပဋိသန္ဓေ ယူတော်မူလေ၏။ ၁၀ လလွန်သဖြင့် ဣသိပတနမိဂဒါယတောဌ် မယ်တော်ဝမ်းမှ ဖွားမြောက်တော်မူ၏။

အမည်မှည့်အံ့သောနေ့ဌ် အရွယ်အားဖြင့် 'ကဿပကုမာရ' ဟူသော အမည်ကို မှည့်ကုန်၏။ အရွယ်သို့ ရောက်ပြီးသော် 'ဟံသဝါ, ယသဝါ, ပရိနန္ဒ[၁]' အမည်ရှိသော ပြာသာဒ် ၃ ဆောင်ဌ် 'သုနန္ဒာ' အမည်ရှိသော ပုဏ္ဏေးမ အမှူးရှိသော ၁ သောင်း ၆ ထောင်သော မောင်းမအပေါင်း ခြံရံလျက်၊ အနှစ် ၂၀၀၀ ပတ်လုံး ကာမစည်းစိမ်ကို စံစားလျက် နိမိတ် ၄ ပါးကို မြင်၍၊ 'ဝိဇိတသေန' ဟူသော သားတော်ကို ဖွားလတ်သော်၊ သံဝေဂရ၍ တောထွက်အံ့သောအကြံတော် ဖြစ်၏။

ထိုသို့ကြံတော်မူစဉ် နေတော်မူသောပြာသာဒ်သည် အိုးထိန်းစက်ကဲ့သို့ သွား၍၊ ကောင်းကင်အပြင်သို့ တက်လေ၍၊ လူတို့၏မျက်စိကို ငင်သကဲ့သို့, သစ်ပင်များတို့ကို တင့်တယ်စေသကဲ့သို့လည်းကောင်း ကောင်းကင်ဖြင့် သွားလေ၍၊ ပညောင်ပင်ဗောဓိကို အလယ်ထား၍ မြေဌ် တည်လေ၏။ ထိုအခါ ဘုရားလောင်းသည် မြေဌ် တည်၍ အလိုတော်အတိုင်း ရဟန်းတံခွန်ဖြစ်သော သင်္ကန်းကို ယူ၍ ရဟန်းပြုတော်မူ၏။ ဘုရားလောင်း မောင်းမမိသတို့သည် ပြာသာဒ်မှ သက်၍၊ ဂါဝုတ်ခွဲမျှလောက်သောခရီးဖြင့် သွား၍ အခြံအရံနှင့်တကွ, စစ်တပ်အသွင်ကိုပြု၍ နေကုန်၏။ မိန်းမအခြံအရံကို ထား၍ ခပ်သိမ်းသောသူတို့သည်လည်း မိမိတို့၏အလိုအလျောက် ရဟန်းပြုကုန်၏။

ဘုရားလောင်းသည် ရဟန်းအပေါင်းခြံရံလျက် ၇ ရက်ပတ်လုံး ဒုက္ကရစရိယာကျင့်တော်မူပြီးမှ၊ ကဆုန်လပြည့်နေ့ဌ် 'သုနန္ဒာ' အမည်ရှိသောပုဏ္ဏေးမ လှူသောဃနာဆွမ်းကို ဘဉ်းပေးတော်မူ၍၊ ခဒိရတောဌ် နေ့နေခြင်းကို လွန်စေ၍၊ ညချမ်းသောအခါဌ် 'သောမ'[၂] အမည်ရှိသော မုယောလယ်စောင့်လူသော မြက် ၈ ဆုပ်ကို ကိုင်တော်မူလျက် ဗောဓိပင်သို့ ကပ်တော်မူလေ၏။ 'နိဂ္ဂြောဓ' အမည်ရှိသောပညောင်ပင်ကို လက်ယာရစ်လှည့်ပြီးသော်၊ အရှေ့မြောက်ထောင့်အရပ်ဌ် ရပ်တော်မူလျက် ၈ ဆုပ်သောမြက်ကို ခင်းတော်မူပြီးမှ၊ မြက်ပလ္လင်ထက်ဌ်

၁- သိရိနန္ဒာ - တထာဂတဥဒါနဒီပနီ။ ဗုဒ္ဓဝင်အဋ္ဌကထာ။
၂- အသောက - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



ထက်ဝယ်ခွေတော်မူ၍ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝိရိယကို ဆောက်တည်တော်မူပြီးမှ၊ အရပ်တော် အတောင် ၂၀ နှင့် လျောက်ပတ်သော အချင်း ၁၄ တောင်ရှိသော ရတနာပလ္လင်ထက် ဗောဓိပင်ကို တံကဲပြု၍ အရှေ့ ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ထိုအခါ နေမဝင်မီ မာရ်စစ်ကိုအောင်တော်မူ၍၊ ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကို ရတော်မူ၏။ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ရတော်မူ၏။ မိုးသောက်ယံ၌ အာသဝက္ခယဉာဏ်ကို ရတော်မူ၍၊ သဗ္ဗညုတဉာဏ်ကို ရတော်မူ၍၊ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူပြီးသော် 'အနေကဇာတိ' အစရှိသော ဥဒါန်း ၈ ပါထကို မိန့်တော်မူ၍၊ ဗောဓိအနီး၌ သတ္တသတ္တာဟကို လွန်စေပြီးမှ တရားဟောစိမ့်သောငှာ ဗြဟ္မာတို့တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ တရားဟောအံ့သောသူတို့ကို ကြည့်တော်မူလတ်သော် မြတ်စွာဘုရားနှင့်တကွ ရဟန်းပြုကုန်သော ကုဋေမျှလောက်သော ရဟန်းတို့သည် ဥပနိဿယနှင့်ပြည့်စုံသည်ကို မြင်တော်မူ၍၊ ကောင်းကင်အပြင်ဖြင့် ကြွတော်မူလေ၍၊ ဗာရာဏသီပြည်၏အနီး ဣသိပတန မိဂဒါယတော၌ သက်တော်မူ၍ ထိုရဟန်းအပေါင်း ခြံရံလျက် ဓမ္မစကြာတရားကို ဟောတော်မူပေ၏။ ထိုအခါ ကုဋေ ၂ သောင်းသောသူတို့သည် ရှေးဦးစွာ အကျွတ်တရားကို ရလေ၏။

တစ်ဖန် ကဿပမြတ်စွာဘုရားသည် ၄ လပတ်လုံး ဒေသစာရီ ကြွတော်မူသည်ရှိသော် ကုဋေ ၁ သောင်းသောသူတို့သည် ၂ ကြိမ်မြောက် အကျွတ်တရားကို ရကုန်၏။

တစ်ဖန် ကဿပမြတ်စွာဘုရားသည် တန်ခိုးပြာဋိဟာကို ပြတော်မူ၍၊ နတ်တို့နေရာ တာဝတိံသာနတ်ပြည်၌ 'သုဓမ္မာ' အမည်ရှိသောနတ်သဘင်၌ နေတော်မူ၍၊ မြတ်စွာဘုရားမယ်တော် ဖြစ်ဖူးသော 'ဓနဝတီဒေဝီ' အမှူးရှိသော ပုဏ္ဏားမနှင့်တကွ ၁ သောင်းသော လောကဓာတ်နှင့် နတ်အပေါင်းတို့အား ချီးမြှောက်ခြင်းကိုပြုခြင်းငှာ ၇ ကျမ်းသော အဘိဓမ္မာ ပိဋကတ်ကို ဟောတော်မူသည်ရှိသော်၊ ကုဋေ ၃ သောင်းသောနတ်တို့သည် အကျွတ်တရား ရကုန်၏။

ထိုကဿပမြတ်စွာဘုရားအား တစ်ကြိမ်သော တပည့်သားတော် ရဟန္တာအစည်းအဝေးသည် ဖြစ်၏။

ဗာရာဏသီပြည်၌ 'တိဿ' အမည်ရှိသော ပုရောဟိတ်ပုဏ္ဏားသားသည် ကဿပမြတ်စွာဘုရားကိုယ်တော်၌ လက္ခဏာနှင့်ပြည့်စုံသောအဖြစ်ကို ထို တိဿလုလင်အား အဖပုရောဟိတ် ဆိုသည်ဖြစ်သောကြောင့် 'ဥ္ဇု ကဿပ လုလင်သည် မချွတ်လျှင် မြတ်သောတောထွက်ခြင်းကို တောထွက်သောကြောင့် ဘုရား ဖြစ်တော်မူသည်။ ငါလည်း ထိုကဿပလုလင်၏အထံ၌ ရဟန်းပြု၍ သံသရာဝဋ်ဆင်းရဲမှ လွတ်စေအံ့'ဟု ကြံ၍၊ ရသေ့ရဟန်း ပြု၏။ ထိုလုလင်၏အခြေအရံတို့သည်လည်း ၂ သောင်း ဖြစ်ကုန်၏။ တစ်ပါးသောအခါ၌ ကဿပလုလင်သည် တောထွက်၍၊ ဘုရားအဖြစ်သို့ ရောက်တော်မူသည်ဟု ကြား၍၊ အခြံအရံနှင့်တကွ လာ၍၊ ကဿပမြတ်စွာဘုရားအထံတော်၌ အခြံအရံနှင့်တကွ 'ဧဟိဘိက္ခု' ပဉ္စင်းဖြစ်၍ ရဟန္တာအဖြစ်သို့ ရောက်၏။

ထို ၂ သောင်းသော ရဟန္တာအစည်းအဝေး၌ ကဿပမြတ်စွာဘုရားသည် တဝို့တွဲလပြည့်နေ့၌ ပါတိမောက် ပြတော်မူ၏။

ကဿပမြတ်စွာဘုရားလက်ထက်၌ ငါတို့မြတ်စွာဘုရားအလောင်းတော်သည် ဇောတိပါလလုလင် ဖြစ်တော်မူ၍၊ ဗေဒင် ၃ ပုံတို့၏ ကမ်းတစ်ဖက်သို့ရောက်၍ မြေကြီးကဲ့သို့ လည်းကောင်း၊ ကောင်းကင်ပြင်သို့ လည်းကောင်း ထင်ရှား၏။ 'ဃဋိကာရ' အမည်ရှိသော အိုးထိန်းနှင့်လည်း အဆွေခင်ပွန်းဖြစ်တော်မူ၍ ထိုဇောတိပါလလုလင်သည်

http://www.dhammadownload.com



ဃဋိကာရနှင့်တကွ ကဿပမြတ်စွာဘုရားသို့ ကပ်လေ၍၊ တရားတော်ကို ကြား၍၊ မြတ်စွာဘုရားအထံတော်၌ ရဟန်းပြု၍၊ အားထုတ်ခြင်း လုံ့လဝီရိယကို ပြုလျက် ဝိပဿနာ ၃ ပုံကို သင်၍၊ ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသည် ဖြစ်၍၊ မြတ်စွာဘုရားသာသနာတော်ကို တင့်တယ်စေ၍၊ ထိုကဿပမြတ်စွာဘုရားလည်း ဘုရားလောင်းအား ဤသို့ မိန့်တော်မူ၏။ 'ဤဘဒ္ဒကပ်ကမ္ဘာ၌ 'ဂေါတမ' အမည်ရှိသော ဘုရားဖြစ်လတ္တံ့'ဟု ဗျာဒိတ် ပေးတော်မူ၏။ ဘုရားလောင်းလည်း မြတ်စွာဘုရားဗျာဒိတ်တော်ကို ကြား၍၊ အတိုင်းထက်အလွန် စိတ်ကြည်တော်မူသည် ဖြစ်၍၊ အတိုင်းထက်အလွန် ဆောက်တည်၍ ၁၀ ပါးသောပါရမီတော်တို့ကို အတိုင်းထက်အလွန် ဖြည့်တော်မူ၏။

ကဿပမြတ်စွာဘုရား ဖွားတော်မူသောပြည်တော်ကား ဗာရာဏသီပြည်။ ထိုပြည်ကို အစိုးရသောမင်းကား 'ကိကီ'အမည်ရှိသော မင်း။ ထိုကဿပမြတ်စွာဘုရားအမျိုးတော်သည် ဗာရာဏသီပြည်၌ နေ၏။ ခမည်းတော်ကား 'ဗြဟ္မဒတ္တ' အမည်ရှိသော ပုဏ္ဏား။ မယ်တော်ကား 'ဓနဝတီ'အမည်ရှိသော ပုဏ္ဏေးမ။ မြော်သားတော်ကား သုနန္ဒာပုဏ္ဏေးမ။ သားတော်ကား ဝိဇိတသေနသတို့သား။ လူစည်းစိမ် အနှစ် ၂၀၀၀။ အမျိုးတော်ကား ပုဏ္ဏားမျိုး။ ယာဉ်တော်ကား ပြာသာဒ်။ ဒုက္ကရစရိယာ ၇ ရက်။ ပွင့်တော်မူသော ဗောဓိကား 'နိဂ္ရောဓ' အမည်ရှိသော ပညောင်ပင်။ ပလ္လင်တော်ကား ၁၅ တောင်။ အရပ်တော်ကား အတောင် ၂၀။ ရောင်ခြည်တော် အတောင် ၈၀။ ရဟန်းယောကျ်ားလက်ယာရံ တိဿ, လက်ဝဲရံ ဘာရဒ္ဒါဇ။ အလုပ်အကျွေး 'သဗ္ဗ, မိတ္တ'[၁] ရဟန်းမိန်းမလက်ယာရံ အနုဠာ, လက်ဝဲရံ ဥရုဝေဠာ။ ဒကာယောကျ်ား 'သုမင်္ဂလ[၂], ဃဋိကာရ' ဟူသော အလုပ်အကျွေး ၂ ယောက်။ ဒကာမိန်းမ 'ဝိဇိတသေနာ, ဘဒြာ' ဟူသော အလုပ်အကျွေး ၂ ယောက်။ အသက်တော်ကား လူတို့အသက် ၂ သောင်းတမ်းကို ၅ စု - ၁ စုပစ် - ၁ သောင်း ၆ ထောင် သက်တော် နေတော်မူ၍၊ သေတဗျဉ္ဇာဉ်၌[၃] ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်ကို ထိုအရပ်၌ပင်လျှင် ၁ ယူဇနာရှိသော ထူပါရုံတည်၍ ဌာပနာလေ၏။

ကဿပ မြတ်စွာဘုရား ဗုဒ္ဓဝင်

၁- 'အရှင်သဗ္ဗမိတ္တကား အလုပ်အကျွေးတည်း' - တထာဂတဥဒါနဒီပနီနှင့် ဗုဒ္ဓဝင်အဋ္ဌကထာ။
၂- သုမင်္ဂလနှင့် ဃဋိကာရ - တထာဂတဥဒါနဒီပနီ။
၃- ပဗ္ဗတာရာမကျောင်း - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



## ဂေါတမ မြတ်စွာဘုရား ဗုဒ္ဓဝင်

ဤသို့လျှင် ငါတို့မြတ်စွာဘုရား ဂေါတမအလောင်းတော်သည် ဒီပင်္ကရာမြတ်စွာဘုရားက စ၍ ၂ ကျိပ် ၄ ဆူကုန်သော မြတ်စွာဘုရားတို့၏အထံတော်၌ ဗျာဒိတ်တော်တို့ကို ရတော်မူ၍၊ ၄ အသင်္ချေ ကမ္ပာ ၁ သိန်း သည် ရောက်လတ်သော် ကဿပနောက်အဖို့၌ ငါတို့မြတ်စွာဘုရား ဂေါတမမှ တစ်ပါးသောဘုရား မည်သည် မရှိပြီ ဖြစ်သောကြောင့် ကဿပမြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍၊ လူတို့အသက် ၂ သောင်းတမ်းက အစဉ်သဖြင့် အသက်အသင်္ချေတိုင်အောင် ပွားပြန်၍၊ အသင်္ချေကမှ အစဉ်သဖြင့် ယုတ်ပြန်၍၊ လူတို့အသက် ၁၀၀ တမ်းနေသောအခါ၌ ငါတို့ ဂေါတမမြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်တော်မူ၍၊ လူ, နတ်, ဗြဟ္မာ သတ္တဝါအပေါင်းတို့ကို ချုတ်တော်မူ၍၊ လူတို့အသက် ၁၀၀ တမ်းကို ၅ စု - ၁ စုပစ် သက်တော် ၈၀ နေ၍ ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ဓာတ်တော်ကား ပြန့်သောအားဖြင့် ထိုထိုသောအရပ်တို့၌ အကွဲအပြားတည်လေ၏။

ဂေါတမမြတ်စွာဘုရားပြည်တော်ကား ကပိလဝတ်ပြည်။ ခမည်းတော်ကား သုဒ္ဓေါဒန။ မယ်တော်ကား မဟာမာယာမိဖုရား။ မြောက်သားတော်ကား ယသောဓရာမိဖုရား။ သားတော် ရာဟုလာ။ မင်းစည်းစိမ် ၂၉ နှစ်။ အရပ်တော် ၁၈ တောင်။ ရောင်ခြည်တော် ထက်ဝန်းကျင် အတောင် ၈၀။ ရဟန်းယောကျ်ား လက်ယာရံ သာရိပုတ္တရာ, လက်ဝဲရံ မောဂ္ဂလာန်။ အလုပ်အကျွေး အာနန္ဒာ။ ရဟန်းမိန်းမ လက်ယာရံ ခေမာ, လက်ဝဲရံ ဥပ္ပလဝဏ်။ 'စိတ္တသူကြွယ်, ဟတ္ထာဠဝက' အမည်ရှိသောဒကာယောကျ်ား အလုပ်အကျွေး ၂ ယောက်။ 'နန္ဒမာတာ, ဥတ္တရာ' အမည်ရှိသောဒကာမိန်းမ အလုပ်အကျွေး ၂ ယောက်။ သက်တော် ၈၀။ သာသနာ ၅၀၀၀။

ဂေါတမ မြတ်စွာဘုရား ဗုဒ္ဓဝင်

http://www.dhammadownload.com



## မြတ်စွာဘုရားတို့၏ အထူးထူးအထွေထွေသောအကြောင်း

ငါတို့မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ သာသနာတော် ၅၀၀၀ ကွယ်၍၊ လူတို့အသက် ၁၀၀ တမ်းကသည် အစဉ်သဖြင့် ၁၀ နှစ်တိုင်အောင် ယုတ်ပြန်၍၊ ၁၀ နှစ်ကမှ အစဉ်အတိုင်း အသက်အသြေတိုင်အောင် ပွားပြန်၍၊ အသြေကမှ အစဉ်သဖြင့် ယုတ်ပြန်၍ လူတို့အသက် ၁ သိန်းတမ်းနေသောအခါ၌ အရိမေတ္တေယျမြတ်စွာဘုရားသည် လောကဋ္ဌ ထင်ရှားဖြစ်တော်မူလတ္တံ့သတည်း ဟု အကျဉ်းမှတ်အပ်၏။

သဗ္ဗညုဘုရားအလောင်းတော်ကား ၃ ပါး။
ဥဋ္ဌါဠိတညုဘုရားအလောင်း ၁ ပါး။
ဝိပဉ္စိတညု ဘုရားလောင်း ၁ ပါး။
နေယျဘုရားလောင်း ၁ ပါး။

ထို ၃ ပါးတွင် ဗျာဒိတ်ရသောနောက်မှ ဘုရားအဆောက်အအုံဖြစ်သော ပါရမီတို့ကို အယုတ်, အလတ်, အမြတ်အားဖြင့် ၃၀၊ ၄ အသြေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံးဖြည့်မှ သဗ္ဗညုအဖြစ်သို့ရောက်သော ဥဋ္ဌါဠိတညု ဘုရားလောင်းသည် 'ပညာဓိကဘုရား' မည်၏။

ဗျာဒိတ်ရသောနောက်မှ ဘုရားအဆောက်အအုံဖြစ်သော ၁၀ ပါးသောပါရမီတို့ကို အယုတ်, အလတ်, အမြတ်အားဖြင့် ၃၀၊ ၈ အသြေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံးဖြည့်မှ သဗ္ဗညုအဖြစ်သို့ရောက်သော ဝိပဉ္စိတညုဘုရားလောင်းသည် 'သဒ္ဓါဓိကဘုရား' မည်၏။

ဗျာဒိတ်ရသောနောက်မှ ဘုရားအဆောက်အအုံဖြစ်သော ၁၀ ပါးသောပါရမီတို့ကို အယုတ်, အလတ်, အမြတ်အားဖြင့် ၃၀။ ၁၆ အသြေနှင့် ကမ္ဘာ ၁ သိန်းပတ်လုံးဖြည့်မှ သဗ္ဗညုအဖြစ်သို့ရောက်သော နေယျဘုရားလောင်းသည် 'ဝီရိယာဓိကဘုရား' မည်၏။ ။

ဤသို့လျှင် သဗ္ဗညုတဘုရားအလောင်းတော်သည်ကား ၃ ပါးတည်း။

**ပါရမီကား ၁၀ ပါးတည်း။** ။ ၁၀ ပါးဟူသော်ကား 'ဒါနပါရမီ, သီလပါရမီ, နိက္ခမပါရမီ, ပညာပါရမီ, ဝီရိယပါရမီ, ခန္တီပါရမီ, သစ္စပါရမီ, အဓိဋ္ဌာနပါရမီ, မေတ္တာပါရမီ, ဥပေက္ခာပါရမီ' ဟူ၍ ၁၀ ပါးတည်း။

အယုတ်, အလတ်, အမြတ်အားဖြင့် ပါရမီ ၃၀။ အပသော ဥစ္စာဘဏ္ဍာ ပစ္စည်းတို့ကို စွန့်ခြင်းသည်ကား 'ဒါနပါရမီ' မည်၏။ အင်္ဂါကြီး၎ယတို့ကို စွန့်ခြင်းသည်ကား 'ဒါနဥပ ပါရမီ' မည်၏။ အသက်ကိုစွန့်ခြင်းသည်ကား 'ဒါနပရမတ္ထ ပါရမီ' မည်၏။

http://www.dhammadownload.com



**စွန့်ခြင်းကား ၅ ပါးတည်း။** ။ ၅ ပါး ဟူသော်ကား ဓနပရိစ္စာဂ, ပုတ္တပရိစ္စာဂ, ဘရိယပရိစ္စာဂ, အင်္ဂ ပရိစ္စာဂ, ဇီဝိတပရိစ္စာဂ အားဖြင့် ၅ ပါးတည်း။

ထို ၅ ပါးတို့တွင် ဥစ္စာပရိဂ္ဂရာကို စွန့်ခြင်းသည် 'ဓနပရိစ္စာဂ' မည်၏။
သားသမီးတို့ကို စွန့်ခြင်းသည် 'ပုတ္တပရိစ္စာဂ' မည်၏။
မယားကိုစွန့်ခြင်းသည် 'ဘရိယပရိစ္စာဂ' မည်၏။
အင်္ဂါကြီး,ငယ်တို့ကို စွန့်ခြင်းသည် 'အင်္ဂပရိစ္စာဂ' မည်၏။
အသက်ကိုစွန့်ခြင်းသည် 'ဇီဝိတပရိစ္စာဂ' မည်၏။

**အကျင့်သော်ကား ၃ ပါးတည်း။** ။ ၃ ပါး ဟူသော်ကား လောကတ္ထစရိယ, ဉာတတ္ထစရိယ, ဗုဒ္ဓတ္ထ စရိယ၊ ဤ ၃ ပါးတည်း။ ထို ၃ ပါးတို့တွင် ခပ်သိမ်းသောလူတို့၏အစီးအပွားကို ကျင့်ခြင်းသည် 'လောကတ္ထ စရိယ' မည်၏။ ဆွေတော်မျိုးတော်တို့၏အစီးအပွားကို ကျင့်ခြင်းသည် 'ဉာတတ္ထစရိယ' မည်၏။ ကိုယ်တော် ကို သဗ္ဗညူအဖြစ်သို့ ရောက်ကြောင်းဖြစ်သောအကျင့်ကို ကျင့်ခြင်းသည် 'ဗုဒ္ဓတ္ထစရိယ' မည်၏။

**သဗ္ဗညူဘုရားတို့အား ထူးခြားကွဲပြားကုန်သည်ကား ၈ ပါးတည်း။** ။ ၈ ပါး ဟူသော်ကား 'အာယု ဝေမတ္တ, ပမာဏဝေမတ္တ, ကုလဝေမတ္တ, ပဓာနဝေမတ္တ, ရဿီဝေမတ္တ, ယာနဝေမတ္တ, ဗောဓိဝေမတ္တ, ပလ္လင်္ကဝေမတ္တ' ဟူ၍ ၈ ပါး[1]တည်း။

- ထို ၈ ပါးတို့တွင် အချို့သောဘုရားတို့သည် သင်္ကေတ်ရှည်ကုန်၏။ အချို့သောဘုရားတို့သည် သင်္ကေတ် တိုကုန်၏။ ဤသို့ သင်္ကေတ်မတူခြင်းသည် 'အာယုဝေမတ္တ' မည်၏။
- အချို့သောဘုရားတို့ အရပ်တော်သည် မြင့်သည်။ အချို့သောဘုရားတို့ အရပ်တော်သည် နိမ့်သည်။ အရပ်တော်အနိမ့်,အမြင့် မတူခြင်းသည် 'ပမာဏဝေမတ္တ' မည်၏။
- အချို့သောဘုရားကား ပုဏ္ဏားမျိုး, အချို့သောဘုရားကား မင်းမျိုး။ ဤသို့ အမျိုး မတူခြင်းသည် 'ကုလဝေမတ္တ' မည်၏။
- အချို့သောဘုရားတို့သည် ဒုက္ကရစရိယာကျင့်တော်မူသည့် နှစ်,လအရှည်။ အချို့သောဘုရားကား အတို။ ဤသို့ အကျင့်မတူခြင်းသည် 'ပဓာနဝေမတ္တ' မည်၏။
- မြတ်စွာဘုရားအရောင်တော်တို့သည် ဤမျှဤမျှရွေ့, အတိုင်းအရှည် မတူကြခြင်းသည် 'ရဿီဝေမတ္တ' မည်၏။
- ယာဉ်တော်သည် အချို့သောဘုရားကား မြင်း၊ အချို့သောဘုရား ဆင်၊ အချို့သောဘုရားကား ရထား၊ အချို့သောဘုရားကား ထမ်းစင်၊ အချို့သောဘုရားကား ပြာသာဒ်။ ဤသို့ တောထွက်တော်မူသောအခါ စီးတော်မူသောယာဉ် မတူကြခြင်းသည် 'ယာနဝေမတ္တ' မည်၏။

၁- ဝေမတ္တ ၈ ပါး။ အာယုဝေမတ္တ, ပမာဏဝေမတ္တ, ကုလဝေမတ္တ, ပဓာနဝေမတ္တ, ရဿီဝေမတ္တ, ယာနဝေမတ္တ, ဗောဓိရုက္ခဝေမတ္တ, ပလ္လင်္ကဝေမတ္တ, ယခုမူ၌ ၈ ပါး ဟူသော်လည်း ၅ ပါးသာ ပြထားသဖြင့် ဖြည့်ရန်ဖြစ်သည်။

http://www.dhammadownload.com



- ပွင့်တော်မူသော သစ်ပင်ဗောဓိသည် မည်သည့်သစ်တစ်ပင်တွင်သာ ပွင့်တော်မူသည် ဟူ၍ မရှိ။ မတူကြခြင်းသည် 'ဗောဓိဝေမတ္တ' မည်၏။
- ပလ္လင်တော်သည်လည်း အနိမ့်, အမြင့် ရှိသည်။ မတူကြခြင်းသည် 'ပလ္လင်ဝေမတ္တ' မည်၏။

**ခပ်သိမ်းသောဘုရားတို့ ဓမ္မတာ ၃၀ တည်း။** သိလျက် မယ်တော်ဝမ်း၌ ပဋိသန္ဓေနေခြင်းလည်း ၁ ပါး[၁]။ မယ်တော် ရပ်လျက်သားဖွားသည် လည်း ၁ ပါး[၂]။ တောၱိသာ မယ်တော်ဝမ်းမှ ဖွားခြင်းလည်း ၁ ပါး[၃]။ ရွေးဦးစွာ ခြေစုံရပ်ခြင်းလည်း ၁ ပါး[၄]။ မြောက်သို့မျက်နှာပြု၍ ၇ ဖဝါးလှမ်းခြင်းလည်း ၁ ပါး[၅]။ အရပ် ၄ မျက်နှာကိုကြည့်၍ မြတ်သော အသံကိုပြုခြင်းလည်း ၁ ပါး[၆]။ နိမိတ် ၄ ပါးကိုမြင်၍ သားတော်ဖွားသော ဘုရားလောင်းတို့အား တောထွက်ခြင်းလည်း ၁ ပါး[၇]။ ဒုက္ကရစရိယာကျင့်ခြင်းလည်း ၁ ပါး[၈]။ ဘုရားဖြစ်သောနေ့၌ ဃနာဆွမ်းကို ဘဉ်းပေးခြင်းလည်း ၁ ပါး[၉]။ မြတ်သောမြက်နေရာ၌ နေ၍ သဗ္ဗညုတဉာဏ်ကို ရခြင်းလည်း ၁ ပါး[၁၀]။ အာနာပါနကမ္မဋ္ဌာန်းကို ပြုခြင်းလည်း ၁ ပါး[၁၁]။ ဗောဓိပင်ပလ္လင်ထက် ဝိဇ္ဇာ ၃ ပါးကို အစပြု၍ အသာဓာရဏဉာဏ် စသည်ကို ရခြင်းလည်း ၁ ပါး[၁၂]။ ၇ ရက် ၇ ဆတိုင် ဗောဓိအနီး၌သာ လွန်စေခြင်းလည်း ၁ ပါး[၁၃]။ မဟာဗြဟ္မာမင်း တရားဟောစိမ့်သောငှာ တောင်းပန်ခြင်းလည်း ၁ ပါး[၁၄]။ ဣသိပတနမိဂဒါဝုန်၌သာ ဓမ္မစက်ကြာတရားကို ဟောခြင်းလည်း ၁ ပါး[၁၅]။ တပို့တွဲလပြည့်နေ့ အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော အစည်းအဝေး၌ ပါတိမောက်ပြခြင်းလည်း ၁ ပါး[၁၆]။ ဇေတဝန်၌ အမြဲ ဝါဆိုခြင်းလည်း ၁ ပါး[၁၇]။ သာဝတ္ထိပြည်တံခါး၌ ယမိုက်ပြာဋိဟာပြခြင်းလည်း ၁ ပါး[၁၈]။ တာဝတိံသာနတ်ပြည်၌ အဘိဓမ္မာတရားကို ဟောခြင်းလည်း ၁ ပါး[၁၉]။ သင်္ကဿနဂိုရ်ပြည်၌ နတ်ပြည်မှသက်ခြင်းလည်း ၁ ပါး[၂၀]။ အမြဲလျှင် သမာပတ်မှဝင်စားခြင်းလည်း ၁ ပါး[၂၁]။ ၂ ပါး ၂ ပါးသောအရာ၌ ကျွတ်ထိုက်သောသူကို ကြည့်ခြင်းလည်း ၁ ပါး[၂၂]။ အကြောင်းရှိမှ သိက္ခာပုဒ်ပညတ်ခြင်းလည်း ၁ ပါး[၂၃]။ အတ္ထုပ္ပတ္တိရှိလတ်သော ဓာတ်တော်ကိုဖော်၍ ဟောခြင်းလည်း ၁ ပါး[၂၄]။ ဆွေတော်မျိုးတော်တို့၏အစည်းအဝေး၌ ဗုဒ္ဓဝင်ကျမ်းကိုဟောခြင်းလည်း ၁ ပါး[၂၅]။ ဧည့်သည်ရဟန်းတို့နှင့် စကားပြောဟောခြင်းလည်း ၁ ပါး[၂၆]။ ဖိတ်သောဒါယကာတို့အား ဝါကျွတ်ပြီးသော် မဟန်ဘဲ မသွားခြင်းလည်း ၁ ပါး[၂၇]။ နေ့တိုင်းနေ့တိုင်း ပုရေ ဘတ္တကိစ္စ, ပစ္ဆာဘတ္တကိစ္စ, ပုရိမယာမကိစ္စ, မဇ္ဈိမယာမကိစ္စ, ပစ္ဆိမယာမကိစ္စတို့ကို ပြုခြင်းလည်း ၁ ပါး[၂၈]။ ပရိနိဗ္ဗာန် ပြုအံ့သောနေ့၌ကား သားပြိမ်းဆွမ်းကို ဘဉ်းပေးခြင်းလည်း ၁ ပါး[၂၉]။ ကုဋေ ၁ သိန်းမျှလောက်သော သမာပတ်တို့ကိုဝင်စား၍ ပရိနိဗ္ဗာန်ပြုခြင်းလည်း ၁ ပါး[၃၀]။ ။ ဤသို့ ဓမ္မတာကား ၃၀ တည်း။

**ခပ်သိမ်းသောဘုရားတို့အား မစွန့်အပ်သောအရပ်ကား ၅ ပါးတည်း။**

၁- ဗောဓိပလ္လင်တော် အရာကိုလည်း မစွန့်။

၂- 'တရား'တည်းဟူသော တစ်ပါးသောအရပ်မှလည်း မဖြစ်။ ဓမ္မစက်ကြာတရားကို ဟောတော်မူသည်လည်း ဣသိပတနမိဂဒါဝုန်၌သာ ဟောတော်မူသည်။ တစ်ပါးသောအရပ်မှာ မဟော။

၃- နတ်ပြည်မှသက်တော်မူသောအခါ၌လည်း သင်္ကဿနဂိုရ် ပြည်တံခါး၌တွင်သာ ရွေးဦးစွာ ခြေတော်ချရာ အရပ်ကိုလည်း မစွန့်။ တစ်ပါးသောအရပ်၌ ခြေရာမချ။

http://www.dhammadownload.com



၄- ဇေတဝန်ကျောင်း၌ ဂန္ဓကုဋီညောင်စောင်း အခြေ ၄ ချောင်းအရာကိုလည်း မစွန့်။

၅- ဤအရာ၌သာ ဇေတဝန်ကျောင်းတော်သည်ကား ငယ်သောအခါ ငယ်သည်။ ကြီးသောအခါ ကြီးသည်။ ကျောင်းတော်အရာကို မစွန့်။ သာဝတ္ထိပြည်ကား ရဲခါ ဇေတဝန်ကျောင်းတော် အရှေ့။ ရဲခါ အနောက်။ ရဲခါ တောင်, မြောက် လှည့်၍ ရှိသည်။ ငါတို့မြတ်စွာဘုရားတွင်ကား ဇေတဝန်ကျောင်းတော်မြောက် သာဝတ္ထိပြည်ရှိသည်။

**မဖြစ်သောအရပ် ၁၈ ပါး*။**

၁- ဗျာဒိတ်ရပြီးမှ အဝီစိ၌လည်း မဖြစ်။

၂- လောကန္တရက်၌လည်း မဖြစ်။

၃- ငတ်မွတ်သော နိဗ္ဗာမတဏှိက ကာလကဉ္စိကဖြစ်လည်း မဖြစ်။

၄- ငုံးအောက်ငယ်သော သတ္တဝါလည်း မဖြစ်။

၅- ဆင်ထက်ကြီးသော သတ္တဝါလည်း မဖြစ်။

၆- ဒုဂ္ဂတိဘုံ၌လည်း မဖြစ်။ သုဂတိဘုံ၌သာ ဖြစ်၏။

၇- ဖြစ်တုံသော်လည်း ဝမ်းတွင်းက ကန်းခြင်း,

၈- ဝမ်းတွင်းက နားပင်းခြင်း,

၉- ဝမ်းတွင်းက အ,ခြင်း မဖြစ်။

၁၀- မိန်းမ မဖြစ်။

၁၁- ဥဘတောဗျည်း မဖြစ်။

၁၂- ပဏ္ဍုက် မဖြစ်။

၁၃- နပုန်း မဖြစ်။

၁၄- မှားသောအယူရှိသော မိစ္ဆာဒိဋ္ဌိအမျိုး၌လည်း မဖြစ်။

၁၅- အသညသတ်ဘုံ၌ မဖြစ်။

၁၆- သုဒ္ဓါဝါသဘုံ၌ မဖြစ်။

၁၇- အရူပဘုံ၌ မဖြစ်။

၁၈- တစ်ပါးသော စကြဝဠာ၌ မဖြစ်။ တို့တိုက်တွင်သာပင် အမြဲ ဖြစ်၏။

မှီဝဲပေါင်းဖော် ဆည်းကပ်သော်လည်း ဂုဏ်သီလရှိရာရှာ၍ မှီဝဲပေါင်းဖော် ဆည်းကပ်သည်။ လောကဓံ ၈ ပါးကို ရဲခါတွေ့သော်လည်း သည်းခံစောင့်သည်။ ။ ဤ ၁၈ ပါးသောအရပ်တို့၌မဖြစ်။

* မဖြစ်သောအရပ် ၁၈ ပါး ရေတွက်ရာ၌ နောက်ပိုင်းကျမဲများနှင့် အတန်ယော်ကွဲလွဲမှု ရှိပါသည်။

http://www.dhammadownload.com



ဖြစ်ရာ ၅ ပါး။

ပညာဓိကဘုရား, သဒ္ဓါဓိကဘုရား, ဝီရိယာဓိကဘုရား။ ဤသို့ သဗ္ဗညုဘုရားအလောင်းတော် ၃ ပါး၏ ဖြစ်ရာကမ္ဘာ ၅ ပါးတည်း။ ၅ ပါး ဟူသော်ကား

သာရကမ္ဘာ, မဏ္ဍကမ္ဘာ, ဝရကမ္ဘာ, သာရမဏ္ဍကမ္ဘာ, ဘဒ္ဒကမ္ဘာအားဖြင့် ၅ ပါးတည်း။

ထို ၅ ပါးသော ကမ္ဘာတို့တွင် သာရကမ္ဘာ၌ ဘုရား ၁ ဆူသာ ပွင့်တော်မူ၏။ မဏ္ဍကမ္ဘာ၌ ဘုရား ၂ ဆူသာ ပွင့်တော်မူ၏။ ဝရကမ္ဘာ၌ ဘုရား ၃ ဆူသာ ပွင့်တော်မူ၏။ သာရမဏ္ဍကမ္ဘာ၌ ဘုရား ၄ ဆူသာ ပွင့်တော်မူ၏။ ဘဒ္ဒကမ္ဘာ၌ ဘုရား ၅ ဆူ ပွင့်တော်မူ၏။

ဤ ၅ ပါးသောကမ္ဘာဖြင့် သုဉ်းလတ်သော် သုညကမ္ဘာတို့၌ကား သဗ္ဗညုဘုရားလောင်းကိုထား၍ ပစ္ဆေကဗုဒ္ဓါ, စကြဝတေးမင်းတို့သည်လည်း မဖြစ်ဘဲ၊ သုဉ်းသောသုညကမ္ဘာတို့ကား မရေတွက်နိုင် ဖြစ်လေ၏။

ကပ် ၃ ပါး။

ကမ္ဘာတို့၏ပျက်ခြင်းတို့ကိုကား ဤဘဒ္ဒကမ္ဘာ၌ အကျဉ်းသဖြင့် ဆိုပေအံ့။ ဤအရာ၌ ကပ်ကား- အာယုကပ်, အန္တရကပ်, မဟာကပ်အားဖြင့် ၃ ပါး ပြား၏။ ထို ၃ ပါးတို့တွင်

၁- အာယုကပ်

ကံအားလျော်ပတ်စွာ ယခုကာလ၌ အသက် ၁၀၀ တမ်း ဆိုသကဲ့သို့၊ သတ္တဝါတို့၏ အသက်သည် 'အာယုကပ်' မည်၏။

၂- အန္တရကပ်

'အန္တရကပ်' ဟူသည်ကား အကြင်အခါ၌ လူတို့၏အသက်သည် ဟာယနဖြစ်၍ ၁၀ နှစ်သာ ရှိ၏။ ထိုအခါ 'သတ္တန္တရကပ်, ရောဂန္တရကပ်, ဒုဇ္ဈိကန္တရကပ်' အားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃ ပါးတို့တွင် ၁ ပါးပါးသည် ဖြစ်ရာ၏။

- အကြင်အခါ၌ သတ္တဝါတို့အား ဒေါသ များအံ့။ သတ္တန္တရကပ် ဖြစ်၏။ သတ္တန္တရကပ်ဖြင့် သေလေသော သတ္တဝါတို့သည် များသောအားဖြင့် ငရဲသို့ လားကုန်၏။
- လောဘ များအံ့။ ဒုဇ္ဈိကန္တရကပ် ဖြစ်၏။ ဒုဇ္ဈိကန္တရကပ်ဖြင့် သေလေသောသတ္တဝါတို့သည် ပြိတ္တာဖြစ်ကုန်၏။
- မောဟများအံ့။ ရောဂန္တရကပ် ဖြစ်၏။ ရောဂန္တရကပ်ဖြင့် သေသောသတ္တဝါတို့သည် လူရွာ, နတ်ပြည်၌ ဖြစ်ကုန်၏။

ယခုကာလ၌ ဟာယနဖြစ်သောကြောင့် အသက် ၁၀၀ ၌ ငါတို့ဂေါတမမြတ်စွာဘုရား ဖြစ်တော်မူ၏။ ထိုအသက် ၁၀၀ မှသည် ၉၀, ၈၀ စသောအားဖြင့်ဆုတ်၍ ၁၀ နှစ်သာ နေကုန်လတ္တံ့။ ထိုအခါ 'သတ္တန္တရကပ်' ဖြစ်လတ္တံ့။

http://www.dhammadownload.com



ထိုအခါ၌ လူတို့အား သနားခြင်းရှိသောနတ်သည် စိုးရိမ်ဗျာပါရှိသောအရပ်ကို ဖန်ဆင်း၍၊ ငိုသော မျက်နှာရှိသည် ဖြစ်၍၊ 'ရှေး ၇ ရက်၌ လူတို့သည် အချင်းချင်းသတ်ကုန်လတ္တံ့။ အမိ, အဖ, သားမယားတို့ကို မအောက်မေ့ဘဲ ၇ ရက်စာ ရိက္ခာယူ၍ တောထဲ၌ ပုန်းလေကုန်'ဟူ၍ ဟစ်လတ္တံ့။ ထိုစကားကို ပညာရှိသော သူတို့သည်သာလျှင် ယုံကြည်၍ တော၌ နေလတ်ကုန်လတ္တံ့။ ထိုနတ်တို့ ဆိုသောအတိုင်းလည်း အချင်းချင်း သတ်ကြလတ္တံ့။ ၂ ယောက်မြင်က သတ်ကြကုန်လတ္တံ့။ လက်နက်မရှိသောအခါ၌ မြက်,သစ်ရွက်တို့သည် ဓားလက်နက်ဖြစ်၍ သတ်ကြလေကုန်၏။ တစ်ယောက်အဖော် မမြင်သောသူတို့သာလျှင် ကြွင်းသတည်း။ ထိုကြွင်းသောသူတို့သည် 'အမျိုးအဆွေ, သားမယား စသောသူတို့ကို မမြဲဘဲ သေကြကုန်သည်'ကို အကြောင်းပြု၍ ကုသိုလ်ကမ္မပထ ၁၀ ပါးကို စောင့်ကြကုန်၏။ ထိုကောင်းမှုကြောင့် ၁၀ နှစ်က တက်ပြန်၍ အသက်အသချေ်တိုင်အောင် နေကြကုန်၏။

ထိုအသချေ်ကမ္ဘသည် မတရားသော ၁၀ ပါးသော - ၁၀ ပါးသော အကုသိုလ်ကမ္မပထကို ကျင့်ခြင်းကြောင့် အသချေ်အောက် ယုတ်ပြန်၍၊ လူတို့အသက် ၈ သောင်း နေရသောအခါ၌ ဗာရာဏသီပြည်သည် 'ကေတုမတီ' အမည်ရှိသည် ဖြစ်၍၊ 'သခ်ီ'အမည်ရှိသော စကြဝတေးမင်းဖြစ်သောအခါ၌ 'မေတ္တေယျ'အမည်ရှိသော မြတ်စွာဘုရား ဖြစ်လတ္တံ့။ ထို အနှစ် ၈ သောင်းမှသည် အစဉ်အတိုင်း မကောင်းမှုကိုကျင့်ခြင်းကြောင့် လူတို့အသက်သည် ယုတ်၍၊ ၁၀ နှစ်သို့ရောက်၍ ကပ် ၃ ပါးတွင် တစ်ပါးပါးဖြင့် ဖြစ်လတ္တံ့။ ဤသို့ အသက် ၁၀ နှစ်မှ အသက် အသချေ်နေ၍၊ အသချေ်မှ ၁၀ တိုင်ပြန်၍ ကပ် ၃ ပါးတွင် တစ်ပါးပါးဖြစ်ပြန်သည်လျှင် 'အန္တရကပ်'မည်၏။

ထိုအန္တရကပ်အားဖြင့် ၆၄ ကပ်သည် အသချေ်ယျကပ် ၁ ကပ် ဖြစ်၏။ 'အန္တရကပ် ၂၀ သည် အသချေ်ယျ ၁ ကပ်ဖြစ်၏' ဟူ၍လည်း ဆို၏။

၃- မဟာကပ်

ထိုအသချေ်ယျကပ်အားဖြင့် ၄ ကပ်သည် မဟာကပ် ၁ ကပ် မည်၏။

တစ်နည်းသော်ကား အလျား ၁ ယူဇနာ, အနံ ၁ ယူဇနာ, အထူ ၁ ယူဇနာရှိသော မုန်ညင်းစေ့ကို အနှစ် ၁၀၀ မှ ၁ စေ့ - ၁ စေ့ ပစ်အံ့။ ထိုမုန်ညင်းစေ့သော်ကား ကုန်ရာ၏။ မဟာကပ်၏အသက် မကုန်ရာ။ မဟာကပ် ၁ ကပ်ကို ၄ စု စု၍၊ ၁ စုသည် 'အသချေ်ယျကပ်' မည်၏။

တစ်နည်းသော်ကား 'စတ္တာရိမာနိဘိက္ခဝေ၊ ကပ္ပဿအသချေ်ယျာနိ။ ကတမာနိ စတ္တာရိ သံဝဋ္ဋော သံဝဋ္ဋဋ္ဌာယီ၊ ဝိဝဋ္ဋော ဝိဝဋ္ဋဋ္ဌာယီ' အစရှိသည်ကို ဟောတော်မူသောကြောင့် 'သံဝဋ္ဋ, သံဝဋ္ဋဋ္ဌာယီ, ဝိဝဋ္ဋ, ဝိဝဋ္ဋဋ္ဌာယီ' ဟူ၍ အသချေ်ယျကပ်ကား ၄ ပါး ပြား၏။

http://www.dhammadownload.com



## ကမ္ဘာပျက်သည်ကို ပြခြင်း

ကမ္ဘာပျက်သည်လည်း 'မီးဖြင့် ပျက်ခြင်း, ရေဖြင့် ပျက်ခြင်း, လေဖြင့် ပျက်ခြင်း'အားဖြင့် ၃ ပါး အပြား ရှိ၏။

အဘယ်ကြောင့် ကမ္ဘာပျက်လေသနည်း ဟူမူကား- မကောင်းမှုကိုသာ ပြုသသူများသဖြင့် မကောင်းမှုကြောင့် ပျက်သတည်း။ ထိုပျက်ကြောင်း ၃ ပါးတွင်-

- အကြင်သတ္တဝါတို့အား ရာဂ များအံ့။ မီးဖြင့် ပျက်၏။ တစ်နည်းကား ဒေါသ များအံ့။ မီးဖြင့် ပျက်၏။
- လောဘ များအံ့။ ရေဖြင့် ပျက်၏။
- မောဟ များအံ့။ လေဖြင့် ပျက်၏။

ဤသို့ မီး,ရေ,လေအားဖြင့် ၃ ပါးတွင် တစ်ပါးပါးဖြင့်ပျက်သော် ထိုစကြဝဠာသည် ပျက်သဖြင့် 'ဓာတိခေတ္တ'တည်းဟူသော စကြဝဠာ ၁ သောင်းသည် လည်းကောင်း ပျက်၏။

အကြင်အခါ၌ ဤစကြဝဠာသည် မီးဖြင့်ပျက်သည် ဖြစ်အံ့။ ကမ္ဘာပျက်မိုးသည် စကြဝဠာ ၁ သောင်းလုံး မိုးတစ်ပြိုင်နက် ရွာ၏။ လူတို့သည်လည်းကောင်း အပွင့်အသီးကိုမှီ၍ အသက်မွေးသော ပုပ္ပဖလူပဇီဝီဖြစ်သော နတ်တို့သည်လည်းကောင်း သေ၍ ဗြဟ္မာပြည်၌ ဖြစ်လေကုန်၏။ ရှည်မြင့်လတ်သော် ထိုထိုသောအရပ်၌ ရေသည် ကုန်ခြင်းသို့ရောက်ကုန်၍၊ အစဉ်သဖြင့် ငါး,လိပ်တို့သည် သေ၍ ဗြဟ္မာပြည်၌ ဖြစ်လေကုန်၏။

အဘယ်ကြောင့် အဟိတ်ဒွိဟိတ်ပုဂ္ဂိုလ်တို့သည် ဗြဟ္မာပြည်သို့ ဖြစ်လေကုန်အံ့နည်း ဟူမူကား- ထိုအခါ 'လောက-ဗျူဟ'အမည်ရှိသော ကာမာဝစရနတ်သည် ဆံကို ဖြေ၍၊ ငိုသောမျက်နှာရှိသည် ဖြစ်၍ လူတို့ကို ဤသို့ဆို၏။

''ဤနှစ်မှ အနှစ် ၁ သိန်းလွန်သဖြင့် ကမ္ဘာပျက်လတ္တံ့။ ဗြဟ္မာပြည်တိုင်အောင် ပျက်စီးလတ္တံ့။ မေတ္တာကို ပွားစေလော့။ ကရုဏာကို ပွားစေလော့။ မုဒိတာကို ပွားစေလော့။ ဥပေက္ခာကို ပွားစေလော့။ မိခင်ဖခင် စသောသူတို့ကို ရိုသေစွာလုပ်ကျွေးအပ်၏။ ကုသိုလ်ကောင်းမှုကို မမေ့မလျော့ပြုကုန်''ဟူ၍ ဟစ်လတ္တံ့။

ထိုစကားကိုကြား၍ လူတို့သည် လည်းကောင်း, ဘုမ္မစိုးနတ်တို့သည် လည်းကောင်း သံဝေဂ ရသည်ဖြစ်၍၊ အချင်းချင်း မေတ္တာကို ပွားစေ၍၊ ကရုဏာကို ပွားစေ၍၊ မုဒိတာကို ပွားစေ၍၊ ဥပေက္ခာကို ပွားစေ၍၊ ထိုသို့သောကောင်းမှုတို့ကို ပြု၍ နတ် ဖြစ်လေကုန်၏။ ထိုနတ်ပြည်၌ နတ်တို့သုဘဘုတ်ကို စား၍၊ ဝါယောကသိုဏ်းကို စီးဖြန်း၍ ဗြဟ္မာပြည်သို့ ဖြစ်လေကုန်၏။ တစ်ပါးသော ငါ, သူ စသောသတ္တဝါတို့သည်လည်း အပရာပရိယဝေဒနိယက်ဖြင့် နတ်ပြည်၌ဖြစ်၍ ဗြဟ္မာပြည်၌ ဖြစ်လေကုန်၏။ နိယတမိစ္ဆာဒိဋ္ဌိ ဖြစ်သော ငရဲသူတို့သည်သာလျှင် တစ်ပါးစကြဝဠာသို့ ခံရလေကုန်၏။ တစ်ပါးစကြဝဠာ ပျက်သော်လည်း ကောင်းကင်၌ ခံရကုန်၏။ ရှည်မြင့်သဖြင့် နေ ၇ ခု ပေါ်၏။ ထိုအခါ နေနတ်သား မရှိပြီ။

http://www.dhammadownload.com



ထိုနေတို့သည် စင်ကြယ်စွာ အရောင်အဝါရှိ၏။ ထိုအခါ၌ မြစ်ငယ်တို့သည် ခြောက်ကုန်၏။ နေ ၃ ခု ပေါ်သဖြင့် အိုင်ကြီးတို့သည် ခြောက်ကုန်၏။ နေ ၅ ခု ပေါ်သဖြင့် သမုဒ္ဒရာ ခမ်း၏။ နေ ၆ ခု ပေါ်သဖြင့် အခိုးထွက်၏။ နေ ၇ ခု ပေါ်သဖြင့် စကြဝဠာ အလျှံပြောင်ပြောင်လောင်၏။ နေ ၈ ခု ပေါ်သဖြင့် ငရဲသူတို့သည် ပျက်စီးကုန်၏ ဟူ၍ ဆို၏။

ထို အလျှံပြောင်ပြောင်လောင်သောအခါ၌ မြေမှစ၍ ပိုင်းခြားလတ်သော် ဗြဟ္မာပြည်တိုင်အောင် လောင်၏။ အောက်ကောင်းကင်နှင့် အထက်ကောင်းကင်သည် တစ်စပ်တည်း ဖြစ်၏။ ထိုနောင်မှ မိုးကြိုးသည် သက်၍ စကြဝဠာ ၁ သောင်းလုံး၌ ပျက်ရာအရပ်လုံးကို ပြည့်အောင်ရွာ၏။ ထို့နောင်မှ လေသည် အောက်မှလည်းကောင်း, အထက်မှလည်းကောင်း ဖီလာလည်းကောင်း တက်၍ တစ်ခဲနက်ဖြစ်လေ၏။

ထိုရေသည် အောက်တိုင် ခမ်း၍ အောက်သို့ ရေသည် သက်၏။ ရေ သက်သည်ရှိသော် ဗြဟ္မာပြည် တည်ရာ၌ ဗြဟ္မာပြည် ဖြစ်၏။ ကာမာဝစရနတ်ပြည် ၄ ထပ်တည်ရာ၌ အစဉ်အတိုင်းစဉ်သဖြင့် နတ်ပြည် ၄ ထပ် တည်၏။

ထိုလေသည် ပြင်းစွာလာသဖြင့်၊ ချိုမြတ်စွာသောရေသည် ကုန်သဖြင့် ရသပထဝီသည် ဖြစ်၏။ ထိုရသ ပထဝီသည် အနံ့,အဆင်းနှင့် ပြည့်စုံစွာ၏။

ရေအပြင်၌ ကြာဖက်ကဲ့သို့ ဗောဓိမြေသည် ရှေးဦးစွာတည်၏။ 'ထိုမြေ၌ ကြာပင်သည် ဖြစ်အံ့။ တစ်ပွင့် ရှိလျှင် ဘုရား ၁ ဆူ ဖြစ်အံ့။ ၂ ပွင့်ရှိလျှင် ဘုရား ၂ ဆူ ဖြစ်အံ့။ ၃ ပွင့်ရှိလျှင် ဘုရား ၃ ဆူ။ ၄ ပွင့်ရှိလျှင် ဘုရား ၄ ဆူ။ ၅ ပွင့်ရှိလျှင် ဘုရား ၅ ဆူ။ ၆ ပွင့်ရှိလျှင် ဘုရား ၆ ဆူ ဖြစ်အံ့'ဟု ဗြဟ္မာတို့ သိကုန်သတည်း။ ထိုဗောဓိမြေသည် ပျက်သောအခါ နောက်မှပျက်၏။ ဖြစ်သောအခါ အရင်ဖြစ်၏။ ဤကမ္ဘာ၌ကား ကြာ ၅ ပွင့်ရှိသောကြောင့် 'ဘုရား ၅ ဆူဖြစ်အံ့'ဟု သိသတည်း။

ထိုအခါ၌ အာဘာသရာဘုံမှဗြဟ္မာတို့သည် အသက်ကုန်သဖြင့် လည်းကောင်း, ကံကုန်သဖြင့် လည်းကောင်း လူ့ပြည်၌ ဖြစ်၏။ မိမိအရောင်သည် ထွန်းပ၏။ ကောင်းကင်၌ သွား၏။ ထိုဗြဟ္မာတို့သည် ရသပထဝီကို တပ်သဖြင့် စားလျှင် အရောင်ပျောက်ခဲ့၏။ အမိုက်အတိရှိ၍ ကြောက်ကုန်၏။ ထိုအခါ ထိုသူတို့၏ရဲခြင်းကို ဖြစ်စေတတ်သော နေသည် ဖြစ်၏။ ထိုနေသည်ကား ယူဇနာ ၅၀ ရှိ၏။ အထဲကား ရွှေ, အပြင်ကား ဖန်ဖြင့် ပြီး၏။ ထိုသူတို့၏ရဲခြင်းကို ဖြစ်စေတတ်သောကြောင့် 'သူရိယ'ဟု ဆိုကုန်၏။ ထိုနေသည် ဝင်ခဲ့၍ ကြောက်ခြင်းသည် ဖြစ်ကုန်၏။

ထိုအခါ အလင်းကိုတောင့်တစဉ် ၄၉ ယူဇနာရှိသော၊ အထဲကား ပတ္တမြား, အပေါ်ကား ငွေဖြင့်ပြီးသော လသည် ထင်ရှားဖြစ်၏။ ထိုအခါ ဝမ်းမြောက်ကုန်သည် ဖြစ်၍၊ ငါတို့အလိုကို သိသကဲ့သို့ ထင်ရှားဖြစ်၏။ ထို့ကြောင့် 'ဆန္ဒ'ဟူ၍ ခေါ်ဝေါ်ကုန်၏။ ဆန္ဒသည်ပင် 'စန္ဒ'မည်သတည်း။

ထိုနေ့မှစ၍ စကြဝဠာ, မြင်းမိုရ်, ဟိမဝန္တာ, နက္ခတ်တာရာ စသည်တို့သည် မရှေးမနှောင်း တပေါင်းလပြည့်နေ့၌ ထင်ရှားဖြစ်ကုန်၏။ အချို့သောအရပ်သည် စုန့်စုန့်ဖြစ်၏။ အချို့သောအရပ်သည် ရှိုင်းဂွမ်းကုန်၏။

http://www.dhammadownload.com



အချို့သောအရပ်သည် ညီညွတ်ကုန်၏။ စုန့်စုန့်အရပ်၌ တောင်တို့သည် ဖြစ်ကုန်၏။ ရှိုင်းဝှမ်းသောအရပ်၌ကား သမုဒ္ဒရာတို့သည် ဖြစ်ကုန်၏။ ညီညွတ်သောအရပ်၌ ကျွန်း ဖြစ်ကုန်၏။

ထိုအခါ သတ္တဝါတို့သည် ရသပထဝီကို စားကုန်သဖြင့် အမည်း၊ အဖြူ စသောအားဖြင့် အရုပ်လှသောသူ၊ အရုပ်မလှသောသူတို့သည် ဖြစ်ကုန်၏။ လှသူသည် မလှသောသူကို နှိပ်စက်ခြင်း စသော မကောင်းမှုကြောင့် မြေဩဇာဖြစ်သော ရသပထဝီသည် ကွယ်ခဲ့၏။

ပျားမွှေအရသာနှင့် တူသော 'ပဒါလတာ' အမည်ရှိသော နွယ်သည် ဖြစ်ပြန်၏။ ထိုနွယ်ကို စားသဖြင့် မြင့်ရှည်စွာကြာမှ ထိုပဒါလတာနွယ်သည် ကွယ်၍ 'နမသလေးဆန်' ဖြစ်ပြန်၏။ ထိုအခါ အိုးသည် ဖြစ်၏။ ထိုအိုးဌ ဆန်ကိုထည့်၍ ကျောက်ဌထားလျှင် မီးဖြင့် မချက်။ ကျောက်၏တေဇောဖြင့်သာ အလိုလိုကျက်၍ ထမင်း ဖြစ်ပြန်၏။

ထို အကဋ္ဌပါက သလေးထမင်းကို စားလျှင် မိမိတို့စိတ်ရှိသည်အလျောက် အထူးထူးသောအရသာတို့သည် ဖြစ်ကုန်၏။ ထိုအစာကိုစားသဖြင့် ကျင်ကြီးကျင်ငယ်ထွက်စရာ ဝစ္စမဂ်, ပဿာဝမဂ်ဖြစ်ကုန်၏။ ယောကျ်ားအား ယောကျ်ားဘော, မိန်းမအား မိန်းမဘော ထင်ရှားဖြစ်၏။ ထို မေထုန်မှီဝဲသဖြင့် 'လင်,မယား'ဟူ၍ ဖြစ်ကုန်၏။ မိမိတို့ မေထုန်အမှုကို မမြင်စေခြင်းငှာ အိမ် ဖြစ်ကုန်၏။ မြင့်ရှည်စွာကြာလျှင် ဖွဲ, ဆန်ကွဲမှေး၍ စပါး ဖြစ်ကုန်၏။ စပါးရိတ်ခြင်း, မျိုးကြဲခြင်းတို့သည် အစဉ်အတိုင်း ဖြစ်ကုန်၏။

စပါးဖြစ်သဖြင့် နံနက် စားမည်ဖို့ကို နံနက်မှ၊ ည စားမည်ဖို့ကို ညမှ ယူ၍၊ ယူရာအတိုင်း ပြည့်ပြန်သည်ကို လျှပ်ပေါ်ပျင်းရိသောသူသည် 'ည,နံနက် စားမည်ဖို့ကို တစ်ခါတည်းယူရသော် ကောင်း၏'ဟု ကြံ၍၊ ထိုကြံတိုင်း ယူလျှင် ထိုသူ၏အတု ပြုကုန်သဖြင့် တရွေ့တရွေ့ ၂ ရက်စာ-၃ ရက်စာကသည် လခွဲစာ, ၁ လခွဲစာတိုင်အောင် ယူကြသဖြင့်၊ ယူရာ ပြည့်မြဲ မပြည့်ပြန်လျှင် 'သူ့ဥစ္စာ, ငါ့ဥစ္စာ'ဟု အဝိုင်းအခြားထားကြရာတွင်၊ လျှပ်ပေါ်သော, မက်မောသောသူတစ်ယောက်သည် မိမိအဝိုင်းအခြားကို စောင့်ရှောက်သည်ဖြစ်၍ သူ့အဖို့ကို ယူချေသောကြောင့်၊ ဥစ္စာရှင် တွေ့၍ ပုတ်ခတ်ဆဲရေးခြင်း, ငြင်းခုံခြင်း ဖြစ်လာသည်ရှိသော်၊ 'အကြီးအမှူး အကွပ်အကဲ မရှိသော် မကောင်း'ဟု ညီညွတ် ဆိုကိုင်ပင်ပြီး၊ ထိုလူအပေါင်းတို့သည် ရောင်ဆင်းတင့်တယ်ခြင်း၊ အလုံးအရပ်, ဘုန်းပညာ လက္ခဏာတို့ဖြင့် လွန်ကဲခြင်းရှိသော ထိုဘုရားလောင်းကို ''ကဲ့ရဲ့ရွှတ်ချအပ်သော သူကို ကဲ့ရဲ့ရွှတ်ချပါ။ ချီးမွှောက်မစအပ်သောသူကို ချီးမွှောက်မစပါ။ တစ်ပါးအမှုကို မပြုလင့်။ ငါတို့ညီ၍ မျိုးစေ့ရိက္ခာဖြင့် လုပ်ကျွေးမည်။ အရှင်ကို-ငါတို့ညီ၍ မင်းမြှောက်ကုန်အံ့''ဟု တောင်းပန်ပြီးမှ လူများညီ၍ သမုတ်အပ်သော 'ခေတ္တာဓိပတိ မဟာသမ္မတမင်း' ဟူ၍ ဖြစ်၏။ 'မင်း'ဖြစ်ပြီးလျှင် 'ပုဏ္ဏား, သူကြွယ်, သူဆင်းရဲ'စသော အမျိုး ၄ ပါးတို့သည် ဖြစ်ကုန်၏။

'မေဃောဇာလပရိစ္ဆေဒေါ၊ သံဝဋ္ဋောတိပဝုစ္စတိ။
ဇာလမေဃပရိစ္ဆေဒေါ၊ သံဝဋ္ဋဗ္ဘာယီတိဝုစ္စတိ။
'မဟာမေဃောသူရိယာစ၊ ဝိဝဋ္ဋောတိပဝုစ္စတိ။
သူရိယောစ မဟာမေဃော၊ ဝိဝဋ္ဋဗ္ဘာယီတိဝုစ္စတိ။ ။' ဂါထာနှင့်ညီစွာ

ထို ကမ္ဘာပျက်မိုး ရွာသည်မှ မီးလျှံစဲသည်တိုင်အောင် 'သံဝဋ္ဋ' မည်၏။ မီးလျှံစဲသည်မှ စကြဝဠာ ၁ သောင်း ပြည့်အောင် ရွာသောမိုးကြီးသည်ကား 'သံဝဋ္ဋဗ္ဘာယီ' မည်၏။ မိုး ကြီးစွာရွာသည်မှ နေ, လ ပေါ်သည်တိုင်အောင်

http://www.dhammadownload.com



'ဝိဝဋ္ဋ' မည်၏။ နေ, လ ပေါ်သည်မှ ကမ္ဘာပျက်မိုး ရွာသည်တိုင်ကား 'ဝိဝဋ္ဋဘယီကပ်' မည်၏။ ဤအသင်္ချေယ ၄ ကပ်သည် 'မဟာကပ်' မည်၏။ ။ ဤကား မီးဖြင့် ပျက်ရာသည်ကို ဆိုသည်တည်း။

အကြင်အခါ၌ ရေဖြင့် ပျက်အံ့။ ကမ္ဘာပျက်မိုး ရွာ၍ ဝဿူပဇီဝဖြစ်သောသတ္တဝါတို့ သေပြီးသည်၏နောက်၌ နေ ၂ ခု ပေါ်သကဲ့သို့၊ ကြမ်းလွန်စွာသောမိုးသည် အစဉ်အတိုင်းရွာ၍၊ စကြဝဠာ ၁ သောင်းလုံးကို ပြည့်စေ၍ ဒုတိယစျာန်တိုင်အောင် လည်းကောင်း, မြေကိုခံသောရေတိုင်အောင် လည်းကောင်း ကြေစေ၏။ ဤသည်လျှင် တူသတည်း။ ထိုရေဖြင့်ပျက်ရာ၌ ကမ္ဘာပျက်မိုးရွာသည်မှ ကြမ်းလွန်စွာသောကမ္ဘာမိုး စဲသည်တိုင်အောင်သည် 'သံဝဋ္ဋ' မည်၏။ ကမ္ဘာမိုးရွာ၍ စဲသည်မှ ကမ္ဘာပြုမိုးရွာသည်တိုင်အောင် 'သံဝဋ္ဋဘယီ' မည်၏။ ကမ္ဘာပြုမိုး ရွာသည်မျှ နေ,လပေါ်သည်တိုင်အောင်သည် 'ဝိဝဋ္ဋ' မည်၏။ နေလပေါ်သည်မှ ကမ္ဘာပျက်မိုး ရွာပြန်သည်တိုင်ကား 'ဝိဝဋ္ဋဘယီ' မည်၏။ ဤအသင်္ချေယလေးကပ်သည် 'မဟာကပ်' မည်၏။ ။ ဤကား ရေဖြင့်ပျက်ရာသည်ကိုဆိုသတည်း။

အကြင်အခါ၌ ကမ္ဘာသည် လေဖြင့် ပျက်အံ့။ ကမ္ဘာပျက်မိုး ရွာ၏။ လူတို့သည်လည်း ဝမ်းမြောက်ဝမ်းသာ ပျိုးကြဲကုန်၏။ ဤသို့စသောနည်းဖြင့် ရှေးကဲ့သို့ သိအပ်၏။ နေ ၇ ခု ပေါ်သကဲ့သို့ မြူထောင်းထောင်းထစေ၍ အလျှင်လာ၏။ ထို့နောင်မှ အစဉ်အတိုင်း ရှေးထက်ပြင်းစွာလာခြင်း စသည်ဖြင့် စကြဝဠာ ၁ သောင်းလုံးကို ထောင်းထောင်းကြေစေ၏။ အဏုမြူမျှ မရှိရအောင် ကြေစေ၏။ ရှေး၌ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် အောက်ကောင်းကင်, အထက်ကောင်းကင်သည် တစ်ခုတည်း ဖြစ်၏။ ထိုလေဖြင့် ပျက်စီးရာ၌ ကမ္ဘာပျက်မိုး ရွာသည်မှ ကမ္ဘာပျက်လေ စဲသည်တိုင်အောင် 'သံဝဋ္ဋ' မည်၏။ ကမ္ဘာပျက်လေ စဲသည်မှ ကမ္ဘာပြုလေ လာသည်တိုင် 'သံဝဋ္ဋဘယီ' မည်၏။ ကမ္ဘာပြုလေ လာသည်မှ နေ,လပေါ်သည်တိုင်အောင် 'ဝိဝဋ္ဋ' မည်၏။ နေ,လပေါ်သည်မှ ကမ္ဘာပျက်မိုး ရွာသည်တိုင်အောင် 'ဝိဝဋ္ဋဘယီ' မည်၏။ ဤအသင်္ချေယ ၄ ကပ်သည် 'မဟာကပ်' မည်၏။ ။ ဤကား ကမ္ဘာကို လေဖြင့်ပျက်ရာသည်ကို ဆိုသတည်း။

'ထို မီး, ရေ, လေ တို့သည် အမှတ်မဲ့ပျက်ရာသည်လော' ဟူမူကား မီး ၇ ကြိမ်ပျက်ပြီးလျှင်၊ ၈ ကြိမ်မြောက်၌ ရေဖြင့် ပျက်၏။ မီးနှင့် ရေ အကြိမ် ၆၄ ကြိမ် ပြည့်ခါ၌ လေ ၁ ကြိမ် ပျက်၏။ ထို့ကြောင့်

'သတ္တသတ္တဝါရာ၊ အဋ္ဌအဋ္ဌမေဝါရာ။

စတုဆဋ္ဌိယဒါပုဏ္ဏာ၊ ဧကောဝါယုဝရောသိယာ။ ။' ဟူ၍ ဆိုကုန်၏။

သတ္တသတ္တဝါရာ၊ ၇ ကြိမ် - ၇ ကြိမ်တို့သည်။ အဂ္ဂိနာ၊ မီးဖြင့်။ နာသနဝါရာ၊ ပျက်ခြင်း အကြိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အဋ္ဌအဋ္ဌမေဝါရာ၊ ၈ ကြိမ် - ၈ ကြိမ်မြောက်သည်။ ဥဒကာ၊ ရေဖြင့်။ နာသနဝါရာ၊ ပျက်ခြင်းအကြိမ်သည်။ ဟောတိ၊ ဖြစ်၏။ ယဒါ၊ အကြင်အခါ၌။ စတုဆဋ္ဌိယဒါ၊ ၆၄ ကြိမ်တို့သည်။ ပုဏ္ဏာ၊ ပြည့်ကုန်၏။ တဒါ၊ ထိုအခါ၌။ ဧကော၊ တစ်ခုသော။ ဝါယုဝါမေယာ၊ လေအကြိမ်သည်။ သိယာ၊ ဖြစ်ရာ၏။'

ဤသို့ မီး,ရေ,လေတို့သည် ဖျက်သော်လည်း မီး စသောအား လျော်ပတ်စွာသောအရပ်တို့၌သာလျှင် ပျက်ကုန်၏။ ထို့ကြောင့်

http://www.dhammadownload.com



'အဂ္ဂိနာ အာဘာဿရာ ဟေဋ္ဌာ၊ အာပေန သုဘကိဏ္ဟတော။
ဝေဟပ္ဖလတော၀ါတေန၊ စဝံလောကော၀ိနဿတိ။ ။' ဟူ၍ ဆိုကုန်၏။

'အာဘာဿရာ၊ အာဘာဿရဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အဂ္ဂိနာ၊ မီးဖြင့်။ ၀ိနဿတိ၊ ပျက်၏။ သုဘကိဏ္ဏာဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ အာပေန၊ ရေဖြင့်။ ၀ိနဿတိ၊ ပျက်၏။ ဝေဟပ္ဖလတော၊ ဝေဟပ္ဖိုလ်ဘုံမှ။ ဟေဋ္ဌာ၊ အောက်၌။ ၀ါယေန၊ လေဖြင့်။ ၀ိနဿတိ၊ ပျက်၏။'

ဤသို့ မီး, ရေ, လေတို့ဖြင့် လောကသည် ပျက်၏။ ဤဂါထာ၌ 'အာဘာဿရာဘုံမှ အောက်၌ မီးဖြင့် ပျက်၏' ဟုဆိုခြားသော်လည်း၊ ဆိုသည်အားလျောက်ပတ်စွာ ထိုဘုံတို့၏အသက် ကုန်မှသာလျှင် ကုန်ရာကုန်ရာ တိုင်အောင် ပျက်ရာသတည်း။

ထို့ကြောင့် မဟာဗြဟ္မာတို့၏အသက် အသင်္ချေယျ ၁ ကပ် အသက် ရှိ၏။ မဟာကပ် ၁ ကပ် ဟူ၍ ဆိုချေသော်၊ 'ဗြဟ္မပါရိသဇ္ဇ-ဗြဟ္မဏပရောဟိတ်တို့နှင့် တစ်ပြိုင်နက်တည်းဖြစ်သောကြောင့် 'မသင့်' ဟုဆိုသတည်း။ ဤအဓိပ္ပာယ်ကို 'မပြီးနိုင်'ဟု ဆရာတို့ ဆိုကြကုန်၏။ ထိုဘုံတို့၏ အသက်ကုန်ရာတိုင်အောင် ပျက်ရကြောင်း၊

'ပဌမေအဂ္ဂိဒ္ဓတ္တိ်သ၊ ဒုတိယေအာဒိသောဋ္ဌသ။
ဒုတိယေ မဇ္ဈိမမေ အဋ္ဌ၊ မတံဆဗ္ဘညာ သပါ၀ကံ။ ။' ဟူ၍ ဆိုကုန်၏။

'ပဌမေ၊ ပထမစျာန်ဘုံ၌။ ဒွတ္တိ်သ၊ ၃၂ ကြိမ်ကုန်သော။ အဂ္ဂိ၀ါရာ၊ မီးအကြိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒုတိယေ၊ ဒုတိယစျာန်ဘုံ၌။ အာဒိ၊ အစဖြစ်သော ပရိတ္တသုဘာဘုံ၌။ သောဋ္ဌသ၊ ၁၆ ကြိမ်ကုန်သော။ အဂ္ဂိ၀ါရာ၊ မီးအကြိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဒုတိယေ၊ ဒုတိယစျာန်ဘုံ၌။ အာဒိ၊ အလယ်ဖြစ်သော အပ္ပမာဏသုဘာဘုံ၌။ အဋ္ဌ၊ ၈ ပါးကုန်သော။ အဂ္ဂိ၀ါရာ၊ မီးအကြိမ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့။ ဆဗ္ဘညာသပါ၀ကံ၊ ၅၆ ကြိမ်သောမီးကို။ မတာ၊ သိအပ်၏။'

ဤဂါထာနှင့်ညီစွာ

၁- ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၂- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အပ္ပမာဏသုဘာဘုံ၌ မီး ၁ ကြိမ်။
၃- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၄- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အာဘာဿရကာယဘုံ၌ ရေ ၁ ကြိမ်။
၅- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၆- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အပ္ပမာဏသုဘာဘုံ၌ မီး ၁ ကြိမ်။
၇- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၈- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အာသဘာဿရကာယဘုံ၌ ရေ ၁ ကြိမ်။
၉- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၁၀- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အပ္ပမာဏသုဘာဘုံ၌ မီး ၁ ကြိမ်။
၁၁- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။

http://www.dhammadownload.com



၁၂- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အာဘာသရကာယဘုံ၌ ရေ ၁ ကြိမ်။
၁၃- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ ရေ ၁ ကြိမ်။
၁၄- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အပ္ပမာဏသုဘာဘုံ၌ မီး ၁ ကြိမ်။
၁၅- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၁၆- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အာဘာသရကာယဘုံ၌ ရေ ၁ ကြိမ်။
၁၇- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၁၈- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အပ္ပမာဏသုဘာဘုံ၌ မီး ၁ ကြိမ်။
၁၉- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၂၀- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အာသဿရကာယဘုံ၌ ရေ ၁ ကြိမ်။
၂၁- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၂၂- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အပ္ပမာဏသုဘာဘုံ၌ မီး ၁ ကြိမ်။
၂၃- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၂၄- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အာသဿရကာယဘုံ၌ မီး ၁ ကြိမ်။
၂၅- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၂၆- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အပ္ပမာဏသုဘာဘုံ၌ မီး ၁ ကြိမ်။
၂၇- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၂၈- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အာသဿရကာယဘုံ၌ ရေ ၁ ကြိမ်။
၂၉- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၃၀- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် အပ္ပမာဏသုဘာဘုံ၌ မီး ၁ ကြိမ်။
၃၁- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် ပရိတ္တသုဘာဘုံ၌ မီး ၁ ကြိမ်။
၃၂- ထိုနောင် ပထမစျာန်ဘုံ၌ မီး ၁ ကြိမ်။ ထိုနောင် သုဘကိဏှာဘုံ၌ လေ ၁ ကြိမ်။

ဤသို့သောအားဖြင့် သုဘကိဏှာဘုံ၏အသက်သည် ၆၄ ကမ္ဘာ ပြည့်၏။ '၆၄ ကြိမ်၌ လေဖြင့် ပျက်၏' ဟူ၍ သိအပ်၏။ ထို့ကြောင့် ပရိတ္တသုဘာဘုံ၌ စသည်တို့၏အသက်ကို 'မဟာကပ်'ဟု သိအပ်၏။ ဤကား 'မီး, ရေ, လေ' တက်-သက် ပျက်ရာသည်ကို ဆိုသတည်း။

http://www.dhammadownload.com



## မဟာသမ္မတမင်းဆက်ကို ပြခြင်း

ငါတို့ဂေါတမရှင်တော်ဘုရား အလောင်းတော်သည် ဘဒ္ဒကပ်ကမ္ဘာဦးက လူများညီ၍သမုတ်သော 'ခေတ္တာဓိပတိ မဟာသမ္မတမင်း' ဖြစ်သဖြင့်၊ ထိုမင်းသား ရောဇ။ ရောဇသား ဝရရောဇ။ ဝရရောဇသား ကလျာဏ။ ကလျာဏသား ဝရကလျာဏ။ ဝရကလျာဏသား ဥပေါသထ။ ဥပေါသထသား မန္ဒာတု။ မန္ဒာတုသား ဝရမန္ဒာတု။ ဝရမန္ဒာတုသား ဝရ။ ဝရသား ဥပဝရ။ ဥပဝရသား စေတိယ။ စေတိယသား မုစလ။ မုစလသား မုဉ္စလိန္ဒ[၁]။ မုဉ္စလိန္ဒသား သာဂရ။ သာဂရသား သာဂရဒေဝ။ သာဂရဒေဝသား ဘဒ္ဒက။ ဘဒ္ဒကသား ဘဂီရထ။ ဘဂီရထသား ရုစိ။ ရုစိသား သုရုစိ။ သုရုစိသား ပဘာပ။ ပဘာပသား မဟာပဘာပ။ မဟာပဘာပသား ပနာဒ။ ပနာဒသား မဟာပနာဒ။ မဟာပနာဒသား သုဒဿန။ သုဒဿနသား မဟာသုဒဿန။ မဟာသုဒဿနသား နေရု။ နေရုသား မဟာနေရု။ မဟာနေရုသား အစ္ဆိမ။

မဟာသမ္မတမင်းကစ၍ အစ္ဆိမမင်း တိုင်အောင် ၂ ကျိပ် ၈ ယောက်သောမင်းတို့သည် အသက်အသဏ်ဖြေ နေကုန်သည်ဖြစ်၍ ကုသဝတီပြည်, ရာဇဂြိုဟ်ပြည်, မိထိလာပြည်တို့၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

အရိန္ဒမမင်း သားက စ၍ ဒုပ္ပသတမင်း တိုင်အောင် သားမြေးအစဉ်ဖြင့် ၅၆ ဆက်သောမင်းတို့သည် အယုဇ္ဈပုရပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

ဒုပ္ပသတမင်း သားက စ၍ သားမြေးအစဉ်သဖြင့် အဓိတသေန[၂]မင်းတိုင်အောင် ၆ ကျိပ်သောမင်းတို့သည် ဗာရာဏသီပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

အဓိတသေနမင်း သားက စ၍ သားမြေးအစဉ်သဖြင့် ဗြဟ္မဒတ္တမင်းတိုင်အောင် ၈ သောင်း ၄ ထောင်သော မင်းတို့သည် ကမ္ပလပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

ဗြဟ္မဒတ္တမင်း သားက စ၍ သားမြေးအစဉ်သဖြင့် ကမ္ပလဝသမင်းတိုင်အောင် ၃ ကျိပ် ၆ ဆက်သော မင်းတို့သည် တိတ္တိပုရပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

ကမ္ပလဝသမင်း သားက စ၍ သားမြေးအစဉ်သဖြင့် သူရိန္ဒဒေဝမင်းတိုင်အောင် ၃ ကျိပ် ၂ ဆက်သော မင်းတို့သည် ဇကစက္ကပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

သူရိန္ဒဒေဝမင်း သားက စ၍ သားမြေးအစဉ်သဖြင့် သာဓိနမင်းတိုင်အောင် ၂ ကျိပ် ၈ ယောက်သောမင်းတို့သည် ဝဇိရဂုတ္တိပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

သာဓိနမင်း သားက စ၍ သားမြေးအစဉ်သဖြင့် ဓမ္မဂုတ္တမင်းတိုင်အောင် ၂ ကျိပ် ၈ ယောက်သောမင်းတို့သည် မဒုရာပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

၁- မဟာမုစလ - တထာဂတဥဒါနဋီကာ။ ၂- အဓိတသေန - တထာဂတဥဒါနဋီကာ။

http://www.dhammadownload.com



ဓမ္မဝုတ္ထမင်း သားက စ၍ သားမြေးအစဉ်သဖြင့် သိပ္ပလိမင်းတိုင်အောင် ၁ ကျိပ် ၈ ယောက်သောမင်းတို့သည် အရိန္ဒပုရပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

သိပ္ပလိမင်း သားက စ၍ သားမြေးအစဉ်သဖြင့် ဗြဟ္မဒတ္တမင်းတိုင်အောင် ၁ ကျိပ် ၇ ယောက်သောမင်းတို့သည် ဣန္ဒပတ္တပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

ဗြဟ္မဒတ္တမင်း သားက စ၍ သားမြေးအစဉ်သဖြင့် ဗလဒတ္တမင်းတိုင်အောင် ၁ ကျိပ် ၅ ဆက်သောမင်းတို့သည် ဓကစက္ကပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

ဗလဒတ္တမင်း သားက စ၍ သားမြေးအစဉ်သဖြင့် ဟတ္ထိဒေဝမင်းတိုင်အောင် ၁ ကျိပ် ၄ ဆက်သောမင်းတို့သည် ကောသမ္ဗီပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

ဟတ္ထိဒေဝမင်း သားက စ၍ သားမြေးအစဉ်သဖြင့် နရဒေဝမင်းတိုင်အောင် ၉ ဆက်သောမင်းတို့သည် ကဏ္ဏဂေါတ္တပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

နရဒေဝမင်း သားက စ၍ သားမြေးအစဉ်သဖြင့် မဟိန္ဒမင်းတိုင်အောင် ၇ ဆက်သောမင်းတို့သည် ဂေါဇာမပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

မဟိန္ဒမင်း သားက စ၍ သားမြေးအစဉ်သဖြင့် နာဂဒေဝမင်းတိုင်အောင် ၁ ကျိပ် ၂ ဆက်သောမင်းတို့သည် စမ္ပာပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

နာဂဒေဝမင်း သားက စ၍ သားမြေးအစဉ်သဖြင့် သမုဒ္ဒဒေဝမင်း[၁]တိုင်အောင် ၂ ကျိပ် ၅ ဆက်သောမင်းတို့သည် ရာဇဂြိုဟ်ပြည်[၂]၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

သမုဒ္ဒဒေဝမင်း သားက စ၍ သားမြေးအစဉ်သဖြင့် ကာဠိဿရမင်းတိုင်အောင် ၁ ကျိပ် ၂ ယောက်သောမင်းတို့သည် တက္ကသိုလ်ပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

ကာဠိဿရမင်း သားက စ၍ သားမြေးအစဉ်သဖြင့် သုနန္ဒမင်းတိုင်အောင် ၁ ကျိပ် ၂ ယောက်သောမင်းတို့သည် ကုသိနာရုံပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

သုရိန္ဒ[၃]မင်း သားက စ၍ သားမြေးအစဉ်သဖြင့် သာဂရဒေဝမင်းတိုင်အောင် ၉ ယောက်သောမင်းတို့သည် မလိတ္ထပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

သာဂရဒေဝမင်း သားက စ၍ သားမြေးအစဉ်သဖြင့် နေမိမင်းတိုင်အောင် ၈ သောင်း ၄ ထောင်သောမင်းတို့သည် မိထိလာပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

နေမိမင်းကြီးသား ကာဠာရဇနကမင်း။ ကာဠာရဇနကမင်း သား သမ်ဂီရသမင်း။ သမ်ဂီရသမင်း သားကား အသောစမင်း၊ ဤမင်း ၃ ပါး။ အသောစမင်း သားက စ၍ သားမြေးအစဉ်သဖြင့် ဝိဇယမင်းတိုင်အောင် ၈ သောင်း ၄ ထောင်။ ဤမင်း ၈ သောင်း ၄ ထောင် ၃ ယောက်သောမင်းတို့သည် ဗာရာဏသီပြည်၌ အဘိသိက်သွန်းခြင်း မင်းအဖြစ်သို့ ရောက်ကုန်၏။

ဝိဇယမင်းသားကား ဝိဇိတာသေန။ ဝိဇိတာသေနမင်း သားကား ဓမ္မသေန။ ဓမ္မသေနမင်း သားကား နာဂသေန။ နာဂသေနမင်း သားကား သမ္မတ။ သမ္မတမင်း သားကား ဒိသမ္မတိ။ ဒိသမ္မတိမင်း သားကား ရေဏု။

၁- အညတြမင်း - တထာဂတဥဒါနဒီပနီ။ ၃- သုရိန္ဒဒေဝ - တထာဂတဥဒါနဒီပနီ။
၂- မိထိလာပြည် - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



ရေဏုမင်း သားကား ကုသ။ ကုသမင်း သားကား မဟာကုသ။ မဟာကုသမင်းကြီး သားကား ဝဿဓ။ ဝဿဓမင်းကြီး သားကား ဒသရထ။ ဒသရထမင်းကြီး သားကား ရာဓ။ ရာဓမင်းကြီး သားကား ဝိဠာရထ။[၁] ဝိဠာရထမင်းကြီး သားကား စိတ္တရဿီ။ စိတ္တရဿီမင်းကြီး သားကား သမ္မရဿီ။ သမ္မရဿီမင်းကြီး သားကား သုဇာတ။ သုဇာတမင်းကြီး သားကား ဥက္ကာကရာဇ်။ ၁ ကျိပ် ၆ ယောက်သောမင်းတို့သည် ဗာရာဏသီပြည်၌ အဘိသိက်သွန်းခြင်းမင်းအဖြစ်သို့ ရောက်ကုန်၏။

မဟာသမ္မတမင်းကြီး ကစ၍ ဥက္ကာကရာဇ်မင်းကြီးတိုင်အောင် မင်းဆက်ကား ၂ သိန်း ၅ သောင်း ၂ ထောင် ၅ ရာ ၅ ကျိပ် ၆ ယောက်တည်း။ (၂၅၂၅၅၆ ယောက်)

၁- ဝိလာသ - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



## သာကီဝင်မင်းဆက်ကို ပြခြင်း

ကပိလဝတ်ပြည်၌ သာကီဝင်မင်းဆက်ကား ဥက္ကာကရာဇ်မင်းကြီးသား ဥက္ကာမုက္ခ။ ဥက္ကာမုက္ခမင်းကြီးသား နိပုဏ။ နိပုဏမင်းကြီးသား စန္ဒိမ။ စန္ဒိမမင်းကြီးသား စန္ဒမုခ။ စန္ဒမုခမင်းကြီးသား သိဝရာဇ်။ သိဝရာဇ်မင်းကြီးသား သိဠဉ်း။ သိဠဉ်းမင်းကြီးသား ဝေဿန္တရာ။ ဝေဿန္တရာမင်းကြီးသား ဇာလိမင်း။ ဇာလိမင်းကြီးသား သီဟဝါဟန။ သီဟဝါဟနမင်းကြီးသား သီဟဿရမင်း။ ။ ဤသို့သောအစဉ်သဖြင့် သီဟရဿရမင်းကြီးသားတော်,မြေးတော်အဆက်ဆက်တို့ဖြင့် ဖယသေနမင်းတိုင်အောင် ၈ သောင်း ၂ ထောင်။

ဖယသေနမင်းကြီး သား သီဟဟန။ သီဟဟနမင်းကြီးသား သုဒ္ဓေါဒန။ သုဒ္ဓေါဒနမင်းကြီးသား ငါတို့ဘုရားလောင်း သိဒ္ဓတ္ထကုမာရ။ ။ ဥက္ကာမုက္ခမင်းကစ၍ ငါတို့ဘုရားလောင်း သိဒ္ဓတ္ထကုမာရမင်းတိုင်အောင် ကပိလဝတ်ပြည်၌ မင်းဆက်ကား ၈ သောင်း ၂ ထောင် ၃ ပါး[1]တည်း။

မဟာသမ္မတမင်းကစ၍ ငါတို့ဘုရားလောင်း သိဒ္ဓတ္ထမင်းတိုင်အောင် မင်းဆက်အပေါင်းကား ၃ သိန်း ၃ သောင်း ၄ ထောင် ၅ ရာ ၅ ဆယ် ၉ (၃၃၄၅၅၉) ပါးတည်း။

၁- ဓာတာတော်ပုံရာဇဝင်အရ ဥက္ကမုခမင်းကစ၍ သိဒ္ဓတ်မင်းသားတိုင် မင်းဆက်ကား ၈၂၀၁၃ ဆိုသဖြင့် မင်းဆက် ၁၀ ပါး ပိုနေသည်။ ဤမင်းဆက်ကို အမှန်ယူလျှင် မင်းဆက် ၃၃၄၅၅၉ ဖြစ်မည်။

http://www.dhammadownload.com



## ကပိလဝတ်ပြည်၏ အကြောင်း

သာကီဝင်သွင်းသောအကြောင်း အတ္ထုပ္ပတ္တိကား ဤသို့တည်း။ ဗာရာဏသီပြည်၌ ဥက္ကာကရာဇ်မင်းကြီးသည် ခံတွင်းဟလျှင် မီးရှူးထွန်းသကဲ့သို့ အလျဉ်ထွက်သောကြောင့် 'ဥက္ကာကရာဇ်' အမည်ကို ရ၍၊ ၅၅၀ စီကိုယ်လုပ်အရံရှိသော 'ဟတ္ထာမိဖုရား, စိတ္တာမိဖုရား, ဇန္ဓုမိဖုရား, ဇာလိနီမိဖုရား, ဝိသာခါမိဖုရား' ဟူသော ထိုမင်း၏ မိဖုရား ၅ ယောက်တို့တွင် အကြီးဆုံးဖြစ်သော ဟတ္ထာမိဖုရားသည် 'ဥက္ကာမုခ, ကရကဏ္ဍု, ဟတ္ထိနိက, သိနိသူရ' ဟူသော သားယောကျ်ား ၄ ယောက်။ 'ဝိယာ, သုဝိယာ, အာနန္ဒာ, ဝိဇိတာ, ဝိဇိတ သေနာ' ဟူသော သားမိန်းမ ၅ ယောက်။ ဤသား,သမီး ၉ ယောက်မြင်လျှင် နတ်ရွာလား၍၊ လှမြတ်သော အဆင်းရှိသော မင်းသမီးတစ်ပါးကို ဆောင်၍၊ ထိုမိဖုရားအရာ ထားရာတွင် 'ဇန္ဓု'အမည်ရှိသော သားယောကျ်ားကို ဖွား၍၊ ၅ ရက်မြောက်သောနေ့၌ တန်ဆာဆင်၍ မင်းကြီးအား ပြသည်ရှိသော် နှစ်သက်ဝမ်းသာသဖြင့် ဆုပေးသည်ကို၊ သားတော်အရွယ်သို့ရောက်လျှင် ဆွေမျိုးညာတကာတို့နှင့်တိုင်ပင်၍ မင်းဖြစ်ပန်သည်ကို၊ ''သူယုတ်မ။ သွားရာလေ။ ငါ့သားကြီးတို့အား အန္တရာယ်ဖြစ်ခြင်းကို အလိုရှိဘိ၏''ဟု ကြိမ်းသော်လည်း အဖန်တလဲလဲ ဖြည်းဖြည်းမွေ့မွေ့ တစ်နေ့တစ်ပါး ချော့ဖန်များလတ်သော်၊ သားတော်တို့ကို ခေါ်၍၊

''မောင်တို့ညီ ဇန္ဓုကိုမြင်လျှင် နှစ်သက်သဖြင့် ဆောတလျင်လျှင် အဓိအား ဆုပေးမိသည်ကို သားအား မင်းဖြစ်ပန်သည်ဖြစ်သောကြောင့် မင်္ဂလာဆင်, မင်္ဂလာမြင်း, မင်္ဂလာရထားကိုသာ ထား၍၊ အကြင်မျှလောက်သော ဆင်, မြင်း, ရထားကို အလိုရှိ၏။ ထိုမျှလောက်သော ဆင်, မြင်း, ရထားကို ယူ၍ သင့်ရာနေမှ ငါလွန်လျှင် မင်းပြုရစ်ကုန်''ဟု ၈ ယောက်သောအမတ်တို့နှင့် လွှတ်လိုက်သည်ရှိသော်၊ အထူးထူးအပြားပြား ငိုကြွေး၍၊ မင်း အစရှိသောသူတို့အား ကန်တော့ခဲ့၍၊ ''အကျွန်ုပ်တို့သည်လည်း မောင်တို့နှင့် အတူလိုက်ပါကုန်အံ့'' ဟု ခမည်းတော်အား သမီးတော်တို့ပန်၍ ထွက်ကုန်သော်၊ နှမတော်တို့ကို ယူ၍ ၄ ပါးသော စစ်အင်္ဂါဖြင့် ခြံရံလျက် ထွက်ခဲ့ကုန်သော်၊ မင်းသားတို့သည် 'ခမည်းတော်လွန်လျှင် လာ၍ မင်းပြုပြန်ကုန်အံ့'ဟု ထွက်စနေ့၌ ခစားခြင်း ငှာလိုက်သော ဗိုလ်ထု ၁ ယူဇနာ၊ ၂ ရက်မြောက်သောနေ့၌ လိုက်သောဗိုလ်ထု ၁ ယူဇနာ၊ ၃ ရက်မြောက်သော နေ့၌လိုက်သော ဗိုလ်ထု ၁ ယူဇနာတို့ဖြင့် ''ငါတို့ ဗိုလ်ပါများကုန်ပြီ။ တစ်တိုင်းတစ်နိုင်ငံတို့ ယူသော်လည်း လောက်ရာ။ သူ့ကိုညှဉ်းဆဲခြင်းဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ဇမ္ဗူဒီပါမြေအပြင် ကျယ်လှ၏။ တို့ကား တောခို မြို့တည်၍နေသော် ကောင်း၏''ဟု ဟိမဝန္တာသို့ ရှေးရှုသွား၍ မြို့တည်ရာ ရှာသည်ရှိသော်၊ 'ကပိလ'အမည်ရှိသော ထိုတုရားလောင်းသည် ဗြဟ္မဏမဟာသာလအမျိုး၌ ဖြစ်၍၊ ရသေ့ရဟန်းပြုသဖြင့် သခိမ်းရှာရာတွင် မြက်ခုံနွယ်တို့သည် လက်ယာရစ်၍ အရှေ့မျက်နှာသို့ ရှေးရှုရောက်သော်၊ ကျား, ခြင်္သေ့တို့သည် ဝက်, သမင်တို့ကို လိုက်သော်လည်းကောင်း၊ မြွေ, ကြောင်တို့သည် ဖား, ကြွက်တို့ကို လိုက်သော်လည်းကောင်း ထိုအရပ်သို့ဝင်မိလျှင် မလိုက်ဝံ့သဖြင့် ထိုသတ္တဝါတို့သည် တစ်ဖန်လိုက်ပြန်လျှင် ပြေးလေကုန်သော်၊ ဟိမဝန္တာ တောစပ်ရေကန်နားကျွန်းတောခို မြတ်သောအရပ်ကိုမြင်လျှင် ဘုမ္မိဝိန္နာ၌ လိမ္မာသဖြင့်၊ ကောင်းကင်၌ အတောင် ၈၀, မြေထဲ၌

http://www.dhammadownload.com



အတောင် ၈၀ တိုင်တိုင် အကျိုးအပြစ်ကို မြင်နိုင်သောရသော့ ဖြစ်သောကြောင့်၊ ထိုအရပ်၌ သခိမ်းဆောက်၍နေရာသို့ မင်းသားတို့ရောက်လာသည်ကို ဘုရားလောင်းရှင်ရသော့ မြင်လျှင် အကြောင်းကိုမေး၍၊ ကြားပြီးသော် မင်းသားတို့ကို သနားသဖြင့်

''ဤသခိမ်းရာတွင် တည်သောမြို့သည် ဓမ္မဒီပါကျွန်း၌ မြတ်သောအမျိုး ဖြစ်လတ္တံ့။ ဤအရပ်ဝယ် ဖွားသောယောကျ်ားတစ်ယောက်သည် အရာအထောင်သောလူတို့ကို နိမ်နင်းနိုင်လတ္တံ့။ ဤသခိမ်း၌ မင်းအိမ်တည်း။ ဤမြို့ကိုလည်း ကပိလဝတ္ထု မှည့်''ဟု ဆို၏။

ဘုရားလောင်းရှင်ရသော့ဆိုတိုင်း တည်ထောင်ကုန်သဖြင့် ''ဤမင်းသားတို့သည် အရွယ်သို့ရောက်ကုန်ပြီ။ ခမည်းတော်အထံ၌ ဖြစ်ပေစွတဖြီးကား အိမ်ရာ ဆောင်နှင်းရာ၏။ ယခုမူကား ငါတို့သား ဖြစ်ပေသည်''ဟု အမတ်ကြီးတို့ကြို၍ မင်းသားတို့နှင့် တိုင်ပင်ကုန်သည်ရှိသော်၊ ''ငါတို့နှင့် အမျိုးတူသောမင်းသမီးလည်း မရှိ။ နှမတော်တို့နှင့် တူသောမင်းသားလည်း မရှိ။ မျိုးမတူသောသူတို့နှင့် ပေါင်းဖက်ကြသဖြင့် ဖြစ်သောသားသည် အမိမျိုးမှလည်းကောင်း, အဖမျိုးမှလည်းကောင်း မစင်ကြယ်သည်ဖြစ်၍ အမျိုး ပျက်ရာ၏။ ထို့ကြောင့် နှမတော်တို့နှင့် တည်ထောင်ခြင်းကို ငါတို့ နှစ်သက်ကုန်၏''ဟု နှမတော်အကြီးကို အမိအရာ၌ ထား၍၊ ၄ ပါးသောမောင်တော်တို့သည် ၄ ယောက်သောနှမတော်တို့နှင့် တည်ထောင်ကြ၍ သားသမီးတို့ဖြင့် ပွားကုန်သည်ရှိသော်၊ အမတ်အလုပ်အကျွေးတို့အား သားတော်တို့နေရပ်ကို ဥက္ကာကရာဖ်မင်းကြီး မေး၍၊ ထိုအကြောင်းကို ကြားလျှင်၊ ''တိုင်းနိုင်ငံမှကင်း၍ တောၱ် ပင်ပန်းနေငြားသော်လည်း ငါ့သားတို့သည် အမျိုးပျက်ခြင်းကို မပြု။ အမျိုးအနွယ်ကို စောင့်ခြင်းငှာ စွမ်းနိုင်ပေကုန်စွ''ဟု 'သကျာဝတဘော ကုမာရာ - သကျာဝတဘော ကုမာရာ' ဟူသော ဥက္ကာကရာဖ်မင်းကြီး၏ဥဒါန်းစကားကို အကြောင်းပြု၍ 'သာကိဝင်'ဟူသော အမည်တော် ရသတည်း။

အခါတစ်ပါး၌ နှမတော်အကြီး နန္နာရှိ၍၊ ပင်လယ်ကသစ်ပွင့်အဆင်းနှင့် တူသောကိုယ်ရှိလျှင်၊ 'ဤနှမတော်နှင့် တပေါင်းတည်း အိပ်နေစားသောက်သောသူတို့သို့ ဤအနာ ရောက်ရာ၏'ဟု ကြံ၍၊ တစ်နေ့သ၌ 'ဥယျာဉ် ကစားမည်'သွားသောအယောင်ဖြင့် မိဖုရားကို ရထားပေါင်းချုပ်နှင့် ဆောင်ခဲ့၍ နက်စွာသောတော၌ အိမ်အသွင်ဖြင့် မြေကိုတူးပြီးသော်၊ ခဲဖွယ်စားဖွယ်နှင့်တကွ နေစေ၍ အထက်၌ပင်လျှင် မိုးလျှက် သွားလေကုန်သည်ရှိသော်၊

ဗာရာဏသီပြည်ကို အစိုးရသောမင်းသည် နန္နာရှိ၍၊ မောင်းမမိသဲတို့ စက်ဆုပ်ရွံရှာကုန်သဖြင့် သဲဝေဂရ၍၊ သားအကြီးအား ပြည်ကိုနှင်း၍ တောသို့ဝင်ရာတွင်၊ တောအရပ်၌ တစ်ခုသောသစ်ပင်၏ အရွက်, အမြစ်, အပွင့်ကို စားသဖြင့် မမြင့်ခင် အနာလွတ်၍ ရွှေအဆင်းကဲ့သို့ဖြစ်လျှင်၊ ထိုမှဤမှ လည်ပတ်ရာတွင် စည်ကြီးသဖွယ် ကျယ်သောအဝရှိသောသစ်ပင်ကြီးကို မြင်လျှင်၊ အတွင်း၌ ၁၆ တောင် ပမာဏရှိသောအရပ်ကို သုတ်သင်၍၊ တံခါး, လေသွန် အစရှိသည် လုပ်၍၊ ထန်းကျင်လှေကား ထောင်၍၊ ယင်းတွင် နေစမှတ်ပြုသဖြင့် မီးမယ်ဖျူး၌ မီးထည့်၍ သားငှက်သဲကိုနာလျက် အိပ်သည်ရှိသော်၊ 'ဤမည်သောအရပ်၌ ကျားသဲ ကြား၏။ ဤမည်သောအရပ်၌ ကျားသဲ ကြား၏'ဟု မှတ်၍၊ မိုးသောက်သော် ထိုအရပ်မှာ စားကြွင်းအမဲကို ယူ၍စားရာတွင်၊ တစ်နေ့သ၌ မင်းသမီးအနံ့ကြောင့် ကျားတစ်ခုသည် မြေကိုယက်၍ ပျဉ်ကိုဖွင့်သဖြင့်၊ ကျားကိုမြင်လျှင် မင်းသမီး ဟစ်သောအသံကို ကြား၍၊ မိုးသောက်လျှင် ထိုအရပ်သို့ သွား၍ အကြောင်းကို မေးသည်ရှိသော်၊ နန္နာရှိသောအဖြစ်,

http://www.dhammadownload.com



မင်းသမီးအဖြစ်, အမျိုးအမည်အဖြစ်ကို ဆို၍၊ မာန်ဖြင့် မထွက်လိုသည်ကို မင်းကြီးလည်း မင်းအဖြစ်ကို ဆို၍ နေရာအရပ်သို့ ဆောင်ခဲ့ပြီးသော်၊ မင်းကြီးစားသောသစ်သီးတို့ကို စားတော်မူလျှင် မမြင့်ခင် အနာလွတ်၍ ရွေ အဆင်းကဲ့သို့ဖြစ်သဖြင့်၊ မင်းကြီးနှင့်တည်ထောင်ရာတွင် ရှေးဦးစွာ အစုံသားယောကျ်ား ဖွား၍၊ ဤသို့သောနည်းဖြင့် ၁၆ ကြိမ်ဖွားသော် ၃ ကျိပ် ၂ ယောက်သော သားတော်တို့ အရွယ်သို့ရောက်လျှင် အလုံးစုံသောအတတ်ပညာကို ခမည်းတော်မင်းကြီး သင်၏။

ဗာရာဏသီကလာသော မုဆိုးတစ်ယောက်သည် မင်းကြီးကိုမြင်လျှင် သိသဖြင့်၊ မင်းကြီး, မိဖုရား, သားတော်တို့ဖြစ်ကြောင်းကို မေး၍ ကြားလျှင်၊ ဗာရာဏသီပြည်သို့ သွား၍ သားတော်အား ကြားသည်ရှိသော်၊ ခမည်းတော်ကိုဆောင်ခြင်းငှာ စစ်အင်္ဂါ ၄ ပါးနှင့် လာလျှင်၊ မင်းပြုစိမ့်သောငှာ တောင်းပန်သည်ကို ''ချစ်သား။ ငါ၏အရပ်၌ တည်ထောင်အံ့။ မလိုက်ပြို။ ဤသစ်ပင်ကိုပယ်၍ မြို့တည်''ဟု ဆို၏။

သားတော်လည်း ခမည်းတော်ဆိုတိုင်း စီရင်အံ့သောငှာ ကုလောပင်ကိုပယ်၍ တည်သောမြို့ဖြစ်သော ကြောင့် 'ကောလိယနဂရ' ဟူ၍လည်းကောင်း, ကျားတို့၏ခရီးပ်၌တည်သောကြောင့် 'ဗျဂ္ဃပထ'ဟူ၍ လည်းကောင်း ၂ ပါးသောအမည်ကို မှည့်၍၊ ခမည်းတော်အား ရှိခိုးပူဇော်၍ ဗာရာဏသီပြည်သို့ ပြန်လေ၏။

အရွယ်သို့ရောက်ပြီးသော သားတော်တို့ကို ''ကပိလဝတ်ပြည်၌ မောင်တို့ဦးရီး သာကီဝင်မင်းတို့၏သမီးတို့သည် ဤသို့အသွင်အပြင်, ဤသို့သောအဝတ်အစား, ဤသို့သောအထုံးအဖြိတ် ရှိကုန်၏။ အကြင်အခါ၌ ရေဆိပ်သဘင်သို့ သွားကုန်အံ့။ ထိုအခါ အကြင်သူသည် မင်းသမီးကို နှစ်သက်၏။ ထိုသူသည် ထိုမင်းသမီးကို ယူခဲ့''ဟု မယ်တော် စီရင်၍၊ နက္ခတ်သဘင်ကြုံလျှင် အိမ်မရှိသေးသော မင်းသမီး, သူဌေးသူကြွယ်တို့သမီးတို့သည် အခြံအရံတို့နှင့်တကွ ခြေကျင် ရေဆိပ်ကိုသွား၍ ရေချိုးမြဲ ပြည်ကြီးတို့၏ခလေ့ ဖြစ်သောကြောင့် သဘင်နေ့၌ ထိုသို့သွားကုန်သော ထိုမင်းသမီးတို့ကို မယ်တော်စီရင်တိုင်း ယူ၍၊ အမျိုးအမည်ကို ကြား၍ လာကုန်သည်တို့ကို သာကီဝင်မင်းတို့ ကြားလျှင်၊ 'ငါတို့အမျိုးပင်'ဟု သည်းခံကုန်သဖြင့် ထိုကစ၍ ကပိလဝတ်မင်းတို့သည် သားသမီး ယှက်ကြသောအစဉ်ဖြစ်၍ ဥက္ကာမုက္ခမင်းကြီးသား နိပုဏ။ နိပုဏမင်းကြီးသား စန္ဒိမ။ စန္ဒိမမင်းကြီးသား စန္ဒမုခ။ စန္ဒမုခမင်းကြီးသား သိဝရာဇ်။ သိဝရာဇ်မင်းကြီးသား သိဂ္ဂဉ်း။ သိဂ္ဂဉ်းမင်းကြီးသား ဝေဿန္တရာမင်း။ ဝေဿန္တရာမင်းကြီးသား ဇာလိမင်း။ ဇာလိမင်းကြီးသား သီဟဝါဟနမင်း။ သီဟဝါဟနမင်းကြီးသား သီဟ သရမင်း။

ဤသို့ အစဉ်သဖြင့် သီဟသရမင်းကြီး သားတော်, မြေးတော် အဆက်ဆက်တို့ဖြင့် ဇယသေနမင်းကြီး တိုင်အောင် ၈ သောင်း ၂ ထောင်သောမင်းတို့သည် ကပိလဝတ်ပြည်၌ ဖြစ်ကုန်၏။

ဤသို့ ဥက္ကာမုက္ခမင်းက ဇယသေနမင်းတိုင်အောင်သော သာကီဝင်မင်းဆက်တို့တွင် ဇယသေနမင်း၌ သားတော် သီဟဏု[1], သမီးတော် ယသောဓရာ။ ဇယသေနမင်းကြီးယောက်ဖတော် ဒေဝဒဟပြည်ကိုအစိုးရသော ဒေဝဒဟမင်း၌ သားတော် အဉ္ဇန။ သမီးတော်ဘဒ္ဒကဉ္စနာ ဖြစ်၏။

ဇယသေနမင်းကြီး သားတော်သီဟဏုနှင့် ဒေဝဒဟမင်းကြီးသမီးတော် ဘဒ္ဒကဉ္စနာနှင့် ဇယသေနမင်းကြီး သမီးတော် ယသောဓရာနှင့် ဒေဝဒဟမင်းကြီးသားတော် အဉ္ဇနနှင့်။ သမီးမြောက်သားနှင့် ၂ စုံဖက်ကြသဖြင့်၊

၁- သီဟဟနု - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



သီဟဏုမင်း-ဘဒ္ဒကဉ္စနမိဖုရား၌ 'သုဒ္ဓေါဒန, ဓောတောဒန, သုက္ကောဒန, သက္ကောဒန, အမိတောဒန' ဟူသော သားတော် ၅ ယောက်၊ 'အမိတာ, ပါလိတာ' ဟူသော သမီးတော် ၂ ယောက်၊ အဉ္ဇနမင်း ယသောဓရာမိဖုရား၌ 'ဒဏ္ဍပါဏိ, သုပ္ပဗုဒ္ဓ' ဟူသော သားတော် ၂ ယောက်၊ 'မဟာမာယာ, မဟာပဇာပတိဂေါတမီ' ဟူသော သမီးတော် ၂ ယောက် ဖြစ်၏။

သီဟဏုမင်းကြီး သားတော် သုဒ္ဓေါဒနနှင့် အဉ္ဇနမင်းကြီးသမီးတော် မဟာမာယာ, မဟာပဇာပတိဂေါတမီ နှင့်၊ သီဟဏုမင်းကြီးသမီးတော် အမိတာနှင့် အဉ္ဇနမင်းကြီးသားတော် သုပ္ပဗုဒ္ဓနှင့်၊ သမီးမြောက်သား ၂ စုံဖက် သဖြင့် သုဒ္ဓေါဒနမင်း-သိရိမဟာမာယာမိဖုရား၌ တို့ဘုရားလောင်း သိဒ္ဓတ္ထကုမာရ။ သုဒ္ဓေါဒနမင်း-မဟာပဇာပတိဂေါတမီမိဖုရား၌ 'သမီးတော် ဇနပဒကလ္လာဏီ, သားတော် နန္ဒမင်းသား' ဟူသော သားသမီး ၂ ယောက်။

သုပ္ပဗုဒ္ဓမင်း-အမိတာမိဖုရား၌ 'သမီးတော်ဘဒ္ဒကဉ္စနာဒေဝီ, သားတော်ဒေဝဒတ်' ဟူသော သားတော်, သမီးတော် ၂ ယောက် ဖြစ်၏။

သုဒ္ဓေါဒနမင်းကြီး-သိရိမဟာမာယာမိဖုရား၌ သားတော်သိဒ္ဓတ္ထကုမာရနှင့် သုပ္ပဗုဒ္ဓမင်း-အမိတာမိဖုရား သမီးတော် 'ယသောဓရာ, ဗိမ္ဗာ, ဘဒ္ဒကဉ္စနာ, ရာဟုလမာတာ' ဟူသော အမည် ၄ ပါးနှင့်ပြည့်စုံသော ဘဒ္ဒကဉ္စနာဒေဝီ သမီးမြောက်သား ၂ စုံဖက်ကြသဖြင့် သိဒ္ဓတ္ထမင်းကြီး-ယသောဓရာမိဖုရား၌ သားတော် ရာဟုလဘဒ္ဒ ဖြစ်၏။

ဤသို့လျှင် မဟာသမ္မတမင်း ကစ၍ မပြတ်မပြတ်သော မင်းဆက်အနွယ်၌အကျူးဝင်သော အသမ္ဘိန္နခတ္တိယဖြစ်တော်မူ၍၊ လူ ၃ ပါးတို့၏ မကိုဋ်သရဖူဖြစ်တော်မူသော ငါတို့ သဗ္ဗညုဂေါတမရှင်တော်ဘုရားသည် ဤဘဒ္ဒကပ်ကမ္ဘာတွင် 'ကကုသန်, ကောဏာဂုံ, ကဿပ' ဟူသော နောင်တော် ၃ ပါးနောက်၌ တတိယဘဝတွင် ဓေဿန္တရာမင်းကြီး ဖြစ်တော်မူ၍၊ မြေကြီးကို ၇ ကြိမ် လှုပ်စေလျက် မိဖုရားရတနာ, သားရတနာ, သမီးရတနာ, ဆင်ဖြူရတနာ အစရှိသော သတ္တသတ္တက မဟာဒါနပြု၍ ပါရမီအထွတ်သို့တိုင်ပြီး ဖြစ်ရကား၊ ပြန်ရမည့်ပါရမီ မရှိပြီဖြစ်သောကြောင့် ဒုတိယစိတ္တဝါရ၌ တုသိတာနတ်ပြည်၌ ဖြစ်တော်မူ၍ အရေအတွက် အနှစ် ၅၇ ကုဋေ ၆ သန်း၊ နတ်တို့၏အရေအတွက် အနှစ် ၄၀၀၀ ပတ်လုံး ကြီးစွာသောနတ်တို့၏ စည်းစိမ်ချမ်းသာဖြင့် ခံစံတော်မူပြီးသော်၊ 'လောကဗျူဟာ' မည်သော ကာမာဝစရနတ်တို့သည် လူ့ပြည်၌ လှည့်လည်လာ၍၊ 'ဆင်းရဲကင်းသော လူတို့၏ အနှစ် ၁၀၀၀ လွန်သောအခါ၌ ဘုရား ဖြစ်လာမည်'ဟု လှည့်၍ ဆိုကုန်၏။

http://www.dhammadownload.com



## အလောင်းတော်နတ်သားအား ပဋိသန္ဓေယူရန် တောင်းပန်ခြင်း

ထိုသို့သော အနှစ်အဝိုင်းအခြားရောက်လျှင် ၁ သောင်းသော စကြဝဠာ၌နေသော နတ်အပေါင်းတို့သည် စုဝေး၍ 'အဘယ်သူသည် ဘုရား ဖြစ်လာမည်နည်း'ဟု ဆင်ခြင်ကြသော်၊ 'ဤ သေတကေတုနတ်သားသည် ဘုရား ဖြစ်လတ္တံ့'ဟု အမည်သိပြီးမှ ၁ သောင်းသောစကြဝဠာ၌နေသော နတ်အပေါင်း, သိကြားအပေါင်း, ဗြဟ္မာ အပေါင်းတို့သည် ဘုရားလောင်းနတ်သားသို့ ကပ်၍ တောင်းပန်ကုန်၏။ အဘယ်ကာလ၌ တောင်းပန်သနည်း ဟူမူကား ဘုရားလောင်းနတ်သားသည် ဥပပတ်ပဋိသန္ဓေနှင့်အတူ ဥပတ်သော ပန်သောပန်း ညှိုးခြင်း, ဝတ်သော အဝတ်တန်ဆာ နွမ်းခြင်း, ချွေးယိုခြင်း, ကိုယ်အရောင်အဝါ အဆင်းပျက်ခြင်း နေရာ၌ မမွေ့မလျော်ခြင်း'တည်း ဟူသော ပုညာနုဘာဝ, နိဗ္ဗတ္တဖြစ်သော ပုဗ္ဗနိမိတ် ၅ ပါးကို မြင်သည်ရှိသော် တောင်းပန်ကုန်၏။

'ကာလော ဓေါ တေ မဟာဝီရ၊ ဥပ္ပဇ္ဇမာတု ကုစ္ဆိယံ။
သဒေဝကံ တာရ ယန္တော၊ ဗုဇ္ဈဿု အမတံ ပဒံ။ ။'

'မဟာဝီရော၊ ကြီးသောလုံ့လရှိသော အဆွေနတ်သား။ တေ၊ အဆွေနတ်သားအား။ ဓေါ၊ စင်စစ်။ ကာလော၊ ဘုရားဖြစ်အံ့သောငှာ အခါတန်ပြီ။ မာတုကုစ္ဆိယံ၊ မယ်တော်ဝမ်း၌။ ဥပ္ပဇ္ဇ၊ ပဋိသန္ဓေ နေတော်မူလော့။ သဒေဝကံ၊ နတ်နှင့်တကွသော။ လောကံ၊ လောကကို။ ကာရယန္တော၊ ကယ်တော်မူလျက်။ အမတံ၊ သေခြင်းမရှိသော။ ပဒံ၊ နိဗ္ဗာန်ကို။ ဗုဇ္ဈဿု၊ သိတော်မူစေလော့။'

အဓိပ္ပာယ်ကား

'ကြီးသောလုံ့လ ရှိတော်မူသော အဆွေနတ်သား။ ပါရမီကိုဖြည့်သော နတ်မြတ်တို့သည် သိကြားစည်းစိမ်, မာရ်မင်းစည်းစိမ်, ဗြဟ္မာမင်း၏စည်းစိမ်ငှာ ပါရမီ ၃၀ ကို မဖြည့်ကုန်။ လူတို့ကို ဝဋ်မှ ထွက်မြောက်စေခြင်းငှာ သာလျှင် သဗ္ဗညုတဉာဏ်ကို တောင်းတော်မူသည်ဖြစ်၍လျှင် ပါရမီ ၃၀ တို့ကို ဖြည့်အပ်ကုန်၏။ ထိုသို့သော အခါသည် ယခု ရောက်ပြီ။ ကြီးသောလုံ့လရှိတော်မူသော နတ်မြတ်အား အခါရောက်ပြီ ဖြစ်သောကြောင့် မယ်တော်ဝမ်း၌ ပဋိသန္ဓေနေတော်မူပါလော့။ နတ်နှင့်တကွသော လောကကို ကယ်သည်ဖြစ်၍ သေခြင်းမရှိသော နိဗ္ဗာန်ကို သိပါစေလော့။'

ဤသို့ တောင်းပန်ကုန်၏။

ဘုရားလောင်းနတ်သားလည်း 'ဘုရားဖြစ်မည်ကာလ, ဖြစ်ရာကျွန်း, ဖြစ်ရာအရပ်, ဖြစ်အံ့သောအမျိုးအနွယ်, မယ်တော် အသက်အဝိုင်းအခြား' ဤသို့ 'ပဉ္စမဟာဝိလောကန'တည်းဟူသော ၅ ပါးသောကြည့်ခြင်းကြီးတို့ဖြင့် ကြည့်တော်မူပြီးသော်၊ 'အနှစ် ၁၀၀ မှစ၍ အနှစ် ၁ သိန်းတွင် ဘုရားဖြစ်အံ့သော ကာလ'ဟု ကာလကို လည်းကောင်း။ 'ကျွန်းတွင်၌ ဇမ္ဗူဒီပါကျွန်းသာလျှင် ဘုရားဖြစ်သောကျွန်း'ဟု ကျွန်းတို့ကို လည်းကောင်း။ ဇမ္ဗူဒီပါကျွန်း၌လည်း မဇ္ဈိမတိုက်တွင်သာ။ ဘုရားဖြစ်သောအရပ်တွင်လည်း ကပိလဝတ်ပြည်ကို လည်းကောင်း။ အမျိုးတွင်လည်း 'ပုဏ္ဏားမျိုးတွင်သာ ဘုရား ဖြစ်သည်။' ဤအခါသည်ကား 'မင်းမျိုးကို မြတ်သည်'ဟု လူတို့ မှတ်သောအခါ၊

http://www.dhammadownload.com



ထိုမင်းမျိုးတွင်လည်း သုဒ္ဓေါဒနမင်းမျိုး လည်းကောင်း။ မယ်တော်၏ အသက်အဝိုင်းအခြားကို ကြည့်သော်လည်း သိရိမဟာမာယာမိဖုရား။ ထိုမိဖုရား၏အသက် ၁၀ လနှင့် ၇ ရက် အကြွင်းကို လည်းကောင်း။ ဤသို့မြင်အပ်သောအကြောင်း ၅ ပါးတို့ကိုမြင်ပြီးမှ နတ်တို့အား ဝန်ခံခြင်းကို ပေး၍ နတ်တို့အား ''သွားကုန်တော့'' ဟုဆို၏။

ကပိလဝတ်၌ ဝါဆိုသဘင်ဖြစ်၍ သေသောက်ခြင်းကင်းသော ပန်း,နံ့သာတို့ဖြင့်တန်ဆာဆင်သောသဘင်ကို ၇ ရက်ပတ်လုံး ဘုရားလောင်းမယ်တော်သည် သဘင်ခံ၍၊ ဝါဆိုလပြည့်နေ့၌ နံနက်ကထ၍၊ ၄ သိန်းသောဥစ္စာတို့ကို စွန့်ကြဲလျှဒါန်း၍၊ နံ့သာရေဖြင့် ချိုး၍၊ မြတ်သောအစာကို စား၍၊ ဥပုသ် ဆောက်တည်၍ ညဉ့်အိပ်ပျော်ခြင်းသို့ ရောက်၏။

ဘုရားလောင်း ပဋိသန္ဓေနေတော်မူသည်အခါ၌လျှင် ဤသို့သောအိပ်မက်ကို မြင်၏။

စတုမဟာရာဇ်နတ်မင်းကြီး ၄ ပါးတို့သည် မိဖုရားကို အိပ်ရာနှင့်တကွ ချီလေ၍၊ ဟိမဝန္တာသို့ ဆောင်လေ၍၊ ယူဇနာ ၆၀ ရှိသော ဆေးဒန်းမြင်းသီလာကျောက်အပြင်၌, ၇ ယူဇနာရှိသော အင်ကြင်းပင်ကြီး၏အောက်၌ ထား၍ တင့်အပ်စွာရပ်ကုန်၏။ ထိုအခါ ထိုနတ်မင်းကြီးတို့၏နတ်မိဖုရားတို့သည် လာ၍၊ မိဖုရားကို အနဝတတ်အိုင်သို့ ဆောင်၍၊ လူတို့၏အနံ့ကိုပျောက်ခြင်းငှာ ရေချိုးစေ၍၊ နတ်တို့၏အဝတ်ကို ဝတ်စေ၍၊ နတ်တို့၏ပန်းတို့ကို ပန်စေ၍၊ နတ်တို့၏တန်ဆာတို့ကို ဆင်စေ၍၊ ထို အနဝတတ်အိုင်မှအနီး၌ ငွေတောင်သည် ရှိ၏။ ထိုငွေတောင်၏ အတွင်း၌ ရွှေဗိမာန်သည် ရှိ၏။ ထိုဗိမာန်၌အရှေ့သို့ ခေါင်းပြု၍၊ နတ်အိပ်ရာကို ခင်း၍ အိပ်စေကုန်၏။ ထိုအခါ ဆင်ဖြူသည် ထိုငွေတောင်၏အနီး၌ ရွှေတောင်တစ်တောင် ရှိ၏။ ထိုတောင်၌ သွားဦး၍၊ ထိုရွှေတောင်မှ သက်၍၊ ငွေတောင်သို့ တက်၍၊ မြောက်မျက်နှာမှ လာ၍၊ ငွေပန်းဆိုင်းနှင့်တူသော နှာမောင်းဖြင့် ဖြူသောကြာကို ယူ၍၊ ကြိုးကြာသံကဲ့သို့ မြည်၍၊ ရွှေဗိမာန်သို့ ဝင်၍၊ မိဖုရားအိပ်ရာကို ၃ ကြိမ် လက်ယာရစ်လှည့်၍၊ လက်ယာနံတောင်းကို ခွဲ၍ ဝင်သည်နှင့်အတူ ဖြစ်၏။ ။ ဤသို့သော အိပ်မက်ကို မြင်မက်၏။

ထိုအိပ်မက် မြင်သောအခါ၌ပင် ဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေတော်မူ၍ သတိနှင့် ပြည့်စုံသည်, အဆင်းအချင်းနှင့် ပြည့်စုံသည် ဖြစ်၍၊ ဥတ္တရာသင်္ဃနက္ခတ်နှင့် ယှဉ်သောအခါ၌ မိဖုရား နိုးတော်မူ၍၊ ထိုအခါ မိဖုရား ထတော်မူ၍ ထိုအိပ်မက်ကို သုဒ္ဓေါဒနမင်းကြီးအား ပြန်ပေ၏။

သုဒ္ဓေါဒနမင်းကြီးလည်း ထိုနေ့မိုးသောက်ပြီးသော် ၆ ကျိပ် ၄ ယောက်ကုန်သော ပုဏ္ဏားတို့ကို ခေါ်စေ၍၊ နွားချေး,ဆေးဒန်းတို့ဖြင့်လိမ်းကျံအပ်သော, ပေါက်ပေါက်အစရှိသည်တို့ဖြင့် မင်္ဂလာအလေ့အမြတ်ရှိသော မြေ၌ များစွာအဖိုးထိုက်သောအခင်းတို့ကို ခင်းစေ၍၊ ထိုနေရာ၌နေကုန်သော ပုဏ္ဏားတို့အား ထောပတ်, ပျား, သကာ တို့ဖြင့်ပြုအပ်သော မြတ်သောဃနာတို့ကို ရွှေခွက်,ငွေခွက်တို့ဖြင့် အုပ်၍ ကပ်၏။ ထိုမှတစ်ပါး ပုဆိုးသစ်, တန်ဆာ, ဘောဇဉ်တို့ကိုကပ်၍ မိဖုရားမက်သော အိပ်မက်ကို ပြန်စေ၏။

ပုဏ္ဏားတို့သည် ထိုအိပ်မက်ကို ကြား၍၊ ''အိပ်မက် ကောင်းလှ၏။ မိဖုရားဝမ်း၌ တည်သည်ကား သမီးမဟုတ်။ သားယောကျ်ားသာလျှင်တည်း။ အန္တရာယ်လည်း ထိုမင်းသားအား မရှိ။ အကယ်၍ အိမ်၌ နေအံ့။ စကြဝတေးမင်း ဖြစ်လတ္တံ့။ ရဟန်း ပြုအံ့။ 'ဘုရား' တည်းဟူသော, လောကဌ် ဝဋ်ကို ဖြတ်နိုင်သောသူ ဖြစ်လတ္တံ့'' ဤသို့ အိပ်မက် ဖတ်ကုန်၏။

http://www.dhammadownload.com



## ဘုရားလောင်း ဖွားတော်မူခြင်း

ထိုသို့ဘုရားလောင်း ပဋိသန္ဓေနေတော်မူသောအခါ ၁ သောင်းသော စကြဝဠာအလုံးသည် တစ်ပြိုင်နက် လှုပ်၏။ ဗြဟ္မာတို့သည် စည်းဝေးကုန်၏။ ၃၂ ပါးသောနိမိတ်တို့သည် ထင်ကုန်၏။

မယ်တော်ဝမ်းသည် ဝရဖိန်ရွဲ့ ပြည့်သကဲ့သို့ ဖြစ်၏။ လုံးလုံးလျောင်းလျောင်းရှိတော်မူသောအခါ ကျောက်ကောင်းသီသော ချည်ဖြူကိုကဲ့သို့ မယ်တော်သည် မြင်၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ ဘုရားလောင်းသည် အခု ၂၀ သော ပဋိသန္ဓေစိတ်တို့တွင် မေတ္တာ ပုဗ္ဗင်္ဂမ သောမနဿ ညာဏသမ္ပယုတ် ပဋမသံဝါရိက မဟာဝိပါက် စိတ်ဖြင့် အာသဋ္ဌနက္ခတ်နှင့်ယှဉ်သော ဝါဆိုလပြည့် ကြာသပတေးနေ့ မိုးသောက်ထ၌ ၁ သောင်းသောစကြဝဠာ တုန်လှုပ်လျက် သိရိမဟာမာယာမိဖုရားဝမ်း၌ ပဋိသန္ဓေနေတော်မူသည်မှ စ၍၊ 'အဌာန မေ တံ ဘိက္ခဝေ အနဝကာသော၊ ယံပရူပက္ကမေန တထာဂတံ ဝိတာဝေါရောပေယျ။' အစရှိသော ဝိနည်းစူဠဝါဋ္ဌ လာသော 'ရူဟိဒုပ္ပာဒ' ဝတ္ထုနှင့်ညီစွာ ပဋိသန္ဓေ နေဦးသောအခါမှစ၍ ပစ္ဆိမဘဝိကဖြစ်သော ဘုရားလောင်းကို လည်းကောင်း, ဘုရားလောင်းမယ်တော်ကို လည်းကောင်း အန္တရာယ်ပြုခြင်းငှာ အကုဋ္ဌေ ၁ သိန်းသော စကြဝဠာ၌နေသော မာရ်တို့သည် အကုဋ္ဌေ ၁ သိန်းသော မြင်းမိုရ်တောင်တို့ကို ချီ၍ ဖိငြားသော်လည်း အန္တရာယ်မရောက် ပျောက်လေရာသော ဓမ္မတာသဘော ရှိလျက်သော်လည်း၊ ဘုရားလောင်းဘုန်းတော် တိုက်တွန်းနှိုးဆော်သည်ဖြစ်၍ ၁ သောင်းသော စကြဝဠာမှလာသော ၄ သောင်းသော စတုမဟာရာဇ်နတ်မင်းတို့သည် ကျက်သရေတိုက်တံခါးမှစ၍ စကြဝဠာတံတိုင်းနားတိုင်အောင် သံလျက်စွဲလျက် ၄ မျက်နှာစောင့်ရှောက်ကုန်သည်ဖြစ်၍၊ ငါတို့စကြဝဠာ၌ နတ်မင်းကြီး ၄ ယောက်တို့သည်ကား ကျက်သရေတိုက်တွင်း၌ ကိုယ်ထင်ပြနေ၍ စောင့်ရှောက်ကုန်၏။

ဘုရားလောင်းမယ်တော်သည် မပင်မမန်း အစရှိသောချမ်းသာခြင်း ရှိသည်ဖြစ်၍၊ ဘုရားလောင်းကို မပြတ် ရွှေလျက် ၁၀ လတိုင်တိုင် ဝမ်းဖြင့်ဆောင်၏။ ဘုရားလောင်းတော်ကား ပြင်တို့ကို မမြင်။ ဝမ်းတွင်း၌ စက္ကုဝိညာဉ် ဖြစ်ခြင်း မည်သည် မရှိ။

သိရိမဟာမာယာမိဖုရားသည် ၁၀ လစေ့၍ ဖွားခါနီးလျှင် မယ်တော်, ခမည်းတော်တို့မြို့ ဒေဝဒဟသို့ သွားလိုသည်ဖြစ်၍ သုဒ္ဓေါဒနမင်းကြီးအား လျှောက်၏။ မင်းကြီးလည်း ကပိလဝတ်မြို့မှသည် ဒေဝဒဟမြို့တိုင်အောင် လမ်းကို အညီအညွတ်ပြင်စေ၍၊ နတ်လမ်းမကဲ့သို့ များစွာတန်ဆာ ဆင်စေ၍၊ မိဖုရားကို ရွှေထမ်းစင်၌ နေစေ၍၊ အမတ် ၁၀၀၀ တို့ကို ထမ်းစေ၍ များစွာသောအခြံအရံနှင့်တကွ ပို့ပေ၏။

ကပိလဝတ်မြို့, ဒေဝဒဟမြို့ ၂ ပါးတို့၏အကြား၌ ၂ မြို့သားတို့၏ သုံးဆောင်ရာဖြစ်သော မင်္ဂလာရှိသော 'လုမ္ဗိနီ'အမည်ရှိသော အင်ကြင်းတောသည် ရှိ၏။ ထိုတောအလုံးသည် အရင်းကစ၍ အဖျားတိုင်အောင် ထက်ဝန်းကျင် ပွင့်၏။ ထိုတောကိုမြင်လျှင် ဆွတ်ချင်သောစိတ် ရှိသည်ဖြစ်၍၊ အမတ်တို့သည် ထိုတောသို့ ဝင်ကုန်၏။ မိဖုရားသည် ရွှေထမ်းစင်မှ သက်တော်မူ၍၊ အင်ကြင်းပင်သို့ သွား၍၊ တစ်ပင်သောအင်ကြင်းပင်၏အခက်ကို

http://www.dhammadownload.com



ကိုင်လိုသောစိတ်ရှိသည် ဖြစ်၍၊ ထိုသို့စိတ်ရှိလျှင် အင်ကြင်းခက်သည် အလိုလိုညွတ်၍ မိဖုရားလက်တော်သို့ ရောက်၏။ ထိုအင်ကြင်းခက်ကို ကိုင်၍ ရပ်စဉ် ကမ္မဇလေတို့သည် လူပ်ကုန်၏။ ယင်းသို့လူပ်လျှင် တင်းထိမ်ကာ၍ လူအပေါင်းတို့သည် ဖဲကုန်၏။

ထိုခဏ၌ နတ်တို့သည် ''ယနေ့ ယောကျ်ားမြတ်သည် မယ်တော်ဝမ်းမှ ဖွားတော်မူတော့မည်''ဟု ကြွေးကြော်ကုန်၏။ ၁ သောင်းသောစကြဝဠာ၌ နတ်အလုံးသည် အုတ်အုတ်ကျက်ကျက်သောအသံကို ပြုကုန်၏။ ၁ သောင်းသောလောကဓာတ်အလုံးသည် တစ်ပြိုင်နက်သော သဘင်, တစ်ခဲနက်သော ပဲ့တင်သံဖြစ်၏။

'ဖွားသောမင်္ဂလာကို ပြုကုန်အံ့'ဟု ၁ သောင်းသော စကြဝဠာအလုံး၌ နတ်,ဗြဟ္မာတို့သည် လာ၍၊ ဤစကြဝဠာကို ပြည့်စေ၍၊ အထူးထူးသော မင်္ဂလာရှိသောဘဏ္ဍာတို့ကို ယူ၍ မင်္ဂလာရှိသောသီချင်းတို့ကို သီကုန်လျက်၊ ကောင်းကင်အလုံးကို ထီးဖြူတို့ဖြင့် ထောက်ကုန်လျက်၊ နတ်တို့၏ အင်္ဂါ ၅ ပါးရှိသော စည်, စောင်း, ငြင်း အစရှိသည်တို့ဖြင့် တီးမှုတ်ကုန်လျက် ရပ်ကုန်၏။

တစ်ပါးသောမိန်းမတို့သည် ၁၀ လ မပြည့်ခင်လည်းကောင်း, ၁၀ လကို လွန်၍လည်းကောင်း, ထိုင်လျက်လည်းကောင်း, လျောင်းလျက်လည်းကောင်း ဖွားကုန်၏။ ဘုရားလောင်းမယ်တော်သော်ကား ရပ်လျက်သာလျှင် ဖွား၏။

တစ်ပါးသောမိန်းမတို့ဖွားသည်ကား မစင်မကြယ်ဖြင့်လိမ်းကျံသည်ဖြစ်၍ ဖွားကုန်၏။ ဘုရားလောင်းမယ်တော်သော်ကား ပတ္တမြားကောင်းကို ကာသိကရာဇဖိုပုဆိုးဖြင့် ထုပ်၍ ပုဆိုးကို ဖြေသကဲ့သို့၊ တစ်စုံတစ်ခုသော မစင်မကြယ်ဖြင့် မလိမ်းကြောင်အပ်သည် ဖြစ်၍၊ တရားဟောပလ္လင်မှ တရားဟောပုဂ္ဂိုလ်သည် ခြေဆန့်၍ သက်သကဲ့သို့၊ ခြေ ၂ ဖက်, လက် ၂ ဖက်တို့ကိုဆန့်၍ ရပ်လျက်လျှင် ဖွား၏။

ထိုသို့ စင်ကြယ်စွာပင်ဖွားငြားသော်လည်း ဘုရားလောင်းကို လည်းကောင်း, မယ်တော်ကို လည်းကောင်း ပူစေအံ့သောငှာ မိုးတို့သည် ရွာကုန်၏။ ရေအယဉ်တို့သည် စီးလာကုန်၏။ ၁ သောင်းသော စကြဝဠာလူပ်ခြင်း အစရှိသော ပုဗ္ဗနိမိတ် ၃၂ ပါးတို့သည်ကား ပဋိသန္ဓေ နေသောအခါကဲ့သို့ ဖြစ်ကုန်၏။

ထိုခဏ၌ သုဒ္ဓါဝါသဗြဟ္မာ ရဟန္တာ ၄ ပါးတို့သည် ရွှေကွန်ရက်ဖြင့် ခံ၍၊ မယ်တော်ရှေ့တွင် ရပ်၍၊ ''မိဖုရား။ ဝမ်းမြောက်စွာဖြစ်လော့။ ဤသားတော်သည်ကား ဘုန်းရှိသော သားတော်တည်း''ဟု ဆိုကုန်၏။

မယ်တော်အား လည်းကောင်း, ဘုရားလောင်းအား လည်းကောင်း တစ်စုံတစ်ခုသောနာကျင်ခြင်း မရှိ။ ထိုဗြဟ္မာမင်းတို့၏လက်မှ စတုမဟာရာဇဓနတ်မင်းတို့သည် 'မင်္ဂလာ'ဟုသမုတ်အပ်သော, သိမ်မွေ့စွာသော အတွေ့ရှိသော သစ်နက်ရေဖြင့် ခံကုန်၏။ ထိုနတ်မင်းကြီး ၄ ပါးတို့၏လက်မှ ဂင်္ဂါတို့သည် 'ဒုကူလ'ဟူသောပုဆိုးဖြင့် ခံကုန်၏။

ထိုလူတို့၏ပုဆိုးမှ မြေ၌ရပ်တော်မူ၍ အရှေ့မျက်နှာသို့ ကြည့်တော်မူ၏။ များစွာသော အရှေ့စကြဝဠာတို့သည် တစ်ပြိုင်တည်း တည်ကုန်၏။ ထို တည်ကုန်သောအရှေ့စကြဝဠာ၌ နတ်,လူတို့သည် ပန်း,နံ့သာ အစရှိသည်တို့နှင့် ပူဇော်ကုန်သည်ဖြစ်၍၊ ''ယောကျ်ားမြတ်။ ဤအရပ်၌ ယောကျ်ားမြတ်နှင့် တူသောသူ မရှိ။ အလွန်ကား အဘယ်မှာ ရှိတော့မည်နည်း''ဟု ဆိုကုန်၏။

ဤသို့သောနည်းဖြင့် အရပ် ၁၀ မျက်နှာလုံးကို ကြည့်၍ ဘုရားလောင်းနှင့် တူသောသူကို မမြင်လျှင်၊ 'ဤအရပ်သည် မြတ်သောအရပ်'ဟု မြောက်မျက်နှာသို့ ရှေးရှု ၇ လှမ်း သွားတော်မူ၏။

http://www.dhammadownload.com



ထိုသို့သွားတော်မူသောအခါ၌ မြေကိုကား သွားတော်မူ၏။ မြင်သောသူတို့က 'ကောင်းကင်သို့ သွားတော်မူသည်'ဟု ထင်ကုန်၏။ သူငယ်အဖြစ်ဖြင့်ကား သွားတော်မူ၏။ မြင်သောသူတို့သည် ၁၆ နှစ်အရွယ် ထင်ကုန်၏။ အဝတ်တန်ဆာမရှိဘဲ သွားတော်မူ၏။ မြင်သောသူတို့သည် အဝတ်တန်ဆာနှင့် တကွသွားတော်မူသည် ထင်ကုန်၏။

ထိုခဏ၌ မဟာပြဟ္မာသည် ၃ ယူဇနာရှိသောထီးဖြူကို ဆောင်း၏။ သုယာမနတ်မင်းတို့သည် သားမြီးယပ်တို့ကို ကိုင်ကုန်လျက် စကြဝဠာတောင်တိုင်အောင် ရပ်ကုန်၏။ တုသိတာ၌ တုသိတာနတ်မင်းတို့သည် ပတ္တမြားယပ်ဝန်းကို ကိုင်ကုန်လျက် စကြဝဠာတောင်တိုင်အောင် ရပ်ကုန်၏။ သိကြားနတ်မင်းတို့သည် ၁ သောင်းသော ခရုသင်းတို့ကို မှုတ်ကုန်၏။ အချို့သောနတ်တို့သည် ပန်းပွင့်ကို ကိုင်၍၊ အချို့သောနတ်တို့သည် ကြေးမုံကို ကိုင်၍၊ အချို့သောနတ်တို့သည် တံခွန်အစရှိသည် ကိုင်၍၊ အချို့သောနတ်တို့သည် ရတနာပန်းတံတို့ကို ကိုင်၍ ရပ်ကုန်၏။ နတ်သမီးတို့သည် များစွာသောမင်္ဂလာရှိသော ဘဏ္ဍာတို့ကို ကိုင်၍ စကြဝဠာအလုံးကို ပြည့်စေလျက် ရပ်ကုန်၏။

ဤသို့ မျက်စိ၏အရသာသည် ဖြစ်သော, ပူဇော်ခြင်းအစီအရင် ဖြစ်သော, များစွာသောနတ်၌ ဖြစ်သော ခရုသင်းတို့ကို မှုတ်ကုန်သည်ရှိသော်၊ လူ, နတ်တို့၌ဖြစ်သော ပဉ္စင်တူရိယာတို့သည် မြည်ကုန်သည်ရှိသော်၊ နတ်သမီးတို့သည် က,ကုန်သည်ရှိသော် ၇ ဖဝါးဖြန့်ခြင်းဖြင့် သွားတော်မူ၍ ရပ်၏။ ထိုခဏ၌ ခပ်သိမ်းသော လူ,နတ်တို့သည် အသံမရှိကုန်သည် ဖြစ်၍၊ 'ဤယောကျ်ားမြတ်သည် ဘယ်သို့ ဆိုမည်နည်း'ဟု နာခံကုန်၏။ ထို နတ်,လူ အစည်းအဝေး၌ ဘုရားလောင်းနှင့် တူသောသူ, လွန်သောသူကို မမြင်သည်ဖြစ်၍၊ အလုံးစုံသော ၁ သောင်းသော လောကဓာတ်ကို တစ်ပြိုင်နက်သောအသံဖြင့် ကြားစေသည်ဖြစ်၍၊

'အဂ္ဂေါဟမသ္မိ လောကဿ၊ သေဋ္ဌောဟမသ္မိလောကဿ။

ဇေဋ္ဌောဟမသ္မိလောကဿ၊ အယ မန္တိမဇာတိ။ နိတ္ထိဒါနိပုနဗ္ဘဝေါတိ။ ။'

''လောကဓာတ်၌ ငါသာလျှင် မြတ်သောသူ ဖြစ်၏။ လောကဓာတ်၌ ငါသာလျှင် ချီးမွမ်းအပ်သောသူ ဖြစ်၏။ လောကဓာတ်၌ ငါသာလျှင် အကြီး ဖြစ်၏။ ဤ ငါ၏အဖြစ်သည် အဆုံးစွန်သော အဖြစ်တည်း။ တစ်ဖန်ပဋိသန္ဓေနေခြင်း ငါအား မရှိပြီ''ဟု ပဲ့တင်ထပ်သံကို မိန့်တော်မူ၏။ ထိုဘုရားလောင်းကို တစ်စုံတစ်ယောက်သောသူသည် စကားတုံ့ဆိုအံ့သောငှာ မထိုက်သည်ဖြစ်၍၊ ခပ်သိမ်းသော နတ်,လူ,ဗြဟ္မာတို့ ကောင်းချီးပေးကုန်၏။

ဤသို့ မြတ်သောပဲ့တင်သံကို ဆို၍၊ ရပ်သောဘုရားလောင်းကို မယ်တော်သည် ယူ၍၊ ရင်၌ သိမ်း၍၊ နို့ စို့စေ၍၊ ၂ မြို့သားဖြစ်သောသူတို့သည် ယောကျ်ားမြတ်ကို ယူ၍ ကပိလဝတ်မြို့သို့လျှင် သွားကုန်၏။

ဘုရားလောင်းကိန်းတော်မူသော ဝမ်းသည် စေတီတိုက်နှင့် တူသည်ဖြစ်သောကြောင့် တစ်စုံတစ်ယောက်သောသူသည် သုံးသပ်အံ့သောငှာ မထိုက်သောကြောင့် ၇ ရက်လျှင် ဘုရားလောင်းမယ်တော် စုတေ၍၊ တုသိတာနတ်ပြည်၌ နတ်ယောကျ်ား ဖြစ်လေ၏။

ထိုဘုရားလောင်း ဖွားသောအခါ၌ ရာဟုလာမယ်တော်မိဖုရား လည်းကောင်း, ရှင်အာနန္ဒာ လည်းကောင်း, ဆန္နအမတ် လည်းကောင်း, ကာဠုဒါယီအမတ် လည်းကောင်း, ကဏ္ဍကမြင်း လည်းကောင်း, မဟာဗောဓိပင် လည်းကောင်း, ရွှေအိုးကြီး ၄ လုံး လည်းကောင်း ဖွားကုန်သည်ဖြစ်၏။

http://www.dhammadownload.com



## ကာဠဒေဝိလရသေ့ ငိုသည်,ရယ်သည်ကို ပြခြင်း

ထိုဘုရားလောင်း ဖွားတော်မူသောနေ့၌လျှင်၊ ''ကပိလဝတ်ပြည်၌ သုဒ္ဓေါဒနမင်းကြီး၏သားသည် ဗောဓိပင်၏အနီး၌ နေ၍၊ ဘုရား ဖြစ်တော်မူ၍ ဓမ္မစကြာတရားကို ဟောတော်မူလတ္တံ့။ ထိုမြတ်စွာဘုရား၏ 'အဝိဒူးအခြားမရှိသော အဆင်းတော်' တည်းဟူသော မြတ်စွာဘုရား၏တင့်တယ်ခြင်းကိုလည်း ရှုခြင်းငှာ, တရားတော်ကို နာခြင်းငှာ သွားကုန်အံ့''ဟု တာဝတိံသာနတ်ပြည်၌ နတ်တို့သည် ဝမ်းမြောက်ဝမ်းသာကုန်လျက်၊ လူတို့အရေအတွက် ၇ ရက်ပတ်လုံး 'ဦးပုဆိုးပူဇော်ခြင်း' အစရှိသည်ကိုဖြစ်စေ၍ မြူးထူးကုန်၏။

ထိုအခါ သုဒ္ဓေါဒနမင်း၏ဆရာဖြစ်သော, ဈာန်အဘိညာဉ်ရသော, 'ကာဠဒေဝိလ'အမည်ရှိသော ရှင်ရသေ့သည် ဆွမ်းဘုဉ်းပေး၍၊ နေ့နေအံ့သောငှာ တာဝတိံသာသို့တက်၍ တာဝတိံသာ၌ နေသည်ရှိသော်၊ ဝမ်းမြောက်ဝမ်းသာ နတ်တို့ မြူးထူးကုန်သည်ကို မြင်၍၊ ''အဘယ်ကြောင့် မြူးထူးကုန်သနည်း''ဟု မေးသော်၊ ''သုဒ္ဓေါဒနမင်း၏သားတော်သည် ဖွား၏။ ထိုမင်းသားသည် ဗောဓိမဏ္ဍိုင်၌ နေ၍ ဓမ္မစကြာတရားကို ဟောလတ္တံ့ဟု ဝမ်းမြောက်ဝမ်းသာ မြူးထူးကုန်သည်'' ဟူ၍ နတ်တို့ ဆိုကုန်၏။

ရှင်ရသေ့သည် ထိုစကားကို ကြား၍၊ လျင်စွာ နတ်ပြည်မှ သက်၍၊ နန်းတော်သို့ ဝင်၍၊ ခင်းအပ်သောနေရာ၌ နေ၍ ဟောပြောပြီးသော်၊ ''ဖွားသည် ဟုဆိုသည်။ ကြည့်ပါမည်''ဟု ဆို၏။ မင်းကြီးလည်း တန်ဆာဆင်သောသားတော်ကို ဆောင်စေ၍၊ ''ရှင်ရသေ့ကို ရှိခိုးစိမ့်မည်။ ဆောင်ခဲ့''ဟု မိန့်တော်မူ၏။

ဆောင်ခဲ့၍ ရှင်ရသေ့ကို ရှိခိုးစိမ့်မည့်အခြင်းအရာကို ပြုလျှင်၊ ယောက်ျားမြတ်၏ခြေတို့သည် ပုံ၍ ရှင်ရသေ့၏ဆံကျစ်၌ တည်ကုန်၏။ ဘုရားလောင်း၏ ထိုကိုယ်တော်၏အဖြစ်၌ ရှိခိုးခြင်းငှာထိုက်သောသူ မရှိ။ ထိုအကြောင်းကို မသိမူ၍ ဘုရားလောင်းခေါင်းကို ရှင်ရသေ့ခြေတွင် ထားမိသော် ရှင်ရသေ့ဦးခေါင်းသည် ၇ စိတ် ကွဲရာ၏။ ထိုအခါ နေရာမှ ထ၍၊ ရှင်ရသေ့သည် လက်အုပ် ချီ၍၊ သုဒ္ဓေါဒနမင်းကြီးလည်း ထိုအံ့ဖွယ်သရဲကို မြင်၍ ရှိခိုးတော်မူ၏။

ရှင်ရသေ့လည်း ဘုရားလောင်း၏ လက္ခဏာနှင့်ပြည့်စုံခြင်းကို မြင်၍၊ 'မချွတ်မလွဲ ဘုရား ဖြစ်လတ္တံ့' ဟု သိလျှင် ရယ်၏။ 'ဤမင်းသား ဘုရားဖြစ်သောအခါ ငါတို့ မီမည်လော, မမီလော'ဟု ဆင်ခြင်သည်ရှိသော်၊ 'ဘုရားမဖြစ်မီ ငါ စုတေ၍ အရူပဘုံ၌ ငါ ဖြစ်ချိမ့်မည်'ဟု သိ၍ ငို၏။

ထိုသို့ရယ်သည်,ငိုသည်ကို လူတို့မြင်လျှင်၊ ''ရှင်ရသေ့သည် ယခုတွင်ပင် ရယ်လည်း ရယ်၏။ ငိုလည်း ငို၏။ အဘယ်သို့ ငါတို့သခင်သား ဖြစ်မည်နည်း''ဟု မေးကုန်၏။

''ဤမင်းသား တစ်စုံတစ်ခုသောအန္တရာယ် မရှိ။ စင်စစ် ဘုရားဖြစ်မည်ကိုမြင်၍ ငါ ရယ်သည်။ ဘုရားဖြစ်သောအခါ ငါ မမီပါမည်ကိုမြင်၍ ငိုသည်''ဟု ရှင်ရသေ့ ဆို၏။

http://www.dhammadownload.com



## ပုဏ္ဏားတို့အဟောကို ပြခြင်း

ထိုနောင်မှ ၅ ရက်မြောက်သောနေ့၌ 'အမည်မှည့်အံ့' ဟု များစွာသောအစီအရင်ကို စီရင်ပြီး၍၊ ဗေဒင် ၃ ပုံကို အပြီးတိုင်တတ်သော ၁၀၈ ယောက်သောပုဏ္ဏားတို့ကို ပင့်၍၊ မြတ်သောနေရာ၌ နေစေ၍၊ များစွာသော သက္ကာရကို ပြု၍၊ ထို ၁၀၈ ယောက်ပုဏ္ဏားတို့တွင် အလွန်ပညာကြီးသော ၈ ယောက်သောပုဏ္ဏားတို့ကို ရွေးပြန်၍ လက္ခဏာတို့ကို ကြည့်စေကုန်၏။

ထို ၈ ယောက်သောပုဏ္ဏားတို့တွင် 'ရာမ, ဓဇ, လက္ခဏ, ဇောတိ, မန္တိ, ရည, သုဘောဇ, သုယာစ' ဤသို့အမည်ရှိသော ပုဏ္ဏား ၇ ယောက်တို့သည်ကား လက် ၂ ချောင်းကို ချီ၍၊ ''ဤမင်းသားသည် အိမ်၌ အကယ်၍ နေအံ့။ စကြဝတေးမင်း ဖြစ်အံ့။ ရဟန်း ပြုအံ့။ ဘုရား ဖြစ်လတ္တံ့''ဟု ၂ ခွန်း ဆိုကုန်၏။

အမျိုးအားဖြင့် 'ကောဏ္ဍည', အမည်အားဖြင့် 'သုဒတ္တ'ဟုဆိုအပ်သော အငယ်ဖြစ်သောပုဏ္ဏားသည်ကား လက်ညှိုးတစ်ချောင်းကိုသာ ချီ၍၊ ''ဤမင်းသားသည် ဘုရားစင်စစ်သာလျှင် ဖြစ်လတ္တံ့''ဟု ဆို၏။

အမည်ကို မှည့်သည်ရှိသော်၊ ''ခပ်သိမ်းသောသတ္တဝါတို့၏ အစီးအပွားပြီးခြင်းကို ပြုလတ္တံ့သည်ဖြစ်သောကြောင့် 'သိဒ္ဓတ္ထ'ဟု အမည်မှည့်သင့်၏''ဟု 'သိဒ္ဓတ္ထ'ဟု မှည့်ကုန်၏။

''ငါ့သားသည် အဘယ်အကြောင်းကိုမြင်၍ ရဟန်း ပြုလတ္တံ့နည်း''ဟု မေးတော်မူသော်၊ ''သူအို, သူနာ, သူသေ, ရဟန်း။ ဤ ၄ ပါးသော ဤနိမိတ်တို့ကိုမြင်၍ ရဟန်းပြုလတ္တံ့''ဟု ဆိုကုန်၏။

မင်းလည်း ''ဤနေ့မှစ၍ သူအို, သူနာ, သူသေ, ရဟန်းတို့ကို ငါ့သားမျက်နှာစာသို့ မရောက်စေနှင့်''

အရပ် ၄ မျက်နှာတို့၌ ၁ ဂါဝုတ် - ၁ ဂါဝုတ်သောအရပ်၌ အစောင့်အရှောက်တို့ကို ထားတော်မူ၍၊ ''ဤကျွန်းကြီး ၄ ကျွန်း ကျွန်းငယ် ၂၀၀၀ တို့ကို အစိုးရ၍၊ ၃၆ ယူဇနာသော ဗိုလ်အဝန်းခြံရံလျက် ကောင်းကင်သို့သွားသော သားတော်ကို မြင်ချင်၏''ဟု မိန့်တော်မူ၏။

ထို အမည်မှည့်မင်္ဂလာနေ့၌စည်းဝေးကုန်သော မင်း ၈ သောင်းတို့တွင် တစ်ယောက်-တစ်ယောက်သော မင်းသည် ''ဘုရားဖြစ်လည်း ဖြစ်သောအလိုက် အခြံအရံဖြစ်စေ။ စကြဝတေးမင်းဖြစ်လည်း ဖြစ်သောအလိုက် အခြံအရံဖြစ်စေ။ တစ်ယောက် တစ်ယောက်သောသားကို ပေးကုန်အံ့''ဟု ဝန်ခံကုန်၏။

ထိုအခါ သုဒ္ဓေါဒနမင်းသည် မြတ်သောအဆင်းကိုဆောင်ကုန်သော အပြစ်မရှိသောအထိန်းတို့ကို ပေး၏။ ဘုရားလောင်းသည် အထိန်းတော်, အရံတော်, များစွာသောအဆောင်အယောင်, များစွာသောအသရေ အပေါင်းတို့ဖြင့် ကြီးတော်မူ၏။

http://www.dhammadownload.com



## နေရိပ်လွှဲသည်ကို ပြခြင်း

၄ လ တိုင်တော်မူသောအခါ၌ လယ်ထွန်မင်္ဂလာသည် ကြီးစွာဖြစ်၏။ ထိုနေ့၌ သုခွေါဒနမင်းသည် များစွာသော တင့်တယ်ခြင်း, များစွာသောအခြင်အရံနှင့်တကွ နတ်ပြည်ကဲ့သို့ တန်ဆာဆင်အပ်သောမြို့မှ သားတော်ကိုယူ၍ ထွက်တော်မူ၏။

ထို လယ်ထွန်ရာအရပ်သို့ ရောက်မူကား တစ်ခဲနက်သောအရိပ်ရှိသော တင့်တယ်သောသပြေပင် ရှိ၏။ ထိုသပြေပင်၌ မြတ်သောနေရာကို ခင်း၍ ဗိတာန်ကြက်, တင်းထိမ်ရံလျက် ဘုရားလောင်းကို သိပ်ကုန်၏။ အထိန်းတော်တို့သည် တင်းထိမ်အပြင်သို့ ထွက်၍၊ မင်း လယ်ထွန်မင်္ဂလာတင့်တယ်ခြင်းကို ကြည့်ကုန်၏။

ဘုရားလောင်းလည်း 'တစ်ယောက်တည်း ငါ ဆိတ်ငြိမ်ခြင်းကို ရသည်'ဟု အာနာပါနစျာန်ကို စီးဖြန်း၍ ရလျှင်၊ ထက်ဝယ်ခွေ၍ နေတော်မူ၏။ ထိုဘုရားလောင်း အာနုဘော်ကြောင့် မွန်းလွဲငြားသော်လည်း သပြေပင်ရိပ်သည် မလွှဲဘဲ တည်၏။ တစ်ပါးသောသစ်ပင်အရိပ်တို့သည်မူကား လွှဲကုန်၏။

အထိန်းတော်တို့သည် 'အရှင့်သားတစ်ယောက်တည်းချည်း ကြာပေခဲ့ပြီ'ဟူ၍၊ လာ၍၊ တင်းထိမ်ကို ဖွင့်၍ ဝင်ကုန်သည်ရှိသော်၊ ကျက်သရေရှိသောနေရာ၌ ထက်ဝယ်ဖွဲ့၍နေတော်မူသော ဘုရားလောင်းကို လည်းကောင်း, သပြေပင်ရိပ်မလွှဲသော အံ့ဖွယ်သရဲကို လည်းကောင်း မြင်၍၊ မင်းသို့ သွား၍ လျှောက်ကုန်၏။

မင်းလည်း ပြင်းစွာလာ၍၊ ထိုသို့သောအံ့ဖွယ်ကို မြင်လျှင်၊ ''ချစ်သား။ ငါ၏ ၂ ကြိမ်မြောက်သော ရှိခိုးခြင်းတည်း'' ဟု ရှိခိုးပြန်၏။

http://www.dhammadownload.com



## လေးအတတ်ကို ပြခြင်း

ထို့နောင် အစဉ်အတိုင်းကြီးတော်မူ၍ ၁၆ နှစ်မြောက်သောအခါ ခမည်းတော်မင်းသည် ဘုရားလောင်းအား ဥတု ၃ ပါးနှင့် လျောက်ပတ်စွာနေရာဖြစ်သော ဟေမန္တဥတုနှင့် လျောက်ပတ်သော, ဘုံ ၉ ဆင့်ရှိသောပြာသာဒ်၊ ဂိမ္ဟန္တဥတုနှင့် လျောက်ပတ်သော, ဘုံ ၅ ဆင့်ရှိသောပြာသာဒ်၊ ဝသန္တဥတုနှင့် လျောက်ပတ်သော ဘုံ ၇ ဆင့်ရှိသောပြာသာဒ်။ ဤသို့ ၃ ဆောင်သော ပြာသာဒ်ကို ပြုစေ၍၊ ထိုပြာသာဒ်တို့သည် အလှား, အနံအားဖြင့်ကား အမျှစီချည်း။ ဘုံ ၁ ထပ်အားဖြင့်သာလျှင် ထူးသတည်း။ ဘုံ ၉ ဆင့် ရှိသောပြာသာဒ်သည် 'ရမ္မ'မည်၏။ ဘုံ ၅ ဆင့် ရှိသောပြာသာဒ်သည် 'သုရမ္မ'မည်၏။ ဘုံ ၇ ဆင့် ရှိသောပြာသာဒ်သည် 'သုဘ'မည်၏။[၁]

ဤသို့ ၃ ဆောင်သောပြာသာဒ်တို့သည် ပြီးကုန်သည်ရှိသော်၊ 'ငါ့သားသည် အရွယ်သို့ရောက်ပြီ။ ထီးဖြူဆောင်း၍ မင်း၏အသရေကို ငါ ကြည့်အံ့'ဟု ကြံတော်မူ၍၊ သာကီဝင်မင်းသားများသို့ အကြောင်းကို စေတော်မူ၏။

သာကီဝင်မင်းများလည်း ''သိဒ္ဓတ္ထမင်းသားသည် အရွှင်အမြူးများ၍သာ နေသည်။ တစ်စုံတစ်ခုသော အတတ်မျှ မတတ်။ အဘယ်သို့လျှင် သားမယားကိုမွေးခြင်းငှာ စွမ်းနိုင်ပါအံ့နည်း။ ငါတို့သမီးကို မပေး''ဟု ဆိုကုန်၏။

သုဒ္ဓေါဒနမင်းလည်း ထိုစကားကို ကြားတော်မူလျှင် သားတော်အား ကြားပေ၏။ ဘုရားလောင်းလည်း ''အဘယ်အတတ်ကို ပြရစိမ့်မည်နည်း''ဟု ခမည်းတော်ကို လျှောက်၏။

''ဗိုလ် ၁၀၀၀ တင်သော လေးကို ပြသော်သင့်၏'' ဟုမိန့်တော်မူ၏။

ဘုရားလောင်းလည်း လေးကိုဆောင်စေ၍၊ ပလ္လင်၌နေတော်မူလျက် ညို့ကို ခြေဖြင့်သာ တင်တော်မူ၍၊ လက်ဝဲလက်ဖြင့် လေးကို ကိုင်တော်မူ၍၊ လက်ယာလက်ဖြင့် လေးညို့ကို ဖြန်းတော်မူ၏။ ထို ဖြန်းသောအသံသည် မြို့အလုံး လန့်ကြ၏။ ကိုယ်ကြွားကြွားပျံအံ့သော အခြင်းအရာကဲ့သို့ ဖြစ်၏။

''ဤအသံသည် အဘယ်အသံနည်း''ဟု မေးသည်ရှိသော်၊ ''မိုး ကြိုးသောအသံ''ဟု ဆိုကုန်၏။

ထိုမှတစ်ပါးလည်း တစ်ပါးသောသူတို့သည် ဆိုကုန်၏။

''သင်တို့ မသိကုန်။ ထိုအသံသည် မိုးကြိုးသောအသံ မဟုတ်။ သိဒ္ဓတ္ထမင်းသား ဗိုလ်ခြေ ၁၀၀၀ တင်သော လေးကို ဖြန်းသောအသံတည်း''ဟု ဆိုကုန်၏။ သာကီဝင်မင်းတို့သည် ထိုစကားကိုကြား၍ ဝမ်းမြောက်ဝမ်းသာ ဖြစ်ကုန်၏။

ထိုနောင် လက် ၈ သစ် အထုရှိသောသံပြားကို မြားဖြင့် ပစ်တော်မူ၏။ ထိုနောင် ၄ သစ် အထုရှိသော ပိတောက်ပျဉ်ကို ပစ်တော်မူ၏။ ထိုနောင် ၁ ထွာအထုရှိသော ကြေးနီပြားကို ပစ်တော်မူ၏။ ထိုနောင် ၁ ထွာ

၁- ရမ္မပြာသာဒ်ကား ဘုံ ၅ ဆင့် ရှိသည်။ သုရမ္မပြာသာဒ်ကား ဘုံ ၇ ဆင့် ရှိသည်။ သုဘပြာသာဒ်ကား ဘုံ ၉ ဆင့် ရှိသည်။ ဓိနတ္ထပကာသနီကျမ်း။

http://www.dhammadownload.com



အထုရှိသော ရေသဖန်းပင်ကို ပစ်တော်မူ၏။ ထိုနောင် ဆန်လှည်းအရာကို ပစ်တော်မူ၏။ ထိုနောင် ကောက်ရိုးလှည်းအရာကို ပစ်တော်မူ၏။ ရေ၌ ၁ ဥသဘ, ကြည်း၌ ၁ ဥသဘ အတိုင်းအရှည်ရောက်အောင် ပစ်တော်မူ၏။ ထိုနောင် ၁ ယူဇနာမျှသောအရပ်၌ ခဲသီးအမှတ်ဖြင့် သားမြီးကိုဆွဲ၍ ညှဉ်းမိုးသောက်သောအခါ၌ တစ်ခဲနက်သော တိမ်တိုက်ဖြင့် ဖုံးလွှမ်းသောအရပ်သို့ မြားကို လွှတ်၏။ ထိုမြားသည် ထိုသားမြီးကို ခွဲ၍ မြေသို့ ကျ၏။

ထိုနောင်လည်း ယောကျ်ားမြတ်သည် လောက၌ဖြစ်သော အလုံးစုံသောအတတ်တို့ကို ပြတော်မူ၏။

ထို့နောင်မှ သာကီဝင်မင်းတို့သည် သမီးတို့ကိုတန်ဆာဆင်၍ ၄ သောင်းသော မင်းသမီးတို့ကို ပို့လာကုန်၏။ ယသောဓရာမင်းသမီးသည် မိဖုရားကြီး ဖြစ်တော်မူ၏။ ထို ၄ သောင်းသောမင်းသမီးတို့တွင် ၁ ဆောင် - ၁ ဆောင် သောပြာသာဒ်၌ မင်းသမီး ၁သောင်း-၁သောင်း။ ယသောဓရာမိဖုရား၏ အခြံအရံ၁သောင်း။ ဤသို့ ၄ သောင်း ဖြစ်ကုန်၏။

http://www.dhammadownload.com



## ဘုရားလောင်းနန်းတက်ခြင်းနှင့် နိမိတ် ၄ ပါးကို မြင်ခြင်း

ထိုအခါ သုဒ္ဓေါဒနမင်းအမျှးရှိသော သာကိဝင်မင်းအပေါင်းတို့သည်တိုင်ပင်၍၊ ထီးဖြူ ဆောင်း၍၊ အာဘိသိက် သွန်း၍ ပြာသာဒ်တက်သောမင်္ဂလာကို ပြုတော်မူ၏။

ထိုအခါ၌ ဘုရားလောင်းသည် သိကြားနတ်မင်းကဲ့သို့ မင်းသမီး ၂ သောင်း ခြံရံသည်ဖြစ်၍၊ ယောကျ်ားကင်းသော ၅ ပါးသောတီးမှုတ်ခြင်းတို့ဖြင့် စံပယ်တော်မူသည်ဖြစ်၍ ကြီးစွာသောမင်း၏ စည်းစိမ်ချမ်းသာကို စံတော်မူလျက် ဥတုအကြိမ်အားဖြင့် ထို ၃ ဆောင်သောပြာသာဒ်၌ နေတော်မူ၏။

ဤသို့ များစွာသော သိကြားနတ်မင်း၏ စည်းစိမ်ချမ်းသာကဲ့သို့ လူမင်း၏စည်းစိမ်ချမ်းသာကို ခံစံတော်မူသောအခါ၌ ဥယျာဉ်သို့ သွားတော်မူလိုသည် ဖြစ်၍၊ ရထားထိန်းကို ခေါ်တော်မူ၍၊ ''ရထား က''ဟု မိန့်တော်မူ၏။ ထိုရထားထိန်းသည် ကုမုဒြာကြာဖြူအဆင်းရှိသော ၄ စီးသော သိန္ဓောမြင်းတို့ကို ၇ ပါးသော ရတနာ မြင်းတန်ဆာဆင်အပ်သော ရထား၌ ကပြီး၍၊ ''အလောင်းမင်း။ ရထားကိုစီရင်သည် ပြီးပြီ''ဟု လျှောက်၏။ ဘုရားလောင်းသည်လည်း နတ်၏ဗိမာန်နှင့်တူသော ရထားသို့ တက်တော်မူ၍ ဥယျာဉ်သို့ ရှေးရှု သွားတော်မူ၏။

### သူအိုကို ပြခြင်း

ထိုအခါ နတ်တို့သည် ''သိဒ္ဓတ်မင်းသား ဘုရားဖြစ်အံ့သောအခါ ရောက်ပြီ။ ရှေးဦးစွာသော နိမိတ်တို့ကို ထိုဘုရားလောင်းအား ပြအံ့''ဟု ကြံ၏။

အိုခြင်းဖြင့် ဆိုင်းသောကိုယ် ရှိသော, ကျိုးသောသွား ရှိသော, ဖြူသောဆံ ရှိသော, ကိုင်းညွတ်သောကိုယ် ရှိသော, လက်စွဲသောတောင်ဝှေး ရှိသော, တုန်လှုပ်လျက် မသွားနိုင်သောအရွယ်သို့ ရောက်သော နတ်သား တစ်ယောက်ကို ဖန်ဆင်းစေ၍ ပြကုန်၏။ ထိုသို့ ပြသောသူအိုကို ဘုရားလောင်းလည်းကောင်း, ရထားထိန်း လည်းကောင်း မြင်၏။

ဘုရားလောင်းသည် ရထားထိန်းကို မေးတော်မူ၏။

''ရထားထိန်း။ ဤယောကျ်ားသည် အသို့ဖြစ်သနည်း။ ထိုသူ၏ဆံသည် တစ်ပါးသောသူ၏ဆံနှင့် မတူ။ ကိုယ်သည်လည်း တစ်ပါးသောသူ၏ ကိုယ်နှင့် မတူ'' ဤသို့ မေးတော်မူ၏။

ရထားထိန်းလည်း ဤသို့လျှောက်၏။

''အလောင်းမင်း။ ဤသူသည် 'သူအို' မည်၏''

''ရထားထိန်း။ 'သူအို'မည်သည် အဘယ်နည်း''

''အလောင်းမင်း။ 'သူအို' ဟူသည်ကား ယခုအခါ၌ မြင့်စွာအသက် ရှည်သည်ဖြစ်လတ္တံ့''

http://www.dhammadownload.com



ဤသို့ လျှောက်၏။

"ရထားထိန်း။ အိုခြင်းသဘောကို ငါသည်လည်း မလွန်သည်လော"ဟု မေးတော်မူ၏။

"အလောင်းမင်း။ အလောင်းမင်းသည် လည်းကောင်း, အကျွန်ုပ်တို့သည် လည်းကောင်း အလုံးစုံသော သူတို့သည် အိုသောသဘော ရှိကုန်၏။ အိုခြင်းသဘောကို မလွန်နိုင်ချေကုန်"

ဤသို့ လျှောက်၏။

ထိုစကားကို ကြားတော်မူ၍၊ "ရထားထိန်း။ ဇာတိသည် စက်ဆုပ်ဖွယ် ရှိ၏။ ဇာတိ ရှိသောသူအား အိုခြင်းသည် ထင်ဘိ၏တကား"ဟု ထိတ်လန့်သောနှလုံး ရှိသည်ဖြစ်၍၊ အရွယ်၌ မာန်ကိုပယ်၍၊ ထိုခရီးမှ ပြန်တော်မူ၍ ပြာသာဒ်သို့ တက်တော်မူ၏။

သုဒ္ဓါဒနမင်းလည်း "အဘယ်ကြောင့် ငါ့သား အလျင်ပြန်လာသနည်း"ဟု မေးတော်မူ၏။

"သူအိုကို မြင်၍ ပြန်သည်"ဟု လျှောက်၏။

တုန်လှုပ်သောနှလုံးတော်ရှိသော ခမည်းတော်သည် "သူအို အစရှိသောသူတို့ကို မမြင်စေလင့်"ဟု ယူဇနာခွဲသောအရပ်၌ အစောင့်အရှောက်ကို ထားပြန်၏။

**သူနာကိုပြခြင်း**

ထို့နောင်မှ ၄ လလွန်သောအခါ၌ ဥယျာဉ်သို့သွားသည်ရှိသော် နတ်တို့သည် ဖန်ဆင်းအပ်သော ဆင်းရဲဖြင့် နှိပ်စက်အပ်သော၊ ပြင်းသောအနာရှိသော၊ ခြေ,လက် အစရှိသောအင်္ဂါ၌ ကျင်ကြီးကျင်ငယ်တို့ဖြင့် လိမ်းကျံလျှက် အိပ်သော သူနာကို လည်းကောင်း, တစ်ပါးသောသူတို့သည် တင်စေအပ်သော သူနာကို လည်းကောင်း, တစ်ပါးသောသူတို့သည် အိပ်စေအပ်သော သူနာကို လည်းကောင်း မြင်တော်မူ၍ ရထားထိန်းကို မေးတော်မူ၏။

"ရထားထိန်း။ ဤယောကျ်ားသည် အသို့ဖြစ်သနည်း။ ဤယောကျ်ားသည် တစ်ပါးသောသူ၏မျက်စိနှင့် မတူ။ ဤသူ၏အသံသည် တစ်ပါးသောသူ၏အသံနှင့် မတူ။ ကိုယ်သည်လည်း တစ်ပါးသော သူတို့၏ကိုယ်နှင့် မတူတကား"ဟု မိန့်တော်မူ၏။

"အလောင်းမင်း။ ဤသူသည် 'သူနာ' မည်၏"

"ရထားထိန်း။ ငါသည်လည်း နာခြင်းသဘော ရှိသလော။ နာခြင်းသဘောကို မလွန်လော"ဟု မေးတော်မူ၏။

"အလောင်းမင်း။ အလောင်းမင်းသည်လည်းကောင်း, အကျွန်ုပ်တို့သည်လည်းကောင်း နာခြင်း သဘော ရှိကုန်၏။ နာခြင်းသဘောကို မလွန်နိုင်"ဟု လျှောက်၏။

"ရထားထိန်း။ ဇာတိ စသည် စက်ဆုပ်ဖွယ် ရှိ၏။ ဇာတိ ရှိသောသူအား အနာသည် ထင်ဘိ၏တကား" ဟု ထိတ်လန့်သောနှလုံးတော် ရှိသည်ဖြစ်၍၊ 'အနာမရှိသော ငါ၏ကိုယ်'ဟူသော မာန်ကို ပယ်၍၊ ထိုအရပ်မှ ပြန်၍ ပြာသာဒ်ထက်သို့ တက်တော်မူ၏။

သုဒ္ဓါဒနမင်းကြီးလည်း ထိုအကြောင်းကို ကြား၍၊ တုန်လှုပ်သောနှလုံးတော် ရှိသည်ဖြစ်၍၊ အစောင့်အရှောက်ကို ပွားစေ၍၊ ကပိလဝတ်မြို့၏ထက်ဝန်းကျင်မှ ၃ ဂါဝုတ်သောအရပ်၌ အစောင့်အရှောက်ကို ထားတော်မူ၏။

http://www.dhammadownload.com



## ဥတေနမင်းအား ဘဒ္ဒဝတီဆင်မ၏ကျေးဇူးကို ပြခြင်း

ထိုယောသိတာရုံ၌ နေတော်မူသောအခါ 'အဟံ ဝေဒဇ္ဇ ဓမ္မာယ' ဤသို့အစရှိသောဒေသနာတော်ကို ဥတေနမင်း၏ ဘဒ္ဒဝတီဆင်မကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ ထိုဆင်မသည် အရိယာအပေါင်း ခြံရံသည်ဖြစ်၍၊ နှိုင်းယှဉ်ကြောင်းမရှိသော ဘုရား အသရေတော်ဖြင့် နံနက်စောစော ကောသမ္မီမြို့သို့ ဆွမ်းခံဝင်တော်မူသောမြတ်စွာဘုရားကို မြင်၍၊ မြတ်စွာဘုရား ခြေတော်၌ ဝပ်၍၊ "ခပ်သိမ်းသောလောကကို သံသရာဝဋ်မှ ထွက်စေတော်မူနိုင်သော သဗ္ဗညုမြတ်စွာဘုရား။ ဥတေနမင်းသည် ဖျိုသောအခါ အမှုကိုပြီးစေခြင်းငှာ စွမ်းနိုင်သောကာလ၌ 'ဤဆင်မကိုမှီ၍ ငါသည် အသက်ကို လည်းကောင်း, မင်း၏အဖြစ်ကို လည်းကောင်း, မိဖုရားကို လည်းကောင်း ရ၏'ဟု ကျွန်ုပ်ကို လေးမြတ်၍ ကြီးစွာသောအဆောင်အရွက်ကို ပေး၏။ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍၊ ရပ်ရာအရပ်၌ နံ့သာဖြင့် လိမ်းကျံ၍၊ အထက်၌ ရွှေကြယ်ခတ်သောဗိတာန်ကို ကြက်၍၊ ထက်ဝန်းကျင် ဆန်းကြယ်သောတင်းထိမ်ကို ရံ၍၊ ဆီနံ့သာဖြင့် ဆီမီးညှိစေ၍၊ နံ့သာအိုးကို ထားစေ၍၊ အစာဟောင်းစွန့်ရာအရပ်၌ ရွှေဖျဉ်းကို ထား၍ ကောင်းစွာ ဆန်းကြယ်သော အခင်းရှိသောအင်းပျဉ်၌ ရပ်၏။ မင်းအားထိုက်သော အထူးထူးသောအရသာ ဘောဇဉ်တို့ကို ပေးစေ၏။ ယခု ကျွန်ုပ်အိုသောအခါ အမှုကိုမစွမ်းနိုင်လျှင် အလုံးစုံသော 'အပေးအကမ်း'သည် ပြတ်ခဲ့၏။ ကိုးကွယ်ရာ မရှိ။ အပေးအကမ်းတည်းဟူသောအကြောင်း, ပေးကမ်းခြင်းအကြောင်း မရှိသည်ဖြစ်၍ တောၱ ဆပ်သွားတို့ကိုသာလျှင်စားလျက် အသက်မွေးရ၏။ အကျွန်ုပ်ကိုးကွယ်ရာ တစ်စုံတစ်ယောက်မျှ မရှိ။ ဥတေနမင်းအား အကျွန်ုပ်ကျေးဇူးကို မှတ်စေ၍ ရှေ့ကာလ၌ဖြစ်သော အပေးအကမ်းတို့ကို ရှင်ပင်ဘုရား အကျွန်ုပ်အား ပေးကမ်းပါစေကုန်လော"ဟု ငိုလျက် မြတ်စွာဘုရားကို တောင်းပန်၏။

မြတ်စွာဘုရားလည်း "သင် သွားလော့။ ငါသည် သင်၏မင်းအား ထိုအကြောင်းကို ဆို၍ ပြကတော့သော အပေးအကမ်းကို ပြုစေအံ့"ဟု မိန့်တော်မူ၍၊ ဥတေနနန်းတံခါးသို့ မြတ်စွာဘုရား သွားတော်မူ၍၊ ထိုဥတေနမင်းသည် မြတ်စွာဘုရားကို ပင့်၍ နန်းတော်တွင်း၌ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသောအလှူကို ပေး၏။

ဆွမ်းဘုဉ်းပေးတော်မူပြီးသော အခါး၌ မြတ်စွာဘုရားသည် "မင်းမြတ်။ ဘဒ္ဒဝတီဆင်မသည် အဘယ်မှာလဲ"ဟု မေးတော်မူ၏။ "ရှင်ပင်ဘုရား။ အကျွန်ုပ် မသိ"ဟုလျှောက်၏။

"မင်းကြီး။ ကျေးဇူးရှိသောသူတို့အား အဆောင်အရွက်ကို ပေးပြီး၍၊ အိုသောအခါ၌ အပေးအကမ်းတို့ကို ရပ်ခြင်းငှာ မသင့်။ သူ့ကျေးဇူးတို့ကို ပြုခြင်းငှာသာလျှင် သင့်၏။ ယခုအခါ၌ ဘဒ္ဒဝတီဆင်မသည် အိုသည်ဖြစ်၍ ကိုးကွယ်ရာ မရှိ။ တောၱ ဆပ်သွားတို့ကိုစား၍ အသက်မွေး၏။ အိုသောအခါ ကိုးကွယ်ရာမရှိသည်ကို ပြုခြင်းငှာ မင်းကြီးတို့အား မလျောက်ပတ်"ဟု ဘဒ္ဒဝတီဆင်မ၏ကျေးဇူးကို မိန့်တော်မူ၍၊ "မင်းကြီးတို့သည် အလုံးစုံ ရှေးခဲ့ပေးပြီးသောအပေးအကမ်းကို ရှေးပေးသကဲ့သို့ ဘဒ္ဒဝတီဆင်မအား ပေးကုန်လော့"ဟု မိန့်တော်မူ၍၊ နန်းတော်မှ ကြွတော်မူ၍၊ ဥတေနမင်းလည်း ထိုရှေးပေးသောအတိုင်း ဘဒ္ဒဝတီဆင်မအား ပေးတော်မူ၏။

http://www.dhammadownload.com



ထိုအခါ၌ ''မြတ်စွာဘုရားသည် ဘဒ္ဒဝတီဆင်မကျေးဇူးကို မိန့်တော်မူ၍၊ ရှေး၌ ပေးသောအပေးအကမ်းကို ဆင်မအား ပေးစေသတည်း''ဟု မြို့အလုံး မြတ်စွာဘုရား၌ လည်းကောင်း, ရဟန်းအပေါင်းတို့၌ လည်းကောင်း ထိုအကြောင်းသည် ထင်စွာဖြစ်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ''အရှင်တို့။ မြတ်စွာဘုရားသည် ဘဒ္ဒဝတီဆင်မ၏ကျေးဇူးကို မိန့်တော်မူ၍ ရှေးကဲ့သို့ ပြကတ္တေသောအပေးအကမ်းကို ပေးစေ၏''ဟု ပြောဟောခြင်းကို ဖြစ်စေကုန်၏။ ထိုအခါ မြတ်စွာဘုရားလာတော်မူ၍၊ ''အဘယ်စကားကို ဆိုသနည်း''ဟု မေးတော်မူ၍၊ ထိုအကြောင်းကို တပည့်တို့ လျှောက်ကုန်သော်၊ ''ရဟန်းတို့။ ယခုသာလျှင် ဘဒ္ဒဝတီဆင်မအား စည်းစိမ်ချမ်းသာကို ပြကတ္တေပြုသည် မဟုတ်။ ရှေးကာလ၌လည်း ငါမြတ်စွာဘုရားသည် ဘဒ္ဒဝတီဆင်မကျေးဇူးကို ဆို၍ ပျောက်သောစည်းစိမ်ချမ်းသာကို ပြကတ္တေပြုသည်သာလျှင်တည်း'' ဟု မိန့်တော်မူ၍ ဒဋ္ဌဓမ္မဇာတ်[၁]ကို ဟောတော်မူ၏။

ဤ နဝမဝါ၌ ဤသို့အစရှိသော များစွာသောဒေသနာဖြင့် များစွာသောနတ်,လူ,ဗြဟ္မာတို့ကို မဂ်,ဖိုလ်, နိဗ္ဗာန်ကို ပေးတော်မူ၏။

၁- ၅၅၀ ဇာတ်တော်စဉ် ၄၀၉ ရှု။

http://www.dhammadownload.com



## မြတ်စွာဘုရားသည် ပါလိလေယျကတောသို့ ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ၌ နေတော်မူသောအခါ ဝိနယဓရ, သုတ္တန္တရ[1] ဤ ၂ ယောက်သောရဟန်းတို့ကို အကြောင်းပြု၍၊ ''ရဟန်းတို့။ ၅၀၀ သောတပည့်တို့သည် လည်းကောင်း၊ ထိုရဟန်းတို့၏ ဒကာတို့သည် လည်းကောင်း အချင်းချင်းငြင်းခုံခြင်းသည် ပွားကုန်၏။ ဤသို့သောနည်းဖြင့် ထိုရဟန်းတို့ ဆုံးမအပ်သော ရဟန်းမိန်းမတို့သည် လည်းကောင်း၊ ထိုရဟန်းတို့၏ အစောင့်ဖြစ်ကုန်သော နတ်, ထိုနတ်တို့၏ အဆွေခင်ပွန်းဖြစ်ကုန်သော အာကာသဓာတ်နတ်တို့သည် လည်းကောင်း ဗြဟ္မာပြည်တိုင်အောင် ခပ်သိမ်းကုန်သော ပုထုဇဉ် လူ,နတ်,ဗြဟ္မာတို့သည် ၂ ကွဲ ဖြစ်ကုန်၏။ စတုမဟာရာဇ်နတ်ပြည်ကို အစပြု၍ အကနိဋ္ဌဗြဟ္မာပြည် တိုင်အောင် ဤသို့သောအုတ်အုတ်ကျက်ကျက်သည် ဖြစ်၏။

ထိုအခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားသို့ကပ်၍၊ ထိုသို့အဓိကရဏ်းဖြစ်သော အကြောင်းကို လျှောက်၏။ မြတ်စွာဘုရားသည် ''အညီအညွတ် ဖြစ်စေကုန်''ဟု ၂ ကြိမ် စေတော်မူ၏။ ''ရှင်ပင်ဘုရား။ အညီအညွတ်ဖြစ်ခြင်းငှာ အလိုမရှိကုန်''ဟု မြတ်စွာဘုရားကို လျှောက်၏။

ထိုသို့လျှောက်သောစကားကို ကြားတော်မူ၍၊ ၃ ကြိမ်မြောက်သော အကြိမ်၌ ''သံဃာသည် ကွဲခဲ့ပြီ။ သံဃာသည် ကွဲခဲ့ပြီ''ဟု ထိုရဟန်းတို့ သွားတော်မူ၏။ ဥကွေပကရဟန်းတို့အား ဥကွေပကရဟန်း၌ အာပတ်ကို မမြင်ခြင်း၌ အပြစ်ကို မိန့်တော်မူ၍၊ ထိုရဟန်းတို့အား ထိုကဲ့သဲ့သာလျှင် တစ်ခုသောသိမ်၌ ဥပုသ်အစရှိသောကံတို့ကို ပြုစေ၍၊ ''ဆွမ်းဘုဉ်းပေးရာဇရပ်တို့၌ ထို အငြင်းအခုံဖြစ်သောရဟန်းတို့အား နေရာအခြားဖြင့် နေအပ်၏'' ဟု ဆွမ်းစားရာအရပ်၌ ဝတ်ကို မှတ်စေ၏။ ''ထိုဘတ္တဂ္ဂဝတ်၌ လည်းကောင်း အငြင်းအခုံဖြစ်၍ နေကုန်၏'' ဟု ကြားတော်မူ၍ ထိုဘတ္တဂ္ဂသို့ သွားတော်မူ၍၊ ''ရဟန်းတို့။ မငြင်းခုံလိုလင့်။ ငြင်းခုံခြင်းသည် မသင့်''

ဤသို့အစရှိသည်တို့ကို မိန့်တော်မူ၍၊ ''ရန်ငြိုးခြင်းသည် အကျိုးမရှိသည်ကို ပြုတတ်ကုန်၏။ ရန်ငြိုးဖွဲ့ခြင်းကိုမှီ၍ နှံစုတ်ငှက်မသည် ဆင်ပြောင်ကို အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏''ဟု လဋ္ဌကိကဇာတ်[2]ကို ဟောတော်မူ၍၊ ''ရဟန်းတို့။ အညီအညွတ်ဖြစ်စေကုန်လော့။ မငြင်းခုံလင့်။ ငြင်းခုံခြင်းကိုမှီ၍ များစွာသော အသိန်းသောငုံးတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏''ဟု ဟောတော်မူ၍၊ ဝဋ္ဋကဇာတ်[3]ကို ဟောတော်မူ၏။

ဤသို့ဆုံးမတော်မူ၍လည်း မြတ်စွာဘုရားစကားတော်ကို ထိုရဟန်းတို့သည် မနာကုန်သည်ရှိသော်၊ တစ်ယောက်သောဓမ္မဝါဒီရဟန်းသည် မြတ်စွာဘုရား၏ပင်ပန်းခြင်းကို အလိုမရှိသည်ဖြင့် ''ရှင်ပင်ဘုရား။ ခဲ့တော်မူလော့။ မျက်မှောက်သောကိုယ်တော်အဖြစ်၌ ချမ်းသာနှင့်ယှဉ်သည် ဖြစ်၍ နေတော်မူလော့။ အကျွန်ုပ်တို့သည် ထိုသို့သော အကြောင်းဖြင့် ထင်လတ်ကုန်အံ့''ဟု လျှောက်သည်ရှိသော်၊ မြတ်စွာဘုရားသည် ဒီဃိတိကောသလမင်း[4]၏အကြောင်းကို ဆောင်တော်မူ၍၊ 'နဟိ ဝေရေန ဝေရာနိ သမ္မန္တိဝကုဒါစနံ' အစရှိသည်ဖြင့် အဆုံးအမကို ပေးတော်မူ၏။

၁- ဓမ္မကထိကထေရ် - ဝိနယဓရပကာသနိကျမ်း။
၂- ဤဝ ဇာတ်တော်စဉ် ၁၁၈ ရှု။ 'သမ္မောဒမာနဇာတ်'ဟုလည်း ခေါ်။
၃- ဤဝ ဇာတ်တော်စဉ် ၃၅၅ ရှု။
၄- ဤဝ ဇာတ်တော်စဉ် ၃၇၁ ရှု။

http://www.dhammadownload.com



ဗြဟ္မဒတ္တမင်းသည် ဒီဃီတိကောသလမင်း၏ပြည်ကို လုရ၍၊ ထင်ရှားသောအသွင်ဖြင့် နေသော ဒီဃီတိကောသလမင်း၏သေသောအဖြစ်ကို လည်းကောင်း, ဒီဃာဝုမင်းသားသည် မိမိအသက်ကို ပေးသည်ရှိသော်၊ ထိုနေ့မှစ၍ ထိုဒီဃာဝုမင်းသား, ဗြဟ္မဒတ်မင်း၏ ညီညွတ်သည်၏အဖြစ်ကို လည်းကောင်း ဟောတော်မူ၍၊ "ရဟန်းတို့။ မပေးအပ်သောဒဏ်ရှိသော, မပေးအပ်သောလက်နက်ရှိသော ထိုမင်းသားတို့၏ ဤသို့သဘောရှိကုန်သော သည်းခံခြင်း, ကောင်းစွာမွေ့လျော်ခြင်းသည် ဖြစ်၏" ဟု ဟောတော်မူ၏။

"ရဟန်းတို့။ ဤသို့ ကောင်းစွာဟောအပ်သော ဓမ္မဝိနယ၌လည်း ကောင်းစွာရဟန်းပြုအပ်ကုန်သော သင်တို့သည် ဤအဆုံးအမ၌ နှစ်သက်ကုန်။ သည်းခံကုန်။ ကောင်းစွာမွေ့လျော်ကုန်" ဟု ဆုံးမတော်မူ၏။ ၂ ကြိမ်မြောက် လည်းကောင်း, ၃ ကြိမ်မြောက် လည်းကောင်း "ရဟန်းတို့။ တန်ပြီ။ မငြင်းခုံကုန်လင့်" ဟု မိန့်တော်မူ၍လည်း ထိုရဟန်းတို့ကို အညီအညွတ်ပြုခြင်းငှာ ဆုံးမတော်မမူနိုင်။

ထိုအခါ၌ 'ငါသည် ရဟန်း,ဥပါသကာ,မင်း,တိတ္ထိတို့နှင့် ပြွမ်း၍ နေ၏။ တစ်ယောက်တည်း အပေါင်းမှ ခွာ၍နေသော် ကောင်းစွတကား' ဟု ဤသို့သောအကြံတော်သည် ဖြစ်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစော သပိတ်,သင်္ကန်းတို့ကို ယူတော်မူ၍၊ ကောသမ္မီမြို့သို့ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးသော်၊ ဆွမ်းဘုဉ်းပေးတော်မူရာအရပ်မှ ဖဲတော်မူ၍၊ အိပ်ရာနေရာကို ရှင်ပင်ဘုရားလည်း သိမ့်မိုးတော်မူ၍၊ သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ တစ်စုံတစ်ယောက်သောသူကို မကြားမူ၍ တစ်ပါးတည်းသာလျှင် ပါလိလေယျကသို့ ဒေသစာရီကြွတော်မူ၏။

ဤသို့ မြတ်စွာဘုရားကြွတော်မူသည်ရှိသော် ၅၀၀ သောရဟန်းတို့သည် ရှင်အာနန္ဒာကို "ရှင်အာနန္ဒာ။ မြတ်စွာဘုရားသည် တစ်ပါးတည်းသာလျှင် ကြွတော်မူ၏။ အကျွန်ုပ်တို့ လိုက်ကြကုန်အံ့" ဟု ဆိုကုန်၏။

"သခင်တို့။ အကြင်အခါ၌ မြတ်စွာဘုရားသည် ကိုယ်တော်သည်ပင်လျှင် အိပ်ရာနေရာတို့ကို သိမ့်မိုးတော်မူ၍၊ သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ ဃောသကအစရှိသော ကျောင်းဒကာ,ရဟန်းအပေါင်းတို့ကို မကြားမူ၍၊ ထိုအရပ်သို့ တစ်ပါးတည်းကြွတော်မူခြင်းငှာ ကြွတော်မူ၍၊ မြတ်စွာဘုရားအလိုတော်သည် တစ်ပါးတည်း နေတော်မူခြင်းငှာအလိုတော်နှင့် လျောက်ပတ်စွာကျင့်ရာ၏။ ဤသို့သဘောရှိသောနေ့ပတ်လုံး မြတ်စွာဘုရားသို့ မလိုက်အပ်" ဟု ဖြစ်၏။ အာနန္ဒာသည်လည်း လိုက်တော်မမူ။

မြတ်စွာဘုရားသည် အစဉ်သဖြင့် ဒေသစာရီ သွားတော်မူသည်ရှိသော်၊ 'တစ်ယောက်တည်းနေသော ရဟန်းတို့ကို ရှုအံ့' ဟု တာလကလောဏကာရ ရွာသို့ သွားတော်မူ၍၊ ရှင်ဘဂုထေရ်အား ဆွမ်းဘုဉ်းပေးပြီးသော်၊ 'အလုံးစုံသော ကာလပတ်လုံးလည်းကောင်း, ၃ ယံသော ညဉ့်ပတ်လုံးလည်းကောင်း တစ်ယောက်တည်းနေခြင်း, ကောင်းစွာကျင့်ခြင်း၌ အကျိုးများသည်၏အဖြစ်ကို ဟောတော်မူ၍၊ မိုးသောက်သောနေ့၌ ထို ရှင်ဘဂုထေရ် နောက်လိုက်ရဟန်း ရှိသည်ဖြစ်၍၊ ဆွမ်းခံတော်မူ၍၊ ထိုဘဂုထေရ်တို့ကို ရအပ်ပြန်၍၊ 'အညီအညွတ်နေကုန်သော ၃ ယောက်သောအမျိုးသားတို့ကို ရအံ့' ဟု ပါစီနဝံသတောသို့ သွားတော်မူ၍၊ ထို ၃ ယောက်သော တပည့်တို့အား ၁ နှစ်ပတ်လုံး 'ညီညွတ်စွာနေခြင်း၌ အကျိုးများသည်၏အဖြစ်' ကို ဟောတော်မူ၍၊ ထို ၃ ယောက်သော တပည့်တော်တို့ကို အရပ်သို့ ပြန်စေ၍၊ တစ်ပါးတည်းသာလျှင် ပါလိလေယျကရွာသို့ ရောက်တော်မူ၍၊ ပါလိလေယျကရွာသားတို့သည် ခရီးဦး ကြိုဆို၍၊ မြတ်စွာဘုရားအား အလှူပေး၍၊ ပါလိလေယျကရွာ၏အနီး ရက္ခိတတောအုပ်၌ မြတ်စွာဘုရားအား သခိမ်းတော်ဆောက်၍၊ "ဤသခိမ်း၌ နေတော်မူပါ" ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် ထိုရွာကို ဆွမ်းအမှီပြု၍ ထိုသခိမ်း၏အနီး၌၊ နှစ်လိုဖွယ်သော ဘဒ္ဒသာလ အင်ကြင်းပင်အနီး၌ ဝါဆိုကပ်တော်မူ၏။

http://www.dhammadownload.com



## ဘုရားလောင်း နန်းမှဈာတော်မူသည်ကို ပြခြင်း

ဘုရားလောင်းလည်း များစွာသော အသရေအပေါင်းဖြင့် မြတ်သော နှလုံးမွေ့လျော်ဖွယ်ရှိသော ပြာသာဒ်သို့ တက်တော်မူ၍၊ ကျက်သရေရှိသောအိပ်ရာ၌ အိပ်တော်မူ၏။

ထိုခဏ၌ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော၊ ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့၌ ကောင်းစွာသင်အပ်ကုန်ပြီးသော၊ နတ်သမီးကဲ့သို့ တင့်တယ်ခြင်းသို့ ရောက်ကုန်သော၊ မင်းမောင်းမတို့သည် အထူးထူးသော စည်, စောင်း, ငြင်းတို့ကို ယူ၍၊ ဘုရားလောင်းကို ခြံရံ၍ နှလုံးမွေ့လျော်ခြင်းကို ဖြစ်စေကုန်လျက် ကခြင်း, သီခြင်း, တီးမှုတ်ခြင်းကို ဖြစ်စေကုန်၏။ ဘုရားလောင်းသည်ကား မြူးထူးခြင်းတို့၌ တပ်ခြင်းကင်းသည်ဖြစ်၍၊ ထို ကခြင်း, သီခြင်း, တီးမှုတ်ခြင်းတို့၌ မမွေ့မလျော်ဘဲ ထိုခဏ၌ အတန်ငယ် အိပ်ပျော်တော်မူ၏။

ထိုမောင်းမတို့သည်လည်း ''ဤယောကျ်ားမြတ်၏ အလို့ငှာသာလျှင် ကခြင်း, သီခြင်း အစရှိသည်တို့ကို ပြကုန်၏။ ဤယောကျ်ားမြတ်သည် အိပ်ပျော်ခဲ့ပြီးသော်ကား ပင်ပန်း၍ အဘယ်အကျိုး ရှိအံ့နည်း''ဟု စည်, စောင်း, ငြင်းကို ထား၍ အိပ်ကုန်၏။ ဆီ, နံ့သာဆီမီးတို့သည် ထွန်းပကုန်၏။

ဘုရားလောင်းသည် နီးတော်မူလျှင် အထူးထူးအပြားပြားရှိသော အိပ်ပျော်ကုန်သောမင်းမောင်းမတို့ကို မြင်တော်မူ၏။ ဘုရားလောင်းသည် ထိုမင်းမောင်းမတို့၏ အိပ်ပျော်သော, အလိုဖောက်ပြန်သော အခြင်းအရာကို မြင်တော်မူ၍ ကာမဂုဏ်တို့၌ အလွန် တပ်ခြင်းကင်းသောစိတ် ရှိတော်မူ၏။

ထိုဘုရားလောင်းအား နတ်သားတို့ဖြင့် တန်ဆာဆင်အပ်သော သိကြားမင်း၏ဗိမာန်ကဲ့သို့သော နန်းတော်အပြင်သည် ပစ်အပ်သောအကောင်ရှိသော သုသာန်ကဲ့သို့ စက်ဆုပ်ဖွယ်သည် ထင်၏။ ဘုံ ၃ ပါးသည် အလျှံပြောင်လောင်သောအိမ်ကဲ့သို့လျှင် ထင်ကုန်၏။

''အချင်းကို နှိပ်စက်ခြင်းသည် ထင်ဘိ၏ကား။ အချင်းကို ညှဉ်းဆဲခြင်းသည် ထင်ဘိ၏တကား''ဟု ထိတ်လန့်သောစကားကို မိန့်တော်မူ၏။ အလွန်လျှင် ရဟန်း၏အဖြစ်၌ စိတ်တော်သည် ညွတ်၏။

'ယနေ့သည်ပင်လျှင် ရဟန်းပြုအံ့' ဟု ကြံ၍၊ အသရေရှိသောနေရာမှ ထတော်မူ၍၊ တံခါးအနီးသို့ သွားတော်မူ၍၊ ''ဤတံခါးအနီး၌ အသူနည်း'' ဟု မေးတော်မူ၏။

''အရှင့်သား။ ဤတံခါးခုံ၌ ဦးခေါင်းပြု၍ အကျွန်ုပ်ဆန္နဿ'' ဟု လျှောက်၏။

''ဆန္နဿ။ ယခုနေ့ပင်လျှင် ရဟန်းပြုခြင်းငှာ အလိုရှိ၏။ တစ်စုံတစ်ယောက်သောသူတို့ကို မသိစေမူ၍၊ အလွန်လျင်သော သိန္ဓောမြင်းကို က,၍ ဆောင်ချေ''ဟု မိန့်တော်မူ၏။

ဆန္နအမတ်လည်း မြင်း၏ ကြိုး, ကတန်ဆာတို့ကို ယူ၍၊ မြင်းတင်းကုပ်သို့ သွားလေ၍၊ ဆီ, နံ့သာတို့ဖြင့် ထွန်းအပ်သော၊ ပန်းဗိတာန်တို့ဖြင့်ကျက်အပ်သော၊ ပန်းဗိတာန်၏အောက်၌ မွေ့လျော်ဖွယ်သောမြေ၌

http://www.dhammadownload.com



ရပ်သော၊ ရန်သူကိုနှိမ်ခြင်းငှာ စွမ်းနိုင်သော၊ 'ကဏ္ဍက'အမည်ရှိသော မြင်းမြတ်ကို ပြင်၍၊ 'ယနေ့ အရှင့်သား၏ ရဟန်းပြုခြင်းငှာ ဤမင်္ဂလာမြင်းကို က,အံ့သောငှာ သင့်၏'ဟု ထိုကဏ္ဍကမြင်းကို က,၏။

ထိုမြင်းသည်လည်း 'ဤကဲ့ခြင်းသည် အလွန်မြဲမြံ၏။ တစ်ပါးသောဥယျာဉ်ကစားခြင်းကာလ၌ အစီအရင်ကဲ့သို့ မဟုတ်။ ယနေ့ မချွတ်လျှင် အရှင့်သားသည် ရဟန်း ပြုတော်မူလတ္တံ့'ဟု မဆွကတည်းကပင်လျှင် သိ၍၊ ဝမ်းမြောက်ဝမ်းသာဖြစ်၍ ပြင်းစွာသောကျည်ကျာသံကိုပြု၏။ ထိုပဲ့တင်သံသည် ကပိလဝတ်ပြည်အလုံး ပဲ့တင်သံကို ပြုရာ၏။ နတ်တို့သည် ချုပ်သည်ဖြစ်၍ တစ်စုံတစ်ယောက်သောသူအား မကြားအောင် ပြုကုန်၏။

ဘုရားလောင်းသည် 'သားတော်ကို ရှေးဦးစွာ ရှုအံ့'ဟုကြံ၍၊ နေရာမှ ထတော်မူ၍၊ မယ်တော်၏အိပ်ရာသို့ သွားတော်မူ၍ တိုက်တံခါးကို ဖွင့်တော်မူ၏။ တိုက်၌ ဆီမီးသည် ထွန်း၏။ ရာဟုလာမယ်တော်သည် အမွှာလောက်သော မုလေး, ကြက်ရုံးပွင့်တို့ဖြင့် ကြဲအပ်သော မြတ်သောအိပ်ရာ၌, သားတော်ဦးခေါင်း၌ လက်တင်၍ အိပ်တော်မူ၏။

ဘုရားလောင်းသည် တံခါး၌ လက်ယာခြေတော်ကို ချ၍ ရပ်တော်မူလျက် ကြည့်တော်မူ၏။

'အကယ်၍ ငါသည် မိဖုရားလက်ကို ဖယ်၍ ငဲ့သားကို ယူအံ့။ မိဖုရားနိုးခဲ့သော် ငါ၏ ရဟန်းပြုခြင်း အန္တရာယ်သည် ဖြစ်လတ္တံ့။ ဘုရားဖြစ်မှသာလျှင် လာ၍ ငဲ့သားကို ရှုအံ့'ဟု သားတော်၌ အားကြီးသောချစ်ခြင်းကို မှတ်၍ လည်းကောင်း, များသောအခြင်းအရာဖြင့် ဘုံ ၃ ပါး၌ အပြစ်ကို လည်းကောင်း, ရဟန်းပြုခြင်း၌ အကျိုးကို လည်းကောင်း မှတ်၍၊ တံခါးခုံ၌ ချအပ်သောခြေတော်ကို ချီ၍၊ အမုန်ယစ်သောဆင်၏ ဦးခေါင်းကိုခွခြင်းငှာ စံပယ်သောကေသရာစာခြင်္သေ့မင်းကဲ့သို့ စံပယ်တော်မူလျက်၊ ဝမ်းမြောက်ဝမ်းသာ မြတ်သောပြာသာဒ်ထက်မှ သက်တော်မူ၍၊ ကဏ္ဍကမြင်းမြတ်၏အနီး၌ ရပ်တော်မူ၍၊

"ကဏ္ဍက။ သင်သည် ယနေ့ညဉ့်ပတ်လုံး ငဲ့ကို ဆောင်လော့။ ငါသည် သင့်ကိုမှီ၍ နတ်နှင့်တကွသော လူလောကကို ကယ်အံ့"

ဤသို့မိန့်တော်မူ၍ မြင်းသို့ တက်တော်မူ၏။

ကဏ္ဍကမြင်းသည် လည်မှသည် အလျား ၁၈ တောင်။ ထိုအလျားနှင့်လျောက်ပတ်စွာ အရပ်နှင့်ပြည့်စုံ၏။ အဆင်းအလင်းအားဖြင့် ပြည့်စုံ၏။ ခရုသင်းပတ်နှင့်တူသော ဖြူသောအဆင်း ရှိ၏။

ထိုနောင်မှ မြတ်သောမြင်း၏ ကျောက်ကုန်း၌ စီးတော်မူလျက်၊ ဆန္နအမတ်ကို မြင်းမြီးကိုကိုင်စေလျက် သန်းခေါင်အခါ၌ တံခါး၏အနီးသို့ ရောက်တော်မူ၏။

ထိုအခါ၌ ခမည်းတော်သုဒ္ဓေါဒနမင်းသည် ဘုရားလောင်း၏ သွားတော်မမူခြင်းငှာ တံခါးရွက် တစ်ခုတစ်ခုကို ယောက်ျား ၁၀၀၀ ဖွင့်မှ ပွင့်နိုင်အောင်ပြု၍ များစွာသောအစောင့်အရှောက် ထား၏။

ဘုရားလောင်းသည် ယောက်ျား ကုဋေ ၁၀၀၀ အား ကို ဆောင်တော်မူ၏။ ဆင် ကုဋေ ၁၀၀၀ အားကို ဆောင်တော်မူ၏။ ထိုသို့သောအားနှင့် ပြည့်စုံတော်မူသောကြောင့်၊ 'တံခါးသည် မဖွင့်အံ့။ မြင်း၌စီးလျက်ပင်လျှင် မြင်းမြီးကိုကိုင်သော ဆန္နနှင့်တကွ မြင်းကို ပေါင်ဖြင့်ညှပ်၍၊ ၁၈ တောင်အစောက်ရှိသော မြို့တံတိုင်းကို ခုန်၍ ထွက်အံ့'ဟု ကြံတော်မူ၏။

ကဏ္ဍကမြင်းလည်း 'တံခါး မဖွင့်သည် ဖြစ်အံ့။ ချမ်းသာသဖြင့် စီးတော်မူသော အရှင့်သားကို လည်းကောင်း, အမြီးကိုကိုင်သော ဆန္နကို လည်းကောင်း ယူ၍၊ မြို့တံတိုင်းကို ခုန်၍ သွားအံ့'ဟု ကြံ၏။

http://www.dhammadownload.com



ဆန္နအမတ်လည်း ဆင်ပြောင် ၅ စီးအားကို ဆောင်သောကြောင့် 'အကယ်၍ တံခါး မဖွင့်အံ့။ အရှင့်သားကို ကျောဉ်စီးစေ၍ မြင်းကို လက်ကတီး၌ ထမင်းထုပ်ကိုကဲ့သို့ ပိုက်၍၊ မြို့တံတိုင်းကို ခုန်၍ ထွက်အံ့' ဟု ကြံ၏။

ဤသို့ ဘုရားလောင်း, မြင်း, ဆန္န၊ ၃ ဦးတို့တွင် တစ်ပါးပါးသောအကြံသည် ပြည့်စုံရာသည် ဖြစ်၏။

ထိုအခါ တံခါးစောင့်သေနတ်တို့သည် ဖွင့်ကုန်၏။ ထို တံခါးဖွင့်သောခဏ၌ မာရ်မင်းသည် လာလတ်၍၊ 'ဘုရားလောင်းကို ရဟန်း မပြုစေအံ့'ဟု လက်၌ သံလျက်စွဲလျက် ကောင်းကင်၌ ရပ်၍၊

'မာနိကွမ မဟာဝီရ၊ ဣတောတေသတ္တမေ။ ဒိနေ။ ဒိဗ္ဗံတုစက္ကရတနံ၊ အဒ္ဓါပါတု ဘဝိဿတိ။ ။' ဤသို့အစရှိသော ဂါထာကို ဆို၏။

အဓိပ္ပာယ်ကား

''မြတ်သောမင်း။ တောထွက်တော် မမူလင့်။ ဤနေ့မှ ၇ ရက်မြောက်သောနေ့၌ နတ်၌ဖြစ်သော စကြာရတနာသည် ရောက်လတ္တံ့။ ကျန်းငယ် ၂၀၀၀ အရံရှိသော ၄ ကျန်းတို့၌ မင်း၏အဖြစ်ကို ပြုစေလတ္တံ့။ ပြန်တော်မူလော'' ဤသို့ဆို၏။

ဘုရားလောင်းလည်း ''သင်သည် အဘယ်သူနည်း''ဟု မေးတော်မူ၏။

''ငါ ဝသဝတ္တီမာရ်မင်း''ဟု ဆို၏။

''စင်စစ် ငါသည် ငါ့အား စကြာရတနာဖြစ်ခြင်းကို သိ၏။ ငါလည်း မင်း၏အဖြစ်ကို အလိုမရှိ။ မာရ် သွားလေ။ မရပ်လင့်။ ငါသည် ၁ သောင်းသောလောကဓာတ်ကို ပဲ့တင်ထပ်စေ၍ လောကဋ္ဌ ကိုးကွယ်ရာဖြစ်အံ့' ဟု မိန့်တော်မူ၏။ မာရ်လည်း ထိုအရပ်၌ပင်လျှင် ကွယ်လေ၏။

ယောကျ်ားမြတ်သည် ၂၉ နှစ်ပြည့်သောအခါ၌ ရောက်လတ္တံ့သော စကြဝတေးမင်း၏စည်းစိမ်ကို တံတွေး ပေါက်ကဲ့သို့ ငဲ့ခြင်းမရှိ စွန့်တော်မူ၍၊ စကြဝတေးမင်း၏ အသရေ၏တည်ရာဖြစ်သော နန်းတော်ကဲ့သို့သော နန်းတော်မှ ထွက်၍၊ ဥတ္တရာသင်္ဃနကွတ်နှင့်ယှဉ်သော ဝါဆိုလပြည့်နေ့ ညဉ့်အခါ၌ မြို့မှ ထွက်တော်မူ၍ မြို့ကို ကြည့်ခြင်းငှာ အလိုတော်ရှိသည် ဖြစ်၏။ ထိုသို့သောအကြံ ဖြစ်တော်မူသောအခြားမဲ့၌ ထိုမြေအရပ်သည် အိုးထိန်းစက်ကဲ့သို့ လည်၏။

ဘုရားလောင်းသည် အတိုင်းပင် ကပိလဝတ်မြို့ကို ကြည့်တော်မူ၏။ ထိုအရပ်၌ ကဏ္ဍကနိဝတ္တန စေတီရာကို မြင်တော်မူ၏။ သွားတော်မူအပ်သောခရီးကိုရှေးရှု ကဏ္ဍကမြင်းဖြင့် လှည့်၍ကြည့်၏။ ကြီးစွာ ပူဇော်သက္ကာရ, မြတ်သောကျက်သရေအပေါင်းဖြင့် သွားတော်မူ၏။

ထိုအခါ ဘုရားလောင်း သွားတော်မူသည်ရှိသော် ဘုရားလောင်းရှေ့တော်၌ ၆ သန်းသော မီးရှူးတို့ကို နတ်တို့ ထွန်းကုန်၏။ နောက်၌ လည်းကောင်း, လက်ယာ၌ လည်းကောင်း, လက်ဝဲ၌ လည်းကောင်း ၆ သန်း ၆ သန်းသော မီးရှူးတို့ကို ထွန်းကုန်၏။ တစ်ပါးသောနတ်တို့သည် စကြဝဠာတောင်၌ နေ၍ များစွာသောမီးရှူး တို့ကို ထွန်းကုန်၏။ တစ်ပါးသော နဂါး, ဂဠုန် အစရှိသည်တို့သည် ကောင်းသော၊ နတ်၌ဖြစ်ကုန်သော နံ့သာ, ပန်း, အမုံအထုံအခိုး, သားမြီးယပ်, တံခွန်, ကုက္ကား, ထီး အစရှိသည်တို့ဖြင့် ပူဇော်ကုန်သည်ဖြစ်၍ ခြံရံလျက် သွားကုန်၏။ နတ်၌ဖြစ်ကုန်သော များစွာကုန်သော စည်, စောင်း, ငြင်း တို့သည် ဖြစ်ကုန်၏။

ဤသို့သော အသရေအပေါင်းဖြင့်သွားတော်မူသော ဘုရားလောင်းသည် တစ်ညဉ့်ချင်းပင်လျှင် ၃ ပြည် တို့ကို လွန်၍ ယူဇနာ ၃၀ သောအရပ်သို့ ရောက်၏။ ထိုကဏ္ဍကမြင်း၏အစွမ်းသည် စကြဝဠာကိုလှည့်၍

http://www.dhammadownload.com



နန်းတော်သို့ နံနက်စာစားမီအောင် ရောက်နိုင်သောအစွမ်း ရှိငြားသော်လည်း၊ နတ်တို့ပူဇော်သောပန်း ကျွံဝင်၍ အားယူရာတွင် ကြာ၍ ယူဇနာ ၃၀ သာ ရောက်၏။

နေအရောက်တက်သောအခါ၌ အနောမာမြစ်သို့ ရောက်တော်မူ၏။

ထိုအခါ ဘုရားလောင်းသည် မြစ်နား၌ မြင်း တန့်တော်မူ၍၊ ''ဆန္နာ။ ဤမြစ်သည် အဘယ်အမည် ရှိသနည်း'' ဟု မေးတော်မူ၏။

''အလောင်းမင်း။ 'အနောမာ' မည်သောမြစ်'' ဟု လျှောက်၏။

''ငါတို့၌ ဤရဟန်းအဖြစ်သည် မြတ်သည် ဖြစ်လတ္တံ့'' ဟု ဖနောင့်တော်ဖြင့်ခတ်၍ မြင်းအား အမှတ်ကို ပေးတော်မူ၏။ မြင်းသည်လည်း ထိုအမှတ်ဖြင့် ၈ ဥသဘအပြောရှိသော မြစ်၏တစ်ဖက်သို့ ခုန်၍ ရပ်၏။

ဘုရားလောင်းလည်း မြင်းမှ သက်တော်မူ၍၊ ပုလဲပုံနှင့်တူသော သိမ်မွေ့သောသဲပြင်၌ ရပ်တော်မူ၍၊ ''ဆန္နာ။ သင်သည် ငါ၏တန်ဆာ၊ ကဏ္ဍကမြင်းတို့ကို ယူ၍ သွားပါလော။ ငါသည် ရဟန်းပြုအံ့'' ဟု ဆိုတော်မူ၏။ ဆန္နအမတ်သည်လည်း ''အကျွန်ုပ်လည်း ရဟန်းပြုပါအံ့'' ဟုလျှောက်၏။

''သင်သည် ရဟန်း မပြုလင့်ဦး။ ပြန်ဦးလော'' ဟု ၃ ကြိမ် မြစ်တော်မူ၍၊ တန်ဆာတို့ကို ယူစေ၍ ကြွတော်မူ၏။

'ငါ၏ ဤဆံတို့သည် ရဟန်းအား မလျောက်ပတ်ကုန်။'

ဘုရားလောင်းဆံတော်ကို တစ်ပါးသောသူတို့သည် ဖြတ်အံ့သောငှာ မထိုက်သောကြောင့် ဘုရားလောင်း ပင်လျှင် 'ဆံတော်တို့ကို ဖြတ်အံ့' ဟု လက်ယာလက်ဖြင့် ဖြတ်သောဝဲလျက်ကို ကိုင်တော်မူ၍၊ လက်ဝဲလက် ဖြင့် ဦးခေါင်းတော်မှ ဦးသျှောင်တော်ကို ကိုင်၍ ဖြတ်တော်မူ၏။ ဆံတော်တို့သည် လက် ၂ သစ် အတိုင်းအရှည် ရှိကုန်သည်ဖြစ်၍၊ လက်ယာရစ် လှည့်ကုန်လျက် ဦးခေါင်းတော်၌ တည်ကုန်၏။ အသက်တော်ရှည်သည်တိုင်အောင် ထိုလက် ၂ သစ် အတိုင်းအရှည်သာလျှင် ဖြစ်၏။ မုတ်ဆိတ်တော်လည်း ရဟန်းအားလျောက်ပတ်စွာ ဖြစ်၏။ တစ်ဖန်ရိတ်အံ့သောကိစ္စ မရှိ။

ဘုရားလောင်းသည် ဦးပေါင်းနှင့်တကွသော ဦးသျှောင်တော်ကို ကိုင်တော်မူ၍၊ ''ငါသည် ဘုရား ဖြစ်အံ့။ ကောင်းကင်၌ တည်စေသတည်း။ အကယ်၍ ဘုရား မဖြစ်အံ့။ မြေ၌ ကျစေသတည်း'' ဓိဋ္ဌာန်တော်မူ၍ ကောင်းကင်သို့ ပစ်တော်မူ၏။

ထိုဦးသျှောင်တော်သည် ၁ ယူဇနာ အတိုင်းအရှည်ရှိသော ကောင်းကင်၌ တည်၏။ ထိုအခါ၌ သိကြားမင်း သည် မြင်၍၊ ၁ ယူဇနာ အတိုင်းအရှည်ရှိသော ရတနာပန်းတောင်းဖြင့် ခံ၍ယူပြီးမှ တာဝတိံသာနတ်ပြည်၌ ၃ ယူဇနာ အတိုင်းအရှည်ရှိသော စူဠာမဏိစေတီ တည်၏။

ထိုနောင်မှ 'ဤအဝတ်တို့သည် များသောအဖိုးထိုက်သော ကာသိကရာဇဝတ်ပုဆိုးတည်း။ ရဟန်းအား သင်္ကန်းသည် မဖြစ်ကုန်' ဟု ကြွတော်မူ၏။

ထို ကြွတော်မူသောခဏ၌ ကဿပမြတ်စွာဘုရားလက်ထက်တော်၌ အဆွေခင်ပွန်းဖြစ်ခဲ့ဖူးသော ဃဋိကာရ ဗြဟ္မာကြီးသည် ဘုရား တဖြစ်ပတ်လုံး အဆွေခင်ပွန်းမပျက်သည်၏အဖြစ်ဖြင့် ကြွ၏။

'ယနေ့ ငါ၏အဆွေခင်ပွန်းသည် မြတ်သောရဟန်းပြုခြင်းငှာ ထွက်၏။ ထိုအဆွေခင်ပွန်းအား ရဟန်း ပရိက္ခာရာကို ယူ၍ သွားအံ့' ဤသို့ကြံ၍၊

http://www.dhammadownload.com



'တိစီဝရဿ ပတ္တောစ ဝါသိ သူစီစဒ္ဓနံ။

ပရိဿာဝနဿ အဋ္ဌတေ၊ ယုတ္တယောဂဿ ဘိက္ခုနော။ ။'

'သင်းပိုင်, ကိုယ်ဝတ်, ဒုကူဋ်'ဟူသော သင်္ကန်း ၃ ထည် လည်းကောင်း၊ သပိတ် လည်းကောင်း၊ ပဲခွပ် လည်းကောင်း၊ အပ် လည်းကောင်း၊ ခါးပန်း လည်းကောင်း၊ ရေစစ် လည်းကောင်း။ ၈ ပါးသော ပရိက္ခရာတို့သည် ကမ္မဋ္ဌာန်းဘာဝနာ၌ ယှဉ်သောရဟန်းအား သင့်ကုန်၏'ဟု ဆိုအပ်သော ဤ ၈ ပါးသော ရဟန်း ပရိက္ခရာတို့ကို ဆောင်ခဲ့၍ ကပ်၏။

ဘုရားလောင်းသည် ထိုပရိက္ခရာကို ခံပြီး၍၊ 'ဤသို့ ဝတ်အပ်၏။ ဤသို့ ရုံအပ်၏'ဟု သင်သောဆရာ မရှိငြားသော်လည်း ရှေးဆရာတို့၏အထံတော်၌ ရဟန်းပြု၍ အလေ့အကျက်ပြုဖူးသည်၏အဖြစ်ကြောင့် လည်းကောင်း သင်းပိုင်ကို ဝတ်တော်မူ၍၊ ခါးပန်း ပတ်တော်မူပြီးမှ ကိုယ်ဝတ်ကို ရုံတော်မူ၍၊ ဒုကူဋ်ကို ပခုံးခွဲ တင်တော်မူ၍၊ သပိတ်ကို လွယ်တော်မူ၍၊ ဝတ်လဲတော်ကို ကိုင်တော်မူ၍၊ ''မချုတ် ဘုရား ဖြစ်အံ့။ ကောင်းကင်၌ တည်စေသော်။ ဘုရား မဖြစ်အံ့။ မြေ၌ တည်စေသော်''ဟု အဓိဋ္ဌာန်တော်မူ၍၊ ကောင်းကင်သို့ ပစ်အပ်သော လူမင်းအဝတ်တော်ကို ဖြဟ္မာ ယူ၍၊ ဖြဟ္မာဘုံ၌ ၁၂ ယူဇနာအတိုင်းအရှည်ရှိသော ဒုဿစေတီ တည်၍ ဌာပနာပူဇော်၏။

ဤသို့ ယောကျ်ားမြတ်သည် ရဟန်းပြု၍၊ သီလကို ဆောက်တည်တော်မူ၍၊ ''ဆန္နေ။ ငါ၏စကားဖြင့် မယ်တော်,ခမည်းတော်တို့အား ငါ၏ အနာမရှိသည်၏အဖြစ်ကို ကြားပါလော''ဟု လွှတ်တော်မူလိုက်၏။ ဆန္နလည်း ယောကျ်ားမြတ်ကို ရှိခိုး၍၊ ရိသေစွာပြု၍ ထိုအရပ်မှ ဖဲ၏။

ကဏ္ဍကမြင်းသည်ကား ဆန္နနှင့် တကွတိုင်ပင်သော ဘုရားလောင်းစကားကို ကြားသည်ဖြစ်၍၊ 'ယခု အရှင့်သားကို မမြင်ရပြီ'ဟု ဘုရားလောင်း၏ မျက်စိအဆုံးကို လွန်လျှင် ဘုရားလောင်းနှင့် ကွေကွင်းသော ဆင်းရဲကို သည်းမခံနိုင်သည်ဖြစ်၍၊ စုတေ၍ တာဝတိံသာနတ်ပြည်၌ 'ကဏ္ဍက'အမည်ရှိသော နတ်သားဖြစ်လေ၏။

ဆန္နအမတ်လည်း ဘုရားလောင်းနှင့် ကွေကွင်းသောဆင်းရဲ, မြင်းနှင့် ကွေကွင်းသောဆင်းရဲဖြင့် ငို လျက်ပင် သွားလေ၏။

http://www.dhammadownload.com



## ဘုရားလောင်း ရာဇကြိုဟ်ပြည်သို့ဝင်၍ ဆွမ်းရပ်သည်ကို ပြခြင်း

ဘုရားလောင်းလည်း ရဟန်းပြု၍ မိုးသောက်ပြီးသော်၊ ထိုအရပ်၌ 'အနုပိယ' အမည်ရှိသော သရက်တောင်၌ အာဟာရကင်းလျက် ရဟန်းချမ်းသာဖြင့် ၇ ရက် လွန်စေ၍၊ တိတ်တိတ်ညင်သာလျှင် ၃ ယူဇနာရှိသောခရီးကို ခြေဖြင့် သွားတော်မူ၍၊ ရာဇကြိုဟ်ပြည်သို့ ဝင်တော်မူ၍ အိမ်စဉ်အတိုင်း ဆွမ်းရပ်တော်မူ၏။

ဓနပါလဆင် ဝင်သည်ရှိသော် ရာဇကြိုဟ်မြို့အလုံး ချောက်ချားသကဲ့သို့၊ အသူရိန် ဝင်သည်ရှိသော် တာဝတိံသာနတ်ပြည်အလုံး ချောက်ချားသကဲ့သို့၊ မြတ်စွာဘုရားအဆင်းတော်ကို ရှုသောအားဖြင့် ရာဇကြိုဟ်မြို့အလုံးသည် ချောက်ချားခြင်း ဖြစ်၏။ ယောကျ်ားမြတ် ဆွမ်းခံသွားတော်မူသည်ရှိသော် ဘုရားအဆင်းတော်ကို ရှုသောအားဖြင့် ဝမ်းမြောက်ဝမ်းသာခြင်းဖြင့် အုံဖွယ်သရဲဖြစ်ကုန်သော မြို့သားတို့သည် ဘုရားအလောင်းအဆင်းတော်ကိုရှုခြင်း၌ ချမ်းမြေ့သောနှလုံး ရှိသည် ဖြစ်ကုန်၏။

ထိုမြို့သားတို့တွင် တစ်ယောက်သောသူသည် တစ်ယောက်သောသူကို အချင်းချင်း ''အသူရိန်ကို ကြောက်သောကြောင့် ဖုံးလွှမ်းသောအရောင် ရှိသည်ဖြစ်၍ လမင်းသည် လူ့ပြည်သို့ လာသည်လော'' ဟုဆို၏။

ထိုသို့သောသူကို တစ်ယောက်သောသူတို့သည် ''အသို့ဆိုသနည်း အချင်း။ လမင်းသည် လူ့ပြည်သို့ လာသည်ကို မြင်ဖူးသလော''ဟု ဆို၏။

''စင်စစ် ဤသူသည် သိမ်မွေ့သောအမှတ်ရှိသော မာရ်နှုတ်မင်း တည်း။ အသွင်အထူးကိုယူ၍ ငါတို့မင်းမြတ်၏ လည်းကောင်း, မြို့သား၏ လည်းကောင်း အလွန်တင့်တယ် စံပယ်ခြင်းကို မြင်၍ ရွှင်မြူးအံ့သောငှာ လာသတည်း''ဟု ဆို၏။

ထို'မာရ်မင်း'ဟု ဆိုသောသူကို တစ်ယောက်သူသည် ရယ်၍၊ ''အချင်း။ သင်ကား ရူးသလော။ မာရ်မင်းသည် များစွာသောအစိုးရခြင်း ရှိ၏။ များစွာသောကိုယ်, လောင်သောကိုယ် ရှိသည် မဟုတ်တုံလော။ ဤသူသည်ကား နတ်တို့ကိုအစိုးရသော သိကြားမင်းတည်း။ နတ်ပြည် ဟူသောအမှတ်ဖြင့် ငါတို့မြို့သို့ လာ၏''

ထိုဆိုသောသူကို တစ်ပါးသောသူသည် အတန်ငယ်ရယ်၍၊ ''သင်ကား ဘယ်သို့ ဆိုဘိသနည်း။ ရှေ့နောက် မညီသောစကားကို သင် ဆို၏။ ထိုသူ၏ သိကြားအဖြစ်ကား အဘယ်မှာ ဖြစ်အံ့နည်း။ အဘယ်မှာ ဝရဇိန်လက်နက်နည်း။ အဘယ်မှာ ဧရာဝဏ်ဆင်နည်း။ စင်စစ်ကား ဤသူသည် ဗြဟ္မာမင်းတည်း။ ပုဏ္ဏားတို့ မေ့လျော့သည်ကို သိ၍၊ ၃ ပုံသောဗေဒင် အစရှိသည်တို့၌ ယှဉ်စိမ့်သောငှာ လာ၏''ဟု ဆို၏။

ထိုဆိုသောသူကို ခြိမ်း၍၊ တစ်ပါးသောသူသည် ''ဤသူကား လနတ်သားလည်း မဟုတ်။ မာရ်မင်းလည်း မဟုတ်။ သိကြားလည်း မဟုတ်။ ဗြဟ္မာလည်း မဟုတ်။ ဤသူကား ခပ်သိမ်းသောလောကဓာတ်၏ အကြီးဖြစ်သော, အုံဖွယ်သရဲဖြစ်သော, လူဖြစ်သော ဘုရားတည်း'' ဤသို့ဆို၏။

ဤသို့လျှင် ပြည်သူတို့ ဆိုကုန်သည်ရှိသော်၊ မင်းချင်းတို့သည် သွား၍ ထိုအကြောင်းကို ဗိမ္ဗိသာရမင်းအား လျှောက်ကုန်၏။

http://www.dhammadownload.com



''အရှင်မင်းကြီး။ 'နတ်'ဟူ၍လည်း မသိ။ 'ဂန္ဓဗ္ဗနတ်'ဟူ၍လည်း မသိ။ 'နဂါး'ဟူ၍လည်း မသိ။ 'ဂဠုန်'ဟူ၍လည်း မသိ။ 'ဘီလူး' ဟူ၍လည်း မသိ။ အဘယ်သူနည်း မသိ။ အကျွန်ုပ်တို့၌ ဆွမ်းခံသွားသည်''ဟု လျှောက်ကုန်၏။

ထိုသို့လျှောက်သော စကားကိုကြား၍၊ ပြာသာဒ်ထက်၌ ရပ်တော်မူ၍ မင်းကြီးကြည့်သော်၊ ယောကျ်ားမြတ်ကို မြင်၍၊ 'အံ့ဖွယ်သရဲ့ မဖြစ်ဖူးမြဲ'ဟု စိတ်ရှိသည်ဖြစ်၍၊ ''ထိုသူကို စူးစမ်းလေကုန်။ လူ မဟုတ်အံ့။ မြို့မှထွက်၍ ကွယ်လတ္တံ့။ နတ်ဖြစ်အံ့။ ကောင်းကင်ဖြင့် သွားလတ္တံ့။ နဂါးဖြစ်အံ့။ မြေကိုလျှိုး၍ သွားလတ္တံ့။ ဘုရားဖြစ်အံ့။ ရသောဆွမ်းကို ဘဉ်းပေးလတ္တံ့။ ဤသို့သိအောင် စူးစမ်းကုန်''ဟု စေတော်မူ၏။

ယောကျ်ားမြတ်လည်း ငြိမ်သက်သောကွန်ရှေ့ ရှိသည်ဖြစ်၍၊ ငြိမ်သက်သောစိတ်တော် ရှိသည်ဖြစ်၍၊ အဆင်းတော်၏တင့်တယ်ခြင်းဖြင့် လူအပေါင်းတို့မျက်စိတို့ကို ငင်သကဲ့သို့၊ ရထားထမ်းပိုး တစ်ပြန်မျှကို ကြည့်တော်မူ၍၊ ရသော မျှလောက်ရုံသောဆွမ်းကို ဆောင်တော်မူ၍ ဝင်သောတံခါးဖြင့်သာလျှင် ထွက်တော်မူ၏။

ပဏ္ဍာဝတောင်ရိပ်၌ အရှေ့သို့ ရှေးရှုတော်မူ၍ သပိတ်၌ ဆွမ်းကို ယူတော်မူ၏။ လူမင်းအစာ၌ သုဓာဘုတ်နှင့် တူသောအစာကို စားတော်ခေါ်သော ဘုရားလောင်းအား ထို အရောရောသောဆွမ်းကို မြင်တော်မူ၍ အအူတို့သည် ထွက်အန်သကဲ့သို့ ပြင်းစွာစက်ဆုပ်ခြင်း ဖြစ်တော်မူ၏။ ထိုနောင်မှ ပဋိကူလသညာဖြင့် ဆင်ခြင်တော်မူ၍၊ ရွံရှာခြင်း မရှိသည်ဖြစ်၍ ဘဉ်းပေးတော်မူ၏။ ဤဆွမ်းကို ဘဉ်းပေးခြင်းသည် ရဟန်းပြု၍ ၈ ရက်မြောက်သောနေ့၌ ဘဉ်းပေးတော်မူခြင်းတည်း။

ထိုနောင်မှ ထိုမင်း၏တမန်တို့သည် ဆွမ်းဘဉ်းပေးတော်မူသောအကြောင်းကို လျှောက်ကုန်၏။ မင်းလည်း တမန်တို့စကားကို ကြားလျှင်၊ ဘုရားလောင်း၏ကျေးဇူးစကားကို ကြားခြင်းဖြင့်လျှင် မြင်ချင်သည် ဖြစ်၍၊ လျင်စွာ မြို့မှ ထွက်တော်မူ၍၊ ပဏ္ဍာဝတောင်သို့ ရှေးရှုသွား၍၊ ယာဉ်မှ သက်၍၊ ဘုရားအလောင်းတော်အထံသို့ ကပ်၍၊ ထိုဘုရားလောင်းသည် 'ဤတွင်နေ'ဟု ခွင့်ပြုတော်မူအပ်သော ကျောက်အပြင်၌ နေ၍၊ ဘုရားလောင်း၏ ဣရိယာပုထ်၌ ကြည်ညိုသည် ဖြစ်၍၊ အမျိုးတော်၊ အမည်တော်ကို မေး၍ ကြားလျှင် ဘုရားလောင်းအား မင်း၏အဖြစ်ကို ဆောင်နှင်း၏။

''မြတ်သောမင်း။ ဝတ္ထုကာမ၊ ကိလေသာကာမတို့ဖြင့် အလိုမရှိ။ သဗ္ဗညုတအဖြစ်ကို အလိုရှိ၍၊ ရဟန်းအဖြစ်ကိုပြု၍ မင်းအဖြစ်ကို ပယ်တော်မူ၏''

ဗိမ္မိသာရမင်းလည်း အဖန်တလဲလဲတောင်းပန်၍ ခွင့်မရလျှင်၊ ''ဘုရားဖြစ်တော်မူလျှင် ရှေးဦးစွာ အကျွန်ုပ်နိုင်ငံသို့ လာပါ''ဟု ဆိုဘိ၏။ ဘုရားလောင်း ဝန်ခံတော်မူလျှင် မင်းသည် မြို့သို့ ဝင်တော်မူ၏။

http://www.dhammadownload.com



## ဒုက္ကရစရိယာကျင့်သည်ကို ပြတော်မူခြင်း

ဘုရားလောင်းလည်း အစဉ်သဖြင့် ဒေသစာရီသွားတော်မူသည်ရှိသော်၊ 'အာဠာရ'ဟုဆိုအပ်သော ကာလာမသို့ လည်းကောင်း၊ ရာမပုတ္တားသား ဥဒကသို့ လည်းကောင်း ကပ်တော်မူ၍၊ အာကိဉ္စညာယတန သမာပတ်၊ နေဝသညာနာသညာယတန သမာပတ်တို့ကို ဖြစ်စေ၍၊ 'ဤသမာပတ်တို့သည် သဗ္ဗညုတဉာဏ်၏အကြောင်း မဟုတ်'ဟု မှတ်တော်မူ၍၊ ထိုသမာပတ်တို့ကို ပွားစေခြင်းဖြင့် တန်ဆာဆင်တော် မမူ၍၊ နတ်နှင့်တကွသော လောကသို့ ဘုရားလောင်း၏အစွမ်းလုံ့လကို ပြုခြင်းငှာ ဒုက္ကရစရိယာကို ကျင့်လို၍၊ ဥရုဝေလသို့ သွားတော်မူ၍၊ 'ဤအရပ်သည်ကား မွေ့လျော်ဖွယ် ရှိစွတကား'ဟု ထို ဥရုဝေလအရပ်၌ နေ၍ ဒုက္ကရစရိယာ ကျင့်တော်မူ၏။

ဖွားတော်မူသောနေ့၌ လက္ခဏာဖတ်ကုန်သော ပုဏ္ဏား ၈ ယောက်တို့တွင် ၄ ယောက်သောပုဏ္ဏားတို့၏ သားဖြစ်သော ၄ ယောက်သော ပုဏ္ဏား၊ လက်ညှိုးတစ်ချောင်းပြု၍ လက္ခဏာဖတ်သော ကောဏ္ဍည*ပုဏ္ဏား၊ ဤ ၅ ယောက်သောပုဏ္ဏားတို့သည် ရဟန်းပြု၍ ရွာ၊ နိဂုံး၊ မင်းနေမြို့တို့၌ ဆွမ်းခံသွား၍၊ ထို ဥရုဝေလအရပ်၌ နေတော်မူသော ဘုရားလောင်းသို့ ရောက်ကုန်၏။

ထိုရောအခါ ၆ နှစ်ပတ်လုံး ဒုက္ကရစရိယာ ကျင့်တော်မူသော ဘုရားလောင်းကို 'ယခုဘုရား ဖြစ်တော့မည်'ဟု ပရိဝုဏ်ကို တံမြက်လှည်းခြင်း အစရှိသောအကျင့်ဝတ်ဖြင့် လုပ်ကျွေးကုန်သည်ဖြစ်၍ ဘုရားလောင်းအနီး၌ နေကုန်၏။

ဘုရားလောင်းသည် 'မြတ်သောအဆုံးသို့ ရောက်တော်မူသောအကျင့်ခက်ကို ကျင့်အံ့'ဟု နှမ်းတစ်လုံး၊ ဆန်တစ်လုံး အစရှိသည်တို့ဖြင့် လွန်စေ၏။ အချင်းခပ်သိမ်း အာဟာရကိုလည်း ဖြတ်တော်မူ၏။

နတ်တို့သည် ''မွေးတွင်းတော်မှသည် နတ်ဩဇာကို သွင်းအံ့''ဟု ဆိုကုန်၏။

ယောကျ်ားမြတ်သည် ''အာဟာရကို အချင်းခပ်သိမ်း ငါ ကြဉ်အံ့။ နတ်တို့။ သင်တို့သည် 'မွေးတွင်းတို့ဖြင့် ဩဇာကို သွင်းကုန်အံ့'ဟူမူ ထို'အာဟာရကို ဖြတ်မည်'ဟု ဆိုသောစကားသည် မုသား ဖြစ်ရာ၏''

ဤသို့ ကြံတော်မူ၍ တစ်လက်ဖက်မျှ ပဲစင်းငုံရည်, ဧီးသီးရည်တို့ကို ဘဉ်းပေးတော်မူ၏။

ထိုသို့ ပြင်းစွာကျင့်တော်မူသောကြောင့် ဘုရားလောင်းကိုယ်တော်၌ ၃၂ ပါးသော လက္ခဏာတော်ကြီး, ၈၀ သောလက္ခဏာငယ်တို့သည် ကွယ်ကုန်၏။ ရွှေအဆင်းနှင့်တူသော ကိုယ်တော်သည် မည်း၏။ ကိုယ်တော်အလုံး၌ အသွေးအသားတို့သည် ခြောက်ထပ်ကုန်၏။

ဤသို့ ပြင်းစွာသောဆင်းရဲကို ခံငြားသော်လည်း 'ဤ ပြင်းစွာသောအကျင့်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ၆ နှစ်ပတ်လုံး ဤသို့ဆင်းရဲပြုသော ငါသည် သဗ္ဗညုတဉာဏ်ကို ငါ မရ။ ယခု ငါ၏နှန်းတော်သို့ ပြန်၍ ယသောဓရာ အမှူးရှိသော မောင်းမ ၄ သောင်းတို့ကို လည်းကောင်း၊ မယ်တော်, ခမည်းတော်တို့ကို လည်းကောင်း၊ ၈ သောင်းသောအမျိုးတို့ကို လည်းကောင်း ငါသည်ဖူးမြင်ရသော် ကောင်း၏။ နတ်တို့ဘောဇဉ်နှင့်တူသော

* ကောဏ္ဍညအမျိုး သုဒဿပုဏ္ဏားကို အမျိုးကိုခွဲ၍ ခေါ်ဟန်တူ၏။

http://www.dhammadownload.com



ကောင်းသောဘောဇဉ်ကို စား၍၊ မြတ်သောအိပ်ရာ၌အိပ်ရသော် ကောင်း၏' ဤသို့သော အကြံသည်မျှ မဖြစ်ဖူးဘူးလေ။

တစ်နေ့သောအခါ၌ ကိုယ်တော်သန့်သက်သောကိစ္စကို ပြုခြင်းငှာ ထိုင်တော်မူ၏။ ကိုယ်တော်အလုံးသည် ခြောက်၍ ကျင်ကြီးအဝသည် ထွတ်၏။ ထွတ်ရာအရပ်၌ ပြင်းစွာသောဝေဒနာ ဖြစ်၏။ ယောကျ်ားမြတ်လည်း ကိုယ်တော်သန့်ရှင်းခြင်းကိစ္စကို မပြုနိုင်။ မိန်းမောတော်မူသည်ဖြစ်၍ လဲတော်မူ၏။

ထိုအခါ တစ်ယောက်သောနတ်သည် ခြောက်၍ ကျင်ကြီးမူးသည် မှတ်၍၊ သုဒ္ဓေါဒနမင်း၏အထံသို့ သွား၍၊ ''မင်းကြီးသားတော် စုတေခဲ့ပြီ''ဟု ဆို၏။

ခမည်းတော်လည်း ''ဘုရားဖြစ်၍ ငါ့သား စုတေသည်လော။ ဘုရား မဖြစ်မူ၍ စုတေသည်လော''ဟု မေးတော်မူ၏။

''ဘုရားမဖြစ်မူ၍ စုတေသည်''ဟု နတ်သားဆိုလျှင်၊ ''နတ်။ ဖဲလေ။ ငါ့သားလျှင် ဘုရား မဖြစ်မူ၍ အဘယ်မှာ စုတေမည်နည်း'' ဟု ခြိမ်းတော်မူ၏။ ထို နတ်လည်း ကွယ်လေ၏။

ထိုနောင်မှ ဘုရားလောင်းသည် အဓိန်းအမောပြေ၍ ထတော်မူသော်၊ နတ်သားတစ်ယောက်သည် ''ရှင်မင်းကြီးသားတော်သည် အနာမရှိ''ဟု ဆိုပြန်လာ၏။

သုဒ္ဓေါဒနမင်းလည်း ''ငါ့သား မစုတေသော ငါ့သားအဖြစ်ကို ငါ သိ၏''ဟု မိန့်တော်မူ၏။

တစ်ပါးသောနေ့၌ ထွက်သက်ဝင်သက်တို့ကို ချုပ်တော်မူ၍ အထူးထူးသော၊ ပြင်းစွာသောဝေဒနာသည် ဖြစ်၏။ အဆင်းမလှသည် ဖြစ်၏။ နွားကျောင်းသားတို့သည် မြင်၍၊ ''မည်းသောအဆင်းရှိသော ရဟန်း'', ''ကြမ်းပိုး၏အရေကဲ့သို့ အားရရှိသောရဟန်း''ဟု ဆိုလေကုန်၏။

ဤသို့ ကာလကြာသည်ရှိသော် မာရ်မင်းလာပြန်၍ လုံ့လကို လျှော့စိမ့်သောငှာ ''သင်၏ အဆင်းမလှခြင်းသည် ဖြစ်၏။ သေခြင်းအနီးသို့ ဖြစ်၏'' ဤသို့ အစရှိသောစကားကို ဆိုကုန်၏။

ဘုရားလောင်းသည်လည်း 'ပမတ္တဗန္ဓု' အစရှိသည်ဖြင့် ခြိမ်းတော်မူ၍ မာရ်တို့ ပြေးစေ၏။

ထိုနောင်မှ 'ဤလောက၌ ပြုခဲသော အကျင့်ကို အကြင်သူတို့သည် ပြုကုန်၏။ ထိုသူတို့သည် ငါနှင့် တူကုန်သည် ဖြစ်ကုန်၏။ ငါ့အောက်ယုတ်ကုန်သည် ဖြစ်ကုန်၏။ ထိုထက်အလွန် အကျင့်ခဲကို ကျင့်အံ့သောငှာ စွမ်းနိုင်သောသူမည်သည် မရှိ။ ဤအကျင့်သည် သမ္မဉ္ဇုတဉာဏ်၏ အကျင့်မဟုတ်'ဟု သပြေရိပ်၌ နေ၍၊ 'အကြင်စျာန်ကို ပွားစေ၏။ ထိုချမ်းသာမှ အဘယ်ကြောင့် ငါသည် ကြောက်အံ့နည်း။ ကာမတို့ကို ကြဉ်၍သာလျှင် အကြင်စျာန်ကို ပွားစေအံ့'

ဤသို့ ကြံတော်မူ၍၊ 'ထိုစျာန်ကို ဤသို့ အားမရှိသောကိုယ်ဖြင့် ပွားစေခြင်းငှာ မတတ်နိုင်။ ယခု အာဟာရကို ဆောင်သဖြင့် ကိုယ်ကိုခိုင်းစေ၍ ထိုသမာဓိကို ပွားစေရသော် ကောင်းအံ့တကား'ဟု သဝိတ်ကို ယူတော်မူ၍၊ သေနိုဂုံးရွာ၌ ဆွမ်းခံတော်မူ၍ ဘုဉ်းပေးတော်မူ၏။

၂ ရက် - ၃ ရက်လျှင် အားရှိတော်မူ၍၊ လက္ခဏာတော်တို့ သည်အတိုင်း ဖြစ်ကုန်၏။ အဆင်းတော်တို့ သည်အတိုင်းပင် တင့်တယ်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ ပဉ္စဝဂ္ဂီရဟန်းတို့သည် ''ဤဘုရားလောင်းသည် ၆ နှစ်တိုင်တိုင် အကျင့်ခဲကို ကျင့်သည်မှ သဗ္ဗညုတဉာဏ်ကိုရခြင်းငှာ မတတ်နိုင်ကုန်။ ယခု အာဟာရကို ဘဉ်းပေးသည်ရှိသော် သဗ္ဗညုတဉာဏ်ကို ရစေခြင်းငှာ အဘယ်မှာ တတ်နိုင်အံ့နည်း''

ဤသို့ကြံကြ၍၊ ဘုရားလောင်းကို စွန့်၍၊ သပိတ်သင်္ကန်းကို ယူ၍၊ ၁၈ ယူဇနာသောခရီးကို လွန်၍ ဣသိပတနတော[1]သို့ ဝင်လေ၏။

၁- 'ဓိဂဒါဝုန်တော' ဟု တထာဂတဥဒါနဒီပနီ၌ ပြ။ 'ဣသိပတန ဓိဂဒါဝုန်တော' ဟု မဟာဗုဒ္ဓဝင် ဝတ္ထုတော်ကြီး၌ ပြ၊ ဓိနဂ္ဂပကာသနီ၌လည်း ထို့အတူ ပြ။

http://www.dhammadownload.com



## ကာလနဂါးမင်းထံ ရွှေခွက်ရောက်သည်ကို ပြခြင်း

ထိုအခါ ဥရဝေလတောဓ၏အနီးဖြစ်သော သေနနိဂုံးရွာ၌ 'သေနာနီ'[1]မည်သော သူကြွယ်၏သမီးဖြစ်သော 'သုဇာတာ'အမည်ရှိသော သူငယ်မသည် အရွယ်သို့ ရောက်သည်ဖြစ်၍၊ ''ငါသည် အမျိုးတူသောသူကိုရ၍ ရှေးဦးစွာ သားယောကျ်ားကို ရအံ့။ နှစ်တိုင်းနှစ်တိုင်း နတ်မြတ်အား ၁ သိန်းသောဥစ္စာကို စွန့်၍ ပူဇော်ခြင်းကို ပြုပါအံ့''ဟု အဖပါလညောင်ပင်၌ ဆုတောင်း၏။

ထိုသူကြွယ်၏သမီးသည် ဆုတောင်းတိုင်း ပြည့်သည်ဖြစ်၍၊ ဆုတောင်းတိုင်း ပြည့်သည်မှစ၍ နှစ်တိုင်း နှစ်တိုင်း ပူဇော်၏။

ထိုဘုရားလောင်း ဒုက္ကရစရိယာကျင့်၍ ၆ နှစ်ပြည့်သော ကဆုန်လပြည့်နေ့လည်း ပူဇော်အံ့သောငှာ နေ့ကြိမ်၍၊ 'နတ်အား ပူဇော်အံ့'ဟု များစွာသောအစီအရင်ဖြင့် နွားနို့ဃနာကို ချက်၏။ ထိုခဏ၌ အထူးထူးသော အံ့ဖွယ်ကိုမြင်၍၊ ''ယနေ့ ငါတို့၏နတ်မင်းသည် အလွန်လျှင် နှစ်သက်၏''ဟု ထိုအခါ၌ အလုပ်အကျွေး ပုဏ္ဏာကို ခေါ်၍၊ ''ညောင်ပင်ကို သုတ်သင်ချေ''ဟု စေ၏။

ဘုရားလောင်းလည်း ထိုညဉ့်အခါ၌ ၅ ပါးသော အိပ်မက်ကြီးတို့ကို မြင်တော်မူ၍၊ 'ယနေ့စင်စစ် ငါ ဘုရားဖြစ်အံ့'ဟု ဖတ်တော်မူ၏။

မိုးသောက်ထ၌ ကိုယ်လက်သုတ်သင်တော်မူပြီးသော် အဖပါလညောင်ပင်၏ အနီး၌ ဆွမ်းခံအခါကို ငံ့တော်မူသည်ဖြစ်၍ အရှေ့မျက်နှာသို့ ရှေးရှုတော်မူ၏။

ထိုအခါ အလုပ်အကျွေးကျွန်မသည် လာ၍ ထိုသို့ တင့်တယ်စွာနေတော်မူသော ဘုရားလောင်းကို မြင်လျှင်၊ 'ဤ ငါတို့နတ်သည် ယနေ့ ကိုယ်ထင်ပြ၍၊ ပူဇော်သက္ကာကို ခံလိုသည်ဖြစ်၍ နေသတည်း'ဟု လျင်စွာသွား၍ သုဇာတာကို ပြန်လေလျှင်၊ သုဇာတာလည်း ကျွန်မအား ''ဤနေ့မှစ၍ ငါ၏သမီးအရာ၌ တည်စေ''ဟု သမီး အားလျောက်ပတ်သော တန်ဆာကို ပေး၏။

သုဇာတာလည်း ကောင်းစွာယုံကြည်သည် ဖြစ်၍၊ တန်ဆာဆင်၍၊ ၁ သိန်းထိုက်သောရွှေခွက်ကို မြတ်သော ဃနာဖြင့် ပြည့်စေ၍၊ ၁ သိန်းထိုက်သော ရွှေခွက်ဖြင့် အုပ်၍၊ မိမိပင် ရွက်၍၊ ကျွန်မအပေါင်းခြံရံလျက် ထိုညောင်ပင်ရင်းသို့ ကပ်လေ၍၊ အဝေးကပင်လျှင် ညောင်ပင်အလုံး ကိုယ်တော်ရောင်ဖြင့် ထွန်းပ၍နေသော ဘုရားလောင်းကို မြင်၍၊ မြင်ရာအရပ်ကပင် ညွတ်သောကိုယ်ဖြင့် လာ၍၊ ရွှေခွက်ကို ခေါင်းမှချ၍၊ ဖွင့်၍ ဘုရားလောင်းအား ကပ်၏။ ၅ ပါးသော ရှိခိုးခြင်းဖြင့် ရှိခိုး၍၊ ''အကျွန်ုပ်နှလုံး၏အလိုသည် ပြည့်သကဲ့သို့ အရှင်နတ်မြတ်၏ အလိုသည် ပြည့်စေသတည်း''ဟု ဆို၏။ ထိုအခါ ဃဋီကာရဗြဟ္မာကပ်သော မြသပိတ်သည် ကွယ်လေ၏။

၁- သေနသူကြွယ် - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



ဘုရားလောင်းလည်း သပိတ်ကို မြင်တော်မမူ၍၊ လက်ယာလက်ကို ဆန့်၍ ရေကိုသာ ခံတော်မူ၏။ သုဇာတာလည်း ရွှေခွက်နှင့်တကွ ဃနာကို လက်တော်၌ ထား၏။

ဘုရားလောင်းလည်း သုဇာတာကို ကြည့်တော်မူ၏။ သုဇာတာလည်း ကြည့်တော်မူသောအခြင်းအရာကို သိ၍၊ ''ရှင်နတ်မြတ်အား အကျွန်ုပ်ကပ်သော ရွှေခွက်ကို အလိုတော်အတိုင်း ယူ၍ သွားတော်မူ''ဟု ရှိခိုး၍ ဖဲလေ၏။

ဘုရားလောင်းလည်း နေရွှေ့ရာမြစ်နားသို့ သွားတော်မူ၍၊ 'သုပ္ပတိဋ္ဌိတ'အမည်ရှိသော ဆိပ်၏အနား၌ ရွှေခွက်ကို ထားတော်မူပြီးသော် ရေချိုးတော်မူပြီး၍၊ ချမ်းသောအရိပ်၌ နေတော်မူပြီးမှ ၄၉ လုတ်လျှင် မြတ်သော ဃနာကို ဘုဉ်းပေးတော်မူ၍၊ ''ယနေ့၊ ငါ ဘုရားဖြစ်အံ့။ ဤရွှေခွက်သည် မြစ်အညာသို့ ဆန်စေသတည်း'' ဟု အမိန့်တော်မူ၍ မျှော၏။

ထိုရွှေခွက်လည်း မြစ်ညာသို့ဆန်၍၊ 'ကာလ'အမည်ရှိသော နဂါးမင်း၏ဗိမာန်သို့ ရောက်၍၊ ၃ ဆူသော ရှင်တော်ဘုရားတို့၏ ရွှေခွက်ကို ချီ၍ ထိုရွှေခွက်တို့၏အောက်၌ တည်၏။ နဂါးမင်းသည် ထိုရွှေခွက်သံကို ကြား၍၊ ''ယမန်ကား ဘုရား ၁ ဆူ ဖြစ်တော်မူပြီ။ ယခုလည်း ဘုရား ၁ ဆူ ဖြစ်ပြန်၏''ဟုဆို၍၊ များစွာ ချီးမွမ်းသည်ဖြစ်၍ ဝမ်းမြောက်ဝမ်းသာ ထ၏။

http://www.dhammadownload.com



## မာရ်မင်းကို ပထမအောင်ခြင်း

ထိုအခါ ဘုရားလောင်းသည် နေရာ့ရာမြစ်နား၌ မြတ်သောကောင်းသောပန်းတို့ဖြင့် တန်ဆာဆင်အပ်သော, ညီသောအရောင်ဖြင့် တင့်တယ်သော အင်ကြင်းတော၌ နေတော်မူ၍၊ ၈ ပါးသောသမာပတ်တို့ကို လည်းကောင်း, ၅ ပါးသော အဘိညာဉ်တို့ကို လည်းကောင်း ကောင်းစွာဖြစ်စေ၍၊ ညချမ်းသောအခါ၌ နတ်တို့သည် တန်ဆာဆင်အပ်သောခရီးဖြင့် သွားတော်မူသော ဘုရားလောင်းသည် နေရာ့ရာမြစ်၏အညာ၌ ရေချိုးတော်မူ၍ ဗောဓိပင်သို့ ရှေးရှုသွားတော်မူ၏။ နတ်, နဂါး, ဘီလူး, ဂဠုန် အစရှိသည်တို့သည် နတ်၌ ဖြစ်ကုန်သော ပန်း, နံ့သာတို့ဖြင့် ပူဇော်ကုန်၏။

ထိုအခါ၌ 'သောတ္ထိယ'[၁]မည်သော မြက်ရိတ်ပုဏ္ဏားသည် မြက်ကို ယူ၍ ရင်ဆိုင်လာသည်ရှိသော်၊ ယောကျ်ားမြတ်အခြင်းအရာကို သိ၍၊ ၈ ဆုပ်သောမြက်တို့ကို ယူ၍ ကပ်၏။ ဘုရားလောင်းလည်း မြက် ၈ ဆုပ်ကို ကိုင်တော်မူ၍၊ ညီသော မျက်စဉ်းတောင်နှင့်တူသော, တင့်တယ်သော အညိုရောင်ရှိသော ဗောဓိပင်[၂]၏အနီးသို့ သွားတော်မူ၍ တောင်အရပ်မျက်နှာ၌ မြောက်သို့ရှေးရှု ရပ်တော်မူ၏။

ထိုခဏ၌ တောင်စကြဝဠာသည် နစ်၍ အဝီစိသို့ရောက်သကဲ့သို့ ဖြစ်၏။ မြောက်စကြဝဠာသည် ခုန်၍ ဘဝင်္ဂသို့ ရောက်သကဲ့သို့ ဖြစ်၏။ ဘုရားလောင်းလည်း 'ဤအရပ်သည် သဗ္ဗညုတဉာဏ်ကို ရောက်ရာအရပ်မဟုတ်'ဟု သိတော်မူ၍၊ အနောက်အဖို့၌ အရှေ့သို့ ရှေးရှု ရပ်တော်မူ၏။ ထိုအခါလည်း ယခင်က ရပ်သကဲ့သို့ ထင်တော်မူ၏။ မြောက်အဖို့၌ တောင်သို့ ရှေးရှုရပ်တော်မူပြန်၏။ ထိုအခါ၌လည်း ရှေးကဲ့သို့ ထင်တော်မူပြန်၏။ အရှေ့အဖို့၌ အနောက်သို့ ရှေးရှုရပ်တော်မူမှကား ခပ်သိမ်းသောပလ္လင်အရပ်မှ လွှဲပ်သည်ဖြစ်၏။

ယောကျ်ားမြတ်လည်း 'ဤအရပ်သည် ကိလေသာတို့ကို ဖျက်ခြင်းငှာ အရပ် မှန်၏'ဟု အရှေ့အရပ်၌ ရပ်တော်မူ၍၊ ထိုမြက် ၈ ဆုပ်တို့ကို အဖျားဘို့ကိုင်၍ လှူပ်တော်မူ၏။ ထိုခဏ၌ ၁၄ တောင်အနံ့ရှိသောပလ္လင်သည် ဖြစ်၏။ ထိုမြက်တို့သည် ပန်းချီရေးသော်လည်း မဖြစ်နိုင်သကဲ့သို့သောအရပ် ထင်၏။ ဘုရားလောင်းသည် ထိုပလ္လင်၌ ၃ တောင်ရှိသောထက်ဝယ်ကို ဖွဲ့၍၊ 'ငါ၏ကိုယ်၌ အရေ လည်းကောင်း, အကြောတို့ လည်းကောင်း, အရိုး လည်းကောင်း, အသားအသွေး လည်းကောင်း ခြောက်သော်လည်း ခြောက်တပ်စေ။ သဗ္ဗညုတဉာဏ်ကို မရောက်ဘဲကို ဤထက်ဝယ်ကို မဖျက်ပြီ'ဟု အင်္ဂါ ၄ ပါးနှင့်ပြည့်စုံသော ဝီရိယကို အဓိဋ္ဌာန်တော်မူ၍၊ ဗောဓိပင်ကို တံကဲပြု၍ မြထီးကဲ့သို့ အရှေ့ဗောဓိခက်အရိပ်၌ နေတော်မူ၏။

ကာယဗလနှင့်လည်းကောင်း ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ဗောဓိပင်၏အနီး၌ နေတော်မူသည်ရှိသော် သိကြားမင်းသည် 'ဝိဇယုတ္တရ'အမည်ရှိသော ခရုသင်းကိုမှုတ်၍ ရပ်၏။ ပဉ္စသီခနတ်သားသည် 'ပေဠဝေဏ္ဍ'

၁- သုဒ္ဓိယ - တထာဂတဥဒါနဒီပနီ။ သောတ္ထိယ - စိန္တာပကာသနီ, မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး, ဗုဒ္ဓဝင်အဋ္ဌကထာ။
၂- ဗောဓိပင် - တထာဂတဥဒါနဒီပနီ။ မဟာဗောဓိ - စိန္တာပကာသနီ, ညောင်ဗုဒ္ဓဟော - မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး။

http://www.dhammadownload.com



မည်သော စောင်းကိုတီး၍ ရပ်၏။ သုကာမနတ်သားသည် သားမြီးယပ်ကိုကိုင်လျက်၊ သန္ဓသိတနတ်သားသည် ပတ္တမြားယပ်ဝန်းကိုကိုင်လျက်၊ သဟံပတိဗြဟ္မာသည် ၃ ယူဇနာရှိသော ထီးဖြူကိုဆောင်းလျက် ရပ်၏။ ကာလနဂါးမင်းသည် ကောင်းချီးအထောင်တို့ဖြင့် ချီးမွမ်းလျက်၊ နဂါးမောင်းမ ၈ သောင်းတို့ဖြင့် ခြံရံ၍ ရှိခိုးလျက် ရပ်၏။ ၁ သောင်းသောစကြဝဠာတိုက်၌ နေကုန်သော နတ်တို့သည် အထူးထူးသော ကောင်းသောအနံ့ရှိသော ပန်းဆိုင်း၊ နံ့သာအထုံအမှုန့်တို့ဖြင့် ပူဇော်ကုန်လျက်၊ များစွာသော ကောင်းချီးတို့ကို ဖြစ်စေလျက် ရပ်ကုန်၏။

ထိုအခါ မာရ်မင်းသည် ၆ နှစ်တိုင်တိုင် မြတ်သောစည်းစိမ်ကို စွန့်၍၊ ယောကျ်ားမြတ်၏စိတ်ဓာတ်ကို စူးစမ်းသော်လည်း တစ်စုံတစ်ခုသော ချွတ်ယွင်းခြင်းကို မမြင်သောကြောင့် 'ယခု ဘုရားဖြစ်၍ ငါ့အရာကို လွန်လတ္တံ့။ ငါ့အရာလွန်ခြင်းငှာ မပေးအံ့' ဟုကြံ၍၊ မိမိစစ်သည်ကို စည်းဝေး၍၊ လျင်စွာလျင်စွာ အထူးအထူး ဖောက်ပြန်ခြင်းရှိသော အလွန်ကြောက်ဖွယ်သော အဆင်းကို ဖန်ဆင်းစေ၍၊ ''အထူးထူးသောလက်တို့ဖြင့် အထူးထူး သောလက်နက် ရှိကုန်သည်ဖြစ်၍ လွှမ်းမိုးကုန်လျက် သွားကုန်လော့'' ဟုစေ၍၊ မာရ်မင်းလည်း ၁၅၀ ယူဇနာရှိသော 'ဂိရိမေခလ'မည်သောဆင် စီး၍၊ ၁၀၀၀ သောလက်ရုံးကို ဖန်ဆင်း၍၊ အထူးထူးသောလက်နက် ၁၀၀၀ တို့ကို ကိုင်၍၊ ထိုမင်း၏ရှေ့ ၁၂ ယူဇနာ၊ လက်ဝဲ လက်ယာ ၁၂ ယူဇနာစီ စစ်သည်အထူးထူး ပြုကုန်၏။ မာရ်မင်း နောက်မှကား စကြဝဠာတောင်တိုင်အောင် ရပ်ကုန်၏။ အထက် ၉ ယူဇနာ အထု ရှိ၏။ ထို မာရ်မင်းစစ်သည်တို့သည် အထူးထူးသော၊ မတူသောလက်နက်တို့ကိုကိုင်လျက် ရပ်ကုန်၏။

ထိုသို့အပြားရှိသော စစ်သည်တို့ဖြင့် ဗောဓိမဏ္ဍိုင်၏အနီးသို့ မာရ်မင်းရောက်လတ်သော်၊ သိကြား အစရှိသော များစွာသော နတ်၊ ဗြဟ္မာတို့တွင် တစ်ယောက်သောသူမျှလည်း အထံတော်၌ ရပ်အံ့သောငှာ မတတ်နိုင်။ မိမိ ရှေးရှုမိရာ အရပ်သို့ ပြေးလေကုန်၏။ သိကြားမင်းလည်း 'ဝိဇယုတ္တရ'မည်သော ခရာသင်းကို နောက်ကလွယ်၍၊ ပြေး၍ စကြဝဠာတောင်၌ ရပ်လေ၏။ ဗြဟ္မာမင်းလည်း ၃ ယူဇနာရှိသော ထီးဖြူကို စကြဝဠာအစွန်း၌ ထား၍ ဗြဟ္မာပြည်သို့ သွားလေ၏။ ကာလနဂါးမင်းလည်း အလုံးစုံသော နဂါးမောင်းမတို့ကို စွန့်၍၊ မြေကို လျှိုး၍၊ ယူဇနာ ၅၀၀ ရှိသော နဂါးပြည်သို့ သွား၍၊ မျက်နှာကို လက်ဝါးဖြင့် အုပ်၍ အိပ်၏။ တစ်ယောက်သောနတ်သည်မျှ မရပ်နိုင်သည် ဖြစ်၍၊ ယောကျ်ားမြတ်သည် ဆိတ်ငြိမ်သောဗိမာန်၌ ဗြဟ္မာမင်းကဲ့သို့ တစ်ယောက်တည်းသာလျှင် နေတော်မူ၏။

ထိုအခါ၌ မာရ်မင်းသည်လည်း မိမိပရိသတ်တို့ကို ဆို၏။

''အချင်းတို့။ သုဒ္ဓေါဒန၏သားဖြစ်သော သိဒ္ဓတ်နှင့် တူသောသူမည်သည် မရှိ။ ငါတို့ ရှေးရှုစစ်ထိုးခြင်းငှာ မတတ်နိုင်ချေကုန်။ နောက်အဖို့သာလျှင် တိုက်ကုန်အံ့'' ဟု ဆို၏။

ယောကျ်ားမြတ်သည် ရှေ့၊ လက်ဝဲ၊ လက်ယာကိုကြည့်တော်မူသည်ရှိသော်၊ ခပ်သိမ်းသောနတ်တို့ မရှိသောအဖြစ်ကို မြင်တော်မူ၏။ မြောက်နံပါးဖြင့် လွှမ်းမိုး၍လာသော စစ်သည်ကို မြင်တော်မူ၏။

'ဤစစ်သည်အပေါင်းတို့သည် ငါတစ်ယောက်ကိုသာလျှင် ရည်၍ ပြင်းစွာသောလုံ့လကို ပြု၏။ ဤအရပ်၌ ငါ၏ မယ်တော်၊ ခမည်းတော် တစ်စုံတစ်ယောက်သောသူသည် မရှိ။ ငါ၏ ၁၀ ပါးသောပါရမီတို့သည်သာလျှင် ရှည်မြင့်စွာသော မြေအရာမ်နှင့် တူကုန်၏။ ထိုကြောင့် ပါရမီတို့ကိုသာလျှင် လွှား၊ကာ ပြု၍ '၁၀ ပါးသော ပါရမီ' တည်းဟူသော ဓားလက်နက်တို့ဖြင့် ဤမာရ်စစ်သည်အပေါင်းကို ဖျက်ဆီးခြင်းငှာ သင့်၏'ဟု ကြံတော်မူ၏။ ၁၀ ပါးသောပါရမီတို့ကို ဆင်ခြင်လျက် နေတော်မူ၏။

http://www.dhammadownload.com



ထိုသို့နေတော်မူသောအခါ၌ ထိုမာရ်မင်းသည် သိဒ္ဓတ်မင်းသား ကြောက်စိမ့်သောငှာ လေဖြင့် လာစေ၏။ ထိုမှ လေပြင်းသည် သစ်ပင်, တောင်ထွတ်, ချုံနွယ် အစရှိသည်တို့ကို လဲအောင် တိုက်နိုင်သော်လည်း ယောကျ်ားမြတ်သင်္ကန်းစွန်းတော်ကိုမျှလည်း လှုပ်အောင် မတတ်နိုင်သည်ဖြစ်၍ ဖဲလေ၏။

ထိုအခါ မာရ်မင်းသည် 'စကြဝဠာတောင်တို့ကို ခတ်၍ မုန်တိုင်းညက်ညက် ဖြစ်လတ္တံ့' ဟု ကြည့်သည်ရှိသော်၊ မြဲမြံစွာစိုက်အပ်သော ကျောက်တူရွင်းတိုင်ကဲ့သို့ တုန်လှုပ်ခြင်းမရှိ နေတော်မူသော ယောကျ်ားမြတ်ကို မြင်၍ နှလုံးမသာခြင်းသို့ ရောက်၏။

ထိုနောင် 'ကြီးစွာသော ရေအလျဉ်ဖြင့် မျောစီး သေစိမ့်မည်' ဟူ၍ ကြီးစွာသောမိုးကို ရွာစေ၏။ ထို ရွာသော မိုးကြီးသည်လည်း သင်္ကန်းတော်စွန်းကို စွတ်စိမ့်သောငှာ မတတ်နိုင်။

ထိုနောင် ကျောက်ဖျာမိုးကို ရွာစေ၏။ ထိုကျောက်ဖျာမိုးသည်လည်း သန့်ရှင်းစွာသောပန်းဆိုင်းကဲ့သို့ ယောကျ်ားမြတ်ရှေ့သို့ရောက်လျှင် ဖြစ်ကုန်၏။

ထိုနောင် လက်နက်မိုး ရွာစေ၏။ ထိုလက်နက်မိုးသည်လည်း ယောကျ်ားမြတ်သို့ရောက်လျှင် မုလေးပန်း အစရှိသည် ဖြစ်ကုန်၏။

ထိုနောင် မီးကျီးမိုး ရွာစေ၏။ ထိုမီးကျီးမိုးတို့သည်လည်း နတ်ပန်း ဖြစ်ကုန်၏။

ထိုနောင် ပြာပူမိုးတို့သည်လည်း သရက္ခန်မိုး ဖြစ်ကုန်၏။

ထိုနောင် သဲကို ရွာစေ၏။ ထိုသဲမိုးတို့သည်လည်း ပန်း ဖြစ်ကုန်၏။

ထိုနောင် ညွန်မိုး ရွာစေ၏။ ထိုညွန်မိုးတို့သည်လည်း နတ်နံ့သာပျောင်း ဖြစ်ကုန်၏။

ထိုနောင် တစ်ခဲနက်သောအမိုက်တိုက်တို့ကို ဖန်ဆင်း၏။ ယောကျ်ားမြတ်သည်လည်း ထိုအကြောင်းကို သိတော်မူ၍၊ တစ်ချောင်းသောမွေးတွင်း၏ အတိုင်းအရှည်ရှိသော အရပ်ဖြင့် လေချည်းကို လွှတ်တော်မူ၏။ ထိုအမိုက်တိုက်တို့ ပျောက်၍ အလင်းသည် ဖြစ်၏။

ထိုနောင် အခိုးတို့ကို တက်စေကုန်၏။ မိုး ကြိုး၏။ မိုးကြိုး ၁၀၀၀ တို့ကို ကျစေကုန်၏။

ထိုမာရ်မင်းသည် ဤသို့စီရင်ခြင်းဖြင့် တစ်စုံတစ်ခုသောဘေးကို မဖြစ်စေနိုင်သည်ဖြစ်၍၊ 'ထိုသိဒ္ဓတ်မင်းသား၏ ဦးခေါင်းကို ဖြတ်အံ့' ဟု စက်လက်နက်ကို လွှတ်၏။ ထိုစက်လက်နက်သည်လည်း ယောကျ်ားမြတ်၏အထက်၌ ပန်းဗိတာန်ဖြစ်၍ တည်၏။

ထိုမာရ်မင်းသည် မိမိကြံတိုင်း မဖြစ်လျှင် အမျက်ထွက်သည် ဖြစ်၍၊ "အချင်းတို့။ အဘယ်ကြောင့် ရပ်ကုန်သနည်း။ ဤသိဒ္ဓတ်မင်းသားကို ထိုးပစ်ကုန်၊ ဖမ်းကုန်၊ သတ်ကုန်၊ ဖြတ်ကုန်၊ ဖျက်ဆီးကုန်၊ နှောင်ဖွဲ့ကုန်။ မလွှတ်ကုန်နှင့်။ မပြေးကုန်နှင့်" ဟု ပရိသတ်တို့ကို စေ၍၊ မာရ်မင်းသည် ဂိရိမေခလဆင် စီး၍၊ လက်တစ်ဖက်ဖြင့် မြားကို လှည့်၍၊ ဘုရားလောင်းသို့ ကပ်၍၊ "သိဒ္ဓတ်။ ဤပလ္လင်မှ ထလော့" ဟု ဆို၏။ မာရ်စစ်သည်တို့သည်လည်း များစွာသောကြောက်မက်ဖွယ်တို့ကို ဖြစ်စေကုန်၏။

ယောကျ်ားမြတ်လည်း မေတ္တာ၏အစွမ်းဖြင့် ထို အလုံးစုံသောကြောက်မက်ဖွယ်တို့ကို တားတော်မူ၏။ ထိုရောအခါ ပြေးလေကုန်သော နတ်, ဗြဟ္မာတို့သည် ထို ပြေး၍နေကုန်သော စကြဝဠာတောင်၌ 'အသူ၏ရှုံးခြင်း, အသူ၏အောင်ခြင်းသည် ဖြစ်သနည်း' ဟု ဆန့်၍ ကြည့်ကုန်၏။

http://www.dhammadownload.com



မာရ်နတ်မင်းသည် ယောကျ်ားမြတ်ကို ''သိဒ္ဓတ်။ ဤပလ္လင်သည် ငါ့ပလ္လင်တကား။ ပလ္လင်၌ မနေနှင့်။ ထ'' ဟုဆို၏။

''မာရ်နတ်မင်း၏ ပလ္လင်အဖြစ်၌ အဘယ်သူသည် သက်သေဖြစ်သနည်း''ဟု ယောကျ်ားမြတ် မိန့်တော်မူ၏။

မာရ်မင်းသည်လည်း ''ဤသူများသည် သက်သေချည်း''ဟု လက်ကိုဆန့်၍ စစ်သည်အလုံးကို ပြ၏။ စစ်သည်တို့သည် ''ငါသက်သေ''ဟု ဆိုကုန်၏။ ထိုသို့ဆိုသူတို့သည် ကုဋေများစွာသော ဖြစ်ကုန်၏။ ထိုသို့သောပဲ့တင်သံသည် မြေပြိုသကဲ့သို့ ဖြစ်၏။

ထိုအခါ မာရ်မင်းသည် ယောကျ်ားမြတ်ကို ''သိဒ္ဓတ်။ သိဒ္ဓတ်၏ 'ဤပလ္လင်ကို ရမည်'ဟုလုပ်ခြင်း၌ သက်သေကား အဘယ်သူနည်း''ဟု မေးဆို၏။

ယောကျ်ားမြတ်သည်လည်း 'မာရ်၏သက်သေ ဟု စေတနာရှိသောသူတို့သည် များစွာရှိကုန်၏။ ငါ၏ သက်သေဟု စေတနာရှိသောသူသည်ကား တစ်စုံတစ်ယောက်မျှ ငါ့အနီး၌ မရှိ။ တစ်ပါးသောအလှူ၌ သက်သေကို ရှိစေဦး။ ဝေဿန္တရာအဖြစ်၌ ပေးသောအလှူ၌ ဤမြေကြီးသည် သက်သေ ဖြစ်တော့သည်'ဟု သင်္ကန်းမှ လက်ယာတော်ကို ထုတ်၍၊ မြေသို့ရှေးရှု လက်ယာလက်တော်ကို ဆန့်၏။ ထိုခဏ၌မြေကြီးသည် အိုးထိန်းစက်ကဲ့သို့ လည်လျက် ပြင်းစွာသောပဲ့တင်သံကို ပြု၍၊ ထိုပဲ့တင်သံဖြင့် ကောင်းကင်သည် မိုးကြိုးသောအသံကဲ့သို့ မြည်၏။ သတ္တရဘန် အစရှိသော တောင်တို့သည် ပြင်းစွာသောပဲ့တင်သံကို မြည်ကုန်၏။ အလုံးစုံသောစကြဝဠာတိုက်သည် မီးလောင်သောဝါးတောကဲ့သို့ ဖျစ်ဖျစ်မြည်လျက် ပြင်းစွာသောအသံ ဖြစ်၏။ အိုးကင်းပူ၌လှော်အပ်သော စပါးကဲ့သို့ အလုံးစုံသောကောင်းကင်ပြင်၌ မိုးကြိုးကျောက်တို့သည် ကြိုးကုန်၏။ ပြောင်ပြောင်တောက်သော မီးကျီးကဲ့သို့ ဖရိဖရဲမီးကျီးတို့သည် ကျကုန်၏။

မြေ,ကောင်းကင်အတွင်း၌ တည်သော မာရ်မင်းသည် ကိုးကွယ်ပုန်းအောင်းရာ မရှိ။ ကြီးစွာသော ကြောက်ခြင်းသို့ ရောက်သည် ဖြစ်၍၊ တံခွန် လှည့်၍၊ ၁၀၀၀ သောလက်နက်ကို စွန့်၍၊ ဂိရိမေခလဆင်ကိုမျှ မကြည့်မူ၍ ပြေးလေ၏။ မာရ်မင်းပြေးလျှင် မာရ်စစ်သည်တို့သည် ကြောက်လန့်၍၊ ကြီးစွာသောလေသည် လွှင့်အပ်သော ပြာကဲ့သို့ အဝတ်တန်ဆာတို့ကို စွန့်၍၊ ရှေးရှုရာ ရှေးရှုရာအရပ်သို့ ပြေးကုန်၏။ ဝသဝတ္တီနတ်ပြည်သို့ ရောက်လေကုန်၏။ ထို ပြေးသောသူတို့တွင် ခရီးတစ်ကြောင်းတည်း ၂ ယောက် ပြေးသောသူ ဟူ၍ မရှိကုန်။

ထိုနောင်မှ နတ်အပေါင်းတို့သည် မာရ်စစ်သည် ပြေးသည်ကိုမြင်၍၊ ''မာန်မင်းသည် ရှုံး၏။ သိဒ္ဓတ်မင်းသားသည် အောင်၏။ အောင်ခြင်းမင်္ဂလာ ပူဇော်သက္ကာရ ပြုကုန်အံ့''ဟု နဂါး, ဂဠုန်, နတ်, ဗြဟ္မာအပေါင်းတို့သည် ညီညွတ်၍ ပန်း, နံ့သာ အစရှိသည်တို့ကို ကိုင်ကုန်လျက် ယောကျ်ားမြတ်၏အနီး ဗောဓိပလ္လင်သို့ လာကုန်၏။ တစ်ပြိုင်နက်သော ပဲ့တင်သံကို ပြုကုန်၏။

ဤသို့ နေမဝင်မီ ယောကျ်ားမြတ်သည် မာရ်စစ်ကို အောင်တော်မူ၏။

http://www.dhammadownload.com



## သတ္တသတ္တာဟကို စံနေတော်မူခြင်း

ရွှေအဆင်းနှင့်တူသော သင်္ကန်းတော်ကိုကျသော ဗောဓိညာန်တို့သည် ရွှေပြားခွံထားအပ်သော သဏ္ဌာန်ကဲ့သို့ တင့်တယ်ကုန်၏။ ယောက်ျားမြတ်လည်း ညဉ့်ဦးယံ၌ ပုဗ္ဗေနိဝါသဉာဏ်ကို ဆင်ခြင်တော်မူ၍၊ သန်းခေါင်ယံ၌ ဒိဗ္ဗစက္ခုဉာဏ်ကို ဆင်ခြင်တော်မူ၍၊ မိုးသောက်ယံ၌ ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူ၏။ ၁၂ ပုဒ်ရှိသော ပဋိစ္စသမုပ္ပါဒ်ကို ဝဋ္ဋဝိဝဋ္ဋအားဖြင့်, အနုလောမပဋိလောမအားဖြင့် ဆင်ခြင်တော်မူစဉ်၊ ၁ သောင်းသော လောကဓာတ်သည်သာ ရေအဆုံးကိုပြု၍ ၁၂ ကြိမ် လှုပ်၏။

ယောက်ျားမြတ်သည် ၁ သောင်းလောကဓာတ်ကို ပဲ့တင်ထပ်စေ၏။ သဗ္ဗညုတဉာဏ်ကို သိတော်မူ၏။ ထိုခဏ၌ ၁ သောင်းသော လောကဓာတ်အလုံးသည် တန်ဆာတို့ဖြင့် ဆင်အပ်သည်ဖြစ်၍ အရှေ့စကြဝဠာတောင်၌ ဆောက်အပ်သော တံခွန်, ကုက္ကားတို့သည် အနောက်စကြဝဠာတောင်၌ ထိကုန်၏။ အနောက် စကြဝဠာတောင်၌ ဆောက်အပ်သော တံခွန်,ကုက္ကားတို့သည် အရှေ့စကြဝဠာတောင်၌ ထိကုန်၏။ တောင်စကြဝဠာတောင်၌ ဆောက်အပ်သော တံခွန်,ကုက္ကားတို့သည် မြောက်စကြဝဠာတောင်၌ ထိကုန်၏။ မြောက်စကြဝဠာတောင်၌ ဆောက်အပ်သော တံခွန်,ကုက္ကားတို့သည် တောင်စကြဝဠာတောင်၌ ထိကုန်၏။ မြေ၌စိုက်အပ်ကုန်သော တံခွန်, ကုက္ကား အစရှိသည်တို့သည် ဗြဟ္မာပြည်သို့ ရောက်၍တည်ကုန်၏။ ဗြဟ္မာပြည်၌ ဖွဲ့အပ်ကုန်သော တံခွန်,ကုက္ကား အစရှိသည်တို့သည် မြေအပြင်၌ တည်ကုန်၏။ ခပ်သိမ်းသော နတ်, ဗြဟ္မာတို့၏ အစီအရင်သည် ဗောဓိမဏ္ဍိုင်သို့ ကပ်၍ နေတော်မူသောအခါ၌ အထူးထူးသောအစီအရင် ပူဇော်သဏ္ဌာရကို ပြုသကဲ့သို့ ဖြစ်၏။

၁ သောင်းသောစကြဝဠာ၌ အသီးအပွင့်ကို ဆောင်ကုန်သော သစ်ပင်တို့သည် တစ်ပြိုင်နက် အသီးအပွင့်ကို ဆောင်ကုန်၏။ ထိုသို့ သစ်ခက်သစ်နွယ်တို့၌ ကြာပဒုမ္မာတို့သည် ပွင့်ကုန်၏။ ကောင်းကင်၌ ကြာပဒုမ္မာသည် ဆွဲကုန်၏။ ကျောက်ဖျာကိုစွဲ၍ ၇ ဆင့်-၇ ဆင့် ရှည်သောအရိုး ရှိသော ကြာပဒုမ္မာတို့သည် ပွင့်ကုန်၏။ ၁ သောင်းသောလောကဓာတ်အလုံးသည် ပြေပြစ်သောပန်းဆိုင်းကဲ့သို့ လည်းကောင်း, ပြေပြစ်သော ပန်းအခင်းကဲ့သို့ လည်းကောင်း ဖြစ်၏။ လောကန္တရိက်ငရဲတို့သည် အလင်း မရှိကုန်သော်လည်း တစ်ပြိုင်နက် လင်းကုန်၏။ မဟာသမုဒ္ဒရာရေသည်လည်း မြိန်ယှက်သည်ဖြစ်၍ မြစ်တို့သည်လည်း မစီးကုန်။

ဝမ်းတွင်းက ကန်းသော သူတို့သည်လည်း မြင်ကုန်၏။ ဝမ်းတွင်းက နားပင်းသော သူတို့သည်လည်း ကြားကုန်၏။ ဝမ်းတွင်းက ဆွံ့အ သောသူတို့သည်လည်း သွားနိုင်ကုန်၏။ ထိပ်,ကျဉ်း အစရှိသည်တို့သည်လည်း ကျွတ်ကုန်၏။ ဤသို့ အတိုင်းမသိသော တင့်တယ်ခြင်းဖြင့် ပူဇော်အပ်သည်ရှိသော်၊ အတိုင်းမသိသော အံ့ဖွယ်သရဲစသည်တို့ ဖြစ်ကုန်သည်ရှိသော်၊ သဗ္ဗညုတဉာဏ်ကို ဆင်ခြင်တော်မူပြီး၍ ခပ်သိမ်းသော ဘုရားရှင်တို့သည် လေ့ကျက်တော်မူအပ်သော 'အနေကဓာတိ' အစရှိသော ဥဒါန်းစကားကို မိန့်တော်မူ၏။

http://www.dhammadownload.com



## မြတ်စွာဘုရား သတ္တသတ္တာဟ ၇ ဌာန ပြတော်မူခြင်း

ထိုဥဒါန်းစကားကို မိန့်တော်မူ၍ နေတော်မူသောမြတ်စွာဘုရားအား ဤသို့သော အကြံတော်သည် ဖြစ်၏။

'ငါသည် ကမ္ဘာ ၁ သိန်းအလွန်ရှိသော ၄ အသင်္ချေပတ်လုံး ဤပလ္လင်ကြောင့် များစွာသောပါရမီကို ဖြည့်၍ ကျင့်လေ၏။ ဤပလ္လင်၌နေသော ငါ့အား ယခုအကြံသည် ပြည့်စုံပြီ။ ဤပလ္လင်မှ မထသေး'ဟု များစွာသော ကုဋေ ၁ သိန်းသော ဖလသမာပတ်တို့ကို ဝင်တော်မူ၍၊ ၇ ရက်ပတ်လုံး ထိုပလ္လင်၌ နေတော်မူ၏။

ထိုသို့နေတော်မူခြင်းကို ရည်၍ 'အထ ခေါ ဘဂဝါ သတ္တာဟံ ဧကပလ္လင်္ကေန ဝီမုတ္တိသုခံ ပဋိသံဝေဒယမာနော နိသီဒိ' အစရှိသည်ကို မိန့်တော်မူ၏။

### ၁- ပလ္လင်္ကစေတီ (ပလ္လင်္ကသတ္တာဟ)

ထိုရွှေပလ္လင်၌ နေတော်မူသောအခါ၌ 'ယခုသိဒ္ဓတ်မင်းသားအား ပြုအပ်သောကိစ္စ ရှိသေး၏။ ပလ္လင်၌ တပ်ခြင်းကို မစွန့်'ဟု အချို့သောနတ်တို့သည် အကြံသည် ဖြစ်ကုန်၏။

ထိုနတ်တို့အကြံကို သိတော်မူ၍၊ ထိုနတ်တို့အကြံကို ဖျောက်ခြင်းငှာ ကောင်းကင်သို့ တက်တော်မူ၏။ ယမိုက်ပြာဋိဟာကို ပြတော်မူ၏။ ဤသို့သော ယမိုက်ပြာဋိဟာဖြင့် နတ်တို့၏အကြံကို ဖျောက်တော်မူ၏။

### ၂- အနိမိသစေတီ (အနိမိသသတ္တာဟ)

ပလ္လင်မှ အတန်ငယ် အရှေ့သို့အနီး မြောက်မျက်နှာအဖို၌ ရပ်တော်မူ၏။ ဤပလ္လင်၌ သမ္မာသမ္ဗုဒ္ဓဂုဏ်ကို စင်စစ် ရတော်မူ၏။ ကမ္ဘာ ၁ သိန်း အလွန်ရှိသော ၄ အသင်္ချေပတ်လုံး ဖြည့်အပ်သောပါရမီတို့ဖြင့် အကျိုးတို့၏ရောက်ရာဖြစ်သော ပလ္လင်ကို လည်းကောင်း, ဗောဓိပင်ကို လည်းကောင်း မမှိတ်သောမျက်စိဖြင့် ကြည့်တော်မူသည်ဖြစ်၍ ၇ ရက်ပတ်လုံး နေတော်မူ၏။ ထို နေတော်မူသောအရပ်သည် 'အနိမိသစေတီ' မည်၏။

### ၃- စင်္ကမစေတီ (ရတနစင်္ကမသတ္တာဟ)

ထိုနောင် ပလ္လင်၏ လည်းကောင်း, ရပ်တော်မူသောအရပ်၏ လည်းကောင်း အကြားဌာန ရတနာစင်္ကြံကို ဖန်ဆင်းတော်မူ၍၊ အရှေ့,အနောက်အလျားရှိသော ရတနာစင်္ကြံဌာန ၇ ရက်ပတ်လုံး စင်္ကြံ သွားတော်မူ၏။ ထို စင်္ကြံသွားတော်မူရာအရပ်သည် 'စင်္ကမစေတီ' မည်၏။

### ၄- ရတနစေတီ (ရတနဃရသတ္တာဟ)

စတုတ္ထသတ္တာဟ၌ ဗောဓိပင်၏ အနောက်မြောက်ထောင့်အရပ်၌ နတ်တို့သည် ရတနာကျောင်းကို ဖန်ဆင်း၏။ ထိုရတနာကျောင်း၌ ထက်ဝယ်ဖြင့် နေတော်မူ၍၊ တရားကို ဆင်ခြင်တော်မူ၍၊ ကျွတ်ထိုက်သောဝေ

http://www.dhammadownload.com



နေယျကို ကြည့်တော်မူ၍၊ သီလကို ပြကြောင်းဖြစ်သော ဝိနည်းဝိဋ္ဌကတ်ကို လည်းကောင်း၊ သမာဓိကိုပြ ကြောင်းဖြစ်သော သုတ္တန္တဝိဋ္ဌကတ်ကို လည်းကောင်း၊ ပညာကို ပြကြောင်းဖြစ်သော အတိုင်းမသိသော နည်း ရှိသော အဘိဓမ္မာဝိဋ္ဌကတ်ကို လည်းကောင်း ဆင်ခြင်တော်မူ၏။

အဘိဓမ္မာဝိဋ္ဌကတ်ကို ဆင်ခြင်တော်မူသော အခါ၌၊ ဓမ္မသင်္ဂဏီ, ဝိဘင်း, ဓာတုကထာ, ပုဂ္ဂလပညတ်, ကထာဝတ္ထု, ယမိုက်တရားတို့ကို ဆင်ခြင်တော်မူ၍၊ သတ္တမမြောက်သော စတုဝီသတိသမန္တပဋ္ဌာနကို ဆင်ခြင် တော်မူသော မြတ်စွာဘုရားသည် ယူဇနာအထောင်ရှိသော တိပိဂိလဝါးသည် မဟာသမုဒ္ဒရာ၌ စံပယ်၍ရွှင်မြူး သကဲ့သို့၊ မြတ်စွာဘုရားဉာဏ်တော်သည် ရွှင်မြူးအံ့သောငှာ၊ 'သမန္တပဋ္ဌာန' တည်းဟူသော အရပ်ကို ရပ်တော် မူ၏။

ဤသို့ သမန္တပဋ္ဌာနကို ဆင်ခြင်တော်မူသော မြတ်စွာဘုရားသွေးတော်သည် အလွန်ကြည်၏။ အလုံးစုံ သောကိုယ်တော်မှ ရောင်ခြည်တော် ၆ ပါးတို့သည် အလုံးစုံသောလောကဓာတ်ကို အလင်းပြုကုန်လျက် ထွက်ကုန်၏။ ဆင်ခြင်ခြင်း အစရှိသည်တို့ကို ကြည့်၍ သဘောအားဖြင့်လျှင် သိတော်မူလျက်၊ ခြေအပြင်တော်, ဥဏ္ဏာလုံမွေးရှင်တော် အစရှိသော ညိုသော, ရွှေသော ထိုထိုသောကိုယ်တော်အစိတ်မှ 'အညို, အရွှေ, အနီ,အဖြူ, အမောင်း, ပြိုးပြိုးပြက်' အစရှိသော ၆ ပါးသောရောင်ခြည်တော်တို့သည် ထွက်၍၊ ထိုထိုသောအရပ်တို့သည် ညိုသောပုဆိုး, ရွှေသောပုဆိုး စသည်တို့ဖြင့် ဖုံးလွှမ်းသကဲ့သို့ ဖြစ်ကုန်၏။ နေ,လအသိန်း ထွက်သောအခါကဲ့သို့ လောကဓာတ်အလုံး တစ်ပြိုင်နက်လင်းကုန်၏။ ဤသို့ ၇ ရက်ပတ်လုံး သုံးသပ်တော်မူသောတရားသည် ဉာဏ်တော်လျင်သည် ဖြစ်သောကြောင့် ၇ ရက်တို့ဖြင့် ပြီးခြင်းသို့ ရောက်၏။

ထိုထိုသောတရားကို ဆင်ခြင်ရာအရပ်တို့သည် 'ရတနစေတီ' မည်၏။

### ၅- အဇပါလစေတီယ (အဇပါလသတ္တာဟ)

ဤသို့ ဗောဓိအနီး၌သာလျှင် ၄ ပါးသောသတ္တာဟကို လွန်စေ၍၊ ပဋ္ဌမသတ္တာဟ၌ အဇပါလ၌လည်း တရားကို ဆင်ခြင်တော်မူသည်ဖြစ်၍၊ ဖိုလ်ချမ်းသာကိုခံ၍ နေတော်မူ၏။ ထို နေတော်မူသောအခါ၌ မာရ်မင်း သည် 'ယခု အရာကို လွန်ခဲ့ပြီ'ဟု ခရီးမမြေ၌ ၁၆ ခုသောအရေးကို ကိုင်လျက်နေ၏။

ထိုအခါ 'တဏှာ, အရတီ, ရာဂါ'ဟူသော မာရ်မင်း သမီး ၃ ယောက်တို့သည်လည်း 'ငါတို့ခမည်း တော်သည် အဘယ်မှာနည်း'ဟု ကြံသည်ရှိသော်၊ မြေ၌ အရေးငင်လျက်နေသော, နှလုံးမသာခြင်းသို့ရောက်သော ခမည်းတော်ကိုမြင်၍၊ ခမည်းတော်အထံသို့ သွား၍၊ ''ခမည်းတော်။ အဘယ့်ကြောင့် နှလုံးမသာသနည်း''ဟု မေးကုန်၏။

''သမီးတို့။ ဤရဟန်းကြီးသည် ငါ၏အရာကို လွန်၏။ ဤမျှလောက်သော ကာလပတ်လုံး ကြည့်သည် ရှိသော် ထိုရဟန်း၏အသွင်ကို မြင်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် ငါသည် နှလုံးမသာ ဖြစ်၏''ဟူ၍ ဆိုဘိ၏။

မာရ်မင်း သမီးတို့သည်လည်း ''ထိုရဟန်းကို ငါတို့သည် ရာဂကျောက်ကွင်း အစရှိသည်တို့ဖြင့် နှောင်ဖွဲ့၍ ဆောင်ကုန်အံ့''ဟု ဆို၏။

မြတ်စွာဘုရားသို့ကပ်၍ အထူးထူးအပြားပြားသော တပ်ကြောင်းဖြင့် ဖြားယောင်းကုန်၏။ မြတ်စွာဘုရား လည်း ထိုမာရ်မင်း သမီးတို့၏စကားကို နှစ်မြို့တော် မမူ။ 'ရာဂ, ဒေါသ, မောဟတို့ကို ပယ်အပ်ပြီ'ဟု ကိလေသာကိုပယ်ခြင်းကို အကြောင်းပြု၍ မိန့်တော်မူ၏။ မာရ်မင်း သမီးတို့လည်း ခွင့်မရ၍ ဖဲလေကုန်၏။

http://www.dhammadownload.com



ထိုအခါ၌ ဟုံဟုကံဇာတိကပုဏ္ဏားသည် မြတ်စွာဘုရားသို့ကပ်၍ 'ဗြဟ္မဇာ မည်ကြောင်း' ကို မေး၏။ မြတ်စွာဘုရားလည်း ဓမ္မစကြာတရားကို ဟောတော်မမူမီ တစ်စုံတစ်ယောက်သောသူအား တရား ဟောတော်မမူသေး ဖြစ်သောကြောင့် ထိုပုဏ္ဏားအမေးကို ဖြေတော် မမူပေ၍၊ ကိုယ်တော်၏အဖြစ်ကို ဝမ်းမြောက်တော်မူသော အခြင်းအရာဖြင့် ထိုအခါ

'ယော ဗြာဟ္မဏော ဗာဟိတ ပါပ ဓမ္မော။
နိဟုံဟုကော်ဟ နိက္ကသာဝေါယတတ္ထော။
ဝေဒန္တဂူဝုသိတဗြဟ္မစရိယော၊
ဓမ္မေန သော ဗြဟ္မဝါဒံ ဝဒေယျ၊
ယဿုဿဒါ နတ္ထိကုဟိဿိ လောကေ။ ။' ဟူသော ဥဒါန်းဂါထာကိုသာ မိန့်တော်မူ၏။
ထိုအရပ်သည် 'အဖပါလစေတီယ' မည်၏။

**၆- မုစလိန္ဒစေတီ (မုစလိန္ဒသတ္တာဟ)**

ထိုနောင် အဖပါလမှ မုစလိန္ဒသို့ သွားတော်မူ၏။ ထို အရပ်မှ ကန်၏အောက်၌ 'မုစလိန္ဒ' မည်သော နတ်ပြည် ရှိ၏။ ထိုကြောင့် ထိုကန်ကို 'မုစလိန္ဒ'ဟု တွင်၏။ ထိုကန်ဝန်းကျင်၌ ကျည်းပင် ရှိ၏။

ထိုမုစလိန္ဒအရပ်၌ နေတော်မူသောအခါ ၇ ရက်ပတ်လုံး မိုးရွာ၏။ အချမ်း, အပူ အစရှိသည်တို့ကို ကာအံ့သောငှာ 'မုစလိန္ဒ'မည်သော နဂါးမင်းသည် ၇ ပတ်ခွေ၍၊ ပါးပျဉ်းမိုး၍ ခြံရံအပ်သော် မြတ်စွာဘုရားသည် မကျဉ်းမကြောင်း ဂန္ဓကုဋီ၌ နေတော်မူသကဲ့သို့ ဖိုလ်သမာပတ်ချမ်းသာကို ခံ၍ နေတော်မူ၏။ ထိုအခါ မုစလိန္ဒာ နဂါးမင်းသည် မိုးစဲလျှင် ထိုအခွေကို ဖြည်၍၊ လှလင်အဟန် ဖန်ဆင်း၍ ရပ်၏။

ထိုအခါ မြတ်စွာဘုရားသည်
'သုခေါ ဝိဝေကောတုဋ္ဌဿ၊ သုတဓမ္မဿပဿတော။
အဗျာပဇ္ဇံသုခံ လောကေ၊ ပါဏဘူတေသုသံယမော။
'သုခါဝိရာဂတာလောကေ၊ ကာမာနံသမတိက္ကမော။
အသ္မိမာနဿ ယော၊ ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ။ ။' ဟူသော ဥဒါန်းဂါထာကို မိန့်တော်မူ၏။
ထိုအရပ်သည် 'မုစလိန္ဒစေတီ' မည်၏။

**၇- ရာဇာယတနစေတီယ (ရာဇာယတနသတ္တာဟ)**

ထိုနောင် လင်းလွန်းပင်သို့ ကပ်တော်မူ၏။ ထိုလင်းလွန်းပင်၏ အနီး၌ ၇ ရက်ပတ်လုံး ထက်ဝယ်တည်းဖြင့် ဖလသမာပတ်ချမ်းသာကို ခံ၍ နေတော်မူ၏။ ဤရွေ့သည် 'သတ္တသတ္တာဟ' မည်၏။

ဤသတ္တသတ္တာဟအတွင်း၌ မျက်နှာသစ်ခြင်း, ကိုယ်တော်သုတ်သင်ခြင်း, အာဟာရဘဉ်းပေးခြင်းကိစ္စသည် မရှိ။ ဖိုလ်သမာပတ်ချမ်းသာဖြင့် ထိုသတ္တာသတ္တာဟ အသက် ၄၉ ရက်မြောက်သောနေ့၌ သိကြားမင်းသည် တင့်အပ်သော နာဂလတာတံပူ, အနဝတတ်ရေဖြင့် တံပူ, မျက်သစ်ကို ပြုတော်မူပြီး၍ ဆေးဖြစ်သော ကြစုကို ဘဉ်းပေးတော်မူ၏။ ထိုအခါ ကိုယ်တော်သုတ်သင်ခြင်းကို ပြုတော်မူ၏။

http://www.dhammadownload.com



ထိုအခါ၌ တပုဿ, ဘလ္လိကကုန်သည်ညီနောင်တို့သည် ဥက္ကလာပဒေသပုဒ်မှ လှည်း ၅၀၀ ဖြင့် မဇ္ဈိမတိုက်သို့ ကုန်ပြုလာကုန်၏။ ထိုအခါ၌ ထိုကုန်သည်တို့၏ ဆွေမျိုးဖြစ်ဖူးသောနတ်သည် ထိုမြတ်စွာဘုရားနေတော်မူရာ အရပ်အနီးသို့ရောက်လျှင် ယာဉ်များကို မသွားနိုင်အောင် ပြု၏။ ထို ကုန်သည်တို့သည်လည်း 'နတ်ကို ပူဇော်အံ့'ဟု စီရင်ကုန်၏။

စီရင်လျှင် နတ်သည် ''ငါတို့ကို မပူဇော်ကုန်နှင့်။ မြတ်စွာဘုရားသည် ဘုရားဖြစ်တော်မူ၍ အာဟာရမရှိဘဲ နေ့ နေတော်မူသည် ၄၉ ရက် ရှိပြီ။ ထိုမြတ်စွာဘုရားကို အာဟာရဖြင့် ကပ်ကုန်။ ရှည်မြင့်စွာ စီးပွားချမ်းသာဖြစ်လတ္တံ့''ဟုဆို၏။

ထိုကုန်သည်တို့လည်း ဝမ်းမြောက်ဝမ်းသာစွာ မုန့်လုံးကို လည်းကောင်း, ပျားသိုင်းကို လည်းကောင်း ယူ၍၊ မြတ်စွာဘုရားရှိတော်မူရာ အရပ်သို့လာ၍၊ ''ရှင်ပင်ဘုရား။ အကျွန်ုပ်တို့၏ အစီးအပွားအလို့ငှာ ခံတော်မူပါ''ဟု ကပ်ကုန်၏။

မြတ်စွာဘုရားလည်း သုဇာတာ ဃနာမကပ်မိတွင် သပိတ်တော်ကွယ်လေသောကြောင့် 'ရှေးဘုရားတို့သည် လက်တော်ဖြင့် မခံကုန်။ ငါသည် မုန့်ဆုပ်, ပျားသိုင်းကို အဘယ်ဖြင့် ခံရအံ့နည်း'ဟု ကြံတော်မူ၏။

ထိုအကြံတော်ကို စတုမဟာရာဇ်နတ်မင်း ၄ ပါးတို့သည် သိ၍ အဖိုးကြီးစွာသော ဣန္ဒနီလာကျောက်သပိတ် ၄ လုံးတို့ကို ကပ်ကုန်၏။ မြတ်စွာဘုရားလည်း အဖိုးကြီးစွာသောကြောင့် ပယ်တော်မူ၏။ ယင်းသို့လျှင် ပဲနောက်အဆင်းနှင့် တူကုန်သော, အဖိုး နည်းကုန်သော ၄ လုံးသောကျောက်သပိတ်တို့ကို ကပ်ကုန်၏။

မြတ်စွာဘုရားလည်း ထိုနတ်တို့ကို သနားသဖြင့် ၄ လုံးသော သပိတ်တို့ကို ထပ်၍ထားလျှင် အနား ၄ ရေးရှိသော တစ်လုံးတည်း ဖြစ်၏။ ထိုသပိတ်ဖြင့် ခံတော်မူ၍၊ ထိုပဲမုန့်ဆွမ်းကို ဘဉ်းပေးတော်မူ၍၊ ထို ၂ ယောက်သော ကုန်သည်ညီနောင်တို့သည် 'ဘုရားကို လည်းကောင်း, တရားကို လည်းကောင်း ကိုးကွယ်ရာ'ဟုသိ၍၊ ဒွေဝါစိက ဥပါသကာ ဖြစ်ကုန်၏။

ဖြစ်ဆုံးမှ ''အကျွန်ုပ်တို့ကို 'သရဏဂုံသို့ ရောက်သောသူ'ဟုသိတော်မူပါ'' ဟု လျှောက်၍၊ ''အကျွန်ုပ်တို့၏ အမြဲကိုးကွယ်ရာကို ပေးပါ''ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားလည်း လက်ယာလက်တော်ဖြင့် ဦးခေါင်းတော်ကို သပ်၍၊ ၈ ချောင်းသောဆံတော်တို့ကို ပေးတော်မူ၏။ ထိုဆံတော်ဓာတ်တော်တို့ကို ရွှေပန်းတောင်း၌ ထည့်၍၊ မိမိတို့အရပ်သို့ ယူ၍ စေတီ တည်ကုန်၏။

ထို၌ ၇ ရက်နေတော်မူသော လင်းလွန်းပင်သည် 'ရာဇာယတနစေတီယ' မည်၏။

http://www.dhammadownload.com



## ပဋ္ဌဝဂ္ဂီ ၅ ဦးကို ဓမ္မစက္ကာတရားဦး ဟောတော်မူခြင်း

မြတ်စွာဘုရားသည် လင်းလွန်းပင်မှ ထတော်မူ၍၊ အဖေပါလညောင်ပင်သို့ တစ်ဖန် သွား၍ နေတော်မူပြန်၏။ ထိုအခါ၌ 'ဤတရားသည် နက်နဲ၏။ မြင်နိုင်ခဲ၏။ သိမ်မွေ့၏။ ကြံ၍ မနိုင်။ ပညာရှိသာလျှင် သိနိုင်၏။ ထိုတရားကို ဝေနေယျတို့အား ငါ ဟောအံ့။ ထိုဝေနေယျတို့ မသိနိုင်ကုန်ရာ။ ငါ၏ပင်ပန်းခြင်းသာလျှင် ဖြစ်လတ္တံ့' ဟု ရတော်မူအပ်သော နက်နဲစွာသောတရားကို ဆင်ခြင်တော်မူသော်၊ မြတ်စွာဘုရား၏ ဝေနေယျတို့အား တရား ဟောတော်မမူလိုသော အကြံတော်သည် ဖြစ်၏။

ထိုအခါ သဟံပတိဗြဟ္မာသည် အကြံကိုသိ၍ ''ဤလောကသည် ပျက်ပြိုတကား။ ဤလောကသည် အထူးသဖြင့် ပျက်ပြိုတကား'' ဟုဆိုလျက်၊ ၁ သောင်းသော စက္ကဝဠာ၌ ဗြဟ္မာအပေါင်းတို့သည် ခြံရံလျက် သိကြား, သုယာမ, သန္တုသိတနတ်, နိမ္မာနရတိနတ်, ပရနိမ္မိတ ဝသဝတ္တီနတ်တို့သည် လိုက်ကုန်သည် ဖြစ်၍၊ ရှင်ပင်ဘုရားရှေ့တော်၌ ထင်ရှားစွာ ပြ၍၊ ဗြဟ္မာမင်းသည် မိမိရပ်ခြင်းငှာ မြေ ဖန်ဆင်းပြီး၍၊ လက်ဝဲပုဆစ်တစ်ဖက်ကို မြေ၌ ကောင်းစွာတုပ်၍၊ ၂ ဖက်သောလက်ကို ကောင်းစွာရုံပြီးမှ လက်ယာပုဆစ်ထက် တင်ပြီးလျက် ရိုသေစွာရှိခိုးခြင်းနှင့် တူသော, အညစ်အကြေးကင်းသော ၁၀ ချောင်းသောလက်အုပ်ဖြင့် ဦးခေါင်းထက် ထား၍၊ ''ရှင်ပင်ဘုရား။ တရား ဟောပါ။ သတ္တဝါတို့ကို သိတော်မူပါ။ သတ္တဝါတို့သည် နည်းသောတပ်ခြင်း ရှိကုန်၏'' ဟု မြင်းမိုရ်တောင်လုံးရှိသော ရတနာပန်းကုံးဖြင့် ပူဇော်ရပ်လျက် တရားဟောတော်မူစိမ့်သောငှာ တောင်းပန်၏။

ထိုဗြဟ္မာ တောင်းပန်သောစကားကို ကြားတော်မူလျှင် ကြီးစွာသောကရုဏာတော် ဖြစ်၍၊ တရားဟော တော်မူခြင်းငှာ တောင်းပန်သော သတ္တဝါတို့၌ ကရုဏာကို ဖြစ်စေ၍၊ တရားဟောတော်မူခြင်းငှာ မြတ်စွာဘုရားသည် မဟာဗြဟ္မာကို

'အပါရုတာတေသံအမတဿ ဒ္ဝါရာယေသောတဝန္တော ပမဉ္စန္တု သဒ္ဓံ။
ဝိဟိံသသညီပရုဏ်နဘာသိ၊ ဓမ္မံပဏီတံ မနုဇေသုဗြဟ္မေ။ ။' ဟူသောဂါထာဖြင့် မိန့်တော်မူ၏။

ထိုအခါ၌ 'မြတ်စွာဘုရားသည် ပြုအပ်သောအခွင့် ရှိပြီ' ဟု သဟံပတိဗြဟ္မာသည် သိ၍၊ ဦးခေါင်းထက်၌ လက်အုပ်ကို ထား၍၊ ရိုသေစွာ ရှိခိုး၍၊ လက်ယာရစ် လှည့်၍ ဗြဟ္မာအပေါင်းခြံရံလျက် ကွယ်လေ၏။

ထိုအခါ မြတ်စွာဘုရားသည် ဗြဟ္မာအား အခွင့်ပေး၍၊ 'အဘယ်သူအား ငါသည် ရှေးဦးစွာ တရား ဟောရအံ့နည်း' ဟု တရားဟောထိုက်သောသူတို့ကို ဆင်ခြင်တော်မူသည်။ အဋ္ဌာရရသေ့ စုတေ၍ ၇ ရက်ရှိသော အဖြစ်ကို လည်းကောင်း, ဥဒကဿ၏ ညဉီး၌ စုတေသောအဖြစ်ကို လည်းကောင်း သိတော်မူ၍၊ 'ပဋ္ဌဝဂ္ဂီ ရဟန်းတို့သည် ငါ့အား ကျေးဇူးကြီးပေကုန်၏' ဟု နှလုံးသွင်းတော်မူ၍၊ 'ထိုပဋ္ဌဝဂ္ဂီတို့သည် ယခု အဘယ်အရပ်မှာ နေကုန်သနည်း' ဟု ဆင်ခြင်တော်မူသည်ရှိသော်၊ ဗာရာဏသီပြည်၏အနီး မိဂဒါဝုန်၌ နေသောအဖြစ်ကို သိတော်မူ၍၊ 'ထိုဗာရာဏသီသို့ သွား၍ ဓမ္မစက္ကာတရားကို ဟောအံ့' ဟု ကြံတော်မူပြီးသော်၊

http://www.dhammadownload.com



အကြားရက်တို့၌ ဗောဓိမဏ္ဍိုင်၏ အနီးသောရွာတို့၌ ဆွမ်းခံအမှီပြု၍ နေတော်မူပြီးမှ ဝါဆိုလပြည့်နေ့ 'ဗာရာဏသီသို့ သွားအံ့' ဟု ကြံတော်မူ၍၊ သပိတ်, သင်္ကန်း ယူတော်မူ၍ နေရာမှ ထပြီးသော်၊ ဝါဆိုလပြည့်နေ့၌ ၁၈ ယူဇနာရှိသော ခရီးကို ခြေဖြင့် သွားတော်မူပြီးသော်၊

ခရီးအကြား၌ 'ဥပက'အမည်ရှိသော အာဇီဝကကို တွေ့၍၊ ထိုသူသည် နောက် ကျွတ်လတ္တံ့သော ဥပနိဿယကို မြင်တော်မူ၍၊ ဥပကလည်း မြတ်စွာဘုရားကို "အရှင်။ သင်၏ ဣန္ဒြေတို့သည် ကြည်ညိုဖွယ်ရှိကုန်၏။ အဆင်းသည်လည်း ထက်ဝန်းကျင်မှ စင်ကြယ်၏။ ထက်ဝန်းကျင်မှ ထွန်းပ၏။ သင်သည် အာဘယ်သူကိုရည်၍ ရဟန်း ပြုအပ်သနည်း။ သင်၏ဆရာသည် အသူနည်း။ အာဘယ်သူ၏တရားကို သင် နှစ်သက်သနည်း" ဟုဆို၏။

မြတ်စွာဘုရားလည်း ထိုဥပကကို မိန့်တော်မူ၏။

'သဗ္ဗာဘိဘူသဗ္ဗဝိဒူဟမသ္မိ၊ သဗ္ဗေသုဓမ္မေသုအနုပလိတ္တော။

သဗ္ဗာဓဟောတဏှာက္ခယေ ဝိမုတ္တော၊ သယံအာဘိညာယကမုဒ္ဒိသေယျံ။

နမေ အာစရိယော အတ္ထိ၊ သဒိသော မေ နတ္ထိ၊ သဒေဝကသ္မိံလောကသ္မိံ။

နတ္ထိမေပဋိပုဂ္ဂလော၊ အဟံဟိအရဟာလောကေ။

အဟံသတ္ထာနအနုတ္တရော။ ဧကောမှိသမ္မာသမ္ဗုဒ္ဓေါ၊

သီတိ ဘူတောသ္မိ နိဗ္ဗုတော။ ဓမ္မစက္ကံ ပဝတ္တေတုံ ဂစ္ဆာမိ ကာသိနံ ပုရံ။

အန္ဓီဘူတသ္မိံ လောကသ္မိံ၊ အာဟဉ္ဆေ အမတ ဒုန္ဒုဘိံ။ ။' ဟူ၍ ဂါထာဖြင့် မိန့်တော်မူ၏။

အာဇီဝကလည်း "အရှင်။ အကြင်အပြားဖြင့် သင် သိစေ၏။ အရဟ ဖြစ်၏။ အနန္တဇိနဖြစ်၏" ဟုဆို၏။

မြတ်စွာဘုရားလည်း

'မာဒိသာ ဝေ ဇိနာ ဟောန္တိ၊ ယေပတ္တာ အာသဝက္ခယံ။

ဇိတာမေပါပကာဓမ္မာ။ တသ္မာဟမုပကဇိနော။ ။' ဟု မိန့်တော်မူ၏။

အာဇီဝကလည်း "ဖြစ်ရာ၏" ဟုဆို၍ ဦးခေါင်းကို လှုပ်၍ ခရီးမှ ဖဲလေ၏။

မြတ်စွာဘုရားလည်း အစဉ်သဖြင့်သွားတော်မူ၍၊ ညချမ်းသောအခါ၌ ဗာရာဏသီပြည်၏အနီးဖြစ်သော မိဂဒါဝုန်တော၌ ပဌဝဂ္ဂီရဟန်းတို့သို့ ကပ်တော်မူ၏။

ပဌဝဂ္ဂီတို့လည်း အဝေးမှလာတော်မူသော မြတ်စွာဘုရားကို မြင်ကုန်၍၊ "ဤရဟန်းဂေါတမသည် အကျင့်ခဲမှ ထွက်၍၊ လဲသည်ဖြစ်၍ လာ၏။ ထိုရဟန်းဂေါတမအား ရှိမခိုးအပ်။ ခရီးဦးကြို မဆိုအပ်။ သပိတ်, သင်္ကန်းကို မယူအပ်။ နေရာကို မခင်းအပ်။ အလိုရှိသည်ဖြစ်အံ့။ နေလတ္တံ့" ဟု အချင်းချင်း ကတိကဝတ် ပြုကုန်၏။

မြတ်စွာဘုရားသည် ပဌဝဂ္ဂီတို့သို့ ကပ်တော်မူသည်ရှိသော် မိမိကတိကဝတ်အတိုင်း မတည်နိုင်သည်ဖြစ်၍၊ ခရီးဦး ကြိုလာ၍၊ တစ်ယောက်ကား သပိတ်, သင်္ကန်းတော်ကို ယူ၏။ တစ်ယောက်ကား နေရာ ခင်း၏။ တစ်ယောက်ကား ခြေဆေးရေ ခပ်၏။ တစ်ယောက်ကား ခြေဆေးအင်းပျဉ် ကပ်၏။ တစ်ယောက်ကား ခြေပွတ်ကျောက်ကို ကပ်၏။ မြတ်စွာဘုရားလည်း ခင်းအပ်သောနေရာ၌ နေတော်မူ၏။ ခြေတော်ကို ဆေး၏။

မြတ်စွာဘုရားကို ရဟန်းပြုခြင်းအခေါ်အဝေါ်ဖြင့် 'အာဝုသော'ဟု ခေါ်ကုန်၏။

http://www.dhammadownload.com



''ရဟန်းတို့။ ငါဘုရားကို 'အာဝုသော' ဟု မခေါ်ကုန်လင့်။ ရဟန်းတို့။ 'ဝိပဿီ' အမည်တော်ရှိသော ဘုရားကဲ့သို့ ကောင်းသောလာခြင်း ရှိသည်ဖြစ်၍၊ 'အရဟ' မည်ပြီ။ ကောင်းစွာအလိုလို ခပ်သိမ်းသောတရားတို့ကို သိပြီ။ ရဟန်းတို့။ နားထောင်ကုန်။ ငါသည်ရအပ် သိအပ်သော နိဗ္ဗာန်ကို သင်တို့အား သိစေအံ့။ ဓမ္မစကြာတရားကို ဟောအံ့။ ဆုံးမအပ်သည်နှင့်လျော်ပတ်စွာ နိဗ္ဗာန်အလို့ငှာ အမျိုးသားတို့သည် ရဟန်းပြုကုန်၏။ အကယ်မရှိသော 'ဗြဟ္မစရိယ' တည်းဟူသော အဆုံးရှိသောနိဗ္ဗာန်ကို မျက်မှောက်ပြုသောကိုယ်အဖြစ်၌ အလိုလို လွန်ကဲသောဉာဏ်ဖြင့် မျက်မှောက်ပြု၍ နေရကုန်လတ္တံ့'' ဟု မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် ပဉ္စဝဂ္ဂီရဟန်းတို့လည်း ''အရှင်ဂေါတမ။ အရှင်သည် ထိုသို့သော အကျင့်ခဲဖြစ်သော ဒုက္ကရစရိယာကို ကျင့်ခြင်းဖြင့် 'ဥတ္တရိမနုဿဓမ္မ' တည်းဟူသော ဝိသေသကို မရ။ အဘယ်ကြောင့် အရှင်ဂေါတမသည် ယခုအခါ၌ ပရိက္ခရာများခြင်း၌ ယှဉ်လျက် လုံ့လမှ လျော့သည်ဖြစ်၍၊ ပရိက္ခရာများခြင်းငှာ လဲလျက် 'ဥတ္တရိမနုဿ' တည်းဟူသော ဝိသေသကို ရလတ္တံ့နည်း'' ဟု ဆို၏။

ဤသို့ဆိုကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

''ရဟန်းတို့။ ငါတို့ဘုရားသည် ပရိက္ခရာများခြင်း၌ မယှဉ်။ လုံ့လမှလည်း မလျော့။ ပရိက္ခရာများခြင်းငှာလည်း မလဲ။ ရဟန်းတို့။ ငါဘုရားသည် အရဟံတည်း။ သမ္မာသမ္ဗုဒ္ဓတည်း။ ရဟန်းတို့။ နာကုန်လော့။ တရားကို ငါ ဟောအံ့'' ဟု မိန့်တော်မူ၏။

၂ ကြိမ်မြောက် လည်းကောင်း, ၃ ကြိမ်မြောက် လည်းကောင်း ပဉ္စဝဂ္ဂီရဟန်းတို့သည် ထိုသို့သောစကား ကို ဆိုမြဲ ဆိုကုန်၏။

ဤသို့ဆိုကုန်သော ပဉ္စဝဂ္ဂီရဟန်းတို့ကို ''ရဟန်းတို့။ ရှေးသောအခါ၌ ဤသို့သဘောရှိသော ဆိုဖူးသော ငါ့စကားကို သင်တို့ ကြားဖူးသလော'' ဟု မေးတော်မူ၏။

''အရှင်ဘုရား။ အကျွန်ုပ်တို့ မကြားဖူး'' ဟု လျှောက်ကုန်သည်ရှိသော်၊ ''ပဉ္စဝဂ္ဂီရဟန်းတို့ကို ငါသည် 'ဘုရား' တည်းဟု သိစေခြင်းငှာ စွမ်းနိုင်တော်မူ၏''

ထိုအခါ၌ ပဉ္စဝဂ္ဂီရဟန်းတို့သည်လည်း မြတ်စွာဘုရားတရားတော်ကို ကောင်းစွာနာကုန်၏။ ပညာနှင့် ယှဉ်သောစိတ်ကို ဖြစ်စေကုန်၏။ ထိုသို့ ပညာနှင့်ယှဉ်သောစိတ် ဖြစ်သောအခါ၌ ပဉ္စဝဂ္ဂီတို့ကို ခေါ်တော်မူ၏။

'ဒွေမေ ဘိက္ခဝေ အန္တာ ပဗ္ဗဇိတေန န သေဝိတဗ္ဗာ' ဟူသည်မျှ မိန့်တော်မူလျှင်ပင်၊ အသံတော်သည် စကြဝဠာ ၁ သောင်းလုံး နံ့လေ၏။

ထိုခဏ၌ပင်လျှင် ၁ သောင်းသောစကြဝဠာမှ နတ်,ဗြဟ္မာတို့သည် ရှေ့တော်သို့ ရောက်ကုန်၏။ ထိုအခါ၌ 'ကတမေဒွေ' အစရှိသော ဓမ္မစကြာတရားကို ဝါဆိုလပြည့် နေ့လည်း တစ်ခြမ်း, လလည်း တစ်ခြမ်း တက်သောကာလ၌ ဟောတော်မူ၏။ ဟောတော်မူသောအဆုံး၌ များစွာသော နတ်, ဗြဟ္မာအစည်းအဝေးတွင် အညာတကောဏ္ဍညသည် ၁၈ ကုဋေသော ဗြဟ္မာတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။

http://www.dhammadownload.com



## သာတာဂိရိဘီလူးမင်းနှင့် ဟေမဝတဘီလူးမင်း အကြောင်း

မြတ်စွာဘုရားသည် မိဂဒါဝုန်၌ ဓမ္မစကြာတရားကို ဟောတော်မူသောအခါ၌ မြေလှုပ်ခြင်း အစရှိသော ၃၂ ပါးသောပုဗ္ဗနိမိတ်တို့ကို လည်းကောင်း, ပြာဋိဟာတို့ကို လည်းကောင်း သာတာဂိရိဘီလူးမင်းသည်သာ ရှေးဦးစွာ မြင်၏။ ထိုနိမိတ်အကြောင်းကို သိ၍၊ မိမိပရိသတ်နှင့်တကွ မြတ်စွာဘုရားသို့ ကပ်၍ ဓမ္မစကြာတရားတော်ကို နာ၏။

ထိုသာတာဂိရိဘီလူးမင်းသည် 'ငါ၏အဆွေဖြစ်သော ဟေမဝတဘီလူးမင်းသည် ဤ သာယာစွာသော မြတ်စွာဘုရား တရားတော်ကို မနာပါရ'ဟု အောက်မေ့၍ ပုံလွှင့်သောကြောင့် တစ်စုံတစ်ခုသော မဂ်ဖိုလ် မရ။ မြတ်စွာဘုရားသည်လည်း နေဝင်သောအခါ၌ ဓမ္မစကြာဒေသနာကို ပြီးစေ၏။

ထိုအခါ၌ သာတာဂိရိဘီလူးမင်းသည် 'အဆွေဘီလူးမင်းကို ယူ၍၊ ထိုအဆွေနှင့် တကွသာလျှင် လာ၍ တရားတော်ကို နာအံ့' ဟုကြံ၍၊ ဆင်ယာဉ်, မြင်းယာဉ်, ဂဠုန်ယာဉ် အစရှိသောယာဉ်တို့ကို ဖန်ဆင်း၍၊ ဘီလူး ၅၀၀ တို့သည် ခြံရံအပ်သည် ဖြစ်၍ ဟိမဝန္တာသို့ ရှေးရှုသွားလေ၏။

ထိုအခါ ဟေမဝတဘီလူးမင်းသည် 'ဘုရားလောင်း ပဋိသန္ဓေ နေတော်မူသောကာလ, ဖွားတော်မူသောကာလ, ဘုရား ဖြစ်တော်မူသောကာလ, ပရိနိဗ္ဗာန် ပြုသောကာလတို့၌ ၃၂ ပါးသော ပုဗ္ဗနိမိတ်တို့လည်း ဖြစ်၍ မြင့်စွာ မတည်ကုန်။ ဓမ္မစကြာတရားကို ဟောတော်မူသောကာလ၌ကား အထူးထူးသောထိုနိမိတ်တို့ မြင့်စွာ တည်ကုန်၏။'

ထိုဓမ္မစကြာတရားကို ဟောတော်မူသောကာလ၌ ထင်ကုန်သောအံ့ဖွယ်တို့ကို မြင်၍၊ 'အကြင်ကာလ၌ ငါသည် ဤတောင်၌ ဖြစ်၏။ ထိုအခါမှစ၍ ဤသို့သော မွေ့လျော်ဖွယ် မဖြစ်စဖူး။ ယခု ငါ၏အဆွေကို ယူ၍ လာ၏။ ထို ငါတို့အဆွေနှင့်တကွ ဤသို့သော ဟိမဝန္တာတောင်၏အသရေကို ခံစားအံ့' ဟု သာတာဂိရိဘီလူးမင်း လာသကဲ့သို့ ရှေးရှုလာ၏။

ထို ၂ ဦးသော ဘီလူးမင်းတို့သည် ရာဖဂ်ြိုဟ်မြို့၏အထက် ကောင်းကင်၌ တွေ့ကြ၍၊ အချင်းချင်း လာကြောင်းကို မေးကြကုန်၏။

ထိုအခါ ဟေမဝတဘီလူးမင်းသည် ''အဆွေဘီလူးမင်း။ အကြင်အခါ၌ ဤတောင်၌ ငါ ဖြစ်၏။ ထိုအခါမှစ၍ ဤတောင်သည် အခါသည်၌ပင် ပန်း အစရှိသော သစ်ပင်တို့ဖြင့် အလွန်မွေ့လျော်ဖွယ်ရှိသည် မဖြစ်စဖူး။ ယခုအခါ၌ ဖြစ်၏။ ထို့ကြောင့် ထိုအကြောင်းတို့ဆိုသော ပန်းတို့ဖြင့်တင့်တယ်သော အသရေကို သင်နှင့်တကွ စံပယ်ပျော်ပါးအံ့ ဟု လာ၏'' ဤသို့ ဆို၏။

သာတာဂိရိဘီလူးမင်းလည်း ဤသို့ဆို၏။

''အဆွေ။ အကြင်အကြောင်းဖြင့် ဤ ကာလမဟုတ် ပန်းပွင့်ခြင်း ပါဋိဟာရိယသည် ဖြစ်၏။ ထိုအကြောင်းကို အဆွေ သိသလော''ဟု မေး၏။

http://www.dhammadownload.com



"အဆွေ။ ငါ မသိ" ဟု ဆို၏။ "အဆွေဘီလူးမင်း။ ဤပါဠိဟာရိယသည် အထူးအားဖြင့် ဟိမဝန္တာ၌ သာလျှင် မဖြစ်။ စင်စစ်သော်ကား ၁ သောင်းသောလောကဓာတ်၌ ဖြစ်၏။ မြတ်စွာဘုရားသည် လောက၌ ဖြစ်တော်မူ၍ ယနေ့ဓမ္မစကြာတရားကို ဟောတော်မူ၏။ ထိုသို့သောအကြောင်းကြောင့် ဤသို့ အခါမဟုတ် ပန်းပွင့်ခြင်း အစရှိသောအံ့ဖွယ်သည် ဖြစ်သတည်း" ဟု သာတာဂိရိဘီလူးမင်းသည် ဟေမဝတဘီလူးမင်းအား မြတ်စွာဘုရားဖြစ်တော်မူသော အကြောင်းကို ဆို၏။

ထိုဟေမဝတဘီလူးမင်းကို မြတ်စွာဘုရားအထံတော်သို့ ဆောင်လိုသည်ဖြစ်၍၊

'အဓွပန္နရသော ဥပေါသထော၊ (ဣတိ သာတာဂိရိယက္ခော) ဒိဗ္ဗာ ရတ္တိ ဥပဋ္ဌိတာ။
အနောမ နာနံ သတ္ထာရံ၊ ဟန္ဒ ပဿာမ ဂေါတမံ။ ။' ဟူသော ဂါထာကို ဆို၏။

ထိုဂါထာ၏အဓိပ္ပာယ်ကား-

"အဆွေ ဟေမဝတဘီလူးမင်း။ တစ်နေ့သ၌ ၁၅ ရက်မြောက်သော ဥပုသ်နေ့တည်း။ ထွန်းလင်းသော အရောင်ရှိသော ညဉ့် ထင်၏။ ယခု မြတ်သောအမည်တော်ရှိသော၊ နတ်၊လူတို့၏ဆရာ ဖြစ်တော်မူသော၊ ဂေါတမအမျိုး ဖြစ်တော်မူသော မြတ်စွာဘုရားကို ရှုကုန်အံ့" ဟု ဤသို့ သာတာဂိရိဘီလူးမင်းသည် ဆို၏။

ဟေမဝတဘီလူးမင်းသည် 'ဤသာတာဂိရိဘီလူးမင်းသည်ကား 'အနောမ နာနံ သတ္ထာရံ' ဟုဆိုသည် ရှိသော် ထိုမြတ်စွာဘုရား၏ သဗ္ဗညုဗုဒ္ဓအဖြစ်ကို ပြ၏။ လောက၌ သဗ္ဗညုဗုဒ္ဓအဖြစ်ကို ရခဲ၏။ 'သဗ္ဗညုဗုဒ္ဓ' ဟု ဝန်ခံသောသူတို့သည် လောကကို နှိပ်စက်၏။ ပုရာဏကဿပနှင့် တူ၏။ ထို ညွှန်အပ်သောသူသည် အကယ်၍ ဖြစ်အံ့။ တာဒိကျေးဇူးသို့ ရောက်သည် စင်စစ်ဖြစ်လတ္တံ့။ ထို တာဒိကျေးဇူးဖြင့် ထိုသဗ္ဗညုဗုဒ္ဓအဖြစ်ကိုသာလျှင် စူးစမ်းအံ့' ဟု ကြံ၍၊ တာဒိလက္ခဏာကို မေးလိုသော ဟေမဝတဘီလူးမင်းသည်၊

'ကစ္စိ မနော သုပဏိဟိတော၊ (ဣတိ ဟေမဝတောယက္ခော) သဗ္ဗဘူတေသု တာဒိနော။
ကစ္စဂ္ဂ္ဂေ အနိဒ္ဒေစ၊ သင်္ကိပ္ပသမဝသီကတော။ ။' ဟုဆို၏။

အဓိပ္ပာယ်ကား-

"အဆွေ သာတာဂိရိဘီလူးမင်း။ သင်၏ဆရာသည် စိတ်ကို ကောင်းစွာ ထားသလော။ မတုန်မလှုပ်လော။ ခပ်သိမ်းသောသတ္တဝါတို့၌ ကရုဏာမေတ္တာဖြင့် မျှသောစိတ်ကို ထား၏လော။ ကောင်းသော အာရုံ၊ မကောင်းသောအာရုံ၌ ရာဂဒေါသအားဖြင့် အကြိတို့သည် ဖြစ်ကုန်ရာ၏။ ထိုအကြိအလိုသို့ မလိုက်လော" ဟု မေး၏။

ဤသို့ အစရှိသည်ဖြင့် မေးသည်ကို သာတာဂိရိဘီလူးမင်းသည်၊

'မနော စဿ သုပဏိဟိတော၊ (ဣတိ သာတာဂိရိ ယက္ခော) သဗ္ဗဘူတေသု တာဒိနော။
အထော ဣဋ္ဌေ အနိဋ္ဌေ စ၊ သင်္ကိပ္ပဿ ဝသီကတော။ ။'

အဓိပ္ပာယ်ကား-

"ထိုမြတ်စွာဘုရားစိတ်တော်သည် ကောင်းစွာ တည်ကြည်၏။ မတုန်မလှုပ်တည်း။ ခပ်သိမ်းသောသတ္တဝါတို့၌ ကရုဏာမေတ္တာသည် ရှိသည်ဖြစ်၍ တည်ကြည်သောစိတ် ရှိ၏။ ကောင်းသော အာရုံ၊ မကောင်းသော

http://www.dhammadownload.com



အာရုံ၌လည်း ရာဂ, ဒေါသ, မောဟ ရှိသောအားဖြင့် အကြွေတို့သည် ဖြစ်ကုန်၏။ ထို ရာဂ, ဒေါသ အစရှိသောအကြွေ၏ နိုင်ငံသို့လိုက်၏'' ဤသို့ ဖြေ၏။

ဤမှတစ်ပါးလည်း ဟေမဝတဘီလူးမင်း မေးလျှင် သာတာဂိရိဘီလူးမင်းသည် များစွာသော ဘုရားကျေးဇူးတို့ကို ဖြေ၏။

ထိုအခါ၌ ရာဇဂြိုဟ်ပြည်၌ ဝါဆိုလပြည့်နေ့သဘင်သည် ဖြစ်၏။ ထိုသဘင်အခါ၌ ထက်ဝန်းကျင်မှ တန်ဆာဆင်ခြင်းနှင့်ထင်သော သုဒဿနမြို့၌ နတ်၏အသရေကို ခံစားကုန်သောနတ်တို့ကဲ့သို့ ကြီးစွာသော တင့်တယ်ခြင်းသည် ဖြစ်၏။

ထိုအခါ၌ 'ကာဠီ'အမည်ရှိသော သုဒဿနမြို့သူသည် ပြာသာဒ်ထက်သို့ တက်၍၊ လေသွန်တံခါးကို ဖွင့်၍၊ အအိုက်, အပူကို ဖျောက်သည်ဖြစ်၍ လေသာရာအရပ်၌ ငြိမ်သောဥတု ယူခြင်းငှာ ရပ်၏။ မြတ်စွာဘုရား ကျေးဇူးတော်နှင့်ယှဉ်သော ထိုဘီလူးစစ်သူကြီးတို့၏စကားကို အစ, အလယ်, အဆုံးတိုင်အောင် ကြား၏။ ကြားကာမျှသာလျှင် 'မြတ်စွာဘုရားတို့ ဤသို့အပြားရှိသော ကျေးဇူးနှင့် ပြည့်စုံတော်မူကုန်၏'ဟု 'ဘုရား'ဟူသော အာရုံရှိသောပီတိကို ဖြစ်စေ၍၊ ထိုပီတိဖြင့် နဝဂုဏ်ကို ပွား၍ ထိုလေသွန်တံခါး၌ ရပ်လျက်သာလျှင် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုကြောင့် မြတ်စွာဘုရားသည် နောက်အခါ၌ ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဒကာယောကျ်ား, ဒကာမိန်းမတို့ကို စတုဒဂ်ထားတော်မူသောအခါ၌၊ 'ကြည်ညိုကုန်သောဥပါသိကာတို့တွင် ဤကာဠီဥပါသိကာသည် မြတ်၏'ဟု စတုဒဂ် ထားတော်မူ၏။

ထိုသို့ ဘီလူးစစ်သူကြီးတို့သည် ၁၀၀၀ သောအခြံအရံ ရှိကုန်သည်ဖြစ်၍၊ သန်းခေါင်ယံအခါ၌ ကူသိပတနသို့ ရောက်၍ ဓမ္မစကြာတရားကို ဟောတော်မူသော, ထက်ဝယ်ဖြင့်သာလျှင်နေတော်မူသော မြတ်စွာဘုရားသို့ကပ်၍၊ ရှိသေစွာ ရှိခိုး၍၊

'အက္ခာတာရံ ပဝတ္တာရံ၊ သဗ္ဗဓမ္မာနပါရဂုံ။

ဗုဒ္ဓံဝေရဘယာတီတံ၊ မယံ ပုစ္ဆာမ ဂေါတမ။

'ကိသွိ' လောကော သမုပ္ပန္နော၊ ကွတိ ဟေမဝ ကော ယကွော။

ကိသွိ' သုပ္ပတိသန္ဓဝံ ကိဿ လောကော ဥပါဒါယ၊ ကိသွိလောကော ဝိဟာညတိ။ ။' ဟူသော ဤ ၂ ဂါထာတို့ဖြင့် မြတ်စွာဘုရားကို ချီးမွမ်း၍ အခွင့်ကိုပြုစေကုန်၏။

ဤဂါထာတို့၏ အဓိပ္ပာယ်ကား

'သစ္စာ ၄ ပါးတို့ကို ပိုင်းခြားသောအားဖြင့် ဟောတော်မူအပ်သော၊ ထိုထိုသေရကိစ္စဉာဏ်ကို ဖြစ်စေသောအားဖြင့် အပြားအားဖြင့် ဖြစ်စေတတ်သော၊ ခပ်သိမ်းသောတရားတို့၏ တစ်ဖက်သို့ ရောက်တော်မူပြီးသော၊ ၅ ပါးသောဘေးရန်တို့ကို လွန်ပြီးသော၊ ဂေါတမ အမျိုးတော်ဖြစ်တော်မူသော မြတ်စွာဘုရားကို ကျွန်ုပ်တို့သည် မေးကုန်၏။

http://www.dhammadownload.com



'အဘယ်သို့ဖြစ်သည်ရှိသော် လောကသည် ဖြစ်သနည်း။ အဘယ်၌ ပေါင်းဖော်ခြင်းကို ပြုရာသနည်း။ အဘယ်ကိုစွဲ၍ 'လောက' ဟု ရေတွက်ခြင်းသို့ ရောက်သနည်း။ အဘယ်သည်ရှိသော် အဘယ်အကြောင်းဖြင့် လောကသည် ပင်ပန်းသနည်း။ လောကကို ညှဉ်းဆဲအပ်သနည်း'

ဤသို့ မေးကုန်၏။

မြတ်စွာဘုရားလည်း-

'သသုလောကောသမုပ္ပန္နော၊ ဟေမဝါတာတိ ဘဂဝါ။

စသုကပ္ပတိသန္ဓဝံ ဥပါဒါယ၊ သသုလောကောဝိဟညတိ။ ။' ဟုဖြေတော်မူ၏။

''ဟေမဝတဘီလူးမင်း။ ၆ ပါးသောတရားတို့၌ လောကသည် ဖြစ်၏။ ၆ ပါးသောတရားတို့၌ 'ငါ၏ ဥစ္စာ'ဟု ပေါင်းဖော်ခြင်းကို ပြု၏။ ထိုသို့သော တပ်ခြင်းတရားကိုသာလျှင် စွဲ၍ ၆ ပါးသောတရားတို့၌ လောကသည် ပင်ပန်း၏။ လောကကို ညှဉ်းဆဲအပ်၏'' ဤသို့ ဖြေတော်မူ၏။

ထိုသို့ဖြေတော်မူသောအခါ၌ ထိုဟေမဝတဘီလူးမင်းသည် ဝဋ်အားဖြင့်မေးအပ်သော မိမိပြဿနာကို မြတ်စွာဘုရားသည် ချဲ့၍၊ ၁၈ ပါးသော အာယတနအားဖြင့် ဖြေတော်မူ၏။ ထိုဖြေတော်မူအပ်သည်ကို ကောင်းစွာမှတ်၍ ထိုချဲ့အပ်သောအာယတနကို လည်းကောင်း, ထိုအာယတန၏ အတ္ထပဋိပက္ခကို လည်းကောင်း သိသော ဟေမဝတဘီလူးမင်းသည် အကျဉ်းအားဖြင့်သာလျှင် ဝဋ်၌ ရှင်သန်ခြင်း, ဝဋ်မှ ကင်းခြင်းကို မေးသည် ဖြစ်၏။

'ကတမံတံ ဥပါဒါယ၊ ဟတ္တလောကောဝိဟညတိ။

နိယျာနပုစ္ဆိတောဖြူဟိ၊ ကတံဒုက္ခာပမုစ္စတိ။ ။' ဟူသောဂါထာဖြင့် မေးပြန်၏။

ထိုဂါထာ၏အဓိပ္ပာယ်ကား-

''ရှင်ပင်ဘုရား။ စွဲလမ်းအပ်သော တရားသည်ကား အဘယ်နည်း။ အကြင်ဓမ္မ၌ လောကကို အဘယ်အကြောင်းကို ညှဉ်းဆဲအပ်သနည်း။ သံသရာမှထွက်ကြောင်းကို မေးအပ်သော ရှင်ပင်ဘုရားသည် ဟောတော်မူပါ။ အဘယ်အကြောင်းကြောင့် ဒုက္ခမှ ထွက်သနည်း'' ဟူလိုသည်။

ဤသို့ ဘီလူးမင်းသည် သစ္စာ ၄ ပါးအားဖြင့် မေးအပ်သောပြဿနာကို မြတ်စွာဘုရားသည် ထို မေးသောနည်းဖြင့် ဖြေတော်မူလိုသည်ဖြစ်၍

'ပဌကာမဂုဏာဟောတေ၊ မနောဆဒဋ္ဌာပဝေဒိတာ။

စတ္တာဆန္ဒံ ဝိရာဓိတွာ စဝံဒုက္ခာပမုစ္စတိ၊ စတံ လောကဿနိယျာနိ။

စတံဝေါအဟာပက္ခာသိမိ၊ စဝံဒုက္ခာပမုစ္စတိ။ ။'

''ဟေမဝတ ဘီလူးမင်း။ 'မန'တည်း ဟူသော ၆ ခုမြောက်ရှိကုန်သော ကာမဂုဏ်တို့ကို ပြအပ်ကုန်၏။ အာယတန ၁၂ ပါးသော ဒုက္ခသစ္စာ၌ တဏှာခြင်းကို ဖျက်၍ ဤသို့သောအကြောင်းဖြင့် ထိုသို့သဘောရှိသော ဝဋ်ဒုက္ခမှ လွတ်၏။ ထိုတပ်ခြင်း ကင်းခြင်းသည် ၃ ပါး၌ကျင်လည်သော် လောကသံသရာဝဋ်မှ ထွက်မြောက်ကြောင်းကို မဖောက်မပြန် ကြားအပ်၏။ သင်တို့အား ထိုသို့ထွက်ကြောင်းကို ငါ ဟောအံ့။ ဤသို့အပြားအားဖြင့် လောက ၃ ပါးအား ဝဋ်ဒုက္ခမှ လွတ်၏။ တစ်ပါးသောအပြားဖြင့် ဝဋ်ဒုက္ခမှ မလွတ်''

http://www.dhammadownload.com



ဤသို့ မြတ်စွာဘုရားသည် ဝဋ်ကင်းခြင်းအားဖြင့် ဒေသနာကို ပြီးစေ၍ ဖြေတော်မူ၏။ ထိုဒေသနာတော် အဆုံး၌ သာတာဂိရိဘီလူးမင်းတို့သည် ဘီလူးအထောင်နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

ထိုအခါ၌ ဟေမဝတဘီလူးမင်းသည် ကြပတ္တေသောအားဖြင့် ဓမ္မကို အလေးအမြတ်ပြု၏။ ယခု အခိုက်၌ မဂ်ဖိုလ်၌ တည်၍၊ မြတ်စွာဘုရား၏ ဆန်းကြယ်ပြေပြစ်သော ဒေသနာတော်၌ ကောင်းစွာမရောင့်ရဲသည်ဖြစ်၍၊ 'သေခဘူမိ, အသေခဘူမိ'ကို မေးလိုသည် ဖြစ်၍၊

'ကောသုဓရတိ သြဃံ၊ ကောသုဓရတိ အဏ္ဏဝံ။
အပ္ပတိဋ္ဌေ အနာလမ္ဗေ၊ ကောသမ္ဘီရေနသီဒတိ။' ဟူသောဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား-

''ဤလောက၌ အဘယ်သူသည် သြဃကို လွန်နိုင်သနည်း။ ဤလောက၌ အဘယ်သူသည် သမုဒ္ဒရာ၌ လွန်နိုင်သနည်း။ ဤလောက၌ အဘယ်သူသည် အောက်၌ ထောက်ရာမရှိသော, အထက်၌ ကိုင်ရာမရှိသော, နက်သောသမုဒ္ဒရာ၌ အဘယ်သူသည် မနစ်မြုန်းသနည်း'' ဟူလိုသော်၊

ထိုအခါ၌ မြတ်စွာဘုရားသည် ''အကြင်ရဟန်းသည် အကြင်အကြောင်းကြောင့် သိက္ခာပုဒ်တော်ကို မလွန်။ အခါခပ်သိမ်း သီလနှင့် ပြည့်စုံ၏။ လောကီ, လောကုတ္တရာပညာဖြင့် ပညာရှိသောသူသည် 'ဥပစာရသမာဓိ, အပ္ပနာသမာဓိဖြင့် လည်းကောင်း၊ သွားခြင်း အစရှိသော ဣရိယာပုထ် အောက်မဂ်ဖိုလ်တို့ဖြင့်လည်း ကောင်းစွာ တည်ကြည်သည်ဖြစ်၍ လည်းကောင်း၊ 'အနိစ္စ, ဒုက္ခ, အနတ္တ' ဟု လက္ခဏာရေးသို့ တင်၍ ရှုခြင်းဖြင့် အဏ္ဏတ္တသန္တာန်၌ ရှုလေ့ရှိသည်ဖြစ်၍၊ 'နိစ္စ, အတ္တ, သုခ'ဟု သုံးသပ်သောအမှုကို ပယ်၍၊ မမေ့မလျော့ ကမ္မဋ္ဌာန်းနှင့်ယှဉ်သော သတိနှင့်ပြည့်စုံသည် ဖြစ်၍ အရဟတ္တမဂ်ဖြင့် စင်စစ် ခဲသော အကြင်သြဃကို အကြင်သူသည် အကြင်ကြောင့် အကြွင်းမဲ့ လွန်နိုင်၏။ ထို့ကြောင့် ထို သေခဘူမိကို ဖြေတော်မူလိုသည်ဖြစ်၍၊

'သမ္မဒါ သီလ သမ္မန္နော၊ ပညာဝါသုခမာ ဟိတော။
အဏ္ဏတ္တသညီ သတိမာ၊ သြဃံတရတိဒုတ္တရိ။ ။' ဟူသော ၃ ပါးသောသိက္ခာပုဒ်တည်းဟူသော တိုက်ရိုက်သောဂါထာကို ဟောတော်မူ၏။

ထိုဂါထာ၏အဓိပ္ပာယ်ကား-

''ဘီလူးမင်း။ အကြင်တပည့်သည် အခါခပ်သိမ်း 'အဓိသီလသိက္ခာ'နှင့် ပြည့်စုံ၏။ ကောင်းစွာ တည်ကြည်ခြင်း ရှိသည်ဖြစ်၍၊ သတိနှင့် ပြည့်စုံသည်ဖြစ်၍၊ 'အဓိစိတ္တသိက္ခာ'နှင့် ပြည့်စုံ၏။ အဏ္ဏတ္တ၌ ရှုလေ့ရှိသည်ဖြစ်၍ 'အဓိပညာသိက္ခာ'နှင့် ပြည့်စုံ၏။ ထိုသိက္ခာ ၃ ပါးနှင့် ပြည့်စုံသောသူသည် ကူးခဲသော သံသရာတည်းဟူသော သြဃကို လွန်နိုင်၏''ဟူသော ထိုသေခဘူမိကို ဟောတော်မူ၍၊ အသေခဘူမိကို ဟောတော်မူလိုသော မြတ်စွာဘုရားသည်၊

'ဝိပရိတောကာမသညာယာ၊ သတ္တသံယောဇနာတိကေ။
နန္ဒီရာဂပရိက္ခီဏော၊ သောဂမ္ဘီရေနသီဒတိ။'

http://www.dhammadownload.com



"ဟေမဝတ ဘီလူးမင်း။ အကြင်သူသည် ကာမသညာ၌ တပ်ခြင်း မရှိ။ အလုံးစုံသော ကာမသံယောဇဉ်ကို လွန်မြောက်၏။ ထိုသို့သော အာရုံ၌နှစ်သက်ခြင်း တပ်ခြင်း ဟုဆိုအပ်သော ၃ ပါးသောတဏှာ ကုန်ခြင်းရှိ၏။ ထိုသို့သဘောရှိသော ရဟန္တာသည် အောက်၌ ထောက်မှီရာမရှိသော, အထက်၌ ကိုင်ရာ မရှိသော, နက်သော 'သံသရာ'တည်းဟူသော သမုဒ္ဒရာ၌ မနစ်မွန်း" ဤသို့ ဟောတော်မူ၏။

ထိုအခါ၌ ဟေမဝတဘီလူးမင်းသည် သာတာဂိရိဘီလူးမင်းကို လည်းကောင်း, ၁၀၀၀ သော ဘီလူးပရိသတ်တို့ကို လည်းကောင်း ကြည့်၍၊ ဝမ်းမြောက်ဝမ်းသာဖြစ်၍၊ ဂန္ဓီရ အစရှိသောဂါထာတို့ဖြင့် မြတ်စွာဘုရားကို လွန်စွာ ချီးမွမ်း၍၊ အလုံးစုံသော ဘီလူးပရိသတ်နှင့်တကွ ရှိသေစွာရှိခိုး၍၊ လက်ယာရစ် လှည့်၍ မိမိနေရာသို့ သွားလေ၏။

မြတ်စွာဘုရားသည် ထိုမိဂဒါဝုန်၌ လဆုတ် ၁ ရက်နေ့၌ ဝါဆိုကပ်တော်မူ၍၊ ဝပွထေရ်ကို ဟောတော်မူသည်ဖြစ်၍ ကျောင်း၌သာလျှင် နေ့နေတော်မူ၏။ ဝပွထေရ်မှ ကြွင်းသော ၅ ပါးသောထေရ်တို့သည် ဆွမ်းခံဝင်ကုန်၏။ ဝပွထေရ်သည် နံနက်အခါ၌ သောတာပတ္တိဖိုလ်သို့ ရောက်၏။

ဤသို့သောနည်းဖြင့် မိုးသောက်သောဇေ့ ၅ ပါးသောတပည့်တော်တို့ကို၊ ၃ ရက်မြောက်သောနေ့၌ မဟာနာမထေရ်ကို လည်းကောင်း၊ ၄ ရက်မြောက်သောနေ့၌ အဿဇိထေရ်ကို လည်းကောင်း သောတာပတ္တိဖိုလ်၌ တည်စေ၍၊ လပြည့်ကျော် ၅ ရက်မြောက်နေ့၌ ဘဒ္ဒိယထေရ်ကိုလည်းကောင်း စည်းဝေးစေ၍၊

'သွက္ခာတော ဓမ္မောစရတိ ဗြဟ္မစရိယ သမ္မာဒုက္ခဿ အန္တကိရိယာယ' ဟု မိန့်တော်မူ၏။ ထိုအရှင်တို့အား ဟေဘိက္ခု ဥပသမ္ပဒါ ဖြစ်၏။

'ရူပံ ဘိက္ခဝေ အနတ္တာ။
ရူပဉ္စ ဟိဒံ ဘိက္ခဝေ အတ္တာ အဘိပဿ၊ နယိဒံ ရူပံ အာဗာဓာယ သံဝတ္တေယျ။
လဗ္ဘေထ စ ရူပေ 'ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ' တိ။
ယသ္မာ စ ခေါ ဘိက္ခဝေ ရူပံ အနတ္တာ၊ တသ္မာ ရူပံ အာဗာဓာယ သံဝတ္တတိ။
နု စ လဗ္ဘတိ ရူပေ 'ဧဝံ မေ ရူပံ ဟောတု၊ ဧဝံ မေ ရူပံ မာ အဟောသီ' တိ။
ဝေဒနာ ဘိက္ခဝေ အနတ္တာ။ ။ပ။
ဝုသိတံ ဗြဟ္မစရိယံ၊ ကတံ ကရဏီယံ။
နာပရံ ဣတ္ထတ္တာယာတိ ပဇာနာတိ။ ။' အနတ္တလက္ခဏသုတ္တန်ကို ဟောတော်မူ၏။

ဥပဉ္စဝဂ္ဂီရဟန်းတို့သည်လည်း ထိုသုတ်၏အဆုံး၌ အရဟတ္တဖိုလ်၌ တည်ကုန်၏။ ဤသို့ ဝါဆိုလဆုတ် ၅ ရက်မြောက်သောနေ့၌ ဤလောက၌ ၆ ပါးသော လူရဟန္တာတို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



## သူဌေးသားယသကို ရဟန်းပြုခြင်း

ထိုအခါ၌ ဗာရာဏသီမြို့၌ ပြာသာဒ် ၃ ဆောင်တို့၌ စည်းစိမ်ခံသော သူဌေးသား ယသသည် ထိုညဉ့်အဖို့၌ ကာမတရားမှ ငြီးငွေ့၍၊ ပြာသာဒ်မှ သက်၍၊ ရွှေခြေနင်း စီး၍ တံခါးသို့ ကပ်လေ၏။ ဘီလူးတို့သည် တံခါး ဖွင့်ကုန်၏။ ထိုနောင်မှ မြို့တံခါးသို့ ကပ်လေ၏။ ထိုမြို့တံခါးကို ဘီလူးတို့သည် ဖွင့်ကုန်၏။ ထိုတံခါးမှထွက်၍ ဣသိပတနသို့ ကပ်၏။

ထိုအခါ မြတ်စွာဘုရားသည် မိုးသောက်သောအခါ၌ လွင်၌ စင်္ကြံ သွားတော်မူ၏။ ထိုအခါ လာလတ်သော ယသကို မြင်တော်မူ၍၊ စင်္ကြံမှ သက်၍ ခင်းအပ်သောနေရာ၌ နေတော်မူ၏။

ထိုအခါ လာလတ်သော ယသသည် မြတ်စွာဘုရားကိုမြင်လျှင် ရွှေခြေနင်း ချွတ်၍ မြတ်စွာဘုရားအနီး၌ 'ဥပဒ္ဒု တံ ဝတဘော၊ ဥပသဋ္ဌ ဝတ ဘော'ဟု ထိတ်လန့်သောအားဖြင့် နှုတ်ပွက်၏။

မြတ်စွာဘုရားလည်း ''ယသ။ လာလော့။ ဤဓမ္မဇာတသည် နှိပ်စက်ခြင်း မဖြစ်။ ဤဓမ္မဇာတသည် ညှဉ်းဆဲခြင်း မဖြစ်''ဟု မိန့်တော်မူ၏။ ယသသည် ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ ရိုသေစွာရှိခိုး၍ နေ၏။

တင့်အပ်စွာနေသော ယသ အား ဒါနကထာ၊ သီလကထာ စသည်တို့ကိုပြု၍ တရားဟောတော်မူ၏။ ထိုညဉ့်၌ပင်လျှင် သောတာပတ္တိဖိုလ်သို့ ရောက်၏။

ထိုအခါ၌ မယ်တော်၊ ခမည်းတော်တို့သည် ယသကိုမမြင်လျှင် အရပ် ၄ မျက်နှာသို့ ရှာစေ၏။ သူဌေးကား မိဂဒါဝုန်သို့ လာ၍၊ အဖသူဌေးသည် ပစ်အပ်သော ရွှေခြေနင်းကို မြင်၍ အစဉ်လာလတ်၏။

မြတ်စွာဘုရားသည် အဖသူဌေး လာသည်ကိုမြင်၍ ယသထေရ်ကို မမြင်အောင် ဖန်ဆင်းတော်မူ၏။ အဖ သူဌေးလည်း မြတ်စွာဘုရားသို့ ကပ်၍၊ ''ယသကို မြင်ပါ၏လော''ဟု လျှောက်၏။

''သူဌေး။ နေလော့။ ဤအရပ်၌နေသော် ယသကို မြင်ရအံ့'' ဟု မိန့်တော်မူ၏။ သူဌေးလည်း 'ငါ့သားကို မြင်ရလတ္တံ့'ဟု ဝမ်းမြောက်ဝမ်းသာ ရှိသေစွာရှိခိုး၍ လျောက်ပတ်စွာ နေ၏။

ထိုသူဌေးအား ဒါနကထာ၊ သီလကထာ အစရှိသည်တို့ကို ပြတော်မူ၏။ ထိုသို့ပြတော်မူအပ်သော်၊ သူဌေး သည် ''ရှင်ပင်ဘုရားကို 'ကိုးကွယ်ရာ' ဟူ၍ သိ၏။ 'တရားတော်တို့ကို ကိုးကွယ်ရာ'ဟူ၍ သိ၏။ သံဃာတော်ကို ကိုးကွယ်ရာ'ဟူ၍ သိ၏။ ယနေ့မှစ၍ အသက်ထက်ဆုံး 'ကိုးကွယ်ရာသိသော ဥပါသကာ'ဟု ရှင်ပင်ဘုရား မှတ်တော်မူစေသတည်း''ဟု လျှောက်၏။ လောကဋ္ဌ ထိုသူဌေးသည် တဝါစိက ရှေးဦးစွာ ဥပါသကာ ဖြစ်၏။

ထိုအခါ၌ သူဌေးအားတရားဟောခဉ် ရှင်ယသသည် ရဟန္တာ ဖြစ်၏။ ထိုအခါ၌ ရှင်ပင်ဘုရားသည် ယသအား 'ကာမဋ္ဌသုံးဆောင်ခြင်းငှာ မထိုက်ပြီ' ဟု သိတော်မူ၏။ ဤယသကို မြတ်စွာဘုရားလည်း ''သူဌေး။ သူဌေးသားယသသည် ကာမတရား၌ သုံးဆောင်ခြင်းငှာ မထိုက်''ဟု ပြတော်မူ၏။

သူဌေးလည်း ယသကို မြင်၍၊ ''ချစ်သား။ ချစ်သားအမိသည် ငိုကြွေးခြင်း ပြင်းစွာနှိပ်စက်သည် ဖြစ်၍၊ ချစ်သားအမိအား အသက်ကို ပေးလော့''ဟုဆို၏။

http://www.dhammadownload.com



ထိုအခါ၌ ယသသည် မြတ်စွာဘုရားကို ကြည့်၏။

မြတ်စွာဘုရားလည်း ''သူဌေး။ သူဌေးသား ယသသည် ကာမတရား၌ သုံးဆောင်ခြင်းငှာ မထိုက်။ ပြန်လော့'' ဟု မိန့်တော်မူ၏။

ယသခမည်းတော်လည်း ''ရှင်ပင်ဘုရား။ ယသ နောက်လိုက်ရဟန်းရှိသည် ဖြစ်၍ နက်ဖြန် ဆွမ်းဘုဉ်းပေးခြင်းငှာ သည်းခံတော်မူပါ''ဟု လျှောက်၏။ ရှင်ပင်ဘုရားလည်း သည်းခံတော်မူ၏။

ထိုအခါ၌ သူဌေးလည်း မြတ်စွာဘုရား သည်းခံတော်မူသောအဖြစ်ကို သိ၍၊ ရှင်ပင်ဘုရားကို ရိုသေစွာ ရှိခိုး၍၊ လက်ယာရစ်လှည့်၍ သွားလေ၏။

ယသခမည်းတော် သွား၍ မမြင့်မီလျှင် ရှင်ယသကို ရှင်ပင်ဘုရား 'ဧဟိဘိက္ခု ဥပသမ္ပဒါ' အဖြစ်၌ တည်စေ၏။

ရှင်ပင်ဘုရားလည်း မိုးသောက်လျှင် စောစော သင်းပိုင်ကို ပြင်ဝတ်၍၊ သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ ယသထေရ်နောက်လိုက်ရဟန်း ရှိသည်ဖြစ်၍ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။ ထိုသို့နေတော်မူသောအခါ၌ ယသထေရ်မယ်တော်, မြောက်သားတော်သည် အပါးသို့ ကပ်၍၊ မြတ်စွာဘုရားကို ရိုသေစွာ ရှိခိုး၍ တင့်အပ်စွာနေကုန်၏။

ထိုယသထေရ်မယ်တော်, မြောက်သားတော်ကိုလည်း ဒါနကထာ, သီလကထာ အစရှိသည်တို့ကို ပြတော်မူသည်ရှိသော်၊ ရောက်အပ်သော သောတာပတ္တိဖိုလ် ရှိကုန်သည်ဖြစ်၍ သရဏဂုံ တည်ကုန်၏။ ထိုယသထေရ်မယ်တော်, မြောက်သားတော်တို့သည် လောကဋ္ဌ ရှေးဦးစွာ တေဝါစိကဥပါသိကာ ဖြစ်ကုန်၏။ ထိုအခါ၌ ယသထေရ်မယ်တော်, မြောက်သားတော်တို့သည် ရှင်ပင်ဘုရားကို လည်းကောင်း, ယသထေရ်ကို လည်းကောင်း မွန်မြတ်သောခဲဖွယ်စားဖွယ်တို့ဖြင့် ဆွမ်းကျွေးပြီးသော် တင့်အပ်စွာနေကုန်၏။

ထိုအခါ သူဌေးတို့အား တရားဟောတော်မူ၍၊ ဣသိပတနသို့ ပြန်တော်မူ၏။

ထိုအခါ၌ ယသအဆွေခင်ပွန်း ဖြစ်ကုန်သော, ဗာရာဏသီမြို့၌ သူဌေးတို့၏သား ဖြစ်ကုန်သော ဝိမလ, သုဗာဟု, ပုဏ္ဏဇိ, ဂဝံပတိ၊ ဤယောကျ်ားတို့သည် ''ငါတို့အဆွေခင်ပွန်းဖြစ်သော သူဌေးသား ယသသည် ရဟန်းပြု၏''ဟု ကြား၍၊ ရှင်ယသရှိရာအရပ်သို့ လာပြီးသော် ရိုသေစွာ ရှိခိုး၍ တင့်အပ်စွာနေကုန်၏။

ထိုအခါ ယသထေရ်သည် ထို ၄ ယောက်သောသူတို့ကို ယူ၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ''ရှင်ပင်ဘုရား။ ဤ ၄ ယောက်သောသူတို့သည် သူဌေးသားအကျွန်ုပ် လူသောအခါ အဆွေခင်ပွန်းတို့တည်း။ ရှင်ပင်ဘုရား ဆုံးမတော်မူပါ'' ဟု လျှောက်၏။

ရှင်ပင်ဘုရားလည်း ထို ၄ ယောက်သောသူဌေးသားတို့ကို ဒါနကထာ, သီလကထာ, သဂ္ဂကထာနှင့် ညစ်ညူးသောကိလေသာမှ ထွက်မြောက်ခြင်း၌ အကျိုးတို့ကို ပြတော်မူ၏။ ဝမ်းမြောက်ဝမ်းသာစိတ် ရှိကုန်ပြီးသည်ရှိသော်၊ သူဌေးသားတို့ကို ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာကို ပြတော်မူ၏။ ကင်းသော အညစ်အကြေးရှိသော ပုဆိုးသည် ထိုသို့သောအရည်ဖြင့် ဆိုးလျှင် ကောင်းစွာစွန်းသကဲ့သို့၊ ထို့အတူ ၄ ယောက်သောသူဌေးသားတို့အား အကြင် ခပ်သိမ်းသောအကြောင်းကြောင့်ဖြစ်သော တရားသည် ရှိ၏။ ထို ခပ်သိမ်းသော

http://www.dhammadownload.com



တရားသည် ချုပ်ခြင်းသဘော ရှိ၏။ ဤသို့သိနိုင်သော ဓမ္မစက္ခုဉာဏ်သည် ဖြစ်၏။ ထိုသို့သိအပ်ပြီးသော တရားရှိကုန်သော ၄ ယောက်သောသူတို့သည် ဧဟိဘိက္ခု ဥပသမ္မဒါ ဖြစ်ကုန်၏။ ထိုအခါ၌ ရှင်ပင်ဘုရားသည် တရားနှင့် ယှဉ်သောစကားဖြင့် ဆုံးမတော်မူ၏။ ဆုံးမအပ်သော ၄ ပါးသောထေရ်တို့သည် အာသဝေါကင်းကုန်၏။ ထိုအခါ လောကဋ္ဌ ၁ ကျိပ် ၁ ယောက်သော လူရဟန္တာတို့သည် ဖြစ်ကုန်၏။

ထိုနောင်မှ ရှင်ယသထေရ်၏ အဆွေခင်ပွန်းဖြစ်ကုန်သော ဧနပုဒ်၌နေကုန်သော ၅ ကျိပ်သော, အဆွေခင်ပွန်းတို့သည် ''ငါတို့အဆွေခင်ပွန်း ယသသည် ရဟန်းပြု၏''ဟု ကြား၍ ရှင်ယသထေရ်သို့ လာကုန်ပြီးသော်၊ ရှင်ယသထေရ်ကို ရိုသေစွာရှိခိုး၍ တင့်အပ်စွာရပ်ကုန်၏။

ရှင်ယသထေရ်လည်း ၅ ကျိပ်သော အဆွေခင်ပွန်းတို့ကို ယူ၍၊ မြတ်စွာဘုရားသို့ ကပ်၍ ရိုသေစွာ ရှိခိုးပြီးသော်၊ တင့်အပ်သောအရပ်၌ နေ၍၊ ''ရှင်ပင်ဘုရား။ ၅ ကျိပ်သောသူတို့ကို ဆုံးမတော်မူပါ'' ဟု လျှောက်၏။

ထို ၅ ကျိပ်သောသူတို့အား ရှင်ပင်ဘုရားသည် ဒါနကထာ အစရှိသည်ကို ပြတော်မူပြီး၍၊ ထိုသူတို့၏ စိတ်ကို ရွှင်စေ၍၊ သစ္စာ ၄ ပါးကို ပြတော်မူ၏။ သစ္စာ ၄ ပါးကို ပြတော်မူသောအဆုံး၌ သောတာပတ္တိဖိုလ်တည်ကုန်၏။ ရအပ်သောတရား ရှိကုန်သော ထို ၅ ကျိပ်သောသူတို့သည် မြတ်စွာဘုရား အထံတော်၌ ဧဟိဘိက္ခု ဥပသမ္မဒါ ဖြစ်ကုန်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် တရားနှင့်ယှဉ်သောစကားဖြင့် ဆုံးမတော်မူ၏။ ထို ၅ ကျိပ်သောရဟန္တာတို့သည် အာသဝေါမှ လွတ်ကုန်၏။ ထိုအခါ၌ ၆ ကျိပ် ၁ ပါးသော လူရဟန္တာတို့သည် ဖြစ်ကုန်၏။

ဤ ၆ ကျိပ် ၁ ပါးသောရဟန္တာတို့သည် ပထမဝါကျွတ်ပြီးသော် ပဝါရဏာ ပြုတော်မူ၍၊ ''ရဟန်းတို့။ ငါသည်လည်း အလုံးစုံသောကျောက္ကင်းမှ လွတ်ပြီ။ သင်တို့သည်လည်း ကျောက္ကင်းမှလွတ်ပြီ။ ရဟန်းတို့။ နတ်, လူတို့ အစီးအပွားငှာ ဒေသစာရီ သွားကုန်။ တစ်ကြောင်းတည်းသောခရီးဖြင့် ၂ ယောက် မသွားကုန်လင့်။ ရဟန်းတို့။ သတ္တဝါတို့လည်း တရားမှ ယုတ်ကုန်၏။ ၃ ပါးသောကောင်းခြင်း ရှိသောတရားကို ဟောကုန်အံ့။ ရဟန်းတို့။ ငါမူကား ဥရုဝေလဋ္ဌ သေနနိဂုံးသို့ တရားဟောခြင်းငှာ သွားအံ့''ဟု မိန့်တော်မူ၏။

ရဟန်းတို့ကို ရတနာ ၃ ပါး ဖြစ်သောအကြောင်းဖြင့် ထိုသို့သောအရပ်တို့သို့ လွှတ်တော်မူလိုက်၏။

ထိုအခါ၌ မာရ်မင်းသည် လာ၍၊

'ဗဒ္ဓါသီ သဗ္ဗပါသေဟိ၊ ယေ ဒိဗ္ဗာ ယေ စ မာနုသာ။

မဟာရ ဗန္ဓနဗန္ဓော သိ။ ။' ဟူသော ဂါထာဖြင့် ရွတ်၏။

မြတ်စွာဘုရားလည်း

'မုတ္တာဟံ သဗ္ဗပါသေဟိ၊ ယေ ဒိဗ္ဗာ ယေစသမာနုသာ။

မဟာဗန္ဓန မုတ္တောမှိ၊ နိဟတောတွမသိအန္တက။ ။' အစရှိသော ၃ ဂါထာတို့ဖြင့် မိန့်တော်မူ၏။

ထိုအခါ 'ဤအား မြတ်စွာဘုရားသည် သိတော်မူ၏။ မြတ်စွာဘုရားသည် သိတော်မူ၏ဟု နှလုံးမသာသည်ဖြစ်၍ ထိုအရပ်၌ ကွယ်လေ၏။

လူယောကျ်ားတို့တွင် ရွေးဦးစွာ သရဏဂုံတည်သည်ကား တပုဿ, ဘလ္လိက ညီနောင်တည်း။ ထို သရဏဂုံကား ဒွေဝါစိကတည်း။

http://www.dhammadownload.com



မိန်းမတွင် ရှေးဦးစွာတည်သည်ကား ရှင်ယသမယ်တော်, သမီးချွေးမတည်း။ ထိုသရဏဂုံကား တေဝါစိက တည်း။

ယောကျ်ားတွင် ရှေးဦးစွာ မင်္ဂလာရသည်ကား အရှင်အညာတကောဏ္ဍညလျှင်တည်း။ မိန်းမတွင်ကား ကာလီ သူဌေးသမီးတည်း။ ထိုသူဌေးသမီးကား အရှင်ကောဋိကဏ္ဏ သောဏထေရ်၏ မယ်တော်တည်း။ ထို ညွှန်ပြသောကြောင့် လျှင် သောဏထေရ်ကို ဖွား၏။ သားအမိ ၂ ပါးလုံး စတဒဂ်ရသတည်း။ အမိကား အနုသဝန- ကြားကာမျှတည်း၌ သဒ္ဓါ၍ မင်္ဂလာရသည်အရာ၌ စတဒဂ် ရ၏။ သားကား ကလျာဏဝဂ္ဂရဏ- ကောင်းသော စကားကို ဆိုတတ်သောအရာ၌ စတဒဂ်ရ၏။

အရှင်ယသ မယ်တော်ကား မြတ်စွာဘုရား ဘုရားဖြစ်မည့်နေ့၌ နွားနို့ဃနာဆွမ်း ကပ်သော သုဇာတာသည် ဟရာဏသီပြည်သူဌေးနှင့် အိမ်ဖြစ်ကြ၍ ရှင်ယသမထေရ်ကို မြင်၏။ စတဒဂ်ရလည်းကောင်းတည်း ရှေးဦးစွာ သရဏဂုံယူသောအရာ၌ ရသတည်း။

မြတ်စွာဘုရားကား သရဏဂုံ ၃ ပါးဖြင့် 'ရဟန်းပြုခြင်း, ပဉ္စင်းခံခြင်း'ကို ခွင့်ပေးတော်မူလျက်၊ ဟရာဏသီပြည်၌ တန်ဆောင်မုန်းလပြည့်နေ့တိုင်အောင် နေပြီးသော်၊ ဥရုဝေလကဿပ အစရှိသော ရဟန်း ၁၀၀၀ တို့ကို ချွတ်တော်မူအံ့သောငှာ ဥရုဝေလတောသို့ လာတော်မူသော ခရီးအကြား၌ 'ကပ္ပာသိက' အမည် ရှိသော ဝါတောင်၌ မဟာကောသလမင်း၏ သားဖြစ်ကုန်သော ဘဒ္ဒဝဂ္ဂီမင်းသား ၃ ကျိပ်တို့ကို တွေ့တော်မူ၍ ဆုံးမတော်မူပြီးသော်၊ အချို့ကား သောတာပန်, အချို့ကား သကဒါဂါမ်, အချို့ကား အနာဂါမ်အဖြစ်သို့ ရောက်စေ၍၊ 'ဧဟိဘိက္ခု' ပဉ္စင်းချည်း ဖြစ်စေပြီးသော်၊ အရပ်မျက်နှာသို့လွှတ်ပြီးမှ ဥရုဝေလတောသို့ လာတော်မူ၍၊ ဥရုဝေလကဿပ၏ ဉာဏ်ရင့်ခြင်းကို သိတော်မူလျက်၊ ၃ လပတ်လုံး ၃၅၀၀ မကသော တန်ခိုးပြာဋိဟာကို ပြလျက်၊ နေတော်မူလျက်၊ ဉာဏ်ရင့်သောအခါ၌ ဥရုဝေလကဿပ အမှူးရှိသော ရသေ့ ၅၀၀, နဒီကဿပ အမှူးရှိသော ရသေ့ ၃၀၀, ဂယာကဿပ အမှူးရှိသော ရသေ့ ၂၀၀၊ ဤ ၁၀၀၀ သော ရသေ့တို့ကို ဧဟိ ဘိက္ခု ပဉ္စင်းချည်း ဖြစ်စေ၍၊ ဂယာမြစ်၌ အာဒိတ္တပရိယာယ သုတ္တန်ကို ဟောတော်မူ၍၊ ရဟန္တာချည်း ဖြစ်ပေ ၍၊ ပြီးမှ ထိုဂယာမြစ်ဦး၌ အလိုတော်အလျောက် နေတော်မူ၍၊ မဂဓရာဇ်တိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းအား ပေးတော်မူသော ပဋိညာဉ်ကို ဖြည့်အံ့သောငှာ ပဋိသန္ဓိဒါသို့ရောက်ကုန်သော ရဟန္တာ ၁၀၀၀ ခြံရံလျက် ရာဇဂြိုဟ် ပြည်သို့ လာတော်မူ၏။

http://www.dhammadownload.com



## မြတ်စွာဘုရား ရာဇာဂြိုဟ်သို့ ကြွတော်မူခြင်း

အဘယ်သို့သော ပဋိညာဉ်ကို ပေးသနည်းဟူမူကား မဂဓရာဇ်တိုင်းကို အစိုးရသော ဗိမ္ဗိသာရမင်းကြီးနှင့် ဘုရားလောင်း သိဒ္ဓတ္ထကုမာရ အဆွေခင်ပွန်း ဖြစ်ကြ၏။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးနှင့်လည်း ဗိမ္ဗိသာရ ခမည်းတော် အာဂိနယမင်းကြီးနှင့် အဆွေခင်ပွန်း ဖြစ်ကြ၏။

ဗိမ္ဗိသာရမင်းကား ဘုရားအောက် ၅ နှစ် ငယ်၏။ ထိုမင်း ၁၅ နှစ် ရှိသောအခါ၌ ခမည်းတော်ပြည်ကို နှင်း၍၊ မင်း ဖြစ်၍ ၉ နှစ်ကြာ အသက် ၂၄ နှစ် ရှိသောအခါ တို့ဘုရားလောင်းလည်း အနောမာမြစ်၌ ရဟန်း ပြုတော်မူ၏။ ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံဝင်တော်မူသောအခါ အရောင်အဆင်းတော်ကို မြင်၍ ပြည်သူအလုံးတို့သည် 'နတ်လော၊ ဗြဟ္မာလော' ဟု အံ့ဖွယ်သရဲ ဖြစ်ကြကုန်၏။

မင်းကြီးလည်း ကျွန်တော်တို့ကို လိုက်၍ကြည့်စေသော်၊ ပဏ္ဍဝတောင်ဝှမ်း၌ ဆွမ်းဘုဉ်းပေးသည်ကို မြင်၍၊ လျှောက်လေ၍၊ အလျင်မြန် ဖူးတွေ့ရလေ၍၊ အမျိုးအမည်ကိုမေးပြီးမှ ချစ်မြတ်စွာသော အဆွေခင်ပွန်းကို သိ၍ ပြည်ဖြင့် တောင်းပန်၏။

ဘုရားလောင်းလည်း "မာရ်နတ်သားသည် 'ဂု ရက်တွင်းတွင် စကြာရောက်တော့မည်' ဟူ၍ ချုတ်သည် လျက် ငါ မပြန်။ သဗ္ဗညုအဖြစ်သို့ ရောက်၍၊ လူ, နတ်, ဗြဟ္မာ သတ္တဝါတို့ကို ချွတ်အံ့သောဌာ ရဟန်းပြုတော်မူသည်။ မင်းစည်းစိမ်ကို အလိုမရှိ" ဟု ပယ်တော်မူ၏။

ဗိမ္ဗိသာရမင်းကြီးလည်း "ယင်းသို့သော်ကား သဗ္ဗညုအဖြစ်သို့ရောက်လျှင် အကျွန်ုပ်နိုင်ငံသို့ အလျင် လာတော်မူပါ" ဟူ၍ တောင်းပန်၏။ ဘုရားလောင်းသည်လည်း "ကောင်းပြီ" ဟု ဝန်ခံ၏။

ဤသို့လျှင် ဘုရားမဖြစ်မီက ပဋိညာဉ်ကို ဖြည့်အံ့သောဌာ လာတော်မူ၍၊ 'လင်္ဂီဝန' အမည်ရှိသော ထန်းပင် ပျိုးစဉ်ရောက်သော ထန်းတောဥယျာဉ်သို့ ရောက်တော်မူ၏။ ဥယျာဉ်မှူးသည်လည်း မြတ်စွာဘုရား ရောက်တော် မူသောအကြောင်းကို မင်းကြီးအား လျှောက်ပေ၏။

ဗိမ္ဗိသာရမင်းကြီးလည်း ရောက်တော်မူသောအကြောင်းကို ကြားလျှင် ကောင်းမှုပြုဖက်ဖြစ်ကုန်သော ၁ သိန်း ၂ သောင်းသော ပုဏ္ဏားသူကြွယ်တို့နှင့်တကွ လာတော်မူ၍၊ ရွှေပဒုမာန်ကဲ့သို့ အရောင်တော်ကိုလွှတ်လျက် ဆန်းကြယ်သော စက်လက်ဏာရှိသော ခြေတော်တို့၌ ရှိခိုး၍၊ ပရိသတ်နှင့်တကွ လျောက်ပတ်စွာနေ၏။

ထိုအခါ၌ 'ဤအရှင်ဂေါတမသည် ဥရုဝေလကဿပအထံ၌ မြတ်သောအကျင့်ကို ကျင့်သလော။ ဥရုဝေလ သည်လည်း ဂေါတမအထံ၌ မြတ်သောအကျင့်ကို ကျင့်သလော'

ဤသို့ ပုဏ္ဏားသူကြွယ်တို့ အကြံ ဖြစ်၏။

မြတ်စွာဘုရားလည်း ထိုပုဏ္ဏားသူကြွယ်တို့အကြံကို သိတော်မူ၍၊ အရှင်ဥရုဝေလကဿပကို

'ကိမေဝ ဒိဿာ ဥရုဝေလ ဝါသိ၊ ပဟာသိ အဂ္ဂိကိသ ကော-ဝ ဒါနော၊

ပုစ္ဆာမိတံ ကဿပ ဧတမတ္ထံ၊ ကထံ ပဟိနံ၊ တဝ အဂ္ဂိဟုတ္တံ။ ။' ဟူသော ဂါထာကို မိန့်တော်မူ၏။

http://www.dhammadownload.com



အဓိပ္ပာယ်ကား

"ဥရုဝေလတောဋ္ဌနေသော ကဿပ။ သင်သည် မီးကို ပူဇော်တတ်ကုန်သော, ရသေ့တို့ကို ဆုံးမပေတတ်သော ဆရာဖြစ်လျက် အဘယ်အကြောင်းကို မြင်၍ မီးကို ပယ်သနည်း။ သင့်ကို ထိုအကြောင်းကို ငါ မေး၏။"

အဘယ်ကြောင့် မီးပူဇော်ခြင်းကို ပယ်သနည်း ဟူလိုသော် ရှင်ဥရုဝေလကဿပလည်း မြတ်စွာဘုရားအလိုတော်ကို သိ၍၊

'ရူပေစ သဒ္ဒေစ အထော ရသေစ၊ ကာမိတ္တိယော စာဘိဝဒန္တိ ယညာ။

စတံမ လန္တိ ဥပဓီသုဥတ္တာ၊ တသွာ နယိဇ္ဈေနဟုတေ အရဋ္ဌိ။ ။' ဟူသောဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား-

"ဘုန်းတော်ကြီးသော ရှင်ပင်ဘုရား။ ရူပါရုံအထူးရှိသော ၅ ပါးသော ကာမဂုဏ်တို့သည်ကား ခန္ဓာ၏ အညစ်အကြေးသာ ဖြစ်သောကြောင့် 'ယစ်ပူဇော်ခြင်း, နေ့တိုင်း မီးပူဇော်ခြင်း မမွေ့လျော်ခြင်းတည်း" ဟူလိုသော်၊

ဤသို့လျှောက်ပြီးမှ မိမိသာဝကအဖြစ်ကို သိစေခြင်းငှာ မြတ်စွာဘုရားခြေတော်ပြင်၌ ဦးခေါင်းတိုက်၍၊ "ရှင်ပင်ဘုရားသည် အကျွန်ုပ် ဆရာတည်း။ အကျွန်ုပ်သည် ရှင်ပင်ဘုရား တပည့်တော်တည်း"ဟု လျှောက်၍၊ ထန်း ၁ ဆင့်, ၂ ဆင့် အစဉ်အားဖြင့် ၇ ဆင့်အတိုင်းအရှည်ရှိသော ကောင်းကင်သို့ ခုန်တက်၍၊ ကောင်းကင်မှ သက်ပြီး၍၊ မြတ်စွာဘုရားကို ရှိခိုး၍ လျှောက်ပတ်စွာနေ၏။

ထိုပြဋိဟာကို မြင်၍ "ဘုရားသည် ကြီးသောတန်ခိုး ရှိတော်မူ၏။ 'ရဟန္တာ'ဟု အောက်မေ့သော ဤသို့ အားသို့ရောက်သော အယူရှိသော, 'ဥရုဝေလကဿပ' အမည်ရှိသော ရသေ့ကိုလည်း 'တိတ္ထိ'ဟူသော ကွန်ရက်ဖြင့် ဖျက်၍ မြတ်စွာဘုရားသည် ဆုံးမတော်မူအပ်သတည်း"ဟု လူအပေါင်းသည် မြတ်စွာဘုရား ကျေးဇူးတော်ကိုသာလျှင် ဆိုကုန်၏။

မြတ်စွာဘုရားသည် "ယခုသာလျှင် ဥရုဝေလကဿပကို ငါ ဆုံးမသည်မဟုတ်။ ရှေးကာလ၌လည်း ဤသူကို ငါ ဆုံးမအပ်သည်"ဟု မိန့်တော်မူ၍ မဟာနာရဒဇာတ်*ကို ဟောတော်မူ၍ သစ္စာ ၄ ပါးကို ပြတော်မူ၏။

မဂဓရာဇ်တိုင်းကိုအစိုးရသော ဗိမ္ဗိသာရမင်းသည်ကား ၁ သိန်း ၁ သောင်းသော ပရိသတ်နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။ ၁ သောင်းသောသူသည် ဥပါသကာအဖြစ်သို့ ရောက်၏။ ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားကို ရိသေစွာရှိခိုးလျက်၊ "နက်ဖြန် ဆွမ်းဘဉ်းပေးတော်မူပါ"ဟု လျှောက်၏။ လက်ယာရစ်လှည့်၍ ဖဲ၏။

* ၅၅၀ ဇာတ်တော်စဉ် ၅၄၅၊ ဇာတ်တော်ကြီး ၁၀ ဘွဲ့။

http://www.dhammadownload.com



## မြတ်စွာဘုရားအား ဝေဠုဝန်ကျောင်းကို လှူတော်မူခြင်း

မိုးသောက်ပြီးသော် မြတ်စွာဘုရားကို မြင်ကုန်သော, မမြင်ကုန်သော ရာဇဂြိုဟ်မြို့၌နေသော ၁၈ ကုဋေသော လူတို့သည် မြတ်စွာဘုရားကို ဖူးမြင်လိုကုန်သည်ဖြစ်၍၊ ရာဇဂြိုဟ်မြို့မှ နံနက်စောစော ထန်းပင်ပျိုးစဉ်ရောက်သော ဥယျာဉ်သို့ လာကုန်၏။ ၃ ဂါဝုတ်အတိုင်းအရှည်ရှိသော အရပ်သည် မဆုံး၍၊ ဥယျာဉ်အလုံးမပြတ် ပရိသတ် ပြည့်သည်ဖြစ်၍ ၁၂ ကုဋေသောလူအပေါင်းသည် အဆင်းတော်၏ တင့်တယ်သောအဖြစ်သို့ရောက်သော မြတ်စွာဘုရားကို ရှုသည်ရှိသော် ရောင့်ရဲခြင်း မဖြစ်။ ဤသို့ တင့်တယ်သော မြတ်စွာဘုရားအဆင်းတော်ကို ရှုသော လူအပေါင်းဖြင့် မတွေ့အပ်သော ဥယျာဉ်၌ လည်းကောင်း, ခရီး၌ လည်းကောင်း တစ်ယောက်သော ရဟန်း၏ ထွက်ရာအရပ်သည်မျှ မဖြစ်။

ထို့နေ့၌ မြတ်စွာဘုရားအား မြတ်သောဆွမ်းသည် ပြတ်သတတ်။ 'ထိုဆွမ်း၏ပြတ်ခြင်းသည် မဖြစ်စေသတည်း' ဟု သိကြားနေရာ ပူသောအခြင်းအရာကို ပြ၏။ သိကြားဆင်ခြင်လတ်သော် ထိုအကြောင်းကို သိ၍၊ လုလင်၏အသွင် ဖန်ဆင်း၍၊ ဘုရား, တရား, သံဃာနှင့် ယှဉ်သောစကား ချီးမွမ်းစကားကို ဆိုသည်ဖြစ်၍၊ မြတ်စွာဘုရားရှေ့တော်၌ သက်၍ နတ်၏အာနုဘော်အားဖြင့် ခရီးအခွင့်ကို ပြ၏။

'ဒန္တော ဒန္တေဟိ သဟပုရာဏဒဋ္ဌိလေဟိ၊ ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊ ရာဇဂဟံ ပါဝိသိ ဘဂဝါ။'
'မုတ္တော မုတ္တေဟိ သဟပုရာဏဒဋ္ဌိလေဟိ၊ ဝိပ္ပမုတ္တော ဝိပ္ပမုတ္တေဟိ။
သိင်္ဂီနိက္ခသဝဏ္ဏော၊ ရာဇဂဟံ ပါဝိသိ ဘဂဝါ။'
'တိဏ္ဏော တိဏ္ဏေဟိ။ လ။ ရာဇဂဟံ ပါဝိသိ ဘဂဝါ။ ။' ဟူ၍ ၅ ဂါထာတို့ဖြင့် မြတ်စွာဘုရား ကျေးဇူးတော်ကိုဆိုလျက် ရှေ့တော်၌ သွား၏။

လူအပေါင်းသည် လုလင်၏တင့်တယ်သောအဖြစ်ကို မြင်၍၊ ''ဤလုလင်သည် အလွန်လျင် အဆင်းလှ၏။ ငါတို့ မမြင်စဖူး'' ဟု ကြံ၍၊ ''လုလင်သည် အဘယ်အရပ်မှလာသနည်း။ အဘယ်သူ လုလင်နည်း'' ဟု ဆို၏။

ထိုစကားကို လုလင် ကြား၍၊ ''အလုံးစုံသော ဣန္ဒြေတို့၌ ယဉ်ကျေးခြင်း ရှိသည်။ အတုမရှိသော အကြင် ပညာရှိသည် လောက၌ 'အရဟာသုဂတ' မည်တော်မူ၏။ ထို အတုမရှိသော မြတ်စွာဘုရားအလုပ်အကျွေးသည် ငါ ဖြစ်၏'' ဟုဆို၏။

ရှင်ပင်ဘုရားသည် သိကြားအာနုဘော်အားဖြင့် ဖန်ဆင်းအပ်သောခရီးကို သွားတော်မူ၍၊ အထောင်သော ရဟန်း ခြံရံအပ်သည်ဖြစ်၍ ရာဇဂြိုဟ်မြို့သို့ ဝင်တော်မူ၏။

ဗိမ္ဗိသာရမင်းသည် မြတ်စွာဘုရားအမှူးရှိသော ရဟန်းအပေါင်းအား ကြီးစွာသောအလှူကို ပေး၍၊ ''ရှင်ပင်ဘုရား။ အကျွန်ုပ်သည် ရတနာ ၃ ပါးနှင့် ကင်းရှင်နေခြင်းငှာ မတတ်နိုင်ပါ။ အခါ ဟတ်သည်ဉ့် လည်းကောင်း,

http://www.dhammadownload.com



အခါ မဟုတ်သည်၌ လည်းကောင်း ရှင်ပင်ဘုရားအထံတော်သို့ ဖူးမြင်ခြင်းငှာ ရောက်ပါအံ့။ ထန်းပင်ပျိုးစေ့ ရောက်သောဥယျာဉ်သည် အလွန်ဝေးခဲ့၏။ 'ဝေဠုဝန်' အမည်ရှိသော ဤဥယျာဉ်ကား မဝေးလွန်း။ အသွားအလာနှင့် ပြည့်စုံ၏။ ဘုရားအား ထိုက်သော ဤကျောင်းကို ခံတော်မူပါ''ဟု ရွှေကရားဖြင့် နံ့သာတို့ဖြင့် ထုံအပ်သော, မြအဆင်းနှင့် တူသောရေကို ယူ၍၊ ဝေဠုဝန်ဥယျာဉ်ကျောင်းကို လှူသည်ဖြစ်၍ လက်တော်၌ ရေစက်ချ၏။

ဥယျာဉ်ကျောင်းကို ခံတော်မူသောခဏ၌ မြတ်စွာဘုရားသာသနာတော် အမြတ်တို့သည် သက်လတ်ကုန်၏။ ထို့ကြောင့် မြေကြီး လှုပ်၏။ ဓမ္မုဒီပါ၌ ဝေဠုဝန်ဥယျာဉ်ကျောင်းကို ခံတော်မူသည်မှတစ်ပါး မြေကို လှုပ်၍ ခံတော်မူအပ်သော ကျောင်းမည်သည် မရှိ။ သိန်းခိုကျွန်း[1]၌လည်း မဟာဝိဟာရကျောင်းကို ခံတော်မူခြင်းမှတစ်ပါး မြေကြီးကိုလှုပ်စေ၍ ခံအပ်သောကျောင်း မည်သည် မရှိ။

မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းကို ခံတော်မူ၍ ဗိမ္ဗိသာရမင်းအား 'အာဝါသဒါနသဃနာနိသံသာ' အစရှိသောဂါထာဖြင့် ကျောင်းအနုမောဒနာကို ပြုတော်မူ၍၊ ရဟန်းအပေါင်းခြံရံလျက် ဝေဠုဝန်သို့ သွားတော်မူ၏။

ထိုညဉ့် ၈ သောင်း ၅ ထောင်သောပြိတ္တာတို့သည် ''ယခု မင်းသည် အလှူကြီးပေး၏။ ငါတို့အား ရပါလတ္တံ့။ ငါတို့အား ရပါလတ္တံ့''ဟူသော တောင့်တ၍၊ နန်းတော်သို့ ရည်၍ ရပ်ကုန်၏။

ဗိမ္ဗိသာရမင်းလည်း 'မြတ်စွာဘုရားသည် ဘယ်သို့နေတော်မူသနည်း'ဟု မြတ်စွာဘုရားကျောင်းတော် ရပ်ကိုသာလျှင် ကြို၏။

'ထိုညဉ့် တစ်စုံတစ်ယောက်သောပြိတ္တာအား မရည်'ဟု သိ၍ မိမိတို့၏ မြတ်အာသာရှိသည် ဖြစ်၍ မင်း၏ နန်းတော်၌ အလွန်လျှင်ဖောက်ပြန်သော အသံကို ပြုကုန်၏။

ဗိမ္ဗိသာရမင်းလည်း ကြောက်လန့်ခြင်းသို့ ရောက်သည်ဖြစ်၍၊ မိုးသောက်ပြီးသော် မြတ်စွာဘုရားအား ''ဤသို့သဘောရှိသော ဖောက်ပြန်သောအသံကို အကျွန်ုပ် ကြား၏။ အကျွန်ုပ်အား ဘယ်သို့ ဖြစ်ပါလတ္တံ့''ဟု လျှောက်၏။

မြတ်စွာဘုရားအားလည်း ''မြတ်သောမင်း။ မကြောက်လင့်။ တစ်စုံတစ်ခုသော အပြစ် မရှိ''ဟု မိန့်တော်မူ၍၊ ''စင်စစ်သော်ကား ထိုပြိတ္တာတို့သည် မင်းကြီး၏ အဆွေအမျိုးဖြစ်ဖူးသော သူတို့တည်း။ ထိုပြိတ္တာတို့သည် ဤကမ္ဘာ၌ ၄ ဆူကုန်သော မြတ်စွာဘုရားတို့၏ အကြားပတ်လုံး ပြိတ္တာဘုံ၌ ဖြစ်ကုန်၏။ ဘုရား တစ်ဖြစ်နှင့်တစ်ဖြစ် အကြားပတ်လုံး မင်းတို့သာလျှင် မြတ်စွာဘုရားအား အလှူပေး၍၊ ငါတို့အား အလှူတို့ကို ယှဉ်၍လတ္တံ့'ဟု တောင်းခဲ့လျက် ကျင်လည်ကုန်၏။ မင်းကြီးသည် ထိုအလှူဖို့ကို ရည်တော်မမူ။။ ထိုပြိတ္တာတို့သည် အလှူဖို့ကို မရည်ပါဟု မြတ်သောအာသာ ရှိသည်ဖြစ်၍၊ ထို ကြောက်ဖွယ်သောအသံကို ပြုကုန်၏'' ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ ယခု အလှူပေးသည်ရှိသော် ရကုန်အံ့လော''ဟု နားတော်လျှောက်တော်မူ၏။

''မင်းမြတ်။ ရကုန်ရာ၏''ဟု မိန့်တော်မူ၏။

မင်းကြီးလည်း မြတ်စွာဘုရားအမိန့်တော်ကို ကြားလျှင်၊ ''ရှင်ပင်ဘုရား။ ထိုသူတို့ကိုရည်၍ အလှူပေးအံ့။ နက်ဖြန် ဆွမ်းဘုဉ်းပေးတော်မူပါ''ဟု ဖိတ်၏။ ရှင်ပင်ဘုရားလည်း သည်းခံတော်မူ၏။

၁- သိန်းဃိုဠ်ကျွန်း = သီဃိုဠ် = သီဟိုဠ်ကျွန်း (ယခု သီရိလင်္ကာနိုင်ငံ)

http://www.dhammadownload.com



ဗိမ္ဗိသာရမင်းလည်း နန်းတော်သို့သွား၍ ကြီးစွာသောအလှူကို စီရင်၏။

"အခါတန်ပြီ" ဟု လျှောက်၏။

မြတ်စွာဘုရားလည်း နန်းတော်သို့ဝင်တော်မူ၍ သံဃာတော်နှင့်တကွ ခင်းအပ်သောနေရာ၌ နေတော်မူ၏။ ထို ပြိတ္တာတို့သည်လည်း "ယနေ့ ငါတို့ အလှူဖို့ကို ရကုန်အံ့" ဟုလာလတ်၍၊ တိုက်၏အပ အစရှိသော အရပ်တို့၌ ရပ်ကုန်၏။ မြတ်စွာဘုရားလည်း ထင်စွာပြတော်မူ၍၊ ထိုအလုံးစုံသောပြိတ္တာတို့သည် မင်းအား ထင်စွာ ဖြစ်ကုန်၏။

ဗိမ္ဗိသာရမင်းသည်လည်း "ဤအလှူတို့သည် အဆွေအမျိုးတို့အား ဖြစ်စေသော" ဟု ရည်၍ ရေစက်ချ၏။ ထိုခဏ၌ပင်လျှင် ထိုပြိတ္တာတို့အား ကြာပဒုမ္မာတို့ဖြင့် ဖုံးလွှမ်းအပ်သောရေကန်တို့သည် ဖြစ်ကုန်၏။ ထိုပြိတ္တာတို့လည်း ထိုရေကန်၌ ချိုးသောက်၍ ငြိမ်းသည် ဖြစ်ကုန်၏။ ထိုနောင် ယာဂု, ခဲဖွယ်တို့ကို ရည်၍ လှူကုန်၏။ ထိုခဏ၌ ယာဂု, ခဲဖွယ်တို့ကို ရကုန်၏။ ပုဆိုး, အိပ်ရာနေရာတို့ကို ရည်၍ လှူ၏။ နတ်၏အဝတ်, နတ်၏ ယာဉ်ပြာသာဒ်, နတ်၏အိပ်ရာနေရာ အခင်း အစရှိသော အထူးထူးသောတန်ဆာတို့သည် ဖြစ်ကုန်၏။ ထိုသို့ ပြည့်စုံခြင်းသည် အကြင်အပြားဖြင့် သင့်စွာဖြစ်၏။ ထိုအပြားဖြင့် မြတ်စွာဘုရားသည် အဓိဋ္ဌာန်တော်မူ၏။

ဗိမ္ဗိသာရမင်းသည် အတိုင်းထက်အလွန် ဝမ်းမြောက်သည်ဖြစ်၍၊ ထိုနောင်မှ ဆွမ်းဘုဉ်းပေးတော်မူပြီးသော် ဗိမ္ဗိသာရမင်းအား အနုမောဒနာ, 'ဋ္ဌိတိရောကတောသု' အစရှိသောဂါထာတို့ကို ဟောတော်မူ၏။ ဒေသနာတော်၏အဆုံး၌ ပြိတ္တာဖြစ်သောသူတို့၏ အကြောင်းအားဖြင့် ထိတ်လန့်သည်ဖြစ်၍၊ အဆင်းအားဖြင့် နှလုံးသွင်းကုန်သော ၈ သောင်း ၄ ထောင်သောသူတို့အား ရခြင်းသည် ဖြစ်၏။

မိုးသောက်သောနေ့ နံနက်အခါ၌လည်း နတ်,လူတို့အား တိရောကုဋ္ဌသုတ်ကိုလည်းကောင်း ဟောတော်မူ၏။ ဤသို့ ၇ ရက်တိုင်တိုင် ဟောတော်မူ၏။ ၈ သောင်း ၄ ထောင်သော နတ်, လူတို့အား တရားဟောခြင်းသည် ဖြစ်၍၊ ဤတိရောကုဋ္ဌသုတ်ကို ဝေဠုဝန်ကျောင်းတော်ကိုခံ၍ မိုးသောက်သောနေ့၌ ဟောတော်မူသတည်း။ ။

ခုဒ္ဒကပါဋ္ဌ။

http://www.dhammadownload.com



## သာရိပုတ္တရာ, မောဂ္ဂလာန် ပရိဗ္ဗာဇက ၂ ယောက် ရဟန်းပြုခြင်း

ထိုဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ သာရိပုတ္တရာ, မောဂ္ဂလာန် ပရိဗ္ဗာဇက ၂ ယောက်တို့သည် ရာဇဂြိုဟ်မြို့ကို ဆွမ်း အမှီပြု၍၊ နိဗ္ဗာန်ကို ရှာသည်ဖြစ်၍ နေကုန်၏။

ထို ၂ ယောက်တို့တွင် သာရိပုတ္တရာသည် ဆွမ်းခံဝင်သော ရှင်အဿဇိထေရ်ကို မြင်၍၊ ကြည်သောစိတ် ရှိသည်ဖြစ်၍၊ အပါးသို့ချဉ်း၍၊ 'ယေဓမ္မာ ဟေတုပ္ပဘဝါ' အစရှိသော ဂါထာကိုကြား၍ သောတာပတ္တိဖိုလ်၌ တည်၏။

အဆွေခင်ပွန်းဖြစ်သော 'မောဂ္ဂလာန်' အမည်ရှိသော ပရိဗ္ဗာဇကအား ထိုဂါထာကို ရွတ်၏။ ထို ရှင်မောဂ္ဂလာန်သည် သောတာပတ္တိဖိုလ်၌ တည်၏။

ထိုရှင်သာပုတ္တရာ, ရှင်မောဂ္ဂလာန်တို့သည် 'သိဒ္ဓည်း' အမည်ရှိသော ပရိဗိုဇ်ရဟန်းကို ပန်၍၊ ၂ ရာ ၅ ကျိပ်သော ပရိသတ်နှင့် ဝေဠုဝန်ကျောင်းတော်သို့ သွား၍ မြတ်စွာဘုရားအထံတော်သို့ ရောက်လာကုန်၏။ ပြာသိုလပြည့်နေ့၌ လဋ္ဌိဝနုယျာဉ်သို့ ရောက်တော်မူ၏။ အထွက် ၁ ရက်နေ့၌ ဝေဠုဝန်ဥယျာဉ်ကို ခံတော်မူ၏။ ပြာသိုလကွယ်နေ့၌ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့ ရောက်လာ၏။ ထို တပို့တွဲလဆန်း ၇ ရက်နေ့၌ ရှင်မောဂ္ဂလာန် ရဟန္တာ ဖြစ်တော်မူ၏။ တပို့တွဲလပြည့်နေ့၌ သုကရခါဒလိုဏ်၌ နေတော်မူ၍၊ ဒီဃနခပရိဗိုဇ်အား ဟောတော်မူသော ဝေဒနာပရိဂ္ဂဟိတသုတ္တန်ကို ကြား၍၊ အရှင်သာရိပုတ္တရာ ရဟန္တာ ဖြစ်တော်မူ၏။ ထိုနောင် အင်္ဂါ ၄ ပါးနှင့်ပြည့်စုံတော်မူသော ဘုရားတကာတို့၏ ဓမ္မတာဖြစ်သော အစည်းအဝေးသည်ဖြစ်၏။

[အင်္ဂါ ၄ ပါး ဟူသော်ကား တပို့တွဲလပြည့်နေ့, မာဃနက္ခတ်နှင့်ယှဉ်သည် ၁ ပါး။ မည်သူ မခေါ်ပင့်ချေဘဲ အလိုလိုလာ၍ စည်းဝေးသည်လည်း ၁ ပါး။ အလုံးစုံ ပဋိသမ္ဘိဒါပတ္တ ဖြစ်သည်လည်း ၁ ပါး။ အလုံးစုံ ဧဟိဘိက္ခု ဖြစ်သည်လည်း ၁ ပါး။ ဤ ၄ ပါးတည်း။]

ထိုအခါ စည်းဝေးသည်ကား ဥရုဝေလကဿပ အစရှိသော ရှေး၌ ရသေ့ဖြစ်သော ရဟန္တာ ၁၀၀၀။ အရှင်သာရိပုတ္တရာ, မောဂ္ဂလာန်တို့နှင့်အတူ ပါသော ၂၅၀။ ပေါင်း ၁ ထောင် ၂ ရာ ၅ ကျိပ် (၁၂၅၀) တည်း။ ထိုအစည်းအဝေး၌ အရှင်သာရိပုတ္တရာ, မောဂ္ဂလာန်တို့အား အင်္ဂသာဝကအရာကို ပေးတော်မူ၍၊ ပါတိမောက်ပြတော်မူ၏။

http://www.dhammadownload.com



## ကပိလဝတ်သို့ ကြွတော်မူခြင်းငှာ ပင့်ခြင်း

ထိုသို့ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ၌ ခမည်းတော် သုဒ္ဓါဒနမင်းသည် 'ငါ့သားသည် ၆ နှစ်ပတ်လုံး အကျင့်ခဲဖြစ်သော ဒုက္ကရစရိယာကိုကျင့်၍၊ သဗ္ဗညုအဖြစ်သို့ ရောက်၍၊ ဓမ္မစကြာတရားကို ဟောတော်မူ၍၊ ရာဇဂြိုဟ်ပြည်သို့ ဆွမ်းခံ အမှီပြု၍ ဝေဠုဝန်၌ နေတော်မူသည်'ဟု ကြားတော်မူ၍ အမတ်တစ်ယောက်ကို စေတော်မူ၏။

''အမတ်၊ သွားချေ။ ၁၀၀၀ သောအခြံအရံ ရှိသည်ဖြစ်၍၊ ရာဇဂြိုဟ်မြို့သို့ သွား၍၊ 'ရှင်ပင်ဘုရား။ ခမည်းတော်ဖြစ်သော သုဒ္ဓါဒနမင်းသည် ရှင်ပင်ဘုရားကို ဖူးမြင်ခြင်းငှာ အလိုရှိ၏' ဟု ငါ၏စကားဖြင့် ဆို၍၊ ငါ့သားကို ဆောင်၍လာလော့''ဟု ဆိုတော်မူ၏။ ထိုအမတ်သည် 'သံတော်ဦး တင်ပြီ'ဟု မင်း၏ အမိန့်တော်ကို ဦးဖြင့် ခံ၍၊ အခြံအရံ ၁၀၀၀ ရှိသည် ဖြစ်၍၊ ယူဇနာ ၆၀ ရှိသောခရီးကို လျင်စွာသွား၍၊ ပရိသတ် ၄ ပါးအလယ်၌ နေတော်မူ၍၊ ရှင်ပင်ဘုရား တရားဟောတော်မူသောအခါ၌ ဝေဠုဝန်ကျောင်းတော်သို့ ဝင်၍၊ ထိုအမတ်သည် မင်းကြီးစေအပ်သော သတင်းစကားကို ရှေးဦးစွာ ကြဲ၍၊ ပရိသတ်အဆုံး၌ ရပ်၍၊ မြတ်စွာဘုရားတရားကို နာ၍၊ ရပ်ရာအရပ်၌ပင်လျှင် ၁၀၀၀ သောအခြံအရံနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ရဟန်းအဖြစ်ကို တောင်းပန်ကုန်၏။ မြတ်စွာဘုရားလည်း 'ဧဟိဘိက္ခဝေါ'ဟု လက်တော်ကိုဖြန့်၍ မိန့်တော်မူ၏။ ထိုခဏ၌ ထိုသူတို့သည် တန်ခိုးဖြင့်ပြီးသော သပိတ်,သင်္ကန်းကို ဆောင်ကုန်သည် ဖြစ်၍၊ အဝါ ၆၀ ရှိသော မထေရ်ကဲ့သို့ ဖြစ်ကုန်၏။ အရိယာတို့မည်သည်ကား အရဟတ္တဖိုလ်သို့ ရောက်သောကာလမှစ၍ လျစ်လျူရှုကုန်သည်ဖြစ်ရကား ထို မင်းတမန်ဖြစ်သော ရဟန္တာသည် သုဒ္ဓါဒနမင်း၏ စေအပ်သော သတင်းစကားကို မြတ်စွာဘုရားအား မလျှောက် ဆိတ်ဆိတ်နေ၏။

ထိုခဏ၌ သုဒ္ဓါဒနမင်းကြီးသည် 'တမန်လည်း မလာ။ မြတ်စွာဘုရားသတင်းစကားကိုလည်း မကြားရ' ဟု ကြံတော်မူ၍၊ အမတ်တစ်ယောက်ကို ခေါ်တော်မူ၍ ''၁၀၀၀ သောအခြံအရံနှင့်တကွ ရှင်ပင်ဘုရားကို ပင့်ချေ'' ဟု စေတော်မူပြန်၏။ ထိုအမတ်လည်း သွား၏။ ရှေးနည်းဖြင့်သာလျှင် ၁၀၀၀ သောအခြံအရံနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍၊ ရှင်ပင်ဘုရားအား ခမည်းတော်သတင်းစကားကို မလျှောက်မူ၍၊ သုဒ္ဓါဒနမင်းလည်း ၁၀၀၀ သော အခြံအရံနှင့်တကွ ၉ ကြိမ်စေ့အောင် စေတော်မူသော်လည်း သတင်းစကားကိုမျှ ကြားသောသူကိုမျှ မရ။

'ဤမျှလောက်သောတမန်တို့သည် ငါ၌ ချစ်ခြင်း မရှိသည်ဖြစ်၍၊ သတင်းမျှကိုလည်း ငါ့အား မလျှောက်ကြားကုန်။ အဘယ်သူသည် ငါ၏သတင်းစကားကို ယူ၍၊ မြတ်စွာဘုရားကို လျှောက်၍၊ ငါ့သားကို ဤကပိလဝတ်သို့ရောက်အောင် ဆောင်နိုင်ပါအံ့'ဟု ကြံတော်မူ၍ အလုံးစုံသောမင်းပရိသတ်ကို ကြည့်တော်မူသော်၊ မြတ်စွာဘုရားနှင့် ဖွားဖက်ဖြစ်သော ကာဠုဒါယီအမတ်ကို မြင်တော်မူ၏။

ထိုအခါ၌ ထိုကာဠုဒါယီအမတ်ကို ''ချစ်သား ကာဠုဒါယီ။ ငါသည် ငါ့သားကဲ့ ဖူးမြင်လိုသည်ဖြစ်၍၊ ၁၀၀၀-၁၀၀၀ သောအရံရှိသော အမတ် ၉ ယောက်တို့ကို စေ၏။ တစ်ယောက်သောအမတ်သည်မျှ ငါ့အား

http://www.dhammadownload.com



သတင်းစကားကို မကြားပါ။ အသက်အန္တရာယ်ကိုလည်း မသိနိုင်။ အသက်ရှည်၍သာလျှင် ငါ့သားကို ဖူးမြင်ခြင်းငှာ အလိုရှိပါ၏။ သင်သည် ငါ့သားကို ငါ့အားမြင်စေခြင်းငှာ တည်နိုင်အံ့လော့'' ဟု မိန့်တော်မူ၏။

''အရှင်မင်းကြီး။ ရဟန်းပြုခြင်းငှာ အကယ်၍ ရသည်ဖြစ်အံ့။ ရှင်မင်းကြီးအား သားတော်ကိုမြင်စေခြင်းငှာ အကျွန်ုပ် စွမ်းနိုင်၏'' ဟု လျှောက်၏။

''ချစ်သား။ သင်သည် ရဟန်း ပြုသော်လည်းကောင်း၊ ရဟန်း မပြုသော်လည်းကောင်း ငါ့အား ငါ့သားကို မြင်စေလော့'' ဟု မိန့်တော်မူ၏။

ထိုကာမျှဒါယီအမတ်လည်း 'သံတော်ဦးတင်ပြီ' ထန်ခံ၍၊ မင်း၏သတင်းစကားကို ယူ၍၊ ရာဇဂြိုဟ်ပြည်သို့ သွား၍၊ ရှင်ပင်ဘုရား တရားဟောတော်မူသောအခါ၌ ပရိသတ်၏အဆုံး၌ ရပ်၍၊ တရားတော်ကို နာ၍၊ ၁၀၀၀ သောအခြံအရံနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ 'ဧဟိဘိက္ခု' အဖြစ်ဖြင့်သာလျှင် တည်ကုန်၏။

http://www.dhammadownload.com



## ကဝိလဝတ်ပြည်သို့ မြတ်စွာဘုရားသခင် ကြွချီတော်မူခြင်း

မြတ်စွာဘုရား ဖြစ်တော်မူ၍၊ ရှေးဦးစွာ ဝါဆို၍ ၃ လပတ်လုံး ဣသိပတနဒ္ဒ နေတော်မူ၏။ ဝါကျွတ်ပြီးသော် ပဝါရဏာ ပြုတော်မူ၏။ အထွက် ၁ ရက်နေ့၌ ဥရုဝေလသို့ သွား၍၊ ထိုဥရုဝေလ၌ ၃ လပတ်လုံး နေတော်မူ၍၊ ရသေ့ညီနောင် ၃ ပါးတို့ကို ဆုံးမတော်မူ၍၊ ၁၀၀၀ သော ရဟန္တာအပေါင်း ခြံရံလျက် ပြာသိုလပြည့်နေ့၌ ရာဇဂြိုဟ်သို့ ရောက်တော်မူ၍၊ ၂ လပတ်လုံး ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏။

ဤသို့သော အစီအစဉ်ဖြင့် ဟရာဇာသီမုထွက်တော်မူသော မြတ်စွာဘုရားအား ၅ လသည် ဖြစ်၏။ အလုံးစုံသောဆောင်းလသည် လွန်၏။ အရှင်ကာဠုဒါယီ လာသောနေ့မှ စ၍ ၇ ရက်တို့ကို လွန်စေ၏။

အရှင်ကာဠုဒါယီသည် 'ယခု ဆောင်းလသည် လွန်ကုန်ပြီ။ မိုးလသည် ရောက်လတ္တံ့။ ကောက်သည် လည်း ပြတ်ပြီ။ စိမ်းသောမြက်တို့ဖြင့် ဖုံးလွှမ်းသောမြေပြင်ရှိသော သစ်ပင်တို့သည် ကောင်းစွာပွင့်ကုန်ပြီ။ ခရီးတို့ကိုလည်း သွားခြင်းငှာ ခဲ့ကုန်ပြီ။ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့အား သင်္ဂြိုဟ်ခြင်းကို ပြုအံ့သော ငှာ ကာလတန်ပြီ'

ဤသို့လျှင် တပေါင်းလပြည့်နေ့၌ ကြံပြီးသော် မြတ်စွာဘုရားသို့ကပ်၍၊ 'အင်္ဂါရိနော ဒါနိဒုမာ ဘဒ္ဒန္တေ။ ဖလေသိနော ဆဒနံဝိပွဟာယ။ တော အစ္ဆိမန္တော၀ ပဘာသယန္တိ သမယော မဟောဝိရ အင်္ဂီရသာနံ။ (ပေယျာလ) နာတိသီလံ နာတိဥဏှံ နာတိ ဒုဇ္ဇိက္ခဆာတကံ။ သဒ္ဒလာဟရိတာဘူမိ။ ဧသကာလောမဟာမုနိ။'

ဤသို့ ၆၀ အတိုင်းအရှည်ရှိသော ဂါထာတို့ဖြင့် ရှင်ပင်ဘုရား၏ ခမည်းတော်ပြည် ကဝိလဝတ်သို့ သွားခြင်းငှာ သွားအံ့သောကျေးဇူးကို ချီးမွမ်း၏။

ထိုသို့ချီးမွမ်းသောအခါ၌ မြတ်စွာဘုရားသည် ''ဥဒါယီ။ သင်သည် သာယာသောအသံဖြင့် ခရီးသွားအံ့ သောကျေးဇူးကို အဘယ့်ကြောင့် ချီးမွမ်းသနည်း'' ဟု မိန့်တော်မူ၏။

ရှင်ဥဒါယီထေရ်သည်လည်း ''ရှင်ပင်ဘုရား။ ခမည်းတော် သုဒ္ဓေါဒနမင်းကြီးသည် ရှင်ပင်ဘုရားအား ဖူးမြင်လို၏။ ဆွေတော်မျိုးတော်တို့အား သင်္ဂြိုဟ်ခြင်းကို ပြုတော်မူပါ'' ဟု လျှောက်၏။

''ဥဒါယီ။ ကောင်းပြီ။ ဆွေမျိုးတို့အား သင်္ဂြိုဟ်ခြင်းကို ငါ ပြုအံ့'' ဟု မိန့်တော်မူ၍၊ ''ရဟန်းအပေါင်း တို့အား ခရီးသွားအံ့သော ဝတ်ကို ပြည့်စုံစေကုန်'' ဟု ကြားစေ၏။ ဥဒါယီထေရ်သည် ထိုရဟန်းတို့အား ကြားပေ၏။

မြတ်စွာဘုရားသည် တပေါင်းလပြည့်အထွက် ၁ ရက်၌ အင်္ဂီတိုင်းသားတို့သည် ရဟန်းပြုကုန်၍ ဖြစ် သော ရဟန္တာ ၁ သောင်း၊ ခမည်းတော်ကစေလွှတ်သော ၁၀၀၀-၁၀၀၀ အရံရှိသော မင်းစေ ၁၀ ယောက်တို့သည် ရဟန်းပြုကုန်၍၊ ရဟန္တာ ၁ သောင်း၊ ဤ ၂ သောင်းသော ရဟန္တာအပေါင်း ခြံရံလျက်၊ ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူ၍၊ 'ရာဇဂြိုဟ်ပြည်မှ ယူဇနာ ၆၀ အကွန့်ရှည်သော ကဝိလဝတ်ပြည်သို့ ၂ လတို့ဖြင့် ရောက်လတ္တံ့' ဟု နေ့တိုင်းနေ့တိုင်း ၁ ယူဇနာ - ၁ ယူဇနာကို သွားတော်မူ၏။ ဤသို့ မလျင်သောသွားခြင်းဖြင့် သွားတော်မူ၏။

http://www.dhammadownload.com



ရှင်ဥဒါယီထေရ်သည်လည်း 'မြတ်စွာဘုရား ရာဇဂြိုဟ်မှထွက်တော်မူသည့်အဖြစ်ကို သုဒ္ဓေါဒနမင်းကြီး အား ကြားအံ့'ဟု ကောင်းကင်သို့တက်၍ နန်းတော်၌ ထင်ရှားစွာရပ်၏။

သုဒ္ဓေါဒနမင်းကြီးလည်း ရှင်ဥဒါယီ ထေရ်ကို မြင်လျှင်၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍၊ မြတ်သောသူတို့အား ထိုက်သောပလ္လင်၌ နေစေ၍၊ အထူးထူးသော မြတ်သောမင်း၏ စားတော်ဘောဇဉ်ဖြင့် သပိတ်ကို ပြည့်စေ၍ လှူတော်မူ၏။ ဥဒါယီထေရ်သည်လည်း ထ၍ သွားအံ့သော အခြင်းအရာကို ပြ၏။

"ချစ်သား။ နေ၍ ဆွမ်း ဘုဉ်းပေးတော်မူပါ"ဟု တောင်းပန်၏။

"မြတ်သောမင်း။ မြတ်စွာဘုရားအထံတော်သို့သွား၍ ငါ ဘုဉ်းပေးအံ့"ဟု ဆို၏။

"ချစ်သား။ မြတ်စွာဘုရားသည် အဘယ်အရပ်၌ ရှိတော်မူသနည်း" ဟု မေးတော်မူ၏။ "မြတ်သော မင်းတို့အား ဖူးမြင်အံ့သောငှာ ရဟန္တာ ၂ သောင်း အခြံအရံရှိသည်ဖြစ်၍ ဒေသစာရီ သွားတော်မူ၏"ဟု ဆိုတော်မူ၏။

သုဒ္ဓေါဒနမင်းကြီးလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်တော်မူ၍၊ "သခင်တို့သည် ဤဆွမ်းကို ဘုဉ်းပေး၍၊ ငါ့သားသည် အကြင်ရွှေ့မျှလောက် ဤမြို့သို့ ရောက်လတ္တံ့။ ထိုရွှေ့လောက်သောအား ဤနန်းတော်၌ ဆွမ်းကို ဆောင်တော်မူကုန်"ဟု ဆိုတော်မူ၏။ အရှင်ကာဠုဒါယီသည်လည်း သည်းခံတော်မူ၏။

သုဒ္ဓေါဒနမင်းသည် ဆွမ်းလှူ၍၊ သပိတ်ကို နံ့သာမှုန့်ဖြင့် ပွတ်၍၊ မြတ်သောဘောဇဉ်ဖြင့် ပြည့်စေ၍၊ "မြတ်စွာဘုရားအား ကပ်ကုန်လော့"ဟု ကာဠုဒါယီထေရ်အား ကပ်၏။

အရှင်ကာဠုဒါယီထေရ်သည် ခပ်သိမ်းသောသူတို့ မြင်စဉ်ပင်လျှင် ကောင်းကင်သို့ တက်၍၊ ဆောင်ခဲ့သော ဆွမ်းကို မြတ်စွာဘုရားလက်တော်၌ ထား၏။ မြတ်စွာဘုရားလည်း ထိုခမည်းတော်ဆွမ်းကို ဘုဉ်းပေးတော်မူ၏။

ဤသို့သောနည်းဖြင့် နေ့တိုင်းနေ့တိုင်း ဆွမ်းကို ကာဠုဒါယီ ဆောင်၏။ မြတ်စွာဘုရားလည်း ခရီးအကြား၌ ခမည်းတော်ဆွမ်းကိုသာလျှင် ဘုဉ်းပေးတော်မူ၏။

ရှင်ကာဠုဒါယီသည်လည်း နန်းတော်၌ ဆွမ်း ဘုဉ်းပေးတော်မူသည်နှင့်အဆုံး၌ နေ့တိုင်းနေ့တိုင်း "ယခု ဤမျှလောက်သောခရီးကို မြတ်စွာဘုရားသည် လာတော်မူ၏"ဟု ဘုရားကျေးဇူးနှင့် ယှဉ်သောစကားဖြင့် အလုံးစုံသောမင်းမျိုးတို့သည် မြတ်စွာဘုရားကို မမြင်မီကလျှင် ကြည်ညိုခြင်းကို ဖြစ်စေ၏။

ထို့ကြောင့် မြတ်စွာဘုရားလည်း "အမျိုးတို့အား ကြည်ညိုခြင်းကို ဖြစ်စေကုန်သောတပည့်တို့တွင် ဤကာဠုဒါယီသည် မြတ်၏"ဟု စတဒဂ် ထားတော်မူ၏။

မြတ်စွာဘုရားသည် ကပိလဝတ်ပြည်သို့ ရောက်တော်မူသည်ရှိသော်၊ သာကီဝင်မင်းတို့သည်လည်း "ငါတို့၏အမျိုးကို မြင်ကုန်အံ့"ဟုစည်းဝေး၍ မြတ်စွာဘုရား၏နေရာအရပ်ကို စူးစမ်းကုန်သည်ရှိသော်၊ "နိဂ္ရောဓ သာကီဝင်မင်း၏ ဥယျာဉ်သည် မွေ့လျော်ဖွယ်ရှိ၏"ဟု မှတ်၍၊ ထိုဥယျာဉ်၌ အလုံးစုံသုတ်သင်သော အစီအရင်ကို ပြုစေ၏။ နံ့သာ၊ ပန်း လက်စွဲကုန်လျက် ခရီးဦးကြို ပြုကုန်သော၊ အလုံးစုံသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော ပြည်သူသားငယ်တို့ကို၊ ထိုထိုနောင်မှ သာကီဝင်မင်းသမီးအငယ်တို့ကို စေကုန်၏။ ထိုသူတို့၏အခြားမဲ့၌ သာကီဝင် မင်းတို့သည် ပန်း၊ နံ့သာတို့ဖြင့် ပူဇော်ကုန်လျက် မြတ်စွာဘုရားကို ဆောင်၍၊ နိဂ္ရောဓာရုံသို့ လာကုန်၏။

ထိုနိဂ္ရောဓာရုံ၌ ရဟန္တာဖြစ်သော ၂ သောင်း ခြံရံအပ်သော မြတ်စွာဘုရားသည် ခင်းအပ်သော မြတ်သော နေရာတော်၌ နေတော်မူ၏။ ထိုသာကီဝင်မင်းတို့သည် မာန် ရှိကုန်သည် ဖြစ်၍၊ မာန်ဖြင့် ခက်ထန်ကုန်သည်

http://www.dhammadownload.com



ဖြစ်၍၊ ''သိဒ္ဓတ်မင်းသည် ငါတို့အောက် အလွန်ငယ်၏။ ငါတို့၏ညီ။ ငါတို့၏တူ။ ငါတို့၏ သား။ ငါတို့၏ မြေး'' ဟု ကြံ၍၊ ငယ်ကုန်သော မင်းတို့ကို ''သင်တို့ ရှိခိုးကုန်။ ငါတို့သည် သင်တို့၏နောက်၌ နေကုန်အံ့'' ဟု ဆိုကုန်၏။

[ဤအရာ သုမေဓာကထာ ဆုတောင်းခန်း၌ 'ဝါလနီးသော် ဗောဓိရင်ပွန် ဝေဠုဝန်၌ တတန်ပျော်မှိန်း ငြိမ်သက်ကိန်းသည်' ဟူ၍ ဆိုတော်မူပြီးမှ 'ကာဠဒါယီ ပြည်ကပ္ပိသို့ အညီဘုရား တပည့်သားနှင့် သွားစေခြင်းဖြယ် ရတုန္နယ်၍' ဤသို့အစရှိသည်ကို ဆိုတော်မူသောကြောင့် ဝေဠုဝန်၌ ဝါဆိုပြီးမှ ကပိလဝတ်သို့ သွားသကဲ့သို့ မှတ်ဖွယ်ရှိသည်။ ကျမ်းကြီးအဋ္ဌကထာတို့၌ မလာ။ 'ရာဖဂြိုဟ်ပြည်၌ ၂ လ နေတော်မူ၍၊ ကပိလဝတ်သို့ သွားတော်မူသည်။ ဗာရာဏသီပြည်မှ ထွက်၍ ၅ လမြောက်သောနေ့၌ ကာဠဒါယီထေရ်သည် ဂါထာ ၆၀ ကို ရွတ်သည်'ဟု သုတ္တန်အဋ္ဌကထာတို့၌ လာသည်ကား 'ဥရုဝေလတောင်၌ ၃ လ၊ ရာဖဂြိုဟ်၌ ၂ လကိုရည်၍ ဆိုသည်' ဝိနည်းအဋ္ဌကထာ၌သော်ကား 'တန်ဆောင်မုန်းလပြည့်တိုင်အောင် ဗာရာဏသီ၌ နေတော်မူသည်'ဟု ဆို၏။ ထိုသို့လျက် အရှင်သီလဝံသ ဆိုတော်မူသည်ကား 'ဗာရာဏသီပြည်၌ ပထမဝါဆိုတော် မူသည်။ ဝေဠုဝန်ကျောင်းတော်၌ ဒုတိယဝါဆိုတော်မူသည်' ဖြစ်သောကြောင့် ကပိလဝတ်မှ ပြန်တော်မူပြီးမှ ဝါဆိုတော် မူသည်ကိုလျက် စကားအလျဉ်းသင့်၍ စပ်ဆိုလေသည်။ ထိုသို့ဆိုပြီးမှ အကြား၌ ရှိလေသောစကားကို ဆိုပြန်လို၍၊ 'ကာဠဒါယီ ပြည်ကပ္ပိသို့' အစရှိသည်ကို ဆိုပြန်သည်ဟု မှတ်အပ်၏။]

မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့ ရှိမခိုးမူ၍ နေကုန်သည်ရှိသော်၊ ထိုသာကီဝင်မင်းတို့၏ အလိုကို ဆင်ခြင်တော်မူ၍၊ 'ငါ့ကို ငါ၏အမျိုးတို့ ရှိမခိုး။ ယခု ထိုအမျိုးကို ရှိခိုးစေအံ့'ဟု အဘိညာဉ်၏ အကြောင်းဖြစ်သော စတုတ္ထစျာန်ကို ဝင်တော်မူ၍၊ ထိုစျာန်မှ ထတော်မူ၍ ကောင်းကင်သို့ တက်တော်မူပြီးသော်၊ ထိုသာကီဝင်မင်းတို့၏ ဦးခေါင်း၌ ခြေမူန်ကို ကြဲသကဲ့သို့ 'ကဏ္ဍမ္ဗ'အမည်ရှိသော သရက်ပင်၏အနီး၌ ပြတော်မူသော ယမိုက်ပြာဋိဟာနှင့်အတူ ယမိုက်ပြာဋိဟာ ပြတော်မူ၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာ တောင်းပန်သောကြောင့် ကောင်းကင်၌ဖန်ဆင်းသော ရတနာစင်္ကြံ၌ နေတော်မူလျက် ဗုဒ္ဓဝင်တရားကို ဟောတော်မူ၏။ ထိုဗုဒ္ဓဝင်ကို ဟောတော်မူသောအဆုံး၌ပင်လျှင် အရှင် သာရိပုတ္တရာလည်းကောင်း၊ တောင်းပန်သောကြောင့် အနာဂတဝင်တရားကို ဟောတော်မူ၏။ ထိုစကားကို အနာဂတဝင် အဋ္ဌကထာကျမ်းကို မြင်၍ သိအပ်၏။

ခမည်းတော်သုဒ္ဓောဒနသည် ထိုအံ့ဖွယ်ကို မြင်၍၊ ''ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားကို ဖွားတော်မူသော နေ့၌ ကာဠဒေဝိလရသေ့တို့အား ရှိခိုးစေခြင်းငှာ ဆောင်အပ်ကုန်သည်ရှိသော်၊ ခြေတော်တို့သည် ပြန်၍၊ ရှင်ရသေ့ ဦးခေါင်းထက်၌ တည်သည်ကို မြင်၍လည်း အကျွန်ုပ် ရှင်ပင်ဘုရား၏ခြေတော်တို့ကို ရှိခိုး၏။ ထိုသို့ ရှိခိုးခြင်းသည် ရှေးဦးစွာသော အကျွန်ုပ်၏ရှိခိုးခြင်းတည်း။ လယ်ထွန်မင်္ဂလာပြုသောနေ့၌ သပြေရိပ်၌ အသရေရှိသောအိပ်ရာတွင် ရှင်ပင်ဘုရား နေတော်မူစဉ် သပြေပင်ရိပ်သည် မလွဲသည်ကိုမြင်၍လည်း ရှင်ပင်ဘုရားခြေတော်တို့ကို ရှိခိုး၏။ ထို ရှိခိုးသည်ကား ၂ ကြိမ်မြောက်သော ရှိခိုးခြင်းတည်း။ ယခု မမြင်ဖူးသော အံ့ဖွယ်သရဲသော ပြာဋိဟာကို မြင်၍လည်း အကျွန်ုပ်သည် ရှင်ပင်ဘုရားခြေတော်ကို ရှိခိုး၏။ ထိုသို့ရှိခိုးခြင်းသည်ကား ၃ ကြိမ်မြောက်သော အကျွန်ုပ်၏ရှိခိုးခြင်းတည်း'' ဤသို့ လျှောက်၏။

http://www.dhammadownload.com



သုခွေါဒနမင်းကြီး ရှိခိုးသည်ရှိသော် တစ်ယောက်သော သာကီဝင်မင်းသည်မျှ မရှိခိုးမူ၍ တည်နိုင်သော သူ မရှိ။ အလုံးစုံသော သာကီဝင်မင်းတို့ ရှိခိုးကုန်သည်သာလျှင်တည်း။

ဤသို့ မြတ်စွာဘုရားသည် ဆွေတော်မျိုးတော်တို့ကို ရှိခိုးစေ၍၊ ကောင်းကင်မှသက်တော်မူ၍ နေတော်မူသည်ရှိသော် ဆွေတော်မျိုးတော်တို့၏အစည်းအဝေးခွင် 'ကြာဖက်ရှိသော တိမ်တိုက်ခွင်ရွာသော မိုး' တည်းဟူသော ပေါက္ခရဝဿမိုးသည် ရွာ၏။ ထိုမိုးသည် ကြေးနီအဆင်း ရှိ၏။ မစွတ်လိုသောသူ၏ကိုယ်ခွံ တစ်ပေါက်မျှ မကျ။ ထိုအံ့ဖွယ်သရဲသောမိုးကို မြင်၍၊ အလုံးစုံသောပရိသတ်တို့သည် နှစ်သက်ခြင်းဖြစ်၍ ဆန်းကြယ်ကုန်၏။

မြတ်စွာဘုရားလည်း ''ယခုသာလျှင် အဆွေအမျိုးတို့၏အစည်းအဝေးခွင် ပေါက္ခရဝဿမိုးရွာသည် မဟုတ်။ ဝေဿန္တရာအဖြစ်ခွင်လည်း ရွာသည်သာလျှင်တည်း'' ဟု ဝေဿန္တရာဇာတ်* ကို ဟောတော်မူ၏။

ထိုတရားကိုကြားလျှင် ဆွေတော်မျိုးတော်အပေါင်းတို့သည် ထ၍၊ ရှိခိုး၍ သွားကုန်၏။ သုခွေါဒနမင်းသည် လည်းကောင်း, သာကီဝင်မင်းတို့တွင် တစ်ယောက်သောမင်းသည် လည်းကောင်း, မင်း၏အမတ်သည် လည်းကောင်း၊ ''နက်ဖြန် အကျွန်ုပ်တို့ဆွမ်း ဘဉ်းပေးတော်မူပါ'' ဟု ဖိတ်သောသူသည်မျှ မရှိ။

မြတ်စွာဘုရားလည်း ထိုနေ့မိုးသောက်လျှင် ရဟန္တာ ၂ သောင်းခြံရံလျက် ကပိလဝတ်သို့ ဆွမ်းခံဝင်တော်မူ၏။ တစ်စုံတစ်ယောက်သောသူသည်မျှ လာ၍ မဖိတ်။ သပိတ်တော်ကိုလည်း မယူ။

မြတ်စွာဘုရားလည်း မြို့တံခါးခုံ၌ ရပ်တော်မူ၍လျှင်၊ 'ရှေးဘုရားတို့သည် ဆွေတော်မျိုးတော်တို့၏ မြို့၌ ဆွမ်းအလိုငှာ အဘယ်သို့ သွားကုန်သနည်း။ အိမ်စဉ်ကင်းသဖြင့် အစိုးရသောသူတို့၏ အိမ်တို့သို့ လည်းကောင်း သွားတော်မူသလော' ဟု ဆင်ခြင်တော်မူလေသော် တစ်ဆူသောဘုရားသည်မျှ အိမ်စဉ်ကင်းသောအားဖြင့် သွားတော်မူခြင်းကို မြင်တော်မမူ၍၊ 'ငါသည်လည်း ထိုဘုရားတို့၏ အနွယ်တည်း။ ထိုအနွယ်ကို ချီးမြှင့်ခြင်းငှာ အပ်၏။ နောင်အခါ၌ ငါ၏တပည့်တို့သည် ငါသို့လိုက်သည်ဖြစ်၍ ဆွမ်းခံခြင်းဝတ်ကို ဖြည့်ကုန်အံ့' ဟု ကြံတော်မူ၍၊ အစဉ်တွေ့သောအိမ်မှ စ၍ အိမ်စဉ်အတိုင်း ဆွမ်းခံသွားတော်မူလေသော်၊ များစွာသော လူအပေါင်းတို့သည် ''သိဒ္ဓတ်မင်းသားသည် ဆွမ်းခံတော်မူ၏။ အံ့ဖွယ်ရှိစွတကား'' ဟု ဘုံ ၇ ဆင့်, ဘုံ ၃ ဆင့်ရှိသော ပြာသာဒ်တို့၌ လေသွန်တံခါးကို ဖွင့်၍ ကြည့်ကုန်၏။

ရာဟုလာမယ်တော် ယသောဓရာဓိဖုရားသည်လည်း 'အရှင့်သားသည် ဤမြို့၌ ကြီးစွာသော မင်းတန်ခိုးဖြင့် ရွှေထမ်းစင် အစရှိသည်တို့ဖြင့် သွား၏။ ယခု ရဟန်းပြုသည် ဖြစ်၍၊ ခွက် လက်ခွံရှိသဖြင့် ဆွမ်းခံ သွားသတတ်။ တင့်တယ်သလော' ဟု ကြံ၍၊ လေသွန်တံခါးကို ဖွင့်၍ ကြည့်သည်ရှိသော်၊ အထူးထူးသော ပြိုးပြိုးပြက်ပြက်ထွန်းသော ကိုယ်တော်ရောင်ဖြင့် မြို့ခရီးတို့ကို အရောင်တော် ထွန်းစေ၍၊ တစ်လံမျှ အရောင်အဝန်းရှိသော, ၈၀ သော လက္ခဏာဖြင့် တင့်တယ်သော, ၃၂ ပါးသော ယောကျ်ားမြတ်တို့၏လက္ခဏာဖြင့် တန်ဆာဆင်အပ်သော, နှိုင်းယှဉ်ကြောင်း ဥပမာ မရှိသော, ဘုရား၏အသရေဖြင့် နဖူးသင်းကျစ်တော်မှစ၍ ခြေဖဝါးတော်တိုင်အောင် တင့်တယ်တော်မူသော မြတ်စွာဘုရားကို မြင်၍၊ 'နိသိဒ္ဓ နိလမုဒု ကုဋ္ဌိတ ကေသော' အစရှိသော နရဝသိယ ၁၀ ဂါထာဖြင့် ချီးမွမ်းပြီးမှ ''အရှင်မင်းကြီးသားတော်သည် ယခု ဆွမ်းခံသွားသတတ်'' ဟု ဦးရီးတော်အား လျှောက်၏။

* ၅၅၀ ဇာတ်တော်စဉ် - ၅၄၇ ရှု။

http://www.dhammadownload.com



သုဒ္ဓေါဒနမင်းကြီးလည်း ထိတ်လန့်သောနှလုံး ရှိသည်ဖြစ်၍၊ လက်တော်ဖြင့် အဝတ်ကို ကိုင်၍၊ အဆောတလျင် နန်းတော်မှ သွား၍၊ လျင်စွာ ဘုရားရှေ့တော်၌ ရပ်၍၊ ''ရှင်ပင်ဘုရား။ အဘယ်ကြောင့် အကျွန်ုပ်တို့ကို ရှုက်စေဘိသနည်း။ အဘယ်ဖြင့် ဆွမ်းခံတော်မူဘိသနည်း။ ဤမျှသောရဟန်းတို့အား ဆွမ်းလှူခြင်းငှာ မတတ်နိုင်ကုန်ဟု မှတ်တော်မူဘိသလော''ဟု လျှောက်၏။

''မြတ်သောမင်းကြီး။ ဤဆွမ်းခံခြင်းသည် ငါတို့အမျိုးအနွယ် အကျင့်တည်း'' မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ မဟာသမ္မတ အစရှိသော မင်းမျိုးသည် အကျွန်ုပ်တို့၏အမျိုး မဟုတ်တုံလော။ ထိုမင်းမျိုးတို့တွင် တစ်ယောက်သောမင်းသည်မျှ ဆွမ်းခံဖူးသည် မရှိ'' ဤသို့ လျှောက်၏။

''ဤမင်းမျိုးတို့သည် မင်းကြီးတို့အမျိုး မည်၏။ ငါတို့ဘုရား၏ အနွယ်သည်ကား ဒီပင်္ကရာဘုရား၊ ကောဏ္ဍညဘုရား အစရှိသော ဘုရားတို့၏အနွယ် မည်၏။ ဒီပင်္ကရာ အစရှိသော ဘုရားတို့သည် လည်းကောင်း၊ ငါဘုရားသည် လည်းကောင်း၊ တစ်ပါးကုန်သော များစွာသော ဘုရားတို့သည် လည်းကောင်း ခရီးဦ၌ ရပ်သည်ဖြစ်၍သာလျှင် ဆွမ်းခံသဖြင့် အသက်မွေးကုန်၏'' ဟုမိန့်တော်မူ၍

'ဥစ္ဆိန္နေ နပွမန္ဒေယျ၊ ဓမ္မံ သုစရိတံ စရေ။

ဓမ္မံစာရိသုခံသေတိ၊ အသ္မိ လောကေ ပရမ္မိစ။ ။' ဟူသော ဤဂါထာကို ဟောတော်မူ၏။ ဟောတော်မူသောအဆုံး၌ သုဒ္ဓေါဒနမင်းသည် သောတာပတ္တိဖိုလ်၌ တည်၏။

မင်းကြီးလျှင်လည်း သောတာပန်ဖြစ်ပြီးလျှင် မြတ်စွာဘုရားကို နန်းတော်သို့ ပင့်လျှောက်လေ၏။ နန်းတော်သို့ ရောက်ပြီးမှ၊

'ဓမ္မဿရေ သုစရိတံ၊ နနံဒုစ္စရိတံစရေ။

ဓမ္မစာရီ သုခံ သေတိ၊ အသ္မိ လောကေ ပရမ္မိစ။' ဟူသောဂါထာကို ဟောတော်မူ၍၊ မင်းကြီးကို သကဒါဂါမ် ဖြစ်စေ၏။ မိဆွေးတော် ပဇာပတိဂေါတမီကို သောတာပန် ဖြစ်စေ၏။

http://www.dhammadownload.com



## ယသောဓရာမိဖုရား ငိုယိုရှိခိုးသည်ကို ပြခြင်း

သုဒ္ဓါဒနမင်းကြီးလည်း မြတ်စွာဘုရားသပိတ်တော်ကို ယူ၍၊ ပရိသတ်နှင့်တကွ မြတ်သောခဲဖွယ်စားဖွယ် ဖြင့် လုပ်ကျွေး၏။ ဆွမ်းဘုဉ်းပေးတော်မူပြီးသော် ရာဟုလာမယ်တော်မှတစ်ပါး အလုံးစုံသော မင်းသမီးအပေါင်း တို့သည် လာ၍ မြတ်စွာဘုရားကို ရှိခိုးကုန်၏။

ရာဟုလာမယ်တော်ကိုလည်း "ရှင်မ။ သွားတော်မူလော့။ အရှင့်သားကို ရှိခိုးတော်မူလော့" မောင်းမအများ ဆိုသော်လည်း "ငါ့အား ကျေးဇူးသိအံ့။ အလိုလို အရှင့်သား လာလတ္တံ့။ လာလတ်သောအရှင့်သားကို ငါ ရှိခိုးအံ့" ဟုဆို၍၊ မြတ်စွာဘုရား ရှိတော်မူရာသို့ မသွားဘဲ နေ၏။

မြတ်စွာဘုရားလည်း ခမည်းတော်သပိတ်ကို ယူစေ၍၊ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန် အဂ္ဂသာဝက ၂ ပါးတို့နှင့်တကွ ယသောဓရာမိဖုရားနေရာ ပြာသာဒ်သို့ သွားတော်မူ၍၊ "ယသောဓရာမိဖုရား အလိုအလျောက် ရှိခိုးသည်ရှိသော် ရှိခိုးပါစေ။ တစ်စုံတစ်ယောက်သောမျှ မတားပေနှင့်" ဟု မိန့်တော်မူ၍၊ ခင်းအပ်သော ခင်းလှူက နေတော်မူသော ညောင်စောင်းတော်၌ နေတော်မူ၏။ ယသောဓရာမိဖုရားလည်း လျင်စွာလာ၍၊ ဖမျက်တော်ကို ကိုင်၍၊ ခြေဖမိုးတော်၌ ဦးတိုက်၍ အလိုအလျောက် ငို၍ ရှိခိုး၏။

သုဒ္ဓါဒနမင်းကြီးလည်း ယသောဓရာမိဖုရား၏ မြတ်စွာဘုရား၌ များစွာသော လေးမြတ်သောခွင့် အစ ရှိသောကျေးဇူးနှင့် ပြည့်စုံခြင်းကို လျှောက်၏။

"ရှင်ပင်ဘုရား။ အကျွန်ုပ်သမီးသည် ရှင်ပင်ဘုရားတို့၏ 'သင်္ကန်း ဝတ်တော်မူကုန်၏' ဟု ကြားလျှင် ထိုနေ့မှစ၍ ဖန်ရည်ဆိုးသောအဝတ်ကို ဝတ်၏။ ရှင်ပင်ဘုရားတို့သည် 'နေလွဲသောအခါကို မစား' ဟု ကြားလျှင် တစ်ထပ်သာ စား၏။ ရှင်ပင်ဘုရားတို့သည် 'ကြီးမြတ်သောနေရာကို ဖွန့်သောအဖြစ်' ကိုကြားလျှင် ညောင် စောင်းငယ်၌သာ အိပ်၏။ 'ပန်း, နံ့သာကိုကြဉ်၏' ဟု ကြားလျှင် ပန်းပန်ခြင်း, နံ့သာလိမ်းခြင်းကို ကြဉ်၏။ အဆွေအမျိုးတို့သည် 'လုပ်ကျွေးပါကုန်အံ့' ဟု သတင်းစကားကို စေကုန်သော်လည်း တစ်ယောက်သော အဆွေ အမျိုးကိုမျှ မကြည့်။ ဤသို့သောကျေးဇူးနှင့် အကျွန်ုပ်သမီးသည် ပြည့်စုံ၏" ဟုလျှောက်၏။

"မြတ်သောမင်း။ ယခုအခါ၌ကား ရင့်ပြီးသောဉာဏ် ရှိသော, မင်းကြီးတောင်းအပ်သော မင်းသမီးသည် ကိုယ်ကိုစောင့်ခြင်း၌ အံ့ဖွယ်မရှိ။ မရင့်သေးသော ရွေးသောအခါ၌ အစောင့်အရှောက်မြဲသည် ဖြစ်၍၊ တောင်ခြေရင်း၌ ကျင်လည်သော်လည်း ကိုယ်ကို စောင့်သည်သာတည်း" ဟုမိန့်တော်မူ၍၊ စန္ဒကိန္နရီဇာတ်* ကို ဟောတော်မူ၏။

**နိဂၢယ်အဋ္ဌကထာ မဟာဝါအဋ္ဌကထာ၌ကား ထိုနေ၌ပင် နန္ဒမင်းသားအား 'ဆံပယ်သော မင်္ဂလာ, ဦးပေါင်းသင်းကျစ် ဆောင်းသော မင်္ဂလာ, နန်းတက်သော မင်္ဂလာ, ထိမ်းမြား မင်္ဂလာ, ထီးဆောင်း မင်္ဂလာ, တည်းဟူသော ၅ ပါးသောမင်္ဂလာတို့သည်**

*** ၅၅၀ ဇာတ်တော်စဉ် ၄၈၅ ရှု။**

http://www.dhammadownload.com



ဖြစ်လတ္တံ့ကုန်သော ဟူ၍လည်းကောင်း၊ 'ရောက်တော်မူသောနေ့မှ သည် ၇ ရက်နေ့၌ နန္ဒမင်းသားကို ရဟန်းပြုတော်မူသည်' ဟူ၍ လည်းကောင်း လာ၏။ ဓမ္မပဒ အဓိရှိသော ကျမ်းတို့၌ကား 'ရောက်တော်မူ၍ ၇ ရက်မြောက်သောနေ့၌ နန္ဒသတို့သား၏ အဘိသိက်ခံသောမင်္ဂလာ, နန်း တက်သောမင်္ဂလာ, ထိမ်းမြားမင်္ဂလာတို့သည် ဖြစ်စေကုန်သော' ဟူ၍ လည်းကောင်း၊ 'ရောက်တော်မူသည်မှ ၃ ရက် မြောက်သောနေ့၌ နန္ဒသတို့သားကို ရဟန်းပြုတော်မူသည်' ဟူ၍ လည်းကောင်း လာ၏။ ဤ ၂ ပါး လုံးသည် ကျမ်းကြီးကျမ်းနိုင် လာသည်။ ရက်မျှသာ ခြားသည်။ သဘော မဆန့်ကျင်သည်ဖြစ်သောကြောင့် ဆိုရာသည် ချည်းတည်း။

ထိုအခါ၌ မြတ်စွာဘုရားသည် နန္ဒမင်းသားအိမ်သို့ သွားတော်မူ၍၊ နန္ဒမင်းသားကို သပိတ်တော်ကို ကိုင်စေ၍၊ ရဟန်းပြုစေလိုသည် ဖြစ်၍၊ မင်္ဂလာကို မိန့်တော်မူ၍၊ နေရာမှ ထ၍ သွားတော်မူ၏။

ဇနပဒကလျာဏီ မင်းသမီးသည်လည်း မြတ်စွာဘုရားနောက်တော်၌ သပိတ်တော်ကို ကိုင်၍၊ လိုက်သော နန္ဒ မင်းသားကို မြင်၍၊ ''အရှင့်သား။ လျင်စွာပြန်ခဲ့'' ဟုဆို၍ ကြည့်လိုက်၏။

ထိုနန္ဒမင်းသားလည်း 'သပိတ်တော်ကို ယူတော်မူပါ' ဟု ဆိုအံ့သောငှာ မဝံ့သောကြောင့် နိဂြောဓရုံကျောင်းသို့လျှင် ရောက်၏။ ရဟန်းပြုခြင်းငှာ အလိုမရှိသော နန္ဒမင်းသားကို မြတ်စွာဘုရား အလိုတော်ဖြင့် ရဟန်းပြုစေ၏။

ရောက်တော်မူသည့် ၇ ရက်မြောက်နေ့၌ ရာဟုလာမယ်တော်သည် ရာဟုလာသတို့သားကို တန်ဆာဆင်၍၊ မြတ်စွာဘုရားသို့ ညွှန်၍ အထံတော်သို့ စေ၏။

''ချစ်သား။ ၂ သောင်းရဟန်းအပေါင်း ခြံရံလျက် ရွှေအဆင်းနှင့် တူသောအဆင်း ရှိသော, ဗြဟ္မာမင်း၏ ကိုယ်ကဲ့သို့သော အဆင်းတော်ရှိသော ရဟန်းကို ရှုလော့။ ဤရဟန်းသည် မောင့်ဖခမည်းတော်တည်း။ ထို ခမည်းတော်ရွှေအိုးကြီးတို့သည် မောင့်ဖခမည်းတော် ရဟန်းပြုသည်မှ စ၍ ထိုရွှေအိုးတို့ကို ငါတို့ မမြင်ကုန်။ သွား၍ မောင့်ဖခမည်းတော်ကို ရွှေအိုး တောင်းချေ။ 'ခမည်းတော်။ အကျွန်ုပ်သည် ဘိသိက်သွန်း၍ စကြဝတေးမင်း ဖြစ်အံ့။ ဥစ္စာကို အလိုရှိပါ၏။ အကျွန်ုပ်အား ရွှေအိုး ပေးတော်မူလော့။ အဖဥစ္စာကို သားသာ အစိုးရ၏'ဟု တောင်းချေ''ဟု စေ၏။

ရာဟုလာသတို့သားလည်း မြတ်စွာဘုရားအထံတော်သို့ သွား၍၊ ခမည်းတော်ချစ်ခြင်းကို ရ၍၊ ဝမ်းမြောက် ဝမ်းသာ ရဟန်းသားလည်း ''အကျွန်ုပ်အမွေကို ပေးလော့''ဟု မြတ်စွာဘုရားကို အစဉ်လိုက်၏။ မြတ်စွာ ဘုရားလည်း ရာဟုလာကို မပြန်စေ။

မင်းသား အခြံအရံတို့သည်လည်း မြတ်စွာဘုရားနှင့် အတူသွားသော မင်းသား၏အရိပ်သည် ချမ်းသာ စွာဆို၍၊ ထိုမှတစ်ပါးလည်း သူငယ်ဘာသာ များစွာဆိုသည်ဖြစ်၍ ရပ်၏။

မြတ်စွာဘုရားလည်း ဆွမ်းဘုဉ်းပေးတော်မူပြီးသော် ဆွမ်းအနုမောဒနာပြုတော်မူ၍ သွားတော်မူ၏။

ရာဟုလာသတို့သားကို ပြန်စေခြင်းငှာ မဝံ့။ ဤသို့မြတ်စွာဘုရားသည် ရာဟုလာနှင့်တကွလျှင် နိဂြောဓရုံသို့ သွားတော်မူ၏။

ထိုနောင်မှ 'ဤရာဟုလာသည် အဖအမွေကို အလိုရှိ၏။ ထိုလူမင်းအမွေသည် ဝဋ်ကို အစဉ်လိုက်သော အမွေတည်း။ ယခု ရာဟုလာအား ဗောဓိမဏ္ဍိုင်၌ရအပ်သော ၇ ပါး အပြားရှိသော အရိယာတို့၏ဥစ္စာကို ပေးအံ့။ ရာဟုလာကို 'လောကုတ္တရာ'ဟူသော အမွေ၏အရှင်ကို ပြုစေအံ့'

ဤသို့ မြတ်စွာဘုရား ကြံတော်မူ၍၊ ရှင်သာရိပုတ္တရာကို ခေါ်တော်မူ၍ မိန့်တော်မူ၏။

http://www.dhammadownload.com



ရာဟုလာကို ''ရာဟန်းပြုဘိ''ဟု မိန့်တော်မူ၍ သာရိပုတ္တရာကို ရာဟန်းပြုစေ၏။ ရာဟုလာကို ရာဟန်းပြုသည်ရှိသော် သုဒ္ဓေါဒနမင်းကြီးအား အလွန် နှလုံးမသာခြင်းသည် ဖြစ်၏။ ထိုသို့သောဒုက္ခကို သည်းမခံနိုင်သည်ဖြစ်၍ မြတ်စွာဘုရားအထံတော်သို့သွား၍၊ ''ရှင်ပင်ဘုရား။ အမိ၊အဖ ခွင့်မပြုသော သားကို ရာဟန်းပြုတော်မမူပါကုန်လင့်''ဟု လျှောက်တော်မူ၏။ မြတ်စွာဘုရားလည်း ''အမိအဖတို့ ခွင့်မပြုသောသားကို ရာဟန်းမပြုအပ်''ဟု ပညတ်တော်မူ၏။

မြတ်စွာဘုရားလည်း သုဒ္ဓေါဒနမင်း အလိုဆုကို ပေးတော်မူ၍၊ မိုးသောက်သောနေ့၌ နန်းတော်၌ ဆွမ်းဘုဉ်းပေးတော်မူပြီးသော် တင့်အပ်စွာနေသော သုဒ္ဓေါဒနမင်းသည် ''ရှင်ပင်ဘုရားတို့ ဒုက္ကရစရိယာ ကျင့်တော်မူသောအခါ၌ တစ်ယောက်သောနတ်သည် အကျွန်ုပ်သို့လာ၍၊ 'ရှင်မင်းကြီးသားတော်သည် စုတေခဲ့ပြီ' ဟုဆို၏။ ထိုနတ်စကားကို မယူမူ၍၊ 'ငါ့သားသည် သမ္မဉ္ဇတဉာဏ်ကို မရောက်ဘဲကို မစုတေ'ဟု ထိုစကားကို အကျွန်ုပ် ပယ်၏''

ဤသို့ လျှောက်သည်ရှိသော် ''ယခုကား မင်းကြီးတို့သည် အဘယ်မှာ ယုံကုန်အံ့နည်း။ ရှေးအခါ၌ အရိုးတို့ကိုပြ၍၊ 'သင်၏သား စုတေ၏' ဟုဆိုသည်ရှိသော်လည်း မင်းကြီးတို့သည် မယုံကုန်''ဟု မိန့်တော်မူပြီး၍၊ ဤအကြောင်းဖြင့် မဟာဓမ္မပါလဇာတ်[၁]ကို ဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ သုဒ္ဓေါဒနမင်းသည် အနာဂါမိဖိုလ်၌ တည်၏။ မြတ်စွာဘုရားသည် ခမည်းတော်ကို ၃ ပါးသောသောဖိုလ်၌ တည်စေပြီးမှ ရာဟန်းအပေါင်းခြံရံလျက် တစ်ဖန် ရာဇဂြိုဟ်ပြည်သို့ ပြန်တော်မူ၏။

၁- ၅၅၀ ဇာတ်တော်စဉ် ၄၄၇ ရှု။

http://www.dhammadownload.com



## သာကီဝင်မင်းသား ၆ ယောက်နှင့် ဥပါလိတို့ ရဟန်းပြုခြင်း

ထိုအခါ မလ္လာမင်းတို့၏ နိဂုံးဖြစ်သော အနုပိယသရက်တောသို့ ရောက်တော်မူသောအခါ၌ သုဒ္ဓေါဒနမင်းသည် သာကီဝင်မင်းအပေါင်းတို့ကို စည်းဝေးစေ၍၊ ''ငါ့သားသည် အိမ်၌ နေအံ့။ စကြဝတေးမင်း ဖြစ်အံ့။ မင်းသားများလည်း အခြံအရံသည်သာ ဖြစ်ရာ၏။ ထိုအကြောင်းကို သင်တို့သည် မသိကုန်။ ယခု ငါ့သားသည် ဘုရား ဖြစ်တော်မူပြီ။ ထို ငါ့သားအခြံအရံဖြစ်သော မင်းသားများသည် ရဟန်းအခြံအရံဖြစ်သော သင်တို့သည် တစ်ယောက်တစ်ယောက်သောအမျိုးမှ တစ်ယောက် တစ်ယောက်သော မင်းသားတို့ကို ပေးကုန်'' ဟု မိန့်တော်မူ၏။ ဤသို့ သုဒ္ဓေါဒနမင်းကြီး မိန့်တော်မူလျှင် တစ်ပြိုင်နက်ပင် တစ်ယောက်သောမင်းသားတို့သည် ရဟန်းပြုကုန်၏။

ထိုအခါ 'မဟာနာမ်' အမည်ရှိသော သာကီဝင်မင်းသည် အနုရုဒ္ဓါမင်းသားသို့ သွား၍၊ ''ညီတော် အနုရုဒ္ဓါ။ ယခု ထင်ရှားကုန်သော သာကီဝင်မင်းသားတို့သည် မြတ်စွာဘုရားအထံ၌ ရဟန်းပြုကုန်၏။ ငါတို့အမျိုးမှ ရဟန်းပြုသသူ မရှိချေ။ ညီတော် အနုရုဒ္ဓါသည်လည်း ရဟန်းပြု။ ငါသည်လည်း ရဟန်းပြုအံ့'' ဟု ဆို၏။

ညီတော်လည်း နောင်တော်စကားကို ကြား၍၊ အိမ်ရာထောင်ခြင်း၌ အလိုမရှိသည်ဖြစ်သောကြောင့် ရဟန်းပြုအံ့သောအစီအရင်ကို တိုင်ပင်ကြ၍ ဘဒ္ဒိယသာကီဝင်မင်း၊ အနုရုဒ္ဓ၊ အာနန္ဒ၊ ကိမိလ၊ ဘဂု၊ ဒေဝဒတ်၊ ဤသာကီဝင်မင်းသား ၆ ပါး၊ ၇ ယောက်မြောက်သော၊ ကပ္ပက[1]ဖြစ်သော ဥပါလိ။ ထိုမင်းသားတို့ ၇ ရက်ပတ်လုံး နတ်သားကဲ့သို့ စည်းစိမ်ချမ်းသာကို ခံစံ၍၊ ဥယျာဉ်သို့သွားသကဲ့သို့ ၄ ပါးသောစစ်အင်္ဂါဖြင့် ထွက်၍ မြတ်စွာဘုရားရှိတော်မူရာ 'အနုပိယ' အမည်ရှိသော သရက်တောသို့ကပ်ပြီးသော်၊ မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်စွာနေကုန်၏။

ထိုအခါ၌ သာကီဝင်မင်းသားတို့သည် ''ရှင်ပင်ဘုရား။ အကျွန်ုပ် သာကီဝင်မင်းသားတို့မည်သည်ကား ခက်ထန်သောမာန် ရှိကုန်၏။ ရှင်ပင်ဘုရား။ ဥပါလိကပွကသည် မြို့မြစွာကာလပတ်လုံး အကျွန်ုပ်တို့ အလုပ်အကျွေးတည်း။ ဤကပွကကို ရှေးဦးစွာ ရဟန်းပြုတော်မူပါ။ ဥပါလိအား အကျွန်ုပ်တို့ ရှိခိုးခြင်း အစရှိသည်ကို ပြုပါကုန်အံ့။ ဤသို့ပြုသည်ရှိသော် သာကီဝင်မင်းသားဖြစ်ကုန်သော အကျွန်ုပ်တို့၏ မာန်မရှိခြင်းသည် ဖြစ်လတ္တံ့'' ဟုလျှောက်၏။

မြတ်စွာဘုရားလည်း ဥပါလိကပွကကို ရှေးဦးစွာ ရဟန်းပြုတော်မူ၏။ နောက်မှ ထိုသာကီဝင်မင်းသား ၆ ယောက်တို့ကို ရဟန်းပြုစေ၏။ ထိုသို့ ရဟန်းပြုတော်မူစေပြီးသော် အစဉ်သဖြင့် ဝေဠုဝန်သို့ ရောက်တော်မူ၍၊ ဒုတိယဝါ ကပ်တော်မူ၏။ ထိုဝါတွင်း၌ ရှင်ဘဒ္ဒိယထေရ်သည် (ပဋိသမ္ဘိဒါပတ္တ ရဟန္တာ) ဖြစ်၏။ အနုရုဒ္ဓါထေရ်သည် ဒိဗ္စစက္ခုကို ဖြစ်စေ၏။ ရှင်ဒေဝဒတ်သည် သမာပတ် ၈ ပါးကို ဖြစ်စေ၏။ ရှင်အာနန္ဒာသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဤအရှင်တို့နောက်၌ ဘဂုထေရ်၊ ကိမိလထေရ်တို့သည် ရဟန္တာဖြစ်ကုန်၏။

၁- ဆဏ္ဍာသည်။

http://www.dhammadownload.com



## ရှင်အနုရုဒ္ဓထေရ်အကြောင်း

ရှင်အနုရုဒ္ဓါထေရ်သည် ရှင်သာရိပုတ္တရာထံ၌ ကမ္မဋ္ဌာန်းကို ယူ၍၊ စေတိယတိုင်း၌ အရှေ့ဝါးတောသို့ သွား၍ ရဟန်းတရားကို ပြုသည်ရှိသော်၊ ၇ ပါးသော မဟာပုရိသဝိတက္ကတို့ကို ကြံ၏။ ၈ ခုမြောက်၌ ပင်ပန်း၏။

မြတ်စွာဘုရားသည် 'အနုရုဒ္ဓါကား ၈ ခုမြောက်သော မဟာပုရိသဝိတက္က၌ ပင်ပန်း၏' ဟု သိတော်မူ၍၊ 'ထိုအနုရုဒ္ဓါအကြံကို ပြီးစေခဲ့' ဟု ဝါးတောသို့ သွားတော်မူ၍ မြတ်သောနေရာ နေတော်မူပြီးသော်၊ ၈ ခုမြောက်သော မဟာပုရိသဝိတက္ကကို ပြည့်စေပြီးမှ မဟာအရိယာဝံသအကျင့်ကို မိန့်တော်မူ၍၊ ကောင်းကင်ဖြင့် သွားတော်မူပြီးသော် ဘေသကဠာတောသို့ သာလျှင် ရောက်တော်မူ၏။

ရှင်အနုရုဒ္ဓါထေရ်သည် မြတ်စွာဘုရား ကြွတော်မူလျှင်ပင် ရဟန္တာ ဖြစ်တော်မူ၏။

http://www.dhammadownload.com



## အနာထပိဏ်သူဌေး ဇေတဝန်ကျောင်းတော်လှူခြင်း

မြတ်စွာဘုရား ရာဇဂြိုဟ်ပြည် ဝေဠုဝန်၌ နေတော်မူသောအခါ၌ အနာထပိဏ်သူဌေးအား ကြားပေ၏။ မိုးသောက်အားကြီးသောအခါ၌ နတ်တို့အာနုဘော်အားဖြင့် ပွင့်သောတံခါးဖြင့် မြတ်စွာဘုရားသို့ ကပ်၍၊ တရားတော်ကို နာ၍ သောတာပတ္တိဖိုလ်၌ တည်၏။

မိုးသောက်သောနေ့၌ ဘုရားအမှူးရှိသော သံဃာတော်အား အလှူကြီးပေး၍၊ သာဝတ္ထိပြည်သို့ ကြွတော်မူစေခြင်းငှာ တောင်းပန်၍ သည်းခံတော်မူပြီးလျှင်၊ မြတ်စွာဘုရား ဝန်ခံခြင်းကို ယူ၍ သာဝတ္ထိသို့ ပြန်ခဲ့သော်၊ သာဝတ္ထိနှင့် ရာဇဂြိုဟ်အကြား ၄၅ ယူဇနာသောအရပ်ကို ၁ ယူဇနာ - ၁ ယူဇနာသောအရပ်၌ ကျောင်းဆောက်၍ မြတ်စွာဘုရားအား တစ်ညဉ့် ကျိန်းတော်မူအောင် လျှောက်သောရွာ၌ အဆွေခင်ပွန်းတို့အား ၁ သိန်းစီပေး၍၊ သာဝတ္ထိပြည်သို့ရောက်လျှင် ကျောင်းတော်ရာကို ရှာသည်ရှိသော်၊ ဇေတမင်းသား၏ ဥယျာဉ်ဖြစ်သော ဇေတဝန်ကျောင်းတော်ရာကို မြင်၍၊ အသပြာ ၁၀၀၀ ပေး၍ ခင်းသဖြင့် ၁၈ ကုဋေသောရွှေတို့ဖြင့် ၈ မင်း ပယ်စာသော အရပ်ကို ဝယ်၏။ ကျောင်းအမှုကို ပြီးစေ၏။

အလယ်၌ မြတ်စွာဘုရား ဂန္ဓကုဋီကို ပြု၏။ ထိုဂန္ဓကုဋီကို ခံ၍ ၈ ကိုယ်သောမဟာထေရ်တို့၏ အသီးသီးအား ဖြင့် ၁ ခုသောတိုက်ရှိသော, ၂ ခု သောတိုက်ရှိသော, ဟသ်ာအတောင်ကဲ့သို့ အမွမ်းရှိသော, ဇရပ်ရှည်, မဏ္ဍပ် အစရှိသောအားဖြင့် ကျောင်း, အိပ်ရာ, နေရာတို့ကို လည်းကောင်း၊ ရေကန်, စင်္ကြံ, နေ့သန့်စရာ, ညသန့်စရာ အရပ်တို့ကို လည်းကောင်း၊ ၁၈ ကုဋေသော ဥစ္စာတို့ကိုစွန့်သဖြင့် မွေ့လျော်ဖွယ်ရှိသောမြေအဖို့၌ မွေ့လျော်ဖွယ်ရှိသောကျောင်းကို ပြု၍၊ မြတ်စွာဘုရားအား လာစေခြင်းငှာ တမန် စေ၍၊ မြတ်စွာဘုရားလည်း ထိုစကားကို ကြားတော်မူ၍၊ များစွာသောရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်မှ ထွက်တော်မူ၍၊ အစဉ်သဖြင့် သွားတော်မူသော် သာဝတ္ထိပြည်သို့ ရောက်တော်မူ၏။

အနာထပိဏ်သူဌေးလည်း 'ကျောင်းပူဇော်အံ့' ဟု စီရင်၍၊ ဇေတဝန်သို့ မြတ်စွာဘုရား ဝင်တော်မူသည့်နေ့၌ သားကို တန်ဆာဆင်အပ်သောလှလင် ၅၀၀ တို့နှင့် စေ၍၊ ကြွင်းသောပရိသတ်တို့သည် အဆင့် ၅ ပါးသော ပုဆိုးတို့ဖြင့် တင့်တယ်ကုန်သော ၅၀၀ သော တံခွန်တို့ကို ကိုင်လျက် ရပ်၏။ ထိုပရိသတ်တို့၏နောက်၌ 'မဟာသုဘဒ္ဒါ, စူဠသုဘဒ္ဒါ' ဟူသော သမီး ၂ ယောက်တို့သည် ၅၀၀ သော သတို့သမီးတို့နှင့်တကွ ရေဖြင့်ပြည့်သော အိုးတို့ကို ရွက်၍ ထွက်ကုန်၏။ ထိုသူဌေးသမီးတို့နောက်၌ သူဌေးမယားသည် တန်ဆာဆင်သည်ဖြစ်၍ ၅၀၀ သောသူဌေးသမီးတို့နှင့် တကွ ရေဖြင့်ပြည့်သောအိုးတို့ကို ရွက်၍ ထွက်၏။ အလုံးစုံသောပရိသတ်တို့နောက်၌ အနာထပိဏ်သူဌေးကြီးသည် အသစ်သောပုဆိုးတို့ကိုဝတ်သော ၅၀၀ သော သူဌေးတို့နှင့်တကွ မြတ်စွာဘုရားသို့ လာ၏။

မြတ်စွာဘုရားသည် ဤဥပါသကာပရိသတ်ကို ရှေ့သွားပြု၍ များစွာသောရဟန်းအပေါင်း ခြံရံလျက် မြတ်စွာဘုရားအရောင်တော်ဖြင့် အဆုံးတိုင်အောင် ရွှေရောင်လာ၍ ထွန်းဘိသကဲ့သို့ ထွန်းပသည်ကို ပြု၏။ အတိုင်းမသိသော မြတ်စွာဘုရား၏တင့်တယ်ခြင်းဖြင့် ဇေတဝန်ကျောင်းတော်သို့ ဝင်တော်မူ၏။

http://www.dhammadownload.com



အနာထပိဏ်သူဌေးလည်း ''အဘယ်သို့ ဤဇေတဝန်ကျောင်းတော်ကို ရှင်ပင်ဘုရားအား အကျွန်ုပ် ပေးလှူရအံ့နည်း'' ဟုလျှောက်၏။

''သံဃာအား လှူလော့'' ဟု မိန့်တော်မူ၏။

သူဌေးလည်း ''ရှင်ပင်ဘုရား။ သံတော်ဦး တင်ပြီ'' ဟု ဝန်ခံ၍၊ ရွှေကရားကို ယူ၍၊ ရေစက်ချ၍၊ ''စတုဒိသာသံဃာအား ဇေတဝန်ကျောင်းတော်ကို လှူ၏'' ''

မြတ်စွာဘုရားလည်း ကျောင်းတော်ကို ခံတော်မူ၍၊ 'သီတဥဏှံပတိတနုတိ' အစရှိသည်ဖြင့် ကျောင်း အနုမောဒနာကို ပြုတော်မူသည်ဖြစ်၍ ကျောင်းအကျိုးကို ဟောတော်မူ၏။ အနာတပိဏ်သူဌေးလည်း မိုးသောက် သောနေ့မှ စ၍ ကျောင်းပူဇော်ခြင်းကို အားထုတ်၏။ ထို ကျောင်းပူဇော်ခြင်းသည် ၉ လကြာမှ ပြီး၏။ ကျောင်းပူဇော်သောက်ကျွေးတို့သည် ၁၈ ကုဋေတို့သည် ဖြစ်၏။ ဤသို့ ဇေတဝန်ကျောင်း၌သာလျှင် ၅၄ ကုဋေသော ဥစ္စာတို့ကို စွန့်၏။

http://www.dhammadownload.com



## ယင်ပူဇော်သော ပုဏ္ဏားအကြောင်းကို ပြခြင်း

မြတ်စွာဘုရားလည်း ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ၃ ဝါ ဆိုတော်မူ၏။

ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့သည် သဒ္ဓေယျပရိဿာဇကသည် မြတ်စွာဘုရားအထံတော်သို့ မလာကြောင်းကို မြတ်စွာဘုရားအား လျှောက်ကုန်၏။

မြတ်စွာဘုရားလည်း "ရဟန်းတို့။ ဤသဒ္ဓေယျသည် မှားသောအယူဖြင့် အနှစ်မရှိသောတရားကို အနှစ်ရှိသောတရားဟု ယူ၏။ အနှစ်ရှိသောတရားကိုကား အနှစ်မရှိသော တရားဟု ယူ၏။ သင်တို့သည်ကား ပညာရှိသည်အားဖြင့် အနှစ်ရှိသောတရားကိုလည်း အနှစ်ရှိသောအဖြစ်, အနှစ်မရှိသောတရားကိုလည်း အနှစ်မရှိသော အဖြစ်ကို သိ၍၊ အနှစ်မရှိသောတရားကို ပယ်၍ အနှစ်ရှိသောတရားကိုသာလျှင် ယူကုန်" ဟု မိန့်တော်မူကုန်၍၊

'အသာရေ သာရမတိနော၊ သာရေစာသာရဒဿနော။

တေ သာရံ နာဓိ ဂစ္ဆန္တိ၊ မိစ္ဆာ သင်္ကပ္ပဂေါစရာ။

'သာရဉ္စသာရတော ဉတ္ဝာ၊ အသာရဉ္စအသာရတော။

တေသာရံအဓိဂစ္ဆန္တိ၊ သမ္မာသင်္ကပ္ပဂေါစရာ။ ။' ဟူသော ဂါထာတို့ကို ဟောတော်မူ၏။ ထိုဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။ ဓမ္မပဒ။ ။

'ယံကိဉ္စိယဒ္ဓ' အစရှိသောဓမ္မဒေသနာတော်ကို ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ ရှင်သာရိပုတ္တရာအဆွေခင်ပွန်း ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ရှင်သာရိပုတ္တရာသည် ထိုပုဏ္ဏားသို့ ကပ်၍၊ "ပုဏ္ဏား။ တစ်စုံတစ်ခုသောကောင်းမှုကို ပြု၏လော" ဟု မေးတော်မူ၏။

"ရှင်ပင်ဘုရား။ အကျွန်ုပ်ပြု၏" ဟု ပုဏ္ဏားဆိုလျှင် "အသို့ ပြုသနည်း" ဟု မေးတော်မူ၏။

"တစ်စုံတစ်ခု ယဇ်ပူဇော်ခြင်းကို အကျွန်ုပ် ပူဇော်ပါ၏" ဟု လျှောက်၏။

ထိုအခါ၌ ပုဏ္ဏားသည် ကြီးစွာသောစွန့်ခြင်းဖြင့် ပူဇော်၏။ ဤပူဇော်သောနောင်မှ ရှင်သာရိပုတ္တရာသည် ရှေးနည်းဖြင့်သာလျှင် မေး၍၊ ထိုပုဏ္ဏားကို မြတ်စွာဘုရားအထံတော်သို့ ဆောင်၏။

ထိုပုဏ္ဏား ယဇ်ပူဇော်သောအကြောင်းကို လျှောက်၏။

"ရှင်ပင်ဘုရား။ ဤပုဏ္ဏားအား ဗြဟ္မာပြည်၏အကြောင်းကို မိန့်တော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားလည်း "ဤသို့ ယဇ်ပူဇော်ခြင်းသည် ဟုတ်၏လော" ဟု မေးတော်မူ၏။

"ရှင်ပင်ဘုရား။ ဟုတ်၏" ဟု လျှောက်ပေ၏။

http://www.dhammadownload.com



"ပုဏ္ဏား။ နှစ်တိုင်း ယဇ်ပူဇော်သော သင်သည် လောကီဖြစ်သောသူအား လှူအပ်သောအလှူသည် ကြည်သော စိတ်ဖြင့် တပည့်တို့ကို ရှိခိုးသောသူတို့အား ဖြစ်သော ကုသိုလ်စေတနာ၏ ၄ ဖို့ ၁ ဖို့မျှ မထိုက်" ဤသို့ မိန့်တော်မူ၍၊

'ယံကိဉ္စိဒဉ္ဒဟုကဉ္စလောကေသံ ဝဏ္ဏရံ ဇေယပုမေက္ခံ။

သဗ္ဗံပိနစတုသာဂမေတိ၊ အဘိဝါဒနဉ္စတေသု သေယျော။ ။' ဟူသောဂါထာကို ဟောတော်မူ၏။

ထိုဒေသနာ၏အဆုံး၌ ပုဏ္ဏားသည် သောတာပတ္တိဖိုလ်သို့ ရောက်လေ၏။ များစွာသောလူတို့သည်လည်း သောတာပတ္တိဖိုလ် အစရှိသည်သို့ ရောက်ကုန်၏။ ဓမ္မပဒ။ ။

http://www.dhammadownload.com



## စုန္ဒဝက် ထိုးသည်အကြောင်း

'ဣဓမေသောစတိ' အစရှိသော ဒေသနာတော်ကို မြတ်စွာဘုရားကျောင်းတော်၌ နေတော်မူသောအခါ၌ 'စုန္ဒ' အမည်ရှိသော ဝက်ထိုးသည်လည်း ၅၅ နှစ်ပတ်လုံး ဝက်တို့ကို သတ်၍ စားသည်ဖြစ်၍ လည်းကောင်း, ရောင်းသည်ဖြစ်၍လည်းကောင်း အသက်မွေးစ၏။ မွတ်သိပ်သောအခါ၌ လှည်း၌ စပါးကို တင်၍၊ ဇနပုဒ်သို့သွား၍၊ ၁ ကွန်းစား - ၂ ကွန်းစားမျှသောစပါးဖြင့် ထိုထိုသောရွာတို့၌ ဝက်ငယ်တို့ကို ဝယ်၍၊ လှည်းဖြင့် တင်ပြီးသော် လာလတ်၍၊ အိမ်အနောက်၌ နွားခြံကဲ့သို့ တစ်ခုသောခြံကို ရံ၍၊ ထိုခြံ၌ ထိုဝက်တို့၏အစာကို စိုက်၍၊ ထိုဝက်တို့သည် အထူးထူးသော သစ်ပင်တို့ကိုလည်းကောင်း စား၍ ကြီးကုန်သော်၊ အကြင်အကြင်ဝက်တို့ကို သတ်ခြင်းငှာ အလိုရှိ၏။ ထိုဝက်ကို တိုင်၌ မြဲစွာချည်၍၊ အသားကို ဖူးဖူးတက်စေ၍၊ ကျိန်းစေခြင်းငှာ ၄ တောင်ရှိသောတုတ်ဖြင့် ပုတ်၍၊ ထူသောအသား ရှိ၏ ဟု သိ၍၊ ခံတွင်းကို ဖွင့်၍၊ သွားအကြားဖြင့်လျှင် တုတ်ကို ထောက်၍၊ ကြေးခွက်ဖြင့် ကျိုက်ကျိုက်သောရေပူကို ခံတွင်း၌ သွင်း၏။ ထိုရေသည် ဝမ်းသို့ ဝင်၍၊ အစာဟောင်းကို ယူ၍ အောက်အဖို့ဖြင့် ထွက်၏။ အနည်းငယ်သောအစာဟောင်းသည် အကြင်မျှလောက် ရှိ၏။ ထိုမျှလောက်သော အစာဟောင်းသည် နောက်သည်ဖြစ်၍ ထွက်၏။ အစာဟောင်း စင်သည်ရှိသော် မနောက်သောရေသည် ထွက်၏။ ထို ထွက်သောရေကြည်သောအခါ၌ ကြွင်းသောရေပူကို ဝက်၏ကျောခွံ သွန်း၍၊ စင်သောအရေကို ခွာ၍ သွား၏။ ထိုနောင်မှ မြက်မီးဖြင့် အမွေးတို့ကို တိုက်၍၊ ထက်သောသန်လျက်ဖြင့် လည်ကို ဖြတ်၍၊ ယိုသောသွေးကို ခွက်ဖြင့် ခံ၍၊ အသား,အသွေးဖြင့် ရောရ၍၊ ချက်၍၊ သားမယားတို့၏အလယ်၌ နေလျက် စား၍၊ အကြွင်းကို ရောင်း၍၊ ဤသို့သောနည်းဖြင့် အသက်မွေးခြင်းကိုပြုသော စုန္ဒအား ၅၅ နှစ် တိုင်သည် လွန်ကုန်၏။

မြတ်စွာဘုရားသည် အမြဲ ကျောင်း၌ နေတော်မူသည်ရှိသော်လည်း တစ်နေ့သောနေ့မျှ ပန်းတစ်လက်ဖြင့် ပူဇော်ခြင်းသည် လည်းကောင်း၊ တစ်ယောက်မမျှသော ဆွမ်းကို လှူခြင်းသည် လည်းကောင်း၊ တစ်ပါးသော တစ်စုံတစ်ခုသော အလှူမည်သည် လည်းကောင်း မရှိ။

ထိုအခါ၌ ထိုစုန္ဒ၏ကိုယ်၌ အနာသည် ဖြစ်လေ၏။ အသက်ရှင်စဉ်လျှင် အဝီစိငရဲမီး အပူသည် ထင်လေ၏။ အဝီစိငရဲမီး ပူခြင်းသည်ကား ယူဇနာ ၁၀၀ သောအရပ်၌ ကြည့်သော သူ၏မျက်စိတို့ကို ထွက်စေနိုင်သောအပူသည် ဖြစ်၏။

ထိုစုန္ဒအား ထိုအပူသည်ထင်လေသော် ကံနှင့်တူသော အခြင်းအရာသည် ဖြစ်လေ၏။ အိမ်လယ်၌ ဝက်ကဲ့သို့ မြည်၍၊ ပုဆစ်တို့ဖြင့် အရှေ့သို့ လည်းကောင်း, အနောက်သို့ လည်းကောင်း သွား၏။ ထိုအခါ၌ ထိုစုန္ဒအိမ်၌ နေသောသူတို့သည် ထိုစုန္ဒကို မြစွာကိုင်၍ ခံတွင်းကို ပိတ်ကုန်၏။ တစ်စုံတစ်ယောက်သောသူသည် ကံ၏အကျိုးကို တားအံ့သောငှာ မတတ်နိုင်။

ထို စုန္ဒသည် မြည်တမ်းလျက် ထိုမှတျ်မှ သွား၏။ ၇ အိမ်တို့၌ လူတို့သည် အိပ်ခြင်းကို မရကုန်။ သေအံ့လေသည့် ဘေးဖြစ်လတ်သော ထိုစုန္ဒကို ထွက်ခြင်းကို ဖြစ်စေခြင်းငှာ အလုံးစုံသောအိမ်၌နေသော သူတို့သည်

http://www.dhammadownload.com



အများကား အိမ်တွင်း၌ နေ၏။ အပသို့ထွက်ခြင်းငှာ မတတ်နိုင်။ ထိုထိုသောအပြားဖြင့် အိမ်တံခါးတို့ကို ပိတ်၍ အိပ်၏။ အပ၌ ခြံရံလျက် စောင့်ရှောက်၍ နေ၏။ ထိုစုန္ဒသည် အိမ်တွင်း၌ ငရဲမီးပူခြင်းဖြင့် မြည်တမ်းလျက် ထိုမှဤမှ သွား၏။ ဤသို့ ၇ ရက်ပတ်လုံး ဆင်းရဲခံလျက် ၇ ရက်မြောက်သောနေ့၌ အဝီစိငရဲ၌ ဖြစ်လေ၏။

ရဟန်းတို့သည် ထိုစုန္ဒ၏အိမ်တံခါးဖြင့် သွားကုန်သည်ရှိသော် ထိုအသံကို ကြား၍ 'ဝက်၏အသံ'ဟု အမှတ်ရှိကုန်လျက်၊ ထိုရဟန်းတို့သည် ကျောင်းသို့ သွားကုန်သည်ဖြစ်၍ မြတ်စွာဘုရားအထံတော်၌ နေကုန်လျက် ဤသို့ လျှောက်ကုန်၏။

"ရှင်ပင်ဘုရား။ စုန္ဒဝက်ထိုးသည်၏ အိမ်တံခါးကို ပိတ်၍ သတ်သောဝက်တို့၏ အသံသည် ယနေ့ ၇ ရက် ရှိပြီ။ အိမ်၌ တစ်စုံတစ်ခုသော မင်္ဂလာအမှုသည် ဖြစ်သည်လည်း မသိ။ ရှင်ပင်ဘုရား။ ဤမျှသောဝက်တို့ကို သတ်သော စုန္ဒအား မေတ္တာနှင့်ယှဉ်သောစိတ်သည် လည်းကောင်း တစ်ကြိမ်မျှ မရှိ။ ဤသို့သဘောရှိသော ကြမ်းတမ်းခက်ထန်သောသူကို ကျွန်ုပ်တို့ မမြင်ဖူး" ဤသို့ လျှောက်ကုန်၏။

"ရဟန်းတို့။ ၇ ရက်တို့၌ ဝက်တို့ကို ထိုစုန္ဒသည် မသတ်။ ထိုသူအား ကံနှင့်တကွ ထင်ရှားစွာ ဖြစ်၏။ အသက်ရှင်စဉ်ပင်လျှင် အဝီစိငရဲမီး ပူသည် ထင်၏။ ထိုစုန္ဒသည် ထိုသို့သောအပူဖြင့် ၇ ရက်ပတ်လုံး ဝက်၏အသံကဲ့သို့ မြည်သည်ဖြစ်၍ အိမ်တွင်း၌ သွား၏။ ယနေ့ကစ၍ အဝီစိ၌ ဖြစ်၏"ဟု မိန့်တော်မူ၏။

"ရှင်ပင်ဘုရား။ ဤလောက၌ပင်လျှင် ဆင်းရဲဒိုးရိမ်၍၊ ထိုသူသည် တစ်ဖန် ငရဲသို့ သွား၍ လျောင်းရာ အရပ်၌ပင်လျှင် ဖြစ်၏"ဟု ရဟန်းတို့ ဆိုသည်ရှိသော်၊ "ရဟန်းတို့။ ထိုသို့ ဒိုးရိမ်ဆင်းရဲခြင်းသည် ဟုတ်၏။ ကုသိုလ်ကောင်းမှုမှ မေ့လျော့သောသူသည်ကား လူသော်လည်း ဖြစ်စေ၊ ရဟန်းသော်လည်း ဖြစ်စေ၊ ထိုသူသည် ပစ္စုပ္ပန်, တမလွန် ၂ ပါးတို့၌ ဒိုးရိမ်ဆင်းရဲခြင်း ဖြစ်သည်သာ"ဟု မိန့်တော်မူ၍၊

'ဣဓ သောစတိ ပစ္စသော စတိ၊ ပါပကာရီဥ္ဇ ဥဘယတ္ထသောစတိ။

သောသောစတိ သောဝိဟညတိ၊ ဒိသွာကမ္မကိလိဋ္ဌ မတ္တနော။ ။' ဟူသော ဂါထာကို ဟောတော်မူ၏။

ထိုဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပန် အစရှိသည် ဖြစ်ကုန်၏။ ဒေသနာတော်သည် များစွာသော တရားနာအကျိုးရှိသည် ဖြစ်၏။ ဓမ္မပဒ။ ။

http://www.dhammadownload.com



## အရှင်မဟာကဿပထေရ် အကြောင်း

'ဥယျဉ္ဇန်'အစရှိသော ဓမ္မဒေသနာကို မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်း၌ နေတော်မူသောအခါ အရှင်မဟာကဿပထေရ်ကို အကြောင်းပြု၍ ဟောၾ။ အခါတစ်ပါး၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်မှ ဝါကျွတ်၍၊ လခွဲလွန်သောအခါ၌ 'ဒေသစာရီ သွားအံ့'ဟု ရဟန်းတို့အား မိန့်တော်မူၾ။ ဤသို့ မိန့်တော်မူခြင်းသည် ရဟန်းတို့နှင့် တကွသော ဒေသစာရီသွားခြင်းငှာ အလိုရှိတော်မူသော မြတ်စွာဘုရားတို့၏ ဝတ်တည်း။

ဤသို့ ရဟန်းသည် သပိတ်ဖုတ်ခြင်း, သင်္ကန်းဆိုးခြင်း အစရှိသည်ကိုပြု၍၊ 'ချမ်းသာစွာ ရကုန်အံ့'ဟု 'ယခု လခွဲ လွန်သောအခါ၌ ဒေသစာရီသွားအံ့' ဟု ရဟန်းတို့အား ကြားစေၾ။

ရဟန်းတို့သည် သပိတ်,သင်္ကန်းကို စီရင်ကုန်သည်ရှိသော်၊ အရှင်မဟာကဿပထေရ်သည်လည်း သင်္ကန်းတို့ကို ဖွပ်ၾ။

ရဟန်းတို့လည်း ''အရှင်မဟာကဿပထေရ်။ အဘယ်ကြောင့် ဖွပ်ဘိသနည်း။ ဤမြို့တွင်းမြို့ပ၌လည်း ၁၈ ကုဋေသော လူတို့သည် ထေရ်အား ပစ္စည်း ၄ ပါးတို့ဖြင့် မြတ်နိုးတန်ခာ ပူဇော်သက္ကာရတို့ကို ပြုကုန်ၾ။ ဤသူတို့၌ ထိုသို့သောကျေးဇူးကို ပယ်၍ ဤထေရ်သည် အဘယ်သို့ သွားလေအံ့နည်း။ အကယ်၍ သွားအံ့။ 'ပမာဒ' အမည်ရှိသော ချောက်သို့ ရောက်လျှင် ပြန်မည်''ဟု ဆိုကုန်ၾ။

အဘယ်ကြောင့် ထိုချောက်ကိုရည်၍ ထိုချောက်ကို 'ပမာဒချောက်'ဟု တွင်သနည်း။

မြတ်စွာဘုရားသည် ဒေသစာရီ သွားတော်မူသည်ရှိသော် ဤရာဇဂြိုဟ်မြို့တွင်း၌ လည်းကောင်း, မြို့ပြင်၌ လည်းကောင်း ၁၈ ကုဋေသောလူတို့သည် နေကုန်ၾ။ ထိုလူတို့၏ မင်္ဂလာအရပ်သို့ ရဟန်းတို့သည် သွားအပ်သည်ဖြစ်၍ အချည်းနှီးသောကျောင်းပြုခြင်းငှာ မတတ်နိုင်။ 'ကျောင်း အဘယ်သို့ပြုအံ့နည်း' ဟု ကြံတော်မူ၍၊ 'ဤမြို့တွင်း၌ ၁၈ ကုဋေသောလူတို့သည် ဤကဿပ၏ အဆွေအမျိုး, အလုပ်အကျွေးတို့တည်း။ ကဿပကို ပြန်စေခြင်းငှာ သင့်၏'ဟု မြတ်စွာဘုရားသည် အရှင်မဟာကဿပကို မိန့်တော်မူၾ။

''ကဿပ။ ကျောင်းကို ကျောင်းချည်းပြုအံ့သောငှာ မတတ်ကောင်း။ လူတို့၏ မင်္ဂလာအရပ်တို့၌ ရဟန်းတို့ကို အလိုရှိၾ။ ကဿပ သင်သည် ပရိသတ်နှင့်တကွ ပြန်လော့''ဟု မိန့်တော်မူၾ။

အရှင်မဟာကဿပလည်း ''ရှင်ပင်ဘုရား။ သဲတော်ဦးတင်ပြီ'' ဟု ဝန်ခံ၍၊ ပရိသတ်ကို ယူ၍ ပြန်တော်မူၾ။

''ရဟန်းတို့။ အရှင်တို့မြင်အပ်သည်ကို ယခုသာလျှင် ငါတို့ဆိုအပ်သည် မဟုတ်တုံလော။ 'မဟာကဿပသည် အဘယ်ကြောင့် သင်္ကန်းတို့ကို ဖွပ်ကုန်သနည်း။ ရှင်ကဿပသည် မြတ်စွာဘုရားနှင့် မသွားလတ္တံ့။' ဤသို့ အကြင်စကားကို ငါတို့ ဆိုအပ်ၾ။ ထိုသို့ဆိုတိုင်းသာလျှင် ဖြစ်ပြီ'' ဤသို့ ကဲ့ရဲ့ကုန်ၾ။

မြတ်စွာဘုရားလည်း ထိုရဟန်းတို့စကားကို ကြားတော်မူ၍၊ ကိုယ်တော်ကို ပြန်၍ ရပ်တော်မူလျက်၊ ''ရဟန်းတို့။ အဘယ်မည်သောစကားကို ဆိုကုန်သနည်း''ဟု မေးတော်မူၾ။

http://www.dhammadownload.com



''ရှင်ပင်ဘုရား။ မဟာကဿပထေရ်ကို အကြောင်းပြု၍ ကျွန်ုပ်တို့ ဆိုကုန်သည်'' ဟု လျှောက်ကုန်၏။ ထိုရဟန်းတို့လည်း မိမိတို့သည်လည်း မိမိတို့ဆိုတိုင်း အလုံးစုံသောစကားတို့ကို လျှောက်ကုန်၏။

ထိုစကားကို ကြားတော်မူ၍၊ ''ရဟန်းတို့။ သင်တို့သည် ကဿပကို 'အမျိုးတို့၌ လည်းကောင်း, ပစ္စည်း ၄ ပါးတို့၌ လည်းကောင်း တပ်၏' ဟု ဆိုကုန်၏။ ထိုကဿပသည် ငါ၏စကားကို နာ၍ ပြန်၏။ ထိုကဿပသည် ရှေးဦးလည်း ဆုတောင်းခြင်း ပြုသည်သာလျှင်တည်း။ 'ပစ္စည်း ၄ ပါးဌ မတပ်ခြင်းသည် ဖြစ်လိုး၏။ လမင်း ဥပမာဖြစ်၍ ဒကာတို့ကို တပ်ခြင်းငှာ စွန့်နိုင်သည်ဖြစ်လိုး၏' ဟု ဆုတောင်းခြင်း ပြု၏။ ထိုကဿပထေရ်အား ဒကာတို့၌လည်းကောင်း ပစ္စည်း ၄ ပါးတို့၌လည်းကောင်း တပ်ခြင်းသည် မရှိ။ လမင်း ဥပမာရှိသော အကျင့်ကိုလည်းကောင်း၊ အရိယာတို့ အကျင့်ကိုလည်းကောင်း ဟောသော ငါသည် ငါ့သားကဿပကို တိုင်တည်၍သာ ဟော၏'' ဤသို့ မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ အဘယ်ကာလ၌ မဟာကဿပမထေရ်သည် ဆုတောင်းခြင်းကို ပြုအပ်သနည်း''ဟု မြတ်စွာဘုရားကို လျှောက်ကုန်၏။

''ရဟန်းတို့။ နာခြင်းငှာ အလိုရှိကုန်သလော''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ နာခြင်းငှာ အလိုရှိကုန်၏'' ဟု လျှောက်ကုန်၏။

''ရဟန်းတို့။ ဤကမ္ဘာမှပြန်၍ ရေသော် ကမ္ဘာ ၁ သိန်းထက်၌ 'ပဒုမုတ္တရ'အမည်ရှိသော မြတ်စွာဘုရားသည် လောက၌ ထင်ရှားဖြစ်တော်မူ၏''

ထိုပဒုမုတ္တရဘုရား၌ ဆုတောင်းခြင်းကို အစပြု၍ မဟာကဿပထေရ်၏ အလုံးစုံသော ဗျာဒိတ်ရသော အကြောင်းကို ဟောတော်မူ၏။

ထိုသို့သောအကြောင်းကို မိန့်တော်မူပြီး၍၊ ''ရဟန်းတို့။ ဤသို့သာလျှင် လမင်း ဥပမာရှိသော အကျင့်ကိုသာ လည်းကောင်း, အရိယာဝံသ ပဋိပဒါကို လည်းကောင်း ငါ့သားကဿပကို တိုင်တည်၍ ငါ ဟော၏။ ငါ့သားကဿပအား ပစ္စည်းတို့၌ လည်းကောင်း, ဒကာတို့၌ လည်းကောင်း, ကျောင်းတို့၌ လည်းကောင်း, ပရိဝုဏ်တို့၌ လည်းကောင်း တပ်ခြင်း မည်သည် မရှိ။ အိုင်၌ ကျ၍ ထိုအိုင်၌ ကျက်စား၍သွားသော ဟသ်ာမင်းသည် ထိုအိုင်၌ မငြိသကဲ့သို့၊ ငါ့သားကဿပသည် တစ်စုံတစ်ခုသော ပစ္စည်း၌ မငြိ'' ဤသို့ မိန့်တော်မူ၍၊

'ဥယျာနဉ္စနိသတိမန္တော၊ နနိကေတေရမနိတေ။

ဟံသာဝပလ္လလံဟိတ္တာ၊ သြကမောက် ဖဟန်တေ။ ။' ဤဂါထာကို ဟောတော်မူ၏။

ထို ဒေသနာတော်အဆုံး၌ များစွာသောပရိသတ်တို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့သို့ ရောက်ကုန်၏။

ဤသို့ဒုတိယဝါကသည် စတုတ္ထဝါတိုင်အောင် ရာဖရိုဟ်မြို့ ဝေဠုဝန်ကျောင်းတော်၌ ဗိမ္မိသာရအားပေးသော ပဋိညာဉ်ကို အကြောင်းပြု၍ ဖေတော်မူ၏။ ဤသို့အစရှိသော ဒေသနာတော်ကို များစွာသော လူ,နတ်တို့အား ဟောတော်မူ၍၊ များစွာသော လူ,နတ်တို့အား မဂ်,ဖိုလ်တရား, နိဗ္ဗာန်တရားကို ပေးတော်မူပြီး၍၊ ၅ နှစ်မြောက်သောနှစ်၌ ဝေသာလီမြို့၌ ဝါဆိုတော်မူ၏။

http://www.dhammadownload.com



## အရှင်ယသောဇထေရ်အကြောင်းကို ပြခြင်း

မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ အနာထပိဏ်သူဌေးလျှူသော ဇေတဝန်ကျောင်း၌ နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ၌ ယသောဇထေရ် အမှူးရှိသော ၅၀၀ သောရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြော်ခြင်းငှာ သာဝတ္ထိပြည်သို့ လာကုန်၏။

ထို အာဂန္တုကဖြစ်သော ဧည့်သည်ရဟန်းတို့သည် အာဝါသိကရဟန်းတို့နှင့် တကွ ဝမ်းမြောက်ဝမ်းသာ ဟောပြောကုန်သည်ဖြစ်၍၊ အိပ်ရာနေရာတို့ကို ခင်းကုန်သည် ဖြစ်၍၊ သပိတ်,သင်္ကန်းတို့ကို သိုမှီးကုန်သည် ဖြစ်၍ ပြင်းသောအသံ-ပြင်းသောအသံတို့သည် ဖြစ်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို ခေါ်တော်မူ၏။

"အာနန္ဒာ။ တံငါတို့သည် ငါးလုသကဲ့သို့ ထိုသို့ပြင်းသောအသံ-ပြင်းစွာသောအသံတို့သည် အဘယ် အသံနည်း"ဟု မေးတော်မူ၏။

"ရှင်ပင်ဘုရား။ ယသောဇထေရ် အမှူးရှိသော ၅၀၀ သောရဟန်းတို့သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ သာဝတ္ထိပြည်သို့လာကုန်သော ဧည့်သည်ရဟန်းတို့, ကျောင်းနေရဟန်းတို့ ပြောဟောကုန်သည်ဖြစ်၍၊ အိပ်ရာ နေရာတို့ကို ခင်းကုန်သည် ဖြစ်၍၊ သပိတ်,သင်္ကန်းတို့ကို သိုမှီးကုန်သည် ဖြစ်၍ ပြင်းသောအသံ-ပြင်းသော အသံတို့သည် ဖြစ်ကုန်သတည်း"ဟု လျှောက်၏။

"အာနန္ဒာ။ ငါ့စကားဖြင့် 'မြတ်စွာဘုရားသည် အရှင်တို့ကို ခေါ်တော်မူ၏'ဟု ထို ဧည့်သည်ရဟန်းတို့ကို ခေါ်ခေါ်"ဟု မိန့်တော်မူ၏။

ရှင်အာနန္ဒာလည်း "ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ"ဟု လျှောက်၍၊ ရဟန်းတို့သို့ ကပ်၍၊ "ရှင်ပင်ဘုရား ခေါ်တော်မူသည်"ဟု ဆို၏။

ထို ယသောဇ အမှူးရှိသော ၅၀၀ သောရဟန်းတို့သည်လည်း အရှင်အာနန္ဒာစကားကို ကြား၍၊ မြတ်စွာ ဘုရားသို့ကပ်ပြီးသော် ရိုသေစွာရှိခိုး၍ တင့်အပ်စွာနေကုန်၏။

ထိုအခါ၌ "ရဟန်းတို့။ တံငါသည် ငါးလုသကဲ့သို့ သင်တို့သည် ပြင်းသောအသံ-ပြင်းသောအသံကို အဘယ်ကြောင့် ပြုကုန်သနည်း"ဟု မြတ်စွာဘုရား မိန့်တော်မူ၏။

ရှင်ယသောဇလည်း မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍၊ "အရှင်ဘုရား။ အကျွန်ုပ်တို့သည် ရှင်ပင်ဘုရားကို ဖူးမြင်ခြင်းငှာ သာဝတ္ထိပြည်သို့ ရောက်ကုန်၏။ ထို ဧည့်သည်ရဟန်းတို့သည် ကျောင်းနေရဟန်းတို့နှင့် ပြောဟော ကုန်သည် ဖြစ်၍၊ သပိတ်,သင်္ကန်းတို့ကို သိုမှီးကုန်သည် ဖြစ်၍ ပြင်းစွာသောအသံ-ပြင်းစွာသောအသံတို့သည် ဖြစ်ကုန်သည်"ဟု လျှောက်၏။

"ရဟန်းတို့။ သင်တို့ သွားကုန်။ ငါ၏အထံ၌ နှစ်လိုဖွယ်သောစကားဖြင့် နေရာ၏"ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



ထိုရဟန်းတို့လည်း ''ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ''ဟု လျှောက်၍၊ နေရာမှထပြီးသော် မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးမှ အိပ်ရာနေရာတို့ကို သိုမှီး၍ ဝန္ဒိတိုင်းသို့ ဒေသစာရီ သွားကုန်၏။

အစဉ်သဖြင့် ဒေသစာရီသွားကုန်သည်ရှိသော် 'ဝဂ္ဂုမုဒါ'အမည်ရှိသောမြစ်သို့ ကပ်ကုန်၏။ ထိုဝဂ္ဂုမုဒါမြစ်နားဌ သစ်ရွက်မိုးသောကုဋီတို့ကို ပြု၍ မိုးလနေခြင်းကို ပြုကုန်၏။

ထိုအခါဌ် အရှင်ယသောဇသည် ထိုဝဂ္ဂုမုဒါမြစ်နားဌ်နေသော ရဟန်းတို့ကို ခေါ်၍ ဆို၏။

''အရှင်တို့။ ငါတို့ကို မြတ်စွာဘုရားသည် အကျိုးစီးပွားကိုလိုသဖြင့် သနားသည်ကိုအကြောင်းပြု၍ သွားလေကုန်''ဟု မိန့်တော်မူအပ်၏။ ''အရှင်တို့။ ယခု ငါတို့သည် အကြင်အခြင်းဖြင့်နေခြင်းကို မြတ်စွာဘုရား နှစ်သက်တော်မူရာ၏။ ထိုသို့ မြတ်စွာဘုရား နှစ်သက်သောနေခြင်းကို နေကုန်အံ့''ဟု ဆို၏။

ထိုရဟန်းတို့လည်း ''ကောင်းပြီ''ဟု အရှင်ယသောဇအား ဝန်ခံကုန်၏။

ထိုအခါဌ် ထို ၅၀၀ သောရဟန်းတို့သည် မမေ့မလျော့ သမ္မပ္ပဓာန်လုံ့လ ရှိသည်ဖြစ်၍၊ နိဗ္ဗာန်သို့ ရောက်သောစိတ် ရှိကုန်သည်ဖြစ်၍ နေကုန်သော ဝါတွင်းဌ်၊ ထိုဝါတွင်းဌ်လျှင် ၅၀၀ သောရဟန်းတို့သည် ဝိဇ္ဇာ ၃ ပါးတို့ကို မျက်မှောက်ပြုကုန်၏။

http://www.dhammadownload.com



## မြတ်စွာဘုရားနှင့်အတူ ၅၀၀ သောရဟန်းတို့ အရဟတ္တဖိုလ်တည်ခြင်း

ထိုအခါ မြတ်စွာဘုရားသည် သာဝတ္ထိပြည်၌ အလိုတော်အလျောက်နေတော်မူ၍ ဝေသာလီပြည်သို့ ဒေသစာရီ သွားတော်မူ၏။ အစဉ်သဖြင့် ဒေသစာရီသွားတော်မူသော မြတ်စွာဘုရားသည် ဝေသာလီပြည်သို့ ရောက်တော်မူ၍၊ ထိုဝေသာလီပြည် မဟာဝုန်၌ အထွတ်ရှိသောဇရပ်၌ နေတော်မူ၏။

ထိုအခါ ဝဂ္ဂုမုဒါမြစ်နား၌နေသော ရဟန်းတို့၏စိတ်ကို သိတော်မူ၍၊ "အာနန္ဒာ။ ထိုအရပ်မျက်နှာသည် အလင်းဖြစ်သကဲ့သို့ ငါ့အား ထင်တော်မူ၏။ အာနန္ဒာ။ ထိုအရပ်မျက်နှာသည် အရောင်ဖြစ်သကဲ့သို့ ငါအား ထင်တော်မူ၏။ အာနန္ဒာ။ ဝဂ္ဂုမုဒါမြစ်နား၌ ရဟန်းတို့သည် နေကုန်၏။ အာနန္ဒာ။ ထိုရဟန်းတို့အထဲသို့ 'မြတ်စွာဘုရားသည် အရှင်တို့ကို ခေါ်တော်မူ၏။ မြတ်စွာဘုရားသည် အရှင်တို့အား မြင်တော်မူလို၏'ဟု ဤသို့ တမန်ကို စေလော့" ဟု မိန့်တော်မူ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအမိန့်တော်အတိုင်း တစ်ယောက်သောရဟန်းကို စေ၏။ ထိုရဟန်းလည်း အရှင်အာနန္ဒာအား ဝန်ခံ၍ အားရှိသောယောကျ်ားသည် ကွေးသောလက်ကိုဆန့်သကဲ့သို့, ဆန့်သောလက်ကို ကွေးသကဲ့သို့ ဤအတူ မဟာဝုန်၌မှကွယ်၍ ဝဂ္ဂုမုဒါမြစ်နား၌ ထိုရဟန်းတို့၏ရှေ့၌ ထင်ရှားစွာဖြစ်၏။ ထိုအခါ၌ ဝဂ္ဂုမုဒါမြစ်အနား၌ နေသောရဟန်းတို့ကို ဤသို့ ဆို၏။

"အရှင်တို့ကို မြတ်စွာဘုရား ခေါ်တော်မူ၏။ အရှင်တို့ကို မြတ်စွာဘုရား မြင်တော်မူလို၏" ဟု ဆို၏။

"ကောင်းပြီ"ဟု ထိုတမန်ရဟန်းအား ဝန်ခံ၏။ အိပ်ရာနေရာတို့ကို သိမ်း၍၊ သင်္ကန်းတို့ကို ယူ၍ အားရှိသောယောကျ်ားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့, ဆန့်သောလက်ကို ကွေးသကဲ့သို့ ဝဂ္ဂုမုဒါမြစ်နားမှ ကွယ်ကုန်၏။

မဟာဝုန်၌ အထွတ်ရှိသောဇရပ်၌ မြတ်စွာဘုရား ရှေးရှုတော်မူရာအရပ်၌ ထင်ရှားဖြစ်ကုန်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် 'အရဟတ္တဖိုလ်'တည်းဟူသော သမာဓိဖြင့် နေတော်မူ၏။

ထိုအခါ၌ ထို ၅၀၀ သောရဟန်းတို့အား 'မြတ်စွာဘုရားသည် ဘယ်သို့သောရှိသော နေခြင်းဖြင့် နေတော်မူသနည်း'ဟု ကြံခြင်းသည် ဖြစ်၏။ ထိုအခါ ရဟန်းတို့အား 'မြတ်စွာဘုရားသည် ယခုအခါ၌ အရဟတ္တဖိုလ်တည်းဟူသော နေခြင်းဖြင့် နေတော်မူသည်'ဟု သိသည်ဖြစ်၍၊ ထို ၅၀၀ သော ရဟန္တာတို့သည်လည်း 'အရဟတ္တဖိုလ်'တည်းဟူသော သမာဓိဖြင့် နေကုန်၏။

ထိုအခါ၌ အာနန္ဒာသည် ညဉ့်ဦးယံ လွန်သည်ရှိသော် နေရာမှ ထ၍၊ ပခုံးတစ်ဖက်၌ သင်္ကန်းကိုတင်၍၊ မြတ်စွာဘုရားရှိတော်မူရာအရပ်သို့ လက်အုပ်ချီ၍၊ "ညဉ့်ဦးယံ လွန်ပြီ။ ဧည့်သည်ရဟန်းတို့နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောတော်မူပါ" ဟုလျှောက်၏။ မြတ်စွာဘုရားလည်း တိတ်တိတ် ရှိတော်မူ၏။

၂ ကြိမ်မြောက်လည်း ရှေးနည်းဖြင့် လျှောက်၏။ ၂ ကြိမ်မြောက် တိတ်တိတ်ဖြင့် ရှိတော်မူ၏။ ၃ ကြိမ်မြောက်လည်း ရှင်အာနန္ဒာသည် ညဉ့် လွန်ပြီးသော်, မိုးသောက်ယံ ထွက်ပြီးသော်, အရုဏ် တက်လတ်သော်,

http://www.dhammadownload.com



ရောင်ဖြူလာသောအခါ၌ နေရာမှ ထ၍၊ ပခုံးထက်၌ သင်္ကန်းကို တင်၍၊ မြတ်စွာဘုရားနေတော်မူရာသို့ လက်အုပ်ချီ၍၊ ''ရှင်ပင်ဘုရား။ သန်းခေါင်ယံသည် လွန်ပြီ။ အရဏ်တက်ပြီ။ ရောင်ဖြူထွက်ပြီ။ ဤသည် ရဟန်းတို့သည် မြင့်စွာနေကုန်ပြီ။ ရှင်ပင်ဘုရားသည် ဤသည်ရဟန်းတို့နှင့် ဝမ်းမြောက်ဝမ်းသာ ပြောဟောတော်မူပါ''ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုအရဟတ္တဖိုလ်သမာပတ်မှ ထတော်မူ၍၊ ''အာနန္ဒာ။ သင်သည် အကယ်၍ သိငြားအံ့။ ဤမျှသောစကားကို မဆိုရာ။ အာနန္ဒာ။ ငါသည်လည်းကောင်း၊ ထို ၅၀၀ သောရဟန်းတို့သည်လည်းကောင်း အလုံးစုံသောငါတို့သည် အရဟတ္တဖိုလ်တည်းဟူသော သမာဓိဖြင့် နေကုန်၏'' ဟူ၍ မိန့်တော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၍၊ 'ယဿဓိတော ကာမတဏ္ဍာကော၊ အက္ကော သောစဝဓေါ စဗန္ဓနဿ။ ပပွတောဝိယသောဠ္ဍတော၊ အနေဇောသုခဒုက္ခေသနဝေမတိသဘိက္ခု။ ။' ဟူသော ဥဒါန်း ဂါထာကို မိန့်တော်မူ၏။ ဥဒါန်း။ ။

http://www.dhammadownload.com



## လင်းနို့အကျင့်ကျင့်သော ပုဏ္ဏားအကြောင်း

'ကိဋ္ဌေဇဋ္ဌ' ဤသို့အစရှိသော ဓမ္မဒေသနာကို မြတ်စွာဘုရားသည် ဝေသာလီပြည်၌ ကူဋာဂါရသာလာ၌ နေတော်မူသည်ရှိသော်, တစ်ယောက်သော လင်းနို့အကျင့်ကိုကျင့်သော ပုဏ္ဏားကို အကြောင်းပြု၍ ဟောတော်မူ၏။

ထိုပုဏ္ဏားသည် မြို့တံခါး၌တည်သော ခံတက်ပင်သို့ တက်၍ ခြေတို့ဖြင့် သစ်ပင်ခက်၌ဆွဲ၍ ဦးခေါင်းအောက်ထိုးတွဲလောင်းပြု၍၊ ''အချင်းတို့။ ငါ့အား အသပြာကိုပေးကုန်လော့။ ငါအား အလုပ်အကျွေးကို ပေးကုန်လော့။ အကယ်၍ ငါ့အား မပေးကုန်ငြားအံ့။ ဤသစ်ပင်မှ ဆင်း၍ သေသည်ရှိသော် မြို့သည် မြို့ မဖြစ်အံ့'' ဟု ဆို၏။

ရဟန်းအပေါင်းခြံရံ၍ မြို့တွင်းသို့ ဝင်တော်မူသောအခါ၌ ရဟန်းတို့သည် ထိုပုဏ္ဏားကို မြင်ကုန်၏။ မြို့မှထွက်သောအခါ၌လည်း ထိုပုဏ္ဏား ဆွဲ၍နေသည်ကို မြင်ကုန်၏။

မြို့သားတို့သည် နံနက်ကပင်လျှင် ဤသို့ဆွဲ၍နေသောပုဏ္ဏားသည် သစ်ပင်မှကျ၍ သေအံ့။ မြို့ မဖြစ်သည် ဖြစ်ရာ၏'ဟု ကြံကုန်၏။ ဤသို့ ကြံပြီး၍ မြို့ပျက်ခြင်းကို ကြောက်သောကြောင့် ''သင့်အား အလိုအလျောက် အလုံးစုံသော ဥစ္စာကို ငါတို့ ပေးကုန်အံ့''ဟု ဝန်ခံ၍ အသပြာတို့ကို ပေးကုန်၏။ ထိုပုဏ္ဏားသည် သစ်ပင်မှသက်၍ အလုံးစုံကိုယူ၍ သွား၏။

ရဟန်းတို့သည် ကျောင်းဥပစာဌ် နွားကဲ့သို့ မြည်၍၊ သွားသောပုဏ္ဏားကို မြင်၍၊ 'လင်းနို့အကျင့်ကို ကျင့်သောသူ'ဟူ၍၊ သိ၍၊ ''ပုဏ္ဏား။ ပုဏ္ဏားအလိုအတိုင်း ရ၏လော''ဟု မေး၏။ ''အကျွန်ုပ်သည် အလိုအတိုင်း ရ၏''ဟု ဆို၏။

ထိုစကားကို ကြား၍ ကျောင်းတွင်း၌ မြတ်စွာဘုရားအား ထိုပုဏ္ဏား၏အကြောင်းကို လျှောက်ကုန်၏။ ''ရဟန်းတို့။ ယခုအခါ၌သာလျှင် ထိုပုဏ္ဏားသည် လှိုက်လှဲစေအပ်သောခိုးသူ မဟုတ်။ ရှေး၌လည်း သို့ပြုကပ်သောခိုးသူသာလျှင် ဖြစ်၏။ ယခုအခါ၌ မိုက်သောသူတို့ကို လှည့်ပတ်၏။ ရှေးကာလ၌ကား ပညာရှိတို့ကို လှည့်ပတ်ခြင်းငှာ မတတ်နိုင်''ဟု မိန့်တော်မူ၏။

ထို တရားနာပရိသတ်တို့သည် တောင်းပန်အပ်သော မြတ်စွာဘုရားသည် ရှေးကာလ၌ဖြစ်သောအကြောင်းကို ဆောင်တော်မူ၏။

''ရဟန်းတို့။ ရှေးအခါ၌ တစ်ခုသော ကပိကရွာကို မှီ၍ ဂုယှကရသေ့တစ်ယောက်သည် နေ၏။ ထိုရသေ့ကို တစ်ယောက်သော ဒကာတစ်ယောက်သည် လုပ်ကျွေး၏။ နေ၌ဖြစ်သော ခဲဖွယ်စားဖွယ်မှ တစ်ဖို့ကိုထား၍ မိုးသောက်နေ့၌ ထိုရသေ့အား ထိုအဖို့ကို ပေး၏။ ထိုရသေ့သည်လည်း ထိုအမဲကို စား၍ အမဲ၌ (တပ်၏။ ထိုရသေ့အနီး တစ်ခုသောတောင်ပို့၌) ဖွတ်မင်းသည် နေ၏။ ထိုဖွတ်မင်းသည် အခါမပြတ် ရှင်ရသေ့ကို ရှိခိုးအံ့သောငှာ လာ၏။ ထိုနေ့၌ကား 'ထိုဖွတ်မင်းကို သတ်အံ့'ဟု တုတ်ကို ဖုံးလွှမ်း၍ ထိုတောင်ပို့၏အနီး၌

http://www.dhammadownload.com



အိပ်သကဲ့သို့ နေ၏။ ဖွတ်မင်းလည်း တောင်ပို့မှထွက်၍ ထိုရသေ့၏အနီး၌ လာလတ်သော်၊ ရသေ့အခြင်းအရာကို မှတ်၍၊ 'ယနေ့အခြင်းအရာကို ငါ မနှစ်သက်'ဟု ထိုမြင်ရာအရပ်၌ ပြေးလေ၏။ ရသေ့လည်း ထိုဖွတ်မင်း ပြေးသည်ကိုသိ၍ ဖွတ်ကိုသေစိမ့်သောငှာ လှင်ကန်ကို ပစ်၏။ လှင်ကန်သည် ချွတ်၏။ ဖွတ်မင်းသည်လည်း တောင်ပို့သို့ဝင်၏။ ထိုတောင်ပို့မှ ထွက်၍၊ လာသောခရီးကိုကြည့်၍၊ ရသေ့ကို 'သမဏာန္တိ ပညမာနော' အစ ရှိသော ဂါထာဖြင့် ဆို၏။

'ထိုသို့သောအပြားဖြင့် ငါအားပြေးစေခြင်းငှာ အလိုရှိသည်သာ ဖြစ်၏'ဟု 'ဧသတိယျောဖေဟိဂေါဓနိ ဝတ္တာသု' အစရှိသောဂါထာကို ဆို၏။ ထိုစကားကို ကြား၍၊ ''ရသေ့။ အကြင်အကြင် အစရှိသောဂါထာကို ဆို၏'' ဤသို့ ဖွတ်သည် ဆိုပြီး၍၊ ''ငါသည် ဤမျှလောက်သောကာလပတ်လုံး သင်၌ 'ရဟန်း'ဟု အမှတ်သည် ဖြစ်၏။ ယခု သင်သည် ငါ့ကို သတ်လိုသည်ဖြစ်၍ လှင်ကန်ကို ပစ်၏။ ထိုသော ပစ်သောကာလမှသာလျှင် သင်၏ ရဟန်း မဟုတ်သောအဖြစ်သည် ဖြစ်၏။ သင်ကဲ့သို့သော သူမိုက်အား ဆဲကျစ်ဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ခွာနှင့်တကွသော သစ်နက်ရေကို ဆောင်သဖြင့်လည်း အဘယ်အကျိုး ရှိအံ့နည်း။ သင်၏အတွင်း၌ ရာဂ အစရှိသော ချိုသည် ရှိ၏။ စင်စစ်သော်ကား အပကိုသာလျှင် သင်သည် သုံးသပ်၏''ဟု ဆို၏။

မြတ်စွာဘုရားလည်း ဤလွန်လေပြီးသောအကြောင်းကို ဆောင်တော်မူ၍၊ ''ဤ ပုဏ္ဏားသည် ထိုအခါ၌ လျှို့ကတ်တတ်သော ရသေ့ ဖြစ်လေပြီ။ ငါသည်ကား ဖွတ်မင်း ဖြစ်ပြီ''

ဤသို့မိန့်တော်မူ၍ ဇာတ်ကို ပေါင်းတော်မူ၏။ ထိုအခါ၌ ဖွတ်မင်းပညာရှိသည် နိပ်သောအကြောင်းကို ပြတော်မူလိုသည် ဖြစ်၍၊

'ကိန္တေဇဋာဟိဒုမ္မေဓ၊ ကိန္တေအဇိနသာဋိယာ။ အန္တော်ရံတေဂဟဏံ၊ ဗာဟိရံပရိမဇ္ဇသိ။ ။' ဟူသော ဂါထာကို မိန့်တော်မူ၏။

ထိုဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့ကို ရောက်ကုန်၏။ ဧကနိပါတ်ဇာတ်ဒေါ်။ ဓမ္မပဒ။ ။

ဤသို့ပဌမဝါဋ္ဌ ဆေသာလီဋ္ဌ ဤသို့အစရှိသော များစွာသောနတ်,လူတို့အား မဂ်ဖိုလ်တရားကို ပေးတော်မူ၏။

၁- ၅၅၀ ဇာတ်တော်စဉ် ၁၃၈ ဂေါဓဇာတ်။

http://www.dhammadownload.com



## ရဟန်းတို့အား တန်ခိုးမပြရန် ပညတ်ခြင်း

ဆဋ္ဌမမြောက်သော နှစ်တွင် မကုဋ္ဌတောင်[၁]၌ ဝါဆိုတော်မူ၏။ အဋ္ဌမြောက်သောနေ့၌ ပြာဋိဟာကို ပြတော်မူ၏။ ထိုပြာဋိဟာသည် ကုန္ဒိပါဋိဟာရိယ, အာဒေသနာပါဋိဟာရိယ, အနုသာသနိပါဋိဟာရိယ ဟု ၃ ပါးတည်း။ ထို ၃ ပါးသော ပြာဋိဟာတို့၌ မြတ်စွာဘုရားသည် လေ့ကျက်တော်မူ၏။

ရာဇကြိုဟ်မြို့၌ မြတ်စွာဘုရား နေတော်မူသောအခါ ရာဇကြိုဟ်သူဌေးသည် အခြံအရံနှင့်တကွ ဂင်္ဂါမြစ်သို့ ရေချိုးသွား၏။ ထိုအခါ ဟိမဝန္တာမှ ဂင်္ဂါရေအယဉ်ဖြင့်မျောလာသော အဖိုးကြီးသော စန္ဒကူးနှစ်ကို ရ၍၊ ထိုစန္ဒကူးတုံးမှ စန္ဒကူးသပိတ် ပွတ်၍၊ ဆိုင်းခဲ့ ထည့်၍၊ ဝါးအဆက်ဆက်ဖြင့် အတောင် ၆၀ ရှိသောဝါးခဲ့ ဆွဲ၍၊ ဤ လောကခဲ့ အကြင်သူသည် ရဟန္တာ ဖြစ်၏။ ထိုသူသည် လာ၍ ဤသပိတ်ကို ယူစေသတည်း။ ထိုရဟန္တာအား သားမယားနှင့်တကွ 'ကိုးကွယ်ရာ' ငါသိအံ့''ဟု ဆို၏။

'ဘုရား'ဟုဝန်ခံကုန်သော ဆသတ္ထာရတို့သည် ''ဤသပိတ်သည် ငါတို့အား လျောက်ပတ်၏။ ငါတို့အား သာလျှင် လှူကုန်လော''ဟု ဆိုကုန်၏။ ထိုသူဌေးလည်း ''ကောင်းကင်ဖြင့်သွား၍ ယူစေကုန်သတည်း''ဟု ဆို၏။

၆ ရက်မြောက်သောနေ့၌ နိဂဏ္ဌနာဋပုတ္တသည် တပည့်တို့ကိုစေ၍ တောင်းစေသော်လည်း မရသောကြောင့် မိမိပင်သွား၍ တပည့်တို့အား အမှတ်ကို ပေး၏။

''ငါသည် တစ်ဖက်သော လက်ကို လည်းကောင်း, ခြေကို လည်းကောင်း ပျံအံ့သောအခြင်းအရာဖြင့် ချီအံ့။ သင်တို့သည် 'သစ်သပိတ်ဖြင့် သူများအား ရဟန္တာ၏အဖြစ်ကို မပြုလင့်'ဟု လက်,ခြေတို့ကိုကိုင်၍ မြစ်ကုန်လော့''ဟု ဆို၍၊ ထိုသူဌေးအိမ်သို့ သွား၍ ထို ဆိုတိုင်းသာလျှင် ပြု၏။

''သူဌေးကြီး။ ငါတို့အားသာလျှင် လျောက်ပတ်၏။ တစ်ပါးသောသူတို့အား မလျောက်ပတ်။ အနည်းငယ်သောအကြောင်းကြောင့် ကောင်းကင်သို့ပျံခြင်းကို မနှစ်သက်လင့်။ ငါအား သပိတ်ကိုပေးလော့''ဟု ဆို၏။ သူဌေး။ ''ကောင်းကင်ဖြင့်သွား၍ ယူကုန်လော့''ဟု ဆို၏။

ဤသို့သောနည်းဖြင့် တိတ္ထိတို့သည် ၆ ရက်တိုင်အောင် လုံ့လပြု၍ သပိတ်ကို မရကုန်။ ထိုအခါ ၇ ရက်မြောက်သောနေ့၌ ရှင်မောဂ္ဂလာန်သည် လည်းကောင်း, ပိဏ္ဍောလဘာရဒ္ဒါဇသည် လည်းကောင်း၊ ရာဇကြိုဟ်မြို့၌ ဆွမ်းခံဝင်အံ့သောငှာ တစ်ခုသောကျောက်အပြင်၌ ရပ်၍ သင်္ကန်း ရုံတော်မူကုန်၏။

ထိုခဏ၌ သေသောက်ကြွေးတို့သည် ''အချင်းတို့။ 'ဘုရား'ဟုဝန်ခံကုန်သော ဆသတ္ထာရတို့သည် 'ငါတို့သည် ရဟန္တာ'ဟု သွားကုန်၏။ 'လောကခဲ့ ရဟန္တာသည် အကယ်၍ ရှိငြားအံ့။ ကောင်းကင်ဖြင့်သွား၍ ယူစေကုန်သတည်း'ဟု သပိတ်ကို အတောင် ၆၀ ရှိသောဝါးခဲ့ ဆွဲ၍ထားသော သူဌေးအား ယနေ့ ၇ ရက်ရှိပြီ။

၁- မကုလတောင် လည်းခေါ်။

http://www.dhammadownload.com



ထိုသပိတ်ကို ယူအံ့သောငှာ တတ်နိုင်သူသည် တစ်ယောက်မျှ မရှိ။ လောကဌ် ရဟန္တာမရှိသောအဖြစ်ကို ငါတို့ ယနေ့ သိအပ်ပြီ''ဟု ဆိုကုန်၏။

ထိုစကားကိုကြား၍ ရှင်မောဂ္ဂလာန်သည် ရှင်ပိဏ္ဍောလဘာရဒွါဇကို ''အရှင်။ ဤ သူတို့၏စကားကို သင်သည်ကြား၏။ ဤသူတို့သည် သာသနာတော်၌ ပုတ်ခတ်ခြင်းကို ပေးသကဲ့သို့ ဆိုကုန်၏။ သင်သည်လည်း ကြီးသောတန်ခိုး ရှိ၏။ ကြီးသောအာနုဘော် ရှိ၏။ ကောင်းကင်ဖြင့် ပျံ၍ ထို သပိတ်ကို ဆောင်လော့''ဟု ဆိုတော်မူ၏။

ရှင်ပိဏ္ဍောလဘာရဒွါဇလည်း ''အရှင်မောဂ္ဂလာန်။ အရှင်သည် တန်ခိုးကြီးသောသူထက် မြတ်၏။ အရှင်မောဂ္ဂလာန် ယူလော့။ အရှင်မောဂ္ဂလာန် မယူသည်ရှိသော် ကျွန်ုပ် ယူအံ့'' ဟု ဆို၏။

ရှင်မောဂ္ဂလာန်လည်း 'ယူလော့'ဟု ဆိုသည်ရှိသော် အဘိညာဉ်၏အစွမ်းဖြင့် ရပ်၍၊ သင်္ကန်းရုံသော ကျောက်ဖျာကို ၃ ဂါဝုတ်ရှိအောင် ဖန်ဆင်း၍၊ ဝါဂွမ်းဆက်ကိုကဲ့သို့ ကောင်းကင်၌ တင်စေ၍ ရာဇဂြိုဟ်မြို့၏ အထက်၌ ၇ ပတ် လှည့်၏။

ထိုကျောက်ဖျာသည် ၃ ဂါဝုတ် အတိုင်းအရှည်ရှိသောမြို့ကို ပိတ်သကဲ့သို့ ထင်၏။ ပြည်သူတို့သည်လည်း ကြောက်ကုန်သည်ဖြစ်၍ ဖာအစရှိသည်တို့ကို ယူ၍ ဦးခေါင်း၌ ထား၏။ ထိုထိုသောအရပ်၌ ပုန်းကုန်၏။ ရှင်ပိဏ္ဍောလဘာရဒွါဇသည် ၇ ကြိမ်မြောက်၌ ကျောက်ဖျာကို ခွဲ၍ ကိုယ်တော်ကို ပြ၏။

လူအပေါင်းသည် ထိုရှင်ပိဏ္ဍောလဘာရဒွါဇကို မြင်၍၊ ''ရှင်ပိဏ္ဍောလဘာရဒွါဇ။ သခင် ကျောက်ဖျာကို မြို့စွာ ကိုင်တော်မူပါကုန်။ အလုံးစုံသောအကျွန်ုပ်တို့ကို မဖျက်ပါလင့်''ဟုဆို၏။ ရှင်ပိဏ္ဍောလဘာရဒွါဇသည် ခြေဖျားဖြင့် ချီ၍ စွန့်၏။ ထိုကျောက်ဖျာသည် ရှိတိုင်းသောအရပ်၌သာ တည်လေ၏။

ရှင်ပိဏ္ဍောလဘာရဒွါဇသည် သူဌေး၏အိမ်ထက်၌ ရပ်၏။ ထိုပိဏ္ဍောလဘာရဒွါဇကို မြင်၍ သူဌေးသည် ရင်ဖြင့် ဝပ်၍၊ ''အရှင်ဘုရား။ သင်တော်မူကုန်လော့''ဟု ခဲ့ဆို၍၊ ကောင်းကင်မှသင်္ဃာ မထေရ်ကို နေစေ၍၊ ထိုသပိတ်ကို ချ၍၊ စတုမဓုဖြင့် ပြည့်စေ၍ မထေရ်အား ကပ်၏။ အရှင်ပိဏ္ဍောလဘာရဒွါဇသည်လည်း သပိတ်ကို ယူ၍ ကျောင်းသို့ သွားတော်မူ၏။

ထိုအခါ၌ တောသို့သွားသော်လည်း, လယ်သို့သွားသောသူတို့သည် ပြာဋိဟာကို မမြင်ကုန်။ ထိုသူတို့သည် စည်းဝေး၍၊ ''အရှင်ဘုရား။ အကျွန်ုပ်တို့ကို ပြာဋိဟာကို ပြပါလော့။ အရှင်ပိဏ္ဍောလဘာရဒွါဇသို့ အစဉ် လိုက်ကုန်၏။ အရှင်ပိဏ္ဍောလဘာရဒွါဇလည်း ထိုထိုသောသူတို့အား လျောက်ပတ်စွာ ပြာဋိဟာကို ပြတော်မူသည်ဖြစ်၍ ကျောင်းသို့ သွားတော်မူ၏။

မြတ်စွာဘုရားသည် လူအပေါင်းတို့၏ပဲ့တင်သံကို ကြားတော်မူ၍၊ ''အာနန္ဒာ။ ထိုအသံသည် အဘယ်အသံနည်း''ဟု မေးတော်မူ၏။ ''ရှင်ပင်ဘုရား။ ပိဏ္ဍောလဘာရဒွါဇသည် ကောင်းကင်သို့တက်၍၊ စန္ဒကူးသပိတ်ကို ယူ၍ ထိုပိဏ္ဍောလဘာရဒွါဇအထံ၌ လူအပေါင်းတို့၏အသံ''ဟု လျှောက်၏။

မြတ်စွာဘုရားသည် အရှင်ပိဏ္ဍောလဘာရဒွါဇကို ခေါ်စေ၍၊ ထိုအကြောင်းကို မေးတော်မူ၍၊ အရှင်ပိဏ္ဍောလဘာရဒွါဇကို ကဲ့ရဲ့တော်မူ၏။ ထိုသပိတ်ကို အစိတ်အစိတ်ခွဲစေ၍ ရဟန်းတို့အား မျက်စဉ်းအလို့ငှာ ပေးတော်မူ၏။ သိက္ခာပုဒ်ကို ထားတော်မူ၏။

http://www.dhammadownload.com



## မြတ်စွာဘုရားကိုယ်တော်တိုင် ယမိုက်ပြဋ္ဌိဟာ ပြခြင်း

မြတ်စွာဘုရားသည် သိက္ခာပုဒ်ထားတော်မူပြီ ဟု ကြားကုန်၍၊ ဂေါတမတပည့်တို့သည် ထိုဂေါတမထားသော သိက္ခာပုဒ်ကို 'အသက်' ဟူသော အကြောင်းကြောင့်လည်း မလွန်ကုန်။ ယခု ငါတို့အခွင့်ကို ရကုန်ပြီ''ဟု မြို့ခရီးတို့၌ ဆိုကုန်လျက် သွားကုန်၏။

''ငါတို့လည်း မိမိတို့၏ကျေးဖူးကို စောင့်ကုန်သည်ဖြစ်၍ ရှေ့၌ သစ်ဖြင့်ပြီးသော သပိတ်ကြောင့် မိမိ ကျေးဖူးကို လူများအား မပြကုန်။ ရဟန်းဂေါတမတပည့်တို့သည် ပြကုန်၏။ ရဟန်းဂေါတမသည် မိမိ ပညာရှိသည်၏အဖြစ်ကြောင့် ထိုသပိတ်ကိုခွဲစေ၍ တပည့်တို့အား သိက္ခာပုဒ်ကို ထားသတတ်။ ယခု ငါတို့သည် ထိုရဟန်းဂေါတမနှင့်တကွ ပြာဋ္ဌိဟာကို ပြကုန်အံ့''ဟု မြို့ခရီးတို့၌ ဆိုလျက်သွားကုန်၏။

ဗိမ္ဗိသာရမင်းသည် ထိုစကားတို့ကို ကြား၍၊ မြတ်စွာဘုရားအထံတော်သို့ သွား၍၊ ''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားတို့သည် ပြာဋ္ဌိဟာကို ပြကုန်၏။ ယခု ပြတော်မူကုန်အံ့လော''ဟု လျှောက်၏။ ''မြတ်သောမင်း။ ပြသည်သာ ဟုတ်၏''ဟု မိန့်တော်မူ၏။

ဗိမ္ဗိသာရမင်းလည်း ''ရှင်ပင်ဘုရား။ တိတ္ထိတို့သည် ရှင်ပင်ဘုရားတို့နှင့်တကွ ပြာဋ္ဌိဟာကို ပြကုန်၏။ ယခု ပြတော်မူကုန်အံ့လော''ဟု လျှောက်၏။

''မြတ်သောမင်း။ ထိုတိတ္ထိတို့သည် ပြာဋ္ဌိဟာကို ပြသည်ရှိသော် ငါသည် ပြာဋ္ဌိဟာကို ပြအံ့''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားတို့သည် သိက္ခာပုဒ်ထားတော်မူကုန်သည် မဟုတ်လော''ဟု လျှောက်၏။

''မြတ်သောမင်း။ ငါအား သိက္ခာပုဒ်ကို မထား။ ငါ့တပည့်တို့အားသာလျှင် သိက္ခာပုဒ်ကို ငါထား၏'' ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားတို့ကိုထား၍ တပည့်သားတို့၌သာလျှင် သိက္ခာပုဒ်ကိုထားသော တပည့် သည်ဖြစ်၏''ဟု လျှောက်၏။

''မြတ်သောမင်း။ မင်းကြီးတို့ကို ငါ မေးအံ့။ မင်းကြီးဥယျာဉ်၌ သရက်ပင်ရှိ၏ မဟုတ်လော''

''ရှင်ပင်ဘုရား။ ရှိ၏''ဟု လျှောက်၏။

''မင်းကြီးတို့သရက်ကို လူများ စားအံ့။ ထိုလူများအား အဘယ်သို့ ပြုသနည်း''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ ဒဏ်ပေးအပ်၏''ဟုလျှောက်၏။

''မြတ်သောမင်း။ မင်းကြီး စားတော်ခေါ်အံ့သောငှာ ရလတ္တံ့လော''ဟု မေးတော်မူ၏။ ''ရှင်ပင်ဘုရား။ စားအံ့သောငှာ အကျွန်ုပ်အား ဒဏ် မရှိ။ အကျွန်ုပ် အကျွန်ုပ်ဥစ္စာကို စားအံ့သောငှာ ရ၏''ဟုလျှောက်၏။

''မြတ်သောမင်း။ ယူဇနာ ၃၀၀ ရှိသော မင်းကြီးပြည်၌ မင်းကြီးအား အာဏာသည် ဖြစ်သကဲ့သို့၊ ဤအတူ ငါအားလည်း စကြဝဠာ ကုဋေ ၁ သိန်း၌ အာဏာ ဖြစ်၏။ ငါ့အား သိက္ခာပုဒ်ထားခြင်းသည် မရှိ။ ငါတပည့်တို့အားသာလျှင် ရှိ၏။ ပြာဋ္ဌိဟာကို ငါ ပြအံ့သောငှာ မိန့်တော်မူ၏''

http://www.dhammadownload.com



''ရှင်ပင်ဘုရား။ အဘယ်အခါ၌ ပြာဋိဟာကို ပြတော်မူအံ့နည်း''ဟုလျှောက်၏။

''မြတ်သောမင်း။ ဤလမှ ၄ လလွန်သောအခါ၌ ဝါဆိုလပြည့်၌ ပြအံ့''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ အဘယ်အရပ်၌ ပြတော်မူအံ့နည်း''ဟု လျှောက်၏။ ''မြတ်သောမင်း။ သာဝတ္ထိမြို့ 'ကဏ္ဍမ္ဗ'အမည်ရှိသော သရက်ပင်၏အနီး၌ ပြအံ့''ဟု မိန့်တော်မူ၏။

အဘယ်ကြောင့် ရှင်ပင်ဘုရားသည် ဝေးသောအရပ်ကို ညွှန်တော်မူသနည်းဟူမူကား သာဝတ္ထိအရပ်သည် ခပ်သိမ်းသောဘုရားတို့၏ ပြာဋိဟာ ပြရာအရပ် ဖြစ်၏။ စင်စစ်သော်ကား များသောသူတို့၏ စည်းဝေးခြင်းအကျိုးငှာ လည်းကောင်း ဝေးသောအရပ်ကို ညွှန်တော်မူ၏။

တိတ္ထိတို့သည် 'သာဝတ္ထိမြို့၌ ကဏ္ဍမ္ဗသရက်ပင်၏အနီး၌ ပြာဋိဟာပြတော်မူအံ့' ဟူသောစကားကို ကြား၍၊ ''ဤလမှ ၄ လလွန်သောအခါ၌ ရဟန်းဂေါတမသည် သာဝတ္ထိမြို့၌ ပြာဋိဟာကို ပြလတ္တံ့သတည်း။ ယခု ထိုရဟန်းဂေါတမကို မလွတ်မူ၍ ငါတို့လိုက်ကုန်၏''ဟု ''လူအပေါင်းသည် ငါတို့ကိုမြင်၍ 'ဤ လိုက်သော အကြောင်းကား အဘယ်နည်း'ဟု မေးကုန်အံ့။ ထိုသို့မေးသောအခါ၌ လူအပေါင်းအား ငါတို့သည် 'ရဟန်းဂေါတမနှင့်တကွ ပြာဋိဟာကို ပြကုန်အံ့' ဤသို့ ဆိုကုန်အံ့။ ထိုရဟန်းဂေါတမသည် ပြေး၏။ ငါတို့ ရဟန်းဂေါတမ ပြေးခြင်းကို မပြေးမူ၍ လိုက်ကုန်၏'ဟု ဆိုကုန်အံ့။ ဤသို့ဆိုသည်ရှိသော် ငါတို့အား ပူဇော်သက္ကာရ ဖြစ်လတ္တံ့'' ဟု တိုင်ပင်ကုန်၏။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌ ဆွမ်းခံ၍ ထွက်တော်မူ၏။ တိတ္ထိတို့သည်လည်း မြတ်စွာဘုရားနောက်၌ မြို့မှထွက်၍၊ မြတ်စွာဘုရား ဘဉ်းပေးတော်မူသော ကိစ္စတို့ကိုပြု၍ သွားတော်မူရာအရပ် နေကုန်၏။ နေတော်မူရာအရပ်၌ မိုးသောက်သောနေ့၌ နံနက်စာ စားကုန်၏။

ထိုတိတ္ထိတို့ကို လူတို့သည် ''ဤအကြောင်းသည် အဘယ်အကြောင်းနည်း''ဟု မေးကုန်သည်ရှိသော်၊ တိုင်ပင်သောနည်းဖြင့်သာ ဆိုကုန်၏။ လူများလည်း ''ပြာဋိဟာကို ကြည့်ကုန်အံ့''ဟု လိုက်ကုန်၏။

မြတ်စွာဘုရားလည်း အစဉ်သဖြင့် သာဝတ္ထိသို့ ရောက်တော်မူ၏။ တိတ္ထိတို့လည်း မြတ်စွာဘုရားနှင့်တကွ သာလျှင် သာဝတ္ထိမြို့သို့ ရောက်မူ၍၊ အလုပ်အကျွေးတို့ကို လွတ်၍ ၁ သိန်းသောအသပြာကို ရ၍၊ ရွာတို့ဖြင့် မဏ္ဍပ်ကို ပြုစေ၍၊ ကြာညိုတို့ဖြင့် မိုး၍၊ ''ဤမဏ္ဍပ်၌ ပြာဋိဟာကို ပြကုန်အံ့''ဟု တိတ္ထိတို့ ဆိုကုန်၏။

ပသေနဒီကောသလမင်းကြီးသည် မြို့မှထွက်၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ''ရှင်ပင်ဘုရား။ တိတ္ထိတို့သည် မဏ္ဍပ်ကို ပြုအပ်ပြီ။ အကျွန်ုပ်တို့သည် သခင်ဘုရားတို့အား မဏ္ဍပ်ကို ပြုစေအံ့''ဟု လျှောက်၏။

''မင်းမြတ်။ မင်းကြီးပြုခြင်းသည် မသင့်။ ငါအား မဏ္ဍပ်ကို ပြုတတ်သောသူ ရှိ၏''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ အကျွန်ုပ်ကိုထား၍ အဘယ်သူသည် ပြုနိုင်လတ္တံ့နည်း''ဟု လျှောက်၏။

''မြတ်သောမင်း။ သိကြားမင်းသည် ပြုနိုင်လတ္တံ့''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ အဘယ်အရပ်၌ ပြုတော်မူလတ္တံ့''ဟု လျှောက်၏။

''မြတ်သောမင်း။ 'ကဏ္ဍမ္ဗ' မည်သော သရက်ပင်၏အနီး၌ ပြအံ့''ဟု မိန့်တော်မူ၏။

တိတ္ထိတို့သည် 'သရက်ပင်၏အနီး၌ မြတ်စွာဘုရားသည် ပြာဋိဟာကို ပြတော်မူလတ္တံ့' ဟုကြား၍၊ မိမိအလုပ်အကျွေးကို ကြား၍၊ ၁ ယူဇနာအတွင်းသော အရပ်၌ အဆုံးသောအဝိုင်းအခြားဖြင့် ထိုနေ့၌ရောက်သော သရက်ပင်တို့ကိုလည်း နှုတ်၍ တစ်ပါးသောအရပ်တို့သို့ ပစ်စေ၏။

http://www.dhammadownload.com



မြတ်စွာဘုရားလည်း ဝါဆိုလပြည့်နေ့၌ သာဝတ္ထိမြို့တွင်းသို့ ဝင်တော်မူ၏။ ပသေနဒီကောသလမင်း၏ 'ကဏ္ဍ' အမည်ရှိသော ဥယျာဉ်စောင့်သည် ခါချဉ်တို့သည်တုပ်အပ်သော ခါချဉ်ထုပ်တွင်း၌ တစ်လုံးသော ကြီးစွာသော သရက်သီးကို မြင်၍၊ ထိုသရက်၏ အနံ့အရသာ၌ တပ်ခြင်းဖြင့် ကျကုန်သောကျီးတို့ကို နှင်၍၊ မင်းကြီးအား ဆက်ခြင်းငှာ ယူ၍ သွားသည်ရှိသော်၊ ခရီးအကြား၌ မြတ်စွာဘုရားကို မြင်၍၊ 'မင်းကြီးသည် ဤသရက်ကို ယူတော်မူ၍ ငါ့အား ၈ အသပြာကိုလည်းကောင်း, ၁၆ အသပြာကိုလည်းကောင်း ပေးရာ၏။ ထိုပေးသောအသပြာသည် ငါ့အား တစ်ခုသောဤကိုယ်၏အဖြစ်၌ အသက် မမွေးလောက်။ ငါသည် ဤသရက်မှည့်ကို မြတ်စွာဘုရားအား အကယ်၍ လှူအုံ့။ ငါ့အား အဝိုင်းအခြားမရှိသော ကာလပတ်လုံး အကျိုးစီးပွားကိုဆောင်သည် ဖြစ်လတ္တံ့'ဟု ကြံ၍၊ ထိုသရက်မှည့်ကို မြတ်စွာဘုရားအား ကပ်၏။

မြတ်စွာဘုရားလည်း အရှင်အာနန္ဒာကို ကြည့်တော်မူ၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားအား နတ်မင်းတို့သည်လှူအပ်သော သပိတ်ကို ကပ်၏။ မြတ်စွာဘုရားလည်း သပိတ်ဖြင့် သရက်မှည့်ကို ခံတော်မူ၏။ ထို ခံတော်မူရာအရပ်၌ပင်လျှင် နေတော်မူအံ့သောအခြင်းအရာကို ပြတော်မူ၏။

အရှင်အာနန္ဒာသည် သင်္ကန်းတော်ကိုခင်း၍ ထိုနေရာ၌နေတော်မူသော မြတ်စွာဘုရားအား အရှင်အာနန္ဒာသည် ထိုသရက်မှည့်ကို အဖျော်ပြု၍ ကပ်၏။ မြတ်စွာဘုရားလည်း သရက်ဖျော်ကို ဘုဉ်းပေးတော်မူ၏။

''ဤသရက်ဧေ့ကို ဤ အရပ်၌ပင်လျှင် မြေကိုယက်၍ စိုက်လော့''ဟု 'ကဏ္ဍ' မည်သောဥယျာဉ်သည်ကို မိန့်တော်မူ၏။

ထိုကဏ္ဍာလည်း မြတ်စွာဘုရား မိန့်တော်မူတိုင်း စိုက်၏။ မြတ်စွာဘုရားလည်း သရက်ဧေ့၏အထက်၌ လက်တော်ကို ဆေး၏။ လက်ဆေးတော်မူသော ခဏ၌ပင်လျှင် ထွန်တုံးရှိ အတိုင်းအရှည်ရှိသော ပင်စည်သည် ဖြစ်၏။ အစည်သဖြင့် အစောက်အတောင် ၅၀ ရှိသည်ဖြစ်၍ တက်လေ၏။ ၄ မျက်နှာတို့၌ ၄ ခက်, အထက်၌ တစ်ခုသော အခက်၊ ဤအခက် ၅ ဖြာတို့သည် အတောင် ၅၀ စီ ဖြစ်ကုန်၏။ ထိုသရက်ပင်သည် ထိုခဏ၌ပင်လျှင် အပွင့်အသီးဖြင့် ဖုံးလွှမ်းသည် ဖြစ်၍၊ မှည့်သောအသီးကို ဆောင်သည်ဖြစ်၍ မြတ်စွာဘုရား နောက်တော်မှ လာကုန်သော ရဟန်းတို့သည် သရက်မှည့်ကို ဘုဉ်းပေးကုန်လျက် လာကုန်၏။

ပသေနဒီကောသလမင်းသည် 'ဤသို့သဘောရှိသော သရက်ပင်သည် ရောက်သတတ်'ဟု ကြားတော်မူ၍၊ 'ထိုသရက်ပင်ကို တစ်စုံတစ်ယောက်သောသူသည် မဖျက်စေသတည်း'ဟု အစောင့်အရှောက်ကို ထားတော်မူ၏။ ထိုသရက်ပင်သည် 'ကဏ္ဍ'သည် စိုက်အပ်သောကြောင့် 'ကဏ္ဍရုက္ခ'ဟု တွင်၏။

သေသောက်ကြူးတို့သည် သရက်မှည့်ကို စား၍၊ ''အချင်းတိတ္ထိတို့။ 'ကဏ္ဍ'အမည်ရှိသော သရက်ပင်၏ အနီး၌ ရှင်ဂေါတမသည် ပြာဋိဟာပြလတ္တံ့ဟု အရှင်တို့သည် ယူဇနာအတွင်း၌ ထိုနေ့ရောက်သော သရက်ပင်တို့ကိုလည်း နတ်အပ်ကုန်၏။ ဤသရက်ပင်သည် 'ကဏ္ဍမ္ဗ' မည်၏'' ဟု ဆို၍၊ ထိုတိတ္ထိတို့ကို စားပြီးသော သရက်ဧေတို့ဖြင့် ပစ်ကုန်၏။

သိကြားမင်းသည် လေနတ်သားကို ''တိတ္ထိတို့၏မဏ္ဍပ်ကို လေဖြင့်နုတ်၍ မစင်မကြယ်သောမြေ၌ ပစ်လော့''ဟု စေ၏။ ထိုလေနတ်သားလည်း ထိုသိကြားဆိုတိုင်း ပြု၏။ နေနတ်သားကိုလည်း ''နေစဉ်ကို ပူစေလော့''ဟု စေ၏။ ထိုနေနတ်သားလည်း သိကြားဆိုတိုင်း ပူစေ၏။ တစ်ဖန် လေနတ်သားကို ''လေပွေ

http://www.dhammadownload.com



ထစေ''ဟု စေ၏။ ထိုလေနတ်သားလည်း ထိုသိကြားမင်းဆိုတိုင်း လေပွေ ထစေ၏။ ထိုတိတ္ထိတို့၏ ချွေးယို သောကိုယ်ကို မြူဖြင့်ကြေ၏။ ထိုတိတ္ထိတို့သည် နီသောတောင်ပို့တို့နှင့် အတူ ဖြစ်ကုန်၏။ ပဖ္ဂုန်နတ်သားကိုလည်း ''ကြီးကုန်သော မိုးပေါက်တို့ကို ရွာစေလော့''ဟု စေ၏။ ထိုပဖ္ဂုန်နတ်သားသည်လည်း ထိုသိကြားဆိုတိုင်း မိုးကို ရွာစေ၏။ ထိုအခါ၌ တိတ္ထိတို့၏ကိုယ်သည် နွားပြောက်နှင့်တူသည် ဖြစ်၏။ ထိုတိတ္ထိတို့သည် နှိပ်စက်ခြင်း ဖြစ်ကုန်၍ ရှေးရှုရာ-ရှေးရှုရာအရပ်တို့သို့ ပြေးလေကုန်၏။

ဤသို့ပြေးကုန်သည်ရှိသော် ပုရာဏကဿပ၏ ဒကာဖြစ်သော လယ်ထွန်တစ်ယောက်သည် ''ယခု အရှင်တို့၏ပြာဋိဟာကို ပြအံ့သော အခါတည်း။ သွား၍ ပြာဋိဟာကို ကြည့်အံ့''ဟု နွားတို့ကို လွှတ်၍ နံနက် စောစော ယာဟုအိုးကို လည်းကောင်း, ကြိုးကို လည်းကောင်း ယူ၍ လာလတ်သည်ရှိသော်၊ ပြေးသော ပုရာဏ ကဿပကိုမြင်၍၊ ''အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရား၏ ပြာဋိဟာကို ကြည့်ပါအံ့''ဟု လာ၏။ အရှင်တို့သည် အဘယ်အရပ်သို့ သွားကုန်အံ့နည်း'' ဟုဆိုလျှင်၊ ''သင့်အား ပြာဋိဟာဖြင့် အဘယ်အကျိုး ရှိအံ့နည်း။ ဤအိုးနှင့် ကြိုးကိုသာ ပေးပါလော့''ဟု တောင်း၍၊ ထိုသူသည် ပေးအပ်သောကြိုးကို လည်းကောင်း ယူ၍၊ မြစ်နားသို့ သွား၍၊ အိုးကို သဲဖြင့် ပြည့်စေ၍၊ မိမိလည်၌ ဆွဲ၍၊ ချောက်၌ ဆင်း၍၊ ရေမြုပ်ကို ထစေ လျက် သေ၍ ပုရာဏကဿပတိတ္ထိသည် အဝီစိ၌ ဖြစ်လေ၏။

မြတ်စွာဘုရားလည်း အရိပ်ထွက်သောအခါ၌ ပြာဋိဟာကိုပြတော်မူခြင်းငှာ ကျောင်းတော်မှ ထွက်တော် မူ၍၊ 'ယခု ပြာဋိဟာကို ပြအံ့သောငှာ အခါတန်ပြီ'ဟု အရိပ်ထွက်သောအခါ၌ အဦး၌ ရပ်တော်မူ၏။ အစဉ် အားဖြင့် ၇၇ ယူဇနာအတိုင်း အရှည်ရှိကုန်သော ရဟန်းယောကျ်ား, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာ လူပရိသတ်တို့သည် ဖြစ်ကုန်၏။ ၁ သောင်းသောစကြဝဠာတို့၌ နတ်,ဗြဟ္မာတို့သည် တစ်ပြိုင်နက် စည်းဝေးကုန်၏။

ထိုအစည်းအဝေး၌ 'ဃရဏီ'အမည်ရှိသော, တန်ခိုးကြီးသော အနာဂါမိဒကာမသည် မြတ်စွာဘုရား ရှေ့တော်၌ရပ်၍၊ ''ရှင်ပင်ဘုရား။ အကျွန်ုပ်သို့သောသူ သမီးတော်ရှိလျက် ရှင်ပင်ဘုရားတို့ ပင်ပန်းအံ့သော ကိစ္စသည် မရှိ။ ပြာဋိဟာကို အကျွန်ုပ်ပြအံ့''ဟု လျှောက်၏။

''ဃရဏီ။ အဘယ်သို့ ပြအံ့နည်း''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ တစ်ခုသောစကြဝဠာတို့က်၌ မြေကြီးတို့ကို ရေဖန်ဆင်း၍ ရေငှက်မကဲ့သို့ ငုပ်၍ အရှေ့စကြဝဠာ၌ အကျွန်ုပ်ကိုယ်ကို ပြအံ့။ ထိုအတူ အနောက်စကြဝဠာ အနား, မြောက် စကြဝဠာအနား, တောင်စကြဝဠာအနား၌ အကျွန်ုပ်ကိုယ်ကို ပြအံ့။ စကြဝဠာအလယ်၌ ငုပ်သတည်း။ ထိုထိုသောစကြဝဠာအနား၌ အကျွန်ုပ်ကိုယ်ကို ပြအံ့။ 'ထို ရေ၌ငုပ်သောသူသည် အဘယ်သူနည်း'ဟု ဆိုသည်ရှိသော်၊ 'ထိုသူကား 'ဃရဏီ' အမည်ရှိသော ဥပါသိကာတည်း'ဟု ဆိုလတ်ကုန်အံ့။ 'ဤတန်ခိုးသည် ရှေးဦးစွာ ဃရဏီဥပါသိကာ၏ တန်ခိုး တည်း။ မြတ်စွာဘုရားတန်ခိုးတော်သည် အဘယ်ဆိုရာရှိသည် ဖြစ်လတ္တံ့နည်း'ဟု ဤသို့ တိတ္ထိတို့သည် မြတ်စွာဘုရားတို့ကို မမြင်မူ၍သာလျှင် ပြေးလတ်ကုန်အံ့''ဟုလျှောက်၏။

ထိုအခါ၌ ''ဃရဏီ။ ဤသို့သဘောရှိသော ပြာဋိဟာကိုပြခြင်းငှာ သင် စွမ်းနိုင်သည်၏အဖြစ်ကို ငါ သိတော်မူ၏။ ဤသို့သဘောရှိသော သင်၏ပြာဋိဟာသည် ငါနှင့် အကုသိုလ်၏အကျိုးနှင့် စပ်ခြင်းသည် ပန်းတစ်ဆုပ်အခန်မျှ မဖြစ်''ဟု ထို ဃရဏီဥပါသိကာကို ပယ်တော်မူ၏။

http://www.dhammadownload.com



ထိုဃရဏီသည် 'ငါအား မြတ်စွာဘုရား ခွင့်လွှတ်တော် မမူ။ စင်စစ်သော်ကား ငါထက်လွန်စွာ ပြာဦဟာကိုပြခြင်းငှာ စွမ်းနိုင်သော တစ်ပါးသောသူသည် ရှိ၏' ဤသို့သိ၍ တင့်အပ်စွာ ရပ်၏။

မြတ်စွာဘုရားသည် 'ဤသို့မေးတော်မူသည်ရှိသော် ထိုတပည့်တော်တို့၏ကျေးဇူးသည် ထင်ရှား ဖြစ်လတ္တံ့' ဟူ၍၊ 'ဤသို့ ၂၄ ယူဇနာ အလျားရှိသော ပရိသတ်၏အလယ်၌၊ တစ်နည်းသော်ကား ၃၆ ယူဇနာ အစဉ်ရှိသော ပရိသတ်၏အလယ်၌ ထိုတပည့်တော်တို့သည် မြတ်သော သီဟနာဒကို ဆိုပေတုံအံ့' ဟု အောက်မေ့တော်မူသည် ဖြစ်၍၊ ဃရဏီမှတစ်ပါးသော တပည့်တော်တို့ကိုလည်း မေးတော်မူ၏။

"သင်တို့သည် အဘယ်အပြားဖြင့် ပြာဦဟာကို ပြလတ်ကုန်အံ့နည်း" ဟု မေးတော်မူ၏။ ထို မေးအပ်သော တပည့်တော်တို့သည် "ရှင်ပင်ဘုရား။ ဤသို့အပြားသောပြာဦဟာကို အကျွန်ုပ်ပြအံ့' ဟု လျှောက်၏။ ရှင်ပင်ဘုရားရှေ့တော်၌ ရပ်ကုန်သည် ဖြစ်၍ မြတ်သောသီဟနာဒကို လျှောက်ကုန်၏။

စူဠအနာထပိဏ္ဍိကသည် "ငါသို့သောအနာဂါမ်သည်ရှိလျက် မြတ်စွာဘုရားအား ပင်ပန်းသောကိစ္စ မရှိ။ ရှင်ပင်ဘုရား။ ပြာဦဟာကို အကျွန်ုပ်ပြအံ့" ဟုလျှောက်၏။

"သင်အား အဘယ်သို့ ပြအံ့နည်း" ဟု မေးတော်မူလျှင်၊

"ရှင်ပင်ဘုရား။ အကျွန်ုပ်သည် ၁၂ ယူဇနာရှိသော ဇြဟ္မာမင်း၏ကိုယ်ကဲ့သို့ ဖန်ဆင်း၍ ပရိသတ်အလယ်၌ မိုးကြိုးသံနှင့် တူသောအသံဖြင့် ဇြဟ္မာမင်း၏ လက်ပန်းပေါက်ခတ်ခြင်းကို ခတ်အံ့။ လူအပေါင်းသည် 'ဤအသံသည် အဘယ်အသံနည်း' ဟု မေးသည်ရှိသော်၊ 'စူဠအနာထပိဏ္ဍိက အနာဂါမ်သည် ဇြဟ္မာမင်း၏ လက်ပန်းပေါက်ကဲ့သို့ လက်ပန်းပေါက်အသံတည်း' ဟု ဆိုကုန်အံ့သတည်း" ဟု လျှောက်၏။

"သင်၏ ဤသို့ တန်ခိုးရှိသည်၏အဖြစ်ကို ငါ သိတော်မူ၏" ဟု ခွင့်ပြုတော်မမူ။

ထိုအခါ၌ ပဋိသမ္ဘိဒါသို့ရောက်သော တစ်ယောက်သော၊ ၇ နှစ်ရှိသော စီရ သာမဏေသည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍၊ "ရှင်ပင်ဘုရား။ အကျွန်ုပ် ပြာဦဟာပြအံ့" ဟု လျှောက်၏။

"စီရ။ အဘယ်သို့ ပြအံ့နည်း" ဟု မေးတော်မူ၏။

"ရှင်ပင်ဘုရား။ မြင်းမိုရ်တောင်၊ စကြဝဠာတောင်၊ ဟိမဝန္တာတောင်တို့ကို ဆောင်၍ ဤအရပ်၌ အစဉ်ထား၍၊ အကျွန်ုပ်သည် ဟသ်ာမကဲ့သို့ ထိုထိုသောတောင်မှ ထွက်၍၊ မငြိစွန်းသည် ဖြစ်၍ သွားအံ့။ လူအပေါင်းလည်း အကျွန်ုပ်ကို မြင်၍၊ ထိုသူသည် အဘယ်သူနည်း' ဟု မေးသည်ရှိသော် 'စီရသာမဏေတည်း' ဟု ကြား၍၊ တိတ္ထိတို့သည် '၇ နှစ်ရှိသောသာမဏေ၏ ဤသို့သော တန်ခိုးတည်း။ မြတ်စွာဘုရားတန်ခိုးတော်သော်ကား အဘယ်ဆိုဖွယ်ရာ ရှိသည် ဖြစ်လတ္တံ့' ဟု ရှင်ပင်ဘုရားတို့ကို မမြင်ဖူး၍ ပြေးလတ်ကုန်အံ့" ဟု လျှောက်၏။

ထို စီရသာမဏေအားလည်း မြတ်စွာဘုရားသည် "သင်၏တန်ခိုးကို ငါ သိတော်မူ၏" ဟု မိန့်တော်မူ၍ ခွင့်ပြုတော်မမူ။

ထိုအခါ၌ ပဋိသမ္ဘိဒါသို့ရောက်သော ၇ နှစ်သော တစ်ယောက်သော စုန္ဒသာမဏေသည် မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍၊ "ရှင်ပင်ဘုရား။ အကျွန်ုပ် ပြာဦဟာကို ပြအံ့" ဟု လျှောက်၏။

http://www.dhammadownload.com



မြတ်စွာဘုရားလည်း ''အဘယ်သို့ ပြအံ့နည်း''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ အကျွန်ုပ်သည် ဓမ္မဒိဋ္ဌိပ်ကျွန်း၏ တံခွန်ဖြစ်သော ကြီးစွာသောသပြေပင်ကို ကိုင်၍၊ လှုပ်၍၊ သပြေသီးမှည့်တို့ကို ကြွေစေ၍ ဤပရိသတ်တို့ကို စားစေအံ့။ ပင်လယ်ကသစ်မှန့်တို့ကို ဆောင်စေအံ့'' ဤသို့ လျှောက်၏။

ထိုစုန္ဒသာမဏေကိုလည်း ခွင့်ပြုတော်မမူ။

ထိုနောင်မှ ဥပ္ပလဝဏ်ထေရီသည် မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍၊ ''အကျွန်ုပ် ပြာဋိဟာ ပြအံ့''ဟု လျှောက်၏။

''အဘယ်သို့ ပြအံ့နည်း'' ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ ၁၈ ယူဇနာ အတိုင်းအရှည်ရှိသော ပရိသတ်ကိုပြ၍ အဝန်း ၆၃ ယူဇနာရှိသော ပရိသတ် ခြံရံသည်ဖြစ်၍၊ စကြဝတေးမင်းကဲ့သို့ ဖန်ဆင်း၍ ရှင်ပင်ဘုရားခြေတော်တို့ကို ရှိခိုးအံ့'' ဟုလျှောက်၏။

''အာနုဘော်ကို ငါသိ၏''ဟု မိန့်တော်မူ၍ ခွင့်ပေးတော် မမူ။

ထိုနောင် အရှင်မောဂ္ဂလာန်သည် ရှင်ပင်ဘုရားကို ရှိခိုး၍၊ ''ရှင်ပင်ဘုရား။ အကျွန်ုပ် ပြာဋိဟာကို ပြအံ့'' ဟုလျှောက်၏။

''အဘယ်သို့ ပြအံ့နည်း'' ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ ဤမြင်းမိုရ်တောင်မင်းကို သွားကြားဥ်ထား၍ ပဲစေ့ကိုကဲ့သို့ အကျွန်ုပ် ခဲအံ့'' ဟု လျှောက်၏။

''တစ်ပါး အဘယ်သို့ပြအံ့နည်း''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ မြေကြီးကို ကတ်ကျစ်ကိုကဲ့သို့ လိပ်၍ လက်ကြားဥ် ထားအံ့'' ဟုလျှောက်၏။

''ဤမှတစ်ပါးလည်း အဘယ်သို့ ပြအံ့နည်း''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ ဤမြေကြီးကို အိုးထိန်းစက်ကဲ့သို့ ပြန်၍ပြန်၍ လူအပေါင်းကို မြေဩာကို စားစေအံ့'' ဟု လျှောက်၏။

''ဤမှတစ်ပါး အဘယ်သို့ ပြအံ့နည်း'' ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ မြင်းမိုရ်တောင်ကို ထီးရိုးပြု၍၊ မြေကြီးကိုချီ၍ ထိုထီးရိုးထက် ထား၍ ထီးဆောင်းသော ရဟန်းကဲ့သို့ လက်တစ်ဖက်ကကိုင်၍ ကောင်းကင်ဥ် စကြဝဠာအံ့'' ဤသို့ လျှောက်၏။

''သင်၏တန်ခိုးကို ငါသိ၏''ဟု မိန့်တော်မူ၍၊ ထိုအရှင်မောဂ္ဂလာန်အား ခွင့်ပြုတော်မမူ။

ထိုအရှင်မောဂ္ဂလာန်သည် 'ငါထက် အထူးသဖြင့် လွန်စွာ ပြာဋိဟာကိုပြခြင်းငှာ စွမ်းနိုင်သောသူကို သိတော်မူ၏' ဟုသိ၍ တင့်အပ်စွာရပ်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ''မောဂ္ဂလာန်။ သင်၏ပြာဋိဟာတို့သည် ငါ၏အကျိုးထပ်ခြင်းသည် ယန်းလက်တစ်ခုပ်မျှ မမြင်။ ငါသည် သူတစ်ပါးနှင့်မတူသော ဝန်ကိုဆောင်ခြင်း ရှိ၏။ ငါဘုရားဝန်ကို ဆောင်ခြင်းငှာ တတ်နိုင်သောသူမည်သည် မရှိ။ ယခုအခါ၌ ငါဘုရား၏ဝန်ကို ဆောင်နိုင်သောသူ မဖြစ်။ ဤသို့ မဆောင်ခြင်းသည်

http://www.dhammadownload.com



အံ့ဖွယ် မရှိ။ အဟိတ်တိရစ္ဆာန်၏အမျိုးဌ် ဖြစ်သောအခါဌ်လည်း ငါ၏ဝန်ကို ဆောင်ခြင်းငှာ စွမ်းနိုင်သောသူမည်သည် မဖြစ်သည်သာ''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ အဘယ်ကာလဌ် အဘယ်အပြားဖြင့် တစ်ပါးသောသူသည် မစွမ်းနိုင်သနည်း''ဟု အရှင်မောဂ္ဂလာန် မေးအပ်သော်၊ မြတ်စွာဘုရားသည် ရှေးအကြောင်းကို ဆောင်တော်မူ၍ ကဏ္ဍဉသဘာတ*ကို ဟောတော်မူ၏။ ထိုသို့သောအကြောင်းကို အထူးပြုတော်မူ၍ နဒ္ဒိဝိသာလဇာတ်*ကို အကျယ်အားဖြင့် ဟောတော်မူပြန်၏။

ဤသို့ဟောတော်မူပြီးမှ ၁ သောင်းသော စကြဝဠာအနှံးရေးတိုင်အောင် အလျားရှိသော၊ အရှေ့ အနောက် ဖြစ်သော ရတနာစကြိုကို ဖန်ဆင်းတော်မူ၏။ ၁ သောင်းသောစကြဝဠာတို့ဌ် အစဉ်တည်ကုန်သော၊ ရတနာဖြင့် ပြီးသော မြင်းမိုရ်တောင်တို့ကို သည်တိုင်ကဲ့သို့ ပြုတော်မူ၍၊ ၁ သောင်းသော စကြဝဠာအလျားရှိသော စကြိုကို ကောင်းကင်ပြင်ဌ် ဖန်ဆင်းတော်မူ၏။ ထိုစကြို၏အစွန်းတစ်ဖက်သည် ၁ သောင်းသော စကြဝဠာတို့ဌ် အလုံးစုံသောအဆုံးဖြစ်သော အရှေ့စကြဝဠာအနှံး ရေးဌ် စကြဝဠာအစွန်းကို လွန်၍ တည်၏။ အနောက်စကြဝဠာအနှံးရေးဌ် တစ်ခုသောစကြဝဠာ၏အစွန်းကို ထိုအတူလွန်၍ ဖန်ဆင်းတော်မူ၏။ ဤသို့ ဖန်ဆင်းတော်မူအပ်သော စကြို၏ နံပါး ၂ ဘက်ဌ် ရွှေဖြင့်ပြီးကုန်သောပျဉ်မိုးတို့ ဖြစ်ကုန်၏။ စကြို၏အပိုင်းအခြား ပွတ်တိုင်တို့သည် ရွှေဖြင့် ပြီးကုန်၏။ ပတ္တမြား၊ သံ၊ ပုလဲ၊ သဲတို့ဖြင့် ပြွမ်းကုန်၏။ ဤသို့သော သဘောရှိသော စကြိုသည် ဖြစ်၏။ ၁ သောင်းသောစကြဝဠာတိုင်အောင် အလျားရှိသော စကြိုဌ် သွားတော်မူလျက် အလုံးစုံသောပြာဋိဟာကို ပြတော်မူ၏။

ထိုအခါဌ် ရှေ့တော်ဌ် ၁၂ ယူဇနာသောပရိသတ်သည် ဖြစ်၏။ နောက်တော်ဌ် လည်းကောင်း၊ တောင်ဌ် လည်းကောင်း၊ မြောက်ဌ် လည်းကောင်း ၁၂ ယူဇနာ စီသော ပရိသတ်သည် ဖြစ်၏။ နတ်,ဗြဟ္မာပရိသတ်တို့၏ များသည်၏အဖြစ်ကိုကား ဆိုဖွယ်မရှိ။ ထိုနတ်, ဗြဟ္မာ, လူ ပရိသတ်တို့၏အလယ်ဌ် သာဝကတို့နှင့် မဆက်ဆံသည်ဖြစ်၍ အလုံးစုံသောပြာဋိဟာကို ပြတော်မူ၏။ အဘယ်သို့ ပြသနည်း ဟူမူကား

အထက်ကိုယ်တော်မှ မီးပုံသည် ဖြစ်၏။ အောက်ကိုယ်တော်မှ ရေအယဉ် ထွက်၏။
အောက်ကိုယ်တော်မှ မီးပုံသည် ဖြစ်၏။ အထက်ကိုယ်တော်မှ ရေအယဉ်သည် ထွက်၏။
ရှေ့ကိုယ်တော်မှ မီးပုံ၊ နောက်ကိုယ်တော်မှ ရေအယဉ်။
နောက်ကိုယ်တော်မှ မီးပုံ၊ ရှေ့ကိုယ်တော်မှ ရေအယဉ်သည် ထွက်၏။
လက်ျာမျက်စိတော်မှ လည်းကောင်း၊ လက်ဝဲမျက်စိတော်မှ လည်းကောင်း၊
လက်ယာ နားတွင်းတော်မှ လည်းကောင်း၊ လက်ဝဲနားတွင်းတော်မှ လည်းကောင်း၊
လက်ယာနှာခေါင်းတော်မှ လည်းကောင်း၊ လက်ဝဲ နှာခေါင်းတော်မှ လည်းကောင်း၊
လက်ယာပခုံးတော်မှ လည်းကောင်း၊ လက်ဝဲ ပခုံးတော်မှ လည်းကောင်း၊
လက်ယာလက်တော်မှ လည်းကောင်း၊ လက်ဝဲလက်တော်မှ လည်းကောင်း၊
လက်ယာနံပါးတော်မှ လည်းကောင်း၊ လက်ဝဲ နံပါးတော်မှ လည်းကောင်း၊
လက်ယာ ခြေတော်မှ လည်းကောင်း၊ လက်ဝဲ ခြေတော်မှ လည်းကောင်း၊

* ၅၅၀ ဓာတ်တော်စဉ် ၂၈ ရှု။

http://www.dhammadownload.com



လက်ချောင်းတော်မှ လည်းကောင်း, လက်ချောင်းတော် အကြားတို့မှ လည်းကောင်း၊
တစ်ချောင်းသော အမွေးတော်မှ မီးပုံသည် ဖြစ်၏။ မွေးတွင်းတော်က ရေအယဉ်သည် ဖြစ်၏။
မွေးတွင်းတော်မှ မီးပုံ, တစ်ချောင်းတစ်ချောင်းသော မွေးတော်မှ ရေအယဉ်သည် ဖြစ်၏။
ဤသို့ မီးထွက်သောအရပ်၌ ရေ, ရေထွက်သောအရပ်၌ မီး၊ လှည့်၍လှည့်၍ ထွက်၏။
အညို့, အရွှေ, အနီ, အဖြူ, အမောင်း, ပြိုးပြိုးပြက်သော ရောင်ခြည်၊ ဤ ၆ ပါးတို့၏အလယ်၌ မြတ်စွာဘုရားသည် စကြိုးသွားတော်မူ၏။ ဖန်ဆင်းတော်မူသော ဘုရားသည်လည်း ရပ်တော်မူ၏။
၎င်ပင်ဘုရားသည် ကျိုန်းတော်မူ၏။ နေတော်မူ၏။ ဖန်ဆင်းတော်မူသော ဘုရားသည် ကျိုန်း၏။ နေ၏။
မြတ်စွာဘုရားသည် စကြိုသွားတော်မူ၏။ ရပ်တော်မူ၏။ နေမူ နေတော်မူ၏။ ဖန်ဆင်းတော်မူသော ဘုရားသည် စကြိုး သွားတော်မူ၏။ ရပ်တော်မူလည်း ရပ်၏။ နေမူလည်း နေတော်မူ၏။
ထိုမြတ်စွာဘုရား အထက်ကိုယ်တော်မှ တောဓောကသိုဏ်းကိုဝင်သောအားဖြင့် မီးပုံသည် ဖြစ်၏။ အာပေါကသိုဏ်းကို ဝင်သောအားဖြင့် အောက်ကိုယ်တော်မှ ရေအယဉ်သည် ဖြစ်၏။ တစ်ဖန် ရေအယဉ်ဖြစ်ရာမှ မီးပုံသည် ဖြစ်၏။ ကြင်းသောကိုယ်တော် အစိတ်တို့၌လည်း ဤနည်းအတူ ပြခဲ့၏။ ထိုသို့ဖြစ်ခြင်း၌ မီးသည် ရေအယဉ်နှင့် မရော။ ရေအယဉ်သည်လည်း မီးပုံနှင့် မရော။
မီးပုံ, ရေအယဉ်သည် ဗြဟ္မာပြည်တိုင်အောင် တက်၍ ၁ သောင်းသော စကြဝဠာတို့၌ အလုံးစုံသော စကြဝဠာအနားရေးသို့ ရောက်၏။ အရောင်တို့တွင်လည်း ၇ ခုမြောက်သောအရောင်သည် ရွှေ့ အရောင်၏အစုံဖြစ်၍ တစ်ပြိုင်နက် ဖြစ်ကြကုန်၏။ အိုးဖြင့် သွန်အပ်သော ရွှေရည်ချောင်းကဲ့သို့, ယန္တရားမှထွက်သော ရွှေရည်ကဲ့သို့ စကြဝဠာတိုက်၌ ဗြဟ္မာပြည်တိုင်အောင် ပျံ့လတ်၍ စကြဝဠာအနားရေး၌ တည်ကုန်၏။ အလုံးစုံသော စကြဝဠာသည် ဆန်းကြယ်စွာသော အကွပ်အချင်းဖြင့် ဆန်းကြယ်သောဗောဓိအိမ်ကဲ့သို့ တစ်ပြိုင်နက်သော အလင်းသည် ဖြစ်၏။
မြတ်စွာဘုရားသည် ထိုနေ့၌ စကြိုသွားတော်မူ၍၊ ပြာဋိဟာကိုပြတော်မူလျက် အကြားအကြား၌ လူအပေါင်းကို တရားဟောတော်မူ၏။ ထိုသို့ တရားဟောတော်မူသော မြတ်စွာဘုရားသည်လည်း လူအပေါင်းကို အားမထုတ်ခြင်းကို မပေးမူ၍၊ နှစ်သက်သောအကြိမ်ကို ပေးတော်မူ၍ ထိုခဏ၌ လူအပေါင်းသည် ကောင်းချီးပေး၏။
ထိုလူအပေါင်းတို့၏ ကောင်းချီးဖြစ်သောအခါ၌ မြတ်စွာဘုရားသည် ထို များစွာသောပရိသတ်တို့၏ စိတ်ကို ဆင်ခြင်တော်မူသည်ရှိသော် တစ်ယောက်တစ်ယောက်သောသူ၏ ၁၆ ပါးကုန်သောအခြင်းအရာဖြင့် စိတ်ကို မြင်တော်မူ၏။ ဤသို့ မြတ်စွာဘုရားတို့၏စိတ်တော်သည်လျှင် လျင်သောအမြင် ရှိ၏။
အကြင် အကြင်သူသည် အကြင်တရားတော်၌ လည်းကောင်း, အကြင် ပြာဋိဟာ၌ လည်းကောင်း ကြည်ညိုစွာ ဖြစ်၏။ ထိုထိုသောသူတို့၏အလိုအားဖြင့် တရားကိုလည်း ဟောတော်မူ၏။ ပြာဋိဟာကိုလည်း ပြတော်မူ၏
မြတ်စွာဘုရားတရားသည်ကား ထိုအစည်းအဝေး၌ မြတ်စွာဘုရားစိတ်တော်ကိုသိ၍ ပြဿနာကို မေးခြင်းဟု စွမ်းနိုင်သူကို မမြင်သောကြောင့် နိမ္မိတဘုရားတို့ကို ဖန်ဆင်းတော်မူ၏။ ထိုဖန်ဆင်းအပ်သော ဘုရားသည်ကား ၁ ဆူ လည်းကောင်း၊ ၂ ဆူသည် လည်းကောင်း အစဉ်အားဖြင့်များသော အရာသောဘုရားတို့သည် ဖြစ်ကုန်၏။

http://www.dhammadownload.com



ထိုနိမ္မိတဘုရားတို့သည် မေးအပ်သောပြဿနာကို မြတ်စွာဘုရား ဖြေတော်မူ၏။ မြတ်စွာဘုရား မေးအပ်သောပြဿနာကို နိမ္မိတဘုရား ဖြေတော်မူ၏။

ရပ်ခြင်း အစရှိသည်တို့၌လည်း များစွာသော နိမ္မိတဘုရားတို့သည် တချို့ကားရပ်ကုန်။ တချို့ကား နိမ္မိတဘုရားတို့သည် စင်္ကြံသွားကုန်၏။ တချို့သော ဘုရားတို့သည် အိပ်ခြင်းကို ပြုကုန်၏။

ထိုအခါ၌ အညို့, အရွေ အစရှိသော အရောင်တော်တို့သည် လည်းကောင်း၊ မီးပုံ, ရေအယဉ်တို့သည် လည်းကောင်း၊ နိမ္မိတဘုရားတို့သည် လည်းကောင်း၊ ကောင်းကင်၌ ပြွမ်းကုန်သည်ဖြစ်၍၊ ဆက်ဆံခြင်း မရှိ နှိုင်းယှဉ်ခြင်းဥပမာ ရှိသည်ကို ပြ၍ ကောင်းကင်ကို တန်ဆာဆင်ကုန်၏။

များစွာသော နတ်,လူတို့သည် ချီးမွမ်းသောစကားကို ဆိုကုန်၏။ ကောင်းကင်၌ နတ်အပေါင်းတို့သည် စည်းဝေးကုန်၏။ နတ်တို့သည် ပန်းမိုးကို ရွာစေကုန်၏။ နတ်၌ဖြစ်ကုန်သော, လူ၌ဖြစ်ကုန်သော ၅ ပါးသော ဓောင်း, ငြင်းအသံတို့သည် တစ်ပြိုင်နက်သော်တင်သံသည် ဖြစ်၏။ တစ်ပြိုင်နက်သော ကြီးစွာသော သဘင်သည် ဖြစ်၏။

ဤသို့ ပြာဋိဟာကိုပြတော်မူသော မြတ်စွာဘုရားပြာဋိဟာကို မြင်၍၊ တရားတော်ကို နာ၍ ထိုအစည်းအဝေး၌ ကုဋေ ၈၀ သောလူတို့သည် မဂ်ဖိုလ်တရားကို ရကုန်၏။

မဟာဗောဓိပလ္လင်၌ ၈ ရက်မြောက်သော နေ့၌ နတ်တို့၏ယုံမှားခြင်းကို ဖျောက်တော်မူ၍ ပြတော်မူသော ပြာဋိဟာသည် လည်းကောင်း၊ ကပိလဝတ်ပြည်၌ ဆွေတော်မျိုးတော်တို့အား ကြည်ညိုစိမ့်သောငှာ ပြတော်မူသော ပြာဋိဟာသည် လည်းကောင်း၊ ပါဋိဂရာသူသား ပရိဗိုဇ်ရဟန်းသည် 'ရှင်ပင်ဘုရားနှင့် ပြာဋိဟာ ပြအံ့'ဟုဆို၍ စည်းဝေးသော ထိုပရိသတ်ပေါင်း၌ ဖြစ်တော်မူသော ပြာဋိဟာသည် လည်းကောင်း အလုံးစုံပြတော်မူသော အခြင်းအရာသည် 'ကဏ္ဍမ္ဗ'အမည်ရှိသော သရက်ပင်၏အနီး၌ ပြတော်မူသော ပြာဋိဟာနှင့် အတူတည်း။ ဤသို့လျှင် ဆဋ္ဌမမြောက်သောနှစ်၌ များစွာသော နတ်, လူတို့အား တရားဟောတော်မူခြင်း ပြာဋိဟာကိုပြတော်မူခြင်းဖြင့် မဂ်,ဖိုလ်ကို ပေးတော်မူ၏။

http://www.dhammadownload.com



## သတ္တမဝါဆိုစဉ်ကို ပြခြင်း

ပြာဋိဟာကို ပြတော်မူပြီးသော် မြတ်စွာဘုရားသည် 'ရှေးမြတ်စွာဘုရားတို့သည် ဤသို့သော ပြာဋိဟာကို ပြတော်မူ၍၊ အဘယ်အရပ်၌ ဝါဆိုတော်မူသနည်း' ဟု ဆင်ခြင်တော်မူသော်၊ 'တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူကုန်၍ မယ်တော်အား အဘိဓမ္မာတရားကို ဟောတော်မူကုန်၏' ဟု မြင်တော်မူ၍၊ လက်ယာခြေတော်ကို ချီတော်မူ၍၊ 'ယုဂန္ဓိရ်တောင်ထိပ်၌ ထားအံ့' ဟု ကြံတော်မူ၏။ ထို ကြံတော်မူသောခဏ၌ ယူဇနာ ၄ သောင်း ၂ ထောင်အစောက်ရှိသော ယုဂန္ဓိရ်တောင်သည် ညွတ်လတ်၍ လက်ယာခြေကို ခံ၏။ ထိုနောင်မှ လက်ဝဲခြေကို ချီတော်မူလျှင် ယူဇနာ ၈ သောင်း ၄ ထောင်အတိုင်းအရှည်ရှိသော မြင်းမိုရ်တောင်သည် ညွတ်၍ လက်ဝဲခြေတော်ကို ခံ၏။ ထိုသို့ညွတ်သောတောင်ကို မမြင်သောသူမည်သည် မရှိ။

မြတ်စွာဘုရားသည် ထိုမျှအတိုင်းအရှည် ရှိသောအရပ်သို့ ခြေတော်ကို လှမ်းခြင်းမျှ မရှိ။ တန်ခိုးအရာ မည်သည်ကား အစိန္တေယျတည်း။

ဤသို့ ရှင်ပင်ဘုရားသည် ၂ ဖဝါးတို့ဖြင့် သိကြားပြည်သို့ ရောက်တော်မူ၏။ သိကြားမင်းသည် မြတ်စွာဘုရားကို မြင်၍၊ ရှင်ပင်ဘုရားသည် ပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ဤဝါဆိုတော် မူဖွယ်ရှိရာ၊ များစွာသော လူ,နတ်တို့အား ကျေးဇူးများစွာဖွယ် ဖြစ်လတ္တံ့။ ဤပဏ္ဍုကမ္ဗလာကျောက်နေရာ၌ ရှင်ပင်ဘုရားသည် ဝါဆိုကပ်တော်မူသည်ရှိသော် တစ်ပါးသောသူသည် လက်ကိုမျှလည်း တင်ခြင်းငှာ မထိုက်။ ဤပဏ္ဍုကမ္ဗလာ ပတ္တမြားကျောက်နေရာသည် အလျား ယူဇနာ ၆၀, အနံ ယူဇနာ ၅၀, အထူ ၁၅ ယူဇနာတည်း။ မြတ်စွာဘုရားသည် နေတော်မူသည်ရှိသော်လည်း အချည်းနှီးကဲ့သို့ ဖြစ်လတ္တံ့။ နေရာ၌ နေသူ မရှိသကဲ့သို့ ဖြစ်လတ္တံ့' ဤသို့ သိကြားမင်းသည် ကြံ၏။

မြတ်စွာဘုရားသည် ထိုသိကြားမင်းအကြံကို သိတော်မူ၍၊ ရှင်ပင်ဘုရားသည် သင်္ကန်းတော်ကို အလျား ယူဇနာ ၆၀, အနံယူဇနာ ၅၀, အထူ ၁၅ ယူဇနာရှိသော ပဏ္ဍုကမ္ဗလာ ပတ္တမြားကျောက်ဖျာအပြင်ကို လွှမ်းတော်မူသည်ဖြစ်၍ ဖုံးမိ၏။

ထိုအခါ၌ သင်္ကန်းတော်ကို ရှေးဦးစွာလွှမ်းသည်ဖြစ်၍ ဖုံးတော်မူပြီးမှ 'ရှင်ပင်ဘုရားသည် ငယ်သော နေရာ၌ နေလတ္တံ့' ဟူ၍ ကြံ၏။

ထိုသိကြားအကြံကို မြတ်စွာဘုရား သိတော်မူ၍ အင်းပျဉ်ငယ်၌ ပုံသကူလိကာမထေရ်သည် နေသကဲ့သို့ မြတ်စွာဘုရားသည် အလုံးစုံသော ပဏ္ဍုကမ္ဗလာ ကျောက်နေရာကို ထက်ဝယ်အဆုံးကို ပြ၍ နေတော်မူ၏။

သိကြားမင်းလည်း မိမိအပြစ်ကို မြင်၍၊ 'ငါ၏ အတိုင်းအရှည်ကိုမသိခြင်းသည် များစွာသောအကျိုးမဲ့ဖြစ်၏။ ဘုရားတို့မည်သည်ကား အဘယ်သို့သဘော ရှိတော်မူကုန်သနည်း။ ဘုရားကျေးဇူးတော်တို့သည် အဘယ်သို့အတိုင်းအရှည် ရှိကုန်သနည်း။ ဤသို့ မကြံအပ်သောကျေးဇူး ရှိတော်မူသော မြတ်စွာဘုရားအား ဤသို့ ငါကြံမိ၏' ဟု မိမိအပြစ်ကို ထင်စွာပြ၍၊ ''သည်းခံတော်မူပါ'' ဟု လျှောက်၏။

http://www.dhammadownload.com



လူ့ပြည်၌ ထိုပြာဋိဟာကို ကြည့်သောလူတို့သည် ထိုဓာတ်၌ မြတ်စွာဘုရားကို မမြင်၍၊ ''လအထောင်, နေအထောင်ကဲ့သို့ ဝင်သောကာလကဲ့သို့ ဖြစ်၏။ အဘယ်သို့ အကြောင်းဖြစ်သနည်း'' ဟု 'ဂတော စိတ္တကုဋ်ဝါပိ ကေလာသံဝါ၊ ယုဂန္ဓရံ နနောဒဋ္ဌေမု သမုဒံ၊ လောကဓေဋ္ဌံ နရာသဘံ။'

''ငါတို့ရှင်ပင်ဘုရားသည် စိတ္တကုဋ်တောင်သို့ သွားတော်မူသလော။ ကေလာသတောင်သို့တည်း သွားတော်မူသလော။ ယုဂန္ဓိရ်တောင်သို့တည်း သွားတော်မူသလော။ အနဝတတ်အိုင်သို့တည်း သွားတော်မူသလော။ သမုဒ္ဒရာသို့တည်း သွားတော်မူသလော။ လောကဓာတ်ကြီးဖြစ်တော်မူသော လူတို့၏အမြတ် မြတ်စွာဘုရားကို ငါတို့ မမြင်ရကုန်တကား'' ဟု ဤဂါထာကိုဆို၍ ငိုမြည်တမ်းကုန်၏။

''မြတ်စွာဘုရားတို့မည်သည်ကား ဆိတ်ငြိမ်ရာအရပ်၌သာလျှင် မွေ့လျော်တော်မူ၏။ ထိုမြတ်စွာဘုရားသည် 'ဤသို့သောပရိသတ်၌ ဤသို့သောပြာဋိဟာကို ငါ ပြမိ၏' ဟု ရွက်သဖြင့် တစ်ပါးသောအရပ်သို့ သွားတော်မူသည် ဖြစ်လတ္တံ့'' ဟု တစ်ပါးသောသူတို့ ဆိုကုန်လျက်၊ ''ယခု ထိုမြတ်စွာဘုရားကို ငါတို့ မမြင်ရကုန်လတ္တံ့'' ဟု

'ပဝိဝေကရတောဝိရော၊ နိမံ လောကံ ပုနေဟိတိ။

နနောဒဋ္ဌောမသ သမ္မုဒ္ဒ၊ လောကဓေဋ္ဌံနရာ သဘံ။ ။'

''ငါတို့ရှင်ပင်ဘုရားသည် ဆိတ်ငြိမ်ရာအရပ်သို့ သွားတော်မူ၏။ ဤလောကသို့ တစ်ဖန် လာလတ္တံ့။ လောကဓာတ်ကြီး ဖြစ်တော်မူသော သူတို့၏အမြတ် ငါတို့၏မြတ်စွာဘုရားကို မမြင်ရကုန် လတ္တံ့။'' ဟု ဤဂါထာကို ဆို၍ ငိုမြည်တမ်းကုန်၏။

ထိုပရိသတ်တို့သည် အရှင်မောဂ္ဂလာန်ကို ''ရှင်ပင်ဘုရား။ မြတ်စွာဘုရားသည် အဘယ်မှာနည်း'' ဟု မေးကုန်၏။ ထို ရှင်မောဂ္ဂလာန်သည် သခင် သိတော်မူသော်လည်း 'တစ်ပါးသောသခင်တို့၏ ကျေးဇူးသည် ထင်ရှားဖြစ်စေကုန်' ဟု ကြံတော်မူ၍၊ ''ရှင်အနုရုဒ္ဓါကို မေးကုန်လော့'' ဟု တိုက်တွန်းတော်မူ၏။ ထိုလူတို့သည်လည်း အနုရုဒ္ဓါကို မေးကုန်၏။

ရှင်အနုရုဒ္ဓါလည်း ''တာဝတိံသာနတ်ပြည် ပဏ္ဍုကမ္ဗလာ ကျောက်နေရာ၌ ဝါဆိုကပ်တော်မူ၍ မယ်တော်နတ်သား အမှူးရှိကုန်သော နတ်တို့အား အဘိဓမ္မာတရားကို ဟောတော်မူခြင်းငှာ သွားတော်မူသတည်း'' ဟု ရှင်အနုရုဒ္ဓါ မိန့်တော်မူ၏။

''အရှင်ဘုရား။ ဘယ်ကာလ၌ မြတ်စွာဘုရား လာတော် မူပါလတ္တံ့နည်း'' ဟု မေးကုန်၏။

''ဝါတွင်း ၃ ပတ်လုံး အဘိဓမ္မာတရားကို ဟောတော်မူ၍ သီတင်းကျွတ်လပြည့် မဟာပဝါရဏာနေ့၌ လာတော်မူလတ္တံ့'' ဟု ဆိုတော်မူ၏။

ထိုပရိသတ်တို့လည်း ''မြတ်စွာဘုရားကိုမမြင်ဘဲကို ငါတို့သည် မသွားပြီ'' ဟု ပြာဋိဟာ ပြတော်မူသော အရပ်၌သာလျှင် သစ်ခက်မိုးတဲကို ပြုကုန်၏။ ထိုပရိသတ်တို့၏အမိုးလည်း ကောင်းကင်သာလျှင် အမိုး ဖြစ်၏။ ထို ၇၂ ယူဇနာ အဝန်းရှိသော ပရိသတ်၏ ၃၆ ယူဇနာ အဝန်းရှိသော လူပရိသတ်၏ကိုယ်၏ အညစ်အကြေးသည် မထင်။ ဟင်းလင်းသော မြေသို့ ဝင်၍ အလုံးစုံသောအရပ်၌ စင်ကြယ်စွာ ပကတိမြေ အပြင်သာလျှင် ဖြစ်၏။

မြတ်စွာဘုရားသည် တာဝတိံသာသို့ တက်တော်မမူမီသာလျှင်၊ ''သင်သည် ဤပရိသတ်အား တရားဟောလော့။ စူဠအနာထပိဏ္ဍိကသူဌေးသည် အာဟာရကို ပေးလတ္တံ့'' ဟု ရှင်မောဂ္ဂလာန်ကို မိန့်တော်မူ၏။

ထိုကြောင့် ဝါတွင်း ၃ လပတ်လုံး စူဠအနာထပိဏ္ဍိကသူဌေးသည် နံနက်စောစော ယာဂု, ခဲဖွယ်, ကွမ်း, နံ့သာ, တန်ဆာတို့ကို ထိုပရိသတ်အား ပေး၏။ ရှင်မောဂ္ဂလာန်လည်း ထိုပရိသတ်တို့အား တရားဟောတော်မူ၏။

http://www.dhammadownload.com



## မြတ်စွာဘုရား အဘိဓမ္မာတရားတော် ဟောကြားခြင်း

အဘိဓမ္မာတရား ဟောတော်မူခြင်းငှာ ပဏ္ဍုကမွေလာကျောက်နေရာ၌ ဝါသို့ကပ်တော်မူသော မြတ်စွာဘုရားကိုလည်း ၁ သောင်းသော စကြဝဠာမှလာကုန်သော နတ်, ဗြဟ္မာတို့သည် ခြံရံကုန်၏။ ထိုကြောင့်

'တာဝတိံသေ ယဒါ ဗုဒ္ဓေါ၊ သီလာယံပဏ္ဍုကမ္ဗလေ။
ပါရိစ္ဆိတ္တကမူလမ္ဟိ၊ ဝိယာသိ ပုရိသုတ္တမေ။'
'ဒသသု လောကဓာတုသု၊ သန္နိပတိတွာန ဒေဝတာ ပယိ ရူပါသန္တိ။
သမ္မဒ္ဒံဝသန္တ နံ ဗုဒ္ဓနိ၊ နံ ကောစိ ဒေဝေါ ဝဏ္ဏေန သမ္မဒ္ဒသာပိရော စ တိ။
သမ္မေဒေဝေ အဝိဂယှ၊ သမ္မဒ္ဒေါ ဝဝိရောစတိ။ ။' ဟုမိန့်တော်မူကုန်၏။

အဓိပ္ပာယ်ကား

''အကြင်အခါ၌ မြတ်စွာဘုရားသည် တာဝတိံသာနတ်ပြည်၌ ပင်လယ်ကသစ်ပင်၏အနီး ပဏ္ဍုကမွေလာကျောက်ဖျာ၌ နေတော်မူ၏။ သုဒဿနတောင်ထိပ်၌ နေတော်မူသော မြတ်စွာဘုရားကို ထိုအခါ၌ ၁ သောင်းသောလောကဓာတ်၌နေသော နတ်, ဗြဟ္မာတို့သည် စည်းဝေး၍ ဆည်းကပ်၏။ ထိုနတ်တို့တွင် တစ်ယောက်သောနတ်သည်မျှ မြတ်စွာဘုရားအဆင်းတော်ထက် မတင့်တယ်။ အလုံးစုံသောနတ်တို့ကို နှိပ်စက်၍ မြတ်စွာဘုရားသည်သာလျှင် လွန်စွာတင့်တယ်တော်မူ၏''ဟူလိုသော။

ဤသို့ မြတ်စွာဘုရား နေတော်မူပြီးသော် မယ်တော်ဖြစ်ဖူးသော နတ်သားသည် တုသိတာနတ်ပြည်မှလာ၍၊ ရှိသေစွာရှိခိုး၍ လက်ယာတော်က နေ၏။ ဣန္ဒနကနတ်သားသည်လည်းလာ၍ လက်ယာတော်က နေ၏။ အကုံရနတ်သားသည်လည်း လက်ဝဲတော်က နေ၏။ ထို အကုံရနတ်သားသည် တန်ခိုးကြီးသောနတ်တို့လာကုန်သည်ရှိသော် ဖဲ၍ ၂ ယူဇနာရှိသောအရပ်၌ နေရာကို ရ၏။ ဣန္ဒနကနတ်သားမူကား မဖဲမူ၍ ထိုနေမြဲအရပ်၌ပင်လျှင် နေ၏။

မြတ်စွာဘုရားသည် ထို အကုံရ, ဣန္ဒနကနတ်သားတို့ကို ကြည့်တော်မူ၍၊ မြတ်စွာဘုရားသာသနာတော်၌ မြတ်သောအလှူခံပုဂ္ဂိုလ်တို့အား ပေးသောအလှူ၏ အကျိုးကြီးသည်၏အဖြစ်ကို သိစေလိုသည်ဖြစ်၍၊

''အကုံရနတ်သား။ အနှစ်ထောင် အရှည်ရှိသော ကာလပတ်လုံး ၁၂ ယူဇနာတိုင်အောင် ခုံလောက်အစဉ်ကိုပြု၍ ကြီးစွာသောအလှူတို့ကို သင် လှူ၏။ ထိုသို့ များစွာသောအလှူကိုပေးသော သင်သည် ငါ၏ အစည်းအဝေးသို့ လာ၍နေ့ပြီးမှ ဝေးသော ၁၂ ယူဇနာသောအရပ်၌ နေ၏။ ဤသို့နေရခြင်း၌ အကြောင်းသည် အသို့နည်း'' ဟုမေးတော်မူ၏။ ထိုသို့မေးတော်မူသော အသံတော်သည် မြေအပြင်သို့ရောက်၍ အလုံးစုံသောပရိသတ်တို့သည် ထိုအသံတော်ကို ကြား၏။

ဤသို့မေးသည်ရှိသော် အကုံရနတ်သားသည် ''ရှင်ပင်ဘုရား။ အလှူခံမြတ်တို့အား မလှူရသောကြောင့် များစွာသော အကျွန်ုပ်လှူသော အလှူ၏အကျိုးသည် နည်းချေသည်။ ဣန္ဒနကနတ်သားသည်မူကား မြတ်သော

http://www.dhammadownload.com



အလှူခံတို့အား အနည်းငယ်သောဆွမ်းကို လှူ၍၊ ကြယ်အပေါင်းအလယ်၌ လမင်းသည် တင့်တယ်သကဲ့သို့ အကျွန်ုပ်ထက် လွန်၍ တင့်တယ်သတည်း''ဟု လျှောက်၏။

ဤသို့လျှောက်သည်ရှိသော် မြတ်စွာဘုရားသည် ဣန္ဒကနတ်သားကို

''ဣန္ဒက။ သင်သည် ငါ၏ လက်ယာတော်၌နေလျက် အဘယ်ကြောင့် မဖဲမူ၍သာလျှင် နေရသနည်း'' ဟု မေးတော်မူ၏။

ထိုဣန္ဒက နတ်သားလည်း ''ရှင်ပင်ဘုရား။ လယ်လုပ်သောယောကျ်ားသည် ကောင်းသောလယ်မြေ၌ အနည်းသော မျိုးစေ့ကို ပျိုးရသကဲ့သို့ မြတ်သောအလှူခံကို အကျွန်ုပ် လှူရ၏''ဟု အလှူခံမြတ်တို့ကို ကြားလိုသည်ဖြစ်၍၊

'ဥဇ္ဈဂံလေ ယထာ ခေတ္တေ၊ ဗီဇံ ဗဟုမ္ဖိရောပိတံ၊

နု ဝိပုလံ ဖလံ ဟောတိ၊ နာပိ တော သေတိ ကဿက။ ။' အစရှိသောဂါထာတို့ဖြင့် လျှောက်၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား

''ရှင်ပင်ဘုရား။ အကြင် လယ်လုပ်သောယောကျ်ားသည် ကျောက်စရစ်မြေဖြစ်သောလယ်၌ များစွာမျိုးစေ့ကို ကြဲအပ်၏။ ထိုကျောက်စရစ်မြေ၌ မျိုးစေ့စပါးသည် များစွာသောအသီး မဖြစ်။ လယ်လုပ်သောယောကျ်ားသို့ မနှစ်သက်စေသကဲ့သို့၊ ထို့အတူ သီလ မရှိသောသူတို့၌ များစွာသော အလှူကို ပေး၏။ ထိုအလှူ၏အကျိုးသည် များစွာပြန့်ပွားသည် မဖြစ်။ အလှူပေးသောသူကိုလည်း ထိုအလှူ၏ အကျိုးသည် နှစ်သက်ခြင်းကို မဖြစ်စေနိုင်။

''ရှင်ပင်ဘုရား။ အကြင် လယ်လုပ်သောယောကျ်ားသည် ကောင်းသောလယ်၌ အနည်းငယ်သော မျိုးစေ့ကို စိုက်ပျိုး၏။ ကောင်းစွာမိုးရွာသည်ရှိသော် ထိုကောက်၏အသီးသည် လယ်လုပ်သောယောကျ်ားကို နှစ်သက်စေသကဲ့သို့၊ ထိုအတူ 'တာဒိ' ကျေးဇူးရှိကုန်သော သီလရှိသော အလှူခံတို့၌ နည်းသောအလှူကို ရ၏။ အကျိုးသည် ကြီးသည်ဖြစ်၏''ဟု ဤသို့ လျှောက်၏။

ထိုဣန္ဒကနတ်သား၏ ကောင်းမှုသည် အဘယ်သို့နည်းဟူမူကား-ထိုဣန္ဒကနတ်သားသည် ရွာတွင်းသို့ ဆွမ်းခံဝင်တော်မူသော အရှင်အနုရုဒ္ဓါအား တစ်ယောက်မသောဆွမ်းကို လှူ၏။ ထိုတစ်ယောက်မသော ဆွမ်း၏ အကျိုးသည် အနှစ် ၁၀၀၀ ကာလပတ်လုံး ၁၂ ယူဇနာရှိသော ခုံလောက်အစဉ်ကိုပြု၍ အကုံရနတ်သားသည် ပေးသော အလှူထက် အထူးသဖြင့် အကျိုးရှိသည် ဖြစ်၏။

ဤသို့ လျှောက်သည်ရှိသော်၊ 'အကုံရ။ အလှူကို ရွေး၍ ပေးခြင်းငှာ သင့်၏။ ဤသို့ ရွေး၍လှူသည်ရှိသော် ကောင်းသောလယ်၌စိုက်အပ်သော မျိုးကဲ့သို့ များစွာသောအကျိုး ရှိသည်ဖြစ်၏။ သင်သည်ကား ထိုကဲ့သို့ အလှူကို ပြု၏။ အကုံရ၏အလှူသည် ထိုသို့သောအကြောင်းကြောင့်သာလျှင် အကျိုးကြီးသည် မဖြစ်'

ဤသို့သောအကြောင်းကို ထင်ရှားပြတော်မူလိုသော မြတ်စွာဘုရားသည်

'ဝိစေယျ ဒါနံ ဒါတဗ္ဗံ၊ ယတ္ထဒိန္နံ မဟပ္ဖလံ။

ဝိစေယျ ဒါနံ သုဂတပ္ပသတ္ထံ၊ ယေ ဒက္ခိဏေယျာ ဣဓံဇီဝလောကေ။

ဧတေသု ဒိန္နာနိ မဟပ္ဖလာနိ၊ ဇီဇာနိ ဝုတ္တာနိ ယထာ သုခေတ္တေ။ ။' ဟူသော ဤဂါထာတို့ကို ဟောတော်မူ၏။

http://www.dhammadownload.com



ဤဂါထာ၏ အဓိပ္ပာယ်ကား

"အကုံရ, ဣန္ဒကတို့။ ရွေး၍ အလှူကို လှူအပ်၏။ အကြင် အလှူခံကောင်း၌ ပေးအပ်သော ဒါနစေတနာသည် များစွာသောအကျိုး ရှိ၏။ ရွေး၍လှူခြင်းကို မြတ်စွာဘုရားတို့သည် ချီးမွမ်းအပ်၏။ ဤလောက၌ အကြင်သူတို့သည် မြတ်သောအလှူခံ ဖြစ်ကုန်၏။ ထိုမြတ်သောအလှူခံတို့၌ ပေးအပ်သော အလှူတို့သည် ကောင်းသောလယ်မြေ၌ ပျိုးအပ်သောမျိုးစေ့ကဲ့သို့ ကြီးသော အကျိုးရှိသည် ဖြစ်ကုန်၏" ဟူလိုသော။

ဤသို့ ဟောတော်မူပြီး၍ ထိုထက်အလွန်လည်း တရားဟောတော်မူသော မြတ်စွာဘုရားသည်

'တိဏဒေါသာနိ ခေတ္တာနိ၊ ရာဂဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတရာဂေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
'တိဏဒေါသာနိ ခေတ္တာနိ၊ ဒေါသဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတဒေါသေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
'တိဏဒေါသာနိ ခေတ္တာနိ၊ မောဟဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝီတမောဟေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။
'တိဏဒေါသာနိ ခေတ္တာနိ၊ ဣစ္ဆာဒေါသာ အယံ ပဇာ။
တသ္မာ ဟိ ဝိဂတိစ္ဆေသု၊ ဒိန္နံ ဟောတိ မဟပ္ဖလံ။ ။' ဟူသောဂါထာကို ဟောတော်မူ၏။

ဤဂါထာ၏ အဓိပ္ပာယ်ကား

"အကုံရ, ဣန္ဒကတို့။ အကြင်လယ်တို့ကို မြက်တို့သည် ဖျက်ကုန်၏။ ဤသတ္တဝါအပေါင်းကို ရာဂတို့သည် ဖျက်ကုန်၏။ ထိုကြောင့်သာလျှင် ရာဂကင်းသောပုဂ္ဂိုလ်တို့အား ပေးအပ်သော အလှူသည် များသော အကျိုးရှိသည် ဖြစ်၏။

"ထို့အတူ လယ်တို့ကို မြက်တို့သည် ဖျက်ကုန်၏။ ဤသတ္တဝါအပေါင်းတို့ကို ဒေါသ, မောဟ အားကြီးခြင်းတို့သည် ဖြစ်ကုန်၏။

"ကင်းသောဒေါသ, ကင်းသောမောဟ, ကင်းသောအလိုကြီးခြင်း ရှိသောသူတို့၌ လှူခြင်းသည် များသောအကျိုးရှိ၏ဟု ဟောတော်မူ လိုသည်။ အကျိုးနှင့်တကွ ဖြစ်၏။"

ထိုသို့ အကုံရ, ဣန္ဒကနတ်တို့အား ဤတရားကို ဟောတော်မူပြီးမှ မယ်တော်နတ်သား အမှူးရှိသော ၁ သောင်းသော စကြဝဠာမှလာသော နတ်, ဗြဟ္မာပရိသတ်အလယ်၌ နေတော်မူလျက် မယ်တော်နတ်သားကို အမှူးပြု၍ 'ကုသလာဓမ္မာ, အကုသလာဓမ္မာ, အဗျာကတာဓမ္မာ၊ ဤသို့ အစရှိသောနည်းဖြင့် အဘိဓမ္မာပိဋကတ်ကို ဟောတော်မူ၏။

ဤသို့ဝါတွင်း ၃ လပတ်လုံး မပြတ် အဘိဓမ္မာပိဋကတ်ကိုဟောတော်မူသော မြတ်စွာဘုရားသည် ဆွမ်းခံအချိန်ကို မှတ်တော်မူ၍၊ အကြင်မျှကာလပတ်လုံး ငါလာသည်တိုင်အောင် တရားကို ဟောစေသတည်း' ဟု အဓိဋ္ဌာန်တော်မူ၍၊ နိမိ္မတဗုဒ္ဓကို ဖန်ဆင်းတော်မူ၍၊ ဟိမဝန္တာသို့ သွားတော်မူ၍ နတ်တို့ ကပ်အပ်သော ကွန်ရိုးတံပူကို ဘုဉ်းပေးတော်မူ၏။ ကိုယ်,လက် သုတ်သင်တော်မူပြီး၍၊ ဆေးဒန်းမြင်းသီလာအပြင်၌ ရပ်တော်မူ၍၊ ကောင်းစွာ နီသော ၂ ထပ်သောသင်းပိုင်တော်ကို ပြင်ဝတ်တော်မူ၍၊ လျှပ်စစ်နွယ်နှင့်တူသော ခါးပန်းကို ပန်းတော်မူ၍၊ တိမ်နှင့်တူသော သင်္ကန်းကို ရုံတော်မူ၍၊ စတုမဟာရာဇ်ကပ်အပ်သော ကျောက်သပိတ်ကို ယူတော်မူ၍ ရွှေဂူမှ ကျက်စားအံ့သောငှာ ထွက်သော ခြင်္သေ့မင်းကဲ့သို့ ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံသွားတော်မူ၏။

http://www.dhammadownload.com



ထို ဥတ္တရကုရုကျွန်းမှ ဆွမ်းကို ဆောင်တော်မူခဲ့၍၊ အနဝတတ်အိုင်၏အနီး၌ ဘုဉ်းပေးတော်မူ၍၊ နေ့နေခြင်းဂုဏ စန္ဒကူးတောင်သို့ ဝင်၍ နေတော်မူ၏။

ထိုအခါ၌ ဝတ်ပြုအံ့သောဂုဏလာသော ရှင်သာရိပုတ္တရာအား "ရှင်သာရိပုတ္တရာ။ ယနေ့ ဤမျှသောတရားကို ဟောတော်မူ၏။ နိမ္မိတဘုရားလည်း ဤမျှသောတရားကို ဟောတော်မူလိမ့်မည်'ဟု သမုဒ္ဒရာကမ်းနား၌ရပ်၍၊ လက်ကိုဆန့်၍ 'ဤသည်ကား သမုဒ္ဒရာတည်း'ဟု ပြသကဲ့သို့ နည်းကို ပေးတော်မူ၏။ ထေရ်ဖြစ်သော ရှင်သာရိပုတ္တရာအား နည်းအရာ, နည်းအထောင်, နည်းအသိန်းဖြင့် ဟောတော်မူအပ်သော တရားတော်သည် ထင်၏။ "သာရိပုတ္တရာ။ သာရိပုတ္တရာတပည့်တို့ကို သင်လော့"ဟု မိန့်တော်မူ၏။ မြတ်စွာဘုရားလည်း နေမြဲတော်မူ၏။

တရားဟောတော်မူအပ်သော အချိန်၌ တာဝတိံသာနတ်ပြည်သို့ တက်တော်မူ၍၊ အဘိဓမ္မာတရားကို ဟောတော်မူ၍ သက်တော်မူသည်ကို လည်းကောင်း, လာတော်မူသည်ကို လည်းကောင်း တန်ခိုးကြီးသော နတ်တို့သည် သိကုန်၏။

မြတ်စွာဘုရား, နိမ္မိတဘုရား၊ ဤဘုရား ၂ ဆူ ၂ ပါးတို့၏ အရောင်တော် အစရှိသည်တို့၌ ထူးပြားခြင်း မရှိသည်၏အဖြစ်ကြောင့် တန်ခိုးနည်းသောနတ်တို့သည် မသိကုန်။ မြတ်စွာဘုရားသည် နိမ္မိတဘုရား ဟောတော်မူသော အဆုံးမှ ဆက်၍ ဟောတော်မူ၏။ ဤသို့သောနည်းအားဖြင့် ဟောတော်မူသော ဒေသနာတော်သည် သီတင်းကျွတ်လပြည့်နေ့၌ အပြီးသို့ ရောက်၏။ ထိုအခါ ကုဋေ ၈ သောင်းသော နတ်, ဗြဟ္မာတို့သည် မဂ်,ဖိုလ်တရားကို ရကုန်၏။ မယ်တော်နတ်သားသည်လည်း သောတာပတ္တိဖိုလ်၌ တည်၏။

http://www.dhammadownload.com



## တာဝတိံသာနတ်ပြည်မှ ဆင်းသက်တော်မူခြင်း

ထိုသာဝတ္ထိပြည်၌ ပြာဋိဟာအစည်းအဝေး၌ 'မြတ်စွာဘုရားကိုမြင်မှ ငါတို့ သွားကုန်အံ့'ဟု မြတ်စွာဘုရား လာတော်မူခြင်းကို ရှု၍နေသော ၃၆ ယူဇနာအဝန်းရှိသော ပရိသတ်, ၇၂ ယူဇနာအဝန်းရှိသော ပရိသတ်သည် ''ယခု ၇ ရက်မြောက်သောနေ့၌ မဟာပဝါရဏာသည် ဖြစ်လတ္တံ့''ဟု အရှင်မောဂ္ဂလာန်သို့ ကပ်၍၊ ''အရှင်ဘုရား။ မြတ်စွာဘုရား လူ့ပြည်သို့ ကပ်တော်မူအံ့သောနေ့ကို သိပါလို၏။ အကျွန်ုပ်တို့သည် ရှင်ပင်ဘုရားကို မမြင်မူ၍ မသွားကုန်အံ့''ဟု တောင်းပန်ကုန်၏။

အရှင်မောဂ္ဂလာန်သည် ထိုပရိသတ်တို့၏ စကားကို ကြား၍ ဝန်ခံတော်မူပြီးမှ၊ ထိုအရပ်၌ပင်လျှင် မြေကို လှိုင်းတော်မူ၍၊ မြင်းမိုရ်တောင်ခြေရင်းသို့ သွားတော်မူ၍၊ 'မြင်းမိုရ်တောင်ကိုတက်သော ငါ့ကို ပရိသတ်တို့သည် မြင်စေသတည်း'ဟု အဓိဋ္ဌာန်တော်မူ၍၊ ပတ္တမြားဥသီသော ချည်ဖြူသကဲ့သို့ ထင်ရှားသောကိုယ်တော် ရှိသည်ဖြစ်၍၊ မြင်းမိုရ်တောင်၏အလယ်ကို ထွင်း၍ တက်တော်မူ၏။ ထိုသို့တက်တော်မူသော အရှင်မောဂ္ဂလာန်ကို လူတို့သည် ၁ ယူဇနာ တက်တော်မူ၏။ ရောက်တော်မူပြီ'' ဟုဆို၍ ကြည့်ကုန်၏။

အရှင်မောဂ္ဂလာန်သည်လည်း မြတ်စွာဘုရား၏ စက်လက္ခဏာ အစရှိသည်ဖြင့်တင့်တယ်သော ခြေတော်စုံကို ဦးဖြင့်ရွှက်သကဲ့သို့ တက်တော်မူ၍၊ ရှိသေစွာရှိခိုးတော်မူ၍၊ ''ရှင်ပင်ဘုရား။ ပရိသတ်သည် ရှင်ပင်ဘုရားတို့ကို မြင်၍သာလျှင် သွားခြင်းငှာအလိုရှိသည် ဖြစ်၏။ အဘယ်အရပ်၌ ရှင်ပင်ဘုရားတို့သည် သက်တော်မူကုန်အံ့နည်း'' ဟု လျှောက်၏။

မြတ်စွာဘုရားလည်း ''မောဂ္ဂလာန်။ သင်၏ နောင်ကြီးဖြစ်သော သာရိပုတ္တရာသည် အဘယ်မှာနည်း'' ဟု မေးတော်မူ၏။

ရှင်မောဂ္ဂလာန်လည်း ''ရှင်ပင်ဘုရား။ သင်္ကိုသနဂိုရ်ပြည်၌ ဝါဆိုကပ်သည်''ဟု လျှောက်၏။

မြတ်စွာဘုရားလည်း ''မောဂ္ဂလာန်။ ဤနေ့မှ ၇ ရက်မြောက် သီတင်းကျွတ်လပြည့်နေ့၌ သင်္ကိုသနဂိုရ်မြို့တံခါး၌ သက်တော်မူအံ့။ ငါ့ကို မြင်လိုသောသူသည် ထိုသင်္ကိုသနဂိုရ်ပြည်သို့ သွားစေကုန်သတည်း''ဟု မိန့်တော်မူ၏။

သာဝတ္ထိပြည်မှ သင်္ကိုသနဂိုရ်ပြည်သည် ယူဇနာ ၃၀ တို့တည်း။ ဤမျှလောက်သောခရီး၌ ''တစ်စုံတစ်ယောက်သောသူအား ရိက္ခာရှာခြင်းသည် မရှိ။ 'ဥပုသ်စောင့်ကုန်သည်ဖြစ်၍ အမြိတရားနာရာ ကျောင်းသို့ တရားနာသွားကုန်သကဲ့သို့ သွားကုန်လော'ဟု ပရိသတ်တို့အား မောဂ္ဂလာန်ဆိုပေလော့''ဟု မိန့်တော်မူ၏။ အရှင်မောဂ္ဂလာန်သည်လည်း ''ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ''ဟု ဝန်ခံ၍၊ အထံတော်မှ ဖဲခွဲ၍ ပရိသတ်တို့အား သက်တော်မူရာ အရပ်အကြောင်းကို ကြား၏။

မြတ်စွာဘုရားလည်း ဝါကျွတ် ပဝါရဏာပြုတော်မူ၍၊ သိကြားမင်းအား ''သိကြားမင်း။ ငါ လူ့ပြည်သို့ သွားအံ့''ဟု ကြားတော်မူ၏။

http://www.dhammadownload.com



သိကြားမင်းသည် ရွှေဖြင့်ပြီးသော စောင်းတန်း, ပတ္တမြားစောင်းတန်း, ငွေဖြင့်ပြီးသော စောင်းတန်းတို့ကို ဖန်ဆင်း၏။ ထိုစောင်းတန်းခြေတို့သည် သင်္ကန်းကဲ့သို့ ရဲတင်းခိုင်မာသော ကြာဖူးတို့ဖြင့် ပြီးကုန်၏။ စောင်းတန်းဦးတို့သည် မြင်းမိုရ်တောင်ထိပ်၌ တည်ကုန်၏။

မြတ်စွာဘုရားသည် နတ်ပြည်မှ သင်္ကန်းအပ်သောပြာဋိဟာကို ပြတော်မူ၍ အထက်သို့ ကြည့်တော်မူ၏။ ထိုသို့ ကြည့်တော်မူသောခဏ၌ ဗြဟ္မာပြည်တိုင်အောင် တစ်ပြင်တည်း ဖြစ်ကုန်၏။ အောက်သို့ ကြည့်တော်မူ၏။ ထိုခဏ၌ အဝီစိတိုင်အောင် တစ်ပြင်တည်း ဖြစ်ကုန်၏။ ထိုထိုသော အရပ်မျက်နှာတို့ကို ကြည့်တော်မူ၏။ ထိုအခါ၌ ၁ သောင်းသော စကြဝဠာတို့သည် တစ်ပြင်တည်းဖြစ်ကုန်၏။ နတ်တို့သည် လူတို့ကို မြင်ကုန်၏။ လူတို့သည် နတ်တို့ကို မြင်ကုန်၏။ ထိုနေ့၌ မြတ်စွာဘုရားအသရေတော်ကို ကြည့်၍ ၃၆ ယူဇနာသောပရိသတ်၌ တစ်ယောက်သောသူမျှ ဘုရားဆုကို မတောင်းသောသူမည်သည် မရှိ။

ထို ၃ ဆူသောစောင်းတန်းတို့တွင် လက်ယာရွှေစောင်းတန်း၌ နတ်တို့ သင်္ကန်း၏။ လက်ဝဲငွေစောင်းတန်း၌ ဗြဟ္မာတို့သည် သင်္ကန်း၏။ အလယ်ပတ္တမြားစောင်းတန်း၌ မြတ်စွာဘုရား သင်္ကန်းတော်မူ၏။ ပဉ္စသီခနတ်သားသည် ဗေဠုဝစောင်းကိုယူ၍၊ လက်ယာနံပါးတော်၌ ရပ်၍၊ မြတ်စွာဘုရားအား ပူဇော်ခြင်းကို ပြု၍ သင်္ကန်း။ မာတလိနတ်သားသည် သားမြီးယပ်ကိုကိုင်လျက်၊ သန္ဓသိတနတ်သား ပတ္တမြားယပ်ဝန်းကို ကိုင်လျက် သိကြားမင်းသည် ဝိဇယုတ္တ ခရသင်းကိုမှုတ်လျက် သင်္ကန်း။ ဤအတူကြွင်းသော စကြဝဠာတို့၌ သိကြား အစရှိသောနတ်တို့သည် များစွာသောပူဇော်ခြင်းကိုပြုကုန်လျက် သင်္ကန်း။ လက်ဝဲတော်၌ ဗြဟ္မာမင်းသည် ထီးဖြူဆောင်း။ မြတ်စွာဘုရား ဤသို့သောအခြေအရံဖြင့် သင်္ကန်းတော်မူ၏။ သင်္ကန်းကိုရဲတင်းခိုင်မာ ရပ်တော်မူ၏။

သာဝတ္ထိမြို့၌နေသော ၃၆ ယူဇနာအဝန်းရှိသော ပရိသတ်သည် သီတင်းကျွတ်လပြည့်နေ့၌ နံနက်စာ စားပြီးသော်၊ 'ယနေ့ သင်္ကန်းကိုရဲတင်းမြို့၌ မြတ်စွာဘုရားကို ရှုကုန်အံ့' ဟု သာဝတ္ထိမှ ထွက်ကုန်သည်ရှိသော်၊ ရွာတံခါးကျောင်းသို့ဝင်သော သူတို့ကဲ့သို့ သင်္ကန်းကိုရဲတင်းသို့ ရောက်၏။ အရှင်သာရိပုတ္တရာသည်လည်း ယခင်ပရိသတ်နှင့်တကွ လာ၍၊ မြတ်စွာဘုရားကို ရှိခိုး၍ ထိုသို့သဘောရှိသော ဘုရားအသရေတော်ဖြင့် သင်္ကန်းသော မြတ်စွာဘုရားကို အရှင်သာရိပုတ္တရာသည် မမြင်စဘူး။ ထို့ကြောင့် 'မနေဒိဋ္ဌေဏ္ဍကတောပုပ္ပေ၊ သုတောဥဒကဿစိ၊ ဓဝံဝဂ္ဂုသဒ္ဒါသတ္တာ၊ တုသိတာဂဏိမာ ဂတော။'

''ရှင်ပင်ဘုရား။ ဤနေ့မှ ရှေး၌ အကျွန်ုပ်သည် ရှင်ပင်ဘုရား၏ ဤသို့သောတင့်တယ်ခြင်းကို မမြင်စဖူး။ ဤသို့သောရှိသော မြတ်စွာဘုရားအသံတော်ကဲ့သို့ သာယာသော တစ်စုံတစ်ယောက်သောသူ၏အသံကို မကြားစဖူး။ ရှင်ပင်ဘုရားသည်သာလျှင် နှစ်လိုဖွယ်အပေါင်း, နှစ်သက်ဖွယ်အပေါင်းသို့ ရောက်တော်မူသည် ဖြစ်၍ သင်္ကန်းတော်မူ၏''

ဤသို့အစရှိသော ဂါထာတို့ဖြင့် ချီးမွမ်း၍၊ ''ရှင်ပင်ဘုရား။ ယနေ့ ခပ်သိမ်းသော နတ်, လူတို့သည် ရှင်ပင်ဘုရားတို့ကို တောင့်တကုန်၏''ဟု လျှောက်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ''သာရိပုတ္တရာ။ ဤသို့သဘောရှိသော ဘုရားတို့မည်သည်ကို နတ်,လူတို့သည် တောင့်တအပ်ကုန်သည်သာလျှင်တည်း'' ဟု မိန့်တော်မူ၍၊

'ယေ ဈာနပသုတာဓီရာ၊ နိက္ခမုပသမေရတာ။
ဒေဝါပိ တေသံ ပိဟယာယန္တိ၊ သမ္ဗုဒ္ဓါနံ သတီ မတံ။ ။' ဟူသော ဤဂါထာကို ဟောတော်မူ၏။

http://www.dhammadownload.com



ဤဂါထာ၏အဓိပ္ပာယ်ကား

''သာရိပုတ္တရာ။ အကြင်မြတ်စွာဘုရားတို့သည် ၂ ပါးသော ရူခြင်းတို့၌ ဆင်ခြင်ခြင်း, စဉ်းစားခြင်း, သမာပတ်မှ ထခြင်း, ရူခြင်းတို့ဖြင့် ကောင်းစွာ လေ့ကျက်တော်မူကုန်၏။ ကိလေသာမှ ထွက်မြောက်ခြင်း, ကိလေသာမှ ငြိမ်းခြင်းတို့၌ မွေ့လျော်တော်မူကုန်၏။ ဤသို့သဘောရှိသော ကျေးဇူး ရှိကုန်သော, သတိနှင့် ပြည့်စုံကုန်သော ဘုရားတို့ကို နတ်တို့သည် လည်းကောင်း၊ လူတို့သည် လည်းကောင်း၊ 'ငါတို့သည်လည်းကောင်း ဘုရား ဖြစ်ပါလိုကုန်၏။ အံ့ဖွယ်ရှိစွာတကား' ဟု ဘုရားအဖြစ်ကို အလိုရှိကုန်သည်ဖြစ်၍ တောင့်တကုန်၏'' ဟူ လိုသတည်း။

ဤဒေသနာတော်အဆုံး၌ ကုဋေ ၃၀* အတိုင်းအရှည်ရှိသော ပရိသတ်တို့သည် မဂ်ဖိုလ်တရားကို ရကုန်၏။ ရှင်သာရိပုတ္တရာတပည့်တော် လင်းနို့သားဖြစ်ဖူးသော ရဟန်း ၅၀၀ တို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ဤသို့ မြတ်စွာဘုရားသည် ခပ်သိမ်းသောမြတ်စွာဘုရားတို့ မစွန့်အပ်သော ယမိုက်ပြာဋိဟာကို ပြတော်မူ၍ တာဝတိံသာနတ်ပြည်၌ ဝါဆိုတော်မူပြီး ပဝါရဏာ ပြုတော်မူ၏။

သင်္ကဿနဂိုရ်မြို့တံခါး၌ သက်တော်မူ၍ ထိုအရပ်၌ လက်ယာခြေတော်ကိုချရာ အရပ်သည် 'အဓေလ စေတိယဌာန' မည်၏။

* ၃ ကုဋေ - မာလာလင်္ကာရဝတ္ထုတော်ကြီး။

http://www.dhammadownload.com



## သေက္ခ, အသေက္ခပုဂ္ဂိုလ်တို့တရားကို ရှင်သာရိပုတ္တရာအား မေးတော်မူခြင်း

မြတ်စွာဘုရားသည် ထိုအဇလစေတိယဌာန၌ ရဝ်တော်မူ၍ ပုထုဇဉ်, သောတာပန် အစရှိသည်တို့၏အရာတို့၌ ပြဿနာတို့ကို မေးတော်မူ၏။ ပုထုဇဉ်တို့သည် ပုထုဇဉ်တို့၏အရာ၌ ပြဿနာကို ဖြေကုန်၏။ သောတာပန်အရာ၌ ရှင်သာရိပုတ္တရာမှကြွင်းသော သာဝကတို့သည် ဖြေအံ့သောငှာ မစွမ်းနိုင်ကုန်။ အရှင်သာရိပုတ္တရာအရာ၌ အရှင်မောဂ္ဂလာန်သည် ဖြေအံ့သောငှာ မစွမ်းနိုင်။ မြတ်စွာဘုရားအရာတော်၌လည်း အရှင်သာရိပုတ္တရာသည် ဖြေအံ့သောငှာ မစွမ်းနိုင်သည်သာလျှင်တည်း။

ထိုမြတ်စွာဘုရားသည် အရှေ့အရပ်မျက်နှာမှ စ၍ အလုံးစုံသောအရပ်မျက်နှာကို ကြည့်တော်မူ၏။ အလုံးစုံသောအရပ်မျက်နှာ၌ တစ်ပြင်တည်းသာလျှင် ဖြစ်၏။ အရပ်မျက်နှာတို့၌ နတ်,လူတို့သည်လည်းကောင်း၊ အထက်၌ နတ်, ဗြဟ္မာတို့သည် လည်းကောင်း၊ အောက်မြေ၌တည်သော ဘုံရှိကုန်သော နဂါး, ဂဠုန်တို့သည် လည်းကောင်း လက်အုပ်ချီကုန်လျက်၊ ''ရှင်ပင်ဘုရား။ ဤလောက၌ မြတ်စွာဘုရား အမေးတော်ကို ဖြေနိုင်သောသူ မရှိ။ ဤပရိသတ်၌သာလျှင် စူးစမ်းတော်မူပါကုန်''ဟု လျှောက်ကုန်၏။

သာရိပုတ္တရာသည်

'ယေစသခီါတဓမ္မာ တရေထ၊ ယေစ သေက္ခာပုထုဇ္ဇနာ။

ဣဓ တောသံ မေ နိပကော၊ ဣတိဿ ပုဋ္ဌော မေ ဗြူဟီ-တိ။ ။' ဟူသော ဤ ဘုရားအရာပြဿနာ၌ မေးတော်မူသော ပြဿနာကို 'ဘူတမိဒံ သာရိပုတ္တ သမနုပဿတိ' ဟု မေးတော်မူအပ်သောနည်း၌ထည့်၍ ထိုပြဿနာကို ဖြေ၏။

ရှင်သာရိပုတ္တရာသည် ''ရှင်ပင်ဘုရား။ ကမ္မာပတ်လုံး ရှာသောမိုးကို 'ဤမျှသောမိုးပေါက်တို့သည် မဟာသမုဒ္ဒရာ၌ ကျကုန်၏။ ဤမျှသောမိုးပေါက်တို့သည် မြေ၌ကျကုန်၏။ ဤမျှသောမိုးပေါက်တို့သည် တောင်၌ကျကုန်၏'ဟု ရေတွက်၍ ထိုအရေအတွက်ကို ထားနိုင်၏''ဟု ခြင်္သေ့ဟောက်သကဲ့သို့ မြတ်စွာဘုရားအား လျှောက်၏။

မြတ်စွာဘုရားလည်း ရှင်သာရိပုတ္တရာကို ''သာရိပုတ္တရာ။ သင်၏ ထိုသို့ရေတွက်ခြင်းငှာ စွမ်းနိုင်သည်အဖြစ်ကို ငါသိ၏'' ဟု မိန့်တော်မူ၏။ ထိုရှင်သာရိပုတ္တရာ၏ ပညာကြီးသည်၏အဖြစ်ကို ဥပမာဆိုသော်မျှလျှင် ရခဲ့၏။ ထို့ကြောင့်

'ဂင်ါယ ဝါဠကာခီယေ ဥဒကံ ခီယန မေဝ။

မဟိယံမတ္တိကာ ခီယျေ နခီယျေမမ ဗုဒ္ဓိယာ။ ။' ဟုလျှောက်၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား

''ပညာနှင့်ပြည့်စုံတော်မူသော, လောက၏ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရား။ တစ်ခုသော ပြဿနာကို ဖြေသည်ရှိသော် ဂင်ါမြစ်၌ သဲတစ်လုံးကို ချမည်။ သမုဒ္ဒရေကို တစ်ပေါက် ချမည်။ မြေမှုန်တစ်ခုကို ချမည်။ ထို သဲ, သမုဒ္ဒရာရေ, မြေပြင် ကုန်ငြားသော်လည်း အကျွန်ုပ်၏အဖြေသည် မကုန်ရာ''

http://www.dhammadownload.com



ယင်းသို့ ပညာကြီးသော သာရိပုတ္တရာသည်လည်း အလိုတော်နှင့်ညီစွာ ဖြေသည်ကို မသိနိုင်၍၊ မေးတော်မူသော နည်း၌သာလျှင် ထ၍ ထိုပြဿနာကို ဖြေ၏။

ထိုစကားကိုကြား၍ ''အကြင်ပြဿနာကို ခပ်သိမ်းသောသူတို့သည် ဖြေခြင်းငှာ မစွမ်းနိုင်ကုန်။ ထိုပြဿနာကို အရှင်သာရိပုတ္တရာ တစ်ဦးသာလျှင် ဖြေနိုင်၏ ဟု စကားကို ဖြစ်စေကုန်၏''ဟု ထိုစကားကို ကြားတော်မူ၍၊ ''ယခုသာလျှင် သာရိပုတ္တရာသည် သူ မဖြေနိုင်သောအရာကို ဖြေနိုင်သည် မဟုတ်။ ရှေး၌လည်း ဖြေနိုင်သည်သာတည်း''ဟု မိန့်တော်မူ၍၊ 'ပရောသ ဟဿံပိ သမာဂတာနံ' အစရှိသော ဤဓာတ်ကို ဟောတော်မူ၏။ ဓမ္မပဒ။

ဤသတ္တမဝါဒ် ဤသို့အစရှိသော များစွာသော နှတ်,လူ,ဗြဟ္မာတို့အား မဂ်,ဖိုလ်တရားကို ပေးတော်မူ၏။

http://www.dhammadownload.com



## နကုလအဖ, နကုလအမိအကြောင်းကို ပြခြင်း

အဋ္ဌမမြောက်သောနှစ်၌ကား 'ဘဂ္ဂ'အမည်ရှိသော ဇနပုဒ်၌ သံသုမာရဂိရိမြို့၌ 'ဘေသကလ'အမည်ရှိသောဘီလူးသည် စောင့်သော, 'ဘေသကဠာ' အမည်ရှိသော သားအပေါင်းအား ဘေးမဲ့ပေးရာဖြစ်သော, 'မိဂဒါယ'ဟုဆိုအပ်သော တောအုပ်၌ ဝါဆိုတော်မူ၏။

ထိုတောအုပ်၌ နေတော်မူသောအခါ၌ 'နကုလ' အဖ ဖြစ်သောသူကြွယ်သည် မြတ်စွာဘုရားသို့ သွားကပ်၍၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ တင့်အပ်စွာနေ၏။ ထိုသို့နေပြီးသော် နကုလအဖသူကြွယ်သည်

"ရှင်ပင်ဘုရား။ အိုခြင်းဖြင့် အကျွန်ုပ်သည် အိုး၏။ ကြီးပြီ။ အဆုံးစွန်သောအရွယ်သို့ ရောက်ပြီ၊ မခံသောကိုယ် ရှိ၏။ မပြတ်သောအနာ ရှိ၏။ ထိုသို့သော အိုခြင်းဖြင့်နှိပ်စက်သောကြောင့် အလိုရှိသော အလျောက်လာခြင်းငှာ မစွမ်းနိုင်။ တစ်ရံခါ၌သာလျှင် ရှင်ပင်ဘုရားအားလည်း ကောင်း၊ တပည့်တော်တို့အား လည်းကောင်း အကျွန်ုပ် မြင်ရပါ၏။ မပြတ် မမြင်ပါရ ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် အကျွန်ုပ်၏ မြင့်မြတ်စွာသောကာလပတ်လုံး အကျိုးစီးပွားချမ်းသာငှာ အကျွန်ုပ်ကို ဆုံးမတော်မူပါ။ တရား ဟောတော်မူပါ" ဟု လျှောက်၏။

မြတ်စွာဘုရားသည်

'အတုရောတာရံယံဂဟပတိ၊ ကာယောအဏ္ဍာဘူတောပရိယောနဒ္ဓေါ။
ယောဟိဂဟပတိ ဣမံကာယံပရိဒဟန္တော။
'မဟုတ္တံပိအာရောဂျံ၊ ပရိဇာနေယျကိမည တြတဟုလျာ။
တသ္မာတိဂဟပတိ ဧဝံသိကိတဗ္ဗံ။ ။' ဟူ၍ ဟောတော်မူ၏။

အဓိပ္ပာယ်ကား-

"ထိုစကားသည် ဟုတ်၏။ သူကြွယ်။ ထိုစကားသည် သင့်၏ သူကြွယ်။ ဤကိုယ်သည် ရွေအဆင်းသို့ အဆင်းရှိသည်ဖြစ်၍ ကျင်နာခြင်းမရှိသော်လည်း၊ အမြဲစီးယိုတတ်သော သဘောကြောင့် ကျင်နာခြင်း ဖြစ်သည်သာလျှင်တည်း။ ဤကိုယ်သည် နည်းသောအား ရှိ၏။ ကြက်ဥကို လည်းကောင်း, ဒေါင်းဥကို လည်းကောင်း ကျင်ကိုက်သို့ ကိုင်၍ပစ်သဖြင့် လည်းကောင်း၊ အိမ်ခြင်း, ထိုးခြင်းဖြင့် လည်းကောင်း ကစားခြင်းငှာ မတတ်ကြောင်း။ ထိုသို့ အိမ်ခြင်း, ထိုးခြင်း ခဏခဋ်မပင်လျှင် ကွဲသကဲ့သို့၊ ဤအတူ ဆူးဋ္ဌ လည်းကောင်း, သစ်ငုတ်ဋ္ဌ လည်းကောင်း၊ တည်သော လဲသောသူ၏ကိုယ်သည် စုတ်ခြင်း, ကွဲခြင်းသည် ဖြစ်၏။ ကြက်ဥ, ဒေါင်းဥနှင့် တူ၏။ ဤသို့ကိုယ်ကို သိမ်မွေ့သောအရေသည် မွေး၏။ ထိုကြက်ဥ, ဒေါင်းဥတို့ကိုကား မာသောအခွံသည် မွေးအပ်၏။ မှက်, ခြင်တို့သည် ထိုဥခွံကို ထွင်း၍ အရည်ကို ယူစေခြင်းငှာ မတတ်နိုင်ကုန်။ ဤကိုယ်၌ သိမ်မွေ့သောအရေကို မှက်, ခြင်တို့သည် ခဲ၍ အလိုအလျောက် သွေးကို သောက်ကုန်၏။ ဤသို့ သိမ်မွေ့သောအရေဖြင့် မွေး၏။ သူကြွယ်။ ဤကိုယ်ကို ဆောင်သောသူသည် တစ်မုဟုတ်မျှလည်း အနာရှိသည်၏အဖြစ်ကို ဝန်ခံရာ၏။ အနာမရှိသည်, တစ်မုဟုတ်မျှ အနာမရှိခြင်းသည် မရှိ။ အနာမရှိသည် ဝန်ခံသော, ဤသို့သဘောရှိသော သူသည်

http://www.dhammadownload.com



သူမိုက်သာလျှင်တည်း။ ထို့ကြောင့် သူကြွယ်။ ကျင်နာသော ကိုယ်ရှိသော ငါစိတ်သည် 'ကျင်နာခြင်း ဖြစ်လတ္တံ့'ဟု ဤသို့ သူကြွယ် နှလုံးသွင်းအပ်၏''ဟု ဟောတော် မူလိုသည်။

ထိုသို့ ဟောတော်မူသောအခါ၌ နကုလအဖသူကြွယ်သည် ဟောတော်မူသောတရားတော်ကို လွန်စွာ ဝမ်းမြောက်၍၊ နှစ်သက်၍၊ နေရာမှ ထ၍၊ မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍၊ လက်ယာရစ် လှည့်၍၊ အရှင် သာရိပုတ္တရာရှိရာအရပ်သို့ ကပ်၍၊ အရှင်သာရိပုတ္တရာကို ရှိသေစွာရှိခိုး၍ တင့်အပ်စွာ နေ၏။

ထိုသို့နေသော နကုလအဖသူကြွယ်ကို အရှင်သာရိပုတ္တရာသည် ''သူကြွယ်။ သင်၏ကွန်ရွေတို့သည် ကြည်ဖြူယ်ရှိကုန်၏။ မျက်နှာအဆင်းသည် စင်ကြယ်၏။ ဖြူစင်၏။ ယနေ့ မြတ်စွာဘုရားတရားတော်ကို နာရသလော''ဟု မေးတော်မူ၏။

''အရှင်ဘုရား။ အနည်းငယ်သောတရားတော်ကို အကျွန်ုပ် နာရ၏''ဟု ကြား၏။ ထိုမြတ်စွာဘုရား ဟောတော်မူသောတရားတော်ကို ပြန်၍၊ ''အရှင်ဘုရား။ မြတ်စွာဘုရားသည် ဟောတော်မူအပ်သော တရားတည်း ဟူသောအမြိုက်ဖြင့် အကျွန်ုပ်ကို သွန်အပ်၏''ဟု ကြား၏။

''သူကြွယ်။ သင်သည် 'ရှင်ပင်ဘုရား အဘယ်မျှသောအပြားဖြင့် အတုရဏာယ ဖြစ်သနည်း။ အဘယ် အပြားဖြင့် အတုရစိတ္တ ဖြစ်သနည်း'ဟု မေးခြင်းငှာ မသိ''ဟု အရှင်သာရိပုတ္တရာ ဆိုတော်မူ၏။

ထို နကုလပိတာသည်လည်း ''ထိုသို့သော ဟောတော်မူသော တရား၏အနက်ကို ထင်စွာပြတော်မူပါ'' ဟု တောင်းပန်၏။

အရှင်သာရိပုတ္တရာလည်း ''ကောင်းစွာ နာလော''ဟု ဆိုတော်မူ၍၊ 'ကထဉ္စဂဟပတိ အတုရဏာယော စယောတိ အတုရစိတ္တော စ' ဤသို့အစရှိသည်ဖြင့် မြတ်စွာဘုရားဟောတော်မူသော တရားတော်၏အနက်ကို အကျယ်ဟောတော်မူ၏။

နကုလပိတာသူကြွယ်သည် အရှင်သာရိပုတ္တရာဟောတော်မူသော တရားကို အလွန်ဝမ်းမြောက်ခြင်း ဖြစ်၏။ ထို နကုလမာတာ၊ နကုလပိတာတို့သည်ကား မြတ်စွာဘုရားကို ရှေးဦးစွာမြင်သော ကာလမှစ၍ 'သား'ဟူသော ချစ်ခြင်းကို ရကုန်၏။ သူကြွယ်မသည် မြတ်စွာဘုရားမယ်တော်အဖြစ်သည် အဖြစ် ၅၀၀၊ သူကြွယ် သည်လည်း ခမည်းတော်အဖြစ်သည် အဖြစ် ၅၀၀၊ မိကြီးတော်အဖြစ် ၅၀၀၊ ဘကြီးတော်အဖြစ် ၅၀၀၊ မိထွေးတော်အဖြစ်လည်း အဖြစ် ၅၀၀၊ ဘထွေးတော်အဖြစ်လည်း အဖြစ် ၅၀၀၊ ဤသို့လျှင် တစ်ပုံးသော အဖြစ် မခြားမူ၍ ၁၅၀၀ သော ကိုယ်တော်အဖြစ်၌ မြတ်စွာဘုရားသည် ထိုသူကြွယ်၌၊ ထိုလက်၌သာ ကြီးတော်မူ၏။ ထိုသို့ကြီးတော်မူသောကြောင့်သာလျှင် ထိုသူကြွယ်လင်မယားတို့သည် သားသမီးတို့၏အထံ၌ အကြင်စကားကို ဆိုအံ့သောငှာ မတတ်ကြောင်း၊ ထိုစကားကိုသော်လည်း မြတ်စွာဘုရားအထံတော်၌ နေကုန်သည်ဖြစ်၍ ဆိုကုန်၏။ ဤသို့ မြတ်စွာဘုရားကို အကျွမ်းတဝင်ဆိုသောအကြောင်း။ 'မြတ်စွာဘုရား သည် အကျွမ်းဝင်သော ဥပါသကာတို့တွင် နကုလ အဖဖြစ်သော သူကြွယ်သည် မြတ်၏။ အကျွမ်းဝင်သော ဥပါသိကာတို့တွင် နကုလမယ်တော်သည် မြတ်၏'ဟု ဓေတဒဂ်အရာ၌ ထားတော်မူ၏။ ။ ခန္ဓဝါရသံယုတ်။

http://www.dhammadownload.com



## ဗောဓိမင်းသား၏အကြောင်းကို ပြခြင်း

ထိုဘေသကဠာတောအုပ်၌ ဤသို့နေတော်မူသောအခါ၌ ဗောဓိမင်းသားကို အကြောင်းပြု၍၊ 'အတ္ထာနဿေယံ ဇညာ' အစရှိသော ဓမ္မဒေသနာကို ဟောတော်မူ၏။

ထိုမင်းသားသည် မြေအပြင်၌ တစ်ပါးသောမင်းတို့၏ ပြာသာဒ်တို့နှင့် မတူသောကြောင့် ကောင်းကင်သို့ ပျံတက်သကဲ့သို့သော 'ကောကနဒ' အမည်ရှိသော ပြာသာဒ်ကို ပြုစေ၍သာလျှင် လက်သမားကို မေး၏။

"လက်သမား။ သင်သည် တစ်ပါးသောမြို့တို့၌လည်း ဤသို့သဘောရှိသော ပြာသာဒ်ကို မြင်ဖူးသလော။ ဤပြာသာဒ်၌ ရှေးဦးစွာလျှင် ပြုသလော" ဤသို့ မေးတော်မူ၏။

"ရှင်မင်းသား။ ရှေးဦးစွာ ဤပြာသာဒ်ကိုသာလျှင် စီရင်သတည်း" ဟု လျှောက်၏။

ထိုစကားကိုကြား၍ 'ဤလက်သမားသည် တစ်ပါးသောမင်းအားလည်း ဤသို့ သဘောရှိသောပြာသာဒ်ကို စီရင်သည်ဖြစ်အံ့။ ဤပြာသာဒ်သည် အံ့ဖွယ်မရှိသည် ဖြစ်လတ္တံ့။ ဤ လက်သမားကို သတ်ခြင်းငှာလည်းကောင်း၊ လက်,ခြေတို့ကို ဖြတ်ခြင်းငှာ လည်းကောင်း၊ မျက်စိတို့ကို သုတ်သင်ခြင်းငှာ လည်းကောင်း သင့်၏။ ဤသို့ပြုသော် တစ်ပါးသောမင်းသားအား ပြာသာဒ်ကို မပြုလတ္တံ့' ဤသို့ကြံ၏။

ဗောဓိမင်းသားသည် ထိုသို့ကြံသောအကြောင်းကို ထိုမင်းသားသည် ချစ်သော, အဆွေခင်ပွန်းဖြစ်သော 'သဠီဝကပုတ္တ' အမည်ရှိသောလုလင်အား ပြော၏။ ထိုသဠီဝကပုတ္တလုလင်သည် ယုံမှား၏။ 'ဤဗောဓိမင်းသားသည် လက်သမားကို ဖျက်လတ္တံ့။ အတတ် တတ်သောသူသည် အဖိုးအတိုင်း မသိ။ ငါ မြင်လျက် သိလျက် မပျက်စေသတည်း။ ထိုလက်သမားအား အမှတ်ကို ပေးအံ့'ဟု ကြံ၍၊ ထိုလက်သမားသို့ ကပ်၍၊ လက်သမားကို "ပြာသာဒ်၌ သင်ပြုအပ်သော အမှုသည် ပြီးပြီလော။ မပြီးသေးလော" မေး၍၊ "ပြီးပြီ"ဟု ဆို၏။

'သဠီဝကပုတ္တ' အမည်ရှိသောလုလင်သည်လည်း လက်သမားကို "ဗောဓိမင်းသားသည် သတ်ခြင်းငှာ အလိုရှိ၏။ ကိုယ်ကို သင် စောင့်လော့"ဟု ဆို၏။

လက်သမားသည်လည်း "အရှင်။ ထိုသို့ဆိုပါသည်။ ကောင်း၏။ အကျွန်ုပ်အား ဤသို့ပြောခြင်းဖြင့် အကျွန်ုပ်သည် ဤသတ်လတ္တံ့သောအကြောင်း၌ ပြုအပ်သော အမှုကို သိပါရ၏"ဟု ဆို၏။

ဗောဓိမင်းသားသည် "လက်သမား။ ငါတို့ ပြာသာဒ်၌ အမှုသည် ပြီးပြီလော"ဟု မေးသည်ဖြစ်၍၊ "ရှင်မင်းသား။ မပြီးသေး။ များစွာကြွင်းသေး၏"ဟု လျှောက်၏။

"အဘယ်အမှုသည် ကြွင်းသေးသနည်း" ဟု မေး၏။

"ရှင်မင်းသား။ နောက်၌ အကျွန်ုပ်လျှောက်အံ့"ဟု လျှောက်၏။

"ထိုအခါ ရှင်မင်းသားတို့သည် သစ်တို့ကို ဆောင်စေကုန်လော့" ဟု လျှောက်လျှင်၊ "အဘယ်သစ်တို့ကို ဆောင်စေအံ့နည်း" ဟု မေး၏။

http://www.dhammadownload.com



"ရှင်မင်းသား။ အနှစ်မရှိသောသစ်တို့ကို ဆောင်စေ၍ ပေးတော်မူလော့" ဟု လျှောက်၏။

"ရှင်မင်းသား။ ဤနေ့မှစ၍ အကျွန်ုပ်အထံသို့ တစ်ပါးသောသူကို မလာစေလင့်။ သိမ်မွေ့သောအမှုကို ပြုသော အကျွန်ုပ်အား တစ်ပါးသောသူတို့နှင့် ပြောဟောခြင်းရှိသော် စိတ်ပျံ့လွင့်ခြင်း ဖြစ်၏။ အကျွန်ုပ်၏ မယားသာလျှင် ထမင်း အစရှိသော ခဲဖွယ်တို့ကို ဆောင်ပါစေ" ဟု လျှောက်၏။

ဗောဓိမင်းသားသည်လည်း "ကောင်းပြီ" ဟု ဝန်ခံ၍၊ ထိုလက်သမားသည်လည်း တစ်ခုသောတောခွဲ နေ၍၊ သစ်တို့ကို ရွေး၍၊ မိမိသား မယားနေခြင်းဌာလောက်သော ဂဠုန်ရုပ်ကို လုပ်၍၊ ထမင်းပို့သောအခါ၌ မိမိမယားကို "အိမ်၌ရှိသော ဝတ္ထုကို ရောင်း၍ ရွှေ ငွေ ဝယ်လော့" ဟု ဆို၏။

ဗောဓိမင်းသားသည်လည်း လက်သမားကို မသွားစိမ့်သောဌာ အိမ်ကိုခြံရံ၍ အစောင့်အရှောက်ကို ထား၏။

လက်သမားသည်လည်း ဂဠုန်ရုပ်ပြီးသောအခါ၌ "ယနေ့ အလုံးစုံသောသူငယ်တို့ကို ယူ၍လာလော့" ဟု မယားကို ဆို၍၊ နံနက်စာစားပြီးသော် သားမယားတို့ကို ငှက်ရုပ်၏ဝမ်း၌ နေစေ၍၊ လေသာတံခါးဖြင့် ထွက်၍ ပျံလေ၏။

"ရှင်မင်းသားတို့၏လက်သမားသည် ပြေးခဲ့ပြီ" ဟု ဆိုမြည်တမ်းကုန်စဉ်သာလျှင် ထိုလက်သမားသည် ထိုဂဠုန်ငှက်ဖြင့် ပျံ၍၊ ဟိမဝန္တာ၌ သက်၍၊ တစ်ခုသောမြို့ကို စီရင်၍၊ 'ကဋ္ဌဝါဟနမင်း' ဟု အမည်ရှိသည် ဖြစ်၍ မင်းပြု၏။

ဗောဓိမင်းသားသည်လည်း 'ပြာသာဒ်တက်ခြင်း ပြုအံ့' ဟု မြတ်စွာဘုရားကို ဖိတ်၍၊ ပြာသာဒ်၌ ၄ ပါး သောနှံ့သာမျိုးတို့ဖြင့် ထုံသောအမှုကို ပြု၍၊ ရှေးဦးစွာသောတံခါးခုံမှ စ၍ ပုဆိုးအခင်းကို ခင်း၏။ ထိုဗောဓိမင်းသားသည် သား မရှိ။ ထိုကြောင့် 'သားကို လည်းကောင်း၊ သမီးကို လည်းကောင်း အကယ်၍ ရအံ့။ မြတ်စွာဘုရားသည် ဤပုဆိုးအခင်းကို နင်းတော်မူလတ္တံ့' ဟု ကြံ၍ ခင်းသတည်း။

ထိုဗောဓိမင်းသားသည် မြတ်စွာဘုရား လာတော်မူသည်ရှိသော် မြတ်စွာဘုရားကို ၅ ပါးသောတည်ခြင်းဖြင့် ရှိခိုး၍၊ သပိတ်တော်ကို ယူ၍၊ "ရှင်ပင်ဘုရား။ ဝင်တော်မူကုန်" ဟု လျှောက်၏။ ရှင်ပင်ဘုရား ဝင်တော်မူ။ ထိုမင်းသားသည် ၂ ကြိမ်မြောက် လည်းကောင်း၊ ၃ ကြိမ်မြောက် လည်းကောင်း "ရှင်ပင်ဘုရား ဝင်တော်မူကုန်" ဟု လျှောက်၏။

ရှင်ဖင်ဘုရား ဝင်တော်မမူဘဲ အရှင်အာနန္ဒာကို ကြည့်တော်မူ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ကြည့်တော်မူသောအမှတ်ဖြင့် 'ပုဆိုးနင်းခြင်းငှာ အလိုမရှိ' ဟု သိ၍၊ "မင်းသား။ ပုဆိုးတို့ကို ပယ်စေကုန်လော့။ မြတ်စွာဘုရား ပုဆိုးအခင်းကို နင်းတော်မမူ။ မြတ်စွာဘုရားသည် လူအပေါင်းကို ရှုတော်မူ၏" ဟု ဆို၍ ပုဆိုးတို့ကို ရုပ်စေ၏။

ထိုမင်းသားသည် ပုဆိုးတို့ကို ရုပ်၍ မြတ်စွာဘုရားကို ပြာသာဒ်တွင်းသို့ ပင့်၏။ ယာဂု၊ ခဲဖွယ်ဖြင့် ပြည့်စေ၍၊ တင့်အပ်စွာနေလျက် ရှိခိုး၍၊ "ရှင်ပင်ဘုရား။ အကျွန်ုပ်သည် ရှင်ပင်ဘုရားတို့အား ကျေးဇူးရှိပါသော သူတည်း။ ၃ ကြိမ် ကိုးကွယ်ရာဟု သိပါသောသူတည်း။ အဓိဝမ်းခြံ တည်ကတည်းက တစ်ကြိမ် ကိုးကွယ်ရာ ရောက်သည် ဟု ကြားသတတ်။ ၂ ကြိမ်မြောက် ငယ်သောအခါ၌ ရောက်သတတ်။ ၃ ကြိမ်မြောက် သိကြားလိမ္မာသောအဖြစ်၌ ကိုးကွယ်ရာ ဟုသိပါ၏။ အကျွန်ုပ် ပုဆိုးအခင်းကို အာဘယ်ကြောင့် သွားတော်မမူပါကုန်သည်နည်း" ဟု လျှောက်၏။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ''မင်းသားသည် 'သားကို လည်းကောင်း, သမီးကို လည်းကောင်း ငါ ရအံ့။ မြတ်စွာဘုရားသည် ဤအခင်းကို နင်းမော်မူလတ္တံ့' ဤသို့ကြံ၍ ခင်း၏။ ထိုကြောင့် ထိုအခင်းကို ငါ မနင်းသတည်း''

''ရှင်ပင်ဘုရား။ အကျွန်ုပ်သည် သားသမီးကို မရပါအံ့လော'' ဟု လျှောက်၏။

''မင်းသား။ မရလတ္တံ့'' ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ အဘယ်ကြောင့် မရလတ္တံ့နည်း'' ဟု လျှောက်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုဗောဓိမင်းသားအား လွန်လေပြီးသောအကြောင်းကို ဆောင်၍ ပြတော်မူ၏။

''မင်းသား။ ရှေးကာလ၌ များစွာသောသူတို့သည် သင်္ဘောလွှင့်ကုန်၏။ ထိုသင်္ဘောလှေသည် သမုဒ္ဒရာအလယ်၌ ပျက်၏။ လင်မယားတို့သည် ပျဉ်တစ်ခုကို၍ ကျွန်းတစ်ခုသို့ ဝင်ကုန်၏။ ထိုအလုံးစုံသောသူတို့သည် စုတေကုန်၏။ ထိုအခါ၌ ထိုကျွန်း၌ များစွာသောငှက်အပေါင်းသည်သာလျှင် နေ၏။ ထို လင်မယားတို့သည် စားစရာ မရှိ၍၊ မွတ်သိပ်သောကြောင့် ငှက်ဥတို့ကို ချက်၍ စားကုန်၏။ မစားလောက်ကုန်သည်ရှိသော် ငှက်ငယ်တို့ကို ယူ၍ စားကုန်၏။ ဤနည်းအတူ ပထမအရွယ်, မဇ္ဈိမအရွယ်, ပစ္ဆိမအရွယ်၌ စားကုန်သည်သာလျှင်တည်း။ တစ်ခုသောအရွယ်၌ အပွမာဒသို့ မရောက်ကုန်။ မကောင်းမှုမှကြဉ်ခြင်းသို့ မရောက်ကုန်''

မြတ်စွာဘုရားသည် ထိုမင်းသား၏ ဤသို့သော ရှေးမကောင်းမှုကို ပြတော်မူ၍၊ ''မင်းသား။ မင်းသားသည် ထိုအခါ ပထမအရွယ်၌ မယားနှင့်တကွ မကောင်းမှုကြဉ်ခြင်းသို့ ရောက်သည်ဖြစ်၍ ပထမအရွယ်၌ မင်းသားအား သား လည်းကောင်း၊ သမီး လည်းကောင်း ဖြစ်ရာ၏။ မင်းသား။ 'ကိုယ်ကို ချစ်၏' ဟု အောက်မေ့သောသူသည် ၃ ပါးသောအရွယ်တို့၌ မမေ့မလျော့ ကိုယ်ကို စောင့်အပ်၏။ ဤသို့ ၃ ပါးသော အရွယ်ပတ်လုံး မစွမ်းနိုင်သော်လည်း တစ်ပါးပါးသောအရွယ်၌ စောင့်အပ်သည်သာ'' ဟု မိန့်တော်မူ၏။

'အတ္တာနဉ္စေပိယံ ဇညာ၊ ရက္ခေယျ နံသုရက္ခိတံ။
တိဏ္ဏံ အညတရံ ယာမံ၊ ပဋိဇဂ္ဂေယျ ပဏ္ဍိတော။' ဟူသော ဂါထာကို ဟောတော်မူ၏။

ဤဂါထာ၏ အဓိပ္ပာယ်ကား

''မင်းသား။ 'ကိုယ်ကို ချစ်အပ်၏' ဟု အကြင်ပညာရှိသည် သိငြားအံ့။ ထိုသို့သောပညာရှိသည် ကောင်းစွာ စောင့်အပ်သော ထိုကိုယ်ကို ၃ ပါးသော အရွယ်ပတ်လုံး မစောင့်နိုင်သော်လည်း တစ်ပါးပါးသောအရွယ်၌ စောင့်ရှောက်ရာ၏'' ဟု ဆိုသည်။

ထိုဒေသနာတော်အဆုံး၌ ဗောဓိမင်းသားသည် သောတာပတ္တိဖိုလ်၌ တည်၏။ ရောက်သောပရိသတ်အားလည်း ဒေသနာတော်သည် အကျိုးရှိသည်သာ ဖြစ်၏။ ဤအဋ္ဌမဝါ၌ ဤသို့အစရှိသော ဒေသနာတော်ဖြင့် နတ်, လူ, ဗြဟ္မာတို့အား နိဗ္ဗာန်တရားကို ဟောတော်မူ၏။

http://www.dhammadownload.com



## သာမာဝတီ မိဖုရားအကြောင်းကို ပြခြင်း

နဝမမြောက်သောနှစ်၌ ကောသမ္ဗီပြည် ယောသိတာရုံကျောင်း၌ ဝါဆိုတော်မူ၏။ မြတ်စွာဘုရားသည် သာဝတ္ထိမြို့၌နေတော်မူသောအခါ ၅၀၀ သောရသေ့တို့သည် ''အနာထပိဏ်သူဌေးအိမ်၌ အလုပ်ဘဏ္ဍာ ခံသော သူသည် နေ့ထက်ဝက်မျှ ဥပုသ်ဆောင်သောအကျိုးအားဖြင့် ရက္ခစိုးနတ် ဖြစ်၏။ ထိုနတ်သည် 'ဘုရား ဖြစ်တော်မူသည်'ဟုဆိုသောစကားကို ကြား၍၊ နတ်အား လက်အုပ်ချီ၍၊ 'ဘုရား'ဟု ဆိုပေ၏'ဟု ၃ ကြိမ် သိစေ၏။ 'လောကဌ် 'ဘုရား' ဟုဆိုသော စကားကိုမျှ ကြားရခဲ၏'ဟု ဝမ်းမြောက်သောစကားကို ဆို၍၊ နှစ်များစွာသော ကမ္ဘာအသောင်းပတ်လုံး မကြားဘူးသောစကားကို သင်ကြားစေ၏''ဟု ဆို၏။

ထိုအခါ၌ ထိုရသေ့တို့သည် ဆရာကို ''မြတ်စွာဘုရားအထံတော်သို့ သွားကုန်အံ့''ဟု ဆိုကုန်၏။ ထို ဆရာရသေ့လည်း ''ရသေ့။ ထိုသူဌေး ၃ ယောက်တို့သည် ငါတို့အား ကျေးဇူးများကုန်၏။ နက်ဖြန် ထိုသူဌေးတို့အား သွားကုန်အံ့''ဟု ဆို၏။

မိုးသောက်သောနေ့၌ ထိုသူဌေးတို့အိမ်သို့ သွား၍ ဆွမ်းခံကုန်၏။ ဆွမ်းဘဉ်းပေးပြီးသော် ထိုရသေ့တို့သည် ''ငါတို့ သွားကုန်အံ့''ဟု ထိုသူဌေးတို့ကို ဆိုကုန်၏။

''အဘယ်သို့ သွားကုန်အံ့''ဟု သူဌေး မေးသည်ရှိသော်၊ ''မြတ်စွာဘုရားအထံတော်သို့ သွားကုန်အံ့''ဟု ဆိုကုန်၏။

''မြတ်စွာဘုရားအထံတော်သို့ ရှင်ရသေ့တို့သာလျှင်သွားခြင်းငှာ အပ်သလော''ဟု ဆိုကုန်၏။

''သူဌေးတို့။ ငံ့ကုန်ဦး။ ငါတို့သလျှင် ရှေးဦးစွာ သွားကုန်အံ့။ သင်တို့သည် နောက်မှလာကုန်လော့'' ဟု ဆို၍၊ ထိုရသေ့တို့သည် ရှေးဦးစွာသွား၍၊ မြတ်စွာဘုရားကို မြင်၍၊ လွန်စွာ ချီးမွမ်း၍၊ ရှိသေစွာရှိခိုး၍ တင့်အပ်စွာနေကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုရသေ့တို့အား ဒါနကထာ၊ သီလကထာ အစရှိသည်ကို ပြတော်မူ၍ တရားဟောတော်မူ၏။ ဒေသနာတော်အဆုံး၌ ၅၀၀ သော ရသေ့တို့သည် ပဋိသန္ဓိဒါနှင့်တကွ အရဟတ္တဖိုလ်သို့ ရောက်၍ ဧဟိဘိက္ခု ဖြစ်ကုန်၏။

ထိုယောသကသူဌေး၊ ကုက္ကုဠသူဌေး၊ ပါဝါရိက သူဌေးတို့သည်လည်း ၅၀၀ သောလှည်းတို့ဖြင့် ပုဆိုး၊ ခဲဖွယ် စားဖွယ်၊ ထောပတ်၊ ဟူး၊ တင်လဲ အစရှိကုန်သော အလှူဝတ္ထုတို့ကို ယူ၍၊ သာဝတ္ထိသို့သွား၍ ရောက်ပြီးသော် မြတ်စွာဘုရားတရားတော်ကို နာ၍၊ ထို ဒါနကထာ အစရှိသော တရားတော်အဆုံး၌ ၃ ယောက်သောသူဌေးတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

ထိုသူဌေးတို့သည်လည်း လခွဲပတ်လုံး အလှူပေးလျက် မြတ်စွာဘုရားအထံတော်၌ နေ၍ ကောသမ္ဗီသို့ ကြွတော်မူစိမ့်သောငှာ မြတ်စွာဘုရားကို တောင်းပန်၏။

''သူဌေးတို့။ ဘုရားတို့မည်သည် ဆိတ်ငြိမ်ရာအရပ်၌ သာလျှင် မွေ့လျော်ကုန်၏''ဟု မြတ်စွာဘုရား ပေးတော်မူအပ်သော ပဋိညာဉ်ဖြင့် ''ရှင်ပင်ဘုရား။ သံတော်ဦး တင်ပြီ''ဟု နားတော်လျှောက်၍ ကောသမ္ဗီသို့

http://www.dhammadownload.com



ပြန်ပြီးသော်၊ ယောသကသူဌေးလည်း ယောသိ[illegible]ကာရုံကျောင်းကို, ကုက္ကုဋ္ဌသူဌေးလည်း ကုက္ကုဋ္ဌာရုံကျောင်းကို, ပါဝါရိကသူဌေးလည်း ပါဝါရိကာရုံကျောင်းကို၊ ဤ[illegible]ဿို့ ၃ ဆောင်သောကျောင်းကြီးကို ပြီးစေ၍၊ မြတ်စွာဘုရားအား လာတော်မူခြင်းငှာ ပင့်၍ မြတ်စွာဘုရား လာတော်မူ[illegible]။

ထိုသူဌေးတို့သည် မြတ်စွာဘုရားကို ခရီးဦး ကြိုဆို၍၊ ကျော[illegible]ား်းသို့ ပင့်၍ အကြိမ်ကြိမ်အားဖြင့် လုပ်ကျွေးကုန်၏။

မြတ်စွာဘုရားသည် နေ့တိုင်း အကြိမ်အားဖြင့် နေတော်မူ၏။ အကြင် သူဌေး[illegible]ကျောင်း၌ နေတော်မူ၏။ ထိုသူဌေးအိမ်၌ ဆွမ်းရပ်တော်မူ၏။

ထိုသူဌေး ၃ ယောက်တို့အား ခစားပါသော 'သုမန'အမည်ရှိသောပန်း[illegible]သည် ထိုသူဌေးတို့ကို [illegible]ဆောင်းပန်၍၊ ထိုသူဌေးတို့သည် ခွင့်ပြု၍၊ မြတ်စွာဘုရားကို ဖိတ်၍ ပူဇော်သက္ကာရကို စီရင်၏။

ထိုအခါ၌ ဥတေနမင်းသည် သာမာဝတီမိဖုရားအား ၈ အသပြာသောပန်းဖိုး[illegible]ကို နေ့တိုင်း ပေး၏။ မိဖုရား၏ 'ခုဇ္ဈတ္တရာ'အမည်ရှိသော ကျွန်မသည် 'သုမန'အမည်ရှိသောပန်းသည်သို့ သွား၍၊ ပန်းကို ဝယ်၏။

ထိုအခါ၌ ခုဇ္ဈတ္တရာလာသည်ကို "ငါသည် မြတ်စွာဘုရားကို ဖိတ်အပ်ပြီး[illegible]သော ပန်းဦးတို့ဖြင့် မြတ်စွာဘုရားကို ပူဇော်အံ့။ သင် ငှံပါဦး။ ဆွမ်းကျွေးအဖော် ဖြစ်၍၊ တရားတော်ကို နာ၍၊ [illegible]ကြွင်းသောပန်းတို့ကို ယူ၍ သွားလော" ဟု သုမနပန်းသည် ဆို၏။ ထိုခုဇ္ဈတ္တရာသည်လည်း ငှံ၏။

သုမနပန်းသည်သည် မြတ်စွာဘုရား အမှူးရှိသော သံဃာတော်တို့ကို ဆွမ်းလုပ်ကျွေး၍ ဆွမ်းအနုမောဒနာကို ပြုစိမ့်သောငှာ မြတ်စွာဘုရားသပိတ်တော်ကို သုမနပန်းသည် ယူ၏။ မြတ်စွာဘုရားလည်း ဆွမ်းအနုမောဒနာပြု၍ တရားဟောတော်မူ၏။ ခုဇ္ဈတ္တရာသည်လည်း မြတ်စွာဘုရားတရားတော်ကို ကြား၍ သောတာပန် ဖြစ်၏။

ထိုခုဇ္ဈတ္တရာသည် တစ်ပါးသောနေ့တို့၌ ၄ အသပြာတို့ကို မိမိအဖို့ ယူ၍၊ ၄ အသပြာတို့ဖြင့်သာ ပန်းဝယ်၍ သွား၏။ ထိုနေ့မူကား ၈ အသပြာတို့ဖြင့် ပန်းကို ဝယ်၍ သွား၏။

ထိုအခါ ခုဇ္ဈတ္တရာကို သာမာဝတီမိဖုရားသည် "ယနေ့ ငါတို့အား မင်းကြီးသည် ၂ ဆလွန်၍ ပံ့ပိုးသလော" ဟု မေး၏။

"ရှင်မ။ အဘယ်ကြောင့် ပန်းများသနည်း" ဟု မေးပြန်၏။

"ရှင်မ။ တစ်ပါးသော နေ့တို့၌ ၄ အသပြာတို့ဖြင့်သာ ဝယ်၍ အကျွန်ုပ် ဆက်ပေ၏" ဟု လျှောက်၏။

"အမယ်။ ယနေ့ အဘယ့်ကြောင့် မယူသနည်း" ဟု မေးပြန်၏။

"ရှင်မိဖုရား။ တရားတော်ကို ရသောကြောင့် မယူသတည်း" ဟု လျှောက်၏။

ထိုအခါ သာမာဝတီမိဖုရားသည် ထိုခုဇ္ဈတ္တရာအား 'ထိုသို့သောအသပြာတို့ကို ယူသည်'ဟု မခြိမ်းခြောက်မူ၍၊ "သမီး။ သင်သည် အမြဲကိုက်တရားကိုသာ ပေးအပ်ပြီ။ သင်သောက်အပ်သော တရားကို ငါတို့ကိုလည်း သောက်စေလော" ဟု မိဖုရား ဆို၏။

"အကျွန်ုပ် ရေချိုးပါရစေဦး" ဟု ဆိုလျှင်၊ ၁၆ အိုးသော နှင်းရည်တို့ဖြင့် ရေချိုးစေ၍၊ သိမ်မွေ့သော အဝတ်တစ်စုံတို့ကို ပေး၏။

ထိုခုဇ္ဈတ္တရာသည် တစ်ထည်ကို ဝတ်၍၊ တစ်ထည်ကို ရုံ၍၊ နေရာကို ခင်းစေ၍၊ ယပ်ကို ကိုင်စေ၍၊ နေရာ၌ နေစေ၍၊ ၅၀၀ ကုန်သောမင်းမောင်းမတို့ကို ခေါ်၍၊ ဆန်းကြယ်သောယပ်ကို ကိုင်စေ၍ မြတ်စွာဘုရား

http://www.dhammadownload.com



တရားတော်ကို ဟောစ၏။ ထိုခုဒ္ဓပုတ္တရာဟောသော တရားကိုနာ၍ မဖုရားနှင့်တကွ ၅၀၀ သော မင်းမောင်းမတို့သည် သောတာပတ္တိဖိုလ်၌ တည်ကုန်၏။

ထို မိဖုရား, မင်းမောင်းမတို့သည် ခုဒ္ဓပုတ္တရာကို ရှိခိုး၍၊ ''အမိ။ ယနေ့မှစ၍ ညစ်ညူးသောအမှုကို သင် မပြုလင့်။ ငါတို့အမိအရာ၌ လည်းကောင်း, ဆရာအရာ၌ လည်းကောင်း တည်၍၊ စကြံ့ သွားတော်မူသော မြတ်စွာဘုရားအထံတော်သို့ သွား၍၊ မြတ်စွာဘုရားဟောတော်မူသော တရားကို နာ၍ ငါတို့အား အမိ ဟောလော့'' ဟု တောင်းပန်ကုန်၏။

ထိုခုဒ္ဓပုတ္တရာသည် ထိုသို့ တရားတော်ကို နာ၍၊ ဟောချသ်ာလျှင်၊ နောက်အဖို့၌ကား ဝိဋ္ဌကတ် ၃ ပုံကို ဆောင်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် ''အကြားအမြင်ကို ဆောင်ကုန်သော, တရားဟောကုန်သော ဥပါသိကာတို့တွင် ခုဒ္ဓပုတ္တရာသည် မြတ်၏'' ဟု ဓုတာဒဂ် ထားတော်မူ၏။

ဤသို့လျှင် မြတ်စွာဘုရား ယောသိတာရုံ၌နေသောအခါ သာမာဝတီ အမျှင်ရှိကုန်သော ၅၀၀ သော မောင်းမတို့အား လည်းကောင်း အကြောင်းဖြစ်တော်မူ၍၊ 'အပွမာဒေါ အမတံ ပဒံ' အစရှိသောဂါထာကို ဟောတော်မူ၏။ ထိုဒေသနာတော်၏အဆုံး၌ များစွာသောတရားနာတို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။ ထိုဒေသနာတော်သည် များစွာသောသူအား အကျိုးများသည် ဖြစ်၏။ ။ ဓမ္မပဒ။

http://www.dhammadownload.com



## ဥတေနမင်းအား ဘဒ္ဒဝတီဆင်မ၏ကျေးဇူးကို ပြခြင်း

ထိုယောသိတာရုံ၌ နေတော်မူသောအခါ 'အဟံ ဝေဒဋ္ဌ ဓမ္မာယ' ဤသို့အစရှိသောဒေသနာတော်ကို ဥတေနမင်း၏ ဘဒ္ဒဝတီဆင်မကို အကြောင်းပြု၍ ဟောတော်မူ၏။

အခါတစ်ပါး၌ ထိုဆင်မသည် အရိယာအပေါင်း ခြံရံသည်ဖြစ်၍၊ နှိုင်းယှဉ်ကြောင်းမရှိသော ဘုရားအသရေတော်ဖြင့် နံနက်စောစော ကောသမ္ဗီမြို့သို့ ဆွမ်းခံဝင်တော်မူသောမြတ်စွာဘုရားကို မြင်၍၊ မြတ်စွာဘုရား ခြေတော်၌ ဝပ်၍၊ ''ခပ်သိမ်းသောလောကကို သံသရာဝဋ်မှ ထွက်စေတော်မူနိုင်သော သဗ္ဗညုမြတ်စွာဘုရား။ ဥတေနမင်းသည် ဖျိုသောအခါ အမှုကိုပြီးစေခြင်းငှာ စွမ်းနိုင်သောကာလ၌ 'ဤဆင်မကိုမှီ၍ ငါသည် အသက်ကို လည်းကောင်း, မင်း၏အဖြစ်ကို လည်းကောင်း, မိဖုရားကို လည်းကောင်း ရ၏'ဟု ကျွန်ုပ်ကို လေးမြတ်၍ ကြီးစွာသောအဆောင်အရွက်ကို ပေး၏။ အလုံးစုံသော တန်ဆာတို့ဖြင့် တန်ဆာဆင်၍၊ ရပ်ရာအရပ်၌ နံ့သာဖြင့် လိမ်းကျံ၍၊ အထက်၌ ရွှေကြယ်ခတ်သောဗိတာန်ကို ကြက်၍၊ ထက်ဝန်းကျင် ဆန်းကြယ်သောတင်းထိမ်ကို ရံ၍၊ ဆီနံ့သာဖြင့် ဆီမီးညှိစေ၍၊ နံ့သာအိုးကို ထားစေ၍၊ အစာဟောင်းစွန့်ရာအရပ်၌ ရွှေဖျဉ်းကို ထား၍ ကောင်းစွာဆန်းကြယ်သော အခင်းရှိသောအင်းပျဉ်၌ ရပ်၏။ မင်းအားထိုက်သော အထူးထူးသောအရသာ ဘောဇဉ်တို့ကို ပေးစေ၏။ ယခု ကျွန်ုပ်အိုသောအခါ အမှုကိုမစွမ်းနိုင်လျှင် အလုံးစုံသော 'အပေးအကမ်း'သည် ပြတ်ခဲ့၏။ ကိုးကွယ်ရာ မရှိ။ အပေးအကမ်းတည်းဟူသောအကြောင်း, ပေးကမ်းခြင်းအကြောင်း မရှိသည်ဖြစ်၍ တောခွေ ဆပ်သွားတို့ကိုသာလျှင်စား၍ အသက်မွေးရ၏။ အကျွန်ုပ်ကိုးကွယ်ရာ တစ်စုံတစ်ယောက်မျှ မရှိ။ ဥတေနမင်းအား အကျွန်ုပ်ကျေးဇူးကို မှတ်စေ၍ ရှေ့ကာလ၌ဖြစ်သော အပေးအကမ်းတို့ကို ရှင်ပင်ဘုရား အကျွန်ုပ်အား ပေးကမ်းပါစေကုန်လော''ဟု ဝိလျက် မြတ်စွာဘုရားကို တောင်းပန်၏။

မြတ်စွာဘုရားလည်း ''သင် သွားလော့။ ငါသည် သင်၏မင်းအား ထိုအကြောင်းကို ဆို၍ ပြကတော့သော အပေးအကမ်းကို ပြုစေအံ့''ဟု မိန့်တော်မူ၍၊ ဥတေနနန်းတံခါးသို့ မြတ်စွာဘုရား သွားတော်မူ၍၊ ထိုဥတေနမင်းသည် မြတ်စွာဘုရားကို ပင့်၍ နန်းတော်တွင်း၌ မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အား ကြီးစွာသောအလှူကို ပေး၏။

ဆွမ်းဘုဉ်းပေးတော်မူပြီးသော အဆုံး၌ မြတ်စွာဘုရားသည် ''မင်းမြတ်။ ဘဒ္ဒဝတီဆင်မသည် အဘယ်မှာလဲ''ဟု မေးတော်မူ၏။ ''ရှင်ပင်ဘုရား။ အကျွန်ုပ် မသိ''ဟုလျှောက်၏။

''မင်းကြီး။ ကျေးဇူးရှိသောသူတို့အား အဆောင်အရွက်ကို ပေးပြီး၍၊ အိုသောအခါ၌ အပေးအကမ်းတို့ကို ရပ်ခြင်းငှာ မသင့်။ သူ့ကျေးဇူးတို့ကို ပြုခြင်းငှာသာလျှင် သင့်၏။ ယခုအခါ၌ ဘဒ္ဒဝတီဆင်မသည် အိုသည်ဖြစ်၍ ကိုးကွယ်ရာ မရှိ။ တောခွေ ဆပ်သွားတို့ကိုစား၍ အသက်မွေး၏။ အိုသောအခါ ကိုးကွယ်ရာမရှိသည်ကို ပြုခြင်းငှာ မင်းကြီးတို့အား မလျောက်ပတ်''ဟု ဘဒ္ဒဝတီဆင်မ၏ကျေးဇူးကို မိန့်တော်မူ၍၊ ''မင်းကြီးတို့သည် အလုံးစုံ ရှေးဦးပေးပြီးသောအပေးအကမ်းကို ရှေးပေးသကဲ့သို့ ဘဒ္ဒဝတီဆင်မအား ပေးကုန်လော့''ဟု မိန့်တော်မူ၍၊ နန်းတော်မှ ကြွတော်မူ၍၊ ဥတေနမင်းလည်း ထိုရှေးပေးသောအတိုင်း ဘဒ္ဒဝတီဆင်မအား ပေးတော်မူ၏။

http://www.dhammadownload.com



ထိုအခါ၌ ''မြတ်စွာဘုရားသည် ဘဒ္ဒဝတီဆင်မကျေးဇူးကို မိန့်တော်မူ၍၊ ရှေး၌ ပေးသောအပေးအကမ်းကို ဆင်မအား ပေးစေသတည်း''ဟု မြို့အလုံး မြတ်စွာဘုရား၌ လည်းကောင်း, ရဟန်းအပေါင်းတို့၌ လည်းကောင်း ထိုအကြောင်းသည် ထင်စွာဖြစ်၏။

ထိုအခါ ရဟန်းတို့သည် တရားသဘင်၌ ''အရှင်တို့။ မြတ်စွာဘုရားသည် ဘဒ္ဒဝတီဆင်မ၏ကျေးဇူးကို မိန့်တော်မူ၍ ရှေးကဲ့သို့ ပြကတော့သောအပေးအကမ်းကို ပေးစေ၏''ဟု ပြောဟောခြင်းကို ဖြစ်စေကုန်၏။ ထိုအခါ မြတ်စွာဘုရားလာတော်မူ၍၊ ''အဘယ်စကားကို ဆိုသနည်း''ဟု မေးတော်မူ၍၊ ထိုအကြောင်းကို တပည့်တို့ လျှောက်ကုန်သော်၊ ''ရဟန်းတို့။ ယခုသာလျှင် ဘဒ္ဒဝတီဆင်မအား စည်းစိမ်ချမ်းသာကို ပြကတော့ပြုသည် မဟုတ်။ ရှေးကာလ၌လည်း ငါမြတ်စွာဘုရားသည် ဘဒ္ဒဝတီဆင်မကျေးဇူးကို ဆို၍ ပျောက်သောစည်းစိမ်ချမ်းသာကို ပြကတော့ပြုသည်သာလျှင်တည်း'' ဟု မိန့်တော်မူ၍ ဒဋ္ဌဓမ္မဇာတ်[၁]ကို ဟောတော်မူ၏။

ဤ နဝမဝါ၌ ဤသို့အစရှိသော များစွာသောဒေသနာဖြင့် များစွာသောနတ်,လူ,ဗြဟ္မာတို့ကို မဂ်,ဖိုလ်, နိဗ္ဗာန်ကို ပေးတော်မူ၏။

၁- ၅၅၀ ဇာတ်တော်စဉ် ၄၀၉ ရှု။

http://www.dhammadownload.com



## မြတ်စွာဘုရားသည် ပါလိလေယျကတောသို့ ကြွတော်မူခြင်း

မြတ်စွာဘုရားသည် ကောသမ္ဗီပြည် ဃောသိတာရုံ၌ နေတော်မူသောအခါ ဝိနယဓရ၊ သုတ္တန္တဓရ[1] ဤ ၂ ယောက်သောရဟန်းတို့ကို အကြောင်းပြု၍၊ ''ရဟန်းတို့။ ၅၀၀ သောတပည့်တို့သည် လည်းကောင်း၊ ထိုရဟန်းတို့၏ ဒကာတို့သည် လည်းကောင်း အချင်းချင်းငြင်းခုံခြင်းသည် ပွားကုန်၏။ ဤသို့သောနည်းဖြင့် ထိုရဟန်းတို့ ဆုံးမအပ်သော ရဟန်းမိန်းမတို့သည် လည်းကောင်း၊ ထိုရဟန်းတို့၏ အစောင့်ဖြစ်ကုန်သော နတ်, ထိုနတ်တို့၏ အဆွေခင်ပွန်းဖြစ်ကုန်သော အာကာသဓာတ်နတ်တို့သည် လည်းကောင်း ဗြဟ္မာပြည်တိုင်အောင် ခပ်သိမ်းကုန်သော ပုထုဇဉ် လူ,နတ်,ဗြဟ္မာတို့သည် ၂ ကွဲ ဖြစ်ကုန်၏။ စတုမဟာရာဇ်နတ်ပြည်ကို အစပြု၍ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ဤသို့သောအုတ်အုတ်ကျက်ကျက်သည် ဖြစ်၏။

ထိုအခါ ရဟန်းတစ်ပါးသည် မြတ်စွာဘုရားသို့ကပ်၍၊ ထိုသို့အဓိကရဏ်းဖြစ်သော အကြောင်းကို လျှောက်၏။ မြတ်စွာဘုရားသည် ''အညီအညွတ် ဖြစ်စေကုန်''ဟု ၂ ကြိမ် စေတော်မူ၏။ ''ရှင်ပင်ဘုရား။ အညီအညွတ်ဖြစ်ခြင်းငှာ အလိုမရှိကုန်''ဟု မြတ်စွာဘုရားကို လျှောက်၏။

ထိုသို့လျှောက်သောစကားကို ကြားတော်မူ၍၊ ၃ ကြိမ်မြောက်သော အကြိမ်၌ ''သံဃာသည် ကွဲခဲ့ပြီ။ သံဃာသည် ကွဲခဲ့ပြီ''ဟု ထိုရဟန်းတို့ သွားတော်မူ၏။ ဥက္ခေပကရဟန်းတို့အား ဥက္ခေပကရဟန်း၌ အာပတ်ကို မမြင်ခြင်း၌ အပြစ်ကို မိန့်တော်မူ၍၊ ထိုရဟန်းတို့အား ထိုကဲ့သို့သာလျှင် တစ်ခုသောသိမ်၌ ဥပုသ်အစရှိသောက်တို့ကို ပြုစေ၍၊ ''ဆွမ်းဘုဉ်းပေးရာဖရပ်တို့၌ ထို အငြင်းအခုံဖြစ်သောရဟန်းတို့အား နေရာအခြားဖြင့် နေအပ်၏'' ဟု ဆွမ်းစားရာအရပ်၌ ဝတ်ကို မှတ်စေ၏။ ''ထိုဘတ္တဂ္ဂဝတ်၌ လည်းကောင်း အငြင်းအခုံဖြစ်၍ နေကုန်၏'' ဟု ကြားတော်မူ၍ ထိုဘတ္တဂ္ဂသို့ သွားတော်မူ၍၊ ''ရဟန်းတို့။ မငြင်းခုံလိုလင့်။ ငြင်းခုံခြင်းသည် မသင့်''

ဤသို့အစရှိသည်တို့ကို မိန့်တော်မူ၍၊ ''ရန်ငြိုးခြင်းသည် အကျိုးမရှိသည်ကို ပြုတတ်ကုန်၏။ ရန်ငြိုးဖွဲ့ခြင်းကိုမှီ၍ နှံစုတ်ငှက်မသည် ဆင်ပြောင်ကို အသက်ကုန်ခြင်းသို့ ရောက်စေကုန်၏''ဟု လဋ္ဌကိကဇာတ်[2]ကို ဟောတော်မူ၍၊ ''ရဟန်းတို့။ အညီအညွတ်ဖြစ်စေကုန်လော့။ မငြင်းခုံလင့်။ ငြင်းခုံခြင်းကိုမှီ၍ များစွာသော အသိမ်းသောင်းတို့သည် အသက်ကုန်ခြင်းသို့ ရောက်ကုန်၏''ဟု ဟောတော်မူ၍၊ ဝဋ္ဋကဇာတ်[3]ကို ဟောတော်မူ၏။

ဤသို့ဆုံးမတော်မူ၍လည်း မြတ်စွာဘုရားစကားတော်ကို ထိုရဟန်းတို့သည် မနာကုန်သည်ရှိသော်၊ တစ်ယောက်သောဓမ္မဝါဒီရဟန်းသည် မြတ်စွာဘုရား၏ပင်ပန်းခြင်းကို အလိုမရှိသည်ဖြင့် ''ရှင်ပင်ဘုရား။ ခဲ့တော်မူလော့။ မျက်မှောက်သောကိုယ်တော်အဖြစ်၌ ချမ်းသာနှင့်ယှဉ်သည် ဖြစ်၍ နေတော်မူလော့။ အကျွန်ုပ်တို့သည် ထိုသို့သော အကြောင်းဖြင့် ထင်လတ်ကုန်အံ့''ဟု လျှောက်သည်ရှိသော်၊ မြတ်စွာဘုရားသည် ဒီဃိတိကောသလမင်း[4]၏အကြောင်းကို ဆောင်တော်မူ၍၊ 'နဟိ ဝေရေန ဝေရာနိ သမ္မန္တိဝကုဒါစနံ' အစရှိသည်ဖြင့် အဆုံးအမကို ပေးတော်မူ၏။

၁- ဓမ္မကထိကထေရ် - ဓိနတ္ထပကာသနီကျမ်း။
၂- ၅၅၀ ဇာတ်တော်စဉ် ၁၁၈ ရှု။ 'သမ္မောဒမာနဇာတ်'ဟုလည်း ခေါ်။
၃- ၅၅၀ ဇာတ်တော်စဉ် ၃၅၇ ရှု။
၄- ၅၅၀ ဇာတ်တော်စဉ် ၃၇၁ ရှု။

http://www.dhammadownload.com



ဗြဟ္မဒတ္တမင်းသည် ဒီဃီတိကောသလမင်း၏ပြည်ကို လုရ၍၊ ထင်ရှားသောအသွင်ဖြင့် နေသော ဒီဃီတိကောသလမင်း၏သေသောအဖြစ်ကို လည်းကောင်း, ဒီဃာဝုမင်းသားသည် မိမိအသက်ကို ပေးသည်ရှိသော်၊ ထိုနေ့မှစ၍ ထိုဒီဃာဝုမင်းသား, ဗြဟ္မဒတ်မင်း၏ ညီညွတ်သည်၏အဖြစ်ကို လည်းကောင်း ဟောတော်မူ၍၊ ''ရဟန်းတို့။ မပေးအပ်သောဒဏ်ရှိသော, မပေးအပ်သောလက်နက်ရှိသော ထိုမင်းသားတို့၏ ဤသို့သဘောရှိကုန်သော သည်းခံခြင်း, ကောင်းစွာမွေ့လျော်ခြင်းသည် ဖြစ်၏'' ဟု ဟောတော်မူ၏။

''ရဟန်းတို့။ ဤသို့ ကောင်းစွာဟောအပ်သော ဓမ္မဝိနယ၌လည်း ကောင်းစွာရဟန်းပြုအပ်ကုန်သော သင်တို့သည် ဤအဆုံးအမ၌ နှစ်သက်ကုန်။ သည်းခံကုန်။ ကောင်းစွာမွေ့လျော်ကုန်''ဟု ဆုံးမတော်မူ၏။ ၂ ကြိမ်မြောက် လည်းကောင်း, ၃ ကြိမ်မြောက် လည်းကောင်း ''ရဟန်းတို့။ တန့်ပြီ။ မငြင်းခုံကုန်လင့်''ဟု မိန့်တော်မူ၍လည်း ထိုရဟန်းတို့ကို အညီအညွတ်ပြုခြင်းငှာ ဆုံးမတော်မမူနိုင်။

ထိုအခါ၌ 'ငါသည် ရဟန်း,ဥပါသကာ,မင်း,တိတ္ထိတို့နှင့် ပြွမ်း၍ နေ၏။ တစ်ယောက်တည်း အပေါင်းမှ ခွာ၍နေသော် ကောင်းစွတကား'ဟု ဤသို့သောအကြံတော်သည် ဖြစ်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစော သပိတ်,သင်္ကန်းတို့ကို ယူတော်မူ၍၊ ကောသမ္ဗီမြို့သို့ ဆွမ်းခံဝင်တော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးသော်၊ ဆွမ်းဘုဉ်းပေးတော်မူရာအရပ်မှ ဖဲတော်မူ၍၊ အိပ်ရာနေရာကို ရှင်ပင်ဘုရားလည်း သိုမှီးတော်မူ၍၊ သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ တစ်စုံတစ်ယောက်သောသူကို မကြားမူ၍ တစ်ပါးတည်းသာလျှင် ပါလိလေယျကသို့ ဒေသစာရီကြွတော်မူ၏။

ဤသို့ မြတ်စွာဘုရားကြွတော်မူသည်ရှိသော် ၅၀၀ သောရဟန်းတို့သည် ရှင်အာနန္ဒာကို ''ရှင်အာနန္ဒာ။ မြတ်စွာဘုရားသည် တစ်ပါးတည်းသာလျှင် ကြွတော်မူ၏။ အကျွန်ုပ်တို့ လိုက်ကြကုန်အံ့''ဟု ဆိုကုန်၏။

''သခင်တို့။ အကြင်အခါ၌ မြတ်စွာဘုရားသည် ကိုယ်တော်သည်ပင်လျှင် အိပ်ရာနေရာတို့ကို သိုမှီးတော်မူ၍၊ သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ ဃောသကအစရှိသော ကျောင်းဒကာ,ရဟန်းအပေါင်းတို့ကို မကြားမူ၍၊ ထိုအရပ်သို့ တစ်ပါးတည်းကြွတော်မူခြင်းငှာ ကြွတော်မူ၍၊ မြတ်စွာဘုရားအလိုတော်သည် တစ်ပါးတည်း နေတော်မူခြင်းငှာအလိုတော်နှင့် လျောက်ပတ်စွာကျင့်ရာ၏။ ဤသို့သဘောရှိသောနေ့ပတ်လုံး မြတ်စွာဘုရားသို့ မလိုက်အပ်''ဟု ဖြစ်၏။ အာနန္ဒာသည်လည်း လိုက်တော်မမူ။

မြတ်စွာဘုရားသည် အစဉ်သဖြင့် ဒေသစာရီ သွားတော်မူသည်ရှိသော်၊ 'တစ်ယောက်တည်းနေသော ရဟန်းတို့ကို ရှုအံ့'ဟု တာလကလောဏကာရ ရွာသို့ သွားတော်မူ၍၊ ရှင်ဘဂုထေရ်အား ဆွမ်းဘုဉ်းပေးပြီးသော်၊ 'အလုံးစုံသော ကာလပတ်လုံးလည်းကောင်း, ၃ ယံသော ညဉ့်ပတ်လုံးလည်းကောင်း တစ်ယောက်တည်းနေခြင်း, ကောင်းစွာကျင့်ခြင်း၌ အကျိုးများသည်၏အဖြစ်ကို ဟောတော်မူ၍၊ မိုးသောက်သောနေ့၌ ထို ရှင်ဘဂုထေရ် နောက်လိုက်ရဟန်း ရှိသည်ဖြစ်၍၊ ဆွမ်းခံတော်မူ၍၊ ထိုဘဂုထေရ်တို့ကို ရအပ်ပြန်၍၊ 'အညီအညွတ်နေကုန်သော ၃ ယောက်သောအမျိုးသားတို့ကို ရအံ့'ဟု ပါစီနဝနတောသို့ သွားတော်မူ၍၊ ထို ၃ ယောက်သော တပည့်တို့အား ၁ နှစ်ပတ်လုံး 'ညီညွတ်စွာနေခြင်း၌ အကျိုးများသည်၏အဖြစ်'ကို ဟောတော်မူ၍၊ ထို ၃ ယောက်သော တပည့်တော်တို့ကို အရပ်သို့ ပြန်စေ၍၊ တစ်ပါးတည်းသာလျှင် ပါလိလေယျကရွာသို့ ရောက်တော်မူ၍၊ ပါလိလေယျကရွာသားတို့သည် ခရီးဦး ကြိုဆို၍၊ မြတ်စွာဘုရားအား အလျှူပေး၍၊ ပါလိလေယျကရွာ၏အနီး ရက္ခိတတောအုပ်၌ မြတ်စွာဘုရားအား သခိမ်းတော်ဆောက်၍၊ ''ဤသခိမ်း၌ နေတော်မူပါ''ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားသည် ထိုရွာကို ဆွမ်းအမှီပြု၍ ထိုသခိမ်း၏အနီး၌, နှစ်လိုဖွယ်သော ဘဒ္ဒသာလ အင်ကြင်းပင်အနီး၌ ဝါဆိုကပ်တော်မူ၏။

http://www.dhammadownload.com



## ပါလိလေယျက ဆင်မင်း အကြောင်း

ထိုအခါ၌ ဆင်မင်းသည် ဆင်ကြီး,ဆင်ငယ်တို့နှင့် ပြွမ်း၍နေ၏။ ထိုဆင်တို့သည်ဖြတ်အပ်သော မြက်တို့ကို စား၍၊ ချိုးဖျက်သော သစ်ခက်ကို စား၍ နောက်သောရေကို သောက်၏။ ရေသို့သက်သော ဆင်မင်းအား ဆင့်မတို့သည် ဆင်မင်းကို တစ်ပါးကုန်လျက် သွားကုန်၏။ 'အပေါင်းသောဆင်တို့နှင့် ပြွမ်း၍နေခြင်းသည် ဆင်းရဲ၏။ ငါ့အား ချမ်းသာစွာ မနေရ။ ဆင်အပေါင်းမှ ဖဲ၍နေရသော် ကောင်း၏'ဟု ကြံ၏။

ထိုအခါ၌ ဆင်မင်းသည် အပေါင်းမှ ခွာ၍၊ ပါလိလေယျကရွာ၏အနီး၌၊ ရက္ခိတတောအုပ်၌, ဘဒ္ဒသာလ အင်ကြင်းပင်၏အနီး၌ မြတ်စွာဘုရားရှိတော်မူရာ အရပ်သို့ ကပ်၍၊ ထိုအရပ်၌ ဆင်မင်းသည် မြတ်စွာဘုရား နေတော်မူရာအရပ်ကို ခြေဖြင့် လှည်း၍၊ နှာမောင်းဖြင့် သစ်ခက်ကို ယူ၍ လှည်း၏။ နှာမောင်းဖြင့် အိုးကိုယူ၍ သောက်ရေ, သုံးဆောင်ရေကို ဆောင်၏။ ဒန်ပူ, မျက်သစ် ကပ်၏။ ရေနွေးကို အလိုရှိတော်မူသော် ရေနွေးကို စီရင်၏။ ခြေဖြင့် ထင်းတို့ကို မီးပွတ်၍ မီးတို့ ပြည့်စုံစေ၏။ ထိုမီးပုံ၌ ကျောက်တို့ကို ဖုတ်၍၊ လှင်ကန်ဖြင့် ကျောက်တို့ကို တရိုက်တရိုက်လှည့်စေ၍ ပိုင်းခြားအပ်သော ထိုအိုင်ငယ်၌ ချ၏။ ထိုအိုင်၌ နှာမောင်းဖြင့် စမ်း၍၊ ရေပူသည်၏ အဖြစ်ကို သိ၍၊ မြတ်စွာဘုရား အထံတော်သို့ ကပ်၍ ရပ်၏။ မြတ်စွာဘုရားလည်း ''ပါလိလေယျ။ သင်၏ ရေနွေးသည် ပြီးပြီလော''ဟုမိန့်တော်မူ၍၊ ထိုထုံးအိုင်သို့ ကြွ၍ ရေသပွာယ်တော်မူ၏။ ဆင်မင်းသည် အထူးထူးသော သစ်သီးတို့ကိုလည်း ကပ်၏။

ထိုအခါ၌ ဆိတ်ငြိမ်စွာကျိန်းတော်မူသော မြတ်စွာဘုရားအား 'ငါသည် ရှေးအခါ၌ ရဟန်းတို့နှင့် လည်းကောင်း, ရဟန်းမိန်းမတို့နှင့် လည်းကောင်း၊ ဥပါသကာ, ဥပါသိကာမ, မင်း, မင်း၏အမတ်, တိတ္ထိ, တိတ္ထိတပည့်တို့နှင့် ပြွမ်း၍နေ၏။ ထိုသို့နေခြင်းသည် မသင့်။ မချမ်းသာ။ ယခုအခါ၌ ရဟန်း အစရှိသောပရိသတ်တို့နှင့် မပြွမ်းမူ၍ နေရ၏။ ထိုသို့မပြွမ်းခြင်းသည် ချမ်းသာစွာ, ကောင်းစွာနေရ၏' ဤသို့ စိတ်အကြံတော်သည် ဖြစ်၏။

ထိုအခါ ဆင်မင်းသည်လည်း 'ငါသည် ဆင်ကြီးတို့နှင့် လည်းကောင်း, ဆင်ငယ်တို့နှင့် လည်းကောင်း ပြွမ်း၍ ရှေးအခါ၌ နေ၏။ အညွန့်မရှိသောမြက်တို့ကို စားရ၏။ ချိုးဖျက်သောသစ်ခက်တို့ကိုလည်း စားရ၏။ နောက်သောရေတို့ကိုလည်း သောက်ရ၏။ ရေမှတက်သော ငါ၏ကိုယ်ကို သက်ကုန်သောဆင်မတို့သည် ချုပ်၍ သွားကုန်၏။ ပြွမ်း၍နေသော ငါသည် ချမ်းသာစွာမနေရ။ ယခု ဆင်ကြီး, ဆင်ငယ်တို့နှင့် မပြွမ်းသဖြင့်နေသော ငါသည် ချမ်းသာစွာနေရ၏' ဤသို့သောအကြံသည် ဖြစ်၏။

ထိုအခါ၌ မြတ်စွာဘုရား၏ ဆိတ်ငြိမ်ခြင်းကို လည်းကောင်း, ဆင်မင်း၏စိတ်အကြံကို လည်းကောင်း သိတော်မူ၍၊ ထိုအခါ၌

'ဧဝံနာဂဿနာဂေန ဤသာဒန္တသဟတ္ထိနော။
သမေတိစိတ္တံ စိတ္တေန၊ ဧက ကောရမတီမနော။ ။' ဟူသော ဥဒါန်းဂါထာကို မိန့်တော်မူ၏။

ထိုဥဒါန်းဂါထာ၏ အဓိပ္ပာယ်ကား ဤသို့တည်း။

**ပန်းချေပြည်စာအုပ်တိုက်**

http://www.dhammadownload.com



"""အပေါင်းမှ ခွာ၍နေခြင်းသည် ချမ်းသာ၏' ဟုစိတ်ရှိသော ဆင်မင်းနှင့် 'ဤသို့ အပေါင်းမှခွာ၍နေခြင်းသည် ချမ်းသာ၏'ဟုစိတ်ရှိသော 'ဘုရား'တည်းဟူသော ဆင်မင်းနှင့် ညီ၏။ နီးနှောင်၏။ အဘယ်သို့ ညီသနည်းဟူမူကား 'ဘုရား'တည်းဟူသော ဆင်မင်းသည် 'ငါသည် ရှေ့အခါ၌ ပြိမ်းလျက်နေ၏။ ထိုပြိမ်းလျက်နေခြင်းကို ငြိုးငွေ့၍၊ ဆိတ်ငြိမ်ခြင်းကို ခိုးမြှင့်သည်ဖြစ်၏။ ယခုအခါ တစ်ပါးတည်း တောခွ် ငါ မွေ့လျော်သကဲ့သို့ ဆင်မင်းသည် ရှေးခွ် မိမိအခြံအရံ အစရှိသောဆင်တို့နှင့် ပြိမ်း၍နေခြင်းကို ငြိုးငွေ့စက်ဆုပ်၍ ယခု တစ်ဦးတည်း တောခွ်နေခြင်းကို မွေ့လျော်၏။ အကြင်ကြောင့် မွေ့လျော်၏။ အကြင်ကြောင့် နှစ်လို၏။ ထိုကြောင့် ဆင်မင်း၏စိတ်နှင့် ငါ့စိတ်သည် တူသည်သာလျှင် ဖြစ်၏။ ဤသို့ ဝမ်းမြောက်တော်မူ၏'' ဟူလိုသတည်း။

အကြင်အခါ၌ မြတ်စွာဘုရားသည် ရွာသို့ ဆွမ်းခံဝင်တော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသပိတ်တော်ကို ယူ၍၊ ဦးကင်း၌ ထား၍ မြတ်စွာဘုရားနှင့် သွား၏။ မြတ်စွာဘုရားလည်း ရွာပါးသို့ရောက်လျှင်၊ ''ပါလိလေယျက။ ဤအရပ်မှစ၍ သင် မလာလင့်။ ငါ၏သပိတ်ကို ဆောင်ခဲ့''ဟု မိန့်တော်မူ၏။ ထိုဆင်မင်းသည်လည်း မြတ်စွာဘုရားအား သပိတ်တော်ကို ကပ်၏။ မြတ်စွာဘုရားသည် ရွာတွင်းသို့ သွားတော်မူ၏။

ထိုဆင်မင်းသည်လည်း မြတ်စွာဘုရား ဆွမ်းခံပြန်တော်မူသည်တိုင်အောင် ထိုသပိတ်,သင်္ကန်း ကပ်ရာ အရပ်၌သာလျှင် ရပ်၏။ မြတ်စွာဘုရား လာတော်မူသောအခါ၌ ခရီးဦးကြိုပြု၍ ရှေးကဲ့သို့သာလျှင် သပိတ်, သင်္ကန်းတော်ကို ယူ၍၊ ဝတ်ကိုပြု၍ သစ်ခက်ဖြင့် တံမြက်လှည်း၏။

ညဉ့်အခါ၌ သစ်ရဲ ကျားရဲဘေးဒဏ်ကို စောင့်အံ့သောငှာ ကြီးစွာသောလှံကန်ကို နှာမောင်းဖြင့် ယူ၍၊ 'မြတ်စွာဘုရားကို စောင့်အံ့'ဟု နေအရဏ်တက်သည်တိုင်အောင် တောအုပ်အကြားခွ် လှည့်၍ သွား၏။ ထိုမှစ၍သာလျှင် ထိုတောအုပ်သည် 'ရက္ခိတဝနသဏ္ဍ'ဟု အမည်တွင်၏။ နေအရဏ် တက်သည်ရှိသော် မျက်သစ်ရေကပ်ခြင်း အစရှိသည်ကို ပြု၍ ထိုသို့သောနည်းဖြင့် အလုံးစုံသောဝတ်တို့ကို ပြု၏။

ထိုအခါ မျောက်တစ်ခုသည် မြတ်စွာဘုရားအား ရိုသေစွာလုပ်ကျွေးသောဆင်မင်းကို မြင်၍၊ 'ငါလည်း တစ်ခုခုသောအမှုကို ပြုပါအံ့'ဟုသွားသည်ရှိသော်၊ တစ်နေ့သ၌ ပျားငယ်မရှိသော, သစ်ခက်၌စွဲသော ပျားသလက်ကိုမြင်၍ ထိုသစ်ခက်ကို ချိုးပြီးသော်၊ လှင်ကန်နှင့်တကွသာလျှင် ပျားသလက်ကို ဆောင်၍၊ ၄က်ပျောရွက်ကို ခင်း၍၊ ထိုဂက်ပျောရွက်၌ ထား၍ လှူ၏။

'မြတ်စွာဘုရား ဘဉ်းပေးတော်မူအံ့လော။ မဘဉ်းပေးတော် မူအံ့လော'ဟု မျောက်သည် ကြည့်၏။ ထိုမျောက်ကြည့်သည်ရှိသော် ပျားသလက်ကိုကိုင်၍၊ နေတော်မူသောမြတ်စွာဘုရားကို မြင်၍၊ 'အဘယ်သို့ ရှိသနည်း'ဟု ကြံ၍၊ ပျားသလက်လှင်ကန်စွန်းကို ယူပြန်၍ စူးစမ်းသည်ရှိသော်၊ ပျားဥတို့ကို မြင်၍၊ ထိုပျားဥတို့ကို အသာဖယ်၍ လှူပြန်၏။ မြတ်စွာဘုရားလည်း ဘဉ်းပေးတော်မူ၏။

ထိုမျောက်သည် နှစ်သက်ဝမ်းသာ ဖြစ်၍၊ ထိုထိုသောသစ်ခက်တို့ကို ကိုင်၍ က,လျက် ယမ်း၏။ ထို အခါ၌ ထိုမျောက်ကိုင်သောသစ်ခက်တို့သည် ကျိုးကုန်၏။ ထိုမျောက်သည် တစ်ခုသောသစ်ငုတ်ကိုသက်၍၊ ခြောင့်စူးသည် ဖြစ်၍၊ မြတ်စွာဘုရားအား ကြည်သောစိတ်ရှိလျက် စုတေ၍၊ တာဝတိံသာနတ်ပြည်၌ ယူဇနာ ၃၀ ရှိသော ရွှေဗိမာန်၌ နတ်သမီးအပေါင်း အခြံအရံရှိသည် ဖြစ်၍၊ 'မက္ကဋဒေဝပုတ္တ'ဟု အမည်တွင်၏။

မြတ်စွာဘုရားအား ထိုဆင်မင်းသည် လုပ်ကျွေးသည် ဖြစ်၍၊ နေတော်မူသောအဖြစ်ကို ဇမ္ဗူဒီပါကျွန်း၌ ဘင်္ဂရားသည် ဖြစ်၍၊ သာဝတ္ထိမြို့မှ အနာထပိဏ်သူဌေးသည် လည်းကောင်း, ဝိသာခါ မဟာဥပါသိကာ

http://www.dhammadownload.com



လည်းကောင်း၊ ဤသို့အစရှိသော များစွာသောအမျိုးတို့သည် အရှင်အာနန္ဒာသို့ စေ၍၊ ''အရှင်အာနန္ဒာ။ မြတ်စွာဘုရားကို အကျွန်ုပ်တို့အား ပြပါကုန်'' ဟု သတင်းစကားကို စေကုန်၏။

ထိုထိုသောအရပ်၌နေကုန်သော ၅၀၀ သောရဟန်းတို့သည် ဝါကျွတ်သည်ရှိသော် အရှင်အာနန္ဒာသို့ ကပ်၍၊ ''အရှင်အာနန္ဒာ။ ငါတို့သည် ရှင်ပင်ဘုရားအထံတော်၌ တရားနာခြင်းငှာ အလိုရှိပါကုန်၏''

မြတ်စွာဘုရားမျက်မှောက် တရားတော်နာခြင်းငှာ, ရပါစေခြင်းငှာ တောင်းပန်ကုန်၏။ အရှင်အာနန္ဒာလည်း ထိုရဟန်းတို့ကို ယူ၍၊ ထိုပါလိလေယျကတောသို့ သွား၍၊ 'မြတ်စွာဘုရားသို့ ၅၀၀ သောရဟန်းတို့နှင့်တကွ ကပ်ခြင်းငှာ မသင့်' ဟု ကြံ၍၊ ထိုရဟန်းတို့ကို ထားခဲ့၍ တစ်ဦးတည်းသာလျှင် မြတ်စွာဘုရားသို့ ကပ်လေ၏။

ပါလိလေယျကဆင်မင်းသည်လည်း အရှင်အာနန္ဒာကို မြင်၍၊ လှင်ကန်ကို ယူ၍၊ မြတ်စွာဘုရားလည်း ကြည့်တော်မူ၍၊ ''ပါလိလေယျက။ မမြစ်လင့်။ ထိုရဟန်းသည် အလုပ်အကျွေး'' ဟု မိန့်တော်မူ၏။ ထိုပါလိလေယျက ဆင်မင်းသည်လည်း ထိုအရပ်၌ လှင်ကန်ကို စွန့်၍၊ သပိတ်, သင်္ကန်းကိုယူခြင်းကို ပန်၏။ အရှင်အာနန္ဒာသည် ပေးတော်မမူ။

'သင်အပ်ပြီးသောဝတ် ရှိသည်ဖြစ်အံ့။ သပိတ်,သင်္ကန်းကို မြတ်စွာဘုရား နေတော်မူသော ကျောက်ဖျာ၌ မထားလတ္တံ့' ဟု ဆင်မင်း ကြံ၏။ ရှင်အာနန္ဒာသည် သပိတ်,သင်္ကန်းတို့ကို မြေ၌ ထား၍၊ မြတ်စွာဘုရားသို့ ကပ်ပြီးသော် ရှိသေစွာရှိခိုး၍ တင့်အပ်စွာနေ၏။

''အာနန္ဒာ။ တစ်ယောက်တည်းသာ လာသလော'' ဟု မေးတော်မူလျှင်၊ ၅၀၀ သောရဟန်းတို့နှင့် လာသောအကြောင်းကို လျှောက်၏။

''အာနန္ဒာ။ ထိုရဟန်းတို့သည် အဘယ်မှာနည်း'' ဟု မေးတော်မူ၏။ ''ရှင်ပင်ဘုရား အလိုတော်ကို မသိသောကြောင့် အပ၌ နေစေ၍ အကျွန်ုပ်သာ လာသတည်း'' ဟု လျှောက်လျှင်၊ ''ထိုရဟန်းတို့ကို ခေါ်လော့'' ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း မိန့်တော်မူတိုင်း ခေါ်၏။

မြတ်စွာဘုရားလည်း ထိုရဟန်းတို့နှင့် ပြောဟောတော်မူ၍၊

''ရှင်ပင်ဘုရား။ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် ဘုရားအဖြစ်ဖြင့် သိမ်မွေ့တော်မူ၏။ မင်းအဖြစ်ဖြင့် သိမ်မွေ့တော်မူ၏။ ဝါတွင်း ၃ လပတ်လုံး တစ်ပါးတည်းသာ နေတော်မူသော ရှင်ပင်ဘုရားတို့သည် ကျင့်ခဲသောအကျင့်ကို ကျင့်တော်မူ၏။ ဝတ်ကြီးဝတ်ငယ်ကို ပြုသောသူသည် လည်းကောင်း၊ မျက်သစ်ရေကပ်သောသူမျှလည်းကောင်း မရှိ'' ဤသို့လျှောက်သည်ရှိသော်၊ ''ရဟန်းတို့။ ပါလိလေယျကဆင်မင်းသည် အလုံးစုံသောလုပ်ကျွေးခြင်းကို ငါ့အား ပြု၏။ ဤသို့သဘောရှိသော အလုပ်အကျွေးကို ငါ ရတော်မူသဖြင့် တစ်ယောက်တည်းနေခြင်းငှာ လျောက်ပတ်၏။ အလုပ်အကျွေးကို မရသောသူအားလည်း တစ်ယောက်တည်းနေခြင်းငှာ မြတ်၏'' ဟု မိန့်တော်မူ၍၊ 'သစေဘာလေနိ ပကဲသဟာယံ' အစရှိသော ၃ ဂါထာကို ဟောတော်မူ၏။ ထိုဒေသနာတော်၏ အဆုံး၌ ၅၀၀ သောရဟန်းတို့သည် အရဟတ္တဖိုလ်၌ တည်ကုန်၏။

ရှင်အာနန္ဒာသည် အနာထပိဏ်သူဌေး အစရှိသောဥပါသကာတို့သည် စေအပ်သောသတင်းစကားကို လျှောက်၏။

မြတ်စွာဘုရားသည် ''သပိတ်,သင်္ကန်းကို အာနန္ဒာယူလော့'' ဟု မိန့်တော်မူ၍၊ သပိတ်,သင်္ကန်းကို ယူစေ၍ ထွက်တော်မူ၏။ ဆင်မင်းလည်း လာလတ်၍ သွားတော်မူသောခရီး၌ ဖီလာရပ်၏။

http://www.dhammadownload.com



"ရှင်ပင်ဘုရား။ အဘယ်ကြောင့် ရပ်သနည်း"ဟု လျှောက်၏။ "ရဟန်းတို့။ ရဟန်းတို့အား ဆွမ်းလှူခြင်းဌာ ဆင်မင်း တောင့်တ၏။ ဤဆင်သည် ငါ့အား မြဲမြံစွာကျေးဇူးပြုပေ၏။ ထိုဆင်၏စိတ်ကို မယျက်စေလင့်"ဟု မိန့်တော်မူ၍၊ ရဟန်းတို့ကိုယူ၍ ပြန်တော်မူ၏။

ထိုဆင်မင်းလည်း တောအုပ်သို့ ဝင်၍၊ ကောင်းသောအရသာရှိသော ၄က်ပျောသီး အစရှိသော သစ်သီးတို့ကို ဆောင်ခဲ့၍၊ အစုပြု၍ မိုးသောက်သောနေ့၌ လှူ၏။

၅၀၀ သောရဟန်းတို့သည် ထိုလှူသောသစ်သီးတို့ကို ကုန်စိမ့်သောဌာ မတတ်နိုင်ကုန်။ ဘဉ်းပေးပြီးသော အဆုံး၌ သပိတ်,သင်္ကန်းကိုယူ၍ ထွက်တော်မူ၏။ ဆင်သည် ရဟန်းတို့၏အကြားး၌ သွား၍ မြတ်စွာဘုရား ရှေ့တော်၌ ဖီလာရပ်၏။

"ရှင်ပင်ဘုရား။ ဆင်မင်း ဘယ်သို့ပြုသနည်း" ဟုလျှောက်၏။ "ရဟန်းတို့။ ဤဆင်မင်းသည် သင်တို့ကို စေ၍ ငါ့ကို ပြန်စေခြင်းဌာ အလိုရှိ၏"ဟု မိန့်တော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ထိုဆင်မင်းကို "ပါလိလေယျက။ ဤသွားခြင်းသည် မပြန်သော ငါ၏ သွားခြင်းတည်း။ သင်သည် ဤကိုယ်၏အဖြစ်၌ စွာန်သည် လည်းကောင်း, ဝိပဿနာမဂ်ဖိုလ်သည် လည်းကောင်း မရှိ။ ပါလိလေယျက။ နေရစ်လော့"ဟု မိန့်တော်မူ၏။ ထိုအမိန့်တော်ကိုကြား၍၊ ထိုဆင်သည် ခံတွင်း၌ နှာမောင်းကိုထည့်၍၊ ငိုသည်ဖြစ်၍ နောက်တော်မှလိုက်၏။

ဆင်မင်းသည် မြတ်စွာဘုရားကို ပြန်တော်မူစိမ့်သောဌာ မတတ်နိုင်သည်ဖြစ်၍၊ "ထိုသို့လုပ်ကျွေးခြင်းဖြင့် တစ်သက်ပန်လုံး လုပ်ကျွေးရသော် ကောင်း၏" ဟု မြည်တမ်း၏။

မြတ်စွာဘုရားသည် ရှာအနီးသို့ ရောက်တော်မူ၏။ "ပါလိလေယျက။ ဤအရပ်မှစ၍ သင်၏ လိုက်ရာ အရပ် မဟုတ်။ လူအရပ်သည် ဘေးရန်နှင့် တကွဖြစ်၏။ ပါလိလေယျက။ ရပ်လော့"ဟု မိန့်တော်မူ၏။ ထို ဆင်မင်းလည်း ငိုလျက်ရပ်၍ မျက်စိအဆုံးကို မြတ်စွာဘုရား လွှန်တော်မူလျှင်၊ နှလုံးကွဲ၍ စုတေလေ၏။ မြတ်စွာဘုရား ကြည်သောအားဖြင့် တာဝတိံသာနတ်ပြည်၌, ယူဇနာ ၃၀ ရှိသောရွှေဗိမာန်၌ နတ်သမီးအထောင်တို့၏အလယ်၌ ဖြစ်၏။ ထိုနတ်သား၏အမည်သည် 'ပါလိလေယျကနတ်သား'ဟု တွင်၏။

http://www.dhammadownload.com



## ကောသမ္ဗီရဟန်းတို့ကို ဆုံးမတော်မူခြင်း

မြတ်စွာဘုရားသည် အစဉ်သွားတော်မူ၍ ဧတဝန်ကျောင်းတော်သို့ ရောက်တော်မူ၏။ ထိုကောသမ္ဗီက ရဟန်းတို့သည်လည်း 'မြတ်စွာဘုရား သာဝတ္ထိပြည်သို့ ရောက်တော်မူသည်'ဟု ကြားလျှင်၊ မြတ်စွာဘုရားကို သည်းခံတော်မူစိမ့်သောငှာ သာဝတ္ထိသို့ လာကုန်၏။

ကောသလမင်းသည် 'ထိုကောသမ္ဗီကရဟန်းတို့သည် လာကုန်သည်'ဟုကြားလျှင်၊ မြတ်စွာဘုရားသို့ ကပ်၍၊ ''ရှင်ပင်ဘုရား။ အကျွန်ုပ်၏နိုင်ငံသို့လာခြင်းငှာ မပေး။ တားအံ့''ဟု လျှောက်၏။ ''မင်းကြီး။ ထိုရဟန်းတို့သည် အချင်းချင်းငြင်းခုံခြင်းဖြင့် ငါဆုံးမသောစကားကို မယူကုန်။ ယခု ငါ့ကို သည်းခံစိမ့်သောငှာ လာကုန်၏။ မတားလင့်။ လာစေကုန်''ဟု မိန့်တော်မူ၏။

အနာထပိဏ်သူဌေးသည်လည်း 'ကျောင်းပရိဝုဏ်သို့ မလာစေခြင်း'ငှာ လျှောက်၏။ ''ဝင်စေ''ဟု မိန့်တော်မူ၍၊ သူဌေးလည်း တိတ်တိတ်နေ၏။

မြတ်စွာဘုရားသည် ထိုရဟန်းတို့အား ဆိတ်ငြိမ်သောကျောင်းကို ပေး၍ နေစေ၏။ တစ်ပါးသော ရဟန်းတို့နှင့် အတူ မနေကုန်။ 'ဤရဟန်းတို့သည် အငြင်းခုံပြုသော ရဟန်းတို့'ဟု လက်ညှိုးညွှန်ကုန်၏။ ထိုရဟန်းတို့လည်း ရှက်ခြင်းကြောင့် ဦးခေါင်းဖော်အံ့သောငှာ မတတ်နိုင်ကုန်သည် ဖြစ်၍၊ မြတ်စွာဘုရားခြေတော်၌ ဝပ်၍ မြတ်စွာဘုရားကို ''သည်းခံတော်မူပါ''ဟု တောင်းပန်ကုန်၏။

မြတ်စွာဘုရားလည်း ''ရဟန်းတို့။ သင်တို့သည် ဝန်လေးသောအမှုကို ပြုကုန်၏။ အညီအညွတ်ပြုလျက် အဆုံးမကို မနာကုန်''ဟု မိန့်တော်မူ၍၊ တစ်ဖန် ကောသမ္ဗီယဇာတ်[*]ကို ဟောတော်မူ၍၊ ''ရဟန်းတို့။ ဤသို့လျှင် ဒီဃာဝုမင်းသားသည် မယ်တော်,ခမည်းတော်၏အဆုံးအမကို မလွန်မူ၍၊ နောက်၌ ဗြဟ္မဒတ်မင်း သမီးတော်ကို ရ၍ ကာသိတိုင်း, ကောသလတိုင်းတို့၌ မင်းအဖြစ်ကို ပြု၏''ဟု ဟောတော်မူ၏။

ရဟန်းတို့သည် သောတာပန် အစရှိသည် ဖြစ်ကုန်၏။

ဤသို့လျှင် ဒသမဝါ၌ ဤသို့အစရှိသော များစွာသောဒေသနာတော်ဖြင့် များစွာသော နတ်, လူ, ဗြဟ္မာတို့အား မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို ပေးတော်မူ၏။

* ၅၁၀ ဇာတ်တော်စဉ် ၄၂၀ ရှု။

http://www.dhammadownload.com



## ဘာရဒွါဇပုဏ္ဏားနှင့် တွေ့ဆုံခြင်းအကြောင်း

ဧကာဒသမမြောက်သောနှစ်၌ 'နာဠက'အမည်ရှိသော ပုဏ္ဏားရှာ၌ ဝါဆိုတော်မူ၏။ ထိုဧကာဒသမမြောက်သောနှစ်၌ လူ ၃ ပါးတို့၏ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရားသည် မဂဓရာဇ်တိုင်း ဒက္ခိဏာဂိရိ၌ 'နာဠက' အမည်ရှိသော တစ်ခုသောပုဏ္ဏားရွာကို ဆွမ်းခံအမှီပြု၍၊ ဒက္ခိဏာဂိရိကျောင်းကြီး၌ ပုဏ္ဏား၏ ပါရမီရင့်ကို ငံ့၍နေတော်မူ၏။

ထိုသို့နေတော်မူသောအခါ၌ လယ်လုပ်ခြင်းဖြင့် အသက်မွေးသော၊ အမျိုးအားဖြင့် 'ဘာရဒွါဇ'ဟုအမည်ရှိသော ပုဏ္ဏား၏ လယ်ထွန်အကျွေးအမွေးဖြစ်သည် ဖြစ်၏။ ထိုအခါ၌ ကသိဘာရဒွါဇပုဏ္ဏားအား မျိုးပျိုးသောအခါ၌ ၅၀၀ မျှလောက်ကုန်သော လယ်ထွန်တို့ကို စီရင်ခြင်းတို့သည် ဖြစ်ကုန်၏။

ထိုသို့စီရင်သောအခါ၌ မြတ်စွာဘုရား နံနက်စောစော သင်းဝိုင်းကို ပြင်ဝတ်တော်မူ၍၊ သပိတ်, သင်္ကန်းကို ယူတော်မူ၍ ကသိဘာရဒွါဇပုဏ္ဏား၏ လယ်ထွန်စီရင်ရာအရပ်သို့ ကပ်တော်မူ၏။ ထိုအခါ၌ ကသိဘာရဒွါဇပုဏ္ဏား၏ လယ်ထွန်အကျွေးအမွေးတို့သည် ဖြစ်ကုန်၏။

မြတ်စွာဘုရားသည် ထိုလယ်ထွန်ကျွေးမွေးရာသို့ ကပ်တော်မူ၍ တင့်အပ်သောအရပ်၌ ရပ်တော်မူ၏။ ထိုအခါ၌ ကသိဘာရဒွါဇပုဏ္ဏားသည် ဆွမ်းရပ်တော်မူသော မြတ်စွာဘုရားကို မြင်၍၊

"ရဟန်း။ ငါ လယ်ထွန်၏။ မျိုးပျိုး၏။ လယ်ထွန်၍လည်းကောင်း, မျိုးပျိုး၍ လည်းကောင်း စား၏။ ရဟန်း။ ရဟန်းသည်လည်း လယ်ထွန်လော့။ မျိုးပျိုးလော့။ လယ်ထွန်၍ လည်းကောင်း, မျိုးပျိုး၍ လည်းကောင်း စားလော့"

ဤသို့သောစကားကို ပုဏ္ဏား လျှောက်၏။

"ပုဏ္ဏား။ ငါသည် လယ်ထွန်၏။ မျိုးလည်း ကြဲ၏။ လယ်ထွန်၍လည်းကောင်း, မျိုးကြဲ၍လည်းကောင်း ငါပြုပေ၏"ဟု မိန့်တော်မူ၏။

"ရှင်ဂေါတမ၏ထမ်းပိုးကို လည်းကောင်း၊ ထွန်တုံးကို လည်းကောင်း၊ ထွန်းသွား, နှင်တံကို လည်းကောင်း၊ နွားတို့ကို လည်းကောင်း အကျွန်ုပ်တို့ မမြင်ပါကုန်။ ထိုသို့မမြင်ကုန်လျက် အရှင်ဂေါတမသည် 'ငါလည်း ပုဏ္ဏား လယ်ထွန်၏။ မျိုးလည်း ကြဲ၏။ လယ်ထွန်၍ လည်းကောင်း, မျိုးကြဲ၍ လည်းကောင်း ငါ ဘဉ်းပေး၏" ဟု ပုဏ္ဏား ဆို၏။

ထိုအခါ ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားကို

'ကဿကော ပဋိဇာနာသိ၊ နစ ပဿာမိ တေ ကသိ၊

ကဿကော ပုစ္ဆိတော ဗြူဟိ၊ ကထံ ဇာနေမု တံ ကသိ။ ။' ဟူသောဂါထာကိုရွတ်၍ လျှောက်၏။

http://www.dhammadownload.com



ထိုဂါထာ၏ အဓိပ္ပာယ်ကား-

"အရှင်ဂေါတမ။ အရှင်ဂေါတမသည် 'လယ်ထွန်၏'ဟု ဝန်ခံ၏။ အရှင်ဂေါတမ၏ လယ်ထွန်ခြင်းကို အကျွန်ုပ်တို့ မမြင်ပါကုန်။ အရှင်ဂေါတမ၏လယ်ထွန်ခြင်းကို အဘယ်ကြောင့် သိရကုန်အံ့နည်း။ မေးအပ်သော လယ်ထွန်သောရှင်ဂေါတမသည် ထိုအကြောင်းကို မိန့်တော်မူဟု ပုဏ္ဏား မေးသည်" ဟူလိုသတည်း။

'သဒ္ဓါဗီဇံ တပေါ ဝုဋ္ဌိ၊ ပညာ မေ ယုဂနင်္ဂလံ။
ဟိရီ ဣသာ မနော ယောတ္တံ၊ သတိ မေ ဖာလပါစနံ။
'ကာယဂုတ္တော ဝစီဂုတ္တော၊ အာဟာရေ ဥဒယေသံယတော။
သစ္စံ ကရောမိ နိဒ္ဒါနံ၊ သောရစ္စံမေ ပမောစနံ။
'ဝီရိယံ မေဓုရ ဓောရမယံ၊ ယောဂက္ခေ မာ ဓိဝါ ဟနံ။
ဂစ္ဆတိ အနိဝတ္တန္တံ၊ ယတ္ထဂန္တွာ နသောစတိ။
'စဝမေသာ ကသိကဋ္ဌာ၊ သာဟောတိ အမတပ္ဖလာ။
ဧတံကသိ ကသိတွာန၊ သဗ္ဗဒုက္ခာ ပမုစ္စတိ။ ။' ဟူသောဂါထာတို့ဖြင့် ပုဏ္ဏားအမေးကို ဖြေတော်မူ၏။

ထိုဂါထာ၏ အဓိပ္ပာယ်ကား

"ပုဏ္ဏား။ ငါ၏သဒ္ဓါသည်ကား မျိုးစေ့နှင့် တူ၏။ ငါ၏အကျင့်သည်ကား မိုးရေနှင့် တူ၏။ ငါ၏ ပညာသည်ကား ထမ်းပိုး, ထွန်တံုးနှင့် တူ၏။ 'အရှက်အကြောက်ကို စောင့်ခြင်း'တည်းဟူသော ဟိရိတရားသည်ကား ထွန်ကိုင်းနှင့် တူ၏။ ငါ၏နှလုံးသည် ကြိုးနှင့် တူ၏။ ငါ၏သတိသည် ထွန်သွားနှင့် တူ၏။ ၃ ပါးအပြားရှိသော သုစရိုက်ဖြင့် ငါ စောင့်၏။ အာဟာရ၌ အတိုင်းအရှည်ကို ငါ သိ၏။ သင်သည် လယ်ကိုထွန်၍ ကောက်ကို ဖျက်တတ်ကုန်သော မြက်တို့ကို တံဇဉ်ဖြင့် လည်းကောင်း, ဓားဖြင့် လည်းကောင်း ဖျက်ခြင်းကိုပြုသကဲ့သို့ ငါသည် 'မှန်သောစကား'တည်းဟူသောဓားဖြင့် အကုသိုလ်ကို ဖျက်တတ်ကုန်သော 'ချုတ်ယွင်းခြင်း'တည်းဟူသော မြက်တို့ကို ဖြတ်ခြင်းကို ပြု၏။ အရဟာတ္တဖိုလ်သည် ထွန်တုံး, ထမ်းပိုး အစရှိသည်ကို စွန့်၍၊ ယောဂကုန်ခြင်းကို ရွက်ဆောင်ကြောင်းဖြစ်သော ငါ၏ဝီရိယသည် ဝဋ်ကင်းရာအရပ်သို့ ဆောင်၏။ အကြင် ဝဋ်ကင်းရာအရပ်သို့ ရောက်၏။ ငါသို့သော လယ်ထွန်တတ်သောဘုရားသည် မစိုးရိမ်"

ဤသို့ 'ပုဏ္ဏား၏ ၅ ပါးသော မျိုးစေ့, မိုးရေ, ထမ်းပိုး, ထွန်တုံး ထွန်ကိုင်း, ကြိုး, ထွန်သွား, နှင်တံ၊ လယ်တို၌ မြက်ကိုဖြတ်ခြင်း၊ နွားတို့ကို လွှတ်ခြင်း၊ နွားတို့ကို က,၍ လယ်ထွန်ခြင်း၊ ထိုသို့လုပ်ခြင်းဖြင့် စားခြင်းကို ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်းကစ၍ 'ယုံကြည်ခြင်း'တည်းဟူသော မျိုးစေ့၊ 'အကျင့်'တည်းဟူသော မိုးရေ၊ 'ပညာ'တည်းဟူသော ထမ်းပိုး, ထွန်တုံး၊ 'ဟိရိ'တည်းဟူသော ထွန်ကိုင်း၊ 'သမာဓိရှိသော စိတ်တော်'တည်းဟူသော ကြိုး၊ 'သတိ'တည်းဟူသော ထွန်သွား, နှင်တံ၊ ကာယဒုစရိုက်, ဝစီဒုစရိုက်, မနောဒုစရိုက်, အဇ္ဈတ္တိကဗာဟိရသုဒ္ဓိသီလ၊ မကောင်းမှုကို ဖြတ်ခြင်း, အရဟတ္တဖိုလ်ကို ဝင်စားခြင်း, သံယောဇဉ်ကုန်ခြင်းကို ရွက်ဆောင်တတ်သော လုံ့လ၊ ဝဋ်ကင်းရာ အရပ်သို့ရောက်ခြင်း၊ အကြင်နိဗ္ဗာန်သို့ ရောက်၍ မစိုးရိမ်ခြင်း။ ဤသို့သဘောရှိသော လယ်ကို ငါ ထွန်၏။ ထိုလယ်သည် 'နိဗ္ဗာန်'ဟူသော အသီး ရှိ၏။ ဤသို့ လယ်ကိုထွန်၍ အလုံးစုံဝဋ်ဒုက္ခမှ

http://www.dhammadownload.com



ထွက်၏။ ထိုပုဏ္ဏားဧ၏ လယ်လုပ်ခြင်းသည်ကား အလုံးစုံသောဝဋ်ဒုက္ခမှ မလွတ်''ဟု ပုဏ္ဏားအမေးကို ဥပမာ, ဥပမေယျဖြင့်နှိုးနှောင့် ဖြေတော်မူ၏။

ထိုသို့ဖြေတော်မူပြီးသောနောက်မှ ပုဏ္ဏားသည် နက်နဲသောဒေသနာတော်ကို ကြား၍၊ 'ငါ့အား ဤသို့ လုပ်အပ်သော စပါးကိုစား၍၊ မိုးသောက်နေ့၌ပင်လျှင် မွတ်သိပ်ခြင်းသည် ဖြစ်၍၊ ဤရှင်ဂေါတမ၏ လယ်သည်ကား 'နိဗ္ဗာန်'ဟူသောအသီး ရှိ၏။ ထို 'နိဗ္ဗာန်'ဟူသောအသီးကို စား၍ ရှင်ဂေါတမသည် အလုံးစုံသော ဝဋ်ဒုက္ခမှ လွတ်၏။' ဤသို့ သိ၍ ကြည်ခြင်းသည် ဖြစ်၍၊ ကြည်သောအခြင်းအရာကို သိစိမ့်သောငှာ ထိုအခါ၌ ကသိဘာရဒွါဇပုဏ္ဏားသည် ကြီးစွာသောရွှေခွက်၌ ဃနာဖြင့်ပြည့်စေ၍၊ 'မြတ်စွာဘုရား။ ဘုဉ်ရှိတုံ ဘဝံ ဂေါတမော၊ ပါယာသံကဿကောဘဝံ၊ ယညိဘဝံဂေါတမော၊ အပ္ပလံသကတိ။'

''အရှင်ဂေါတမ။ အရှင်ဂေါတမသည် 'နိဗ္ဗာန်' တည်းဟူသော အသီးရှိသောလယ်ကို အကြင်ကြောင့် ထွန်တော်မူ၏။ ထို့ကြောင့် 'နိဗ္ဗာန်' တည်းဟူသော အသီးရှိသောလယ်ကို ထွန်တတ်သော ရှင်ဂေါတမသည် ဃနာဆွမ်းကို ဘုဉ်းပေးတော်မူပါ''ဟု ထောပတ်, ဟူး, တင်လဲတို့ဖြင့် ဆန်းကြယ်စွာပြု၍၊ ခုကူလပုဆိုးမျိုးဖြင့် ဗိတာန်ကြက်၍၊ ၁ သိန်းထိုက်သောရွှေခွက်ကို ချီ၍ ကပ်၏။

ထိုအခါ မြတ်စွာဘုရားသည် 'ဂါထာဘိဂီတံ မေ အဘောဇနေယျံ' အစရှိသော ဂါထာတို့ဖြင့် မိန့်တော်မူ၍ ထိုဃနာကို ရေ၌ သွန်စေ၏။ ထိုဂါထာ၏အဓိပ္ပာယ်ကား-

''ပုဏ္ဏား။ ဂါထာတို့ဖြင့် အလွန်သောဘုရားဂုဏ်တော်ကို ဆို၍၊ ရအပ်သောဘောဇဉ်သည် အာဇီဝပါရိသုဒ္ဓိ ကိုမြင်သော ဘုရားတို့အား ဘုဉ်းပေးခြင်းဟုမထိုက်။ ထိုသို့သဘောရှိသော ဂါထာတို့ဖြင့်ဆို၍ ရအပ်သောအစာကို မစားအပ်။ ဤသို့သဘောရှိသော အကျင့်သည် မြတ်စွာဘုရားတို့၏အကျင့် မဟုတ်။ ထိုကြောင့် ဂါထာကိုဆို၍ ရအပ်သောအစာကို ဘုရားသည် မဘုဉ်းပေးကုန်။ ပယ်ကုန်၏'' မိန့်တော်မူ၍၊ များစွာသော ဘုရားတို့၏ကျေးဇူးကို မိန့်တော်မူ၏။ ဤသို့အစရှိသည်ဖြင့် ဘုရားတို့၏ကျေးဇူးကို ပြတော်မူ၏။ ထိုဘောဇဉ်ကို ပယ်တော်မူ၏။

ထိုအခါ၌ ''အရှင်ဂေါတမ။ အဘယ်သူအား အကျွန်ုပ် ဤဃနာကို လှူရအံ့နည်း''ဟု လျှောက်၏။ ''ပုဏ္ဏား။ ငါသည် နတ်ပြည် ၅ ထပ်နှင့်တကွသော လောကဓာတ်၌ လည်းကောင်း၊ ပရနိမ္မိတ ဝသဝတ္တီနှင့်တကွ သောလောကဓာတ်၌ လည်းကောင်း၊ ရူပါဝစရဗြဟ္မာနှင့်တကွသော လောကဓာတ်၌ လည်းကောင်း၊ ရဟန်း, ပုဏ္ဏားနှင့်တကွသော သတ္တဝါဓာတ်၌၊ နတ်နှင့်တကွသောလူ၌ အကြင်သူသည် ဃနာကို စား၏။ ဘုရားကို လည်းကောင်း, ဘုရားတပည့်ကို လည်းကောင်း ကြည်၍ စားသောသူသည် အစာကြေခြင်းသို့ ရောက်ရာ၏။ ထိုသို့သောသူကို ငါ မမြင်။ ပုဏ္ဏား။ သင်သည် ထိုဃနာကို မြက်မရှိရာ အရပ်၌မူလည်း သွန်လော့။ ပိုးမရှိသော ရေ၌မူလည်း သွန်လော့'' ဟု မိန့်တော်မူ၏။

ထိုအခါ၌ ကသိဘာရဒွါဇပုဏ္ဏားသည် ထိုဃနာကို ရေ၌သွန်၏။ ထိုအခါ၌ ထိုခဏသည် ရေ၌ သွန်အပ်သည်ဖြစ်၍ ဗျစ်ဗျစ်မြည်၏။ အခိုး ထွက်၏။ ရဲရဲတောက်သောထွန်သွားကို ရေ၌ချလျှင် ရေဆူသကဲ့သို့ ထိုခဏသည် ဗျစ်ဗျစ်မြည်၏။ အခိုး ထွက်၏။

ထိုအခါ၌ ကသိဘာရဒွါဇပုဏ္ဏားသည် ထိတ်လန့်သောစိတ် ရှိသည်ဖြစ်၍၊ ကြက်သီးမွေးညင်းထသည် ဖြစ်၍ မြတ်စွာဘုရားရှိတော်မူရာအရပ်သို့ ကပ်၍၊ မြတ်စွာဘုရားခြေတော်တို့၌ ဦးဖြင့်ဝပ်၍၊ ''အရှင်ဂေါတမ။ နှစ်လိုဖွယ်ရှိစွ။ အရှင်ဂေါတမ။ မှောက်၍ထားသောဥစ္စာကို လှန်ဘိသကဲ့သို့၊ ဖုံးလွှမ်း၍ထားသောဝတ္ထုကို ဖွင့်သကဲ့သို့၊ အရပ်မျက်နှာ၌ တွေဝေသောသူအား လက်ကိုကိုင်၍ 'ဤသည်ကား ခရီးတည်း'ဟု ပြဘိသကဲ့သို့၊

http://www.dhammadownload.com



အင်္ဂါ ၄ ပါးရှိသောအမိုက်တိုက်၌ နှမ်းဆီမီးကို ထွန်းသကဲ့သို့၊ မျက်စိရှိသောသူတို့သည် အဖြူ,အနီ အစရှိသော အဆင်းတို့ကို မြင်ကုန်သကဲ့သို့၊ ဤအတူသာလျှင် အရှင်ဂေါတမသည် များစွာသောဒေသနာဖြင့် တရားကို ပြတော်မူ၏။ အရှင်ဂေါတမကို 'ကိုးကွယ်ရာ'ဟု အကျွန်ုပ် သိ၏။ တရားတော်ကို လည်းကောင်း၊ သံဃာတော်ကို လည်းကောင်း 'ကိုးကွယ်ရာ'ဟု အကျွန်ုပ် သိ၏။ အရှင်ဂေါတမအထံ၌ ရဟန်းအဖြစ်ကို ရပါချင်၏။ ပဉ္စင်းအဖြစ်ကို အကျွန်ုပ် ရပါချင်၏''ဟု လျှောက်၏။

ကသိဘာရဒွါဇပုဏ္ဏားသည် မြတ်စွာဘုရားအထံတော်၌ ရဟန်းအဖြစ်ကို ရ၏။ ပဉ္စင်းအဖြစ်ကို ရ၍၊ အရှင်ဘာရဒွါဇသည် ပဉ္စင်းဖြစ်၍ မမြင့်မီပင်လျှင်၊ တစ်ယောက်တည်း ဆိတ်ငြိမ်ရာ၌ နေသည်ဖြစ်၍၊ ကမ္မဋ္ဌာန်း ဘာဝနာ၌ မမေ့မလျော့ ကမ္မဋ္ဌာန်းလုံ့လနှင့် ပြည့်စုံသည် ဖြစ်၍၊ နိဗ္ဗာန်သို့ ရောက်စေသောစိတ် ရှိသည်ဖြစ်၍ နေလျက်၊ 'အကြင် မဂ်ဖိုလ်အကျိုးငှာ အမျိုးသားတို့သည် လူ၏ဘောင်မှခွာ၍ အိမ်ရာမထောင်သော ရဟန်း၏ အဖြစ်၌ ကျင့်ကုန်၏။ 'မြတ်သောအကျင့်'တည်းဟူသော အဆုံးရှိသော ထိုအရဟတ္တဖိုလ်ကို မျက်မှောက်သော ကိုယ်၏အဖြစ်၌ မျက်မှောက်ပြု၍၊ ပြည့်စုံစေ၍နေကုန်သော ပဋိသန္ဓေနေခြင်း ရှိ၏။ ၁၆ ပါး အပြားရှိသော ပြုအပ်သောကိစ္စသည် ပြီး၏။ ဤပစ္စုပ္ပန်ဖြစ်သော ခန္ဓာသဏ္ဌာန်မှ တစ်ပါးသောခန္ဓာသဏ္ဌာန်သို့ ပြေးဝင်ခြင်း မရှိပြီ'ဟု သိ၏။ အရှင်ဘာရဒွါဇလည်း ရဟန္တာတို့တွင် တစ်ယောက်သောရဟန္တာ ဖြစ်၏။

ဤသို့လျှင် ဧကာဒသမဝါ၌ ဤသို့အစရှိသော များစွာသောဒေသနာတော်ဖြင့် များစွာသော နတ်,လူ,ဗြဟ္မာ တို့အား မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို ပေးတော်မူ၏။ ။ သုတ္တနိပါတ်။

http://www.dhammadownload.com



## ဝေရဉ္ဇပုဏ္ဏားနှင့် တွေ့ဆုံခြင်းအကြောင်း

ဒွါဒသမမြောက်သောနှစ်၌ ဝေရဉ္ဇာမြို့၁၌ ဝါဆိုတော်မူ၏။

မြတ်စွာဘုရား ဒေသစာရီကြွတော်မူသည်ရှိသော် ဝေရဉ္ဇာမြို့သို့ ရောက်တော်မူ၏။ ဝေရဉ္ဇာမြို့၏အနီး၌ ဖြစ်သော, နဠေရုဘီလူးသည် သိမ်းဆည်းအပ်သော တမာပင်၏အနီး၌ ၅၀၀ သောတပည့်တော်တို့နှင့် တကွ နေတော်မူ၏။

ထိုအခါ ဝေရဉ္ဇာမြို့၌ ဝေရဉ္ဇပုဏ္ဏားသည် 'သာကီဝင်မင်းသား ရှင်ဂေါတမသည် ဝေရဉ္ဇာမြို့၌ နဠေရုဘီလူးသည် သိမ်းဆည်းအပ်သော တမာပင်၏အနီး၌ ၅၀၀ သောရဟန်းတို့နှင့် တကွနေတော်မူလျှင်၊ ထိုရှင်ဂေါတမ၏၊ ကျက်သရေတိုသော ဘဂဝါ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ ဝိဇ္ဇာစရဏ သမ္ပန္နော၊ သုဂတော၊ လောကဝိဒူ၊ အနုတ္တရော ပုရိသ ဓမ္မသာရထိ၊ သတ္ထာဒေဝါ မနုဿာနံ၊ ဗုဒ္ဓေါ၊ ဘဂဝါ'ဟု ကိုးကွယ်သော ဂုဏ်တော်တို့၏ ကျော်စောသော အသံသည် ဖြာဟွာပြည့်တိုင်အောင် နံ့၍တက်၏။

'ထိုမြတ်စွာဘုရားသည် လောကအပေါင်းကို လွန်ကဲသောဉာဏ်တော်ဖြင့် အလုံးစုံသောတရားတို့ကို အလိုလို မျက်မှောက်ပြု၍ သိစေ၏။ အစ, အလယ်, အဆုံး ကောင်းခြင်း ရှိသော၊ ကောင်းသောအနက်ရှိသော၊ ထက်ဝန်းကျင် ပြည့်စုံသော၊ ပုဒ်,ဗျည်း ရှိသောတရားကို ဟောတော်မူ၏။ ခရုသင်းပွတ်နှင့် တူသော, ထက်ဝန်းကျင် စင်ကြယ်သော, မြတ်သော မဂ္ဂဖြာဝစရိယာကို ပြတော်မူ၏။ ထိုသို့သဘောရှိကုန်သော ရဟန္တာတို့အား ဖူးမြင်ခြင်း သည် ကောင်း၏' ဟု ကြံ၏။ ထို ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ကပ်၍၊ မြတ်စွာဘုရားနှင့် ဝမ်းမြောက်စွာပြောဟော၍ လျောက်ပတ်စွာနေ၏။

ဤသို့နေသော် ဝေရဉ္ဇပုဏ္ဏားသည် ''အရှင်ဂေါတမ။ အရှင်ဂေါတမသည် 'ကြီးသောအရွယ်သို့ ရောက်ကုန်ပြီးသော ပုဏ္ဏားတို့ကို ခရီးဦးကြိုမူလည်း မဆို။ နေရာဖြင့်လည်း မဖိတ်' ဤသို့ကြား၏။ ထို ကြားတိုင်းပင်လျှင် အရှင်ဂေါတမအား ယခု မှန်တော့သည်''

ဤသို့သောစကားကို လျှောက်၏။

မြတ်စွာဘုရားလည်း ''ပုဏ္ဏား။ အလုံးစုံသောလောက၌ ငါသည် ရှိခိုးထိုက်သောသူကို လည်းကောင်း, ခရီးဦး ကြိုဆိုထိုက်သောသူကို လည်းကောင်း, နေရာဖြင့် ဖိတ်ထိုက်သောသူကို လည်းကောင်း မမြင်။ ပုဏ္ဏား။ အကြင်သူကို မြတ်စွာဘုရား ရှိခိုးငြားအံ့။ ခရီးဦး ကြိုဆိုငြားအံ့။ နေရာဖြင့် ဖိတ်ငြားအံ့။ ထိုသူ၏ဦးခေါင်း ထန်းသီးမှည့်ကဲ့သို့ ကြွေရာ၏''

ဤသို့ မိန့်တော်မူ၏။

''အရှင်ဂေါတမသည် သာမဂ္ဂီရသ မရှိ''ဟု ပုဏ္ဏား လျှောက်ပြန်၏။

၁- ဝေရဉ္ဇာပြည် - ဖိနတ္ထပကာသနီကျမ်း။

http://www.dhammadownload.com



"ပုဏ္ဏား။ အကြင်အကြောင်းဖြင့် ဆိုလိုသောသူသည် 'အရှင်ဂေါတမသည် သာမဂ္ဂီရသ မရှိ'ဟု၊ 'အပေါင်းနှင့်တကွ နေတော်မူရာမဏ္ဍပ်ကို ပြုအံ့သောငှာ အလိုရှိ၏'ဟု ဆိုပေ၏။ ငါ့အား 'အခပေးသည်ရှိသော် ပြုအံ့သောငှာ တတ်နိုင်၏'ဟု ဆို၏။ ထိုသို့သဘောရှိသော အကြောင်းသည် ငါ၌ရှိသည်သာ။ ပုဏ္ဏား။ အကြင်သို့သဘောရှိကုန်သော, ရူပါရုံ၌မွေ့လျော်ခြင်း အစရှိကုန်သော ရဿတို့သည် ရှိကုန်၏။ ထိုရူပရဿ အစရှိသည်တို့ကို ငါဘုရားသည် ပယ်အပ်ပြီး, နုတ်အပ်ပြီးသောအမြစ် ရှိပြီး ထန်းပင်ရာကဲ့သို့ ပြုအပ်ပြီ။ တစ်ဖန်မဖြစ်ခြင်းသို့ ရောက်ကုန်ပြီ။ နောက်အခါ၌ မဖြစ်သောသဘော ရှိကုန်ပြီ။ ပုဏ္ဏား။ 'ရှင်ဂေါတမသည် သာမဂ္ဂီရသ မရှိ'ဟု အကြင်အကြောင်းဖြင့် ဆိုလိုသည်ဖြစ်၍ ငါ့ကို ဆို၏။ 'ဤသို့သဘောရှိသောအကြောင်းသည် ငါ့အား ရှိ၏'ဟု ပုဏ္ဏားသည် ငါ့ကိုရည်၍ အကြင်စကားကို ဆို၏။ ထိုစကားသည် ငါ့အား မရှိ"

ဤသို့ မိန့်တော်မူ၏။

ထိုနောင်မှ 'နိဂ္ဂောဂေါ ဘဝံ ဂေါတမော' အစရှိသောစကားကို ပုဏ္ဏား ဆိုပြန်၏။ ထိုပုဏ္ဏားကို များစွာသော စကားကို တစ်ပါးသောအကြောင်းဖြင့် များစွာမိန့်တော်မူ၏။ ထို တစ်ပါးသောအကြောင်းဖြင့် လွှဲ၍ မိန့်တော်မူသော အဆုံး၌ ကြက် ဥပမာ, ကြက်သားငယ်ဥပမာဖြင့် 'ပုဗ္ဗေနိဝါသာနုဿတိဝိဇ္ဇာ, ဒိဗ္ဗစက္ခုဝိဇ္ဇာ, အာသဝက္ခယဝိဇ္ဇာ' ဟူသော ၃ ပါးသောဝိဇ္ဇာကို ပြ၍၊ 'ငါသာလျှင် လောက၌ အတိုင်းမသိသော ရှေးအဖြစ်ကို ရှေးဦးစွာမြင်၏။ ငါသာလျှင် ရှေးဦးစွာ အလုံးစုံသောလောကကို ဒိဗ္ဗစက္ခုဖြင့် မြင်၏။ ငါသာလျှင် ရှေးဦးစွာ လောက ၃ ပါး၌ အာသဝေါကုန်ခြင်းသို့ ရောက်၏'ဟု လောကထက် ကြီးတော်မူသည်၊ မြတ်တော်မူသည်၏အဖြစ်ကို ပြတော်မူ၏။

ဤသို့ပြ၍ ဟောတော်မူသည်ရှိသော်၊ "အရှင်ဂေါတမသည် လောကထက် ချီးမွမ်းအပ်၏။ အရှင်ဂေါတမ။ နှစ်လိုဖွယ် ရှိစွတကား။ အရှင်ဂေါတမ။ အလွန်နှစ်လိုဖွယ် ရှိစွ။ မှောက်၍ထားအပ်သည်ကို လှန်ဘိသကဲ့သို့၊ ဖုံး၍ထားအပ်သည်ကို ဖွင့်ဘိသကဲ့သို့၊ ၄ ပါးသောအမိုက်တိုက်၌ နှမ်းဆီမီးကို ထွန်းဘိသကဲ့သို့၊ မျက်စိရှိသော သူတို့သည် အနီ, အဖြူ အစရှိသောအဆင်းတို့ကို မြင်ကုန်သကဲ့သို့၊ ထိုအတူ ရှင်ဂေါတမသည် များစွာသော ဒေသနာတော်ဖြင့် တရားကို ဟောတော်မူ၏။ ထိုအကျွန်ုပ်သည် အရှင်ဂေါတမကို လည်းကောင်း, တရားတော်ကို လည်းကောင်း, သံဃာတော်ကို လည်းကောင်း ကိုးကွယ်ရာကို သိ၏။ ရှင်ဂေါတမသည် အကျွန်ုပ်ကို ယနေ့ကို အစပြု၍၊ 'အသက်ထက်ဆုံး ရတနာ ၃ ပါးတို့ကို ကိုးကွယ်ရာ ဟုသိသော ဥပါသကာ' ဟု အရှင်ဂေါတမသည် မှတ်တော်မူစေသတည်း။ ရဟန်းအပေါင်းနှင့်တကွ မိုးလနေခြင်းကို သည်းခံတော်မူပါ"

ဤသို့ တောင်းပန်၏။

မြတ်စွာဘုရားလည်း ဆိတ်ဆိတ်နေတော်မူသောအားဖြင့် သည်းခံတော်မူ၏။

ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် 'မြတ်စွာဘုရား သည်းခံတော်မူပြီ'ဟု သိ၍၊ နေရာမှ ထ၍၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍၊ လက်ယာရစ်လှည့်၍ သွား၏။ ဝေရဉ္ဇပုဏ္ဏားသည် ဖိတ်အပ်သည်ဖြစ်၍ ၅၀၀ သောရဟန်းတို့နှင့်တကွ ဝါသို့ ကပ်တော်မူ၏။

ထိုအခါ၌ ဝေရဉ္ဇာတိုင်းသည် မွတ်သိပ်ခြင်း ဖြစ်၍၊ 'အသက်ရှင်အံ့လော၊ မရှင်အံ့လော'ဟု အကြံရှိကုန်၏။ အရိုးဖွေးဖွေး ရှိကုန်၏။ အရိယာတို့အား ဆွမ်းခံခြင်းဖြင့် မျှခြင်းငှာမတတ်နိုင်။

ထိုအခါ ဥတ္တရုပထမှ မြင်းကုန်သည်တို့သည် မြင်း ၅၀၀ တို့နှင့်တကွ ဝေရဉ္ဇာမြို့သို့ မိုးလအခါ၌ ရောက်ကုန်၏။ ထိုမြင်းကုန်သည်တို့သည် မြင်းတင်းကုပ်တို့၌ ရဟန်းတို့အား ၁ ကွန်းစား, ၁ ယောက်မ မျှလောက်ရုံသော

http://www.dhammadownload.com



ရိက္ခာကို လှူခြင်းငှာ ထား၏။ ရဟန်းတို့သည် နံနက်စောစော သပိတ်,သင်္ကန်းကို ယူ၍၊ ဝေရဉ္ဇာမြို့သို့ ဆွမ်းခံဝင်၍ ဆွမ်းကို မရကုန်။ စင်စစ်သော်အားဖြင့် 'ကန်တော့၏'ဟူသောစကားကိုမျှ မရကုန်သည်ဖြစ်၍၊ မြင်းတင်းကုပ်တို့၌ ဆွမ်းခံသွား၍၊ ၁ ကွန်းစား - ၁ ကွန်းစားသော မုယောဆန်ကို နေရာသို့ဆောင်၏။ ဆုံ၌ ထောင်း၍ ဘုဉ်းပေးကုန်၏။ မထေရ်တို့အား တစ်စုံတစ်ယောက်သော ကပ္ပိယကာရကသည် မရှိ။

ထိုကုန်သည်တို့၏ ၁ ကွန်းစားသောဆန်ကို အကြင်ရဟန်းသည် ခံ၍ ယာဂုကိုလည်းကောင်း, ထမင်းကို လည်းကောင်း ချက်ရာ၏။ ဤသို့ချက်ခြင်းသည် ပေါ်သောအသက်မွေးခြင်း မည်သည် မဖြစ်။ အလိုလိုချက်ခြင်းမှ လွတ်ခြင်းသည် ဖြစ်စေသတည်း။ ၈ ပါးသောရဟန်းတို့သည် လည်းကောင်း၊ ၁ ကျိပ် - ၁ ကျိပ်သောရဟန်းတို့သည် လည်းကောင်း တပေါင်းတည်းဖြစ်၍၊ ဆုံ၌ ထောင်း၍၊ မိမိ၏အဖို့ကို ရေဖြင့် ဖျော်၍၊ ဘုဉ်းပေးကုန်သည် ဖြစ်၍၊ ကြောင့်ကြမရှိကုန်သည် ဖြစ်၍ ရဟန်းတရားကို ပြုကုန်၏။

မြတ်စွာဘုရားအားကား မြင်းကုန်သည်တို့သည် ၁ ကွန်းစားသောဆန်ကို လည်းကောင်း၊ ထိုဆန်နှင့်လျော်ပတ်စွာ ထောပတ်, ပျားသကာကို လည်းကောင်း လှူကုန်၏။ ထိုလှူသောဆန်ကို အရှင်အာနန္ဒာသည် ဆောင်၍ ကျောက်၌ ကြိတ်၏။ ဘုန်းရှိသောပညာရှိသည် ပြုအပ်သောအာဟာရသည် နှစ်လိုဖွယ်သာလျှင် ဖြစ်၏။ ကြိတ်ပြီး၍ ထိုဆန်ညက်ကို ထောပတ် အစရှိသည်တို့နှင့်ယှဉ်၍ မြတ်စွာဘုရားအား ကပ်၏။ ထိုအခါ ထိုအာဟာရ၌ နတ်တို့သည် သြဇာထည့်ကုန်၏။ ထိုသို့သောရှိသော အာဟာရကို ဘုဉ်းပေးတော်မူ၍၊ ဖလသမာပတ်ဝင်တော်မူ၍ နေတော်မူ၏။ ထိုနေ့မှစ၍ မြတ်စွာဘုရား ဆွမ်းရပ်တော် မမူ။

မြတ်စွာဘုရား ပထမဗောဓိ ဝါ ၂၀ အကြာ၌ အမြဲလုပ်ကျွေးသောသူ တပည့်တော်သည် မရှိ။ နာဂသမာလထေရ် အစရှိသောထေရ်တို့သည် လုပ်ကျွေးကုန်၏။ ရှင်အာနန္ဒာသည် အမြဲလုပ်ကျွေးခြင်းကို မရသေးသော်လည်း၊ 'ဤသို့သဘောရှိသော အရာတို့၌ အာနန္ဒာသည်လျှင် သင့်တင့်လျောက်ပတ်၏'ဟု မြတ်စွာဘုရားသည် သည်းခံတော်မူ၏။

မွတ်သိပ်သောအခါ၌ ကောင်းမှုကုသိုလ်ကို လွန်စွာ အားထုတ်ကုန်၏။ မိမိတို့သည် မစားမူ၍ ရဟန်းတို့အား လှူအပ်သည်ကိုသာလျှင် အောက်မေ့ကုန်လျက်၊ ထိုအခါ၌ ထိုလူတို့သည် ၁ ယောက်မမျှသောဆွမ်းကို မလှူကုန်သတည်း။

ဤဝေရဉ္ဇပုဏ္ဏားသည် ကြီးစွာသောအားထုတ်ခြင်းဖြင့် မြတ်စွာဘုရားကို ဆိုတော်မူခြင်းကို တောင်းပန်၏။ ထိုဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရား ရှိတော်မူသည်၏အဖြစ်ကို အဘယ်ကြောင့် မသိသနည်း ဟူမူကား မာရ်လှည့်ပတ်သောကြောင့် လူတို့သည်လည်း ၁ ယောက်မမျှသောဆွမ်းကို မလှူကုန်။ ဝေရဉ္ဇပုဏ္ဏားသည်လည်း မြတ်စွာဘုရား ရှိတော်မူ၏အဖြစ်ကိုမျှ မအောက်မေ့မိသတည်း။

မြတ်စွာဘုရားအထံတော်မှ ဖဲကာမျှသော ဝေရဉ္ဇပုဏ္ဏားကို လည်းကောင်း, ဝေရဉ္ဇာမြို့လုံးကို လည်းကောင်း မြို့ထက်ဝန်းကျင် ၁ ယူဇနာမျှသော ဆွမ်းခံသွား၍၊ ပြန်မိသောအရပ်၌ ထိုအလုံးစုံကို မာရ်သည် လှည့်ပတ်၍၊ တွေဝေစေ၍ ခပ်သိမ်းသောလူတို့၏ မမှတ်မိသည်၏အဖြစ်ကို ပြု၏။ ထိုကြောင့် တစ်စုံတစ်ယောက်သောသူသည်မျှ 'အရှိအသေကို ပြုအပ်၏'ဟု မအောက်မေ့မိ။

မြတ်စွာဘုရားသည် ထိုနှစ်၌ ဥတ္တရကုရုသို့ လည်းကောင်း, တာဝတိံသာသို့ လည်းကောင်း သွားတော်မူ၍ ဝါကပ်တော်မူငြားအံ့။ ထိုအရပ်ကိုသော်လည်း မာရ်သည် လှည့်ပတ်ရာ၏။ ထိုနှစ်၌ မာရ်သည် အလွန်လျှင်

http://www.dhammadownload.com



ရန်ပြီးဖွဲ့သဖြင့်စိတ် ရှိသည်ဖြစ်၍၊ 'ဤဝေရဉ္ဇာတိုင်းဌ်ကား မြင်းကုန်သည်တို့သည်လည်း ရဟန်းတို့အား ချီးမြှင့်ခြင်းကို ပြုလတ်ကုန်အံ့' ဤသို့ လွန်ကဲသောအကြောင်းကို မြင်တော်မူ၏။ ထိုကြောင့် ဝေရဉ္ဇာမြို့၌သာလျှင် ဝါသို့ ကပ်တော်မူ၏။ ထိုကုန်သည်တို့သည်ကား မာရ် လှည့်ပတ်သောအဆုံးမှ ရောက်ကုန်၏။ ပြန်၍လှည့်ပတ်ခြင်းငှာ မပုံသောကြောင့် မလှည့်ပတ်သတည်း။

ထိုအခါ၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်၍၊ ''အာနန္ဒာ။ ထိုဆုံဆန်သည် အဘယ်ကြောင့်နည်း'' ဟု မေးတော်မူ၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် ထိုအကြောင်းကို လျှောက်၏။ ''အာနန္ဒာ။ ကောင်းစွ၊ ကောင်းစွ။ အာနန္ဒာ။ သူတော်ကောင်းဖြစ်သော သင်တို့သည် ဤသို့ မွတ်သိပ်သော ရခဲသောဆွမ်းရှိသောကာလ၌ ဤသို့သဘောရှိသော ပေါ့သောအသက်မွေးခြင်း ရှိသည်၏အဖြစ်ဖြင့် လည်းကောင်း၊ ဤသို့ သဘောရှိသော ခေါင်းပါးခြင်းဖြင့် လည်းကောင်း မွတ်သိပ်ခြင်းကို ဆောင်၏။ နောက်၌ဖြစ်သော ရဟန်းအပေါင်းသည် သားပြွမ်းသလေးဆွမ်းကို မထီမဲ့မြင် ပြုလတ္တံ့''ဟု မိန့်တော်မူ၏။

ထိုအခါ၌ အရှင်မောဂ္ဂလာန်သည် မြတ်စွာဘုရားကို ကပ်၍၊ ရိသေစွာရှိခိုး၍ တင့်အပ်စွာနေပြီးသော်၊ ''ရှင်ပင်ဘုရား။ ယခုအခါ ဝေရဉ္ဇာမြို့သည် မွတ်သိပ်၏။ ဆွမ်းခံသဖြင့် အသက် မမွေးလွယ်။ ရှင်ပင်ဘုရား။ ဤမြေကြီး၏အောက်အပြင်သည် ပျားငယ်မရှိသောပျားသလက်ကဲ့သို့ အရသာနှင့် ပြည့်စုံ၏။ ရှင်ပင်ဘုရား။ အကျွန်ုပ် တောင်းပန်၏။ ထိုမြေကြီးကို အကျွန်ုပ် ပြန်အံ့။ ဤသို့ပြန်သဖြင့် ထိုမြေကြီး၏အလွှာသြဇာတို့ကို ရဟန်းတို့သည် ဘဉ်းပေးရကုန်လတ္တံ့''

ဤသို့ မြတ်စွာဘုရားကို လျှောက်၏။

''မောဂ္ဂလာန်။ မြေ၌နေသောသတ္တဝါတို့ကို မောဂ္ဂလာန် အဘယ်သို့ အဘယ်သို့ပြုအံ့နည်း''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ အကျွန်ုပ်သည် လက်တစ်ဖက်ကို မြေ ဖန်ဆင်းအံ့။ မြေ၌နေသောသတ္တဝါတို့ကို ထိုမြေ ဖန်ဆင်းအပ်သောလက်၌ နေစေအံ့။ တစ်ဖက်သောလက်ဖြင့် မြေကို လှည်းအံ့''ဟု လျှောက်၏။

''မောဂ္ဂလာန်။ မြေကိုပြန်ခြင်းကို မောဂ္ဂလာန် မနှစ်သက်လင့်။ နောင်သတ္တဝါတို့သည် ဖောက်ပြန်သောအယူကို ရောက်ကုန်ရာ၏'' ဤသို့ ပယ်တော်မူ၏။

''ရှင်ပင်ဘုရား။ နဋ္ဌေရဘီလူးသည်သိမ်းဆည်းအပ်သော တမာပင်မှ ဥတ္တရကုရုကျွန်းသို့ အလားအလာ ပြည့်စုံသောအရပ်၌ ဖန်ဆင်း၍ အကျွန်ုပ်ပြုအံ့။ ရဟန်းအပေါင်းသည် ဥတ္တရကုရုကျွန်းသို့ ဆွမ်းခံသွားရလတ္တံ့''

ဤသို့ လျှောက်၏။

''မောဂ္ဂလာန်။ ဥတ္တရကုရုကျွန်းသို့ ရဟန်းအပေါင်း၏ ဆွမ်းခံသွားခြင်းကို မောဂ္ဂလာန် မနှစ်သက်လင့်''ဟု ပယ်တော်မူ၏။

ထိုအခါ၌ သာရိပုတ္တရာထေရ်သည် ရှင်ပင်ဘုရားအား သိက္ခာပုဒ် ပညတ်တော်မူစိမ့်မည်ကို တောင်းပန်၏။ မြတ်စွာဘုရားလည်း ''သာရိပုတ္တရာ။ ငံ့ဦး။ ဘုရားသည်သာလျှင် သိက္ခာပုဒ် ပညတ်သောအခါကို သိလတ္တံ့''ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



''သာရိပုတ္တရာ။ ရဟန်းအပေါင်းသည် ကင်းသောအမှု ရှိ၏။ ကင်းသောအပြစ် ရှိ၏။ ဤ ၅၀၀ သော ရဟန်းအပေါင်းတို့တွင် အဆုံးသောရဟန်းသည် သောတာပန်တည်း။ ထိုသောတာပန်သည် မပျောက်မပျက်သော တရား ရှိ၏။ 'အထက်မင်' တည်းဟူသော လဲလျောင်းရာ ရှိ၏''ဟု မိန့်တော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ခေါ်၍ မိန့်တော်မူ၏။ ''အာနန္ဒာ။ အကြင်သူတို့သည် ဖိတ်အပ်ကုန်သည် ဖြစ်၍ ဘုရားတို့သည် မိုးလနေခြင်းကို နေကုန်၏။ ထို ဖိတ်သောသူတို့ကို မပန်မူ၍ ဒေသစာရီ မသွားကုန်။ ဤသို့လျှင် ဘုရားတို့၏ အလေ့အကျက်တော်တည်း။ အာနန္ဒာ။ သွားကုန်အံ့။ ဝေရဉ္ဇပုဏ္ဏားကို ပန်ကုန်အံ့''ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ''ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ''ဟု ဝန်ခံ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ ရှင်အာနန္ဒာနောက်လိုက်ရဟန်း ရှိသည် ဖြစ်၍၊ ဝေရဉ္ဇပုဏ္ဏားအိမ်သို့ ကပ်တော်မူ၍ ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။

ထိုအခါ၌ ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားသို့ ကပ်၍၊ ရိသေစွာရှိခိုး၍ တင့်အပ်စွာနေ၏။

မြတ်စွာဘုရားလည်း ဝေရဉ္ဇပုဏ္ဏားကို မိန့်တော်မူ၏။

''ပုဏ္ဏား။ ပုဏ္ဏားဖိတ်အပ်သည် ဖြစ်၍ ငါတို့ ဝါဆိုကုန်၏။ ပုဏ္ဏားကို ငါတို့ ပန်ကုန်၏။ ဒေသစာရီ သွားခြင်းငှာ ငါတို့ အလိုရှိကုန်၏''ဟု မိန့်တော်မူ၏။

''အရှင်ဂေါတမ။ အကျွန်ုပ်တို့ ဖိတ်အပ်သည် မှန်၏။ စင်စစ်သော်ကား အကျွန်ုပ်သည် လှူဖွယ်ကို မလှူပါသေး။ ထိုလှူဖွယ်ဝတ္ထုသည် လည်းကောင်း, လှူလိုသောအဖြစ်ရှိသည် လည်းကောင်း အကျွန်ုပ်တို့သည် အရှင်ဂေါတမတို့အား လှူဖွယ်ကုန်ရာဝတ္ထုတို့ကို လှူကုန်ရာ၏။ ထိုလှူဖွယ်ဝတ္ထုတို့ကို လှူခြင်းငှာ မရ။ အရှင်ဂေါတမ။ နက်ဖန် ဆွမ်းဘုဉ်းပေးခြင်းငှာ ရဟန်းအပေါင်းနှင့်တကွ သည်းခံတော်မူပါ''

ဤသို့လျှောက်၏။

မြတ်စွာဘုရားလည်း ဆိတ်ဆိတ်နေသောအားဖြင့် သည်းခံတော်မူ၏။ မြတ်စွာဘုရားသည် ဝေရဉ္ဇပုဏ္ဏားအား တရားနှင့်ယှဉ်သောစကားဖြင့် ကောင်းစွာပြတော်မူ၍၊ နေရာမှထ၍ သွားတော်မူ၏။

ထိုအခါ ဝေရဉ္ဇပုဏ္ဏားသည် ထိုညဉ့်လွန်ပြီးသော်၊ မိမိအိမ်၌ ကောင်းစွာ ဆွမ်းကိုစီရင်ပြီးသော်၊ မြတ်စွာဘုရားအား ''ကာလတန်ပြီ။ ဆွမ်းစီရင်ခြင်း ပြီးပြီ'' ဟုလျှောက်၏။

မြတ်စွာဘုရားသည် နံနက်စောစော သင်းပိုင်ကို ပြင်ဝတ်တော်မူ၍၊ ဝေရဉ္ဇပုဏ္ဏားအိမ်သို့ သွားတော်မူ၍ ခင်းအပ်သောဘုရားနေရာ၌ သံဃာတော်နှင့်တကွ နေတော်မူ၏။

ထိုအခါ၌ ဝေရဉ္ဇပုဏ္ဏားသည် မြတ်စွာဘုရားအကြီးရှိသော ရဟန်းအပေါင်းကို မွန်မြတ်သော ခဲဖွယ်စားဖွယ်ဖြင့် မိမိလက်ဖြင့် ကောင်းစွာရောင့်ရဲစေ၍၊ ပြည့်စုံစွာ အလိုအလျောက်လှူ၍၊ 'တန်ပြီ'ဟု မြစ်စေ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးသော်၊ သပိတ်မှချပြီးသော လက်တော်ရှိသော မြတ်စွာဘုရားအား ၁၀၀၀ - ၁၀၀၀ အဖိုးထိုက်သော သင်္ကန်း ၂ ထည်ကို လှူ၏။ တစ်ဦး - တစ်ဦးသောရဟန်းအား ၅၀၀ ထိုက်သော ပုဆိုးအစုံကို လှူ၏။ ဤသို့ ၅၀၀ သော ရဟန်းတို့အား ၅ သိန်းထိုက်သောပုဆိုးတို့ကို လှူ၏။

ဝေရဉ္ဇပုဏ္ဏားသည် ဤမျှသောအလှူဝတ္ထုတို့ကို လှူ၍၊ မရောင့်ရဲသည် ဖြစ်၍ ၇၀၀၀ - ၈၀၀၀ အဖိုးထိုက်ကုန်သော များကုန်သော ကမ္မလာနီတို့ကို လည်းကောင်း၊ ပဋ္ဌသာဏိပုဆိုးတို့ကို ပိုင်းဖြတ်၍ အာယောဂပဋ္ဋ,

http://www.dhammadownload.com



အံသကိုက်, ခါးပန်း, ရေစစ်ခမွာကရိက္ခ် အစရှိသောအလို၌ဌာ လှူ၏။ အကြိမ် ၁၀၀, အကြိမ် ၁၀၀၀ စစ်သော ဆီချက်တို့ဖြင့် ကျည်တို့ကိုပြည့်စေ၍၊ တစ်ယောက် - တစ်ယောက်သောရဟန်းအား နယ်ဆီအလို၌ဌာ အထောင်အဖိုး ထိုက်သော ဆီကို လှူ၏။ ဤသို့အစရှိသော ရဟန်းအားလျောက်ပတ်သော သုံးဆောင်ဖွယ်သောအလှူကို မလှူသောမည်သည် မရှိ။ များစွာလှူ၏။

ထိုအခါ ဝါတွင်း ၃ လပတ်လုံး မာရ်လှည့်ပတ်သောအားဖြင့် 'တရားနာခြင်း' တည်းဟူသော အမြိုက်အရသာ သုံးဆောင်ခြင်း ကင်းသော ဝေရဉ္ဇပုဏ္ဏားကို မြတ်စွာဘုရားသည် တစ်နေ့တည်း၌သာလျှင် 'တရား' တည်းဟူသော အမြိုက်မိုးကို ရွာစေ၍၊ ထက်ဝန်းကျင်မှ ပြည့်စုံသောအကြိုကို ပြုတော်မူ၍၊ တရားနှင့်ယှဉ်သောစကားဖြင့် ထင်ရှားပြတော်မူ၍ နေရာမှ ဖဲတော်မူ၏။

http://www.dhammadownload.com



## သူဌေးသားသုဒိန် ရဟန်းပြုခြင်း

ထိုအခါ မြတ်စွာဘုရားသည် ဝေဠုဂါမဖြို့၌ အလိုတော်အလျောက်နေတော်မူ၍၊ ဝေဠုဂါမဖြို့မှ ထွက်တော်မူ၍၊ ယူဇနာ ၉၀၀ ရှိသော မဟာမဂ္ဂလသို့ ဒေသစာရီ သွားတော်မူသောကာလ၌ သွားအပ်သောဘုရားခရီးကို ပယ်တော်မူ၍ မွတ်သိပ်ခြင်းဖြင့် ပင်ပန်းသောရဟန်းအပေါင်းကို အဖြောင့်ခရီးဖြင့် ယူတော်မူ၍ သွားတော်မူခြင်းငှာ အလိုတော်ရှိသော မြတ်စွာဘုရားသည် 'သေရေဖနပုဒ်, သင်္ကဿကဏ္ဍကုဇ္ဇ ဇနပုဒ်' အမည်ရှိသည်တို့သို့ ကပ်တော်မူ၍၊ ပယာဂတိတ္ထဆိပ်သို့ ကပ်တော်မူ၍၊ ထိုပယာဂတိတ္ထဆိပ်၌ ဂင်္ဂါကိုကူးတော်မူ၍ ဗာရာဏသီသို့ ရောက်တော်မူ၏။ ထိုဗာရာဏသီမြို့၌ အလိုတော်အလျောက် နေတော်မူ၍ ဝေသာလီမြို့သို့ ဒေသစာရီသွားတော်မူ၏။

ထိုဝေသာလီမြို့၌ မဟာဝုန်၌ ကူဋာဂါရသာလာ၌ နေတော်မူ၏။ ထိုဝေသာလီမြို့ အနီး ကလန္ဒကရွာ၌ ကလန္ဒကသူဌေးသား သုဒိန်သည် တစ်စုံတစ်ခုသောပြဿဖယ်ကြောင့် များစွာသောအဖော်နှင့်တကွ ဝေသာလီမြို့သို့ လာ၏။

ထိုအခါ မြတ်စွာဘုရားသည် များစွာသောပရိသတ် ခြံရံသည်ဖြစ်၍ တရားဟောတော်မူ၏။ ထို တရားဟောတော်မူရာအရပ်သို့ ကပ်၍၊ အိမ်ရာထောင်ခြင်းအပြစ်ကို မြင်၍ မြတ်စွာဘုရားအား ရဟန်းအဖြစ်ကို တောင်းပန်၏။ ''မြတ်စွာဘုရားတို့သည် အမိ,အဖ ခွင့်မပြုသောသူကို ရဟန်း မပြုကုန်''ဟု မိန့်တော်မူလျှင်၊ မိဘအိမ်သို့ သွား၍၊ အမိအဖတို့ကို 'ခွင့်ပြုပါ'ဟု တောင်းပန်၏။ ထိုသူဌေးတို့လည်း ခွင့်မပြုကုန်။

ထို 'သုဒိန်'အမည်ရှိသော လုလင်သည် ၇ ရက်ပတ်လုံး အစာမစားမူ၍၊ 'ရဟန်းမပြုရသော် သေစေတော့'ဟု မြေ၌ နေ၏။

ထိုအခါ သုဒိန်၏ အဖော်သွေးသောက်တို့သည် ''သုဒိန်။ ထလော့။ ရဟန်းပြုခြင်းငှာ အမိအဖတို့ အခွင့်ပြုပြီ''ဟု ဆိုကုန်၏။ ထိုအခါ၌ 'အမိအဖတို့သည် အခွင့်ပြုပြီ'ဟု ဝမ်းမြောက်ဝမ်းသာ ထ၏။

ထိုသုဒိန်သည် ၇ ရက် ကိုယ်ကိုမွေး၍၊ မြတ်စွာဘုရားသို့ ကပ်၍ ရဟန်းပြုခြင်းငှာ တောင်းပန်၏။ ရှင်သုဒိန်သည် မြတ်စွာဘုရားအထံတော်၌ တစ်ယောက်သောပိဏ္ဍပါတ်စာရီရဟန်းကို ရဟန်းပြုစေ၍ ရဟန်းအဖြစ်ကို ရ၏။ ပဉ္စင်းအဖြစ်ကို ရ၏။ ပဉ္စင်းဖြစ်၍ မမြင့်မီ၊ ရှင်သုဒိန်သည် ဓူတင်တို့ကိုဆောက်တည်၍ တော၌ နေ၏။ ပိဏ္ဍပါတ်ကို ဆောက်တည်၏။ ပုံသကူကို ဆောင်၏။ သပ္ပဒါနစာရီအကျင့်ကို ကျင့်သည်ဖြစ်၍ တစ်ခုသောဝန္ဒိရွာကို မှီ၍ နေ၏။

မြတ်စွာဘုရားသည် စင်စစ်သဖြင့် ဒေသစာရီသွားတော်မူသည်ရှိသော်၊ ထိုအခါ၌ သာဝတ္ထိသို့ ရောက်တော်မူ၏။ ဇေတဝန်ကျောင်းကြီး၌ နေတော်မူ၏။

သာဝတ္ထိပြည်၌ နေသောသူတို့သည် မြတ်စွာဘုရားအား အာဂန္တုကဝတ် ပြုကုန်၏။ ထိုအခါ၌ ၅၀၀ အတိုင်းအရှည်ရှိသော စားကြွင်းစားတို့သည် ရဟန်းတို့ကိုမှီ၍ ပရိဝုဏ်တွင်နေကုန်၏။ ထိုစားကြွင်းစားတို့သည် ရဟန်းတို့၏ စားကြွင်း မွန်မြတ်သောအစာတို့ကို စား၍၊ အိပ်၍၊ ထ၍၊ မြစ်သို့ သွား၍ ဟစ်ကြော်ကုန်လျက်, လက်ပမ်းလက်ပွေ့

http://www.dhammadownload.com



ပုတ်လျက်, မြူးထူးကုန်လျက် ကျောင်းတွင်းခ်ဥလည်းကောင်း၊ ကျောင်း၏အပ၌ လည်းကောင်း လွန်ကျူးသောအကျင့်ကို ကျင့်၏။

"အရှင်တို့။ ဤစားကြွင်းစားတို့ကို ရှုကုန်လော့။ ဝေရဉ္ဇာတိုင်း၌ မွတ်သိပ်သောအခါ၌ တစ်စုံတစ်ခုသော ဖောက်ပြန်ခြင်းကို စားကြွင်းစားတို့သည် မပြုကုန်။ ယခု ဤသို့သဘောရှိသော အစာတို့ကိုစား၍ များစွာသော ဖောက်ပြန်ခြင်းတို့ကို ပြုကုန်လျက် သွားကုန်၏။ ရဟန်းတို့သည်ကား ဝေရဉ္ဇာမြို့၌လည်း ငြိမ်သက်သောသဘောရှိကုန်လျက်နေကုန်၏။ ယခုလည်း ငြိမ်သက်စွာလျှင် နေကုန်၏" ဟု တရားသဘင်၌ စကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် တရားသဘင်သို့လာတော်မူ၍၊ "အဘယ်စကားကို ရဟန်းတို့ ဆိုကုန်သနည်း" ဟု မေးတော်မူ၏။ ရဟန်းတို့လည်း 'ဤသို့စကားကို အကျွန်ုပ်တို့ ပြောသတည်း' ဟု လျှောက်သည်ရှိသော်၊ "ရဟန်းတို့။ ရှေး၌လည်း ထိုစားကြွင်းစားတို့သည် မြည်းအမျိုး၌ ဖြစ်ကုန်၏။ ထို ၅၀၀ သောမြည်းအမျိုးတို့သည် ၅၀၀ သော အသာဇာနီမြည်းတို့အား ပေးအပ်သော မုဒရက်အဖျော်ဖတ်ကို ရေနှင့်နယ်လျက် သင်ပန်းလျှော်ပုဆိုးဖြင့် စစ်၍ 'ဝါလောဒက' ဟုအမည်ရှိသော, နည်းသောအရသာရှိသော, ယုတ်သောအဖျော်ကို သောက်၍ မြာယစ်သောသူကဲ့သို့ ဟစ်ကြော်ကုန်လျက် သွားကုန်၏" ဟု မိန့်တော်မူ၍၊ 'ဝါ လောဒကအပွရသနီဟိနံ' အစရှိသော ဂါထာတို့ဖြင့် ဟောတော်မူ၍၊ ဤဝါလောဒကဇာတ်[၁]ကို အကျယ်အားဖြင့် ဟောတော်မူ၏။

"ရဟန်းတို့။ သူတော်ကောင်းတို့သည် ချမ်းသာသောအခါ၌ လည်းကောင်း, ဆင်းရဲသောအခါ၌ လည်းကောင်း လောကဓမ္မကို ဆင်ခြင်၍ ဖော်ပြခြင်း မရှိကုန်သည်သာလျှင်" ဟု မိန့်တော်မူ၍၊ တရားဟောတော်မူသောမြတ်စွာဘုရားသည် 'သဗ္ဗတ္ထဝေပုရိသာ' အစရှိသောဒေသနာတော်ကို ဟောတော်မူ၏။ ထိုဒေသနာတော်အဆုံး၌ များစွာသော တရားနာပရိသတ်တို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ်, ရဟန္တာ ဖြစ်ကုန်၏။

ဤသို့လျှင် ဒွါဒသမနုဿ်၌ များစွာသော ဒေသနာတော်ဖြင့် များစွာသောနတ်, လူ, ဗြဟ္မာတို့အား မဂ်, ဖိုလ်နိဗ္ဗာန်ကို ပေးတော်မူ၏။ ။ စတုက္ကနိပါတ်-ဓမ္မပဒ။

၁- ၅၅၀ ဇာတ်တော်စဉ် ၁၈၃ ရှု။

http://www.dhammadownload.com



## မေယိယထေရ်၏အကြောင်းကို ပြခြင်း

တေရသမမြောက်သောနှစ်၌ စာလိယမြို့၏အနီး စာလိယတောင်၌ ဝါဆိုတော်မူ၏။

အခါတစ်ပါး၌ မြတ်စွာဘုရားအား စာလိယမြို့ စာလိယတောင်၌ ကြီးစွာသောကျောင်းကို စာလိယမြို့သား တို့သည် ပြုကုန်၏။ ထိုတောင်၌, ထိုကျောင်းကြီး၌ ထိုစာလိယမြို့ကို ဆွမ်းခံအံ့ပြု၍ မြတ်စွာဘုရား နေတော်မူ၏။

ထိုအခါ၌ မေယိယထေရ်သည် မြတ်စွာဘုရားအား လုပ်ကျွေး၏။

မြတ်စွာဘုရားအား အဝါ ၂၀ တွင်း၌လုပ်ကျွေးသော တပည့်တော်တို့သည် အမြဲ မလုပ်ကျွေးကုန်။ အခါတစ်ပါး၌ နာဂသမာလထေရ် လုပ်ကျွေး၏။ အခါတစ်ပါး၌ နာဂိတထေရ် လုပ်ကျွေး၏။ အခါတစ်ပါး၌ ပုဏ္ဏထေရ် လုပ်ကျွေး၏။ အခါတစ်ပါး၌ သုနက္ခတ္တထေရ် လုပ်ကျွေး၏။ အခါတစ်ပါး၌ စုန္ဒသာမဏေ။ အခါတစ်ပါး၌ ဥပဝါဏထေရ်။ အခါတစ်ပါး၌ မေယိယထေရ် လုပ်ကျွေး၏။ ထိုစာလိယတောင်, မဟာဝိဟာရ၌ နေတော်မူသောအခါ၌ အရှင်မေယိယထေရ် လုပ်ကျွေးသတည်း။

ထိုအခါ၌ အရှင်မေယိယထေရ်သည် မြတ်စွာဘုရားသို့ကပ်၍၊ ရိုသေစွာရှိခိုး၍ တင့်အပ်စွာနေပြီးသော် "ရှင်ပင်ဘုရား။ ဓန္ဓရာ၌ဆွမ်းခံခြင်းငှာ အကျွန်ုပ် အလိုရှိပါ၏"ဟု လျှောက်၏။

"မေယိယ။ ယခုအခါ၌ ဓန္ဓရာ၌ ဆွမ်းခံအခါကို သင် သိလော"ဟု မိန့်တော်မူ၏။

ထိုအခါ၌ အရှင်မေယိယထေရ်သည် နံနက်စောစော ဓန္ဓရာ၌ဆွမ်းခံပြီး၍ ဆွမ်းဘုဉ်းပေးပြီးသော်၊ ဆွမ်းခံရွာမှ ဖဲ၍၊ 'ကိမိကာဠာ'အမည်ရှိသော မြစ်သို့ကပ်၍၊ 'ကိမိကာဠာ' အမည်ရှိသောမြစ်နား၌ စင်္ကြံသွားသည် ဖြစ်၍၊ မွေ့လျော်ဖွယ်သောသရက်တောကို မြင်၍၊ 'ဤ သရက်တောသည် ကြည်စွာရှိစွတကား။ ဤ သရက်တောသည် မွေ့လျော်ဖွယ်ရှိစွတကား။ ရဟန်းတရားကို ပြုခြင်းငှာ အလိုရှိသောအမျိုးသားအား လျောက်ပတ်သင့်တင့်၏။ မြတ်စွာဘုရား အကယ်၍ ငါ့ကို ခွင့်ပေးတော်မူငြားအံ့။ ငါသည် ရဟန်းတရားကို ပြုခြင်းငှာ ဤသရက်တောသို့လာရသော် ကောင်း၏' ဤသို့သောအကြံသည် ဖြစ်၏။

မေယိယသည် ရှေးအခါ၌ အဖြစ် ၅၀၀ တိုင်တိုင် ဤသရက်တော၌ မင်း၏အဖြစ်ဖြင့် မွေ့လျော်ဖူး၏။ ထိုကြောင့် ထိုဥယျာဉ်ကို မြင်ကာမျှဖြင့်သာလျှင် နေခြင်းငှာ စိတ်သည် ညွတ်၏။

ထိုအခါ၌ ရှင်မေယိယသည် မြတ်စွာဘုရားသို့ကပ်၍၊ ရိုသေစွာရှိခိုး၍ လျောက်ပတ်စွာနေပြီးသော်၊ 'ထိုသရက်ဥယျာဉ်တော၌ ရဟန်းတရားကိုပြု၍ နေခြင်းငှာ မွေ့လျော်ဖွယ်ရှိ၏'ဟူသောအကြံကို လျှောက်၏။

မြတ်စွာဘုရားလည်း မေယိယထေရ်၏စကားကို ကြားတော်မူ၍၊ 'ထိုမေယိယထေရ်၏ ဉာဏ်သည် မရင့်သေး'ဟု သိတော်မူ၍၊ "မေယိယ။ အကြင်ရွေ့လောက် တစ်ယောက်တည်းသော ငါမှတစ်ပါးသော ရဟန်းသည် လာစေဦး။ ထိုရွေ့လောက် ငံ့ဦးလော့"ဟု 'ဤမေယိယသည် ဥယျာဉ်သို့သွား၍၊ ကမ္မဋ္ဌာန်းမပြီးသည်ရှိသော် ယုံမှားမရှိသည် ဖြစ်၍၊ ငါ့အားချစ်သဖြင့် တစ်ဖန်လာလတ္တံ့' ဤသို့သိတော်မူ၍၊ မေယိယထေရ်၏စိတ်ကို နှုးညံ့စိမ့်သောငှာ မိန့်တော်မူ၏။

http://www.dhammadownload.com



၂ ကြိမ် လည်းကောင်း, ၃ ကြိမ်မြောက်လည်းကောင်း ရှင်မေယိယသည် ရှင်ပင်ဘုရားအား ၄ ပါးသော ကိစ္စတို့ကို ပြုတော်မူပြီးသည်၏အဖြစ်ကြောင့် ထိုထက်အလွန် ပြုဖွယ်ကိစ္စ မရှိ။ ပြုပြီးသောတရားကို တစ်ဖန် ပြုခြင်းကိစ္စ မရှိပြီ။

"ရှင်ပင်ဘုရား။ အကျွန်ုပ်အား လွန်စွာပြုဖွယ်ကိစ္စ ရှိ၏။ ပြုအပ်သောတရားကို ပွားစေခြင်းသည် အကျွန်ုပ်အား ရှိ၏။ ရှင်ပင်ဘုရားသည် အကျွန်ုပ်ကို ခွင့်ပြုတော်မူအံ့။ ထိုသရက်ဥယျာဉ်တော်သို့ ကမ္မဋ္ဌာန်းပြုခြင်းငှာ သွားပါအံ့" ဟု မြတ်စွာဘုရားကို လျှောက်၏။

မြတ်စွာဘုရားလည်း "မေယိယ။ စင်စစ် ရဟန်းတရားကို ပြုအံ့ ဟုဆိုသော် သင့်ကို ငါတို့သည် ကမ္မဋ္ဌာန်းမှ တစ်ပါးသောအကြောင်းကို အဘယ်ဆိုရကုန်အံ့နည်း။ မေယိယ။ သင်သည် ထိုသရက်ဥယျာဉ်တော၌ ကမ္မဋ္ဌာန်း ပြုအံ့သောကာလကို သိလော့" ဟု မိန့်တော်မူ၏။

ထိုအခါ၌ အရှင်မေယိယသည် နေရာမှထ၍၊ မြတ်စွာဘုရားကို ရှိသေစွာရှိခိုး၍၊ ထိုသရက်ဥယျာဉ်သို့ သွား၍ သရက်တောသို့ ဝင်၏။ သစ်ပင်ရင်း၌ နေ၏။ ရှေးသောကိုယ်အဖြစ်၌ အစဉ်အားဖြင့် ၅၀၀ မင်းဖြစ်၍ ကိုယ်လုပ်မောင်းမတို့ဖြင့် မြူးထူးခြင်းကို မြူးထူးကုန်လျက် မင်္ဂလာကျောက်ဖျာ၌ နေဖူး၏။ ထိုကျောက်ဖျာ၌ပင်လျှင် နေ၏။

ထိုအခါ၌ မေယိယထေရ်အား နေရာ၌ နေသည်မှစ၍၊ ရဟန်းအဖြစ်ကိုစွန့်သကဲ့သို့ မင်း၏အသွင်ကို ယူ၍ မြတ်သော မောင်းမအပေါင်းခြံရံလျက် ထီးဖြူအောက်၌ မြတ်သောသူတို့အားထိုက်သော ပလ္လင်ထက်၌ နေသကဲ့သို့ ဖြစ်၏။

ထိုသရက်ဥယျာဉ်တော၌နေသော, ထိုသို့သော မင်း၏စည်းစိမ်ကိုသာယာသော မေယိယထေရ်အား များစွာသော ထိန်းအားဖြင့် 'ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသဝိတက်'တည်းဟူသော ၃ ပါးသော အကုသိုလ်တရားတို့သည် ဖြစ်ကုန်၏။

ထို ၃ ပါးသောတရား ဖြစ်ခြင်းကား ထိုမင်း၏စည်းစိမ်ကို သာယာသောထေရ်အား ကာမဝိတက်သည် ထင်ရှားဖြစ်၏။ ထိုခဏ၌လျှင် ဥစ္စာနှင့်တကွဖမ်းအပ်သော ၂ ယောက်သောခိုးသူတို့ကို နှောင်ဖွဲ့သဖြင့် ဆောင်၍ ရှေး၌ ထားသူတို့ကိုကဲ့သို့ မြင်၏။ ထိုခိုးသူတို့တွင် တစ်ယောက်သောခိုးသူကို သတ်ခြင်းငှာ စေသောအခြင်းအရာဖြင့် ဗျာပါဒဝိတက်သည် ဖြစ်၏။ တစ်ယောက်သောခိုးသူကို နှောင်ဖွဲ့ခြင်းငှာ စေသောအခြင်းအရာအားဖြင့် ဝိဟိံသာဝိတက်သည် ဖြစ်၏။ ဤသို့လျှင် မေယိယထေရ်သည် နွယ်ရစ်သောသစ်ပင်ကဲ့သို့ လည်းကောင်း, ယင်ပျားတို့သည် ပျားစားသောသူတို့ကို ခြံရံသကဲ့သို့ လည်းကောင်း, အကုသလဝိတက်တို့ဖြင့် ပြွမ်းသည် ဖြစ်၏။ ဤသို့လျှင် ဖြစ်သတည်း။

ထိုအခါ၌ ရှင်မေယိယသည် 'ငါ့အား ဤသို့သောအကုသိုလ်တရားသည် ဖြစ်၏။ အံ့ဖွယ်ရှိစွတကား' ဟု ညချမ်းအခါ ထိုနေရာအရပ်မှ ထပြီး၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ရှိသေစွာရှိခိုး၍ တင့်အပ်စွာနေပြီးသော်၊ "ရှင်ပင်ဘုရား။ ဤသရက်ဥယျာဉ်တော၌နေသောအကျွန်ုပ်၏ များသောအားဖြင့် ကာမဝိတက်, ဗျာပါဒဝိတက်, ဝိဟိံသာဝိတက်တို့သည် ဖြစ်ကုန်၏။ ရှင်ပင်ဘုရားတို့ အကျွန်ုပ်အား အိမ်ရာထောင်သော လူ၏ဘောင်မှထွက်၍ သဒ္ဓါခြင်းဖြင့် ရဟန်းပြု၏။ ထိုသို့လျက် ယုတ်မာသော အကုသိုလ်ဝိတက်တို့ဖြင့် မိုက်ကုန်သည်ကို ဟောတော်မူ၏။ အံ့ဖွယ်ရှိစွတကား။ မဖြစ်ဖူးမြဲတကား။ ဤသို့သော အကြောင်းသည်ဖြစ်၏" ဟု မြတ်စွာဘုရားကို လျှောက်၏။

http://www.dhammadownload.com



မြတ်စွာဘုရားလည်း၊ 'အပရိပက္ကာယ မေယိယ စေတော ဝိမုတ္တိယာ ပဋ္ဌမ္မာ' အစရှိသည်ကို ဟောတော်မူ၏။ ထိုအခါ၌ ထိုသို့သောအကြောင်းကို သိတော်မူ၍၊ ထိုအခါ၌

'ခုဒ္ဒါဝိတက္ကာ သုခုမာဝိတက္ကာ၊ အနုဂ္ဂတာ မနသော ဥပ္ပိလာဝါ။
တေ အဝိဒ္ဒါမနသော ဝိတက္ကေ၊ ဟုရာဟုရံ ဓာဝတိ ကန္တစိတ္တော။
တေ စ ဝိဒ္ဒါမနသော ဝိတက္ကေ၊ အာတာ ပိယော သံဝရတိ သတိမာ။
အနုဂ္ဂတေ မနသော ဥပ္ပိလာဝေ၊ အသေသမာနေ ပဇဟာသိ ဗုဒ္ဓေါ။ ။' ဟု ကိုယ်တော်၏အဖြစ်ကို ဝမ်းမြောက်သောတရားကို မိန့်တော်မူ၏။ ။ ဥဒါန်း။

ဤသို့လျှင် တရားသမမြောက်သောနှစ်၌ များစွာသောဒေသနာတော်ဖြင့် များစွာသော နတ်၊ လူ၊ ဗြဟ္မာတို့အား မဂ်ဖိုလ်နိဗ္ဗာန်တရားကို ဟောတော်မူ၏။

* * *

စုဒ္ဓသမမြောက်သော နှစ်၌ကား ဇေတဝန်ကျောင်းကြီး၌ ဝါဆိုတော်မူ၏။

မြတ်စွာဘုရားသည် သာဝတ္ထိမြို့ ဇေတဝန်ကျောင်းကြီး၌ နေတော်မူသည်ဖြစ်၍၊ အရှင်သာရိပုတ္တရာကို အကြောင်းပြု၍ 'အာသာယသ' အစရှိသောဒေသနာတော်ကို ဟောတော်မူ၏။

ထိုအခါ၌ ၅၀၀ သော ရဟန်းအခြံအရံရှိသော အရှင်သာရိပုတ္တရာသည် တစ်ခုသောရွာသို့ကပ်၍ ဝါဆို၏။ ထိုရွာသားတို့သည် အရှင်သာရိပုတ္တရာကိုမြင်၍ များသောဝါဆိုတို့ ကြားကုန်၏။ အရှင်သာရိပုတ္တရာသည် ပဝါရဏာပြု၍ အဆုံးစွန်သောဝါဆိုသို့ မရောက်မီသာလျှင် မြတ်စွာဘုရားအထံတော်သို့ သွားလိုသည်ဖြစ်၍ ရဟန်းတို့ကို ဆို၏။ လူတို့သည် ဝါဆိုသည်ကို ဆောင်သည်ရှိသော် ခံပြီး၍၊ ''သင်တို့သည် ပဉ္စင်းငယ်တို့ကို လည်းကောင်း၊ သာမဏေတို့ကို လည်းကောင်း သ,လှာစေကုန်။ ထိုဝတ္ထုကို ထား၍မူလည်း သတင်းစကားကို စေကုန်'' ဤသို့ ရဟန်းတို့ကို ဆို၏။ ဤသို့မှာ၍ မြတ်စွာဘုရားအထံတော်သို့ လာ၏။

ရဟန်းတို့သည် ''ရှင်သာရိပုတ္တရာအား 'တပ်ခြင်း'ရှိယောင်တကား။ ဝါဆိုတို့ကို ခံ၍သော်လည်း ပို့လာစေ။ ထိုဝတ္ထုကို ထား၍သော်လည်း အကြောင်းကိုကြားလာစေ'ဟု ရဟန်းတို့ကို မှာ၍ လာ၏''ဟုစကားကို ဖြစ်စေကုန်၏။

မြတ်စွာဘုရားသည် လာတော်မူ၍၊ ''ရဟန်းတို့။ ယခု အဘယ်စကားကို ဆိုသနည်း''ဟု မေးတော်မူ၍၊ 'ဤသို့သောစကားကို ဆိုကုန်သတည်း'ဟု လျှောက်သည်ရှိသော်၊ ''ရဟန်းတို့။ ငါ့သား သာရိပုတ္တရာအား တပ်ခြင်းသည် မရှိ။ 'လူတို့အား ကောင်းမှုမယုတ်ခြင်းသည် ဖြစ်စေသတည်း။ ပဉ္စင်းငယ်, သာမဏေတို့အား တရားနှင့်လျော်စွာ ရခြင်းမှ မယုတ်စေသတည်း' ဤသို့သောစိတ် ရှိ၏။ ထိုကြောင့် ဤသို့သောစကားကို ငါ့သား သာရိပုတ္တရာ ဆိုသတည်း''ဟု မိန့်တော်မူ၍၊

'အာသာသံယသ နဝိဇ္ဇန္တိ၊ အသွိ လောကေ ပရမိုစ။
နိရာသာသံ ဝိသံယုတ္တံ၊ တမဟံဗြူမိ ဗြာဟ္မဏံ။ ။' ဟု ဂါထာကို ဟောတော်မူ၏။ ဤဂါထာ၏ အဓိပ္ပာယ်ကား-

''ရဟန်းတို့။ ဤလောက၌ လည်းကောင်း, တမလွန်၌ လည်းကောင်း အကြင်ပညာရှိအား ထိုထိုသော အာရုံ၌တပ်သည် မရှိ။ အလုံးစုံသောကိလေသာတို့နှင့် မယှဉ်။ ထိုပညာရှိကို 'မကောင်းမှုကို ပယ်သူ'ဟု ငါ ဟောတော်မူ၏''

http://www.dhammadownload.com



ဤသို့သောအဓိပ္ပာယ် ဟူလိုသော ထိုဒေသနာတော်အဆုံး၌ များစွာသောတရားနာသောသူတို့သည် သောတာပန် အစရှိသည်တို့ကို ရောက်ကုန်၏။ ။ ဓမ္မပဒ။

မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းကြီး၌ နေတော်မူသောအခါ လုံ့လကို လျှော့သောရဟန်းကို အကြောင်းပြု၍ ဝဏ္ဏပထဇာတ်*ကို ဟောတော်မူ၏။ ထိဇာတ်အဆုံး၌လည်း လုံ့လကိုလျှော့သောရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ။ ဇကနိပါတ်ဇာတ်။

ဤသို့လျှင် စုဒ္ဒသမမြောက်သောနှစ်၌ များစွာသောဒေသနာတော်ဖြင့် များစွာသောပရိသတ်တို့အား မဂ်ဖိုလ် နိဗ္ဗာန်တရားကို ပေးတော်မူ၏။

* ၅၅၀ ဇာတ်တော်စဉ် ၂ ၌။

http://www.dhammadownload.com



## မဟာနာမမင်းအကြောင်းကို ပြခြင်း

ပန္နရသမမြောက်သော နှစ်၌ကား ကပိလဝတ်မြို့၌ နိဂြောဓရုံကျောင်းကြီး၌ ဝါဆိုတော်မူ၏။ တစ်ပါးသော အခါ၌ လူ ၃ ပါးတို့၏ကိုးကွယ်ရာ ဖြစ်တော်မူသော မြတ်စွာဘုရားသည် သက္ကတိုင်း ကပိလဝတ်မြို့ နိဂြောဓရုံကျောင်းကြီး၌ နေတော်မူ၏။ ထိုအခါ၌ များစွာသောရဟန်းတို့သည် မြတ်စွာဘုရား သင်္ကန်းတော် ပြုသည်ရှိသော်၊ ''မြတ်စွာဘုရားသည် ဝါတွင်း ၃ လလွန်သောအခါ၌ ဒေသစာရီသွားတော်မူအံ့'' ဟု မြတ်စွာဘုရား သင်္ကန်းတော် အမှုကို ပြုကုန်၏။

မဟာနာမမင်းသည် 'ဝါတွင်း ၃ လလွန်သောအခါ၌ ဒေသစာရီ သွားတော်မူလတ္တံ့' ဟု ကြား၍၊ နိဂြောဓရုံကျောင်းတော်သို့ သွား၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ''ရှင်ပင်ဘုရား။ သင်္ကန်းအမှုသည်ရှိသော် ဝါတွင်း ၃ လ လွန်သောအခါ၌ ဒေသစာရီ သွားတော်မူလတ္တံ့ဟု အကျွန်ုပ် ကြား၏။ ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားနှင့် ကပ်၍ နေသည်ရှိသော် အဘယ်သို့သောနေခြင်းဖြင့် အကျွန်ုပ် နေပါရအံ့နည်း'' ဟု လျှောက်၏။

''မဟာနာမ။ 'ရှင်ပင်ဘုရားနှင့် ကပ်၍နေသည်ရှိသော် အဘယ်သို့သောနေခြင်းဖြင့် အကျွန်ုပ်တို့ နေပါရအံ့' ဟု အကြင်ကြောင့် မဟာနာမတို့သည် မြတ်စွာဘုရားသို့ကပ်၍ မေးကုန်ရာ၏။ ထိုသို့မေးခြင်းသည် အမျိုးကောင်းသားဖြစ်ကုန်သော မဟာနာမမင်းတို့အား လျောက်ပတ်ကုန်၏။ ချီးမွမ်းဖွယ် ရှိစွ။ အလွန်ချီးမွမ်းဖွယ် ရှိစွ။

''မဟာနာမ။ သဒ္ဓါရှိသောသူသည် မြတ်စွာဘုရားကို နှစ်သက်စေတတ်၏။ သဒ္ဓါမရှိသောသူသည် မြတ်စွာဘုရားကို မနှစ်သက်စေနိုင်။ အားထုတ်သောလုံ့လ ရှိသောသူသည် မြတ်စွာဘုရားကို နှစ်သက်စေတတ်၏။ ပျင်းသောသူသည် မြတ်စွာဘုရားကို မနှစ်သက်စေနိုင်။ ထင်သောသတိ ရှိသောသူသည် မြတ်စွာဘုရားကို နှစ်သက်စေတတ်၏။ လွတ်သောသတိ ရှိသောသူသည် မနှစ်သက်စေနိုင်။ တည်ကြည်သောသူသည် မြတ်စွာဘုရားကို နှစ်သက်စေတတ်၏။ မတည်ကြည်သောသူသည် မနှစ်သက်စေနိုင်။ ပညာရှိသောသူသည် မြတ်စွာဘုရားကို နှစ်သက်စေနိုင်၏။ ပညာ မရှိသောသူသည် မနှစ်သက်စေနိုင်။

''မဟာနာမ။ ဤသို့သောရှိကုန်သော 'သဒ္ဓါ, ဝိရိယ, သတိ, သမာဓိ, ပညာ' တည်းဟူသော ၅ ပါးသော တရားတို့၌တည်၍ ၆ ပါးသောတရားတို့ကို ဆောင်၏။ ထိုထက်အလွန် မဟာနာမ ပွားစေလော့။

''မဟာနာမ။ ဤသာသနာတော်၌ 'ဣတိပိသော ဘဂဝါ အရဟံ' အစရှိသောဂုဏ်တို့ဖြင့် မြတ်စွာဘုရား ဂုဏ်တော်ကို မဟာနာမ-အောက်မေ့လော့။

''မဟာနာမ။ အကြင်အခါ၌ 'အရိယာ' တည်းဟူသောတပည့်သည် မြတ်စွာဘုရားဂုဏ်တော်ကို အောက်မေ့၏။ ထိုအခါ၌ ထိုသို့အောက်မေ့သော အရိယာသာဝကအား ရာဂလုယက်သော စိတ်သည် မဖြစ်။ ဒေါသလုယက်သော စိတ်သည် မဖြစ်။ မောဟလုယက်သော စိတ်သည် မဖြစ်။ ဘုရားကျေးဇူးကို အောက်မေ့သောအခါ၌ ထိုသူအား ဖြောင့်ဖြောင့်သောစိတ်သည်သာလျှင် ဖြစ်၏။

http://www.dhammadownload.com



"မဟာနာမ။ မြတ်စွာဘုရားကို အာရုံပြု၍ ဖြောင့်ဖြောင့်သောစိတ်ရှိသော 'အရိယာ' တည်းဟူသော တပည့်သည် အကျိုးစီးပွားကိုသိခြင်းကို ရ၏။ တရားကိုသိခြင်းကို ရ၏။ တရားနာနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းကို ရ၏။ ဝမ်းမြောက်သောသူအား နှစ်လိုခြင်းသည် ဖြစ်၏။ နှစ်လိုသောစိတ်ရှိသောသူအား ငြိမ်းခြင်းစသည် ဖြစ်၏။ ငြိမ်းသောကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရ၏။ ချမ်းသာသောသူအား စိတ်သည် ကြည်၏။

"မဟာနာမ။ အရိယာသာဝကသည် မညီမညွတ်သောသတ္တဝါ၌ ညီညွတ်ခြင်းသို့ရောက်သည်ဖြစ်၍ နေ၏။ ဒေါသရှိသောသတ္တဝါ၌ ဒေါသမရှိသည် ဖြစ်၍ နေ၏။ 'တရား' တည်းဟူသောအယဉ်သို့ ရောက်သည်ဖြစ်၍ တရားကျေးဇူးကို ပွားစေ၏။ ဤသို့သောသူကို 'အရိယာသာဝက' ဟုဆိုအပ်၏။

"မဟာနာမ။ တစ်ဖန်လည်း 'သွာက္ခာတော ဘဂဝတာ ဓမ္မော' အစရှိသော တရားကျေးဇူးဖြင့် တရားကို အောက်မေ့လော့။ မဟာနာမ။ အကြင်အခါ၌ အရိယာတပည့်သည် တရားကျေးဇူးကို အောက်မေ့သောအခါ၌ ထိုသူအား ရာဂ လုယက်အပ်သောစိတ် မဖြစ်။ ဒေါသ,မောဟ လုယက်အပ်သောစိတ် မဖြစ်။ ထိုအခါ၌ ထိုသူအား ဖြောင့်သောစိတ်သည်သာလျှင် ဖြစ်၏။

"မဟာနာမ။ "တရားတော်ကို အာရုံပြု၍ ဖြောင့်ဖြောင့်သောစိတ်ရှိသော အရိယာသာဝကသည် အကျိုးကို သိခြင်းကို ရ၏။ အကြောင်းကိုသိခြင်းကို ရ၏။ အကြောင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းကို ရ၏။ ဝမ်းမြောက်သောသူအား နှစ်လိုခြင်းသည် ဖြစ်၏။ နှစ်လိုသောစိတ်ရှိသောသူအား ငြိမ်းခြင်း စသည် ဖြစ်၏။ ငြိမ်းသောကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရ၏။ ချမ်းသာသောသူ၏စိတ်သည် တည်ကြည်၏။

"မဟာနာမ။ အရိယာသာဝကသည် မညီမညွတ်သောသတ္တဝါ၌ ညီညွတ်ခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏။ ဒေါသရှိသောသတ္တဝါ၌ ဒေါသမရှိသည်ဖြစ်၍ နေ၏။ 'တရား' တည်းဟူသောအယဉ်သို့ ရောက်သည် ဖြစ်၍ တရားကျေးဇူးကို ပွားစေ၏။ ဤသို့သောသူကို 'အရိယာတပည့်' ဟု ဆိုအပ်၏။

"မဟာနာမ။ တစ်ဖန်လည်း 'သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော၊' အစရှိသော သံဃာကျေးဇူးတို့ဖြင့် သံဃာကို အောက်မေ့လော။ မဟာနာမ။ အကြင်အခါ အရိယာတပည့်သည် သံဃာကျေးဇူးကို အောက်မေ့၏။ ထို အောက်မေ့သောအခါ၌ ထိုသူအား ရာဂ, ဒေါသ, မောဟ လုယက်အပ်သောစိတ် မဖြစ်။ ထိုအခါ၌ ထိုသူအား ဖြောင့်ဖြောင့်သောစိတ်သည်သာလျှင် ဖြစ်၏။

"မဟာနာမ။ သံဃာကို အာရုံပြု၍ ဖြောင့်သောစိတ်ရှိသော အရိယာသာဝကသည် အကျိုးကိုသိခြင်းကို ရ၏။ အကြောင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းကို ရ၏။ ဝမ်းမြောက်သောသူအား နှစ်လိုခြင်းသည် ဖြစ်၏။ နှစ်လိုသောစိတ်ရှိသောသူအား ငြိမ်းခြင်းသည် ဖြစ်၏။ ငြိမ်းသောကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရ၏။ ချမ်းသာသောသူ၏စိတ်သည် တည်ကြည်၏။

"မဟာနာမ။ အရိယာတပည့်တို့သည် မညီမညွတ်သောသတ္တဝါတို့၌ ညီညွတ်ခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏။ ဒေါသရှိသောသတ္တဝါ၌ ဒေါသမရှိသည်ဖြစ်၍ နေ၏။ 'တရား' တည်းဟူသော အယဉ်သို့ ရောက်သည် ဖြစ်၍ သံဃာကျေးဇူးကို ပွားစေ၏။ ဤသို့သောသူကို 'အရိယာတပည့်' ဟုဆိုအပ်၏။

http://www.dhammadownload.com



"တစ်ဖန်လည်း မဟာနာမ။ မကျိုးကုန်သော, မပြတ်ကုန်သော, မပြောက်ကုန်သော, မကျားကုန်သော, တော်လှန်ကုန်သော, ဘုရား အစရှိသော ပညာရှိတို့သည် ချီးမွမ်းကုန်သောအားဖြင့် သုံးသပ်အပ်သော, တည်ကြည်ခြင်းကို ဖြစ်စေတတ်ကုန်သော မိမိသီလတို့ကို အောက်မေ့လော့။

"မဟာနာမ။ အကြင်အခါ၌ အရိယာသာဝကကို အောက်မေ့၏။ ထိုအခါ၌ ထိုသို့သော အောက်မေ့သောသူအား ရာဂ, ဒေါသ, မောဟ လုယက်အပ်သော စိတ်သည် မဖြစ်။ ထိုအခါ၌ ထိုသူအား ဖြောင့်ဖြောင့်သောစိတ်သည် ဖြစ်၏။ သီလကိုအကြောင်းပြု၍ ဖြောင့်သောစိတ် ရှိသောသူသည် အကျိုးစီးပွားကိုသိခြင်းကို ရ၏။ အကြောင်းကိုသိခြင်းကို ရ၏။ အကြောင်းနှင့်ယှဉ်သော ဝမ်းမြောက်ခြင်းကို ရ၏။ ဝမ်းမြောက်သောသူအား နှစ်လိုခြင်းသည် ဖြစ်၏။ နှစ်လိုသောစိတ်ရှိသောသူအား ကိုယ်သည် ငြိမ်း၏။ ငြိမ်းသောကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရ၏။ ချမ်းသာသောသူ၏စိတ်သည် တည်ကြည်၏။

"မဟာနာမ။ အရိယာတပည့်သည် မညီညွတ်သောသတ္တဝါ၌ ညီညွတ်ခြင်းသို့ရောက်သည်ဖြစ်၍ နေ၏။ ဒေါသရှိသောသတ္တဝါ၌ ဒေါသမရှိသည် ဖြစ်၍ နေ၏။ 'တရား'တည်းဟူသောအယဉ်သို့ ရောက်သည်ဖြစ်၍ သီလကျေးဇူးကို ပွားစေ၏။ ဤသူကို 'အရိယာသာဝက' ဟုဆိုအပ်၏။

"မဟာနာမ။ တစ်ဖန်လည်း 'စွန့်ကြဲခြင်းကို အောက်မေ့သော ငါသည် အရတော်စွ။ ဝန်တိုခြင်းသည် လုယက်အပ်သော စိတ်ရှိသော သတ္တဝါ၌ ကင်းသောဝန်တိုခြင်း စိတ်ရှိသည်ဖြစ်၍ ဤအိမ်၌ နေ၏။ လွတ်လွတ်စွန့်ခြင်း ရှိ၏။ လက်ဖြင့် စီရင်အပ်သော အလှေရှိ၏။ စွန့်ကြဲခြင်း၌ မွေ့လျော်၏။ ပူဇော်သက္ကာရနှင့်လည်းယှဉ်၏။ ပေးခြင်း၌ မွေ့လျော်၏။ ဤသို့ မိမိ၏စွန့်ကြဲခြင်းကို အောက်မေ့လော့။ ထိုသို့ အောက်မေ့သည်ရှိသော် ရာဂ, ဒေါသ, မောဟလုယက်အပ်သောစိတ်သည် မရှိ။ ဝမ်းမြောက်ခြင်း အစရှိသည် ဖြစ်၏။

"တစ်ဖန်လည်း မဟာနာမ။ စတုမဟာရာဇိနတ်တို့သည် ရှိကုန်၏။ တာဝတိံသာနတ်တို့သည် ရှိကုန်၏။ ယာမာနတ်, တုသိတာ, နိမ္မာနရတိနတ်, ပရနိမ္မိတ, ဝသဝတ္တီနတ်တို့သည် ရှိကုန်၏။ ဗြဟ္မာအပေါင်းတို့သည် ရှိကုန်၏။ ထိုထက်အလွန်သော ဗြဟ္မာတို့သည် ရှိကုန်၏။

"ထို နတ်,ဗြဟ္မာတို့သည် အကြင်သို့သဘောရှိသော သဒ္ဓါခြင်းနှင့် ပြည့်စုံကုန်၏။ ဤလူ့ပြည်မှ စုတေသည်ဖြစ်၍ ထိုနတ်ပြည်, ဗြဟ္မာပြည်တို့၌ ဖြစ်ကုန်၏။ ငါ့အား ထိုသို့သဘောရှိသော သဒ္ဓါယုံကြည်ခြင်း ရှိ၏။

"အကြင်သို့သဘောရှိသော သီလနှင့်ပြည့်စုံသော နတ်တို့သည် လူ့ပြည်မှလည်းကောင်း၊ နတ်ပြည်မှလည်းကောင်း စုတေ၍ နတ်ပြည်, ဗြဟ္မာပြည်၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုသို့သဘောရှိသော သီလသည် ရှိ၏။

"အကြင်သို့သဘောရှိသော အကြားအမြင်နှင့်ပြည့်စုံသော နတ်တို့သည် ဤလူ့ပြည်မှ လည်းကောင်း၊ နတ်ပြည်မှလည်းကောင်း စုတေကုန်သည်ဖြစ်၍ ထိုသို့သောနတ်ပြည်, ဗြဟ္မာပြည်တို့၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုသို့သဘောရှိသော အကြားအမြင်သည် ရှိ၏။

"အကြင်သို့သဘောရှိသော စွန့်ကြဲခြင်းနှင့်ပြည့်စုံကုန်သော နတ်တို့သည် ဤလူ့ပြည်မှ စုတေကုန်သည်ဖြစ်၍ ထိုသို့သော နတ်ပြည်, ဗြဟ္မာပြည်တို့၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုသို့သဘောရှိသော စွန့်ကြဲခြင်းသည် ရှိ၏။

http://www.dhammadownload.com



"အကြင်သို့သဘောရှိသော, ပညာနှင့်ပြည့်စုံကုန်သော နတ်တို့သည် ဤလူ့ပြည်မှ စုတေကုန်သည်ဖြစ်၍ ထိုနတ်ပြည်၌ ဖြစ်ကုန်၏။ ငါ့အားလည်း ထိုသို့သဘောရှိသော ပညာ ရှိ၏။ ထိုသို့ နတ်တို့ကို သက်သေပြု၍ အောက်မေ့လော့။

"မဟာနာမ။ အကြင်အခါ၌ 'အရိယာ'တည်းဟူသော တပည့်သည် မိမိ၏လည်းကောင်း၊ ထိုနတ်တို့၏ လည်းကောင်း ယုံကြည်ခြင်း, သီလ, အကြားအမြင်, စွန့်ကြဲခြင်း, ပညာကို အောက်မေ့၏။ ထိုအခါ၌ ထိုသို့ အောက်မေ့သော 'အရိယာ'တည်းဟူသောတပည့်အား ရာဂ, ဒေါသ, မောဟ လုယက်အပ်သောစိတ်သည် မဖြစ်။ ဖြောင့်သောစိတ်သည်သာလျှင် ဖြစ်၏။

"မဟာနာမ။ နတ်တို့ကို သက်သေပြု၍၊ မိမိ၏သီလ အစရှိသည်ကို အောက်မေ့၍ ဖြောင့်သော အရိယာ တပည့်သည် အကျိုးစီးပွားကိုသိခြင်းကို ရ၏။ အကြောင်းကိုသိခြင်းကို ရ၏။ အကျိုးအကြောင်းနှင့်ယှဉ်သော ဝမ်းမြောက်သောသူအား နှစ်လိုခြင်းသည် ဖြစ်၏။ နှစ်လိုသောစိတ်ရှိသောသူအား ဩမ်းခြင်းသည် ဖြစ်၏။ ဩမ်းသောကိုယ်ရှိသောသူသည် ချမ်းသာကို ခံစားရ၏။ ချမ်းသာရသောသူ၏ စိတ်သည် တည်ကြည်၏။

"မဟာနာမ။ အရိယာတပည့်သည် မညီမညွတ်သောသတ္တဝါ၌ ညီညွတ်ခြင်းသို့ ရောက်သည်ဖြစ်၍ နေ၏။ ဒေါသရှိသောသတ္တဝါ၌ ဒေါသ မရှိသည်ဖြစ်၍ နေ၏။ 'တရား'တည်းဟူသောအရည်ကို သောက်သည်ဖြစ်၍ နတ်တို့၏ကျေးဇူးကို ပွားစေ၏။ ဤသို့သောသူကို 'အရိယာတပည့်'ဟု ဆိုအပ်၏"

ဤသို့လျှင် မဟာနာမမင်း မေးသောအမေးကို အကျယ်ဆို၍၊ ဟောတော်မူ၏။ ဤသို့လျှင် ပန္နရသမ မြောက်သောနှစ်၌ များစွာသောဒေသနာတော်ဖြင့် များစွာသော နတ်, လူ, ဗြဟ္မာတို့အား မဂ်,ဖိုလ် နိဗ္ဗာန်တရားကို ပေးတော်မူ၏။ ။ အဋ္ဌနဝအဂ်ိုတ္တိရ်။

http://www.dhammadownload.com



## အာဠဝကဘီလူးကို ဆုံးမတော်မူခြင်း

သောဠသမမြောက်သော နှစ်၌ အာဠဝကကို ဆုံးမတော်မူ၍ အာဠဝီမြို့၌ ဝါဆိုကပ်တော်မူ၏။

မြတ်စွာဘုရားသည် အာဠဝီမြို့သို့ လာတော်မူသောအကြောင်းကား ဤသို့ တပည့်အာဠဝကမင်းသည် အထူးထူးသောကိုယ်လုပ်အသုံးအဆောင်ကို စွန့်၍ ခိုးသူကို မြစ်ခြင်းငှာ လည်းကောင်း၊ တစ်ပါးသောမင်းကို မြစ်ခြင်းငှာ လည်းကောင်း၊ ၇ ရက် ၇ ရက်မြောက်သောနေ့၌ သမင်တောသို့ သွားသည်ရှိသော်၊ တစ်နေ့၌ ဗိုလ်ပါအပေါင်းနှင့်တကွ 'အကြင်သူ၏နံပါးဖြင့် သမင်သည် ပြေး၏။ ထိုသူအဖို့ ဖြစ်စေသတည်း' ဟု ကတိကဝတ်ပြု၏။ ထိုအခါ၌ ထိုမင်း၏နံပါးဖြင့် သမင် ပြေးကိုလိုက်၏။ မင်းသည် အားနှင့်ပြည့်စုံသည် ဖြစ်၍၊ လေးကိုယူ၍ ခြေကျင်သာလျှင်၊ ၃ ယူဇနာတိုင်တိုင် သမင် ပြေးသည်ကို လိုက်၏။ 'ထိုသူအဖို့ ဖြစ်စေသတည်း' ဟု ကတိကဝတ် ပြု၏။ ထိုအခါ၌ မင်း၏နံပါးဖြစ်သော သမင်ကို သတ်၍၊ ၂ ပိုင်း ပိုင်း၍ သမင်သားကို အလိုမရှိသော်လည်း သမင်ကို မယူခြင်းငှာမတတ်နိုင်။ ဤ သူတစ်ပါး၏ကဲ့ရဲ့ခြင်းကို ပယ်ခြင်းငှာ ထမ်းပိုးဖြင့် ဆောင်ခဲ့၍ လာသည်ရှိသော်၊ မြို့၏အနီး၌ ထူသောအရွက်အခက်ရှိသော ပညောင်ပင်ကို မြင်၍ ပင်ပန်းခြင်းအမှုကိုပျောက်ခြင်းငှာ ထိုညောင်ပင်သို့ ကပ်၏။

ထိုပညောင်ပင်၌ အာဠဝကဘီလူးသည် နတ်မင်းကြီးအထံမှ နေရာကို ရ၍၊ မွန်းတည့်အခါ၌ ထိုသစ်ပင်သို့ ဝင်ကုန်သော သတ္တဝါတို့ကို စားသည်ဖြစ်၍ နေ၏။ ထိုအာဠဝကဘီလူးသည် ထိုပညောင်ပင်သို့ဝင်သော မင်းကိုမြင်၍ စားခြင်းငှာ ကပ်လေ၏။

မင်းသည် ထိုအာဠဝကဘီလူးနှင့်တကွ ကတိကဝတ်ကို ပြု၍၊ "ဘီလူး။ ငါ့အား လွှတ်လော့။ ငါ့ကို လွှတ်သည်ရှိသော် နေတိုင်းနေ့တိုင်း လူကို လည်းကောင်း၊ ထမင်းအိုးထမ်းလျက်ကို လည်းကောင်း ငါ ပို့လာစေအံ့" ဤသို့ပင် ဆို၏။

ဘီလူးလည်း "မင်းကြီးသည် မြို့သို့သွား၍၊ မင်း၏အခြံအရံဖြင့် မွေ့လျော်သည်ဖြစ်၍ မေ့လျော့လတ္တံ့။ ငါသည် မကပ်သောသင့်ကို လည်းကောင်း, ခွင့်မပြုအပ်သာသူကို လည်းကောင်း, စားခြင်းငှာ မရ။ ထို ငါသည် အသက်ရှည်သောမင်းကြီးကိုသာလျှင် အောင်၏။ ငါ့အစာကို မလွှတ်" ဟုဆို၏။

မင်းလည်း "အကြင်နေ့၌ မစေအံ့။ ထိုနေ့၌ ငါ့ကိုယူ၍ စားလော့" ဟု

ဤသို့ မင်း၏ကိုယ်ကို ခွင့်ပြု၏။ ထိုဘီလူးသည် လွှတ်အပ်သည်ဖြစ်၍ မင်းသည် မြို့သို့ ရှေးရှုသွား၏။ ဗိုလ်ပါအပေါင်းလည်း ခရီး၌ သစ်ခက်မြို့ကို ပြု၍ နေ၏။

မင်း လာသည်ကိုမြင်၍ "မြတ်သောမင်း။ အကျော်အစောမဲ့ကိုငဲ့သောကြောင့် ဤသို့ပင်ပန်းစွာ ပြုဘိသနည်း" ဟု ဆိုလျက် ခရီးဦးကြိုဆို၍ ခြံရံ၏။

မင်းသည် ထိုအကြောင်းကို ကြား၍၊ မြို့သို့ သွားတော်မူ၍ နံနက် စားတော်ခေါ်ပြီးသော်၊ မြို့၌ စီရင်သောသူကို ခေါ်တော်မူ၍၊ ထိုအကြောင်းကို ကြား၍၊ "ရှင်မင်းကြီး။ ကာလအိုင်းအခြားကို ပြုတော်မူသလော" ဤသို့ လျှောက်၏။

http://www.dhammadownload.com



''အချင်း။ ငါ မပြုဏ်'' ဟု ဆို၏။

''ရှင်မင်းကြီး။ ထိုသို့ ကာလကိုမပိုင်းခြားခြင်းသည် မသင့်။ ဘီလူးတို့သည် ပိုင်းခြားသောကာလရွေ့ ရကုန်၏။ မပိုင်းမခြားနေသော်ကား လူတို့ကို ညှဉ်းဆဲခြင်းသည် ဖြစ်၏။ ရှင်မင်းကြီးတို့ကို မပိုင်းမခြားသည်မူလည်း ဖြစ်စေ။ ရှင်မင်းကြီးသည် ကြောင့်ကြမရှိသည် ဖြစ်၍ မင်း၏စည်းစိမ်ကို ခံစားတော်မူလော့။ ဤဘီလူးအား အစားပေးခြင်း၌ ပြုအပ်သောအမှုကို အကျွန်ုပ်ပြုအံ့'' ဤသို့ လျှောက်၏။

ထိုအမတ်သည် စောစောထ၍၊ နှောင်အိမ်တံခါး၌ ရပ်၍၊ ''အကြင်သူတို့သည် သတ်ကုန်၏။ ထိုထိုသော သူကိုယှဉ်၍ အကြင်သူသည် အသက်ရှည်ခြင်းငှာ အလိုရှိ၏။ ထိုသူသည် ထွက်စေသတည်း'' ဟုဆို၍၊ အကြင်သူသည် ရှေးဦးစွာထွက်၏။ ထိုသူကို ယူ၍၊ ရေချိုးစေ၍ ထမင်းစားစေပြီးသော်၊ ''ထမင်းအိုးကို ဘီလူးအား ပေးချေ'' ဟု စေ၏။

သစ်ပင်ရင်းသို့ ဝင်ကာမျှသောသူတို့ကို ဘီလူးသည် ကြောက်မက်ဖွယ်ဖန်ဆင်း၍ ကြာစွယ်ကြာရင်းကဲ့သို့ စား၏။ ဘီလူး၏ အာနုဘော်အားဖြင့် လူတို့၏ဆံကစ၍ ဆီဥအဆိုင်းကဲ့သို့ ဖြစ်၏။

ဘီလူးအား အစာကို ယူစိမ့်သောငှာ သွားသောယောကျ်ားတို့သည် ထိုဘီလူးကို မြင်၍၊ ကြောက်ကုန်သည်ဖြစ်၍၊ အကြင်အပြားဖြင့် ထိုအကြောင်းကို မင်းအား လျှောက်ကုန်၏။

ထိုနောင်မှစ၍ 'မင်းသည် ခိုးသူတို့ကိုအပ်၍ ဘီလူးစား ပေး၏' ဤသို့ လူတို့ကြား၍ ခိုးသောအမှုမှ ကြဉ်ကုန်၏။ ထိုနောင်မှ တစ်ပါးသောအခါ၌ ခိုးသူမရှိသဖြင့် ရှေးခိုးသူကုန်၍ နှောင်အိမ်တို့သည် ဆိတ်ကုန်၏။

ထိုနောင်မှ မြို့၌ စီရင်သောအမတ်သည် မင်းကို လျှောက်၏။ မင်းသည် ''ဥစ္စာကို တစ်စုံတစ်ယောက်သောသူသည် လိုချင်ခြင်းကြောင့် စင်စစ် ယူရာ၏'' ဟု ဥစ္စာကို မြို့ခရီးတို့၌ စွန့်စေကုန်၏။ တစ်စုံတစ်ယောက်သောသူသည် ထိုဥစ္စာကို ခြေဖြင့်မျှ မတို့။ မြို့ခရီး၌ စောင့်သောသူတို့သည် ခိုးသူကို မရသည်ဖြစ်၍ အမတ်တို့အား ကြား၏။

အမတ်တို့သည် အမျိုးအစဉ်အားဖြင့် တစ်မျိုးတစ်မျိုးမှ တစ်ယောက်တစ်ယောက်သောသူအိုတို့ကို ပို့စေကုန်၏။ ''ထို အိုသောသူတို့သည် ကြပတေ့ဖြင့်လည်း သေခြင်း၏အနီး ဖြစ်၏'' ဟု မင်းအား လျှောက်ကုန်၏။

''လူတို့သည် 'ငါတို့၏အဖကို လည်းကောင်း၊ အဘိုးကို လည်းကောင်း ပို့စေ၏' ဟု ချောက်ချားခြင်းကို ပြုလတ်ကုန်အံ့။ သင်တို့သည် ထိုသို့သောအမှုကို မနှစ်သက်ကုန်လင့်'' ဤသို့ မင်း မြွစ်၏။

''ရှင်မင်းကြီး။ သူငယ်နို့စို့တို့ကို ပို့စေကုန်အံ့။ ထိုသို့သဘောရှိသောသူငယ်အား 'ငါ၏အမိ၊ ငါ၏အဖ' ဟု ချစ်ခြင်းသည် မရှိ'' ဤသို့လျှောက်ကုန်၏။ မင်းလည်း ခွင့်ပြု၏။ ထိုအမတ်တို့လည်း ထိုသို့ ဆိုတိုင်း ပြုကုန်၏။

မြို့၌ ထိုသူငယ်အမိတို့သည် သူငယ်တို့ကို ယူ၍၊ ကိုယ်ဝန်ဆောင်တို့သည်လည်း ပြေး၍၊ တစ်ပါးသော ဓနုပုဒ်၌ သူငယ်တို့ကို ကြီးစေ၍ လာကုန်၏။ ဤသို့သော အပြားဖြင့် ၁၂ နှစ် ရောက်ကုန်၏။

ထိုနောင် တစ်နေ့သ၌ မြို့အလုံးကို ရှာ၍ တစ်ယောက်သောသူငယ်ကိုမျှ မရလတ်သော်၊ ''ရှင်မင်းကြီး။ အိမ်ထောင်တွင်း၌ ရှင်မင်းကြီးသား အာဠဝကကို ထား၍ မြို့၌ တစ်ပါးသောသူငယ် မရှိ'' ဟု လျှောက်ကုန်၏။

မင်းသည်လည်း 'ငါ့အား သားသည် ချစ်အပ်သကဲ့သို့၊ ဤအတူ ခပ်သိမ်းသောလူတို့၏ မိမိ၏ကိုယ်ထက် ချစ်အပ်သည် မရှိ။ သင်တို့ သွားကုန်။ အာဠဝကမင်းသား ရှိရာအရပ်ကို ဘီလူးအားပေး၍ အသက်ကို စောင့်ကုန်လော့'' ဟု ဆို၏။

http://www.dhammadownload.com



ထိုအခါ၌ အာဠဝကမင်းသားကို ရေချိုး၍တန်ဆာဆင်ပြီးသော ခုတင်၌ အိပ်စေ၏။ မင်း၏တမန်တို့သည် မင်း၏အာဏာဖြင့် ထိုမင်းသားရှိရာအရပ်သို့ သွား၍ ထိုဓိဖုရား ဝိုင်းကြွေးစဉ်လည်းကောင်း၊ ၁ သောင်း ၆ ထောင်သော မောင်းမတို့၏ လည်းကောင်း, နို့ထိန်းတို့၏ လည်းကောင်း ဝိုင်းကြွေးကုန်စဉ် ''နက်ဖြန် ဘီလူးစာ ဖြစ်လတ္တံ့'' ဟုဆို၍ သွားကုန်၏။

ထိုနေ့၌ မြတ်စွာဘုရားသည် မိုးသောက်သောအခါ၌ ထတော်မူ၍ ဓေတဝန်ကျောင်းတော် ဂန္ဓကုဋီတိုက်၌ မဟာကရုဏာသမာပတ်ကို ဝင်တော်မူ၍ ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ဖြင့် ကြည့်တော်မူသည်ရှိသော်၊ အာဠဝကမင်းသားအား အနာဂါမိဖိုလ်၏အကြောင်းကို လည်းကောင်း၊ အာဠဝကဘီလူးအားလည်း သောတာပတ္တိဖိုလ်အကြောင်းကို လည်းကောင်း၊ ဒေသနာတော်အဆုံး၌ ၈ သောင်း ၄ ထောင်သော တရားနာတို့အားလည်း သောတာပတ္တိမဂ်ကို ရခြင်း၏အကြောင်းကို လည်းကောင်း မြင်တော်မူ၍၊ မိုးသောက်ပြီးသော် နံနက်ဆွမ်း ဘုဉ်းပေးသောကိစ္စကို ပြုပြီးသော်၊ လက္ခယ်ဥပုသ်နေ့ နေဝင်အခါ၌ တစ်ပါးသော သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ သာဝတ္ထိမြို့မှ ၁၀ ယူဇနာရှိသောခရီးကို ခြေတော်ဖြင့် သွားတော်မူ၍ ထိုအာဠဝကဘီလူး ဗိမာန်သို့ ဝင်တော်မူ၏။

ထိုအခါ၌ လက္ခယ်နေ့ ဟိမဝန္တာ၌ နတ်တို့၏အစည်းအဝေးမှ အာဠဝကဘီလူးသည် ရှိလေ၏။ တံခါးစောင့် ဂဒြဘီလူးသည် ထိုစည်းဝေးရာသို့သွားလေ၍၊ 'ဗိမာန်တော်ကို ရှင်ဂေါတမဝင်၍ မောင်းမမိသဲ့များနှင့် ဘီလူးမင်း ပျော်ပါးသောအရပ်တွင်ပင် ရှင်ဂေါတမ နေသည်'ဟု ဆိုလျှင်ပင်၊ အလွန် အမျက်ထွက်၍ကား လာ၍၊ မာရ်မင်း ထက်လွန်မျှ တစ်ညဉ့်ပတ်လုံး စစ်ထိုး၍၊ ပုဆိုးလက်နက်ကို ပစ်၍၊ မတတ်နိုင်မှ ''ထွက်'' ဟု ဆို၏။

ထိုအာဠဝကဘီလူးအလိုကား ''ငါ ခွင့်မပြုဘဲ ငါ့ဗိမာန်သို့ဝင်၍ အိမ်ရှင်ကဲ့သို့ မောင်းမမိသဲ့အပေါင်း အလယ်၌ နေ၏။ မပေးသောဥစ္စာကို သုံးဆောင်ခြင်းသည် ရဟန်းအား မသင့်သည် မဟုတ်တုံလော။ 'ရဟန်း ထွက်'ဟုဆိုလျှင်၊ ထွက်အံ့။ ရဟန်းတရား၌ တည်၏။''

ဤသို့ ဘီလူးအလိုတည်း။

မြတ်စွာဘုရားလည်း 'ဤဘီလူးသည် ကြမ်းတမ်းလှသည်။ ကြမ်းတမ်းခက်ထရော်တို့ဖြင့် ဆုံးမအံ့သောငှာ မတတ်နိုင်။ ကြမ်းတမ်းသောခွေး၏ နှာခေါင်း၌ ကြိုးထည့်၍ဆောင်သည်ရှိသော် နှာခေါင်းပဲ့သော် မဆောင်နိုင်ရာသကဲ့သို့၊ ဤသူ ကြမ်းတမ်းလှသည်။ နူးညံ့သောအားဖြင့် ဆုံးမမှ တတ်နိုင်အံ့' ဤသို့ သိတော်မူ၍ ''ဒကာ။ ထွက်တော့မည်'' ဟူ၍ ချစ်ဖွယ်သောစကားကိုဆို၍ ဗိမာန်မှထွက်တော်မူ၏။

ဘီလူးသည် 'ရဟန်းသည် လွယ်လည်း လွယ်ပေ၏။ တစ်ခွန်းတည်းပင် ထွက်ပေ၏။ ဤသို့ ဆိုလွယ်သော ရဟန်းကို အကြောင်းမဟုတ်ဘဲ တစ်ညဉ့်ပတ်လုံး ငါ စစ်ထိုးမိလေ၏'ဟု နူးညံ့သောစိတ်ရှိပြန်၍၊ တစ်ဖန် ကြံပြန်၏။

'ဆိုလွယ်သဖြင့် ထွက်သလော။ အမျက်ထွက်သဖြင့် ထွက်သလော မသိနိုင်။ စူးစမ်းရစေဦး'ဟု ''ရဟန်း။ ဝင်''ဟု ဆိုပြန်၏။ ချစ်ဖွယ်သောစကားကို ဆိုတော်မူ၍၊ ''ကောင်းပြီ''ဟု ဝင်တော်မူ၏။

အာဠဝကသည်လည်း ထွက်ဆိုတုံ့, ဝင်ဆိုတုံ့ အဖန်တလဲလဲဆိုကုန်၏။ မြတ်စွာဘုရားလည်း ဘီလူးဆိုတိုင်းကို ပြုတော်မူ၏။ အကယ်၍ မပြုအံ့။ တရား၏တည်ရာ မဖြစ်ရာ။ အမိသည် ဝိသောသားကို လိုတိုင်းပေး၍ သက်သာစေသကဲ့သို့၊ မြတ်စွာဘုရားသည် ကိလေသာငိုခြင်းဖြင့် ဝိသောအာဠဝကဘီလူးကို သက်သာစိမ့်သောငှာ ဘီလူးဆိုတိုင်း ပြုတော်မူ၏။

http://www.dhammadownload.com



နို့မစို့လိုသောသားသူငယ်ကို တစ်ခုံတစ်ခုပေး၍၊ ဖြားယောင်း၍ စို့စေသကဲ့သို့ မြတ်စွာဘုရားလည်း ဘီလူးကို 'လောကုတ္တရာ'တည်းဟူသော နို့ကို စို့စိမ့်သောငှာ ထိုဘီလူးအလိုအတိုင်း စကားကိုပြုသဖြင့် ဖြားယောင်းတော်မူသည်ဖြစ်၍ ဤသို့ပြုတော်မူ၏။

ဘူးတောင်း၌ စတုမဟာရကို ပြည့်စေလိုသော ယောကျ်ားသည် ဘူးတောင်းတွင်းကို သုတ်သင်သကဲ့သို့၊ မြတ်စွာဘုရားသည် ဘီလူးစိတ်၌ 'လောကုတ္တရာ'တည်းဟူသော စတုမဟာရကိုပြည့်စိမ့်သောငှာ လိုတော်မူသည်ဖြစ်၍ ဘီလူး၏စိတ်၌ 'အမျက်'တည်းဟူသော အညစ်အကြေးကို သုတ်သင်အံ့သောငှာ 'ထွက်'ဆိုလျှင်လည်း ၃ ကြိမ် ထွက်တော်မူ၏။ 'ဝင်'ဆိုလျှင်လည်း ၃ ကြိမ် ဝင်တော်မူ၏။ တစ်ဖန် စိတ်မကောင်းဖြစ်၍ 'ထွက်'ဟုဆိုပြန်၏။

''ဘီလူးစိတ်ကို သိ၍ ငါ မထွက်။ ဘီလူးပြုလိုသောအမှုကို ပြုလော့''ဟု မိန့်တော်မူ၏။

''ရဟန်း။ ရဟန်းကို ငါ ပြဿနာမေးအံ့။ ငါ၏ပြဿနာကို မဖြေငြားအံ့။ ရဟန်းစိတ်ကိုမူလည်း ကုန်စေအံ့။ နှလုံးခွံသားကိုမူလည်း ကုန်စေအံ့။ ခြေတို့ကိုကိုင်၍ ဂင်္ဂါတစ်ဖက်ကိုမူလည်း ပစ်အံ့'' ဤသို့ ဘီလူးဆို၏။

''အလုံးစုံသောလောကဌ အကြင်သူသည် ငါ၏စိတ်ကို ကုန်စေရာ၏။ နှလုံးခွံကိုမူလည်း ကွဲစေရာ၏။ ခြေတို့ကိုကိုင်၍ ဂင်္ဂါတစ်ဖက်သို့မူလည်း ပစ်ရာ၏။ ထိုသို့သောသူကို ငါ မမြင်။ စင်စစ်သော်ကား ဒကာသင်သည် အကယ်၍ ယုံမှားရှိအံ့။ ထိုယုံမှားသောအကြောင်းကို မေးလော့ဟု မိန့်တော်မူ၏။

''သင်၏ အလုံးစုံသောပြဿနာကို ငါ ဖြေအံ့''ဟု ဘုရားတို့၏ ဖိတ်ခြင်းကို ဖိတ်တော်မူ၏။

ဤသို့လျှင် သဗ္ဗညုဘုရားတို့၏ ဖိတ်ခြင်းဖြင့် ဖိတ်သည်ရှိသော် အာဠဝကဘီလူးလည်း မြတ်စွာဘုရားကို 'ကိုသုဝဝိတ္တံ ပုရိသဿသေဋ္ဌံ။ ကိ ကိသု သုစိဏ္ဏာ သုခ မာဝ ဟတိ။ ကိသု ဟဝေ သာဒုတရံရသာန၊ ကထံဒီဝိဒီဝိတ မာဟု သေဋ္ဌံ။ ။' ဟူသောဂါထာဖြင့်

''ရဟန်း။ ၁-ဤလောကဌ ယောကျ်ား၏ မြတ်သောဥစ္စာသည် အဘယ်နည်း။ ၂-အကြင်လေ့ကျက်ခြင်းသည် ချမ်းသာကိုဆောင်နိုင်သော ကိုယ်၌ ကောင်းစွာလေ့ကျက်ခြင်း, စိတ်၌ ကောင်းစွာလေ့ကျက်ခြင်းသည် အဘယ်နည်း။ ၃-စင်စစ် 'အရဟာ'ဟု ဆိုအပ်ကုန်သော သဘောတို့ထက် လွန်စွာကောင်းသောအရဟာသည် အဘယ်နည်း။ ၄-အသက်ရှင်သောသတ္တဝါတို့ထက် အဘယ်သို့သောအပြားဖြင့် အသက်ရှင်ခြင်းကို 'မြတ်၏'ဟု ပညာရှိတို့သည် ဆိုကုန်သနည်း''

ဤသို့ ၄ ပါးသော ပြဿနာတို့ကို မေး၏။

ထိုအခါ၌ ထိုအာဠဝကဘီလူးအား မြတ်စွာဘုရားသည် ကဿပမြတ်စွာဘုရား ဖြေတော်မူသောနည်းဖြင့် ဖြေတော်မူလိုသည်ဖြစ်၍၊

'သဒ္ဓီဓ ဝိတ္တံ ပုရိသဿ သေဋ္ဌံ၊ ဓမ္မော သုစိဏ္ဏော သုခမာဝဟာတိ။

သစ္စံ ဟဝေ သာဒုတရံ ရသာနံ၊ ပညာဇီဝိတ မာဟု သေဋ္ဌ။ ။' ဟူသောဂါထာဖြင့်-

''ဒကာ။ ၁-ဤလောကဌ ယောကျ်ား၏ မြတ်သောဥစ္စာသည် 'ယုံကြည်ခြင်း'တည်းဟူသော သဒ္ဓါတည်း။ ၂-ကိုယ်ဖြင့် ကောင်းစွာလေ့ကျက်အပ်သော, ဝါ၊ စိတ်ဖြင့် ကောင်းစွာလေ့ကျက်အပ်သော 'ဒါန သီလ ဘာဝနာ ဓမ္မ'ဟုဆိုအပ်သော ၁၀ ပါးသော ကုသလဓမ္မသည် ချမ်းသာကို ဆောင်နိုင်၏။ ၃-စင်စစ် 'အရဟာ' ဟုဆိုအပ်သော သဘောတို့ထက် 'မုနိသောစကား'တည်းဟူသော သစ္စာသဘောသည် လွန်စွာသော အရဟာတို့တည်း။ ၄-အသက်ရှင်သောသတ္တဝါတို့ထက် 'ပညာဖြင့် သိခြင်းသို့ရောက်၍ အသက်ရှင်ခြင်းသည် မြတ်၏' ဟုပညာရှိတို့သည် ဆိုကုန်၏'' ဤသို့ ဘီလူး၏ ၄ ပါးသောပြဿနာကို ဖြေတော်မူ၏။

http://www.dhammadownload.com



ဤမှတစ်ပါးလည်း များစွာမေး၏။ မေးတိုင်း-မေးတိုင်း ဖြေတော်မူ၏။ ထိုသို့သဘောရှိသော ဂါထာအဆုံး၌ ညဉ်လင်းခြင်းကို လည်းကောင်း၊ အာဠဝကမင်းသားကို ဘီလူးဗိမာန်သို့ ဆောင်ခြင်း လည်းကောင်း တစ်ပြိုင်နက်လျှင် ဖြစ်၏။

မင်းတို့သည် ကောင်းချီးသံကိုကြား၍၊ ''ဤသို့ကောင်းချီးသံသည် ဘုရားတို့ကိုထား၍ တစ်ပါးသောသူတို့အား မဖြစ်။ မြတ်စွာဘုရား လာတော်မူသလော''ဟု ဆင်ခြင်ကုန်သည်ရှိသော်၊ မြတ်စွာဘုရား ကိုယ်တော်ရောင်ကို မြင်၍၊ ရှေး၌ကဲ့သို့ အပၸ မရပ်ကုန်။ ပညောင်ပင်ရင်းသို့ဝင်၍ ဘီလူးဗိမာန်၌ နေတော်မူသော မြတ်စွာဘုရားကို လည်းကောင်း၊ လက်အုပ်ချီ၍နေသော ဘီလူးကို လည်းကောင်း မြင်ကုန်၍၊ ''မြတ်သောဘီလူး။ ဤမင်းသားကို ပေးမြဲဝတ်အလို့ငှာ ဆောင်အပ်ပြီ။ စားလော့''ဟု ဆိုကုန်၏။

ထိုဘီလူးလည်း ဒေသနာတော်အဆုံး၌ သောတာပန်ဖြစ်ပြီးသောကြောင့် ရွက်သည်ဖြစ်၍၊ မြတ်စွာဘုရား ရှေ့တော်၌ အထူးထူးသောအားဖြင့် သိသည်ရှိသော် ထိုမင်းသားကိုယူ၍ မြတ်စွာဘုရားအား ကပ်၏။

''ဤမင်းသားကို အကျွန်ုပ်အား ပို့လွှာ၏။ ဤသူငယ်ကို ရှင်ပင်ဘုရားအား အကျွန်ုပ် လွှဲ၏။ ရှင်ပင်ဘုရားတို့သည် အကျိုးစီးပွားကို လိုတော်မူကုန်၏။ ရှင်ပင်ဘုရားသည် ဤသူငယ်၏အကျိုးစီးပွားအား ဤသူငယ်ကို ခံစေသတည်း''ဟု၊

'ဣမံ ကုမာရံ သတပုညလက္ခဏံ၊ သမ္မဂ်ုပေတံ ပရိပုဏ္ဏစက္ခုနံ။

ဥဒဂ္ဂစိတ္တော သုမနော ဒဒါမိ တေ၊ ပဋိဂ္ဂဏာ လောကဟိတာ စက္ခုမာ။ ။' ဟူသောဂါထာဖြင့်၊

''ရှင်ပင်ဘုရား။ များစွာသောဘုန်းကြောင့် ဖြစ်သောလက္ခဏာရှိသော, ခပ်သိမ်းသောအင်္ဂါကြီးငယ်တို့နှင့် ပြည့်စုံသော ဤမင်းသားကို ဝမ်းသာစိတ်ရှိသော, ကောင်းသောစိတ်ရှိသော အကျွန်ုပ်သည် ရှင်ပင်ဘုရားအား လွှဲ၏။ ရှင်ပင်ဘုရားသည် လူတို့၏အကျိုးငှာ ခံတော်မူပါ''ဟု လျှောက်၏။

မြတ်စွာဘုရားလည်း မင်းသားကို ခံတော်မူ၏။ ခံတော်မူပြီးသည်ဖြစ်၍သာလျှင် ဘီလူး၏လည်းကောင်း မင်္ဂလာကို ပြုတော်မူခြင်းငှာ၊

'ဒီဃာယုကောဟောတု အယံကုမာရော၊ တုဝဉ္စ ယက္ခသုခိတော။ ဘဝါဟိအဗျဓိတာ၊ လောကဟိတာ ယတိဒ္ဓ၊' ဟူသော တစ်ပုဒ်မပြည့်သောဂါထာဖြင့်

''ဤမင်းသားသည် အသက်ရှည်စေသတည်း။ ဘီလူးသည်လည်း ချမ်းသာသည်လည်း ဖြစ်လော့။ လောက၏အကျိုးစီးပွားငှာ သင်တို့ ချမ်းသာကုန်သည်ဖြစ်၍ တည်ကုန်လော့။'' ၃ ကြိမ်မိန့်တော်မူ၍ မင်္ဂလာကို ပြုတော်မူ၏။

ထို အာဠဝကဘီလူးသည် ထိုမင်းသားကို သရဏဂုံသို့ ရောက်စေလိုသည် ဖြစ်၍၊ ထို ရွတ်တော်မူသော ဂါထာကို ဖြည့်သည်ဖြစ်၍၊ 'အယံကုမာရော သရဏာ မုပေတိ ဗုဒ္ဓံ, ဓမ္မံ, သံဃံ'ဟူသောပုဒ်ဖြင့်-

''ဤမင်းသားသည် မြတ်စွာဘုရားကို 'ကိုးကွယ်ရာ'ဟု သိ၏။ တရားတော်ကို 'ကိုးကွယ်ရာ' ဟုသိ၏။ သံဃာတော်ကို 'ကိုးကွယ်ရာ' ဟု သိ၏''

ဤသို့ ၃ ကြိမ် ရွတ်၏။

ထိုနောင်မှ မြတ်စွာဘုရားသည် ''ဤသူငယ်ကို ကြီးစေ၍ ငါ့အားသော်လျှင် တစ်ဖန်ပေးလှည့်ကုန်'' ဟု မိန့်တော်မူ၍၊ မင်းသားကို မင်းချင်းတို့အား ပေးတော်မူ၏။

http://www.dhammadownload.com



ဤသို့လျှင် ထိုမင်းသားသည် မင်းချင်းတို့လက်မှ ဘီလူးလက်သို့, ဘီလူးလက်မှ မြတ်စွာဘုရားလက်သို့, မြတ်စွာဘုရားလက်မှ မင်းချင်းတို့လက်သို့၊ တစ်ဖန်ရောက်သည်၏အဖြစ်ကြောင့် အမည်အားဖြင့် 'ဟတ္ထာဠဝက'ဟု တွင်၏။

ထိုမင်းသားကို ယူ၍၊ ပြန်ကုန်သောမင်းချင်းတို့ကို မြင်၍၊ လက်လုပ်, တောသွားအစရှိသောသူတို့သည် ''မင်းသားသည် အလွန်ငယ်သောကြောင့် ဘီလူး အလိုမရှိသည်လော''ဟု ကြောက်ကုန်သည်ဖြစ်၍ မေးကုန်၏။ မင်းချင်းတို့လည်း ''မကြောက်ကုန်လင့်။ မြတ်စွာဘုရား ဘေးမဲ့ပြုတော်မူပြီ''ဟု အလုံးစုံသောအကြောင်းကို ကြားကုန်၏။ ထိုနောင်မှ ''ကောင်းစွ။ ကောင်းစွ''ဟု အာဠဝီမြို့အလုံး တစ်ပြိုင်နက် အုတ်အုတ်ကျက်ကျက် ဘီလူးသို့ ရှေးရှုဖြစ်၏။

ဘီလူးသည် မြတ်စွာဘုရား ဆွမ်းခံအခါသို့ရောက်လတ်သော် သပိတ်,သင်္ကန်းတော်ကို ယူ၍ တစ်ဝက် သောခရီးတိုင်အောင် ပို့၍ ပြန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် အာဠဝီမြို့၌ ဆွမ်းခံတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးသော်၊ မြို့တံခါး၌ ဆိတ်ငြိမ်သောသစ်ပင်၏အနီး၌ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူ၏။

ထိုအခါ၌ များစွာသော လူအပေါင်းနှင့်တကွ မင်းပြည်သူတို့သည် တပေါင်းတည်း မြတ်စွာဘုရားသို့ ကပ်၍၊ ရိုသေစွာရှိခိုး၍ နေကုန်ပြီးသော်၊ ''ရှင်ပင်ဘုရား-ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားတို့သည် ဤသို့သဘောရှိသော ကြမ်းတမ်းသောဘီလူးကို အဘယ်သို့ ဆုံးမကုန်သနည်း''ဟု လျှောက်ကုန်၏။

မြတ်စွာဘုရားလည်း အာဠဝကဘီလူးစစ်ထိုးခြင်းကို အစပြု၍၊ ''ဤသို့သောအပြားဖြင့် အထူးထူးသော မိုးကို ရွာစေ၍ ဤသို့အပြားဖြင့် ကြောက်မက်ဖွယ်ကို ပြ၏။ ဤသို့သဘောရှိသော ပြဿနာကို မေး၏။ ထို ဘီလူးအား ငါသည် ဤသို့သဘောအားဖြင့် ဖြေ၏''ဟု အာဠဝကသုတ်ကို ဟောတော်မူ၏။ ဟောတော်မူသော ဒေသနာတော်အဆုံး၌ ၈ သောင်း ၄ ထောင်သောပရိသတ်တို့အား တရားရခြင်းသည် ဖြစ်၏။

ထိုနောင်မှ မင်း,ပြည်သူတို့သည် ဝေဿဝဏ်နတ်မင်း၏နတ်ကွန်းကို ဘီလူး၏ဗိမာန်အနီး၌ နတ်ကွန်း ဆောက်၍၊ ပန်း, နံ့သာအစရှိသော ပူဇော်သက္ကာရနှင့်ပြည့်စုံသော အမြဲသောပူဇော်ခြင်းကို ဖြစ်စေကုန်၏။

သိကြား,လိမ္မာခြင်းသို့ရောက်သော မင်းသားကို ''မင်းသားသည် မြတ်စွာဘုရားကိုမှီ၍ အသက်ရ၏။ မြတ်စွာဘုရားကို လည်းကောင်း, သံဃာတော်ကို လည်းကောင်း ဆည်းကပ်လော့''ဟု လွှတ်ကုန်၏။ ထိုမင်းသား သည် မြတ်စွာဘုရားကို လည်းကောင်း, သံဃာတော်ကို လည်းကောင်း ဆည်းကပ်သည် ဖြစ်၍၊ မမြင့်မီလျှင် အနာဂါမိဖိုလ်၌တည်၍၊ အလုံးစုံသော မြတ်စွာဘုရားတရားတော်ကို သင်၍ ၅၀၀ သော ဥပါသကာ အခြံအရံရှိသည် ဖြစ်၏။

မြတ်စွာဘုရားသည်လည်း ''၄ ပါးသောပစ္စည်းတို့ဖြင့် ချီးမြှောက်သော ဥပါသကာတို့ထက် ဤ ဟတ္ထာ ဠဝကဥပါသကာသည် မြတ်၏''ဟု ဧတဒဂ် ထားတော်မူ၏။ ။ သုတ္တန္တနိပါတ်။

မြတ်စွာဘုရားသည် အာဠဝီမြို့ကို ဆွမ်းခံအမှီပြု၍၊ အဂ္ဂဠဝကစေတီ၌ နေတော်မူသည်ဖြစ်၍၊ ကုဋ္ဌိကာရ သိက္ခာပုဒ်ကို အကြောင်းပြု၍ 'ယေမေအဟံဇာနာမိ။ အဋ္ဌိသေနေဝနကပွိကော' အစရှိသောဒေသနာတော်အားဖြင့်

http://www.dhammadownload.com



အဋ္ဌသေနဇာတ်*ကို ဟောတော်မူ၏။ ထိုဒေသနာတော်အဆုံး၌ များစွာသောသူတို့သည် သောတာပတ္တိဖိုလ် အစရှိသည်တို့၌ တည်ကုန်၏။ ။ သုတ္တန္တနိပါတ်ဇာတ်။

ထိုအဂ္ဂဥဝကစေတီယကျောင်း၌ နေတော်မူသောအခါ ဝံဂီသထေရ်၏ဆရာဖြစ်သော နိဂ္ဂြောဓကပ္ပသည် အဂ္ဂဥဝကစေတီ၌ ပရိနိဗ္ဗာန်ပြု၏။

ရှင်ဝံဂီသထေရ်သည် 'ငါ့ဆရာသည် ပရိနိဗ္ဗာန်ပြုလေပြီလော၊ မပြုလော'ဟု မြတ်စွာဘုရားကို ပြဿနာကို မေး၏။ မြတ်စွာဘုရားလည်း နိဂ္ဂြောဓကပ္ပသုတ်ကို ဟောတော်မူ၏။

မြတ်စွာဘုရားသည် အဂ္ဂါဠဝကစေတီယကျောင်း၌ နေတော်မူသည်ဖြစ်၍ ရက်ကန်းသည်သမီးကို အကြောင်းပြု၍၊ 'အန္ဓာဘူတော အယံလောကော။ တနုက္ကဏ္ဌဝိပဿတိ၊ သကုန္တေဇာလမုတ္တောဝ၊ အပ္ပေါသုဏ္ဏာ ယဂ္ဂတိ' ဟူသောဒေသနာတော်ကို ဟောတော်မူ၏။ ဤဒေသနာတော်အဆုံး၌ ၈ သောင်း ၄ ထောင်သောတရားနာပရိသတ်တို့သည် မဂ်ဖိုလ်တရားကို ရကုန်၏။ ။ ဓမ္မပဒ သုတ္တန္တနိပါတ်။

ဤသို့လျှင် သောဠသမမြောက်သောနှစ်၌ များစွာသောဒေသနာတော်ဖြင့် များစွာသော လူ,နတ်,ဗြဟ္မာတို့အား မဂ်,ဖိုလ် နိဗ္ဗာန်တရားကို ပေးတော်မူ၏။

* ၅၅၀ ဇာတ်တော်စဉ် ၄၀၃ ရှု။

http://www.dhammadownload.com



## ပြည့်တန်ဆာမ သိရိမာအကြောင်းကို ပြခြင်း

သတ္တရသမမြောက်သောနှစ်၌ ရာဇဂြိုဟ်မြို့ ဝေဠုဝန်ကျောင်းကြီး၌ ဝါဆိုတော်မူ၏။

ထိုမြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းကြီး၌နေတော်မူသောအခါ သိရိမာကို အကြောင်းပြု၍ 'ပဿစိတ္တိကတံ ဒိမ္မံ' အစရှိသောဒေသနာတော်ကို ဟောတော်မူ၏။

ရာဇဂြိုဟ်ပြည်၌ အလွန်အဆင်းလှသော ပြည့်တန်ဆာသိရိမာသည် ထိုဥတ္တရာအိမ်၌ ရဟန်းအပေါင်းနှင့်တကွ ဆွမ်းဘုဉ်းပေးတော်မူပြီးသော မြတ်စွာဘုရားကို သည်းခံစေ၍၊ ထိုနေ့၌ မြတ်စွာဘုရား၏ ဆွမ်းအနုမောဒနာ တရားတော် ကြား၍၊

'အကောဓေန ဇိနေ ကောဓံ၊ အသာဓုံ သာဓုနာ ဇိနေ။

ဇိနေ ကဒရိယံ ဒါနေန၊ သစ္စေနာလိကဝါဒိနံ။ ။' ဟူသော ဂါထာကို ဟောတော်မူသည်။ အဆုံး၌ ၅၀၀ သောမာတုဂါမတို့နှင့်တကွ သောတာပတ္တိဖိုလ်၌ တည်၏။

ဤသို့ သောတာပန်ဖြစ်ပြီးသော သိရိမာသည် မြတ်စွာဘုရားကိုဖိတ်၍ မိုးသောက်သောနေ့၌ ကြီးစွာသော အလှူကို လှူ၏။ သံဃာအား အဋ္ဌကဘတ်ကို မပြတ်လှူ၏။ ထိုဖိတ်သည့်နေ့မှစ၍ ၈ ပါးသောရဟန်းတို့သည် အိမ်သို့ သွားကုန်၏။ ထိုရဟန်းတို့အား ''ထောပတ်ကို ခံကုန်လော့'' ဤသို့ အစရှိသည်ကို ဆို၍၊ သပိတ်တို့ကို ပြည့်စေ၍ လှူ၏။ တစ်နေ့ရောက်သောပုဂ္ဂိုလ် ရသောဆွမ်းသည် ၃ ယောက် - ၄ ယောက်သောသူတို့အား လောက်ကုန်သည် ဖြစ်၏။ နေ့တိုင်း ၁၆ သပြာသောက်ကျေးဖြင့် ဆွမ်းကိုလှူ၏။

တစ်နေ့သ၌ တစ်ယောက်သောရဟန်းသည် သိရိမာအိမ်၌ အဋ္ဌကဘတ်ကို ဘုဉ်းပေး၍ ၃ ယူဇနာသော တစ်ခုသောကျောင်းကို လာလေ၏။ ထိုအခါ၌ ညချမ်းဆည်းဆာ၌ လာသောရဟန်းကို ''အရှင်။ အဘယ်အရပ်၌ ဆွမ်းခံ၍ လာသနည်း'' ဟု မေးကုန်၏။ ''အကျွန်ုပ်သည် အဋ္ဌကဘတ်ကို ဘုဉ်းပေး၏'' ဟု ဆို၏။

''အရှင်။ နှစ်လိုဖွယ်ကိုပြု၍ လှူ၏လော'' ဟု မေးပြန်ကုန်၏။ ''ထိုသိရိမာ၏ဆွမ်းကို ချီးမွမ်းခြင်းငှာ မတတ်ကောင်း။ အလွန်လျှင် မွန်မြတ်စွာပြု၍ လှူ၏။ တစ်ယောက်ရသောဆွမ်းသည် ၄ ယောက်သောသူတို့အား လောက်၏။ ထိုသိရိမာ ပေးသောအလှူထက် ထိုသိရိမာကိုမြင်ခြင်းသည် လွန်မြတ်၏။ ထိုသိရိမာသည် ဤသို့ သဘောရှိ၏။ လှပတင့်တယ်၏'' ဟု ထိုသိရိမာ၏ ကျေးဇူးကို ဆို၏။

ထိုအခါ၌ တစ်ယောက်သောရဟန်းသည် ထိုသိရိမာ၏ ကျေးဇူးစကားကို ကြား၍၊ မမြင်ဘဲလျှင် တပ်၍၊ 'ငါသည် ထိုအရပ်သို့သွား၍ ထိုသိရိမာကို ရှုမြင်ခြင်းငှာ သင့်၏' ဟု မိမိဝါအစဉ်ကို ဆို၍ ရပ်သော ထိုရဟန်းကို မေး၏။

''အရှင်နက်ဖြန် ထိုသိရိမာအိမ်၌ သင်သွား၍ သံဃထေရ်ဖြစ်၍ အဋ္ဌကဘတ်ကို ရလတ္တံ့'' ဟု ထိုမေးအပ်သောရဟန်း၏ စကားကိုကြား၍၊ ထိုခဏ၌ပင်လျှင် သပိတ်, သင်္ကန်းကို ယူ၍ သွားသည်ရှိသော်၊ နေအရောတက်သောအခါ၌ နံနက်စောစော စာရေးတံဝေရာသို့ ဝင်၍၊ သံဃထေရ် ဖြစ်၍ ထိုသိရိမာအိမ်၌ အဋ္ဌကဘတ်ကို ရ၏။

http://www.dhammadownload.com



အကြင်ရဟန်းသည် ယမန်နေ့ ဘဉ်းပေး၍ သွား၏။ ထိုရဟန်း သွားသောအခါ၌ပင်လျှင် ထိုသိရိမာသည် မကျန်းမာသည် ဖြစ်၏။ ထိုကြောင့် တန်ဆာတို့ကို ချွတ်၍ အိပ်၏။ ထိုအခါ ထိုကျွန်မတို့သည် ရဟန်းတို့ကိုမြင်၍ ကြားကုန်၏။ ထိုသိရိမာလည်း မိမိလက်ဖြင့် သပိတ်တို့ကိုယူ၍၊ နေစိမ့်သောဇာ လည်းကောင်း၊ ဆွမ်းကျွေးအံ့သောဇာ လည်းကောင်း မတတ်နိုင်သည် ဖြစ်၍၊ "မိမိတို့သပိတ်တို့ကို ယူ၍၊ အရှင်တို့ကို နေစေ၍၊ ယာဂု ဘဉ်းပေးစေ၍၊ ခဲဖွယ်တို့ကို လှူ၍၊ ဆွမ်းဘဉ်းပေးအံ့သောအခါ၌ သပိတ်တို့ကို ပြည့်စေ၍ လှူကုန်လော့" ဟု ကျွန်မတို့ကို စေ၏။ ထိုကျွန်မတို့လည်း "ရှင်မ။ ကောင်းပြီ" ဟု ဝန်ခံ၍၊ ရဟန်းတို့ကိုဝင်စေ၍၊ ယာဂု၊ ခဲဖွယ်ကို လှူ၍၊ ဆွမ်းဘဉ်းပေးသောအခါ၌ သပိတ်တို့ကိုပြည့်စေ၍ ထိုသိရိမာအား ကြားကုန်၏။

ထိုသိရိမာသည် "ငါ့ကို မ၍ ဆောင်ကုန်။ အရှင်တို့ကို ရှိခိုးအံ့" ဟု ဆို၏။ ထိုကျွန်မတို့လည်း ရဟန်းတို့၏အထံတော်သို့ ဆောင်၍၊ တုန်လှုပ်သောကိုယ် ရှိသည်ဖြစ်၍ ရဟန်းတို့ကို ရှိခိုး၏။ ထိုသံဃထေရ်ရဟန်းသည် သိရိမာကိုကြည့်၍၊

'နာသော ဤသိရိမာ၏ အဆင်းတင့်တယ်ခြင်းသည် ဤသို့ သဘောရှိ၏။ မနာသောအခါ၌ ခပ်သိမ်းသောတန်ဆာဖြင့် ဆင်သော သိရိမာ၏ အဆင်း၏တင့်တယ်ခြင်း, ပြည့်စုံခြင်းသည် အဘယ်ဆိုဖွယ် ရှိအံ့နည်း' ဟု ကြံ၏။ ထိုအခါ၌ ထိုရဟန်း၏ များစွာသော အနှစ်အကုဋ္ဌေပတ်လုံးကျင်လည်သော ကိလေသာသည် နှိပ်စက်၏။

ထိုရဟန်းသည် မသိသည်ဖြစ်၍၊ ဆွမ်းဘဉ်းပေးအံ့သောဇာ မတတ်နိုင်သည်ဖြစ်၍၊ ကျောင်းသို့ သွား၍၊ သပိတ်ကို ဝိတ်၍ သင့်တင့်ရာထားပြီးသော်၊ သင်္ကန်းကိုဖြန့်၍ အိပ်၏။ ထိုအခါ၌ ထိုရဟန်းကို အဆွေခင်ပွန်းတစ်ယောက်သည် တောင်းပန်သော်လည်း ဆွမ်းစားစိမ့်သောဇာ မတတ်နိုင်သောကြောင့် ထိုရဟန်းသည် အစာပြတ်သည် ဖြစ်၏။

ထိုနေ့၌ပင်လျှင် ညချမ်းသောအခါ၌ သိရိမာသည် လွန်၏။

ဗိမ္မိသာရမင်းသည် မြတ်စွာဘုရားအား "ရှင်ပင်ဘုရား။ ဇီဝကနမငယ်ဖြစ်သော သိရိမာသည် လွန်ခဲ့ပြီ" ဟု သတင်းစကားကို လျှောက်စေ၏။ မြတ်စွာဘုရားသည် ထိုစကားကို ကြားတော်မူ၍၊ "ထိုသိရိမာ၏ အကောင်ကို ပုပ်ခြင်းကိစ္စ မရှိ။ သုသာန်၌ ထိုသိရိမာအကောင်ကို ကျီး,လင်းတို့သည် မစားအောင် တုံးလုံးထား၍ စောင့်စေကုန်" ဟု သတင်းစကားကို မင်းအား စေတော်မူ၏။

ဗိမ္မိသာရမင်းလည်း မြတ်စွာဘုရားအမိန့်တော်အတိုင်း ပြု၏။

အစဉ်အားဖြင့် ၃ ရက်လွန်သည်ရှိသော်၊ ၄ ရက်မြောက်သောနေ့၌ အကောင်သည် ဖူးဖူးရောင်၏။ ၉ ပါးသောအဝတို့မှ လောက်တို့သည် ယိုထွက်ကုန်၏။ ကိုယ်အလုံး ကွဲသော သလေးထမင်းအိုးကဲ့သို့ ဖြစ်၏။

ဗိမ္မိသာရမင်းလည်း "အိမ်၌ အစောင့်တို့ကိုထား၍ သိရိမာကို ရှုလေကုန်။ မရှုသောသူတို့အား ၈ ပါးသော ဒဏ်သည် ဖြစ်စေ" ဟု စည်လည်စေ၏။ မြတ်စွာဘုရားအထံတော်သို့လည်း "ဘုရားအမှူးရှိသော ရဟန်းအပေါင်းသည် လာစေသတည်း" ဟု လျှောက်စေ၏။

မြတ်စွာဘုရားလည်း "သိရိမာကိုရှုခြင်းငှာ သွားကုန်အံ့" ဟု ရဟန်းတို့အား ကြားစေ၏။ ထိုရဟန်းသည်လည်း ၄ ရက်ပတ်လုံး တစ်ခွန်းသောစကားကိုမျှ မဆိုမူ၍၊ ပြတ်သောအာဟာရ ရှိသည်ဖြစ်၍ အိပ်၏။ သပိတ်၌ ဆွမ်းသည်လည်း သို့၏။ ထိုအခါ၌ ထိုအိပ်သောရဟန်းကို အဆွေခင်ပွန်းရဟန်းသည် သွား၍၊ "အရှင်။ မြတ်စွာဘုရား သိရိမာကိုရှုအံ့သောငှာ သွားတော်မူ၏" ဟု ဆို၏။

http://www.dhammadownload.com



ထိုရဟန်းသည် မွတ်သိပ်သော ကိုယ်ရှိသော်လည်း 'သိရိမာ'ဟုဆိုလျှင်ပင် အဆောတလျင်ထ၍၊ ''အာယ် သို့ဆိုသနည်း''ဟု မေး၏။ ''မြတ်စွာဘုရားသည် သိရိမာကို ရွှေ့အံ့သောဌာ ကြွတော်မူ၏။ သင်လည်း သွားလော့'' ဟု ဆိုသည်ရှိသော်၊ ''ကောင်းပြီ။ သွားအံ့''ဟု ဆို၍၊ ထမင်းကိုသွန်၍ သပိတ်ကို ဆေးပြီးသော်၊ အိတ်၌ သွတ်၍ ရဟန်းအပေါင်းနှင့် လာ၏။

မြတ်စွာဘုရားလည်း ရဟန်းအပေါင်း ခြံရံသည်ဖြစ်၍ နံပါးတစ်ဖက်၌ ရပ်တော်မူ၏။ ဘိက္ခုသံဃာ, မင်း, ပရိသတ်, ဥပါသကာ, ဥပါသိကာပရိသတ်လည်း နံပါးတစ်ဖက်၌ ရပ်ကုန်၏။

မြတ်စွာဘုရားသည် ဗိမ္ဗိသာရမင်းကို ''မြတ်သောမင်း။ ဤသူသည် အဘယ်သူနည်း''ဟု မေးတော်မူ၏။ ''ရှင်ပင်ဘုရား။ ဇီဝကာ၏နှမငယ်ဖြစ်သော 'သိရိမာ'အမည်ရှိသော သူတည်း''ဟု လျှောက်၏။

''ဤသူသည် သိရိမာလော''ဟု မေးတော်မူပြန်၏။ ''ရှင်ပင်ဘုရား။ သိရိမာတည်း''ဟု လျှောက်ပြန်၏။

''မြတ်သောမင်း။ 'အထောင်ပေး၍ သိရိမာကို ယူစေသတည်း'ဟု စည်လည်စေလော့''ဟု မိန့်တော်မူ၏။ ဗိမ္ဗိသာရမင်းလည်း မိန့်တော်မူတိုင်း စည်လည်စေ၏။ 'ဟံဟံ'ဟု လည်းကောင်း ဆိုသောသူမည်သည် တစ်ယောက်မျှ မရှိ။

မင်းလည်း ''ရှင်ပင်ဘုရား။ မယူကုန်ရာ''ဟု မြတ်စွာဘုရားအား လျှောက်ပေ၏။

''မြတ်သောမင်း။ အဗိုးကို ပြတ်စေလော့''ဟု မိန့်တော်မူ၏။ ဗိမ္ဗိသာရမင်းလည်း ''၅၀၀ ပေး၍ ယူစေကုန်''ဟု စည်လည်စေ၏။ တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်၍၊ အစဉ်သဖြင့် ''တစ်ချင်းရွေးကို ပေး၍ သိရိမာကို ယူစေသတည်း''ဟူ၍ လည်းကောင်း၊ ''အချည်းနှီး ယူစေ''ဟူ၍ လည်းကောင်း စည်လည်စေသော်လည်း၊ 'မာဟု'လည်းကောင်း ဆိုသောသူ မရှိ။ မင်းသည်လည်း ''ရှင်ပင်ဘုရား။ တစ်ချင်းရွေးကို စဉ်ထားဘိ။ အချည်းနှီးယူမည်သူမျှ မရှိ''ဟု လျှောက်၏။

မြတ်စွာဘုရားလည်း ''ရဟန်း။ လူအပေါင်းသည်ချစ်အပ်သော သိရိမာကို ရှုကုန်လော့''ဟု ''ဤမြို့၌ လျှင် ၁၀၀၀ ပေးမှ တစ်နေ့ မွေ့လျော်ခြင်းကို ရကုန်၏။ ယခုကား တစ်ချင်းရွေးမျှ မပေးမူ၍ ယူသောသူမျှ မရှိ။ ဤသို့သဘောရှိသောအဆင်းသည် ကုန်ခြင်း, ပျက်ခြင်းသို့ ရောက်၏။ ရဟန်းတို့။ အကြင် နာသော သူ၏အဖြစ်ကို ရှုကုန်လော့''ဟု မိန့်တော်မူ၍၊

'ပဿ စိတ္တ ကတံဗိမ္ဗံ၊ အရုကာယံ သမုဿိတံ၊

အာတုရံဗဟုသင်္ကပ္ပံ၊ ယဿ နတ္ထိ ဓုဝံဌိတိ။ ။' ဟူသောဂါထာကို ဟောတော်မူ၏။ ဤဂါထာ၏ အဓိပ္ပာယ်ကား

''ရဟန်းတို့။ အကြင်ကိုယ်၏ မြဲသည်၏ အဖြစ်, တည်သည်၏အဖြစ်သည် မရှိ။ အဝတ်တန်ဆာတို့ဖြင့် အဆန်းတကြယ်ပြုအပ်သော, ဆင်းတုနှင့်တူသော ဤကိုယ်ကို ရှုကုန်လော့။ ၉၆ ပါးသောအနာတို့ဖြင့် နှံပ်စက်အပ်သော, ၃၀၀ သောအရိုးတို့ဖြင့် ဆောက်အပ်သော, အခါခပ်သိမ်း သွားခြင်းအစရှိသော ဣရိယာပုထ်ဖြင့် ဆောင်အပ်သည်၏အဖြစ်ကြောင့် အမြဲကျင်နာသော, များစွာသောသူတို့သည် အထွေထွေအပြားပြား ကြံအပ်သော, စင်စစ်သဖြင့် ပျက်ခြင်းသဘောသာလျှင်ဖြစ်သော ဤကိုယ်ကို သင်တို့ ရှုကုန်လော့'' ဤသို့ အဓိပ္ပာယ်ဟူလိုသော်။ ။ ဓမ္မပဒ။

ပန်းရွေပြည်စာအုပ်တိုက်

http://www.dhammadownload.com



ဤဒေသနာတော်၏အဆုံး၌ ၈ သောင်း ၄ ထောင်သောပရိသတ်တို့အား တရားရခြင်းသည် ဖြစ်၏။ ထိုရဟန်းသည်လည်း သောတာပတ္တိဖိုလ်၌ တည်လေ၏။ ဤသို့လျှင် သတ္တရသမ မြောက်သောနှစ်၌ များစွာသော ဒေသနာတော်ဖြင့် များစွာသော နတ်, ဗြဟ္မာတို့အား မဂ်, ဖိုလ်, နိဗ္ဗာန်တရားကို ဟောတော်မူ၏။

http://www.dhammadownload.com



## မေယိယထေရ်ကို ဆုံးမခြင်း

အဋ္ဌာရသမမြောက်သော နှစ်, ဧကူနဝိသတိမ မြောက်သောနှစ်တို့၌ စာလိယတောင်၌ ဝါသို့ ကပ်တော်မူ၏။

မြတ်စွာဘုရားသည် စာလိယမြို့ကို ဆွမ်းခံအမှီပြု၍၊ စာလိယတောင် ကျောင်းကြီး၌ နေတော်မူသည် ဖြစ်၍၊ မေယိယထေရ်ကို အကြောင်းပြု၍ 'ဖန္ဒနံစပလံ စိတ္တံ၊' ဤသို့အစရှိသော ဒေသနာတော်ကို ဟောတော်မူ၏။

မြတ်စွာဘုရားသည် ၃ ပါးသောဝိတက်တို့နှင့် စပ်သည်၏အဖြစ် ထိုသရက်တော၌ ကမ္မဋ္ဌာန်းယှဉ်ခြင်း မတတ်နိုင်သည် ဖြစ်၍လာသော မေယိယထေရ်ကို ဟောတော်မူ၏။

"မေယိယ။ သင်သည် လေးသောအပြစ်ကို ပြု၏။ မေယိယ။ တစ်ယောက်သည် 'ငါမှတစ်ပါးသော ရဟန်းသည် လာစေဦး။ ထိုရွှေ့လောက် ငံ့ဦး' ဟုမြစ်လျက်တောင်းပန်သော တစ်ယောက်တည်းသော ငါ ဘုရားကိုပယ်၍ သွားသောမည်သည်ကား အလွန်လေး၏။ ဤသို့ စိတ်၏အလိုဖြင့် ဖြစ်ခြင်းသည် မသင့်။ ထို စိတ်မည်သည်ကား လျင်စွာဖြစ်၏။ ထိုသို့ လျင်သောသဘောရှိသော စိတ်ကို မိမိ၏နိုင်ငံသို့ လိုက်စေခြင်းငှာ သင့်၏" ဟု မိန့်တော်မူ၏။

'ဖန္ဒနံစပလံ စိတ္တံ၊ ဒုရက္ခံ ဒုန္နိဝါရယံ၊
ဥဇုံကရောတိ မေဓာဝီ၊ ဥသုကာရော၀ တေဇနံ၊
ဝါရိဓော၀ထလေခိတ္တော၊ ဩကမောကတဥ္ဇုတော။
ပရိဖန္ဒတိဒံစိတ္တံ၊ မာရဓေယ္ယံပဟာ တဝေ။ ။' ဟူသော ဤဂါထာကို ဟောတော်မူ၏။ ဤဂါထာတို့၏ အဓိပ္ပာယ်ကား-

"မေယိယ။ အကြင်လေးသမားသည် မြားကို ဖြောင့်စွာပြုသကဲ့သို့ အကြင်ပညာရှိသော အာရုံတို့၌ အာရုံပြုသောအားဖြင့် ဖောက်ပြန်သော တုန်လှုပ်ခြင်းရှိသော တစ်ခုသောအာရုံ၌ မတည်သာလျှင်။ ငါးသည် ရေအယဉ် ဟူသောတည်ရာကို မရသောကြောင့် တုန်လှုပ်သကဲ့သို့၊ ဤအတူ ၅ ပါးသော ကာမဂုဏ်တည်းဟူသော တည်ရာတပ်ရာရှိသောစိတ်ကို ထို 'ကာမတရား' တည်းဟူသော တည်ရာတပ်ရာ မဟုတ်၍၊ ဝဋ်တရားကို တည်ခြင်းငှာ 'အနိစ္စ, ဒုက္ခ, အနတ္တ' ဟူသော ဝိပဿနာ၊ ဒွတ္တိသကာယ အစရှိသော ကမ္မဋ္ဌာန်း၌ရဲသော, လုံ့လရှိသောစိတ်၌ ယှဉ်သောလုံ့လဖြင့် ကောင်းစွာပူပန်စေအပ်သော စိတ်သည် တုန်လှုပ်၏။ တည်ခြင်းငှာ မတတ်နိုင်။ ဤသို့ တုန်လှုပ်ခြင်းဖြစ်သော်လည်း ကမ္မဋ္ဌာန်း၌ယှဉ်ခြင်းဦးကို မချမူ၍ ပညာရှိသည် မြားသမားတို့သည် မြားကို ဖြောင့်စွာပြုသကဲ့သို့ ထိုတုန်လှုပ်သောစိတ်ကို ကမ္မဋ္ဌာန်းစီးဖြန်းခြင်းအမှု၌ ဖြောင့်ဖြောင့် ပြု၏" ဤသို့သော အဓိပ္ပာယ်တည်း။

ဤဒေသနာတော်အဆုံး၌ မေယိယထေရ်သည် သောတာပတ္တိဖိုလ်၌ တည်၏။ တစ်ပါးသော တရားနာ ပရိသတ်တို့သည် သောတာပန်, သကဒါဂါမ်, အနာဂါမ် ရဟန္တာဖြစ်ကုန်၏။ ။ ဓမ္မပဒ။

http://www.dhammadownload.com



## ပုဏ္ဏထေရ်အကြောင်းကို ပြခြင်း

အဝါ ၂၀ မြောက်သောနှစ်၌ ရာဇဂြိုဟ်မြို့၌ ရှင်နက် အစာပေးရာဖြစ်သော ဝေဠုဝန်ဥယျာဉ်ကျောင်း၌ ဝါသို့ ကပ်တော်မူ၏။ ထိုရာဇဂြိုဟ်မြို့သည် မဏ္ဍာတ်မင်း, မဟာဂေါဝိန္ဒမင်းတို့သည် သိမ်းဆည်းရာဖြစ်သောကြောင့် 'ရာဇဂဟ' မည်၏။ ထိုမြို့သည် ဘုရား ဖြစ်သောကာလ, စကြဝတေးမင်း ဖြစ်သောကာလ၌သာလျှင် ဖြစ်၏။ ဘုရား, စကြဝတေးမင်း မဖြစ်သောကာလ၌ကား အိမ်ရာ၌ ဘီလူးတို့၏နေရာ ဖြစ်၏။

'ဝေဠုဝန်' ဟူသည်ကား ထိုဥယျာဉ်၏ အမည်တည်း။ ထိုဥယျာဉ်သည် ဝါးပင်တို့ဖြင့် ခြံရံအပ်သည် ဖြစ်၏။ ၁၈ တောင်[1]သော တံခါး, မုခ်, ပစ္ဆိမနှင့် ယှဉ်၏။ ညီသောအရောင်ရှိသည် ဖြစ်၏။ နှလုံးမွေ့လျော်ဖွယ်ရှိ၏။ ထိုကြောင့် 'ဝေဠုဝန်'ဟု တွင်၏။

ဤဥယျာဉ်၌ ရှင်နက်တို့အား အစာကို ပေးကုန်၏။ ရှေးကာလ၌ တစ်ပါးသောမင်းသည်လည်း ဥယျာဉ်ကစားခြင်းငှာ ထိုဥယျာဉ်သို့လာသည် ဖြစ်၍၊ သေယစ်ခြင်းဖြင့် ယစ်သည် ဖြစ်၍၊ ထိုဥယျာဉ်၌ အိပ်ခြင်းသို့ တပ်သည် ဖြစ်၍ အိပ်ပျော်၏။ ထိုမင်း၏ အပါးစေသည်လည်း 'မင်း အိပ်ပျော်သည်'ဟု ပန်း, သစ်သီးတို့ဖြင့် ပျော်ပါးလိုသောကြောင့် ထိုမှဤမှ သွားလေ၏။ ထိုအခါ၌ သေအနံ့ကြောင့် သစ်ပင်မှ မြွေဟောက်သည် ထွက်လတ်၍ မင်းသို့ ရှေးရှုလာ၏။ ရက္ခစိုးနတ်သည် မင်းသို့ ရှေးရှုလာသောမြွေဟောက်ကို မြင်၍၊ 'မင်းအား အသက်ကို ပေးအံ့'ဟု ရှင်နက်အသွင်ဖြင့် လာ၍ မင်း၏နားရင်း၌ အသံကို ပြု၏။ မင်းလည်း နိုး၏။ မြွေဟောက်လည်း ပြန်လေ၏။ ထိုမင်းသည် ထိုပြန်လေသော မြွေဟောက်ကို မြင်၍၊ 'ဤရှင်နက်သည် ငါ့အားအသက်ကို ပေး၏။ ရှင်နက်တို့အား ထိုဥယျာဉ်၌ အစာကို ပေးသတတ်။ ဤဥယျာဉ်၌ ရှင်နက်တို့ကို ဘေးမဲ့ပြုစေကုန်သတည်း'ဟု ဘေးမဲ့ကို ပြုသတတ်။ ထိုကြောင့် ထိုဥယျာဉ်သည် ထိုနေ့မှစ၍ 'ကလန္ဒက နိဝါပ'[2]ဟု တွင်သတည်း။

ထိုဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ 'ဓာတိဘူမိ'အရပ် ဝါဆိုသောရဟန်းတို့သည် ဝါကျွတ်ပြီးသော် မြတ်စွာဘုရားရှိတော်မူရာ ဝေဠုဝန်ကျောင်းသို့လာကုန်၍၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ နေကုန်၏။

['ဓာတိဘူမိ'ဟူသည်ကား ကပိလဝတ်မြို့ကို ဆိုသတည်း။ ကောသလ အစရှိသော မင်းတို့၏အရပ်ကိုလည်း ဓာတိဘူမိ ဟုဆိုအပ်၏။ ဗြဟ္မာ အစရှိသည်တို့၏ ဖြစ်ရာအရပ်ကို လည်းကောင်း၊ သိကြား, အသုရာ, သန္တုသိတ အစရှိသောနတ်တို့၏ ဖြစ်ရာအရပ်ကို လည်းကောင်း 'ဓာတိဘူမိ'ဟု မဆိုအပ်။ အသီတိ မဟာသာဝကတို့၏ ဖြစ်ရာအရပ်ကို လည်းကောင်း 'ဓာတိဘူမိ'ဟု မဆိုအပ်။ ထိုကပိလဝတ်မြို့ကိုသာလျှင် 'ဓာတိဘူမိ'ဟု ဆိုအပ်၏။ ဘုရားလောင်း ပဋိသန္ဓေနေတော်မူသောအခါ၌ ၁ သောင်းသောလောကဓာတ်သည်

၁- ၁ သောင်း ၈ ထောင်  ၂- ရှင်နက်တို့ အစာပေးရာ

http://www.dhammadownload.com



တစ်ပြိုင်နက်သော တံခွန်, ပန်းတိုဖြင့် ပြမ်းသည်ဖြစ်၍၊ ပန်းအပေါင်းထုံအပ်သော, နံ့သာမှုန့် ရှိသော, အလုံးစုံ အသီးပွင့်ရှိသော နန္ဒဝန်ဥယျာဉ်ကဲ့သို့ တင့်တယ်သည်ဖြစ်၍ ကြာဖက်၌ ရေပေါက်ကဲ့သို့ တုန်လှုပ်၏။ ဝမ်းတွင်းကန်း အစရှိသောသူတို့၏ အဆင်းကိုမြင်ခြင်း အစရှိသော ပြာဋိဟာတို့သည် ဖြစ်ကုန်၏။ ထိုဘုရားလောင်း၏ ပဋိသန္ဓေ နေတော်မူရာအရပ်သည် သာကီဝင်မင်းတို့၏ဓနုပုဒ်ဖြစ်သော ကပိလဝတ်တည်း။ ထိုအရပ် 'ဇာတိဘူမိ' ဟု ဆိုအပ်၏။]

ထို့ဇာတိဘူမိမှ လာကုန်သော ရဟန်းတို့ကို မြတ်စွာဘုရားသည်-

"ရဟန်းတို့။ ဇာတိဘူမိ၌ နေကုန်သော, မြတ်သောသီတင်းသုံးဖော် ဖြစ်ကုန်သော ရဟန်းတို့အား အဘယ် ရဟန်းသည် ချီးမြှင့်သနည်း။ မိမိလည်း နည်းသောအလို ရှိ၏။ အလိုနည်းကြောင်း တရားစကားကိုလည်း ရဟန်းတို့အား ပြတတ်၏။ မိမိလည်း မနှီးမနှောခြင်း၏အကြောင်းဖြစ်သော တရားစကားကိုလည်း ရဟန်းတို့အား ပြုတတ်၏။ မိမိလည်း အားထုတ်သောလုံ့လ ရှိ၏။ အားထုတ်သောလုံ့လရှိခြင်း၏အကြောင်းဖြစ်သော တရားစကားကိုလည်း ရဟန်းတို့အား ပြုတတ်၏။ မိမိလည်း တည်ကြည်ခြင်းနှင့် ပြည့်စုံ၏။ တည်ကြည်ခြင်းနှင့် ပြည့်စုံခြင်း၏အကြောင်းဖြစ်သော တရားစကားကိုလည်း ရဟန်းတို့အား ပြုတတ်၏။ မိမိလည်း ပညာနှင့်ပြည့်စုံ၏။ ပညာနှင့်ပြည့်စုံခြင်း၏အကြောင်းဖြစ်သော တရားစကားကိုလည်း ရဟန်းတို့အား ပြုတတ်၏။ မိမိလည်း မဂ်,ဖိုလ်နှင့် ပြည့်စုံ၏။ မဂ်,ဖိုလ်နှင့်ပြည့်စုံခြင်း၏အကြောင်းဖြစ်သော တရားစကားကိုလည်း ရဟန်းတို့အား ပြုတတ်၏။ မိမိလည်း ပစ္စဝေက္ခဏာဉာဏ်နှင့် ပြည့်စုံ၏။ ပစ္စဝေက္ခဏာဉာဏ်နှင့်ပြည့်စုံခြင်း၏အကြောင်းဖြစ်သော တရားစကားကိုလည်း ရဟန်းတို့အား အဆုံးအမကို ပေးတတ်၏။ သိစေတတ်၏။ ကောင်းစွာ ဝိပဿနာကမ္မဋ္ဌာန်းကို ပြုတတ်၏။ ဝိပဿနာကမ္မဋ္ဌာန်း၌ ဆောက်တည်စေတတ်၏။ ကောင်းစွာစိတ်ကို ထက်စေတတ်၏။ ကောင်းစွာ ကမ္မဋ္ဌာန်းလုံ့လနှင့် ယှဉ်စေတတ်၏။ မြတ်သောသီတင်းသုံးဖော် ရဟန်းတို့အား အဘယ်ရဟန်းသည် ချီးမြှင့်သနည်း"

ဤသို့မေးတော်မူ၏။

"ရှင်ပင်ဘုရား။ 'မန္တာနီ' အမည်ရှိသော ပုဏ္ဏော်မ၏သားဖြစ်သော ပုဏ္ဏဏေရ်သည် ဇာတိဘူမိ၌နေကုန်သော, သီတင်းသုံးဖော်ဖြစ်ကုန်သော ရဟန်းတို့အား မိမိသည်လည်း နည်းသောအလိုရှိ၏။ အလိုနည်းခြင်း၏ အကြောင်းဖြစ်သော တရားစကားကိုလည်း ချီးမြှင့်၏။" ဤသို့ အစရှိသည်ဖြင့် မေးတော်မူသောအတိုင်းကို လျှောက်၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအနီး၌ နေတော်မူ၏။ ထိုအခါ၌ အရှင်သာရိပုတ္တရာအား "မန္တာနီပုဏ္ဏော်မ၏ သားဖြစ်သော အရှင်ပုဏ္ဏဏေရ်အား အရတော်စွတကား"

သိကြားလိမ္မာကုန်သော မြတ်သော သီတင်းသုံးဖော်တို့သည် မြတ်စွာဘုရားရှေ့တော်တို့၌ လျှောက်ပတ်သောကျေးဇူးစကားကို လျှောက်ကုန်၏။ ထိုလျှောက်သောစကားကိုလည်း မြတ်စွာဘုရား ဝမ်းမြောက်တော်မူ၏။

'ငါတို့သည်လည်း တစ်ရံတစ်ခါ၌ မန္တာနီပုဏ္ဏော်မ၏သားဖြစ်သော အရှင်ပုဏ္ဏနှင့်တကွ ကောင်းစွာ ပေါင်းဖော်ခြင်းသို့ စင်စစ်ရောက်ကုန်အံ့။ တစ်စုံတစ်ခုသောအကြောင်းရှိသော စကားပြောဟောခြင်းသည်မှ စင်စစ် ဖြစ်ရာ၏'

ဤသို့သော အကြံ ဖြစ်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရာဇဂြိုဟ်ပြည်၌ အလိုတော်အလျောက် နေတော်မူ၏။ အကြင်အရပ်အဖို့၌ သာဝတ္ထိမြို့သည် ရှိ၏။ ထိုအရပ်သို့ ဒေသစာရီသွားတော်မူသည်ရှိသော် သာဝတ္ထိပြည်၌ နေတော်မူ၏။ မူလပဏ္ဏာသ။

http://www.dhammadownload.com



မြတ်စွာဘုရားသည် ဝေဠုဝန်ကျောင်းတော်၌ နေတော်မူသောအခါ မကောင်းသောအပေါင်းအဖော်ကို ပေါင်းဖော်သောရဟန်းကို အကြောင်းပြု၍ မနောဓာတ်[1]ကို ဟောတော်မူ၏။ ထိုဒေသနာတော်အဆုံး၌ ရဟန်းသည် သောတာပတ္တိဖိုလ်၌ တည်၏။ ဤသို့လျှင် အဝါ ၂၀ မြောက်သောနှစ်၌ ဤသို့အစရှိသော များစွာသော ဒေသနာတော်ဖြင့် များစွာသော လူ, နတ်, ဗြဟ္မာတို့အား မဂ်, ဖိုလ်တရားကို ပေးတော်မူ၏။

မြတ်စွာဘုရားသည် ပထမဗောဓိ၌ အဝါ ၂၀ ပတ်လုံး အမြဲနေတော်မူခြင်းဖြင့် နေတော်မမူ။ အကြင် အကြင်အရပ်၌ ချမ်းသာတော်မူသည်၊ တင့်တယ်ခြင်းသည် ဖြစ်၏။ ထိုထိုသောအရပ်သို့ သွား၍ ဝါဆိုတော်မူ၏။ ထိုဝါသည်ကား ဣသိပတနတောဝ်၌ ရှေးဦးစွာသော ဝါကို ဆိုတော်မူ၏။ ၂ ဝါမြောက်, ၃ ဝါမြောက်, ၄ ဝါမြောက်ကား ဝေဠုဝန်ကျောင်းတော်၌ ချမ်းသာတော်မူ၏။ ၅ ဝါမြောက်ကား ဝေသာလီ၌၊ ၆ ဝါမြောက်ကား မကုဋဗပမ္ဗတ၌၊ ၇ ဝါမြောက်ကား တာဝတိံသာ၌၊ ၈ ဝါမြောက်ကား ဘဂ္ဂတိုင်း သဲသုမာရဂိရိ၌၊ ၉ ဝါမြောက်ကား ကောသမ္ဗီ၌၊ ၁၀ ဝါမြောက်ကား ပါလိလေယျကတောအုပ်၌၊ ၁၁ ဝါမြောက်ကား ဒက္ခိဏာဂိရိဇနပုဒ် 'နာဠနာ' အမည်ရှိသော ပုဏ္ဏားရွာ၌၊ ၁၂ ဝါမြောက်ကား စာလိယမြို့၌[2]၊ ၁၃ ဝါမြောက်ကား စာလိယတောင်၌၊ ၁၄ ဝါမြောက်ကား ဇေတဝန်ကျောင်းကြီး၌၊ ၁၅ ဝါမြောက်ကား ကပိလဝတ်မြို့၌ နိဂ္ရောဓရုံ၊ ၁၆ ဝါမြောက်ကား အာဠဝကဘီလူးကို ဆုံးမ၍ အာဠဝီမြို့ကို ဆွမ်းခံအမှီပြု၍ အဂ္ဂဠဝကစေတီ၌၊ ၁၇ ဝါမြောက်ကား ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းကြီး၌၊ ၁၈ ဝါမြောက်ကား, ၁၉ ဝါမြောက်ကား စာလိယမြို့ စာလိယပမ္ဗတ ဝိဟာရ၌၊ အဝါ ၂၀ မြောက်ကား ရာဇဂြိုဟ်မြို့၌ ဝါဆိုတော်မူ၏။ ထိုကြောင့်-

'ဘဂဝါ ဟိ ပဌမဗောဓိယံ ဝိသတိဝဿာနိ အနိဗန္ဓံ ဝါသေတွာ ယတ္ထယတ္ထ ဖာသုကံဟောတိ။ တတ္ထ တတ္ထေဂန္ဆာဝသိ။ ။'ဟု အရှင် အဋ္ဌကထာဆရာတို့ မိန့်တော်မူသည်တည်း။

ထို ပထမဗောဓိ၌ အမြဲ ဝါဆိုတော်မူ၍၊ အလိုတော်အတိုင်း ဝါဆိုတော်မူသောအရပ်တို့တွင် ဆဋ္ဌမမြောက်ဝါ၌ မကုဋဗပမ္ဗတ၌ ဝါဆိုတော်မူသောအခါ ဟောတော်မူသောတရားတော်ကို ရှာသည်ရှိသော်၊ မတွေ့နိုင်သော အကြောင်းမူကား အရှင် မဟာကဿပ, အရှင်အာနန္ဒာတို့တင်သော သင်္ဂီယနာသည် 'ဤတရားကို ဤအရပ်၌ ဤမည်သည်သူကို ဟောတော်မူသည်'ဟု အစသောအခါကို သင်္ဂီယနာတင်ကုန်သည်။ မြတ်စွာဘုရားမူကား 'ဤတရားကို ငါ ဟောမည်။ ဟောလျှင် ဤသူသည် သရဏဂုံ တည်မည်။ ဤသို့သော မဂ်,ဖိုလ်တရားကို ရမည်'ဟု သိတော်မူ၍၊ 'ဟောတော်မူလေပြီးသော တရားတော်ကိုပင် 'ဟောတော်မူသောတရားတော်ကိုမူကား ဤမည်သောသူတို့သည် ဤတရားကို ဟောတော်မူသောအခါ မဂ်,ဖိုလ်တရားကို ရကုန်သည်'ဟူ၍ သင်္ဂီယနာ တစ်ပါး မတင်ပြီ။ ယင်းသို့ဖြစ်သောကြောင့် မကုဋဗပမ္ဗတ၌ ဝါဆိုတော်မူသောအခါ ဟောတော်မူသောတရားသည် ရှေးဟောတော်မူပြီးသောတရားကိုသာ ဟောတော်မူတော့သည်။ အသစ်ဟောတော်မူသော တရား မရှိသောကြောင့် အသီးသင်္ဂီယနာမတင်ဘဲ ရှိတန်တော့သည်။ အဘယ်ကြောင့် သိရမည်နည်း ဟူမူကား တိရောကုဋ္ဋသုတ်ကို ထိုကျွတ်ထိုက်သော ဝေနေယျတို့သို့ လိုက်၍ တလဲလဲဟောတော်မူသည်။ ရတနသုတ်ကိုလည်း ကျွတ်ထိုက်သော

၁- ၅၅၀ ဇာတ်တော်စဉ် ၃၉၇ ရှု။

၂- ဝေရဉ္ဇတိုင်း၏အနီး ကြီးစွာပေါက်သော 'နဠေရု'အမည်ရှိသော ဘီလူးသည် စောင့်ရှောက်အပ်သော တမာပင်ရင်း၌ 'ဒွါဒသမ ဝါ' ဆိုတော်မူသည်။ ဓိနတ္ထပကာသနီ။

http://www.dhammadownload.com



ဝေနေယျတို့သို့ လိုက်၍ ၇ ရက်ပတ်လုံး တလဲလဲဟောတော်မူတော့သည်။ ဟောတော်မူတိုင်းလည်း ၈ သောင်း ၄ ထောင်သောသူတို့သည် မဂ်,ဖိုလ်တရားကို ရကုန်တော့သည်။

တစ်ကြောင်းကို ဆိုဦးအုံ။ ဒကာတို့အိမ်မှာ ဒကာတို့ဆွမ်းကျွေးသောအခါ ဟောတော်မူသော တရားတော်သည် လည်းကောင်း၊ နံနက် ဆွမ်းဘဉ်းပေးတော်မူ၍ဆုံးလျှင် တပည့်တော်ဝတ် ပြု၍၊ ကိုယ်တော်ကို မျှသောင့်ဂ ဂန္ဓကုဋီသို့ဝင်တော်မူသော တံခါးဝတွင် ခြေတော်ကိုဆေးစဉ် ရပ်တော်မူ၍ တပည့်တော်တို့ကို အဆုံးအမ ပေးတော်မူသော တရားတော်သည် လည်းကောင်း၊ 'သုတ်သီလက္ခန်, သုတ်မဟာဝါ, သုတ်ပါထေယျ- ဤဒီဃနိကာယ် ၃ ကျမ်းခန်း လည်းကောင်း၊ မူလပဏ္ဏာသ, မဇ္ဈိမပဏ္ဏာသ, ဥပရိပဏ္ဏာသ- ဤမဇ္ဈိမနိကာယ် ၃ ကျမ်းခန်းသော်လည်းကောင်း ရှိ၏' ဟူ၍ ကျမ်းဆရာတို့ ဆိုတော်မူကုန်၏။

နေ့တိုင်းနေ့တိုင်း ညဉ့်, နေ့မပြတ် ဟောတော်မူသည်။ အထူးထူးသောတရားတော်ပင်ဖြစ်သော် အဘယ်သို့ ရှိတန်ပါတော့မည်နည်း။ ဓမ္မက္ခန္ဓာ ၈ သောင်း ၄ ထောင်မူကား ယခုတိုင်အောင် ရှိတော့သည်။ ကျမ်းဆရာတို့ ဆိုတော်မူသည်။ ယခုသော ကျမ်းများအတိုင်းသော်ကား ၁ ရက် - ၂ ရက် ဟောတော်မူခန့်မျှသာ ရှိတန်ချေတော့သည်။ စာလိယပဗ္ဗတတွင် ၃ ဝါဆိုတော်မူရာ၌ တရားတော်အထူး မတွေ့သည်ကိုလည်း ဤနည်းကိုမှီ၍ သိရာတော့သည်။

'သာဝတ္ထိ၌ ၂၅ နှစ် နေတော်မူ၏' ဟူ၍ 'အနာထပိဏ္ဍိကေနကာရိတေ၊ ဇေတဝနေမဟာဝိဟာရေ၊ ဓကုနဝိသတိသိဿနိဝသီ၊ ဝိသာခါယသတ္တဝီသတိ၊ ကောဋိနေပရိစ္ဆာဂေန၊ ကာရိတေပုဗ္ဗာရာမေဆဝဿာ နိဝါသံဝသိ၊ ဝိသာခါယသတ္တဝီသတိ၊ ကောဋိဓန ပရိစ္ဆာဂေကာရိတေပုဗ္ဗာရာမေဆဝဿာနိဝါသံဝသိ၊ သောဟိဒ္ဓိန္နံကုလာနံ၊ ဝုလဏဟတ္ထတံ ပဋိစ္ဆသာဝတ္ထိယ၊ နိဿယပဋိဝီသတိပဿာနိဝါသံဝသိ။' ဤသို့ ဓမ္မပဒပါဠိ လာ၏။ ထိုပါဠိ၏ အဓိပ္ပာယ်သော်ကား

''အနာထပိဏ်သူဌေးသည်ပြုအပ်သော ဇေတဝန်ကျောင်းကြီး၌ ၁၉ နှစ် နေတော်မူ၏။ ဝိသာခါသည် ၁၇ ကုဋေသောဥစ္စာကို စွန့်ခြင်းဖြင့်ပြုအပ်သော ပုဗ္ဗာရုံကျောင်း၌ ၆ နှစ် နေတော်မူ၏။ ထိုမြတ်စွာဘုရားသည် 'အနာထပိဏ်သူဌေး, ဝိသာခါ' တည်းဟူသော ၂ ပါးသောအမျိုးတို့၏ ကျေးဇူးများသောအဖြစ်ကို အကြောင်းပြု၍၊ သာဝတ္ထိမြို့ကို အမှီပြု၍ ၂၅ ဝါပတ်လုံး နေတော်မူ၏' ဟူလိုသည်။

'ဝဿံပုတ္တော' ဟူ၍ဆိုရာ၌မူကား 'ဝဿံ' သဒ္ဒါသည် ဝါဆိုသော ဝါတွင်း ၃ လကို ဟော၏။ 'ဝဿံသံ မစ္ဆရိန်ပွတ္တိ' ဟုပရိယာယ်လာသောကြောင့် ဝဿသဒ္ဒါသည် နှစ် သာမညကို ဟော၏။ ယင်းသို့ဖြစ်သောကြောင့်သာ 'သာဝတ္ထိပြည်တွင် ၂၅ နှစ် နေတော်မူ၏' ဟူ၍သာ ဆိုသည်။ 'သာဝတ္ထိပြည်တွင် ၂၅ ဝါ ဆိုတော်မူ၏' ဟု ဆိုလိုမည် မထင်။ အဘယ်ကြောင့် သိရမည်နည်း ဟူသော်ကား ဝါဆိုတော်မူသောအရပ်၌ကား 'ပရိနိဗ္ဗာန်ပြုမည့်နှစ်တွင် ဝေဠုဝန်ရွာ၌ ဝါဆိုတော် မူ၏' ဟု ဗုဒ္ဓဝင်ဥဒါန်း မဟာဝဂ္ဂသံယုတ်, သုတ်မဟာဝါ အဋ္ဌကထာ အစရှိသောကျမ်းတို့၌ လာသည်။ ယင်းသို့ဖြစ်သောကြောင့် ပရိနိဗ္ဗာန် မူမည့်နှစ်တွင် ဝေဠုဝန်ရွာ၌ ဝါဆိုတော်မူသောကြောင့် သာဝတ္ထိပြည်တွင် နိဗဒ္ဓဝါသည် ၂၄ ဝါသာ ထင်သည်။ နှစ်သော်ကား ၂၅ နှစ်။ ထိုသာဝတ္ထိပြည်၌ ၂၅ နှစ် နေတော်မူ၍ ဟောတော်မူသောတရားတော်ကား ဒီဃနိကာယ်သည် ၃၄ သုတ်။ လက်ဝဲက်မခံသည်လည်း သာဝတ္ထိတွင် ဟောတော်မူသည်။ မဇ္ဈိမနိကာယ် ၁၂၅ သုတ်။ ယင်းသည် များလည်း အစုံအရသာလျှင်

http://www.dhammadownload.com



သာဝတ္ထိပြည်တွင် မဟော၊ နေတော်မူသည် ဖြစ်တော့သည်။ သံယုတ္တနိကာယ်၌ ၇၇၆၂ သုတ်တို့သည်လည်း အလုံးစုံအရာသာသည် သာဝတ္ထိပြည်၌ ဟောတော်မူသောသုတ် မဟုတ်တော့သည်။ အင်္ဂုတ္တရ နိကာယ်၌ ၉၅၅၇ သုတ်တို့သည်လည်း သာဝတ္ထိပြည်၌ ဟောတော်မူသောသုတ်သာလျှင် များတော့သည်။

ဤသို့ဆိုအပ်သော နိကာယ် ၄ ပါးကို ထား၍ ကြွင်းသော မြတ်စွာဘုရားတရားတော်သည် ခုဒ္ဒကနိကာယ် မည်၏။ ထိုခုဒ္ဒကနိကာယ်၌ အဘိဓမ္မာ ၇ ကျမ်းသည်ကား တာဝတိံသာ၌ ဟောတော်မူ၏။ ဝိနည်း ၅ ကျမ်းကို ပညတ်တော်မူသည်ကား ၇ မျိုး။ ၇ မျိုးတွင်လည်း သာဝတ္ထိ, ရာဇဂြိုဟ်တွင်သာ များသည်။ ဤသို့လျှင် သာဝတ္ထိမြို့၌ ဟောတော်မူသောတရားတော်သည် အလွန်များလှသည်။

http://www.dhammadownload.com



## အဇာတသတ္တုမင်းနှင့် ဝဇ္ဇီမင်းတို့အကြောင်းကို ပြခြင်း

လောက ၃ ပါး၌ ကိုးကွယ်ရာဖြစ်တော်မူသော, အတုမရှိသောမြတ်စွာဘုရားသည် လောက ၃ ပါးအား ချမ်းသာကို ပေးတော်မူသည်ဖြစ်၍၊ ဗောဓိမဏ္ဍိုင်၌ မာရ်နတ်သားကို အောင်မြင်တော်မူ၍၊ ဒီပင်္ကရာမြတ်စွာဘုရား ခြေတော်ရင်း၌ ဗျာဒိတ်ရတော်မူသည်မှ စ၍၊ ၂ ကျိပ် ၄ ဆူသောဘုရားတို့၌ ဒါနပါရမီကို အစပြု၍၊ ၃၀ သောပါရမီကို ဖြည့်တော်မူ၍၊ တောင်းတော်မူသောဘုရားဆုသည် ပြည့်သည်ဖြစ်၍၊ သဗ္ဗညုဘုရားဖြစ်သို့ ရောက်တော်မူသည် ဖြစ်၍၊ ကိလေသမာရ်ကို အောင်တော်မူသည်မှစ၍၊ ၄၄ ဝါ - သက်တော် ၇၉ နှစ် မြောက်သောအခါ၌ သာဝတ္ထိမြို့မှသည် ရာဇဂြိုဟ်မြို့သို့ ဒေသစာရီ သွားတော်မူ၍ ရာဇဂြိုဟ်မြို့ ဂိဇ္ဈကူဋ်တောင်၌ နေတော်မူ၏။

ထိုသို့နေတော်မူသောအခါ၌ ဝေဒေဟိမိဖုရား၏သားဖြစ်သော အဇာတသတ္တုမင်းသည် ဝဇ္ဇီမင်းတို့ကို နှိပ်စက်ခြင်းငှာ အလိုရှိ၏။ အဇာတသတ္တုမင်းသည် "ဤသို့ ကြီးသောတန်ခိုးရှိကုန်သော ဝဇ္ဇီမင်းတို့ကို ဖျက်ဆီးအံ့။ ဖျက်စီးခြင်းသို့ ရောက်စေအံ့" ဟု ဆို၏။ ထိုအခါ အဇာတသတ္တုမင်းသည် 'ဝဿကာရ'အမည်ရှိသောအမတ်ကြီး ပုဏ္ဏားကို ခေါ်၍၊ "ပုဏ္ဏား။ မြတ်စွာဘုရားသို့ ကပ်၍၊ ငါ့စကားဖြင့် မြတ်စွာဘုရားခြေတော်ကို ဦးဖြင့် ရှိခိုးလော့။ မြတ်စွာဘုရား ချမ်းသာတော်မူသည်၏အဖြစ်ကိုလည်း မေးလော့။ 'အဇာတသတ္တုမင်းသည် မြတ်စွာဘုရားခြေတော်ကို ဦးဖြင့်ရှိခိုး၍၊ မြတ်စွာဘုရား ချမ်းသာတော်မူသောအဖြစ်ကိုလည်း မေး၏' ဟုလျှောက်ချေ။ အဇာတသတ္တုမင်းသည် ဝဇ္ဇီမင်းတို့ကိုစစ်ထိုးခြင်းငှာ အလိုရှိသည်ဖြစ်၍၊ ငါသည် ဤသို့ ကြီးသောတန်ခိုးရှိကုန်သော, ကြီးသောအာနုဘော် ရှိကုန်သော ဝဇ္ဇီမင်းတို့ကို ဖျက်ဆီးအံ့။ ဖျက်ဆီးခြင်းသို့ ရောက်စေအံ့" ဟုဆို၏။

"ပုဏ္ဏား။ လျှောက်ချေ။ ပုဏ္ဏား။ မြတ်စွာဘုရား မိန့်တော်မူတိုင်းကိုလည်း ကောင်းစွာမှတ်ခဲ့၍ ငါ့အား လျှောက်လှည့်။ မြတ်စွာဘုရားတို့သည် ချွတ်ယွင်းသောစကားကို မိန့်တော်မမူကုန်" ဟု စေတော်မူ၏။

အဇာတသတ္တုမင်းသည် နေခြင်း, အိပ်ခြင်း အစရှိသည်တို့၌ 'ဤသို့သဘောရှိသော စစ်ထိုးခြင်းစကားကို အစီအရင်သွားအံ့သောငှာ အစီအရင်ကိုပြုကုန်လော့' ဟု ဗိုလ်ပါအပေါင်းကို စေ၏။ အဘယ်ကြောင့် ထိုမင်း၏ စစ်ထိုးခြင်းအစီအရင်သည် ဖြစ်သနည်းဟူမူကား ဂင်္ဂါ၏အနီး၌ လှည်းကုန်သည်တို့၏ကျရာဖြစ်သော ရွာတစ်ရွာကို အမှီပြု၍၊ ယူဇနာခွဲအရပ်သည် အဇာတသတ္တုမင်း၏အာဏာတည်ရာ ဝိုင်းသောအရပ်တည်း။ ယူဇနာခွဲအရပ်သည် လိစ္ဆဝီမင်းတို့ အာဏာတည်ရာ ဝိုင်းသောအရပ်တည်း။

ထို ၂ ပါးသော တိုင်းစပ်အရပ်၌ တောင်ခြေရင်းမှ အဖိုးကြီးသောဘဏ္ဍာသည် ကျလာ၏။ ထိုသို့အကြောင်းကို ကြား၍၊ 'ယနေ့သွားအံ့။ နက်ဖြန်သွားအံ့' ဟု အဇာတသတ္တုစီရင်စဉ်၊ လိစ္ဆဝီမင်းတို့သည် အညီအညွတ် ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်၏။ ရှေးဦးသွား၍ အလုံးစုံသောဘဏ္ဍာကို ယူကုန်၏။ အဇာတသတ္တုမင်းလည်း နောက်မှာလာ၍၊ ထိုအကြောင်းကိုသိ၍၊ အမျက်ထွက်၍ ပြန်ခဲ့၏။ ထိုလိစ္ဆဝီမင်းတို့သည် တစ်ဖန်လည်း, ၁ နှစ်လည်း ထိုအတူသာလျှင် ပြုကုန်၏။

အဇာတသတ္တုမင်းသည် ပြင်းစွာအမျက်ထွက်သည် ဖြစ်၍၊ ထိုနှစ်၌ ဤသို့ စစ်ထိုးအံ့သောငှာ အစီအရင်ကို ပြု၏။ ထိုနောင်မှ

http://www.dhammadownload.com



'မင်းအပေါင်းနှင့် တကွစစ်ထိုးခြင်း မည်သည် လေး၏။ ထို စစ်ထိုးခြင်းမည်သည် ဘေးမရှိသည် မရှိ။ တစ်ယောက်သောပညာရှိနှင့် တကွတိုင်ပင်၍ ပြုသည်ရှိသော်၊ အပြစ်,အမှား ကင်းသည် မဟုတ်တုံလော။ မြတ်စွာဘုရားနှင့် တူသော ပညာရှိသည်လည်း မရှိသည် မဟုတ်တုံလော။ မြတ်စွာဘုရားသည်လည်း ငါ၏အနီး၌ အမြဲကျောင်း၌ နေတော်မူသည် မဟုတ်တုံလော။ ယခုအခါ၌ ငါသည် မြတ်စွာဘုရားသို့ တမန်စေ၍ လျှောက်စေအံ့။ ငါ့အား ထိုဝန္ဒိမင်းတို့သည် သွားခြင်း တစ်စုံတစ်ခုအကျိုး အကယ်၍ ဖြစ်အံ့။ မြတ်စွာဘုရားသည် ဆိတ်ဆိတ် နေတော်မူလတ္တံ့။ အကျိုး မရှိသည်ရှိသော် 'မင်းအား ထိုဝန္ဒိတိုင်းသို့ သွားခြင်းဖြင့် အာယ်အကျိုးရှိအံ့နည်း'ဟု မိန့်တော်မူလတ္တံ့' ဤသို့လျှင် မင်း၏အကြံသည် ဖြစ်၏။

ထိုကြောင့် ဝဿကာရပုဏ္ဏားကို မြတ်စွာဘုရားသို့ စေသတည်း။

ဝဿကာရပုဏ္ဏားလည်း မြတ်စွာဘုရားအား ထိုမင်း မိန့်တော်မူကြောင်းကို လျှောက်၏။ ထို့ကြောင့် 'အထခေါရာဇ။ ပ။ အာပါဒေဿာမိဝန္ဒိ' ဟု သင်္ဂီယနာဆရာတို့ ဆိုတော်မူသတည်း။

ထိုအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရားနောက်တော်၌ မြတ်စွာဘုရားအား အပူ,အချမ်းမရှိသော်လည်း ဝတ်၌ တည်၍၊ မြတ်စွာဘုရားကို ယပ်တော်ခတ်၍ နေ၏။ ထိုအခါ၌ မြတ်စွာဘုရားလည်း အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ ပုဏ္ဏားလျှောက်သောစကားကို ကြားတော်မူ၍၊ ထိုပုဏ္ဏားနှင့် တကွမိန့်တော် မမူ။

အရှင်အာနန္ဒာနှင့် ပြောဟောတော်မူလိုသည် ဖြစ်၍၊ 'ကို တိတေအာနန္ဒသုတံ' ဤသို့ အစရှိသည်ကို မိန့်တော်မူ၏။ ထိုပါဠိ၏ အဓိပ္ပာယ်ကား

''အာနန္ဒာ။ ဝဇ္ဇီမင်းတို့သည် မပြတ်စည်းဝေးကုန်၏။ စည်းဝေးခြင်း များကုန်၏။ ဤသို့ အာနန္ဒာ ကြား၏လော'' ဟု မေးတော်မူ၏။ ''ရှင်ပင်ဘုရား။ ဝဇ္ဇီမင်းတို့သည် တစ်နေ့ ၃ ကြိမ် စည်းဝေးခြင်း ရှိကုန်၏။ အကြားအကြား၌ မပြတ်စည်းဝေးခြင်း များကုန်၏ဟု အကျွန်ုပ်ကြား၏''ဟု လျှောက်၏။

''အာနန္ဒာ။ အကြင်မျှလောက်သော အပိုင်းအခြားအားဖြင့် ဝဇ္ဇီမင်းတို့သည် မပြတ် စည်းဝေးကုန်သည် ဖြစ်ကုန်အံ့။ စည်းဝေးခြင်းများသည် ဖြစ်လေကုန်အံ့။ အာနန္ဒာ။ ဝဇ္ဇီမင်းတို့၏ အစီးအပွားကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်''ဟု မိန့်တော်မူ၏။

ဤမှတစ်ပါး 'ကိန္တိတေအာနန္ဒ' အစရှိသည်ဖြင့် ဝဇ္ဇီမင်းတို့၏ ညီညွတ်ခြင်း အစရှိသောအကြောင်းကို မေးတော်မူ၍၊ 'သမဂ္ဂါဝဇ္ဇီ ကရဏီယာ' အစရှိသည်ဖြင့် အရှင်အာနန္ဒာ မေးတော်မူတိုင်းကို ဖြေ၍ လျှောက်၏။

ထိုအရှင်အာနန္ဒာ လျှောက်သောအခါ၌ မြတ်စွာဘုရားသည် 'ဝဇ္ဇီယေဝအာနန္ဒာ ဝဇ္ဇီနံပါဋိကခံဒါပဋိဟာနိ' ဟုမိန့်တော်မူ၏။

''အာနန္ဒာ။ ဝဇ္ဇီမင်းတို့အား အစီးအပွားကိုသာလျှင် လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်''

ဤသို့မိန့်တော်မူ၍ အရှင်အာနန္ဒာနှင့် တကွပြောဟောတော်မူ၏။

ထိုအခါ 'ဝဿကာရ'အမည်ရှိသော အမတ်ကြီးပုဏ္ဏားကို ခေါ်တော်မူ၍၊

'စကမိဟံဗြဟ္မဏ သမယံ၊ ဝေသာလိယံဝိဟရာမိ။

သာနန္ဒရေစေတိယေ၊ တတြာ၊ ယံဝဇ္ဇီနံ ဣမေသဒ္ဓါပရိဟာနိ ယာနိ ယေ ဓမ္မေဒေသေမိ။

ယာဝကီဝဉ္စဗြဟ္မဏ၊ မေသဒ္ဓါအပရိဟာနိယာ ဓမ္မာ။

ဝဇ္ဇီသုတဝ သန္တီ၊ ဣမေသု သဒ္ဓါသု အပရိဟာနိ ယေသုဓမ္မေသု။

ဝဇ္ဇီသန္တီဝသဿန္တီ၊ ဗုဒ္ဓိယေဝဗြဟ္မဏဝဇ္ဇီ နံပါဋိကခံဒါ နောပရိဟာနိ။ ။' ဟူသော ဤတရားကို

http://www.dhammadownload.com



မြတ်စွာဘုရားသည် ရှေးဌ ဝဇ္ဇီမင်းတို့အား ဤသို့သဘောရှိသော ဝဇ္ဇီမင်းတို့၏အကျင့်တည်း ဟူသောဥစ္စာကို ပြီးတော် မူခြင်းငှာ မိန့်တော်မူ၏။ ထိုပါဠိ၏ အဓိပ္ပာယ်ကား-

"ပုဏ္ဏား။ ငါသည် အခါတစ်ပါးဌ ဝေသာလီမြို့၌ သာနန္ဒရစေတိယကျောင်း၌ နေတော်မူ၏။ 'သာနန္ဒရစေတိယ'ဟူသည်ကား ဘုရား မဖြစ်တော်မူမီ သောအခါ၌ ထို သာနန္ဒရစေတိယကျောင်း၌ 'သာနန္ဒရ'အမည်ရှိသော ဘီလူးအား ပူဇော်သက္ကာရအရပ်သည် 'စေတိယ'မည်၏။ ထိုအရပ်၌ မြတ်စွာဘုရားအား ကျောင်းကို ပြုကုန်၏။ ထိုကျောင်းသည် သာနန္ဒရဘီလူးအား အရိုအသေပြုရာအရပ်၌ ပြုသည်၏အဖြစ်ကြောင့် 'သာနန္ဒရစေတိယ'ဟု တွင်သတည်း။ ထို သာနန္ဒရစေတိယကျောင်း၌ ဝဇ္ဇီမင်းသားတို့အား ဤ ၇ ပါးသော အပရိဟာနိယဓမ္မတို့ကို ငါ ဟောတော်မူ၏။ ပုဏ္ဏား။ ၇ ပါးသော အပရိဟာနိယဓမ္မတို့သည် ဝဇ္ဇီမင်းတို့အား အကြင်ကာလပတ်လုံး တည်ကုန်လတ္တံ့။ ဤသို့သဘောရှိသော ၇ ပါးသော အပရိဟာနိယဓမ္မတို့၌ ဝဇ္ဇီတိုင်းမင်းတို့သည် အကြင် ရွေ့လောက် တည်လတ်ကုန်အံ့။ ထိုရွေ့လောက် ဝဇ္ဇီမင်းတို့အား ပွားခြင်းကိုသာ လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်" ဤသို့သော အဓိပ္ပာယ်တည်း။

ဤသို့ မြတ်စွာဘုရား မိန့်တော်မူသည်ရှိသော် ဝဿကာရအမတ်ကြီးသည် "ရှင်ဂေါတမ။ တစ်ခု-တစ်ခုသော အပရိဟာနိယဓမ္မနှင့် ပြည့်စုံကုန်သော ဝဇ္ဇီမင်းတို့အား ပွားခြင်းကိုသာလျှင် လိုအပ်၏။ ယုတ်ခြင်းကို မလိုအပ်၏။ ရှင်ဂေါတမ။ ၇ ပါးသော အပရိဟာနိယဓမ္မတို့နှင့် ပြည့်စုံကုန်သော ဝဇ္ဇီမင်းတို့အား စီးပွားခြင်းကို လိုခြင်းသည် အဘယ်ဆိုဖွယ်ရှိအံ့နည်း။ အရှင်ဂေါတမ။ ဤဝဇ္ဇီမင်းတို့ကို လှည့်ပတ်ဖြားယောင်းခြင်းကို ကြဉ်၍၊ အညီအညွတ်ပျက်ခြင်းကို ကြဉ်၍၊ အဇာတသတ္တုမင်းသည် စစ်ထိုးခြင်းဖြင့်ယူခြင်းငှာ မတတ်နိုင်။ ရှင်ဂေါတမ။ ယခု ကျွန်ုပ်တို့သည် ပြားသောကိစ္စ ရှိကုန်၏။ သွားကုန်အံ့"ဟု မြတ်စွာဘုရားကို လျှောက်ကုန်၏။

မြတ်စွာဘုရားလည်း "ပုဏ္ဏား။ သင် သွားအံ့သောအခါကို သိလော့" ဟု မိန့်တော်မူ၏။

ထိုအခါ မဂဓရာဇ်တိုင်း၌ အမတ်ကြီးဖြစ်သော ဝဿကာရပုဏ္ဏားသည် မြတ်စွာဘုရားမိန့်တော်မူသော စကားကို အလွန်ဝမ်းမြောက်၍၊ နေရာမှ ထ၍ သွား၏။

မြတ်စွာဘုရားလည်း ပုဏ္ဏားသွား၍ မမြင်မီ၊ ရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ "အာနန္ဒာ။ သွားချေ။ အကြင်မျှလောက်ရဟန်းတို့သည် ရာဇဂြိုဟ်မြို့ကို ဆွမ်းခံအမှီပြု၍ နေကုန်၏။ ထိုရဟန်းတို့ကို တရားဇရပ်၌ စည်းဝေးစေလော့" ဟုမိန့်တော်မူ၏။ "ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ" ဟု ဝန်ခံ၏။

အရှင်အာနန္ဒာသည် အကြင်မျှလောက်သော ရဟန်းတို့သည် ရာဇဂြိုဟ်မြို့ကို ဆွမ်းခံအမှီပြု၍ နေကုန်၏။ ထိုမျှလောက်သောရဟန်းတို့ကို တရားဇရပ်၌ စည်းဝေးစေ၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ရှိခိုး၍၊ "ရှင်ပင်ဘုရား။ ရဟန်းအပေါင်းသည် စည်းဝေးစေကုန်ပြီ။ ဘုန်းတော်ကြီးသော ရှင်ပင်ဘုရားသည် ထိုစည်းဝေးရာအရပ်သို့ သွားတော်မူအံ့သောအခါကို သိတော်မူလော" ဟု လျှောက်၏။

ထိုအခါ မြတ်စွာဘုရားလည်း နေရာမှ ထတော်မူ၍၊ တရားဇရပ်သို့ ကပ်တော်မူ၍ ခင်းအပ်သော ဘုရား နေရာ၌ နေတော်မူ၏။ နေတော်မူပြီးသော မြတ်စွာဘုရားသည်

'အထ ခေါဘိက္ခဝေ အပရိဟာနိယေ ဓမ္မေ ဒေသိဿာမိ တံ သုနာထ။ သာဓုကံ မနသီကရောထ ဘာသိဿာမိ' ဟုမိန့်တော်မူ၏။ အဓိပ္ပာယ်ကား-

http://www.dhammadownload.com



"ရဟန်းတို့။ အစီးအပွားဏ၏အကြောင်းဖြစ်သော ၇ ပါးသောတရားတို့ကို ငါဟောအံ့။ ထို စီးပွားခြင်းဏ၏ အကြောင်းဖြစ်သော တရားကို သင်တို့ ကောင်းစွာနာကုန်။ ကောင်းစွာ နှလုံးထားကုန်။ လအထောင်, နေအထောင် ထွန်းပသကဲ့သို့၊ ၄ ခုသောနံရံရှိသော အိမ်၌ ဆီမီးအထောင်ကို ထွန်းသကဲ့သို့ ထင်ရှားပြု၍ ဟောအံ့။" ဤသို့သော အဓိပ္ပာယ်တည်း။

ရဟန်းတို့လည်း "သံတော်ဦးတင်ပြီ"ဟု မြတ်စွာဘုရားအား ဝန်ခံကုန်၏။

မြတ်စွာဘုရားလည်း 'ယာဝကီ ဝဉ္စဘိက္ခူ သန္နိပါတာ ဗဟုလာဘာ ဘဝိဿန္တိ၊ ဝုဗ္ဗောယေဝဘိက္ခဝေ။ ဘိက္ခူနံပါဋိကင်္ခါနော ပါရိဟာနိ။'

ဤသို့အစရှိသော ၇ ပါးသော အပရိဟာနိယဓမ္မက စ၍ များစွာသောအပရိဟာနိယမ္မတို့ကို ဟောတော်မူ၏။

ထိုရာဇဂြိုဟ်မြို့၌ ဂိဇ္ဈကူဋ်တောင်၌ နေတော်မူသည်ဖြစ်၍ ရဟန်းတို့အား 'ဤမျှသည်ကား စတုပါရိသုဒ္ဓိသီလ။ ဤမျှသည်ကား စိတ်၏တည်ကြည်ခြင်းတည်းဟူသော သမာဓိ။ ဤမျှသည်ကား ဝိပဿနာ ပညာတည်း။ သီလ၌ မဂ်, ဖိုလ်သမာဓိကို အကြင်ပညာရှိတို့သည် ဖြစ်စေကုန်၏။ သီလဖြင့် ပွားစေအပ်သော 'မဂ်, ဖိုလ်'တည်းဟူသော သမာဓိသည် များသောအကျိုးသည် ဖြစ်၏။ သမာဓိဖြင့်ပွားစေအပ်သော ပညာသည် များသောအကျိုးရှိသည် ဖြစ်၏။ ပညာဖြင့်ပွားစေအပ်သောစိတ်သည် ကောင်းစွာ ကာမာသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝမှ လွတ်၏" ဟု ဤသို့သဘောရှိသော တရားနှင့်ယှဉ်သောစကားကို မိန့်တော်မူ၏။

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့၌ အလိုတော်အလျောက် နေတော်မူ၍၊ အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ "အမွှလိဒ္ဓိကာသို့ ငါတို့ သွားကုန်အံ့"ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားအား ဝန်ခံ၏။ ထိုအခါ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းနှင့် တကွသွားတော်မူ၍ ထိုအမွှလဒ္ဓိကာ၌၊ မင်းကွန်း၌ နေတော်မူ၏။

ထို အမွှလဒ္ဓိကာမင်းကွန်း၌ နေတော်မူသည်ဖြစ်၍ ရဟန်းတို့အား ဤမျှသည်ကား စတုပါရိသုဒ္ဓိ သီလ, သမာဓိ, ပညာ အစရှိသောအားဖြင့် ရှေးနည်းဖြင့်သာလျှင် တရားနှင့်ယှဉ်သော၊ ထိုသို့သဘောရှိသောစကားကို မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ထိုအမွှလဒ္ဓိမင်းကွန်း၌ အလိုတော်အလျောက် နေတော်မူ၍၊ "အာနန္ဒာ။ နာဠန္ဒမြို့သို့ သွားကုန်အံ့"ဟုခေါ်၍ မိန့်တော်မူ၏။ အရှင်အာနန္ဒာသည်လည်း မြတ်စွာဘုရားအား ဝန်ခံ၏။ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းနှင့်တကွ ကြွတော်မူ၍၊ နာဠန္ဒမြို့၌ ပါဝါရိကသူဋ္ဌေး၏ သရက်ဥယျာဉ်တော်၌ နေတော်မူ၏။

ထိုအခါ၌ အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားသို့ ကပ်၍၊ ရိုသေစွာ ရှိခိုး၍ တင့်အပ်စွာနေပြီးသော်၊ "ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် တစ်ပါးသော ရဟန်းသည် လည်းကောင်း, ပုဏ္ဏားသည် လည်းကောင်း, အကြင်သဗ္ဗညုတဉာဏ်၌ လွန်သောသူသည် လည်းကောင်း, လွန်မြတ်သောသူသည် လည်းကောင်း မဖြစ်ဖူးသေး။ မဖြစ်ဖူးလတ္တံ့။ ယခုလည်း မရှိ။ ဤသို့ အကျွန်ုပ်သည် ရှင်ပင်ဘုရား၌ ကြည်၏"ဟု ဤသို့ လျှောက်၏။

ထိုအခါ မြတ်စွာဘုရားလည်း "ဤသို့သဘောရှိသော စကားကို ဤသာရိပုတ္တရာ ဆို၏။ မြတ်သော ခြင်္သေ့သံကဲ့သို့သော အသံကို ဆို၏"ဟု "သာရိပုတ္တရာ။ လွန်ပြီးသောအခါ၌ အကြင်မြတ်စွာဘုရားတို့သည် ဖြစ်ကုန်၏။ ပြီးသော အလုံးစုံသောဘုရားတို့ကို သာရိပုတ္တရာစိတ်ဖြင့် ထိုဘုရားတို့စိတ်ကို အားပြု၍ သိအပ်ကုန်

http://www.dhammadownload.com



သလော။ ဤသို့သောအပြားဖြင့် ထိုမြတ်စွာဘုရားတို့သည် ဤသို့ သဘောသိလ ရှိကုန်ပြီ။ ဤသို့သောအားဖြင့်လည်း ဤသို့သဘော ရှိကုန်သည်။ ဤသို့သော ၉ ပါးသော အနုပုဗ္ဗဝိဟာရ*ဖြင့် နေတော်မူကုန်သည်။ ဤသို့ မြတ်စွာဘုရားတို့သည် မဂ်,ဖိုလ်ရှိသည် ဖြစ်ကုန်ပြီ။ ဤသို့ သာရိပုတ္တရာသည် ထိုဘုရားတို့၏စိတ်တော်ကို သိအပ်ကုန်သလော''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ ထိုသို့သောသိခြင်း အကျွန်ုပ်အား မရှိ။'' ဤသို့လျှောက်၏။

''သာရိပုတ္တရာ။ သေလတ္တံ့သောအခါ၌ ပစ္ဆည်း ၄ ပါးကိုလိုက်တော်မူကုန်သော အကြင်မြတ်စွာဘုရားတို့သည် ဖြစ်လာကုန်အံ့။ ထို လာလတ္တံ့သောဘုရားတို့သည် ဤသို့သောအပြားဖြင့် ဤသို့သော သီလ ရှိကုန်၏။ ဤသို့သောအပြားဖြင့် ထိုဘုရားတို့သည် ဤသို့သော ဓမ္မ, ဤသို့သော ပညာ, ဤသို့သော အနုပုဗ္ဗဝိဟာရ ရှိကုန်သည်။ ဤသို့သော မဂ်,ဖိုလ် ရှိတော်မူကုန်, ဖြစ်လာကုန်အံ့။ ဤသို့အလုံးစုံသော လာလတ္တံ့သောဘုရားတို့ကို သာရိပုတ္တရာစိတ်ဖြင့် ထိုဘုရားတို့စိတ်ကို အာရုံပြု၍ သိအပ်ကုန်သလော''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ ထိုသို့သိခြင်းသည် အကျွန်ုပ်အား မရှိ''ဟု လျှောက်၏။

''ယခုအခါ၌လည်း ဤသို့ သိအပ်သလော''ဟု မေးတော်မူ၏။

''ရှင်ပင်ဘုရား။ ထိုသို့သိခြင်းလည်း အကျွန်ုပ်အား မရှိ''ဟု အရှင်သာရိပုတ္တရာ လျှောက်၏။

''သာရိပုတ္တရာ။ လွန်လေပြီးသောဘုရား၊ လာလတ္တံ့သော, ပစ္စုပ္ပန်ဖြစ်သော ဘုရားတို့၌ သာရိပုတ္တရာအား စေတောပရိယဉာဏ်သည် မရှိလျက်၊ 'ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားမှ တစ်ပါးသောရဟန်းသည် လည်းကောင်း, ပုဏ္ဏားသည် လည်းကောင်း, အကြင်သမ္မာသမ္ဗုဒ္ဓဉာဏ်၌ လွန်သောသူသည် လည်းကောင်း, လွန်မြတ်သောသူသည် လည်းကောင်း မဖြစ်ဖူးလေ။ မဖြစ်လတ္တံ့။ ယခုလည်း မရှိ။ ဤသို့ အကျွန်ုပ်သည် ရှင်ပင်ဘုရား၌ ကြည်၏' ဤသို့သော မြတ်သောစကားကို အဘယ်ကြောင့် ဆိုသနည်း။ လွန်ကဲခြင်းကို အဘယ်ကြောင့် ယူသနည်း'' ဤသို့ မိန့်တော်မူ၏။

''ခြသေ့သံကဲ့သို့သော စကားကို အဘယ့်ကြောင့် ဆိုသနည်း'' ဤသို့ မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ အကျွန်ုပ်အား လွန်လေပြီးသောဘုရား, လာလတ္တံ့သောဘုရား, ပစ္စုပ္ပန်ဖြစ်သောဘုရားတို့၌ စေတောပရိယဉာဏ်သည် မရှိ။ စင်စစ်သော်ကား မြတ်စွာဘုရားနည်းတော်သို့ အစဉ်လိုက်သောအားဖြင့် နည်းကို အကျွန်ုပ် ဆိုအပ်၏။ ရှင်ပင်ဘုရား။ ဥပမာ မည်သည်ကား မင်း၏ပစ္စန္တရာဇ်မြို့သည် မြဲမြံသောတံတိုင်း, တုရိဏ်တိုင်, တစ်ခုသောတံခါး ရှိ၏။ ထိုမြို့၌ တံခါးစောင့်သည် ပညာရှိ၏။ လိမ္မာ၏။ တခံဏုပ္ပတ္တိဉာဏ်နှင့် ပြည့်စုံ၏။ မသိသောသူတို့ကို မြစ်၏။ သိသောသူတို့ကို ဝင်စေ၏။ ထိုတံခါးစောင့်သည် ထိုမြို့၏ထက်ဝန်းကျင် လည်းကောင်း၊ အားဖြင့်ကြောက်ရုံအရပ်ကို လည်းကောင်း မမြင်ရာ။ ထိုတံခါးစောင့်သည် 'အကြင်သို့ သဘောရှိကုန်သော၊ ရုန့်ရင်းသောသဘော ရှိကုန်သော သတ္တဝါတို့သည် ဤမြို့သို့ ဝင်မူလည်း ဝင်ကုန်၏။ ထွက်မူလည်း ထွက်ကုန်၏။' ဤသို့သောသိခြင်းသည် ဖြစ်၏။ ဤသို့သော ဥပမာတည်း။ ရှင်ပင်ဘုရား။ ဤအတူလည်းကောင်း အကျွန်ုပ်သည် မြတ်စွာဘုရားနည်းကို ယူသောအားဖြင့် နည်းကို သိ၏။

''ရှင်ပင်ဘုရား။ လွန်လေပြီးသောအခါ၌ အကြင်မြတ်စွာဘုရားတို့သည် ဖြစ်ကုန်ပြီ။ အလုံးစုံသော ထိုမြတ်စွာဘုရားတို့သည် စိတ်ကို ညစ်ညူးစေတတ်ကုန်သော, ပညာပွားခြင်းကို ပြုတတ်ကုန်သော, ၅ ပါးသော

* အစဉ်အတိုင်းဝင်စား၍ နေအပ်သောတရား

http://www.dhammadownload.com



နိဝရဏတို့ကို ပယ်၍၊ ၄ ပါးသော သတိပဋ္ဌာန်တို့၌ ကောင်းစွာထားသောစိတ် ရှိတော်မူကုန်သည် ဖြစ်၍၊ ၇ ပါးသောဗောဇ္ဈင်တို့ကို အကြင်အကြင်သဘောအလျောက် ပွားစေ၍၊ အကယ်မရှိသော အရဟတ္တဖိုလ်ကို သမ္မဉ္ဇတဉာဏ်အထူးအားဖြင့် သိတော်မူကုန်၏။

"ရှင်ပင်ဘုရား။ လာလတ္တံ့သောမြတ်စွာဘုရားလည်း ထိုသို့သောနည်းဖြင့်သာ သိတော်မူကုန်လတ္တံ့။ ရှင်ပင်ဘုရား။ ယခုအခါ၌ ပစ္စုပ္ပန် ၄ ပါးတို့ကို ထိုက်တော်မူသော, 'အရဟ'မည်တော်မူသော မြတ်စွာဘုရားသည် စိတ်ကို ညစ်ညူးစေတတ်သော, ပညာ၏ပွားခြင်းကို မပြုတတ်ကုန်သော ၅ ပါးသောနိဝရဏတို့ကို ပယ်၍၊ ၄ ပါးသောသတိပဋ္ဌာန်တို့၌ ထားသောစိတ် ရှိတော်မူသည်ဖြစ်၍၊ ၇ ပါးသောဗောဇ္ဈင်တို့ကို အကြင် အကြင်သဘော အားဖြင့် လျောက်ပတ်စွာ ပွားစေ၏။ အကယ်မရှိသော အရဟတ္တဖိုလ်ကို သမ္မဉ္ဇတဉာဏ်အထူးဖြင့် သိတော်မူ၏။ ဤသို့ မြတ်စွာဘုရား၏ပစ္စက္ခဖြစ်သော ဓမ္မနည်းကို သိသောအားဖြင့် နည်းကို ဆိုသတည်း"ဟု ရှင်သာရိပုတ္တရာ လျှောက်၏။

မြတ်စွာဘုရားသည် နာဠန္ဒမြို့၌ ပါဝါရိကသူဌေး၏ဥယျာဉ်၌ နေတော်မူသည်ဖြစ်၍၊ "ဤသို့သော သီလ, ဤသို့သောသမာဓိ, ဤသို့သော ပညာ။။။ သီလ၌တည်၍ ပွားစေအပ်သောသမာဓိသည် 'မဂ်,ဖိုလ်'တည်း ဟူသော အကျိုးရှိ၏၊ ဝဋ်ဒုက္ခငြိမ်းခြင်းဖြင့် ကြီးစွာသောအကျိုးဆက် ရှိ၏။ သမာဓိဖြင့်ပွားစေအပ်သော ပညာသည် များသောအကျိုး ရှိ၏၊ ကြီးသောအကျိုး ရှိ၏။ ပညာဖြင့်ပွားစေအပ်သော စိတ်သည် ကောင်းစွာ ကာမာသဝ, ဒိဋ္ဌာသဝ, အဝိဇ္ဇာသဝမှ လွတ်၏"

ဤသို့ ရဟန်းတို့အား ထိုသို့သဘောရှိသော တရားစကားကို မိန့်တော်မူ၏။

မြတ်စွာဘုရားသည် အလိုတော်အလျောက် နာဠန္ဒမြို့၌နေတော်မူပြီး၍၊ "အာနန္ဒာ။ ပါဋလိရွာသို့ သွားကုန်အံ့"ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ဝန်ခံ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် များစွာသော ရဟန်းအပေါင်းနှင့် ပါဋလိရွာသို့ ကြွတော်မူ၏။ မြတ်စွာဘုရားသည် ပါဋလိသို့ ရောက်တော်မူသတတ်။

ရွာသားဥပါသကာတို့သည် ကြားကုန်သည်ဖြစ်၍၊ မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ကပ်၍၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ တင့်အပ်စွာနေကုန်၏။ ထိုပါဋလိရွာသား ဥပါသကာတို့သည် မြတ်စွာဘုရားကို "ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားတို့၏နေရာဖြစ်သော အိမ်ကို သည်းခံတော်မူပါ"ဟု လျှောက်ကုန်၏။ မြတ်စွာဘုရားလည်း သည်းခံတော်မူ၏။

ထိုအခါ ပါဋလိရွာ ဥပါသကာတို့သည် 'မြတ်စွာဘုရားလည်း သည်းခံတော်မူ၏, အကြောင်းကို သိ၍၊ နေရာမှထပြီးသော် ရိုသေစွာရှိခိုး၍၊ လက်ယာရစ်လှည့်၍၊ အာဝါသာဂါရသို့ ကပ်၍ အလုံးစုံအမိုးအခင်းကို ပြု၏။ နေရာတို့ကို ခင်း၍၊ ရေပြည့်သောအိုးစရည်းတို့ကို ထား၍ ဆီမီးညှိပြီးသော် မြတ်စွာဘုရားသို့ ကပ်ကုန်၏။ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးပြီးသော် တင့်အပ်စွာနေကုန်၏။

"ရှင်ပင်ဘုရား။ နေတော်မူရာအိမ်ကို စီရင်အပ်ပြီ။ နေရာတို့ကို ခင်းအပ်ကုန်ပြီ။ ရေပြည့်သော အိုးစရည်းတို့ကို ထားအပ်ပြီ။ ဆီမီးညှိပြီး သွားတော်မူအပ်သောအခါကို သိတော်မူပါ"ဟု လျှောက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် သပိတ်, သင်္ကန်းတော်ကို ယူ၍၊ ရဟန်းအပေါင်းနှင့်တကွ ထိုအာဝါသာဂါရသို့ ကပ်တော်မူ၍၊ ခြေထောက်တို့ကို ဆေး၍ အာဝါသာဂါရသို့ ဝင်တော်မူ၏။ အလယ်တိုင်ကို မှီတော်မူ၍၊

http://www.dhammadownload.com



အရှေ့အရပ်မျက်နှာသို့ ရှေးရှုနေတော်မူ၏။ ရဟန်းအပေါင်းသည်လည်း ခြေတော်တို့ကို ဆေး၍ အာဝါသာဂါရသို့ ဝင်တော်မူ၍၊ နောက်နံရံကို မျက်နှာသို့ရှေးရှု မြတ်စွာဘုရားကိုသာလျှင် ခြံရံလျက်နေကုန်၏။ ပါဋလိရွာသားဥပါသကာတို့သည်လည်း ထိုအာဝါသာဂါရသို့ဝင်၍ နေတော်မူသော မြတ်စွာဘုရားခြံရံလျက် အနောက်အရပ်မျက်နှာသို့ ရှေးရှုကုန်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုဥပါသကာတို့ကို 'ပဋိမေဂဟပတယော အာဒီနဝါ ဒုဿီလဿ သီလဝိပတ္တိယာ။ ကတ မေ ပဋ္ဌ' အစရှိသောအားဖြင့် သီလဝိပတ္တိအကြောင်းကို ဟောတော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ပါဋလိရွာသား ဥပါသကာတို့ကို ညဉ့်ပတ်လုံး တရားတော် ရှည်သော စကားတော်ဖြင့် ကောင်းစွာပြုတော်မူ၍၊ ''သူကြွယ်တို့သည် လွန်ပြီ။ သူကြွယ်တို့ သွားအံ့သောအခါကို သိကုန်လော့'' ဟု မိန့်တော်မူ၏။ ထိုဥပါသကာတို့သည် ''ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ'' ဟု မြတ်စွာဘုရားအား ဝန်ခံ၍၊ နေရာမှ ထ၍၊ ရှိသေစွာရှိခိုးပြီးသော် လက်ယာရစ်လှည့်၍ သွားလေကုန်၏။

မြတ်စွာဘုရားသည် ဆိတ်ငြိမ်ရာအရပ်သို့ ဝင်တော်မူ၏။

ထိုအခါ၌ 'သုနိဓ,ဝဿကာရ' အမည်ရှိသော အမတ်ကြီးတို့သည် ပါဋလိရွာသားများ၌ ဝန္ဒိမင်းမျိုးတို့၏ အခွန်ကိုမြစ်ခြင်းငှာ မြို့ကို စီရင်ကုန်၏။ ထိုအခါ၌ များစွာသောနတ်တို့သည် အထောင်ထောင်ဖြစ်ကုန်၏။ ပါဋလိရွာ၌ နေရာအရပ်ကို ယူကုန်၏။ အကြင်အရပ်၌ တန်ခိုးကြီးသောနတ်တို့သည် နေရာအရပ်ကို သိမ်းဆည်းကုန်၏။ ထိုအရပ်၌ တန်ခိုးကြီးသောနတ်မင်းတို့၏ လည်းကောင်း၊ မင်းအမတ်ကြီးတို့၏ လည်းကောင်း အိမ်တို့ကို ဖန်ဆင်းခြင်းငှာ စိတ်ညွတ်ကုန်၏။ အကြင်အရပ်၌ လတ်သောတန်ခိုးရှိသော နတ်တို့သည် နေရာအရပ်ကို သိမ်းဆည်းကုန်၏။ ထိုအရပ်၌ အလတ်ဖြစ်သော မင်း, မင်းအမတ်တို့၏ အိမ်တို့ကို ဖန်ဆင်းခြင်းငှာ စိတ်ညွတ်ကုန်၏။ အကြင်အရပ်၌ တန်ခိုးငယ်သောနတ်တို့သည် နေရာအရပ်ကို သိမ်းဆည်းကုန်၏။ ထိုအရပ်၌ နည်းသောဘုန်းရှိသော မင်း, မင်းအမတ်တို့၏အိမ်ကို ဖန်ဆင်းခြင်းငှာ မြေနေရာအရပ်ကို တပ်သောသူတို့၏ စိတ်တို့သည် ညွတ်ကုန်၏။

မြတ်စွာဘုရားလည်း စင်ကြယ်စွာ ဒိဗ္ဗစက္ခုဉာဏ်ဖြင့် အထောင်ဖြစ်၍ ပါဋလိရွာသို့ နေရာတို့ကိုယူကုန်သော နတ်တို့ကို မြင်တော်မူကုန်သည်သာတည်း။

ထိုအခါ၌ မြတ်စွာဘုရားသည် ညဉ့်မိုးသောက်သောအခါ၌ ထတော်မူ၍၊ ''အာနန္ဒာ။ ပါဋလိရွာ၌မြို့တို့ကို အဘယ်ကြောင့် စီရင်ကုန်သနည်း'' ဟု အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ မဂဓရာဇ်အမတ်ကြီးဖြစ်ကုန်သော သုနိဓ,ဝဿကာရတို့သည် ပါဋလိရွာ၌ ဝန္ဒိမင်းတို့၏ အခွန်ကိုပျက်ခြင်းငှာ မြို့ကို စီရင်ကုန်သတည်း'' ဟု လျှောက်ကုန်၏။

''အာနန္ဒာ။ တာဝတိံသာနတ်တို့နှင့် တိုင်ပင်၍ စီရင်သကဲ့သို့ ထိုအတူ လည်းကောင်း၊ သုနိဓ,ဝဿကာရတို့သည် ပါဋလိရွာ၌ အခွန်၏အကြောင်းကို ဖြတ်ခြင်းငှာ စီရင်ကုန်၏။ 'ဣဓ ဟံ အာနန္ဒအဒ္ဒသံ' အစရှိသဖြင့် ဒိဗ္ဗစက္ခုအဘိဉာဏ်ဖြင့် ထိုနတ်တို့သည် နေရာအရပ်ယူသည်ကို လည်းကောင်း၊ ထိုမြေ၌ နေရာအတတ်ကို တတ်သော သူတို့သည် မင်း အစရှိသောသူတို့၏ အိမ်အရပ်ကို ယူသည်ကို လည်းကောင်း အာနန္ဒာ။ ဤပါဋလိရွာ၌ ငါ မြင်တော်မူ၏'' ဟု မိန့်တော်မူ၏။

''အာနန္ဒာ။ အကြင်ရွှေလောက် အရိယာဖြစ်သောလူတို့၏ စုဝေးရာမြေအရပ်သည် ရှိ၏။ ထိုရွှေလောက်ကုန်သည်တို့၏ဆောင်သော ဘဏ္ဍာတို့၏အစုအားဖြင့် လည်းကောင်း, ရောင်းဝယ်ရာ ကုန်သည်တို့၏ နေရာသည်

http://www.dhammadownload.com



လည်းကောင်း ရှိ၏။ ထိုရွေ့လောက် ဤပါဠိလိရွာသည် ထိုသို့သဘောရှိသောလူတို့၏ နေရာဖြစ်သော မြို့ကြီး ဖြစ်လတ္တံ့။ ဘဏ္ဍာထုပ်ကို ပြုရာအရပ် ဖြစ်လတ္တံ့။

''အာနန္ဒာ။ ပါဋလိပုတ်မြို့၏အန္တရာယ်တို့သည် မီး, ရေ, လေ အချင်းချင်း ဤ ၃ ပါးတို့သည် ဖြစ်လတ်ကုန်အံ့''

ဤသို့ အရှင်အာနန္ဒာကို မိန့်တော်မူ၏။ ထိုအခါ၌ သုနိဓ, ဝဿကာရ အမတ်ကြီးတို့သည် မြတ်စွာဘုရားသို့ ကပ်၍ မြတ်စွာဘုရားနှင့် ဝမ်းမြောက်ဝမ်းသာပြောဟောကုန်၏။ ထိုအမတ်ကြီးတို့သည် ''အရှင်ဂေါတမ။ အကျွန်ုပ်တို့အား ရဟန်းအပေါင်းနှင့်တကွ ယနေ့ဆွမ်းကို သည်းခံတော်မူပါ''ဟု လျှောက်ကုန်၏။ မြတ်စွာဘုရား လည်း သည်းခံတော်မူ၏။

ထိုအမတ်ကြီးတို့သည် မိမိတို့၏တဲသို့ ကပ်၍၊ မြတ်စွာဘုရားအား ခဲဖွယ်စားဖွယ်ကို စီရင်စေ၍၊ မြတ်စွာဘုရားအား ''ကာလတန်ပြီ။ ဆွမ်းပြီးပြီ''ဟု လျှောက်စေကုန်၏။

မြတ်စွာဘုရားလည်း ထိုအမတ်ကြီးတို့၏တဲသို့ ကပ်တော်မူ၍၊ ခင်းအပ်သော ဘုရားနေရာ၌နေတော်မူ၏။ ထိုအခါ၌ ထိုအမတ်ကြီးတို့သည် မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အပေါင်းကို မွန်မြတ်သော ခဲဖွယ်စားဖွယ်ဖြင့် ရောင့်ရဲစေ၍၊ ရှိသေစွာလှူ၍ နိမ့်သောနေရာ၌ တင့်အပ်စွာနေကုန်ပြီးသော်၊ ထိုအမတ်ကြီးတို့ကို

'ယသ္မိ ပဒေသေ ကပ္ပေတိ၊ ဝါသံ ပဏ္ဍိတဇာတိ။

သီလဝန္တေတ္ထ ဘောဇေတ္ဝာ၊ သညတေဗြဟ္မစရိယေ။

'ယာ တတ္ထ ဒေဝတာ အာသုံ၊ တာသံ ဒက္ခိဏာမာဒိသေ။

တာ ပူဇိတာ ပူဇယန္တိ၊ မာနိတာ မာနယန္တိနံ။

'တတော နံ အနုကမ္ပန္တိ၊ မာတာ ပုတ္တံဝ သြရသံ။

ဒေဝတာနုကမ္ပိတော ပေါသော၊ သဒါဘဒြာနိပသဿတိ။ ။' ဟူသော ဤဂါထာတို့ဖြင့် ဆွမ်းအနုမောဒနာကို ပြုတော်မူ၏။ ဤဂါထာတို့၏ အဓိပ္ပာယ်ကား

''အကြင်အရပ်၌ အကြင်ပညာရှိသည် မြို့ကိုစီရင်ရာအရပ်၌ ကိုယ်, နှုတ်, နှလုံး စောင့်ကုန်သော၊ မြတ်သောအကျင့် ရှိကုန်သော ဘုရားအမှူးရှိသော သီလဝန္တသံဃာတို့ကို ဆွမ်းကျွေး၍ ထိုအရပ်၌ အကြင်နတ်တို့သည် တည်ကုန်၏။ ထိုနတ်တို့အား အလှူတို့ကို ဝေရာ၏။ ထိုအလှူတို့ကိုဝေသော် နတ်တို့သည် 'ငါတို့၏ အဆွေအမျိုး မဟုတ်ကုန်သော်လည်း ငါတို့အား အလှူတို့ကိုဝေကုန်၏။ အစောင့်အရှောက်ကို နတ်တို့ ပြုကုန်လော့'ဟု ကောင်းစွာအစောင့်အရှောက်ကို ထားကုန်၏။ ထိုအလှူတို့ကို ဝေသောပညာရှိကို မြတ်နိုးအပ်သော နတ်တို့သည် မြတ်နိုးတဲ့ကို မြတ်နိုးကုန်၏။ ထို့ကြောင့် ထို ပညာရှိသောသူကို နတ်တို့သည် အမိသည် ရင်၌ ဖြစ်သောသားကို ချစ်မြတ်နိုးသကဲ့သို့ ချစ်မြတ်နိုးကုန်၏။ နတ်တို့ချစ်မြတ်နိုးသော ပညာရှိသည် အခါခပ်သိမ်းကောင်းသောအာရုံတို့ကို မြင်ရကုန်၏'' ဤသို့သော အဓိပ္ပာယ်တည်း။

ထိုအခါ၌ မြတ်စွာဘုရားသည် သုနိဓ,ဝဿကာရ အမတ်ကြီးတို့ကို ဤဂါထာဖြင့် အနုမောဒနာပြု၍ ကြွတော်မူ၏။

ထို သုနိဓ, ဝဿကာရအမတ်ကြီးတို့သည် မြတ်စွာဘုရားနောက်တော်မှ ''ယနေ့ အရှင်ဂေါတမသည် အကြင်တံခါးဖြင့် ထွက်တော်မူလတ္တံ့။ ထိုတံခါးသည် 'ဂေါတမဒ္ဝါရ'မည်သည် ဖြစ်လတ္တံ့။ အကြင်ဆိပ်ဖြင့် အရှင်

http://www.dhammadownload.com



ဂေါတမသည် မြစ်သို့ကူးလတ္တံ့။ ထိုဆိပ်သည် 'ဂေါတမဆိပ်'မည်သည် ဖြစ်လတ္တံ့''ဟု မြတ်စွာဘုရားသို့ အစဉ်လိုက်ကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် အကြင်တံခါးဖြင့် ထွက်တော်မူ၏။ ထိုတံခါးသည် 'ဂေါတမဒွါရ'မည်၏။ ထိုအခါ မြတ်စွာဘုရားသည် မြစ်ကို ကူးတော်မူ၏။ ထိုမြစ်သည် ကမ်းနှင့် အမျှကြီးသောထက် ပြည့်ရုံရေပြည့်သည် ဖြစ်၏။ အချို့သောသူတို့သည် မြစ်တစ်ဖက်သို့ ကူးလိုသည်ဖြစ်၍ လှေကို ရှာကုန်၏။ အချို့သောသူတို့သည် ဖောင်ကို ရှာကုန်၏။

ထိုအခါ မြတ်စွာဘုရားသည် ကွေးသောလက်ကို ဆန့်သကဲ့သို့၊ ဆန့်သောလက်ကို ကွေးသကဲ့သို့ ဤအတူ ရဟန်းအပေါင်းနှင့်တကွ ဂင်္ဂါမြစ်၏ဤမှာဘက်မှ ရပ်တော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် မြစ်တစ်ဖက်သို့ ကူးခြင်းငှာ အလိုရှိသည်တို့ကိုရှာကုန်သော အချို့သောသူတို့ကို မြင်တော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် ထိုအကြောင်းကို သိတော်မူ၏။

'ယေတရန္တိ အဏ္ဏဝံ သရံ၊ သေတုံကတ္တာ နဒီသင်္ခပလ္လလာနိ၊

ကုလ္လံ ဟိ ဇနော ပဗန္ဓတိ၊ တိဏ္ဏာ မေဓာဝိနော ဇနာ။ ။' ဟု ဝမ်းမြောက်ဝမ်းသာဖြင့် ဥဒါန်းဂါထာကို မိန့်တော်မူ၏။ ထိုဂါထာ၏ အဓိပ္ပာယ်ကား

''အကြင်ဘုရား အစရှိသောအရိယာတို့သည် ကျယ်သောသဘောရှိသော၊ 'တဏှာ'တည်းဟူသော မြစ်ကို ကူးကုန်၏။ ထိုဘုရား အစရှိသောအရိယာတို့သည် 'မဂ်, ဖိုလ်'တည်းဟူသောတံတားကို ပြု၏။ 'တဏှာ'တည်းဟူသော ရေအယဉ်ဖြင့်ပြည့်သော ချိုင့်ဝှမ်းရာအရပ်တို့သို့ မရောက်မူ၍ ကူးကုန်၏။ 'အရိယမဂ်'တည်းဟူသော တံတား မရှိသော ဤလူအပေါင်းသည် အနည်းငယ်သောရေကို ကူးလိုသည်ဖြစ်၍ ဖောင်ဖွဲ့၏။ ဘုရားတို့သည် လည်းကောင်း, ဘုရားတပည့်တို့သည် လည်းကောင်း ဖောင်ကိုကြဉ်၍သာလျှင် ထိုမြစ်ကို ကူးကုန်ပြီ'' ဤသို့သော အဓိပ္ပာယ်တည်း။ ထိုဆိပ်သည် 'ဂေါတမဆိပ်' မည်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ''အာနန္ဒာ။ ကောဋိဂါမသို့ သွားကုန်အံ့''ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ဝန်ခံ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်တကွ ကောဋိဂါမသို့ကြွ၍ နေတော်မူ၏။ 'ကောဋိဂါမ'ဟူသည်ကား မဟာပနာဒမင်း၏ ပြာသာဒ်လဲသောအခါ 'အထွတ်တည်သောအရပ်၌ တည်သောရွာ' ဟူသတည်း။

ထိုကောဋိဂါမ၌ ရဟန်းတို့ကို ခေါ်တော်မူ၍၊ 'စတုန္နံ ဘိက္ခဝေ အရိယသစ္စာနံ အနနုဗောဓာတာ' အဓိပ္ပါယ်ရှိသော ဒေသနာကို ဟောတော်မူ၏။အမြွက်အဓိပ္ပာယ်ကား

''ရဟန်းတို့။ ငါသည် လည်းကောင်း၊ သင်တို့သည် လည်းကောင်း အရိယာ၏အဖြစ်ကို ပြုတတ်ကုန်သော ၄ ပါးသောသစ္စာတို့ကို မသိခြင်းကြောင့်, အရဟတ္တမဂ်ဉာဏ်ဖြင့် မသိခြင်းကြောင့် ဤသို့သဘောရှိသော, ရှည်သော 'သံသရာ'တည်းဟူသော အဆွန့်ပတ်လုံး တစ်ဘဝသည်တစ်ဘဝသို့ စုတိ,ပဋိသန္ဓေအားဖြင့်ရောက်၍ ကျင်လည်ပြီ'' ဤသို့ အဓိပ္ပာယ်တည်း။

ထိုကောဋိဂါမ၌ နေတော်မူသည်ဖြစ်၍ ဤသို့သောအပြားဖြင့် သီလ, သမာဓိ, ပညာ အစရှိသည်ဖြင့် တရားနှင့်ယှဉ်သောစကားကို ရဟန်းတို့အား မိန့်တော်မူ၏။

http://www.dhammadownload.com



ထိုအခါ၌ မြတ်စွာဘုရားသည် ကောဋိဂါမရွာ၌ အလိုတော်အလျောက်နေတော်မူပြီး၍၊ ''အာနန္ဒာ။ နာဋိကရွာသို့ သွားကုန်အံ့''ဟု မိန့်တော်မူ၏။ အာနန္ဒာလည်း ဝန်ခံ၏။ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ထိုနာဋိကရွာသို့ ကြွတော်မူ၍ ထိုရွာ၌ ဂိဉ္ဇကာဝသထ[၁]၌ နေတော်မူ၏။

ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရားသို့ ကပ်၍ ''ရှင်ပင်ဘုရား။ နာဋိကရွာ၌နေသော သံမုဠရဟန်းသည် စုတေ၏။ ထိုရဟန်း၏အလားသည်ကား အဘယ်နည်း။ အဘယ်တရားကို သိသနည်း။ ဤနည်းအတူ 'နန္ဒာ'မည်သော ဘိက္ခုနီ၊ 'သုဒတ္တ'အမည်ရှိသော ဥပါသကာ၊ 'သုဇာတာ'အမည်ရှိသော ဥပါသိကာ၊ 'ကုက္ကုဠ'အမည်ရှိသော ဥပါသကာ၊ 'ကာဠိမ္ဗ'အမည်ရှိသော ဥပါသကာ၊ 'နိကတ'အမည်ရှိသော ဥပါသကာ၊ 'ကဋိဿဟ'အမည်ရှိသော ဥပါသကာ၊ 'တုဋ္ဌ'အမည်ရှိသော ဥပါသကာ၊ 'သန္တုဋ္ဌ'အမည်ရှိသော ဥပါသကာ၊ 'ကဋ္ဌ'အမည်ရှိသော ဥပါသကာ၊ 'သုဘဋ္ဌ'အမည်ရှိသော ဥပါသကာတို့သည် နာဋိကရွာ၌ စုတေကုန်၏။ ထိုသူတို့၏အလားသည်ကား အဘယ်နည်း။ အဘယ်တရားကို သိသနည်း''ဟု လျှောက်၏။

''အာနန္ဒ။ 'သံမုဠ'အမည်ရှိသော ရဟန်းသည်ကား အာသဝေါကုန်ပြီ။ 'နန္ဒာ'မည်သော ဘိက္ခုနီသည် ၅ ပါးသော သြရမ္ဘာဂိယသံယောဇဉ် ကုန်ပြီ။ ထိုလောကမှ မဖောက်ပြန်သောသဘော ရှိ၏။ 'သုဒတ္တ' အမည်ရှိသော ဥပါသကာသည် ၃ ပါးသောသံယောဇဉ် ကုန်ပြီ။ ဤလောကသို့ တစ်ကြိမ်လာ၍ ဒုက္ခ၏အဆုံးကို ပြုလတ္တံ့။ 'သုဇာတာ'အမည်ရှိသော ဥပါသိကာသည် သောတာပန်တည်း။ 'ကုက္ကုဠ'အမည်ရှိသော ဥပါသကာသည် ၅ ပါးသော သြရမ္ဘာဂိယ ကုန်ပြီ။ ထိုလောကမှ မဖောက်ပြန်ပြီ။ 'ကာဠိမ္ဗ'အမည်ရှိသော ဥပါသကာ၊ 'ကဋိဿဟ'အမည်ရှိသော ဥပါသကာ၊ 'တုဋ္ဌ'အမည်ရှိသော ဥပါသကာ၊ 'သန္တုဋ္ဌ'အမည်ရှိသော ဥပါသကာ၊ 'ကဋ္ဌ'အမည်ရှိသော ဥပါသကာ၊ 'သုဘဋ္ဌ'အမည်ရှိသော ဥပါသကာသည် ၅ ပါးသော သြရမ္ဘာဂိယ သံယောဇဉ် ကုန်ခြင်းဖြင့် ဥပပတ်ပဋိသန္ဓေ ရှိ၏။ ထိုအရပ်၌ ပရိနိဗ္ဗာန်ပြုခြင်း ရှိ၏။ ထိုဖြစ်ရာဗြဟ္မာပြည်မှ မပြန်သောသဘော ရှိ၏။

''အာနန္ဒ။ နာဋိကရွာ၌ ၅ ကျိပ်မကသော ဥပါသကာတို့သည် စုတေကုန်၏။ ၅ ပါးသော သြရမ္ဘာဂိယ သံယောဇဉ်တို့၏ကုန်ခြင်းကြောင့် ဥပပတ်ပဋိသန္ဓေ ရှိကုန်၏။ ထိုဗြဟ္မာပြည်၌ ပရိနိဗ္ဗာန်ပြုခြင်း ရှိကုန်၏။

''နာဋိကရွာ၌ ၉ ကျိပ်မကသော ဥပါသကာတို့သည် စုတေကုန်၏။ သကဒါဂါမ်တို့သည် ဤလူ့ပြည်သို့ တစ်ကြိမ်သာလျှင် ပဋိသန္ဓေအားဖြင့်ရောက်၍ ဆင်းရဲကုန်ခြင်းကို ပြုလတ်ကုန်အံ့။

''အာနန္ဒာ။ ၁ ကျိပ် အလွန်ရှိကုန်သော ၅၀၀ သော ဥပါသကာတို့သည် နာဋိကာရွာ၌ စုတေကုန်၏။ သောတာပန်တို့သည် မပျောက်မပျက်သောတရား ရှိကုန်ပြီ။ အမြဲ အထက်မဂ်တည်းဟူသော လဲလျောင်းရာ ရှိကုန်ပြီ''ဟု မိန့်တော်မူ၍၊ 'အနုစ္ဆရိယံခေါပနေတံအာနန္ဒ။ လ။ ဓမ္မာနု သန္နာမပရိယာယ ဒေသိဿာမိ' ဟု ''တရားတည်းဟူသော 'ကြေးမုံ'မည်သော ဓမ္မဒေသနာတော်ကို ဟောအံ့'' ဟု အခွင့်ပြုတော်မူ၍၊ ဓမ္မဒေသနာကို ဟောတော်မူ၍၊ ထိုနာဋိကရွာ၌ ဂိဉ္ဇကာဝသထကျောင်း၌ နေတော်မူ၍ 'ဣတိသိလံ' အစရှိသောအားဖြင့် ရဟန်းတို့အား ထိုသို့သဘောရှိသော များစွာသောတရားနှင့်ယှဉ်သောစကားကို မိန့်တော်မူ၏။

၁- ဂိဉ္ဇကာဝသထ - ဂိဉ္ဇက = အုတ် + အာဝသထ = နေရာကျောင်း၊ ဂိဉ္ဇကာဝသထ = အုတ်ကျောင်း။

http://www.dhammadownload.com



## အမွပါလီ၏ဆွမ်းကို ခံတော်မူခြင်း

ထိုနာဠိကရွာမှ အရှင်အာနန္ဒာကို ခေါ်တော်မူ၍၊ များစွာသောရဟန်းအပေါင်းနှင့်တကွ ဝေသာလီသို့ သွားတော်မူ၍၊ 'အမွပါလီ'အမည်ရှိသော ပြည့်တန်ဆာမ၏ သရက်ဥယျာဉ်တော၌ နေတော်မူ၏။

ထိုအခါ မြတ်စွာဘုရားသည် ရဟန်းတို့ကိုခေါ်တော်မူ၍ အမွပါလီကိုမြင်ခြင်း၌ သတိကိုဖြစ်စေခြင်းငှာ 'သတော ဘိက္ခဝေ ဘိက္ခုဝိဟရေယျ သမ္ပဇာနော၊ အယံ ဝေါ အမ္ဗာကံ အနုသာသနီ' အစရှိသော သတိပဋ္ဌာန်ဒေသနာဖြင့် အဆုံးအမကိုပေးတော်မူ၏။

ပြည့်တန်ဆာအမွပါလီလည်း 'မြတ်စွာဘုရားသည် ဝေသာလီသို့ရောက်တော်မူ၍၊ သရက်ဥယျာဉ်၌ နေတော်မူ၏'ဟု ကြား၍၊ ကောင်းကုန်သောယာဉ်တို့ကို က,စေ၍၊ ထိုယာဉ်ထက် စီး၍ မိမိဥယျာဉ်သို့ သွား၏။ ယာဉ်မှသက်၍၊ မြတ်စွာဘုရားသို့ ကပ်၍ မြတ်စွာဘုရားကို ရိုသေစွာရှိခိုးလျက် နေ၏။ မြတ်စွာဘုရားလည်း တရားစကားဖြင့် ကောင်းစွာရွှင်စေ၏။ ထိုအခါ အမွပါလီသည် ''ရှင်ပင်ဘုရား။ နက်ဖြန်အလို့ငှာ ရဟန်းအပေါင်းနှင့်တကွ ဆွမ်းကို သည်းခံတော်မူပါ''ဟု လျှောက်၏။ မြတ်စွာဘုရားလည်း သည်းခံတော်မူ၏။ အမွပါလီလည်း မြတ်စွာဘုရား သည်းခံတော်မူသည်ကိုသိ၍ သွား၏။

လိစ္ဆဝီမင်းတို့သည်လည်း 'မြတ်စွာဘုရားသည် ဝေသာလီသို့ ရောက်တော်မူပြီ။ ဝေသာလီ၌ အမွပါလီ သရက်ဥယျာဉ်၌ နေတော်မူသည်'ဟု ကြားကုန်၏။ ထိုလိစ္ဆဝီမင်းတို့သည် ကောင်းသောယာဉ်တို့ကို ကစေ၍၊ ကောင်းသောယာဉ်ကို စီး၍ ထိုသရက်ဥယျာဉ်သို့ လာကုန်၏။

ထိုလိစ္ဆဝီမင်းတို့တွင် အချို့သောလိစ္ဆဝီမင်းတို့သည် ညိုသောအဆင်း ရှိကုန်၏။ ထိုမင်းတို့သည် ညိုသောအဝတ်, ညိုသောတန်ဆာ, ညိုသောကျောက်တို့ဖြင့် တန်ဆာဆင်ကုန်၏။ ထိုမင်းတို့၏ရထားတို့ကို ညိုသောကျောက်တို့ဖြင့် စီအပ်ကုန်၏။ ညိုသောပုဆိုး, ညိုသောတံခွန်, ညိုသောမိန်ညို, ညိုသောရထား, ညိုသောတန်ဆာ, ညိုသောမြင်းတို့ဖြင့် စီရင်အပ်ကုန်၏။ နှင်တံတို့သည် ညိုကုန်သည်သာတည်း။

ရွှေသား အဆင်းရှိသော လိစ္ဆဝီမင်း၊ နီသောအဆင်းရှိသော လိစ္ဆဝီမင်း၊ ဖြူသောအဆင်းရှိသော လိစ္ဆဝီမင်းတို့၏ အဝတ်တန်ဆာ, ကျောက်သံပတ္တမြား, ရထား, မြင်း, နှင်တံတို့သည်လည်း မိမိတို့၏ကိုယ်အဆင်းနှင့် လျော်စွာ ရှေးနည်းဖြင့်သိအပ်၏။

ထိုအခါ၌ အမွပါလီသည် ငယ်ကုန်သော လိစ္ဆဝီမင်းတို့၏ရထားဝင်ရိုးဖြင့် ရထားဝင်ရိုးကို, လှည်းဘီးဖြင့် လှည်းဘီးကို, ထမ်းပိုးဖြင့် ထမ်းပိုးကို ထိစေ၏။

ထိုအခါ၌ လိစ္ဆဝီမင်းတို့သည် ''အမွပါလီ။ အဘယ်ကြောင့် ငယ်ကုန်သောလိစ္ဆဝီမင်းတို့၏ ရထားကို ထိစေသနည်း''ဟု ဆိုကုန်၏။

''အရှင့်သားတို့။ နက်ဖြန် ဆွမ်းအလို့ငှာ ဖိတ်အပ်ပြီ။ ထိုကြောင့် ထိစေသတည်း'' ဟုဆို၏။

''အမွပါလီ။ ငါတို့အား ထိုဖိတ်အပ်သောဆွမ်းကို ပေးသော် သင့်အား ၁ သိန်းသောဥစ္စာကို ပေးအံ့'' ဟု ဆိုကုန်၏။

http://www.dhammadownload.com



"အရှင့်သားတို့။ ဓနပုဒ်နှင့်တကွသော ဝေဿလီမြို့ကို အကျွန်ုပ်အား အရှင့်သားတို့သည် ပေးကုန်အံ့။ ဤသို့ပေးသော်လည်း မြတ်စွာဘုရားအား ဖိတ်အပ်သောဆွမ်းကို အကျွန်ုပ် မပေး" ဟုဆို၏။

ထိုအခါ လိစ္ဆဝီမင်းတို့သည် "အချင်းတို့။ ငါတို့ကို အမှုပါလီသည် အောင်လေ၏" ဟု လက်ချောင်းကို လှုပ်ကုန်၏။

ထိုလိစ္ဆဝီမင်းတို့သည် အမှုပါလီ၏ သရက်ဥယျာဉ်သို့ ရထားနှင်၍ သွားကုန်၏။ မြတ်စွာဘုရားလည်း လိစ္ဆဝီမင်းတို့ကို မြင်တော်မူ၍၊ "ရဟန်းတို့။ တာဝတိံသာနတ်ပြည်၌ တာဝတိံသာနတ်တို့ကို မမြင်ဖူးကုန်။ ထိုသို့ မမြင်ဖူးကုန်သောသူတို့သည် လိစ္ဆဝီမင်းတို့ပရိသတ်ကို ရှုကုန်လော့။ ရဟန်းတို့။ လိစ္ဆဝီမင်းတို့၏ ပရိသတ်တို့ကို အဖန်တလဲလဲရှုကုန်လော့။ ရဟန်းတို့။ လိစ္ဆဝီမင်း ပရိသတ်တို့သည် တာဝတိံသာနတ် ပရိသတ်နှင့် တူ၏ဟု မှတ်ကုန်လော့" ဟု ရဟန်းတို့ကိုခေါ်၍ မိန့်တော်မူ၏။

ထိုအခါ၌ ထိုလိစ္ဆဝီမင်းတို့သည်လည်း ယာဉ်ဖြင့်သွား၍၊ ယာဉ်မှသက်ပြီးသော် ခြေကျင်ဖြင့်သာလျှင် မြတ်စွာဘုရားသို့ ကပ်၍၊ ရိုသေစွာရှိခိုးလျက် တင့်အပ်စွာနေပြီးသော်၊ ထိုလိစ္ဆဝီမင်းတို့ကို တရားနှင့်ယှဉ်သော စကားဖြင့် ရောင့်ရဲစေ၏။ ထိုအခါ၌ လိစ္ဆဝီမင်းတို့သည် "ရှင်ပင်ဘုရား။ နက်ဖြန် ရဟန်းအပေါင်းနှင့်တကွ ဆွမ်းဘုဉ်းပေးတော်မူပါ" ဟု ဖိတ်ကုန်၏။

မြတ်စွာဘုရားလည်း "လိစ္ဆဝီမင်းတို့။ နက်ဖြန်အကျိုးငှာ အမှုပါလီ ဖိတ်အပ်သောဆွမ်းကို ငါ သည်းခံအပ်ပြီ" ဟု မိန့်တော်မူ၏။ ထိုအခါ လိစ္ဆဝီမင်းတို့လည်း "အချင်းတို့။ အမှုပါလီသည် ငါတို့ကို အောင်လေ၏။ အောင်လေ၏" ဟု လက်ချောင်းကို လှုပ်ကုန်၏။ ထိုအခါ၌ လိစ္ဆဝီမင်းတို့သည် မြတ်စွာဘုရားတရားတော်ကို ဝမ်းမြောက်၍၊ ရိုသေစွာရှိခိုး၍ ဖဲကုန်၏။

အာယ်ကြောင့် မြတ်စွာဘုရားသည် များသော အရာမကသောသူတို့ဖြင့် ရှုပါရဲ့ အစရှိသောအာရုံတို့၌ နိမိတ်ယူခြင်းကို မြစ်တော်မူ၍၊ ဤလိစ္ဆဝီမင်းတို့၌ ကြီးစွာသောအားထုတ်ခြင်းဖြင့် နိမိတ်ယူခြင်း၌ တိုက်တွန်းတော်မူသနည်း ဟူမူကား ထိုတပည့်တော်တို့၏အကျိုးစီးပွားကို လိုတော်မူသဖြင့် မိန့်တော်မူသတည်း။ ထိုရဟန်းတို့တွင် လုံ့လကိုလျော့သောရဟန်းတို့အား ထိုမင်းတို့၏ပြည့်စုံခြင်းကို မြင်၍၊ လုံ့လတို့အားထုတ်စေခြင်းငှာလည်းကောင်း၊ ထိုမင်းတို့သည် မမြင့်မီသာလျှင် အဇာတသတ်မင်းနှိပ်စက်သောအားဖြင့် ပျက်စီးခြင်းသို့ ရောက်ထကုန်အံ့။ ထိုသို့ရောက်သည်ရှိသော် အနိစ္စလက္ခဏာကို ပွားစေ၍၊ ပဋိသန္ဓိဒါတို့နှင့်တကွ အရဟတ္တဖိုလ်တို့၌ ရောက်လတ်ကုန်အံ့သည်ကို မြင်တော်မူ၍ အနိစ္စလက္ခဏာကို ပွားစေခြင်းငှာ လည်းကောင်း တိုက်တွန်းတော်မူ၏။

ထိုအခါ၌ အမှုပါလီသည် ထိုညဉ့်လွန်ပြီးသော် အခါကို လျှောက်စေ၏။ ရဟန်းအပေါင်းနှင့်တကွ မြတ်စွာဘုရားကို မိမိအိမ်၌ မွန်မြတ်သောခဲဖွယ်စားဖွယ်ဖြင့် ဆွမ်းလှူ၏။ မြတ်စွာဘုရား ဆွမ်းဘုဉ်းပေးတော်မူပြီးသော် နိမ့်သောနေရာ၌ တင့်အပ်စွာနေ၍၊ "မြတ်စွာဘုရားအမှူးရှိသော သံဃာတော်အား ဤသရက်ဥယျာဉ်ကို အကျွန်ုပ် လှူ၏" ဟုလျှောက်၏။ မြတ်စွာဘုရားလည်း ထိုသရက်ဥယျာဉ်ကို ခံတော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် အမှုပါလီကို တရားနှင့်ယှဉ်သောစကားဖြင့် ကောင်းစွာ စိတ်ကို ရွှင်စေ၍ ကြွတော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့သော သီလ, ဤသို့သော သမာဓိ, ဤသို့သော ပညာ, ဤသို့ အစရှိသောနည်းဖြင့် တပည့်တော်တို့အား များစွာသောတရားနှင့် ယှဉ်စေသောစကားကို မိန့်တော်မူ၏။

http://www.dhammadownload.com



## မြတ်စွာဘုရား မကျန်းမာသည်ကို ပြခြင်း

မြတ်စွာဘုရားသည် အမွှေပါလီသရက်ဥယျာဉ်၌ အလိုတော်အလျောက် နေတော်မူ၍၊ ''အာနန္ဒာ။ ဝေဠုဝဂ္ဂာသို့ သွားကုန်အံ့''ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဝန်ခံ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် များစွာသောရဟန်းအပေါင်းနှင့်တကွ ဝေဠုဝဂ္ဂာသို့ ကြွတော်မူ၍ နေ့နေတော်မူ၏။

ထိုဝေဠုဝဂ္ဂာ၌ မြတ်စွာဘုရားသည် ''ရဟန်းတို့။ ဤဝေသာလီမြို့ထက်ဝန်းကျင် အဆွေခင်ပွန်းအား လျောက်ပတ်စွာ ဝါသို့ ကပ်ကုန်လော့။ ငါသည်ကား ဤဝေဠုဝဂ္ဂာ၌လျှင် ဝါသို့ ကပ်ကုန်အံ့''ဟု မိန့်တော်မူ၏။ ထိုရဟန်းတို့သည်လည်း ဝန်ခံကုန်၏။ ဝေသာလီမြို့ထက်ဝန်းကျင်၌ အဆွေခင်ပွန်းရှိရာအရပ်သို့ သွား၍ ဝါဆိုကုန်၏။ မြတ်စွာဘုရားသည် ထိုဝေဠုဝဂ္ဂာ၌ ဝါသို့ကပ်တော်မူ၏။

ထိုအခါ၌ ဝါသို့ကပ်တော်မူသော မြတ်စွာဘုရားအား သွေးသွန်သောအနာသည် ဖြစ်၍၊ ပရိနိဗ္ဗာန် ပြုတော်မူခြင်းအနီးရှိသော ပြင်းစွာသောအနာသည် ဖြစ်တော်မူ၍၊ ထိုဝါတွင်း၌ မြတ်စွာဘုရားသည် သတိကို ကောင်းစွာဆောင်တော်မူ၍၊ ဉာဏ်ဖြင့် ပိုင်းခြားတော်မူ၍ ဆင်းရဲ မရှိသကဲ့သို့သာလျှင် သည်းခံတော်မူ၏။

ထိုအခါ မြတ်စွာဘုရား 'ငါသည် လုပ်ကျွေးသောသူတို့ကို မပန်မူ၍ ပရိနိဗ္ဗာန်ပြုငြားအံ့။ ထိုသို့ပြုခြင်းသည် ငါ့အား မလျောက်ပတ်။ ငါသည် ဤပြင်းသောအနာကို 'ဈာန်သမာပတ်, ဖလသမာပတ်ကိုဝင်ခြင်း' တည်းဟူသော ဝိရိယဖြင့် ခွာ၍၊ 'ဇီဝိတ'တည်းဟူသောသင်္ခါရကို အဓိဋ္ဌာန်ခြင်းကို ဖြစ်စေ၍နေရသော် ကောင်းအံ့တကား'ဟု အကြံတော်သည် ဖြစ်၏။ ထိုအခါ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုခြင်းအနီးရှိသော အနာကို ဈာန်သမာပတ်, ဖလသမာပတ်ဖြင့်ခွာတော်မူ၍၊ ဇီဝိတသင်္ခါရကို ဆောက်တည်တော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားအား ငြိမ်း၏။

မြတ်စွာဘုရားသည် အနာမှထတော်မူ၍၊ မမြင့်မီ ကျောင်းမှ ထွက်တော်မူ၍ ကျောင်းရိပ်၌ခင်းအပ်သော ဘုရားနေရာ၌ နေတော်မူ၏။ ထိုအခါ၌ ရှင်အာနန္ဒာသည် မြတ်စွာဘုရားသို့ ကပ်၍၊ ရှိခိုး၍ တင့်အပ်စွာနေပြီးသော်၊

''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရား၏ချမ်းသာခြင်းကို အကျွန်ုပ် မြင်ပြီ။ ရှင်ပင်ဘုရား။ စင်စစ်သော်ကား ရှင်ပင်ဘုရား မကျန်းမာတော်မူသောကြောင့် အကျွန်ုပ်တို့သည် လေးသောဝန် ရှိသကဲ့သို့၊ ခက်ထက်ဖြစ်သော သူကဲ့သို့၊ တံကျင်၌တင်သော ယောကျ်ားကဲ့သို့ဖြစ်၍ အကျွန်ုပ်အား အရပ် ၄ မျက်နှာတို့သည် မထင်ကုန်။ ရှင်ပင်ဘုရားမကျန်းမာတော်မူသောကြောင့် အကျွန်ုပ်အား တရားတို့သည်လည်း စိုးရိမ်သဖြင့် မထင်ကုန်။ ရှင်ပင်ဘုရား။ စင်စစ်သဖြင့် ရှင်ပင်ဘုရားသည် အကြင်ရွေ့လောက် ရဟန်းအပေါင်းကို အကြောင်းပြုတော်မူ၍၊ တစ်ခုသော အဆုံးစွန်သောအဆုံးအမကို ပေးတော်မမူသေး။ ထိုရွေ့လောက် ရှင်ပင်ဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့ဟု တစ်စုံတစ်ခုသော နှစ်သိမ့်ခြင်းမျှသည်သာလျှင် အကျွန်ုပ် ဖြစ်၏''ဟုလျှောက်၏။

''အာနန္ဒာ။ ရဟန်းအပေါင်းသည် အဘယ်ကြောင့် ငါ့ကို တောင်းအံ့နည်း။ အာနန္ဒာ။ အတွင်းမဟုတ်သည်ကို ပြု၍ တရားကို ငါ မဟောပြီ။ အာနန္ဒာ။ မြတ်စွာဘုရားတို့၌ ဆရာလက်ဆုပ်သည် မရှိ။ အာနန္ဒာ။ ငါလည်း ရဟန်းအပေါင်းကို ဆောင်အံ့။ ဤသို့မူလည်း ထိုငါ၏အကြံသည် ဖြစ်ရာသလော။ ရဟန်းအပေါင်း

http://www.dhammadownload.com



သည် အရည်အချင်းရှိသည် ဖြစ်စေသတည်း။ ဤသို့သောအကြံသည်မူလည်း ငါ့အား ဖြစ်ရာသလော။ အာနန္ဒာ။ ရဟန်းအပေါင်းကို အကြောင်းပြု၍၊ ထိုငါသည် တစ်စုံတစ်ခုသော အဆုံးဠ အဆုံးအမကို ဆုံးမရာသလော။

"အာနန္ဒာ။ မြတ်စွာဘုရားအား စင်စစ်သဖြင့် ငါသည် ရဟန်းအပေါင်းကို ဆောင်အံ့။ ဤသို့သောအကြံသည် ဗောဓိပလ္လင်ခံသာလျှင် ဤသာမစ္ဆရိယျကို ပယ်အပ်သည်၏အဖြစ်ကြောင့် မဖြစ်။ ငါတည်းဟူသော ဥွန်အပ်သည် ရှိသော် ရဟန်းအပေါင်းသည် မဖြစ်။ ဤသို့သောအကြံသည်မူလည်း ဗောဓိပလ္လင်ခံ့ ဤသမစ္ဆရိယျကို ပယ်အပ်သည်၏အဖြစ်ကြောင့် မဖြစ်။ အာနန္ဒာ။ ထိုမြတ်စွာဘုရားသည် ရဟန်းအပေါင်းကို အကြောင်းပြု၍ တစ်စုံတစ်ခုသော အဆုံးစွန်သောအဆုံးအမကို အဘယ့်ကြောင့် ဆုံးမလေအံ့နည်း။ အာနန္ဒာ။ ယခု ငါသည် အိုပြီ၊ ကြီးပြီ။ အဆုံးစွန်သောအရွယ်သို့ ရောက်ပြီ။ အသက် ၈၀ ရှိပြီ။ အာနန္ဒာ။ အိုသောလှည်းကို ပြုပြင်ခြင်းဖြင့် သုံးဆောင်သကဲ့သို့၊ ထိုအတူ အာနန္ဒာ။ မြတ်စွာဘုရားတို့သည် 'သမာပတ်'တည်းဟူသောပြုပြင်ခြင်း ပြု၏။ အာနန္ဒာ။ အကြင်အခါ၌ မြတ်စွာဘုရားသည် ခပ်သိမ်းသောနိမိတ်တို့ကို နှလုံးသွင်းခြင်း, မသွင်းခြင်းကြောင့်၊ အချို့ကုန်သောလောကီဝေဒနာတို့၏ ချုပ်ခြင်းကြောင့် 'နိမိတ္တ'တည်းဟူသော စာနသမာဓိ, ဖလသမာဓိကို ပြည့်စုံစေ၍ နေ၏။

"အာနန္ဒာ။ ထိုသို့နေသောအခါ၌ မြတ်စွာဘုရား၏ ကိုယ်သည် အထူးသဖြင့် ချမ်းသာခြင်းဖြစ်၏။ အာနန္ဒာ။ ထို့ကြောင့် 'ကိုယ်'တည်းဟူသော ကိုင်းကျွန်း ရှိကုန်သည်ဖြစ်၍၊ 'ကိုယ်'တည်းဟူသော ကိုးကွယ်ရာသည်ဖြစ်၍ အာနန္ဒာတို့ နေကုန်လော့။ 'ကိုယ်'တည်းဟူသော လားရာရှိကုန်သည်။ ကိုယ်မှတစ်ပါး လားရာ မရှိကုန်သည်။ 'ဓမ္မ'တည်းဟူသော မှီရာကျွန်း ရှိကုန်သည်။ 'ဓမ္မ'တည်းဟူသော ကိုးကွယ်ရာ ရှိကုန်သည်။ ဓမ္မမှတစ်ပါးသော ကိုးကွယ်ရာ မရှိကုန်သည်ဖြစ်၍၊ 'သင်တို့ နေကုန်လော့'ဟု မိန့်တော်မူ၍၊ 'ကထဉ္စအာနန္ဒ ဘိက္ခု။ အတ္တဒီပေါဝိဟရတိ' အစရှိသောဒေသနာတော်ဖြင့် 'အရဟတ္တမဂ်'တည်းဟူသော အထွတ်ဖြင့် ဒေသနာကို ယူတော်မူ၏။

ဤ အလုံးစုံသောဝါသည်ကား ၄၅ ဝါမြောက် ဝေဠုဝဂ္ဂာ၌ ဆိုတော်မူသောအခါတည်း။

http://www.dhammadownload.com



## ရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုသည်ကို ပြခြင်း

ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစော သင်းပိုင်ပြင်ဝတ်တော်မူ၍၊ သပိတ်, သင်္ကန်းကို ယူတော်မူ၍ ဝေသာလီမြို့သို့ ဆွမ်းခံဝင်တော်မူ၏။ အဘယ်အခါ၌ ဝင်တော်မူသနည်း ဟူမူကား ဥက္ကစေလမှ ထွက်တော်မူ၍၊ ဝေသာလီမြို့သို့ သွားသောအခါ၌ ဝင်တော်မူ၏။

မြတ်စွာဘုရားသည် ဝါမှထတော်မူပြီးသော် ဝေဠုဝဂ္ဂာမှ ထွက်တော်မူ၍၊ 'သာဝတ္ထိမြို့သို့ သွားအံ့'ဟု လာတော်မူသောခရီးဖြင့်သာလျှင် တစ်ဖန် ပြန်တော်မူ၍၊ သာဝတ္ထိမြို့သို့ရောက်တော်မူပြီးသော် ဇေတဝန်ကျောင်းကြီးသို့ ဝင်တော်မူ၏။

တရားစစ်သူကြီးဖြစ်သော အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားအား ဝတ်ကိုပြု၍ နေ့နေရာအရပ်သို့ သွားတော်မူ၏။ ထိုအရပ်၌ တပည့်တော်တို့ ဝတ်ပြု၍ သွားကုန်သည်ရှိသော်၊ နေ့နေရာအရပ်ကို တံမြက် လှည်းတော်မူ၍၊ စမ္မခဏ်ကို ခင်းတော်မူ၍၊ ခြေတော်တို့ကို ဆေး၍၊ ထက်ဝယ်ဖွဲ့၍၊ ဖလသမာပတ်ကို ဝင်၍ နေတော်မူ၏။

ထိုအခါ ပိုင်းခြားတိုင်းသာလျှင် ထိုသမာပတ်မှ ထ၍၊ ရှင်သာရိပုတ္တရာအား 'မြတ်စွာဘုရားတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုတော်မူကုန်သလော။ အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကုန်သလော'ဟု ဤသို့ သဘောရှိသောအကြံသည် ဖြစ်၏။ ထိုနောင်မှ 'အဂ္ဂသာဝကတို့သည် ရှေးဦးစွာ ပရိနိဗ္ဗာန်ပြုကုန်သတည်း'ဟု သိ၍၊ ကိုယ်တော်၏ အာယုသင်္ခါရကို ကြည့်တော်မူ၏။

ထိုရှင်သာရိပုတ္တရာသည် 'ငါ၏အာယုသင်္ခါရသည် ၇ ရက်မျှသာလျှင် မြတ်လှုကုန်အံ့'ဟု သိ၍၊ 'အဘယ်အရပ်၌ ငါ ပရိနိဗ္ဗာန်ပြုရလတ္တံ့နည်း'ဟု ကြံတော်မူ၏။ ထိုနောင်မှ 'ရှင်ရာဟုလာသည် တာဝတိံသာ၌ ပရိနိဗ္ဗာန်ပြု၏။ အညာတကောဏ္ဍညသည် ဆဒ္ဒန္တအိုင်၌ ပရိနိဗ္ဗာန် ပြု၏။ ငါသည် အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုလတ္တံ့နည်း' ဟု အဖန်တလဲလဲ ဆင်ခြင်တော်မူသည်ရှိသော်၊ မယ်တော်ကို အကြောင်းပြု၍ သတိကို ဖြစ်စေ၏။

'မယ်တော်သည် ၇ ပါးသောရဟန္တာတို့၏ မယ်တော်ဖြစ်၍လည်း ဘုရား, တရား, သံဃာတို့၌ မကြည်မညို။ ထိုမယ်တော်အား မဂ်,ဖိုလ် ရအပ်သောအကြောင်းသည် ရှိသည်ဖြစ်သလော'ဟု ဆင်ခြင်တော်မူသော်၊ သောတာပတ္တိမဂ်ကို ရအံ့သောအကြောင်းကို မြင်တော်မူ၍၊ 'အဘယ်သူ၏ဒေသနာဖြင့် တရားကိုရခြင်း ဖြစ်လတ္တံ့နည်း'ဟု ဆင်ခြင်လတ်သော်၊ 'ငါ၏ဒေသနာဖြင့်သာလျှင် တရားကိုရခြင်း ဖြစ်လတ္တံ့။ တစ်ပါးသောသူတို့၏ ဒေသနာဖြင့် တရားရခြင်း မဖြစ်လတ္တံ့။ ငါသည် ကြောင့်ကြမရှိနေခြင်းသည် အကယ်၍ ဖြစ်လတ္တံ့။ တစ်ပါးသောသူတို့သည်လည်း 'သာရိပုတ္တရာထေရ်သည် မယ်တော်မှတစ်ပါးသူတို့၏ အခွင့်သည် ဖြစ်၏'

ထိုစကားသည် မှန်၏။ ရှင်သာရိပုတ္တရာ၏ သမစိတ္တသုတ်ဒေသနာဖြင့် ကုဋေ ၁ သိန်းသော နတ်တို့သည် အရဟတ္တဖိုလ်သို့ ရောက်ကုန်၏။ ၃ ပါးသောမဂ်တို့ကို သိကုန်သောနတ်တို့၏အရေအတွက်သည် မရှိ။ တစ်ပါးသောအရာတို့၌ များစွာသောလူတို့သည် တရားရခြင်း ထင်ရှားကုန်၏။ ရှင်သာရိပုတ္တရာ၌သာလျှင် စိတ်ကိုကြည်စေ၍၊ 'နတ်ပြည်၌ ၈ သောင်းသောအမျိုးတို့သည် ဖြစ်ကုန်သည်သာလျှင်တည်း။ ထို ရှင်သာရိပုတ္တရာသည်

http://www.dhammadownload.com



မယ်တော်၏ မိစ္ဆာအယူမျှကို ဖျောက်ခြင်းငှာ မနိုင်' ဤသို့ကဲ့ရဲ့ခြင်းတို့သည် ဖြစ်လတ်ကုန်အံ့။ ထို့ကြောင့် မယ်တော်ကို မိစ္ဆာအမြင်မှ လွတ်စေ၍ ဖွားရာတိုက်၌သာလျှင် ငါ ပရိနိဗ္ဗာန်ပြုအံ့' ဤသို့ အမြဲမှတ်ခြင်းကို ပြု၍၊ 'ယနေ့ပင်လျှင် မြတ်စွာဘုရားကို အခွင့်ပြုစေ၍ ထွက်အံ့'ဟု၊

"စုန္ဒ။ သင်တို့၏ ၅၀၀ မျှ ပရိသတ်တို့အား အမှတ်ကိုပေးသော်၊ 'အရှင်တို့။ သပိတ်,သင်္ကန်းကို ယူကုန်။ ရှင်သာရိပုတ္တရာသည် နာဠကရွာသို့ သွားတော်မူခြင်းငှာ အလိုတော်ရှိ၏'ဟု အမှတ်ကိုပေးလော့"ဟု အရှင်စုန္ဒကို ခေါ်၍၊ "သွားကုန်အံ့" ဆိုတော်မူ၏။ အရှင်စုန္ဒထေရ်လည်း အရှင်သာရိပုတ္တရာဆိုတိုင်း ပြု၏။

အရှင်သာရိပုတ္တရာတပည့်တို့သည်လည်း အိပ်ရာ,နေရာကို သိမ်းဆည်း၍၊ အရှင်သာရိပုတ္တရာအထံသို့ သွားကုန်၏။ အရှင်သာရိပုတ္တရာလည်း အိပ်ရာနေရာတို့ကို သိမ်းဆည်း၍၊ နေ့နေရာအရပ်ကို တံမြက်လှည်း၍၊ နေ့နေရာအရပ်၌ တံခါးဝန်ရပ်၍ နေ့နေရာအရပ်ကို ကြည့်တော်မူသော်၊ 'ဤမြင်ခြင်းသည် ယခု အဆုံးစွန်သော မြင်ခြင်းတည်း။ တစ်ဖန် လာပြန်ခြင်း မရှိပြီ'ဟု ၅၀၀ သော ရဟန်းအပေါင်းခြံရံလျက် မြတ်စွာဘုရား၌ ကပ်၍၊ မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍၊ "ရှင်ပင်ဘုရား။ အကျွန်ုပ်အား ရှင်ပင်ဘုရား ခွင့်ပြုတော်မူစေသတည်း။ အကျွန်ုပ်အား ပရိနိဗ္ဗာန်ပြုအံ့သောအခါ တန်ပြီ။ အာယုသင်္ခါရတို့ လွတ်အပ်ပြီ" ဤသို့သောအကြောင်းကို လျှောက်၏။

မြတ်စွာဘုရားလည်း 'ပရိနိဗ္ဗာန် ပြုတော်မူ'ဟူ၍ မိန့်တော်မူလည်း မလေးမြတ်၏သို့ ဆိုခဲ့မည်။ 'မပြုလင့်'ဟုဆိုလည်း ဝတ်ကိုချီးမြှင့်၏သို့ ရှိခဲ့မည်။ ထိုကြောင့် ၂ ခွန်းသောစကားကို မိန့်တော်မမူ။

မြတ်စွာဘုရားသည် "သာရိပုတ္တရာ။ အဘယ်အရပ်၌ ပရိနိဗ္ဗာန်ပြုအံ့နည်း"ဟု မေးတော်မူ၏။ "ရှင်ပင်ဘုရား။ နာဠကရွာ၌ ဖွားရာတိုက်သည် ရှိ၏။ ထိုဖွားရာတိုက်၌ အကျွန်ုပ် ပရိနိဗ္ဗာန်ပြုအံ့"ဟု လျှောက်သည်ရှိသော်၊ "သာရိပုတ္တရာ။ ယခုအခါ၌ သာရိပုတ္တရာသည် ပရိနိဗ္ဗာန်ပြုအံ့သောအခါကို သိလော့။ ယခုအခါ၌ သာရိပုတ္တရာ၏ နောင်ကြီး, ညီငယ်တို့အား သာရိပုတ္တရာကဲ့သို့သော ရဟန်းကိုမြင်ခြင်းသည် ရခဲသည်ဖြစ်လတ္တံ့။ ထို့ကြောင့် သာရိပုတ္တရာ။ နောင်ကြီး,ညီငယ်ဖြစ်သောရဟန်းတို့အား တရားဟောလော့"ဟု မိန့်တော်မူ၏။

ရှင်သာရိပုတ္တရာထေရ်သည်လည်း 'ငါ့အား 'တန်ခိုးပြခြင်း'တည်းဟူသော ရေအဆုံး ရှိသောတရားဟောခြင်းကို မြတ်စွာဘုရား အလိုတော်ရှိ၏'ဟုသိ၍၊ မြတ်စွာဘုရားကို ရှိခိုး၍၊ ထန်း ၁ ဖျား အတိုင်းအရှည်ရှိသော အရပ်သို့တက်၍၊ တစ်ဖန် သက်ပြန်၍၊ မြတ်စွာဘုရားကို ရှိခိုး၍၊ ထန်း ၇ ဖျား အတိုင်းအရှည်ရှိသော ကောင်းကင်ပြင်၌ ရပ်၍ တရားဟော၏။ သာဝတ္ထိမြို့အလုံး စည်းဝေး၏။

အရှင်သာရိပုတ္တရာသည်လည်း ကောင်းကင်မှ သက်ပြန်၍၊ မြတ်စွာဘုရားကို ရှိခိုး၍၊ "ရှင်ပင်ဘုရား။ အကျွန်ုပ်သွားအံ့သောအခါ တန်ပြီ"ဟု လျှောက်၏။ မြတ်စွာဘုရားသည် 'တရားစစ်သူကြီးဖြစ်သော ရှင်သာရိပုတ္တရာကို ပို့အံ့'ဟု ဘုရားနေရာမှ ထတော်မူ၍၊ ဂန္ဓကုဋီသို့ ရှေးရှုသွားတော်မူ၍ ပတ္တမြားစီသော အဦး၌ဝင်အပ်သော ပျဉ်၌ ရပ်တော်မူ၏။

အရှင်သာရိပုတ္တရာသည် မြတ်စွာဘုရားကို ၃ ကြိမ် လက်ယာရစ်လှည့်၍၊ ၄ ပါးသောအရပ်တို့၌ ရှိခိုး၍၊ "ရှင်ပင်ဘုရား။ ဤကမ္ဘာမှ ကမ္ဘာ ၁ သိန်းအလွန်ရှိသော အသင်္ချေထက်၌ အနောမဒဿီမြတ်စွာဘုရား၏ ခြေတော်၌ ဝပ်၍ ရှင်ပင်ဘုရားတို့ကို ဖူးမြင်ခြင်းငှာ အကျွန်ုပ် တောင့်တ၏။ ထိုဆုတောင်းပြည့်သည်ကို အကျွန်ုပ်မြင်ပြီ။ ရှင်ပင်ဘုရားတို့အား ထိုသို့သဘောရှိသော ရှေးဦးစွာမြင်ခြင်းကို အကျွန်ုပ် မြင်ပြီ။ ဤမြင်ခြင်းသည်ကား အဆုံးစွန်သော မြင်ခြင်းတည်း။ တစ်ဖန် ရှင်ပင်ဘုရားတို့အား မြင်ခြင်းသည် မရှိပြီ"ဟု မြတ်စွာဘုရားကိုသာလျှင်၊

http://www.dhammadownload.com



'ဆိန္နောဒါနိဘဝိဿာမိ၊ လောကနာထ မဟာမုနိ။
ဂမနာ ဂမနံ နတ္ထိ၊ ပစ္ဆိမာ ဝန္ဒနာ တယံ။
ဓိဝိတံ အပွက် မယှံ၊ ဣတော သတ္တာဟု မစ္စယေ။
နိက္ခိပေယျပတံဒေဟံ၊ ဘာရဝေါရောဟနံယထာ။ ။'

''လူ ၃ ပါးတို့ ကိုးကွယ်ရာဖြစ်သော မြတ်စွာဘုရား။ ယခု အကျွန်ုပ်သည် မြတ်သောသွားခြင်း ရှိသည်ဖြစ်၍ သွားအံ့။ လာခြင်း၊ သွားခြင်းသည် အကျွန်ုပ်အား ချအံ့''ဟု ဤဂါထာတို့ဖြင့် လျှောက်၏။

ဤသို့ လျှောက်ပြီး၍၊ တစ်ဖန် ''ရှင်ပင်ဘုရားတို့အား မြင်ခြင်းသည် မရှိပြီ။ ရှင်ပင်ဘုရားအား ဤရှိခိုးခြင်းသည် အဆုံးစွန်သောရှိခိုးခြင်းတည်း။ အကျွန်ုပ် အသက်သည်လည်း နည်းပြီ။ ဤနေ့မှ ၇ ရက် လွန်သည်ရှိသော် ဝန်ကိုဆောင်သော သူသည် ဝန်ကိုချသကဲ့သို့ 'ကိုယ်'တည်းဟူသောဝန်ကို အကျွန်ုပ်ချအံ့'' ဟု ဤဂါထာတို့ဖြင့် လျှောက်၏။

ဤသို့ လျှောက်ပြီး၍၊ လက်အုပ်ချီ၍ အကြင်ရွာလောက် မြတ်စွာဘုရားကို မြင်ရာအရပ်သည် ရှိ၏။ ထိုရွာလောက် မြတ်စွာဘုရားသို့ရှေးရှုသာလျှင် သွား၍၊ ''ဤအဖြစ်မှ စ၍ စုတိ၊ ပဋိသန္ဓေအားဖြင့် တစ်စုံတစ်ခု သောအရပ်၌ လာခြင်းမည်သည် မရှိ''ဟု ရှိခိုး၍ သွား၏။ ထိုအခါ၌ ရေအဆုံးကိုပြု၍ မြေကြီးလှုပ်ခြင်းသည် ဖြစ်၏။

မြတ်စွာဘုရားသည် ခြံရံ၍ရပ်သော တပည့်တော်တို့ကို ''ရဟန်းတို့။ သင်တို့၏နောင်ကြီးကို ပို့ကုန်လော့'' ဟု မိန့်တော်မူ၏။ ရဟန်းတို့လည်း တံခါးပြင်တိုင်အောင် ပို့ကုန်၏။

အရှင်သာရိပုတ္တရာသည် ''အရှင်တို့ ရပ်တော့။ မမေ့မလျော့ဖြစ်ကုန်''ဟု ဆုံးမ၍ ပြန်စေ၏။ အရှင်သာရိပုတ္တရာသည် ယခင်ပရိသတ်နှင့် တကွသာလျှင်သွား၏။

လူတို့သည် ''ရှေး၌ အရှင်သာရိပုတ္တရာသည် တစ်ဖန်ပြန်သောဒေသစာရီကို သွားတော်မူ၏။ ယခုအခါ သွားခြင်းသည် တစ်ဖန်ပြန်ခြင်းငှာ မသွား''ဟု ငိုကြွေးကုန်လျက် အစဉ်လိုက်ကုန်၏။ ထိုလူတို့ကိုလည်း ''မမေ့မလျော့ ဖြစ်ကုန်လော့။ သခီါရတရားတို့သည်ကား ဤသို့ သဘောရှိကုန်၏''ဟု ဆုံးမတော်မူ၍ ပြန်စေ၏။

ထိုအခါ အရှင်သာရိပုတ္တရာသည် ခရီးအကြား၌ ၇ ရက်ပတ်လုံး လူတို့အား ချီးမြှင့်ခြင်းကိုပြုတော်မူ၍ ညချမ်းသောအခါ၌ နာဠကရွာသို့ ရောက်တော်မူ၏။ ရွာတံခါးပြင် ပညောင်ပင်၏အနီး၌ ရပ်တော်မူ၏။

ထိုအခါ 'ဥပရေဝတ'အမည်ရှိသော အရှင်သာရိပုတ္တရာ တူတော်သည် ရွာပသို့သွားသည်ရှိသော်၊ အရှင်သာရိပုတ္တရာကို မြင်၍၊ အပါးသို့ကပ်၍ ရပ်၏။ အရှင်သာရိပုတ္တရာသည် ထိုလုလင်ကို ''အိမ်၌ သင်၏အဖွားရှိသလော''ဟု မေး၏။ ''အရှင်ဘုရား။ ရှိ၏''ဟု ဆို၏။

''ဥပရေဝတ။ သွားချေ။ ငါတို့ ဤအရပ်သို့လာကြောင်းကို ကြားချေ။ 'အဘယ်စဉ် လာသနည်း'ဟု မေးသည်ရှိသော်၊ ယနေ့ တစ်ညဉ့်ပတ်လုံး ရွာတွင်း၌နေခြင်းကို ဖြစ်လတ္တံ့။ ဖွားရာတိုက်ကို သုတ်သင်ကုန်။ ၅၀၀ သောရဟန်းတို့၏နေရာကိုလည်း သိကုန်ဟုဆိုလော့'' ဟူ၍ စေတော်မူ၏။

ထိုဥပရေဝတလည်း သွား၍၊ ''ဘွားတော်။ ငါတို့ဝရီးတော်သည် လာ၏''ဟုဆို၏။ ''ယခု အဘယ်မှာနည်း'' ဟု မေး၏။

''ရွာတံခါး၌ နေသည်''ဟုဆို၏။ ''တစ်ယောက်တည်းသာလော။ တစ်ပါးအပေါင်း ပါသလော'' မေးပြန်၏။

http://www.dhammadownload.com



''၅၀၀ သော ရဟန်းအပေါင်း ပါ၏'' ဟုဆို၏။ ''အဘယ်ကြောင့် လာသနည်း'' ဟု မေးပြန်၏။ ထိုဥပရေဝတလည်း အရှင်သာရိပုတ္တရာ မှာတော်မူသောအကြောင်းကို ပြန်၏။

မယ်တော်လည်း 'ဤမြတ်သောရဟန်းတို့၏နေရာအရပ်ကို အဘယ်ကြောင့်သုတ်သင်သနည်း။ ငယ်သောအခါ ရဟန်းပြု၍ ကြီးသောအခါ၌ လူပြုလို၏' ဟုအကြံရှိသည် ဖြစ်၍၊ ဖွားရာတိုက်ကို သုတ်သင်စေ၍၊ ၅၀၀ သောရဟန်းတို့၏ နေရာအရပ်ကို ဆီမီးရှို့၍ အရှင်သာရိပုတ္တရာသို့ စေ၏။

အရှင်သာရိပုတ္တရာလည်း ရဟန်းအပေါင်းနှင့်တကွ ပြာသာဒ်သို့ တက်၍၊ ဖွားရာတိုက်သို့ ဝင်၍ နေ၏။ ထိုတိုက်သို့ဝင်ပြီးသော်၊ ''ရဟန်းတို့၏နေရာအရပ်သို့ သွားကုန်''ဟု လွှတ်၏။

ထိုတပည့်တို့သွားကုန်သည်ရှိသော် အရှင်သာရိပုတ္တရာအား နာကျင်သောအနာသည် ဖြစ်၏။ သွေးသွန်သောဝေဒနာ၊ ပရိနိဗ္ဗာန်ပြုခြင်း၏အနီးဖြစ်သော ဝေဒနာတို့သည် ဖြစ်ကုန်၏။ သွေးခံသောအိုးကို သွင်း၍ တစ်ခုကို ထုတ်၏။ မယ်တော်ပုဏ္ဏားမသည် ''ငါ့သား၏အဖြစ်ကို ငါ မရှုဝံ့''ဟု မိမိနေသော တိုက်တံခါးကို မှိ၍နေ၏။

စတုမဟာရာဇိနတ်မင်းကြီး ၄ ယောက်တို့သည် 'တရားစစ်သူကြီး အရှင်သာရိပုတ္တရာသည် အဘယ်အရပ်၌ နေသနည်း' ဟုကြည့်ကုန်သည်ရှိသော်၊ ''နာဠကရွာ ဖွားရာတိုက်၌ ပရိနိဗ္ဗာန်ပြုအပ်သော ညောင်စောင်း၌ လျောင်း၏။ အဆုံးစွန်မြင်ခြင်းသို့ ငါတို့ရောက်ကုန်အံ့''ဟု လာကုန်၍ ရှိခိုးလျက်နေကုန်၏။

အရှင်သာရိပုတ္တရာလည်း ထိုနတ်တို့ကို ''သင်တို့ အဘယ်သူနည်း''ဟု မေးတော်မူ၏။ ''အရှင်ဘုရား။ နတ်မင်းကြီးတို့တည်း''ဟု ဆိုကုန်၏။ ''အဘယ်ကြောင့် လာကုန်သနည်း''ဟု မေးပြန်၏။ ''နာသောသခင်ကို အကျွန်ုပ်တို့ လုပ်ကျွေးကုန်အံ့''ဟု ဆိုကုန်၏။ ''ထိုသို့လာသည် ဖြစ်စေ။ လုပ်ကျွေးသောသူ ရှိ၏။ သင်တို့ သွားကုန်လော့''ဟု ထိုနတ်မင်းကြီးတို့ကို လွှတ်၏။

ထိုနတ်မင်းကြီးတို့ သွားသောအဆုံး၌ သိကြား, အသုရာ အစရှိသော နတ်, မဟာဗြဟ္မာတို့သည် လာကုန်၏။ ထိုနတ်, ဗြဟ္မာတို့လည်း ထို့အတူ ရှင်သာရိပုတ္တရာ လွှတ်တော်မူ၏။

မယ်တော်သည် ထိုနတ်တို့ လာသည်, သွားသည်၏အဖြစ်ကို မြင်၍၊ 'ထိုသူတို့သည် ငါ့သားကို ရှိခိုး၍ သွားကုန်သလော'ဟု အရှင်သာရိပုတ္တရာ၏ ဖွားရာတိုက်တံခါးသို့ သွား၍၊ ''ချစ်သား စုန္ဒ။ အဘယ်သို့ ဖြစ်သနည်း''ဟု မေး၏။ ထိုစုန္ဒထေရ်သည် ထိုအကြောင်းကိုကြား၍၊ ''အရှင်ဘုရား။ မယ်တော် လာ၏''ဟု အရှင်သာရိပုတ္တရာအား လျှောက်၏။

အရှင်သာရိပုတ္တရာလည်း ''အခါမဟုတ်လျက် အဘယ့်ကြောင့် လာသနည်း'' ဟု မေး၏။ မယ်တော်ကား ''ချစ်သား။ ချစ်သားအား မြင်ခြင်းငှာလာသည်''ဟုဆို၏။

''ချစ်သား။ ရှေးဦးစွာ အဘယ်သူတို့ လာသနည်း'' ဟုမေး၏။ ''ဥပါသိကာ။ နတ်မင်းကြီး ၄ ပါး တို့သည် လာကုန်သည်''ဟု မိန့်တော်မူ၏။

''ချစ်သား။ ထိုနတ်မင်းတို့ထက် ချစ်သားသည် မြတ်သလော''ဟု မေး၏။ ''ဥပါသိကာ။ ထိုနတ်မင်းတို့သည် အရံအစောင့်နှင့် တူကုန်၏။ ငါတို့မြတ်စွာဘုရား ပဋိသန္ဓေနေတော်မူသောနေ့မှ စ၍ သံလျက်စွဲကုန်လျက် အစောင့်အရှောက်ကိုပြုကုန်၏''ဟု အရှင်သာရိပုတ္တရာ မိန့်တော်မူကုန်၏။

ထို့နောင် သိကြားလာသော အကြောင်းကို မေး၏။

http://www.dhammadownload.com



အရှင်သာရိပုတ္တရာလည်း ''ထိုနတ်မင်းတို့ နောင်မှ လာသောသူသည် ပရိက္ခရာတို့ကို သိမ်းဆည်းသော သာမဏေနှင့် တူ၏။ ငါတို့မြတ်စွာဘုရား တာဝတိံသာမှ သက်တော်မူသောအခါ သပိတ်, သင်္ကန်းတော်ကို ကိုင်၍သက်သော သိကြားတည်း''ဟု မိန့်တော်မူ၏။

''ထိုသိကြား နောင်၌ ထွန်းပသကဲ့သို့သော လာသောသူသည် အဘယ်သူနည်း''ဟု မေး၏။ ''ဥပါသိကာ။ ထွန်းပသကဲ့သို့ လာသောသူသည် 'မယ်တော်၏ ဘုရားအရာ'ဟူသော မြတ်ဗြဟ္မာတည်း''ဟု မိန့်တော်မူ၏။

''ချစ်သား။ ငါတို့၏ဘုရားဖြစ်သော ဗြဟ္မာကြီးထက်လည်း ချစ်သားသည် မြတ်သလော'' ဟုဆို၏။ ''ဥပါသိကာ။ မြတ်၏။ ထို ၄ ယောက်သောဗြဟ္မာကြီးတို့သည် ငါတို့မြတ်စွာဘုရား ဖွားတော်မူသောနေ့၌ ယောကျ်ားမြတ်ကို ရွေကွန်ရက်ဖြင့် ခံကုန်၏''ဟု မိန့်တော်မူ၏။

ထိုအခါ၌ 'ငါ့သား၏အာနုဘော်သည် ဤသို့ သဘောရှိ၏။ ငါ့သားဆရာ မြတ်စွာဘုရားအာနုဘော်သည်ကား အဘယ်ဆိုဖွယ် ရှိအံ့နည်း'ဟု မယ်တော် အကြံဖြစ်သည်နှင့်တကွ ၅ ပါးသောအကြောင်းရှိသော ဝိတိဖြစ်၍ ကိုယ်အလုံးနှံ့၏။

အရှင်သာရိပုတ္တရာလည်း 'ငါ့မယ်တော်အား နှစ်လိုဝမ်းမြောက်ခြင်းသည် ဖြစ်ပြီ။ ဤအခါသည် တရားဟောအံ့သောအခါတည်း'ဟု ကြံတော်မူ၍၊ ''ဥပါသိကာ။ အဘယ် ကြံတော်မူသနည်း''ဟု မေးတော်မူ၏။

မယ်တော်လည်း ''ချစ်သား။ ငါ့သား၏ ကျေးဇူးသည် ဤသို့သဘော ရှိ၏။ 'ငါ့သား၏ဆရာ မြတ်စွာဘုရား ကျေးဇူးတော်သော်ကား အဘယ်ဆိုဖွယ်ရာ ဖြစ်လတ္တံ့နည်း'ဟု ဤသို့သောအကြောင်းကို ကြံသတည်း''ဟု ဆို၏။

''ဥပါသိကာ။ ငါတို့မြတ်စွာဘုရား ဖွားတော်မူသောအခါ, ရဟန်းပြုတော်မူသောအခါ, ဘုရားဖြစ်တော်မူသောအခါ ၁ သောင်းသော လောကဓာတ်သည် တုန်လှုပ်၏။ သီလ အစရှိသော တူသောသူသည် မရှိ''

'ကတိပိသော ဘဂဝါ အရဟံ' အစရှိသောအားဖြင့် အကျယ်အားဖြင့် ဘုရားကျေးဇူးနှင့် ယှဉ်သော တရားကို ဟောတော်မူ၏။

မယ်တော်သည် ချစ်စွာသောသား၏ ဒေသနာတော်အဆုံး၌ သောတာပတ္တိဖိုလ်၌ တည်၍၊ ''ချစ်သား ဥပတိဿ။ အဘယ်ကြောင့် ဤသို့ပြုဘိသနည်း။ ဤသို့သဘောရှိသော့ အမြိုက်နိဗ္ဗာန်ကို အကျွန်ုပ်အား ဤမျှ သောကာလပတ်လုံး မပေးပါသနည်း''ဟု သားတော်ကို ဆို၏။

ရှင်သာရိပုတ္တရာသည် 'ယခု 'ရူပသာရီ' အမည်ရှိသော ပုဏ္ဏားမအား မွေးကျေးဇူးကို ဆပ်ပြီ။ ဤမျှသော တရားဖြင့် သင့်လတ္တံ့'ဟု ကြံ၍၊ ''မဟာဥပါသိကာ။ သွားတော့''ဟု မယ်တော်ကို လွှတ်၏။

''စုန္ဒ။ ယခု ဘယ်အခါနည်း'' မေးတော်မူ၏။ ''အရှင်ဘုရား။ မိုးသောက်သောအခါတည်း''ဟု လျှောက်၏။

''စုန္ဒ။ ရဟန်းအပေါင်းတို့ကို စည်းဝေးကုန်''ဟု မိန့်တော်မူ၏။ ''သခင်ဘုရား။ ရဟန်းအပေါင်း စည်းဝေးပြီ''ဟု လျှောက်၏။ ''စုန္ဒ။ ငါ့ကိုထူ၍ တည်စေ''ဟု မိန့်တော်မူ၏။ ထူ၍ နေစေ၏။

အရှင်သာရိပုတ္တရာသည် ''ရဟန်းတို့။ ၄၄ နှစ်ပတ်လုံး ငါနှင့် တကွကျင်လည်ကုန်သော သင်တို့အား ကိုယ်ဖြင့်ဖြစ်သော, နှုတ်ဖြင့်ဖြစ်သော အကြင်အမှုကို မနှစ်သက်ကုန်။ ထိုအမှုကို သည်းခံစေသတည်း''ဟု ရဟန်းတို့ကိုခေါ်၍ မိန့်တော်မူ၏။

http://www.dhammadownload.com



"သခင်ဘုရား။ ဤမျှသောကာလပတ်လုံး အရိပ်ကိုကဲ့သို့ သခင်ဘုရားတို့ကို မလွတ်မူ၍ ကျင်လည်သော အကျွန်ုပ်တို့အား မနှစ်သက်သောမည်သည် မရှိ။ သခင်ဘုရားတို့သည် အကျွန်ုပ်တို့အား သည်းခံတော်မူလော" ဟု လျှောက်ကုန်၏။

အရှင်သာရိပုတ္တရာသည် နေအရဏ်တက်လတ်သည်ရှိသော် မြေကြီးကို ပဲ့တင်ထပ်စေ၍ ကမ္ဘဏ္ဍဝါကြွင်း မရှိသော ပရိနိဗ္ဗာန်ဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

ထိုအခါ၌ များစွာသော နတ်,လူတို့သည် အရှင်သာရိပုတ္တရာ ပရိနိဗ္ဗာန်ပြုရာ၌ ပူဇော်သက္ကာရကို ပြုကုန်၏။ မယ်တော်သည် ရွှေအတိုင်းသော ပြာသာဒ် ၅၀၀ တို့ဖြင့် အရှင်သာရိပုတ္တရာအလောင်းတော်ကို သင်္ဂြိုဟ်၏။ အရှင်သာရိပုတ္တရာသည် နာဠကရွာ ဖွားတော်မူရာတိုက်၌ တန်ဆောင်မုန်းလပြည့်နေ့ ပရိနိဗ္ဗာန်ပြု၏။

အရှင်စုန္ဒသည် အရှင်သာရိပုတ္တရာ သပိတ်,သင်္ကန်းတော်ကို လည်းကောင်း၊ ဓာတ်တော်ထည့်သော ရေစစ်ကို လည်းကောင်း ယူ၍၊ ဇေတဝန်ကျောင်းတော်သို့ သွား၍၊ အရှင်အာနန္ဒာကို ပင့်၍၊ မြတ်စွာဘုရားကို ကပ်၍၊ မြတ်စွာဘုရားလည်း ရေစစ်ဖြင့်ဆောင်ခဲ့သော ဓာတ်တော်တို့ကို ကိုင်တော်မူ၍၊ ဂါထာ ၅၀၀ တို့ဖြင့် အရှင်သာရိပုတ္တရာကျေးဇူးကို မိန့်တော်မူ၍ ဓာတ်တော်တို့ကို စေတီတည်စေ၏။

မြတ်စွာဘုရား ရာဇဂြိုဟ်မြို့သို့သွားတော်မူခြင်းငှာ အရှင်အာနန္ဒာအား အမှတ်ကို ပေးတော်မူ၏။ အရှင်အာနန္ဒာသည် ရဟန်းတို့အား ကြား၏။ မြတ်စွာဘုရားလည်း ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်မြို့သို့ သွားတော်မူ၍၊ ဝေဠုဝန်ကျောင်းတော်၌ နေတော်မူ၏။

http://www.dhammadownload.com



## အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန်ပြုသည်ကို ပြခြင်း

ထိုအခါ အရှင်မောဂ္ဂလာန်လည်း ဣသိဂိလိတောင်နံပါး ကာဠသိလာ၌ နေတော်မူ၏။

ထိုရှင်မောဂ္ဂလာန်သည်ကား တန်ခိုးအစွမ်းအားဖြင့် အထွတ်သို့ရောက်သည်၏ အဖြစ်ကြောင့်၊ နတ်ပြည်သို့လည်းကောင်း, ဥဿဒရက်ငရဲ၌ လည်းကောင်း ဒေသစာရီ သွားတော်မူ၏။ နတ်ပြည်၌ဖြစ်သော မြတ်စွာဘုရားတပည့်တော်တို့၏ နတ်ပြည်၌ ကြီးစွာသောစည်းစိမ်ချမ်းသာကို ခံစားကုန်၏။ တိတ္ထိတပည့်တို့တွင် ဤအမည်ရှိသောသူ, ဤအမည်ရှိသော တိတ္ထိသည် အပါယ် ၄ ပါးတို့တွင် ဤအမည်ရှိသောအပါယ်၌ ဖြစ်၏ဟု လူတို့အားပြောဟော၏။ လူတို့သည်လည်း အရှင်မောဂ္ဂလာန်စကားကို ကြား၍ သာသနာတော်၌ ကြည်ညိုကုန်၏။ တိတ္ထိအယူကို စွန့်ကုန်၏။ မြတ်စွာဘုရားတပည့်တော်တို့အား ကြီးစွာသော ပူဇော်သက္ကာရ ဖြစ်၏။ တိတ္ထိတို့အား ပူဇော်သက္ကာရသည် ယုတ်၏။

တိတ္ထိတို့သည် အရှင်မောဂ္ဂလာန်၌ ရန်ငြိုးဖွဲ့၍၊ 'ဤမောဂ္ဂလာန် အသက်ရှည်ခြင်းကြောင့် ငါတို့ အလုပ်အကျွေးတို့သည် ပျက်ကုန်၏။ ပူဇော်သက္ကာရလည်း ယုတ်ကုန်၏။ ဤမောဂ္ဂလာန်ကို သတ်ကုန်အံ့'ဟု တိတ္ထိတို့သည် အရှင်မောဂ္ဂလာန်ကို သတ်စေခြင်းငှာ 'သမဏဂုတ္တ'အမည်ရှိသော ခိုးသူအား အထောင်သောဥစ္စာကို ပေးကုန်၏။ ထိုခိုးသူသည် 'အရှင်မောဂ္ဂလာန်ကို သတ်အံ့'ဟု များသောအခြံအရံနှင့်တကွ ကာဠသိလာအရပ်သို့လာ၏။ အရှင်မောဂ္ဂလာန်သည်လည်း ထိုခိုးသူတို့လာသည်ကို မြင်၍၊ တန်ခိုးတော်ဖြင့် ကောင်းကင်သို့တက်၍ ပျံတော်မူ၏။ ခိုးသူသည် ထိုနေ့၌ အရှင်မောဂ္ဂလာန်ကို မမြင်၍ ပြန်လေ၏။

၁ ရက် - ၂ ရက် - ၃ ရက်သည် မမြင်၍သာ ပြန်လေ၏။ ဤနည်းဖြင့် ၆ ရက်မြောက်သောနေ့၌ လာ၏။ အရှင်မောဂ္ဂလာန်သည် တန်ခိုးဖြင့်သာလျှင် ပျံ၍ သွားတော်မူ၏။ ၇ ရက်မြောက်သောနေ့၌ကား အရှင်မောဂ္ဂလာန်၏ ရှေးဥပြုအပ်သော, အဆက်ဆက်ခံစားအပ်သော အကုသိုလ်ကံသည် အခွင့်ရ၏။

ထိုအရှင်မောဂ္ဂလာန်သည် ရှေ့သံသရာ၌ မယားစကားကို နာ၍၊ မယ်တော်,ခမည်းတော်တို့ကို သတ်လိုသည်ဖြစ်၍၊ ယာဉ်ဖြင့် တောသို့ဆောင်၍၊ ခိုးသူတို့၏ထားသောအခြင်းအရာကို ပြု၍ အမိအဖတို့ကို သတ်ပုတ်၏။ ထိုအမိအဖတို့သည် မျက်စိမမြင်သည်၏အဖြစ်ကြောင့် 'အဆင်းနှင့် မမှတ်မိရာ'ဟု မသိကုန်သည် ဖြစ်၍၊ 'ခိုးသူတို့သာလျှင်တည်း'ဟု မှတ်၍၊ ''ချစ်သား။ ဤအမည်ရှိသောခိုးသူတို့သည် ငါတို့ကို သတ်ပုတ်ကုန်၏။ ချစ်သားသည် သွားလော့'' ဤသို့သာလျှင် ငိုကြွေးကုန်၏။

ထိုသားသည်လည်း 'အမိအဖတို့ကို သတ်ပုတ်လျက်လည်း ငါ၏ အစီးအပွားသာလျှင် မလျော်ပတ်သော အမှုကို ငါပြုမိ၏'ဟု ကြဲသတတ်။ ထိုအခါ၌ အမိအဖတို့ကို ခိုးသူတို့၏ ပြေးသောအခြင်းအရာကို ပြု၏။ နှစ်သိမ့်စေ၍၊ လက်,ခြေတို့ကို ဆုပ်နယ်၍၊ ''မိခင်, ဖခင်တို့။ မကြောက်ကုန်လင့်။ ခိုးသူတို့သည် ပြေးကုန်ပြီ'' ဆို၏။ မိမိအိမ်သို့လျှင် တစ်ဖန် ဆောင်ပြန်၏။

http://www.dhammadownload.com



ထိုမကောင်းမှုသည် ဤမျှသောကာလပတ်လုံး အခွင့်ကို မရ၍၊ ပြာဖြင့်ဖုံးလွှမ်းသော မီးကျီးကဲ့သို့ တည်၍၊ အဆုံးစွန်သော ကိုယ်တော်အဖြစ်သို့ လိုက်၍ ပေး၏။ အရှင်မောဂ္ဂလာန်သည် ထိုမကောင်းမှု၏ အကျိုးဆက်ကြောင့် ကောင်းကင်သို့ပျံခြင်းငှာ မတတ်နိုင်။ နန္ဒောပနန္ဒနဂါးမင်းကို ဆုံးမခြင်းငှာစွမ်းနိုင်သော အရှင်မောဂ္ဂလာန်၏ တန်ခိုးတော်သည် ကဲ့၏အစွမ်းကြောင့် အားနည်းသောအဖြစ်သို့ ရောက်၏။

ထိုခိုးသူသည် အရှင်မောဂ္ဂလာန်၏အရိုးတော်ကို ကျေစေ၏။ အိတ်၌ထည့်သော ဖွဲဆန်ကဲ့သို့ပြု၍၊ 'စုတေပြီ'ဟု မှတ်၍၊ ချု၌ပစ်၍ အခြေအရံနှင့်တကွ ဖဲလေ၏။

အရှင်မောဂ္ဂလာန်သည် သတိတော်ရ၍၊ ဈာန်ကို ပွားစေ၍၊ ပြန်တော်မူ၍၊ မြတ်စွာဘုရားအထံတော်သို့ သွား၍၊ မြတ်စွာဘုရားကို ရှိခိုး၍၊ "ရှင်ပင်ဘုရား။ အာယုသင်္ခါရကို အကျွန်ုပ်လွှတ်ပြီ။ အကျွန်ုပ် ပရိနိဗ္ဗာန်ပြုပါအံ့"ဟု လျှောက်၏။

"မောဂ္ဂလာန်။ ပရိနိဗ္ဗာန် ပြုအံ့လော"ဟု မေးတော်မူ၏။ "ပရိနိဗ္ဗာန်ပြုအံ့"ဟု လျှောက်၏။

"အဘယ်အရပ်၌ ပရိနိဗ္ဗာန် ပြုအံ့နည်း"ဟု မေးသည်ရှိသော်၊ "ကာဠသိလာ၌ ပရိနိဗ္ဗာန်ပြုအံ့" ဟု လျှောက်၏။

အရှင်မောဂ္ဂလာန်အား "တရားဟော၍ သွားလော"ဟု မိန့်တော်မူ၏။ "ယခု မောဂ္ဂလာန်ကဲ့သို့သော တပည့်တော်သည် အဘယ်မှာ ရှိအံ့နည်း"ဟု မိန့်တော်မူ၏။ အရှင်မောဂ္ဂလာန်သည် "သံတော်ဦးတင်ပြီ"ဟု ဝန်ခံ၍၊ မြတ်စွာဘုရားကို ရှိခိုး၍၊ ကောင်းကင်သို့တက်၍၊ အရှင်သာရိပုတ္တရာကဲ့သို့ အထူးထူးသောတန်ခိုးတို့ကို ပြ၍၊ တရားဟောပြီး၍ ထိုကာဠသိလာ အရပ်၌ပင်လျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။

အရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် ပြုတော်မူသောခဏာ၌ နတ်ပြည် ၆ ထပ်၌ နတ်တို့သည် တစ်ပြိုင်နက် အုတ်အုတ် ကျက်ကျက် ဖြစ်ကုန်၏။ "တို့ဆရာအရှင်မောဂ္ဂလာန် ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီ"ဟု ထိုနတ်တို့သည် နတ်၌ ဖြစ်ကုန်သော နံ့သာ, ပန်း, အထုံအခိုးတို့ကို လည်းကောင်း၊ အထူးထူးသော စန္ဒကူးထင်းတို့ကို လည်းကောင်း ယူ၍လာကုန်၏။ အတောင် ၉၉ အတိုင်းအရှည်ရှိသော ထင်းပုံသည် ဖြစ်၏။

မြတ်စွာဘုရားလည်း အရှင်မောဂ္ဂလာန်အလောင်းအနီး၌ ရပ်တော်မူ၏။

သခ္ခိုင်းတော်၏ထက်ဝန်းကျင် ၁ ယူဇနာအတိုင်းရှည်ရှိသော အရပ်တို့၌ ပန်းမိုးရွာ၏။ နတ်တို့၏အကြား၌ လူ, လူတို့၏အကြား၌ နတ်တို့သည် စည်းဝေးကုန်၏။ ၇ ရက်ပတ်လုံး သူတော်ကောင်းတို့၏ မြူးထူးခြင်းကို မြူးထူးကုန်၏။ မြတ်စွာဘုရားသည် အရှင်မောဂ္ဂလာန်ဓာတ်တော်တို့ကို ယူစေ၍ ဝေဠုဝန်ကျောင်းတော်တံခါး၌ စေတီ တည်တော်မူစေ၏။

[ဝတ္ထုတစ်ကြောင်းလည်း ဤဝတ္ထုကဲ့သို့ 'မယားစကားကို နာ၍၊ အမိအဖတို့ကို တောသို့ ဆောင်၍၊ အသက်ကုန်ခြင်းသို့ ရောက်စေ၍၊ ချု၌ပစ်၍ သွား၏'ဟုလာ၏။ ဤဝတ္ထုနှင့်မူကား ညီသကဲ့သို့ ထင်၏။ ထို ၂ ပါးသောကဲတို့သည် ညီ၍ အရှင်မောဂ္ဂလာန်အဖြစ်တော်၌ အကျိုးကို ပေးစေကုန်၏ ဟုသိအပ်ကုန်၏။]

http://www.dhammadownload.com



## မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုရန် မာရ်နတ်လျှောက်သည့် အကြောင်း

ဤသို့လျှင် မြတ်စွာဘုရားသည် အရှင်မောဂ္ဂလာန်ဓာတ်တော်တို့ကို စေတီ တည်စေ၍ ရာဇဂြိုဟ်မြို့မှ ထွက်တော်မူ၏။ အစဉ်အတိုင်းသော ဒေသစာရီအားဖြင့် ဂင်္ဂါသို့ ရောက်တော်မူ၍ ဥက္ကစေလသို့ ရောက်တော်မူ၏။ ထိုဥက္ကစေလရွာ၌ ရဟန်းအပေါင်းခြံရံလျက် နေတော်မူ၍၊ ရှင်သာရိပုတ္တရာ, ရှင်မောဂ္ဂလာန်တို့၏ ပရိနိဗ္ဗာန်ပြုခြင်းနှင့် ယှဉ်သောတရားကို ဟောတော်မူ၏။ ဥက္ကစေလမှ ထွက်တော်မူ၍၊ ဝေသာလီသို့ သွားတော်မူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစော သင်းပိုင်ကို ပြင်ဝတ်၍၊ သပိတ်, သင်္ကန်းကို ယူတော်မူ၍ ဝေသာလီမြို့သို့ ဆွမ်းခံဝင်တော်မူ၏။ ။ ဤသို့ ဆိုခဲ့ပြီးလည်းလျှင် ထိုဝေသာလီမြို့၌ ဆွမ်းခံဝင်တော်မူသော ပါဋိဓေတ်ကို ပြကြောင်းဖြစ်သော စကားတည်း။

မြတ်စွာဘုရားသည် ဝေသာလီမြို့၌ ဆွမ်းခံသွားတော်မူ၍ ဆွမ်းဘုဉ်းပေးတော်မူပြီးသော်၊ ''အာနန္ဒာ။ စမ္မခဏ်းကို ယူလော့။ စာပါလစေတီသို့ နေ့နေခြင်းငှာ ကပ်ကုန်အံ့''ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဝန်ခံ၏။ စမ္မခဏ်းကိုယူ၍ နောက်တော်၌ အစဉ်လိုက်၏။

ထိုအခါ၌ မြတ်စွာဘုရားသည် စာပါလစေတီသို့ ကပ်တော်မူ၍ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူ၏။ အရှင်အာနန္ဒာသည် မြတ်စွာဘုရားကို ရှိခိုး၍ တင့်အပ်စွာနေပြီးသော်၊ အရှင်အာနန္ဒာကို

''အာနန္ဒာ။ ဝေသာလီမြို့သည် မွေ့လျော်ဖွယ်ရှိ၏။ ဥတေနဘီလူးအား အလေးအမြတ် ပူဇော်သက္ကာရကို ပြုရာဖြစ်သော 'ဥတေနစေတီ'မည်သော ကျောင်းသည်လည်း မွေ့လျော်ဖွယ် ရှိ၏။ 'ဂေါတမကစေတီ, ဗဟုပုတ္တကစေတီ, သာနန္ဒရစေတီ, စာပါလစေတီ' အမည်ရှိသောကျောင်းသည် မွေ့လျော်ဖွယ်ရှိ၏။

''အာနန္ဒာ။ အကြင် အမှတ်မရှိသောသူသည် ဣဒ္ဓိပါဒ် ၄ ပါး တို့ကို ပွားစေကုန်၏။ များစွာပြုအပ်ကုန်၏။ က,အပ်သောယာဉ်ကဲ့သို့ ပြုအပ်ကုန်၏။ တည်ရာကိုကဲ့သို့ ပြုအပ်ကုန်၏။ အဓိဋ္ဌာန် အပ်ကုန်၏။ ထက်ဝန်းကျင်မှ ဆည်းပူးအပ်ကုန်၏။ ကောင်းစွာ အားထုတ်အပ်ကုန်၏။ ထိုသူသည် တောင့်တသည်ရှိသော် အာယုကပ်ပတ်လုံးမူလည်း တည်ရာ၏။ အာယုကပ်အောက် အယုတ်လည်းကောင်း၊ အာယုကပ်ထက် အလွန်လည်းကောင်း တည်ရာ၏။

''အာနန္ဒာ။ မြတ်စွာဘုရားသည် စင်စစ်သဖြင့် ဣဒ္ဓိပါဒ် ၄ ပါးကို ပွားစေအပ်ကုန်၏။ များစွာ ပြုအပ်ကုန်၏။ က,အပ်သောယာဉ်ကဲ့သို့ ပြုအပ်ကုန်၏။ တည်ရာကဲ့သို့ ပြုအပ်ကုန်၏။ အဓိဋ္ဌာန် အပ်ကုန်၏။ ထက်ဝန်းကျင်မှ ဆည်းပူးအပ်ကုန်၏။ ကောင်းစွာ အားထုတ်အပ်ကုန်၏။ ထိုမြတ်စွာဘုရားသည် တောင့်တသည်ရှိသော် အာယုကပ်ပတ်လုံးမူလည်း တည်ရာ၏။ အာယုကပ်အောက် အယုတ်လည်းကောင်း, အာယုကပ်ထက်အလွန် လည်းကောင်း တည်ရာ၏။

''ဤသို့သောအပြားဖြင့်လည်း မြတ်စွာဘုရားသည် တောင့်တသည်ရှိသော် အာယုကပ်ပတ်လုံးမူလည်း တည်ရာ၏။ အာယုကပ်အောက် အယုတ်လည်းကောင်း, အာယုကပ်ထက် အလွန်လည်းကောင်း တည်ရာ၏။

ဤသို့သော အပြားဖြင့်လည်း မြတ်စွာဘုရားသည် ထင်သေနိမိတ်ကို ပြုသည်ရှိသော် အရှင်အာနန္ဒာသည် သိခြင်းငှာ မတတ်နိုင်။

http://www.dhammadownload.com



'ရှင်ပင်ဘုရား အာယုကပ်ပတ်လုံး ရှင်ပင်ဘုရားသည် များသော နတ်, လူတို့၏ အကျိုးစီးပွားချမ်းသာ ခြင်းဟာ တည်တော်မူစေသတည်း' ဟု မာရ်နတ်လှည့်ပတ်အပ်သော စိတ်ရှိသည်ဖြစ်၍ အရှင်အာနန္ဒာ မြတ်စွာဘုရားကို မတောင်းပန်။

ထိုအခါ မြတ်စွာဘုရားသည် ''အာနန္ဒာ။ သွားလော့။ ယခု သွားအံ့သောအခါကို အာနန္ဒာ သိလော့'' ဟုခေါ်၍ မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍၊ လက်ယာရစ်လှည့်၍ တစ်ခု သောသစ်ပင်၏အနီး၌ နေ၏။

ထိုအခါ အရှင်အာနန္ဒာ ဖဲ့၍ မမြင့်မီ၊ မာရ်နတ်သည် မြတ်စွာဘုရားသို့ကပ်၍ တင့်အပ်စွာနေပြီးသော်၊

''ရှင်ပင်ဘုရား။ ယခုပင် ပရိနိဗ္ဗာန် ပြုတော်မူလော့။ ရှင်ပင်ဘုရား။ ယခု ရှင်ပင်ဘုရား၏ပရိနိဗ္ဗာန်ပြု အံ့သော ကာလတန်ပြီ'' ဟု မြတ်စွာဘုရားကို လျှောက်၏။

''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် 'ငါ၏တပည့်တို့သည် မဂ်,ဖိုလ်အားဖြင့် လိမ္မာကုန်သည်။ မဂ်,ဖိုလ်ကို သိကုန်သည်။ ရဲရင့်ကုန်သည်။ အကြားအမြင် များကုန်သည်။ ဓမ္မသို့ အစဉ်လိုက် ကျင့်ကုန်ခြင်း အစရှိသည်တို့သည် အကြင်မျှလောက် မဖြစ်ကုန်။ ထိုရွေ့လောက် ငါ ပရိနိဗ္ဗာန်မပြု' ဟု အကြင်တရားကို ဆိုအပ်ပြီ။

''ရှင်ပင်ဘုရား။ ယခုအခါ၌ကား မြတ်စွာဘုရားတပည့်တော်တို့သည် မဂ်,ဖိုလ်အားဖြင့် လိမ္မာခြင်း အစရှိသည် ဖြစ်ကုန်ပြီ။ ဖြစ်သော တစ်ပါးသောစွပ်စွဲခြင်းကို တရားနှင့်လျော်စွာ ကောင်းစွာနှိပ်စက်ခြင်းကို နှိပ်စက်၍ ပြာဋိဟာနှင့်တကွ တရားကို တပည့်တော်တို့သည် ဟောကုန်၏။ ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာတို့၌ လည်း ဤနည်းအတူတည်း။

''ရှင်ပင်ဘုရား။ ယခု ရှင်ပင်ဘုရား၏ သိက္ခာ ၃ ပါးဖြင့် ချီးမြှင့်အပ်သော၊ 'သာသနာ'တည်းဟူသော ဗြဟ္မစရိယသည် ပြည့်စုံပြီ။ ပြန့်ပြောပြီ။ များစွာသောသူတို့သည် သိအပ်ပြီ။

''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူတော့။ ယခုအခါ၌ ရှင်ပင်ဘုရား၏ ပရိနိဗ္ဗာန် ပြုအံ့သောအခါ တန်ပြီ'' ဤသို့ မြတ်စွာဘုရားကို မာရ်နတ်သည် လျှောက်၏။

ဤသို့ လျှောက်သည်ရှိသော် မြတ်စွာဘုရားလည်း ''မာရ်နတ်။ ကြောင့်ကြမရှိသည် ဖြစ်လော့။ ဤလမှ ၃ လ လွန်သည်ရှိသော် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလတ္တံ့'' ဟု မိန့်တော်မူ၏။

ထိုအခါ 'စာပါလစေတိယ' အမည်ရှိသောကျောင်း၌ သတိကို ကောင်းစွာတည်သည်ကို ပြုတော်မူ၏။ သမ္ဗညုတဉာဏ်ဖြင့် ဝိုင်းခြားတော်မူ၍ သတိကို ကောင်းစွာတည်သည်ကို ပြုတော်မူ၏။ သမ္ဗညုတဉာဏ်ဖြင့် ဝိုင်းခြားတော်မူ၍ အာယုသင်္ခါရကို လွှတ်တော်မူ၏။

ဤသို့ မြတ်စွာဘုရား အာယုသင်္ခါရကို လွှတ်တော်မူသည်ရှိသော် မြေကြီးလှုပ်ခြင်း ကြောက်မက်ဖွယ်ဖြစ်၏။ နတ်တို့၏ စည်တို့သည် မြည်ကုန်၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ဤသို့သောအကြောင်းကို သိတော်မူ၍ ထိုသို့သဘောရှိသောအခါ၌၊

'တုလ မတုလဉ္စ သမ္ဘဝံ၊ ဘဝသင်္ခါရ မဝဿဇိ မုနိ။

အဈ္ဈတ္တရတော သမာဟိတော၊ အဘိန္ဒိ ကဝစ မိဝတ္တ သမ္ဘဝံ။ ။' ဟု ဝမ်းမြောက်သောစကားကို မိန့် တော်မူ၏။ အဓိပ္ပာယ်ကား

''မြတ်စွာဘုရားသည်ကား အကျိုးကိုပေးတတ်သောသဘော ရှိသော, ဘဝကို ပြုပြင်တတ်သောသဘောဖြင့် 'ဘဝသင်္ခါရ' ဟု ရသောအမည်ရှိသော ကာမာဝစရကံ, မဟဂ္ဂုတ်ကံကိုလည်း အရဟတ္တမဂ်ဖြင့် စွန့်ပြီး စစ်မြေပြင်၌

http://www.dhammadownload.com



အောင်ပြီးသောသူရဲကြီးသည် ချပ်ကိုချွတ်သကဲ့သို့၊ မြတ်စွာဘုရားသည် အဖျားတွင်သန္တာန်၌ မွေ့လျော်သည်ဖြစ်၍ ကိုယ်တော်၌ဖြစ်သော ကိလေသာတို့လည်းကောင်း ဖြတ်တော်မူပြီ''

ဤသို့ အဓိပ္ပာယ်တည်း။

ထိုအခါ၌ ရှင်အာနန္ဒာ၏ 'အစ္ဆရိယံဝတဘော' အစရှိသည်ဖြင့် အကြိသည်ဖြစ်၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ရိုသေစွာ ရှိခိုး၍၊ ''ရှင်ပင်ဘုရား။ အံ့ဖွယ်ရှိစွ။ ကြီးစွာမြေလှုပ်ခြင်း ကြောက်မက်ဖွယ်ရှိသည် ဖြစ်၍ ဤနတ်၏စည်တို့သည် မြည်ကုန်၏။ ရှင်ပင်ဘုရား။ ထို မြေကြီးလှုပ်ခြင်း၏အကြောင်းသည် အဘယ်နည်း။ အဘယ်သို့သောအကြောင်းနည်း''ဟု လျှောက်၏။

ထိုသို့ ရှင်အာနန္ဒာလျှောက်သောအခါ၌ မြတ်စွာဘုရားသည် 'အထ ခေါ မေ အာနန္ဒဟောတု။ အထ ပစ္ဆာယာမ တတော ဘူတလသဿပါတုဘာဝယ။' အစရှိသော ဒေသနာတော်ဖြင့် မြေကြီးလှုပ်ခြင်း အကြောင်း ၈ ပါးကို ဟောတော်မူ၏။ အကျဉ်းအားဖြင့် အဓိပ္ပာယ်ကား -

'ရေကို လေခံ၏။ ရေ၏အထက်၌ မြေ တည်၏။ ထိုရေကိုခံသော လေတို့သည် ပြင်းစွာလာကုန်၏။ ရေလှုပ်ခြင်းတို့သည် ဖြစ်ကုန်၏။ ရေလှုပ်သောကြောင့် မြေ လှုပ်၏။ ဤကား ရှေးဦးစွာ မြေလှုပ်ခြင်း၏ အကြောင်းတည်း။ တန်ခိုးတော်အာနုဘော်ကြောင့်လည်း ဤမြေကြီးသည် လှုပ်၏။ ဘုရားလောင်းသည် တုသိတာနတ်ပြည်မှ စုတေ၍ မယ်တော်ဝမ်း၌ ပဋိသန္ဓေနေ၏။ ထိုအခါလည်း ဤမြေကြီးသည် လှုပ်၏။ ဖွားတော်မူသောအခါလည်း ဤမြေကြီးသည် လှုပ်၏။ ဤသို့လျှင် အကြောင်း ၈ ပါးတည်း''

ထိုနောင် ၈ ပါးသောပရိသတ်, ၈ ပါးသော အဘိဘာယတန, ၈ ပါးသောဝိမောက္ခကို အရှင်အာနန္ဒာ အကျယ်ဟောတော်မူ၏။ 'ဧကမိဒါဟံ အာနန္ဒ 'ဥရုဝေလာယံ' အစရှိသည်ဖြင့် မာရ်နတ်သည် ပရိနိဗ္ဗာန်ပြုစေခြင်းငှာ တောင်းပန်သောအကြောင်း၊ တောင်းပန်၍ အာယုသင်္ခါရ လွှတ်တော်မူသောအကြောင်းကို အရှင်အာနန္ဒာအား ပြန်တော်မူ၏။

''အာနန္ဒာ။ ယခု စာပါလစေတိယ၌ မြတ်စွာဘုရားသည် သတိ၌ ကောင်းစွာတည်သဖြင့်, သဇ္ဇညုတ ဉာဏ်ပိုင်းခြားသဖြင့် အာယုသင်္ခါရကို လွှတ်တော်မူပြီ''

ဤသို့ မြတ်စွာဘုရားမိန့်တော်မူသည်ရှိသော် ရှင်အာနန္ဒာလည်း ''ရှင်ပင်ဘုရား။ အာယုကပ်ပတ်လုံး တည်တော်မူစေသတည်း။ ရှင်ပင်ဘုရား။ နတ်,လူတို့၏အကျိုးငှာ အာယုကပ်ပတ်လုံး တည်တော်မူစေသတည်း''ဟု လျှောက်၏။

''ယခု မြတ်စွာဘုရားကို တောင်းပန်ခြင်းသည် မသင့်။ အာနန္ဒာ။ ယခုမြတ်စွာဘုရားကို တောင်းပန်ခြင်း၏ အခါမဟုတ်ပြီ'' မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ၂ ကြိမ်မြောက် - ၃ ကြိမ်မြောက် တောင်းပန်၏။

မြတ်စွာဘုရားသည် ''အာနန္ဒာ။ မြတ်စွာဘုရား၏သဇ္ဇညုတဉာဏ်ကို ယုံကြည်၏လော''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ ယုံကြည်၏''ဟု လျှောက်၏။

''အာနန္ဒာ။ ထိုယုံကြည်လျက် အာနန္ဒာသည် မြတ်စွာဘုရားကို ၃ ကြိမ်မြောက်အောင် အဘယ်ကြောင့် မည်သနည်း''

''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားမျက်မှောက် ထိုသို့သဘောရှိသော အလိုရှိသည်ရှိသော်၊ 'အာနန္ဒာ။ မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်ရာ၏။ အာယုကပ်အောက် အယုတ်, အာယုကပ်ထက် အလွန်လည်း တည်ရာ၏' ဤသို့စကားကို အကျွန်ုပ်ကြားအပ်၏''ဟု လျှောက်၏။

http://www.dhammadownload.com



"အာနန္ဒာ။ 'အာနန္ဒာသည် ယုံကြည်၏လော'ဟု မိန့်တော်မူ၏။ "ရှင်ပင်ဘုရား။ ယုံကြည်၏"ဟု လျှောက်၏။

"အာနန္ဒာ။ မြတ်စွာဘုရားသည် ဤသို့အပြားဖြင့် ထင်စွာနိမိတ်ကို ပြုသည်ရှိသော် သိခြင်းငှာ အာနန္ဒာသည် မတတ်နိုင်။ ထို့ကြောင့် ဤအကြောင်း၌ အာနန္ဒာ အပြစ်သာတည်း။ အာနန္ဒာ၏ ချွတ်ယွင်းခြင်းတည်း။ 'နတ်, လူတို့အကျိုးစီးပွားငှာ မြတ်စွာဘုရားသည် အာယုကပ်ပတ်လုံး တည်စေသတည်း'ဟု မတောင်းပန်။ အာနန္ဒာ။ အာနန္ဒာသည် ဘုရားကို အကယ် အာနန္ဒာ တောင်းပန်ငြားအံ့။ သင်၏ ၂ ခွန်းသောစကားတို့ကို မြတ်စွာဘုရားသည် ပယ်ရာ၏။ ထိုနှောင်မှ ၃ ကြိမ်မြောက်သောစကားကို မြတ်စွာဘုရားသည် သည်းခံတော်မူရာ၏။ ထို့ကြောင့် ဤအကြောင်း၌ အာနန္ဒာ အပြစ်သာတည်း။ အာနန္ဒာ၏ ချွတ်ယွင်းခြင်းတည်း"ဟု မိန့်တော်မူ၏။

"ထိုနောင် ရာဇဂြိုဟ်မြို့, ဂိဇ္ဈကူဋ်တောင်၌, ထိုနောင် ရာဇဂြိုဟ်မြို့၌, ဂေါတမ နိဂြောဓ၌, ထိုရာဇဂြိုဟ်မြို့၌, စောရပဗ္ဗတ၌, ထိုရာဇဂြိုဟ်မြို့၌, ဝေဘာရတောင်နံပါး၌, စရည်းပင်ရောက်သော သတ္တပဏ္ဏိလိုဏ်၌, ရာဇဂြိုဟ်မြို့၌, ဣသိဂိတောင်နံပါး၌, ကာဠသိလာ၌, ရာဇဂြိုဟ်မြို့၌သာလျှင် ရင်းတို့တော၌, တပေါဒါရာမ၌, ဝေဠုဝန်၌, ဇီဝကသရက်ဥယျာဉ်၌, မဒ္ဒကုစ္ဆိတော၌ ငါ နေတော်မူ၏။ ထိုအရပ်၌ ထင်စွာ နိမိတ်ကိုပြသော်လည်း အာနန္ဒာသည် သိခြင်းငှာမတတ်နိုင်။ အာနန္ဒာ-ငါ့အားမတောင်းပန်။ အာနန္ဒာ- ချွတ်ယွင်းခြင်းသည်သာတည်း"ဟု မိန့်တော်မူ၏။

"အာနန္ဒာ။ အခါတစ်ပါး၌ ဤဝေသာလီမြို့၌သာလျှင် ဥတေနစေတီကျောင်း၌ ငါ နေတော်မူ၏။ ထို ဥတေနကျောင်း၌လည်း ထင်စွာ နိမိတ်ကိုပြသော်လည်း၊ အာနန္ဒာ-သိခြင်းငှာ မတတ်နိုင်။ အာနန္ဒာ-ဤဝေသာလီမြို့ ဂေါတမစေတီ, ဘတ္တဂါမစေတီ, ဗဟုပုတ္တိစေတီ, အန္ဓကရစေတီ, စာပါလစေတီ၌ ငါ နေတော်မူ၏။ ထိုသို့သော အရပ်၌ ထင်စွာ နိမိတ်ကိုပြသည်ရှိသော်လည်း အာနန္ဒာသည် သိခြင်းငှာ မတတ်နိုင်။ 'ရှင်ပင်ဘုရားသည် နတ်,လူတို့ အကျိုးစီးပွားငှာ တည်တော်မူစေတည်း'ဟု မတောင်းပန်။

"အာနန္ဒာ။ မြတ်စွာဘုရားကို အာနန္ဒာသည် အကယ်၍ တောင်းပန်ငြားအံ့။ အာနန္ဒာ၏ ၂ ခွန်းသောစကားကို မြတ်စွာဘုရားသည် ပယ်ရာ၏။ ထိုနှောင်မှ ၃ ကြိမ်မြောက်သောစကားကို သည်းခံရာ၏။ ထို့ကြောင့် အာနန္ဒာ။ အာနန္ဒာအပြစ်သာတည်း။ အာနန္ဒာ၏ ချွတ်ယွင်းခြင်းသာတည်း။

"အာနန္ဒာ။ ငါသည် မဆွကသာလျှင် ဤသို့သောအကြောင်းကို ဟောသည်မဟုတ်လော။ ခပ်သိမ်းသော ချစ်နှစ်လိုအပ်ကုန်သော, အမိအဖ အစရှိသောသူတို့နှင့် ပစ္စုပ္ပန်၌ ကွေကွင်းသည်၏အဖြစ်၊ သေခြင်းဖြင့် ကွေကွင်းသော အဖြစ်၊ တစ်ဘဝမှ တစ်ပါးသောဘဝ၏ အဖြစ်သည် ဖြစ်၏။ အာနန္ဒာ။ ဤခန္ဓာကိုယ်၌ ထိုချစ်နှစ်လိုအပ်သော သူတို့နှင့် ကွေကွင်းခြင်း အစရှိသည်လည်း အကြင် ဖြစ်တတ်၏။ ထိုသို့ဖြစ်တတ်သောကြောင့် ၁၀ ပါးသော ပါရမီတို့ကို ဖြည့်၍ လည်းကောင်း, သမ္မောဓိသို့ ရောက်၍ လည်းကောင်း ဓမ္မစက္ကာတရားကို ဟော၍၊ ယမိုက် ပြာဋိဟာကို ပြ၍၊ နတ်ပြည်မှသက်ခြင်းကို ပြု၍လည်း အကြင်သို့သောရှိသော သခိါရတရားသည် လည်းကောင်း၊ ပျက်တတ်သောတရားသည် လည်းကောင်း ဖြစ်တတ်၏။ 'မြတ်စွာဘုရား၏ ကိုယ်သည်လည်း မပျက်စေသတည်း' ဟု ထိုသို့သောအကြောင်းသည် မရှိ။ ဝိခြင်းဖြင့် လည်းကောင်း, မြည်တမ်းခြင်းဖြင့် လည်းကောင်း ထိုမြဲခြင်း၏ အကြောင်းကို ရခြင်းငှာမတတ်နိုင်။

http://www.dhammadownload.com



''အာနန္ဒာ။ မြတ်စွာဘုရားသည် အကြင် 'ပဉ္စကဒ္ဓာ' တည်းဟူသော ဝဋ်ကို ခံပြီး၊ ဝဋ်ကိုစွန့်အပ်ပြီးသော အာယုသင်္ခါရကို လွှတ်ပြီ။ မြတ်စွာဘုရား၊ ဇာ မဖောက်မပြန်သောစကားကို ဆိုပြီ။ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်သည် မြင့်ကြွားသည် မဖြစ်လတ္တံ့။ ဤလမှ ၃ လ လွန်သည်ရှိသော်၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလတ္တံ့။ 'မြတ်စွာဘုရားသည် 'အသက်'တည်းဟူသော အကြောင်းကြောင့် ထိုခန္ဓာပဉ္စကကို တစ်ဖန် ပြုလတ္တံ့။ ထိုဝဋ်ကို တစ်ဖန် ပြုပြင်လတ္တံ့' ဤသို့သောအကြောင်းသည် ငါ့အား မရှိပြီ''ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



## ရဟန်းတို့အား ဆုံးမတော်မူ၍ ဝေသာလီပြည်ကို အဆုံးစွန်ကြည့်ခြင်း

''အာနန္ဒာ။ မဟာဝုန်၌ ကူဋာဂါရသာလာသို့ သွားကုန်အံ့''ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဝန်ခံ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် မဟာဝုန် ကူဋာဂါရသာလာသို့ သွားတော်မူ၍၊ ''အာနန္ဒာ။ သွားလော့။ အကြင်မျှလောက်သောရဟန်းတို့သည် ဝေသာလီမြို့ကိုမှီ၍ နေကုန်၏။ ထို အလုံးစုံရဟန်းတို့ကို စည်းဝေးရာအရပ်၌ စည်းဝေးစေ''ဟု မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဝန်ခံ၍၊ ထို ဝေသာလီ၌နေသော အလုံးစုံသောရဟန်းတို့ကို စည်းဝေးစေ၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ''ရှင်ပင်ဘုရား။ ရဟန်းအပေါင်း စည်းဝေးပြီ''ဟု ''ထိုစည်းဝေးရာအရပ်သို့ သွားတော်မူအံ့သောအခါကို သိတော်မူလော့''ဟု လျှောက်၏။

မြတ်စွာဘုရားလည်း ထိုစည်းဝေးရာအရပ်သို့ သွားတော်မူ၍ ခင်းအပ်သောဘုရားနေရာ၌ နေတော်မူ၏။ နေတော်မူပြီးသော မြတ်စွာဘုရားသည် ရဟန်းအပေါင်းကို ခေါ်တော်မူ၍၊ '''တသွာတိဟ ဘိက္ခဝေ ယေ တေဓမ္မာ အဘိညာတာ' အစရှိသော ဒေသနာဖြင့် သတိပဋ္ဌာန် ၄ ပါး၊ သမ္မပ္ပဓာန် ၄ ပါး၊ ဣဒ္ဓိပါဒ် ၄ ပါး၊ ဣန္ဒြေ ၅ ပါး၊ ဗိုလ် ၅ ပါး၊ ဗောဇ္ဈင် ၇ ပါး၊ ဤတရားကို ရဟန်းတို့ ငါသည် ထင်ရှားစွာဟောအပ်ကုန်ပြီ။ ထို တရားတို့ကို ကောင်းစွာ သင်တို့ အဖန်တလဲလဲပွားစေကုန်၏။ သိကွာ ၃ ပါးဖြင့် ချီးမြှောက်အပ်သော ဤ ဒေသနာတော်သည် လူ၊ နတ်တို့၏ချမ်းသာခြင်းငှာ မြင့်စွာမြတ်စွာတည်သည် ဖြစ်ရာ၏''ဟု ဟောတော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ''ရဟန်းတို့ကို ခေါ်၍ ဆို၏။ သခီါရတရားတို့သည် ပျက်ခြင်းသဘော ရှိကုန်၏။ ကမ္မဋ္ဌာန်းဘာဝနာ၌ မမေ့မလျော့သောအားဖြင့် ပြည့်စုံစေကုန်။ မြတ်စွာဘုရား၏ပရိနိဗ္ဗာန်ပြုခြင်းသည် မမြင့်မီ ဖြစ်လတ္တံ့။ ဤလမှ ၃ လလွန်သောအခါ၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုလတ္တံ့''ဟု ရဟန်းတို့ကို ခေါ်တော်မူ၍ မိန့်တော်မူ၏။

ဤစကားကို မိန့်တော်မူပြီး၍၊ ထိုနောင်၌-

'ပရိသက္ကော ဝယော မယှံ၊ ပရိတ္တံ့ မမ ဇီဝိတံပ။
ပဟာယ ဝေါ ဂမိဿာမိ၊ ကတံ မေ သရဏာ မတ္တနော။ ။
'အပ္ပမတ္တာ သတိမန္တော၊ သုသီလာ ဟောထ ဘိက္ခဝေါ။
သုသမာဟိတ သင်္ကပ္ပာ၊ သစိတ္တ မနု ရက္ခထ။ ။
'ယော ဣမသ္မိ ဓမ္မဝိနယေ၊ အပ္ပမတ္တာဝိဟေဿတိ။
ပဟာယ ဇာတိ ကန္တာရံ၊ ဒုက္ခဿန္တံ့ ကရိဿတိ။ ။' ဟူသော ဤဂါထာကို မိန့်တော်မူ၏။

အဓိပ္ပာယ်ကား-

''ရဟန်းတို့။ ငါ အရွယ်ကြီးရင့်ပြီ။ အသက် နည်းပြီ။ ရဟန်းတို့ကို စွန့်သွားအံ့။ ငါ၏ကိုးကွယ်ရာကို ပြုအပ်ပြီ။ ရဟန်းတို့ မမေ့မလျော့ သတိရှိကုန်ပြီးသည်၊ သီလနှင့် ပြည့်စုံကုန်သည် ဖြစ်လော့။ ကောင်းစွာ တည်ကြည်ခြင်းအကြံ ရှိကုန်သည်ဖြစ်၍၊ မိမိစိတ်ကို ရဟန်းတို့ စောင့်ကုန်လော့။ အကြင်ရဟန်းသည် ဤသုတ်,

http://www.dhammadownload.com



အဘိဓမ္မာ,ဝိနည်း၌ မမေ့မလျော့သည်ဖြစ်၍ နေလတ္တံ့။ ထိုရဟန်းသည် 'ဇာတိ'တည်းဟူသော သံသရာကိုစွန့်၍ ဝဋ်ဒုက္ခ၏ကုန်ရာဖြစ်သော နိဗ္ဗာန်ကို မျက်မှောက်ပြုလတ္တံ့'' ဤသို့သော အဓိပ္ပာယ်တည်း။

ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစော သင်းပိုင် ဝတ်တော်မူ၍၊ သပိတ်,သင်္ကန်းကို ယူတော်မူ၍၊ ဧသာလီသို့ ဆွမ်းခံ ဝင်တော်မူ၍၊ ဆွမ်းဘဉ်းပေးတော်မူပြီးသော်၊ ဆွမ်းခံမှ ဖဲတော်မူ၍၊ ဆင်မင်း၏ကြည့်ခြင်းဖြင့် ဧသာလီပြည်ကို ကြည့်တော်မူ၍၊ ''အာနန္ဒာ။ မြတ်စွာဘုရားအား ဧသာလီမြို့ကို ဤသို့ရှုခြင်းသည် အဆုံးစွန်သော ရှုခြင်းတည်း''ဟု ရှင်အာနန္ဒာကို ခေါ်၍ မိန့်တော်မူ၏။ ထိုသို့ကြည့်တော်မူသော မြေအပြင် ရပ်သည် 'နာဂါပလောကိတစေတီ' မည်၏။

ထိုအခါ၌ ''အာနန္ဒာ။ ဘဏ္ဍဂါမသို့ သွားကုန်အံ့''ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ဝန်ခံ၏။ ထိုအခါ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်တကွ ဘဏ္ဍဂ္ဂြာသို့ သွားတော်မူ၏။

ထိုဘဏ္ဍဂ္ဂြာရဟန်းတို့ကို ခေါ်တော်မူ၍၊ 'စတုန္နံဘိက္ခဝေ ဓမ္မာနံအနနုဗောဓာ အပဋိဝေဓာ။' အစရှိသော ဒေသနာဖြင့် ဟောတော်မူ၏။ ထိုသို့ ဟောတော်မူပြီး၍ နောက်၌

'သီလ သမာဓိ ပညာစ၊ ဝိမုတ္တိစ အနုတ္တရာ။
အနုဗုဒ္ဓါ ဣမေ ဓမ္မာ၊ ဂေါတမေန ယသဿိနာ။
ဣတိ ဗုဒ္ဓေါ အဘိညာယ၊ ဓမ္မမက္ခာသိ ဘိက္ခုနံ။
ဒုက္ခဿန္တ ကရောသတ္ထာ၊ စက္ခုမာ ပရိနိဗ္ဗုကောဝ။ ။' ဟု မြတ်စွာဘုရားသည် ဟောတော်မူ၏။

ထိုဂါထာတို့၏ အဓိပ္ပာယ်ကား-

''များစွာသောအခြံအရံရှိသော၊ ဂေါတမအမျိုးဖြစ်သော မြတ်စွာဘုရားသည် သီလလည်းကောင်း, သမာဓိလည်းကောင်း, ပညာလည်းကောင်း, အကယ်မရှိ အရဟတ္တဖိုလ်လည်းကောင်း ဤတရားတို့ကို သိအပ်ကုန်ပြီ။ ဤသို့ လွန်ကဲသောဉာဏ်ဖြင့် သိ၍ မြတ်စွာဘုရားသည် ရဟန်းတို့အား တရားဟောပြီး၊ ဝဋ်ဒုက္ခ၏ကုန်ခြင်းကို ပြုတော်မူတတ်သော၊ နတ်တို့၏ဆရာ ဖြစ်တော်မူသော၊ ၅ ပါးသောစက္ခုရှိသော မြတ်စွာဘုရားသည် 'ကိလေသာ' တည်းဟူသော ငြိမ်းခြင်း ရှိပြီ'' ဤသို့ အဓိပ္ပာယ်တည်း။

ထို ဘဏ္ဍဂ္ဂြာ၌နေတော်မူသော မြတ်စွာဘုရားသည် ဤသို့သီလ, ဤသို့သမာဓိ, ဤသို့ပညာ အစရှိသော များစွာသော တရားနှင့်ယှဉ်သောစကားကို ရဟန်းတို့အား မိန့်တော်မူ၏။

မြတ်စွာဘုရားသည် ဘဏ္ဍဂ္ဂြာ၌ အလိုတော်အလျောက်နေတော်မူ၍၊ ''အာနန္ဒာ။ အကြင်အရပ်၌ ဟတ္ထိရွာသည် ရှိ၏။ အမ္ဗရွာ, ဓမ္မဂ္ဂြာ, ဘောဂမြို့သည် ရှိ၏။ ထိုအရပ်သို့ သွားကုန်အံ့'' ဟုမိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဝန်ခံ၏။

http://www.dhammadownload.com



## စုန္ဒ၏သားပြမ်းဆွမ်းကို ခံတော်မူခြင်း

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းခြံရံလျက် ဘောဂမြို့သို့ သွားတော်မူ၏။ ထိုဘောဂမြို့၌ အာနန္ဒာစေတီ၌ နေတော်မူ၏။

ထိုအခါ အာနန္ဒာစေတီ၌ ရဟန်းအပေါင်းတို့ကို ခေါ်တော်မူ၏။ 'စတ္တာရောမေ ဘိက္ခဝေ မဟာပဒေသေဒေသိဿာမိ' အစရှိသော ဓမ္မဒေသနာအားဖြင့် ဟောတော်မူ၍၊ "ရဟန်းတို့။ ၄ ပါးသော မဟာပဒေသတို့ကို ရဟန်းတို့ ဆောင်ကုန်လော့"ဟု ခေါ်၍ မိန့်တော်မူ၏။

ထိုဘောဂမြို့၌ နေတော်မူသည်ဖြစ်၍ ဤသို့သော သီလ, ဤသို့သောသမာဓိ အစရှိသောအားဖြင့် များစွာသော တရားနှင့်ယှဉ်သောစကားကို ရဟန်းတို့အား မိန့်တော်မူ၏။

ထိုဘောဂမြို့၌ မြတ်စွာဘုရားသည် အလိုတော်အလျောက် နေတော်မူ၍၊ "အာနန္ဒာ။ ပါဝါမြို့သို့ သွားကုန်အံ့"ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ဝန်ခံ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်း ခြံရံလျက် ပါဝါမြို့သို့ ကြွတော်မူ၏။ ရွှေပန်းထိမ်သား စုန္ဒသူကြွယ်၏ သရက်ဥယျာဉ်ကျောင်း၌ နေတော်မူ၏။

ထိုစုန္ဒသည်ကား များစွာသောဥစ္စာရှိသော သူကြွယ်တည်း။ မြတ်စွာဘုရားအား ရှေးဦးစွာဖူးမြင်ခြင်းဖြင့်သာလျှင် သောတာပန်ဖြစ်၍၊ မိမိသရက်ဥယျာဉ်၌ ကျောင်းဆောက်၍ လှူ၏။ မြတ်စွာဘုရားလည်း ထိုကျောင်း၌ နေတော်မူသတည်း။

ထိုစုန္ဒသူကြွယ်သည် 'မြတ်စွာဘုရား ပါဝါမြို့သို့ရောက်တော်မူပြီး၍ ပါဝါမြို့၌ ငါ၏သရက်ဥယျာဉ် ကျောင်း၌ နေတော်မူ၏'ဟု ကြား၏။

ထိုအခါ၌ စုန္ဒသူကြွယ် မြတ်စွာဘုရားသို့ကပ်၍၊ ရိုသေစွာရှိခိုး၍ တင့်အပ်စွာနေပြီးသော်၊ စုန္ဒသူကြွယ်အား မြတ်စွာဘုရားသည် တရားနှင့်ယှဉ်သောစကားဖြင့် ကောင်းစွာရှင်စေ၏။ ကောင်းစွာရှင်ပြီးသော စုန္ဒသူကြွယ်သည် မြတ်စွာဘုရားကို "ရှင်ပင်ဘုရား။ ရဟန်းအပေါင်းနှင့် တကွ နက်ဖြန်ဆွမ်းကို သည်းခံတော်မူပါ" ဟု လျှောက်၏။ မြတ်စွာဘုရားလည်း သည်းခံတော်မူ၏။

ထိုအခါ၌ စုန္ဒသူကြွယ်သည် မြတ်စွာဘုရား သည်းခံတော်မူကြောင်းကို သိ၍၊ နေရာမှ ထ၍၊ မြတ်စွာဘုရားကို ရှိခိုး၍၊ လက်ယာရစ်လှည့်၍ အိမ်သို့ပြန်၏။

ထိုအခါ၌ သူကြွယ်သည် ထိုညဉ့်လွန်သောအခါ၌ မွန်မြတ်သောခဲဖွယ်စားဖွယ်ကို စီရင်၍ ဝက်သားပြမ်းကိုလည်း စီရင်စေ၏။ မြတ်စွာဘုရားအား "ကာလတန်ပြီ"ဟု လျှောက်စေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် နံနက်စောစော ရဟန်းအပေါင်းနှင့်တကွ သူကြွယ်အိမ်သို့ ကပ်တော်မူ၍ ခင်းအပ်သောဘုရားနေရာ၌ နေပြီးသော်၊ "စုန္ဒသူကြွယ်သည် ဝက်သားပြမ်းဖြင့် ငါ့ကို ဆွမ်းကျွေးလော့။ ဝက်သားပြမ်း မှတစ်ပါး ခဲဖွယ်စားဖွယ်ကို သူကြွယ် စီရင်၏။ ထိုခဲဖွယ်စားဖွယ်တို့ဖြင့် ရဟန်းအပေါင်းကို ကျွေးလော့"ဟု

http://www.dhammadownload.com



စုန္ဒကို ခေါ်၍ မိန့်တော်မူ၏။ စုန္ဒသူကြွယ်လည်း ''သံတော်ဦးတင်ပြီ''ဟု မြတ်စွာဘုရားအား ဝန်ခံ၍၊ မြတ်စွာဘုရား မိန့်တော်မူတိုင်း ကျေး၏။

[သူကရမဒ္ဒဝ' ဟူသည်ကား မငယ်လွန်း မကြီးလွန်း တညီမြဲ့င်သော ပုံသဏ္ဌာန်သားတည်း။ ထိုတညီမြဲ့င်သောဝက်သားသည် နူးညံ့သိမ်မွေ့၏။ ထိုဝက်သားကို စီရင်သတည်း။ တစ်ပါးသောဆရာတို့သည်ကား 'သူကရမဒ္ဒဝ'ဟူသည်ကား ၅ ပါးသောနွားနို့တို့ဖြင့် ကောင်းစွာစီရင်သောသားပြုမိုးကို စီရင် ဆို၏။ အချို့သောဆရာတို့သည်ကား ရသာယတနအစီအရင်သည် 'သူကရမဒ္ဒဝ'မည်၏။ ထိုသို့သောအစီအရင်ကို စုန္ဒသူကြွယ်သည် 'မြတ်စွာဘုရား ပရိနိဗ္ဗာန်သည် မဖြစ်ရာဟု စီရင်၏' ဟု ဆိုကုန်၏။]

ထိုဝက်သားပြုမိုးခဲ့ကား ကျွန်းငယ် ၂၀၀၀ အရံရှိသော ကျွန်းကြီး ၄ ကျွန်းတို့၌ နေကုန်သောနတ်တို့သည် သြဇာကို ထည့်ကုန်၏။ ထိုသို့ ဆွမ်းဘုဉ်းပေးတော်မူပြီးသော မြတ်စွာဘုရားသည်

''စုန္ဒ။ စုန္ဒ၏အကြွင်းဖြစ်သော ဝက်သားပြုမိုးကို ချောက်၌ မြှုပ်လော့။ စုန္ဒ။ အလုံးစုံသောလောကဓာတ်ဘုရားမှတစ်ပါး စားအပ်သောဘောဇဉ်သည် ကောင်းစွာအစာကြေခြင်းသို့ ရောက်ရာ၏။ ထိုသို့ကြေခြင်းကို ငါ မမြင်''

ဤသို့လျှင် စုန္ဒသူကြွယ်ကိုခေါ်၍ မိန့်တော်မူ၏။

မြတ်စွာဘုရားသည် 'နာဟန္တိ စုန္ဒ ပဿာမိ' အစရှိသော သီတနာဒကို အာယ်ကြောင့် မိန့်တော်မူသနည်း ဟူမူကား တစ်ပါးသောသူတို့၏ကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှာ ထိုသို့သောသဘောရှိသော 'အစာကြေခြင်းကို ငါ မမြင်'ဟု သီတနာဒကို မိန့်တော်မူသတည်း။ မြတ်စွာဘုရားသည် ဘုဉ်းပေးတော်မူသောအကြွင်းကို ရဟန်းတို့အားလည်း မပေး၊ လူတို့အားလည်း မပေး။ 'တွင်း၌ မြှုပ်စေ၍ ပျက်စေ၏'ဟု ဆိုသောသူတို့အား ဤသို့သော အမိန့်တော်ကို ကြား၍၊ 'ကဲ့ရဲ့ခြင်း အခွင့်ရသည် မဖြစ်လတ္တံ့'ဟု မကြည်သောသူတို့၏ ကဲ့ရဲ့ခြင်းမှ လွတ်စေခြင်းငှာ သီတနာဒကို မိန့်တော်မူသတည်း။

စုန္ဒသူကြွယ်လည်း ''ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ''ဟု ဝန်ခံ၍၊ ထိုကြွင်းသောဝက်သားပြုမိုးကို ချောက်၌ မြှုပ်၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ရှိခိုး၍ တင့်အပ်စွာ နေ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် စုန္ဒသူကြွယ်ကို တရားနှင့်ယှဉ်သောစကားဖြင့် ကောင်းစွာရွှင်စေ၍၊ နေရာမှ ထ၍ ကြွတော်မူ၏။

ထိုအခါ၌ စုန္ဒသူကြွယ်၏ ဝက်သားပြုမိုးကို ဘုဉ်းပေးတော်မူသော မြတ်စွာဘုရားအား ကြမ်းသော အနာသည် ဖြစ်၏။

[သွေးသွန်ခြင်းရှိကုန်သော၊ ပြင်းကုန်သော၊ ကြမ်းသောအနာသည် ဖြစ်၏ ဟူရာ၌ကား ဘုဉ်းပေးပြီးသော မြတ်စွာဘုရားအနာသည် ဖြစ်၏။ ထိုဝက်သားပြုမိုးကို ဘုဉ်းပေးတော်မူခြင်းကြောင့် အနာမဖြစ်။ ထိုဝက်သားပြုမိုးကို ဘုဉ်းပေးတော်မမူသော မြတ်စွာဘုရား အကယ်၍ အနာ မဖြစ်ငြားအံ့။ ဤအနာထက် အလွန်ကြမ်းသောအနာသည် ဖြစ်ရာ၏။ သိမ်မွေ့သောဘောဇဉ်ကို ဘုဉ်းပေးတော်မူသည်၏အဖြစ်ကြောင့် မပြင်းသောအနာ ဖြစ်၍ ထိုထိုဝေဒနာ မပြင်းသောကြောင့်သာလျှင် ခြေဖြင့် သွားတော်မူခြင်းငှာ အပ်သတည်း။ စွမ်းနိုင်၏ဟု သိအပ်သတည်း။]

http://www.dhammadownload.com



ထိုအခါ၌ မြတ်စွာဘုရားသည် အရှင်အာနန္ဒာကို ''အာနန္ဒာ။ ကုသိနာရုံမြို့ သွားကုန်အံ့''ဟု ခေါ်၍ မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ''ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ''ဟု မြတ်စွာဘုရားအား ဝန်ခံ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ခရီးမှ ဖဲတော်မူ၍၊ သစ်ပင်ရင်းသို့ ကပ်တော်မူ၍၊ ''အာနန္ဒာ။ ဒုကူဋ္ဌကို ၄ ခေါက် ခင်းလော့။ ငါ ပန်းတော်မူ၏။ နေဦးအံ့''ဟု ရှင်အာနန္ဒာကို ခေါ်၍ မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ဝန်ခံ၏။

ဒုကူဋ္ဌတော်ကို ၄ ခေါက်ခင်း၍၊ မြတ်စွာဘုရားသည် ထိုခင်းသောနေရာ၌ နေတော်မူသည်ဖြစ်၍၊ ''အာနန္ဒာ။ ရေကို ဆောင်လော့။ ငါ ရေမွတ်သည် ဖြစ်၏။ ရေ ဘုဉ်းပေးအံ့''ဟု အရှင်အာနန္ဒာကို ခေါ်၍ မိန့်တော်မူ၏။

ဤသို့ မိန့်တော်မူသည်ရှိသော် ရှင်အာနန္ဒာသည် ''ရှင်ပင်ဘုရား။ ၅၀၀ သောလှည်းတို့သည် သွားကုန်ပြီ။ ထို ၅၀၀ သောလှည်းသွားရာဖြစ်သော နည်းသောရေသည် နောက်သည်ဖြစ်၍ စီး၏။ ရှင်ပင်ဘုရား။ ရေရှိသော၊ မြိန်သောရေရှိသော၊ ကောင်းသောဆိပ်ရှိသော၊ မွေ့လျော်ဖွယ်ရှိသော 'ကကုဓ'* အမည်ရှိသော ဤမြစ်သည် အနီး ရှိ၏။ ထိုမြစ်၌ မြတ်စွာဘုရားသည် ရေကိုလည်း ဘုဉ်းပေးတော်မူရလတ္တံ့။ ကိုယ်တော်လည်း ငြိမ်းလတ္တံ့''

ဤသို့ မြတ်စွာဘုရားကို လျှောက်၏။

၂ ကြိမ်မြောက် လည်းကောင်း၊ ၃ ကြိမ်မြောက် လည်းကောင်း အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။ အရှင်အာနန္ဒာလည်း ဝန်ခံ၍၊ သပိတ်တော်ကို ယူ၍ ထိုမြစ်သို့ ကပ်၏။ ထိုအခါ လှည်းသွားရာ ဖြစ်သော၊ နည်းသော၊နောက်သည်ဖြစ်၍ စီးသောရေရှိသော ထိုမြစ်သည် အရှင်အာနန္ဒာ ခပ်သည်ရှိသော်၊ ကြည်သောရေ ရှိ၏။ မနောက်သည်ဖြစ်၍ စီး၏။

ထိုအခါ အရှင်အာနန္ဒာအား 'ဤသို့ လှည်းသွားရာဖြစ်သော၊ နောက်သောရေ ရှိသည်ဖြစ်၍ စီးသော မြစ်သည် အလွန်ကြည်သည်ဖြစ်၍ စီး၏။ အံ့ဖွယ်ရှိစွတကား'ဟု ဤသို့သောအကြံသည် ဖြစ်၏။

ထိုအခါ၌ ရှင်အာနန္ဒာသည် သပိတ်တော်ဖြင့် ရေကိုဆောင်၍၊ မြတ်စွာဘုရားကို ကပ်၍၊ ''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရား၏တန်ခိုးအာနုဘော် ကြီးသည်၏အဖြစ်သည် အံ့ဖွယ်ရှိစွ၊ အံ့ဖွယ်ရှိစွ။ ရှင်ပင်ဘုရား။ ယခု လှည်းသွားရာ ဖြစ်သော၊ နည်းသောရေရှိသော၊ နောက်သည်ဖြစ်၍စီးသော မြစ်သည် အကျွန်ုပ်သည် ခပ်သည်ရှိသော် မနောက်သော၊ ကြည်သောရေ ရှိသည်ဖြစ်၍ စီး၏။ ရှင်ပင်ဘုရား။ ရေ ဘုဉ်းပေးတော်မူပါ''ဟု လျှောက်၏။ ထိုအခါ၌ မြတ်စွာဘုရား ရေဘုဉ်းပေးတော်မူ၏။

ထိုအခါ အာဠာရကာလမ၏ တပည့်ဖြစ်သော မလ္လာမင်း၏သား 'ပက္ကုသ'အမည်ရှိသော မင်းသားသည် ကုသိနာရုံမြို့မှ ပါဝါမြို့သို့ အလွန်ရှည်သောခရီးကို သွား၏။

ထိုပက္ကုသမင်းသားသည် သစ်ပင်၏အနီး၌ နေတော်မူသော မြတ်စွာဘုရားကိုမြင်၍၊ မြတ်စွာဘုရားကို ကပ်၍၊ ရိုသေစွာရှိခိုး၍ တင့်အပ်စွာနေပြီးသော ပက္ကုသမင်းသားသည် ''ရှင်ပင်ဘုရား။ ငြိမ်သက်သောအားဖြင့် ရဟန်းတို့၏နေခြင်းဖြင့် နေတော်မူခြင်းသည် အံ့ဖွယ်ရှိစွ။ ရှင်ပင်ဘုရား မဖြစ်ဖူးမြဲတကား''ဟု မြတ်စွာဘုရားကို လျှောက်၏။ 'ဘူတပုဗ္ဗဘန္တေ' အစရှိသောအားဖြင့် ဆရာဖြစ်သော ထိုအာဠာရကာလာမ၏ ရဟန်း၏နေခြင်း ဖြင့်နေခြင်းကို လျှောက်၏။

* ဂင်္ဂါမြစ် - စိန္တာပကာသနီကျမ်း။

http://www.dhammadownload.com



ထိုအခါ၌ ထိုပက္ကုသမင်းသားအား မြတ်စွာဘုရားသည် ရှင်ပင်ဘုရား၏ ပဗ္ဗဇိတဝိဟာရကို ပေးတော်မူ၏။ ထိုပက္ကုသမင်းသားသည်လည်း သရဏဂုံ၌ တည်၏။ ထိုအခါ၌ မလ္လာမင်း၏သားဖြစ်သော ပက္ကုသမင်းသားသည် တစ်ယောက်သောမင်းချင်းကို ခေါ်၍၊ သီဂီရွှေအဆင်းနှင့်တူသော ပြေပြစ်သောပုဆိုးအစုံကို ဆောင်စေ၍၊ ထိုပုဆိုးအစုံကို ထိုမင်းသားသည် မြတ်စွာဘုရားအား "အကျွန်ုပ်ကို သနားသည်ကို အကြောင်းပြု၍ ခံတော်မူစေသတည်း" ဟု ကပ်၏။

"ပက္ကုသ။ တစ်ထည်သောပုဆိုးကို ငါ့အား လှူလော့။ တစ်ထည်သောပုဆိုးကို အာနန္ဒာအား လှူလော့" ဟု မိန့်တော်မူ၏။

ထိုပက္ကုသမင်းသားသည်လည်း မြတ်စွာဘုရားမိန့်တော်မူတိုင်း လှူ၏။ ထိုအခါ၌ မြတ်စွာဘုရားသည် ထိုပက္ကုသမင်းသားကို တရားနှင့်ယှဉ်သောစကားဖြင့် ကောင်းစွာရွှင်စေ၍၊ ထိုပက္ကုသမင်းသားသည်လည်း မြတ်စွာဘုရားကို ရိုသေစွာရှိခိုး၍ ဖဲလေ၏။

ထိုပက္ကုသမင်းသား သွား၍မမြင့်မီ ပုဆိုးအခေါက်ကို ဖြေကာမျှကတည်း၌ ရဟန်းတို့သည် ထိုပုဆိုးကို သင်္ကန်းချုပ်၍ အရှင်အာနန္ဒာအား ကပ်ကုန်၏။ ရှင်အာနန္ဒာလည်း မြတ်စွာဘုရားအား ကပ်၏။

မြတ်စွာဘုရားသည် တစ်ထည်ကို ဝတ်တော်မူ၍ တစ်ထည်ကို ရုံတော်မူ၏။ ထိုသင်္ကန်းသည် မီးကျီးကဲ့သို့ ထင်၏။ ထိုအခါ၌ ရှင်အာနန္ဒာသည် "ရှင်ပင်ဘုရား။ အံ့ဖွယ်ရှိစွ။ မဖြစ်ဖူးမြဲတကား။ ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားအဆင်းတော်သည် အလွန်စင်ကြယ်စွတကား။ သီဂီရွှေစင်အဆင်းနှင့် တူသောသင်္ကန်းအစုံသည် အလျှံတက်သောမီးကျီးကဲ့သို့ အကျွန်ုပ်အား ထင်၏" ဤသို့ မြတ်စွာဘုရားကို လျှောက်၏။

"အာနန္ဒာ။ မြတ်စွာဘုရားအား ၂ ပါးသောကာလ၌ အတိုင်းထက်လွန် မြတ်စွာဘုရားကိုယ်တော်သည် စင်ကြယ်သည်ဖြစ်၏။ ရေပါးအဆင်းသည် ထက်ဝန်းကျင်စင်ကြယ်သည် ဖြစ်၏။ အာနန္ဒာ။ ထို 'အံ့ဖွယ်ရှိစွတကား' ဟူသောစကားသည် မှန်၏"

"'၂ ပါးသောကာလ' ဟူသည်တို့သည် အဘယ်ကာလတို့နည်း"

"အာနန္ဒာ။ မြတ်စွာဘုရားသည် အကြင်အခါ၌ အကယ်၍မရှိသော သဗ္ဗညုတဉာဏ်ကို သိတော်မူ၏။ အကြင်ညဉ့်၌ ကမ္ဘဇရုပ်အကြွင်းမရှိသော ပရိနိဗ္ဗာန်ပြုတော်မူ၏။ အာနန္ဒာ။ ထို ၂ ပါးသောကာလတို့၌ မြတ်စွာဘုရားရေပါးတော်,အဆင်းတော်သည် ထက်ဝန်းကျင် စင်ကြယ်၏။ အာနန္ဒာ။ စင်စစ်သဖြင့် ယနေ့ မိုးသောက်ယံ ကုသိနာရုံမြို့ မလ္လာမင်းတို့၏အင်ကြင်းတော၏ အကွေ့၌, အင်ကြင်းပင်စုံတို့၏ အကြား၌ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်လတ္တံ့"ဟု ရှင်အာနန္ဒာကို မိန့်တော်မူ၏။

ထိုအခါ၌ "အာနန္ဒာ။ ကကုဓမြစ်သို့ သွားကုန်အံ့" ဟုမိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ဝန်ခံ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်တကွ ကကုဓမြို့သို့ ကြွတော်မူ၍၊ ကကုဓမြစ်သို့ သက်တော်မူ၍ ရေသပွာယ်တော်မူ၏။ ဘဉ်းပေးတော်မူ၏။ ထိုသို့သပွာယ်တော်မူသည်ရှိသော်၊ လိပ်, ငါးတို့သည် ရွှေအဆင်းနှင့် တူကုန်သည်သာလျှင်တည်း။ ကိုယ်တော် အရေတော်သည်လည်း ရွှေရည်သွန်းသကဲ့သို့ ဖြစ်ကုန်၏။ ထိုမှ တက်တော်မူ၍ သရက်ဥယျာဉ်တောသို့ ကပ်တော်မူ၏။ ထိုအခါ၌ အရှင်အာနန္ဒာသည် ရေသနုပ်တော်ညှစ်သည်ဖြစ်၍ ကျန်ရစ်၏။

http://www.dhammadownload.com



ရှင်စုန္ဒထေရ်သည် မြတ်စွာဘုရားအနီး၌ ရှိ၏။ ထိုဥယျာဉ်သို့ ကပ်တော်မူ၍၊ ''စုန္ဒ။ ငါ တိုက်တွန်း၏။ စုန္ဒသည် ဒုကုဋ်ကို ၄ ခေါက် ခေါက်၍ ခင်းလော့။ စုန္ဒ။ ငါ ပင်ပန်းခြင်း ဖြစ်၏။ ငါ လျောင်းတော်မူအံ့''ဟု ရှင်စုန္ဒထေရ်ကို ခေါ်၍ မိန့်တော်မူ၏။ ရှင်စုန္ဒထေရ်လည်း ဒုကုဋ်တော်ကို ၄ ခေါက် ခေါက်၍ ခင်း၏။ မြတ်စွာဘုရားလည်း လက်ယာနံပါးဖြင့် ခြေတော်တစ်ဖက်ကို ဝင်၍၊ သတိနှင့်ပြည့်စုံသည် ဖြစ်၍၊ သဗ္ဗညုတ ဉာဏ်တော်ဖြင့် ဆင်ခြင်တော်မူသည်ဖြစ်၍၊ ထ၍၊ သွားတော်မူသောအမှတ်ကို နှလုံးသွင်းတော်မူ၍ ခြင်္သေ့မင်း၏ လျောင်းခြင်းဖြင့် မြတ်သောလျောင်းခြင်းကို လျောင်းတော်မူ၏။ ရှင်စုန္ဒထေရ်သည် ရှေ့တော်၌ နေ၏။

မြတ်စွာဘုရားလည်း ''အာနန္ဒာ။ ရွှေပန်းထိမ်သား စုန္ဒသူကြွယ်၏ နှလုံးမသာခြင်းကို တစ်စုံတစ်ယောက်သော အကြောင်ရဟန်းသည် 'ဒကာစုန္ဒ၏ မကောင်းသောရခြင်းသည် ဖြစ်၏။ ဒကာရခြင်းသည် မကောင်းသောရခြင်းတည်း။ ဒကာစုန္ဒ၏ အဆုံးစွန်သောဆွမ်းကို ဘုဉ်းပေးတော်မူ၍၊ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူ၏'ဟု ဖြစ်စေရာ၏။

''အာနန္ဒာ။ ရွှေပန်းထိမ်သား စုန္ဒသူကြွယ်၏ နှလုံးမသာခြင်းကို 'ဒကာစုန္ဒ။ စုန္ဒအား အရတော်စွ။ စုန္ဒ၏ ရခြင်းသည် ကောင်းသောရခြင်းတည်း။ ဒကာစုန္ဒ။ ငါသည် မြတ်စွာဘုရားမျက်မှောက် ထိုသို့သော အမိန့်တော်ကို ကြားအပ်၏။ မြတ်စွာဘုရားမျက်မှောက်တော်၌ အမိန့်တော်ခံအပ်၏။ ၂ ပါးသောဆွမ်းတို့သည် မျှသောအကျိုး ရှိကုန်၏။ တူသောအကျိုးကို ပေးခြင်းရှိကုန်၏။ တစ်ပါးသောဆွမ်းတို့ထက် အတိုင်းထက်အလွန်လျှင် ကြီးသောအကျိုး ရှိကုန်၏။ '၂ ပါးသောဆွမ်း'ဟူသည်ကား အဘယ်သည်တို့နည်းဟူမူကား အကြောင်ဆွမ်းကို ဘုဉ်းပေးခြင်းဖြင့် မြတ်စွာဘုရားသည် အကယ်၍မရှိသော အရဟတ္တဖိုလ်ကို အထူးသဖြင့် သိတော်မူ၏။ အကြောင်ဆွမ်းကို ဘုဉ်းပေးတော်မူ၍ ကမ္ဘဇရုပ် အကြွင်းမရှိသောပရိနိဗ္ဗာန်ဓာတ်ဖြင့် မြတ်စွာဘုရား နိဗ္ဗာန်ပြုတော်မူ၏။ ဤ ၂ ပါးသောဆွမ်းတို့သည် မျှသောအကျိုး ရှိကုန်၏။ မျှသောအကျိုးကို ပေးခြင်းငှာ ရှိကုန်၏။ တစ်ပါးသောဆွမ်းတို့ထက် အလွန်လျှင် အကျိုးရှိကုန်၏။ အထူးသဖြင့် ကြီးသောအကျိုးဆက် ရှိကုန်၏။ ဒကာစုန္ဒသည် အသက်ရှည်ခြင်း၏ အကြောင်းဖြစ်သော ကောင်းမှုကို ဆည်းပူးအပ်၏။ အဆင်းလှခြင်း၏အကြောင်းဖြစ်သော၊ ချမ်းသာခြင်း၏ အကြောင်းဖြစ်သော၊ ပရိဝါရ၏ များခြင်းကို ဖြစ်စေတတ်သော၊ နတ်ပြည်သို့လားခြင်းကို ဖြစ်စေတတ်သော၊ အစိုးရခြင်းကို ဖြစ်စေတတ်သော ကောင်းမှုကို ဒကာစုန္ဒသည် ပွားစေအပ်၏'ဟု ရွှေပန်းထိမ်သား စုန္ဒသူကြွယ်၏ နှလုံးမသာယာခြင်းကို ဤသို့ ဖြေအပ်၏''ဟု အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ထိုသို့သောအကြောင်းကို သိတော်မူ၍၊

'ဒဒတော ပုညံ ပဝဍ္ဎတိ၊ သံသမတော ဝေယ်နစီယတိ၊

ကုသလော စ ဇဟာတိ ပါပကံ၊ ရာဂဒေါသ မောဟက္ခယာ ပရိနိဗ္ဗုတော။ ။' ဟု စုန္ဒသူကြွယ်၏ မြတ်သောအလှူကိုလည်း 'မြတ်သောအလှူကိုတိုက်တွန်းသော ပြည့်စုံခြင်း'ကို ကောင်းစွာပြတော်မူသည်ဖြစ်၍ ဝမ်းမြောက်သောစကားကို မိန့်တော်မူ၏။

ထိုဥဒါန်းဂါထာ၏ အဓိပ္ပာယ်သော်ကား

''အလှူပေးသော စုန္ဒသူကြွယ်၏အလှူသည် ပွား၏။ သီလသံဝရ၌တည်သော မြတ်စွာဘုရားအား ၅ ပါးသောဝေဒနာသည် ပွား၏။ ဉာဏ်နှင့်ပြည့်စုံသော မြတ်စွာဘုရားသည် ယုတ်မာသောအကုသိုလ်ကို အရဟတ္တမဂ်ဖြင့် ပယ်၏။ ရာဂ၊ ဒေါသ၊ မောဟ ကင်းခြင်းဖြင့် ငြိမ်း၏။ ဤသို့ ကိုယ်တော်ကို ဝမ်းမြောက်သတည်း။''

http://www.dhammadownload.com



## အင်ကြင်းတောအကွေ့သို့ ကြွသည်ကို ပြခြင်း

ထိုအခါ၌ မြတ်စွာဘုရားသည် ''အာနန္ဒာ။ ဟိရညဝတီမြစ်၏ ထိုမှာဘက်၌ မလ္လာမင်းတို့၏အင်ကြင်းတော အကွေ့သို့ ကပ်ကုန်အံ့''ဟု ရှင်အာနန္ဒာကို မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ဝန်ခံ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းအပေါင်းနှင့်တကွ အင်ကြင်းတောအရပ်၌ ဟိရညဝတီမြစ်၏ ထိုမှာဘက်ကမ်းသို့ ရှိ၏။ အကြင်အရပ်၌ ကုသိနာရုံမြို့ မလ္လာမင်းတို့၏ အင်ကြင်းတောအကွေ့ ရှိ၏။ ထိုအရပ်သို့ ကပ်တော်မူ၏။ ရဟန်းအပေါင်းကား ဓေဋ္ဌဝဂ္ဂ၌ ဝေဒနာကို ခွာတော်မူသည်မှစ၍ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့'ဟု ကြား၍၊ ထိဇနပုဒ်မှ လာကုန်သောရဟန်းတို့တွင် တစ်ယောက်သောရဟန်းသည်မျှ မြတ်စွာဘုရားကို ဖဲ့၍မသွား။ ထို့ကြောင့် ရေတွက်ခြင်းမရှိသော ရဟန်းအပေါင်းသည် ဖြစ်၏။

ထိုအင်ကြင်းတောသို့ ကပ်တော်မူ၍၊ ''အာနန္ဒာ။ ငါ တိုက်တွန်း၏။ အာနန္ဒာသည် အင်ကြင်းပင်စုံတို့၏ အကြားခံ၌ ဦးခေါင်းရင်း မြင့်သည်ကိုပြု၍ ညောင်စောင်းကို ခင်းလော့။ အာနန္ဒာ။ ငါ ပင်ပန်းသည်ဖြစ်၏။ ငါ လျောင်းအံ့''ဟု ရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ''ရှင်ပင်ဘုရား။ သံတော်ဦး တင်ပြီ''ဟု ဝန်ခံ၍၊ အင်ကြင်းပင်စုံတို့၏အကြားခံ၌ ဦးခေါင်းရင်းမြင့်သည်ကို ပြု၍ ညောင်စောင်းကို ခင်း၏။

'အင်ကြင်းတောအကွေ့' ဟူသည်ကား သိန်းခိုကျွန်း၌ ကလမ္ဘမြစ်နားမှ 'ရာဇမာကု' အမည်ရှိသော ကျောင်းတံခါးပြင် ထူပါရုံသို့သွားသောခရီးသည် ဖြစ်သကဲ့သို့၊ ထို့အတူ ဟိရညမြစ်၏ထိုမှာဘက်၌ အင်ကြင်းတောဥယျာဉ်သည် ရှိ၏။ အနုရာဓမြို့၏ အနောက်တောင်ထောင့်၌ ထူပါရုံသည်ဖြစ်သကဲ့သို့၊ ဤအတူ ကုသိနာရုံမြို့မှ အနောက်တောင်ထောင့်အရပ်၌ ထိုအင်ကြင်းတောဥယျာဉ်သည် ဖြစ်၏။ ထူပါရုံတောင်တံခါးဖြင့် မြို့သို့ဝင်သောခရီးသည် အရှေ့မျက်နှာသို့ရှေးရှုသွားသော ခရီးအကွေ့သည် ဖြစ်၏။ ထို့ကြောင့် ထိုအင်ကြင်းတောကို 'မလ္လာမင်းတို့၏ အင်ကြင်းတောခရီးအကွေ့'ဟူ၍ ဆိုသတည်း။

အင်ကြင်းပင်စုံတို့၏အကြားခံ 'ဥတ္တရသီသက'ဟူသည်ကား ဦးခေါင်းမြင့်သည်ကိုပြု၍ခင်းသော ညောင်စောင်း၏ခေါင်းရင်းအဖို့၌ တစ်ခုသောအင်ကြင်းပင်စည် ရှိ၏။ ထိုညောင်စောင်းခြေရင်း အဖို့၌ တစ်ခုသောအင်ကြင်းပင်စည်သည် ရှိ၏။ ထိုညောင်စောင်းခေါင်းရင်း အဖို့၌ အင်ကြင်းပင်စည်တို့၌ တစ်ခုသောအင်ကြင်းပင်ငယ်သည် ခေါင်းရင်းအဖို့၌ ဖြစ်သော အင်ကြင်းပင်၏ အနီး ဖြစ်၏။ တစ်ခုသောအင်ကြင်းပင်ငယ်သည် ခြေရင်း အဖို့၌ ဖြစ်သော အင်ကြင်းပင်၏ အနီး ဖြစ်၏။ စင်စစ်ကား 'အင်ကြင်းပင်စုံ'မည်သည်ကို အမြစ်၊ ပင်စည်၊ ခက်မ၊ အခက်၊ အရွက်တို့ဖြင့် ထိုးယှက်၍တည်သော အင်ကြင်းပင်ဟု ဆိုအပ်သတည်း။

http://www.dhammadownload.com



ထိုဥယျာဉ်၌ မလ္လာမင်းတို့၏အိပ်ရာ ညောင်စောင်းသည် ရှိ၏။ ထိုညောင်စောင်းကို ခင်းလော့ဟု ရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။ ''အာနန္ဒာ။ ငါ ပင်ပန်းသည်ဖြစ်၏။ လျောင်းအံ့''ဟု မိန့်တော်မူရာ၌ ဤသို့ သိအပ်၏။

မြတ်စွာဘုရား၏ ပြကတော့ ဆင် ကုဋေ ၁၀၀၀ တို့၏ အားကို ဆောင်တော်မူသော အားတော်သည် ရှိ၏။ ထိုအလုံးစုံသောအားတော်သည် စုန္ဒသူကြွယ်၏ဆွမ်းကို ဘုဉ်းပေးတော်မူသည်မှစ၍ ကုန်ခြင်းသို့ ရောက်ကုန်၏။ ပါဝါမြို့မှ ကုသိနာရုံမြို့သည် ၃ ဂါဝုတ်တို့တည်း။ ထို ၃ ဂါဝုတ်သော ခရီးအကြား၌ ၂၅ ရပ်တို့၌ နားတော်မူ၍၊ ကြီးစွာသော အားထုတ်တော်မူခြင်းဖြင့် လာတော်မူသော်လည်း၊ နေဝင်အခါ ညချမ်းမျှသာ မြတ်စွာဘုရားသည် အင်ကြင်းတော်သို့ ဝင်တော်မူ၏။ ဤသို့သော အနာသဘော၊ အလုံးစုံ အနာမရှိသည်၏အဖြစ်ကို နှိပ်စက်သည်ဖြစ်၍ ဖြစ်တတ်၏။ ဤသို့ သဘောကိုပြတော်မူသကဲ့သို့ ခပ်သိမ်းသောလောကအား ထိတ်လန့်ခြင်းကို ဖြစ်စေတတ်သောစကားကို မိန့်တော်မူသည်ဖြစ်၍၊ 'အာနန္ဒာ။ ငါ ပင်ပန်းသည် ဖြစ်၏။ လျောင်းအံ့'ဟု မိန့်တော်မူသတည်း။

မြတ်စွာဘုရားသည် ဤသို့ ကြီးစွာသောအားထုတ်ခြင်းဖြင့် ဤကုသိနာရုံမြို့သို့ ၃ ပါးသောအကြောင်းတို့ကြောင့် လာတော်မူသည်တည်း။

'တစ်ပါးသောအရပ်၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် မဟာသုဒဿနသုတ်၏ အတ္ထုပ္ပတ္တိသည် မဖြစ်လတ္တံ့။ ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ငါဘုရားသည် ၂ ဘာဏဝါရတို့ဖြင့် တန်ဆာဆင်၍ ဟောရလတ္တံ့။ ထိုမဟာသုဒဿနသုတ်ကို ကြား၍ များစွာသောသူတို့သည် ကောင်းမှုကိုပြုအပ်၏' ဟု အောက်မေ့လေကုန်အံ့သတည်း။ ဤလည်း အကြောင်း ၁ ပါး။

'တစ်ပါးသောအရပ်၌ ပရိနိဗ္ဗာန်ပြုတော်မူသော် မြတ်စွာဘုရားကို သုဘဒ်သည် မမြင်ရလတ္တံ့။ ထိုသုဘဒ်သည်လည်း မြတ်စွာဘုရား ဝေနေယျတည်း။ ထိုသုဘဒ်ကို သာဝကတို့သည် ဆုံးမအံ့သောငှာ မတတ်နိုင်။ ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန်ပြုသည်ရှိသော်ကား ငါသို့ ကပ်၍ ပြဿနာကို မေးလတ္တံ့။ ပြဿနာကိုဖြေသည်ရှိသော် အဆုံး၌ သရဏဂုံတည်၍၊ ငါအထံ၌ ရဟန်းပဉ္စင်းအဖြစ်ကို ရ၍၊ ကမ္မဋ္ဌာန်းကို ယူ၍၊ ငါ ပရိနိဗ္ဗာန်မပြုမီလျှင် အရဟတ္တဖိုလ်သို့ရောက်၍ မျက်မှောက်သောတပည့် ဖြစ်လတ္တံ့။ ဤလည်း အကြောင်း ၁ ပါး။

'ငါ တစ်ပါးသောအရပ်၌ ပရိနိဗ္ဗာန်ပြုသည်ရှိသော် ဓာတ်တော်ကိုဝေရာ၌ ကြီးစွာသော ထိုးပစ်ခြင်းသည် ဖြစ်လတ္တံ့။ သွေးချောင်း ဖြစ်လတ္တံ့။ ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုသည်ရှိသော်ကား ဒေါဏပုဏ္ဏားသည် ထိုသို့သော ငြင်းခုံခြင်းသည် ဖြစ်သော်၊ ဓာတ်တော်ကို ခွဲဝေလတ္တံ့။' ဤလည်း အကြောင်း ၁ ပါး။

ဤ ၃ ပါးသောအကြောင်းတို့ဖြင့် မြတ်စွာဘုရားသည် ဤသို့ကြီးစွာသော အားထုတ်ခြင်းဖြင့် ဤကုသိနာရုံသို့ လာတော်မူသတည်း ဟု သိအပ်၏။

http://www.dhammadownload.com



ထိုအခါ၌ မြတ်စွာဘုရားသည် လက်ယာနံတောင်းဖြင့်၊ လက်ယာခြေတော်၌ လက်ဝဲခြေတော်ကို အတန်ငယ် လွန်တင်တော်မူသဖြင့် သတိ၌ ဆောက်တည်တော်မူသည် ဖြစ်၍၊ ကောင်းစွာ ဆင်ခြင်တော်မူသည်ဖြစ်၍ သီဟသေယျာအားဖြင့် မြတ်သောလျောင်းခြင်းကို လျောင်းတော်မူ၏။ စတုတ္ထစျာန်ဝင်သောအားဖြင့် လျောင်းတော်မူခြင်းကို မြတ်စွာဘုရား၏လျောင်းတော်မူခြင်းဟု ဆိုအပ်၏။ ဤသို့သောလျောင်းခြင်းသည် တန်ခိုးရှိသော သူတို့၏ ဣရိယာပုထ်ဖြစ်သောကြောင့် 'မြတ်သောလျောင်းခြင်း'မည်၏။

ထိုအခါ၌ အင်ကြင်းပင်စုံတို့သည် ထက်ဝန်းကျင် ကာလမဟုတ်သော အပွင့်တို့ဖြင့် ပွင့်ကုန်၏။ ပင်စည်မှစ၍ အဖျားတိုင်အောင် တစ်ပြိုင်နက် အပွင့်ဖြင့် ဖုံးလွှမ်းကုန်၏။ ထို အင်ကြင်းအပင်စုံတို့သည်သာလျှင် ထိုသို့ ပွင့်ကုန်သည် မဟုတ်ကုန်။ အလုံးစုံသောသစ်ပင်တို့သည်လည်း အလုံးစုံသောအပွင့်တို့ဖြင့် ပွင့်ကုန်သည် ဖြစ်ကုန်၏။ ထိုဥယျာဉ်သာလျှင် ပွင့်ကုန်သည် မဟုတ်ကုန်။ အလုံးစုံသော ၁ သောင်းသောစကြဝဠာ၌လည်း အပွင့်ကို ဆောင်သောသစ်ပင်တို့သည် ပွင့်ကုန်၏။ အသီးကိုဆောင်သော သစ်ပင်တို့သည်လည်း သီးကုန်၏။ ခပ်သိမ်းသော သစ်ပင်တို့၏ ပင်စည်တို့၌ ပင်စည်ပဒုမ္မာတို့သည်လည်း ပွင့်ကုန်၏။ အခက်တို့၌ သာခပဒုမ္မာ, နွယ်တို့၌လည်း ပလ္လိပဒုမ္မာ, ကောင်းကင်၌ အာကာသပဒုမ္မာတို့သည် ပွင့်ကုန်၏။ မြေပြင်ကိုခွဲ၍ အရိုးရှိသော ပဒုမ္မာတို့သည် ပွင့်ကုန်၏။ အလုံးစုံသောမဟာသမုဒ္ဒရာသည် ကြာမျိုး ၅ ပါးတို့ဖြင့် ဖုံးလွှမ်းသည်ဖြစ်၏။ ယူဇနာ ၃၀၀၀ ရှိသော ဟိမဝန္တာသည် တစ်ခဲနက်သော ဥဒေါင်းမွေးရင့်စဉ်ကဲ့သို့ အခြားမရှိ ပန်းဆိုင်း, ပန်းစည်း, ပန်းကွန်ရက်ကဲ့သို့လည်းကောင်း၊ ကောင်းစွာမှည့်၍ ပွင့်အပ်သော ပန်းတောင်းကဲ့သို့ လည်းကောင်း၊ ကောင်းစွာပန်းဖြင့်ပြည့်သော ပန်းတောင်းကဲ့သို့ လည်းကောင်း အလွန် နှလုံးမွေ့လျော်ဖွယ်ရှိသည် ဖြစ်၏။ ထိုအင်ကြင်းပင်စုံ၌ပွင့်သော အလုံးစုံသောပန်းတို့သည် မြတ်စွာဘုရားကိုယ်တော်ကို ပူဇော်ခြင်းငှာ ကြဲကုန်၏။

နတ်၌ဖြစ်ကုန်သော နန္ဒာရေကန်၌ ဖြစ်ကုန်သော, ရွှေအဆင်းနှင့်တူကုန်သော, ထီးရိုးအရွက် ရှိကုန်သော, ၁ အာဠက* အတိုင်းအရှည် ဝတ်ဆံရှိကုန်သော 'မန္ဒာရဝ'အမည်ရှိသော နတ်ပန်းတို့သည် ကောင်းကင်မှ ကောင်းစွာ ကျကုန်၏။ နတ်ပန်းတို့သည် မြတ်စွာဘုရားကိုယ်တော်ကို ပူဇော်ခြင်းငှာ ကျကုန်၏။ အဖန်တလဲလဲ အပြားဖြင့် ကျကုန်၏။ ထို မန္ဒာရဝပန်းတို့သည်သာလျှင် မဟုတ်ကုန်။ တစ်ပါးလည်း နတ်၌ဖြစ်ကုန်သော ပင်လယ်ကသစ်ပွင့် အစရှိသောပန်းတို့သည် ရွှေပန်းတောင်းတို့ကို ပြည့်စေ၍၊ စကြဝဠာအနှံ့အပြားရောင်၌ လည်းကောင်း, သမုဒ္ဒရာအနှံ့အပြား၌ လည်းကောင်း, ဗြဟ္မာပြည်၌ လည်းကောင်း တည်သောနတ်တို့သည်ပူဇော်အပ်သော ပန်းတို့သည် ကောင်းကင်မှကျကုန်၏။ မြတ်စွာဘုရားကိုယ်တော်ကို အကြားအကြား၌ကျအပ်သော ပန်းတို့သည် ရောက်လတ်၍၊ ပန်းချပ်, ဝတ်ဆံ, ဝတ်မှုန်တို့ဖြင့် ကြဲကုန်၏။

နတ်၌ဖြစ်ကုန်သော နတ်တို့၏ သရက္ခန်ပြုအမှုန်တို့သည် ယူဇနာ ၅၀-ယူဇနာ ၆၀ တိုင်အောင် လှိုင်ကုန်၏။ နတ်တို့၏စန္ဒကူးတို့ဖြင့် လှိုင်ကုန်သည်သာ မဟုတ်။ နဂါး, ဂဠုန်တို့၏ စန္ဒကူးအမှုန်တို့သည် လှိုင်ကုန်၏။ ထိုမှတစ်ပါးလည်း အကျော်, စန္ဒကူးနီ, အလုံးစုံသောနတ်၌ဖြစ်သော နံ့သာမျိုးအမှုန့်တို့သည် လည်းကောင်း၊ စန္ဒကူးရွှေမျက်စဉ်း, ရွှေငွေအမှုန့်တို့သည် လည်းကောင်း၊ အလုံးစုံသောနတ်၌ဖြစ်သော နံ့သာအထုံအမျိုးတို့သည် လည်းကောင်း၊ ရွှေပန်းတောင်း, ငွေပန်းတောင်းတို့သည် လည်းကောင်း ပြည့်စေ၍ စကြဝဠာအနှံ့အပြား အစရှိသည်

* အာဠက- ပြည်

http://www.dhammadownload.com



တို့၌ ရပ်ကုန်သောနတ်တို့သည် ပူဇော်ကြေအပ်ကုန်သော နံ့သာမျိုး အမှုန်အထုံတို့သည် အကြားအကြား၌ အဖန်တလဲလဲအပြားဖြင့် ကြဲသည်ဖြစ်၍၊ မြတ်စွာဘုရားကိုယ်တော်ကို ပူဇော်ခြင်းငှာ ကြဲကုန်၏။

နတ်၌ဖြစ်သော ပဉ္စင်္ဂတူရိယာတို့သည် ပူဇော်ခြင်းငှာ မြည်ကုန်၏။ နတ်တို့၏ စည်းစိမ်သာလျှင် မဟုတ်။ အလုံးစုံကုန်သော စောင်း၊ သားရေဖြင့်မြည်အပ်သော စည်၊ ခွက်ခွင်း၊ ကြေးစည်၊ နဲ့၊ ပွေ့ အပြားရှိကုန်သော ၁ သောင်းသောစကြဝဠာ၌ နတ်၊ နဂါး၊ ဂဠုန်၊ လူတို့၏ ပဉ္စင်္ဂတူရိယာတို့သည် ဤစကြဝဠာ၌ စည်းဝေး၍ ကောင်းကင်၌ မြည်ကုန်၏။ နတ်၌ဖြစ်ကုန်သော၊ ပေါင်းအပ်ကုန်သော နတ်ပန်းတို့သည် မြတ်စွာဘုရားအား ပူဇော်ခြင်းဖြင့် ကောင်းကင်၌ ဖြစ်ကုန်၏။ နတ်တို့သည် အထူးထူးသောသီခြင်းတို့ဖြင့် သီကုန်၏။

**ဝရဏနတ်၊ ဝါရဏနတ်တို့အကြောင်း**

ရှည်သောအသက် ရှိကုန်သော 'ဝလာနရ'အမည်ရှိသောနတ်တို့သည် 'ယောက်ျားမြတ်သည် လူ၌ ဖြစ်၍၊ ဘုရားဖြစ်လတ္တံ့'ဟု ကြား၍၊ ''ပဋိသန္ဓေနေတော်မူသောအခါ၌ ထိုပန်းကုံးကိုယူ၍ သွားကြကုန်အံ့'ဟု ပန်းကို ကုံးကုန်၏။

နတ်တို့သည် ပန်းကုံးစဉ်ပင်လျှင် ယောက်ျားမြတ်သည် မယ်တော်ဝမ်း၌ ပဋိသန္ဓေနေတော်မူ၏။ နတ်တို့သည် ''အဘယ်သူ၏အလို့ဟု ပန်းကို ကုံးသနည်း''ဟု ဆိုကုန်သော်လည်း ထိုနတ်တို့သည် မနေကုန်မူ၍၊ ''မယ်တော်ဝမ်းမှ ဖွားသောနေ့၌ ထိုပန်းကုန်းကို ယူ၍ သွားကုန်အံ့''ဟု ဆိုကုန်၏။

တစ်ဖန်လည်း 'ဖွားတော်မူပြီ'ဟု ကြား၍၊ 'ရဟန်းပြုသောနေ့၌ ထိုပန်းကုံးကို ယူ၍ သွားကုန်အံ့'ဟု ဆိုကုန်၏။

၂၉ နှစ်ပတ်လုံး မင်းစည်းစိမ်ကို ခံစားတော်မူ၍၊ ''ယနေ့ မြတ်သောရဟန်းပြုခြင်းကို ပြုတော်မူပြီ'' ဟု ကြား၍လည်း ''ဘုရားဖြစ်တော်မူသောနေ့၌ ထိုပန်းကုံးကိုယူ၍ သွားကုန်အံ့''ဟု ဆိုကုန်၏။

၆ နှစ် ဒုက္ကရစရိယာ ကျင့်တော်မူ၍၊ ယနေ့ ဘုရားဖြစ်တော်မူသည်တည်း'ဟုကြား၍လည်း 'ယမိုက် ပြာဋိဟာကို ပြတော်မူသောနေ့၌ သွားကြကုန်အံ့'ဟု ဆိုကုန်၏။ ပန်းကို ကုံးကုန်၏။

သတ္တသတ္တာဟပတ်လုံး ဗောဓိမဏ္ဍိုင်၌ နေတော်မူခြင်းဖြင့် လွန်စေ၍၊ ဣသိပတနသို့ သွားတော်မူ၍၊ 'ယနေ့ ဓမ္မစကြာတရားကို ဟောတော်မူပြီ'ဟု ကြား၍၊ 'ယမိုက်ပြာဋိဟာကို ပြတော်မူပြီ'ဟု ကြား၍လည်း ''နတ်ပြည်မှ သက်တော်မူသောနေ့၌ သွားကုန်အံ့''ဟု ဆိုကုန်၏။

'ယခု နတ်ပြည်မှ သက်ခြင်းကို ပြုတော်မူပြီ' ဟု ကြား၍လည်း 'အာယုသင်္ခါရကို လွှတ်တော်မူသောနေ့၌ သွားကုန်အံ့'ဟု ဆိုကုန်၏။

'ယခု အာယုသင်္ခါရကို လွှတ်တော်မူပြီ'ဟု ကြား၍လည်း ''ထိုရွေ့လောက် မနေကုန်မူ၍၊ ပရိနိဗ္ဗာန် ပြုတော်မူသောနေ့၌ ထိုပန်းကုံးကို ယူ၍ သွားကုန်အံ့''ဟု ဆိုကုန်၍ ပန်းကို ကုံးကုန်၏။

'ယခု မြတ်စွာဘုရားသည် အင်ကြင်းပင်စုံတို့၏အကြား၌ လက်ယာနံပါးဖြင့် သတိနှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ အဆင်းအချင်းနှင့် ပြည့်စုံတော်မူသည် ဖြစ်၍၊ 'သီဟသေယျာ' တည်းဟူသော မြတ်သောလျောင်းခြင်းသို့ ကပ်တော်မူသည် ဖြစ်၍၊ မိုးသောက်သောအခါ၌ ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့။ နတ်တို့သည် အဘယ်သူအား ကုံးသနည်း'ဟု ဆိုကုန်သော နတ်တို့၏စကားကို ကြား၍သာလျှင်၊

http://www.dhammadownload.com



'ယနေ့ပင်လျှင် မယ်တော်ဝမ်း၌ ပဋိသန္ဓေ နေ၏။ ယနေ့ပင်လျှင် ဖွား၏။ ယနေ့ပင်လျှင် ရဟန်း ပြုတော်မူ၏။ ယနေ့ပင်လျှင် ဘုရား ဖြစ်တော်မူ၏။ ယနေ့ပင်လျှင် ဓမ္မစကြာတရားကို ဟောတော်မူ၏။ ယနေ့ပင်လျှင် ယမိုက် ပြာဋိဟာကို ပြတော်မူ၏။ ယနေ့ပင်လျှင် နတ်ပြည်မှ သက်တော်မူ၍၊ ယနေ့ပင်လျှင် အာယုသင်္ခါရကို လွှတ်တော်မူ၏။ ယနေ့ပင်လျှင် ပရိနိဗ္ဗာန် ပြုတော်မူ၏။

''ဤသို့ဖြစ်ခြင်းသည်ကား အဘယ်မည်သော ဖြစ်ခြင်းနည်း။ မိုးသောက်သောနေ့၌ ယာဂုတစ်ရွှတ်မျှသာ တည်သည် မဟုတ်တုံလော။ ၁၀ ပါးသောပါရမီတို့ကို ဖြည့်တော်မူ၍ ဘုရားဖြစ်တော်မူသော ဤမြတ်စွာဘုရား အား ထိုသို့ဖြစ်ခြင်းသည် မလျောက်ပတ်''ဟုဆို၍၊ မပြီးသောပန်းကုံးတို့ကို ယူ၍ လာလတ်သော်၊ စကြဝဠာ အတွင်း၌ အရပ်ကို မရကုန်သည် ဖြစ်၍၊ စကြဝဠာအနားရေး၌ အရပ်ကို ရ၍ ဆွဲ၏။

စကြဝဠာအဆုံး၌ ပြေးကုန်သောနတ်တို့သည် မိမိလက်ဖြင့် သူတစ်ပါးတို့၏လက်ကို, မိမိလည်ဖြင့် တစ်ပါးတို့၏လည်ကို တည်၍၊ သုံးသပ်၍၊ 'မဟာယသော-မဟာယသော'ဟု ကြည်သောအားဖြင့်, မေဒိုက အားဖြင့် ၃ ပါးသောရတနာတို့ကို အကြောင်းပြု၍၊ ၃၂ ပါးသော ယောက်ျားမြတ်လက္ခဏာ, ၆ ပါးသော ရောင်တော်, ၁၀ ပါးသော ပါရမီ, ၅၅၀ သော ဇာတ်, ၁၄ ပါးသော ဝေသာရဇ္ဇ ဉာဏ်တော်တို့ကို အာရုံပြု၍ သိ၏။ ထိုသို့သော ကျေးဇူးတော်၏အဆုံး၌ 'မဟာယသော မဟာယသော'ဟု ဆို၏။ ဤသို့သောအကြောင်းကို စွဲ၍၊ 'ဒိဗ္ဗာနိပိသံဂိတာနိ အန္တလိက္ခေ ပဗ္ဗန္တိ။ တထာဂတဿူဖာယ'ဟု ဆိုအပ်၏။

မြတ်စွာဘုရားသည်ကား အင်ကြင်းပင်စုံတို့၏အကြား၌ လက်ယာနံပါးဖြင့် လျောင်းတော်မူသည်ဖြစ်၍ လျှင် မြေအပြင်၌ စကြဝဠာ အနားရေးတိုင်အောင်, စကြဝဠာအနားရေးမှ ငြဟ္မာပြည်တိုင်အောင် စည်းဝေးသော ပရိသတ်၏ ကြီးစွာသောအားထုတ်ခြင်းကို မြင်တော်မူ၍၊ အရှင်အာနန္ဒာကို ခေါ်၍၊

''အာနန္ဒာ။ ဤသို့ ပူဇော်သက္ကာရ များစွာလျှင် ငါဘုရားကို နတ်တို့သည် ပြုကုန်၏။ ဤသို့သော ပူဇော် သက္ကာရကိုပြုသဖြင့် လွန်စွာလျှင် ငါဘုရားကို ပူဇော်သက္ကာရပြုသည် မဖြစ်။ လေးမြတ်သည် မဖြစ်။ အရိုအသေ ပြုသည် မဖြစ်။

''အာနန္ဒာ။ ရဟန်းသည် လည်းကောင်း, ရဟန်းမိန်းမသည် လည်းကောင်း, ဥပါသကာသည် လည်း ကောင်း, ဥပါသိကာသည် လည်းကောင်း လောကုတ္တရာတရားအားလျော်သောတရားကို ကျင့်၏။ အလေးအမြတ် ပြုအပ်သောသူကို အလေးအမြတ်ပြု၏။ လျော်စွာ တရားကိုကျင့်၏။ ထိုသူသည်သာလျှင် ငါဘုရားကို အလွန် ရှိသေစွာ ပူဇော်သက္ကာရကိုပြုသည် ဖြစ်၏။ မြတ်သောပူဇော်ခြင်းဖြင့် ပူဇော်ခြင်းကိုပြုသည် မည်၏။ ထိုကြောင့် အာနန္ဒာ။ 'လောကုတ္တရာအားလျော်သောအကျင့်ကို ကျင့်သည်ဖြစ်၍ နေကုန်အံ့'ဟု နှလုံးသွင်းအပ်၏''

ဤသို့ မိန့်တော်မူ၏။

ဤသို့မိန့်တော်မူသော အဓိပ္ပာယ်ကား-

''ငါဘုရားသည် ဒီပင်္ကရာမြတ်စွာဘုရားခြေရင်း၌ လျောင်းသဖြင့် ၈ ပါးသောတရားတို့ ပေါင်း၍ ဆုတောင်း ခြင်းကို ပြုသောအားဖြင့်၊ ပန်း, နံ့သာ, စည်, စောင်း, ငြင်း, သီချင်းတို့၏အလိုငှာ ဆုတောင်းခြင်းကို မပြု။ ထိုထိုသော ပန်း, နံ့သာ အစရှိသောအလို့ငှာ ပါရမီတို့ကို မဖြည့်။ ထို့ကြောင့် ငါသည် ထိုသို့သော ပန်း,နံ့သာ အစရှိသောပူဇော်ခြင်းဖြင့် ပူဇော်ထိုက်သောမည်သည် မဖြစ်သော'' ဤသို့သော အဓိပ္ပာယ်တည်း။

* ရဲရင့်သည်၏အဖြစ်။

http://www.dhammadownload.com



မြတ်စွာဘုရားသည် တစ်ပါးသောအကြောင်းဌဲ့ အောင်မဲညိုတစ်ပွင့်ကို ဘုရားကျေးဖူးတော်ကို ဆင်ခြင်၍ ပူဇော်သက္ကာကိုပြုသည်ရှိသော် သဗ္ဗညုတဉာဏ်ဖြင့်လည်း မပိုင်းမခြားနိုင်သောအကျိုးကို ချီးမွမ်းတော်မူ၏။ ဤတရား၌ ဤသို့ များစွာသောပူဇော်ခြင်းကို အဘယ်ကြောင့် ပယ်တော်မူသနည်း ဟူမူကား ပရိသတ်ကို ချီးမြှင့်သောအားဖြင့် လည်းကောင်း၊ သာသနာတော်၏ မြင့်မြတ်စွာတည်ခြင်းကို အလိုတော်ရှိသဖြင့် လည်းကောင်း ပယ်တော်မူသတည်း။

မြတ်စွာဘုရားသည် ဤသို့ မပယ်တော်မူငြားအံ့။ နောင်အခါ သီလ၏ လားသောအရာ၌ သီလကို မဖြစ်လတ်ကုန်အံ့။ သမာဓိ၏ လားသောအရာ၌ သမာဓိကို မဖြစ်လတ်ကုန်အံ့။ ဝိပဿနာကို ဖြစ်စေအပ်သောအရာ၌ 'ဝိပဿနာ' တည်းဟူသော်တိုက်ကို မယူစေလတ်ကုန်အံ့။ ဒကာတို့ကို ကောင်းစွာဆောက်တည်စေ၍၊ ပူဇော်သက္ကာရကိုသာလျှင် ပြုကုန်သည်ဖြစ်၍ နေလတ်ကုန်အံ့။

ထို 'အာမိသပူဇာ' မည်သည်ကား သာသနာတော်ကို တစ်နေ့တစ်ရက်မျှ လည်းကောင်း, ယာဂုတစ်ရွတ်သောကာလမျှ တည်စိမ့်သောငှာ မတတ်နိုင်။ မဟာဝိဟာရကျောင်းနှင့်တူသော အထောင်သောကျောင်းသည် လည်းကောင်း, မဟာစေတီနှင့်တူသော အထောင်သောစေတီသည် လည်းကောင်း သာသနာတော်ကို တည်စေခြင်းငှာ မတတ်နိုင်။ အကြင်သူသည် ထိုသို့သောကောင်းမှုကို ပြု၏။ ထို ကောင်းမှုပြုသောသူသည်သာလျှင် များစွာသောအကျိုးသည် ဖြစ်၏။

သမာပဇ္ဇိပတ်သည်ကား မြတ်စွာဘုရားအား လျောက်ပတ်သောပူဇော်ခြင်းသည် ဖြစ်၏။ ထို သမာပဇ္ဇိပတ်ကင်းသည်ရှိသော် သာသနာတော်၏တည်ခြင်းသည် မဖြစ်။ သာသနာတော်ကိုလည်း တည်စေခြင်းငှာ မတတ်နိုင်။ ။ ထိုသို့သော အနက်အဓိပ္ပာယ်ကို ပြတော်မူလိုသည်ဖြစ်၍ မြတ်စွာဘုရား ပယ်တော်မူသတည်း။

http://www.dhammadownload.com



## ရှင်ဥပဂါဏာထေရ်ကို ဖယ်ရှားစေခြင်း အကြောင်း

ထိုအခါ၌ ရှင်ဥပဂါဏာထေရ်သည် မြတ်စွာဘုရားရှေ့တော်၌ မြတ်စွာဘုရားကို ယပ်ခတ်၍ ရပ်၏။ မြတ်စွာဘုရားသည် ရှင်ဥပဂါဏာထေရ်ကို ''ငါ၏ရှေ့၌ မရပ်လင့်''ဟု မိန့်တော်မူ၏။ ရှင်ဥပဂါဏာထေရ်သည် တစ်ခွန်းတည်းသောအမိန့်တော်ဖြင့် ယပ်ကိုချ၍ တင့်အပ်စွာနေ၏။

ထိုအခါ၌ ရှင်အာနန္ဒာသည် ''ရှင်ပင်ဘုရား။ ဥပဂါဏာထေရ်ကို အဘယ်ကြောင့် ဖဲစေသနည်း။ အကြောင်းအဘယ်နည်း''ဟု လျှောက်၏။

''အာနန္ဒာ။ များစွာသော ၁ သောင်းသောလောကဓာတ်မှလာကုန်သော နတ်တို့သည် အသည်းသတ်အရှုပဘုံ၌ ဗြဟ္မာကို ထား၍၊ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ စည်းဝေးကုန်၏။ အာနန္ဒာ။ အကြင်မျှလောက်သော အပိုင်းအခြားဖြင့် ကုသိနာရုံမှ မလ္လာမင်းတို့၏ အင်ကြင်းတောအရပ်အကွေ့သည် ရှိ၏။ ထက်ဝန်းကျင်မှ ၁၂ ယူဇနာတိုင်တိုင် ထိုအရပ်သည် သားမြီးယပ်ဖျားဖြင့် ထိုးလောက်ရုံမျှ တန်ခိုးကြီးသောနတ်တို့ လွတ်သောအရပ်သည် မတွေ့ရာအရပ်မည်သည် မရှိ။

''မြတ်စွာဘုရားအနီးဖြစ်သော အရပ်၌ သားမြီးယပ်ဖျားမျှလောက်သော အရပ်၌ သိမ်မွေ့စွာ ကိုယ်ကို ဖန်ဆင်း၍၊ ၁ ကျိပ် - ၁ ကျိပ် ကြီးသောနတ်တို့သည် နေကုန်၏။ ထို ၁ ကျိပ် - ၁ ကျိပ်ကြီးသောနတ်တို့၏နောက်၌ ၂ ကျိပ် - ၂ ကျိပ်။ ထိုနောက်၌ ၄ ကျိပ် - ၄ ကျိပ်။ ထိုနောက်၌ ၅ ကျိပ် - ၅ ကျိပ်။ ထိုနောက် ၆ ကျိပ် - ၆ ကျိပ် သောနတ်တို့သည် နေကုန်၏။ ထိုနတ်တို့သည် အချင်းချင်း လက်, ခြေ, အဝတ်တန်ဆာဖြင့် မထိပါးကုန်။ 'ဖဲကုန်။ မထိစေကုန်လင့်' ဟုဆိုသော အခြင်းအရာမည်သည် မရှိ။ ထိုနတ်တို့သည် ၁ ကျိပ်, ၂ ကျိပ်, ၃ ကျိပ်, ၄ ကျိပ်, ၅ ကျိပ်, ၆ ကျိပ်ဖြစ်၍ အပ်သွားထောက်ရာ အရပ်မျှလည်း နေကုန်၏။

''အာနန္ဒာ။ ထိုနတ်တို့သည် ဝေးသောအရပ်မှ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ လာပါကုန်၏။ တစ်ရံတစ်ခါ၌သာလျှင် မြတ်စွာဘုရားသည် လောက၌ ဖြစ်တော်မူ၏။ 'ယနေ့မိုးသောက်ယံ၌ မြတ်စွာဘုရား၏ ပရိနိဗ္ဗာန်ပြုခြင်းသည် ဖြစ်တော်မူလတ္တံ့။ ဤတန်ခိုးကြီးသော ဥပဂါဏာသည် မြတ်စွာဘုရားရှေ့၌ နေသည်ဖြစ်၏။ မျက်နှာတော်ကို ငါတို့ မမြင်ပါရ။ ကွယ်၍နေဘိ၏။ အဆုံးစွန်သောကာလ၌ မြတ်စွာဘုရားကို မမြင်ပါ'ဟု ကဲ့ရဲ့ကုန်၏''ဟု မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို မိန့်တော်မူ၏။

အရှင်ဥပဂါဏာသည် ပြကတေ့ဖြင့် ကြီးသောကိုယ် ရှိ၏။ ဆင်ငယ်ရှိလောက်ကိုယ် ရှိ၏။ ပုံသဏ္ဌာန်းကို ရုံသည်ဖြစ်၍ အလွန်လျှင်ကြီးသည် ဖြစ်၏။ ထိုကြောင့် နတ်တို့သည် မြတ်စွာဘုရားမျက်နှာတော်ကို ရှုခြင်းငှာ မရကုန်သည်ဖြစ်၍ ကဲ့ရဲ့ကုန်၏။ နတ်တို့သည် ရဟန္တာကိုယ်ကို ထွင်းမြင်ခြင်းငှာ မတတ်နိုင်။ အရှင်ဥပဂါဏာထေရ်သည်ကား တန်ခိုးကြီးသည်၏အဖြစ်ကြောင့် ထေရ်သို့ ကပ်ခြင်းငှာလည်း မတတ်နိုင်ကုန်။ ကဿပမြတ်စွာဘုရား စေတီတော်၌ စောင့်သောနတ်ဖြစ်၍ ထိုထိုသောကောင်းကျိုးအားဖြင့် တန်ခိုးကြီးသတည်း။

ထိုအခါ၌ အရှင်အာနန္ဒာသည် ''ရှင်ပင်ဘုရား။ ထိုနတ်တို့သည် အဘယ်သို့ ဖြစ်ကုန်သနည်း''ဟု လျှောက်၏။

http://www.dhammadownload.com



''အာနန္ဒာ။ ကောင်းကင်၌ မြေဖန်ဆင်း၍၊ 'မြေ'ဟု အမှတ်ရှိကုန်သောနတ်တို့သည် ဆံတို့ကို ဖြေ၍ ငိုကုန်၏။ လက်တို့ကိုမြှောက်၍ ငိုကုန်၏။ အလယ်၌ ပြတ်သောခြေရှိကုန်သကဲ့သို့ ထိုသို့သောအရပ်မှ လဲကုန်၏။ 'အလွန်လျင်စွာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။ ၅ ပါးသောစက္ခုနှင့် ပြည့်စုံသောမြတ်စွာဘုရားသည် အလွန်လျင်စွာ ကွယ်တော်မူလတ္တံ့' ဟုလူးလဲကုန်၏။

''အာနန္ဒာ။ မြေ၌တည်သောနတ်တို့သည် ဆံတို့ကိုဖြေ၍ ငိုကုန်၏။ မြေအမှတ်ရှိသော နတ်တို့ ဟူသည်ကား ပြကတ္တေသောမြေသည် နတ်တို့ကိုဆောင်ခြင်းငှာ မတတ်နိုင်။ ထို့ကြောင့် ထိုနတ်တို့သည် မြေဖန်ဆင်း၍ နေသတည်း။ လက်တို့ကို ချီ၍ ငိုကုန်၏။ အလယ်၌ မြတ်သောမြေ ရှိကုန်သကဲ့သို့ ထိုမှဤမှ လဲကုန်၏။ 'အလွန်လျင်စွာ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။ အလွန်လျင်စွာ ကောင်းသောတရားကို ဟောတော်မူတတ်သော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။ ၅ ပါးသောစက္ခုနှင့် ပြည့်စုံသောမြတ်စွာဘုရားသည် လောကဌ အလွန်လျင်စွာ ကွယ်တော်မူလတ္တံ့'ဟု ထိုနတ်တို့သည် လူးလဲကုန်၏။

''အနာဂါမ်ရဟန္တာဖြစ်ကုန်သော အကြင်နတ်တို့သည် သတိနှင့်ပြည့်စုံကုန်သည် ဖြစ်၍၊ အဆင်းအချင်းနှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ 'သခီါရတရားတို့သည် အမြဲ မရှိကုန်။ ဤ ခန္ဓာပဉ္စကဖြစ်သော ကိုယ်၌ ငိုခြင်း၊ မြည်တမ်းခြင်းဖြင့် မြဲစေခြင်းငှာ မတတ်နိုင်ကုန်' သည်းခံကုန်၏'' ဟု အရှင်အာနန္ဒာကို မိန့်တော်မူကုန်၏။

http://www.dhammadownload.com



## အရှင်အာနန္ဒာအား ဆိုဆုံးမခြင်းများစွာကို ပြုခြင်း

အရှင်အာနန္ဒာလည်း မြတ်စွာဘုရားကို ''ရှင်ပင်ဘုရား။ ရှေးကာလ၌ ထိုထိုသောအရပ်တို့၌ ဝါမှ ထကုန်သောရဟန်းတို့သည် ရှင်ပင်ဘုရားကို ဖူးမြင်ခြင်းငှာ လာကုန်၏။ နှလုံးကိုပွားစေတတ်ကုန်သော ထိုရဟန်းတို့ကို အကျွန်ုပ်တို့ မြင်ခြင်းငှာ, ဆည်းကပ်ခြင်းငှာ ရကုန်၏။ ရှင်ပင်ဘုရား။ ရှင်ပင်ဘုရား ပရိနိဗ္ဗာန်ပြုသည်ရှိသော် နှလုံးကို ပွားစေတတ်ကုန်သော ရဟန်းတို့ကို မြင်ခြင်းငှာ အကျွန်ုပ် မရလေကုန်အံ့'' ဤသို့ လျှောက်ကုန်၏။

''အာနန္ဒာ။ ယုံကြည်သောအမျိုးသား၏ ဖူးမြင်ခြင်း၏အကြောင်းတို့သည် ၄ ပါးတို့တည်း။ ၄ ပါးဟူသော်ကား အာနန္ဒာ။ ဤအရပ်၌ မြတ်စွာဘုရားသည် အကယ်၍ မရှိသည်ဖြစ်၍ သဗ္ဗညုတဉာဏ်ကို သိတော်မူပြီ။ ဤအရပ်၌ မြတ်စွာဘုရားသည် ဓမ္မစကြာတရားကို ဟောတော်မူပြီ။ ဤအရပ်၌ ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန်ပြုတော်မူပြီ။ သဒ္ဓါယုံကြည်သော အမျိုးကောင်းသား၏ ဖူးမြင်ခြင်း၏အကြောင်း, ထိတ်လန့်ခြင်း၏အကြောင်းသည် ဖြစ်ကုန်၏။

''အာနန္ဒာ။ ဤ ၄ ပါးသောအကြောင်းတို့သည် သဒ္ဓါယုံကြည်သောအမျိုးကောင်းသားတို့၏ ဖူးမြင်ခြင်း၏ အကြောင်း, ထိတ်လန့်ခြင်း၏အကြောင်းတို့တည်း။

''အာနန္ဒာ။ သဒ္ဓါယုံကြည်ခြင်းရှိသော ရဟန်း, ရဟန်းမိန်းမ, ဥပါသကာ, ဥပါသိကာတို့သည် 'ဤအရပ်၌ မြတ်စွာဘုရားသည် ဖွားတော်မူပြီ' ဟူ၍ လည်းကောင်း၊ 'သဗ္ဗညုတဉာဏ်ကို သိတော်မူပြီ' ဟူ၍ လည်းကောင်း၊ 'ဓမ္မစကြာတရားကို ဟောတော်မူပြီ' ဟူ၍လည်းကောင်း၊ 'ပရိနိဗ္ဗာန် ပြုတော်မူပြီ' ဟူ၍ လည်းကောင်း လာလတ်ကုန်အံ့။

''အာနန္ဒာ။ အမှတ်မရှိသောသူတို့သည် စေတီပူဇော်သက္ကာကို ပူဇော်သည်ဖြစ်၍၊ ကြည်ညိုသောစိတ် ရှိကုန်သည်ဖြစ်၍ စုတေခြင်း ဖြစ်လတ်ကုန်အံ့။ ထိုလူတို့သည် နောက်၌ ကောင်းသောအလားရှိသော နတ်ပြည်သို့ လားရကုန်အံ့''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ မာတုဂါမ၌ အဘယ်သို့ နှလုံးသွင်းရကုန်အံ့နည်း''ဟု လျှောက်၏။

''အာနန္ဒာ။ သတိကို ဖြစ်စေအပ်၏'' ဟု မိန့်တော်မူ၏။ ''ရှင်ပင်ဘုရား။ ရှင်ပင်ဘုရား အလောင်းတော်၌ အကျွန်ုပ်တို့ အဘယ်သို့ စီရင်ရကုန်အံ့နည်း''ဟု နားတော်လျှောက်၏။ အာနန္ဒာ။ သင်တို့သည် မြတ်စွာဘုရားကိုယ်တော်ကို ပူဇော်ခြင်း၌ မကြောင့်ကြကုန်လင့်။ အာနန္ဒာ။ ငါတို့က်တွန်းတော်မူ၏။ အသင်တို့သည် မိမိအကျိုးစီးပွား၌ ဝိပဿနာကမ္မဋ္ဌာန်းကို စေ့ဆော်ကုန်။ သူတစ်ပါး၏အကျိုးစီးပွား၌ တိုက်တွန်းကုန်။ မမေ့မလျော့ ကမ္မဋ္ဌာန်းလုံ့လနှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ နိဗ္ဗာန်သို့ရောက်စေအပ်သော နှလုံး ရှိသည်ဖြစ်၍ နေကုန်ရာ၏။

''အာနန္ဒာ။ အကြင် မင်းပညာရှိ, ပုဏ္ဏားပညာရှိ, သူကြွယ်ပညာရှိတို့သည် ရှိကုန်၏။ ထို ပညာရှိတို့သည် မြတ်စွာဘုရား၌ အလွန်ကြည်ညိုကုန်၏။ ထို မင်း အစရှိသော ပညာရှိတို့သည် 'မြတ်စွာဘုရားအလောင်းတော်ကို ပူဇော်ခြင်းကို ပြုလတ်ကုန်အံ့'' ဟုမိန့်တော်မူ၏။

http://www.dhammadownload.com



''ရှင်ပင်ဘုရားအလောင်းတော်၌ အဘယ်သို့ စီရင်ကုန်သနည်း'' ဟု လျှောက်၏။

''အာနန္ဒာ။ စကြဝတေးမင်း၏ကိုယ်၌ စီရင်သကဲ့သို့ ထို့အတူ မြတ်စွာဘုရားအလောင်းတော်၌ စီရင်ရာ၏''ဟု မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ စကြဝတေးမင်း၏အလောင်းတော်၌ အဘယ်သို့ စီရင်ကုန်သနည်း'' ဟုလျှောက်၏။

''အာနန္ဒာ။ စကြဝတေးမင်း၏အလောင်းတော်၌ ကာသိကရာဇ်ပုဆိုးသစ်ဖြင့် ရစ်ကြကုန်၏။ ပုဆိုးသစ်ဖြင့် ရစ်ပြီး၍ ဖြစ်ပြီးသောဝါဂွမ်းဖြင့် ရစ်ကြကုန်၏။ ဝါဂွမ်းဖြင့် ရစ်ပြီး၍ ပုဆိုးသစ်ဖြင့် ရစ်ကြကုန်၏။ ဤသို့သော နည်းဖြင့် ပုဆိုးအစုံ ၅၀၀ တို့ဖြင့် စကြဝတေးမင်း၏ အလောင်း၌ရစ်၍၊ ရွှေဖြင့်ပြီးသော ဆီကျင်း၌ တည်၍၊ ရွှေအဖုံးဖြင့် အုပ်၍၊ အလုံးစုံနံ့သာကို ပြု၍ စကြဝတေးမင်း၏အလောင်းကို သင်္ဂြိုဟ်ကုန်၏။ ခရီး ၄ ဆုံ၌ စကြဝတေးမင်း၏စည်းခုံကိုပြုကုန်၏။ အာနန္ဒာ။ ထိုစကြဝတေးမင်း၏အလောင်း၌ ဤသို့စီရင်ကုန်၏။

''အာနန္ဒာ။ စကြဝတေးမင်း၏အလောင်း၌ စီရင်သကဲ့သို့ ဤအတူ မြတ်စွာဘုရားအလောင်းတော်၌ စီရင်ရာ၏။ ခရီး ၄ ဆုံ၌ မြတ်စွာဘုရား စည်းခုံ*ကို ပြုအပ်၏။ ထိုစည်းခုံ၌ အကြင်သူတို့သည် ပန်း,နံ့သာ, နံ့သာမှုန့်တို့ဖြင့် ပူဇော်ကုန်လတ္တံ့။ ရှိခိုးကုန်လတ္တံ့။ စိတ်ကြည်ခြင်းဖြစ်လတ္တံ့။ ထိုသူတို့အား ထိုပူဇော်ခြင်း, ရှိသေခြင်းသည် အရှည်လေးမြင့် အကျိုးစီးပွားချမ်းသာခြင်းငှာ ဖြစ်လေလတ္တံ့''

ဤသို့ ရှင်အာနန္ဒာကို မိန့်တော်မူ၏။

''အာနန္ဒာ။ စည်းခုံထိုက်သည်တို့ကား ၄ ပါးတို့တည်း။ ၄ ပါးဟူသည်တို့သည် အဘယ်သည်တို့နည်း။ 'အရဟ'မည်တော်မူသော သစ္စာ ၄ ပါးကို ကောင်းစွာ အလိုလိုသိတော်မူသော မြတ်စွာဘုရားသည် စည်းခုံထိုက်၏။ ပစ္စေကဗုဒ္ဓါသည်လည်း ထိုက်၏။ မြတ်စွာဘုရားတပည့်တော် ရဟန္တာသည်လည်း ထိုက်၏။ စကြဝတေးမင်းသည်လည်း စည်းခုံထိုက်၏။

''အာနန္ဒာ။ 'ဤစည်းခုံထိုက်သည်ကား မြတ်စွာဘုရားစည်းခုံတို့တည်း'ဟု များစွာသောသူတို့သည် ထိုစည်းခုံ၌ စိတ်ကို ကြည်ညိုစေ၍ ကိုယ်၏ပျက်ခြင်းမှ နောက်၌ နတ်ပြည်သို့ ဖြစ်ကုန်၏။ အာနန္ဒာ။ ဤသို့ အကျိုးကိုစွဲ၍ မြတ်စွာဘုရား စည်းခုံထိုက်၏။

''အာနန္ဒာ။ 'ဤသည်ကား ပစ္စေကဗုဒ္ဓါစည်းခုံ တည်း။ ဤသည်ကား ရဟန္တာတို့၏စည်းခုံ တည်း။ ဤသည်ကား စကြဝတေးမင်း၏ စည်းခုံ တည်း'ဟု များစွာသောသူတို့သည် ထိုစည်းခုံ၌ စိတ်ကိုကြည်ညိုစေ၍ နတ်ပြည်သို့ ဖြစ်ကုန်၏။ အာနန္ဒာ။ ဤသို့သောအကြောင်းကို စွဲ၍ ပစ္စေကဗုဒ္ဓါ, ရဟန္တာ, စကြဝတေးမင်းသည် စည်းခုံထိုက်၏။ အာနန္ဒာ။ ဤ ၄ ပါးတို့သည် စည်းခုံထိုက်သည် ဟု ဖြစ်ကုန်၏''ဟု ရှင်အာနန္ဒာကို မိန့်တော်မူ၏။

ဤ ၄ ပါးသောပုဂ္ဂိုလ်တို့၏ စေတီထိုက်ခြင်းကိုဟောရာ၌ ကာမဂုဏ်ချမ်းသာကို ခံစားသော စကြဝတေးမင်းသည် စေတီထိုက်သည် ရှိသော်၊ တပည့်တော် ပုထုဇဉ် သီလဝန်ရဟန်းတို့သည် စေတီထိုက်ပါကောင်း၏တကား ဟူမူကား၊ ထိုက်သော်ကား ထိုက်၏။ များသောကြောင့် အံ့ဖွယ်မရှိရကား- ထို့ကြောင့် ထိုက်သည်ကို ဟောတော်မမူ။ 'ထိုက်၏'ဟု ဟောတော်မူသည်ရှိသော်၊ ဟောတော်မူသောအတိုင်း စေတီတည်သည်ရှိသော် သိန်းခိုကျွန်းဌေးလည်း မဆုံးသည် ဖြစ်ရာ၏။ ဤသို့ အံ့ဖွယ်မရှိသောကြောင့် ထိုက်ရာသို့သွင်း၍ ဟောတော်မမူသတည်း ဟု ဤသို့မှတ်အပ်၏။

* စေတီပုထိုး။

http://www.dhammadownload.com



ပုထုဇဉ်သီလဝန်ရဟန်းအားကား ပရိနိဗ္ဗာန်ပြုသော ရဟန္တာကဲ့သို့ ကြီးစွာ သောပူဇော်သက္ကာရကို ပြုခြင်းငှာထိုက်သည်သာလျှင်တည်း။

ထိုအခါ၌ ရှင်အာနန္ဒာသည် တန်ဆောင်းဝန်းသို့ဝင်၍ တံခါးပေါင်အစွန်၌တည်သော မြောက်လက်တက်သော သစ်ပင်ကိုဆွဲ၍၊ ''ငါသည်လည်း သေကွ ဖြစ်၏။ ပြုအပ်သောအထက်မဂ် ရှိသည် ဖြစ်၏။ မြတ်စွာဘုရားသည်လည်း ပရိနိဗ္ဗာန် ပြုတော်မူလတ္တံ့။ မြတ်စွာဘုရားသည် ငါ့အား အလွန်သနားတော်မူ၏''ဟု ဝို၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ''အာနန္ဒာ။ အဘယ်မှာနည်း''ဟု ရဟန်းတို့ကိုခေါ်၍ မိန့်တော်မူ၏။ ရဟန်းတို့လည်း ရှင်အာနန္ဒာသည် တန်ဆောင်းဝန်းသို့ ဝင်၍၊ ငို၍နေကြောင်းကို လျှောက်ကုန်၏။

မြတ်စွာဘုရားလည်း တစ်ယောက်သောရဟန်းကို ''အာနန္ဒာကို ငါ့စကားတော်ဖြင့် ခေါ်''ဟု မိန့်တော်မူ၍ ခေါ်စေ၏။ အရှင်အာနန္ဒာလည်း ထိုခေါ်သော ရဟန်းစကားကိုကြား၍၊ မြတ်စွာဘုရားသို့ကပ်၍ ရိုသေစွာ ရှိခိုးပြီးသော် တင့်အပ်စွာနေ၏။

ရှင်အာနန္ဒာကို မိန့်တော်မူ၏။

''အာနန္ဒာ။ မလျောက်ပတ်။ မစိုးရိမ်လင့်။ မငိုကြွေးလင့်။ အာနန္ဒာ။ ငါသည် ခပ်သိမ်းကုန်သော၊ ချစ်နှစ်လိုအပ်ကုန်သော၊ အမိအဖ အစရှိကုန်သောသူတို့နှင့် ပစ္စုပ္ပန် ကွေကွင်းသည်၏အဖြစ်၊ သေခြင်းဖြင့် ကင်းသောအဖြစ်၊ တစ်ဘဝမှ တစ်ပါးသောဘဝ၏အဖြစ်သည် ဖြစ်၏။

''အာနန္ဒာ။ ဤခန္ဓာကိုယ်၌ ထို ချစ်နှစ်လိုသောသူတို့နှင့် ကွေကွင်းခြင်း အစရှိသည် အကြင်ကြောင့် ဖြစ်တတ်၏။ ထိုသို့ဖြစ်တတ်သောကြောင့် ၁၀ ပါးသောပါရမီတို့ကို ဖြည့်၍ လည်းကောင်း၊ သမ္မောဓိသို့ ရောက်၍ လည်းကောင်း ဓမ္မစကြာတရားကို ဟော၏။ ယမိုက်ပြာဋိဟာ ပြ၍၊ နတ်ပြည်မှသက်ခြင်းကို ပြု၍လည်း အကြင်သို့သဘောရှိသော သခါရတရားသည်လည်းကောင်း၊ ပျက်တတ်သော တရားသည်လည်းကောင်း ဖြစ်တတ်၏။ 'မြတ်စွာဘုရား၏ကိုယ်သည်လည်း မပျက်စေသတည်း'ဟု ထိုသို့သောအကြောင်း မရှိ။ ငိုခြင်းဖြင့် လည်းကောင်း၊ မြည်တမ်းခြင်းဖြင့် လည်းကောင်း ထိုမြဲခြင်းအကြောင်းကို ရခြင်းငှာ မတတ်နိုင်။ ဤသို့သော်လည်း မဆွကလျှင် ငါဟောပြီးသည် မဟုတ်တုံလော။

''အာနန္ဒာသည် မေတ္တာစိတ် ရှိသောအားဖြင့်ဖြစ်သော မျက်သစ်ရေကပ်ခြင်းအစရှိသော ကာယကံဖြင့်၊ အစီးအပွားကို သိခြင်းဖြင့်၊ ဝမ်းမြောက်ဝမ်းသာ ပြုခြင်းဖြင့်၊ ၂ ခွမပြု တစ်စိတ်တည်းပြုခြင်းဖြင့်၊ အပိုင်းအခြား မရှိသောအားဖြင့် မြတ်စွာဘုရားကို လုပ်ကျွေး၏။

''မေတ္တာစိတ် ရှိသောအားဖြင့်ဖြစ်သော ဝစီကံဖြင့်၊ အစီးအပွားကို သိခြင်းဖြင့်၊ ဝမ်းမြောက်ဝမ်းသာ ပြုခြင်းဖြင့်၊ ၂ ခွ အောက်မေ့ခြင်းကို မပြု၊ တစ်စိတ်တည်း ပြုခြင်းဖြင့် အပိုင်းအခြားမရှိသောအားဖြင့် မြတ်စွာဘုရားကို လုပ်ကျွေး၏။

''မေတ္တာစိတ် ရှိသောအားဖြင့်ဖြစ်သော မနောကံဖြင့်၊ အစီးအပွားကိုသိခြင်းဖြင့်၊ ဝမ်းမြောက်ဝမ်းသာ အားဖြင့်၊ ၂ ခွသောအောက်မေ့ခြင်းကို မပြု၊ တစ်စိတ်တည်းပြုသော အားဖြင့်၊ အပိုင်းအခြား မရှိသောအား ဖြင့် မြတ်စွာဘုရားကို အာနန္ဒာ လုပ်ကျွေး၏။

''အာနန္ဒာ။ အာနန္ဒာပြုပြီးသော ပါရမီရှိပြီ။ ကမ္မဋ္ဌာန်း၌ ယှဉ်လော့။ လျင်စွာ အာသဝေါကင်းသည် ဖြစ်လတ္တံ့''ဟု အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။

http://www.dhammadownload.com



'အပိုင်းအခြား မရှိ' ဟူသောစကားတော်ဖြင့် 'စကြဝဠာသည်လည်း အလွန်ကျဉ်း၏ ဘဝဂ်သည်လည်း အလွန်နိမ့်၏။ အာနန္ဒာ လုပ်ကျွေးအပ်သော ကာယက်သည်သာလျှင် များ၏' ဟု မြတ်စွာဘုရား မိန့်တော်မူ၏။ ။

'မေတ္တာစိတ်ရှိသော ဝစီကံ' ဟု မိန့်တော်မူသည်ကား မေတ္တာရှိသောစိတ်အားဖြင့် ဖြစ်သော 'မျက်နှာသစ်ကပ်သောအခါကို ကြားခြင်းတည်း' ဟူသော ဝစီကံတည်း။ စင်စစ်သော်ကား အဆုံးအမတော်ကို ကြား၍၊ 'ရှင်ပင်ဘုရား။ သံတော်ဦးတင်ပြီ' ဟု လျှောက်သောစကား။ ဝစီကံသာတည်း။ ။'မေတ္တာစိတ်ရှိသော မနောကံ' ဟူသည်ကား စောစောသာလျှင် ကိုယ်ကိုသုတ်သင်ခြင်းကို ပြု၍၊ ဆိတ်ငြိမ်ရာအရပ်၌ နေ၍၊ 'ရှင်ပင်ဘုရားသည် ကြောင့်ကြမရှိသည် ဖြစ်၍ ချမ်းသာတော်မူသည် ဖြစ်စေသတည်း'။ ။ ဤသို့ဖြစ်သော မနောကံဖြင့် အာနန္ဒာသည် ငါ့ကို လုပ်ကျွေး၏ဟု မိန့်တော်မူသတည်း။ ထိုသို့သော အဓိပ္ပာယ်တည်း။ ။ 'ပြုအပ်သော ကောင်းမှုရှိ၏' ဟူသည်ကား 'ကမ္ဘာ ၁ သိန်းပတ်လုံး ဆုတောင်းခြင်းပါရမီနှင့် ပြည့်စုံသည် အာနန္ဒာဖြစ်၏' ဟု မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို သိစေသတည်း။ ။ 'ပြုအပ်သော ပါရမီကောင်းမှု ရှိ၏' ဟူသောအမိန့်တော်ဖြင့် 'ကမ္မဋ္ဌာန်းကို မစွန့်လင့်။ မေ့လျော့ခြင်းသို့ မရောက်လင့်။ စင်စစ် ကမ္မဋ္ဌာန်းကို ရှုလော့။ ဤသို့ကမ္မဋ္ဌာန်းကို ရှုသည်ရှိသော် လျင်စွာ အာသဝေါကင်းခြင်းသည် ဖြစ်လတ္တံ့။ ဓမ္မသင်္ဂီယနာကာလ၌ အရဟာတ္တဖိုလ်သို့ ရောက်လတ္တံ့။ အာနန္ဒာသို့သောသူ၏ လုပ်ကျွေးခြင်းသည် အကျိုးမရှိသောမည်သည် မဖြစ်' ဟု သိတော်မူစေသတည်း။

ဤသို့ မိန့်တော်မူသဖြင့် မြေကြီးပျံသကဲ့သို့၊ စကြဝဠာတောင်ကို ချသကဲ့သို့၊ မြင်းမိုရ်တောင်ကို ချီသကဲ့သို့၊ ဓမ္မသပြေပင်ကို ကိုင်လှုပ်သကဲ့သို့ ရှင်အာနန္ဒာကျေးဇူးစကားကို အားထုတ်တော်မူ၍၊ ထိုအခါ၌ မြတ်စွာဘုရားသည် ''ရဟန်းတို့။ လွန်လေပြီးသောအခါ၌ အကြင်မြတ်စွာဘုရားတို့သည်လည်း ဖြစ်တော်မူကုန်ပြီ။ ထိုမြတ်စွာဘုရားတို့၏ ဤသို့အပိုင်းအခြားရှိသော အလုပ်အကျွေးတို့သည် ဖြစ်ကုန်၏။ ထိုအလုပ်အကျွေးတို့သည် ယခု ငါ၏အလုပ်အကျွေး အာနန္ဒာကဲ့သို့သာတည်း။

''ရဟန်းတို့။ လာလတ္တံ့သောအခါ၌ အကြင်မြတ်စွာဘုရားတို့သည်လည်း ဖြစ်လတ်ကုန်အံ့။ ထိုမြတ်စွာဘုရားတို့၏ ဤသို့အပိုင်းအခြားရှိသော အလုပ်အကျွေးတို့သည် ဖြစ်လတ်ကုန်အံ့။ ထိုအလုပ်အကျွေးတို့သည် ယခု ငါ၏အလုပ်အကျွေးဖြစ်သော အာနန္ဒာကဲ့သို့သာတည်း။

''ရဟန်းတို့။ အာနန္ဒာသည် ပညာရှိ၏။ ဤအခါသည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ၊ ဤအခါသည် ရဟန်းတို့၏ ကပ်ခြင်းငှာ၊ ဤအခါသည် ရဟန်းမိန်းမတို့၏ ကပ်ခြင်းငှာ၊ ဤအခါသည် ဥပါသကာတို့၏၊ ဤအခါသည် ဥပါသိကာတို့၏၊ ဤအခါသည် မင်း,မတ်တို့၏၊ တိတ္ထိ, တိတ္ထိတပည့်တို့၏ အခါတည်း' ဟု အာနန္ဒာ သိ၏။''

ဤသို့မိန့်တော်မူပြီး၍၊ 'စတ္တာရော မေ ဘိက္ခဝေ အစ္ဆရိယာ အဗ္ဘုတာ ဓမ္မာ အာနန္ဒော' အစရှိသော ဓမ္မဒေသနာဖြင့် အာနန္ဒာ၌ အံ့ဖွယ် ၄ ပါး, စကြဝတေးမင်း၏ အံ့ဖွယ် ၄ ပါးကို ဥပမာပြု၍ အာနန္ဒာ၌ အံ့ဖွယ်ကို ဟောတော်မူ၏။ ထို ဟောတော်မူသောဒေသနာ၌၊

http://www.dhammadownload.com



"အရှင်အာနန္ဒာ၌ အံ့ဖွယ် ၄ ပါးကား ရဟန်းတို့ပရိသတ်, ရဟန်းမိန်းမတို့ပရိသတ်, ဥပါသကာပရိသတ်, ဥပါသိကာပရိသတ်၊ ထိုပရိသတ်တို့တွင် တစ်ပါးသောပရိသတ်သည် အရှင်အာနန္ဒာကို ဖူးမြင်ခြင်းငှာ ကပ်လာ၏။ မြင်ခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ထိုပရိသတ်၌ ရှင်အာနန္ဒာသည် တရားဟောတော်မူသည် ဖြစ်၏။ တရားဟောသဖြင့်သာလည်း ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ ထိုပရိသတ်သည် မြင်ခြင်း, တရားနာခြင်းဖြင့် မရောင့်ရဲသည်သာလျှင် ဖြစ်၏။ ထိုအခါ၌ ရှင်အာနန္ဒာသည် တိတ်နေ၏။ ဤသည်လျှင် ရှင်အာနန္ဒာ၌ အံ့ဖွယ် ၄ ပါးတို့တည်း။

"စကြဝတေးမင်း၏ အံ့ဖွယ် ၄ ပါးကား မင်းပရိသတ်လည်း စကြဝတေးမင်းသို့ ဖူးမြင်ခြင်းငှာ ကပ်လာ၏။ မြင်ခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်၏။ ထိုပရိသတ်၌ စကြဝတေးမင်းသည် ပြောဟောသည် ဖြစ်အံ့။ ပြောဟောသဖြင့်လည်း ထိုပရိသတ်သည် ဝမ်းမြောက်ဝမ်းသာ ဖြစ်၏။ ထိုမင်းပရိသတ်သည် စကြဝတေးမင်းကို မြင်ခြင်း, ပြောခြင်း၌ မရောင့်ရဲသည်သာ ဖြစ်၏။ ထိုအခါ၌ စကြဝတေးမင်းသည် တိတ်တိတ်နေ၏။ ဤသည်လျှင် စကြဝတေးမင်း၌ အံ့ဖွယ် ၄ ပါးတည်း"

ဤသို့ မြတ်စွာဘုရား ဟောတော်မူသည်ရှိသော်၊ ရှင်အာနန္ဒာသည် "ရှင်ပင်ဘုရား။ မြတ်စွာဘုရားသည် ဤငယ်သောမြို့၌, မညီမညွတ်သောမြေရှိသောမြို့လက်၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ မြို့ကြီးတို့သည် ရှိကုန်၏။ ရှင်ပင်ဘုရား။ တစ်ပါးကုန်သော မြို့ကြီးဖြစ်ကုန်သော စမ္ပာ, ရာဇဂြိုဟ်, သာဝတ္ထိ, သာကေတ, ကောသမ္ဗီ, ဗာရာဏသီ၊ ဤမြို့ကြီးတို့သည် ရှိကုန်၏။ ထိုမြို့ကြီးတို့၌ ပရိနိဗ္ဗာန် ပြုတော်မူစေသတည်း။ ထိုအရပ်တို့၌ များစွာသော မင်း,သူကြွယ်တို့သည်လည်း မြတ်စွာဘုရားကို အလွန်ကြည်ညိုကုန်သည် ဖြစ်၍ မြတ်စွာဘုရား အလောင်းကို ပူဇော်လတ်ကုန်အံ့" ဤသို့မြတ်စွာဘုရားကို လျှောက်၏။

"အာနန္ဒာ။ 'ငယ်သောမြို့, မညီမညွတ်သောမြေရှိသော မြို့လက်' ဟု ဤသို့ အာနန္ဒာ မဆိုလင့်"ဟု မိန့်တော်မူ၍၊ 'ဘူတပုဗ္ဗံ အာနန္ဒ ရာဇာမဟာသုဒဿနော နာမစက္ကဝတ္တီ' အစရှိသောဓမ္မဒေသနာဖြင့် ကုသိနာရုံ၌ မဟာသုဒဿန စကြဝတေးမင်း ဖြစ်ဖူးသောအဖြစ်ကို ပြ၏။ မဟာသုဒဿန စက္ကဝတ္တိသုတ်ကို ဟောတော်မူ၏။ ထိုသို့ဟောတော်မူ၍၊ အာနန္ဒာကို မိန့်တော်မူ၏။

"အာနန္ဒာ။ သင် သွားချေ။ ကုသိနာရုံသို့ ဝင်၍၊ ကုသိနာရုံမင်းတို့အား 'ဝါသိဋ္ဌအမျိုးရှိသော မင်းတို့။ ယနေ့မိုးသောက်ယံ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။ ဝါသိဋ္ဌအမျိုးဖြစ်သော မလ္လာမင်းတို့ သွားကုန်။ ငါတို့၏နိုင်ငံ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏။ 'အဆုံးစွန် ပရိနိဗ္ဗာန်ပြုသောကာလ၌ မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ ငါတို့ မရပါကုန်'ဟု နှလုံးမသာခြင်း မဖြစ်စေကုန်လင့်"ဟု ရှင်အာနန္ဒာကို စေတော်မူ၏။

ရှင်အာနန္ဒာလည်း ဝန်ခံ၍၊ ကုသိနာရုံမြို့သို့ ဝင်၍၊ ကုသိနာရုံမင်းတို့၏ မင်းကွန်းသို့ကပ်၍၊ ထိုကုသိနာရုံမင်းတို့အား မြတ်စွာဘုရား စေတော်မူသောအမိန့်တော်ကို ကြား၍၊ ရှင်အာနန္ဒာ ကြားသောစကားကို မလ္လာမင်း, မလ္လာမင်းသား, မယားတို့သည် နှလုံးမသာမယာ ဆင်းရဲသို့ရောက်ကုန်သည် ဖြစ်၍၊ အချို့သော မလ္လာမင်းတို့သည် ဆံကို ဖြေ၍ ငိုကုန်၏။ လက်ကို ချီ၍ ငိုကုန်၏။ ခြေပြတ်သောသူတို့သို့ လဲကုန်၏။

'အလွန်လျှင် မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့။ ကောင်းသောတရားကို ဟောတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျှင် ပရိနိဗ္ဗာန်ပြုတော်မူလတ္တံ့'ဟု၊ 'အလွန်လျှင် မြတ်စွာဘုရားသည် လောကဌ်ကွယ်တော်မူလတ္တံ့' ဟု လူးလဲကုန်၏။

http://www.dhammadownload.com



ထိုအခါ၌ မလ္လာမင်းတို့သည် လည်းကောင်း၊ မလ္လာမင်းသား, ချွေးမတို့သည် လည်းကောင်း ဆင်းရဲသို့ ရောက်ကုန်သည်ဖြစ်၍၊ နှလုံးမသာမယာ ဆင်းရဲခြင်းဖြင့် နှိပ်စက်ကုန်လျက် မလ္လာမင်းတို့၏ အင်ကြင်းတော အကွေ့၌ ရှင်အာနန္ဒာသို့ ကပ်ကုန်၏။

ထိုအခါ၌ ရှင်အာနန္ဒာသည် 'မလ္လာမင်းတို့ကို တစ်မင်း-တစ်မင်းစီ မြတ်စွာဘုရားကို အကယ်၍ ငါ ရှိခိုးစေအံ့။ မလ္လာမင်းတို့သည် မြတ်စွာဘုရားကို ရှိခိုးကုန်လျက်ရသည် ဖြစ်လတ်ကုန်အံ့။ စင်စစ် ဤညဉ့် လင်းလတ္တံ့'ဟု ကုသိနာရုံမင်းတို့ကို တစ်မျိုး-တစ်မျိုးအားဖြင့် နေစေ၏။

'ရှင်ပင်ဘုရား။ 'ဤအမည်ရှိသောသူသည် သားမယားနှင့်တကွ,အမတ်နှင့်တကွ မြတ်စွာဘုရား ခြေတော်တို့ကို ဦးဖြင့် ရှိခိုး၏'ဟု မြတ်စွာဘုရားကို ငါ ရှိခိုးစေရသော် ကောင်း၏'ဟု ကြံ၍၊ တစ်မျိုးအားဖြင့် ရှိခိုးစေ၏။ ထိုအခါ၌ ရှင်အာနန္ဒာသည် ဤသို့သောအကြောင်းဖြင့် ညဉ့်ဦးယံ၌သာလျှင် ကုသိနာရုံမင်းတို့ကို ရှိခိုးစေ၏။ ဤသို့ ကုသိနာရုံမင်းတို့ကို ရှိခိုးစေခြင်းအပြီး ညဉ့်ဦးယံ ကုန်သတည်း။

http://www.dhammadownload.com



## သုဘဒ်ပရိဗိုဇ်ကို ချေချွတ်တော်မူခြင်း

ထိုအခါ 'သုဘဒ်'အမည်ရှိသော ပရိဗ္ဗာဇက*သည် ကုသိနာရုံမြို့၌ နေ၏။

ထို သုဘဒ်ပရိဗ္ဗာဇကသည် 'ယနေ့မိုးသောက်ယံ၌ ရဟန်းဂေါတမသည် ပရိနိဗ္ဗာန်ပြုလတ္တံ့'ဟု ကြား၍၊ 'မိမိ၏ ယုံမှားခြင်းသဘောကို မြတ်စွာဘုရားအား မေးအံ့'ဟု မလွှာမင်းတို့၏အင်ကြင်းတော်အကွေ့၌ ရှင်အာနန္ဒာသို့ ကပ်၍၊ ''မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ ရပါအံ့''ဟု အရှင်အာနန္ဒာကို ၃ ကြိမ်မြောက် တောင်းပန်၏။ အရှင်အာနန္ဒာလည်း ၃ ကြိမ်မြောက် ''ရှင်သုဘဒ်။ မြတ်စွာဘုရားကို မညှဉ်းဆဲလင့်။ မြတ်စွာဘုရား ပင်ပန်းတော်မူ၏'' ဟုဆို၏။

မြတ်စွာဘုရားလည်း သုဘဒ်နှင့် အရှင်အာနန္ဒာကို ၃ ကြိမ်မြောက် ဆိုသောစကားကို ကြားတော်မူ၍၊ ''အာနန္ဒာ။ သုဘဒ်ကို မမြစ်လင့်။ မြစ်ခြင်း မသင့်။ အာနန္ဒာ။ သုဘဒ်သည် မြတ်စွာဘုရားကို ဖူးမြင်ခြင်းငှာ ရပါစေ။ သုဘဒ်သည် ငါ့အား တစ်စုံတစ်ခုကို မေးလတ္တံ့။ ထို အလုံးစုံသောအမေးကို သိခြင်းကို ငဲ့သည်ဖြစ်၍ မေးလတ္တံ့။ အကြင်အမေးကို ငါဖြေအံ့။ ထိုအမေး၏အဖြေကို လျင်စွာသိလတ္တံ့''ဟု အရှင်အာနန္ဒာကိုခေါ်၍ မိန့်တော်မူ၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် ''ရှင်သုဘဒ်။ သွားလော့။ ရှင်သုဘဒ်ကို မြတ်စွာဘုရား အခွင့်ပြုတော်မူ၏''ဟု ဆို၏။

ထိုအခါ၌ သုဘဒ်သည် မြတ်စွာဘုရားသို့ကပ်၍ မြတ်စွာဘုရားနှင့်တကွ ဝမ်းမြောက်ဝမ်းသာ ပြောဟော၏။ ဝမ်းမြောက်ဖွယ်သောစကား, အသက်ထက်ဆုံး မှတ်ထိုက်သောစကားကို ပြီးစေ၍၊ တင့်အပ်စွာနေပြီးသော သုဘဒ်ပရိဗ္ဗာဇကသည် 'ယေ မေဘော ဂေါတမ သမဏာဗြဟ္မဏာ သံဃိနော ဂဏိနော' အစရှိသည်ဖြင့် မြတ်စွာဘုရားကို လျှောက်၏။

မြတ်စွာဘုရားလည်း 'အယံသုဘဒ္ဒတိဋ္ဌ၊ တေသံသဗ္ဗေတေသံ ကာယပဋိညာယ အဘိညံသု။ လ။ ဓမ္မံတေ သုဘဒ္ဒ ဒေသိဿာမိ တံသုဏာဟိ ဘာ သဿာမိ'ဟု မိန့်တော်မူပြီး၍၊ 'ယသ္မိံခေါ သုဘဒ္ဒ ဓမ္မဝိနယေ အရိယော အဋ္ဌင်္ဂိကော မဂ္ဂေါ' အစရှိသော ဒေသနာကိုဟောတော်မူ၏။

ဤသို့ဟောတော်မူသည်ရှိသော် သုဘဒ်ပရိဗ္ဗာဇကသည် ''ရှင်ပင်ဘုရား။ နှစ်လိုဖွယ်ရှိစွ'' အစရှိသည်ဖြင့် မြတ်စွာဘုရားကို ချီးမွမ်း၏။ သရဏဂုံ ၃ ပါးသို့ ကပ်၏။ ရဟန်းပဋိဉာဉ်းအဖြစ်ကိုလည်း တောင်းပန်၏။

မြတ်စွာဘုရားလည်း ''တိတ္ထိဖြစ်သောသူကို ရဟန်းပဋိဉာဉ်းအဖြစ်ကို တောင်းပန်သည်ရှိသော်၊ ၄ လ ပရိဝုဏ်နေမှ ရဟန်းအဖြစ်ကို ရကုန်၏''ဟု မိန့်တော်မူလျှင်၊ ''အကျွန်ုပ်သည် ၄ နှစ်ပတ်လုံး ပရိဝါသ်နေအံ့''ဟု လျှောက်၏။

* ပရိဗိုစ်ရဟန်း။

http://www.dhammadownload.com



ထိုအခါ၌ မြတ်စွာဘုရားသည် ''အာနန္ဒာ။ သုဘဒ်ပရိဗ္ဗာဇကကို ရဟန်း ပြုစေကုန်သတည်း'' ဟု မိန့်တော်မူ၏။ ရှင်အာနန္ဒာလည်း ဝန်ခံ၏။ ထိုအခါ၌ သုဘဒ်ပရိဗ္ဗာဇကသည် မြတ်စွာဘုရားအထံတော်၌ ရဟန်းပဋိဉာဉ်းအဖြစ်ကို ရ၏။

ပဋိဉာဉ်းအဖြစ်ကိုရ၍ ရှေ့တော်သို့ဆောင်ခဲ့သော် ကမ္မဋ္ဌာန်းကို ပေးတော်မူ၏။ အရှင်သုဘဒ်ရဟန်းသည် ကမ္မဋ္ဌာန်းကို ယူ၍၊ ဥယျာဉ်၌တင့်တယ်အပ်သောအရပ်၌ စင်္ကြံသွား၍၊ ဝိပဿနာကမ္မဋ္ဌာန်းကို စေ့ဆော်သည်ဖြစ်၍၊ ပဋိသမ္ဘိဒါတို့နှင့်တကွ အရဟတ္တဖိုလ်သို့ရောက်၍၊ မြတ်စွာဘုရားသို့ ကပ်၍၊ ရှိခိုး၍ နေ၏။ အရှင်သုဘဒ်ရဟန္တာသည် အဆုံးစွန်သောတပည့်တော် ဖြစ်၏။

http://www.dhammadownload.com



## မြတ်စွာဘုရားသည် အဆုံးစွန်သော တရားကိုဟောခြင်း

ထိုအခါ၌ မြတ်စွာဘုရားသည် ''အာနန္ဒာ။ မြတ်စွာဘုရားပါဠိတော်သည် လွန်သောဘုရား ရှိသည်ဖြစ်၏။ 'ငါ၏ဆရာ မြတ်စွာဘုရားသည်လည်း မရှိ' ဤသို့သောအကြံသည် အာနန္ဒာတို့အား ဖြစ်ရာ၏။ ဖြစ်ရာသည် သာလျှင်တည်း။ အာနန္ဒာ။ ထိုအကြောင်းကို ဤသို့ မမှတ်အပ်။ ''ယောဝေါအာနန္ဒ။ မယာဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော။ သောဝေါမမစ္စယေနသတ္ထာ'' ဟု အရှင်အာနန္ဒာကို ခေါ်၍ မိန့်တော်မူ၏။ ဤပါဠိ၏ အနက်အဓိပ္ပာယ်ကား

''အကြင်သုတ်,အဘိဓမ္မာတရားကို လည်းကောင်း၊ ဝိနည်းကို လည်းကောင်း အာနန္ဒာတို့အား ငါ ဟောအပ်ပြီ။ ထိုသုတ်, အဘိဓမ္မာ, ဝိနည်းသည် ငါလွန်သောအခါ၌ အာနန္ဒာတို့၏ဆရာ ဖြစ်လတ္တံ့'' ဤသို့ မိန့်တော်မူသည် အလိုကား-

''ငါ ဟောသော 'သုတ်, အဘိဓမ္မာ, ဝိနည်း'ဟူသော ဓမ္မက္ခန္ဓာသည် ၈ သောင်း ၄ ထောင်၊ ဓမ္မက္ခန္ဓာ ၁ ပါး - ၁ ပါးသည် ဘုရား ၁ ဆူ- ၁ ဆူ ဖြစ်တော့သည်။ ယခုမူကား ငါဘုရားသာလျှင် သတ္တဝါတို့ကို ဆုံးမသည်။ ငါလွန်သည့်အခါမူကား ဘုရား ၈ သောင်း ၄ ထောင်စသည် ဆုံးမကုန်အံ့သည်။ ယင်းသို့ဖြစ်သောကြောင့် ငါတစ်ယောက်သာလျှင် ပရိနိဗ္ဗာန် ပြုမည်။ ဘုရား ၈ သောင်း ၄ ထောင်တို့သည် ဆုံးမလတ် ကုန်အံ့သည်။ ယင်းသို့ဖြစ်သောကြောင့် မစိုးရိမ်လင့်။ မမေ့မလျော့ခြင်းကိုသာလျှင် ပြည့်စုံစေကုန်'' ဤသို့ မိန့်တော်မူလိုသည် ဟူလိုသော်။

ထိုအခါ၌ ''အာနန္ဒာ။ ယခုရဟန်းတို့သည် အချင်းချင်း 'အာဝုသော'ဟု ခေါ်ဝေါ်ကုန်၏။ ငါ ပရိနိဗ္ဗာန် ပြုတော်မူသောအခါ၌ ဤသို့ မခေါ်ဝေါ်အပ်။ ရဟန်းတို့သည် အလိုရှိသည်တို့ကို 'ဘန္တေ'ဟု ခေါ်ဝေါ်အပ်၏။ အာနန္ဒာ။ အကြီးသည် အငယ်ကို 'အာဝုသော' ဟု ခေါ်ဝေါ်အပ်၏။ အာနန္ဒာ။ သံဃာသည် အလိုရှိသော် ငါ လွန်သောအခါ၌ ဤသို့ မခေါ်ဝေါ်အပ်။ ရဟန်းတို့သည် အလိုရှိသည်ရှိသော် ငယ်သောသိက္ခာပုဒ်တို့ကို နုတ်စေသတည်း။ 'ဆန္နဿ'အမည်ရှိသော ရဟန်းအား ငါ လွန်သောအခါ၌ ဗြဟ္မဒဏ်ကို ပေးအပ်၏''ဟု အရှင်အာနန္ဒာကို မိန့်တော်မူ၏။

''ရှင်ပင်ဘုရား။ 'ဗြဟ္မဒဏ်'ဟူသည် အဘယ်နည်း'' ဟု ရှင်အာနန္ဒာ လျှောက်၏။

''အာနန္ဒာ။ ဆန္နရဟန်းသည် အလိုလျောက် ကျင့်ရာ၏။ ထိုသို့ကျင့်သော ဆန္နကို ရဟန်းတို့သည် မဆိုအပ်။ ရှိမခိုးအပ်။ ဤသို့ပြုခြင်းသည် ဗြဟ္မဒဏ်တည်း''

ထိုအခါ၌ မြတ်စွာဘုရားသည် ''ရဟန်းတို့။ တစ်ယောက်သောရဟန်းသည်လည်း ဘုရား၌ လည်းကောင်း, မင်း၌ လည်းကောင်း, အကျင့်၌ လည်းကောင်း, ယုံမှားခြင်းသည် လည်းကောင်း, ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်သည် လည်းကောင်း ဖြစ်ရာ၏။ ရဟန်းတို့။ 'မြတ်စွာဘုရားသည် ငါတို့၏မျက်မှောက် ဖြစ်တော်မူ၏။ ငါတို့သည် မြတ်စွာဘုရားကို မျက်မှောက်တစ်ဖန် မေးခြင်းငှာ မတတ်နိုင်ကုန်'ဟု နှောက်ခ်၌ နှလုံးမသာယာခြင်းရှိသည် မဖြစ်စေကုန်လင့်။ မေးကုန်လော့''ဟု ရဟန်းတို့ကိုခေါ်၍ မိန့်တော်မူ၏။

http://www.dhammadownload.com



ဤသို့ မိန့်တော်မူသည်ရှိသော် ထိုတပည့်တော်တို့သည် တိတ်တိတ်နေကုန်၏။ ၂ ကြိမ်မြောက် လည်း ကောင်း, ၃ ကြိမ်မြောက် လည်းကောင်း ဤသို့သောနည်းဖြင့် မိန့်တော်မူ၏။ ထိုတပည့်တော်တို့သည် တိတ်တိတ် နေကုန်၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် ''ရှင်ပင်ဘုရား။ အံ့ဖွယ်ရှိစွ။ ရှင်ပင်ဘုရား။ မဖြစ်ဖူးမြဲ။ ရှင်ပင်ဘုရား။ အကျွန်ုပ်သည် ရဟန်းအပေါင်း၌ တစ်ယောက်သောရဟန်း၏ ဘုရား, တရား, သံဃာ၌ လည်းကောင်း၊ မဂ်၌ လည်းကောင်း၊ အကျင့်၌ လည်းကောင်း၊ ဆုံးဖြတ်ခြင်းဌာနတတ်နိုင်သည် လည်းကောင်း မရှိ။ ဤရဟန်း အပေါင်း၌ ဤသို့ အကျွန်ုပ် ယုံကြည်၏''ဟု မြတ်စွာဘုရားကို အရှင်အာနန္ဒာ လျှောက်၏။

''အာနန္ဒာ။ အာနန္ဒာသည် ကြည်ခြင်းကြောင့် လျှောက်၏။ ဤသို့သောအကြောင်း၌ အာနန္ဒာ။ မြတ်စွာ ဘုရားအား မျက်မှောက်ထိုးထွင်း၍ သိသည်သာလျှင် ဖြစ်၏။ ဤသို့ရဟန်းအပေါင်း၌ တစ်ယောက်သောရဟန်း ၏လည်း ဘုရား, တရား, သံဃာ၌ လည်းကောင်း၊ မဂ်၌ လည်းကောင်း၊ ယုံမှားခြင်းသည် လည်းကောင်း၊ ဆုံးဖြတ်ခြင်းဌာနတတ်နိုင်သည် လည်းကောင်း မရှိ။ ၅၀၀ သောရဟန်းတို့တွင် အဆုံးစွန်သောရဟန်းသည် ရှိ၏။ ထို အဆုံးစွန်သောရဟန်းသည် သောတာပန်တည်း။ မပျောက်မပျက်မြဲသော, အထက်မဂ် တည်းဟူသော လဲလျောင်းရာ ရှိ၏''ဟု အရှင်အာနန္ဒာကို မိန့်တော်မူ၏။

ထိုအခါ၌ မြတ်စွာဘုရားသည် ရဟန်းတို့ကို-

'ဟန္ဒဒါနိဘိက္ခဝေ၊ အာမန္တယာမိဝေါ။

ဝယဓမ္မာ သင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ။ ။' ဟုခေါ်၍ မိန့်တော်မူ၏။ ထိုအမိန့်တော်သည် မြတ်စွာဘုရား၏ အဆုံးစွန်သော အမိန့်တော်တည်း။

ထိုပါဠိ၏ အဓိပ္ပာယ်ကား-

''ရဟန်းတို့။ ယခုအခါ၌ ရဟန်းတို့ကို ငါ ခေါ်၏။ ပျက်တတ်သောသင်္ခါရရှိသော တရားတို့ကို မမေ့မလျော့ ပြည့်စုံစေကုန်။ သတိ မကင်းသောအားဖြင့် အလုံးစုံသောကိစ္စတို့ကို ပြည့်စုံစေကုန်လော့''

ဤသို့ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူရာညောင်စောင်း၌ လျောင်းတော်မူ၍သာလျှင် ၄၅ နှစ်ပတ်လုံး ပေးတော်မူအပ်သော အဆုံးအမတော်ကို အပ္ပမာဒပုဒ် တစ်ခုသာလျှင် တည်တော်မူ၍ ပေးတော်မူ၏။

ထိုအဆုံးအမတော်နောက် ပရိနိဗ္ဗာန်ပြုတော်မူအံ့သော ပရိဂ်ဂိုပြုတော်မူ၍ ပရိနိဗ္ဗာန်ပြုတော်မူ၏။

ထိုပရိနိဗ္ဗာန်ပြုတော်မူသော ပရိဂ်ဂိုပြုအံ့သောငှာ 'အထခေါဘဂဝါ ပဌမဈာနံ' အစရှိသည်ကို ဆိုတော် မူကုန်သတည်း။ ထိုပါဠိ၏ အဓိပ္ပာယ်ကား-

''ထိုအခါ၌ မြတ်စွာဘုရားသည် ပထမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်, အာကာ သာနဉ္စာယတနဈာန်, ဝိညာဏဉ္စာယတနဈာန်, အာကိဉ္စညာယတနဈာန်, နေဝသညာနာသညာယတနဈာန်၊ ထိုဈာန်တို့ကို ဝင်စားတော်မူ၍၊ ထိုဈာန်မှ ထတော်မူ၍ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် ရှင်အနုရုဒ္ဓါထေရ်ကို ''မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော် မူပြီလော''ဟု မေး၏။

''ရှင်အာနန္ဒာ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော် မမူသေး။ နိရောဓသမာပတ်ကို ဝင်စားတော်မူ၏'' ဟု ဆို၏။

http://www.dhammadownload.com



ထိုအခါ၌ မြတ်စွာဘုရားသည် နိရောဓသမာပတ်တို့မှ ထတော်မူ၍ ပဋိလောမအားဖြင့် နေဝသညာနာသညာယတနစျာန်ကို ဝင်စားတော်မူ၏။ ထိုစျာန်မှ ထတော်မူ၍ ပထမစျာန်တိုင်အောင် ဝင်စားတော်မူ၏။ ထိုပထမစျာန်မှ ထ၍ ဒုတိယစျာန်၊ ဒုတိယစျာန်မှ ထ၍ တတိယစျာန်၊ တတိယစျာန်မှ ထ၍ စတုတ္ထစျာန်ကို ဝင်စားတော်မူ၏။ ထိုစတုတ္ထစျာန်မှ ထတော်မူ၍ ထိုစျာန်၏အခြားမဲ့၌ မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူ၏။ 'နိဗ္ဗာန်' တည်းဟူသော ပြည်မြတ်သို့ ဝင်တော်မူသော တရားအရှင်ဖြစ်တော်မူသော မြတ်စွာဘုရားသည်ကား ကုဋေ ၂ သန်း ၄ သိန်းသော သမာပတ်တို့ကို ဝင်တော်မူ၏။ အရပ်တစ်ပါးသို့သွားတော်မူသည့် အဆွေအမျိုးတို့ကို လည်ဖက်ချီ၍ သွားသကဲ့သို့၊ ခပ်သိမ်းသော သမာပတ်ချမ်းသာကို ခံစားတော်မူ၍ နိဗ္ဗာန်ပြည်မြတ်သို့ ဝင်တော်မူ၏။

'စတုတ္ထစျာန်မှထ၍ အခြားမဲ့၌ ပရိနိဗ္ဗာန်ပြုတော်မူ၏' ဟူရာ၌ 'စျာန်၏အခြားမဲ့၊ ပစ္စဝေက္ခဏာ၏ အခြားမဲ့' ဟု ၂ ပါး အခြားမဲ့တို့တည်း။ ထို ၂ ပါးတို့တွင် စျာန်မှထ၍ ဘဝင်ကျသော ရဟန္တာ၏ ထိုဘဝင်၏ အဆုံး၌သာလျှင် ပရိနိဗ္ဗာန်ပြုခြင်းသည် 'စျာန်၏အခြားမဲ့ ပရိနိဗ္ဗာန်' မည်၏။ ဤ ၂ ပါးတို့သည်, ၂ ပါးသောအခြားမဲ့တို့သည် မြတ်စွာဘုရားတို့သည်ကား စျာန်ကိုဝင်စားတော်မူ၍ စျာန်မှ ထတော်မူ၏။ စျာန်အင်္ဂါတို့ကို ဆင်ခြင်တော်မူ၍ ဘဝင်စိတ်ဖြစ်သော အဗျာကတဖြစ်သောဒုက္ခသစ္စာဖြင့် ပရိနိဗ္ဗာန်ပြုတော်မူ၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုတော်မူခြင်းနှင့်တကွ ကြီးစွာသောမြေလှုပ်ခြင်း, ကြောက်မက်ဖွယ် ကြက်သီးမွေးညင်းထခြင်း, မိုးကြိုးကျောက် ကျခြင်း အစရှိသည်တို့သည် ပဋိသန္ဓေနေတော်မူသော ကာလ, ဖွားတော်မူသောကာလ, ဘုရားဖြစ်တော်မူသောကာလ, ဓမ္မစကြာတရားကို ဟောတော်မူသောကာလ, အာယုသင်္ခါရကို လွှတ်တော်မူသောကာလ, ပရိနိဗ္ဗာန်ပြုတော်မူသော ကာလတို့၌ အံ့ဖွယ်ဖြစ်ခြင်းတို့သည် တူသည်သာ ဖြစ်ကုန်၏။

မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုတော်မူသည်နှင့်တကွ သဟံပတိဗြဟ္မာသည်
'သဗ္ဗေ နိက္ခိပိဿန္တိ၊ ဘူတာ လောကေ သမုဿယံ၊
ယတ္ထ ဧတာဒိသော သတ္ထာ၊ လောကေ အပ္ပဋိပုဂ္ဂလော။
တထာဂတော ဗလပတ္တော၊ သမ္မုဒ္ဒါ ပရိနိဗ္ဗုတော၊' ဟူသောဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား

"လောက၌ အလုံးစုံသောသတ္တဝါတို့သည် ကိုယ်ကို ချပေအံ့သတည်း။ အကြင်လောက၌ အတုမရှိသော၊ ၁၀ ပါးသော ဒသဗလ, ဉာဏဗလသို့ ရောက်တော်မူထသော၊ ဝိပဿီမြတ်စွာဘုရားတို့ကဲ့သို့ ကောင်းသောလာခြင်း ရှိတော်မူသော၊ နတ်, လူ, ဗြဟ္မာတို့၏ ဆရာဖြစ်တော်မူသော၊ ထိုသို့သဘောရှိသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပြီ" ဤသို့ သဟံပတိဗြဟ္မာသည် ရွတ်၏ ဟူလိုသော်။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန် ပြုတော်မူသည်နှင့်တကွ သိကြားမင်းသည်
'အနိစ္စာ ဝတ သင်္ခါရာ၊ ဥပ္ပါဒဝယ ဓမ္မိနော။
ဥပ္ပဇ္ဇိတ္ဝာ နိရုဇ္ဈန္တိ၊ တေသံ ဝူပသမော သုခေါ။ ။' ဟူသော ဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား-

http://www.dhammadownload.com



"သခ်ါရတရားတို့သည် အမြဲ မရှိကုန်တကား။ ဖြစ်ခြင်း, ပျက်ခြင်းသဘော ရှိကုန်စွ။ တကွဖြစ်၍ ချုပ်တတ်ကုန်၏ တကား။ ထို ဖြစ်ခြင်း, ပျက်ခြင်းသဘော အမြဲမရှိသော သခ်ါရတို့၏ ငြိမ်းရာဖြစ်သော နိဗ္ဗာန်သည် ချမ်းသာစွတကား" ဤသို့သော အဓိပ္ပာယ်တည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုတော်မူခြင်းနှင့်တကွ အရှင်အနုရုဒ္ဓါသည်

'နာဟု အသာသပသာသာ၊ ဋ္ဌိတစိတ္တာသ တာဒိနော။

အနေဇော သန္တိ မာရဇ္ဇ၊ ယံ ကာလ မကပရိ မုနိ။

'အသလ္လိနေန စိတ္တေန ဝေဒနံ အဈ္ဈဝါသယိ။

ပဇ္ဇောတသေဝ နိဗ္ဗာနံ၊ ဝိမောက္ခော စေတသော အဟု။ ။' ဟူသော ဤဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား-

"သည်းခံခြင်း အစရှိသော တာဒိကျေးဇူးနှင့်ပြည့်စုံတော်မူသော၊ မြင်းမိုရ်တောင်နှင့်တူသော တည်ကြည်သောစိတ်တော် ရှိသော မြတ်စွာဘုရား၏ ထွက်သက်, ဝင်သက်တော်သည် မဖြစ်ပြီ။ ၁၅၀၀ ကိလေသာ မရှိသည် ဖြစ်၍၊ ကမ္မဇရုပ်အကြွင်းမရှိသော နိဗ္ဗာန်ကိုရည်၍ အကြင်မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူပြီ။ မတွန့်သော, ကောင်းစွာယှဉ်သော စိတ်တော်ဖြင့် ဝေဒနာကို သည်းခံတော်မူ၏။ ဝေဒနာမှ ပြန်သည်ဖြစ်၍ ဤမှဤမှ စိတ်တော်သည် မပျံ့။ ပြောင်ပြောင်ထွန်းသောမီး၏ ငြိမ်းခြင်းသည် ဖြစ်သကဲ့သို့ တစ်စုံတစ်ခုသော တရားဖြင့် ပိတ်ပင်ခြင်းမရှိသော ဝိမောက္ခတရားရှိသည်ဖြစ်၍ စိတ်တော်၏ငြိမ်းခြင်းသည် ဖြစ်ပြီ" ဤသို့သော အဓိပ္ပာယ်တည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပရိနိဗ္ဗာန်ပြုတော်မူခြင်းနှင့်တကွ အရှင်အာနန္ဒာသည်

'ထဒါသိယံ ဘီသနကံ၊ တဒါသိလောမဟံသနံ။

သဗ္ဗာကာရ ဝရူပေတော၊ သမ္ဗုဒ္ဓေ ပရိနိဗ္ဗုတေ။ ။' ဟူသောဂါထာကို ရွတ်၏။

အဓိပ္ပာယ်ကား

"အလုံးစုံသော သီလ အစရှိသော, မြတ်သောအကြောင်းတို့နှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူသည်ရှိသော်၊ ထိုအခါ၌ မြေလှုပ်ခြင်း ကြောက်မက်ဖွယ်သည်ဖြစ်ပြီ။ ကြက်သီးမွေးညင်း ထခြင်းသည်လည်း ဖြစ်ပြီ" ဤသို့သော အဓိပ္ပာယ်တည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်ရှိသော် ပုထုဇဉ်သောတာပန်, သကဒါဂါမ်ရဟန်းတို့တွင် အချို့သော ရဟန်းတို့သည် လက်ကိုမြှောက်၍ ငိုကုန်၏။ ခြေပြတ်သောသူကဲ့သို့ လဲကုန်၏။ "မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ကောင်းသောတရားကို ဟောတော်မူတတ်သော မြတ်စွာဘုရားသည် အလွန်လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူ၏" ဟု လူးလဲကုန်၏။

အကြင် အနာဂါမ်ရဟန္တာတို့သည်ကား သတိနှင့်ပြည့်စုံကုန်သည်ဖြစ်၍၊ 'သခ်ါရတရား ဟူသည် အမြဲမရှိကုန်။ ခန္ဓာပဉ္စက*ဖြစ်သော ဤကိုယ်၌ အကြင်ကြောင့် မမြဲခြင်းတို့သည် ဖြစ်ကုန်၏။ ထိုကြောင့် ငိုကြွေးသဖြင့် လည်းကောင်း, မြည်တမ်းသဖြင့် လည်းကောင်း မြဲခြင်းကို ရအံ့သောငှာ မတတ်နိုင်' ဟု ဆင်ခြင်၍ သည်းခံကုန်၏။

ထိုအခါ၌ အရှင်အနုရုဒ္ဓါသည် ရဟန်းတို့ကို ခေါ်၍၊

* ခန္ဓာ ၅ ပါး အပေါင်း။

http://www.dhammadownload.com



"တန်ပြီ။ မစိုးရိမ်လင့်ကုန်။ မငိုကြွေးလင့်ကုန်။ မြတ်စွာဘုရားသည် ခပ်သိမ်းကုန်သော, ချစ်အပ်ကုန်သော, နှစ်လိုအပ်ကုန်သော အမိအဖ, အဆွေအမျိုးတို့နှင့် ပစ္စုပ္ပန်ကွေကွင်းသည်၏ အဖြစ်၊ သေခြင်းကင်းသော အဖြစ်၊ တစ်ဘဝမှ တစ်ပါးသောဘဝ၏အဖြစ်သည် ဖြစ်၏။ ဤခန္ဓာကိုယ်၌ ထို ချစ်လိုအပ်သောသူတို့နှင့် ကွေကွင်းခြင်းအစရှိသည် အကြောင်ကြောင့် ဖြစ်တတ်၏။

"ထိုသို့ ဖြစ်တတ်သောကြောင့် ၁၀ ပါးသောပါရမီတို့ကို ဖြည့်၍ လည်းကောင်း၊ သမ္မောဓိသို့ရောက်၍ လည်းကောင်း ဓမ္မစကြာတရားကို ဟောတော်မူ၍၊ ယမိုက်ဗြာဋ္ဌိဟာကို ပြတော်မူ၍၊ နတ်ပြည်မှသက်ခြင်းကို ပြုတော်မူ၍လည်း အကြောင်သို့သဘောရှိသော သခါရတရားသည် လည်းကောင်း, ပျက်တတ်သောတရားသည် လည်းကောင်း ဖြစ်၏။ 'မြတ်စွာဘုရားကိုယ်တော်သည်လည်း မပျက်စေသတည်း' ဟု ထိုသို့သောအကြောင်းသည် မရှိ။ ငိခြင်းဖြင့် လည်းကောင်း, မြည်တမ်းခြင်းဖြင့် လည်းကောင်း၊ ထို မြဲခြင်း၏အကြောင်းကို ရခြင်းငှာ မတတ်နိုင်။

"ဤသို့သော အကြောင်းကို မဆွေးပင်လျှင် မြတ်စွာဘုရား ဟောတော်မူသည် မဟုတ်တုံလော။ အရှင်တို့။ နတ်တို့သည်လည်း အရှင်တို့ကိုယ်ကို သည်းခံခြင်း မတတ်နိုင်ကုန်။ တစ်ပါးသောသူတို့သည်ကား အဘယ်မှာ နှစ်သိမ့်စေနိုင် လတ္တံ့နည်း" ဟု ဆိုကုန်၏။ ဤသို့ အရှင်အနုရုဒ္ဓါသည် ရဟန်းတို့ကို တရားဖြေ၏။

"ရှင်အနုရုဒ္ဓါ။ နတ်တို့သည် အဘယ်သို့သည်အဖြစ် ရှိကုန်သည်ဖြစ်၍ ဆိုကုန်သနည်း" ဟု အရှင်အာနန္ဒာ မေး၏။

"အရှင်အာနန္ဒာ။ ကောင်းကင်၌ 'မြေ' ဟု အမှတ်ရှိကုန်သည် ဖြစ်၍၊ မြေဖန်ဆင်း၍ နေသောနတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည် ဆဲကိုဖြေ၍ ငိုကုန်၏။ လက်ကိုမြှောက်၍ ငိုကုန်၏။ 'မြတ်စွာဘုရားသည် အလွန်လျှင် ပရိနိဗ္ဗာန်ပြုတော်မူ၏။ အလွန်လျှင် ကွယ်တော်မူ၏' ဟု လူးလဲကုန်၏။ အရှင်အာနန္ဒာ။ မြေ၌ အမှတ်မရှိကုန်သည်ဖြစ်၍ မြေ၌ မြေဖန်ဆင်း၍နေသောနတ်တို့သည် ရှိကုန်၏။ ထိုနတ်တို့သည် 'မြတ်စွာဘုရားသည် လျင်စွာ ပရိနိဗ္ဗာန်ပြုတော်မူခဲ့ပြီ' ဟု လူးလဲကုန်၏။ အနာဂါမ်ရဟန္တာဖြစ်သော အကြင်နတ်တို့သည်ကား သတိ အဆင်အခြင်နှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ 'သခါရတရားတို့သည် အမြဲ မရှိကုန်။ ခန္ဓာပဉ္စကဖြစ်သော ဤကိုယ်၌ အကြင့်ကြောင့် မမြဲခြင်းတို့သည် ဖြစ်ကုန်၏။ ထို့ကြောင့် ငိကြွေးသဖြင့် လည်းကောင်း မြဲခြင်းကို ရအံ့သောငှာ မတတ်နိုင်' ဟု ဆင်ခြင်၍ သည်းခံကုန်၏" ဟု အရှင်အနုရုဒ္ဓါသည် ဖြေ၏။

ထိုအခါ၌ အရှင်အနုရုဒ္ဓါသည် လည်းကောင်း, အရှင်အာနန္ဒာသည် လည်းကောင်း ထိုညဉ့်အကြွင်းကို တရားနှင့်ယှဉ်သော စကားဖြင့် "အရှင်တို့နှင့် တကွသော, လောက၌အတူမရှိသော မြတ်စွာဘုရားကို ဤသေမင်းသည် မရက်။ လောကီဖြစ်သော လူအပေါင်းကိုကား ဤသေမင်းသည် အဘယ်မှာ ရက်လတ္တံ့နည်း" ဟူသောစကားဖြင့် ညဉ့်အကြွင်းကို လွန်စေ၏။

ထိုတရားစကားကို ဆိုစဉ်ကုန်လျှင် နေအရောင်သည် တက်လတ်၏။

http://www.dhammadownload.com



## မြတ်စွာဘုရားအလောင်းတော်ကို မီးပူဇော်ရာသို့ ဆောင်ခြင်း

ထိုအခါ၌ အရှင်အနုရုဒ္ဓါသည် အရှင်အာနန္ဒာကို ''မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောအကြောင်းကို မလွှာမင်းတို့အား ကြားချေ'' ဟု စေ၏။ အရှင်အာနန္ဒာလည်း ဝန်ခံ၍၊ နံနက်စောစော ကုသိနာရုံသို့ အဖော်ရဟန်းနှင့် တကွဝင်၏။

ထိုအခါ၌ မလွှာမင်းတို့သည် ''မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာ၌ အဘယ်သို့သော ပန်း၊ နံ့သာ ပူဇော်သက္ကာရသည် ဖြစ်ရာသနည်း။ ရဟန်းသံဃာအားလည်း အဘယ်သို့သော နေရာ၊ ခဲဖွယ်စားဖွယ်သည် ဖြစ်ရာသနည်း'' ဟု မင်းတို့စည်းဝေးရာ၌ စည်းဝေး၍ တိုင်ပင်ကုန်၏။

အရှင်အာနန္ဒာလည်း စည်းဝေးရာတဲသို့ ကပ်၍ ကုသိနာရုံမင်းတို့အား ''ဝါသေဋ္ဌအမျိုးဖြစ်ကုန်သော မင်းတို့။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီ။ ယခု မြတ်စွာဘုရားအား ပူဇော်သင်္ကြိုဟ်အံ့သောအခါကို သိလော့'' ဟုကြားကုန်၏။

အရှင်အာနန္ဒာ ကြားသောစကားကို မလွှာမင်းတို့ကြား၍၊ မလွှာမင်း၊ မလွှာမင်းသား၊ မလွှာမင်းချွေးမ၊ မလွှာမင်းမယားတို့သည် 'မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီ' ဟု ပြင်းစွာငိုကြွေး လူးလဲကုန်၏။

ထိုအခါ၌ ကုသိနာရုံမင်းတို့သည် ပန်း၊နံ့သာကို လည်းကောင်း၊ ၅ ပါးသောစည်းစိမ်တို့ကို လည်းကောင်း စီရင်စေ၍၊ ကုသိနာရုံမင်းတို့သည် ပန်း၊နံ့သာ၊ ၅ ပါးသောစည်းစိမ်၊ ၅၀၀ သောပုဆိုးအစုံတို့ကို ယူ၍၊ မလွှာမင်းတို့၏အင်ကြင်းတောအကွေ့၌ မြတ်စွာဘုရားအလောင်းတော်ရှိရာအရပ်သို့ ကပ်ကုန်၍၊ မြတ်စွာဘုရား အလောင်းတော်ကို ကခြင်း၊သီခြင်း၊တီးမှုတ်ခြင်း၊ ပန်း၊နံ့သာတို့ဖြင့် ပူဇော်သက္ကာရ အလေးအမြတ်ပြုကုန်သည် ဖြစ်၍၊ ပုဆိုးမျက်နှာကြက်တို့ကို ပြုကုန်၍ တန်ဆောင်းဝန်းတို့ကို စီရင်ကုန်၏။ ဤသို့ များစွာ သောအစီအရင်ဖြင့် ထိုနေ့ကို လွန်စေကုန်၏။

ထိုအခါ၌ မလွှာမင်းတို့သည် ''ယနေ့ မြတ်စွာဘုရားအလောင်းတော်ကို သင်္ကြိုဟ်ခြင်းငှာ အခါလွန်ပြီ။ နက်ဖြန် မြတ်စွာဘုရားအလောင်းတော်ကို သင်္ကြိုဟ်ကုန်အံ့'' ဟု အကြံသည် ဖြစ်၏။

ထိုအခါ၌ ကုသိနာရုံမင်းတို့သည် များစွာ ပူဇော်သက္ကာရ မြတ်နိုးတနာကို စီရင်ကုန်၍၊ မိုးသောက်သော နေ့ကိုလည်း လွန်စေကုန်၏။ ဤနည်းဖြင့် ၆ ရက်ပတ်လုံးသော နေ့တို့ကိုလည်း ထိုသို့သောပူဇော်သက္ကာရ အစီအရင်ဖြင့် လွန်စေကုန်၏။

၇ ရက်မြောက်သော နေ့၌ ''ငါတို့သည် မြတ်စွာဘုရားအလောင်းတော်ကို ကခြင်း၊ သီခြင်းတို့ဖြင့် လည်းကောင်း၊ ပန်း၊နံ့သာတို့ဖြင့် လည်းကောင်း မြတ်နိုးတနာ ပူဇော်သက္ကာရ အလေးအမြတ်ပြုကုန်သည် ဖြစ်၍၊ မြို့တောင်အရပ်တို့ဖြင့်သာလျှင် တောင်အရပ်သို့ ဆောင်၍၊ မြို့၏အရပ်တို့ဖြင့် မြို့ပြင်သို့ ဆောင်၍၊ မြို့တောင်အရပ်၌ မြတ်စွာဘုရားအလောင်းတော်ကို သင်္ကြိုဟ်ကုန်အံ့'' ဟု မလွှာမင်းတို့အကြံသည် ဖြစ်၏။

ထိုအခါ၌ မလွှာမင်းကြီး ၈ ပါးတို့သည် ဦးခေါင်း ဆေးကုန်၍၊ ပုဆိုးသစ် ဝတ်ကုန်၍၊ ''မြတ်စွာဘုရား အလောင်းတော်ကို သင်္ကြိုဟ်ကုန်အံ့'' ဟု ဆောင်ကုန်၏။ ချီပင့်ခြင်းငှာ မတတ်နိုင်ကုန်။ ထိုအခါ၌ မလွှာမင်းတို့သည်

http://www.dhammadownload.com



ထိုသို့သဘောရှိကုန်သော မလ္လာမင်း ၈ ပါးတို့သည် မြတ်စွာဘုရားအလောင်းတော်ကို ရွှေစေခြင်းငှာ မတတ်နိုင်ကုန်။ အရှင်အနုရုဒ္ဓါကို မေးကုန်၏။

ထိုအခါ၌ အရှင်အနုရုဒ္ဓါသည် ''ဝါသိဋ္ဌမင်းမျိုးတို့။ သင်တို့- သင်တို့၏ အလိုလည်း တစ်ပါးသောအပြားဖြင့် ဖြစ်၏။ နတ်တို့အလိုလည်း တစ်ပါးသောအပြားဖြင့် ဖြစ်၏''ဟု မိန့်တော်မူ၏။

''သခင်ဘုရား။ နတ်တို့၏အလိုသည် အဘယ်သို့ရှိသနည်း''ဟု မေး၏။

''ဝါသိဋ္ဌမင်းမျိုးတို့အလိုကား 'ငါတို့သည် မြတ်စွာဘုရားအလောင်းတော်ကို ကခြင်း, သီခြင်းတို့ဖြင့် လည်းကောင်း၊ ပန်း,နံ့သာတို့ဖြင့် လည်းကောင်း ပူဇော်သက္ကာရ အလေးအမြတ်ကို ပြုကုန်၍၊ မြို့၏တောင်မြို့ပြင်ကို ဆောင်၍၊ မြို့၏တောင်၌ မြတ်စွာဘုရားအလောင်းတော်ကို သင်္ဂြိဟ်ကုန်အံ့'ဟု ဝါသိဋ္ဌမင်းမျိုးတို့၏ အကြံသည် ဖြစ်၏။

''ဝါသိဋ္ဌမင်းမျိုးတို့။ နတ်တို့အလိုကား 'ငါတို့သည် မြတ်စွာဘုရားအလောင်းတော်ကို နတ်၌ ဖြစ်ကုန်သော ကခြင်း, သီခြင်းတို့ဖြင့် လည်းကောင်း၊ နတ်တို့၏ ပန်း,နံ့သာတို့ဖြင့် လည်းကောင်း ပူဇော်သက္ကာရ အလေးအမြတ်ပြုကုန်သည် ဖြစ်၍၊ မြို့၏မြောက်အရပ်အဖို့ဖြင့် မြို့မြောက်ကို ဆောင်၍၊ မြောက်တံခါးဖြင့် မြို့တွင်းသို့ ဆောင်၍၊ မြို့၏အလယ်အရပ်အဖို့၌ မြို့လယ်သို့ ဆောင်၍၊ အရှေ့တံခါးသို့ ထွက်၍ မြို့၏အရှေ့အရပ်၌ မလ္လာမင်းတို့၏ မင်္ဂိုလ်ဖွဲ့စ ပြုရာဖြစ်သော 'မကုဋ္ဌဗန္ဓ'အမည်ရှိသော အလေးအမြတ်ပြုရာအရပ်သည် ရှိ၏။ ထိုအရပ်၌ မြတ်စွာဘုရားအလောင်းတော်ကို သင်္ဂြိဟ်အံ့'ဟု နတ်တို့အလိုသည် ဖြစ်၏''ဟု မလ္လာမင်းတို့ကို ဆို၏။

''သခင်ဘုရား။ နတ်တို့အလိုသည် အကြင်အပြားဖြင့် ဖြစ်၏။ ထိုနတ်တို့အလိုရှိတိုင်းဖြင့် ဖြစ်စေသတည်း'' ဟုလျှောက်၏။

ထိုအခါ၌ ကုသိနာရုံမြို့မှ အိမ်ခြံစပ် အညစ်အကြေးစွန့်ရာ, အမှိုက်စွန့်ရာတိုင်အောင်၊ ပုဆစ်ဒူးအတိုင်း အရှည် အပိုင်းအခြားတိုင်အောင် မန္ဒာရဝ နတ်ပန်းတို့ဖြင့် ခင်းအပ်သည်ဖြစ်၏။ ထိုအခါ၌ ကောင်းကင်၌ နတ်တို့၏စည်းမြေ၌ မလ္လာမင်းတို့၏စည်းအားဖြင့် မြတ်စွာဘုရားအလောင်းတော်ကို နတ်၌ဖြစ်ကုန်သော၊ လူ၌ဖြစ်ကုန်သော ကခြင်း, သီခြင်း, တီးမှုတ်ခြင်း, ပန်း,နံ့သာတို့ဖြင့် ပူဇော်မြတ်နိုးတနာသည် ဖြစ်၏။ မြို့မြောက်အရပ်အဖို့ဖြင့် မြောက်အဖို့ကို ဆောင်၍၊ မြောက်တံခါးဖြင့် မြို့တွင်းသို့ ဝင်၍ မြို့လယ်သို့ ဆောင်ကုန်၏။

ဤသို့ဆောင်သည်ရှိသော်၊ ဗန္ဓုလစစ်သူကြီးမယား မလ္လိကာသည် 'မြတ်စွာဘုရားအလောင်းတော်ကို ဆောင်ကုန်အံ့'ဟုကြား၍၊ ဗန္ဓုလစစ်သူကြီး လွန်သည်မှစ၍ မဆင်ဘဲထားသော၊ ဝိသာခါတန်ဆာနှင့် တူသော မဟာလတာတန်ဆာကို ထုတ်စေ၍၊ 'ဤတန်ဆာဖြင့် မြတ်စွာဘုရားအလောင်းတော်ကို ပူဇော်အံ့'ဟု ထိုတန်ဆာကို စီရင်စေ၍၊ ရေ,နံ့သာတို့ဖြင့် ဆေး၍ တံခါး၌ရပ်၏။

ထိုမလ္လိကာမင်းသမီးသည် မြတ်စွာဘုရားအလောင်းတော် တံခါးသို့ ရောက်သည်ရှိသော်၊ ''မင်းများတို့။ မြတ်စွာဘုရားအလောင်းတော်ကို ချပါကုန်''ဟုဆို၍ ထိုတန်ဆာကို မြတ်စွာဘုရားအလောင်းတော်၌ လွှမ်း၏။ ထိုတန်ဆာသည် မြတ်စွာဘုရားဦးခေါင်းတော်မှ စ၍ ခြေတော်တိုင်အောင် လွှမ်းမိ၏။ ရွှေအဆင်းနှင့် တူသော ရှင်ပင်ဘုရားအလောင်းတော်သည် ရတနာ ၇ ပါးဖြင့်ပြီးသော တန်ဆာဖြင့် ဆင်အပ်သည်ဖြစ်၍ အလွန်လျှင်ဳတင့်တယ်တော်မူ၏။

http://www.dhammadownload.com



ထို မလ္လိကာမင်းသမီးသည် ''တင့်တယ်သောဘုရား။ အကြင်မျှလောက်သော ဝဋ်၌ ကျင်လည်သော အကျွန်ုပ်အား အသီးသောတန်ဆာဆင်ခြင်း ကိစ္စသည် မဖြစ်စေသတည်း။ အမြဲ တန်ဆာဆင်သည်နှင့်တူသော ကိုယ်သည် ထိုရွေ့လောက် ဖြစ်စေသတည်း''ဟု ဆုတောင်းခြင်းကို ပြု၏။

ထိုနောင်မှ မြတ်စွာဘုရားအလောင်းတော်ကို ထိုမလ္လိကာတန်ဆာဖြင့် ချီ၍၊ အရှေ့တံခါးဖြင့် ထွက်၍၊ မြို့အရှေ့ မလ္လာမင်းတို့၏ မကိုဋ်ဖွဲ့စ ပြုရာဖြစ်သော 'မကုဋဗန္ဓ'အမည်ရှိသော အလေးအမြတ်ပြုရာ အရပ်သည် ရှိ၏။ ထိုအရပ်၌ မြတ်စွာဘုရားအလောင်းတော်ကို ချကုန်၏။

ထိုအခါ၌ မလ္လာမင်းတို့သည် ''အရှင်အာနန္ဒာ။ မြတ်စွာဘုရားအလောင်းတော်ကို အကျွန်ုပ်တို့ အဘယ်သို့ စီရင်အံ့နည်း''ဟု မေးကုန်၏။

ရှင်အာနန္ဒာလည်း မြတ်စွာဘုရား မိန့်တော်မူသောအတိုင်း မြတ်စွာဘုရားအလောင်းတော် အစီအရင်, စည်းခုံတော် အစီအရင်ကို ကြားတော်မူပေ၏။

ထိုအခါ၌ မလ္လာမင်းတို့သည် ''အချင်းတို့။ ဝါဂွမ်းဖြစ်တတ်သောသူကို စည်းဝေးစေကုန်'' ဟု မင်းချင်းတို့ကို စေကုန်၏။ ထိုအခါ၌ မလ္လာမင်းတို့သည် မြတ်စွာဘုရားအလောင်းတော်ကို ကာသိကရာဇ်ပုဆိုးဖြင့် ရစ်၍၊ ဖြစ်သောဝါဂွမ်းတို့ဖြင့် ရစ်၍ ကာသိကရာဇ်ပုဆိုးဖြင့် ရစ်ကုန်၏။ ဤသို့သောနည်းဖြင့် ပုဆိုးအစုံ ၅၀၀ တို့ဖြင့် မြတ်စွာဘုရားအလောင်းတော်ကို ရစ်၍၊ ရွှေဆီကျင်း၌ ထည့်၍၊ ရွှေအဖုံးဖြင့် အုပ်၍၊ အလုံးစုံသော အတောင် ၁၂၀ ရှိသော စန္ဒကူးထင်းကိုပုံ၍ မြတ်စွာဘုရားအလောင်းတော်ကို ထင်းပုံသို့ တင်ကုန်၏။

ထိုအခါ၌ အရှင်မဟာကဿပသည် ပါဝါမြို့မှ ကုသိနာရုံမြို့သို့ ၅၀၀ သောရဟန်းတို့နှင့်တကွ အခွန့်ရှည်သောခရီးကို သွား၏။ ထိုအခါ၌ အရှင်မဟာကဿပသည် ခရီးမှဖဲ့၍ သစ်ပင်ရင်း၌ နေ၏။

ထိုအခါ၌ အာဇီဝကတစ်ယောက်သည် ကုသိနာရုံမြို့မှ 'မန္ဒာရဝ'အမည်ရှိသော ကြီးသောခွက်ရှိ အတိုင်းအရှည်ရှိသော နတ်ပန်းကို ယူ၍ ပါဝါမြို့သို့ သွား၏။ ထိုအာဇီဝကကို အရှင်မဟာကဿပ မြင်တော်မူ၏။

''အာဇီဝက။ ငါတို့ဆရာ မြတ်စွာဘုရားကို သိ၏လော''ဟု မေး၏။

''အရှင်။ ငါ သိ၏။ ယနေ့ ရှင်ဂေါတမသည် ပရိနိဗ္ဗာန်ပြု၍ ၇ ရက် ရှိပြီ။ ထို ပရိနိဗ္ဗာန်ပြုရာအရပ်မှ ဤနတ်ပန်းကို ငါ ယူခဲ့သတည်း''ဟု အရှင်မဟာကဿပကို အာဇီဝက ပြန်၏။

ထို ၅၀၀ သောတပည့်တို့တွင် အကြင်ရဟန်းတို့သည် ရဟန္တာ မဟုတ်ကုန်သော အချို့သောရဟန်းတို့သည် လက်ကိုချီ၍ ငိုကုန်၏။ ''မြတ်စွာဘုရားသည် လျင်စွာ ပရိနိဗ္ဗာန် ပြုတော်မူကုန်၏။ လျင်စွာ ကွယ်တော်မူ၏''ဟု လူးလဲကုန်၏။

အနာဂါမ်ရဟန္တာတို့သည်ကား သတိအဆင်အခြင်နှင့် ပြည့်စုံကုန်သည်ဖြစ်၍၊ ''သင်္ခါရတရားတို့သည် အမြဲ မရှိကုန်။ ဤ ခန္ဓာပဌကဖြစ်သောကိုယ်၌ အကြင့်ကြောင့် ငိုကြွေးခြင်းဖြင့် မြဲခြင်းငှာ မတတ်နိုင်''ဟု သည်းခံကုန်၏။

ထိုအခါ၌ 'သုဘဒ်'အမည်ရှိသော ရဟန်းဖျင်းသည် ထိုပရိသတ်၌ နေသည်ဖြစ်၍ ထိုရဟန်းတို့ကို ''အရှင်တို့။ မစိုးရိမ်ကုန်လင့်။ မငိုကြွေးကုန်လင့်။ တန်ပြီ။ ထိုရဟန်းကြီးဂေါတမမှ ငါတို့ ကောင်းစွာလွန်ကုန်ပြီ။

http://www.dhammadownload.com



'ဤသည်ကား ရဟန်းတို့အား အပ်၏။ ဤသည်ကား မအပ်'ဟု ငါတို့ကို နှိပ်စက်လေ၏။ ယခု ငါတို့သည် အလိုအလျောက် ကျင့်ရလေကုန်အံ့''ဟု ဆို၏။

ထိုအခါ၌ အရှင်မဟာကဿပသည် ''ရဟန်းတို့။ တန့်ပြီ။ မစိုးရိမ်ကုန်လင့်။ မငိုကြွေးကုန်လင့်။ ရဟန်းတို့။ မြတ်စွာဘုရားသည် မဆွကပင်လျှင် 'သခ်ါရတရား၏ အမြဲ မရှိသည်၏'အဖြစ်ကို ဟောတော်မူသည် မဟုတ်တုံလော''ဟု များစွာ ဆုံးမတော်မူ၏။

http://www.dhammadownload.com



## မြတ်စွာဘုရားအလောင်းတော်ကို မီးသင်္ဂြိဟ်တော်မူခြင်း

ထိုအခါ၌ ၄ ယောက်သောမလ္လာမင်းကြီးတို့သည် ဦးခေါင်း ဆေးကုန်သည်ဖြစ်၍၊ ပုဆိုးသစ် ပတ်ကုန်သည်ဖြစ်၍၊ ''ငါတို့ မြတ်စွာဘုရား ထင်းပုံကို မီးပူဇော်ကုန်အံ့''ဟု မီးညှိကုန်၏။ လောင်စေခြင်းငှာ မတတ်နိုင်ကုန်။

ထိုအခါ၌ မလ္လာမင်းတို့သည် အရှင်အနုရုဒ္ဓါကို ''အဘယ်ကြောင့် မီး မညှိသနည်း''ဟု မေးကုန်၏။

''ဝါသိဋ္ဌ မင်းမျိုးတို့။ နတ်တို့အလိုသည် တစ်ပါးအပြား ဖြစ်သတည်း''ဟု ဆိုတော်မူ၏။

''အရှင်ဘုရား။ နတ်တို့၏အလိုသည် အဘယ်သို့နည်း''ဟု မေးကုန်၏။

''ဝါသိဋ္ဌမင်းမျိုးတို့။ အရှင်မဟာကဿပ ရောက်စေဦး။ 'အရှင်မဟာကဿပ ရောက်သည်ရှိသော် ထင်းပုံသည် လောင်လတ္တံ့သတည်း' ဤသို့ နတ်တို့၏အလို''ဟု ဆိုတော်မူ၏။

''အရှင်ဘုရား။ နတ်တို့၏အလိုအတိုင်း ဖြစ်စေသတည်း''ဟု လျှောက်ကုန်၏။

ထိုအခါ၌ အရှင်မဟာကဿပသည် မကုဋ္ဌဗန္ဓသို့ရောက်၍၊ မြတ်စွာဘုရားထင်းပုံတော်သို့ ကပ်၍၊ ပခုံးတစ်ဖက်၌ သင်္ကန်းကို တင်၍၊ ၃ ကြိမ် ထင်းပုံကို လက်ယာရစ် လှည့်၍ ဆင်ခြင်သည်ရှိသော်၊ 'ဤအရပ်၌ ဦးခေါင်းတော်, ဤအရပ်၌ ခြေတော်တို့တည်း'ဟု မှတ်အပ်၏။ ထိုသို့မှတ်ပြီးမှ ခြေတော်ရင်း၌ရပ်၍၊ အဘိညာဉ်၏အကြောင်းဖြစ်သော စတုတ္ထစျာန်ကို ဝင်၍၊ စျာန်မှ ထ၍၊ 'ဘဝဝ သောအကန့်တို့ဖြင့် တန်ဆာဆင်သော, တင့်တယ်သောစက်လက္ခဏာ ရှိကုန်သော မြတ်စွာဘုရားခြေတော်စုံတို့သည် ဝါဂွမ်းထပ်တို့နှင့်တကွ ၅၀၀ သော ပုဆိုးအစုံတို့ကို လည်းကောင်း, ရွှေကျင်း, စန္ဒကူးထင်းပုံတို့ကို လည်းကောင်း ၂ ဖြာခွဲ၍ ငါ၏ဦးခေါင်း၌ တည်စေသတည်း'ဟု အဓိဋ္ဌာန်သော်၊ ထို ၅၀၀ သော ပုဆိုးစုံ, ရွှေကျင်း, စန္ဒကူးထင်းပုံတို့ကို ၂ ဖြာခွဲ၍ တိမ်တိုက်ကြားမှ လပြည့်ဝန်းထွန်းသကဲ့သို့ ခြေတော်တို့သည် ထွက်ကုန်၏။

အရှင်မဟာကဿပလည်း နိသောပဒုမ္မာကြာကဲ့သို့ အဆင်းနှင့်တူသော လက်တော်ကို ဆန့်၍၊ ရွှေအဆင်းနှင့်တူသော အဆင်းရှိသော ခြေတော်ကို ဖမျက်တော်တိုင်အောင် မြဲစွာကိုင်၍၊ အရှင်မဟာကဿပ၏ ဦးခေါင်း၌ တင်၍၊ ခြေတော်တို့ကို ဦးဖြင့် ပွတ်၍ ရှိခိုး၏။ ၅၀၀ သော တပည့်တို့သည်လည်း ပခုံးတစ်ဖက်၌ သင်္ကန်းကိုတင်၍၊ လက်အုပ်ချီ၍၊ ၃ ကြိမ် ထင်းပုံကို လက်ယာရစ်လှည့်၍ ခြေတော်တို့ကို ဦးဖြင့်ပွတ်၍ ရှိခိုး၏။

များစွာသော လူအပေါင်းသည်လည်း ထိုသို့သောအံ့ဖွယ်ကို မြင်၍၊ တစ်ပြိုင်နက်သာလျှင် ကြီးစွာသောပဲ့တင်သံ ဖြစ်၏။ ဆီမီး, နံ့သာ အစရှိသည်တို့ဖြင့် အလိုအတိုင်း ရှိကုန်၏။

ဤသို့ အရှင်မဟာကဿပမထေရ်သည် လည်းကောင်း, တပည့်တော် ၅၀၀ သည် လည်းကောင်း, များသောလူတို့သည် လည်းကောင်း ရှိခိုးကာမျှကတည်း၌ တစ်ဖန် အဓိဋ္ဌာန်အံ့သောကိစ္စသည် မရှိ။ ပြကတ္တေသော အဓိဋ္ဌာန်အားဖြင့်လျှင် အရှင်မဟာကဿပလက်တော်မှ လွတ်၍၊ ချိပ်ရည်အဆင်းနှင့် တူသောခြေဖဝါးတော်ရှိသော မြတ်စွာဘုရားသည် ရွှေကျင်း၌ တည်ကုန်၏။ စန္ဒကူး အစရှိသည်တို့လည်း အတိုင်းသာလျှင် ဖြစ်ကုန်၏။

http://www.dhammadownload.com



မြတ်စွာဘုရားခြေတော်တို့သည် ထွက်ကုန်သော် လည်းကောင်း, ဝင်ကုန်သော် လည်းကောင်း ဝါချည်မျှင်သည် လည်းကောင်း, ပုဆိုးချည်သည် လည်းကောင်း, ဆီပေါက်သည် လည်းကောင်း, စန္ဒကူးထင်းအတုံးသည် လည်းကောင်း လူပ်သောမည်သည် မရှိ။ အလုံးစုံသည် ထားတိုင်းတည်သည်သာလျှင် ဖြစ်၏။ လမင်း, နေမင်းသည် ဝင်သကဲ့သို့ မြတ်စွာဘုရားခြေတော်တို့သည် ကွယ်ကုန်ခဲ့သည်ရှိသော်၊ လူများသည် ကြီးစွာသော ဝိုကြွေးခြင်းကို ဝိုကြွေးကုန်၏။ ပရိနိဗ္ဗာန် ပြုတော်မူသောနေ့ထက် လွန်ကဲစွာသနားဖွယ် ဖြစ်၏။

မြတ်စွာဘုရားထင်းပုံတော်သည် အလိုလိုသာလျှင် မီးလောင်သည် ဖြစ်၍ ထွန်းပ၏။ ဤသို့ အလိုလို တောဖောဓာတ်ဖြင့် အလောင်းတော်ကို လောင်စေခြင်းငှာ လုံ့လပြုသောသူတို့သည် မမြင်သောအားဖြင့် ဆိုအပ်၏။ ထိုစန္ဒကူးထင်းပုံသည်ကား နတ်တို့၏အာနုဘော်အားဖြင့် ထက်ဝန်းကျင် တစ်ပြိုင်နက်အားဖြင့် လောင်၏။

ဤသို့ သင်္ဂြိုဟ်အပ်သော မြတ်စွာဘုရားအလောင်းတော်၏ အကြင် အရေပါးသည် လည်းကောင်း၊ အရေထူသည် လည်းကောင်း၊ အသား, အကြော, အစေးသည်လည်းကောင်း မရှိ။ ကျွမ်းသည်သာ ဖြစ်၏။ ထိုသို့သော အလောင်းတော်၌ ပြာ, အိုးမည်းတို့သည်လည်း မတင်နိုင်ကုန်။ ဓာတ်တော်တို့သည်သာလျှင် ကြွင်းကုန်၏။ ထောပတ်ဆီကို မီးလောင်သည်ရှိသော် ပြာသည် လည်းကောင်း, အိုးမည်းသည် လည်းကောင်း မတင်သကဲ့သို့၊ မြတ်စွာဘုရားအလောင်းတော်ကို သင်္ဂြိုဟ်သည်ရှိသော် အရေပါး, အရေထူ, အကြော, အစေးတို့သည်လည်း မရှိကုန်။ ပြာ,အိုးမည်းတို့သည် မထင်ကုန်။ မုလေးငုံပွင့်နှင့် တူကုန်သော, ပွတ်သစ်သောပုလဲနှင့် တူကုန်သော, ရွှေမှုန်အဆင်းနှင့် တူသောအဆင်း ရှိကုန်သော ဓာတ်တော်တို့သာလျှင် ကြွင်းကုန်၏။

ထို ၅၀၀ သောပုဆိုးတို့တွင် မြတ်စွာဘုရားအလောင်းတော်နှင့် ထိသောပုဆိုး, ပြင်ဆုံးဖြစ်သောပုဆိုး၊ ဤ ၂ ထည်သောပုဆိုးတို့သည် မလောင်ကုန်။ အသက်တော်ရှည်သော မြတ်စွာဘုရားတို့၏ ဓာတ်တော်သည်ကား ရွှေတုံးကဲ့သို့ တစ်ဆူတည်းသာလျှင် ဖြစ်၏။

ငါတို့မြတ်စွာဘုရားသည်ကား ဘုရားငါသည် မြင့်စွာမတည်မူ၍ ပရိနိဗ္ဗာန်ပြု၏။ ငါ၏သာသနာ အလုံးစုံ၌ မပြန့်လေ။ ထိုကြောင့် ပရိနိဗ္ဗာန်ပြုတော်မူသော် ငါ၏ မုနိညဉ်းလုံးအတိုင်းအရှည်ရှိသော ဓာတ်တော်ကိုယူ၍၊ မိမိနေရာအရပ်၌ စေတီ တည်၍ လုပ်ကျွေး၍၊ ပူဇော်သက္ကာရကို ပြု၍ လူအပေါင်းသည် 'နတ်ပြည်'တည်းဟူသော လဲလျောင်းရာရှိသည် ဖြစ်စေသတည်း'ဟု ဓာတ်တော်တို့၏ပြာခြင်းကို အဓိဋ္ဌာန်တော်မူ၏။

အဘယ်ဓာတ်တော်တို့သည် အထူးအပြား ဖြစ်ကုန်သနည်း ဟူမူကား ထိုမြတ်စွာဘုရား၏ စွယ်တော် ၄ ချောင်း, ညှပ်ရိုးတော် ၂ ချောင်း, နဖူးသင်းကျစ်တော်၊ ဤ ၇ ပါးသောဓာတ်တို့သည် ကိုယ်တော်အဖြစ်က အတိုင်း ဖြစ်ကုန်၏။ မထူးပြားကုန်။ ထို ၇ ဆူမှကြွင်းသော ဓာတ်တော်တို့သည် ထူးပြားကုန်၏။

ထို ထူးပြားသောဓာတ်တော်တို့တွင် အလုံးစုံအောက် ငယ်သောပမာဏရှိသော ဓာတ်တော်တို့သည် မုနိညဉ်းစေ့အတိုင်းအရှည် ရှိကုန်၏။ အလတ်သောဓာတ်တော်တို့သည် အလယ်၌ကျိုးသော ဆန်တစ်ပိုင်းအတိုင်းအရှည် ရှိကုန်၏။ အကြီးဖြစ်သောဓာတ်တော်တို့သည် အလယ်၌ကွဲသော ပဲနောက်စေ့ခြမ်းအတိုင်းအရှည် ရှိကုန်၏။

မြတ်စွာဘုရားအလောင်းတော်ကို သင်္ဂြိုဟ်သည်ရှိသော် ကောင်းကင်ပြင်မှ လက်ရုံးအတိုင်းအရှည်, မြင်းခေါင်းအတိုင်းအရှည်, ထန်းရင်းအတိုင်းအရှည် ရှိကုန်သော ရေအယဉ်တို့သည် ထင်ရှားစွာဖြစ်၍ ထင်းပုံကို ငြိမ်းစေကုန်၏။ သင်္ဂြိုဟ်ရာအရပ်၌ ရုံ၍တည်သော အင်ကြင်းပင်တို့၏ ပင်စည်အကြားတို့မှ ရေအယဉ်တို့သည် ထွက်လတ်၍ ထင်းပုံကို ငြိမ်းစေကုန်၏။ ထင်းပုံတော်သည် ကြီးသောကြောင့် ထက်ဝန်းကျင်မှ မြေကိုခွဲ၍လည်း

http://www.dhammadownload.com



ထွန်တုံးဖျား အတိုင်းအရှည်ရှိကုန်သော, ဖန်အဆင်း ရှိကုန်သော ရေတို့သည် တက်၍ ထင်းပုံတော်ကို ငြိမ်းစေကုန်၏။ မလွှာမင်းတို့သည်လည်း ရွှေအိုးငွေအိုးတို့ကို ပြည့်စေ၍၊ ဆောင်စေ၍- ဆောင်စေ၍ ရောက်လတ်ကုန်သော နှင်းရည်တို့ဖြင့် ရွှေဖြင့်ပြီးကုန်သော, ငွေဖြင့်ပြီးကုန်သော ၈ ပြားရှိသော လှင်ကန်တို့ဖြင့် ပြန်၍ စန္ဒကူးထင်းပုံကို ငြိမ်းစေကုန်၏။ ထင်းပုံကို လောင်းသည်ရှိသော် အလောင်းတော်ကို ရ၍၊ တည်ကုန်သောအင်ကြင်းပင်တို့၏ အခက်,အရွက်တို့မှ အခွကြား,အရွက်ကြားတို့မှ မီးလျှံတို့သည် တက်ကုန်၏။ အခက်, အရွက်, အပွင့်ကို မလောင်ကုန်။ ပိုးရွတို့သည် လည်းကောင်း၊ ပင့်ကူ အစရှိသော ပိုးတို့သည် လည်းကောင်း မီးလျှံအကြားဌာသာလျှင် သွားကုန်၏။ ကောင်းကင်မှကျသော ရေယဉ်, အင်ကြင်းပင်မှထွက်သော ရေယဉ်တို့ဌ အတိုင်းအရှည်သည်ကား ဓမ္မတာသာလျှင်တည်း။

ဤသို့ ထင်းပုံကို ငြိမ်းစေ၍၊ မလွှာမင်းတို့သည် မင်းရုံဌ နံ့သာ ၄ ပါးတို့ဖြင့် လိမ်းကျံစေ၍၊ ပေါက်ပေါက် ၅ ခုမြောက်သောပန်းတို့ကို ကြဲ၍၊ အထက်ဌအထက်ဌ ပုဆိုးဗိတာန် ကြက်၍၊ ရွှေကြယ် ခတ်စီ၍၊ ထိုမင်းရုံဌ နံ့သာဆိုင်း, ပန်းဆိုင်း, ရတနာဆိုင်းတို့ကို ဆွဲ၍၊ မင်းရုံမှသည် 'မကုဋ္ဌဗန္ဓ'ဟု ဆိုအပ်သော မကိုဋ်ဖွဲ့ရာ မင်္ဂလာဇရပ်တိုင်အောင် ထိုရွှေလောက် ခရီးနံပါး ၂ ဘက်တို့မှ တင်းထိမ်, ဖျာတို့ဖြင့် ရံစေ၍၊ အထက်ဌ ပုဆိုးဗိတာန်ကို ကြက်၍၊ ရွှေကြယ် အစရှိသည်တို့ဖြင့် ခတ်စီ၍၊ ထိုခရီး ၂ ဘက်ဌလည်း နံ့သာဆိုင်း, ပန်းဆိုင်း, ရတနာဆိုင်းတို့ကို ဆွဲ၍၊ ပတ္တမြားစီသော, ပတ္တမြားအဆင်းရှိသော ရထားတို့ဖြင့် အဆင်း ၅ ပါးသောအဆင်း ရှိကုန်သော ထီး, တံခွန်တို့ကို ဆောက်စေ၍၊ ထက်ဝန်းကျင် တံခွန်, ကုက္ကားဖြင့် ရံ၍ ခရီးတို့သည် ကောင်းစွာ တည်ကုန်ပြီးသော်၊ ၄ က်ပျောပင်တို့ကို လည်းကောင်း, ရေပြည့်အိုးတို့ကို လည်းကောင်း ထား၍၊ ဆီမီးတိုင်တို့ကို ညှိစေ၍၊ တန်ဆာဆင်သော ဆင်ကျောက်ကုန်းဌ ဓာတ်တော်တို့နှင့်တကွ ရွှေကျင်းကို တင်၍၊ ပန်း,နံ့သာ အစရှိသည်ဖြင့် ပူဇော်ကုန်လျက် ကောင်းချီးအသံကို ဖြစ်စေ၍၊ မြူးထူးကုန်လျက် မြို့တွင်းသို့ သွင်း၍၊ မင်းရုံ ရတနာဖြင့်ပြီးသောပလ္လင်ဌ ထား၍ အထက်ဌ ထီးဖြူကို ဆောင်းကုန်၏။

ဤသို့ များစွာသောပူဇော်သက္ကာရဖြင့် ဆောင်ခြင်းကိုပြုပြီး၍၊ ထိုအခါဌ မလွှာမင်းတို့သည် မြတ်စွာဘုရား ဓာတ်တော်တို့ကို မင်းရုံဌ လှံစွဲသောစစ်သည်တို့ကို ခြံရံစေ၍၊ ရှေးဦးစွာ ဆင်ဦးကင်းချင်းထိလျက် ဆင်တံတိုင်း ခြံရံကုန်၏။ ထို့နောင် မြင်းလည်ချင်းထိလျက် မြင်းတံတိုင်း ခြံရံကုန်၏။ ထိုနောင်မှ ရထားစွန်းချင်းထိလျက် ရထားတံတိုင်း ရံကုန်၏။ ထိုနောင်မှ မောင်းချင်းထိသော သူရဲ။ ထိုသူရဲတို့၏အဆုံးဌ လေးစွန်းချင်းထိလျက် လေးစွဲသူရဲတို့ကို ခြံရံစေကုန်၏။ ဤသို့သောအပြားဖြင့် ထက်ဝန်းကျင် ၁ ယူဇနာ အတိုင်းအရှည်ရှိသော အရပ်တိုင်တိုင် ၇ ရက်ပတ်လုံး ကွန်ရက်ဖြင့်ဖွဲ့သကဲ့သို့ အစောင့်အရှောက်ကို မြဲမြံစွာ စီရင်ကုန်၏။

အဘယ်ကြောင့် ဤသို့စီရင်ကုန်သနည်း ဟူမူကား ဤဓာတ်တော်ကို ပူဇော်ခြင်းမှာ ၂ ပါးသော သတ္တဝါတို့ဌ ထိုမင်းတို့သည် ရဟန်းအပေါင်း၏နေရာအရပ်ကို ပြုကုန်သည်ဖြစ်၍၊ ခဲဖွယ်စားဖွယ်တို့ကို စီရင်ကုန်သည်ဖြစ်၍၊ သူတော်ကောင်းတို့၏ မြူးထူးခြင်း, ပူဇော်ခြင်းအခွင့်ကို မရကုန်သည် ဖြစ်၍၊ 'ထိုထိုမှ ဤ ၇ ရက်ပတ်လုံး ငါတို့ ကောင်းစွာ မြူးထူးကုန်အံ့။ ငါတို့၏ မေ့လျော့သောအဖြစ်ကို သိ၍၊ တစ်စုံတစ်ယောက်သောမင်းတို့သည် လာ၍ ဓာတ်တော်တို့ကို ယူရာ၏။ ဤသို့သောအကြောင်းသည် ရှိ၏။ ထို့ကြောင့် အစောင့်အရှောက်ကိုထား၍ မြူးထူးပူဇော်ကုန်အံ့'ဟု ထိုမင်းတို့အကြံသည် ဖြစ်၏။ ဤသို့ ထိုမင်းတို့ ကြံကုန်၍ ထိုသို့သောအပြားဖြင့် စီရင်ကုန်သတည်း။

http://www.dhammadownload.com



## အဇာတသတ်မင်း ငိုမြည်တမ်းသည်ကို ပြခြင်း

အဇာတသတ်မင်းသည် 'မြတ်စွာဘုရား ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန်ပြုတော်မူ၏'ဟု ကြား၍၊ ကုသိနာရုံမင်း တို့သို့ ''မြတ်စွာဘုရားသည်လည်း မင်း ဖြစ်တော်မူ၏။ ငါသည်လည်း မြတ်စွာဘုရားဓာတ်တော်အဖို့ကို ထိုက်၏။ မြတ်စွာဘုရားဓာတ်တော်ကို စည်းခုံစေတီတည်၍ ပူဇော်ခြင်းကို ပြုအံ့''ဟု တမန်စေ၏။

တမန်စေပြီး၍၊ 'အကယ်၍ ပေးကုန်အံ့။ ကောင်း၏။ မပေးကုန်အံ့။ ရကြောင်းဖြင့် တောင်းအံ့'ဟု စစ်အင်္ဂါ ၄ ပါးကိုစီရင်၍ ထွက်၏။

အဇာတသတ္တုမင်း ကြားတော်မူဟန်ကား- ရှေးဦးစွာ အဇာတသတ္တုမင်း၏အမတ်တို့သည် ပရိနိဗ္ဗာန် ပြုတော်မူပြီးမှ ကြား၍၊ ''မြတ်စွာဘုရား။ ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီ။ ထိုမြတ်စွာဘုရားကို တစ်ဖန်တွေ့ပြန်အံ့သောငှာ မတတ်နိုင်။ ပုထုဇဉ်၌ သဒ္ဓါခြင်း၌လည်း ငါတို့မင်းနှင့် တူသောသူ မရှိ။ ငါတို့မင်းသည် ဤသို့သောအကြောင်း ဖြင့်သာလျှင် ကြားတော်မူသည်ရှိသော် နှလုံးကွဲလတ္တံ့။ မင်းကို ငါတို့ စောင့်အပ်၏''ဟု ကြိုက်နှံ၍၊ ထိုအမတ်တို့ သည် ၃ ခုသော ရွှေကျင်းတို့ကို ဆောင်၍၊ စတုမဟာဖြင့် ပြည့်စေ၍၊ ''အရှင်မင်းကြီး။ အကျွန်ုပ်တို့ အိပ်မက် မြင်၏။ ထိုအိပ်မက်ကို ဖျောက်အံ့သောငှာ ဒုက္ခဋ္ဌပုဆိုး*ကို ဝတ်တော်မူ၍၊ နှာခေါင်းဖော်ရုံ ရွှေကျင်းဖြင့် အိပ်တော် မူခြင်းငှာ သင့်၏''ဟု အဇာတသတ္တုမင်းအား လျှောက်ကုန်၏။

မင်းလည်း အစီးအပွားကိုပြုကုန်သော ထိုအမတ်တို့စကားကို ကြားတော်မူ၍၊ ''အမတ်တို့ဆိုတိုင်း ပြုကုန်အံ့''ဟု ဝန်ခံ၍၊ စတုမဟာဖြင့်ပြည့်သော ရွှေကျင်း၌ နှာခေါင်းတော်ကို ဖော်၍ အိပ်တော်မူ၏။

ထိုအခါ၌ အမတ်တစ်ယောက်သည် ဆင်သောတန်ဆာကို ချွတ်၍၊ ဆံကို ဖြေ၍၊ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူရာအရပ်ကို ရှေးရှုလက်အုပ်ချီ၍၊ ''ရှင်မင်းကြီး။ သေခြင်းမှလွတ်သော သတ္တဝါမည်သည် မရှိ။ ရှင်မင်းကြီးတို့၏ အသက်ကိုပွားစေတတ်သော မြတ်စွာဘုရားသည် ဓာတ်တော်တို့ကိုသာ ထား၍ ကုသိနာရုံမြို့၌ ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီ'' ဟုလျှောက်၏။

မင်းလည်း မိန်းမူးသည်ဖြစ်၍ စတုမဟာဖြင့်ပြည့်သော ရွှေကျင်း၌ အင်္ဂေါကို လွတ်၏။ ထိုအခါ၌ မင်းကို ချီ၍၊ ၂ ခုမြောက်သောရွှေကျင်း၌ သိပ်ကုန်၏။ မင်းလည်း တစ်ဖန် သက်သာရာရ၍၊ တစ်ဖန် ''အမတ်တို့ အဘယ်သို့ ဆိုကုန်သနည်း''ဟု မေးတော်မူ၏။

''မြတ်သောမင်း။ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူခဲ့ပြီ''ဟု လျှောက်ပြန်၏။

မင်းလည်း တစ်ဖန် မိန်းမူးသည်ဖြစ်၍၊ ရွှေကျင်း၌ အင်္ဂေါကို လွတ်ပြန်၏။ အမတ်တို့လည်း မင်းကို ချီ၍ ၃ ခုမြောက်သောရွှေကျင်း၌ သိပ်ကုန်၏။ မင်းလည်း သက်သာရာကို ရ၍၊ ''အမတ်တို့။ အဘယ်သို့ ဆိုကုန်သနည်း''ဟု မေးတော်မူပြန်၏။

* ဘွဲ့ဖြူပုဆိုး။

http://www.dhammadownload.com



ထိုအမတ်လည်း ရှေးကဲ့သို့ လျှောက်ပြန်၏။ မင်းလည်း တစ်ဖန် အငွေ့ကို လွှတ်ပြန်၏။ ထိုအခါ၌ အမတ်တို့သည် မင်းကို ချီ၍၊ ရေချိုး၍၊ ထိပ်၌ ဖျန်း၍ အိုးတို့ဖြင့် ရေကို သွန်းကုန်၏။

မင်းလည်း သက်သာရာရ၍၊ နေရာမှ ထတော်မူ၍၊ ဆီနှံ့သာတို့ဖြင့် လိမ်းအပ်သော, မြအဆင်းနှင့်တူသော ဆံတို့ကို ဖြေ၍၊ ရွှေအင်းပျဉ်နှင့်တူသော ကျောပေါ်၌ ဖြန့်၍၊ လက်ဖြင့် ရင်တော်ကို ခတ်၍၊ သန္တာဥနှံ့အဆင်းရှိသော, ကောင်းစွာလုံးသော လက်ချောင်းတော်တို့ဖြင့် ရင်ကို သုံးသပ်၍ ငိုကြွေးတော်မူလျက် ရူးသော အသွင်ဖြင့် ခရီးအကြားသို့ သက်တော်မူ၍ တန်ဆာဆင်သော မောင်းမအပေါင်းခြံရံလျက် မြို့မှ ထွက်တော်မူ၍၊ ဇီဝကသရက်ဥယျာဉ်သို့ သွား၍၊ ထိုဥယျာဉ်၌ မြတ်စွာဘုရား တရားဟောတော်မူရာအရပ်ကို ကြည့်တော်မူ၍၊

"ရှင်ပင်ဘုရား။ ဤအရပ်၌ နေတော်မူ၍ တရားဟောတော်မူသည် မဟုတ်တုံလော။ အကျွန်ုပ် စိုးရိမ်ကို ဖျောက်တော်မူသည် မဟုတ်တုံလော။ အကျွန်ုပ်စိုးရိမ်ကို ရှင်ပင်ဘုရား ဖျောက်တော်မူ၍ ရှင်ပင်ဘုရားကို 'ကိုးကွယ်ရာ' ဟု အကျွန်ုပ်သိ၏။ ယခုကား အကျွန်ုပ်အား စကားတို့ကို မိန့်တော်မမူပါတကား" ဟု အဖန်တလဲလဲ ငိုကြွေးတော်မူ၏။

"ရှင်ပင်ဘုရား။ ဤသို့သောကာလ၌ များစွာသော ရဟန်းအပေါင်းခြံရံလျက် ဓမ္မဒီပါအပြင်၌ ရှင်ပင်ဘုရား ဒေသစာရီ သွားတော်မူ၏၊ ဟု တစ်ရံတစ်ခါ-တစ်ရံတစ်ခါ အကျွန်ုပ် ကြား၏။ ယခုမူကား ရှင်ပင်ဘုရား၏ မလျှောက်ပတ် မသင့်တင့်သောအဖြစ်ကို အကျွန်ုပ်အား ကြားဘိ၏တကား"

ဤသို့အစရှိသည်တို့ကို မိန့်တော်မူ၍၊ ၆၀ အတိုင်းအရှည်ရှိသော ဂါထာတို့ဖြင့် မြတ်စွာဘုရား ကျေးဖူးတော်ကို အောက်မေ့၍၊ 'ငါ ငိုမြည်တမ်းခြင်းဖြင့် ကိစ္စမပြီးနိုင်။ မြတ်စွာဘုရားဓာတ်တော်တို့ကို ဆောင်အံ့' ဟု ကြံတော်မူ၏။

ဤသို့လျှင် အဇာတသတ်မင်း ကြံတော်မူသတည်း။ ကြံတော်မူပြီး၍ ဤသို့သောမိန့်တော်မူခြင်း အစရှိသည် ဖြစ်သည်၏အဆုံး၌ တမန် စေတော်မူသတည်း။

http://www.dhammadownload.com



## ၇ ပြည်ထောင်မင်းတို့ ဓာတ်တော်တောင်းသည်ကို ပြခြင်း

ထိုအခါ၌ 'မြတ်စွာဘုရားသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန်ပြုသည်' ဟု ဝေသာလီမြို့၌နေကုန်သော လိစ္ဆဝီမင်းတို့သည် လည်းကောင်း၊ ကပိလဝတ်၌နေကုန်သော သာကီဝင်မင်းတို့သည် လည်းကောင်း၊ အလ္လကပ္ပ၌ နေကုန်သော ဘုလိမင်း*တို့သည် လည်းကောင်း, ရာမတိုင်း၌နေကုန်သော ကောလိယမင်းတို့သည် လည်းကောင်း၊ 'ဝေဋ္ဌဒီပတိုင်း' တည်းဟူသော နေရာရှိကုန်သော ပုဏ္ဏားမင်းသည် လည်းကောင်း၊ ပါဝါမြို့၌နေကုန်သော မလ္လာမင်းတို့သည် လည်းကောင်း 'ကုသိနာရုံမြို့၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်'ဟု ကြား၍၊

"မြတ်စွာဘုရားသည် မင်းတည်း။ ငါတို့လည်း မင်းတို့တည်း။ ငါတို့လည်း မြတ်စွာဘုရားဓာတ်တော်တို့ကို ထိုက်ကုန်၏။ မြတ်စွာဘုရားဓာတ်တော်တို့ကို ငါတို့ စည်းခုံ တည်ကုန်အံ့။ ပူဇော်ကုန်အံ့"ဟု တမန်စေကုန်၏။

တမန်စေပြီး၍ ထို လိစ္ဆဝီမင်း အစရှိကုန်သော မင်းတို့သည် မြို့မှ ထွက်ကုန်၏။ ထိုမင်းတို့တွင် ပါဝါမင်းတို့သည် ကုသိနာရုံမြို့မှ ၃ ဂါဝုတ်၌ နေကုန်၏။

မြတ်စွာဘုရားသည်လည်း ပါဝါမြို့သို့ဝင်တော်မူ၍ ကုသိနာရုံမြို့သို့လာတော်မူလျက် ရှေးဦးစွာ အဘယ်ကြောင့်မရောက်သနည်း ဟူမူကား ထို ၆ ပြည်ထောင်သောမင်းတို့သည် များသောအခြံအရံ ရှိကုန်၏။ အလုံးစုံအချို့ကို ပြုကုန်သည်ဖြစ်၍၊ နောက်မှ လာကုန်သတည်း။

ဤသို့လျှင် ၇ ပြည်ထောင်သောမင်းတို့သည် ရောက်၍ ဓာတ်တော်ကို တောင်းလတ်ကုန်သည်ရှိသော်၊ ကုသိနာရုံမင်းတို့သည် ထိုမင်းအပေါင်းတို့ကို "ငါတို့နိုင်ငံ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန် ပြုတော်မူ၏။ ငါတို့သည် မြတ်စွာဘုရားဓာတ်တော်အဖို့ကို မပေးကုန်။ ငါတို့သည် မြတ်စွာဘုရားအား သတင်းကို မကြားကုန်။ ငါတို့ သွား၍လည်း မြတ်စွာဘုရားကို မဆောင်ကုန်။ ရှင်ပင်ဘုရားသာလျှင် အလိုလို လာတော်မူ၍၊ သတင်းစကားကို မေးတော်မူ၍ ငါတို့ကို ခေါ်စေ၏။ မင်းများတို့၏နိုင်ငံ၌ ရတနာသည် ဖြစ်၏။ ထိုရတနာကို မင်းများတို့သည် ငါတို့အား မပေးကုန်ရာ။ နတ်နှင့်တကွသော လောကဓ္ဓ ဘုရားနှင့် တူသောရတနာသည် မရှိ။ ထိုသို့သောရတနာကို မင်းများတို့အား ငါတို့ မပေးကုန်။ စင်စစ်သော်ကား မယ်တော်နို့ကို စို့၍ မင်းများတို့သည် ကြီးကုန်၏။ မင်းတို့သာလျှင် ယောကျ်ားလော။ ငါတို့သည်လည်း ယောကျ်ားတို့တည်း။ ဖြစ်စေတော့၊ ဖြစ်စေတော့" ဟု အချင်းချင်း မင်း၏မာန်ကို ပြုကုန်၍ သတင်းစကားကို စေကုန်၏။ အချင်းချင်း မာန်အားဖြင့် ကြိမ်းဝါးကုန်၏။ အကယ်၍ စစ်ထိုးသည်ရှိသော် မလ္လာမင်းတို့သည်သာလျှင် ဓာတ်တော်ပူဇော်ခြင်းငှာ လာကုန်သော နတ်တို့သည် အဖော်ဖြစ်ကုန်၍ အောင်ကုန်ရာသတည်း။

* 'ဗလ' အမည်ရှိသောမင်း - စိန္တတ္ထပကာသနီ, မာလာလင်္ကာရဝတ္ထုတော်ကြီး။

http://www.dhammadownload.com



ဤသို့ မင်းများ ဆိုသည်ရှိသော် ထိုမင်းတို့၏ စစ်ထိုးအံ့သောစကားကို ဒေါဏပုဏ္ဏား ကြား၍၊ 'ထို မင်းတို့သည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူရာအရပ်၌ ငြင်းခုံခြင်းကို ပြုကုန်၏။ ထိုသို့ပြုခြင်းသည် မလျောက်ပတ်။ ဤသို့အစရှိသော ထိုးပစ်ခြင်းဖြင့် မသင့်။ ထိုသို့ငြင်းခုံခြင်း, ထိုးပစ်ခြင်းကို ငြိမ်းစေအံ့'ဟု ထို ဒေါဏပုဏ္ဏားသည် သွား၍၊ ထိုမင်းအပေါင်းကို မြင်သောအရပ်၌ ရပ်၍၊ ၂ ဘာဏဝါရ အတိုင်းအရှည်ရှိသော

'သုဏန္တု ဘောန္တော မမ ဧကဝါစံ၊ အမှာကံ ဗုဒ္ဓေါ အဟု ခန္တိဝါဒေါ။

နဟိ သာဓုယံ။ ဥတ္တမပုဂ္ဂလဿ၊ သရီရ ဘာဂေ သိယာ သမွဟာရော။'

'သဗ္ဗေဝ ဘောန္တော သဟိတာ သမဂ္ဂါ၊ သမ္မောဒမာနာ ကရော မဋ္ဌဘာဂေ။

ဝိတ္ထာရိတာ ဟောန္တု ဒိသာသု ထူပါ၊ ဗဟူဇနာ စက္ခုမတော ပသန္နာ။ ။' အစရှိသော 'ဒေါဏပုဏ္ဏား ကြဲခြင်း' မည်သောဂါထာတို့ဖြင့် ကြဲ၏။

ထို ၂ ဂါထာ၏ အဓိပ္ပာယ်ကား-

"မင်းများတို့။ ငါ၏ တစ်ခွန်းသောအဆုံးအမစကားကို နာတော် မူကုန်လော့။ ငါတို့မြတ်စွာဘုရားသည် ဘုရားအဖြစ်သို့ ရောက်တော်မမူသရွေ့ ပါရမီတို့ကို ဖြည့်တော်မူသည်ရှိသော်၊ ခန္တီဝါဒီ ရသေ့ဖြစ်သောအခါ၊ ဓမ္မပါလမင်းသား ဖြစ်သောအခါ၊ ဘူရိဒတ်နဂါးမင်း, စမ္ဘေယျနဂါးမင်း, သခ်ပါလနဂါးမင်း, မဟာကပိမ္ဂောက်မင်း ဖြစ်သောအခါ၊ ဤမှတစ်ပါးသော အဖြစ်တို့၌လည်း အမျက်ထွက်ခြင်းကို မပြုမူ၍ သည်းခံခြင်းကို ပြုတော်မူ၏။ ယခု ကောင်းသောအာရုံ, မကောင်းသောအာရုံတို့၌ 'သည်းခံခြင်း'တည်းဟူသော တာဒိ ကျေးဇူးဟူသည်ကား အဘယ်ဆိုဖွယ်ရာ ရှိအံ့နည်း။

"ခပ်သိမ်းသောအပြားဖြင့် မြတ်စွာဘုရားသည် 'သည်းခံခြင်း'တည်းဟူသော ခန္တီဝါဒသို့ ရောက်သည်သာ ဖြစ်၏။ ထိုသို့သဘောရှိသော မြတ်စွာဘုရားဓာတ်တော်အဖို့ကြောင့် စစ်ထိုးခြင်းသည်လည်း ဖြစ်ရာ၏။ ဤသို့သော ထိုးပစ်ခြင်း မည်သည် မကောင်း။

"မင်းများတို့။ အလုံးစုံသောမင်းတို့သည် သည်းခံခြင်းရှိသည် ဖြစ်ကုန်လော့။ မဖျက်လတ်ကုန်လင့်။ ကာယ,ဝါစာဖြင့်* တပေါင်းတည်း ညီညွတ်ကုန်လော့။ ဝမ်းမြောက်ဝမ်းသာဖြစ်ကုန်လော့။ မြတ်စွာဘုရား ဓာတ်တော်တို့ကို ၈ ဖို့ ပြုအံ့။ ၅ ပါးသော ပညာမျက်စိဖြင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားအား များစွာသော များစွာသောလူအပေါင်းသည် ကြည်ညိုရာ၏။ မလွှာမင်းတို့သာလျှင် ကြည်ညိုသည် မဟုတ်ကုန်။ အရပ်မျက်နှာတို့၌ စည်းစုံတော်တို့သည် ပြန့်ခြင်းမရှိကုန်သည် ဖြစ်စေကုန်သတည်း" ဤသို့သောအဓိပ္ပာယ်တည်း။

"ထိုမင်းတို့တွင် တစ်ယောက်သောမင်းသည်မူလည်း မရထိုက်သောသူ မည်သည် မရှိ"ဟု များစွာသော အကြောင်းကိုဆို၍ အမှတ်ကို ပေး၏။

"ပုဏ္ဏား။ ပုဏ္ဏားသာလျှင် မြတ်စွာဘုရား ဓာတ်တော်တို့ကို ၈ စုအဖို့ဖြင့် အမျှ ကောင်းစွာဝေလော့"ဟု ဆို၏။

* ကိုယ်,နှုတ်ဖြင့်

http://www.dhammadownload.com



ထိုဒေါဏပုဏ္ဏားသည်လည်း ''ကောင်းပြီ''ဟု ဝန်ခံ၍ ရွှေကျင်းကို ဖွင့်စေ၏။ မင်းများတို့သည် လာကုန်၍၊ ရွှေကျင်း၏အနီး၌ နေကုန်သည် ဖြစ်၍၊ ရွှေအဆင်းနှင့် တူသောအဆင်းရှိသော ဓာတ်တော်တို့ကို မြင်၍၊

''ရှင်ပင်ဘုရား။ အကျွန်ုပ်တို့သည် ရှေး၌ ရှင်ပင်ဘုရားတို့၏ ၃၂ ပါးသော ယောကျ်ားမြတ်တို့၏ လက္ခဏာတို့ဖြင့် တန်ဆာဆင်အပ်သောကိုယ်တော်ကို၊ ၆ ပါးသောရောင်ခြည်တော်တို့ဖြင့် ဆန်းကြယ်သော၊ တင့်တယ်သော၊ များစွာသော ၈၀ သောလက္ခဏာတော်တို့ဖြင့် ထွန်းပလျက် တင့်တယ်သော၊ ရွှေအဆင်းနှင့် တူသောအဆင်းရှိသော ကိုယ်တော်ကို မြင်ရကုန်၏။ ယခုကား ရွှေအဆင်းနှင့် တူသောအဆင်းရှိသော ဓာတ်တော်တို့သာလျှင် ကြွင်းကုန်၏။ ရှင်ပင်ဘုရား။ ရှင်ပင်ဘုရားတို့၏ ဤသို့ဖြစ်ခြင်းသည် မသင့်တကား''ဟု ငိုမြည်တမ်းကုန်၏။

ဒေါဏပုဏ္ဏားသည်လည်း ထိုအခါ၌ ထိုမင်းတို့၏ မေ့လျော့သည်၏အဖြစ်ကို သိ၍၊ လက်ယာစွယ်တော်ကို ယူ၍ ဦးခေါင်းကြား၌ ချပ်၏။ ထို့နောက်၌ ၈ ဖို့ မျှစု၍ ဝေ၏။ အလုံးစုံသောဓာတ်တော်တို့သည် ပြကတော့သော နာဠိဖြင့် ၁၆ နာဠိတို့တည်း။ တစ်မြို့တစ်မြို့၌နေသော မင်းတို့သည် ၂ နာဠိ- ၂ နာဠိ အတိုင်းအရှည်ရှိသော ဓာတ်တော်တို့ကို အရှည်ရှိသောဓာတ်တော်တို့ကို ရကုန်၏။

ဒေါဏပုဏ္ဏား ဓာတ်တော်တို့ကိုဝေစဉ် သိကြားမင်းသည် 'နတ်နှင့်တကွသော လောက၏ ယုံမှားခြင်းကို ဖျောက်ခြင်းသည် သစ္စာ ၄ ပါးနှင့်ယှဉ်သော တရားဟောတော်မူခြင်း၏ အကြောင်းဖြစ်၍၊ မြတ်သော မြတ်စွာဘုရားလက်ယာစွယ်တော်ကို အဘယ်သူ ယူသနည်း'ဟု ကြည့်သည်ရှိသော်၊ 'ဒေါဏပုဏ္ဏားသည် ယူသတည်း'ဟု မြင်၍၊ 'ဒေါဏပုဏ္ဏားသည်ကား လက်ယာစွယ်တော်ကို လျော်ပတ်စွာ ပူဇော်သက္ကာရကိုပြုခြင်းငှာ မတတ်နိုင်လတ္တံ့။ ထိုလက်ယာစွယ်တော်ကို ငါသိကြား ယူအံ့'ဟု ဒေါဏပုဏ္ဏားဦးခေါင်းကြားမှ ယူ၍၊ ရွှေပန်းတောင်း၌ ထည့်၍၊ တာဝတိံသာနတ်ပြည်သို့ ဆောင်၍ စူဠာမဏိစေတီ၌ ဌာပနာ၏။

ဒေါဏပုဏ္ဏားသည်လည်း ဓာတ်တော်တို့ကိုဝေ၍ စွယ်တော်ကို မမြင်သော်၊ ခိုး၍ယူသည် ဖြစ်သောကြောင့် 'အဘယ်သူသည် ငါထားသောစွယ်တော်ကို ယူသနည်း'ဟု မေးခြင်းငှာ မတတ်နိုင်။ 'ပုဏ္ဏားသည်သာလျှင် ဓာတ်တော်တို့ကိုဝေသည် မဟုတ်တံ့လော။ ပုဏ္ဏားသည် ရှေးဦးစွာလျှင် အဖို့ဓာတ်တော် ရှိသည်၏အဖြစ်ကို အဘယ့်ကြောင့်မသိသနည်း'ဟု ပုဏ္ဏား၌ အပြစ်တင်အံ့သည်ကို မြင်၍၊ 'ငါ၏အဖို့ကို ပေးတော်မူကုန်လော့'ဟု ဆိုခြင်းငှာလည်း မတတ်နိုင်။

ထိုနောင်မှ 'ဤရွှေကျင်းသည် ဓာတ်တော်အလား ရှိသည်သာလျှင်တည်း။ အကြင်ရွှေကျင်း*ဖြင့် မြတ်စွာဘုရားဓာတ်တော်ကို ခြင်း၏။ ငါသည် ရွှေကျင်းကို စည်းခုံတည်ကုန်အံ့'ဟု ကြံ၍၊ ''မင်းများတို့။ ဤဓာတ်တော်ခြင်းသော ရွှေကျင်းကို အကျွန်ုပ်အား ပေးကုန်လော့။ အကျွန်ုပ်သည်လည်း ရွှေကျင်းစည်းခုံကို ပူဇော်ခြင်းကို ပြုပါအံ့'' ဟု လျှောက်၏။

* စရွတ်ဓွက် - စီနက္ခပကာသနီ။
- ကျင်းသည် 'ဓွက်' 'ဟုလည်း အဓိပ္ပာယ်ရှိသဖြင့် 'ရွှေဓွက်' ဟုလည်း ယူနိုင်။

http://www.dhammadownload.com



'ပိပ္ပလိဝန' ဟူသောနေရာ၌ ရှိသော မောရိယမင်းတို့သည်လည်း အဇာတသတ္တုမင်းတို့ကဲ့သို့ တမန်စေ၍၊ စစ်ထိုးအံ့သောငှာ အစီအရင်ဖြင့်ထွက်၍ ကုသိနာရုံသို့ ထွက်ကုန်၏။ ထိုအခါ၌ မောရိယမင်းတို့သည် မလ္လာမင်းတို့သို့ ''မြတ်စွာဘုရားသည်လည်း မင်း။ ငါတို့သည်လည်း မင်းတို့တည်း။ မြတ်စွာဘုရားဓာတ်တော်ကို စည်းခုံတည်၍ ပူဇော်သက္ကာရကို ပြုကုန်အံ့'' ဟု စေကုန်၏။

ထိုမလ္လာမင်းတို့သည်လည်း ''မြတ်စွာဘုရားဓာတ်တော်အဖို့ မရပြီ။ မြတ်စွာဘုရားဓာတ်တော်တို့ ခွဲဝေအပ်ကုန်ပြီ။ ဤစန္ဓကူးမီးသွေးကို ဆောင်ကုန်လော့'' ဟု ဆိုကုန်၏။ ထို မောရိယမင်းတို့သည်လည်း ထိုကုသိနာရုံမြို့မှ စန္ဓကူးမီးသွေးကို ဆောင်ကုန်၏။

http://www.dhammadownload.com



## အဇာတသတ်မင်းသည် ဓာတ်တော်တို့ကို ဆောင်ခြင်း

ထိုအခါ၌ အဇာတသတ္တုမင်းသည် မြတ်စွာဘုရားဓာတ်တော်တို့ကို ရာဇဂြိုဟ်မြို့၌ စည်းခုံကိုတည်၍ ပူဇော်သက္ကာရကို ပြု၏။ အဘယ်သို့ ပူဇော်သက္ကာရကို ပြုသနည်းဟူမူကား ကုသိနာရုံမြို့မှ ရာဇဂြိုဟ်မြို့သည် ၂၅ ယူဇနာ အတိုင်းအရှည်တို့တည်း။ ဤအကြား၌ ၈ ဥသဘအနုံရှိသောခရီးကို ညီညွတ်စွာပြုစေ၍ မလွှာမင်းတို့သည် မကုဋ္ဌဗန္ဓန အရပ်အကြား, မင်းရုံ၏အကြား၌ အကြင်သို့သဘောရှိသော ပူဇော်သက္ကာရကို ပြုကုန်၏။ ထိုသို့သဘောရှိသော ပူဇော်သက္ကာရကို ၂ ယူဇနာရှိသောခရီး၌လည်း ပူဇော်သက္ကာရကို ပြု၍၊ လူအပေါင်းအား မငြီးငွေ့စိမ့်သောဇာ အလုံးစုံသောခရီး၌ ဈေးတို့ကို နေစေ၍၊ ရွှေကျင်း၌ထည့်အပ်သော ဓာတ်တော်တို့ကို လှဲလက်စွဲသောသူရဲတို့ ခြံရံစေ၍၊ ယူဇနာ ၃၀၀ အဝန်းရှိကုန်သောနိုင်ငံ၌ လူတို့ကို စည်းဝေးစေ၏။ ထိုသူတို့သည် ဓာတ်တော်တို့ကို ရံစေ၍၊ ကုသိနာရုံမှ သူတော်ကောင်းတို့၏ မြူးထူးခြင်းကို မြူးထူးကုန်လျက် ထွက်၍ အကြင်အကြင်အရပ်၌ ရွှေအဆင်းရှိသော ပန်းတို့ကို မြင်ကုန်၏။ ထိုသို့သောအရပ်၌ လွန်စွာသောသူတို့ကို ရံစေ၍၊ ထား၍ ပူဇော်သက္ကာရကို ပြုကုန်၏။ ရထားဦး အဆုံးအရပ်သို့ ရောက်လတ်သည်ရှိသော် ၇ ရက်ပတ်လုံး သူတော်ကောင်းတို့၏ မြူးထူးခြင်းကို မြူးထူးကုန်၏။ ဤသို့သော ပူဇော်သက္ကာရဖြင့် ဓာတ်တော်တို့ကို ဆောင်၍ လာသောသူတို့အား ၇ နှစ် - ၇ လ - ၇ ရက်တို့သည် လွန်ကုန်၏။

"မိစ္ဆာဒိဋ္ဌိဖြစ်သောလူတို့သည် ရဟန်းဂေါတမ ပရိနိဗ္ဗာန်ပြုသောကာလမှ စ၍ အနိုင်အထက်အားဖြင့် ကောင်းစွာ မြူးထူးခြင်းဖြင့် ငါတို့ကို နှိပ်စက်ကုန်၏။ ငါတို့၏ခပ်သိမ်းကုန်သော အမှုကြီးငယ်တို့ကို မှတ်ကုန်၏" ဟု ကဲ့ရဲ့ကုန်သည်ဖြစ်၍ ၈ သောင်း ၆ ထောင်သောလူတို့သည် အပါယ်၌ ဖြစ်လေကုန်၏။

ရဟန္တာတို့သည် ဆင်ခြင်ကုန်သည်ရှိသော်၊ 'များစွာသောသူတို့သည် ပြစ်မှား၍ အပါယ်၌ဖြစ်ကုန်၏' ဟု သိ၍၊ 'သိကြားမင်းကို ကြား၍ ဓာတ်တော်တို့ကို အလျင်ဆောင်အံ့' သောအကြောင်းကို ကြံ၍၊ သိကြားမင်းသို့ ကြား၍ ထိုအကြောင်းကို ကြား၏။

"သိကြားမင်း။ ဓာတ်တော်တို့ကို အလျင်ဆောင်အံ့သောအကြောင်းကို ပြုလော့" ဟု ဆို၏။

သိကြားမင်းလည်း "အရှင်ဘုရားတို့။ 'ပုထုဇဉ်' မည်သည်ကား အဇာတသတ်မင်းနှင့် တူ၍ သဒ္ဓါခြင်းရှိသောသူမည်သည် မရှိ။ ထိုအဇာတသတ်မင်းသည် အကျွန်ုပ်စကားကို မနာလတ္တံ့။ စင်စစ်လတ်သော်ကား မာရ်မင်းပြသည်နှင့် တူသော ကြောက်မက်ဖွယ်ကို အကျွန်ုပ်ပြအံ့။ ပြင်းစွာသောအသံကို ကြွေးကြော်အံ့။ ဘီလူးဖန်ဆင်းသကဲ့သို့ ဓာတ်ချောက်ချားခြင်းကို ဖြစ်စေ၍၊ ခြေတော်အနာ, အာဟာရကို နှစ်မသက်သော အနာကို ဖြစ်စေအံ့။ သခင်ဘုရားတို့သည်လည်း 'မင်းမြတ်။ ဘီလူးတို့သည် အမျက်ထွက်ကုန်၏။ ဓာတ်တော်တို့ကို ဆောင်ကုန်' ဟု မိန့်တော်မူကုန်လော့။ ဤသို့ မိန့်တော်မူကုန်သည်ရှိသော် ထိုအဇာတသတ်မင်းသည် ဓာတ်တော်တို့ကို ဆောင်စေလတ္တံ့သတည်း" ဟု ဆို၏။

http://www.dhammadownload.com



ထိုအခါ၌ သိကြားမင်းသည် ထို ဆိုအပ်သောအစီအရင်ကို ပြု၏။ ရဟန္တာသခင်တို့သည်လည်း မင်းသို့ ကပ်၍၊ ''မြတ်သောမင်း။ ဘီလူးတို့သည် အမျက်ထွက်ကုန်ပြီ။ ဓာတ်တော်တို့ကို ဆောင်တော်မူစေကုန်လော့'' ဟု မိန့်တော်မူကုန်၏။

''သခင်ဘုရားတို့။ အကျွန်ုပ် မနှစ်သက်သေး။ ထိုသို့ မနှစ်သက်သော်လည်း ဓာတ်တော်တို့ကို ဆောင်စေကုန်လော့အံ့'' ဟု အဇာတသတ်မင်း လျှောက်၏။

၇ ရက်မြောက်သောနေ့၌ ဓာတ်တော်တို့ကို ဆောင်၏။ ဤသို့ များစွာသောပူဇော်သက္ကာရကို ပြု၍၊ ဆောင်အပ်သောဓာတ်တော်တို့ကို ယူ၍၊ ရာဇဂြိုဟ်မြို့၌ စည်းခုံ တည်၏။ ပူဇော်သက္ကာရကို ပြု၏။ အဇာတသတ်မင်းမှ တစ်ပါးသောမင်းတို့သည်လည်း မင်းတို့၏အားနှင့် လျော်ကပ်တော်စွာဆောင်၍၊ ဝေသာလီမင်းတို့သည် ဝေသာလီမြို့၌, သာကီဝင်မင်းတို့သည် ကပိလဝတ်မြို့၌, တုလိမင်းတို့သည် အလ္လကပ္ပမြို့၌, ကောလိယမင်းတို့သည် ရာမတိုင်း၌, ပဝေါ်မင်းတို့သည် ဝေဋ္ဌဒီပတိုင်း၌, မလ္လာမင်းတို့သည်လည်း ပါဝါမြို့၌, မလ္လာမင်းတို့သည်လည်း ကုသိနာရုံမြို့၌ မြတ်စွာဘုရားဓာတ်တော်ကို စည်းခုံ တည်၍၊ ဒေါဏပုဏ္ဏားသည် ဓာတ်တော်ခြင်းသော ရွှေကျင်းကို စည်းခုံတည်၍ ပူဇော်သက္ကာရကို ပြုကုန်၏။ မောရိယမင်းတို့သည်လည်း 'ပိပ္ပလိဝန'အမည်ရှိသောတိုင်း၌ စန္ဒကူးမီးသွေးတို့ကို စည်းခုံတည်၍ ပူဇော်သက္ကာရကို ပြုကုန်၏။

'ဣတိအဋ္ဌသရိရ ရူပါဝနပမောတုမွတုပွတော။
ဒသမော အင်္ဂါရဒုပေါ ဇဝမေတံ ဘူတပုဗ္ဗံ။
'အဋ္ဌဒေါဏံ စက္ခုမတောသိရိရံ သတ္တဒေါဏံ ဇမ္ဗုဒီပေ မဟာဇ္ဈိ။
ဇကဥဒေါဏံ သုဒီပဝရတ္တမသာ၊ ရာမဂါမေ နာဂရာဇာမဟောဇ္ဈိ။
'ကောဟံဒါဠာတိဒိဝေဟိပူဇိတာ၊ ဇကော ဟနဂန္ဓာရပူရေမဟိရတိ။
'ကာလိင်္ဂံရသောဝိဖိတော ပုနေကံ၊ ဇင်္ဂံပနနာဂရာဇာမဟောဇ္ဈိ။
တသ္မေဝတေဇေန အယသုဇ္ဇရာ၊ အယာဂ သေဋ္ဌဟိ မဟိလင်္ဂါတာ။
'ဇဝံ ဣမံ စက္ခု မတောသရိရံ၊ သုသဏ္ဌဟံ သဏ္ဌတ သဏ္ဌတေတိ။
ဒေဝိန္ဒနာ ဂိန္ဒန ပူရိန္ဒပူရိတော၊
'မနုသိန္ဒသေဋ္ဌဟိတတေဝ ပူဇိတော။
'တံ ဝန္ဒထပဋ္ဌလိကာ ကရိတ္ထာ။ ဗုဒ္ဓါယဝေ ကပွသတေဟိ ဒုလ္လဘာတိ။
စတ္တာလီ သသမာဒန္ဓာ၊ ကေသာ လောမာစ သဗ္ဗသော။
ဒေဝါဟရိသုဇကေကံ၊ စက္ကဝါဠပရံပရာ။ ။'

ဤသို့ ဓာတ်တော်ကို ခွဲဝေခြင်းကို လည်းကောင်း, ၁၀ ဆူသောစည်းခုံတော်တို့ကို လည်းကောင်း အကြောင်းပြု၍ သင်္ဂါယနာဆရာတို့သည် ဤဂါထာတို့ကို မိန့်တော်မူကုန်သတည်း။

ထိုဂါထာတို့၏အဓိပ္ပာယ်ကား-

'ဤသို့သဘောရှိသော အပြားဖြင့် ၈ ပြည်ထောင်တို့၌ ၈ ဆူသော သရီရဓာတ်စည်းခုံတော်တည်း။ ၉ ဆူမြောက်သော စည်းခုံတော်ကား ဓာတ်တော်ကိုခြင်းသော ရွှေကျင်းစည်းခုံတော် တည်း။ ၁၀ ဆူမြောက်ကား စန္ဒကူးမီးသွေးစည်းခုံတော် တည်း။ ၅ ပါးသောပညာမျက်စိဖြင့် ပြည့်စုံတော်မူသော ရှင်ပင်ဘုရားသရီရ ဓာတ်တော်သည် ၈ ဒေါဏတည်း။ ၁၆ နာဠိတည်း။

http://www.dhammadownload.com



'၇ ဒေါဏသောဓာတ်တော်တို့ကို ဓမ္မုဒ်ပါကျွန်း၌ ပူဇော်ကုန်၏။ ၁ ဒေါဏသောဓာတ်တော်သည် ကျွန်းငယ်တို့တွင် ကျွန်းမြတ်ဖြစ်သော သိန်းခိုကျွန်းသို့ ရောက်လတ္တံ့။ ရာမတိုင်း၌ တည်သောဓာတ်တော်ကို နဂါးမင်းတို့သည် ဆောင်၍ ပူဇော်ကုန်၏။ အထက်လက်ယာစွယ်တော် ၁ ဆူကို သိကြားအမှူးရှိသော တာဝတိံသာနတ်တို့သည် ပူဇော်ကုန်၏။ အထက်လက်ဝဲစွယ်တော်ကို ဂန္ဓာရပြည်၌ ပူဇော်ကုန်၏။ အောက်လက်ဝဲစွယ်တော် တစ်ဆူကို ကလိင်္ဂရာဇ်တိုင်း၌ ပူဇော်ကုန်၏။ အောက်လက်ယာစွယ်တော် ၁ ဆူကို နဂါးမင်းတို့သည် ပူဇော်ကုန်၏။ ဤသို့သောအပြားဖြင့် ပရိနိဗ္ဗာန်ပြုတော်မူခြင်း အကြောင်း၊ သရီရဓာတ်စည်းခုံ အကြောင်းသည် ဓမ္မုဒ်ပါကျွန်း၌ ဖြစ်၏။

''ထိုရှင်ပင်ဘုရား၏တန်ခိုးတော်ဖြင့် ဤမြေကို ရဟန္တာမြတ်တို့သည် ပူဇော်အပ်၏။ ၅ ပါးသော ပညာမျက်စိနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ ဤဓာတ်တော်သည် ဤသို့သောအပြား ဖြစ်၏။ စင်စစ် ကမ္ဘာအရာတို့ဖြင့်လည်း 'ဘုရား'ဟူသောအသံကိုမျှ ရခဲကုန်သည် ဖြစ်ကုန်၏။

''ထိုကြောင့် ထိုသို့သဘောရှိကုန်သော မြတ်စွာဘုရားကို လွန်ကဲစွာသော မြတ်နိုးခြင်း၊ ပူဇော်ခြင်းတို့ဖြင့် နတ်မင်း၊လူမင်းတို့ ချီးသောလက်အုပ်ရှိကုန်သည်ဖြစ်၍ ရှိခိုးကုန်လော့။ ထိုမြတ်စွာဘုရားကို နတ်မင်း၊ နဂါးမင်းတို့၊ မြတ်သောလူမင်းတို့သည် လွန်ကဲစွာသောပူဇော်ခြင်းတို့ဖြင့် ပူဇော်ကုန်၏။

''အမျှ ၄၀ သော သွားတော်တို့သည် လည်းကောင်း၊ ဆံတော်အမွေးတော်တို့သည် လည်းကောင်း အလုံးစုံသောအပြားဖြင့် ရှိကုန်၏။ ထို သွားတော်၊ ဆံတော်၊ မွေးတော်တို့တွင် ၁ ဆူ - ၁ ဆူကို နတ်တို့သည် စကြဝဠာတစ်ပါး-တစ်ပါးသို့ ဆောင်ကုန်၏။ ဤသို့လျှင် ထိုမြတ်စွာဘုရားပရိနိဗ္ဗာန် အကြောင်း၊ ဓာတ်တော်စည်းခုံတော် အကြောင်းသည် ဖြစ်ဖူးသတည်းဟု ဒုတိယသင်္ဂါယနာ၊ တတိယသင်္ဂါယနာဆရာတို့သည် ထားတော်မူကုန်သတည်း'' ဤသို့သောအဓိပ္ပာယ် ဟူလိုသော်။

http://www.dhammadownload.com



## မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူခြင်း

ဤသို့လျှင် ကုသိနာရုံသို့ မြတ်စွာဘုရားသည် ပါဝါမြို့မှ ၃ ဂါဝုတ်သောခရီးတိုင် ၂၅ ရပ်တို့၌ နားတော်မူ၍၊ ကြီးစွာသောအားထုတ်ခြင်းဖြင့် သွားတော်မူ၍၊ သုဒဿနစကြဝတေးမင်း၏ အတ္ထုပ္ပတ္တိ, သုဘဒ္ဒပရိဗ္ဗာဇကာ၏ အတ္ထုပ္ပတ္တိ, ဒေါဏပုဏ္ဏားတို့၏ ဓာတုဘာဇန အတ္ထုပ္ပတ္တိ၊ ဤအကြောင်း ၃ ပါးကြောင့် ကုသိနာရုံမြို့၌ မလ္လာမင်းတို့၏ ဥယျာဉ်ခရီးအကွေ့အင်ကြင်းပင်စုံတို့၏ အကြားဌာန ခင်းအပ်သော မင်းတို့၏ညောင်စောင်းဌာန လျောင်းတော်မူ၍၊ ညဉ့်ဦးယံကား တရားဟောတော်မူ၍၊ သန်းခေါင်ယံကား သုဘဒ္ဒပရိဗ္ဗာဇကအား အရဟတ္တမဂ်, အရဟတ္တဖိုလ်ကို ပေးတော်မူ၍၊ မိုးသောက်ယံကား ရဟန်းအပေါင်းတို့ကို ဆုံးမတော်မူ၍၊ မိုးသောက်အားကြီးသောအခါ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။

မလ္လာမင်းတို့သည် ကုသိနာရုံမြို့ရှေ့ 'မကုဋမန္ဓန' အမည်ရှိသော မင်းတို့၏ မကိုင်ရှဖွဲ့စ ပြုရာဖြစ်သော စေတီယအရပ် အင်ကြင်းတော၌ အလောင်းတော်ကို သင်္ဂြိုဟ်သတည်း။

ထို့ကြောင့် မြတ်စွာဘုရားသည် ရှင်အာနန္ဒာကို သုဒဿနစကြဝတေးမင်းသုတ်* ၌၊

'ယာဝဇ္ဈဲဒံ အာနန္ဒအလမေဝ သမ္မ သခိါရေသုနိပ္ပန္နိတ္ဂံ။ အလံဝိရဇ္ဇိတ္ဂံ အလံဝိမုစ္စိတ္ဂံ သက္ကတ္ဂ္ဂဲ့ ခေါပနာဟံ အာနန္ဒအဘိဇာနာမိ။ ဣမ သ္မိံပ ဒေသေ သရိရံ နိက္ခိပိတံ။ တဋ္ဌ ခေါ ရာဇာသမာနော စက္က ဝတ္တိ ဓမ္မ ရာဇာ စာတုရန္တော ဝိဇိ တာဝိ ဇန ပဒဒ္ဓါ ပရိ ယပ္ပတ္တော သတ္တရတန သမန္နာဂတော။ အယံ သတ္တမောသရိရန္ဂိုက္ခေပေါ'ဟ ဟောတော် မူသည်။ ထိုပါဠိတော် ပါဠ်အဓိပ္ပာယ်ကား-

''အာနန္ဒာ။ အလုံးစုံသောသခိါရတို့၌ အလုံးစုံသောအပိုင်းအခြားဖြင့် ဤ'ခန္ဓာပဉ္စက'တည်းဟူသော ဝဋ်ဒုက္ခကို ငြီးငွေ့ခြင်းငှာ သင့်သည်သာလျှင်တည်း။ ဝဋ်ဒုက္ခ၌ မတပ်ခြင်းငှာ သင့်သည်သာလျှင်တည်း။ ဝဋ်ဒုက္ခမှ လွတ်ခြင်းငှာ လျောက်ပတ်သည်သာလျှင်တည်း။

''အာနန္ဒာ။ ဤသင်္ဂြိုဟ်ရာအရပ်၌ တရားနှင့်ယှဉ်သော ဓမ္မရာဇဖြစ်သော, သမုဒ္ဒရာ ၄ စင်းအဆုံးရှိသော နိုင်ငံရှိသော, ဇနပုဒ်ပြည်တိုင်းကား မြဲမြံခြင်းသို့ ရောက်သော, ၇ ပါးသောရတနာနှင့် ပြည့်စုံသော, စကြရတနာကိုလည်းကောင်း စေနိုင်သောစကြဝတေးမင်းဖြစ်၍သာလျှင် ထိုကိုယ်ကို ၆ ကြိမ် သင်္ဂြိုဟ်အပ်ပြီ။ ဤသို့ ငါသိ၏။

''အာနန္ဒာ။ မြတ်စွာဘုရား၏ ယခု ကိုယ်ကို စွန့်ခြင်းသည် ကိလေသာကို ပယ်သည်၏အဖြစ်ကြောင့် သိမ်းဆည်းခြင်း မရှိ။ ၇ ကြိမ်မြောက်သော ဤ ကိုယ်ကိုစွန့်ခြင်း, ချခြင်းတည်းဟု မိန့်တော်မူ၏'' ဤသို့ သောအဓိပ္ပာယ်တည်း။ ဤသို့လျှင် ပရိနိဗ္ဗာန်ပြုတော်မူသောအကြောင်းကို သိအပ်၏။

* 'သုဒဿနစက္ကဝတ္တိသုတ်'လည်းခေါ်။

http://www.dhammadownload.com



## ဓာတ်တော်အစုစုကို ဌာပနာ၍ စေတီတည်ကြပုံ

ဗုဒ္ဓဝင်ပါဠိတော်၌လည်း-

'မဟာဂေါတမောဇိနဝရော။ ကုသိနာရာမမ္ဟိနိဗ္ဗုတော။ ဓာတုဝိဘာဂရတော အာသိ။ တေသုတေသု ပဒေသေသော။ ဧကော အဓာတသတ္တုဿ။ ဧကော ဝေသာလိယာပူရေ။ ဧကော ကောသမ္ဗိဝတ္ထုမ္ဟိ။ ဧကောစ အလ္လကပွကေ။ ဧကောစ ရာမဂါမမ္ဟိ။ ဧကောစဝေဋ္ဌဒီပေ။ ဧကဧကောပါဝေယျ။ ဧကမလ္လေ။ ဧကောကုသိနာရာမကေ။ ကုမ္ဘသထူပံတာရေသိ။ ဗြဟ္မဏောဒေါဏဿဌယော။ အင်္ဂါယ ထူပံကာရေသုံ။ မောရိယာတဂ္ဂမာနသာ။ အဋ္ဌသာရိကာထူပါ။ နဝမောကုမ္ဘစေတိယော။ အင်္ဂါရထူပေါဒသမမော။ တဒါယေဝပတိဋ္ဌိတော ဥဏ္ဏိဿစတုရောဒါဝါ။ ဒက္ခကာဒွေစသတ္တမာ။ အသမ္ဖိန္နာသဒါတဌ။ သေသာ ဘိန္နာဝါသေသတော။ မဟန္တာမုဂ္ဂမာသာစ။ မစ္ဆိမာခုဒ္ဒကာ ဆဋ္ဌိနာဠိစ။ သဗ္ဗာသောဠသနာဠိကာ။ မဂဓေနာဠိ ကေနာပိ။ သောဠသနာဠိကာမတာ။ ပကရေအဋ္ဌဒေါဏာစ။ ဣဓိကိနိဒ္ဒိလဌိကာ။ စံဗုဒ္ဓဿဓာတုယော။ အဋ္ဌဒေါဏံဓိနဓာတု။ နရဒေဝေဟိပူဇိတော။ သတ္တဒေါဏာဓမ္မုဒ္ဒီပေ။ ဓာတုယော ဧကဒေါဏံ။ ရာမဂါမေဋ္ဌိတာတဌ။ နာဂရာဇာပိ ပူဇယံ။ ဥဏ္ဏိသံ သီဟဋ္ဌဒီပေ။ ဗြဟ္မလောကေ စပါစကံ။ သီဟဋ္ဌဋ္ဌေကွိဏာကွဋ္ဌ။ သဗ္ဗာပေတာပတိဋ္ဌိတာ။ ဧကောစဓာတာဝတိစပူရေ။ ဧကာ နာဂပူရေအဟု။ ဧကာ ဂန္ဓာရဝိသယေ။ ဧကာက လိင်္ဂါရာဇိနော။ စတ္တာ လီသသမာဒန္တာ။ ကေသာ လောမာစ သဗ္ဗသော။ ဒေဝါဟရိုသုဧကေကံ။ စက္ကဝါဠပရံပရာ။ ဝစီရာယံဘဂဝတော။ ပတ္တေဒက္ခဋ္ဌ။ နိဝါသနံကုလဃရေ။ ပစ္ဆတ္ထရဏံ သီဟဋ္ဌပွယေ။ ပါတလိပုတ္တပူရမ္ဟိ။ ကရဏံကာယဗန္ဓနံ။ ဓမ္မာယံ ဝသိကသာတဌ။ ဥဏ္ဏာလော မဌကောသလေ။ တသာဝံဗြဟ္မလောကေစ။ ဝေဋ္ဌနံတိဒသေပူရေ။ နိသီဒိနံ အဝန္တိသု။ ဒေဝရဋ္ဌေအတ္တရဏံ။ အရဏိမိဓိလာယဌ။ ဝိဒေဟေပရိသာဝနံ၊ ဝါသိသုစိယရဋ္ဌာပိ။ လ္ဟုနွပဋ္ဌပူရေဒဒါ။ ပရိက္ခာရံအဝသေသံ။ ဧနုပဒေ အပရန္တကေ။ ပရိဘုတ္တာနိ မုနိနာ၊ မတိသုမနဓာတဒါ'။ ။ ဗုဒ္ဓဝင်ပါဠိ။

ထိုဂါထာ၏အဓိပ္ပာယ်ကား

'''မဟာဂေါတမ'အမည်တော်ရှိသော မြတ်စွာဘုရားသည် ကုသိနာရုံ၌ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဓာတ်တော်ကား ထိုထိုသောအရပ်၌ အစုအားဖြင့် ပြန့်သည် ဖြစ်၏။ ဓာတ်တော် ၈ စရုတ်တို့တွင် ၁ စရုတ်သော ဓာတ်တော်ကား အဓာတသတ်မင်း၏ပြည်၌ တည်လေ၏။ ၁ စရုတ်သောဓာတ်တော်ကား ဝေသာလီပြည်၌ တည်လေ၏။ ၁ စရုတ်သောဓာတ်တော်ကား ကပိလဝတ်ပြည်၌ တည်လေ၏။ ၁ စရုတ်သောဓာတ်တော်ကား အလ္လကပွပြည်၌ တည်လေ၏။ ၁ စရုတ်သောဓာတ်တော်ကား ရာမရွာ၌ တည်လေ၏။ ၁ စရုတ်သော ဓာတ်တော်ကား ဝေဋ္ဌဒီပ၌ တည်လေ၏။ ၁ စရုတ်သောဓာတ်တော်ကား 'ပါဝါယမက'မည်သော မလ္လာမင်းတို့၏ပြည်၌ တည်လေ၏။ ၁ စရုတ်သောဓာတ်တော်ကား ကုသိနာရုံပြည်၌ တည်လေ၏။ ဒေါဏပုဏ္ဏားကား ဓာတ်တော်ခြင်းသော အိုးကိုယူ၍ စေတီ တည်လေ၏။ မောရိယမင်းတို့ကား ဝမ်းမြောက်ဝမ်းသာ မီးသွေးတော်

http://www.dhammadownload.com



ကိုယူ၍ စေတီ တည်လေ၏။ ၈ ဆူသောစေတီတို့သည်ကား ကိုယ်တော်မှဖြစ်သော ဓာတ်တော်ဖြင့် တည်ကုန်၏။ ၉ ဆူမြောက်ကား ဓာတ်အိုးစေတီ တည်း။ ၁၀ ဆူ မြောက်ကား မီးသွေးစေတီ တည်း။ ဤစေတီတို့သည် ထိုအခါ၌ပင် တည်ကုန်၏။ နဖူးသင်းကျစ်တော် လည်းကောင်း, စွယ်တော် ၄ ချောင်း လည်းကောင်း, ညှပ်ရိုးတော် ၂ ဆူ လည်းကောင်း၊ ဤ ၇ ဆူသောဓာတ်တော်တို့သည် မကွဲကုန်သည် ဖြစ်၏။ ကြွင်းသော ဓာတ်တော်တို့ကား ကွဲကုန်သည် ဖြစ်၏။

"ကြီးသောဓာတ်တော်တို့သည်ကား ပဲနှောက်မျှ ရှိကုန်၏။ အလယ်သောဓာတ်တော်တို့သည်ကား ဆန်ကျိုးမျှ ရှိကုန်၏။ ငယ်သောဓာတ်တော်တို့သည်ကား မုန်ညင်းစေ့မျှ ရှိကုန်၏။

"ထိုဓာတ်တော်တို့သည်ကား အထူးထူးအပြားပြားသောအဆင်း ရှိကုန်၏။ ကြီးသောဓာတ်တော်တို့သည်ကား ရွှေအဆင်းကဲ့သို့သော အဆင်း ရှိကုန်၏။ အလတ်သောဓာတ်တော်တို့သည်ကား ပုလဲအဆင်းကဲ့သို့သော အဆင်း ရှိကုန်၏။ အငယ်သောဓာတ်တော်တို့သည်ကား ခရေစေ့အဆင်းကဲ့သို့သော အဆင်း ရှိကုန်၏။

"ကြီးသောဓာတ်တော်တို့သည်ကား ၅ ကွန်းစားမျှ ရှိကုန်၏။ အလတ်သောဓာတ်တော်တို့သည်ကား ၅ ကွန်းစားမျှ ရှိကုန်၏။ ငယ်သောဓာတ်တော်တို့သည်ကား ၆ ကွန်းစားမျှ ရှိကုန်၏။ အလုံးစုံသော ဓာတ်တော်တို့သည်ကား ၁၆ ကွန်းစားမျှ ရှိကုန်၏။

"ဓာတ်တော်တို့ကို မဂဓရာဇ် နာဠိဖြင့် '၁၆ နာဠိ'ဟု သိအပ်၏။ ကုလားပြည်၌ကား '၈ ဒေါဏ' ဟု သိအပ်၏။ မြန်မာပြည်၌ကား '၃ တင်း ၂ ပြည်'။ ဤသို့လျှင် မြတ်စွာဘုရားဓာတ်တော်တို့ကို သိအပ်ကုန်၏။

"၈ ဒေါဏသော မြတ်စွာဘုရားဓာတ်တော်တို့ကို လူ, နတ်, နဂါးတို့သည် ပူဇော်ကုန်၏။ ၇ ဒေါဏသော မြတ်စွာဘုရားဓာတ်တော်တို့ကား ဓမ္မုဒီပါကျွန်း၌ ပူဇော်ကုန်၏။ ၁ ဒေါဏသောဓာတ်တော်သည်ကား ရာမရွာ၌ တည်၏။ ထို ရာမရွာ၌တည်သော ဓာတ်တော်ကို နဂါးမင်းတို့သည်ဆောင်၍ ပူဇော်ကုန်၏။

"နဖူးသင်းကျစ်ဓာတ်တော်ကား သိန်းခိုကျွန်း၌ တည်လေကုန်၏။ လက်ဝဲညှပ်ရိုးတော် ဓာတ်တော်ကား ဗြဟ္မာပြည်၌ တည်လေကုန်၏။ လက်ယာညှပ်ရိုး ဓာတ်တော်ကား သိန်းခိုကျွန်း၌ တည်လေ၏။ ဤ အလုံးစုံသော ဓာတ်တော်တို့သည်ကား ကောင်းစွာတည်ကုန်၏။

"အထက်လက်ယာစွယ်တော် ၁ ဆူကား တာဝတိံသာနတ်ပြည်၌ တည်လေ၏။ အောက်လက်ယာ စွယ်တော် ၁ ဆူကား နဂါးပြည်၌ တည်လေ၏။ အထက်လက်ဝဲစွယ်တော် ၁ ဆူကား ဂန္ဓာရအရပ်၌ တည်လေ၏။ အောက်လက်ဝဲစွယ်တော် ၁ ဆူကား ကလိင်္ဂရာဇ်မင်း၏ပြည်၌ တည်လေ၏။

"၄၀ စေ့သောသွားတော်တို့ကို လည်းကောင်း၊ အလုံးစုံသော ဆံတော်, မွေးတော်တို့ကို လည်းကောင်း ၁ ဆူ - ၁ ဆူသည် စကြဝဠာတစ်ပါးသို့ နတ်တို့သည် ဆောင်လေကုန်၏။

"မြတ်စွာဘုရား သပိတ်တော်သည်လည်းကောင်း, တောင်ဝှေးတော်သည်လည်းကောင်း, သင်္ကန်းတော်သည် လည်းကောင်း ဝစီရပြည်၌ တည်လေ၏။ သင်းဖိုင်တော်သည်ကား ဒုက္ကလဃရပြည်၌ တည်လေ၏။ အပေါ်ခင်းတော်မူကား 'သီလ'မည်သောပြည်၌ တည်လေ၏။ ဓမ္မကရိဏ်တော်သည် လည်းကောင်း, ခါးပန်းတော်သည် လည်းကောင်း ပါဋ္ဌလိပုတ်ပြည်၌ တည်လေ၏။ ရေသနဉ်တော်သည်ကား စမ္ဘာပြည်၌ တည်လေ၏။

"ဥဏ္ဏာလုံမွေးရှင်တော်သည်ကား ကောသလတိုင်း၌ တည်လေ၏။ သင်္ကန်းတော်သည်ကား ဗြဟ္မာပြည်၌ တည်လေ၏။ ဦးရစ်တော်သည်ကား တာဝတိံသာနတ်ပြည်၌ တည်လေ၏။ နိသီဒိုန်တော်သည်ကား အဝန္တိတိုင်း၌

http://www.dhammadownload.com



တည်လေ၏။ မြေခင်းနှီးတော်သည်ကား ဒေဝတိုင်း၌ တည်လေ၏။ မီးပွတ်တော်သည်ကား မိထိလာပြည်၌ တည်လေ၏။ ရေစစ်တော်သည်ကား ဝိဒေဟတိုင်း၌ တည်လေ၏။ ပဲခွပ်တော်နှင့် အပ်ကျည်တော်သည်ကား ဣန္ဒပတ္ထပြည်၌ တည်လေ၏။ ကြွင်းသောပရိက္ခရာတော်သည်ကား 'အပရန္တက'မည်သော ဇနပုဒ်၌တည်လေ၏''

ဤသို့လျှင် မြတ်စွာဘုရားသည် သုံးဆောင်တော်မူသော ပရိက္ခရာတို့ကို ထိုအခါ၌ လူတို့သည် ပူဇော်ကုန်၏။

http://www.dhammadownload.com



## သင်္ဂီယနာတင်သည်တို့ကို ပြခြင်း

ဂေါတမဘုရားရှင်ဓာတ်တော်သည် သတ္တဝါတို့ကို သနားတော်မူသဖြင့် ဤသို့ ပြန့်သည်ဖြစ်၍၊ ထိုအခါ၌ အသောင်းသောစေတီသည် ဖြစ်၏။ ရေဝတ၊ သောဘိတ၊ ပဒုမ၊ သုမေဓ၊ အတ္ထဒဿီ၊ ဖုဿ၊ ဝေဿဘူ၊ ကောဏာဂုံ၊ ဂေါတမဓာတ်တော်တို့သည် ကွဲပြားကုန်သည်။

ကမ္ဘာ ၁ သိန်းအလွန်ရှိသော ၄ အသင်္ချေကာလပတ်လုံး ဆည်းပူးတော်မူသော ၃၀ သော ပါရမီတို့ကို ဖြည့်တော်မူ၍ ဘုရားအဖြစ်သို့ရောက်တော်မူပြီးသော်၊ ၄၅ နှစ်ပတ်လုံး ဟောတော်မူအပ်သည် ဖြစ်၍၊ ထားတော်မူအပ်သော "ဓမ္မက္ခန္ဓာ ၈ သောင်း ၄ ထောင်' တည်းဟူသော 'ဓ သောင်း ၄ ထောင်သောဘုရား' ဟု လည်းကောင်း၊ မမေ့မလျော့သောအားဖြင့် လည်းကောင်း ရဟန်းတို့ ပြည့်စုံစေကုန်'' ဟု ၄၅ နှစ်ပတ်လုံး ဟောတော်မူသော ဝိဋကတ် ၃ ပုံကို အပွမာဒပုဒ်၌သာလျှင် သွင်းတော်မူ၍၊ သိက္ခာ ၃ ပါး၌ ထိ၍ ထားတော်မူအပ်သော သာသနာ ၅၀၀၀ မြင့်မြစွာတည်ခြင်းငှာ အဆုံးအမကို ပေးတော်မူ၍၊ သရီရဓာတ်တော်တို့ကို စည်းခုံစေတီ ကိုယ်စားတော် ညွှန်တော်မူ၍၊ 'ငါ၏ သရီရဓာတ်တို့သည် များစွာနတ်,လူ,ဗြဟ္မာသတ္တဝါတို့အား ကိုးကွယ်ရာဖြစ်စေ' ဟု များစွာအဓိဋ္ဌာန်တော်မူ၍၊ ဤမှတစ်ပါး ပရိက္ခရာ, စေတီ, ဗောဓိ စသည်တို့ကို ညွှန်တော်မူ၍၊ ဇာတိခေတ်, အာဏာခေတ်, ဝိသယခေတ် ဤဘုရားလောင်းခေတ် ၃ ပါးတို့၌ အထူးထူးသော မဂ်လာအံ့ဖွယ် တင့်တယ်ခြင်းကို ဖြစ်စေ၍၊ ၅ ပါးသောမာရ်ကို အောင်မြင်တော်မူ၍၊ ကုသိနာရုံမြို့၌ မလ္လာမင်းတို့၏ ဥယျာဉ်ခရီးအကွေ့ အင်ကြင်းပင်စုံတို့၏အကြား၌ ခင်းအပ်သော မင်းတို့၏ညောင်စောင်း၌ ကဆုန်လပြည့်နေ့ ပရိနိဗ္ဗာန်ပြုတော်မူပြီးသော်၊ ၇ သိန်းသောရဟန်းအပေါင်းတို့၏ သံဃာထေရ်ဖြစ်တော်မူသော အရှင်မဟာကဿပထေရ်သည် ၅၀၀ သောရဟန္တာတို့၏ အကြီး ဖြစ်၍၊ ရာဇဂြိုဟ်မြို့ ဓနဝတီတောင်နံပါး၌ အဇာတသတ်မင်းကို အမှီပြု၍၊ ဝါခေါင်လ၌ ပထမသင်္ဂါယနာကို ၇ လပတ်လုံး တင်တော်မူ၏။ ထိုသင်္ဂါယနာသည် ရဟန္တာ ၅၀၀ တင်သောကြောင့် 'ပဉ္စသတိကသင်္ဂါယနာ' မည်၏။

ထို့နောင် ပရိနိဗ္ဗာန် ပြုတော်မူ၍ အနှစ် ၁၀၀ ရှိသောအခါ၌ ၇၀၀ သောရဟန္တာတို့၏အကြီးဖြစ်သော အရှင်မဟာယသသည် ဓနဝတီမြို့ ဝါလိကာရာဒကျောင်း၌ ကာလာသောကမင်းကိုအမှီပြု၍၊ ဒုတိယသင်္ဂါယနာကို ၈ လပတ်လုံး တင်တော်မူ၏။ ထိုသင်္ဂါယနာသည် ရဟန္တာ ၇၀၀ တင်သောကြောင့် 'သတ္တသတိက သင်္ဂါယနာ' မည်၏။

ထို့နောင် ပရိနိဗ္ဗာန်ပြုတော်မူ၍၊ အနှစ် ၁၁၈ နှစ်မြောက်သောအခါ၌ ဓမ္မာသောကမင်းသည် မင်းဖြစ်တော်မူ၏။ ထိုမင်းလက်ထက် ရဟန္တာ ၁၀၀၀ တို့၏အကြီးဖြစ်သော အရှင်မဟာမောဂ္ဂလိပုတ္တတိဿထေရ်သည် ပါဋလိပုတ်မြို့၌ ဓမ္မာသောကမင်းကိုအမှီပြု၍ အာသောကာရာမကျောင်း၌ တတိယသင်္ဂါယနာကို ၉ လပတ်လုံး တင်တော်မူ၏။ ထိုသင်္ဂါယနာသည် ရဟန္တာ ၁၀၀၀ တင်သောကြောင့် 'သဟဿိကသင်္ဂါယနာ' မည်၏။

ထို ၃ ပါးသော သင်္ဂါယနာတို့တွင် 'ပဉ္စသတိက' အမည်ရှိသော ပထမသင်္ဂါယနာကို တင်သော အခြင်းအရာအစီအရင်ကိုကား အထက်၌ ဆိုလတ္တံ့သောအကြောင်းဖြင့် ဤသို့ သိအပ်၏။

**ပန်းရွှေပြည်စာအုပ်တိုက်**

http://www.dhammadownload.com



'နတ္တာ နာထံ ဝတ္ထုတ္တယံ၊ တိဋ္ဌန္တဖိနသာသနံ။
အာဂတာအဋ္ဌကထာယံ၊ ရမန္တက္ကသေဇနာ'။

''အဟံ၊ ပိဋကတ်တော်မ 'ဓမ္မနန္ဒ'ပုဂ္ဂိုလ်သည်။ နာထံ၊ လူ ၃ ပါးတို့၏ ကိုးကွယ်ရာဖြစ်သော။ ဝတ္ထုတ္တယံ၊ ရတနာတို့၏ ၃ ပါးအပေါင်းကို။ နတ္တာ၊ ရှိခိုး၍- ။ ဖိနသာသနံ၊ ၅ မာရ်အောင်မြင် မြတ်ချစ်ရှင်၏ သာသနာတော်ဖြစ်သော ဓမ္မစက်တော် ပိဋကတ် ၃ ပုံသည်။ တိဋ္ဌန္တ၊ ဤစကြဝဠာမှစ၍ စကြဝဠာ အကုဋေ ၁ သိန်း၌နေသော နတ်, ဗြဟ္မာတို့အား သာသနာတော် ၅၀၀၀ ပတ်လုံး တည်စေသတည်း။ အာဂတာ အဋ္ဌကထာယံ။ ပိနည်းအဋ္ဌကထာ၌ လာသော။ ဣဓေကစ္စမသ္မိံဝစနက္ကမေ၊ ဤဆိုလတ္တံ့သော သင်္ဂီယနာတင်သော စကားအစဉ်၌။ သဇ္ဇနာ၊ သူတော်ကောင်းတို့သည် မွေ့လျော်ပျော်စေကုန်သတည်း။''

http://www.dhammadownload.com



## မြတ်စွာဘုရားကျေးဇူးတော်ကို ရှင်မဟာကဿပ အောက်မေ့ခြင်း

လောက ၃ ပါးတို့၏အထွတ်ဖြစ်တော်မူသော မြတ်စွာဘုရားသည် ဗောဓိပလ္လင်၌ နေတော်မူ၍၊ ကဆုန်လပြည့်နေ့၌ သဗ္ဗညုအဖြစ်သို့ ရောက်တော်မူ၍၊ ၄၉ ရက်ပတ်လုံး သတ္တဋ္ဌာန၌ နေတော်မူ၍၊ တရား ဟောစိမ့်သောငှာ သဟံပတိဗြဟ္မာသည် တောင်းပန်လတ်သော် ခွင့်ပေးတော်မူ၍၊ ဝါဆိုလပြည့်နေ့၌ ဗာရာဏသီပြည်ကို အမှီပြု၍၊ ဣသိပတန မိဂဒါယတောဝ်၌ ဓမ္မစက်ကြာတရားကို ဟောတော်မူသည်မှ စ၍ သုဘဒ္ဒပရိဗိုဇ်ကို ဆုံးမတော်မူသည်တိုင်အောင် ပြုအပ်သော ဘုရားကိစ္စ ပြီးပြီးသည်ရှိသော်၊ ကုသိနာရုံပြည်၏ အနီး၌ဖြစ်သောအကွေ့၌ မလ္လာမင်းတို့၏ အင်ကြင်းတောဥယျာဉ်၌, အနုံသောအင်ကြင်းပင်တို့၏အလယ်၌ ကဆုန်လပြည့် အင်္ဂါနေ့ မိုးသောက်ယံ၌ ကမ္မဇရုပ် အကြွင်းမရှိသော ပရိနိဗ္ဗာနဓာတ်ဖြင့် လူ,နတ်တို့၏ ကိုးကွယ်ရာဖြစ်တော်မူသော မြတ်စွာဘုရားသည် ပရိနိဗ္ဗာန် ပြုတော်မူ၏။

> မလ္လာမင်းတို့၏ ဥယျာဉ်ကား ကုသိနာရုံပြည်၏အနောက်တောင်ထောင့်၌ ရှိသည်။ 'အကွေ့' ဟူသည်ကား ထိုဥယျာဉ်မှ အင်ကြင်းပင်စဉ်တို့ကား ကုသိနာရုံ၏တောင်တံခါးတူရူအရှေ့သို့ ရောက်သတည်း။ ထိုဥယျာဉ်မှ ထွက်လတ်၍၊ တောင်တံခါးဖြင့် ဝင်လိုသောသူတို့သည် ထိုအကွေ့သို့ရောက်လျှင် မြောက်သို့လှား၍သွားကုန်လျက် ပြည်သို့ ဝင်ကုန်သတည်း။ ထိုအကွေ့၌ အင်ကြင်းပင် ၂ ပင်တို့ကား အခက်အရွက်ချင်း ထိလျက်လျှင် ခေါင်းရင်းပေါ်၌ တစ်ပင် ရှိကုန်သတည်း။ ထိုကြောင့် ခရီးလည်း ဤ မြောက်သို့သွားရာအရပ်ကိုလျှင် 'အကွေ့' ဟူ၍ ဆိုသတည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ ၇ ရက်ရှိပြီးသော်၊ 'သုဘဒ္ဒ' အမည်ရှိသော, ကြီးမှရဟန်းပြုသောသူသည် ဤသို့ဆို၏။

"အရှင်တို့။ အကျိုးမရှိသည်ကို ပင်ပန်းကာ မစိုးရိမ်ကုန်လင့်။ မငိုကြွေးကုန်လင့်။ ငါတို့သည် ရဟန်းကြီးမှ ကောင်းစွာလွတ်ကုန်ပြီ။ ယခုကား အကြင်အမှုကို အလိုရှိကုန်၏။ ထိုအမှုကို ပြုကုန်အံ့။ အကြင်အမှုကို အလိုမရှိကုန်။ ထိုအမှုကို မပြုကုန်အံ့။ 'ဤအမှုသည် သင်တို့အား အပ်၏။ ဤအမှုသည် သင်တို့အား မအပ်' ဤသို့အစရှိသည်ဖြင့် နှိပ်စက်အပ်သည်လည်း ဖြစ်လေကုန်ပြီ။ ယခုမူကား အကြင်အမှုကို အလိုရှိလတ်ကုန်အံ့။ ထိုအမှုကို ပြုရကုန်အံ့။ အကြင်အမှုကို အလိုမရှိလတ်ကုန်အံ့။ ထိုအမှုကို မပြုလတ်ကုန်အံ့"

ဤသို့ သုဘဒ္ဒရှင်ကြီး ဆို၏။

အရှင်မဟာကဿပကား သုဘဒ္ဒရှင်ကြီး ဆိုသောစကားကို အောက်မေ့တော်မူလျက်၊ "ထိုသို့သောအကြောင်းသည် ရှိသလျှင်ကတည်း။ မရှိသည်ကား မဟုတ်။ အကြင်အကြောင်းကို ယုတ်မာသော အလိုရမ္မက်ရှိသော ရဟန်းတို့သည် 'ဘုရားစကားတော်သည် ဘုရားလွန်ပြီ' ဤသို့မှတ်ကုန်သည် ဖြစ်၍၊ အလန္ဓိအသင်းအပင်းကို

http://www.dhammadownload.com



ရ၍၊ မကြာမြင့်မီလျှင် သူ့တရားဖြစ်သော ဝိဋ္ဌကတ် ၃ ပုံကို အန္တရာယ်ပြုရာ၏။ အကြင်မျှလောက်သော ကာလ ပတ်လုံး သုတ်, အဘိဓမ္မာ, ဝိနည်းသည် တည်၏။ ထိုမျှလောက်သော ကာလပတ်လုံး 'ဘုရားစကားတော်သည် ဘုရား မလွန်သေးသည်'ဖြစ်၏။ မြတ်စွာဘုရားလည်း 'ယောဝေါဓမ္မာ အာနန္ဒ မယာ ဓမ္မောစ ဝိနယောစ ဒေသိတော ပညတ္တော။ သောဝေါ မမစ္စယေန သတ္ထာ' ဟူ၍ ဤစကားကို မိန့်တော်မူ၏'

'အာနန္ဒ၊ အာနန္ဒာ။ မယာ၊ ငါသည်။ ဝေါတုမှာကံ၊ သင်တို့အား အကြင်သုတ်,အဘိဓမ္မာကို လည်းကောင်း။ ယောဝိနယောစ၊ အကြင်ဝိနည်းကို လည်းကောင်း။ ဒေသိတော၊ ဟောလည်း ဟောပြီ။ ပညတ္တောစ၊ ထားလည်း ထားခဲ့ပြီ။ သောဓမ္မဝိနယော၊ ထို ငါဟောသော သုတ်, အဘိဓမ္မာ, ဝိနည်းသည်။ မမစ္စယေန၊ ငါ လွန်သဖြင့်။ ဝေါတုမှာကံ၊ သင်တို့၏။ သတ္ထာ၊ ဆရာတည်း။ ဣတိဓကံဝစနံ၊ ဤစကားကို။ ဝုတ္တံ၊ မိန့်တော်မူ၏။

အဓိပ္ပာယ်ကား

''အာနန္ဒာ။ ၄၅ နှစ်ပတ်လုံး သုတ်, အဘိဓမ္မာ, ဝိနည်းတရားကို ငါ ဟောလည်း ဟောပြီ။ အာနန္ဒာ အစရှိသော တပည့်တို့၏နှလုံး၌ ထားလည်း ထားခဲ့ပြီ။ ငါဟောတော်မူသော သုတ်, အဘိဓမ္မာ, ဝိနည်း ဓမ္မက္ခန္ဓာ ၈ သောင်း ၄ ထောင်လျှင် ဖြစ်၏။ ယခု ငါတစ်ယောက်သော ပရိနိဗ္ဗာန် ပြုလိမ့်မည်။ ငါ လွန်ခဲ့သော် ဓမ္မက္ခန္ဓာ ၈ သောင်း ၄ ထောင်တည်းဟူသော ဘုရား ၈ သောင်း ၄ ထောင်တို့သည် အာနန္ဒာ အစရှိသော တပည့်သားတော်တို့အား ဆုံးမရစ်အံ့''ဟု မိန့်တော်မူ၏။

'ငါသည် သုတ်, အဘိဓမ္မာ, ဝိနည်းကို အကယ်၍ သင်္ဂါယနာတင်သည်ရှိသော် ဤသာသနာတော်သည် အရှည်ခံသည်၊ မြင့်စွာတည်သည် ဖြစ်ရာ၏။ ငါ့ကိုလည်း မြတ်စွာဘုရားသည် 'ကဿပ။ ငါ၏ဒုကုဋ္ဌတော်ကို 'အိမ်ပြည့်ဝ' အမည်ရှိသော သူဌေးကျွန်မအကောင်ကို လွှမ်း၍ဖြစ်သည်ကို တစ်တံမျှလောက်သော ဝိုးလောက်တို့ကို ဖယ်၍၊ မြတ်လှစွာသော အရိယာတို့၏အနွယ်တည်လျက် ငါ ကောက်တော်မူ၏။ ကောက်သောနေ့၌ စကြဝဠာ ၁ သောင်း၌ ဤမြေကြီးသည်ကား သည်းစွာသောအသံ မြည်လျက်တုန်လှုပ်၏။ ကောင်းကင်သည် ကြည်၏။ စကြဝဠာ ၁ သောင်း၌နေသော နတ်တို့သည်လည်း ကောင်းချီးပေးကုန်၏။ ဤ ငါ၏ဒုကုဋ္ဌတော်သည်ကား သဘောအားဖြင့် ပုံသကူ, အရည်ကင် ဧကာသနိက် သပ္ပဒါနစာရီဂုဏတင်ကို ဆောင်သောသူသည်သာလျှင် ဆောင်ထိုက်၏။ ထိုကြောင့် ဆောင်နိုင်လတ္တံ့လော'ဟု မေးတော်မူ၏။ ကာယဗလကိုရည်၍ကား မေးတော်မမူ။

အရှင်ကဿပကား ဆင် ၅ စီးအား ဆောင်တော်မူသော်လည်း ကာယဗလကို မရည်။ 'ပဋိပတ္တိကို ဖြည့်အံ့'ဟူသော ဥဿာဟဖြင့် 'ဆောင်နိုင်၏'ဟု လျှောက်၏။ မြတ်စွာဘုရားလည်း ဒုကုဋ္ဌတော်ကို အရှင်မဟာကဿပအား ပေးတော်မူ၏။ အရှင်မဟာကဿပ ဒုကုဋ္ဌတော်ကို ရံတော်မူလေ၏။

'ဤသို့လျှင် သာရိပုတ္တရာ, မောဂ္ဂလာန် အစရှိသော တပည့်သားတို့နှင့် မဆက်ဆံသော ချီးမြှင့်ခြင်းဖြင့် ချီးမြှင့်တော်မူသော ကျေးဇူးတော်သည် ရပြီးဖြစ်၍ ငါ၌ တင်၏။'

'ထိုမှတစ်ပါးလည်း မြတ်စွာဘုရားသည် ရဟန်းတို့ကို ဤသို့မိန့်တော်မူ၏။

''ချစ်သားရဟန်းတို့။ ငါသည် အကြင်မျှလောက်သောကာလပတ်လုံး ကာမတရားတို့မှ ကြဉ်၍လျှင် ပထမစျာန်သို့ ကပ်၍ နေတော်မူ၏။ ချစ်သားရဟန်းတို့။ ကဿပသည်လည်း အကြင်မျှလောက်သောကာလပတ်လုံး အလိုရှိ၏။ ထိုမျှလောက်သောကာလပတ်လုံး ကာမတရားတို့မှ ကြဉ်၍လျှင် ပထမစျာန်သို့ကပ်၍ နေ၏။''

http://www.dhammadownload.com



'ဤသို့အစရှိသောနည်းဖြင့် အစဉ်အတိုင်းဝင်စားအပ်သော ၉ ပါးသောသမာပတ်, အဘိညာဉ် ၆ ပါး အစရှိသော လူတို့၏ ကုသိုလ်ကမ္မပထ ၁၀ ပါးသောတရားထက် လွန်သော ဈာန်သမာပတ်, မဂ်,ဖိုလ်တရား၌ ကိုယ်တော်နှင့် ထပ်တူထားသဖြင့် ချီးမြှင့်တော်မူ၏။

'စတုတ္ထနည်းအားဖြင့် ရူပဈာန် ၄ ပါး, အရူပဈာန် ၄ ပါး, နိရောဓသမာပတ်၊ ဤ ၉ ပါးသော သမာပတ်တို့သည် အစဉ်အတိုင်း ဝင်စားအပ်သောကြောင့် 'နဝါနုပုဗ္ဗဝိဟာရ' ဟူသတည်း။ အဘိညာဉ် ၆ ပါး ဟူသော်ကား ဣဒ္ဓိဝိဓအဘိညာဉ်, ဒိဗ္ဗသောတအဘိညာဉ်, စေတောပရိယအဘိညာဉ်, ပုဗ္ဗေနိဝါသအဘိညာဉ်, ဒိဗ္ဗစက္ခုအဘိညာဉ်, အာသဝက္ခယအဘိညာဉ်၊ ဤ ၆ ပါးတည်း။ ငါအား သင်္ဂါယနာတင်မှတည်း ချီးမြှင့်သော ကျေးဇူးတော်တည်းဟူသော မြို့ကို ဆပ်နိုင်တုံအံ့။

'သင်္ဂါယနာတင်သည်မှတစ်ပါး ဆပ်နိုင်သောအကြောင်းကား ငါ၌ မရှိ။ အကြင်မင်းသည် မိမိ၏ ချုပ်တန်ဆာ, စည်းစိမ်ချမ်းသာကိုပေးသဖြင့် မိမိ၏အမျိုးအနွယ်ကို တည်စေတတ်သောသားကို ချီးမြှင့်သကဲ့သို့၊ 'ဤကဿပသည် ငါ၏ သူတော်တရား၌ အနွယ်ကို တည်စေတတ်သည် ဖြစ်လတ္တံ့' ဤသို့ သိတော်မူ၍ သူတစ်ပါးနှင့်မဆက်ဆံသော ဤသို့သောချီးမြှောက်ခြင်းဖြင့် ချီးမြှင့်တော်မူသည် မဟုတ်တုံလော'

ဤသို့ အောက်မေ့တော်မူသည်ဖြစ်၍၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာ တင်အံ့သောအကြောင်းကို ကြံတော်မူ၏။

[အရှင်မဟာကဿပတွင်ပါသော သုဘဒ္ဒရှင်ကြီးလည်း အာဇီဝကတက္ကတွန်းကား မဟုတ်။ သည်တွင် အမှတ် မှားကုန်၏။]

http://www.dhammadownload.com



## သင်္ဂါယနာတင်ပွဲ၌ အရှင်အာနန္ဒာကို မရွေးသည်ကိုပြခြင်း

ဘုရားရှင်ကား ကဆုန်လပြည့် မိုးသောက်ယံ၌ ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထိုနောင် ရွှေအဆင်းနှင့် တူသော ကိုယ်တော်ကို ပူဇော်ကုန်လျက်၊ သံဝေဂအကြောင်းဖြစ်သော အမြဲမတည်သောအဖြစ်နှင့် စပ်သော သီချင်းတို့ကို သီကုန်လျက်၊ သာဓုကိဠနေ ပြုသည် ၇ ရက်။ ထိုနောင် ရွှေအဆင်းနှင့် တူသောကိုယ်တော်ကို ထင်းပုံထက်တင်လျက် မီးတိုက်သည် ၇ ရက်။ ထိုနောင်မှ သဘင်ခံရာ တဲကွန်းဇရပ် စီရင်၍၊ လုံသွားအတိ စီလျက် ၁ ထပ်၊ လေး ၁ ထပ် စောင့်ရှောက်စေလျက် ဓာတ်တော်တို့ကို ပူဇော်သည် ၇ ရက်။ ဤသတ္တာဟ ၃ ပါးတို့၏ အဆုံးဖြစ်သော နှယုန်လဆန်း ၅ ရက်နေ့လျှင် ဓာတ်တော်ကို ဝေကုန်၏။ အရှင်မဟာကဿပလည်း စည်းဝေးသံဃာတို့၏ အလယ်၌ နေတော်မူလျက်၊ 'အဟံ အာဝုသော' အစရှိသော သုဘဒ္ဒရှင်ကြီး ဆိုသောစကားကို ပြန်တော်မူလျက်၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာ တင်အံ့သောငှာ အားထုတ် ခြင်းကို ဖြစ်စေ၏။

"အရှင်တို့။ ယခု ငါတို့သည် သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့။ ကုသိုလ်ကမ္မပထ နှင့် ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်တရားသည် မတောက်ပမီ ကုသိုလ်တရားကို မမြစ်မီ။ ဝိနည်းတရား၏ ဆန့်ကျင်ဘက်ဖြစ်သော တရားသည် မတောက်ပမီ၊ ဝိနည်းတရားကို မမြစ်မီ။ အဓမ္မဝါဒီ ပုဂ္ဂိုလ်တို့သည် အားရှိသည် မဖြစ်ကုန်မီ၊ ဓမ္မဝါဒီပုဂ္ဂိုလ်တို့သည် အားနည်းသည် မဖြစ်ကုန်မီ။ ဝိနည်းမဟုတ်သည်ကို ယူသော ပုဂ္ဂိုလ်တို့သည် အားရှိသည် မဖြစ်ကုန်မီ၊ သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့" ဤသို့မိန့်တော်မူ၏။

ရဟန်းတို့လည်း ဤသို့ဆိုကုန်၏။

"မဟာကဿပ။ သင်္ဂါယနာတင်မူကား အရှင်မဟာကဿပသည် သင်္ဂါယနာတင်ခြင်းအား လျော်ပတ်စွာ ရဟန်းတို့ကို ရွေးလော့" ဤသို့ ဆိုကုန်၏။

အရှင်မဟာကဿပလည်း အလုံးစုံ အင်္ဂါ ၉ ပါးရှိသော, 'မြတ်စွာဘုရား သာသနာတော်တည်း' ဟူသော ပိဋကတ် ၃ ပုံကို ဆောင်ကုန်သော၊ အရာ အထောင်မကကုန်သော ပုထုဇဉ်, သောတာပန်, သကဒါဂါမ်, အနာဂါမ်, သုက္ခဝိပဿက* ရဟန္တာတို့ကို ကြွင်၍၊ ပိဋကတ် ၃ ပုံ တည်းဟူသော ခပ်သိမ်းသောပရိယတ္တိကို ဆောင်ကုန်သော, ကြီးသောအာနုဘော်ရှိကုန်သော မြတ်စွာဘုရားသည်များသောအားဖြင့် ဧတဒဂ်အရာ၌ ထားကုန်သော, ဝိဇ္ဇာ ၃ ပါး အစရှိသောအပြားဖြင့် ရဟန္တာဖြစ်သော ရဟန်းတို့ကိုသာလျှင် တစ်ယောက်ဖြင့် ယုတ်သော ၅၀၀ တို့ကို ရွေးတော်မူ၏။

[ဝိဇ္ဇာ ၃ ပါးကား ပု-ဒိ-အာတည်း။ အရှင်မဟာကဿပသည် အဘယ့်ကြောင့် တစ်ယောက်ဖြင့် ယုတ်သည်ကို ရွေးကောက်သနည်း ဟူမူကား အာနန္ဒာအား အခွင့်ပြုခြင်းငှာ

* ချာန်မရသောရဟန္တာ။

http://www.dhammadownload.com



ရွေး၏။ အာနန္ဒာနှင့်တကွ သုတ်, အဘိဓမ္မာကို တင်ခြင်းငှာ မတတ်ကောင်းခဲ့။ အာနန္ဒာနှင့် ကင်း၍လည်း သုတ်, အဘိဓမ္မာကို တင်ခြင်းငှာ မတတ်ကောင်းခဲ့။ ဝိနည်းသည် အရှင်ဥပါလိ အရာဖြစ်၍ မဆိုသည်။ အဘယ်ကြောင့်နည်း ဟူမူကား အာနန္ဒာသည် သေကွ သာတည်း။ အထက်မင် ၃ ခုငှာ ပြုဖွယ်ကိစ္စနှင့် တကွဖြစ်သေး၏။ ရဟန္တာ မဖြစ်သေး။ ထို့ကြောင့် အာနန္ဒာနှင့်တကွ သင်္ဂါယနာတင်ခြင်းငှာလည်း မတတ်ကောင်းခဲ့။ ထိုအာနန္ဒာသည် မြတ်စွာဘုရားဟောတော်မူအပ်သော သုတ္တ,ဂေယျ အစရှိသည်ကို မြတ်စွာဘုရားမျက်ကွယ်၌ သင်သော မည်သည် မရှိ။ မျက်မှောက်တော်၌သာ သင်သတည်း။ ထို့ကြောင့် အာနန္ဒာနှင့်ကင်း၍လည်း သင်္ဂါယနာတင်ခြင်းငှာ မတတ်ကောင်းခဲ့။ အကယ်၍ အာနန္ဒာနှင့် ကင်း၍ ဓမ္မသင်္ဂါယနာကို ပြုခြင်းငှာ မတတ်ကောင်းသည်ရှိသော် သေကွသာဖြစ်သော်လည်း သုတ်, အဘိဓမ္မာကို သင်္ဂါယနာတင်ခြင်းအား များသောကျေးဇူး ရှိသောအဖြစ်ကြောင့် အရှင်မဟာကဿပသည် ရွေးအပ်သည် ဖြစ်ရာ၏။ ထိုသို့ရွေးအပ်လျက် အဘယ်ကြောင့်မရွေးသနည်း ဟူမူကား သူတစ်ပါး တို့၏ကဲ့ရဲ့ခြင်းကို ကြဉ်လိုသောကြောင့် မရွေးသတည်း။ အရှင်မဟာကဿပသည် အရှင်အာနန္ဒာ၌ အလွန် အကျွမ်းဝင်၏။ ထိုကြောင့်လျှင် အရှင်အာနန္ဒာကို 'ဦးခေါင်းထက်၌ ဆံဖြူတို့သည် ရောက်ကုန်ပြီးလျက်လည်း၊ ဤသတို့သားငယ်သည် အတိုင်းအရှည်ကို မသိတကား'ဟု ဆိုတော်မူ၏။ ဤအရာ၌ စကားကျယ်၏။

အဓိပ္ပာယ်ကျကား-

အရှင်မဟာကဿပသည် ၅၀၀ သောရဟန်းတို့ကို ရွေးကောက်ပြီးသော်၊ ''အရှင်တို့။ ငါတို့ရာဇဂြိုဟ်ပြည်၌ ဝါဆိုကုန်လျက် သင်္ဂါယနာတင်အံ့ ဖြစ်ရကား၊ မိမိပရိသတ်တို့၏ ပလိဗောဓကိုဖြတ်၍ ဝါမဆိုမီ ရာဇဂြိုဟ်ပြည်သို့ သွားကုန်လော့''ဟူ၍ ဆိုတော်မူပြီးသော်၊ ထက်ဝက်သောရဟန်းတို့ကို ယူ၍ ရာဇဂြိုဟ်ပြည်သို့ သွားတော်မူလေ၏။

အရှင်အာနန္ဒာလည်း မြတ်စွာဘုရား သပိတ်,သင်္ကန်းတော်ကို ယူ၍ သာဝတ္ထိပြည်သို့ သွားတော်မူလေ၏။ သာဝတ္ထိပြည်မှ ရာဇဂြိုဟ်ပြည်သို့ သွားတော်မူလေသော်၊ ဒက္ခိဏာဂိရိဇနပုဒ်သို့ ရောက်တော်မူလေ၍၊ ထိုဒက္ခိဏာဂိရိဇနပုဒ်၌ အရှင်အာနန္ဒာတပည့်တော်တို့သည် ၁ ပါး - ၂ ပါးရှိသော ပဉ္စင်းငယ်တို့သည် လည်းကောင်း၊ ၃ ကျိပ် မျှလောက်သောသူတို့သည် လူထွက်လေကုန်၏။

ထိုသူတို့ကား အဘယ်ကြောင့်ကား ရဟန်းပြုသနည်း။ အဘယ်ကြောင့်ကား ၎ူထွက်သနည်း ဟူမူကား ထိုသူတို့၏ အမိအဖတို့သည် ဤသို့ ကြံကုန်သတတ်။

'အရှင်အာနန္ဒာကား ဆု ၈ ပါးကို တောင်းပန်၍ ဘုရားကို လုပ်ကျွေး၏။ အလိုရှိရာအရပ်သို့ ဘုရားရှင်ကို ယူ၍သွားအံ့သောငှာ တတ်နိုင်၏။ အကယ်၍ ငါတို့သားတို့ကို အရှင်အာနန္ဒာအထံ၌ ရဟန်းပြုစေမူကား ဘုရားကို ယူ၍ လာလတ္တံ့သည်။ ကြီးစွာသောပူဇော်သက္ကာရကိုလည်း ပြုကုန်အံ့သည်'ဟူ၍ အရှင်အာနန္ဒာအထံ၌ ရဟန်းပြုကုန်၏။

ဘုရားရှင် ပရိနိဗ္ဗာန်ပြုတော်မူလျှင်ကား ထိုသို့တောင့်တခြင်းတို့သည် ပျက်ကုန်ရကား၊ သားတို့ကို 'လူထွက်အပ်သည်'ဟူ၍ စေကုန်၏။

http://www.dhammadownload.com



အရှင်အာနန္ဒာလည်း ဒက္ခိဏာဂိရိဇနပုဒ်မှသည် ရာဇဂြိုဟ်ပြည်သို့ သွားတော်မူလေ၏။

ရာဇဂြိုဟ်ပြည်သို့ ရောက်လေသော်၊ အရှင်အာနန္ဒာကို မြင်၍ အရှင်မဟာကဿပသည် ဤသို့ဆို၏။

"အရှင်အာနန္ဒာကား ကောက်ပျက်သည် သွားသကဲ့သို့ သူတို့ကိုညှဉ်းဆဲမည် သွားသကဲ့သို့ မူ၍၊ ဤနွေ မစောင့်ကုန်သောအခါ၌ အတိုင်းအရှည်ကို မသိကုန်သော၊ နိုးချပ်ခြင်း[1]နှင့် မပြည်စုံကုန်သော ဤသူငယ်များနှင့် သွားဘီသည်။ အာနန္ဒာ။ ပရိသတ်ကား ပျက်ခဲ့ပြီတကား။ စနောင့်စနင်း[2] ရှိခဲ့ပြီးတကား။ ဤ သတို့သားကား အတိုင်းအရှည်ကို မသိတကား" ဟု ဆိုတော်မူ၏။

အရှင်အာနန္ဒာလည်း "ဩော်-ဦးခေါင်းထက်ရောက်သော ဆံဖြူအောင်လည်း 'သတို့သား' စကားမျှ မလွတ်ပါချေ" ဟူ၍ ဆိုတော်မူလတ္တံ့။ ဤသို့ အရှင်မဟာကဿပသည် အရှင်အာနန္ဒာနှင့် ကျမ်းဝင်သည်လည်း အကြောင်း ၁ ပါး။

အရှင်အာနန္ဒာသည်ကား 'သာကီဝင်မင်းမျိုး' ဟူ၍လည်း ကျော်စော၏။ 'မြတ်စွာဘုရားဘထွေးတော် အဓိတ္တောဒနသားဖြစ်သော ညီတော်' တည်း။ ဤအကြောင်းလည်း ၁ ပါး။

ဤသို့ဖြစ်သောကြောင့် ရဟန်းတို့သည် 'ချစ်သဖြင့် မပြုအပ်သည်ကို ပြုဘိသကဲ့သို့' မှတ်ကုန်သည်ဖြစ်၍၊ "ပဋိသန္ဓိဒါသို့ရောက်ကုန်သော များစွာသောရဟန်းတို့ကို ထား၍၊ သေက္ခသာဖြစ်၍ ပဋိသန္ဓိဒါသို့မရောက်သော အာနန္ဒာကို အရှင်မဟာကဿပသည် ရွေးဘိ၏တကား" ဤသို့ ကဲ့ရဲ့ကုန်ရာ၏။ ထိုသို့ သူတစ်ပါးတို့၏ကဲ့ရဲ့ခြင်းကို ကြဉ်လိုသည်ဖြစ်၍ မရွေးသတည်း။

အာနန္ဒာနှင့်ကင်း၍ သင်္ဂါယနာတင်အံ့သောငှာ မတတ်ကောင်း။ 'ရဟန်းတို့အလိုအားဖြင့် ယူအံ့' ဟူ၍ တစ်ယောက်ယုတ်ကို ရွေးသတည်း။ ထိုအခါ ရဟန်းတို့သည် မိမိအလိုလိုလျှင် အရှင်အာနန္ဒာ၏အကျိုးငှာ အရှင်မဟာကဿပကို တောင်းပန်၏။ အဘယ်သို့ တောင်းပန်သနည်း ဟူမူကား ရဟန်းတို့သည် ရှင်မဟာကဿပကို ဤသို့ဆိုကုန်၏။

"အရှင်မဟာကဿပ။ အာနန္ဒာသည် အကယ်၍ကား သေက္ခသာ ဖြစ်၏ရှင့်။ ထိုသို့ဖြစ်လျှင်မူလည်း ဆန္ဒာဂတိသို့လိုက်၍ ချစ်သဖြင့် မပြုအပ်သည်ကို ပြုခြင်းငှာလည်း မထိုက်။ ဒေါသာဂတိသို့လိုက်၍ အမျက်ထွက်သဖြင့် မပြုအပ်သည်ကို ပြုခြင်းငှာလည်း မထိုက်။ ဘယာဂတိသို့လိုက်၍ ကြောက်သဖြင့် မပြုအပ်သည်ကို ပြုခြင်းငှာလည်း မထိုက်။ မောဟာဂတိသို့လိုက်၍ မိုက်သဖြင့် မပြုအပ်သည်ကို ပြုခြင်းငှာလည်း မထိုက်။ အာနန္ဒာသည် များစွာလျှင် မြတ်စွာဘုရားအထံတော်၌ သုတ်၊ အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကို လည်းကောင်း သင်၏။ ထိုကြောင့် အရှင်မဟာကဿပသည် အာနန္ဒာကို ရွေးစေချင်၏" ဤသို့ တောင်းပန်ကုန်၏။

ထိုအခါ၌ အရှင်မဟာကဿပသည် အာနန္ဒာကိုလည်း ရွေးလေ၏။ ဤသို့ရဟန်းတို့၏ အလိုအားဖြင့် ရွေးသော်၊ အရှင်အာနန္ဒာနှင့် တကွ ၅၀၀ တို့သည် ဖြစ်၏။

၁- နိုးနိုးကြားကြား။ ထထကြွကြွ။
၂- ဖရိုဖရဲ။ မညီမညွတ်။

http://www.dhammadownload.com



ထိုသို့ရွေးကောက်ပြီးသောနောင်မှ သီလကွန္ဒ အစရှိသောကျေးဇူးတို့ဖြင့် ပြည့်စုံကုန်သော ရဟန်းတို့၏ အကြံသည် ဤသို့ဖြစ်၏။

''အဘယ်အရပ်၌ ငါတို့သည် သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင် ရကုန်အံ့နည်း။ အကယ်၍ ရာဇဂြိုဟ်ပြည်၌ တင်သည်ရှိသော် ရာဇဂြိုဟ်ပြည်သည် ကျယ်သောဆွမ်းခံရွာ ရှိ၏။ များသောကျောင်းလည်း ရှိ၏။ အကယ်၍ ငါတို့သည် ရာဇဂြိုဟ်ပြည်၌ဝါဆိုကုန်လျက် သုတ်, အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကို လည်းကောင်း သင်္ဂါယနာတင်ငြားအံ့။ ငါတို့ ၅၀၀ မှ တစ်ပါးသောရဟန်းတို့သည် ရာဇဂြိုဟ်ပြည်၌ ဝါဆိုခြင်းငှာ မတတ်ကုန်ငြားအံ့လော။ ကောင်းစွာ၏''

ဤသို့သောအကြံသည် ဖြစ်၏။ အဘယ်ကြောင့် ဖြစ်သနည်း ဟူမူကား ထိုထေရ်တို့၏အကြံသည် 'ဤကဲ့သည်ကား ငါတို့၏ ထာဝရကံတည်း။ ဤသို့ မြင့်စွာတည်အံ့သောကံကို တစ်စုံတစ်ယောက်သော, သဘောမတူသော ပုဂ္ဂိုလ်သည်လည်း သဲယာ၏အလယ်သို့ဝင်၍ မြစ်ဘိရာ၏။ ထို့ကြောင့် ဤသို့ ကြံသည်တည်း။

ထိုအခါ၌ အရှင်မဟာကဿပသည် ဥတ်* လျှင် ၂ ချက်မြောက်သောကမ္မဝါစာဖြင့် ရွတ်တော်မူ၏။

'သုဏာတု မေ အာဝုသော သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ။ သံဃော ဣမာနိ ပဉ္စဘိက္ခုသတာနိ သမ္မန္နေယျ၊ ရာဇဂဟေ ဝဿံ ဝသန္တာ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိတုံ၊ နာညေဟိ ဘိက္ခူဟိ ရာဇဂတေ ဝဿံ ဝသိတဗ္ဗန္တိ။ ဧသာ ဉတ္တိ။ သုဏာတု မေ အာဝုသော သံဃော။ ဣမာနိ ပဉ္စဘိက္ခုသတာနိ ရာဇဂဟေ ဝဿံ ဝသန္တာ ဓမ္မဉ္စ ဝိနယဉ္စ သင်္ဂါယိတုံ၊ နအညေဟိ ဘိက္ခူဟိ ရာဇဂဟေ ဝဿံ ဝသိ တဗ္ဗန္တိ။ ယဿာ ယဿု တော ခမတိ။ ဣမေ သံ ပဉ္စန္နံ ဘိက္ခုသတာနံ သမ္မတိ ရာဇဂတေ ဝဿံဝ သန္တာ ဓမ္မဝိနယဉ္စ သင်္ဂါယိတုံ နအညေဟိ ဘိက္ခူဟိ ရာဇဂဟေ ဝဿံ ဝသိ တဗ္ဗန္တိ။ သောတုဏ္ဍသ ယဿနက္ခမတိ သောဘာသေယျ။ သမ္မတာ သံဃေန ဣမာနိ ပဉ္စဘိက္ခုသတာနိ ရာဇဂဟေ ဝဿံ ဝသန္တာ ဓမ္မဉ္စဝိနယဉ္စ သင်္ဂါယိတုံ နအညေဟိ ဘိက္ခူဟိ ရာဇဂဟေဝဿံ ဝသိ တဗ္ဗန္တိ။ ဧသာ ဉတ္တိ သံဃဿ တသ္မာတုဏ္ဍိ ဧဝ မေ တံ ဓာရယာမိ။

ဤသို့ ကမ္မဝါစာကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ ၂၁ ရက်နေ့၌လျှင် ပြသတည်း။ ထိုအခါ၌ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၇ ရက်ကုန်သော ကောင်းစွာပူဇော်၍ကစားသော သာဓုကီဠနနေ့တို့သည် လည်းကောင်း၊ ၇ ရက်ကုန်သော ဓာတ်တော်ကိုပူဇော်သော ဓာတုပူဇာရတနနေ့တို့သည် လည်းကောင်း လွန်လတ်ကုန်သော လခွဲသည် လွန်၏။ ယခုနွေလတို့၏ ၁ လခွဲသည် ကြွင်း၏။ ဝါသို့ကပ်ခြင်းသည် နီးလာပြီ။

ဤသို့သိတော်မူ၍ အရှင်မဟာကဿပသည် ''အရှင်တို့။ ရာဇဂြိုဟ်ပြည်သို့ သွားကုန်အံ့'' ဟု မိန့်တော်မူ၏။

ထက်ဝက်သောရဟန်းသံဃာကို ယူ၍ တစ်ကြောင်းတည်းသောခရီးဖြင့် သွားတော်မူလေ၏။ အရှင် အနုရုဒ္ဓါသည်လည်း ထက်ဝက်သောရဟန်းသံဃာကို ယူ၍ တစ်ကြောင်းတည်းသောခရီးဖြင့် သွားတော်မူလေ၏။

* ဥတ် - သိစေအပ်သည်။ ဥတ်ကမ္မဝါစာ။

http://www.dhammadownload.com



[ဤ၌ သတ္တာဟ ၃ ပါးကို မဆို။ ၂ ပါးကိုသာ ဆိုသည်ကား စိတကသတ္တာဟကို ဓာတုပူဇာသတ္တာဟ၌ သွင်းသတည်း။ ။'လခွဲလွန်၏' ဟူသည်ကား လခွဲမလွန်။ ၂၁ ရက်လွန်လျက် '၅ ရက်ကို အလွန်မမည်'ဟု နှလုံးပိုက်၍၊ အဓိကသချှာဖြင့် 'လခွဲလွန်၏' ဟူ၍ ဆိုသတည်း။ ။'လခွဲကြွင်း၏' ဟူသော စကားဖြင့်လည်း ၁ လခွဲ မကြွင်းပြီ။ အရက် ၄၀ မျှသာ ကြွင်းသည်ကိုလျှင် ဦနသချှာဖြင့် ၅ ရက် လျော့သော်လည်း '၁ လခွဲ' ဟူ၍ ဆိုလေသတည်း။ ဤကား ဒီဃနိကာယ်အဋ္ဌကထာနှင့်ညီ၍ ယူသည်။ ဝိနည်းအဋ္ဌကထာ ဆိုတိုင်းသော် ဟူမူကား သိလွယ်၏။]

http://www.dhammadownload.com



## အရှင်အာနန္ဒာ ပူဆွေးသောကဖြစ်သည်ကို ပြခြင်း

အရှင်အာနန္ဒာသည်ကား မြတ်စွာဘုရားသပိတ်,သင်္ကန်းတော်ကို ယူ၍ ရဟန်းအပေါင်းခြံရံလျက် သာဝတ္ထိပြည်သို့ သွားတော်မူလေ၏။ အရှင်အာနန္ဒာ သွားလေရာအရပ်၌ သည်းစွာသောငိုကြွေးခြင်းသည် ဖြစ်၏။

"သခင်အာနန္ဒာ။ အဘယ်အရပ်၌ ဘုရားသခင်ကိုထား၍ လာလတ်ဘိသနည်း" ဟူ၍ သည်းစွာသောငိုကြွေးခြင်းသည် ဖြစ်၏။

အစဉ်သဖြင့် အရှင်အာနန္ဒာလည်း သာဝတ္ထိပြည်သို့ ရောက်တော်မူလေသော်၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောနေ့၌ကဲ့သို့ သည်းစွာသောငိုကြွေးခြင်းသည် ဖြစ်၏။ ထိုသာဝတ္ထိပြည်၌ အရှင်အာနန္ဒာသည် အမြဲမတည်သော အဖြစ်နှင့် ယှဉ်သောတရားစကားဖြင့် လူများတို့ကို သက်သာရာရစေ၍ ဓမ္မတဝန်ကျောင်းတော်သို့ ဝင်တော်မူလေ၏။

အား ၁၀ ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားနေတော်မူသော ဂန္ဓကုဋီတိုက်၏တံခါးကို ဖွင့်၍၊ ညောင်စောင်းအင်းပျဉ်တော်ကို ထုတ်၍၊ ခါ၍၊ ဂန္ဓကုဋီတိုက်တော်ကို သုတ်သင်၍၊ ညှိုးလေပြီးသော ပန်းမွှိုက်ကို စွန့်၍၊ ညောင်စောင်းအင်းပျဉ်တော်ကို တစ်ဖန် သွင်း၍၊ ခင်းမြဲတိုင်း ထား၍၊ မြတ်စွာဘုရား ထင်ရှားရှိတော်မူသောအခါ ပြုအပ်သော အလုံးစုံသောဝတ်ကို ပြုသကဲ့သို့ ပြုတော်မူ၏။ ချိုးအုံ့ကို တံမြက်လှည်း သော်လည်းကောင်း, ချိုးရေတော်ကို ထည့်သော် လည်းကောင်း ဂန္ဓကုဋီတိုက်တော်သို့ သွား၍ ရှိခိုးလျက်လျှင်၊ "ရှင်ပင်ဘုရား။ ဤအခါကား ရေသပွာယ်တော်မူအံ့သော အခါတန်ပြီတကား။ ဤအခါကား တရားဟောတော်မူအပ်သော အခါတန်ပြီတကား။ ဤအခါကား တပည့်သားတော်တို့အား ဆုံးမသော အခါတန်ပြီတကား။ ဤအခါ၌ကား ခြသေ့မင်း၏အိပ်ခြင်းဖြင့် လက်ယာနံပါးတော်ကို အောက်ထားလျက် ကျိန်းတော်မူခါ တန်ပြီတကား"

ဤသို့လျှင် ငို၍ ပြုတော်မူ၏။ ထိုသို့ ငို၍ပြုတော်မူသည်ကို မြင်သော နတ်သားတစ်ယောက်သည် "အရှင်အာနန္ဒာကား ဤသို့ ပြုဘိ၏။ တစ်ပါးသောသူတို့ကား အဘယ်သို့လျှင် သက်သာရာ ရလတ်ကုန်အံ့နည်း" ဟု ဆိုပေ၏။ ထိုသို့မှ သံဝေဂတရားကို ဖြစ်စေ၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ စ၍၊ ရပ်နေခြင်းများသောကြောင့် ပြောသောသလိပ်သည်းခြေ ရှိသောကိုယ်တော်ကို ခံ့ကျန်းစိမ့်သောငှာ ဓမ္မတဝန်ကျောင်းတော်သို့ ရောက်၍၊ မိုးသောက်နေ့၌ နို့နှင့်ဖော်သော ဝမ်းကျဆေးကို သောက်တော်မူ၍ ဓမ္မတဝန်ကျောင်းတော်၌သာလျှင် နေတော်မူ၏။ အကြင် ဆေးဘဉ်းပေးခြင်းကို ရည်၍၊ သုဘလုလင်စေအပ်သော လုလင်ကို ဤစကားကို မိန့်တော်မူ၏။

"လုလင်။ အခါမဟုတ်သေး။ ယနေ့ ငါသည် အနည်းငယ်သောဆေးကို သောက်၏။ နက်ဖြန်မှ ကပ်ရမည်" ဟု မိန့်တော်မူ၏။

[သုဘလုလင်သည်ကား ခပ်သိမ်းသော ကိုယ်၏အင်္ဂါလက္ခဏာတို့ဖြင့် တင့်တယ်စွာရကား 'သုဘလုလင်' တွင်သတည်း။]

ဝမ်းကျဆေး ဘဉ်းပေး၍ မိုးသောက်သောနေ့၌ 'စေတက'အမည်ရှိသော နောက်လိုက်ရဟန်းနှင့် သွားတော်မူလေ၍၊ သုဘလုလင်သည် မေးအပ်သော၊ အရှင်အာနန္ဒာသည် ဒီဃနိကာယ်၌ 'သုဘသုတ်'အစရှိသော ၁၀ သုတ်ကို ဟောတော်မူ၏။

http://www.dhammadownload.com



ထိုအခါ အရှင်အာနန္ဒာသည် ဇေတဝန်ကျောင်းတော်၌ ကျိုးသည်,ပျက်သည်တို့ ပြကတော့ပြုစေ၍၊ ဝါသို့ ကပ်ခြင်းသည် နီးလတ်သော် ရာဇဂြိုဟ်ပြည်သို့ သွားတော်မူလေ၏။

ထိုအတူ, အရှင် မဟာကဿပသည် လည်းကောင်း, အရှင် အနုရုဒ္ဓါသည် လည်းကောင်း အလုံးစုံသော ရဟန်းသံဃာကို ယူ၍ ရာဇဂြိုဟ်သို့လျှင် သွားတော်မူလေကုန်၏။

http://www.dhammadownload.com



## ရာဇဂြိုဟ်ပြည်ရှိ ကျောင်းကြီးတို့ကို ပြုပြင်ကြခြင်း

ထိုအခါ၌ ရာဇဂြိုဟ်ပြည်၌ ၁၈ ရပ်သောကျောင်းကြီးတို့သည် ဖြစ်ကုန်၏။ ထို ခပ်သိမ်းသော ကျောင်းကြီးတို့သည်လည်း စွန့်အပ်သောအမှိုက် ရှိကုန်သည် ဖြစ်ကုန်၏။ အဘယ်ကြောင့်နည်း ဟူမူကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုခါနီး၌ ခပ်သိမ်းကုန်သောရဟန်းတို့သည် မိမိ-မိမိ သပိတ်,သင်္ကန်းကို ယူ၍ ကျောင်းတို့ကို လည်းကောင်း, ပရိဝုဏ်တို့ကို လည်းကောင်း စွန့်၍ သွားကုန်၏။

ထိုရာဇဂြိုဟ်ပြည်၌ မထေရ်တို့သည် မြတ်စွာဘုရားစကားတော်ကို ပူဇော်ခြင်းငှာလည်းကောင်း, တိတ္ထိတို့၏ ကဲ့ရဲ့ခြင်းမှ လွတ်စိမ့်သောငှာ လည်းကောင်း၊ ''ရှေးဦးစွာကာလပတ်လုံး ကျိုးသည်,ပျက်သည်တို့ကို ပြကတော့ ပြုခြင်းကို ပြုကုန်အံ့''ဟု ကြံတော်မူကုန်၏။

''ငါတို့ မပြုကုန်သည်ရှိသော် တိတ္ထိတို့သည် ကဲ့ရဲ့ကုန်ရာ၏။ 'ရဟန်းဂေါတမတပည့်တို့သည်ကား ဆရာဖြစ်သော ဘုရားရှိစဉ်သာလျှင် ကျောင်းတို့ကို သုတ်သင်ကုန်၏။ ပရိနိဗ္ဗာန်ပြုခဲ့သော် စွန့်ခဲ့ကုန်၏။' ဤသို့ ကဲ့ရဲ့ကုန်ရာ၏''

ထိုတိတ္ထိတို့၏ ကဲ့ရဲ့ခြင်းမှလွတ်စိမ့်သောငှာ လည်းကောင်း ကြံတော်မူကုန်၏။

ထိုအခါ၌ သီလကွန အစရှိသောကျေးဇူးတို့ဖြင့် ပြည့်စုံကုန်သောရဟန်းတို့သည် ''အရှင်တို့။ မြတ်စွာဘုရားသည် ကျိုးသည်,ပျက်သည်တို့ကို ပြကတော့ပြုခြင်းကို ချီးမွမ်းတော်မူကုန်၏။ အရှင်တို့။ ငါတို့သည် ရှေးဦးစွာ-ရှေးဦးစွာသော ဝါလပတ်လုံး ကျိုးသည်,ပျက်သည်တို့ကို ပြုကုန်အံ့။ ဝါခေါင်လမှ စည်းဝေး၍ သုတ်,အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကို လည်းကောင်း သင်္ဂါယနာတင်ကုန်အံ့''

ဤသို့သော အကြံသည် ဖြစ်၏။

ထိုထေရ်တို့သည် ဝါဆို၍၊ မိုးသောက်သောနေ့၌ မင်းအိမ်သို့ သွား၍ မင်းအိမ်တံခါး၌ ရပ်ကုန်၏။ အစာတသတ်မင်းသည် လာလတ်၍၊ ရှိခိုး၍၊ ''သခင်ဘုရားတို့။ အဘယ်အကြောင်းကြောင့် လာတော်မူကုန်သနည်း'' ဤသို့ မိမိပြုအပ်သောကိစ္စကို မေး၏။

အဘယ်ကြောင့် 'အစာတသတ်'မည်သနည်း ဟူမူကား 'အစာတသော ရညော သတ္တုတိ အစာတ သတ္တု၊'။ ။ ''အစာတသော၀၊ မဖွားမီကပင်လျှင်။ ရညော၊ မင်း၏။ သတ္တု၊ ရန်သူတည်း။ ဣတိ၊ ထိုကြောင့်။ အစာတသတ္တု၊ 'အစာတသတ်' မည်၏။''

ထိုအစာတသတ်မင်း၏အမိဖြစ်သော ဝေဒေဟိမိဖုရားသည် ထိုမင်းသားကို ပဋိသန္ဓေနေလတ်သော် မင်းကြီး၏လက်ရုံးသွေးကို သောက်ချင်ခြင်း ဖြစ်ခဲ့ရကား၊ မင်းကြီးအား မလျှောက်ဝံ့သည် ဖြစ်၍ ကြွေလှည်းငယ်စွာလျှင်ဖြစ်ခဲ့ရကား မင်းကြီးလည်း ထိုအကြောင်းကို မေး၍၊ သိလတ်သော် ဆေးသမားတို့ကို ခေါ်စေ၍၊ မင်းကြီး၏လက်ယာလက်ရုံးကို ဖောက်စေပြီးသော် ရွှေခွက်၌

http://www.dhammadownload.com



ထည့်၍၊ ရေဖြင့်မျော်၍ မိဖုရားကို သောက်စေ၏။ မိဖုရားလည်း ထိုချင်ခြင်း ပျောက်လေ၏။ ထိုအကြောင်းကို ကြား၍ နိမိတ်ဖတ်တတ်သောသူတို့သည် ''ဤမင်းသား ကြီးလတ်သော် အဖကို သတ်လတ္တံ့သတည်း။ မဖွားမီကပင် အဖ၏ ရန်သူတည်း''ဟု နိမိတ် ဖတ်ကုန်၏။ ထို့ကြောင့် 'အဇာတသတ်'ဟု တွင်၏။

ဝေဒေဟိမိဖုရားလည်း 'ဝဲလင်မင်းကြီး၏ ရန်သူတည်းဖြစ်လတ်မူကား ဤသားကို မထားကောင်းပြီ။ ဖျောက်ဖျက်အံ့'ဟု ကြံ၍၊ ထိုအကြောင်းကို မင်းကြီး သိ၍ သားချစ်ခြင်းဖြင့် ပြင်းစွာရကား 'မသတ်ရ' မြစ်တော်မူ၏။

ကြီးသောအရွယ်သို့ ရောက်လတ်သော် အိမ်ရှေ့အရာလျှင် ပေးလေ၏။ အခါတစ်ပါး ဒေဝဒတ်နှင့်တိုင်ပင်၍ မင်းပြု၏။ နောက်ပြီး ရတနာ ၃ ပါးဌ မတုန်မလှုပ်သော ကြည်ညိုခြင်းဖြင့် သာသနာ့ဒါယကာ ဖြစ်၏။ ဤသို့ ဘုန်းတန်ခိုးကြီးသော, ဆင် ၅ စီးအား ဆောင်သော, တိဟိတ်ဖြစ်သော မင်းသားသည် ဘဗ္ဗပုဂ္ဂိုလ်ဖြစ်လျက် မဂ်,ဖိုလ်ချမ်းသာကို မရောက်ဘဲ ထိုသို့သော ကုသိုလ်ကံသည် အပရာပရိယ ဝေဒနီယကံသာ ဖြစ်၍၊ ဝိတုဃာတကကံကြောင့် လောဟကုမ္ဘီငရဲ၌ ခံရလေသတည်း။

အဇာတသတ်မင်းကား မြတ်စွာဘုရားကို ၈ နှစ်လျှင် ဆည်းကပ်ရလိုက်၏။ ပုထုဇဉ်တွင် မြတ်စွာဘုရားကိုချစ်မြတ်နိုးခြင်း မြင့်စွာသသူကား အဇာတသတ်နှင့် တူသောသူ မရှိ။ ထိုသို့ ဖြစ်လျှင်မူလည်း ဒေဝဒတ်စကားကို နာ၍၊ မွေးသောအဖကို ပြစ်မှားမိ၍ မျက်မှောက်ထင်ထင်လည်း ချမ်းသာသဖြင့် အိပ်ရသည် မရှိ။ မျက်စိမှိတ်လျှင် အစင်း ၁၀၀ သောလုံဖြင့် ထိုးမိလေသကဲ့သို့ ကြောက်ကြိမ်းဖွယ်လျှင် ဟစ်ကြွေးကြော်၍ တဖျပ်ဖျပ်လန့်၏။ မအိပ်ဝံ့၍ ပျော်၍သာနေသော ဟူ၏။ အမိအဖကို ပြစ်မှားသောသူသည် အဝီစိ၌ ခံရမြဲဖြစ်လျှင်မူလည်း မြတ်စွာဘုရားကို ချစ်မြတ်နိုးခြင်းကြောင့် အဝီစိ၌မခံရဘဲ လောဟကုမ္ဘီငရဲ၌ အနှစ် ၆ သောင်းပတ်လုံး ခံရပြီးမှ လွတ်၍၊ 'ဝိဇိတသေန'မည်သော ပစ္စေကဗုဒ္ဓါ ဖြစ်လတ္တံ့သည် ဟူ၏။ ထို့နောက် သား ၄ ဆက်ကား အဝီစိ၌နှင့်နှင် ခံရလေ၏။ ။ ဝေဒေဟိမိဖုရားကား ကောသလမင်း၏ နှမတည်း။ မဟာကောသလမင်း၏ ညီမတည်း။

ထိုထေရ်တို့သည် ၁၈ ရပ်သောကျောင်းကြီးတို့ကို ပြုပြင်စိမ့်သောဌာလည်း လက်မှုတတ်သောသူတို့ကို ကြားပေကုန်၏။ ''အရှင်ဘုရားတို့။ ကောင်းပြီ''ဟု လက်မှုတတ်သောသူတို့ကို ပေးစေ၏။ ထေရ်တို့သည်လည်း ရှေးဦးစွာသောဝါလပတ်လုံး ခပ်သိမ်းသောကျောင်းတို့ကို ပြုပြင်စေ၏။

''မြတ်သောမင်း။ ကျောင်းတို့ကို ပြုပြင်၍ ပြီးပြီ။ ယခု သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ဂါယနာတင်ခြင်းကို ပြုကုန်အံ့'' ဤသို့ အဇာတသတ်မင်းအား ကြားတော်မူပေကုန်၏။

''သခင်ဘုရားတို့။ ရွံရှာခြင်းကင်းသောနှလုံးတော် ရှိတော်မူသည် ဖြစ်၍ အလိုတော်အလျောက် ပြုတော်မူကုန်လော့။ အကျွန်ုပ်၏ အာဏာစက်လည်း ဖြစ်စေ၊ အရှင်ဘုရားတို့၏ ဓမ္မစက်လည်း ဖြစ်စေ၊ အရှင်ဘုရားတို့ တိုက်တွန်းနှိုးဆော်တော် မူကုန်လော့။ ယခု အကျွန်ုပ်အား အဘယ်သို့ ပြုစိမ့်မည်နည်း''ဟု မေး၏။

http://www.dhammadownload.com



"မြတ်သောမင်း။ သင်္ဂါယနာတင်ခြင်းကို ပြုကုန်လော့။ ရဟန်းတို့၏ စည်းဝေး၍နေရာအရပ်ကို ပြုစိမ့်သောငှာ သင့်၏" ဤသို့ ကြားပေ၏။

"အရှင်ဘုရားတို့။ အဘယ်အရပ်၌ ပြုရအံ့နည်း"ဟု မေး၏။

"မြတ်သောမင်း။ ဝေဘာရတောင် စရည်းပင်ရောက်သော လိဏ်၏အဝဲ၌ ပြုအံ့သောငှာ သင့်၏"ဟု ကြားတော်မူပေကုန်၏။

"အရှင်ဘုရားတို့။ ကောင်းပြီ"ဟု ဝန်ခံ၍၊ အဇာတသတ်မင်းသည်ကား ဝိသကြိုနတ်သားသည် ဖန်ဆင်းသည်နှင့် တူသော၊ ကောင်းစွာဝေဖန်အပ်သော နံရံ၊ သည်တိုင်၊ စောင်းတန်းလည်း ရှိထသော၊ အထူးထူး အပြားပြားရှိထသော ခြူးပန်းခြူးနွယ်တို့ဖြင့်လည်း ဆန်းကြယ်ထသော၊ မင်းအိမ်တော်၏တင့်တယ်ခြင်းကို နှိပ်စက်ဘိသကဲ့သို့, နတ်ဗိမာန်၏အသရေကို ပြက်ရယ်ပြုဘိသကဲ့သို့, လူတို့၏မွေ့လျော်ဖွယ် ဟူသမျှကို တစ်ခုတည်းသော အရပ်၌ ပေါင်း၍ ထားဘိသကဲ့သို့ ရှုဖွယ်ရှိသော၊ ထူးဆန်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်သောမဏ္ဍပ်ကို ပြုစေ၍၊ တွဲရွဲ့ဆွဲသော အထူးထူးသောပန်းဆိုင်းတို့ဖြင့် ပြိုးပြိုးပြက် ထွက်လတ်ဘာနန်း နှစ်လိုဖွယ်သောဗိတာန်လည်း ကြက်ထသော၊ ရတနာတို့ဖြင့် ဆန်းကြယ်စွာ ခတ်သောပတ္တမြားအပြင်ကဲ့သို့ အထူးထူးသော ပန်းပူဇော်ခြင်းတို့ဖြင့် ဆန်းကြယ်လျက် ကောင်းစွာပြီးစေအပ်သော မြေအမှုလည်း ရှိထသော၊ ဗြဟ္မာမင်း၏ဗိမာန်နှင့်တူသော ထိုမဏ္ဍပ်ကို တန်ဆာဆင်၍၊ ထိုမဏ္ဍပ်ကြီး၌ ၅၀၀ သော ရဟန်းတို့အား အပ်သောအခင်းတို့ကို ခင်းစေ၍၊ တောင်မျက်နှာအဖို့ကို မှီ၍၊ မြောက်သို့ရှေးရှု သံဃဆေရ်၏နေရာကို ခင်း၍၊ အလယ်၌ အရှေ့သို့မျက်နှာပြုလျက် ဘုန်းကြီးသောမြတ်စွာဘုရား၏ နေတော်မူထိုက်သော တရားဟောပလ္လင်ကို ခင်း၍၊ ထိုပလ္လင်၌ ဆင်စွယ်ဖြင့်ပြီးသော ယပ်ကို ထား၏။

"အရှင်ဘုရားတို့။ အကျွန်ုပ်၏ကိစ္စသည် ပြီးပြီ"ဟု ရဟန်းသံဃာတို့အား ကြားလေစေ၏။

http://www.dhammadownload.com



## အရှင်အာနန္ဒာ ရဟန္တာဖြစ်သည်နှင့် ပထမသင်္ဂါယနာတင်သည်ကို ပြခြင်း

ထိုအခါ၌ အချို့သောရဟန်းတို့သည် အရှင်အာနန္ဒာကိုရည်၍၊ ''ဤရဟန်းအပေါင်း၌ အဆိပ်နဲ့ကို လှိုင်စေလျက် သွား၏'' ဤသို့ဆိုကုန်၏။

အရှင်အာနန္ဒာလည်း ထိုစကားကိုကြား၍၊ 'ဤရဟန်းအပေါင်း၌ ငါမှတစ်ပါး အဆိပ်နဲ့ကို လှိုင်စေလျက် သွားသောရဟန်း မည်သည်ကား မရှိ။ မချွတ်လျှင် ထိုရဟန်းတို့သည် ငါ့ကိုသာရည်၍ ဆိုကုန်၏' ဤသို့ ထိတ်လန့်ခြင်းသို့ ရောက်၏။

အချို့ကုန်သောရဟန်းတို့သည်ကား အရှင်အာနန္ဒာကို ဆိုကုန်၏။

''အရှင်အာနန္ဒာ။ နက်ဖြန် အစည်းအဝေးသည် ဖြစ်လတ္တံ့။ သင်သည်လည်း 'သေက္ခ'သာတည်း။ ပြဖွယ်ကိစ္စ ရှိသေး၏။ ထို့ကြောင့် အရှင်အာနန္ဒာကား အစည်းအဝေးသို့သွားခြင်းငှာ မသင့်။ မမေ့မလျော့ ဖြစ်လော့''ဟု ဤသို့ ဆိုကုန်၏။

ထိုအခါ၌ အရှင်အာနန္ဒာသည်လည်း 'နက်ဖြန် အစည်းအဝေးသည် ဖြစ်လတ္တံ့။ ငါသည် သေက္ခသာ ဖြစ်လျက် အစည်းအဝေးသို့သွားခြင်းသည် မလျောက်ပတ်'

ဤသို့ ညဉ့်ဦးယံ၊ သန်းခေါင်ယံပတ်လုံး ဒွတ္တိံသာကာယကို နှလုံးသွင်း၍၊ ကာယသတိဖြင့် လွန်စေ၍၊ ၁ ယံကြွင်းဖြစ်သော မိုးသောက်ယံ၌ စင်္ကြံမှ သက်၍၊ ကျောင်းသို့ ဝင်၍ 'အိပ်အုံ'ဟု ကိုယ်တော်ကို စောင်း၏။ ဤသို့ ညဉ့်ဦးယံ၊ သန်းခေါင်ယံပတ်လုံး ဒွတ္တိံသာကာရ[1]ကို နှလုံးသွင်း၍လည်း အုံးသို့မရောက်မီ ထိုအကြား၌ တဏှာဒိဋ္ဌိအားဖြင့် တစ်စု-တစ်စုကို မယူမူ၍၊ အာသဝတရားတို့မှ စိတ်သည် လွတ်၏။ အဘယ်သို့လွတ်သနည်းဟူမူကား ဤ အာနန္ဒာသည် စင်္ကြံသွားသဖြင့် စင်္ကြံအဝဋ်၌ လွန်စေ၍၊ မဂ်,ဖိုလ်အမှုကို မတတ်နိုင်သည်ဖြစ်၍ ကြံ၏။

ငါ့ကို မြတ်စွာဘုရားသည် မိန့်တော်မူ၏။ 'အာနန္ဒာ။ သင်ကား ပြုပြီးသောကောင်းမှု ရှိ၏။ ကမ္မဋ္ဌာန်းကို စီးဖြန်းလော့။ လျင်စွာ ရဟန္တာဖြစ်လတ္တံ့' ဤသို့သောစကားကို မိန့်တော်မူသည် မဟုတ်တုံလော။ မြတ်စွာဘုရားတို့၏စကားတော်သည်ကား ချွတ်ယွင်းခြင်းမည်သည် မရှိ။ ငါ၏ အားထုတ်ခြင်းလွန်သော ဝီရိယသည် ရှိ၏။ ထို့ကြောင့် စိတ်သည် ပုံ့လွင့်သတည်း။ ယခု ငါသည် လုံ့လနှင့် သမာဓိအဖြစ်ကို ယှဉ်အုံ'ဟု စင်္ကြံမှ သက်၍၊ ခြေတော်ကို ဆေး၍၊ ကျောင်းသို့ ဝင်၍၊ ညောင်စောင်း၌ နေ၍၊ 'အတန်ငယ် ငြိမ်းစေအုံ'ဟု ကိုယ်တော်ကို ညောင်စောင်း၌ ညွှတ်စေ၏။ ခြေ ၂ ဖက်တို့သည် မြေမှ လွတ်စေကုန်၏။ ဦးခေါင်းတော်သည် အုံးသို့မရောက်မီ အကြား၌ တဏှာဒိဋ္ဌိအားဖြင့် တစ်စုံတစ်ခုသောအာရုံကို မယူမူ၍၊ အာသဝတရား[2]တို့မှ စိတ်သည် လွတ်ပြီ၊ ဣရိယာပုထ် ၄ ပါးမှလွတ်သော အရှင်အာနန္ဒာ၏ ရဟန္တာအဖြစ်သည် ဖြစ်၏။

၁- ၃၂ ပါးသောအခြင်းအရာ ရှိသည်။
၂- အာသဝေါတရား

http://www.dhammadownload.com



**ဤသာသနာတော်မှ မလျောင်းဘဲ, မထိုင်ဘဲ, မရပ်ဘဲ, စင်္ကြံမသွားဘဲ အဘယ်ရဟန်းသည် ရဟန္တာအဖြစ်သို့ရောက်သနည်း ဟူမူကား 'အရှင်အာနန္ဒာ'ဟု ဆိုအပ်၏။**

ထိုနောင်မှ ထေရ်ဖြစ်ကုန်သောအရှင်ရဟန်းတို့လည်း အရှင်အာနန္ဒာ ရဟန္တာအဖြစ်သို့ ရောက်၍ မိုးသောက် သောနေ့၌ ဆွမ်းဘုဉ်းပေးကုန်ပြီးသော်၊ သပိတ်, သင်္ကန်းကို သိမ့်မိုး၍၊ ရာဇဂြိုဟ်ပြည်၌ အဇာတသတ်မင်းကို အမှီပြု၍၊ ဝေဘာရတောင်ယံ စရည်းပင်ရောက်သောလိုဏ်၌ အဇာတသတ်မင်းပြုအပ်သော မဏ္ဍပ်တရားသဘင်၌ စည်းဝေးကုန်၏။

အရှင်အာနန္ဒာသည်ကား မိမိ၏ ရဟန္တာအဖြစ်ကို သိစေလိုသဖြင့် မသွား။ ရဟန်းတို့သည်လည်း သီတင်းကြီးစဉ် မိမိ-မိမိတို့၏နေရာ၌ နေကုန်သော်၊ အရှင်အာနန္ဒာနေရာကို ထား၍ နေတော်မူကုန်၏။

အချို့သောရဟန်းတို့သည် ''ဤနေရာသည်ကား အဘယ်သူ၏ နေရာနည်း''ဟု ဆိုလတ်သော်၊ ''အာနန္ဒာ နေရာတည်း''ဟု ဆိုပေကုန်၏။ ''အာနန္ဒာသည်ကား အဘယ်သို့ သွားလေသနည်း''ဟု မေးကုန်၏။

ထိုအခါ၌ အရှင်အာနန္ဒာသည် 'ငါ့အား သွားအံ့သောအခါ တန်ပြီ'ဟု ကြံတော်မူ၏။ ထိုနောင်မှ မိမိ၏ တန်ခိုးအာနုဘော်ကို ပြလိုသည်ဖြစ်၍၊ မြေ၌ငုပ်၍ မိမိ၏နေရာ၌လျှင် မိမိကိုယ်ကို ပြ၏။

**'ကောင်းကင်ဖြင့်သွား၍ နေ၏' ဟူ၍လည်း မစ္ဆိမနိကာယ်တတ်သော ဆရာတို့သည် ဆိုကုန်၏။ အရှင်အာနန္ဒာကား ဝါခေါင်လပြည့်အထွက် ၅ ရက်နေ့လျှင် ရဟန္တာအဖြစ်သို့ ရောက်တော်မူ၏။ မိုးသောက်၍ အထွက် ၅ ရက် သောကြာနေ့လျှင်၊ စည်းဝေး၍ သင်္ဂါယနာတင်၏။**

ဤသို့ အရှင်အာနန္ဒာသည် နေရာ၌နေပြီးသော် အရှင်မဟာကဿပသည် အရှင်အာနန္ဒာ ရဟန္တာအဖြစ်သို့ရောက်သောအကြောင်းကို ရဟန္တာတို့အား သိစေလိုသဖြင့် ဤသို့ မိန့်တော်မူ၏။

အညာမှလွန်သော ထန်းသီး မှည့်ကဲ့သို့, ကမ္မလာနီ၌ထားသော ပတ္တမြားကဲ့သို့, တိမ်တိုက်မှကင်းသော ကောင်းကင်၌ တက်လတ်သောလဝန်းကဲ့သို့, နေခြည်ထိသဖြင့်ပွင့်သော ဝတ်ဆံမှန်တို့ဖြင့်တင့်တယ်သော ပဒုမ္မာကြာကဲ့သို့ တင့်တယ်စွာသော အရှင်အာနန္ဒာကို မြင်လတ်သည်ရှိသော်၊ ''သြော်-အာနန္ဒာ၏ ရဟန္တာအဖြစ်သို့ ရောက်ခြင်းကား တင့်တယ်စွတကား။ အကယ်၍ မြတ်စွာဘုရားသည် ထင်ရှားရှိတော်မူကား အာနန္ဒာအား မချုတ်လျှင် ကောင်းချီးပေးတော်မူရာ၏။ ယခု အာနန္ဒာအား မြတ်စွာဘုရားပေးတော်မူအပ်သော ကောင်းချီးကို ငါလျှင် ပေးအံ့'' ဟူ၍ ၃ ကြိမ် ကောင်းချီးပေးတော်မူ၏။

အရှင်မဟာကဿပလည်း ဤသို့ ကောင်းချီးပေးတော်မူပြီးမှ ရဟန်းတို့ကို ဤသို့ မိန့်တော်မူ၏

''အရှင်တို့။ အဘယ်သို့ ရှေးဦးစွာ သင်္ဂါယနာ တင်အံ့နည်း။ သုတ်, အဘိဓမ္မာကိုတည်း သင်္ဂါယနာ တင်ကုန်အံ့လော။ ဝိနည်းကိုတည်း သင်္ဂါယနာတင်ကုန်အံ့လော''ဟု မိန့်တော်မူ၏။

ရဟန်းတို့လည်း ဤသို့ ဆိုတော်မူ၏။

''အရှင်မဟာကဿပ။ 'ဝိနည်း' မည်သည်ကား မြတ်စွာဘုရားသာသနာ၏အသက်တည်း။ ဝိနည်းသည် တည်သည်ရှိသော် သာသနာတော်သည် ဖြစ်၏။ ထို့ကြောင့် ရှေးဦးစွာ ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့''ဟု မိန့်တော်မူ၏။

''အဘယ်ပုဂ္ဂိုလ်ကို အကြီးပြု၍ သင်္ဂါယနာ တင်ကုန်အံ့နည်း''ဟု မေးတော်မူ၏။

''အရှင်ဥပါလိကို အကြီးပြု၍ သင်္ဂါယနာ တင်ကုန်အံ့''ဟု မိန့်တော်မူကုန်၏။

http://www.dhammadownload.com



အာနန္ဒာသည် မစွမ်းနိုင်သလော ဟူမူကား အာနန္ဒာသည် မစွမ်းနိုင်သည်ကား မဟုတ်။ စွမ်းနိုင်၏။ အကြောင်းအထူးကား မြတ်စွာဘုရားသည် ထင်ရှားရှိတော်မူသောအခါ၌လျှင် ဝိနည်းပရိယတ္တိကို မှီ၍ အရှင်ဥပါလိကို စတဒဂ် ထားတော်မူ၏။ 'စတဒဂ္ဂ ဘိက္ခဝေ။ မမသာဝကာနံ ဝိနယဓရာနံယဒိဒံဥယောသော ဥပါလိ' ဟူ၍ စတဒဂ်အရာ၌ ထားတော်မူပေ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ ဝိနယဓရာနံ၊ ဝိနည်းကိုဆောင်ကုန်သော။ မမ၊ ငါ၏။ သာဝကာနံ၊ တပည့်သား ဖြစ်ကုန်သော။ ဘိက္ခူနံ၊ ရဟန်းတို့တွင်။ ယဒိဒံဥယောသောဥပါလိ၊ အကြင် ဥပါလိသည်။ အတ္ထိ၊ ရှိ၏။ သောဥပါလိတေရော၊ ထိုဥပါလိထေရ်သည်။ အဂ္ဂ-အဂ္ဂေါ၊ မြတ်၏" အဓိပ္ပာယ်ကား-

"ချစ်သားရဟန်းတို့။ ဝိနည်းကို ဆောင်ကုန်သော တပည့်ရဟန်းတို့တွင် အကြင်ဥပါလိသည် ရှိ၏။ ထိုဥပါလိထေရ်သည် ဝိနည်း၌ မြတ်၏ ဟူ၍ စတဒဂ်အရာ၌ ထားတော်မူပေ၏။ ထို့ကြောင့် အရှင်ဥပါလိထေရ်ကိုမေး၍ ဝိနည်းကို သင်္ဂါယနာတင်ကုန်အံ့" ဟု မိန့်တော်မူကုန်၏။

ထိုနောင်မှ အရှင်မဟာကဿပသည် ဝိနည်းကို မေးအံ့သောငှာ မိမိသည်ပင်လျှင် မိမိကိုယ်ကို သမုတ်၏။

'သုဏာတု မေ အာဝုသောသံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ ဥပါလိ ဝိနယံ ပုစ္ဆေယျံ။' အဓိပ္ပာယ်ကား-

"အရှင်တို့။ သံဃာတော်သည် အကျွန်ုပ်၏စကားကို နာစေချင်၏။ သံဃာတော်အား လျောက်ပတ်သောအခါသည် အကယ်၍ ရှိအံ့။ ငါသည် ဥပါလိကို မေးအံ့" ဤသို့ သံဃာကို သိစေ၏။

အရှင်ဥပါလိသည်လည်း ဝိနည်းကို ဖြေအံ့သောငှာ မိမိသည်ပင်လျှင် မိမိကိုယ်ကို သမုတ်၏။

'သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မန္တေန။ မဟာကဿပေန ဝိနယံ ပုဋ္ဌော ဝိသဇ္ဇေယျံ။' အဓိပ္ပာယ်ကား-

"အရှင်ဘုရားတို့။ သံဃာတော်သည် အကျွန်ုပ်၏စကားကို နာစေချင်၏၊ သံဃာတော်အား လျောက်ပတ်သောအခါသည် အကယ်၍ရှိအံ့။ ရှည်သောအသက်ရှိသော အရှင်မဟာကဿပသည် ဝိနည်းကိုမေးသည်ရှိသော် အကျွန်ုပ် ဖြေအံ့" ဤသို့ သံဃာကို သိစေ၏။

ဤသို့ ကိုယ်တော်တို့ကို သမုတ်ကုန်ပြီး၍၊ အရှင်ဥပါလိသည် နေရာမှ ထတော်မူ၍၊ ပခုံးတစ်ဖက်၌ ကိုယ်ဝတ်ကို စမွယ်တင်သည်ကို ပြု၍၊ သီတင်းကြီးသောအရှင်တို့ကို ရှိခိုး၍၊ ဆင်စွယ်ဖြင့်စီသော ယပ်ကို ကိုင်တော်မူ၍ တရားပလ္လင်၌ နေတော်မူ၏။

ထိုမှ အရှင်မဟာကဿပသည် သံဃာထေရ်၏နေရာ၌ နေတော်မူ၍၊ အရှင်ဥပါလိကို ဝိနည်းကို မေးတော်မူ၏။

"အရှင်ဥပါလိ။ ပထမပါရာဇိကကို အဘယ်အရပ်၌ မြတ်စွာဘုရား ပညတ်တော်မူသနည်း" ဟု နိဒါန်းကို မေး၏။

"ဝေသာလီပြည်၌ ပညတ်တော်မူသည်" ဟု နိဒါန်းကို ဖြေပေ၏။

"အဘယ်သောသူကို အကြောင်းပြု၍ ပညတ်တော်မူသနည်း" ဟု ပုဂ္ဂိုလ်ကို မေးပြန်၏။

"ကလန္ဒကသူဌေးသားဖြစ်သော သုဒိန်ကို အကြောင်းပြု၍ ပညတ်တော်မူသည်" ဟု ဖြေပြန်၏။

http://www.dhammadownload.com



''အာယ်မည်သော အကြောင်းကြောင့် ပညတ်တော်မူသနည်း''ဟု ဝတ္ထုကို မေးပြန်၏။

''မေထုန်အကျင့်ကြောင့် ပညတ်တော်မူသည်''ဟု ဝတ္ထုကို ဖြေပေ၏။

ဤသို့သောနည်းဖြင့် ပညတ်ကိုလည်း မေး၏။ အနုပညတ်ကို မေး၏။ အာပတ် သင့်သည်ကိုလည်း မေး၏။ အာပတ် မသင့်သည်ကိုလည်း မေး၏။ အရှင်ဥပါလိသည် မေးတိုင်း-မေးတိုင်း ဖြေပေ၏။ ဤသို့သော ပထမပါရာဇိကကို မေးသကဲ့သို့၊ ဒုတိယပါရာဇိက, တတိယပါရာဇိက, စတုတ္ထပါရာဇိကတို့၏ နိဒါန်းကိုလည်း မေး၏။ ပုဂ္ဂိုလ်ကိုလည်း မေး၏။ ဝတ္ထုကိုလည်း မေး၏။ ပညတ်ကိုလည်း မေး၏။ အာပတ် သင့်သည်ကိုလည်း မေး၏။ အာပတ် မသင့်သည်ကိုလည်း မေး၏။ မေးတိုင်း ဖြေပေ၏။

ထိုနောင်မှ ပါရာဇိက ၄ ပါးတို့ကို 'ဤသည်ကား ပါရာဇိက မည်၏' ဟူ၍ ဖြေသောအဆုံး၌ သင်္ဃာတင်သောအားဖြင့် ရဟန္တာ ၅၀၀ တစ်ပြိုင်နက် သရဏဂုံသုံးပါးကို ရကြ၏။ သရဏဂုံဟန်ကား 'တေနသမယေန ဗုဒ္ဓေါဘဂဝါ ဝေရဉ္ဇာယံဝိဟရတိ။' ဤသို့ အစရှိသည်တည်း။

၁၃ ပါးသော သံဃာဒိသိသ်တို့ကိုလည်း 'တေရသကဏ်' ဟူ၍၊ ၂ ပါးသော သိက္ခာပုဒ်တို့ကို 'အနိယတ' ဟူ၍ ထားပေကုန်၏။ ၃၀ သော သိက္ခာပုဒ်တို့ကို 'နိဿဂ္ဂိယပါစိတ်' ဟူ၍ ထားပေကုန်၏။ ၉၂ ပါးသော သိက္ခာပုဒ်တို့ကို 'သုဒ္ဓပါစိတ်'ဟူ၍ ထားပေကုန်၏။ ၄ ပါးသော သိက္ခာပုဒ်တို့ကို 'ပါဋိဒေသနီ'ဟု ထားပေကုန်၏။ ဤ ၇၅ ပါးသောသိက္ခာပုဒ်ကို 'သေခိယ'ဟူ၍ ထားပေကုန်၏။ ၇ ပါးသောတရားတို့ကို 'အဓိကရဏသမထ' ဟူ၍ ထားပေကုန်၏။ ဤသို့ မဟာဝိဘင်းကို သင်္ဃာတင်ပေကုန်၏။ ပေါင်း ဘိက္ခုဝိဘင်း၌လာသော သိက္ခာပုဒ်ကား ၂၂၇ ပါးတည်း။

ဤသို့ မဟာဝိဘင်းကို သင်္ဃာတင်ပြီး၍၊ ဘိက္ခုနီဝိဘင်း၌လာသော ၈ ပါးသောပါရာဇိက သိက္ခာပုဒ်တို့ကို 'ဤအပိုင်းအခြားသည်ကား ပါရာဇိက မည်၏' ဟူ၍ ထားပေကုန်၏။ ၁၇ ပါးသော သံဃာဒိသိသ် သိက္ခာပုဒ်တို့ကို 'သတ္တရသကဏ်'ဟူ၍ ထားတော်မူပေကုန်၏။ ၃၀ သော သိက္ခာပုဒ်တို့ကို 'နိဿဂ္ဂိယပါစိတ်အာပတ်'ဟူ၍ ထားတော်မူပေကုန်၏။ ၁၆၆ ပါးသောသိက္ခာပုဒ်တို့ကို 'သုဒ္ဓပါစိတ်'ဟူ၍ ထားပေကုန်၏။ ၈ ပါးသောသိက္ခာပုဒ်တို့ကို 'ပါဋိဒေသနီ'ဟူ၍ ထားပေကုန်၏။ ၇၅ ပါးသော သိက္ခာပုဒ်တို့ကို 'သေခိယ' ဟူ၍ ထားပေကုန်၏။ ၇ ပါးသောတရားတို့ကို 'အဓိကရဏသမထ'ဟူ၍ ထားပေကုန်၏။ ဤသို့ ဘိက္ခုနီဝိဘင်းကို သင်္ဃာတင်ပေကုန်၏။ ပေါင်း ဘိက္ခုနီဝိဘင်း၌လာသော သိက္ခာပုဒ်ကား ၃၁၁ ပါးတည်း။ ။ ၂ ပါးကို ပေါင်းသော် ဥဘတောဝိဘင်း၌ သိက္ခာပုဒ်ကား ၅၃၈ ပါး ရှိ၏။

ဤသို့သောနည်းဖြင့် မဟာဝါ၌လာသည့် ခန္ဓက ၁၀, စူဠဝါ၌လာသည် ခန္ဓက ၁၂၊ ပေါင်း ၂၂။ ထို့ကြောင့် 'ခန္ဓက' ဟူ၍ဆိုလျှင် 'မဟာဝါ, စူဠဝါ' ဟူ၍ သိအပ်၏။ ပရိဝါ၌လာသည် ဘိက္ခုဝိဘင်း၌ ဝါရ ၁၆, ဘိက္ခုနီဝိဘင်း၌လာသည့် ဝါရ ၁၆၊ ပေါင်း ပရိဝါ၌လာသော ဝါရကား ၃၂ ပါးတည်း။ ဤသို့သော မဟာဝါ, စူဠဝါ, ပရိဝါတို့ကိုလည်း သင်္ဃာတင်တော်မူပေကုန်၏။

ဤသို့ ဘိက္ခုဝိဘင်း, ဘိက္ခုနီဝိဘင်း, ခန္ဓာက, ပရိဝါရနှင့်တကွသော ဝိနည်းပိဋကတ်ကို အရှင်မဟာကဿပသည် မေး၏။ မေးပြီး, ဖြေပြီးသောအဆုံး၌ သင်္ဃာတင်သောအားဖြင့် ရဟန္တာ ၅၀၀ တို့သည် တစ်ပြိုင်နက် သရဏဂုံတော် မူကုန်၏။

ဝိနည်းကို သင်္ဃာတင်သောအဆုံး၌ အရှင်ဥပါလိထေရ်သည် ဆင်စွယ်စီသောယပ်ကို ထား၍၊ တရားပလ္လင်မှ သက်၍၊ သီတင်းကြီးကုန်သောအရှင်တို့ကို ရှိခိုး၍ မိမိရောက်သောနေရာ၌ နေတော်မူလေ၏။

http://www.dhammadownload.com



ဝိနည်းကို သင်္ဂါယနာတင်ပြီး၍၊ သုတ်, အဘိဓမ္မာကို သင်္ဂါယနာတင်တော်မူလိုသော် အရှင်မဟာကဿပသည် ရဟန်းတို့ကို မေးတော်မူ၏။ ''သုတ်, အဘိဓမ္မာကို သင်္ဂါယနာတင်သော် ငါတို့သည် အဘယ်ပုဂ္ဂိုလ်ကို အကြီးပြု၍ သုတ်အဘိဓမ္မာကို သင်္ဂါယနာ တင်ရအံ့နည်း'' ဤသို့ မေးတော်မူ၏။

ရဟန်းတို့လည်း ''အာနန္ဒာထေရ်ကို အကြီးပြု၍ သင်္ဂါယနာ တင်အပ်၏'' ဤသို့ ဆိုကုန်၏။

ထိုအခါ၌ အရှင်မဟာကဿပသည် 'သံဃာကို သိစေအံ့'ဟု ဤသို့ ရွတ်တော်မူ၏။

'သုဏာတု မေ အာဝုသော သံဃော။ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာနန္ဒံ ဓမ္မံ ပုစ္ဆေယ္ယံ။' အဓိပ္ပာယ်ကား-

''အရှင်တို့။ သံဃာတော်သည် အကျွန်ုပ်၏စကားကို နာစေချင်၏။ သံဃာတော်အား လျောက်ပတ်သော အခါသည် အကယ်၍ရှိအံ့။ အကျွန်ုပ်သည် အာနန္ဒာကို သုတ်, အဘိဓမ္မာကို မေးအံ့'' ဤသို့ သံဃာကို သိစေ၏။

အရှင်အာနန္ဒာလည်း 'သံဃာကို သိစေအံ့' ဟူ၍ ဤသို့ရွတ်တော်မူ၏။

'သုဏာတု မေ ဘန္တေ သံဃော၊ ယဒိ သံဃဿ ပတ္တကလ္လံ။ အဟံ အာယသ္မန္တေန။ မဟာကဿပေန ဓမ္မံ ပုဋ္ဌောဝိသဇ္ဇေယ္ယံ။'

အဓိပ္ပာယ်ကား-

''အရှင်ဘုရားတို့။ သံဃာတော်သည် အကျွန်ုပ်၏စကားကို နာစေချင်၏။ သံဃာတော်အား လျောက်ပတ်သောအခါသည် အကယ်၍ဖြစ်အံ့။ ရှည်သောအသက်ရှိသော အရှင်မဟာကဿပသည် သုတ်,အဘိဓမ္မာကို မေးသည်ရှိသော်၊ အကျွန်ုပ် ဖြေအံ့''

ဤသို့.သံဃာကို သိစေ၏။

ဤသို့. ကိုယ်တော်သမုတ်ပြီး၍၊ အရှင်အာနန္ဒာသည် နေရာမှ ထတော်မူ၍၊ ပခုံးတစ်ဖက်၌ ကိုယ်ဝတ်ကို စမွယ်တင်သည်ကို ပြု၍၊ သီတင်းကြီးတော်မူကုန်သော အရှင်တို့.ကို ရှိခိုး၍၊ ဆင်စွယ်စီသောယပ်ကို ကိုင်တော်မူ၍ တရားပလ္လင်၌ နေတော်မူ၏။

အရှင်မဟာကဿပသည် အရှင်အာနန္ဒာကို မေး၏။

''အရှင်အာနန္ဒာ။ ဗြဟ္မဇာလသုတ်ကို အဘယ်အရပ်၌ မြတ်စွာဘုရားသည် ဟောတော်မူသနည်း''ဟု နိဒါန်းကို မေး၏။

''ရာဇဂြိုဟ်နှင့် နာဠန္ဒအရပ်အကြား 'အမ္ဗလဋ္ဌိက'မည်သော ဥယျာဉ်မင်းတို့.၏နေရာတဲ၌ ဟောတော်မူသည်''ဟု နိဒါန်းကို ဖြေပေ၏။

''အဘယ်မည်သောသူကို အကြောင်းပြု၍ ဟောတော်မူသနည်း''ဟု ပုဂ္ဂိုလ်ကို မေးမြန်း၏။

''သုဝိယပရိဗိုဇ်, ဗြဟ္မဒတ်လုလင်၊ ဤ ဆရာ,တပည့် ၂ ယောက်ကို အကြောင်းပြု၍ ဟောတော်မူသည်''ဟု ပုဂ္ဂိုလ်ကို ဖြေပြန်ပေး၏။

''အဘယ်မည်သောအကြောင်း၌ ဟောတော်မူသနည်း''ဟု မေးပြန်၏။

''ချီးမွမ်းအပ်သောစကား, ကဲ့ရဲ့အပ်သောစကား ဟူသောအကြောင်း၌ ဟောတော်မူသည်''ဟု ဝတ္ထုကို ဖြေပြန်၏။

http://www.dhammadownload.com



ထိုသို့ဖြေသောအဆုံး၌ သင်္ဂါယနာတင်သောအားဖြင့် ရဟန္တာ ၅၀၀ တစ်ပြိုင်နက် သရဏဂုံကုန်၏။

သရဏဂုံဟန်ကား 'စဝံမေသုတံ ဧကံသမယံ ဘဂဝါ အန္တရာ ရာဇဂဟံ အန္တရာစ နာဠန္ဒံအဒ္ဓါ နမဂ္ဂ ပဋိပန္နော ဟောတိ။ မဟတာ ဘိက္ခုသံဃနသဒ္ဓိံပဉ္စမတ္တေဟိ ဘိက္ခုသတေဟိ။ လ။ဣမသ္မိံစ ပနဝေယျာ ကရဏသ္မိ' ဘည်မာနေ ဒသသဟဿိလောကဓာတု အကම্পိတ္ထ' ဟူသည်တည်း။

'ဤစကားကား အရှင်အာနန္ဒာပြောဆိုလျှင် ပြောဆိုတိုင်း သင်္ဂါယနာတင်သောစကား။ ဤစကားကား တပည့်တော်တို့စကားကို အရှင်အာနန္ဒာပြောဆိုလျှင် ပြောဆိုတိုင်း သင်္ဂါယနာတင်သောစကား။ ဤစကားကား မြတ်စွာဘုရားအဓိန့်တော်ကို အရှင်အာနန္ဒာပြောဆိုလျှင် ပြောဆိုတိုင်း သင်္ဂါယနာတင်သောစကား'ဟု ပုဒ်တိုင်း-ပုဒ်တိုင်းစီစစ်၍ အဓိပ္ပာယ်နှင့်တကွ မှတ်အပ်, ပြောဆိုအပ်၏။

''အရှင်အာနန္ဒာ။ သာမညဖလသုတ်ကို အဘယ်အရပ်၌ မြတ်စွာဘုရား ပြောဆိုတော်မူသနည်း''ဟု နိဒါန်းကို မေး၏။

''ရာဇဂြိုဟ်ပြည်၌ ဇီဝကသရက်ဥယျာဉ်တော၌ ဟောတော်မူသည်''ဟု နိဒါန်းကို ဖြေပေ၏။

''အဘယ်သူနှင့် တကွဟောတော်မူသနည်း''ဟု ပုဂ္ဂိုလ်ကို မေးပြန်၏။

''ဝေဒေဟိမိဖုရား၏သားဖြစ်သော အဇာတသတ်မင်းနှင့် တကွဟောတော်မူသည်''ဟု ပုဂ္ဂိုလ်ကို ဖြေပြန်ပေ၏။ ဤသို့သောနည်းဖြင့် ၅ ပါးသော နိကာယ်ကိုလည်း မေး၏။

['၅ ပါးသော နိကာယ်'ဟူသည်ကား ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်၊ ဤ ၅ ပါးတည်း။ ထို ၅ ပါးသော နိကာယ်တို့တွင် 'ခုဒ္ဒကနိကာယ်' မည်သည်ကား ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်၊ ဤ ၄ ပါးကို ထား၍၊ ကြွင်းသော ဘုရားစကားတော်သည် 'ခုဒ္ဒကနိကာယ်' မည်၏။]

ထိုခုဒ္ဒကနိကာယ်၌ ဝိနည်းကို အရှင်ဥပါလိ ဖြေသည်။

ဝိနည်းမှကြွင်းသော အဘိဓမ္မာ ၇ ကျမ်း, ခုဒ္ဒကပါဋကျမ်း, ဓမ္မပဒကျမ်း, ဥဒါန်းကျမ်း, ဣတိဝုတ္တကကျမ်း, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာကျမ်း, ထေရီဂါထာကျမ်း, ဇာတ် ၅၅၀, မဟာနိဒ္ဒေသကျမ်း, ပဋိသမ္ဘိဒါကျမ်း, အပဒါန်းကျမ်း, ဗုဒ္ဓဝင်ကျမ်း, စရိယာပဝဋကကျမ်း။ ဤသို့ အလုံးစုံသော ခုဒ္ဒကနိကာယ်ကို လည်းကောင်း၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် ဤ ၄ ပါးသော နိကာယ်ကို လည်းကောင်း အရှင်အာနန္ဒာ ဖြေသည်။

ထို အလုံးစုံသော မြတ်စွာဘုရားစကားတော်သည်ကား ရသအားဖြင့် ၁ ပါး အပြားရှိ၏။ ဓမ္မဝိနယအားဖြင့် ၂ ပါး အပြားရှိ၏။ ပထမ ဗုဒ္ဓဝစန, မဇ္ဈိမ ဗုဒ္ဓဝစန, ပစ္ဆိမ ဗုဒ္ဓဝစနအားဖြင့် ၃ ပါး အပြားရှိ၏။ ဝိဋ္ဌကတ်အားဖြင့်လည်း ၃ ပါး အပြားရှိ၏။ နိကာယ်အားဖြင့် ၅ ပါး အပြားရှိ၏။ အင်္ဂါအားဖြင့် ၉ ပါး အပြားရှိ၏။ ဓမ္မက္ခန္ဓာအားဖြင့် ၈၀ သောင်း ၄ ထောင် အပြားရှိ၏။

အဘယ်သို့လျှင် ရသအားဖြင့် ၁ ပါး အပြားရှိသနည်းဟူမူကား- မြတ်စွာဘုရားသည် အကယ်၍ အလိုရှိသော သဗ္ဗညုတဉာဏ်ကိုသိတော်မူ၍၊ အကြင်မျှလောက် ကမ္မဇရုပ် အကြွင်း

http://www.dhammadownload.com



မရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူ၏။ ထိုအကြားဌာန ၄၅ နှစ်ပတ်လုံး နတ်, ဘီလူးတို့ကို ဆုံးမတားမြစ်တော်မူသဖြင့် လည်းကောင်း၊ ဆင်ခြင်တော်မူသဖြင့် လည်းကောင်း အကြင်တရားကို ဟောတော်မူ၏။ ထို အလုံးစုံသောတရားတို့သည် ကိလေသာမှ လွတ်ခြင်းကိစ္စ ၁ ပါးသာလျှင် ရှိ၏။

အဘယ်သို့ ဓမ္မဝိနယအားဖြင့် ၂ ပါး အပြားရှိသနည်း ဟူမူကား-သုတ်, အဘိဓမ္မာသည် 'ဓမ္မ' မည်၏။ ဝိနည်းသည် 'ဝိနယ'မည်၏။ ဤသို့ ဓမ္မ, ဝိနယအားဖြင့် ၂ ပါး အပြားရှိ၏။

အဘယ်သို့လျှင် ပထမဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစနအားဖြင့် ၃ ပါး အပြား ရှိသနည်း ဟူမူကား 'အနေကဓာတိသံသာရံ။ သန္ဓာဝိဿံအနိဗ္ဗိဿံ။ ဂဟကာရကဝေသန္တော။ ဒုက္ခာဓာတိ ပုနပုနံ။ ဂဟကာရကဒိဋ္ဌောသိ။ ပုနဂေဟံနကာဟသိ။ သဗ္ဗာတေဖာသုကာဘဂ္ဂါ။ ဂဟကူဋံဝိသခိတံ။ ဝိသခါရ ဂတံ။ စိတ္တံ တဏှာနခယပတ္တဂါ။' ဟူသောစကားသည် ရှေးဦးစွာသော ဘုရားစကားတော် ဗုဒ္ဓဝစနတည်း။

အနက်ကား

"ဘော-ဂဟကာရက။ အို-'အတ္တဘော' တည်းဟူသောအိမ်ကို ပြုတတ်စွာသော တဏှာယောက်ျား ပဲခွပ်သမား။ တံ၊ သင့်ကို။ ဂဝေသန္တော၊ ရှာသော ငါသည်။ ယေနညာဏေန။ အကြင်သဗ္ဗညုတညာဏ်ဖြင့်။ ဒဋ္ဌံ၊ မြင်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်း၏။ တညာဏ၊ ထို သဗ္ဗညုတညာဏ်ကို။ အနိဗ္ဗိဿံအဝိန္ဒန္တော၊ မရသည် ဖြစ်၍။ အနေကဓာတိ၊ များစွာသော, မရေတွက်နိုင်သော အပြစ်ရှိသော။ သံသာရ၊ သံသရာဝဋ်၌။ သန္ဓာဝိဿ သံသရိ၊ ငါ ကျင်လည် လှည့်လေပြီ။ ပုနပုနံ၊ အဖန်တလဲလဲ။ ဓာတိ၊ ဘဝ ၃ ပါး၌ ပဋိသန္ဓေနေခြင်းသည်။ ဒုက္ခာ၊ ဆင်းရဲ၏။

"ဘော-ဂဟကာရက၊ အို-'အတ္တဘော' တည်းဟူသောအိမ်ကို ပြုတတ်စွာသော တဏှာယောက်ျား ပဲခွပ်သမား။ ဂ္ဂဒါနိ၊ ယခုကား။ တံ၊ သင့်ကို။ ဒိဋ္ဌော၊ မြင်အပ်သည်။ အသိ၊ ဖြစ်ပြီ။ ပုန၊ တစ်ဖန်။ ဂေဟံ၊ 'အတ္တဘော' တည်းဟူသော သင်၏အိမ်ကို။ နကာဟသိ၊ သင် မပြုရပြီ။ တေ၊ သင်၏။ သဗ္ဗာအနဝသေသာ၊ အလုံးစုံ အကြွင်းမရှိကုန်သော။ ဖာသုကာ၊ 'ကိလေသာ' တည်းဟူသော အိမ်၏အခြင်တို့ကိုလည်း။ ဘဂ္ဂါ၊ ငါ ချိုးဖဲ့အပ်ကုန်ပြီ။ ဂဟကူဋံ၊ 'အဝိဇ္ဇာ'တည်း ဟူသော သင်၏ အိမ်ထွတ်ကိုလည်း။ ဝိသခိတံ၊ ငါ ချဘိ၏။ (ဖျက်ဆီးပြီလည်း ဟူ)။ စိတ္တံ၊ ငါ၏စိတ်သည်လည်း။ ဝိသခါရဂတံ၊ အာရုံပြုသဖြင့် နိဗ္ဗာန်သို့ရောက်ပြီ။ တဏှာနံ၊ 'ကိလေသာ' တည်းဟူသော တဏှာတို့၏။ ခယံ၊ ကုန်ရာကုန်ကြောင်းဖြစ်သော အရဟတ္တဖိုလ်ကို။ အဇ္ဈဂါ၊ ငါ ရပြီ"

ဤစကားလည်း ရှေးဦးစွာသောဘုရားစကားတော် ပထမဗုဒ္ဓဝစန တည်း။

မဟာဝါပါဠိတော်ကား 'ယဒါဟဝေပါတုဘဝန္တိဓမ္မာ' အစရှိသော ဥဒါန်းဂါထာကို 'ပထမ ဗုဒ္ဓဝစန' ဟူ၍ ဆိုကုန်၏။

ပန်းချီပြည့်စုံတိုက်

http://www.dhammadownload.com



ဤဥဒါန်းဂါထာသည်ကား ကဆုန်လပြည့်အထွက် တစ်ရက်နေ့၌ သောမနဿညာဏ်ဖြင့် ပဋိစ္စသမုပ္ပါဒ်ကို ဆင်ခြင်တော်မူသော သဗ္ဗညုအဖြစ်သို့ရောက်ပြီးသော မြတ်စွာဘုရားအား ဖြစ်သော ဥဒါန်းဂါထာတည်း ဟု သိအပ်၏။ အနေကဇာတိ ဂါထာကား မနသာဝဝတ္ထုဝိဒေသနာတော်တည်း။ 'ယဒါဟဝေ' အစရှိသော ဥဒါန်းဂါထာသည်ကား ဝစီဘေဒဂါထာတည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောကာလ၌ 'ဟန္ဒဒါနိဘိက္ခဝေ အာမန္တယာမိ ဝေါ ဝယဓမ္မာသင်္ခါရာ အပ္ပမာဒေနသမ္ပာဒေထ' ဟူ၍ ဟောတော်မူ၏။

အနက်ကား-

"ဘိက္ခဝေ၊ ရဟန်းတို့။ ဟန္ဒဒါနိ၊ ယခုအခါ၌။ ဝေါတုမှာကံ၊ သင်တို့ကို။ အာမန္တယာမိ ပဋိဝေဒယာမိ၊ ငါ သိစေ၏။ သင်္ခါရာ၊ သင်္ခါရတရားတို့သည်ကား။ ဝယဓမ္မာ၊ ပျက်တတ်သော သဘော ရှိကုန်၏။ အပ္ပမာဒေန၊ မမေ့မလျော့သဖြင့်။ သမ္ပာဒေထ၊ ပြီးစေကုန်လော့။"

ဤစကားသည် အဆုံးသော ဘုရားစကားတော် ပစ္ဆိမဗုဒ္ဓဝစနတည်း။

ဤ ၂ ပါးတို့၏ အလယ် ၄၅ နှစ်ပတ်လုံး နတ်, ဘီလူး, လူတို့ကို ဟောတော်မူသော တရားတော်အပေါင်းတို့သည်ကား 'အလယ်သောဘုရားစကားတော်' မဇ္ဈိမ ဗုဒ္ဓဝစနတည်း။ ဤသို့လျှင် ပထမဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစနအားဖြင့် ၃ ပါး အပြားရှိ၏။

## ဝိဋကတ် ၃ ပုံ

အာယ်သို့လျှင် ဝိဋကတ်အားဖြင့် ၃ ပါးအပြားရှိသနည်း ဟူမူကား ဝိနည်းဝိဋကတ်, သုတ္တန်ဝိဋကတ်, အဘိဓမ္မာဝိဋကတ်အားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃ ပါးတို့တွင် ပထမသင်္ဂါယနာကို လည်းကောင်း, ဒုတိယသင်္ဂါယနာကို လည်းကောင်း, တတိယသင်္ဂါယနာကို လည်းကောင်း, အလုံးစုံကိုပေါင်း၍ ၂ ပါးကုန်သော ပါတိမောက်တို့ကို လည်းကောင်း, ၂ ပါးကုန်သော ဝိဘင်းတို့သည် လည်းကောင်း, ၂၂ ပါးသော ခန္ဓကတို့သည် လည်းကောင်း, ၆ ပါးသော ပရိဝါရသည် လည်းကောင်း ပါရာဇိကဏ်ကား ဘိက္ခုပါစိတ်တည်း။ ဘိက္ခုနီဝိဘင်းကား ဘိက္ခုနီပါစိတ် တည်း။

'၂၂ ပါးသော ခန္ဓက' ဟူသော်ကား မဟာဝါပါဠိ၌လာသော ခန္ဓက ၁၀, စူဠဝါပါဠိ၌လာသော ခန္ဓက ၁၂ ပါးတည်း။ မဟာစူဠဝါကို 'ခန္ဓက' ဆိုသည်။

'၁၆ ပါးသော ပရိဝါရ' ဟူသော်ကား ပရိဝါပါဠိ၌လာသော ပညတ္တိဝါရ, ကထာပတ္တိဝါရ, ဝိပ္ပတ္တိဝါရ, သင်္ဂဟဝါရ, သမုဋ္ဌာနဝါရ, အဓိကရဏဝါရ, သမထဝါရ, သမုစ္စယဝါရ, ကထာပညတ္တိဝါရ၊ ထိုနောင် ရှေးနှင့် အမည်တူသောကြောင့် ကထာပတ္တိ ၇ ပါး ပေါင်းသော် ၁၆ ဝါရ ဖြစ်၏။ ဘိက္ခုဝိဘင်း၌လည်း ၁၆ ဝါရ ဖြစ်၏။ ဘိက္ခုနီဝိဘင်း၌ ၅၆ ဝါရ လည်းကောင်းတည်း။ ဤအလုံးစုံသည် 'ဝိနည်းဝိဋကတ်' မည်၏။

http://www.dhammadownload.com



'သုတ္တန်ပိဋကတ်' ဟူသော်ကား-

ဇြဟ္မာလသုတ် အစရှိသော ၃၄ သုတ် အရေအတွက်ရှိသော ဒီဃနိကာယ်၊

မူလပရိယာယသုတ် အစရှိသော ၁၅၂ သုတ် အရေအတွက်ရှိသော မဇ္ဈိမနိကာယ်၊

ဩဃတရဏသုတ် အစရှိသော ၇၇၆၂ သုတ် အရေအတွက်ရှိသော သံယုတ္တနိကာယ်၊

စိတ္တပရိယာဒါနသုတ် အစရှိသော ၉၅၅၂ သုတ် အရေအတွက်ရှိသော အင်္ဂုတ္တရနိကာယ်၊

ခုဒ္ဒကပါဋဌမ်း, ဓမ္မပဒကျမ်း, ဥဒါန်းကျမ်း, ဣတိဝုတ္တကကျမ်း, သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာ, ထေရီဂါထာ, ဇာတ် ၅၅၀, မဟာနိဒ္ဒေသကျမ်း, အပဒါန်ကျမ်း, စရိယာပဋကကျမ်း, ပေဋကောပဒေသကျမ်း (ဟူသည်ကား နေတ္တိကျမ်းတည်း), ၅၅ ပါးအပြားရှိသော ခုဒ္ဒကနိကာယ်၊ အလုံးစုံသည် 'သုတ္တန်ပိဋကတ်'မည်၏။

ပိဋကတ် ၃ ပုံတွင် သုတ္တန်လျှင် များသတည်း။

နိကာယ် ၅ ပါးတွင် ခုဒ္ဒကနိကာယ်လျှင် များသတည်း။ ဝိနည်း ၅ ကျမ်း, အဘိဓမ္မာ ၇ ကျမ်းတို့သည် ခုဒ္ဒကနိကာယ် လည်းကောင်းတည်း။

'အဘိဓမ္မာပိဋကတ်' ဟူသော်ကား ဓမ္မသင်္ဂဏီကျမ်း, ဝိဘင်းကျမ်း, ကထာဝတ္ထုကျမ်း ပုဂ္ဂလပညတ်ကျမ်း, ကထာဝတ္ထုကျမ်း, ယမိုက်ကျမ်း၊ ပဋ္ဌာန်းကျမ်း ဤအလုံးစုံသည် အဘိဓမ္မာ ပိဋကတ် မည်၏။ ။ ဤသို့လျှင် ပိဋကတ်အားဖြင့်လည်း ၃ ပါးအပြား ရှိ၏။

## နိကာယ် ၅ ရပ်

အဘယ်သို့လျှင် နိကာယ်အားဖြင့် ၅ ပါး ပြားသနည်း ဟူမူကား အလုံးစုံသော မြတ်စွာဘုရားစကားတော်သည် ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ် ဟူ၍ ၅ ပါး အပြား ရှိ၏။ ထို ၅ ပါးသော နိကာယ်တို့တွင်

'ဒီဃနိကာယ်' ဟူသည်ကား ဝဂ် ၃ ပါးတို့ဖြင့် ရေတွက်အပ်ကုန်သော ဇြဟ္မာလသုတ် အစရှိသော ၃၄ ပါးသောသုတ်တို့သည် 'ဒီဃနိကာယ်' မည်၏။

'စတုတ္တိသေဝသုတ္တန္တာတိဝဂ္ဂေါ ယဿသင်္ဂီဟော၊ ဧသဒီဃနိကာယော တိ၊ ပဌမော အနုလောမိကော'

''ယဿ နိကာယဿ၊ အကြောင်နိကာယ်အား။ တိဝဂ္ဂေါသင်္ဂီဟော၊ ၃ ပါးသော ဝဂ်တို့ဖြင့် ရေတွက်အပ်သော။ စတုတ္တိသေဝသုတ္တန္တာ၊ ၃၄ ပါးသော သုတ်တို့သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဌမော၊ ရှေးဦးစွာသော။ ဧသဧသေနိကာသော၊ ဤနိကာယ်ကို။ အနုလောမိကော၊ အနက်အား လျောက်ပတ်သော။ ဒီဃနိကာယောဟောတိ၊ 'ဒီဃနိကာယ်'ဟူ၍။ ဝုစ္စတိ၊ ဆို အပ်၏။''

http://www.dhammadownload.com



အဘယ်ကြောင့် ဒီဃနိကာယ် မည်သနည်း ဟူမူကား ရှည်သောအတိုင်းအရှည် ရှိကုန်သော သုတ်တို့၏အပေါင်း ဖြစ်သောကြောင့် လည်းကောင်း၊ သုတ်တို့၏နေရာဖြစ်သောကြောင့် လည်းကောင်း၊ 'ဒီဃနိကာယ်'ဟူ၍ ဆိုအပ်၏။

'မဇ္ဈိမနိကာယ်'ဟူသော်ကား လျစ်လျူသောပမာဏ ရှိကုန်သော, ၁၅ ပါးသော ဝဂ်တို့ဖြင့် ရေတွက်အပ်ကုန်သော, မူလပရိယာယသုတ် အစရှိကုန်သော ၁၅၂ သုတ်တို့သည် 'မဇ္ဈိမနိကာယ်' မည်၏။

'ဒီဃမုသတ သုတ္တန္တာ၊ ဒွေ စ သုတ္တာနိယတ္ထသော။ နိကာယော မဇ္ဈိမော ပဉ္စ၊ ဒသဝဂ္ဂ ပရိဂ္ဂဟော။'

''ယတ္တနိကာယေ၊ အကြင် နိကာယ်၌။ ဒီဃမုသတသုတ္တန္တာ၊ ၁၅၀ သော သုတ်တို့သည် လည်းကောင်း။ ဒွေစသုတ္တာနိ၊ ၂ ပါးသောသုတ်တို့သည် လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ ပဉ္စဒသဝဂ္ဂပရိဂ္ဂတော သင်္ဂီဟော၊ ၁၅ ပါးသောဝဂ်တို့ဖြင့် ရေတွက်အပ်သော။ သော နိကာယော၊ ထိုနိကာယ်သည်။ မဇ္ဈိမော၊ 'မဇ္ဈိမနိကာယ်' မည်၏။

'သံယုတ္တနိကာယ်' ဟူသော်ကား ဒေဝတာသံယုတ် အစရှိသောအားဖြင့်တည်ကုန်သော သြဃတရဏသုတ် အစရှိကုန်သော ၇၇၆၂ သုတ်တို့သည် သံယုတ္တနိကာယ် မည်၏။

'သတ္တသုတ္တသဟဿာနိ သတ္တသုတ္တသတာနိစ။ ဒွါသဋ္ဌိစေဝသုတ္တန္တာ။ ဧသော သံယုတ္တသင်္ဂဟော။'

''ယတ္ထ၊ အကြင်နိကာယ်၌။ သတ္တသုတ္တသဟဿာနိ၊ ၇၀၀၀ သောသုတ်တို့သည် လည်းကောင်း။ သတ္တသုတ္တသတာနိစ၊ ၇၀၀ သောသုတ်တို့သည် လည်းကောင်း။ ဒွါသဋ္ဌိစေဝသုတ္တန္တာ၊ ၆၂ ပါးသော သုတ်တို့သည် လည်းကောင်း။ အတ္ထိသန္တိ၊ ရှိကုန်၏။ ဧသောနိကာယော၊ ထိုနိကာယ်သည်လျှင်။ သံယုတ္တ သင်္ဂဟော၊ သံယုတ္တနိကာယ်၏ ရေတွက်ခြင်းတည်း။''

'အင်္ဂုတ္တရနိကာယ်' ဟူသော်ကား ၁ ပါး ၁ ပါးသော အင်္ဂါ လွန်သောအားဖြင့် တည်ကုန်သော စိတ္တပရိယာဒါနသုတ်လျှင် အစရှိကုန်သော ၉၅၅၂ သုတ်တို့သည် 'အင်္ဂုတ္တရနိကာယ်' မည်၏။

'နဝသုတ္တသဟဿာနိ၊ ပဉ္စသုတ္တသတာနိစ။ သတ္တပညာသသုတ္တာနိ။ သင်္ချာအင်္ဂုတ္တရေအယံ။'

''နဝသုတ္တသမဟဿာနိ၊ ၉၀၀၀ သော သုတ်တို့ လည်းကောင်း။ ပဉ္စသုတ္တသတာနိစ၊ ၅၀၀ သော သုတ်တို့ လည်းကောင်း။ သတ္တပညာသုတ္တာနိ၊ ၅၇ သုတ်တို့ လည်းကောင်း။ အယံ၊ ဤသည်လျှင်။ အင်္ဂုတ္တရေ၊ အင်္ဂုတ္တရနိကာယ်၌။ သင်္ချာ၊ သုတ်တို့၏ အရေအတွက်တည်း။''

'ခုဒ္ဒကနိကာယ်' ဟူသော်ကား အလုံးစုံသောဝိနည်းပိဋကတ်, အဘိဓမ္မာပိဋကတ်, ခုဒ္ဒကပါဋ္ဌကျမ်း, ဓမ္မပဒကျမ်း, ဥဒါန်းကျမ်း, ဣတိဝုတ္တက၊ သုတ္တနိပါတ်, ဝိမာနဝတ္ထု, ပေတဝတ္ထု, ထေရဂါထာကျမ်း, ထေရီဂါထာကျမ်း, ဇာတ် ၅၅၀, မဟာနိဒ္ဒေသကျမ်း, ပဋိသမ္ဘိဒါကျမ်း, အပဒါန်ကျမ်း, ဗုဒ္ဓဝင်, စရိယာ

http://www.dhammadownload.com



ဝိဋ္ဌကကျမ်း, ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ် ဤနိကာယ် ၄ ပါးမှ ကြွင်းသော ဘုရားစကားတော်တို့သည် 'ခုဒ္ဒကနိကာယ်' မည်၏။

'ဌပေတွာ စတုရောပေတော။ နိကာယေ ဒီဃအာဒိကေ၊ တဒည် ဗုဒ္ဓဝစနံ နိကာယော။ ခုဒ္ဒကောမတော။'

''ဒီဃအာဒိကေ၊ ဒီဃနိကာယ် အစရှိကုန်သော။ ဧတေစတုရောနိကာယေ၊ ဤနိကာယ် ၄ ပါးတို့.ကို။ ဌပေထွာ၊ ထား၍။ တဒည်၊ ထိုနိကာယ် ၄ ပါးမှတစ်ပါးသော။ ဗုဒ္ဓဝစနံ၊ မြတ်စွာဘုရားစကားတော်ကို။ ခုဒ္ဒကောနိကာယော၊ ခုဒ္ဒနိကာယ် ဟူ၍။ မတော၊ သိအပ်၏။''

ဤသို့ နိကာယ်အားဖြင့် ၅ ပါး အပြားရှိ၏။

### ဝိဋ္ဌကတ် ၃ ပုံ အင်္ဂါ ၉ ပါး

အဘယ်သို့လျှင် အင်္ဂါအားဖြင့် ၉ ပါး အပြားရှိသနည်းဟူမူကား အလုံးစုံသောမြတ်စွာဘုရား စကားတော်သည် 'သုတ္တ, ဂေယျ, ဝေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ' ဟူ၍ ၉ ပါး အပြား ရှိ၏။

### ၁-သုတ္တ

ထို ၉ ပါးတွင် ဥဘတောဝိဘင်း, နိဒ္ဒေသကျမ်း, ခန္ဓက ပရိဝါ, သုတ္တနိပါတ်၌ မင်္ဂလသုတ်, ရတနသုတ်, နာဠကသုတ်, တုဝဋ္ဋကသုတ်။ ထိုမှတစ်ပါး 'သုတ်'ဟူ၍ အမည်ရှိသော မြတ်စွာဘုရားစကားတော်ကို 'သုတ္တ'ဟူ၍ သိအပ်၏။

'ဥဘတောဝိဘင်း' ဟူသည်ကား ဘိက္ခုဝိဘင်း, ပါရာဇိကဏ်အစ ဘိက္ခုပါစိတ်အဆုံးတိုင်ရဲသည်တည်း။ ဘိက္ခုနီဝိဘင်းကား ဘိက္ခုနီဝိဘင်းတည်း။ ဤ ၂ ပါးကိုလျှင် 'ဥဘတောဝိဘင်း' ဟု ဆိုသတည်း။

'နိဒ္ဒေသကျမ်း' ဟူသည်ကား သုတ္တန်နိပါတ်၌လာသော အဋ္ဌကဝဂ်, ပါရာယနဝဂ်, ခဂ္ဂဝိသာနသုတ်၏ အဖွင့်ကိုခွဲဝေ၍ အရှင်သာရိပုတ္တရာပြုသော ကျမ်းတည်း။

'နာဠကသုတ်' ဟူသည်ကား ပဒုမုတ္တရဘုရားဌာနဆုတောင်း၍ ကမ္ဘာ ၁ သိန်းပါရမီဖြည့်ပြီးသော နာဠက ထေရ်သည် မောနေယျအကျင့်ကိုမေးရကား 'မောနေယျတေဥပညာသံ' အစရှိသည်ဖြင့် ဟောတော်မူသော မောနေယျသုတ်တည်း။

'တုဝဋ္ဋကသုတ်' ဟူသည်ကား မဟာသမယသုတ်ကို ဟောတော်မူသောအခါ စည်းဝေးသော နတ်, ဗြဟ္မာတို့သည် 'ရဟန္တာအဖြစ်သို့ရောက်အံ့သောအကြောင်းကား အဘယ်သည်လျှင် အကြောင်းဖြစ်သနည်း' ဟု အကြံသည်ဖြစ်ကုန်ရကား၊ ထိုအကြံကို သိတော်မူ၍ နိမ္မိတဘုရား ဖန်ဆင်းတော်မူလျက် ထိုနိမ္မိတဘုရားကို မေးစေ၍၊ 'မူလပဋ္ဌာသဒိါယ' အစရှိသည်ဖြင့် ဟောတော်မူသောသုတ်ကို ဆိုသတည်း။

### ၂-ဂေယျ

ဟူသည်ကား အလုံးစုံဂါထာရှိသောသုတ်ကို ဂေယျ ဟူသည်တည်း။ အထူးသဖြင့် သံယုတ်၌ အလုံးစုံသော သဂါထာဝဂ်ကို ဂေယျ ဟု သိအပ်၏။

http://www.dhammadownload.com



**၃-ဝေယျာကရဏ**

ဟူသည်ကား အလုံးစုံသောအဘိဓမ္မာပိဋကတ်၊ ဂါထာမရှိသော သုတ်တို့ကို လည်းကောင်း, ထိုမှတစ်ပါး လည်း ၈ ပါးသောအင်္ဂါတို့ဖြင့် မရေတွက်အပ်သော အကြင်မြတ်စွာဘုရား စကားတော်သည် ရှိ၏။ ထိုမြတ်စွာဘုရား စကားတော်ကို လည်းကောင်း 'ဝေယျာကရဏ'ဟု သိအပ်၏။

ဝေယျာကရဏ်း ဟူသည်ကား အမေးထုတ်ဦး၍၊ ထိုအမေးကိုဖြေလျက် စုဏ္ဍိယ သာဟောတော်မူသတည်း။ အဘိဓမ္မာ ၇ ကျမ်း၌ ဓမ္မစကြာ အစရှိသည်တို့ကို 'ဝေယျာကရဏ်း' ဟူ၍ မှတ်အပ်၏။ ဝေယျာကရဏ်း, ဗျာကရဏ်း ဟူသည်ကား အတူတူပင်။

**၄-ဂါထာ** ဟူသည်ကား ဓမ္မပဒ, ထေရဂါထာ, ထေရီဂါထာ, သုတ္တနိပါတ်၌ လာသော 'သုတ်'ဟူ၍ အမည်မရှိသော သက်သက်သောဂါထာကို 'ဂါထာ'ဟူ၍ ဆိုအပ်၏။

'သုဒ္ဓိကဂါထာ'ဟူသည်ကား ပါရာယနဝဂ်၌ နိဒါန်းကို သင်္ဂါယနာတင်သောအခါ အရှင်အာနန္ဒာ ရွတ်တော်မူသော ၅၀ သော ဂါထာ။ ထိုပါရာယနသုတ်၌ လည်းကောင်း အဇိတလုလင် အစရှိသော ၁ ကျိပ် ၆ ယောက်သော ပုဏ္ဏားတို့၏ အမေးဂါထာ, မြတ်စွာဘုရား ဖြေတော်မူသော ဂါထာတို့တည်း။

**၅-ဥဒါန်း**

ဟူသည်ကား သောမနဿဖြင့်ပြီးသော, ဂါထာနှင့်ယှဉ်ကုန်သော ၈၂ ပါးသော သုတ်တို့ကို 'ဥဒါန်း' ဟူ၍ သိအပ်၏။

**၆-ဣတိဝုတ္တက**

ဟူသည်ကား 'ဝုတ္တံဟေတံဘဂဝတာ' ဤသို့ အစရှိသောနည်းဖြင့် ဖြစ်သော ၁၁၀ သောသုတ်တို့ကို 'ဣတိဝုတ္တက' ဟူ၍ သိအပ်၏။

**၇-ဇာတက**

ဟူသည်ကား အပဏ္ဏကဇာတ် အစရှိကုန်သော ၅၅၀ တို့ကို 'ဇာတ်' ဟူ၍ သိအပ်၏။

**၈-အဗ္ဘုတဓမ္မ**

ဟူသည်ကား 'စတ္တာရောမေဘိက္ခဝေ၊ အဏ္ဍရိယာအဗ္ဘုတာမွာအာနန္ဒေ။' ဤသို့ အစရှိသောနည်းဖြင့်ဖြစ်သော အံ့ဖွယ်ကျေးဇူးနှင့်ယှဉ်ကုန်သော ခပ်သိမ်းကုန်သောသုတ်တို့ကို 'အဗ္ဘုတဓမ္မ' ဟူ၍ သိအပ်၏။

''ရဟန်းတို့။ အာနန္ဒာ၌ အံ့ဖွယ်တို့သည်ကား ၄ ပါးတို့တည်း။ အရှင်အာနန္ဒာ၌ အံ့ဖွယ် ၄ ပါး ဟူသည်ကား ဘိက္ခုပရိသတ်တို့သည် အရှင်အာနန္ဒာကိုမြင်၍ ရောင့်ရဲခြင်းမရှိ။ အရှင်အာနန္ဒာဟောသော တရားကိုကြား၍ ရောင့်ရဲခြင်းမရှိသည်လည်း ၁ ပါး။ ။ဘိက္ခုနီပရိသတ်တို့သည် အရှင်အာနန္ဒာကိုမြင်၍ ရောင့်ရဲခြင်း မရှိ။ အရှင်အာနန္ဒာဟောသောတရားကို ကြား၍လည်း ရောင့်ရဲခြင်းမရှိသည်လည်း ၁ ပါး။ ။ ဒါယကာ

http://www.dhammadownload.com



ယောကျ်ားတို့သည် အရှင်အာနန္ဒာကိုမြင်၍ ရောင့်ရဲခြင်း မရှိ။ အရှင်အာနန္ဒာဟောသော တရားကို ကြား၍လည်း ရောင့်ရဲခြင်းမရှိသည်လည်း အံ့ဖွယ် ၁ ပါး။ ။ ဒါယိကာမတို့သည်လည်း အရှင်အာနန္ဒာကို မြင်ခြင်း၌ ရောင့်ရဲခြင်းမရှိ။ အရှင်အာနန္ဒာဟောသောတရားကို ကြားချင်လေလေ ဖြစ်သည်လည်း အံ့ဖွယ် ၁ ပါး။ ဤသို့ အံ့ဖွယ် ၄ ပါးနှင့် ပြည့်စုံ၏'' ဟူလိုသော။

၉-ဝေဒလ္လ ဟူသည်ကား စူဠဝေဒါန်, မဟာဝေဒါန်, သမ္မာဒိဋ္ဌိသုတ်, သက္ကပဉ္ဉသုတ်, သခ်ါရဘာဇနိယသုတ်, မဟာပုဏ္ဏမသုတ် အစရှိကုန်သော အသိဉာဏ်ကို လည်းကောင်း၊ နှစ်သက်ခြင်းကိုလည်းကောင်း ရ၍ ရ၍ မေးသော သုတ္တန်တို့ကို 'ဝေဒလ္လ' ဟူ၍ သိအပ်၏။

ဝိသာခါဒါယိကာမ မေး၍၊ 'ဓမ္မဒိန္နာ'အမည်ရှိသော ဘိက္ခုနီမ ဟောသောသုတ်သည်ကား 'စူဠဝေဒါန်' တည်း။ မဟာကောဋ္ဌိကထေရ် မေးသဖြင့် အရှင်သာရိပုတ္တရာ ဟောသောသုတ်သည်ကား 'မဟာဝေဒါန်'တည်း။

သမ္မဒိဋ္ဌိသုတ် ဟူသည်ကား သခင်ရဟန်းတို့မေး၍ အရှင်သာရိပုတ္တရာဟောသော သုတ်တည်း။သက္ကပဉ္ဉကား သိကြားမေး၍ မြတ်စွာဘုရားဟောတော်မူသတည်း။ မဟာပုဏ္ဏမသုတ်ကိုကား ပန္နရသီ ဥပုသ်နေ့၌ အမှတ်မရှိသော သခင်တစ်ပါးသည် မေး၍ မြတ်စွာဘုရား ဟောတော်မူ၏။

ဤသို့ အင်္ဂါအားဖြင့် ၉ ပါးအပြား ရှိ၏။

http://www.dhammadownload.com



## ဓမ္မက္ခန္ဓာ ၈ သောင်း ၄ ထောင်

အဘယ်သို့လျှင် ဓမ္မက္ခန္ဓာအားဖြင့် ၈ သောင်း ၄ ထောင် အပြားရှိသနည်း ဟူမူကား

'ဒွါသီတိဟဇ္ဇ တောဂဏ်ဦ။ ဒွေသဟဿာနိ ဘိက္ခုတော၊ စတုရာသီတိ သဟဿာနိ။ ယေမေဓမ္မာပတ္တိနော'

''တေဇြဟ္မဏ၊ အို-ပုဏ္ဏား။ ဒွါသီတိသဟဿာနိ၊ ၈ သောင်း ၂ ထောင်သောဂါထာတို့ကို။ ဗုဒ္ဓတော၊ မြတ်စွာဘုရားမှ။ အဟံ၊ ငါသည်။ ဂဏှိ-ဥဂ္ဂဏှိ၊ သင်၏။ ဒွေသဟဿာနိ၊ ၂၀၀၀ သောဂါထာတို့ကို။ ဘိက္ခုတော၊ အရှင်သာရိပုတ္တရာမှ။ ဥဂ္ဂဏှိ၊ သင်၏။ ယေဓမ္မာ၊ အကြင် ၈ သောင်း ၄ ထောင်သော ဓမ္မက္ခန္ဓာတို့ကို။ မေမမ၊ ငါ၏။ ဟဒယေ၊ နှလုံး၌ဖြစ်စေအပ်ပြီ။ တစ်နည်းကား-ငါ့အား နှုတ်ဖြင့် ဆောင်အပ်ကုန်ပြီ။

ဤဂါထာကား 'ဂေါပကမောဂ္ဂလာန်' အမည်ရှိသောပုဏ္ဏားသည် ''အရှင်အာနန္ဒာကား 'ဗဟုသုတရှိသူ' ဟူ၍ ကျော်စောဂ၏။ အဘယ်မျှလောက်သောတရားတို့ကို အရှင်အာနန္ဒာ၏ဆရာ မြတ်စွာဘုရား ထားခဲ့သနည်း'' ဟု မေးရကား၊ အရှင်အာနန္ဒာ ဖြေတော်မူသတည်း။

ထို ၈ သောင်း ၄ ထောင်သော ဓမ္မက္ခန္ဓာတို့တွင် သုတ္တန်၌ တစ်ခုသောအနုသန္ဓေ ရှိသောသုတ်သည်ကား 'ဝ ပါးသော ဓမ္မက္ခန္ဓာ' မည်၏။ အကြင်သုတ်သည် များသောအနုသန္ဓေ ရှိ၏။ ထိုသုတ်သည် အနုသန္ဓေအားဖြင့် ဓမ္မက္ခန္ဓာ အရေအတွက်သည် ဖြစ်၏။ မဟာသတိပဋ္ဌာန်သုတ်သည်ကား အနုသန္ဓေ ၁ ခုသာ ရှိသတည်း။

မဟာပရိနိဗ္ဗာနသုတ်သည်ကား အထူးထူးသောဒေသနာတို့ဖြင့် ဖြစ်သောကြောင့် အနုသန္ဓေ အထူးထူး ရှိသတည်း။ မဟာသတိပဋ္ဌာနသုတ်ကား ''ချစ်သားရဟန်းတို့။ သောကပရိဒေဝ စသည်တို့ကို လွန်စေ၍၊ မဂ်, ဖိုလ်,နိဗ္ဗာန်၏အကြောင်းဖြစ်သော ဤသတိပဋ္ဌာန် ၄ ပါး ဟူသောခရီးကား ၁ ကြောင်းသာဟူ၍ ဟောတော်မူလေသောကြောင့် အနုသန္ဓေ ၁ ခုသာ ယူသတည်း။

ဂါထာဗန္ဓတို့၌ မေးခြင်းသည် '၁ ခုသော ဓမ္မက္ခန္ဓာ' မည်၏။ ဖြေခြင်းသည် '၁ ခုသော ဓမ္မက္ခန္ဓာ' မည်၏။

အဘိဓမ္မာ၌ ၁ ပါး - ၁ ပါးသော တိကဒုကတို့ကို ခွဲဝေခြင်းသည် လည်းကောင်း၊ ၁ ခု - ၁ ခုသော စိတ်၏ဝါရကို ခွဲဝေခြင်းသည်လည်းကောင်း '၁ ပါး - ၁ ပါးသော ဓမ္မက္ခန္ဓာ' မည်၏။ ဝိနည်း၌ ဝတ္ထုသည် ရှိ၏။ မာတိကာသည် ရှိ၏။ ပဒဘာဇနီသည် ရှိ၏။ ပညတ်သည် ရှိ၏။ အနုပညတ် ရှိ၏။ အန္တရာပတ္တိသည် ရှိ၏။ အာပတ္တိသည် ရှိ၏။ အနာပတ္တိသည် ရှိ၏။ တိက္ကအပိုင်းအခြားသည် ရှိ၏။ ထိုဝတ္ထု စသည်တို့တွင် ၁ ပါး - ၁ ပါးသောအစုသည် '၁ ပါး - ၁ ပါးသော ဓမ္မက္ခန္ဓာ' မည်၏။ ။

ဂါထာဗန္ဓတို့၌ ၁ ပါး - ၁ ပါး ဟူသည်ကား 'ကတိဆိန္နေ၊ ကတိဇဟော။ လ ။ ပဉ္စဆိန္နေ ပဉ္စဇဟော' အစရှိသည်တို့တည်း။ ။

အဘိဓမ္မာ၌ ၁ ခု - ၁ ခုသော တိကဒုကတို့ကို ခွဲခြမ်းခြင်းတို့ကို နိက္ခေပကဏ္ဍ, အဋ္ဌကထာကဏ္ဍအားဖြင့် ယူအပ်၏။ ။ စိတ်၏ဝါရကို ခွဲဝေခြင်းကိုကား စိတ္တုပ္ပါဒကဏ္ဍအားဖြင့် ယူအပ်၏။ ။

http://www.dhammadownload.com



ဝိနည်းဌ ' ဝတ္ထု ' ဟူသော်ကား သုဒိန်ကဏ္ဍ စသည်တို့ ယူ။ ။ ' မာတိကာ ' ဟူသည်ကား၊ ' ယောပနာဘိက္ခု ဘိက္ခုနံ သိက္ခာ သာဓိဝသမန္နော၊ ' အစရှိသော ပညတ်တော်အကျင့်ကို ယူ။ ။ ' ပဒဘာဇနီ ' ဟူသည်ကား မာတိကာပုဒ်ကို ခွဲဝေခြင်းတို့ ဟူသော ' ယောပနာတိ ယောယာဒိသော ' စသည်ကို ယူ။ ။ ' အန္တရာပတ္တိ ' ဟူသည်ကား သိက္ခာပုဒ်တို့၏အကြားအကြား၌ဖြစ်သော ' ပစနိလာတံပဌပတ္တိ ဒုက္ကဋသ ' အစရှိသည်ဖြင့် ပါစိတ် အစရှိသည်သို့မရောက်မီ ဒုက္က စသည် သင့်သည်ကို ယူ။ ။

' အနာပတ္တိ ' ဟူသည်ကား အာပတ္တိအာဇာနန္တသ၊ အသာဒိယန္တသ၊ ဥမ္မတ္တကသမ္မတ္တသအာဒိကမ္မိကသ အစရှိသော အနာပတ္တိဝါရကို ယူ။ ။

' တိကစ္ဆေဒ ' ဟူသည်ကား ' ဒသာဟံတိက္ကန္တေ။ အတိက္ကန္တိသည်နိသဒ္ဒိယံ ပါစိတ္တိယံ ဒသာဟ တိက္ကန္တေ၊ ဧကာဒသမတိကောနိသဒ္ဒိယပါစိတ္တိယံ၊ ဒသာဟံတိက္ကန္တေအနတိက္ကန္တသညီ နိသဒ္ဒိယံပါစိတ္တိယံ ' အစရှိသော နည်းဖြင့် လာသော တိကပါစိတ်, တိကဒုက စသည်ကိုယူ။ ။ ဤသို့ ဓမ္မကွန္မာအားဖြင့် ၈ သောင်း ၄ ထောင် အပြားရှိ၏။ ဤသို့ အဘေဒ အားဖြင့်ဖြစ်သော ကိလေသာမှ လွတ်ခြင်း ကိစ္စအားဖြင့် အရဟတ္တဖိုလ်၏ ပြည့်စုံခြင်းဖြင့် ၁ ပါး တည်းသော အပြားရှိသော၊ အဘေဒအားဖြင့် ဓမ္မ, ဝိနယ ဟူ၍ ၂ ပါး အပြားရှိသော၊ ပဌမဗုဒ္ဓဝစန, မဇ္ဈိမဗုဒ္ဓဝစန, ပစ္ဆိမဗုဒ္ဓဝစန အားဖြင့် ၃ ပါး အပြားရှိသော၊ ဝိနည်းပိဋကတ်, သုတ္တန်ပိဋကတ်, အဘိဓမ္မာပိဋကတ်အားဖြင့်လည်း ၃ ပါး အပြားရှိသော၊ ဒီဃနိကာယ်, မဇ္ဈိမနိကာယ်, သံယုတ္တနိကာယ်, အင်္ဂုတ္တရနိကာယ်, ခုဒ္ဒကနိကာယ်အားဖြင့် ၅ ပါး အပြားရှိသော၊ သုတ္တ, ဂေယျ, ဂေယျာကရဏ, ဂါထာ, ဥဒါန, ဣတိဝုတ္တက, ဇာတက, အဗ္ဘုတဓမ္မ, ဝေဒလ္လ ဟူ၍ အင်္ဂါအားဖြင့် ၉ ပါး အပြားရှိသော၊ ဓမ္မကွန္မာ အားဖြင့် ၈ သောင်း ၄ ထောင် အပြားရှိသော ထိုမြတ်စွာဘုရားစကားတော်ကို သင်္ဂါယနာတင်တော်မူကုန်သော, အရှင်မဟာကဿပ အမှူးရှိသော ၅၀၀ သော ရဟန္တာအပေါင်းသည်

' ဤသည်ကား ' ဝိနယ ' တည်း။ ဤသည်ကား ' ပဌမဗုဒ္ဓဝစန ' တည်း။ ဤသည်ကား ' မဇ္ဈိမဗုဒ္ဓဝစန ' တည်း။ ဤသည်ကား ' ပစ္ဆိမဗုဒ္ဓဝစန ' တည်း။ ဤသည်ကား ' ဝိနည်းပိဋကတ် ' တည်း။ ဤသည်ကား ' သုတ္တန် ပိဋကတ် ' တည်း။ ဤသည်ကား ' အဘိဓမ္မာပိဋကတ် ' တည်း။ ဤသည်ကား ' ဒီဃနိကာယ် ' တည်း။ ဤသည်ကား ' မဇ္ဈိမနိကာယ် ' တည်း။ ဤသည်ကား ' သံယုတ္တနိကာယ် ' တည်း။ ဤသည်ကား ' အင်္ဂုတ္တရ နိကာယ် ' တည်း။ ဤသည်ကား ' သုတ္တ ' တည်း။ ဤသည်ကား ' ဂေယျ ' တည်း။ ဤသည်ကား ' ဝေယျာကရဏ ' တည်း။ ဤသည်ကား ' ဂါထာ ' တည်း။ ဤသည်ကား ' ဥဒါန ' တည်း။ ဤသည်ကား ' ဣတိဝုတ္တက ' တည်း။ ဤသည်ကား ' ဇာတက ' တည်း။ ဤသည်ကား ' အဗ္ဘုတဓမ္မ ' တည်း။ ဤသည်ကား ' ဝေဒလ္လ ' တည်း။ ဤသည်ကား ' အင်္ဂါ ၉ ပါး ' တည်း။ ဤသည်ကား ' ၈ သောင်း ၄ ထောင်သော ဓမ္မကွန္မာ ' တို့တည်း။ ဤသို့သော အပြားကိုမှတ်၍လျှင် သင်္ဂါယနာတင်၏။

သက်သက်ကား ဤမျှကိုသာလျှင် မှတ်၍ သင်္ဂါယနာတင်သည် မဟုတ်။ ဥဒါနသင်္ဂဟ, ဝဂ္ဂသင်္ဂဟ, ပေယျာလသင်္ဂဟ, ဧကနိပါတ်- ဒုကနိပါတ် အစရှိသော နိပါတသင်္ဂဟ, သံယုတ္တသင်္ဂဟ, ပဉ္စာသင်္ဂဟ အစ ရှိသော များသောအပြားရှိသော ပိဋကတ် ၃ ပုံတို့၌တင်သော သင်္ဂဟအပြားကိုလည်း မှတ်၍လျှင် ၇ လတို့ဖြင့် သင်္ဂါယနာတင်၏။ ပေါင်း၍ သရဇ္ဈာယ်တော်မူ၏။

http://www.dhammadownload.com



'ဥဒါနသင်္ဂဟ' ဟူသည်ကား ပဌမပါရာဇိက အစရှိသော သိက္ခာပုဒ်တို့၏ ဝိနိတဝတ္ထုတို့၌ ဆောင်လွယ်စိမ့်သောငှာ ဓမ္မသင်္ဂဟရဟန္တာတို့သည် အကျဉ်းထားအပ်သော 'မက္ကဋိဝဓိုပုတ္တာစ၊ ဂီဟိနဂ္ဂါစတိတ္ထိယာ၊ ဒါဉ္ဇပွလဝဏ္ဏာစ, ဗျဉ္ဇနေဟိ အပရေဒုဝေ' အစရှိသော ဂါထာတို့တည်း။ ။ ဥဒါနသင်္ဂဟတို့လည်း 'ဤပဌမပါရာဇိက၏ ဥဒါန်းတည်း။ ဤကား ဒုတိယပါရာဇိကစသည်တို့၏ ဥဒါန်း'ဟူ၍ ဥဒါန၏အရေအတွက်ကိုလည်း မှတ်၍ သင်္ဂီယနာတင်၏ ဟူသတည်း။

'ဝဂ္ဂသင်္ဂဟ'ဟူသည်ကား 'ဤကား သီလက္ခန္ဓဝဂ်။ ဤကား မူလပရိယာယဝဂ်' အစရှိသောနည်းဖြင့် ဝဂ္ဂသင်္ဂဟကိုလည်း မှတ်၍ သင်္ဂီယနာတင်၏ ဟူလိုသတည်း။

'ပေယျာလသင်္ဂဟ'ဟူသည်ကား ဥတ္တရိမနုဿဓမ္မ၌ 'ဤမူကား ပေယျာလဝဂ်၌ ထားလေ၏' ဤသို့ အစရှိသောနည်းဖြင့် ပေယျာလထားလေသော အရေအတွက်ကိုလည်း မှတ်၍ သင်္ဂီယနာတင်၏ ဟူလိုသတည်း။

'နိပါတသင်္ဂဟ' ဟူသည်ကား အင်္ဂုတ္တရနိကာယ် စသည်တို့၌ 'ဤကား ဧကနိပါတ်, ဤကား ဒုက နိပါတ်' အစရှိသောနည်းဖြင့် နိပါတ်အရေအတွက်ကိုလည်း မှတ်၍ သင်္ဂီယနာတင်၏ ဟူလိုသတည်း။

'သံယုတ္တသင်္ဂဟ' ဟူသည်ကား 'ဤကား ဒေဝတာသံယုတ်၊ ဤကား ကဿပသံယုတ်' အစရှိသော နည်းဖြင် သံယုတ္တသင်္ဂဟကိုလည်း မှတ်၍ သင်္ဂီယနာတင်၏ ဟူသတည်း။

'ပဏ္ဏာသသင်္ဂဟ'ဟူသည်ကား မဇ္ဈိမနိကာယ်စသည်တို့၌ 'ဤကား မူလပဏ္ဏာသ၊ ဤကား မဇ္ဈိမ ပဏ္ဏာသ' အစရှိသောနည်းဖြင့် ပဏ္ဏာသအရေအတွက်ကိုလည်း မှတ်၍ သင်္ဂီယနာတင်၏ ဟူသတည်း။

ထိုမြတ်စွာဘုရားစကားတော်ကို သင်္ဂီယနာတင်သောအခါ၌ အရှင်မဟာကဿပသည် အား ၁၀ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏သာသနာတော်ကို အနှစ် ၅၀၀၀ အတိုင်းအရှည်ရှိသောကာလပတ်လုံး ဖြစ်ခြင်းငှာ စွမ်းနိုင်သည်ကို ပြု၏။ ဤသို့ ကောင်းစွာဖြစ်သောဝမ်းမြောက်ခြင်း ရှိသည်ဖြစ်၍၊ ကောင်းချီးပေးသကဲ့သို့ ဤမြေကြီးသည် ရေလျှင် အဆုံးရှိသည်ကိုပြု၍ များသောအပြားရှိသော လှုပ်ခြင်းကို လှုပ်၏။ အဘယ်သို့လှုပ်သည် ဟူမူကား အထက်သို့ ခုန်၍လည်း လှုပ်၏။ အောက်သို့ သက်၍လည်း လှုပ်၏။ ဓယင်ပုခက်လွဲသကဲ့ အရှေ့, အနောက်, တောင်, မြောက်, လက်ဝဲ, လက်ယာလည်း လှုပ်၏။ ဤကား မြေလှုပ်သော အထူးတည်း။ များသောအုံ့ဖွယ်တို့သည် ထင်ရှားဖြစ်ကုန်၏။

ဤသင်္ဂီယနာသည်ကား 'ပထမသင်္ဂီယနာ' မည်၏။ ၅၀၀ သော အရှင်ရဟန္တာတို့သည် သင်္ဂီယနာတင်သောကြောင့် 'ပဉ္စသတိကသင်္ဂီယနာ' ဟူ၍လည်း ဆိုအပ်၏။ ထေရ်တို့သည်သာလျှင် သင်္ဂီယနာတင်သောကြောင့် 'ထေရိကသင်္ဂီယနာ' ဟူ၍လည်း လောကဋ္ဌ ဆိုအပ်၏။

ဝိဋ္ဌကတ် ၃ ပုံတို့တွင် ဝိနည်းကို အဘယ်သူသည် ဆောင်သနည်း။ အဘယ်သူသည် အဆက်ဆက် ဆောင်သနည်း။ အဘယ်ပုဂ္ဂိုလ်တို့၌ ဤဝိနည်းဝိဋ္ဌကတ်သည် ဆောင်သနည်းဟူမူကား-

ခပ်သိမ်းသော သူတို့၏ရှေးဦးစွာ ဝိနည်းဝိဋ္ဌကတ်ကို မြတ်စွာဘုရားမျက်မှောက်တော်၌ အရှင်ဥပါလိထေရ် ဆောင်၏။ ထို အရှင်ဥပါလိ၏ မျက်မှောက် မြတ်စွာဘုရား ပရိနိဗ္ဗာန်မပြုမီ အဘိညာဉ် ၆ ပါး အစရှိ

http://www.dhammadownload.com



သော အပြားရှိကုန်သော အထောင်မကသောရဟန်းတို့သည် ဆောင်ကုန်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုပြီးလည်း အရှင်မဟာကဿပ အမှူးရှိသော ပဋ္ဌကတ် ၃ ပုံကို သင်္ဂါယနာတင်ကုန်သော ရဟန္တာတို့သည် ဆောင်ကုန်၏။

အာဃယ်ပုဂ္ဂိုလ်သည် အဆက်ဆက်ဆောင်သနည်း ဟူမူကား ဓမ္မုဒ်ပ်၌ အရှင်ဥပါလိထေရ်ကို အစပြု၍ ဆရာအဆက်ဆက် ဆောင်သည်။ တတိယသင်္ဂါယနာ တင်သည်တိုင်အောင် အဆက်ဆက်သော ဆရာအဆက်တို့၏အစဉ်ကား ဤသို့တည်း။

'ဥပါလိဒါသကောစေဝ။ သောဏကောသိဂ္ဂဝေါတကော။ တိဿောမောဂ္ဂလိပုတ္တောစ။ ပဋ္ဌေတေဝိဓိတာ ဝိနော။ ပရံပရာယ ဝိနယံ။ ဒီပေဓမ္မုသီရိဂ္ဂယေ။ အစ္ဆိဖ္ဖမာနံအာနေသုံ။ တတိယောယာဝသင်္ဂီဟော။

''ဥပါလိ၊ ဥပါလိထေရ် လည်းကောင်း။ ဒါသကောဝ၊ ဒါသကထေရ် လည်းကောင်း။ တထာ၊ ထိုမှ တစ်ပါး။ သောဏကော၊ သောဏကထေရ်လည်းကောင်း။ သိဂ္ဂဝေါ၊ သိဂ္ဂဝထေရ်လည်းကောင်း။ မောဂ္ဂလိပုတ္တောတိသော၊ မောဂ္ဂလိပုတ္တတိဿထေရ် လည်းကောင်း။ ဝိဓိတာဝိနော၊ အောင်အပ်ပြီးသောကိလေသာ ရှိကုန်သော။ ဇေဋပဗ္ဗမဟာထေရာ၊ ထို ၅ ပါးသော မထေရ်ရဟန္တာတို့သည်။ ဓမ္မုသီရိဂ္ဂယေ၊ ဓမ္မုသပြေပင်နှင့် တူသောအမည် ရှိသော။ ဒီပေ၊ ဓမ္မုဒ်ပ်ကျွန်း၌။ ပရံပရာယ၊ အဆက်ဆက်ဖြင့်။ ယာဝ၊ အကြင်မျှလောက်။ တတိယောသင်္ဂီဟော၊ တတိယသင်္ဂါယနာသည်။ အတ္ထိ၊ ရှိ၏။ တာဝ၊ ထိုမျှလောက်။ အစ္ဆိဖ္ဖမာနံ၊ မပြတ်စေမူ၍။ ဝိနယ၊ ဝိနည်းကို။ အာနေသုံ၊ ဆောင်ကုန်၏။''

အာဃယ်ကြောင့် 'ဓမ္မုဒီပါ'မည်သနည်းဟူမူကား 'ဓမ္မုသရိသော အဝ္ဘယောနာမော အဿာတိဓမ္မုသိဝ္ဘယော။'

''အဿဒီပဿ၊ ဤကျွန်းအား။ ဓမ္မုသရိသော၊ သပြေပင်နှင့်တူသော။ အဝ္ဘယောနာမ၊ အမည်သည်။ အတ္ထိ၊ ရှိ၏။ ဣတိ၊ ထို့ကြောင့်။ သောဒီပေါ၊ ထိုကျွန်းသည်။ ဓမ္မုသိဝယော၊ သပြေပင်နှင့် တူသောအမည် ရှိ၏။

**သရိသ၊ သဒိသ၊ သမာန၊ သမသဒ္ဒါ စသည်တို့ကား ပရိယာယ်သဒ္ဒါတည်း။ အနက်တူကုန်၏။ ဓမ္မုသရိသဋ္ဌယော ရှိလိုလျက် ဂါထာဗန္ဓအားဖြင့် 'သ'ကြေသတည်း။**

ရဟန္တာ ၅ ပါးတို့တွင် အရှင်ဥပါလိကား ထင်ရှားသည်ပင်။

http://www.dhammadownload.com



## ဒါသကထေရ်ဝတ္ထု

အရှင်ဒါသကထေရ်၏အတ္ထုပ္ပတ္တိကား ဝေသာလီပြည်၌ 'ဒါသက'အမည်ရှိသော ပုဏ္ဏားလုလင် တစ်ယောက်သည် ၃၀၀ သောလုလင်အကြီး ပြု၏။ အတတ်ဗေဒင် သင်သတတ်။ ၁၂ နှစ်မြောက်လတ်သော် ဗေဒင် ၃ ပုံ တတ်လေ၏။

ထိုလုလင်သည် တစ်နေ့သ၌ တပည့်လုလင် ၃၀၀ နှင့်တကွ ဝါလိကာရာမ၌နေတော်မူသော အရှင် ဥပါလိထံသို့ ကပ်လေ၏။ ဗေဒင် ၃ ပုံ၌ခက်ခဲရာသော ဂဏ္ဌိဋ္ဌာနတို့ကို မေးလေ၏။ လုလင်မေးတိုင်းကို ဖြေတော်မူပြီးမှ "ငါလည်း လုလင်ကို မေးအံ့" ဟူ၍ နာမပညတ်ကို အကြောင်းပြု၍ ပြဿနာမေးလေ၏။

"လုလင်။ တစ်ပါးတည်းသော သဘောသည် ခပ်သိမ်းသောတရားတို့၌ ကျလေ၏။ ခပ်သိမ်းသော တရားတို့သည် တစ်ပါးတည်းသောသဘော၌ သာဓု ပေးကုန်၏။ ထိုသို့သောသဘောကား အဘယ်သို့ ဆိုသနည်း" ဟုမေး၏။

ထိုသို့မေးသောအဓိပ္ပာယ်ကား 'ဒါယကာ'ဟူသော နာမပညတ် တစ်ပါးတည်းသည် 'လုလင်' ဟူသော ပရမတ္ထခန္ဓာ ၅ ပါးအပေါင်းကိုစွဲ၍ ပညတ်တော်မူသောကြောင့် ခပ်သိမ်းသောတရားအပေါင်း၌ ကျသည် မည်၏။ ထိုလုလင်၏ ခန္ဓာ ၅ ပါး ဟူသော ပရမတ္ထအပေါင်းသည်လည်း 'ဒါယကာ'ဟူသော နာမပညတ် တစ်ပါးတည်း ဖြစ်ကုန်လေရကား၊ တစ်ခုတည်းသောသဘော၌ စုဝေးသည် မည်၏' ဟူလိုသတည်း။

တစ်နည်းသော်ကား "'ဒါသက'ဟူသောနာမပညတ်သည် 'အမည်'ဟူသော အထောင်အသောင်းမက သောသူတို့၌ နှံ့လေရကား တစ်ပါးတည်းသော ပညတ်သဘောသည် ဒြပ်အများ၌ ကျလေသတည်း။ ထို အထောင်အသောင်းမကသော ဒြပ်များတို့သည်လည်း ထိုနာမပညတ်ကို မလွန်ကုန်ရကား၊ တစ်ပါးတည်းသော ပညတ်သဘော၌ စုဝေး၏' ဟူလိုသတည်း။

ဒါသကလုလင်သည် အရှင်ဥပါလိမေးသော ပြဿနာ၏အနက်ကို မသိကုန်။

"ရှင်ရဟန်း။ ဤစကားသည်ကား အသို့သောစကားနည်း" ဟု မေး၏။

"မြတ်စွာဘုရား မန္တာန်" ဟု ဆိုပေ၏။

"ငါတို့အားလည်း မြတ်စွာဘုရားမန္တာန်ကို ပေးကောင်းပါ၏လော" ဟု မေးကုန်၏။

"ငါတို့နှင့်အတူ ရဟန်းပြုမူကား ပေးကောင်း၏" ဟူ၍ ဆိုတော်မူပေ၏။

ဒါသကလုလင်သည် အတတ်ကိုလိုချင်သောအားဖြင့် အမိအဖ၊ ဆရာတို့ကိုတောင်းပန်၍၊ တပည့် လုလင် ၃၀၀ နှင့်တကွ အရှင်ဥပါလိအထံ၌ ရဟန်းပြုလေ၏။ အသက် ၂၀ ပြည့်လတ်သော် ပဉ္စင်းအဖြစ်ကိုရ၍ ရဟန္တာ ဖြစ်လေ၏။

အရှင်ဥပါလိကား ဒါသကထေရ်အကြီးရှိသော ရဟန္တာ ၁၀၀၀ တို့အား ဝိဋ္ဌကတ် ၃ ပုံကို သင်ပေး၏။

http://www.dhammadownload.com



## သောဏထေရ်ဝတ္ထု

သောဏထေရ်ကား ဒါသကထေရ်၏ သဒ္ဓိဝိဟာရိက အတူနေတပည့်တည်း။

ထိုသောဏထေရ်ကား ကာသိကရာဇ်တိုင်း၌ ကုန်သည်သား ဖြစ်၏။ ၁၅ နှစ် ရောက်လတ်သော် မိဘတို့နှင့်တကွ ရာဇဂြိုဟ်ပြည်သို့ ကုန်သွယ်အံ့သောငှာ သွားလေသတတ်။ ထိုရာဇဂြိုဟ်၌ ၅ ကျိပ် ၅ ယောက်သော သတို့သားနှင့်တကွ ဝေဠုဝန်ကျောင်းတော်သို့ သွားလေ၍၊ ပရိသတ်နှင့်တကွသော အရှင်ဒါသကကို မြင်၍ အလွန်ကြည်ညိုစွာရကား ရဟန်းအဖြစ်ကို တောင်းပန်လေ၏။ ဒါသကထေရ်လည်း "အမိအဖတို့ခွင့်ပြုမူကား ရဟန်းပြုအံ့သည်" ဟု ဆို၏။

လုလင်သည်လည်း အမိအဖတို့ကို တောင်းပန်၍၊ ၅ ကျိပ် ၅ ယောက်သော သတို့သားတို့နှင့်တကွ ရဟန်းပြုလေ၏။

ပဉ္စင်းဖြစ်ပြီးသော် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ ဝိဋ္ဌကတ် ၃ ပုံကိုလည်း သင်၏။ ထိုသောဏထေရ်ကား ဂိဏ်း၏ပါမောက္ခ ဖြစ်၍ များစွာသောရဟန်းတို့အား သင်ကြားပေသတည်း။

http://www.dhammadownload.com



## သိဂ္ဂဝထေရ်ဝတ္ထု

သိဂ္ဂဝထေရ်ကား သောဏထေရ်၏ သဒ္ဓိဝိဟာရိကတည်း။

ထိုသိဂ္ဂဝထေရ်ကား ပါဋလိပုတ်ပြည်၌ အမတ်သားဖြစ်၍၊ ဥတု ၃ ပါးအား လျောက်ပတ်သောပြာသာဒ် ၃ ဆောင်တို့၌ စည်းစိမ်ချမ်းသာကို ခံစား၏။

တစ်နေ့သ၌ မိမိအဆွေခင်ပွန်းဖြစ်သော 'စဏ္ဍဝန္ဒိ'အမည်ရှိသော သူဌေးသားနှင့်တကွ များစွာသော အဆွေအရံတို့နှင့် ကုဏ္ဍဉ္ဇရာမကျောင်းသို့ သွားလေသော်၊ နိရောဓသမာပတ်ဝင်သော အရှင်သောဏထေရ်ကို မြင်လေရကား "အဘယ်ကြောင့် ဤသခင် စကားကို မဆိုသနည်း"ဟု သံဃာတို့ကို မေး၏။ သံဃာတို့လည်း "လုလင်။ သမာပတ်ဝင်သောသူတို့ စကား မဆိုကုန်" ဟူ၍ဆိုကုန်၏။

"အဘယ်သို့သောအကြောင်းဖြင့် သမာပတ်မှ ထသနည်း"ဟု မေး၏။

"လုလင်။ သမာပတ်ဝင်သောသူတို့ကား ဘုရား ခေါ်တော်မူသော်လည်းကောင်း၊ သံဃာတို့ တောင့်တသော်လည်းကောင်း၊ အာယုသခါရ နီးလတ်သော်လည်းကောင်း ထ၏" ဟူ၍ဆိုကုန်ပြီးသော်၊ ထို လုလင် ရဟန္တာဖြစ်အံ့သော ဥပနိဿယယှဉ်သည်ကို မြင်တော်မူလေ၍၊ အရှင်သောဏထေရ်၏ သမာပတ်မှ ထခြင်းကို တောင့်တ၏။ အရှင်သောဏထေရ်လည်း ထတော်မူ၏။

လုလင်လည်း သမာပတ်မှထသော အရှင်သောဏကို မြင်သော်၊ "အရှင်ဘုရားကား။ အဘယ်ကြောင့် စကားကို မဆိုသနည်း"ဟု မေး၏။

"လုလင်။ တစ်စုံတစ်ခုသော ခံစားအပ်သောချမ်းသာကို ခံစားသောကြောင့် မဆိုသည်"ဟု ပြန်ပေ၏။

"အရှင်ဘုရား။ ငါတို့အားလည်း ခံစားပါစိမ့်သောဌာ မတတ်နိုင်လော"ဟု မေး၏။

"ငါတို့ကဲ့သို့ ရဟန်းပြုသောသူတို့ကို တတ်နိုင်၏"ဟု ဆိုတော်မူပေ၏။

သိဂ္ဂဝထေရ်လည်း အမိအဖတို့အား တောင်းပန်၍၊ မိမိ၏အဆွေခင်ပွန်းဖြစ်သော စဏ္ဍဝန္ဒိသတို့သား နှင့်တကွ ၅၀၀ သော အဆွေအရွေပါလျက် အရှင်သောဏအထံ၌ ရဟန်းပြုလေ၏။

ပဉ္စင်းဖြစ်ကုန်ပြီးသော် ဝိဋကတ် ၃ ပုံကို သင်ကုန်၏။ ထိုအခါ အား ၁၀ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသာသနာတော်၏ ပျက်ခြင်းကို ကြား၍၊ 'ကြောင့်ကြမရှိနေခြင်းသည် ငါ့အား မလျောက်ပတ်။ ယခု ငါသည် အဓမ္မဝါဒီပုဂ္ဂိုလ်တို့ကို နှိပ်၍၊ သဘောဟုတ်သော ဝိနည်းတရားကို ပြအံ့' ဟူ၍၊ ဝေသာလီပြည်သို့ ကြွလေ၍၊ ထိုဝေသာလီပြည်၌ မဟာဝုန်ကူဋာဂါရကျောင်း၌ နေလေ၏။

['ကူဋာဂါရသာလာ'ဟူသည်ကား အလယ်၌ စုလစ်တင်သော ပြာသာဒ်မကို ပြု၍၊ ဂဠုန်တောင်ကဲ့သို့ ထက်ဝန်းကျင်လည်သော ဓရုပ်ကျောင်းတည်း။ ယခုကား 'လဗူးလည်သည်'*ဟု ဆိုကုန်၏။]

* လဗူး၊ လံဗူး = 'သစ်ကြားပင်၊ လမုပင်' ဟု ပေါရာဏ၌ ဖြစ်၏။

http://www.dhammadownload.com



## ဒုတိယသင်္ကာယနာတင်သည်ကို ပြခြင်း

ထိုအခါ ဝေသာလီပြည်၌နေကုန်သော ဝဇ္ဇီတိုင်းသားရဟန်းတို့သည် ဥပုသ်ပြုသောနေ့၌ ကြေးခွက်, ရွှေခွက်တို့ဖြင့် ရေကိုထည့်၍၊ ရဟန်းသံဃာ၏အလယ်၌ ထား၍၊ လာကုန်သော ဝေသာလီပြည်၌နေကုန်သော ဒါယကာတို့ကို ဤသို့ ဆိုကုန်၏။ "ဒါယကာတို့။ သံဃာအား ၁ ကျပ်ကိုလည်းကောင်း, ခွဲကို လည်းကောင်း, ၁ မတ်ကို လည်းကောင်း၊ ၁ ပဲကို လည်းကောင်း လှူကုန်လော။ သံဃာ ရဟန်းပရိက္ခရာဖြင့် ပြုအပ်သောကိစ္စသည် ဖြစ်လတ္တံ့" ဤသို့ အစရှိသောစကားကို ဆိုကုန်၏။

ထိုရောအခါ၌ အရှင်ယသထေရ်သည် တိုက်တွန်းနှိုးဆော်အပ်သည်ဖြစ်၍၊

၁ သန်း ၂ သိန်းသောရဟန်းတို့သည် စည်းဝေးကုန်၏။ ထို ၁ သန်း ၂ သိန်းသောရဟန်းတို့၏ အလယ်၌ အရှင်ရေဝတထေရ်သည် မေးသဖြင့်၊ အရှင်သဗ္ဗကာမိထေရ်သည် ဖြေသဖြင့်၊ ထို ၁၀ ပါးသောဝတ္ထု တို့ကို ဆုံးဖြတ်၍ အဓိကရဏ်းသည် ငြိမ်း၏။

ထိုနောင်မှ ထေရ်တို့သည် "တစ်ဖန် သုတ်, အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကို လည်းကောင်း သင်္ကာယနာ တင်ကုန်အံ့" ဟူ၍၊ "ဝိဋ္ဌကတ် ၃ ပုံကို ဆောင်ကုန်သော။ ပဋိသမ္ဘိဒါသို့ရောက်ကုန်သော ၇၀၀ သော ရဟန်းတို့ကို ရွေးကောက်၍၊ ဝေသာလီပြည်၌ ကာလာသောကမင်းကို အမှီပြု၍၊ ဝါလိကာရာမ၌ စည်းဝေး၍၊ အရှင်မဟာကဿပသည် သင်္ကာယနာတင်သည်နှင့်အတူ အလုံးစုံသောသာသနာတော်၏ အညစ်အကြေးကို သုတ် သင်၍၊ တစ်ဖန်လည်း ဝိဋ္ဌကတ်အားဖြင့် လည်းကောင်း, 'နိကာယ်'အားဖြင့် လည်းကောင်း, အင်္ဂါအားဖြင့် လည်းကောင်း, ဓမ္မက္ခန္ဓာ အားဖြင့်လည်းကောင်း အလုံးစုံသော သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်္ကာယနာ တင်တော်မူကုန်၏။ ဤသင်္ကာယနာကား ၈ လမှ ပြီး၏။

ဤသင်္ကာယနာကိုကား ၇၀၀ သောရဟန်းတို့သည် တင်သောကြောင့် 'သတ္တသတိကသင်္ကာယနာ' ဟူ၍ လည်း ဆိုအပ်၏။

ရှေးဦးတင်ပြီးသော ပထမသင်္ကာယနာကို စွဲ၍၊ 'ဒုတိယသင်္ကာယနာ'ယူ၍လည်း ဆိုအပ်၏။

ဤဒုတိယသင်္ကာယနာကို တင်တော်မူကုန်သော ရဟန်းတို့တွင် ကျော်စောကုန်သော ရဟန်းတို့သည်ကား ၈ ပါးတည်း။ ၈ ပါး ဟူသော်ကား

'သာပနာယ်-ယေဟိထေရေဟိသင်္ကိတာ။ သင်္ကိတိတေသုဝိသုတာ။ သဗ္ဗကာမီစသာဇ္ဇောစ ရေဝတော ခုဇ္ဇသောဘိတော။ ယသောစသာဇာသမ္ဘူတော၊ စတေသဒ္ဓိ ဝိဟာရိကာ။ ထေရာအာနန္ဒထေရဿ ဒိဋ္ဌပုဗ္ဗာ တထာဂတံ။ သာပနာယ် သာပနအယ် သံဂိတိ'။

"သာပနာယ် သံဂိတိ၊ ထို ဒုတိယသင်္ကာယနာကို။ ယေဟိထေရေဟိ၊ အကြင် ၇၀၀ သော ရဟန္တာတို့သည်။ သင်္ကိတာ၊ သင်္ကာယနာ တင်ကုန်၏။ သင်္ကိတာသုစ၊ သင်္ကာယနာတင်ကုန်သော။ တေသုထေရေသု၊ ထိုရဟန္တာတို့

http://www.dhammadownload.com



တွင်။ ဝိသုတာ၊ ကျော်စောကုန်သော။ သဗ္ဗကာမိစ၊ သဗ္ဗကာမိထေရ် လည်းကောင်း။ သာဠ္ဟော၊ သာဠ္ဟထေရ် လည်းကောင်း။ ရေဝတော၊ ရေဝတထေရ် လည်းကောင်း။ ခုဇ္ဇသောဘိတော၊ ခုဇ္ဇသောဘိတထေရ် လည်းကောင်း။ ယသော၊ ယသထေရ် လည်းကောင်း။ သာဏာသမ္ဘူတော၊ သာဏာအရဟံဖြစ်နေသော သမ္ဘူတထေရ် လည်းကောင်း။ ဧတေထေရာ၊ ထို ၆ ပါးသော ရဟန္တာတို့သည်ကား။ အာနန္ဒထေရသ၊ အရှင်အာနန္ဒာထေရ်၏။ သဒ္ဓိဝိဟာရိကာ၊ အတူနေတပည့်တို့တည်း။ တထာဂတံ၊ မြတ်စွာဘုရားကို။ ဒိဋ္ဌပုဗ္ဗာ၊ မြင်ဖူးလိုက်ကုန်သည် ချည်းတည်း။"

"သုမနော၀ါသဘဂါမိစ။ ညေယျာသဒ္ဓိဝိဟာရိကာ။ ဒ္ဝေဂ္ဂုမေအနုရုဒ္ဓသ။ ဒိဋ္ဌပုဗ္ဗာတထာဂတံ"။

"သုမနော၊ သုမနထေရ်လည်းကောင်း။ ၀ါသဘဂါမိစ၊ ၀ါသဘဂါမိထေရ် လည်းကောင်း။ ဒ္ဝေဂ္ဂုမေထေရာ၊ ဤမထေရ် ၂ ပါးတို့.ကို။ အနုရုဒ္ဓသ၊ အနုရုဒ္ဓါသခင်၏။ သဒ္ဓိဝိဟာရိကာ၊ အတူနေတပည့်ချည်းဟူ၍။ ညေယျာ၊ သိအပ်ကုန်၏။ တထာဂတံ၊ မြတ်စွာဘုရားကို။ ဒိဋ္ဌပုဗ္ဗာ၊ မြင်ဖူးလိုက်ကုန်သည်ချည်းတည်း"

ဤဂါထာတို့.ကား ပဉ္စာ၀ဂ်ဂါထာတို့.တည်း။

ဤသို့ ဒုတိယသင်္ဂါယနာတင်တော်မူကုန်သော ၇၀၀ သော ရဟန်းတို့.သည်ကား ချုပ်းသောခန္ဓာ၀နံ ရှိကုန်သော၊ ပြီးပြီးသောကိစ္စ ရှိကုန်သော၊ ကုန်ပြီးသောအာသ၀ေါ ရှိကုန်သော ရဟန္တာမြတ်ချည်းတည်း။

ဤဒုတိယသင်္ဂါယနာကား မြတ်စွာဘုရားလွန်တော်မူ၍၊ သာသနာတော် ၁၀၀ စေ့၍ ဖြစ်၏။

မြတ်စွာဘုရားလွန်တော်မူပြီး အဓာတသတ် ၂၄ နှစ်။ သား ဥဒယဘဒ္ဒ ၁၆ နှစ်။ သားတော် အနုရုဒ္ဓနှင့် မုဏ္ဍ ၈ နှစ်။ မုဏ္ဍသား နာဂဒါသ။ ဤတွင်ရွှေ့လျှင် "ဤမင်းတို့.၏အမျိုးကား အဖကိုသတ်သော အမျိုးတည်း" ဟု ပြည်သူအလုံး ညီ၍။ ဝေသာလီ လိစ္ဆဝီမင်းအမျိုးဖြစ်သော သုသုနာဂအမတ်ကို မင်း မြှောက်ကုန်၏။ အဓာတသတ်အမျိုး ပြတ်၏။

ထိုသုသုနာဂမင်း ၁၈ နှစ်။ ထိုမင်းသား ကာလာသောက ၂၈ နှစ်။ ကာလာသောကမင်းဖြစ်၍ ၁၀ နှစ်လျှင် သာသနာတော် အနှစ် ၁၀၀ စေ့၏။ ထိုသာသနာတော် အနှစ် ၁၀၀ စေ့တွင်လျှင် ဤဒုတိယသင်္ဂါယနာကား ဖြစ်သတည်း။

ဗိမ္ဗိသာရမင်းကြီးကား မြတ်စွာဘုရားအောက် ၅ နှစ်ငယ်။ ၁၅ နှစ်က မင်း ဖြစ်၏။ နန်းသက် ၅၂ နှစ်။ အသက် ၆၇ နှစ်တွင် အနိစ္စရောက်၏။ မြတ်စွာဘုရား အသက်တော် ၇၂ နှစ် ပြည့်၏။

အဓာတသတ် မင်းဖြစ်၍၊ ၈ နှစ်တွင် သက်တော် ၈၀ ပြည့်၍ ပရိနိဗ္ဗာန် ယူတော်မူ၏။ ပရိနိဗ္ဗာန်မယူမီ ၈ နှစ်၊ ယူပြီး ၂၄ နှစ်ကို ပေါင်း၍ အဓာတသတ် ၃၂ နှစ် မင်းပြု၏ ဟူသတည်း။ အဓာတသတ်မင်းကား မြတ်စွာဘုရားကို ၈ နှစ်လျှင် ဆည်းကပ်ရလိုက်၏။

ဒုတိယသင်္ဂါယနာ မဟာထေရ်တို့.သည် နှင်ထုတ်လေကုန်သော အဓမ္မ၀ါဒီ ၀ဇ္ဇီတိုင်းသားရဟန်းတို့.သည် မိမိတို့.အား လျော်ပတ်သောဒုဗ္ဘလပက္ခကို ရ၍ ၁ ထောင်သောရဟန်းတို့.သည် အညီအညွတ်စည်းဝေးကုန်လျက် သင်္ဂါယနာ တင်တော်မူကုန်၏။ ထိုသင်္ဂါယနာကား 'မဟာသင်္ဂီတိ' မည်သတည်း။

http://www.dhammadownload.com



ထိုဝဇ္ဇီတိုင်းသား ရဟန်းတို့ကား 'မဟာသင်္ဃတ' ဟူသော ဆရာအနွယ်ဖြင့် ကွဲလေကုန်၏။ မဟာသင်္ဃတ အနွယ်မှ ကွဲ၍၊ 'ဂေါကုလက, ဧကမ္ဗောဟာရိက' ဟူ၍ ဂိုဏ်း ၂ ပါး။ အာစရိယဝါဒဖြင့် ဂေါကုလကမှ ကွဲကုန်၍လည်း 'ပဏ္ဏတ္တိဝါဒ, ပါဟုသုတိက' ဟူ၍လည်း ဂိုဏ်း ၂ ပါး ကွဲကုန်၏။ ထိုဂိုဏ်း ၂ ပါးမှ လည်းကောင်း ကွဲကုန်၍၊ 'စေတိယဝါဒ' ဟူ၍လည်း ဆရာအနွယ်သည် ဖြစ်၏။

ဤသို့ မဟာသင်္ဃတဆရာအနွယ်မှ သာသနာတော် ၂၀၀ တွင်လျှင် ၅ ပါးသောဆရာတို့၏အနွယ်သည် ဖြစ်ကုန်၏။ ပထမသင်္ဃတနှင့်သော် ဂိုဏ်း ၆ ပါး ဖြစ်၏။

ထိုအနှစ် ၂၀၀ တွင် ၄င်းအာစရိယဝါဒမှလည်း ၁-မဟီသာသက, ၂-ဝဇ္ဇီပုတ္တက၊ ဆရာ ၂ ပါး ကွဲကုန်၏။
ဝဇ္ဇီပုတ္တက ဆရာအနွယ်မှလည်း 'ဥ- ဓမ္မုတ္တရိယ, ၄- ဘဒ္ဒြယာနိတ, ၅- ဆန္နာဂါရိက, ၆- သမ္မဒယ' ဟူ၍ ၄ ပါးသော ဆရာတို့၏အနွယ် ကွဲကုန်၏။
မဟီသာသကအနွယ်မှ ကွဲကုန်၍လည်း '၇- သမ္မတ္တိဝါဒ, ၈- ဓမ္မုတ္တိ' ဟူ၍ အနွယ် ၂ ပါး ဖြစ်ကုန်၏။
သမ္မတ္တိဝါဒမှ ကွဲကုန်၍လည်း '၉- ကဿပိယ' ဟူ၍လည်း ဆရာအနွယ်သည် ဖြစ်၏။
ထို ကဿပိယမှကွဲကုန်၍လည်း '၁၀- သင်္ကိတ' ဆရာသည် ဖြစ်၏။
သင်္ကိကမှ ကွဲကုန်၍လည်း ၁၁- သုတ္တဝါဒ' ဟူသော ဆရာအနွယ်သည် ဖြစ်၏။
ဤ ၁၁ ပါးသောအနွယ်ကား ထေရဝါဒမှ ဖြစ်သတည်း။ ရှေးဦးစွာသော ထေရဝါဒနှင့်သော် ၁၂ ပါး ဖြစ်၏။

ဤသို့ မဟာသင်္ဃတဆရာတို့၏ အနွယ် ၆ ပါး, ထေရဝါဒမှ အနွယ် ၁၂ ပါး ဖြစ်သည်ကား သာသနာတော် ၂၀၀ တွင်သာ ဖြစ်သတည်း။

ဤ ၁၈ ပါးသောဂိုဏ်းတို့တွင် ပထမဝါဒသာလျှင် မကွဲသတည်း။ ၁၇ ပါးသော ဂိုဏ်းတို့သည်ကား အယူကွဲသည်ချည်း။ ရဟန်းတို့၏ ပရိက္ခရာအသွင် စသည်တို့ကား ထူးကုန်လေသည်ချည်း ဟူ၏။

မဟာသင်္ဃတကိုပြုသော ဝဇ္ဇီတိုင်းသားရဟန်းတို့ကား မူလသင်္ဂါယနာ၏အစဉ်ကို ဖျက်၍ တစ်ပါးသော အခြင်းဖြင့် သင်္ဂါယနာ တင်ကုန်သတည်း။ သာသနာတော်နှင့် အနုလောမကား မဖြစ်။ ။ဤသို့ ဆိုခဲ့ပြီးသော စကားတို့ကား ဒီပဝင်္သ အကျယ်လာသောစကားကို အကျဉ်းအားဖြင့် သိစေသတည်း။

http://www.dhammadownload.com



## ရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏အကြောင်း

ဤသို့ ဒုတိယသင်္ဂါယနာကို တင်တော်မူကုန်ပြီး၍၊ ထိုအရှင်တို့သည် 'နောင်လာလတ္တံ့သောအခါ၌ သာသနာတော်၏၊ ဤသို့သဘောရှိသောထေရ်သည် ဖြစ်လတ္တံ့လော' ဟု ကြည့်တော်မူကုန်လတ်သော်၊ ဤအကြောင်းကို မြင်တော်မူကုန်၏။

'ဤနှစ်မှသည် အနှစ် ၁၁၈ နှစ်မြောက်သောနှစ်၌ ပါဋလိပုတ်ပြည်၌ ဓမ္မာသောကမင်းသည် ဖြစ်၍၊ ဓမ္မဒီပါကျွန်းအလုံး၌ မင်းအဖြစ်ကို ပြုလတ္တံ့။ ထိုမင်းသည် မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုး၍ ကြီးစွာသောပူဇော်သက္ကာရကို ဖြစ်စေလတ္တံ့။ ထိုသို့ဖြစ်စေသောကြောင့် တိတ္ထိတို့လည်း လာဘသက္ကာရကို တောင့်တကုန်သည်ဖြစ်၍၊ သာသနာတော်၌ ရဟန်းပြု၍ မိမိတို့၏အယူကို ပြောတော်မူကုန်အံ့။ ဤသို့ သာသနာတော်၌ ကြီးစွာသောဘေးရန်သည် ဖြစ်လတ္တံ့' ဟူ၍ ဤအကြောင်းကို မြင်တော်မူကုန်၏။

ရှေး၌ ကာလာသောကမင်း၏အဖို့ ၂၈ နှစ်တွင် ၁၀ နှစ် ယူလေပြီးရကား၊ အကြွင်း ၁၈ နှစ် မြောက်၏။ ကာလာသောကမင်း၏သားတော် ဒဿဘာတုက[1] ညီနောင် ၁ ကျိပ် မင်းပြုသောအခါ ၂၂ နှစ်။ ထို့နောက် နိုးမှူးငနွှာ[2] အစရှိသော ငနွှာ ၉ ယောက် မင်းပြုကြသောအခါ ၂၂ နှစ် လည်းကောင်း။ ထိုနောင် ဓနက္ကပုဏ္ဏားမင်းမြောက်သော သာကီဝင်မင်းမျိုး စနွဂုတ္တမင်း ၂၄ နှစ်။ သားတော်ဗိန္ဓုသာရ ၂၈ နှစ်။ ဗိန္ဓုသာရမင်း၏သားတော် ဓမ္မာသောကမင်းတရား ဘိသိက်မခံဘဲ မင်းပြု ၄ နှစ်။ ဤတွင်ရွေ့လျှင် မြတ်စွာဘုရားသာသနာတော် ၂၁၈ နှစ် ပြည့်သတည်း။ ဘိသိက်ခံပြီး နှန်းသက် ၃၅ နှစ် မင်းပြု၏။ သာသနာတော် ၂၅၅ နှစ် ရောက်လတ်သော် ဓမ္မာသောကမင်းတရား အဆိုစ္ဆရောက်သတည်း။

ထိုနောင်မှ ထို ၇၀၀ သောထေရ်တို့အား ဤသို့သောအကြံသည် ဖြစ်၏။

"ထိုဘေးရန် ဖြစ်လတ်သည်ရှိသော် ငါတို့၏မျက်မှောက် ဖြစ်ကြတုံအံ့လော။ မဖြစ်လော" ဟု ဤသို့ ကြံတော်မူကုန်၏။

ထိုရောအခါ၌ 'ခပ်သိမ်းသောထေရ်တို့၏ မျက်မှောက် ဖြစ်လတ္တံ့' သည်ကို သိ၍၊ 'အာယ်သူသည် ထိုအဓိကရဏ်းကို ငြိမ်းစေသောငှာ စွမ်းနိုင်သည်ဖြစ်လတ္တံ့နည်း' ဟု အလုံးစုံသော လူပြည်ကို ကြည့်လတ်ကုန်သော် တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်၍၊ ဗြဟ္မာပြည်သို့ ကြည့်လတ်သော် နည်းသောအသက်ကြွင်းရှိသော, အထက်ပြည်၌ဖြစ်ခြင်းငှာ ပွားစေအပ်သောစျာန် ရှိသော, 'တိဿ'အမည်ရှိသော ဗြဟ္မာကြီးကို မြင်ကုန်၏။

မြင်ကုန်ပြီး၍ ထိုရဟန္တာတို့၏အကြံသည် ဤသို့ ဖြစ်၏။

၁- ညီနောင် ၁၀ ပါး။ ကာလာသောကမင်း သားတော်ကြီးကား ဘတ္ထသေန။ - ဓိနတ္ထပကာသနီ။
၂- ငနွှာကား '၉ ဂဏသေန' အမည်ဖြင့် မင်းပြု၏။ - ဓိနတ္ထပကာသနီ။

http://www.dhammadownload.com



"အကယ်၍ ငါတို့သည် ထိုဗြဟ္မာအား လူ့ပြည်သို့ဖြစ်စိမ့်သောငှာ အားထုတ်ခြင်းကို ပြုကုန်အံ့။ မချုတ်လျှင် ထိုဗြဟ္မာသည် မောဂ္ဂလိပုဏ္ဏား၏အိမ်၌ ယူလတ္တံ့။ ထိုပုဏ္ဏားအိမ်မှ ဗေဒင်တို့ဖြင့် ဖြားယောင်းအပ်သည်ဖြစ်၍၊ တောထွက်၍ ရဟန်းပြုလတ္တံ့။ ထိုလုလင်သည် ရဟန်းပြု၍၊ အလုံးစုံသော မြတ်စွာဘုရား စကားတော်ကို သင်၍၊ ရသော ပဋိသမ္ဘိဒါ ရှိသည်ဖြစ်၍၊ တိတ္တိတို့ကို နှိမ်နင်း၍၊ ထိုအဓိကရဏ်းကို ဆုံးဖြတ်၍ သာသနာတော်ကို ချီးမြှောက်လတ္တံ့။"

ဤသို့ ကြံတော်မူကုန်၏။

ထိုထေရ်တို့သည် ဗြဟ္မာပြည်သို့ သွား၍၊ 'တိဿ'အမည်ရှိသောဗြဟ္မာကြီးကို ဤသို့ ဆိုကုန်၏။

"ဤနှစ်မှ ၁၁၈ နှစ်မြောက်သောခုနှစ်၌ သာသနာတော်၏ ကြီးစွာသောဘေးရန်သည် ဖြစ်လတ္တံ့။ ငါတို့သည်လည်း အလုံးစုံသောလူ့ပြည်ကို ကြည့်သည်ရှိသော်၊ သာသနာတော်ချီးမြှောက်ခြင်းငှာ စွမ်းနိုင်သော တစ်စုံတစ်ယောက်သောသူကိုမျှ မမြင်၍၊ ဗြဟ္မာပြည်သို့ စူးစမ်းကုန်သော် သင်ဗြဟ္မာကြီးကို မြင်ကုန်၏။ သူတော်ကောင်းဖြစ်သော ဗြဟ္မာမင်း။ ငါတို့ တောင်းပန်ကုန်၏။ လူ့ပြည်သို့ဖြစ်၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ ပဋိညာဉ်ကို ပေးလော့"ဟု ဆိုပေသည်ရှိသော်၊ ဗြဟ္မာကြီးသည်လည်း "ငါကား သာသနာတော်၌ ဖြစ်သောဘေးရန်ကို သုတ်သင်၍၊ သာသနာတော်ကို ချီးမြှောက်ခြင်းငှာ စွမ်းနိုင်အံ့သည်"ဟု အလွန်ရွှင်သည်၊ အလွန်ဝမ်းမြောက်သည် ဖြစ်၍၊ "ကောင်းပြီ"ဟု ဝန်ခံ၍ အဆုံးအဖြတ်ကို ပေး၏။ သခင်ထေရ်တို့သည်လည်း ဗြဟ္မာပြည်၌ ပြဖွယ်ကိစ္စကိုပြီးစေ၍ လူ့ပြည်သို့ ပြန်တော်မူကုန်၏။

ထိုအခါ၌ သိဂ္ဂဝထေရ်, စဏ္ဍဝဇ္ဇိထေရ် ၂ ပါးတို့သည် ငယ်ကုန်၏။ ပဉ္စင်းငယ်တို့သာတည်း။ ဝိဋ္ဌကတ် ၃ ပုံကို ဆောင်ကုန်၏။ ပဋိသမ္ဘိဒါသို့လည်း ရောက်ကုန်၏။ ကုန်ပြီးသောအာသဝေါ ရှိကုန်သော ရဟန္တာချည်းတည်း။ ထိုထေရ်တို့သည် ထိုအဓိကရဏ်းကို မမိကုန်။

သခင်ထေရ်တို့သည် "အရှင်တို့။ သင်တို့ ၂ ပါးသည် ငါတို့၏အဓိကရဏ်း၌ အပေါင်းအဖော်တို့သည် မဖြစ်ကုန်။ ထိုကြောင့် သင်တို့ ၂ ပါးအား ဤဒဏ်ပေးသောအမှုသည် ဖြစ်စေ။ တိဿဗြဟ္မာသည် မောဂ္ဂလိပုဏ္ဏား၏အိမ်၌ ပဋိသန္ဓေယူလတ္တံ့။ ထိုသတို့သားကို သင်တို့ ၂ ယောက်တွင် တစ်ယောက်ကား အိမ်မှထုတ်၍ ရဟန်းပြုစေ။ တစ်ယောက်ကား မြတ်စွာဘုရား စကားတော်ကို သင်စေ"ဟု မိန့်တော်မူကုန်၍၊ ခပ်သိမ်းကုန်သော ထေရ်တို့သည် အသက်အတိုင်းတည်၍၊ ကြီးသောတန်ခိုးအာနုဘော်လည်း ရှိကုန်သော အရှင်သဗ္ဗကာမိထေရ် အစရှိကုန်သော ၇၀၀ သောရဟန္တာတို့သည် လောကဋ္ဌ မီးပုံကြီးကဲ့သို့ ထွန်းပ၍၊ ဒုတိယသင်္ဂါယနာကို တင်ကုန်၍၊ သာသနာတော်၏အညစ်အကြေးကို သုတ်သင်တော် မူဦး၍၊ နောင်လာလတ္တံ့သော အခါ၌လည်း သူတော်တရား၏ အကြောင်းကို ပြုတော်မူဦး၍ ပရိနိဗ္ဗာန်ပြုတော်မူလေကုန်၏။

'ခိဏာသဝါဝသိပ္ပတ္တာ၊ ပဘိန္နပဋိသမ္ဘိဒါ။
အနိစ္စတာဝသံထေရာ၊ တေပိနာမဥပါဂတာ။'

ခိဏာသဝါ၊ ကုန်ပြီးသောအာသဝေါလည်း ရှိကုန်ထသော။ ဝသိပ္ပတ္တာ၊ ဝသီဘော် ၅ ပါးသို့လည်း ရောက်ကုန်ပြီးထသော။ ပဘိန္နပဋိသမ္ဘိဒါ၊ ပြားသော ပဋိသမ္ဘိဒါလည်း ရှိကုန်ထသော။ တေပိနာမမဟာ ထေရာ၊ ထိုသို့သော ရဟန္တာမြတ်တို့သည်လျက်လည်း။ အနိစ္စတာဝသံ၊ အမြဲမရှိသောအဖြစ်နှင့် စပ်သော ပရိနိဗ္ဗာန်ပြုခြင်းကို။ ဥပါဂတာ၊ ရောက်ရလေကုန်၏။ ပဂေဝအညေ၊ ဟူလိုသတည်း။

http://www.dhammadownload.com



'ဧဝံ အနိစ္စတံဧမွိ၊ ဥတ္တာ ဒုရဘိသမ္ဘဝံ။
တံပတ္တံ့ဂု ဝါယမေ ဓိရော၊ ယံ နိစ္စံ အမတ ပဒံ။'

''ဧဝံ၊ ဤသို့။ ဧမွိလာမက်ံ၊ ယုတ်မာစွာသော။ ဒုရဘိသမ္ဘဝံ၊ လွန်နိုင်ခဲသော။ အနိစ္စတံ၊ အမြဲမရှိသော အဖြစ်ကို။ ဥတ္တာ၊ သိ၍။ နိစ္စံ၊ အမြဲတည်သော။ အမတံ၊ သေခြင်းကင်းသော။ ယံပဒံ၊ အကြင်နိဗ္ဗာန်သည်။ အတ္ထိ၊ ရှိ၏။ တံပဒံ၊ ထိုနိဗ္ဗာန်သို့။ ပတ္တံ့ဂု၊ ရောက်စိမ့်သောငှာ။ ဓိရောပဏ္ဍိတော၊ မြဲမြံသောပညာရှိသောသူသည်။ ဝါယမေ၊ လုံ့လပြုရာ၏။''

ဤသို့စကားအစဉ်ဖြင့် ဒုတိယသင်္ဂါယနာ၏ အဖွင့်သည် ပြီး၏။

http://www.dhammadownload.com



## တိဿထေရ်ဝတ္ထု

'တိဿ' အမည်ရှိသောဗြဟ္မာကြီးသည်လည်း စင်စစ်သဖြင့် ဗြဟ္မာပြည်မှ စုတေ၍၊ မောဂ္ဂလိပုဏ္ဏားဇာ အိမ်၌ ပဋိသန္ဓေ ယူလေ၏။ အရှင်သိဂ္ဂဝထေရ်သည်လည်း ထိုတိဿဗြဟ္မာ ပဋိသန္ဓေယူသောနေ့မှ စ၍၊ ၇ နှစ်ပတ်လုံး မောဂ္ဂလိပုဏ္ဏား၏အိမ်သို့ သွား၍ ဆွမ်းခံဝင်တော်မူ၏။

တစ်နေ့မျှလည်း တစ်ယောက်ချီမျှသော ယာဂု၊ တစ်ယောက်မမျှသော ဆွမ်းကိုမျှ မရ။ ၈ နှစ်လွန်သဖြင့် တစ်နေ့သ၌ "အရှင်ဘုရား။ ကန်တော့၏"ဟုဆိုကာမျှကို ရ၏။

ထိုနေ့လျှင် မောဂ္ဂလိပုဏ္ဏားသည်လည်း အပ၌ တစ်စုံတစ်ခုသောပြုဖွယ်ကိစ္စကို ပြု၍ လာလတ်သော်၊ ရင်ဆိုင်မှ အရှင်သိဂ္ဂဝထေရ်ကို မြင်၍၊

"အို-ရှင်ရဟန်း။ ငါတို့၏အိမ်သို့ သွားချေကုန်ဦးလော"ဟု မေး၏။

"ပုဏ္ဏား။ ဩော်-သွားချေဦး"ဟု ဆိုပေသော်၊

"တစ်စုံတစ်ခုသော ခဲဖွယ်စားဖွယ်ကို ရခဲ့ကုန်၏လော" ဟု မေး၏။

"ပုဏ္ဏား။ ဩော်-ရခဲ့ကုန်၏" ဟု ဆို၏။

ထိုပုဏ္ဏားသည် အိမ်သို့သွား၍၊ "ထိုရဟန်းအား တစ်စုံတစ်ခုသောဆွမ်းကို လှူလိုက်ကုန်၏လော"ဟု မေး၏။ "တစ်စုံတစ်ခုသောဆွမ်းကိုမျှ မလှူလိုက်ကုန်"ဟု ဆိုပေ၏။

ပုဏ္ဏားလည်း မိုးသောက်သောနေ့၌ 'ယနေ့ ရဟန်းကို မုသားဆိုသဖြင့် နှိပ်အံ့'ဟူ၍ အိမ်တံခါးဝလျှင် နေလင့်၏။

အရှင်သိဂ္ဂဝထေရ်သည် မိုးသောက်သောနေ့၌ ပုဏ္ဏားအိမ်တံခါးသို့ ရောက်လေ၏။

ပုဏ္ဏားလည်း အရှင်သိဂ္ဂဝထေရ်ကို မြင်လျှင်ပင် ဤသို့ဆို၏။

"အရှင်ဘုရားတို့သည် ယမန်နေ့ ငါတို့အိမ်၌ စိုးစဉ်းမျှသောဆွမ်းကို မရကုန်ဘဲလျက်လည်း 'ရခဲ့ကုန်၏' ဆိုကုန်၏။ အရှင်ရဟန်းတို့အား မုသားဆိုခြင်းသည် အပ်မည်လော" ဟု ဆို၏။

အရှင်သိဂ္ဂဝထေရ်လည်း "ပုဏ္ဏား။ ငါတို့သည် သင်တို့၏အိမ်၌ ၇ နှစ်ပတ်လုံး ခံပါသော်လည်း ဆွမ်းကိုထား၏၊ 'ကန်တော့၏' ဟူသောစကားကိုမျှလည်း မရ။ ယမန်နေ့တွင်မှ 'ကန်တော့၏' ဟူသော စကားကို ရကုန်၏။ ထိုကြောင့် ထိုသို့ရသောစကားကို စွဲ၍၊ 'ရ၏'ဟု ငါတို့ ဆိုကုန်သတည်း"ဟု ဆိုပေ၏။

ပုဏ္ဏားလည်း ကြဲ၏။

'ဤရဟန်းတို့သည် 'ကန်တော့၏'ဟု ဆိုသောစကားကိုမျှလည်း 'ရ၏'ဟူ၍ ချီးမွမ်းကုန်၏။ တစ်စုံတစ်ခုသောခဲဖွယ်စားဖွယ်ကို ရသည်ရှိသော် အဘယ်ကြောင့် မချီးမွမ်းကုန်အံ့နည်း'ဟု ကြည်ညိုကုန်၏။ မိမိစားအံ့သောငှာ စီရင်သောထမင်းမှ တစ်ယောက်မခန့်သော ဆွမ်းကို လည်းကောင်း၊ ထိုဆွမ်းနှင့်လျော်ပတ်သော ဟင်းလျာကို လည်းကောင်း လှူစေ၏။

http://www.dhammadownload.com



"ဤဆွမ်းခနဲ့သို့ အခါခပ်သိမ်း အရှင်တို့သည် ရကုန်အံ့သတည်း"ဟု ဆိုပေ၏။

ထိုပုဏ္ဏားသည် မိုးသောက်သောနေ့မှ စ၍၊ အရှင်သိဂ္ဂဝထေရ်၏ ဣန္ဒြေငြိမ်သက်ခြင်းကို မြင်၍၊ အတိုင်းထက်အလွန် ကြည်ညိုး၍၊ အရှင်သိဂ္ဂဝထေရ်ကို အခါခပ်သိမ်း အိမ်တွင် ဆွမ်းဘုဉ်းပေးစိမ့်သောငှာ တောင်းပန်ကုန်၏။ အရှင်သိဂ္ဂဝထေရ်သည်လည်း သည်းခံ၏။

နေ့တိုင်း ဆွမ်းဘုဉ်းပေးသောကိစ္စကို ပြု၍ သွားသည်ရှိသော်၊ အတန်အတန် မြတ်စွာဘုရားစကားကို ဟောပေ၍ သွား၏။

ထိုတိသဿလုလင်သည်လည်း စင်စစ်သဖြင့် ၁၆ နှစ်အရွယ်သို့ ရောက်လတ်သော် ဗေဒင် ၃ ပုံကို တတ်၍၊ ဖြဟ္မာပြည်မှလာသော စင်ကြယ်သောသတ္တဝါတို့၏နေရာ၌ လည်းကောင်း၊ အိမ်၌ လည်းကောင်း တစ်ပါးသော တစ်စုံတစ်ယောက်မျှ နေရ၊ အိပ်ရသောသူသည် မရှိ။ ထိုလုလင်သည် ဆရာအိမ်သို့ သွားသည်ရှိသော်၊ ထိုတိသဿလုလင်၏ညောင်စောင်းကို ပုဆိုးဖြူဖြူဖြင့် ဖုံးလွှမ်း၍ ထားပေကုန်၏။

သိဂ္ဂဝထေရ်သည်လည်း ကြို၏။

'ယခု လုလင်ကို ရဟန်းပြုအံ့သောငှာ တန့်ပြီ။ ပုဏ္ဏားအိမ်သို့ ငါ လာသည် ကြာပြီ။ လုလင်နှင့်တကွ စိုးစဉ်းသောစကားကိုမျှ ဆိုခြင်းသည် မဖြစ်စဖူး။ ယခု ဤသို့သောအကြောင်းဖြင့် နေရာကိုမှီ၍ စကားသည် ဖြစ်လတ္တံ့' ဤသို့ ကြံ၍၊ အိမ်သို့ သွားတော်မူ၍၊ 'ထိုအိမ်၌ လုလင်၏နေရာမှတစ်ပါး တစ်စုံတစ်ခုသောနေရာကို မမြင်စေသတည်း'ဟု အဓိဋ္ဌာန်၏။

ပုဏ္ဏားအိမ်၌နေသော အခြံအရံသည် အရှင်သိဂ္ဂဝထေရ်ကို မြင်၍၊ လုလင်၏နေရာမှတစ်ပါး တစ်စုံတစ်ယောက်သောနေရာကို မမြင်သောကြောင့် လုလင်၏နေရာကို ခင်း၍ အရှင်သိဂ္ဂဝထေရ်အား ပေး၏။ ထို အရှင်သိဂ္ဂဝထေရ်လည်း နေရာ၌ နေ၏။

လုလင်လည်း ထိုခဏ အိမ်၌လျှင်လာလတ်၍၊ မိမိ၏နေရာ၌ နေသည်ကိုမြင်၍၊ အမျက်ထွက်၍၊ နှလုံးမသက်မသာ ဖြစ်၍၊ "အသူသည် ငါ၏နေရာကို ရဟန်းအား ခင်းသနည်း" ဟုဆို၏။

အရှင်သိဂ္ဂဝထေရ်လည်း ဆွမ်းဘုဉ်းပေး၍ လုလင်၏ခက်ထန်သောအဖြစ်သည် ငြိမ်သက်လတ်သော် ဤသို့ ဆို၏။

"လုလင်။ သင်ကား တစ်စုံတစ်ခုသောဗေဒင်ကို သိ၏လော"ဟု မေး၏။

"အို-ရဟန်း။ ယခု ငါသည် ဗေဒင်ကို မသိသည်ရှိသော် ငါမှတစ်ပါးကုန်သော ဘယ်သူတို့သည် သိနိုင်ကုန်အံ့နည်း"ဟု ဆို၍၊ အရှင်သိဂ္ဂဝထေရ်ကို မေး၏။

"ရှင်ရဟန်းတို့သည်ကား ဗေဒင်ကို သိပါကုန်၏လော"ဟု မေး၏။

လုလင်မေးသည်ရှိသော်၊ "သိခြင်းငှာ စွမ်းနိုင်၏"ဟု ဆိုပေ၏။

ထိုလုလင်သည် နိဃဏ္ဌုကျမ်း၊ ကေတုဘကျမ်းနှင့် တကွဖြစ်သော၊ အက္ခရာအပြားရှိသော သိက္ခာကျမ်း၊ သဒ္ဒါကျမ်းနှင့် တကွဖြစ်သော၊ ဣတိဟာသကျမ်းလျှင် ၅ ခု မြောက်ကုန်သော ဗေဒင် ၃ ပုံတို့၌ အကြင်အကြင် ခက်ခဲသောအရာတို့သည် ရှိကုန်၏။ ထိုသို့ ခက်ခဲသောအရာတို့၏ နည်းကို မိမိလည်း မမြင်နိုင်။ လုလင်၏ဆရာလည်း မမြင်နိုင်။ ထိုခက်ခဲသောအရာတို့၌ ထေရ်ကို မေး၏။

http://www.dhammadownload.com



အရှင်သိဂ္ဂဝထေရ်လည်း ပြကတော့ဖြင့်သော်လည်း ဗေဒင် ၃ ပုံကို တတ်၏။ ယခုကား ပဋိသန္ဓိဒါသို့ ရောက်သောကြောင့် ထိုထေရ်အား ထိုပြဿနာကိုဖြေခြင်း၌ ခဲသည် မရှိ။ မေးသောခဏ၌ပင်လျှင် ထိုအမေးကို ဖြေ၍ လုလင်ကို ဆို၏။

"လုလင်။ ငါ့ကို သင်သည် များစွာမေးပြီ။ ငါသည်လည်း လုလင်ကို တစ်ခုသောပြဿနာကို မေးအံ့။ ငါ့အမေးကို ဖြေပေအံ့လော" ဟု ဆို၏။ နိဃဏ္ဌုကျမ်း, ကေတုဘကျမ်း, အက္ခရုပဘေဒနှင့်တကွသော ဗေဒင် ၃ ပုံ၊ ဣတိဟာသလျှင် ၅ ခုမြောက်သော ဗေဒင် ၃ ပုံ။ ဤသို့ဆိုအပ်ပြီးသော ဗေဒင် ၃ ပုံဟူသည်ကား ဣရုဗေဒင်လည်း ၁ ပါး, ယဇုဗေဒင်လည်း ၁ ပါး, သာမဗေဒင်လည်း ၁ ပါး၊ ဤဗေဒင် ၃ ပုံတည်း။

"'နိဃဏ္ဌုကျမ်း' ဟူသည်ကား အဘိဓာန်ကျမ်းတည်း။ သစ်ပင် အစရှိသော အထူးထူးသောအမည်, သဒ္ဒါတစ်ပါး အနက်များတို့ကိုဆိုသော လောကီကျမ်းတည်း။ ။ 'ကေတုဘကျမ်း' ဟူသည်ကား ပညာရှိတို့အား အကျိုးများသော အထူးထူးအပြားပြားသော အပြစ်-အကျိုး, ဆိုတန်-မဆိုတန် ဂါထာဗန္ဓ, စုဏ္ဏိယအပြား ကဗျာဖွဲ့စရာတို့ကိုဆိုသော လောကီအလင်္ကာတည်း။ ။ 'အက္ခရုပဘေဒ' ဟူသည်ကား ဌာန်, ကရိဏ်း အစ ရှိသည်တို့ကို ခွဲဝေသဖြင့် လည်းကောင်း၊ ဝစနတ္ထကို ခွဲဝေသဖြင့် လည်းကောင်း အက္ခရာတို့ကို ခွဲဝေကြောင်း ဖြစ်သော သိက္ခာကျမ်း, လောကီကျမ်းတည်း။ ။ 'ဣတိဟာသကျမ်း' ဟူသည်ကား ရှေးသူဟောင်းတို့ဖွဲ့သော စကားတည်း။

"ဗေဒင် ၃ ပုံတွင် အထဗ္ဗဏဗေဒင်နှင့်သော် ၄ ပုံ ဟူ၍ဆိုသတည်း။ ဣတိဟာသနှင့်သော် ၅ ပါး ဖြစ်သတည်း။ အထဗ္ဗဏဗေဒင်ကား သတ္တဝါတို့၏ ပူပန်ခြင်း, ဖျက်စီးခြင်းကို ဆောင်တတ်သောကြောင့် မသုံး ဆောင်ကုန်။ အလောင်းသူမြတ်တို့ ကြဉ်ကုန်သတည်း။

"ဗေဒင် ၃ ပုံပြုသော ဆရာရသေ့တို့ကား ၁ ကျိပ်တည်း။ ၁ ကျိပ်ဟူသော်ကား အင္ဂကရသေ့, ဝါမက ရသေ့, ဝါမဒေဝရသေ့, အင်္ဂီရသရသေ့, 'ဘဂု'မည်သော ရသေ့, 'ယမဒဂ္ဂိ'မည်သော ရသေ့, ဝါသိဋ္ဌရသေ့, ဘာရဒ္ဝါဇရသေ့, ကဿပရသေ့, ဝေဿာမိတ္တရသေ့။ ဤ ၁ ကျိပ်သောရသေ့တို့သည် ပြုသတည်း။

"အထဗ္ဗဏဗေဒင်ကိုကား နောက်မှ တရားမစောင့်သောပုဏ္ဏားတို့သည် သူတို့၏အသက်ကို သတ်ခြင်း အစရှိသောအကျိုးငှာ ပြုကုန်သတည်း။

"လောကီဖြစ်သော ဆန်း, အလင်္ကာ, သဒ္ဒါကျမ်းတို့ကား ဗေဒင် ၃ ပုံ အဝင်တည်း။ ဤစကားများကို ရည်၍ 'ကြံပုံလက္ခဏာ၊ ပြုစေရာသော၊ အရိုးအသား၊ ဟောနည်းများနှင့်၊ ဟူးရားဂဏန်း၊ မဟန်းအသေ၊ နှုတ်သာကြေး၍၊ ဂြိုဟ်နေဂြိုဟ်တိုင်၊ ဗျာကရိဏ်ကို၊ တိုင်တိုင်ကိုယ်မှု၊ ဆုံအောင်ကုလျက်၊ တျက်တျက်တိတိ၊ သဘောသိ၏၊ ဣတိဟာသ၊ ကေတုဘဟု၊ လောကစိန္တာ၊ ဆိုစရာကား၊ စဉ်လာရှေးတီး။။ စကားကြီးနှင့်၊ နည်းသည် တုံဖွဲ့၊ အိမ်အဲ့မဲ့လျှင်၊ တင်မြဲကိုယ်ဖူး၊ မြင်ချေဖူးသို့၊ မလူးလျှင်စွမ်း၊ တောဒည်းဆန်းလည်း၊ ဖြန်းဖြန်းတတ်ပွန်၊ ပဋိဘာန်လျင်လျား၊ ထူးခြားကဗျာ၊ ဖွဲ့စရာသား၊ ဂါထာပုံသေ၊ စကားပြေ၌၊ ဆိုခိုက်မိတန်၊ ရှင်းရှင်း သန့်လျက်၊ မတွန့်ညင်းညင်း၊ ဝိုက်တွင်းသက်သက်၊ တွေးငေါနက်၏၊ သွက်သွက်မြန်သန်၊ အဘိဓာန်ဟု၊ နိဃဏ္ဌုကျမ်း၊ အရိုးမွမ်း၍၊ ပြွမ်းပြွမ်းခင်းကျင်း၊ ဝန်းလျားပြင်းသည်၊ ထိုးထွင်းခပ်သိမ်း ဇာဟိတည်း' ဟုဆိုတော်မူသတည်း။

ထိုလုလင်လည်း "အို-ရှင်ရဟန်း။ မေးလော့။ ငါ ဖြေအံ့"ဟု ဆိုပေ၏။

အရှင်သိဂ္ဂဝထေရ်သည်လည်း စိတ္တယမိုက်၌ 'ယဿစိတ္တံ ဥပ္ပဇ္ဇတိ နန္ဒိရဂ္ဂိသတိ' ဟူ၍ ပြဿနာကို မေး၏။

http://www.dhammadownload.com



"ယသပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ နိရုဇ္ဈတိ၊ ချုပ်ဆဲ မဟုတ်။ ။ ဤကား သန္နိဋ္ဌာန်။

ထိုပုဂ္ဂိုလ်၏စိတ်သည် ချုပ်လတ္တံ့လော, မဖြစ်လတ္တံ့ပြီလော။ ။ ဤကား သံသယ။

ဤပဋမပဉ္စာ၌ 'ယဿ စိတ္တံဥပ္ပဇ္ဇတိ၊ နိရုဇ္ဈတိ' ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား 'ရဟန္တာတို့၏စုတိစိတ်၏ ဥပါဒက္ခဏ၊ ရဟန္တာမှတစ်ပါးသော သေက္ခပုထုဇဉ်တို့၏ ဥပ္ပါဒက္ခဏ၊ ဤ ၂ ပါးကို ရ၏။ ။ 'ယဿစိတ္တိဿ နိရုဇ္ဈတိ' ဟူသော ဒသဝဂ္ဂပုဒ်၏အရကား ရဟန္တာတို့စုတိစိတ်၏ ဥပ္ပါဒက္ခဏ ရ၏။ ထို့ကြောင့် 'အရဟန္တန် စုတိစိတ္တဿ ဥပ္ပာဒက္ခဏေယဝ်စိတ္တံဥပ္ပဇ္ဇတိ။ နိရုဇ္ဈတိ။ နိရုဇ္ဈိဿတိ။ နဥပ္ပဇ္ဇိဿတိ။ ဣတရေသံ စိတ္တဿဥပ္ပါဒနက္ခဏေတေသံ ဥပ္ပဇ္ဇတိ။ ယံနိရုဇ္ဈိဿတိ။ နောစနုပ္ပဇ္ဇိဿတိ' ဟူ၍ ဖြေအပ်၏။

"ယသပုဂ္ဂလဿ၊ အကြင်ပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ နိရုဇ္ဈိဿတိ၊ ချုပ်လတ္တံ့။ နဥပ္ပဇ္ဇိဿတိ၊ မဖြစ်လတ္တံ့။ တသပုဂ္ဂလဿ၊ ထိုပုဂ္ဂိုလ်၏။ စိတ္တံ၊ စိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ နနိရုဇ္ဈတိ၊ ချုပ်ဆဲ မဟုတ်လော။"

ဤ ဒုတိယပဉ္စာ၌ 'ယဿဝါပနစိတ္တံ နိရုဇ္ဈိဿတိ' ဟူသော သန္နိဋ္ဌာန်ပုဒ်၏အရကား ရဟန္တာတို့၏ စုတိစိတ်၏ ဥပ္ပါဒါနက္ခဏသာတည်း။ 'တဿစိတ္တံဥပ္ပဇ္ဇတိ၊ နနိရုဇ္ဈတိ' ဟူသော သံသယပုဒ်၏အရကား ရဟန္တာတို့မှတစ်ပါးသော သေက္ခပုထုဇဉ်တို့၏စိတ်၏ ဥပ္ပါဒနက္ခဏသည်လည်း ရပါ၏။ ဤသို့ သန္နိဋ္ဌာန်ကျဉ်း၍ သံသယကျယ်ရကား၊ အမန္တာခံ၍ ဖြေရာသတည်း။

လုလင်လည်း အထက်ကိုလည်းကောင်း, အောက်ကိုလည်းကောင်း အောက်မေ့အံ့သောငှာ မတတ်နိုင်ရကား၊ "အို-ရဟန်း။ ဤစကားသည် အဘယ်စကားနည်း" ဟုဆို၏။

"လုလင်။ ဤစကားသည်ကား 'မြတ်စွာဘုရားဗေဒင်' မည်၏"

ဤသို့ဆိုသည်ရှိသော်၊ "အို-ရဟန်း။ ဤမြတ်စွာဘုရားဗေဒင်ကို ငါ့အားလည်း ပေးခြင်းငှာ တတ်ကောင်းပါလော" ဟု မေး၏။

"လုလင်။ ငါတို့ကဲ့သို့ ရဟန်းပြုသောသူအား ပေးခြင်းငှာ တတ်ကောင်း၏" ဤသို့ဆိုပေ၏။

ထိုနောင်မှ လုလင်သည် အမိအဖကို ကပ်၍၊ "ဤရဟန်းသည် 'မြတ်စွာဘုရား ဗေဒင်' မည်သည်ကို သိ၏။ မိမိ၏အထံ၌လည်း ရဟန်း မပြုသောသူအား မပေး။ ငါသည် ထိုရဟန်း၏အထံ၌ ရဟန်းပြု၍ မြတ်စွာဘုရားဗေဒင်ကို သင်အံ့" ဟု ဆို၏။

ထိုအခါ၌ ထိုလုလင်၏အမိအဖတို့သည် "ရဟန်းပြု၍လည်း ငါတို့၏သားသည် မြတ်စွာဘုရားဗေဒင်ကို သင်ပစေ။ သင်၍ တစ်ဖန် လာလတ္တံ့" ဟု မှတ်ကုန်၍၊ "ချစ်သား။ သင်လေလော့" ဤသို့ ခွင့်ပြုကုန်၏။

အရှင်သိဂ္ဂဝထေရ်သည်လည်း ထိုသူငယ်ကို ရဟန်းပြုစေ၍ ဒွတ္တိသာကာရကမ္မဋ္ဌာန်းကို ရှေးဦးစွာ ကြားပေ၏။ ထိုသာမဏေသည် ထိုဒွတ္တိသာကာရ၌ စီးဖြန်းခြင်းကိုပြုလတ်သော် မမြင့်မိလျှင် သောတာပတ္တိဖိုလ်၌ တည်လေ၏။

ထို့နောင်မှ ထိထေရ်သည် ကြွ၏။ 'သာမဏေသည် သောတာပတ္တိဖိုလ်၌ တည်ပြီ။ ယခု သာသနာတော်မှ နှစ်အံ့သောငှာ မထိုက်ပြီ။ အကယ်၍ ငါသည် သာမဏေအား ကမ္မဋ္ဌာန်းကို ပွားစေ၍ ဆိုပေအံ့။ အရဟတ္တဖိုလ်သို့

http://www.dhammadownload.com



ရောက်ရာ၏။ မြတ်စွာဘုရားစကားတော်ကို သင်ချေအံ့သောငှာ ကြောင့်ကြမဲ့သည် ဖြစ်ရာ၏။ ယခု ထိုသာမဏေကို စဏ္ဍာဝန္ဓိထေရ်၏အထံသို့ စေအံ့သောငှာ အခါတန်ပြီ' ဤသို့ကြံ၏။

ထိုသို့ ကြံပြီးသောနောင်မှ ထိုသာမဏေကို ''သာမဏေ။ လာလှည့်။ သင်သည် စဏ္ဍာဝန္ဓိအထံသို့ သွား၍၊ မြတ်စွာဘုရားစကားတော်ကို သွား၍ သင်ချေ။ ငါ၏စကားဖြင့် အနာမရှိသောအဖြစ်ကို မေးလော့။ ဤသို့လည်း ဆိုလော့။ 'အရှင်ဘုရား။ အကျွန်ုပ်၏ ဥပဇ္ဈာယ်ဆရာသည် အကျွန်ုပ်ကို အရှင်ဘုရားတို့၏အထံသို့ စေ၏'ဟု ဆိုလော့။ 'သင်သာမဏေ၏ ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည် ရှိသနည်း'ဟု ဆိုသည်ရှိသော်၊ 'အရှင်ဘုရား။ သိဂ္ဂဝဏေရ် အမည်ရှိ၏'ဟု ဆိုလော့။ 'ငါကား အဘယ်အမည် ရှိသနည်း'ဟု ဆိုသည်ရှိသော်၊ ဤသို့ ဆိုလော့။ 'အရှင်ဘုရား။ အကျွန်ုပ်၏ဥပဇ္ဈာယ်တည်း အရှင်ဘုရားတို့၏အမည်ကို သိ၏'ဟု ဆိုလော့'' ဤသို့ ဆို၏။

''အရှင်ဘုရား။ ကောင်းပြီ''ဟု ဝန်ခံ၍၊ ထို တိဿသာမဏေသည် အရှင်သိဂ္ဂဝဏေရ်ကို ရှိခိုး၍၊ လက်ယာရစ် လှည့်၍၊ အစဉ်သဖြင့် စဏ္ဍာဝန္ဓိထေရ်၏အထံသို့ သွား၍၊ ရှိခိုး၍ တင့်အပ်သောအရပ်၌ နေလေ၏။

အရှင်စဏ္ဍာဝန္ဓိထေရ်သည် သာမဏေကို

''အဘယ်အရပ်မှ လာသနည်း''ဟု မေး၏။

''အရှင်ဘုရား။ ဥပဇ္ဈာယ်သည် အကျွန်ုပ်ကို အရှင်ဘုရားတို့၏အထံသို့ စေ၏''ဟု ဆိုပေ၏။

''သင်၏ဥပဇ္ဈာယ်ဆရာသည် အဘယ်အမည် ရှိသနည်း''ဟု မေး၏။

''အရှင်ဘုရား။ သိဂ္ဂဝဏေရ် အမည်ရှိ၏''ဟု ဆိုပေ၏။

''ငါ့ကား အဘယ်အမည် ရှိသနည်း''ဟု မေးပြန်၏။

''အရှင်ဘုရား။ အကျွန်ုပ်၏ဥပဇ္ဈာယ်သည် အရှင်ဘုရားတို့၏အမည်ကို သိ၏''ဟု ဆိုအပ်သော်၊

''ယခု သပိတ်,သင်္ကန်းကို သိမ့်းလော့''

''ရှင်ပင်ဘုရား။ ကောင်းပြီ''ဟု သာမဏေသည် သပိတ်, သင်္ကန်းကို သိမ့်း၍၊ မိုးသောက်သောနေ့၌ ပရိဝုဏ်ကို တံမြက်လှည်း၍ မျက်သစ်ရေ, တံပူကို ထားပေ၏။

စဏ္ဍာဝန္ဓိထေရ်သည်လည်း သာမဏေလှည်းသောအရပ်ကို တစ်ဖန် လှည်း၏။ သာမဏေထားသော မျက်သစ်ရေ, တံပူကို စွန့်၍၊ တစ်ပါးသော မျက်သစ်ရေ, တံပူကို ယူ၍ ဆောင်၏။

ဤကဲ့သို့ ၇ ရက်ပတ်လုံး ပြု၍ ၇ ရက်မြောက်သောနေ့၌ တစ်ဖန် မေးပြန်၏။ သာမဏေသည်လည်း ရှေ့၌ဆိုသော အတူလျှင် ဆိုပေ၏။

စဏ္ဍာဝန္ဓိထေရ်သည်လည်း 'ဤသာမဏေသည်ကား ထို တိဿဗြဟ္မာပင် မှန်၏' ဤသို့ သိ၍၊ ''အဘယ်လို့ဌာ လာသနည်း''ဟု မေး၏။

''ရှင်ပင်ဘုရား။ မြတ်စွာဘုရားစကားတော်ကို သင်အံ့သောငှာ လာ၏''ဟု လျှောက်ပေ၏။

အရှင်စဏ္ဍာဝန္ဓိထေရ်သည်လည်း ''သာမဏေ။ ယခု သင်လော့''ဟု ဆို၍၊ မိုးသောက်သောနေ့မှ စ၍ ဆောက်တည်၏။

တိဿသည် သာမဏေပင်ဖြစ်၍၊ ဝိနည်းပိဋကတ်ကို ထား၍ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို အဋ္ဌကထာနှင့်တကွ သင်၏။ ပဉ္စင်းဖြစ်သောကာလ၌ကား ၁ ဝါမပြည့်မီလျှင် ဝိဋကတ် ၃ ပုံကို ဆောင်နိုင်၏။

http://www.dhammadownload.com



ဆရာဥပဇ္ဈာယ်တို့သည် မောဂ္ဂလိပုတ္တ္တထေရ်၏လက်၌ အလုံးစုံသော မြတ်စွာဘုရားစကားတော်ကို သင်စေတော်မူ၍၊ အသက်အတိုင်းတည်၍ ပရိနိဗ္ဗာန်ပြုလေကုန်၏။

အရှင်မောဂ္ဂလိပုတ္တ္တထေရ်သည်လည်း ကမ္မဋ္ဌာန်းကိုပွားစေ၍ ရဟန္တာအဖြစ်သို့ ရောက်လေ၏။ များစွာသော ရဟန်းတို့အားလည်း သုတ်, အဘိဓမ္မာ, ဝိနည်းကို သင်စေ၏။

http://www.dhammadownload.com



## အသောကမင်းအကြောင်းကို ပြခြင်း

ထိုအခါ၌ ဗိန္ဓုသာရမင်းကြီး၏ သား ၁၀၁ ယောက်တို့တွင် အသောကမင်းသား[1]သည် မိမိနှင့် တစ်မိသားချင်းဖြစ်သော တိဿသတို့သားကို ထား၍၊ ၄ နှစ်ပတ်လုံး အဘိသိက်မခံဘဲလျှင် မင်းအဖြစ်ကို ပြု၍၊ ၄ နှစ်လွန်သဖြင့် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၂၁၈ နှစ်မြောက်၌ ဓမ္မာဒီပါကျွန်းအလုံး၌ တစ်ယောက်တည်းသော အဘိသိက်သို့ ရောက်၏။

ထိုအသောကမင်း၏ အဘိသိက်တန်ခိုးဖြင့် မြေကြီးအောက် ၁ ယူဇနာ, အထက်ကောင်းကင် ၁ ယူဇနာ အာဏာစက်သည် ဖြစ်၏။ အနောတတ်အိုင်မှ ၈ ထပ်တို့ဖြင့် ၁၆ လုံးသောရေအိုးတို့ကို နေ့တိုင်း နတ်တို့သည် ဆောင်ပေကုန်၏။ ၁၆ လုံးသောရေအိုးမှ သာသနာတော်၌ သဒ္ဓါခြင်းရှိသည် ဖြစ်၍၊ ၈ လုံးသောရေအိုးတို့ကို ရဟန်းသံဃာအား လှူတော်မူ၏။ ၂ လုံးသောရေအိုးတို့ကို ပိဋကတ် ၃ ပုံ ဆောင်ကုန်သော ၆ သောင်းသော ရဟန်းတို့အား လှူ၏။ ၂ လုံးသောရေအိုးတို့ကို အသန္ဓိမိတ္တာမိဖုရားအား ပေး၏။ ၂ လုံးသော ရေအိုးတို့ကို မိမိ သုံးဆောင်တော်မူ၏။ ၂ လုံးသောရေအိုးတို့ကို ၁ သောင်း ၆ ထောင်သော မောင်းမတို့ကို ပေးတော်မူ၏။

ဟိမဝန္တာ၌ 'နာဂလတာ'[2]အမည်ရှိသော တံပူသည် သိမ်မွေ့၏။ နူးညံ့၏။ အရသာနှင့် ပြည့်စုံ၏။ ထို နာဂလတာတံပူကို နတ်တို့သည် နေ့တိုင်းနေ့တိုင်း ဆောင်ပေကုန်၏။ နာဂလတာတံပူဖြင့် မိဖုရား, ၁ သောင်း ၆ ထောင်သော မောင်းမ, ၆ သောင်းသောရဟန်းတို့အား နေ့တိုင်း တံပူစားခြင်းကိစ္စသည် ဖြစ်၏။

နေ့တိုင်းနေ့တိုင်းလျှင် ထို အသောကမင်းကြီးအား နတ်တို့သည် ဆေးဖြစ်သော သျှိသျှားသီးကို လည်းကောင်း၊ ဆေးဖြစ်သော သဖန်းခါးကို လည်းကောင်း၊ ရွှေအဆင်းနှင့်တူသော, အနံ့အရသာနှင့်ပြည့်စုံသော သရက်မှည့်ကို လည်းကောင်း ဆောင်ပေကုန်၏။ ထိုမှတစ်ပါး ဆဒ္ဒန်အိုင်၏အနီး၌ ရောက်သော[3] ပဒေသာမှ အဆင်း ၅ ပါးသော ဝတ်စရာ, ရံစရာပုဆိုးတို့ကို လည်းကောင်း၊ ရွှေသောအဆင်းရှိသော လက်သုတ်ပုဆိုးကို လည်းကောင်း၊ နတ်တို့၏ သစ်သီးအဖျော်ကို လည်းကောင်း နတ်တို့သည် ဆောင်ပေကုန်၏။ နေ့တိုင်းနေ့တိုင်းလျှင် ထိုအသောကမင်းကြီးအား အထူးထူးသောနံ့သာကို လည်းကောင်း၊ လိမ်းစရာ နံ့သာပျော်ငှံးကို လည်းကောင်း၊ ရုံစိမ့်သောငှာ ချည်ဖြင့်မရက် မုလေးပွင့်သကဲ့သို့ အပြောက်ရှိသောပုဆိုးကို လည်းကောင်း၊ မြတ်သောသူတို့အားသာထိုက်သော မျက်စဉ်းကို လည်းကောင်း နဂါးပြည်မှ နဂါးမင်းတို့သည် ဆောင်အပ်ကုန်၏။ ဆဒ္ဒန်အိုင်နားဌ အလိုလိုရောက်သော သလေးစပါး အလှည်း ၉၀၀၀ တို့ကို နေ့တိုင်း ကျေးတို့သည် ဆောင်ပေကုန်၏။ ကြွတ်တို့သည် ဖွဲ, ဆန်ကျိုး မရှိသည်ကို ပြုပေကုန်၏။ တစ်လုံးမျှလည်း ဆန်ကျိုး မဖြစ်။ မင်းကြီးအား အရာခပ်သိမ်း၌ ဆန်ကိုသာလျှင် သုံးဆောင်၏။ ပျားကြီး, ပျားငယ်တို့သည် စွဲလှာပေကုန်၏။ ပန်းပဲတင်းကုပ် တို့၌ ဝံတို့သည်

၁- သိရိဓမ္မာသောကမင်း

၂- 'နာဂလတာ'ဟူသည်ကား 'ကွမ်းပင်' ဟု အဘိဓာန်၌ ဆို၏။ 'တံပူ'ဟူ၍လည်း ဆရာတို့ ဆိုကုန်၏။

၃- 'ဆဒ္ဒန်အိုင်၏အနီးဖြစ်သော ဗိမာန်မှ' ဟူ၍လည်း ဋီကာ၌ ဆို၏။

http://www.dhammadownload.com



တူခတ်လာပေကုန်၏။ ကရဝိက်ငှက်တို့သည် လာလတ်၍ သာယာစွာသောအသံကို ကျူးပေကုန်လျက် မင်းကြီးအား အခွန်ဆက်သောအမှုကို ပြုပေကုန်၏။

ဤသို့သောတန်ခိုးနှင့် ပြည့်စုံသောမင်းသည် တစ်နေ့သ၌ ရွှေခြေချင်းအဖွဲ့ကို လွှတ်လိုက်၍၊ ကကုသန်, ကောဏာဂုံ, ကဿပ, ဂေါတမ၊ ဘုရား ၄ ဆူတို့၏အဆင်းကို မြင်လိုက်ဖူးသော, တစ်ကမ္ဘာလုံး အသက်ရှည်သော ကာလနဂါးမင်းကို ဆောင်ခဲ့၍၊ ထီးဖြူအောက် မြတ်သောသူတို့အားသာ ထိုက်သော ပလ္လင်၌ နေစေ၍၊ အရာမကသောအဆင်း ရှိကုန်သော ရေပန်း, ကြည်းပန်းတို့ဖြင့် လည်းကောင်း၊ ရွှေပန်းတို့ဖြင့် လည်းကောင်း ပူဇော်၍၊ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်ကုန်သော, ၁ သောင်း ၆ ထောင်ကုန်သော မောင်းမတို့ဖြင့် ထက်ဝန်းကျင် ခြံရံစေ၍ ကာလနဂါးအား ဤသို့ မိန့်တော်မူ၏။

"အခုံးမရှိသောဉာဏ်တော် ရှိသော, 'သူတော်ကောင်းတရား' တည်းဟူသော မြတ်သောစက်ရတနာ ရှိသော မြတ်စွာဘုရားအဆင်းတော်ကို ငါ၏မျက်စိ၌ ထင်သည်ကို ပြုဘိလော့" ဟု ဆို၏။

ထို ကာလနဂါးမင်းသည် ဖန်ဆင်းအပ်သော ကိုယ်တော်အလုံးပြည့်သော 'ကောင်းမှု' ဟူသောအကြောင်းကြောင့်ဖြစ်သော၊ ၈၀ သောလက္ခဏာဖြင့် တန်ဆာဆင်သော၊ ၃၂ ပါးသော ယောကျ်ားမြတ်၏လက္ခဏာကြီး တည်းဟူသော အသရေနှင့်တကွဖြစ်သဖြင့် ပွင့်သော၊ ကြာညို, ကြာနီ, ကြာဖြူ, ကြာပုဏ္ဏရိက်တို့ဖြင့် တန်ဆာဆင်သောရေအယဉ်ကဲ့သို့၊ ခပ်သိမ်းသောအရပ်တို့၌ ပြည့်သော ကြယ်အပေါင်းတို့၏အရောင် တည်းဟူသော ကွန်ရက်တို့ဖြင့် ပြည့်လျက် ဖြိုးပြက်တင့်တယ်စွာလွန်းသော ကောင်းကင်ပြင်ကဲ့သို့၊ အညို, အရွှေ, အနီ အစရှိသောအပြားရှိသော ဆန်းကြယ်သောအဆင်းရှိသောရောင်ခြည်တို့ဖြင့် ဖွေးသော၊ ၁ လံမျှလောက်သော အရောင်တော်တို့၏အဝန်းဖြင့် တင့်တယ်သောအဖြစ်ကြောင့် ဆည်းဆာရောင်ဖြင့်တက်သော သက်တင်ရေးလျှပ်စစ်နယ်တို့ဖြင့် ခြံရံသော တောင်ထွတ်ကဲ့သို့ အထူးထူးသောအဆင်းတို့ဖြင့် တပ်သော၊ အညစ်အကြေးကင်းသော 'မှန်ကင်းပန်း' တည်းဟူသော ဦးခေါင်းတော်မှထွက်လတ်၍ ထိပ်တော်၌ စုဝေးဘိသကဲ့သို့ တင့်တယ်သော အရောင်တို့ဖြင့် ထွန်းသော၊ နှစ်လိုဖွယ်သောဦးခေါင်းတော်၏ တင့်တယ်ခြင်းလည်း ရှိထသော၊ ဖြဟ္မာ, နတ်, လူအပေါင်းတို့၏ မျက်စိအရသာ၏တည်ရာကဲ့သို့ ဘုရားဆင်းတုတော်ကို ရှုလျက် ၇ ရက်ပတ်လုံး မျက်စိပူဇော်ခြင်းကို ပြုတော်မူ၏။

> [အလှည်း ၉၀၀၀ ဟူရာ၌ ၄ ဆုပ်မူကား ၁ ကုဋေ့, ၄ ကုဋေ့ကား ၁ ကွန်းစားတည်း။ ၄ ကွန်းစားကား ၁ ပြည်တည်း။ ၄ ပြည်ကား ၁ စရွတ်တည်း။ ၄ စရွတ်ကား ၁ စိတ်တည်း။ ၄ စိတ်ကား ၁ တင်းတည်း။ အတင်း ၂၀ ကား ၁ ဝါဟတည်း။ ၁ ဝါဟကား ၁ လှည်းမည်၏' ဟု သုတ္တနိပါတ်, အဋ္ဌကထာ စသည်တို့၌ဆို၏။ ငါတို့တင်းဖြင့်ကား အတင်း ၄၀ ရှိ၏။ မုဋ္ဌိ၊ ၁ ဆုပ်။ ကုဋေ့။ ကုဋေ့၊ ပတ္တ၊ ကွန်းစား။ အဋ္ဌက၊ ပြည်။ ဒေါဏ၊ စရွတ်။ ဟာဏိက၊ စိတ်။ ခါရီ၊ တင်း။ ။ဤကား အစဉ်။ 'ဝါတေတုသဒ္ဒေါစောကော' ဟူသော အဘိတ်နှင့်လည်း ညီ။ 'ဒွေသကဋ္ဌမ္ပလ္လင် '၁ ဝါဟ' မည်၏' ဟူ၍ဆိုသော ဆရာတို့အယူ၌ကား ၁ ဝါဟ-၁ ဝါဟသော် အတင်း ၈၀ ရှိ၏။ ။

ဆေးဖြစ်သော သျှိသျှားသဖန်ခါးကား အတန်ငယ်သာစားသော်လည်း ခပ်သိမ်းသော ဒေါသအနာတို့ကို ဖျောက်နိုင်သော ဟူ၏။

http://www.dhammadownload.com



'ရွှေခြေချင်းအဖွဲ့ကို လွတ်လိုက်၍' ဟူသည်ကား ရွှေခြေချင်းအနှောင်ကို ဂင်္ဂါမြစ်၌ချ၍ မင်းကြီး၏အာဏာစက်ဖြင့် ကာလနဂါးမင်း၏ ခြေထက်တင်လျက် ထိလေသတည်း။ ကာလနဂါးမင်း၏ဗိမာန်ကား ၁ ယူဇနာအောက်၌ တည်လျက်မျှလည်း မင်း၏နိုင်ငံအစပ်၌ တည်ချေရကား၊ မင်းကြီး၏အာဏာစက်ဖြင့် မနေနိုင်၍ လာရသည် ဟူ၏။

အသောကမင်းသည် အဘိသိက်ခံ၍ ၃ နှစ်တိုင်တိုင် သာသနာတော်မှအပဖြစ်သော၊ တဏှာ ဒိဋ္ဌိတည်းဟူသော ကြောက်ွင်းကို ထောင်တတ်သော ပါသဏ္ဍအယူကို စူးစမ်းဆင်ခြင်၍ ယူ၏။ ၄ နှစ်မြောက်၌ မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုု၏။ ထိုအသောကမင်း၏ ခမည်းတော် ဗိန္ဒုသာရမင်းသည် ပုဏ္ဏားတို့အား လည်းကောင်း၊ ပုဏ္ဏားဖြစ်သော 'ပါသဏ္ဍအယူ' ရှိကုန်သော ပုဆိုးဖြူဝတ်ကုန်သော တဏှတွန်း၊ ရဟန်းအရောင်သင်္ကန်းဝတ်သော တဏှတွန်း အစရှိကုန်သော ၆ သောင်းသောသူတို့အား ကျွေးမြဲဝတ်ကို ဖြည့်တင်း၍ ခမည်းတော်အတူ လည်းကောင်းလျှင် ပေးလျက်၊ တစ်နေ့သ၌ ခြင်္သေ့ခံသော လေသာနန်းတံခါး၌ရပ်လျက်၊ ငြိမ်သက်ခြင်းမှ ကင်းသောအကျင့်ဖြင့် စားကုန်သော၊ မငြိမ်သက်သောဣန္ဒြေရှိကုန်သော၊ မဆုံးမသောဣရိယာပုထ် ရှိကုန်သော၊ ပရိဗိုဓ် အစရှိသောသူတို့ကို မြင်၍ ကြံတော်မူ၏။ 'ဤသို့သော အလျှူကို စုံစမ်းဆင်ခြင်၍ သင့်သောအရာ၌ ပေးခြင်းငှာ အပ်၏' ဟု ကြံတော်မူ၏။

တဏှတွန်းတို့၏အယူကား ပုဆိုးဖြူကို ဝတ်၏။ သင်္ကန်းရောင်းဝယ်သော တိတ္ထိကား 'ပဏ္ဍာရင်္ဂ' မည်၏။ ဦးခေါင်းပြည်းလျက် ရဟန်းအရောင် သင်္ကန်းဝတ်သည်ကား 'ပရိဗ္ဗာဇက' မည်၏။ ကိုယ်၌ အဝတ်မကပ် အချည်းစည်းနေသော တိတ္ထိကား 'အာဇီဝက' မည်၏။ 'ငါတို့၌ ကိလေသာ ဟူသောနှောင်ဖွဲ့ခြင်း မရှိပြီ။ သံသရာ၌ကြောင့်ကြခြင်း မရှိ။ လယ်ယာ၊ သားမယားသိမ်းခြင်း ဟူသော ရာဂ အစရှိသော ကိလေသာတို့၏အာရုံကား ငါတို့၌ မရှိ။ ငါတို့ကား ရဟန္တာတည်း' ဟု ဝန်ခံလျက် တစ်ပါးသောအသွင်အမူအရာကို ပရိက္ခရာတို့ကို ဆောင်သော တိတ္ထိတို့ကား 'နိဂဏ္ဌ' မည်၏။]

ဓမ္မာသောကမင်းကြီး* ၏ အတ္ထုပ္ပတ္တိကား ဤသို့တည်း။

ခမည်းတော် ဗိန္ဒုသာရမင်းကြီး၏သားတော်တို့ကား ၁၀၁ ယောက်တည်း။ မောရိယပြည်၌ သာကီဝင်မင်းသမီးဖြစ်သော ဓမ္မဒေဝီမိဖုရား၏သားတော်ကား 'အသောက, တိဿ' ဟူ၍ မင်းသား ၂ ယောက် ရှိ၏။ ကြွင်းသော ညီတော်, နောင်တော် ၉ ကျိပ် ၉ ယောက်တို့ကား အမိခြားချည်းတည်း။

ထိုအသောကမင်းသား ပဋိသန္ဓေနေသောအခါ ဓမ္မဒေဝီမိဖုရားကား ချင်ခြင်း ၅ ပါး ဖြစ်သည်တည်း။ ခြေတစ်ဖက်ဖြင့် နေဝန်းကို နင်းခြင်းသည်လည်း ၁ ပါး, ကောင်းကင်ထက် ကြယ်များကို စားခြင်းသည်လည်း ၁ ပါး, ကောင်းကင်ကိုမြွေးသော တိမ်ပြာကို စားခြင်းသည်လည်း ၁ ပါး, မြေထဲ၌ ကျစ်သောတိုကို စားခြင်း

* သိရိဓမ္မာသောကမင်းလည်း ဟူ။

http://www.dhammadownload.com



သည်လည်း ၁ ပါး, မြေပေါ်၌ရောက်သော သစ်ပင်တို့ကို စားခြင်းသည်လည်း ၁ ပါး။ ဗိန္ဓုသာရမင်းကြီးကား ထိုသို့ ချင်ခြင်းတို့ကို ဥပါယ်တံမျဉ်တို့ဖြင့် ငြိမ်းကြောင်းပြု၍ ငြိမ်းစေ၏။

မိဖုရားဆရာ စရဏဇီဝကကား အတတ်ပညာအလိမ္မာနှင့် ပြည့်စုံသည်ဖြစ်၍၊ မိဖုရားကို မှတ်စိမ့်သောငှာ ဆိုပေသတည်း။

"ဒါယိကာမ မိဖုရား။ ဖွားလတ်သောအခါ ယောကျ်ားဖွားအံ့။ မင်း ဖြစ်အံ့။ ဖြစ်တံ့သော်လည်း 'နေဝန်း, လဝန်းကို နင်းခြင်းသည်' ကား စမ္ဗူဒီပ်ကျွန်းအပြင်၌ နေ,လသဖွယ် ထွန်းတောက်ပသော၊ ၁၀၁ ယောက်သော မင်းတို့ကို နှိမ်နင်းနိုင်သော မင်း ဖြစ်လတ္တံ့သော နိမိတ်တည်း။ ကောင်းကင်၌ 'ကြယ်တို့ကို စားခြင်းသည်' ကား တစ်ဖသားချင်းဖြစ်သော ညီတော်,နောင်တော်တို့ကို သတ်လတ္တံ့သော နိမိတ်တည်း။ 'တိမ်ပြာကို စားခြင်းသည်' ကား ကောင်းကင်နှင့်တူသော သာသနာတော်၏ တိမ်နှင့်တူသော အညစ်အကြေးဖြစ်သော မိစ္ဆာဒိဋ္ဌိတို့ကို ဖျောက်နိုင်အံ့သော နိမိတ်တည်း။ 'မြေထဲ၌ကျစ်သော တိတို့ကို စားခြင်းသည်' ကား ၁ ယူဇနာတိုင်အောင် မြေကြီးအထဲ၌ အာဏာစက်နှံ့တတ်ရာသော နိမိတ်တည်း။ 'သစ်ပင်တို့ကို စားခြင်းသည်' ကား အထက်ကောင်းကင်သို့လည်း ၁ ယူဇနာတိုင်အောင် အာဏာစက်နှံ့ရာသော နိမိတ်တည်း"

ထိုသို့ပညာရှိသော မိဖုရားဆရာ စရဏဇီဝက ဆိုပေ၏။ မိဖုရားလည်း ထိုစကားကိုကြားသော် ရွှေပေ၌ ရေး၍ ထားစေ၏။

"ဤသို့ဆိုတိုင်း ဖြစ်သောခါလျှင် ရတနာအတိပြီးသော ရွှေထမ်းစင်ဖြင့် ငါ့ဆရာရှိရာ တင်လာစေ၍ ပူဇော်သတ္ကာ များစွာပြုအံ့" ဟူ၍ ဆိုလိုက်၏။

မိဖုရားလည်း နေရက်စေ့လတ်သော် ဓမ္မာသောကမင်းသားကို ဖွား၏။

တင့်တယ်နေတတ်သောအခါ ခမည်းတော် ဗိန္ဓုသာရမင်းကြီး၏ တင်ထက်၌ ကစားစေ၏။ မင်းကြီးလက်တွင် ခရသင်းလက်ယာရစ် ကိုင်၍ နေစဉ်၊ သတို့သားကား ကျင်ငယ်သွားတည့်၍ မင်းကြီးလည်း ခရသင်းဖြင့် ကျင်ငယ်ရည်ကို သတို့သား၏ထိပ်၌ သွန်းတည့်၏။

မိဖုရားလည်း ဆရာပညာရှိကို မေး၏။ မိဖုရားဆရာ ပညာရှိလည်း "ယခုကား မင်းသားတော်ကို ကောင်းသော ဘိသိက်သွန်းသည် မည်၏။ မချုတ်လျှင် တစ်ကျွန်းလုံးကို အဘိသိက်ခံ၍ အစိုးရသောမင်းဖြစ်လတ္တံ့" ဟု ဆိုပေ၏။ စရဏဇီဝကကား 'ဤမျှသောစကားတို့ကို အဦးဆိုခဲ့၍ ငါဆိုတိုင်းဖြစ်လတ်ကား ငါရှိရာသာ ခေါ်လတ္တံ့သတည်း' ဟူ၍ အမှတ်ရှိလျက်၊ ယူဇနာ ၁၀၀ ဝေးလှစွာသောအရပ်၌ နေလေ၏။

နောက်ပြီးလတ်သောအခါ ဓမ္မာသောကမင်းဖြစ်၍ စရဏဇီဝကဆိုတိုင်း ပြည့်စုံလတ်သော်၊ "ဤသို့ငါသည် မြတ်စွာဖြစ်လတ္တံ့သည်ကို တစ်စုံတစ်ယောက်သောပညာရှိတို့သည် နိမိတ်ဩဘာသတို့ဖြင့် ဆိုဖူးလေသလော" ဟု မယ်တော်ကို မေး၏။ မယ်တော်လည်း ရေး၍ထားသော ရွှေပေကို ပြပေ၏။ ဓမ္မာသောကမင်းကြီးလည်း ဤဆိုသောသူကို ပူဇော်သကာပြုလို၍ ခေါ်စေ၏။

ရတနာအတိ တန်ဆာဆင်သော ရွှေထမ်းစင်ဖြင့်တင်ခဲ့၍ လာကြလတ်သော်၊ ခရီးအကြား၌ 'အသဝုတ္တ' အမည်ရှိသော မဟာထေရ်၏အဆုံးအမကို ကြား၍၊ အကျင့်တရားကို ရ၍ ရဟန္တာ ဖြစ်လေ၏။ ရဟန္တာဖြစ်ပြီးသော် ပူဇော်သကာကိုမြင်သော, 'အသဝုတ္တ' အမည်ရှိသော အရှင်၏အထံ၌ မြဲလေ၏။

http://www.dhammadownload.com



ဓမ္မာသောကမင်းကြီးလည်း ဤသို့ကြံ၍ အမတ်တို့ကို ခေါ်တော်မူ၏။ ဤသို့ဆို၏။

"မိမိ မိမိ၏ 'သူတော်ကောင်း'ဟူ၍ သမုတ်အပ်ကုန်သော ရဟန်း၊ပုဏ္ဏားတို့ကို အိမ်တော်တွင်းသို့ သွင်းလတ်ကုန်။ အလှူပေးကုန်အံ့" ဟု ဆိုတော်မူ၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ ကောင်းပြီ" ဟု ဝန်ခံ၍၊ ထိုသို့ သင်္ကန်းဖြူဝတ်သော တိတ္ထိ, ရဟန်းအရောင်သင်္ကန်းဝတ် ပရိဗ္ဗိဇ်, အချည်းစည်းကျင့်သော တိတ္ထိ, 'ရဟန္တာ'ဟု ဝန်ခံသော တက္ကတွန်း အစရှိသော သူတို့ကို ဆောင်ခဲ့၍၊ "အရှင်မင်းကြီး။ ဤသူတို့ကား 'အကျွန်ုပ်တို့ ရဟန္တာ'ဟု ဆိုပေကုန်၏"

ထိုအခါ၌ ဓမ္မာသောကမင်းသည် ပြည်တွင်း၌ ကြီးကြီးငယ်ငယ်ကုန်သော နေရာတို့ကို ခင်းစေ၍ လာလတ်သောသူတို့ကို 'မိမိ - မိမိ၏ လျောက်ပတ်သောနေရာ၌ နေကုန်လော့'ဟု ဆိုပေ၏။

ထိုသူတို့တွင် အချို့သောတိတ္ထိတို့ကား ကြိမ်ဖြင့်ပြီးသော အင်းပျဉ်, အချို့သောတိတ္ထိတို့ကား ပျဉ်ဖြင့်ပြီးသော အင်းပျဉ်တို့၌ နေကုန်၏။

ထိုသို့နေသော အခြင်းအရာကိုမြင်၍၊ ဓမ္မာသောကမင်းကြီးသည် 'ထိုသူတို့၏ကိုယ်တွင်း၌ သီလ အစရှိသော ကျေးဇူးအနှစ်သည် မရှိ'ဟု သိတော်မူ၍၊ ထိုဒိဋ္ဌိတို့အား လျောက်ပတ်သော ခဲဖွယ်စားဖွယ်တို့ကို ပေးစေ၍ လွှတ်လိုက်၏။

http://www.dhammadownload.com



## နိဂြောဓသာမဏေ၏အကြောင်းကို ပြခြင်း

ဤသို့သောနည်းဖြင့် ကာလလွန်လတ်သော် တစ်နေ့သ၌ ခြသေ့ခံသောလေသာနန်းတံခါးဝ၌ ရပ်သော မင်းကြီးသည် မင်းရင်ပြင်၌ သွားသော, ယဉ်ကျေးစွာသော အလုံးစုံသော တံခါး ရှိထသော, စောင့်သောလူနွေလည်း ရှိထသော, လူရိယာပုထိန္နင့်ပြည့်စုံသော နိဂြောဓသာမဏေကို မြင်တော်မူလေ၏။

ဤနိဂြောဓသာမဏေကား- ဗိန္ဓုသာရမင်း၏ သားအကြီး သုမနမင်းသား၏ သားတည်း။ အတ္ထုပ္ပတ္တိကား ဤသို့တည်း။

ဗိန္ဓုသာရမင်းကြီးကား သားတော် ဓမ္မာသောကမင်းသားအား အဝန္တိတိုင်း၌ ရာဇဋ္ဌာနီဖြစ်သော ဥဇ္ဇေနီပြည်ကို ပေးသတည်း။ အခါတစ်ပါး 'မောင်းကြေမှာ နေလေ'ဟု လွှတ်လိုက်တော်မူ၏။

ယူဇနာ ၁၀၀ ရှိသော ဥဇ္ဇေနီပြည်သို့သွားလေသော် ခရီးအလယ် ယူဇနာ ၅၀ ရှိသောအရပ်၌၊ ဝိဋဋုပ ဘေးကြောင့် သာကိဝင်မင်းတို့နေသော ဝေဒိသကပြည်သို့ရောက်လေသော်၊ ဝေဒိသကသူဌေးသမီး ဝေဒိသကဒေဝီကို ယူခဲ့၍ ဥဇ္ဇေနီပြည်၌ မင်း၏စည်းစိမ် ခံစားလျက် မင်းပြု၏။

အခါတစ်ပါးသော် မဟိန္ဒမင်းသားကို ဖွား၏။ မဟိန္ဒမင်းသား ဖဝါးခြေဖြင့် သွားတတ်သော်၊ သမီးတော် သဃိမိတ္တာမင်းသမီးကို ဖွားပြန်၏။

ခမည်းတော် ဗိန္ဓုသာရမင်းကြီးသည် သည်းစွာနာသောအဖြစ်ကို ကြား၍ ဥဇ္ဇေနီပြည်မှ အလျင်ချီလာပြီးသော်၊ သားတော်, မြောက်သားတော်တို့ကို ဝေဒိသကမြို့တွင် ထားခဲ့၍ ပါဋလိပုတ်ပြည်သို့ လျင်စွာရောက်လေ၏။ ခမည်းတော်အား လုပ်ကျွေးခစားခြင်းကို ပြု၍၊ ခမည်းတော် လွန်ခဲ့သော် ပြည်အလုံးကို လက်နက်ပြု၍ မင်း ပြုရလေ၏။

ထိုအကြောင်းကို ကြား၍ နောင်တော် သုမနမင်းသားကား ၉ ကျိပ် ၉ ယောက်သော ညီတော်တို့နှင့်တကွ သမုဒ္ဒရာ တံပိုးလှိုင်းဂယက်ထသကဲ့သို့ စစ်ကြီးစီရင်၍ ကပ်လေ၏။ အသောကမင်းကြီးကား စစ်မြေအရပ်သို့ ဝင်၍ နှိမ်နင်းလေ၏။ နောင်တော်သုမနမင်းသားကို အပ်၍ သတ်စေ၏။

ထိုနေ့၌ပင်လျှင် သုမနမင်းသားမိဖုရား သုမနဒေဝီသည် ရင့်သောပဋိသန္ဓေရှိသည်ဖြစ်၍ နေစေ၏။ ထိုသုမနဒေဝီမိဖုရားသည် မထင်ရှားသောအသွင်ဖြင့် ထွက်လေ၍၊ မနီးမဝေးအရပ်၌ အမှတ်မရှိသော ဒွန်းစဏ္ဍားရွာသို့ ရည်၍ သွားလေသော်၊ အကြီးဖြစ်သော ဒွန်းစဏ္ဍားအိမ်၏အနီးမှ ပညောင်ပင်၌စောင့်သော နတ်သည် "သုမနဒေဝီ။ ဤသို့ လာလှည့်"ဟု ဆိုလင့်သော နတ်တို့၏အသံကို ကြား၍ အနီးသို့သွားလေသော်၊ ထိုသုမနဒေဝီအား ပညောင်ပင်စောင့်နတ်သည် မိမိ၏တန်ခိုးဖြင့် ဇရပ်တစ်ခုကို ဖန်ဆင်း၍၊ "ဤဇရပ်၌ နေ" ဟု ပေးလင့်၏။ သုမနဒေဝီလည်း ထိုဇရပ်သို့ ဝင်လေ၏။

ရောက်သောနေ့၌လျှင် သားတော်ကို ဖွား၏။ သုမနဒေဝီလည်း ထိုသတို့သားအား ပညောင်ပင်စောင့်သော နတ်သည် စောင်မအပ်သောကြောင့်၊ 'နိဂြောဓသတို့သား' ဟူသောအမည်ကို မှည့်၏။ ထို့ကြောင့် နိဂြောဓသာမဏေကား သုမနမင်းသား၏ သားတော်တည်း။

http://www.dhammadownload.com



ဒုန်းစင်္ကြားအကြီးလည်း မြင်သောနေ့မှ စ၍ ထိုသုမနဒေဝီကို မိမိ၏သမီးကဲ့သို့ အောက်မေ့လျက် နေ့တိုင်းမပြတ် လုပ်ကျွေး၏။ သုမနမင်းသမီးလည်း ထိုအရပ်၌ ၇ နှစ်ပတ်လုံး နေ၏။ နိဂြောဓသတို့သားသည်လည်း ၇ နှစ် မြောက်၏။

ထိုအခါ 'မဟာဝရဏထေရ်'အမည်ရှိသော ရဟန္တာတစ်ယောက်သည် ထိုသူ၏ ရဟန္တာဖြစ်အံ့သော အကြောင်း၏ ပြည့်စုံခြင်းကို မြင်၍ ထို ပါဠလိပုတ်၏အနီး၌ စောင့်၍နေလျက် 'ယခု သူငယ်သည် ၇ နှစ် မြောက်ပြီ။ ရဟန်းပြုခါ တန်ပြီ'

ဤသို့ ကြံတော်မူ၍၊ သုမနမင်းသမီးအား ကြားစေ၍ နိဂြောဓသတို့သားကို ရဟန်းပြုစေ၏။ သတို့သား သည် သင်တုန်းရိတ်သောအဆုံး၌လျှင် ရဟန္တာအဖြစ်သို့ ရောက်လေ၏။ တစပဉ္စကကမ္မဋ္ဌာန်းကို စီးဖြန်းသတည်း။

ထိုနိဂြောဓသာမဏေသည် တစ်နေ့သ၌ နံနက်စောစောကပင် ကိုယ်ကို သုတ်သင်၍၊ ဆရာဥပဇ္ဈာယ်တို့အား ပြုရာသောဝတ်ကို ပြု၍၊ သပိတ်,သင်္ကန်းကို ယူ၍ 'မယ်တော်အိမ်သို့ သွားအံ့'ဟု ထွက်လေ၏။ ထို နိဂြောဓသာမဏော မယ်တော်အိမ်သည်လည်း တောင်တံခါးဖြင့် မြို့သို့ ဝင်၍၊ မြို့လယ်ဖြင့် သွားလေဦး၍၊ အရှေ့တံခါးဖြင့် ထွက်၍ သွား၏။

ထိုအခါ၌ အသောကမင်းတရားသည် အရှေ့သို့မျက်နှာပြုလျက် ခြေသုံ့ခံသော လေသာနန်းတံခါး၏ အနီး၌ စင်္ကြံသွားသော ခဏ၌လျှင်၊ နိဂြောဓသာမဏေသည် ငြိမ်သက်သောဣန္ဒြေသည် ဖြစ်၍၊ ငြိမ်သက်သော နှလုံးရှိသည် ဖြစ်၍ ရထားထမ်းပိုးတစ်ပြန် အတိုင်းအရှည်ရှိသောအရပ်ကို ကြည့်လျက် မင်းရင်ပြင်ဝသို့ ရောက်၏။

ထိုနိဂြောဓသာမဏောကို မြင်၍ အသောကမင်းတရားသည် ဤသို့ ကြံ၏။

'အလုံးစုံသော ဤလူများအပေါင်းသည် ပျံ့လွင့်သောစိတ် ရှိ၏။ မတည်ကြည်သောစိတ် ရှိ၏။ တုန်လှုပ် သောသဘင်ငယ်နှင့် တူ၏။ ဤသူငယ်သည်ကား တည်ကြည်သောစိတ် ရှိ၏။ မပျံ့လွင့်သောစိတ် ရှိ၏။ ထိုသူငယ်၏ တူရွကြည့်ခြင်း, တစောင်းသို့ ငဲ့ကြည့်ခြင်း, လက်ဆစ်တို့ကို ကွေးခြင်း ဆန့်ခြင်းသည် အလွန်လျှင် တင့်တယ်စွတကား။ ထိုသူငယ်၏ကိုယ်တွင်း၌ မချွတ်လျှင် လောကုတ္တရာတရား ရှိသည် ဖြစ်လတ္တံ့' ဤသို့ ကြံတော်မူ၏။

အသောကမင်းတရားအား မြင်သည်နှင့်တကွလျှင် သာမဏေ၌ စိတ်ကြည်၏။ ချစ်ခြင်းသည် တည်၏။ အာယ်ကြောင့်နည်း ဟူမူကား ရှေးဘဝ၌ ကောင်းမှုပြုသောအခါ နိဂြောဓသာမဏေသည်ကား အစ်ကိုကြီး ဖြစ်သော ပျားကုန်သည်လည်း ဖြစ်၏။ ထိုကြောင့် စိတ်သည် ကြည်၏။ ချစ်ခြင်းသည် တည်၏။

'ပုဗ္ဗေဝ သန္နိဝါသေန၊ ပစ္ဆာပ္ပန္နဟိတေန ဝါ။
ဧဝံ တံဇာယတေပေမံ၊ ဥပ္ပလံဝ ယတောဒကေ။ ။'

''ပုဗ္ဗေ အတီတ ဇာတိယံ၊ ရှေးလွန်လေပြီးသောအဖြစ်၌။ သန္နိဝါသေနဝါ၊ တကွနေဖူးသဖြင့် လည်းကောင်း။ ပစ္ဆာပ္ပန္နဟိတေနဝါ၊ မျက်မှောက်သောကိုယ်အဖြစ်၌ အစီအပွားကိုကျင့်သဖြင့် လည်းကောင်း။ ဧဝံ ဣမေဟိ ဒွေဟိကာရဏေဟိ၊ ဤ ၂ ပါးသောအကြောင်းတို့ဖြင့်။ တံပေမံ၊ ထိုသို့ချစ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ ကိမိဝ၊ အာယာကဲ့သို့နည်းဟူမူကား။ ဥပ္ပလံဝါ၊ ကြာညို, ကြာဖြူသည် လည်းကောင်း။ သေသ ပဒမ္မာဒိဝါ၊ ကြွင်းသော ကြာပဒုမ္မာ အစရှိသည် လည်းကောင်း။ ဇာယမာနံ၊ ရောက်သည်ရှိသော်။ ဥဒကဋ္ဌ၊ ရေကို လည်းကောင်း။ ကဒ္ဒမဋ္ဌ၊ ညွန်ကို လည်းကောင်း။ နိဿာယ၊ မှီ၍။ ဇာယတေယထာ၊ ရောက်သကဲ့သို့။ တထာ၊ ထို့အတူ

http://www.dhammadownload.com



လည်းကောင်း။ ဓတေဟိစဒ္ဓဟိကာရဏေဟိ၊ ထို ၂ ပါးသောအကြောင်းဖြင့်။ တံပေမံ၊ ထိုချစ်ခြင်းသည်။ ဓာယတေ-ဓာယတိ၊ ဖြစ်၏။''

ထိုအခါ၌ အသောကမင်းကြီးသည် ကောင်းစွာဖြစ်သောချစ်ခြင်း ရှိသည်ဖြစ်၍၊ ကောင်းစွာများစွာသော မြတ်နိုးခြင်း ရှိသည်ဖြစ်၍၊ ''ထိုသာမဏေကို ပင့်ချေကုန်''ဟု အမတ်တို့ကို စေ၏။

ရှေးသောအခါ ပျားကုန်သည် ညီအစ်ကို ၃ ယောက် ဖြစ်သတည်း။ အစ်ကို ၂ ယောက်ကား တောမှ ပျားဆောင်၍၊ ညီအငယ်ကား နေ၍ ရောင်းနှင့်၏။ ထိုအခါ ဂန္ဓမာဒနတောင်၌နေသော အရှင်ပစ္စေကဗုဒ္ဓါတစ်ပါး သည် လေအနာ ရှိ၍၊ ပျားရည်ခံအံ့သောငှာ ဗာရာဏသီသို့ ဝင်လေ၍၊ အိုးထိန်းသည်ကျွန်မ သတို့သမီးတစ်ယောက် သည် ရေခပ်အံ့သောငှာ ဆီပ်သို့သွားလေသော် အရှင်ပစ္စေကဗုဒ္ဓါကို မြင်၍ မေးလေ၏။ အကြောင်းကိုကြားလေ သော် ဝမ်းမြောက်ဝမ်းသာ သဒ္ဓါကြွယ်ညှစ်သာ ဖြစ်၍၊ 'ဤမည်သောအရပ်၌ ကုန်သည်တို့ နေ၏' ဟု လက်ညှိုးညွှန်၍ ကြားလိုက်ပေ၏။

'အရှင်ပစ္စေကဗုဒ္ဓါလည်း ပျားကုန်သည်ရှိရာအရပ်သို့ သွား၍ ရပ်တော်မူလေ၏။ ပျားကုန်သည်လည်း အရှင်ပစ္စေကဗုဒ္ဓါရပ်သည်ကို မြင်လတ်သော် အလွန်ဝမ်းမြောက်ဝမ်းသာ ဖြစ်၍ လာတော်မူသောအကြောင်းကို မေး၏။ အရှင်ပစ္စေကဗုဒ္ဓါလည်း အကြောင်းကို ဆိုတော်မူပေ၏။ ပျားကုန်သည် လုလင်လည်း သပိတ်တော်ကို ယူပြီးသော်၊ အထက်သို့ စုန့်စုန့်ဖြိုးဖြိုးပြည့်အောင်, အောက်သို့လည်း ယိုစီးအောင် ထည့်၍ လှူပြီးသော်၊

'ဣမိနာမမုဒါနေနဣမဒ္ဓိဇမ္မုဒီပေ၊

ဥဒ္ဓံအဓောယောဇနိကံ မယှံအာဏာပဝတ္တတု။ ။' ဤသို့ဟူ၍၊

''အရှင်ပစ္စေကဗုဒ္ဓါဘုရားအား အထက်သို့လည်း စုန့်စုန့်ဖြိုးဖြိုးတက်အောင်, အောက်သို့လည်း ယိုစီးအောင် ပျားရည်လှူရသောအကျိုးအားဖြင့် ဓမ္မုဒီပ်ကျွန်း၌ နောင်သောအခါ ဧကရာဇ်မင်းဖြစ်၍ အထက်ကောင်းကင်သို့ လည်း ၁ ယူဇနာ, အောက်မြေကြီးထဲသို့လည်း ၁ ယူဇနာ, အာဏာစက်ချင်း နှံ့နိုင်အောင် မင်း ဖြစ်ချင်သော'' ဟု တောင်း၏။

အရှင်ပစ္စေကဗုဒ္ဓါလည်း ''ဒါယကာတောင်းသည့်ဆုအတိုင်း ပြည့်စေသော'' ဟု အနုမောဒနာပြု သွားလေ၏။

ပျားကုန်သည်တို့ရှိရာ ညွှန်လိုက်သော သတို့သမီးလည်း အရှင်ပစ္စေကဗုဒ္ဓါကို မေးလင့်၏။ အရှင် ပစ္စေကဗုဒ္ဓါလည်း ပျားရည်ရခဲ့သောအကြောင်းကို ပြန်ပေ၏။ လုလင် ဆုတောင်းသောအခြင်းအရာကိုလည်း မေးသောကြောင့် ပြန်တော်မူပေ၏။

သတို့သမီးလည်း အလွန်ကြည်ညှစ်ဖြစ်၍ ဝတ်သောပုဆိုးကို လှူပြီးသော်၊

'ဣမိနာဝတ္ထနိဒါနေ၊ ဘန္တေဟောမိအနာဂတေ။

ယဒါဟောဿတိသောရာဇာ၊ တဒါတဿမဟောသိယာ။ ။' ဟူ၍၊

''အရှင်ပစ္စေကဗုဒ္ဓါ ဘုရားအား ဤပုဆိုးကို လှူသောအကျိုးအားဖြင့် နောင်သောအခါ ထိုလုလင် မင်းဖြစ်လတ်မူကား အကျွန်ုပ်သည် ထိုမင်း၏ မိဖုရားလျှင် ဖြစ်ချင်ပါ၏''ဟု ဆုတောင်း၏။

လုလင်လည်း အစ်ကို ၂ ယောက် တောမှလာလတ်သော်၊ ''အစ်ကိုတို့။ စိတ်ကြည်စေကုန်။ ငါအဖို့, အစ်ကိုတို့ဖို့ကို ပစ္စေကဗုဒ္ဓါ၏သပိတ်တော်ကို ပြည့်စေလျက် လှူလိုက်၏''ဟု ပြန်ပေ၏။

http://www.dhammadownload.com



အစ်ကိုအကြီးကား အမျက်လိုရှ၍ ''ဒွန်းစဏ္ဍားတို့ကား ဖန်ရည်စွန်းသောပုဆိုးကို ဝတ်ကုန်သည်ချည်း။ နှင့်ပျားကို ခံ၍သွားလေသောသူကား ဒွန်းစဏ္ဍားဖြစ်မည်တမုံ့'' ဟု ဆိုဘိ၏။

အစ်ကိုအလတ်လည်း အမျက်လိုရှ၍ ''နှင့်ပစ္စေကဗုဒ္ဓါကို သမုဒ္ဒရာတစ်ဖက်သို့ ပစ်ရှာလေလော့'' ဟု ဆိုဘိ၏။

နောက်ပြီးဆိုသော အလှူ၏အကျိုးနှင့်စပ်သော စကားကို ကြားလတ်ပြီးသော် ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါကုန်၏။

ထို ၃ ယောက်တို့တွင် ညီကား ဓမ္မာသောကမင်း ဖြစ်လာ၏။

အိုးထိန်းကျွန်မ သတို့သမီးကား သမဓိတ္တာမိဖုရား ဖြစ်၍၊ ကရဝိက်ငှက်မင်း၏အသံကို ကြားကာမျှတည့် မြတ်စွာဘုရားအသံတော်၌ အာရုံပြုလျက် မရက်မစက် မြတ်နိုးတနာ ရှိသေစွာလျက် အသင့်အားဖြင့် နှလုံးသွင်း လေရကား၊ ကိုယ်လုပ် ၇၀၀ နှင့်တကွ အကျွတ်တတန် သောတာပန်အဖြစ်သို့ ရောက်လင့်လေ၏။ မိဖုရားကား ကောင်းခြင်း ၅ ပါးတို့ဖြင့် အလွန်တင့်တယ်ရကား ရိုးဆစ်နိမ့်မြင့်ကိုမျှ မထင်၍၊ 'အသိန္ဓိမိတ္တာ' ဟု တွင်သည်ဟူ၏။

'ပစ္စေကဗုဒ္ဓါကို သမုဒ္ဒရာတစ်ဖက်သို့ ပစ်ရှာလေလော့' ဟုဆိုမိသော အစ်ကိုအလတ်ကား သမုဒ္ဒရာ တစ်ဖက် သိန်းခိုကျွန်း၌ အာနဘော်ကြီးသော ဒေဝါနံပိယတိဿမင်းကြီး ဖြစ်လာ၏။

'နှင့်ပစ္စေကဗုဒ္ဓါကား ဒွန်းစဏ္ဍားဖြစ်မည် တမုံ့တည်း' ဟုဆိုမိသော အစ်ကိုအကြီးကား ဒွန်စဏ္ဍားရွာ၌ ဖွားသော နိဂြောဓသာမဏေ ဖြစ်လာသတည်း။

အသောကမင်းကြီးကား ''ထိုအမတ်တို့ ထိုအလွန် ကြာလေကုန်စွတကား'' ဟု တစ်ဖန် ၂ ယောက် - ၃ ယောက်သော အမတ်တို့ကို လျင်စွာလည်း စေတော်မူလိုက်ပြန်၏။

သာမဏေလည်း မိမိ၏သဘောအားဖြင့်လျှင် လာလတ်၏။ အသောကမင်းကြီးလည်း ''လျောက်ပတ် သောနေရာကို သိသည်ဖြစ်၍ နေလော့'' ဟု ဆိုပေ၏။

ထို နိဂြောဓသာမဏေသည်လည်း ထိုမှဤမှ ကြည့်ရှု၍၊ 'ယခု တစ်ပါးသောရဟန်းတို့သည် မရှိ' ဟု ထီးဖြူဆောက်သော ရာဇပလ္လင်သို့ ကပ်၍၊ သပိတ်ကို လှမ်းအုံ့သောဌာ မင်းကြီးအား အခွင့်ကို ပေး၏။

မင်းကြီးသည် ပလ္လင်သို့ကပ်လတ်သော ထိုသာမဏေကို မြင်၍ ကြိ၏။ 'ယနေ့လျှင် ဤသာမဏေသည် ဤငါအိမ်တော်၏အရှင်သည် ဖြစ်လတ္တံ့သတည်း' ဟု ကြိ၏။

သာမဏေလည်း မင်းကြီး၏လက်တော်၌ သပိတ်ကိုပေး၍၊ ပလ္လင်သို့ကပ်၍ နေလေ၏။

အသောကမင်းသည်လည်း မိမိ၏အကျိုးငှာစီရင်သော ယာဂု၊ ခဲဖွယ်ဆွမ်းအထူးကို ကပ်စေ၏။ သာမဏေ လည်း ခဲဖွယ်စားဖွယ်တို့ကို မိမိ၏မျှလောက်ရုံသာလျှင် ခံ၏။

ဆွမ်းဘုဉ်းပေးသောအဆုံး၌ အသောကမင်းကြီးသည် ဤသို့ ဆိုအပ်၏။

''အရှင်တို့၏ဆရာဖြစ်သော မြတ်စွာဘုရားသည်ပေးအပ်သော အဆုံးအမကို သိကုန်၏လော'' ဟု မေး၏။

''မြတ်သောမင်း။ တစ်စိတ်တစ်ဒေသဖြင့် သိ၏'' ဟု ဆိုပေသော်၊ ''ချစ်သား။ ငါ့အားလည်း ထိုအဆုံးအမ ကို ဟောဘိလော'' ဟု ဆို၏။

''မြတ်သောမင်း။ ကောင်းပြီ'' ဟု ဝန်ခံ၍၊ မင်းအားလျောက်ပတ်သော ဓမ္မပဒ၌ အပ္ပမာဒဝဂ်ကို အနုမောဒနာအကျိုးငှာ ဟောပေ၏။

http://www.dhammadownload.com



ဓမ္မာသောကမင်းကြီးသည်ကား 'အပွမာဒေါ အမတံပဒံ ပမာဒေါမစ္စုရေါပဒံ' ဟူ၍ ကြားကတည်းလျှင်၊ ''ချစ်သား။ သိပြီ။ ပြီးအောင်ဟောလော့'' ဟုဆို၏။ နိဂြောဓသာမဏေကား အပွမာဒဝဂ်ကုန်အောင် ဟောသတည်း။

အနုမောဒနာအဆုံး၌ ''ချစ်သား။ သင်ချစ်သားအား ၈ ပါးသောဆွမ်းဝတ်တို့ကို လှူ၏''ဟုဆို၏။

နိဂြောဓသာမဏေသည် ''မြတ်သောမင်း။ ထို ၈ ပါးသောဆွမ်းဝတ်တို့ကို ငါသည် ဥပဇ္ဈာယ်အား လှူ၏''ဟု ဆိုပေ၏။

''ချစ်သား။ 'ဥပဇ္ဈာယ်' မည်သည်ကား အသို့သောသူနည်း''ဟု မေး၏။

''မြတ်သောမင်း။ ကြီးသော အပြစ်, ငယ်သောအပြစ်ကို မြင်၍ အပြစ်တင်သောသူသည် လည်းကောင်း၊ အောက်မေ့စေတတ်သောသူသည် လည်းကောင်း 'ဥပဇ္ဈာယ်'မည်၏''ဟု ဆို၏။

''ချစ်သား။ သင်ချစ်သားအား တစ်ပါးကုန်သော ၈ ပါးသောဆွမ်းဝတ်တို့ကို လှူ၏''

''မြတ်သောမင်း။ ထို ၈ ပါးသောဆွမ်းဝတ်တို့ကိုလည်း ဆရာအား လှူ၏''ဟု ဆိုပေ၏။

''ချစ်သား။ 'ဆရာ' မည်သည်ကား အသို့သောသူနည်း''ဟု မေးပြန်၏။

''မြတ်သောမင်း။ ဤသာသနာတော်၌ သင်အပ်သော ဝိဋ္ဌကတ် ၃ ပုံ, သီလ စသောကျေးဇူးတို့၌ တည်စေတတ်သောသူသည် 'ဆရာ' မည်၏''ဟု ဆို၏။

''ချစ်သား။ သင်ချစ်သားအား တစ်ပါးကုန်သော ၈ ပါးသောဆွမ်းဝတ်တို့ကို လှူ၏''

''မြတ်သောမင်း။ ထို ၈ ပါးသော ဆွမ်းဝတ်တို့ကိုလည်း ရဟန်းသံဃာအား လှူ၏''ဟု ဆိုပေ၏။

''ချစ်သား။ 'ရဟန်းသံဃာ'မည်သည်ကား အသို့သောသူနည်း'' ဟုမေး၏။

''မြတ်သောမင်း။ ဤရဟန်းသံဃာကို မှီ၍၊ ငါတို့ ဆရာ, ဥပဇ္ဈာယ်တို့၏ ရဟန်းသာမဏေအဖြစ်သည် လည်းကောင်း၊ ပဋိဉာဏ်အဖြစ်သည် လည်းကောင်း၊ ငါ၏လည်း ရဟန်းသာမဏေအဖြစ်သည် လည်းကောင်း ဖြစ်၏။ ဤသို့သဘော ရှိသည်လျှင် 'ရဟန်းသံဃာ' မည်၏''ဟု ဆိုပေသော်၊ အသောကမင်းကြီးလည်း အတိုင်းထက်အလွန် နှစ်သက်သောစိတ်ရှိသည် ဖြစ်၍၊ ''ချစ်သား။ သင်ချစ်သားအား တစ်ပါးကုန်သော ၈ ပါးသောဆွမ်းဝတ်တို့ကို လှူ၏'' ဟုဆိုပေ၏။

နိဂြောဓသာမဏေသည်လည်း ''ကောင်းပြီ'' ဟုဝန်ခံ၍၊ မိုးသောက်သောနေ့၌ ၃ ကျိပ် ၂ ပါးသော အရှင်တို့ကို ယူခဲ့၍၊ မင်းအိမ်တွင်းသို့ဝင်၍ ဆွမ်းဘုဉ်းပေးသောကိစ္စကို ပြု၏။ (ဆွမ်း ၈ ဝတ် ၄ ကြိမ် လှူသောကြောင့် ၃၂ ပါး ခေါ်သည်။)

''ချစ်သား။ တစ်ပါးကုန်သော ၃ ကျိပ် ၂ ယောက်သောရဟန်းတို့သည် အရှင်နှင့်တကွ နက်ဖြန် ခံဧသတည်း'' ဟုဖိတ်၏။

ဤသို့သောနည်းဖြင့် နေ့တိုင်းနေ့တိုင်းပွားစေလျက် ၆ သောင်းသောအတိုင်းအရှည်ရှိသော ပုဏ္ဏား, ပရိဗိုဇ်အစရှိသော သူတို့အား လှူသောထမင်းဝတ်ကို ဖြတ်၍ ပြည်တွင်း၌ ၆ သောင်း အတိုင်းအရှည်ရှိကုန်သောရဟန်းတို့အား ဆွမ်းကျွေးဝတ်တို့ ဆောက်တည်၏။

နိဂြောဓမထေရ်၌ ပုထုဇဉ်ဖြစ်သော ကြည်ခြင်းဖြင့်လျှင် ဆောက်တည်၏။ နိဂြောဓမထေရ်သည်လည်း ပရိသတ်နှင့်တကွသော အသောကမင်းကြီးကို သရဏဂုံ ၃ ပါး, ပဉ္စသီ ၅ ပါးတို့၌ တည်စေ၍၊ မြတ်စွာဘုရားသာသနာတော်၌ ပုထုဇဉ်၏ကြည်ခြင်းဖြင့် မတုန်မလှုပ်သောကြည်ခြင်း ရှိသည်ကို တည်စေ၏။

http://www.dhammadownload.com



## သာသနာ့အမွေခံ ဖြစ်တော်မူခြင်းအကြောင်း

တစ်ဖန် မင်းကြီးသည် 'အသောကာရာမ' အမည်ရှိသောကျောင်းကြီးကို ပြုစေ၍၊ ၆ သောင်းကုန်သော ရဟန်းတို့အား ဆွမ်းဝတ်ကို တည်စေ၏။ အလုံးစုံသောဓမ္မဒီပါကျွန်း၌ ၈ သောင်း ၄ ထောင်ကုန်သောပြည်တို့၌ ၈ သောင်း ၄ ထောင်ကုန်သော စေတီတို့ဖြင့် တန်ဆာဆင်အပ်ကုန်သော၊ ၈ သောင်း ၄ ထောင်ကုန်သော ကျောင်းတို့ကို တရားသဖြင့်သာလျှင် ပြုစေ၏။ မတရားသဖြင့်ကား မပြုစေ။

('စေတီ' ဟူသည်ကား 'စယိတဗ္ဗံ ပူဇေတဗ္ဗန္တိ စေတိယံ' ပူဇော်အပ်သောကြောင့် 'စေတီ' မည်၏။ ။ 'ဣဒ္ဓကာဒီဟိပါစိန်တဗ္ဗန္တိစေတိယံ'၊ တစ်နည်းကား-အုတ်,ကျောက်စသည်တို့ဖြင့် စီအပ်သောကြောင့် လည်းကောင်း 'စေတီ' မည်၏။)

တစ်နေ့သ၌ 'အသောကဓမ္မရာဇာ' အမည်ရှိသောမင်းကြီးသည် အသောကာရာမကျောင်းတော်၌ ကြီးစွာသောအလှူကို ပေး၏။ (ဒီပဝင်ကျမ်း၌ကား 'အိမ်တော်၌ပေးသည်' ဟူ၏။) ၆ သောင်းသောရဟန်းတို့၏ အလယ်၌ နေတော်မူ၍၊ ၄ ပါးသောပစ္စည်းတို့ဖြင့် ဖိတ်၍ ဤပြဿနာကို မေး၏။

"မြတ်စွာဘုရားဟောတော်မူသော တရားတော်သည်ကား အဘယ်လောက်သောအတိုင်းအရှည် ရှိသည် ဖြစ်သနည်း" ဟု မေးတော်မူ၏။

"မြတ်သောမင်း။ အင်္ဂါအားဖြင့် ၉ ပါး၊ ဓမ္မက္ခန္ဓာအားဖြင့် ၈ သောင်း ၄ ထောင် ရှိကုန်၏" ဟု မိန့်တော်မူကုန်၏။

အသောကဓမ္မရာဇာမင်းကြီးလည်း တရားတော်၌ ကြည်ညိုတော်မူ၍၊ "တစ်ပါး - တစ်ပါးသော ဓမ္မက္ခန္ဓာကို တစ်ဆောင် - တစ်ဆောင်သောကျောင်းဖြင့် ပူဇော်အံ့" ဟု နေ့ချင်းလျှင် ၉၆ ကုဋေသောဥစ္စာကို စွန့်၍ အမတ်တို့ကို စေလိုက်၏။

"အမတ်တို့။ လာလတ်ကုန်။ တစ်ပြည် - တစ်ပြည်၌ တစ်ဆောင် - တစ်ဆောင်သောကျောင်းကို ပြုစေကုန်လျက်၊ ၈ သောင်း ၄ ထောင်သောပြည်တို့၌ ၈ သောင်း ၄ ထောင်ကုန်သောကျောင်းတို့ကို ပြုစေကုန်" ဟု စေတော်မူလိုက်၏။

('အမတ်' အဘယ်ကြောင့် မည်သနည်း။ 'သုခဒုက္ခေသု သမာသဟတီတိ အမစ္စာ။' ယေကတ္တာရာ၊ အကြင်အမတ်တို့သည်။ သုခဒုက္ခေသု၊ ချမ်းသာ, ဆင်းရဲ ဖြစ်သောအခါတို့၌။ ရည်၊ အရှင်ဖြစ်သောမင်းနှင့်။ သဟ၊ တကွ။ ဘဝန္တိ၊ ဖြစ်ကုန်၏။ ထို့ကြောင့် ထိုအမတ်တို့သည် 'အမစ္စာ' မည်ကုန်၏။ ဘဝန္တိ-တဒ္ဓိတ်။ ပစ္စ-ပစ္စည်းတည်း။)

အသောကဓမ္မရာဇာမင်းသည် အသောကရာမ၌ 'အသောက' အမည်ရှိသော ကျောင်းကြီးကို ပြုအံ့သော ၄ာ အမှုကို ဖြစ်စေ၏။ သံဃာအပေါင်းလည်း ကြီးသောတန်ခိုးအာနုဘော်ရှိသော, 'ဣန္ဒဂုတ္တ' အမည်ရှိသော

http://www.dhammadownload.com



ရဟန္တာကို အမှုသစ်စီရင်သည်ကို ပြုစေ၏။ မဟာဝိဟာရကို စီရင်မစသည်ကား မဟုတ်။ ၈ သောင်း ၄ ထောင်သော ကျောင်းအလုံးစုံကိုလည်း စီရင်မစသည်ချည်း ဟူ၏။

အရှင်ကုန္ဒဂုတ္တထေရ်လည်း အကြင်အကြင်အမှုသည် မပြီးနိုင်။ ထိုထို မပြီးသောအမှုကို မိမိ၏တန်ခိုးအာနုဘော်ဖြင့် ပြီးစေ၏။ ဤသို့ မိုးအနှစ်တို့ဖြင့် ကျောင်းဆောက်သောအမှုကို ပြီးစေ၏။ တစ်နေ့တည်း၌လျှင် ခပ်သိမ်းသောပြည်တို့၌ ကမ္ဘည်းဆက်စာတို့သည် ရောက်လတ်ကုန်၏။ ၈ သောင်း ၄ ထောင်သောကျောင်းတို့ကို တည်သည်ကား လကို ရာဟုဖမ်းသည့်နေ့ တည်သည်။ တစ်ဖန် လကို ရာဟုဖမ်းသည့်နေ့ လည်းကောင်း အပြီးသတ်သည် ဟူ၏။

အမတ်တို့လည်း "အရှင်မင်းကြီး။ ၈ သောင်း ၄ ထောင်ကုန်သော ကျောင်းတို့သည် ပြီးကုန်ပြီ"ဟု မင်းကြီးအား လျှောက်ပေကုန်၏။

မင်းကြီးလည်း "ဤနေ့မှ ၇ ရက်လွန်သဖြင့် ကျောင်းပူဇော်ခြင်းသည် ဖြစ်လတ္တံ့။ ခပ်သိမ်းသော, ပြည်တွင်းပြည်ပ၌နေကုန်သော သူတို့သည် အင်္ဂါ ၈ ပါးရှိသော သီလတို့ကို ကောင်းစွာဆောက်တည်၍၊ ပြည်တွင်းပြည်ပ၌နေကုန်သောသူတို့သည် ကျောင်းပူဇော်ခြင်းကို စီရင်လေကုန်" ဟု စည်လည်စေ၏။

ထိုသို့လည်စေပြီးမှ ၇ ရက်လွန်သဖြင့်၊ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်အပ်သော, အသိန်းမက အရေအတွက်ရှိသော, ၄ ပါးသောအင်္ဂါနှင့် ပြည့်စုံသော စစ်သည်ဖြင့် ခြံရံလျက်၊ နတ်ပြည်၌ သိကြားနတ်မင်း၏နေရာဖြစ်သော အမရဝတီနတ်ပြည်၏အသရေထက် လွန်မြတ်သောအသရေ ရှိသကဲ့သို့ ပြည်တော်ကိုပြုလိုသည်ဖြစ်သောအားထုတ်ခြင်း ရှိသော လူများလည်း တန်ဆာဆင်ခြင်းနှင့်ပြည့်စုံသော ပြည်တော်ကို လှည့်လျက် ကျောင်းသို့ သွားတော်မူ၏။ ရဟန်းသံဃာအလယ်၌ နေတော်မူ၏။

ထိုအခါ၌ စည်းဝေးလာကုန်သော ရဟန်းတို့ကား ကုဋေ ၈၀ ဖြစ်ကုန်၏။ ရဟန်းမိန်းမတို့လည်း ၉ သန်း ၆ သိန်း ဖြစ်ကုန်၏။ ထိုစည်းဝေးလာသော ရဟန်းယောကျ်ား, ရဟန်းမိန်းမ ကုဋေ ၈၀၊ ၉ သန်း ၆ သိန်းတို့တွင် ရဟန္တာကား ၁ သိန်း ရှိကုန်၏။

ထို ၁ သိန်းသောရဟန္တာတို့အား ဤသို့သောအကြံသည် ဖြစ်တော်မူ၏။ "အကယ်၍ မင်းကြီးသည် မိမိ၏ အလွန်ပြုသောကောင်းမှုကို အကြွင်းမဲ့မြင်မူကား အလွန်လျှင် မြတ်စွာဘုရားသာသနာတော်၌ ကြည်ညိုရာ၏"ဟု ဤသို့သောအကြံသည် ဖြစ်၏။ ထိုသို့ ကြံပြီးသောနောင်မှ 'လောကဝိကရဏာ' အမည်ရှိသောပြာဋိဟာကို ပြုတော်မူပေကုန်၏။

မင်းကြီးလည်း အသောကရာမ၌ နေကုန်လျက်လျှင် အရပ် ၄ မျက်နှာသို့ လှည့်၍ ကြည့်လတ်သော်၊ ထက်ဝန်းကျင်မှ သမုဒ္ဒရာအဆုံးရှိသော ဇမ္ဗူဒီပါကျွန်းကို လည်းကောင်း, များစွာသောကျောင်းလျှင် ပူဇော်ခြင်းဖြင့်တင့်တယ်ကုန်သော ၈ သောင်း ၄ ထောင်သော ကျောင်းတို့ကို လည်းကောင်း မြင်တော်မူ၏။

ထို အသောကဓမ္မရာဇာမင်းကြီးလည်း ထိုသို့သောတင့်တယ်ခြင်းကို မြင်တော်မူသည်ရှိသော်၊ မြတ်စွာသော နှလုံးဝမ်းမြောက်ခြင်းနှင့် ပြည့်စုံတော်မူသည်ဖြစ်၍၊ 'ငါမှတစ်ပါး တစ်စုံတစ်ယောက်သောသူအား ဤသို့သဘောရှိသော ဝမ်းမြောက်ဝမ်းသာခြင်းသည် ဖြစ်ဖူးလေသည် ရှိမည်လော'ဟု ကြံလျက် ရဟန်းသံဃာအား မေး၏။

"သခင်ဘုရားတို့။ ငါတို့ လူတို့၏ကိုးကွယ်ရာဖြစ်သော ၁၀ ပါးသောကိုယ်တော်၏အား, ဉာဏ်တော်အားနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားသာသနာတော်၌ 'အဘယ်မည်သောသူသည် ကြီးစွာသော စွန့်ကြဲ

http://www.dhammadownload.com



ခြင်းကို စွန့်ဖူးလေသနည်း။ အဘယ်မည်သောသူ၏ စွန့်ကြဲခြင်းကို ကြီးမြတ်၏' ဟု ဆိုကုန်ဖူးသနည်း'' ဟု မေးတော်မူ၏။

ရဟန်းအပေါင်းလည်း အရှင်မောဂ္ဂလိပုတ္တတိဿထေရ်အား ဝန်ပြုကုန်၏။ အဘယ်ကြောင့် ဝန်ပြုလေသနည်းဟူမူကား မထေရ် တန်ခိုးကြီးသောအဖြစ်ကို လည်းကောင်း၊ ထိုအခါ၌ သာသနာတော်၏ကိစ္စ၏ ကိုးကွယ်ရာအဖြစ်အားဖြင့် သံဃာ၌ မြတ်စွာဘုရားသားတော် အကြီး၏အဖြစ်ကို လည်းကောင်း မင်းကြီးအား သိစိမ့်သောငှာ သံဃာသည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်အား ဝန်ကိုပြု၏။ တစ်ပါးကုန်သောရဟန္တာတို့အား ဤအကြောင်းကို မသိသောကြောင့် မပြု ဟူ၍ သိအပ်၏။

အရှင် မောဂ္ဂလိပုတ္တတိဿထေရ်လည်း ဤသို့ မိန့်တော်မူ၏။

''မြတ်သောမင်း။ အား ၁၀ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏သာသနာတော်၌ ပစ္စည်းဒါယကာသည်ကား မင်းကြီးနှင့်တူသော ပစ္စည်းဒါယကာသည် မြတ်စွာဘုရား ထင်ရှားရှိတော်မူသောအခါ၌ တစ်စုံတစ်ယောက်သောသူသည်မျှ မဖြစ်ဖူးလေ။ မင်းကြီး၏ စွန့်ကြဲခြင်းသည်သာလျှင် များမြတ်လှစွာ၏'' ဟုမိန့်တော်မူပေ၏။

အသောကဓမ္မရာဇာမင်းကြီးလည်း အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ စကားကို ကြား၍၊ မြတ်သောနှစ်လို ဝမ်းမြောက်ခြင်းဖြင့် မပြတ်တွေ့သောကိုယ်တော် ရှိသည်ဖြစ်၍ ကြွေတော်မူ၏။ 'ငါနှင့်တူသော ပစ္စည်းဒါယကာသည် မရှိ။ ငါ၏စွန့်ကြဲခြင်းသာလျှင် များမြတ်သည်သာ ဟူ၍ဆို၏။ ငါသည် လှူအပ်သောပစ္စည်းဖြင့် သာသနာတော်ကို ချီးမြှင့်၏။ ဤသို့ချီးမြှင့်၍ ကြီးစွာသောစွန့်ကြဲခြင်းရှိသော ငါ့အား သာသနာတော်၏အမွေခံ အမျိုး ဖြစ်အံ့လော, မဖြစ်လော' ဟု ကြံတော်မူ၏။

ထိုသို့ကြံပြီးသော နောင်မှ ရဟန်းသံဃာကို မေး၏။ ''အရှင်ဘုရားတို့။ အကျွန်ုပ်သည် သာသနာတော်၏ အမွေခံအမျိုးသည် ဖြစ်ပါအံ့လော'' ဟု မေးတော်မူ၏။

ထိုအခါ၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် မင်းကြီး၏စကားကို ကြားတော်မူ၍၊ မဟိန္ဒမင်းသား၏ ရဟန္တာဖြစ်အံ့သောအကြောင်း၏ ပြည့်စုံခြင်းကို ကောင်းစွာမြင်တော်မူ၍၊ 'အကယ်၍ ဤမင်းသားသည် ရဟန်းပြုလတ္တံ့။ ထိုသို့ပြုသည်ရှိသော အလွန်လျင် သာသနာတော်၏စီးပွားခြင်းသည် ဖြစ်လတ္တံ့' ဟု ကြံတော်မူ၍၊ မင်းကြီးကို ဤသို့ မိန့်တော်မူ၏။

''မြတ်သောမင်း။ ဤမျှစွန့်ကြဲသဖြင့် သာသနာတော်၏ အမွေခံအမျိုးသည် မဖြစ်။ စင်စစ်သဖြင့်ကား 'ပစ္စည်း၏ဒါယကာ' ဟူ၍ လည်းကောင်း၊ 'လုပ်ကျွေးသောသူ' ဟူ၍လည်းကောင်း အရေအတွက်သို့ ရောက်၏။ အကြင်သူသည် မြေကြီးမှသည် ဗြဟ္မာပြည်တိုင်အောင်အတိုင်းအရှည်ရှိသော ပစ္စည်း ၄ ပါးတို့၏အစုကို လှူဖြားအံ့။ ထိုသို့လှူသောသူသော်လည်း 'သာသနာတော်၌ အမွေခံ, သာသနာတော်၌ အဆွေအမျိုး' ဟူသော အရေအတွက်သို့ မရောက်'' ဟု မိန့်တော်မူ၏။

''သခင်ဘုရား။ ထိုသို့မရောက်သည်ရှိသော် အဘယ်သို့သောအကြောင်းဖြင့် သာသနာတော်၏အမွေခံ, သာသနာတော်၏အမျိုးသည် ဖြစ်မည်နည်း'' ဟု မေးတော်မူ၏။

''မြတ်သောမင်း။ အကြင်သူသည် ကြွယ်ဝသောသူ ဖြစ်စေ၊ ဆင်းရဲသောသူ ဖြစ်စေ၊ မိမိ၏ရင်မှဖြစ်သော သားသမီးကို ရဟန်း ပြုစေ၏။ မြတ်သောမင်း။ ဤသို့ ရဟန်းပြုစေသော သူကိုသာလျှင် 'သာသနာတော်၏အမွေခံ, သာသနာတော်၏အမျိုး' ဟူ၍ ဆိုအပ်၏''

http://www.dhammadownload.com



အသောကမဟာမင်းကြီးလည်း 'ငါကား ဤသို့သောရှိသော စွန့်ကြဲခြင်းကို ပြုသော်လည်း သာသနာတော်၏ အမွေခံ, သာသနာတော်၏ အဆွေအမျိုးအဖြစ်သို့ မရောက်သေး' ဟုကြံ၍၊ သာသနာတော် အမွေခံ, သာသနာတော်၌အဆွေအမျိုး၏အဖြစ်ကို တောင့်တ၍၊ ထိုမှဤမှ ကြည့်လတ်သော် မင်းကြီး၏အနီး၌နေသော မဟိန္ဒမင်းသားကို မြင်လေ၏။

မြင်ပြီး၍ မင်းကြီးအား ဤသို့သောအကြံသည် ဖြစ်၏။ 'ငါသည် ဤမဟိန္ဒမင်းသားကို 'တိသ'အမည်ရှိသောအိမ်ရှေ့မင်း ရဟန်းပြုသည်မှ စ၍၊ အိမ်ရှေ့အရာ၌ အကယ်၍ ထားလိုသည်ကား ဖြစ်၏။ ထိုသို့ ထားလိုသော်လည်း အိမ်ရှေ့မင်းအဖြစ်ထက် ရဟန်းအဖြစ်သာလျှင် မြတ်လှစွာ၏' ဟုကြံတော်မူ၍၊ မဟိန္ဒမင်းသားကို မေးတော်မူ၏။ ''ချစ်သား။ သင်သည် ရဟန်းပြုခြင်းငှာ တတ်နိုင်အံ့လော'' ဟု မေးတော်မူ၏။

မဟိန္ဒမင်းသားလည်း ပြကတ္တေသတောအားဖြင့် 'တိသ'အမည်ရှိသော ဘထွေးတော်အိမ်ရှေ့မင်း ရဟန်းပြုလေသောအခါမှ စ၍၊ ရဟန်းပြုလိုသည် ဖြစ်၍၊ ခမည်းတော်မင်းကြီးစကားကို ကြားသော်၊ အလွန်လျှင်ဝမ်းမြောက်သည် ဖြစ်၍၊ ''အရှင်မင်းကြီး။ အကျွန်ုပ်ကို ရဟန်း ပြုစေ၍၊ အရှင်မင်းကြီးတို့သည် သာသနာတော်၌ အမွေခံ, သာသနာတော်တွင်း၌ ဆွေမျိုးတော်သည် ဖြစ်ကုန်လော့''ဟု နားတော်လျှောက်လေ၏။

ထိုအခါ၌ 'သဃိမိတ္တာ'အမည်ရှိသော မင်းသမီးသည် ထိုမဟိန္ဒမင်းသားအရပ်၌ပင်လျှင် နေ၏။ ထို သဃိမိတ္တာမင်းသမီး၏ ခင်ပွန်းဖြစ်သော 'အဂ်ိုဗြဟ္မာ'အမည်ရှိသော မင်းသားသည် အိမ်ရှေ့မင်းဖြစ်သော တိသမင်းသားနှင့် တကွ ရဟန်းပြုလေ၏။

ခမည်းတော်မင်းကြီးလည်း ထိုသဃိမိတ္တာမင်းသမီးကို မြင်၍၊ ''ချစ်သမီး။ သင်သည်လည်း ရဟန်းပြုခြင်းငှာ တတ်နိုင်အံ့လော''ဟု မေးတော်မူ၏။ မင်းသမီးလည်း ''ခမည်းတော်မင်းကြီး။ ကောင်းပြီ။ ရဟန်းပြုခြင်းငှာ တတ်နိုင်၏''ဟုလျှောက်ပေ၏။

မင်းကြီးလည်း သားတော်, သမီးတော်တို့၏စိတ်ကို သိပြီး၍၊ ရွှင်သောစိတ် ရှိတော်မူ၍ ရဟန်းသံဃာကို ဤသို့မိန့်တော်မူ၏။

''အရှင်ဘုရားတို့။ ဤသတို့သား, သတို့သမီးတို့ကို ရဟန်းပြုစေ၍၊ အကျွန်ုပ်ကို သာသနာတော်၌ အမွေခံ, သာသနာတော်၌အဆွေအမျိုးတော်သည်ကို ပြုတော်မူကုန်လော''ဟု လျှောက်ပေ၏။

သံဃာလည်း မင်းကြီးစကားကို ဝန်ခံ၍၊ မဟိန္ဒမင်းသားကို ဥပဇ္ဈာယ်ကား အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ဆရာဖြစ်သော မဟာဒေဝထေရ်သည် သရဏဂုံအသီး ပေး၍ ရဟန်းပြုပေ၏။ ဆရာဖြစ်သော မဇ္ဈန္တိကထေရ်သည် ကမ္မဝါစာရွတ်၍ ပဋ္ဌင်းခံပေ၏။ ဥပဇ္ဈာယ်ကား မပြောင်းပြီ။ ကမ္မဝါစာရွတ်သောဆရာသာ ပြောင်းတော့သည်။ ထိုအခါ၌ မဟိန္ဒမင်းသားသည် အသက် ၂၀ ရှေ၏။ ထိုမင်းသားသည် ထို ပဋ္ဌင်းဖြစ်သောသိမ်၏ အပြင်၌လျှင် ပဋိသန္ဓိဒါနှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်လေ၏။

သဃိမိတ္တာမင်းသမီးအားလည်း ဆရာဖြစ်သော ရဟန်းမိန်းမသည်ကား အာယုပါလိမထေရ်မ။ ဥပဇ္ဈာယ် ဖြစ်သော ရဟန်းမိန်းမသည်ကား ဓမ္မပါလိမထေရ်မ ဖြစ်၏။

ထိုအခါ၌ သဃိမိတ္တာမင်းသမီးသည် အသက် ၁၈ နှစ် ပြည့်၏။ ထိုသဃိမိတ္တာမင်းသမီးကို ရဟန်းသာမဏေ ပြုကာမျှသော သိမ်၏အပြင်၌လျှင် သိက္ခာ ၆ ပါး တည်စေကုန်၏။

အသက် ၆၀ ရှိသော သာမဏေမိန်းမပင်ဖြစ်သော်လည်း ဥတ္တိဒုတိယကံဖြင့် သိက္ခာသမုတိကို ပေး၍ ပါဏာတိပါတ အစ ဝိကာလဘောဇနာ အဆုံးရှိသော သိက္ခာမာန်၌အကျင့်ကို မိုး ၂ နှစ်ဆောင် မကျင့်သေးဘဲကား

http://www.dhammadownload.com



ပဥ္စင်း မခံအပ်။ ထိုကြောင့်ရကား 'ပါဏာတိပါတာ ဝေရမဏိဒွေဝဿာနိအတိက္ကမ္မသမာဒါနံ သမာဒိယာမိ။' ဤသို့စသော ဥတ္တိခုတိယက်ဖြင့် သိက္ခာသမုတိကို ပေး၍ သိက္ခမာန်၌အကျင့်ကို ဖြစ်စေသော သိက္ခမာန် ၆ ပါး ကို ဆောက်တည်စေသတည်း။

သားတော်, သမီးတော် ၂ ပါးတို့ကို ရဟန်းပြုသောအခါ၌ အသောကဓမ္မရာဇာမင်းကြီးသည်ကား အဘိသိက်ခံ၍ ၆ နှစ် ရှိပြီ။

ထိုအခါ၌ မဟိန္ဒထေရ်သည် ပဥ္စင်းဖြစ်သောအခါမှစ၍ မိမိဥပဇ္ဈာယ်၏အထံ၌သာလျှင် သုတ်, အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကို လည်းကောင်းသင်လျက် သင်္ဂါယနာ ၂ တန်တို့သို့တင်အပ်သော, ပိဋကတ် ၃ ပုံ ဖြင့် ရေတွက်အပ်သော အလုံးစုံအဋ္ဌကထာနှင့်တကွ သခင်ထေရ်တို့၏အယူကို မိုး ၃ နှစ်တွင်း သင်၍၊ မိမိ၏ ဥပဇ္ဈာယ်ဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ အတူနေတပည့်ဖြစ်ကုန်သော, ၁၀၀၀ အတိုင်းအရှည် ရှိကုန်သော ရဟန်းတို့၏အကြီး ဖြစ်၏။ ထိုအခါ၌ အသောကဓမ္မရာဇာမင်းကြီးကား အဘိသိက်ခံ၍ ၉ နှစ်ရှိပြီ။

အဘိသိက်ခံ၍ ၈ နှစ်မြောက်သောအခါ၌လျှင်၊ 'ကောဏ္ဍ'*မည်သော ကိန္နရီဂုက်၏သားဖြစ်သော ကောဏ္ဍ ပုတ္တတိဿထေရ်သည် လေအနာကို ကုအံ့သောငှာ ဆွမ်းဝတ်ဖြင့်လှည့်လတ်သော်၊ တလက်ဆွန်းမျှသောထောပတ်ကို မရ၍၊ အနာသည်းသဖြင့်၊ ကုန်သောအာယုသင်္ခါရ ရှိသည် ဖြစ်၍၊ ရဟန်းသံဃာကို မမေ့မလျော့ဆုံးမ၍၊ ကောင်းကင်၌ ထက်ဝယ်နေ၍၊ တေဇောဓာတ်ကို ဖြစ်စေ၍ ပရိနိဗ္ဗာန်ပြုတော်မူလေ၏။

['ကောဏ္ဍ'မည်သော ကိန္နရီဂုက်မသည် ပါဋ္ဌလိပုတ်ပြည်၌ တောသွားမုဆိုးတစ်ယောက်နှင့် သံဝါသ ဖြစ်၍၊ သား ၂ ယောက် ဖွား၏။ သားအကြီးကား အမိအမည်တူ ဖြစ်၍၊ 'ကောဏ္ဍပုတ္တတိဿ' ဟုတွင်၏။ အငယ်ကား 'သုမိတ္တ' ဟုတွင်၏။ ထိုသူငယ် ၂ ယောက် ဓမ္မသောကမင်းကြီး မွေးတော်မူ၏။ ကြီးလတ်သော် 'မဟာဝရဏ'အမည်ရှိသော ရဟန္တာအထံ၌ ရဟန်းပြု၍၊ အဘိညာဉ် ၆ ပါးကိုရသော ရဟန်း ဖြစ်ကုန်သတည်း။

[အချို့သောဆရာတို့ကား ဤသို့ဆိုကုန်၏။ 'ကောဏ္ဍ'ဟူသည်ကား ကဠဝါဟနမင်းမျိုးဖြစ်သော မင်းသမီး တည်း။ ထိုမင်းသမီးကား ဂဠုန်ငှက်ရုပ်ယန္တရားဖြင့် တောဋ္ဌ ကစားလေသော် မုဆိုးတစ်ယောက် ဆောင်၍၊ သံဝါသဖြစ်ကြ၍ သား ၂ ယောက် ဖွားသတည်း ဆိုကုန်၏။ ကဠဝါဟနမင်း၏ပြည်၌နေသော စည်းစိမ်ချမ်းသာ ရှိသော သူခပ်သိမ်းတို့အား တော, တောင်, မြစ်စသည်တို့၌ ကစားကုန်သော်လည်း ဂဠုန်ငှက်ရုပ် ယန္တရားပြုစေ၍ ကဠဝါဟနမင်း၏အတူလျှင် သွားကုန်သတည်း ဟု ဆိုကုန်၏။]

ကောဏ္ဍပုတ္တတိဿထေရ်ကား လေအနာပြင်းစွာဖြစ်လေသော်၊ ညီတော် သုမိတ္တထေရ် ဆို၏။

"အရှင်ဘုရား။ ယခု အဘယ်ဆေးကိုလျှင် ရအောင်ပြုအပ်သနည်း" ဟု မေး၏။

"ငါ့ရှင်။ တလက်ဆွန်းမျှသော ထောပတ်ကို ရသော်ကောင်း၏" ဟု ဆိုပေ၏။

သုမိတ္တထေရ်လည်း "မင်းအား ကြာ၍ ရအောင်ပြုအံ့" ဟု ဆိုပေ၏။

နောင်တော်လည်း "မင်းအား မကြာလင့်။ ဆွမ်းဝတ်ဖြင့် ရချေမူကား ဆောင်ခဲ့" ဟူပေ၏။

သုမိတ္တထေရ် ဆွမ်းဖြင့်ခံလေသော် တလက်ဆွန်းလောက်သော ထောပတ်ကိုမျှ မရ၍၊ လေအနာ ပြင်းစွာနှိပ်စက်၍ ပရိနိဗ္ဗာန် ပြုတော်မူလေ၏။ [မဟာဝင်္သကား ကင်းမြီးကောက်ခဲသောအနာ ဟူ၏။]

* ကောဏ္ဍ - ဓနုဇ္ဇပကာသနီ

http://www.dhammadownload.com



အသောကမင်းကြီးလည်း ထိုအကြောင်းကို ကြား၍၊ အရှင်ထေရ်အား ပူဇော်သက္ကာရ ပြု၏။ ''ငါသို့သော မင်းသည် မင်းအဖြစ်ကို မင်းပြုလျက် သခင်တို့အား ဆေးပစ္စည်းတို့သည် ရခဲလေကုန်ဘိ၏တကား''ဟု မြို့၏တံခါး ၄ မျက်နှာတို့၌ ၄ ခု-၄ ခုသောကန်တို့ကို ဆေးဖြင့်ပြည့်စေ၍ လှူစေ၏။

[ဦးကာ၌ကား ပြည်တံခါး ၄ မျက်နှာတို့တွင် ၁ တံခါး-၁ တံခါး၌ ၄ ကန်-၄ ကန်တူးစေ၍၊ ၁ ကန်ကို ထောပတ်, ၁ ကန်ကို ဟူး, ၁ ကန်ကို တင်လဲ, ၁ ကန်ကို သကာ အပြည့်ထည့်၍ လှူစေသည် ဆို၏။]

ထိုအခါ၌ ပါဋလိပုတ်ပြည်၏ တံခါး ၄ မျက်နှာတို့၌ ၄ သိန်း, တရားဆုံးဖြတ်ရာသဘင်၌ ၁ သိန်း၊ ဤသို့ နေ့တိုင်း - နေ့တိုင်း ၅ သိန်းသောအခွန်အတုတ်သည် မင်းကြီးအား ဖြစ်ကုန်၏။

ထို ၅ သိန်းသောအခွန်မှ အသောကမင်းကြီးသည် နိဂြောဓသာမဏေအား နေ့တိုင်း - နေ့တိုင်း ၁ သိန်းသောဥစ္စာကို စွန့်၏။ မြတ်စွာဘုရားစေတီတော်၌ ပန်း, နံ့သာ အစရှိသည်တို့ဖြင့် ပူဇော်စိမ့်သောငှာ ၁ သိန်း။ တရားတော်အားလည်း ၁ သိန်း။ (ထိုတရားတော်အား စွန့်သော ၁ သိန်းကို တရားတော်ကိုဆောင်ကုန်သော ဗဟုသုတရဟန်းတို့အား ပစ္စည်း ၄ ပါးအလို့ငှာ ဆောင်လေ၏။) သံဃာအား ၁ သိန်း။ ၄ မျက်နှာတို့၌ ဆေးအလို့ငှာ ၁ သိန်း။ ဤသို့ သာသနာတော်၌ များမြတ်စွာသော လာဘသက္ကာရသည် ဖြစ်၏။

ဓမ္မာသောကမင်းကြီးကား ၁ နေ့ ၃ ကြိမ် အဝတ်လဲ၏။ လဲသော်လည်း နိဂြောဓသာမဏေအား သင်္ကန်းပို့ပြီးမှ လဲသည် ဟူ၏။ နံနက် ၁ ကြိမ် သင်္ကန်း ၃ ထည်ကို ဆင်ထက်တင်၍၊ နံ့သာတင်း ၅၀၀, ပန်းပုံတောင်း ၅၀၀ နှင့်တကွ ကပ်လေ၏။ နေ့လည်း ၁ ကြိမ်, ညလည်း ၁ ကြိမ် ကပ်၏။ နိဂြောဓမထေရ်လည်း ၁ နေ့ ၃ ကြိမ် အဝတ်လဲ၏။ ထိုအခါ ဓမ္မာဒိပ်ကျွန်း၌ သခင်တို့အား နိဂြောဓထေရ်၏သင်္ကန်းများသည် ဟူ၏။

http://www.dhammadownload.com



## အသောကမင်းကြီး၏ သာသနာသန့်ရှင်းရေး ဆောင်ရွက်ပုံအကြောင်း

တိတ္ထိတို့သည်ကား ယုတ်သောလာဘ်ပူဇော်သက္ကာ ရှိကုန်သည်ဖြစ်၍၊ အယုတ်သဖြင့် ဝတ်ရုံကိုမျှလည်း မရကုန်သည်ဖြစ်၍၊ လာဘ်ပူဇော်သက္ကာရအမှုကို တောင့်တကုန်လျက် သာသနာတော်၌ ရဟန်းပြု၍၊ မိမိ-မိမိတို့၏အယူတို့ကို 'ဤသည်ကား သုတ်,အဘိဓမ္မာတို့တည်း။ ဤသည်ကား ဝိနည်းတည်း'ဟု ပြပေကုန်၏။ ရဟန်းအဖြစ်ကို မရကုန်သော်လည်း မိမိတို့၏အလိုလိုလျှင် ဦးခေါင်းပြည်း၍၊ ဖန်ရည်စွန်းကုန်သော အဝတ်တို့ကို ဝတ်၍ ကျောင်းတို့၌ လှည့်ကုန်လျက်၊ ဥပုသ်သို့ လည်းကောင်း, ပဝါရဏာသို့ လည်းကောင်း, သံဃာကံသို့ လည်းကောင်း ဝင်ကုန်၏။ ရဟန်းတို့လည်း ထိုတိတ္ထိတို့နှင့်တကွ ဥပုသ်မပြုကုန်။

ထိုအခါ၌ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် 'ယခု ဤအဓိကရဏ်းသည် ဖြစ်လတ္တံ့။ မကြာမြင့် မီလျှင် ကြမ်းတမ်းသည် ဖြစ်လတ္တံ့။ ထိုအဓိကရဏ်းကို ရဟန်းတို့၏အလယ်၌နေသဖြင့် ငြိမ်းစိမ့်သောငှာ မသတ်နိုင်'ဟု မဟိန္ဒထေရ်အား ဂုဏ်ကိုနှင်း၍၊ မိမိ၏ချမ်းသာစွာ နေလိုသည်ဖြစ်၍ ဂင်္ဂါအညာတောင်သို့ သွားတော်မူလေ၏။

ထိုတိတ္ထိတို့သည်ဖြစ်စေကုန်သော ဘေးရန်တို့ကို ရဟန်းသံဃာသည် ဟုတ်မှန်သောအကြောင်းဖြင့် ဓာဒနာ, သာရဏာ, ဝိနည်းကံဖြင့်, ဥတ်ကမ္မဝါစာဖြင့် နှိပ်၍၊ ဥပက္ခေပနိယကံ အစရှိသည်ကို ပြုသော်လည်း သုတ်, အဘိဓမ္မာ, ဝိနည်း၌ လျော်သောအကျင့်၌ မတည်ကုန်သည်ဖြစ်၍၊ သာသနာတော်၏ဘေးရန်, အညစ်အကြေး, ငြောင့်တို့ကို ဖြစ်စေကုန်၏။

အချို့သောတိတ္ထိတို့ကား မီးကို လုပ်ကျွေးကုန်၏။ အချို့သောတိတ္ထိတို့ကား 'ကောင်းသောအကျင့်'ဟူ၍၊ အထက်ကား နေပူ, ၄ မျက်နှာကား မီးပုံကြီး ပြု၍၊ ၅ ပါးသောပူခြင်းကို ပူစေ၍ ပဉ္စာတပအကျင့်ကို ကျင့်ကုန်၏။ အချို့သောတိတ္ထိတို့ကား နေရှိရာအရပ်ကိုသာ ကြည့်၍ ရှိခိုးခြင်း, ဝတ်ပြုခြင်းကို ပြုကုန်၏။ အာဒိစ္စပရိဝတ္တန်အကျင့်ကို ကျင့်ကုန်၏။

အချို့သောတိတ္ထိတို့ကား 'ငါတို့၏ သုတ်, အဘိဓမ္မာ, ဝိနည်းကို ဖျက်ကုန်အံ့'ဟု လုံ့လပြုကုန်၏။ ထိုအခါ၌ ရဟန်းသံဃာတို့သည် ထိုတိတ္ထိတို့နှင့်တကွ ဥပုသ်ကို လည်းကောင်း, ပဝါရဏာကို လည်းကောင်း မပြု။ အသောကာရုံကျောင်း၌ ၇ နှစ်ပတ်လုံး ဥပုသ်သည် ပြတ်၏။

မင်းကြီးအားလည်း ထိုအကြောင်းကို ကြားပေကုန်၏။ အသောကမင်းကြီးလည်း အမတ်တစ်ယောက်ကို ''ကျောင်းသို့ သွား၍၊ အဓိကရဏ်းကို ငြိမ်းစေ၍ ဥပုသ်ကို ပြုစေလော့'' ဟူ၍ စေတော်မူ၏။

အမတ်လည်း မင်းကြီးအား တစ်ဖန်မေးခဲ့သောငှာ မငဲ့၍၊ အမတ်တို့အိမ်သို့ သွား၍ တိုင်ပင်၏။

''မင်းကြီးသည် ငါ့ကို 'ကျောင်းသို့သွား၍၊ အဓိကရဏ်းကိုငြိမ်းစေ၍ ဥပုသ်ကို ပြုစေလော့'ဟု စေတော်မူ၏။ အဘယ်သို့လျှင် အဓိကရဏ်းငြိမ်းအောင် ပြုရအံ့နည်း'' ဟု တိုင်ပင်၏။

ထိုအမတ်တို့လည်း ဆိုကုန်၏။

http://www.dhammadownload.com



"ငါတို့အား ဤသို့ မှတ်ကုန်၏။ ဥပမာကား ပစ္စန္တရာဇ်ရွာကို ဦးမ်ားစေလိုသောသူသည် ခိုးသူတို့ကို သတ်စေကုန်၏။ ထိုကဲ့သို့ အကြင်ရဟန်းတို့သည် ဥပုသ်ကို မပြုကုန်။ ထို ဥပုသ်မပြုသောရဟန်းကို သတ်စေလိုသည် ဖြစ်၏" ဟု ဆိုပေကုန်၏။

ထိုအခါ ထိုအမတ်သည် ကျောင်းသို့ သွား၍၊ သံဃာကို စည်းဝေးစေ၍၊ "အကျွန်ုပ်ကို မင်းကြီးသည် 'ဥပုသ်ကို ပြုစေကုန်' ဟု စေတော်မူ၏။ သခင်ဘုရားတို့ဥပုသ်ကို ပြုတော်မူကုန်လော့" ဟု ဆိုပေ၏။

ရဟန်းတို့လည်း "ငါတို့ကား တိတ္ထိတို့နှင့်တကွ ဥပုသ်ကို မပြု" ဟု ဆိုပေကုန်၏။ အမတ်လည်း သီတင်းကြီးနေရာမှစ၍ သံလျက်ဖြင့် ဦးခေါင်းကိုဖြတ်လျှင် သေ၏။

အရှင်တိဿထေရ်ကား ထိုသို့ပြစ်မှားသော အမတ်ကို မြင်လေသတည်း။

http://www.dhammadownload.com



## တိသဿထေရ်၏အကြောင်းကို ပြခြင်း

တိသဿထေရ်သည်ကား အသောကမင်းကြီး၏ တစ်ဝမ်းပေါက်ညီတော် 'တိသ'အမည်ရှိသော အိမ်ရှေ့မင်းသည်လျှင် 'တိသဿထေရ်'မည်၏။ ထိုတိသမင်းသားကို နောင်တော် အသောကမင်းကြီးသည် အဘိသိက်သို့ရောက်ပြီးသော် အိမ်ရှေ့အရာ၌ ထားပေ၏။

ထိုအိမ်ရှေ့မင်းသည် တစ်နေ့သ၌ တောကစားသွားလေသော် မြူးထူးသောသမင်အပေါင်းကို မြင်၍ ဤသို့ ကြံ၏။ 'မြက်ကိုစားကုန်သော ဤသမင်တို့လျက် ဤသို့ မြူးထူးသေးကုန်၏ရှင့်။ ဤရဟန်းသခင်တို့သည်ကား မင်းအိမ်၌ မြတ်သောဘောဇဉ်တို့ကို ဘုဉ်းပေးကုန်၍၊ နူးညံ့ကုန်သော အခင်းအိပ်ရာတို့၌ အိပ်ကုန်သည်ရှိသော် အဘယ်သို့ မမြူးထူးကုန်မည်နည်း'ဟု ကြံ၏။

ထိုအိမ်ရှေ့မင်းသည် ထို တောကစားရာမှလာ၍ မိမိ၏အကြံကို မင်းကြီးအား ကြားပေ၏။ အသောကမင်းကြီးလည်း 'အိမ်ရှေ့မင်းကား အရာမဟုတ်သည်၌ အလိုရှိတိ၏တကား။ ယခု အိမ်ရှေ့မင်းကို ဤသို့သိစေအံ့'ဟု တစ်နေ့သ၌ တစ်စုံတစ်ခုသောအကြောင်းဖြင့် အမျက်ထွက်သကဲ့သို့ ဖြစ်၍၊ ''လာလှည့်။ ၇ ရက်ဖြင့် မင်း၏ စည်းစိမ်ကို ခံစေလော့။ ထိုနောင်မှ သင့်ကို သတ်အံ့''ဟု သေဘေးဖြင့် ခြိမ်း၏။ ထိုအကြောင်းကို သိစေ၏။

ထိုအိမ်ရှေ့မင်းလည်း '၇ ရက်မြောက်၌ သတ်လတ္တံ့'ဟူ၍ စားလည်းမစား၊ အိပ်လည်းမအိပ် အတိုင်းထက်အလွန်လျှင် ညည်းညူကုန်လှသည်ဖြစ်၏။

ထိုအခါ၌ အိမ်ရှေ့မင်းကို မင်းကြီး မေးတော်မူ၏။

''အဘယ်ကြောင့် ဤသို့ဖြစ်သနည်း''

''အရှင်မင်းကြီးသေဘေးကို ကြောက်သဖြင့် ဖြစ်သည်''ဟု နားတော်လျှောက်ပေ၏။

''ဟယ်-အိမ်ရှေ့မင်း။ သင်သည် အဝိုင်းအခြားရှိ သေခြင်းကိုမြင်လျက် လွတ်လွတ်မပြုသေး။ သခင်ရဟန်းတို့သည် ထွက်သက်၊ဝင်သက်နှင့်စပ်သော သေခြင်းတရားကိုရှုကုန်လျက် အဘယ်သို့ မြူးထူးကုန်လတ္တံ့'' ဟု မိန့်တော်မူ၏။ ထိုမှစ၍ အိမ်ရှေ့မင်းသည် သာသနာတော်၌ ကြည်၏။

ထိုအိမ်ရှေ့မင်းသည် တစ်နေ့သ၌ သမင်တောသို့ထွက်လေ၍ တောင်ခွလည်လတ်သော်၊ ဆင်ပြောင်ကြီးတစ်စီးသည် အင်ကြင်းခက်ကိုကိုင်၍ ယပ်ခတ်လျက်နေသော ယောနကမဟာရက္ခိတမဟာထေရ်ကို မြင်၍၊ ဝမ်းမြောက်ဝမ်းသာ ဖြစ်၍၊ 'အဘယ်အခါ၌ ငါသည်လည်း ဤမဟာထေရ်ကဲ့သို့ ရဟန်း ပြုအံ့နည်း။ ထိုရဟန်းဖြစ်သော နေ့သည် အဘယ်အခါ၌ ဖြစ်ပါအံ့နည်း'ဟု ကြံ၏။

ထို ယောနကမဟာရက္ခိတထေရ်သည်လည်း ထိုအိမ်ရှေ့မင်း၏ မြတ်သောနှလုံးအလိုကို သိ၍၊ ထိုအိမ်ရှေ့မင်း မြင်စဉ်ပင်လျှင် ကောင်းကင်၌ပျံလေ၍၊ အသောကာရုံကျောင်း၌ ရောက်၏အပြင်၌ ရပ်၍၊ သင်းဝိုင်းကိုလည်းကောင်း၊ ကိုယ်ဝတ်ကိုလည်းကောင်း ကောင်းကင်၌ ဆွဲ၍၊ ခါးပန်းကို တန်းပြ၍ ဆွဲသတည်း။ ရှေးပွာယ်အံ့သောငှာ အားထုတ်တော်မူ၏။

http://www.dhammadownload.com



အိမ်ရှေ့မင်းလည်း အရှင်ထေရ်၏တန်ခိုးအာနုဘော်ကို မြင်၍၊ အတိုင်းထက်အလွန်လျှင် ကြည်ညိုသည် ဖြစ်၍၊ 'ယနေ့ပင်လျှင် ရဟန်းပြုအံ့'ဟု ကြံ၍၊ ''အရှင်မင်းကြီး။ အကျွန်ုပ်သည် ရဟန်းပြုလေအံ့''ဟု မင်းကြီး အား လျှောက်ပေ၏။

အသောကမင်းကြီးလည်း များစွာတောင်းပန်သော်လည်း မတတ်နိုင်၍၊ အသောကာရုံကျောင်းတော်သို့ သွားသောခရီးကို တန်ဆာဆင်စေ၍၊ အိမ်ရှေ့မင်းတို့အဆင်းအသွင် ယူစေ၍၊ တန်ဆာဆင်အပ်သော စစ်သည်ဖြင့် ခြံရုံစေ၍ ကျောင်းသို့ ဆောင်လေ၏။ 'အိမ်ရှေ့မင်းသည် ရဟန်းပြုသတည်း' ဟု ကြံ၍၊ များစွာသော ရဟန်းတို့ သည် သပိတ်, သင်္ကန်းတို့ကို စီရင်ကုန်၏။

အိမ်ရှေ့မင်းလည်း ကမ္မဋ္ဌာန်းစီးဖြန်းခြင်းငှာ ဆိတ်ငြိမ်သောကျောင်း၌ အစွန့်သို့သွား၍ မဟာဓမ္မရက္ခိတ ထေရ်၏အထံ၌ ၁ သိန်းသောအခြံအရံနှင့်တကွ ရဟန်းပြုလေ၏။ အိမ်ရှေ့မင်းနောက်သို့လိုက်၍ ရဟန်းပြုသော သူတို့ကား မရေတွက်နိုင်။ အိမ်ရှေ့မင်းကား မင်းကြီး အဘိသိက်ခံ၍ ၄ နှစ်မြောက်သောအခါ၌ ရဟန်းပြုတော် မူလေ၏။

ထိုမှတစ်ပါး မင်းကြီး၏တူတော် သဃိမိတ္တာမင်းသမီး၏ခင်ပွန်း 'အဂ္ဂိဗြဟ္မာ'အမည်ရှိသော မင်းသားသည် ရှိ၏။ သဃိမိတ္တာသည်ကား ထိုအဂ္ဂိဗြဟ္မဝှမင်းသား၏ သားတစ်ယောက်သာလျှင် ဖွား၏။ ထိုအဂ္ဂိဗြဟ္မာမင်းသား သည်လည်း 'အိမ်ရှေ့မင်း ရဟန်းပြုသည်'ဟုကြား၍၊ ဓမ္မာသောကမင်းကြီးသို့ ကပ်၍၊ ''အရှင်မင်းကြီး။ အကျွန်ုပ်သည်လည်း ရဟန်းပြုပါအံ့''ဟု တောင်းပန်၏။

''အမောင်။ ရဟန်းပြုလေလော့''ဟု မင်းကြီး ခွင့်ပြုပေသည်ရှိသော်၊ ထိုအိမ်ရှေ့မင်း ရဟန်းပြုသော နေ့ပင်လျှင် ရဟန်းပြု၏။

ဤသို့ မြတ်သောစည်းစိမ်ချမ်းသာရှိသော မင်းဖြစ်သောမင်းသားသည် လိုက်၍ရဟန်းပြုသော အသောက မင်းကြီး၏ညီတော်ကို 'တိဿထေရ်'ဟု သိအပ်၏။

ထိုတိဿထေရ်သည် အမူအဖောက်ပြန်သော ထိုအမတ်ကို မြင်၍ ကြံ၏။

'မင်းကြီးသည် သခင်ထေရ်တို့ကို သတ်စိမ့်သောငှာ မစေရာ။ မချတ်လျှင် ဤသို့ ဖောက်ပြန်သောအကျင့် သည်ကား အမတ်၏ မကောင်းသဖြင့်ယူသည် ဖြစ်လတ္တံ့သတည်း'ဟု တန်ခိုးဖြင့်သွား၍၊ မိမိသည် ထိုအမတ် ၏နေရာအနီး၌ နေ၏။

အမတ်လည်း အရှင်တိဿထေရ်ကို သိ၍၊ သဲလျက်ကိုချအံ့သောငှာ မဝံ့၍ သွား၏။

''အရှင်မင်းကြီး။ အကျွန်ုပ်သည် ဥပုသ်ကိုပြုအံ့သောငှာ အလိုမရှိကုန်သော ဤမျှလောက်သော ရဟန်းတို့၏ ဦးခေါင်းတို့ကို ကျစေ၏။ ထိုသို့ကျစေသည်ရှိသော် သခင်တိဿထေရ်၏ အမည်သည် ရောက်၏။ အသို့လျှင် ပြုရအံ့နည်း''ဟု မင်းကြီးအား နားတော်လျှောက်ပေ၏။

အသောကမင်းကြီးလည်း ကြားကတည်းကလျှင်၊ ''ဟယ်-အမတ်။ သင့်ကို ငါသည် ရဟန်းတို့ကို သတ်စိမ့်သောငှာ စေသလော''ဟု ထိုခဏ၌လျှင် ပူပန်ခြင်းရှိသည် ဖြစ်၍၊ ကျောင်းသို့သွား၍ သံဃထေရ် ဖြစ်သောရဟန်းတို့ကို မေး၏။

''သခင်ဘုရားတို့။ ဤအမတ်သည် အကျွန်ုပ်မစောဘဲလျှင် ဤသို့ ပြုဘိ၏။ ဤမကောင်းမှုသည် အကျွန်ုပ်အား ဖြစ်ရာသလော'' ဟု မေးတော်မူ၏။

http://www.dhammadownload.com



အချို့ကုန်သောထေရ်တို့သည် ဤသို့ဆိုကုန်၏။ ''ဤအမတ်သည် မင်းကြီး၏စကားကြောင့် ပြု၏။ ထိုမကောင်းမှုသည် မင်းကြီးအား ဖြစ်၏''ဟု ဆိုကုန်၏။

အချို့ကုန်သောထေရ်တို့သည် ''သင်တို့ ၂ ပါးအား ဖြစ်၏''ဟု ဆိုကုန်၏။

အချို့သောထေရ်တို့သည်ကား ''မြတ်သောမင်း။ အကြောင်းအသို့နည်း။ ဤအမတ်သည် 'ကျောင်းသို့ သွား၍ ရဟန်းတို့ကို သတ်စေသတည်း'ဟု မင်းကြီး စိတ်ရှိသလော''

''အရှင်ဘုရားတို့။ မရှိ။ ကောင်းမှုကို အလိုရှိသည်ဖြစ်၍ အကျွန်ုပ်သည် 'အညီအညွတ် ရဟန်းသံဃာသည် ဥပုသ်ကို ပြုစေသတည်း'ဟု စေ၏''

''မြတ်သောမင်း။ အကယ်၍ မင်းကြီးသည် ကောင်းမှုကို အလိုရှိသည်ဖြစ်မူကား မင်းကြီးအား မကောင်းမှုသည် မရှိ။ ထိုမကောင်းမှုသည် အမတ်အားသာလျှင်တည်း''ဟု ဆိုပေကုန်၏။

အသောကမင်းကြီးလည်း နှလုံး ၂ ခွရှိသည်ဖြစ်၍ ဆို၏။

''အရှင်ဘုရားတို့။ တစ်စုံတစ်ယောက်သော ရဟန်းသည် အကျွန်ုပ်၏ ထိုသို့ နှလုံး ၂ ခွဖြစ်ခြင်းကို ဖြတ်၍၊ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ တတ်စွမ်းနိုင်သောသူသည် ရှိမည်လော''ဟု မေး၏။

''မြတ်သောမင်း။ 'မောဂ္ဂလိပုတ္တတိဿထေရ်' အမည်ရှိသော အရှင်သည် ရှိ၏။ ထို မောဂ္ဂလိပုတ္တတိဿထေရ်သည် မင်းကြီး၏ နှလုံး ၂ ခွကိုဖြတ်၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ တတ်နိုင်၏''ဟု မိန့်တော်မူပေကုန်၏။

http://www.dhammadownload.com



## အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို ပင့်တော်မူခြင်းအကြောင်း

အသောကမင်းကြီးလည်း ထိုနေ့၌ပင်လျှင် တစ်ယောက်-တစ်ယောက် ဓမ္မကထိကကို ၁၀၀၀-၁၀၀၀ သောရဟန်းအရန် ရှိကုန်သော ၄ ယောက်သော ဓမ္မကထိကပုဂ္ဂိုလ်တို့ကို လည်းကောင်း၊ တစ်ယောက်တစ်ယောက်သောအမတ်ကို ၁၀၀၀ သော ယောကျ်ားအရန် ရှိကုန်သော ၄ ယောက်သောအမတ်တို့ကို လည်းကောင်း၊ "သခင်ထေရ်ကိုယူ၍ လာလတ်ကုန်" ဟု စေတော်မူ၏။

ထိုသူတို့သည်လည်း သွား၍၊ "အသောကဓမ္မရာဇာမင်းကြီးသည် ပင့်လာစေသည်" ဟု လျှောက်ပေကုန်၏။ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်လည်း မလိုက်။

၂ ကြိမ်မြောက် လည်းကောင်း၊ အသောကမင်းသည် ၁၀၀၀-၁၀၀၀ လည်းကောင်းလျှင်အရန်ရှိကုန်သော ၈ ယောက်သော ဓမ္မကထိကပုဂ္ဂိုလ်ကို လည်းကောင်း၊ ၈ ယောက်သောအမတ်တို့ကို လည်းကောင်း၊ "အရှင်ဘုရား။ မင်းကြီးသည် ပင့်လာစေသည်'ဟု လျှောက်၍ လာကုန်" ဟုစေတော်မူ၏။ ထို တမန်ဖြစ်သော ဓမ္မကထိကသည် မင်းကြီးမှာတိုင်း လျှောက်ကုန်၏။ ၂ ကြိမ်လည်း သခင်ထေရ်သည် မလာ။

အသောကမင်းကြီးလည်း ထေရ်တို့ကို မေးတော်မူ၏။

"သခင်ဘုရားတို့ ၂ ကြိမ်ပင့်စေသော်လည်း မလာ။ အဘယ်ကြောင့် အရှင်ထေရ်သည် မလာသနည်း" ဟု မေးတော်မူ၏။

"မြတ်သောမင်း။ 'မင်းကြီးက ပင့်၏'ဟုဆိုသောကြောင့် မလာသတည်း။ 'သခင်ဘုရား။ သာသနာတော်သည် နှစ်ခဲ့၏။ ထိုကြောင့် သာသနာကိုချီးမြှောက်ခြင်းငှာ အကျွန်ုပ်တို့၏အပေါင်းအဖော် ဖြစ်တော်မူပါ' ဤသို့ဆိုသည်ရှိသော် လာရာ၏" ဟုမိန့်တော်မူကုန်၏။

ထိုနောင်မှ အသောကမင်းကြီးသည် ထိုအတိုင်း ဆို၍ ၁၀၀၀-၁၀၀၀ အရန်ရှိကုန်သော ၁ ကျိပ် ၆ ယောက်သော ဓမ္မကထိကပုဂ္ဂိုလ်တို့ကို လည်းကောင်း, ၁ ကျိပ် ၆ ယောက်သော အမတ်တို့ကို လည်းကောင်း စေတော်မူ၏။ ရဟန်းတို့ကိုလည်း မေး၏။

"အရှင်ဘုရားတို့။ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည်ကား ကြီးပြီလော, ငယ်သေးသလော" ဟု မေးတော်မူ၏။ (မင်းကြီးကား မြင်ဖူးလေပြီ၊ မမှတ်မိ၍ မေးသည် ဟူ၏။)

"မြတ်သောမင်း။ သက်တော် ၇၂ နှစ် ရှိပြီ"

"အရှင်ဘုရားတို့ လှည်းပေါင်းချုပ်ကို လည်းကောင်း, ထမ်းစင်ကို လည်းကောင်း စီးလတ္တံ့လော" ဟု မေး၏။

"မြတ်သောမင်း။ မစီးလတ္တံ့" ဤသို့ မိန့်တော်မူပေကုန်၏။

"အရှင်တို့။ အဘယ်အရပ်၌ အရှင်သည် နေတော်မူသနည်း"

"မြတ်သောမင်း။ ဂင်္ဂါအညာ၌ နေတော်မူ၏" ဟု ဆိုပေကုန်၏။

http://www.dhammadownload.com



မင်းကြီးလည်း အမတ်တို့ကို "ထိုသို့တပြီးကား လှေဖောင်ဖွဲ့၍၊ ထိုဖောင်၌လျှင် နေတော်မူ၍၊ ကမ်းနား ၂ ဖက်တို့၌ အစောင့်အရှောက်ကို ကောင်းစွာစီရင်၍ သခင်ထေရ်ကို ဆောင်ခဲ့ကုန်" ဟု မိန့်တော်မူ၏။

သာသနာတော်၏ရန်သူများသောကြောင့် စီရင်စေသတည်း။

ရဟန်းတို့သည်လည်းကောင်း, အမတ်တို့သည်လည်းကောင်း အရှင်မောဂ္ဂလိပုတ္တထေရ်၏အထံသို့ သွားလေ၍၊ မင်းကြီး မှာတော်မူတိုင်း လျှောက်ပေကုန်၏။

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း ထိုစကားကို ကြား၍၊ "ငါလည်း အရင်မှစ၍ 'သာသနာတော်ကို ချီးမြှောက်အံ့' ဟူ၍ ရဟန်းပြုသည်။ ယခု ငါ့အား သာသနာတော်ကို ချီးမြှောက်သောအခါ ရောက်ပြီ" ဟု သားရေနယ်ကိုကိုင်၍ နေရာမှ ထတော်မူ၏။

ထိုအရှင်ထေရ်သည် နက်ဖြန် ပါဋလိပုတ်ပြည်သို့ရောက်လတ္တံ့သော ညဉ့်အဖို့၌ မင်းကြီး အိပ်မက်မြင်တော်မူ၏။ 'ကိုယ်လုံးဖြူသော ဆင်ပြောင်ကြီးသည် လာလတ်၍၊ မင်းကြီးသည် ဦးခေါင်းမှစ၍၊ သုံးသပ်၍၊ လက်ယာလက်၌ ဆင်လက်ဖြင့်ကိုင်သည်' ဟု မက်လေ၏။

မိုးသောက်သောနေ့၌ အိပ်မက်ဖတ်တတ်သောသူတို့ကို မေး၏။

"ငါသည် ဤသို့သဘောရှိသော အိပ်မက်ကို မြင်မက်၏။ ငါ့အား အဘယ်သို့သော အကျိုးသည် ဖြစ်လတ္တံ့နည်း" ဟု မေး၏။

"မြတ်သောမင်း။ အရှင်မင်းကြီးကို တစ်ပါးသော, 'ရဟန္တာ' ဟူသော ဆင်ဖြူသည် လက်ယာလက်တော်ကို ကိုင်လတ္တံ့" ဟု နားတော်လျှောက်ပေကုန်၏။

ထိုအခါ၌ အသောကမင်းကြီးသည် ထိုခဏ၌ "အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် လာပြီ" ဟု ကြားတော်မူ၍၊ ဂဂါမြစ်နားသို့ သွားတော်မူလေ၍၊ မြစ်သို့သက်၍ ရေးရှုကြည့်တော်မူနှင့်၏။ ပုဆစ်မျှသောရေသို့ သက်တော်မူ၍ လှေမှ သက်တော်မူသောအရှင်ထေရ်အား လက်တော်ကို လှမ်းလင့်၏။ အရှင်ထေရ်လည်း မင်းကြီးလက်တော်ကို ကိုင်၏။ ထိုသို့ကိုင်သည်ကိုမြင်၍ သံလျက်စွဲတို့သည် 'အရှင်ထေရ်၏ဦးခေါင်းကို ဖြတ်အံ့' ဟု သန်လျက်အိမ်မှသန်လျက်ကို နုတ်ကုန်၏။ အဘယ်ကြောင့်နည်း ဟူမူကား အကြင်သူသည် မင်းကြီးလက်ကို ကိုင်၏။ ထိုသူ၏ဦးခေါင်းကို ချအပ်၏။ ထိုသို့ချစေခြင်းသည်ကား မင်းမျိုးတို့၌ သဘောအကျင့်တည်း။

အသောကမင်းကြီးကား အရိပ်ကိုသာ မြင်၍၊ "ရှေ့၌လည်း ရဟန်းတို့၌ ပြစ်မှားခြင်းကြောင့် နှလုံးသာခြင်းကိုမျှ မရ။ အရှင်ထေရ်၌ မပြစ်မှားလင့်" ဟု ဤသို့ မိန့်တော်မူ၏။

[အရှင် မောဂ္ဂလိပုတ္တတိဿထေရ်ကား အဘယ်ကြောင့် မင်းကြီးလက်ကို ကိုင်ဘိသနည်း။ အတင့်အတယ်ကိုပြုလို၍ ကိုင်ချေကုန်သလော။ အဘယ်ကြောင့် ကိုင်ချေကုန်သနည်း ဟူမူကား အသောကမင်းသည် ပြဿနာကို မေးလိုသောငှာ အကြင်ကြောင့် 'ဤမင်းကား ငါ၏တပည့်တည်း' ဟု မှတ်သတည်း။ အတင့်အတယ်ကို လိုက်၍ကား မကိုင်။]

http://www.dhammadownload.com



## အရှင်မောဂ္ဂလိပုတ္တတိဿထေရ် တန်ခိုးပြခြင်း

အသောကမင်းကြီးသည် အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကို မိမိ၏ဥယျာဉ်သို့ ဆောင်၍၊ အပမှ ၃ ထပ် ရံစေ၍၊ အစောင့်အရှောက်ကို ထား၍၊ အလိုလိုခြေတို့ကို ဆေး၍၊ ဆီဖြင့် နယ်၍၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏အထံ၌ နေ၍၊ 'အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ငါ၏ယုံမှားခြင်းကို ဖြတ်၍၊ ဖြစ်လတ်သော အဓိကရဏ်းကို ငြိမ်းစေ၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ တတ်နိုင်အံ့လော' ဟု စူးစမ်းအံ့သောငှာ "ရှင်ပင်ဘုရား။ အကျွန်ုပ်သည် တစ်ခုသောတန်ခိုးကို မြင်ချင်ပါလို၏" ဟု လျှောက်လေ၏။

"မြတ်သောမင်း။ အဘယ်သို့သောတန်ခိုးကို မြင်လိုသနည်း" ဟု မေး၏။

"ရှင်ပင်ဘုရား။ မြေလျှပ်သောတန်ခိုးကို မြင်ပါလို၏" ဟု လျှောက်ပေ၏။

"မြတ်သောမင်း။ အလုံးစုံသောမြေ၏လျှပ်ခြင်းကိုတည်း မြင်လိုသလော။ တစ်စိတ်သောမြေ၏လျှပ်ခြင်းကိုတည်း မြင်လိုသလော" ဟုမေး၏။

"ရှင်ပင်ဘုရား။ ၂ ပါးသော မြေလျှပ်ခြင်းတို့တွင် အဘယ်သို့သောမြေလျှပ်ခြင်းကို မြင်ရခဲသနည်း" ဟု မေး၏။

"မြတ်သောမင်း။ ရေဖြင့်ပြည့်သော ရွှေခွက်၌ အလုံးစုံသောရေကို လှုပ်စိမ့်သောငှာတည်း မြင်ရခဲသလော။ ထိုသို့မဟုတ်မူကား ထက်ဝက်သောရေကို လှုပ်စိမ့်သောငှာတည်း မြင်ရခဲသလော" ဟု မေးတော်မူ၏။

"ရှင်ပင်ဘုရား။ ထက်ဝက်သောရေဖြင့် လှုပ်ခြင်းကို မြင်ရခဲ၏" ဟု လျှောက်မေးသော်၊

"မြတ်သောမင်း။ ထို့အတူလည်းကောင်း တစ်စိတ်သောမြေ၏လှုပ်ခြင်းကို မြင်ရခဲ၏" ဟု မိန့်တော်မူသော်၊

"ရှင်ပင်ဘုရား။ ထိုသို့တပြီးကား တစ်စိတ်သောမြေ၏ လှုပ်ခြင်းကိုမြင်ပါချင်၏" ဟု လျှောက်ပေ၏။

[မြင်ရခဲ၊ မြင်ရလွယ်ကိုသာ ဆိုသည်။ တန်ခိုးအရာ ခဲသည်၊ လွယ်သည်ကို ရဟန်းတို့ အထူးဖန်ဆင်းသော ဝိကုဗ္ဗနတန်ခိုးသည်သာလျှင် ပြကတ္တေသောကိုယ်အဖြစ်ကို စွန့်ရသောကြောင့် အာပတ်သင့်သတည်း။]

"မြတ်သောမင်း။ ထိုသို့တပြီးကား ထက်ဝန်းကျင်မှ ၁ ယူဇနာ - ၁ ယူဇနာ အတိုင်းအရှည်ရှိသော အရပ်၌ကား မဆိုအပ်။ အဓိဋ္ဌာန်သည် အထူးသာ ဟူ၍ ဆိုအပ်၏။ ဤတန်ခိုးကား အဓိဋ္ဌာနက္ကမ္မ သာဖြစ်သောကြောင့် အပြစ်မရှိ။ သတို့သား ဖန်ဆင်းသည်။ နှတ်၊ ဗြဟ္မာ စသည်တို့ကို ဖန်ဆင်းသည်။ အထူးထူးသော ကျေးငှက်တိရစ္ဆာန် အစရှိသည်ကို ဖန်ဆင်းသည်။ အရှေ့မျက်နှာမှ လှည်းဘီးတစ်ဖက်ဖြင့် အပိုင်းအခြားကို နှင်း၍ ရပ်စေ။ တောင်မျက်နှာမှ ခြေ ၂ ဖက်တို့ဖြင့် အပိုင်းအခြားကို နှင်း၍ မြင်းသည် ရပ်စေ။ အနောက်မျက်နှာ ခြေတစ်ဖက်ဖြင့် အပိုင်းအခြားကိုနှင်း၍ ယောကျ်ားသည် ရပ်စေ။ မြောက်မျက်နှာမှ ထက်ဝက်သောအဖို့ဖြင့် အပိုင်းအခြားကို နှင်း၍ ရေခွက်တစ်ခုကို တည်စေ" ဟု မိန့်တော်မူ၏။ အသောကမင်းကြီးလည်း ထိုသခင်ဆိုတိုင်း ပြုစေ၏။

http://www.dhammadownload.com



အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း အဘိညာဉ်၏အခြေခံဖြစ်သော အာပေါကသိုဏ်းအာရုံရှိသော စတုတ္ထစျာန်ကို ဝင်စား၍၊ ထိုစျာန်မှ ထ၍၊ 'မင်းကြီးသည် မြင်စေသတည်း'ဟု ထက်ဝန်းကျင် ၁ ယူဇနာ အတိုင်းအရှည်ရှိသော မြေ၏လှုပ်ခြင်းကို မိဋ္ဌာန်၏။ အရှေ့မျက်နှာ၌ ရထား၏အပိုင်းအခြားအတွင်း၌ ရပ်သော ရထားလှည်းဘီးသာလျှင် လှုပ်၏။ အပိုင်းအခြားက လှည်းဘီးတစ်ဖက်သည်ကား မလှုပ်။ ဤအတူ တောင်မျက်နှာ၌ မြင်း၏လည်း အပိုင်းအခြားအတွင်း၌ရပ်သော ခြေသည်သာလျှင် လှုပ်၏။ ကိုယ်သည်လည်း ထက်ဝက်သာလျှင် လှုပ်၏။ အပိုင်းအခြားပြင် ခြေတို့သည် မလှုပ်။ အနောက်မျက်နှာ၌ ယောကျ်ား၏လည်း အပိုင်းအခြားအတွင်း၌ရပ်သော ခြေ၊ ထက်ဝက်သောကိုယ်သာလျှင် လှုပ်၏။ အပိုင်းအခြားပြင် ခြေတစ်ဖက်၊ ကိုယ်တစ်ခြမ်းကား မလှုပ်။ မြောက်မျက်နှာ ခွက်၌ထည့်သောရေသည်လည်း အပိုင်းအခြားအတွင်း၌ ထက်ဝက်သောရေသာလျှင် လှုပ်၏။ အပိုင်းအခြားပြင် ရေတစ်ဝက်ကား မလှုပ်သည် ဖြစ်၏။

အသောကမင်းကြီးလည်း ထိုသို့သောတန်ခိုးပြာဋိဟာကို မြင်၍၊ 'ယခု အရှင်ထေရ်သည် သာသနာတော်ကို ချီးမြှင့်အံ့သောငှာ တတ်နိုင်လတ္တံ့သတည်း' ဤသို့အပြီးမှတ်၍၊ မိမိ၏ကုက္ကုစ္စကို မေး၏။

''အရှင်ဘုရား။ အကျွန်ုပ်သည် အမတ်တစ်ယောက်ကို 'ကျောင်းသို့ သွား၍၊ အဓိကရဏ်းကို ငြိမ်းစေ၍ ဥပုသ်ကို ပြုစေ'ဟုစေ၏။ ထိုအမတ်သည် ကျောင်းသို့သွား၍ ဤမျှကုန်သောသခင်တို့ကို သတ်မိ၏။ ထို မကောင်းမှုသည် အသူ့အား ဖြစ်သနည်း''ဟု မေးတော်မူ၏။

''မြတ်သောမင်း။ စိတ်တော် အာယ်သို့ရှိသနည်း။ 'ဤအမတ်သည် ကျောင်းသို့သွား၍ ရဟန်းတို့ကို သတ်စေသတည်း' ဟု မင်းကြီးသည် ရှိသလော''ဟု မေး၏။

''ရှင်ပင်ဘုရား။ မရှိ''

''မြတ်သောမင်း။ အကယ်၍ မင်းကြီး၏ ဤသို့သဘောရှိသော စိတ်တော်သည် မရှိအံ့။ မင်းကြီးအား မကောင်းမှုသည် မရှိ''ဟု မိန့်တော်မူ၍၊ ထိုနောင်မှ သခင်ထေရ်သည် ထိုအကြောင်းကို ပါဠိဖြင့် သိစေ၏။

'စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိ စေတယိတ္တာ ကမ္မံကရောတိ။ ကာယေန ဝါစာယမနတိ' ဟူ၍ ပါဠိဖြင့် သိစေ၏။

''ဘိက္ခဝေ၊ ရဟန်းတို့။ စေတနာ၊ စေတနာကို။ ကမ္မံဣတိ၊ 'ကံ'ဟူ၍။ ဝဒါမိ၊ ငါဆို၏။ စေတယိတ္တာ၊ စေတနာကို ဖြစ်စေ၍။ ကာယေန၊ ကိုယ်ဖြင့်။ ကမ္မံ၊ ကံကို။ ကရောတိ၊ ပြု၏။ ဝါစာယ၊ စကားဖြင့်။ ကမ္မံ၊ ကံကို။ ကရောတိ၊ ပြု၏။ မနသာ၊ စိတ်ဖြင့်။ ကမ္မံ၊ ကံကို။ ကရောတိ၊ ပြု၏။ တံကမ္မံ၊ ထိုအကြောင်းကို။ ပရိဒီပေတုံ၊ ပြအံ့သောငှာ။ တိတ္တိရဇာတကံ၊ တိတ္တိရဇာတ်[၁]ကို။ အာဟရိ၊ ဆောင်ပေ၏။''

မြတ်သောမင်း။ ရှေးလွန်လေပြီးသောအခါ၌ တိန်ည်ဖြစ်သော ခါသည် ရသေ့ကို မေး၏။

'ဉာတကော နော နိသိန္နောတိ၊ ဗဟု အာဂစ္ဆတေ ဖနော။

ပဋိစ္ဆ ကမ္မံ ဖုသတိ၊ တသ္မိ မေ သင်္ကတိမံနော။ ။'

''ဘန္တေ၊ ရှင်ရသေ့။ မမသဒ္ဒေန၊ ငါ၏အသံဖြင့်။ နော၊ ငါတို့၏။ ဉာတကော၊ အမျိုးဖြစ်သော ခါသည်။ နိသိန္နောတိ၊ နေ၏ဟူ၍။ ဗဟုဖနော၊ များသော ခါအပေါင်းသည်။ အာဂစ္ဆတေ၊ လာ၏။ မံ၊ ငါ့ကို။ ပဋိစ္ဆ၊ စွဲ၍။ လုဒ္ဒကော၊ မုဆိုးသည်။ ကမ္မံ၊ ပါဏာတိပါတ် မကောင်းမှုကို။ ဖုသတိ-ဝိန္ဒတိ၊ ရ၏။

၁- ၅၅၀ ဇာတ်တော်စဉ် - ၃၁၉ ရှု။

http://www.dhammadownload.com



တသို့ပါပကမ္မေ၊ ထို ငါကြောင့်ပြုသော မကောင်းမှုဌ်။ မေ၊ ငါ၏။ မနော၊ စိတ်သည်။ သင်္ကိတေ၊ ယုံမှား၏။'' ။ ဤသို့ မေးစ၏။

ရှင်ရသေ့လည်း ဤသို့ ဆိုပေ၏။

''ငါ၏အသံဖြင့် လည်းကောင်း, ကိုယ်ကိုပြသဖြင့် လည်းကောင်း လာလတ်၍၊ ထို လာသောခါတို့ကို သတ်စေကုန်သတည်း'ဟု သင်၏စိတ် ရှိသလော''ဟု မေး၏။

''ရှင်ရသေ့။ မရှိ''ဟု ထိုခါ ဆိုပေ၏။

''ထိုသို့ သင်၏စိတ်သည် မရှိအံ့။ မကောင်းမှုသည် မရှိ။ စေတနာရှိသော်လျှင် မကောင်းမှုကို ရ၏။ စေတနာ မရှိသောသူအား မကောင်းမှုကို မရ''ဟု ဤဂါထာကို ဆိုပေ၏။

'နပဋိစ္စ ကမ္မံ ဖုသတိ၊ မနော စေ နပ္ပဒုဿတိ။
အပ္ပောဿုက္ကဿ ဘဒ္ဒဿ၊ နာ ပါပမုပလိမ္ပတိ။'

''ဘောတိတ္တိရ၊ အို-ခါ။ စေ၊ အကယ်၍။ တဝ၊ သင်၏။ မနော၊ စိတ်သည်။ နပ္ပဒုဿတိ၊ မပြစ်မှား လိုသည် ဖြစ်အံ့။ လုဒ္ဓေန၊ မုဆိုးသည်။ တံ၊ သင့်ကို။ ပဋိစ္စ၊ စွဲ၍။ ကမ္မံ-ကတကမ္မံ၊ ပြုသောမကောင်းမှု သည်။ တံ၊ သင့်ကို။ နအလ္လယဘိ၊ မကပ်မငြိ။ အပ္ပောဿုက္ကဿ၊ လုံ့လမပြုသော။ ဘဒ္ဒဿ၊ စင်သောစိတ် ရှိသောသူအား။ ပါပံ၊ မကောင်းမှုသည်၊ နဥပလိမ္ပတိ-နအလ္လယတိ၊ မကပ်မငြိ'' ရှင်ရသေ့သည် ဆို၏။

ရှင်ရသေ့ကား ဘုရားလောင်း။ ခါကား ရှင်သာရိပုတ္တရာအလောင်းတည်း။[၁]

၁- ''''ယာဒုအဓါ ရာဟုလာသည် ထိုအခါ ခါဖြစ်ဖူးပြီ'- ဧညောင်ကန်ဆရာတော် ၅၅၀ ဓာတ်တော်စဉ်- ၃၁၉။
'ခါတိန်ဉာဉ်သည် အရှင်ရာဟုလာ ဖြစ်၍'- ဓိနတ္ထပကာသနီ။''

http://www.dhammadownload.com



## အရှင်မောဂ္ဂလိပုတ္တတိဿက တိတ္ထိတို့အယူကို နှိမ်နင်းခြင်း

ဤသို့ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် မင်းကြီးကို သိစေ၍ ထိုမင်း၏ဥယျာဉ်၌လျှင် ၇ ရက်ပတ်လုံး နေကုန်လျက်၊ အသောကမင်းကြီးကို မြတ်စွာဘုရားအယူတော်ကို သင်စေ၍၊ မင်းကြီးလည်း ၇ ရက်မြောက်သောနေ့၌ အသောကာရုံ၌ ရဟန်းသံဃာကို စည်းဝေး၍၊ တင်းထိမ် ရံစေ၍ တင်းထိမ်တွင်း၌နေလျက်၊ အထူးထူးအယူ ရှိလေကုန်သောရဟန်းတို့ကို တပေါင်းတည်းစုစေ၍၊ ၁ စု - ၁ စုသောရဟန်းအပေါင်းကို ခေါ်စေ၍၊ ''မြတ်စွာဘုရားသည် အဘယ်အယူ ရှိတော်မူသနည်း'' ဟု မေးတော်မူ၏။

ထိုနောင်မှ သဿတအယူရှိသော တိတ္ထိတို့သည် ''မြတ်စွာဘုရားကား 'သဿတ'အယူ ရှိတော်မူ၏'' ဟု ဆိုပေကုန်၏။ 'အချို့သော သဿတ'[၁] ဟူ၍ အယူရှိတော်မူ၏'' ဟု ဆိုပေကုန်၏

'အဆုံးရှိ၏, မရှိ'ဟူ၍ အယူရှိသောတိတ္ထိတို့သည်ကား ''မြတ်စွာဘုရားလည်း အဆုံးရှိ၏, မရှိ၏ ဟူသော အန္တာနန္တိကအယူ ရှိတော်မူ၏'' ဟု ဆိုကုန်၏။

အချို့သော သဿတ'အမရာ'မည်သော ငါးကဲ့သို့ အဆက်မရှိသော တိတ္ထိတို့ကား ''မြတ်စွာဘုရားသည် 'အမရာ'မည်သောငါးကဲ့သို့ အဆက်မရှိသော အမရာဝိက္ခေပအယူ ရှိတော်မူ၏'' ဟု ဆိုကုန်၏။

'ဖြစ်သရွေ့ အကြောင်းမဲ့ဖြစ်၏' ဟူ၍ရှိသော တိတ္ထိတို့သည်ကား ''မြတ်စွာဘုရားသည် ဖြစ်လိုသရွေ့ အကြောင်းမဲ့ဖြစ်၏ ဟူသော အဓိစ္စသမုပ္ပန္နအယူ ရှိတော်မူ၏'ဟု ဆိုကုန်၏။

'သညာရှိ၏' ဟု အယူရှိသောတိတ္ထိတို့ကား 'မြတ်စွာဘုရားသည် 'သညာ ရှိ၏' ဟူသော သညီဝါဒအယူတော် ရှိ၏'ဟုဆိုကုန်၏။ 'သညာမရှိ'ဟု အယူရှိသောတိတ္ထိတို့ကား 'မြတ်စွာဘုရားသည် သညာမရှိ ဟူသော အသညီဝါဒအယူတော် ရှိ၏'ဟု ဆိုကုန်၏။

'သညာရှိသည်လည်း မဟုတ်, သညာ မရှိသည်လည်း မဟုတ်'ဟူ၍ အယူရှိသောတိတ္ထိတို့ကား 'မြတ်စွာဘုရားသည် သညာရှိသည်လည်းမဟုတ်, သညာမရှိသည်လည်းမဟုတ် ဟူသော နေဝသညီ နာသညီအယူ ရှိတော်မူ၏ဟု ဆိုကုန်၏။

ဥစ္ဆေဒအယူရှိသောတိတ္ထိတို့ကား 'မြတ်စွာဘုရားသည် ဥစ္ဆေဒအယူ ရှိတော်မူ၏'ဟု ဆိုကုန်၏။

မျက်မှောက်သောကိုယ်၏အဖြစ်၌ နိဗ္ဗာန်ရှိ၏' ဟူ၍ အယူရှိသောတိတ္ထိတို့သည်ကား 'မြတ်စွာဘုရားသည် မျက်မှောက်သောကိုယ်၏အဖြစ်၌ နိဗ္ဗာန်ရှိ၏ ဟူသော ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒအယူ ရှိတော်မူ၏'ဟု ဆိုပေကုန်၏။

အသောကဓမ္မရာဇာမင်းကြီးသည်ကား ရှေးဦးစွာကလျှင် မြတ်စွာဘုရားအယူတော်ကို သင်ပြီးဖြစ်သောကြောင့် 'ဤသူတို့ကား ရဟန်း မဟုတ်ကုန်။ ဤသူတို့ကား တစ်ပါးသောအယူရှိကုန်သော တိတ္ထိတို့တည်း' ဤသို့ သိတော်မူ၏။ ပုဆိုးဖြူတို့ကိုပေး၍ လူထွက်စေ၏။ ထိုသို့ လူထွက်စေသော ခပ်သိမ်းသော တိတ္ထိတို့သည်ကား ၆ သောင်းအရေအတွက် ရှိကုန်၏။

၁- ဧကစ္စသဿတ - ဓိနတ္ထပကာသနီ။ ၅၅၀ ဝေါင်ကန်။

http://www.dhammadownload.com



ထိုတိတ္ထိတို့မှ တစ်ပါးကုန်သောရဟန်းတို့ကိုလည်း ခေါ်စေ၍၊ ''အရှင်တို့။ မြတ်စွာဘုရားသည် အဘယ်အယူ ရှိတော်မူသနည်း''ဟု မေးတော်မူ၏။

''မြတ်သောမင်း။ မြတ်စွာဘုရားသည် ခွဲခြမ်းသောအယူ ရှိတော်မူ၏''ဟု ဆိုကုန်၏။

ဤသို့ဆိုသည်ရှိသော်၊ မင်းကြီးလည်း ''သခင်ဘုရား။ မြတ်စွာဘုရားသည် ခွဲခြမ်းသော အယူရှိတော်မူသလော''ဟု မေးတော်မူ၏။

''မြတ်စွာဘုရားသည် ခွဲခြမ်းသောအယူ ရှိတော်မူ၏'' ဟု မိန့်တော်မူပြန်ကုန်၏။

ထိုနောင်မှ အသောကမင်းကြီးလည်း ''အရှင်ဘုရား။ ယခု သာသနာတော်သည် စင်ပြီ။ ရဟန်းသံဃာကို ဥပုသ်ကို ပြုတော်မူစေသတည်း''ဟု မိန့်တော်မူ၍၊ အစောင့်အရှောက်ကို ပေး၍ မြို့သို့ ဝင်တော်မူလေ၏။

သံဃာသည်လည်း အညီအညွတ်ဖြစ်၍၊ သမဂ္ဂသံဃာသည် စည်းဝေး၍ ဥပုသ်ကို ပြုတော်မူကုန်၏။ ထိုအစည်းအဝေး၌ သမဂ္ဂရဟန်းတို့သည်ကား ၆ သန်းတည်း။ ထိုအပေါင်းအဖော်၌ အရှင် မောဂ္ဂလိပုတ္တတိဿထေရ်သည် တိတ္ထိတို့၏အယူကို နှိမ်နင်းလျက် ကထာဝတ္ထုကျမ်းကို ရွတ်ပေ၏။ ထိုအခါ အရှင်မောဂ္ဂလိပုတ္တတိဿ ထေရ်ကား ၇၂ နှစ် ရှိပြီ။

http://www.dhammadownload.com



## တတိယသင်္ဂါယနာတင်သည်ကို ပြခြင်း

ထိုနောင်မှ ၆ သန်း အရေအတွက်ရှိကုန်သောရဟန်းတို့တွင် ရွေးတော်မူ၍ 'ပိဋကတ် ၃ ပုံ' တည်း ဟူသောပရိယတ္တိကို ဆောင်ကုန်သော၊ မြတ်သောပဋိသမ္ဘိဒါသို့ ရောက်ကုန်သော၊ ဝိဇ္ဇာ ၃ ပါး အပြားရှိကုန် သော ၁၀၀၀ သောရဟန်းတို့ကို ယူ၍၊ အရှင်မဟာကဿပထေရ်သည် လည်းကောင်း၊ ကာကဏ္ဍက ပုဏ္ဏား သားဖြစ်သော အရှင်ယသထေရ်သည် လည်းကောင်း၊ သုတ်,အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကို လည်း ကောင်း သင်္ဂါယနာ တင်တော်မူကုန်သကဲ့သို့၊ ထို့အတူလည်းကောင်းလျှင် သုတ်, အဘိဓမ္မာကို လည်းကောင်း၊ ဝိနည်းကို လည်းကောင်း သင်္ဂါယနာ တင်တော်မူလျက်၊ အလုံးစုံသောသာသနာတော်၏ အညစ်အကြေးကို သုတ်သင်၍၊ တတိယသင်္ဂါယနာကို တင်တော်မူကုန်၏။

သင်္ဂါယနာတင်သောအဆုံး၌ မြေကြီးသည် တစ်ပါးမကသောလှုပ်ခြင်းဖြင့် တုန်လှုပ်၏။ သင်္ဂါယနာသည် ကား ၉ လမှ ပြီး၏။ ဤသင်္ဂါယနာကို လူတို့၌ ၁၀၀၀ သောရဟန္တာတို့ တင်တော်မူကုန်သောကြောင့် 'သဟဿိကသင်္ဂါယနာ' ဟူ၍လည်း ဆိုအပ်၏။ ရှေး၌ဖြစ်သော သင်္ဂါယနာ ၂ တန်ကို စွဲ၍၊ 'တတိယသင်္ဂါယနာ' ဟူ၍လည်း ဆိုအပ်၏။

ဤသို့ တတိယသင်္ဂါယနာတော်ကို ဓမ္မုဒ်ပဏ္ဏန်း၌ အရှင်ဥပါလိထေရ်, ယသထေရ်, သောဏထေရ်, သိဂ္ဂဝထေရ်, မောဂ္ဂလိပုတ္တတိဿထေရ်၊ ဤ ဆရာအဆက်ဆက် တပည့်အဆက်ဆက်တို့သည် ဆောင်ကုန်၏။ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်မှ သင်၍ တတိယသင်္ဂါယနာအထက်၌ သိန်းခိုကျွန်းသို့ အရှင်မဟိန္ဒထေရ် အစရှိသော အဆက်ဆက်သောဆရာတို့သည် ဆောင်ကုန်၏။ အရှင်မဟိန္ဒထေရ်မှ သင်၍၊ စိုးစဉ်းသောကာလ၌ အရိဋ္ဌထေရ် အစရှိသောဆရာတို့သည် ဆောင်ကုန်၏။ ထိုနောင်မှ ယနေ့တိုင်အောင် ထိုထေရ်၏ တပည့်အဆက်ဆက်တို့သည် ဆောင်ကုန်၏။

'တတော မဟိန္ဒော ဣဋ္ဌိယော၊ ဥတ္တိယော သမ္ဗလော တထာ။
ဘဒ္ဒနာမောစ ပဏ္ဍိတော ဇတေနာဂါ မဟာပညာ၊ ဓမ္မုဒ်ပါဣဏှာ ဂတာ။ ။'

''တတောပစ္ဆာ၊ ထိုနောင်မှ။ မဟိန္ဒော၊ မဟိန္ဒထေရ် လည်းကောင်း။ ဣဋ္ဌိယော၊ ဣဋ္ဌိယထေရ် လည်း ကောင်း။ ဥတ္တိယော၊ ဥတ္တိယထေရ် လည်းကောင်း။ တထာ၊ ထိုမှတစ်ပါး။ သမ္ဗလော၊ သမ္ဗလထေရ် လည်း ကောင်း။ ပဏ္ဍိတော၊ ပညာရှိသော။ ဘဒ္ဒနာမစ၊ ဘဒ္ဒနာမထေရ် လည်းကောင်း။ မဟာပညာ၊ ပညာကြီးကုန်သော (ပညာရှိကုန်သော)။ ဇတေနာဂါ၊ ထိုရဟန္တာတို့သည်။ ဓမ္မုဒ်ပါ၊ ဓမ္မုဒ်ပါကျွန်းမှ။ ဣဏှ၊ ဤသိန်းခိုကျွန်းသို့။ အာဂတာ၊ လာလတ်ကုန်၏။''

ထိုရဟန္တာတို့သည် သိန်းခိုကျွန်း၌ ပိဋကတ်အဘိဓမ္မာ ၇ ကျမ်း၊ နိကာယ် ၅ ပါးတို့ကို သင်စေကုန်၏ဟု သိအပ်၏။

http://www.dhammadownload.com



'တတော အရိဋ္ဌော မေဓာဝီ၊ တိသဒတ္တောစ ပဏ္ဍိတော။
ဝိသာရဒေါ ကာလသုမနော။ ထေရောစဒီဃနာ မကော။ ။'

''တတောပရံ၊ ထိုမှတစ်ပါး။ မေဓာဝီ၊ ကျောက်အတိုရှိသောတောင်ကို ထွင်းနိုင်သော။ ဝရဖိန်၊ မိုးကြိုးကဲ့သို့ လင်းသောပညာရှိသော။ အရိဋ္ဌော၊ အရိဋ္ဌထေရ် လည်းကောင်း။ ပဏ္ဍိတော၊ အကြောင်းအကျိုးကို သိတတ်သော (ပညာရှိသော)။ တိသဒတ္တောစ၊ တိသဒတ္တထေရ် လည်းကောင်း။ ဝိသာရဒေါ၊ ပရိသတ်အလယ်၌ ရဲရဲရာခြင်း ကင်းသော(ပညာရှိသော)။ ကာလသုမနောစ၊ ကာလသုမနထေရ် လည်းကောင်း။ ဒီဃနာမကော၊ 'ဒီဃ' အမည်ရှိသော။ ထေရောစ၊ ထေရ် လည်းကောင်း။

'ဒီဃသုမနောစ ပဏ္ဍိတော၊ ပုနဒေ ကာဠသုမနော။
နာဂတ္ထေရောစ ဗုဒ္ဓရက္ခိတော။ ။'

''ပဏ္ဍိတော၊ ပညာရှိသော။ ဒီဃသုမနောစ၊ ဒီဃသုမနထေရ် လည်းကောင်း။ ပုနဒေဝ၊ တစ်ဖန်လည်း။ ကာဠသုမနောစ၊ ကာဠသုမနထေရ် လည်းကောင်း။ နာဂတ္ထေရောစ၊ နာဂထေရ် လည်းကောင်း။ ဗုဒ္ဓရက္ခိတောစ၊ ဗုဒ္ဓရက္ခိတထေရ် လည်းကောင်း။

'တိသတ္ထေရောစ မေဓာဝီ၊ ဒေဝထေရောစပဏ္ဍိတော။
ပုနဒေဝသုမနောမေဓာဝီ၊ ဝိနယေစဝိသာရဒေါ။ ။'

''မောဓာဝီ၊ ပညာရှိသော။ တိသ ထေရော၊ တိသထေရ် လည်းကောင်း။ ပဏ္ဍိတော၊ ပညာရှိသော။ ဒေဝထေရောစ၊ ဒေဝထေရ် လည်းကောင်း။ ပုနဒေဝ၊ တစ်ဖန်လည်း။ မေဓာဝီ၊ ပညာရှိသော။ ဝိနယေ၊ ဝိနည်း၌လည်း။ ဝိသာရဒေါ၊ ရဲရင့်သောပညာရှိသော။ သုမနော၊ သုမနထေရ် လည်းကောင်း၊

'ဗဟုသုတော စူဠနာဂေါ၊ ဂဓောဒုပွဓံသိယော။
ဓမ္မပါလိတနောမောစ၊ရောဟဏောသာဓုပူဇိတော။ ။'

''ဒုပွဓံသိယော၊ ပစ်ထိုးနိုင်ခဲသော။ ဂဓောဝ၊ ဆင်ပြောင်ကဲ့သို့။ ဗဟုသုတော၊ များသောအကြားအမြင်ရှိသော။ စူဠနာဂေါ၊ စူဠနာဂထေရ် လည်းကောင်း။ ရောဟဏော၊ ရောဟဏဇနပုဒ်၌။ သာဓုပူဇိတော၊ သူတော်ကောင်းတို့သည် ပူဇော်အပ်ထသော။ ဓမ္မပါလိတနောမောစ၊ 'ဓမ္မပါလိတ'အမည်ရှိသောထေရ် လည်းကောင်း။

'တဿသိဿော မဟာပညော၊ ခေမနာမော တိပိဋကော။
ဒီပေတာရကရာဇာဝ၊ ပညာယအတိရောစထ။'

''တဿ၊ ထိုဓမ္မပါလိထေရ်၏။ သိဿော၊ တပည့်ဖြစ်သော။ မဟာပညော၊ မြတ်သောပညာလည်းရှိထသော။ တိပိဋကော၊ ပိဋကတ် ၃ ပုံကိုဆောင်သော။ ခေမနာမော၊ 'ခေမ'အမည်ရှိသော။ ထေရော၊ ထေရ်သည်။ ဒီပေ၊ သိန်းခိုကျွန်း၌။ တာရကရာဇာဝ၊ ကြယ်တကာတို့၏ မင်းဖြစ်သော လကဲ့သို့။ ပညာယ၊ ပညာဖြင့်။ အတိရောစထ၊ အလွန်တင့်တယ်ကုန်၏။

http://www.dhammadownload.com



'ဥပတိဿောစမေဓာဝီ၊ ဖုဿဒေဝေါ မဟာကထိ။
ပုနဒေဝသုမနောမေဓာဝီ၊ ပုပ္ပနာမောဗဟုသုတော။ ။'

''မေဓာဝီ၊ ပညာရှိသော။ ဥပတိဿောစ၊ ဥပတိဿထေရ် လည်းကောင်း။ မဟာကထိ၊ မြတ်သောတရားကို ဟောတော်မူတတ်သော။ ဖုဿဒေဝေါ၊ ဖုဿဒေဝထေရ် လည်းကောင်း။ ပုန၊ တစ်ဖန်လည်း။ မေဓာဝီ၊ ပညာရှိသော။ သုမနော၊ သုမနထေရ် လည်းကောင်း။ ဗဟုသုတော၊ များသောအကြားအမြင်ရှိသော။ ပုပ္ပမနာမော၊ ပုပ္ပမည်သောထေရ် လည်းကောင်း။

'မဟာကထိ မဟာသိဝေါ၊ ဝိဋ္ဌကေသဗ္ဗတ္တကောဝိဓော။
ပုနဒေဝ ဥပါလိမေဓာဝီ၊ ဝိနယေစ ဝိသာရဒေါ။
မဟာနာဂေါ မဟာပညော၊ သဒ္ဓမ္မဝံသကောဝိဒေါ။ ။'

''မဟာကထိ၊ မြတ်သောတရားကို ဟောတတ်ထသော။ သဗ္ဗတ္တဝိဋ္ဌကေ၊ ခပ်သိမ်းသောဝိဋ္ဌကတ်၌၊ ကောဝိဒေါ၊ လိမ္မာထသော။ မဟာသိဝေါ၊ မဟာသိဝထေရ် လည်းကောင်း။ ပုနဒေဝ၊ တစ်ဖန်လည်း။ မေဓာဝီ၊ ပညာရှိသော။ ဝိနယေစ၊ ဝိနည်း၌လည်း။ ဝိသာရဒေါ၊ ရဲရဲရင့်ကြင်းကင်းထသော။ ဥပါလိ၊ ဥပါလိထေရ် လည်းကောင်း။ မဟာပညော၊ မြတ်သောပညာရှိသော။ သဒ္ဓမ္မဝံသကောဝိဒေါ၊ သူတော်ကောင်း၏အနွယ်ဖြစ်သော ဝိဋ္ဌကတ် ၃ ပုံ၌လည်း လိမ္မာထသော။ မဟာနာဂေါ၊ မဟာနာဂထေရ် လည်းကောင်း။

'ပုနဒေဝ အဘယောမေဓာဝီ၊ ဝိဋ္ဌကေသဗ္ဗတ္တ ကောဝိဓော။
တိဿတ္ထေရောစမေဓာဝီ၊ ဝိနယေစဝိသာ ရဒေါ။ ။'

''ပုနဒေဝ၊ တစ်ဖန်လည်း။ မေဓာဝီ၊ ပညာလည်း ရှိထသော။ သဗ္ဗတ္တဝိဋ္ဌကေ၊ ခပ်သိမ်းသောဝိဋ္ဌကတ်၌ ကောဝိဒေါ၊ လိမ္မာထသော။ အဘယော၊ အဘယထေရ် လည်းကောင်း။ မေဓာဝီ၊ ပညာလည်းရှိထသော။ ဝိနယေစ၊ ဝိနည်း၌ လည်းကောင်း။ ဝိသာရဒေါ၊ ရဲရဲရင့်ကြင်းကင်းထသော။ တိဿတ္ထေရောစ၊ တိဿထေရ် လည်းကောင်း။

'တဿသိဿော မဟာပညော၊ ပုပ္ပနာမော ဗဟုသုတော။
သာသနံ အနုရက္ခန္တော၊ ဧမ္မူဒိပေ ပတိဋ္ဌိတော။ ။'

''တဿ၊ ထိုတိဿထေရ်၏။ သိဿော၊ တပည့်ဖြစ်သော။ မဟာပညော၊ မြတ်သောပညာရှိထသော။ ဗဟုသုတော၊ များသောအကြားအမြင် ရှိထသော။ ပုပ္ပနာမော၊ 'ပုပ္ပ'အမည်ရှိသော ထေရ်သည်။ သာသနံ၊ သာသနာတော်ကို။ အနုရက္ခန္တော၊ အစဉ်စောင့်လျက်။ ဧမ္မူဒိပေ၊ ဧမ္မူဒိပ်ကျွန်း၌။ ပတိဋ္ဌိတော၊ တည်၏။ ('သုမန' သဒ္ဒါသည် မူလေးပန်းကို ဟောရကား 'ပုပ္ပနာမော' ဟူသတည်း။ ထိုသုမနထေရ်ကား အခါတစ်ပါး သိန်းခိုကျွန်း၌ သာသနာတော်ရွှေ့လတ်သော် ဧမ္မူဒိပ်သို့သွား၍ တရားတော်ကိုသင်လျက် သာသနာတော်ကို စောင့်ရှောက်၍ တည်လာသည် ဟူ၏။)

**ပန်းရွှေပြည်စာဆုပ်တိုက်**

http://www.dhammadownload.com



'စူဠဘာဘယောစမေဓာဝီ၊ ဝိနယေစ ဝိသာရဒေါ။
တိဿထေရောစမေဓာဝီ၊ သဒ္ဓမ္မဝံသကောဝိဓော။ ။'

''မေဓာဝီ၊ ပညာရှိသော။ ဝိနယေစ၊ ဝိနည်း၌လည်း။ ဝိသာရဒေါ၊ ရဲရဲကြီးကင်းထသော။ စူဠဘာဘယယော၊ စူဠဘာယထေရ်၏ လည်းကောင်း။ မေဓာဝီ၊ ပညာရှိထသော။ သဒ္ဓမ္မဝံသကောဝိဓော၊ သူတော်ကောင်းတရား၏ အနွယ်ဖြစ်သော, ဝိဋကတ် ၃ ပုံ၌လည်း လိမ္မာထသော။ တိဿထေရောစ၊ တိဿထေရ်၏ လည်းကောင်း။

'စူဠဒေဝေါစ မေဓာဝီ၊ ဝိနယေစ ဝိသာရဒေါ။
သိဝတ္ထေရောစ မေဓာဝီ၊ ဝိနယေသမ္မတ္တ ကောဝိဓော။ ။'

''မေဓာဝီ၊ ပညာလည်း ရှိထသော။ ဝိနယေစ၊ ဝိနည်း၌လည်း။ ဝိသာရဒေါ၊ ရဲရဲကြီးကင်းထသော။ စူဠဒေဝေါစ၊ စူဠဒေဝထေရ်၏ လည်းကောင်း။ မေဓာဝီ၊ ပညာရှိထသော။ သမ္မတ္တဝိနယေ၊ ခပ်သိမ်းသောဝိနည်း၌။ ကောဝိဓော၊ လိမ္မာထသော။ သိဝတ္ထေရောစ၊ သိဝထေရ်၏ လည်းကောင်း။

'ဓတောနာဂါမဟာပညာ၊ ဝိနယညုမဂ္ဂကောဝိဒါ၊
ဝိနယ်ဒီပေပကာသေသုံ၊ ဝိဋကံတမွတ္ထိယာ။ ။'

''မဟာပညာ၊ ကြီးသောပညာလည်း ရှိကုန်ထသော။ ဝိနယညု၊ ဝိနည်း၌ လိမ္မာကုန်ထသော။ မဂ္ဂကောဝိဒါ၊ နတ်ပြည်နိဗ္ဗာန်တို့၏အကြောင်း၌လည်း လိမ္မာကုန်ထသော။ ဓတောနာဂါ၊ ထိုရဟန္တာမြတ်တို့သည်။ တမွတ္ထိယာ၊ သိန်းခိုကျွန်း၌။ ဝိနယံဝိဋကံ၊ ဝိနည်းဝိဋကတ်ကို။ ပကာသေသုံ၊ ပြကုန်၏။''

http://www.dhammadownload.com



## ၉ တိုင်း ၉ ဌာနသို့ သာသနာပြု စေလွှတ်တော်မူခြင်း

အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း ဤတတိယသင်္ဂါယနာကို တင်ပြီး၍ ဤသို့ ကြံတော်မူ၏။ 'နောင်လာလတ္တံ့သောအခါ အဘယ်အရပ်၌ သာသနာတော်သည် ကောင်းစွာတည်သည် ဖြစ်အံ့နည်း'ဟု ဆင်ခြင်သော်၊ ပစ္စန္တရာဇ် ဇနပုဒ်တို့၌ ကောင်းစွာတည်လတ္တံ့သောအဖြစ်ကို မြင်တော်မူ၏။ ထိုအရှင်မောဂ္ဂလိပုတ္တတိဿထေရ်သည် ထိုထိုသောရဟန်းတို့အား ဝန်ပြု၍ ထိုထိုသောရဟန်းတို့ကို ထိုထိုသောအရပ်တို့သို့ စေလိုက်၏။

၁- မဇ္ဈန္တိကထေရ်ကိုကား ကသ္မီရဂန္ဓာရတိုင်းသို့ စေ၏။ ''အရှင်သည် ကသ္မီရဂန္ဓာရတိုင်းသို့ သွား၍ ထိုတိုင်း၌ သာသနာတော်ကို တည်စေလော့'' ဟု စေလိုက်၏။

၂- မဟာရေဝတထေရ်ကို လည်းကောင်း ထိုအတူလည်းကောင်း ဆို၍ မဟိသကတိုင်းအပြင်သို့ စေလိုက်၏။ ('မဟိသကတိုင်းအပြင်' ဟူသည်ကား 'မဏ္ဍလတိုင်း' ဟူ၏။)

၃- အရှင်ရက္ခိတထေရ်ကိုကား ဝနဂါသီတိုင်းသို့ စေလိုက်၏။

၄- ယောနကဓမ္မရက္ခိတထေရ်ကိုကား အပရန္တတိုင်းသို့ စေလိုက်၏။

၅- မဟာဓမ္မရက္ခိတထေရ်ကိုကား မဟာရဋ္ဌသို့ စေလိုက်၏။

၆- မဟာရက္ခိတထေရ်ကိုကား ပန်းသေးပြည်သို့ စေလိုက်၏။

၇- မဇ္ဈိမထေရ်ကိုကား ဟိမဝန္တာအရပ်တို့သို့ စေလိုက်၏။

၈- သောဏထေရ်ကို လည်းကောင်း, ဥတ္တရထေရ်ကို လည်းကောင်း သုဝဏ္ဏဘူမိသို့ စေလိုက်၏။ (ဆရာတို့ကား 'သုဝဏ္ဏဘူမိတိုင်း သထုံပြည်' ဟူ၏။ အချို့သောဆရာတို့ကား 'ယိုးဒယားပြည်' ဟူ၏။)

၉- အရှင်မောဂ္ဂလိပုတ္တတိဿထေရ်၏ အတူနေဖြစ်သော မဟိန္ဒထေရ်ကိုကား ဣဋ္ဌိယထေရ်, ဥတ္တိယထေရ်, သမ္ဗလထေရ်, ဘဒ္ဒသာလထေရ်တို့နှင့်တကွ သိန်းခိုကျွန်းသို့ စေလိုက်၏။ ''အရှင်တို့သည် သိန်းခိုကျွန်းသို့သွား၍ ထိုသိန်းခိုကျွန်း၌ သာသနာတော်ကို တည်စေကုန်'' ဟု စေတော်မူလိုက်၏။

ခပ်သိမ်းသောထေရ်တို့သည် ထိုသို့သောအရပ်သို့ သွားလေကုန်သော်၊ မိမိနှင့် ၅ ယောက်မြောက်သောထေရ်တို့သည် သွားလေကုန်၏။ 'ပစ္စန္တရာဇ်ဇနပုဒ်တို့၌ ၅ ယောက် အစရှိသောဂိဏ်းသည် ဥပသမ္ပဒကံလျောက်ပတ်ကုန်၏' ဟု အောက်မေ့ကုန်သည်ဖြစ်၍ သွားလေကုန်၏။

၁- မဟာဒေဝထေရ် (ပါရာဇိကဏ်အဋ္ဌကထာ)
၂- မဟာရက္ခိတထေရ်ကို ယောနကလောကံ (ပါရာဇိကဏ်အဋ္ဌကထာ)

http://www.dhammadownload.com



## သာသနာပြုမထေရ်တို့အကြောင်းကို ပြခြင်း

**မဇ္ဈန္တိကထေရ်**

ထိုအခါ၌ ကသ္မီရဂန္ဓာရတိုင်း၌ ကောက်မှည့်သောအခါ 'အရဝါဠ'အမည်ရှိသော နဂါးမင်းသည် ရှောက်ရွာမိုးတို့ကို ရွာစေ၍၊ ကောက်တိုင်း မြောစေ၍ သမုဒ္ဒရာသို့ ရောက်စေ၏။ (ရှောက်ရွာမိုး ဟူသည်ကား မိုးသီးကျစေ၏ ဟူသည်။)

'မဇ္ဈန္တိကထေရ်'ဟူသည်ကား ပါဋလိပုတ်ပြည်မှ ကောင်းကင်သို့ ပျံတက်လေ၍၊ ဟိမဝန္တာ၌ 'အရဝါဠ' အမည်ရှိသော အိုင်၏အထက်၌ နေ၍၊ အရဝါဠအိုင်၏ရေအပြင်၌ စင်္ကြံလည်း သွား၏။ ရပ်လည်း ရပ်၏။ နေလည်း နေ၏။ အိပ်ခြင်းကိုလည်း ပြု၏။ နဂါးလုလင်တို့သည် ထိုသခင်ထေရ်ကို မြင်၍ အရဝါဠနဂါးအား ကြားလေကုန်၏။

"အရှင်နဂါးမင်း။ ဓားငယ်နှင့်ဖြတ်သော လူတို့၏အဝတ်နှင့် တူသောပုဆိုးကို ဝတ်ထသော၊ ဦးခေါင်းလည်း ပြည်းသော၊ ဖန်ရည်စွန်းသောသင်္ကန်းကိုလည်း ဝတ်ထသော၊ တစ်ယောက်သောရဟန်းသည် ငါတို့၏ ရှေ့ကို ဖျက်ရှာ၏"ဟု ကြားပေကုန်၏။

နဂါးမင်းကား ထိုခဏ၌ပင်လျှင် အမျက်ထွက်လေ၍၊ မထေရ်ကို မြင်၍၊ အလေးမဲ့ ပြုခြင်းကိုလည်း သည်းမခံနိုင်သည် ဖြစ်၍ ကောင်းကင်၌ တစ်ပါးမကကုန်သော ကြောက်မက်ဖွယ်တို့ကို ဖန်ဆင်းကုန်၏။ ထိုသို့သောအရုပ်မျက်နှာမှ ပြင်းစွာသောလေတို့သည် လာကုန်၏။ သစ်ပင်တို့သည် ကျိုးကုန်၏။ တောင်ထွတ်တို့သည် ကျကုန်၏။ ပြိုကုန်၏။ မိုးတို့သည် ကြိုးကုန်၏။ လျှပ်စစ်နွယ်တို့သည် ပြက်လတ်ကုန်၏။ ကောင်းကင်သည် ကွဲသကဲ့သို့ မိုးရေသည် ယို၏။ ကြောက်မက်ဖွယ်သောအဆင်း ရှိကုန်သော နဂါးလုလင်ငယ်တို့သည် စည်းဝေးကုန်၏။ နဂါးမင်းသည်လည်း အခိုးလွတ်၏။ အလျှံ လွတ်၏။ လက်နက်မိုးကိုလည်း လွှတ်၏။

"ဓားငယ်ဖြင့်ဖြတ်သော၊ လူတို့၏အဝတ်နှင့်တူသောပုဆိုးကို ဝတ်ထသော ဤဦးပြည်းကား အသူနည်း"

ဤသို့အစရှိသည် ကြမ်းကြုတ်သောစကားတို့ဖြင့် အရှင်ထေရ်ကို ခြိမ်းခြောက်၏။

"လာလတ်ကုန်။ ဦးပြည်းရဟန်းကို ကပ်လေကုန်။ သတ်လေကုန်။ နှင်ထုတ်လေကုန်"ဟု နဂါးစစ်သည်တို့ကို စေ၏။

သခင်ထေရ်လည်း ခပ်သိမ်းသောကြောက်မက်ဖွယ်ကို မိမိ၏တန်ခိုးဖြင့် တား၍ နဂါးမင်းကို ဆို၏။

'သဒေဝကော ဝိစေ လောကော၊ အာဂန္တွာ တာသယေယျမံ။
နမေ ပဋိဗလော အဿ၊ ဇနေတုံ ဘယဘေရဝံ။ ။'

"မဟာနာဂ၊ နဂါးကြီး။ သဒေဝကော၊ နတ်နှင့်တကွသော။ လောကော၊ လူသည်။ အာဂန္တွာ၊ လာလတ်၍။ မံ၊ ငါ့ကို။ စေ၊ အကယ်၍။ တာသယေ၊ ခြိမ်းခဲ့။ မေ၊ ငါအား။ ဘယဘေရဝံ၊ ကြောက်မက်ဖွယ်သောဘေးကို။ ဇနေတုံ၊ ဖြစ်စိမ့်သောငှာ။ ပဋိဗလော၊ စွမ်းနိုင်သည်။ နေဝအဿ၊ မဖြစ်ရာ။"

http://www.dhammadownload.com



'သစေပိ တွံ မဟိသဗ္ဗံ၊ သသမုဒ္ဒံ သပဗ္ဗတံ၊
ဥက္ခိပိတ္တာ မဟာနာဂ၊ ခိပေယျာသိ မမူပရံ။
နေဝမေသက္ကော နေယျာသိ၊ ဧနေတုံ အဘယဘေရဝံ။
အညဒတ္ထု တဝေဝဿ၊ ဝိယာတော ဥရဂါဓိပ။ ။'

''မဟာနာဂ၊ နဂါးကြီး။ တွံ၊ သင်သည်။ သသမုဒ္ဒံ၊ သမုဒ္ဒရာနှင့်တကွသော။ သပဗ္ဗတံ၊ တောင်နှင့်တကွသော။ သဗ္ဗံမဟိ၊ အလုံးစုံသော ဤမြေကြီးကို။ ဥက္ခိပိတ္တာ၊ ချီ၍ (ငါ၏ဦးခေါင်းထက်၌)။ သစေပိ ခိပေယျာသိ၊ အကယ်၍ ပစ်ငြားအံ့။ မေ၊ ငါအား။ ဘယဘေရဝံ၊ ကြောက်မက်ဖွယ်သောဘေးကို။ ဧနေတုံ၊ ဖြစ်စိမ့်သောငှာ။ နေဝသက္ကာနုယျာသိ၊ မတတ်နိုင်ရာ။ ဥရဂါဓိပ၊ မြွေတို့၏အရှင်ဖြစ်သော နဂါးမင်း။ အညဒတ္ထုဧကံသေန၊ စင်စစ်သဖြင့်။ တဝေဝ၊ နဂါးမင်းအားသာလျှင်။ ဝိယာတော၊ ပင်ပန်းခြင်းသည်။ အဿဘဝေယျ၊ ဖြစ်လေရာ၏။''

ဤသို့ဆိုသည်ရှိသော် နဂါးမင်းလည်း တန်ခိုးအာနုဘော်ပျောက်ခဲ့ရကား၊ လုံ့လအကျိုးမဲ့ ရှိရကား၊ ကိုယ်၏ဆင်းရဲခြင်း၊ နှလုံး၏ဆင်းရဲခြင်းသည် ဖြစ်၏။ ထိုနဂါးမင်းကို သခင်ထေရ်သည် ထိုခဏအား လျော်ပတ်သော တရားစကားဖြင့် ကောင်းစွာပြု၍၊ ကောင်းစွာဆောက်တည်စေ၍၊ ကောင်းစွာတက်စေ၍၊ ကောင်းစွာယှဉ်စေ၍၊ သရဏဂုံ ၃ ပါး၊ ပဉ္စသီ ၅ ပါးတို့၌ ၈ သောင်း ၄ ထောင်သော နဂါးတို့နှင့်တကွ တည်စေ၏။

ထိုမှတစ်ပါး ဟိမဝန္တာန်၌နေကုန်သော ဘီလူးတို့သည် လည်းကောင်း၊ ဂန္ဓဗ္ဗတို့သည် လည်းကောင်း၊ ကုမ္ဘဏ် ဘီလူးတို့သည် လည်းကောင်း (ချင်းတို့ဝမ်းကား အိုးစရည်းရှိ ကြီးသောကြောင့် 'ကုမ္ဘဏ်'မည်သတည်း။) သခင်ထေရ်၏တရားစကားကို ကြား၍ သရဏဂုံ ၃ ပါး၊ ပဉ္စသီသီတင်းတို့၌ တည်ကုန်၏။

'ပဉ္စက'အမည်ရှိသောဘီလူးသည်လည်း မိမိမယား ဘီလူးမ၊ ၅၀၀ သောသားတို့နှင့်တကွ ရွှေဦးစွာသောတာပတ္တိဖိုလ်၌ တည်လေ၏။

ထိုအခါ အရှင်မဇ္ဈန္တိကထေရ်သည် နဂါး၊ ဘီလူး၊ ရက္ခိုသ်တို့ကိုခေါ်၍ ဤသို့မိန့်တော်မူ၏။

'မာ ဒါနိ ကောဓံ ဇနယိတ္ထ၊ ဣတော ဥဒ္ဓံ ယထာပူရေ။
သဿဟာတဉ္စ မာကတ္ထ၊ သုခကာမာ ဟိ ပါဏိနော။
ကရောထ မေတ္တံ သတ္တေသု၊ ဝသန္တု မနုဇာသုခံ။ ။' ဟူ၍ မိန့်တော်မူ၏။

''ဘောန္တော၊ အို-နဂါးမင်း၊ ဘီလူး၊ ယက္ခိုသ်တို့။ ဒါနိ-ဣဒါနိ၊ ယခု။ တုမှေ၊ သင်တို့သည်။ ပူရေ ယထာ၊ ရှေးကဲ့သို့။ ဣတောပဘုတိ၊ ဤမှစ၍။ ဥဒ္ဓံအနာဂတေ၊ နောင်အခါ၌။ ကောဓံ၊ အမျက်ကို။ မာဇနယိတ္ထ၊ မဖြစ်စေလင့်ကုန်။ သဿဟာတဉ္စ၊ ကောက်ဖျက်ခြင်းကိုလည်း။ မာကတ္ထ-မာကရိတ္ထ၊ မပြုလင့်ကုန်။ ဟိယသ္မာ၊ အကြင်ကြောင့်။ ပါဏိနော၊ သတ္တဝါတို့သည်။ သုခကာမာ၊ချမ်းသာကို အလိုရှိကုန်၏။ တသ္မာ၊ ထိုကြောင့်။ သတ္တေသု၊ သတ္တဝါတို့၌။ မေတ္တံ၊ မေတ္တာကို။ ကရောထ၊ ပြုကုန်လော့။ ပနုဇာ၊ လူတို့သည်။ သုခံ၊ ချမ်းသာစွာ။ ဝသန္တု၊ နေစေကုန်သတည်း'' ဤသို့မိန့်တော်မူ၏။

ထို အလုံးစုံသော နဂါး၊ ဘီလူး၊ ရက္ခိုသ်တို့သည်လည်း ''ရှင်ပင်ဘုရား။ ကောင်းပြီ''ဟု သခင်ထေရ်၏စကားကိုဝန်ခံ၍ ဆုံးမတိုင်းကျင့်ကုန်၏။

ပန်းချေပြည်စာအုပ်တိုက်

http://www.dhammadownload.com



ထိုနေ့၌လျှင် နဂါးမင်းအား ပူဇော်ခြင်းအခါသည် ဖြစ်၏။ ထိုအခါ၌ နဂါးမင်းသည် မိမိ၏ ရတနာဖြင့်ပြီးသော ပလ္လင်ကို ဆောင်စေ၍ သခင်ထေရ်အား ခင်းစေ၏။ အရှင်ထေရ်လည်း ပလ္လင်၌ နေ၏။ နဂါးမင်းလည်း အရှင်ထေရ်ကို ယပ်ခဲလျက် အနီး၌နေ၏။

ထိုခဏ၌ ကသို့ရဂန္ဓာရတိုင်း၌ နေကုန်သောသူတို့သည် လာလတ်ကုန်သော်၊ အရှင်ထေရ်ကို မြင်၍၊ "ငါတို့ နဂါးမင်းထက်သော်လည်း အရှင်ထေရ် တန်ခိုးကြီး၏" ဟု သခင်ထေရ်ကိုသာလျှင် ရှိခိုး၍ နေကုန်၏။

အရှင်ထေရ်လည်း ထိုသူတို့အား အာသီဝိသောပမသုတ်ကို ဟောပေ၏။ သုတ်၏အဆုံး၌ ၈ သောင်းသောသတ္တဝါတို့အား အကျွတ်တရားကို ရကုန်၏။ ၁ သောင်းသော[1]အမျိုးသားတို့သည်လည်း ရဟန်းပြုကုန်၏။ ထိုအခါမှစ၍ ကသို့ရဂန္ဓာရတိုင်းသည် ယနေ့ထက်တိုင်အောင် သင်္ကန်းရောင်ဖြင့် တောက်ပ၏။ ရဟန်းတို့ သင်္ကန်းဝတ်ခြင်း, ရုံခြင်း, ကွေးခြင်း, ဆန့်ခြင်း စသည်တို့ကြောင့်ဖြစ်သော လေဖြင့် ထင်ဝန်းကျင်မှ လာကုန်သလျှင်ကတည်း။

'ဂန္ဓာကသို့ရဂန္ဓာရံ၊ ဣသိ မဏ္ဍန္တိကောတာဒါ။
ဒုဋ္ဌု နာဂံ ပသာဒေတွာ၊ မောစေသိ ဗန္ဓနာ ဗဟူ။ ။'

"တဒါတသို့ကာလေ၊ ထိုအခါ၌။ မဏ္ဍန္တိကော၊ 'မဏ္ဍန္တိက'အမည်ရှိသော။ ဣသိ၊ ရဟန္တာသည်။ ကသို့ရဂန္ဓာရံ၊ ကသို့ရဂန္ဓာရသို့။ ဂန္ဓာ၊ သွားလေ၍။ ဒုဋ္ဌုကုပိတံ၊ အမျက်ထွက်သော။ နာဂံ-နာဂရာဇာနံ၊ နဂါးမင်းကို။ ပသာဒေတွာ၊ ကြည်စေ၍။ ဗဟုဇနေ၊ များစွာသောသတ္တဝါတို့ကို။ ဗန္ဓနာ-သံသာရဗန္ဓနာ၊ 'သံသရာ' ဟူသော နှောင်ဖွဲ့ခြင်းမှ။ မောစေသိ၊ လွတ်စေ၏။"

မဟာရေဝတထေရ်

မဟာရေဝတထေရ်သည်လည်း မဟိသကတိုင်းအပြင်သို့ သွားလေ၍ ဒေဝဒူတသုတ်ကို ဟောပေ၏။ သုတ္တန်အဆုံး၌ ၄ သောင်းသောသတ္တဝါတို့သည် သောတာပတ္တိမဂ်ဉာဏ်ကို ရကုန်၏။ ၄ သောင်းသော သတ္တဝါတို့သည်လည်း ရဟန်းပြုကုန်၏။

'ဂန္ဓာနရဋ္ဌံမဟိသံ၊ မဟာရေဝတောဘ[2] မဟိဒ္ဓိကော။
စောဒေတွာ ဒေဝဒူတေဟိ၊ မောစေသိ ဗန္ဓနာ ဗဟူ။ ။'

"မဟိဒ္ဓိကော၊ ကြီးသောတန်ခိုးအာနုဘော် ရှိသော။ မဟာရေဝတောဘ၊ 'မဟာရေဝတ' အမည်ရှိသော။ ဣသိ၊ ရဟန္တာသည်။ မဟိသကရဋ္ဌံ၊ မဟိသကတိုင်းသို့။ 'ဂန္ဓာန၊ သွားလေ၍။ ဒေဝဒူတေဟိ၊ သူငယ်,သူနာ, သူအို, သူသေ။ ကမ္မကာရက၊ 'သူသတ်'ဟူသော နတ်၏တမန် ၅ ပါးတို့ဖြင့်။ စောဒေတွာ၊ နှိုးဆော်၍။ ဗဟူ၊ များစွာသောသတ္တဝါတို့ကို။ ဗန္ဓနာ၊ 'သံသရာ' ဟူသောနှောင်ဖွဲ့ခြင်းမှ။ မောစေသိ၊ လွတ်စေ၏။"

၁- ၁ သိန်းသော - တထာဂတဥဒါန ဒီပနီ
၂- မဟာဒေဝေါ (ပါရာဓိကဏ်အဋ္ဌကထာ)

http://www.dhammadownload.com



### အရှင်ရက္ခိတထေရ်

အရှင်ရက္ခိတထေရ်သည်ကား ဝနဂါသီတိုင်းသို့ သွား၍၊ ကောင်းကင်၌ ရပ်၍ အနုမတဂ္ဂပရိယာယသုတ်ကို ဟောပေသဖြင့် ဝနဂါသီတိုင်းသားတို့ကို ကြည်ညိုစေ၏။ ထိုထေရ်၏ ဟောသော အနုမတဂ္ဂသုတ်အဆုံး၌ကား ၆ သောင်းသောသတ္တဝါတို့အား အကျွတ်တရားကို ရ၏။ သောတာပန်ဖြစ်သည် ဟူသည်။ ၇ သောင်းအတိုင်းအရှည်ရှိသော သူတို့သည်ကား ရဟန်းပြုကုန်၏။ ၅၀၀ သောကျောင်းတို့သည် တည်ကုန်၏။ ဤသို့လျှင် ထိုအရှင်ရက္ခိတထေရ်သည် ဝနဂါသီတိုင်း၌ သာသနာတော်တည်စေ၏။

'ဂန္ဓာနု ရက္ခိတတ္တေရော၊ ဝနဂါသိမဟိဒ္ဓိကော။
အန္တလိက္ခေ ဌိတော တတ္ထ၊ ဒေသေသိ အနုမတဂ္ဂိယံ။ ။'

"မဟိဒ္ဓိကော၊ ကြီးသောတန်ခိုးရှိသော။ ရက္ခိတတ္တေရော၊ ရက္ခိတထေရ်သည်။ ဝနဝါသိ၊ ဝနဂါသီတိုင်းသို့။ ဂန္ဓာနု၊ သွားလေ၍။ အန္တလိက္ခေ၊ ကောင်းကင်၌။ ဌိတော၊ နေလျက်။ အနုမတဂ္ဂိယံ၊ အနုမတဂ္ဂသုတ်ကို။ ဒေသေသိ၊ ဟောပေ၏။"

### ယောနက မဟာဓမ္မရက္ခိတထေရ်

ယောနက မဟာဓမ္မရက္ခိတထေရ်သည်လည်း အပရန္တတိုင်းသို့ သွားလေ၍၊ အဂ္ဂိက္ခန္ဓောပမ သုတ္တန်တရားဖြင့် အပရန္တတိုင်းသားတို့ကို ကြည်စေ၍၊ ၇ သောင်းသောသတ္တဝါတို့ကို 'တရား' တည်းဟူသော အမြိုက်ကို သောက်စေ၍ မင်းမျိုးမှ ၁၀၀၀ မျှလောက်သောယောကျ်ားတို့သည် ရဟန်းပြုကုန်၏။ ၆ သောင်းအလွန်ရှိသော မိန်းမတို့သည်လည်း ရဟန်း ပြုကုန်၏။ ဤသို့လျှင် ယောနကမဟာဓမ္မရက္ခိတထေရ်သည် ထိုအပရန္တတိုင်း၌ သာသနာတော်ကို တည်စေ၏။ ပန်းသေးပြည်မှဖြစ်သောကြောင့် 'ယောနကမဟာဓမ္မရက္ခိတ' ဟူသတည်း။

'အပရန္တံ ဝိဂါဟိတ္တာ၊ ယောနကောဓမ္မရက္ခိတော။
အဂ္ဂိက္ခန္ဓူပမေ နေတ္တာ၊ ပသာဒေတိ ဇနေဗဟူ။ ။'

"ယောနကော၊ ပန်းသေးပြည်မှဖြစ်သော။ ဓမ္မရက္ခိတော၊ 'ဓမ္မရက္ခိတ' အမည်ရှိသော ရဟန္တာသည်။ အပရန္တံ၊ အပရန္တတိုင်းသို့။ ဝိဂါဟိတ္တာ၊ သက်၍။ အဂ္ဂိက္ခန္ဓူပမေန၊ အဂ္ဂိက္ခန္ဓူပမ သုတ္တန်ဖြင့်။ ဇတ္တာ၊ ဤအပရန္တတိုင်း။ ဗဟုဇနေ၊ များစွာသောသူတို့ကို။ ပသာဒေတိ၊ ကြည်စေ၏။"

### မဟာဓမ္မရက္ခိတထေရ်

မဟာဓမ္မရက္ခိတထေရ်သည်ကား မဟာရဋ္ဌသို့ သွားလေ၍၊ မဟာနာရဒကဿပဇာတ်*ကို ဟောသဖြင့် မဟာရဋ္ဌတိုင်း၌နေသောသူတို့ကို ကြည်စေ၍၊ ၈ သောင်း ၄ ထောင်သောသူတို့ကို မဂ်,ဖိုလ်၌ တည်စေ၏။ ၁ သောင်း ၃ ထောင်သော သတ္တဝါတို့သည်လည်း ရဟန်းပြုကုန်၏။ ဤသို့ မဟာဓမ္မရက္ခိတထေရ်သည် ထိုမဟာရဋ္ဌတိုင်း၌ သာသနာတော်ကို တည်စေ၏။

* ၅၅၀ ဇာတ်တော်စဉ် - ၅၄၅ ဇာတ်တော်ကြီး ၁၀ ဘွဲ့ နာရဒဇာတ် ရှု။

http://www.dhammadownload.com



'မဟာရဇ္ဇံ ဣသိဝံတွာ၊ သောမဟာဓမ္မရက္ခိတော။
ဇာတကကဋ္ဌယိတွာန၊ ပသာဒေတိမဟာဗိနံ။ ။'

''မဟာရက္ခိတော၊ 'မဟာရက္ခိတ'အမည်ရှိသော။ သောဣသိ၊ ထိုရဟန္တာသည်။ မဟာရဇ္ဇံ၊ မဟာရဇ္ဇ တိုင်းသို့။ ဣဿွာ၊ သွားလေ၍။ ဇာတကံ၊ မဟာနာရဒကဿပဇာတ်ကို။ ကဋ္ဌယိတွာန၊ ဟော၍။ မဟာဗနံ၊ လူများကို။ ပသာဒေတိ၊ ကြည်စေ၏။''

**မဟာရက္ခိတထေရ်**

မဟာရက္ခိတထေရ်သည်လည်း ပန်းသေးပြည်သို့သွားလေ၍ ကာလကာရာမသုတ္တန်ဖြင့် ပန်းသေးပြည်သား တို့ကို ကြည်စေ၍၊ ၁ သိန်း ၇ သောင်းသောသတ္တဝါတို့အား မဂ်,ဖိုလ်တည်းဟူသော တန်ဆာကို ပေး၏။ ထိုမဟာရက္ခိတထေရ်၏အထံ၌လည်း ၁ သောင်းသောသူတို့သည် ရဟန်း ပြုကုန်၏။ ဤသို့လျှင် ထိုမဟာ ရက္ခိတထေရ်သည် ထိုပန်းသေးပြည်၌ သာသနာတော်ကို တည်စေ၏။

'ယောနရဋ္ဌံ တဒါဂန္တွာ၊ သော မဟာရက္ခိတော ဣသိ။
ကာဠကာရာမ သုတ္တေန၊ တေ ပသာဒေတိ ယောနကေ။ ။'

''တဒါတသ္မိ ကာလေ၊ ထိုအခါ၌။ မဟာရက္ခိတော၊ 'မဟာရက္ခိတ'အမည်ရှိသော။ ဣသိ၊ ရဟန္တာသည်။ ယောနကရဋ္ဌံ၊ ပန်းသေးပြည်သို့။ ဣဿွာ၊ သွားလေ၍။ ကာဠကာရာမသုတ္တေန၊ ကာဠကာရာမသုတ္တန်တရားဖြင့်။ တေ ယောနကေ၊ ထို ပန်းသေးပြည်၌ နေသောသူတို့ကို။ ပသာဒေတိ၊ ကြည်စေ၏။''

**မဇ္ဈိမထေရ်**

မဇ္ဈိမထေရ်သည်ကား ကဿပဂေါတ္တထေရ်, အဋ္ဌကဒေဝထေရ်, ဒဠှဘိဿယထေရ်, မဟာဒေဝထေရ်တို့ နှင့်တကွ ဟိမဝန္တာအရပ်အဖို့သို့ သွားလေ၍၊ 'ဓမ္မစက္ကပ္ပဝတ္တနသုတ်'တည်းဟူသော သုတ္တန်ကို ဟောသဖြင့် ထိုဟိမဝန္တာ အရပ်ဖို့၌ နေကုန်သောသူတို့ကို ကြည်စေ၍၊ ကုဋေ ၈၀ သောသတ္တဝါတို့ကို မဂ်,ဖိုလ် ရစေ၍၊ ထိုရဟန္တာ ၅ ပါး တို့သည်လည်း ၅ ပါးသောတိုင်းတို့ကို ကြည်စေကုန်၏။ ၁ ပါးသောထေရ်တို့၏အထံ၌ ၁ သိန်း - ၁ သိန်း မျှသော သူတို့သည် ရဟန်းပြုကုန်၏။ ဤသို့လျှင် ထိုထေရ်တို့သည် ဟိမဝန္တာအရပ်၌ သာသနာတော်ကို တည်စေကုန်၏။

'ဣဿာန မဇ္ဈိမထေရော၊ ဟိမဝန္တံပသာဒယိ။
ယက္ခသေနံ ပကာသေန္တော၊ ဓမ္မစက္ကပဝတ္တနံ။ ။'

''မဇ္ဈိမထေရော၊ မဇ္ဈိမထေရ်သည်။ ဟိမဝန္တံ၊ ဟိမဝန္တာသို့။ ဣဿာန၊ သွားတော်မူ၍။ ဓမ္မစက္ကပဝတ္တနံ၊ ဓမ္မစက္ကပဝတ္တနသုတ်ကို။ ပကာသေန္တော၊ ပြလျက်။ ယက္ခသေနံ၊ ဘီလူးစစ်သည် ရှိသော။ ဟိမဝန္တံ၊ ဟိမဝန္တာ အရပ်ကို။ ပသာဒယိ၊ ကြည်စေ၏။''

http://www.dhammadownload.com



**သောဏထေရ်နှင့် ဥတ္တရထေရ်**

သောဏထေရ်သည်လည်း ဥတ္တရထေရ်နှင့်တကွ သုဝဏ္ဏဘူမိသို့ သွားလေ၍၊ ထိုအခါ၌ သုဝဏ္ဏဘူမိ၌ ရက္ခိုဿ်ဘီလူးမတစ်ယောက်သည် သမုဒ္ဒရာမှထွက်လတ်၍ မင်းမျိုး၌ ဖွားတိုင်းဖွားတိုင်းသူငယ်တို့ကို စား၏။

တစ်နေ့သ၌လျှင် မင်းမျိုး၌ တစ်ယောက်သောသူငယ်သည် ဖွား၏။ လူတို့သည် ထေရ်ကို မြင်၍၊ ''ဤမည်ကား ရက္ခိုဿ်ဘီလူးမတို့၏ အဖော်တည်း''ဟု မှတ်ကုန်၍၊ လက်နက်တို့ကို ကိုင်၍၊ သခင်ထေရ်ကို ထိုးပစ်ခတ်ပုတ်လိုသည် ဖြစ်၍ လာလတ်ကုန်၏။

ထေရ်သည်လည်း ''သင်တို့ကား အသို့မူ၍ လက်နက်စွဲကုန်လျက် လာလတ်ကုန်သနည်း''ဟု မေး၏။

ထိုလူတို့သည် ဆိုကုန်၏။ ''မင်းမျိုး၌ ဖွားတိုင်းဖွားတိုင်းသူငယ်တို့ကို ရက္ခိုဿ်ဘီလူးတို့သည် စားကုန်၏။ သင်တို့ကား ထိုရက္ခိုဿ်ဘီလူးတို့၏ အဖော်တို့လော''ဟု မေး၏။

သခင်ထေရ်သည်လည်း ''ငါတို့ကား ရက္ခိုဿ်ဘီလူးတို့၏အဖော် မဟုတ်ကုန်။ ငါတို့ကား 'ရဟန်း' မည်ကုန်၏။ သတ္တဝါတို့၏အသက်ကို သတ်ခြင်းမှ ကြဉ်ကုန်၏။ သူ့ဥစ္စာကို ခိုးခြင်း, သူ့အိမ်ရာကို လွန်ကျူးခြင်း, မုသားဆိုခြင်း, သေသောက်ခြင်းမှ ကြဉ်ကုန်၏။ တစ်ထပ်သာ စားကုန်၏။ သီလ ရှိကုန်၏။ ကောင်းသော သဘော ရှိကုန်၏'' ဤသို့ ဆိုပေ၏။

ထိုခဏ၌ပင်လျှင် အခြံအရံနှင့်တကွ ထိုရက္ခိုဿ်ဘီလူးမသည် ''မင်းမျိုး၌ သူငယ်သည် ဖွားလေပြီ။ ထိုသူငယ်ကို စားအံ့'' ဟူ၍ သမုဒ္ဒရာမှ ထွက်လာသတည်း။

လူတို့သည် ထိုရက္ခိုဿ်ဘီလူးမကို မြင်၍၊ ''ရှင်ပင်ဘုရား။ ထိုရက္ခိုဿ်ဘီလူးမသည် လာလတ်ပြီ''ဟု ကြောက်ကုန်သည်ဖြစ်၍ မြည်တမ်းကြကုန်၏။

အရှင်ထေရ်သည်လည်း ရက္ခိုက်တို့ထက် ကိုယ်ကို ကြီးအောင်ဖန်ဆင်း၍၊ ခြိုရံ၍ နေ၏။

အခြံအရံနှင့်တကွသော ရက္ခိုဿ်ဘီလူးမအား ဤသို့သောအကြံသည် ဖြစ်၏။

''မချွတ်လျှင် ဤသူတို့သည် ဝေဿဝဏ်နတ်မင်း၏အထံမှ ဤဆုကို ရသည် ဖြစ်လတ္တံ့။ ငါတို့သည် ဤသူတို့၏အစာတို့သည် ဖြစ်ကုန်အံ့သတည်း''ဟု ကြံ၍၊ ခပ်သိမ်းသောရက္ခိုဿ်ဘီလူးတို့သည် လျင်စွာ ပြေးလေကုန်၏။

အရှင်ထေရ်သည်လည်း ထိုရက္ခိုဿ်ဘီလူးတို့ကို မမြင်အောင်ပြေးစေ၍၊ ကျွန်း၏ပတ်ဝန်းကျင်မှ မဝင်နိုင်အောင် အဓိဋ္ဌာန်သောအစောင့်အရှောက်ကို ထားပေ၏။

ထိုအခါ၌ စည်းဝေးလာသောလူအပေါင်းကိုလည်း ဗြဟ္မာလသုတ်ကို ဟောပေသဖြင့် ကြည်စေ၍ သရဏဂုံသီလတို့၌ တည်စေ၏။ ထိုအစည်းဝေး၌ ၆ သောင်းသောသတ္တဝါတို့အား အကျွတ်တရားကို ရကုန်၏။ ၃ သောင်း ၅ ရာသော အမျိုးသား, ၁၅၀၀ သောအမျိုးသမီးတို့သည် ရဟန်းပြုကုန်၏။

ဤသို့လျှင် ထိုသောဏထေရ်သည် သုဝဏ္ဏဘူမိ သာသနာတော်ကို တည်စေ၏။ ထိုမှစ၍ မင်းအိမ်၌ ဖွားသော သတို့သားအား 'သောဏုတ္တရ'ဟူသောအမည်ကိုသာလျှင် မှည့်ကုန်၏။

'သုဝဏ္ဏဘူမိ ဂန္တွာ၊ သောဏုတ္တရာမဟိဒ္ဓိကာ။
ဝိသာစေ နိဒ္ဒမိတ္တာန၊ ဗြဟ္မဇလံအဒေသိသုံ။ ။'

http://www.dhammadownload.com



''မဟိဒ္ဓိကာ၊ ကြီးသောတန်ခိုး ရှိကုန်သော။ သောဏုတ္တရာ၊ 'သောဏ, ဥတ္တရ'အမည်ရှိကုန်သော။ ထေရာ၊ ရဟန္တာတို့သည်။ သုဝဏ္ဏဘူမိ၊ သုဝဏ္ဏဘူမိသို့။ ဂန္ဓာ၊ သွားလေ၍။ ပိသာစေ၊ ရက္ခိုသ်ဘီလူးတို့ကို။ နိဒ္ဒမိတ္တာန-ပလာပေတွာန၊ ပြေးစေ၍။ ဗြဟ္မဇာလံ၊ ဗြဟ္မဇာလသုတ်ကို။ အဒေသိသံ၊ ဟောကုန်၏။''

['သမုဒ္ဒါဒီသု ရက္ခိတ္တာ၊ အာဂတော အသဟိ-အက္ခိတိ ရက္ခသော။'

''သမုဒ္ဒါဒီသု၊ သမုဒ္ဒရာ စသည်တို့၌။ ရက္ခိတ္တာ၊ စောင့်၍။ အာဂတော၊ လာလာသမျှသော သတ္တဝါခပ်သိမ်းတို့.ကို။ အသဟိ-အက္ခိတိ၊ စားတတ်ကုန်၏။ ဣတိ၊ ထို့ကြောင့်။ ရက္ခသော၊ 'ရက္ခိုသ်'မည်၏။''']

**မဟိန္ဒထေရ်**

အရှင်မဟိန္ဒထေရ်သည်ကား ကြွေ၏။

''သိန်းခိုကျန်းသို့သွား၍ သာသနာတော်ကို တည်စေလော့' ဤသို့ ဥပဇ္ဈာယ်သည်လည်းကောင်း, ရဟန်းသံဃာသည်လည်းကောင်း တိုက်တွန်းသော ငါ့အား သိန်းခိုကျန်းသို့ သွားအံ့သောငှာ အခါတန်ပြီလော၊ မတန့်သေးလော' ဟုကြွေ၏။

ထိုနောင်မှ ဆင်ခြင်သော အရှင်မဟိန္ဒထေရ်အား 'အခါမတန့်သေး' ဤသို့ စိတ်တော်သည် ဖြစ်၏။ အဘယ်အကြောင်းကို မြင်၍ ထိုမဟိန္ဒအရှင်၏စိတ်တော်သည် ဖြစ်သနည်း ဟူမူကား မုဋ္ဌသိဝမင်းသည် ကြီးသည်အဖြစ်ကိုမြင်၍ ဖြစ်သတည်း။

ထိုနောင်မှ 'ဤမုဋ္ဌသိဝမင်းကြီးသည် ကြီးပြီ။ ဤမုဋ္ဌသိဝမင်းကို ယူ၍ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ မတတ်ကောင်း။ ယခု ထိုမင်း၏သားဖြစ်သော ဒေဝါနံပိယတိဿသည် မင်းအဖြစ်ကို ပြုလတ္တံ့။ ထို ဒေဝါနံပိယတိဿမင်းကို ယူ၍၊ သာသနာတော်ကို ချီးမြှောက်အံ့သောငှာ တတ်နိုင်သည်ဖြစ်လတ္တံ့။ ယခု ဒေဝါနံပိယတိဿသည် မင်း မပြုခင် အကြားတွင် ဆွေတော်မျိုးတော်တို့.ကို ဖူးမြင်ကုန်ဦးအံ့။ ငါတို့.သည် ဤဇနပုဒ်သို့ လာရ-မလာရ ရှိကုန်၏'ဟု ကြံတော်မူ၍၊ ထိုမဟိန္ဒထေရ်သည် ဥပဇ္ဈာယ်ဖြစ်သော အရှင်မောဂ္ဂလိပုတ္တတိဿထေရ်ကိုလည်းကောင်း ရှိခိုး၍၊ အသောကာရုံကျောင်းတော်မှ ထွက်၍၊ ဣဋ္ဌိယထေရ် အစရှိသော မထေရ် ၄ ပါးတို့.နှင့် လည်းကောင်း, သဃိမိတ္တာမင်းသမီး သားဖြစ်သော သုမနသာမဏေနှင့် လည်းကောင်း၊ 'ဘဏ္ဍုက'အမည်ရှိသော သီတင်းသည် ဥပါသကာနှင့်တကွ ရာဇဂြိုဟ်ပြည်သို့ မဝင်။ ရာဇဂြိုဟ်ပြည်သို့လှည့်၍ ဒက္ခိဏဂိရိဇနပုဒ်၌ ဒေသစာရီခရီးကို သွားသည်ရှိသော်၊ ဆွေတော်မျိုးတော်တို့.ကိုကြဉ်လျက်* ၆ လလွန်စေ၏။ ထိုနောင်မှ အစဉ်သဖြင့် မယ်တော်နေရာဖြစ်သော 'ဝေဒိသက'အမည်ရှိသောပြည်သို့ ရောက်လေ၏။

[အသောကမင်းကြီးသည် အိမ်ရှေ့မင်းဖြစ်သောအခါ၌ ခမည်းတော်ပေးသော ဥဇ္ဇေနီပြည်သို့.သွားသောအခါ ဝေဒိသကသူဌေး၏သမီးကို ယူ၍၊ ထို'ဝေဒိသက' အမည်ရှိသောသူဌေးသမီးသည် ထိုနေ့.လည်းကောင်းလျှင် ကိုယ်ဝန်ယူ၍ ဥဇ္ဇေနီပြည်၌ မဟိန္ဒမင်းသားကို ဖွား၏။ မဟိန္ဒမင်းသား ၁၅ နှစ်မြောက်သောအခါ၌ ဓမ္မာသောကမင်းကြီးသည် အာဘိသိက်သို့ ရောက်၏။ ထိုမဟိန္ဒထေရ်၏မယ်တော် ဝေဒိသကဒေဝီသည် ထိုအခါ၌ မယ်တော်, ခမည်းတော်အိမ်၌ နေ၏။ ထို့ကြောင့် အစဉ်ဖြင့် မယ်တော်နေရာ ဝေဒိသကပြည်သို့ ရောက်လေ၏ ဟုဆိုသတည်း။

* ကြည့်လျက်- တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



[ဥဒ္ဒေနီပြည်ကား ပါဋလိပုတ်ပြည်နှင့် ယူဇနာ ၁၀၀ ရှိ၏။ ဝေဒိသကပြည်ကား ဥဒ္ဒေနီပြည်နှင့် ပါဋလိပုတ်ပြည်အကြား ယူဇနာ ၅၀ ရှိ၏။

[ဓမ္မာသောကမင်းကြီးကား အိမ်ရှေ့နှင့်တကွ အဝန္တိတိုင်း၌ဖြစ်သော ဥဒ္ဒေနီကို မင်းပြုသတည်း။ ဗိန္ဓုသာရမင်းကြီးအနာသည် သည်းစွာဖြစ်သောအကြောင်းကို ကြား၍ ဥဒ္ဒေနီပြည်မှ အလျင်ရီလတ်သော်၊ သားမယားတို့ကို ဝေဒိသကပြည်တွင် ထားခဲ့သတည်း။ ထို့ကြောင့် ဝေဒိသကပြည်၌ မဟိန္ဒမင်းသားမယ်တော် ဝေဒိသက ဒေဝီကား နေရစ်သတည်း။ ဓမ္မာသောက မင်းဖြစ်လတ်ပြီးသော် သားတော်တို့ကိုသာ ပို့ရလေသတည်း။ ဤသို့ဖြစ်သောကြောင့် ထေရမာတာကို ဖူးမြင်လို၍ သွားတော်မူသတည်း။]

ဝေဒိသကပြည်သို့ရောက်လတ်သော် ထိုမဟိန္ဒထေရ်ကိုမြင်၍၊ အရှင်ထေရ်၏မယ်တော်ဖြစ်သော ဝေဒိသက မိဖုရားသည် ခြေတော်တို့၌ ဦးခေါင်းတို့ဖြင့် ရှိခိုး၍၊ ဆွမ်းကို လှူ၍၊ အရှင်မဟိန္ဒထေရ်ကို မိမိပြုအပ်သော 'ဝေဒိသကဝိဟာရ'* အမည်ရှိသောကျောင်းကြီးကို တင်လေ၏။

အရှင်မဟိန္ဒထေရ်သည်လည်း ထိုကျောင်း၌နေလျက် 'ငါတို့အား ဤဝေဒိသကပြည်၌ ပြုအပ်သော ကိစ္စသည် ပြီးပြီ။ မယ်တော်ကို မြင်ရပြီ။ ယခု သိန်းခိုကျွန်းသို့သွားအံ့သောငှာ အခါတန်တော့မည်လော' ဟု ကြံ၏။

ထိုနောင်မှ 'ဒေဝါနံပိယတိဿသည် ခမည်းတော်ပိုင်လေစေသော အဘိသိက်ကိုလည်း ခံလင့်စေဦး။ ရတနာ ၃ ပါးတို့ကိုလည်း ကြားလင့်စေဦး။ သတင်းစကားလိုသောကြောင့် အနုရာဓပြည်မှ ထွက်၍ မိဿကတောင်သို့တက်စေဦး။ (ယခုကား 'စေတိယတောင်' ဟု တွင်၏။) ထိုအခါ၌ ထို ဒေဝါနံပိယတိဿမင်းကို မိဿကတောင်၌ ဖူးမြင်ကုန်အံ့' ဤသို့ ကြံတော်မူ၏။

ထိုနောင်မှ ၁ လပတ်လုံး ထိုဝေဒိသကတောင်၌ နေ၏။ ၁ လလွန်သဖြင့် နဖူန်လပြည့် ဥပုသ်နေ့၌ စည်းဝေးလျက်၊ 'ခပ်သိမ်းသောထေရ်တို့သည် ငါတို့အား သိန်းခိုကျွန်းသို့ သွားအံ့သောငှာ အခါတန်ပြီလော၊ မတန်သလော'ဟု တိုင်ပင်ကုန်၏။

[ထိုကြောင့် အဋ္ဌကထာဆရာတို့ ဆိုကုန်၏။

'မဟိန္ဒောနာမ နာမေန၊ သံဃတ္ထေရော တဒါ အဟု။
ဣဒ္ဓိယော ဥတ္တိယော ထေရော၊ ဘဒ္ဒသာလောစ သမ္မလော။
'သာမဏေရောစ သုမနော၊ ဆဠဘိညော မဟိဒ္ဓိကော။
ဘဏ္ဍာကော သတ္တမော တေသံ၊ ဒိဋ္ဌသ စ္စောသတ္တမော ဥပါသကော။
ဣတိ ဟေတေ မဟာနာဂါ၊ မန္တယိံသု ရဟော ဂတာ။'

''တဒါကာလေ၊ ထိုအခါ၌။ နာမေန၊ အမည်အားဖြင့်။ မဟိန္ဒောနာမ၊ 'မဟိန္ဒ'အမည်ရှိသော။ သံဃတ္ထေရော၊ သံဃထေရ်သည်။ အဟု၊ ဖြစ်၏။ ဣဒ္ဓိယော၊ 'ဣဒ္ဓိယ'အမည်ရှိသော။ ထေရောစ၊ ထေရ်သည်လည်းကောင်း။ ဥတ္တိယော၊ 'ဥတ္တိယ'အမည်ရှိသော။ ထေရောစ၊ ထေရ်သည် လည်းကောင်း။ ဘဒ္ဒသာလောစ၊ ဘဒ္ဒသာလထေရ်သည် လည်းကောင်း။ သမ္မလောစ၊

* ဝေဒိသကဂိရိ - တထာဂတဥဒါနဒီပနီ။

http://www.dhammadownload.com



သမ္မလထေရ်သည် လည်းကောင်း။ ဆဋ္ဌာဘိညော၊ ၆ ပါးသောအဘိဉာဉ်ကို ရပြီးသော။ မဟိဒ္ဓိ ကော၊ ကြီးသောတန်ခိုးရှိသော။ သုမနော၊ 'သုမဏ'အမည်ရှိသော။ သာမဏေရော၀၊ သာမဏေ လည်းကောင်း။ ဒိဋ္ဌသစ္စော၊ အနာဂါမိမဂ်ဖြင့် မြင်ပြီးသောသစ္စာ ရှိထသော။ သတ္တမော၊ ၇ ယောက် မြောက်သော။ တေသံထေရာနံ၊ ထိုထေရ်တို့၏။ ဘဏ္ဍာဂုကော၊ 'ဘဏ္ဍာဂုက'အမည်ရှိသော။ ဥပါ သကော၊ သီတင်းသည် လည်းကောင်း။ ဣတိ၊ ဤသို့။ ဧတေမဟာနာဂါ၊ ထိုရဟန္တာမြတ် တို့သည်။ ရဟောဂတာ၊ ဆိတ်ငြိမ်ရာဌာနေကုန်လျက်။ မန္တယိံသု၊ တိုင်ပင်ကုန်၏။''

[ဘဏ္ဍာဂုကသတို့သားကား မိထွေးတော်သမီး၏ သားတည်း။ ။ သုမဏသာမဏေ၊ ဘဏ္ဍာဂုကသတို့သား ကား မဟိန္ဒထေရ်၏ တူတော်ချည်းတည်း။ ။ ဘဏ္ဍာဂုကသတို့သားကား ဝေဒိသဂိရိ၌ မယ်တော်အား အရှင်မဟိန္ဒထေရ် ဟောသောတရားကို ကြား၍ အနာဂါမ်ဖိုလ်သို့ ရောက်သည် ဟူ၏။]

ထိုသို့တိုင်ပင်သောအခါ၌ သီကြားမင်းသည် မဟိန္ဒထေရ်သို့ ကပ်လေ၍ ဤသို့ဆို၏။

''အရှင်ဘုရား။ မုဋ္ဌသိ၀မင်းသည် လွန်ပြီ။ ယခု ဒေ၀ါနံပိယတိဿသည် မင်းပြု၏။ မြတ်စွာဘုရား သည်လည်း အရှင်ဘုရားတို့ကို ဗျာဒိတ် ထားတော်မူခဲ့၏။ 'နောင်လာလတ္တံ့သောအခါ၌ 'မဟိန္ဒ'အမည်ရှိသော ရဟန်းသည် သိန်းခိုကျွန်းကို ကြည်စေလတ္တံ့'ဟု ဗျာဒိတ် ထားတော်မူခဲ့၏။ အရှင်ဘုရား။ ထို့ကြောင့် အရှင် ဘုရားတို့အား မြတ်သောသိန်းခိုကျွန်းသို့ သွားခါတန်ပြီ။ အကျွန်ုပ်သည်လည်း အရှင်ဘုရားတို့၏အပေါင်းအဖော် ဖြစ်ပါအံ့'' ဟု ဆို၏။

အဘယ်ကြောင့် သီကြားသည် ဤသို့ဆိုသနည်းဟူမူကား မြတ်စွာဘုရားသည် ထိုသီကြား အား ဗောဓိအနီးဌာန်လျှင် ဣန္ဒြိယပရောပရိယတ္တိဉာဏ်တော်ဖြင့် (အာသယာနုသယ ဉာဏ်တော် ဖြင့်လည်းဟူ) ဤဉာဏ်တော် ၂ ပါးကို 'ဗုဒ္ဓစက္ခု' ဟူလေသတည်း။ ပညိန္ဒြေရင့်သည်, နုသည်ကို ရှုသည်ကား ဣန္ဒြိယပရောပရိယတ္တိ ဉာဏ်တော်တည်း။ သတ္တ၀ါတို့၏ အထူးထူး သော အလိုဆန္ဒ အနုသယ စသည်တို့ကို ရှုတော်မူသည်ကား အာသယာနုသယဉာဏ်တော် တည်း။) လူကို ကြည့်တော်မူ၍၊ နောင်လာလတ္တံ့သောအခါ၌ ဤသိန်းခိုကျွန်း၏ ပြည့်စုံလတ္တံ့ သည်ကို မြင်တော်မူ၍၊ ဤအကြောင်းကို ကြားတော်မူပေ၏။ ထိုအခါ၌ 'သီကြားမင်း သည်လည်း အပေါင်းအဖော်ဖြစ်ရစ်'ဟု စေတော်မူသတည်း။ ထို့ကြောင့် သီကြားမင်းသည် ဤသို့ ဆိုသတည်း။

အရှင်မဟိန္ဒထေရ်သည်လည်း ထိုသီကြားမင်း၏စကားကို ဝန်ခံ၍ မိမိလျှင် ၇ ယောက်မြောက်သော သူတို့သည် ဝေဒိသကတောင်မှ ကောင်းကင်သို့ပျံလေ၍ အနုရာဓပြည်၏ အရှေ့အရပ်မျက်နှာ မိဿကတောင်၌ တည်လေ၏။

[မြေနှင့် ကျောက် ၂ ပါးရောသောကြောင့် 'မိဿက'မည်သတည်း။ ယခုကား မိဿကတောင်ကို 'စေတိယတောင်'ဟု ခေါ်တွင်ကုန်၏။ ထို့ကြောင့် အဋ္ဌကထာဆရာတို့သည် ဆိုကုန်၏။

'ဝေဒိသဂိရိမှိ ရာဇဂေဟော၊ ဝသိတ္ဝာ တီသရတ္တိယော။
ကာလော၀ ဂမနသ္သတိ၊ ဂစ္ဆာမိ ဒီပမုတ္တမံ။

http://www.dhammadownload.com



'ပဋိနာ ဓမ္မဒီပါကော၊ ဟံသရာဇာဝ အမွရေ။
ဇဝမုပွတိကာ ထေရော၊ နိသတိသု နဂုတ္တမေ။
'ပူရတော-ပူရသေဋ္ဌသ၊ ပဗ္ဗတေ မေဃ သံနိအေ။
ပတိဋ္ဌဟိသုကုဋ္ဌမှိ၊ ဟံသာဝ နဂမုဒ္ဓနိ။ ။'

[ 'ရာဇဂဟော။ ရာဇဂြိုဟ်ပြည်နှင့်နီးသော။ ဝေဒိဿဂိရိမှိ၊ ဝေဒိသတောင်၌။ တိသရတ္တိယော၊ နေ့ညဉ့် ၃၀ ပတ်လုံး (၁ လပတ်လုံးလည်း ပေး)။ ဝသိတ္တာ၊ နေပြီး၍။ ဂမနဿ၊ သွားခြင်း၏။ ကာလော၀၊ အခါတန်ပြီ။ ဥတ္တမံ၊ မြတ်သော။ ဒီပံ၊ သိန်းခိုကျွန်းသို့။ ဂစ္ဆာမိ၊ သွားကုန်အံ့။ ဓမ္မဒီပတော၊ ဓမ္မဒီပါကျွန်းမှ။ အာကာသေ၊ ကောင်းကင်၌။ ဟံသရာဇာဝ၊ ဟသံမင်းကဲ့သို့။ ပဋိနာပက္ခန္တိသု၊ ပြန်ခဲ့ကုန်၏။ ဇဝံ၊ ဤသို့။ ဥပ္ပဋိကာ၊ ပြန်ခဲ့ကုန်ပြီးသော်။ ထေရာ၊ အရှင်ထေရ်တို့သည်။ နဂုတ္တမေ၊ မိဿကတောင်မြတ်၌။ နိပတိသု၊ ကျလေကုန်၏။ ပူရသေဋ္ဌသ၊ အနုရာဓပြည်မြတ်၏။ ပူရတော၊ အရှေ့မျက်နှာမှ။ မေဃသံနိဘော၊ တိမ်ညိုအဆင်းနှင့်တူထသော။ ပဗ္ဗတေ၊ တောင်၌။ နဂမုဒ္ဓနိ၊ တောင်ထိပ်၌။ ဟံသာဝ-ဟံသရာဇာဝ၊ ဟသံမင်းကဲ့သို့။ ကုဋ္ဌမှိ၊ မိဿကတောင်ထိပ်၌။ ပတိဋ္ဌဟိသု၊ တည်လေကုန်၏။' ]

ဤသို့ ဣဋ္ဌိယအစရှိသော ထေရ်တို့နှင့် တကွလာတော်မူသော အရှင်မဟိန္ဒထေရ် သိန်းခိုကျွန်းသို့ ရောက်သည်ကား မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသောနှစ်မှ အနှစ် ၂၃၆ မြောက်၌ သိန်းခိုကျွန်းသို့ ရောက်သတည်းဟု သိအပ်၏။

အဘယ်သို့ သိအပ်သနည်း ဟူမူကား အဇာတသတ် ၈ နှစ်မြောက်သောအခါ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏။ ထို ပရိနိဗ္ဗာန်ပြုသောနှစ်ပင်လျှင် သိန်းခိုကျွန်းကို အစစွာမင်းပြုသော သီဟဗာဟုမင်း၏သား ဝိဇယမင်းသားသည် ဤသိန်းခိုကျွန်းကိုလာ၍ လူတို့နေရာကို ပြု၏။ ခြသေ့မင်း၏သားဖြစ်သော သီဟဗာဟုမင်းကြီး၏သား ၁ ကျိပ်တို့တွင် အကြီးဖြစ်သော ဝိဇယမင်းသားကား အလွန်ကြမ်းသောအမူကို ပြုသောကြောင့် အဖမင်းကြီးသည် အချင်း ၇၀၀ နှင့်တကွ ဖောင်ပြု၍မျှောလိုက်ရကား သိန်းခိုကျွန်း၌ တင်လေ၏။ ကုဝဏ္ဏာဘီလူးမနှင့် ပေါင်းဖော်လျက် လူတို့ကို စစ်ပြု၍သတ်လျှင်၊ နိုင်လေရကား ဘီလူးတို့၏နေသောအရပ်ကို တည်ထောင်၍ လူတို့နေရာ ပြုလေသတည်း။ ထိုကြောင့် 'လူတို့နေရာကို ပြု၏' ဟုဆိုသတည်း။ ။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးမှ အဇာတသတ် ၂၄ နှစ် မင်းပြု၏။ အဇာတသတ်မင်း၏သား ဥဒယဘဒြမင်းဖြစ်၍ ၁၄ နှစ်သို့အရောက်တွင် သိန်းခိုကျွန်း၌ ဝိဇယမင်းကြီး ၃၈ နှစ် မင်းပြုပြီး၍ အိန္ဒိယသို့ ရောက်၏။ ပရိနိဗ္ဗာန်ပြုတော်မူသောနှစ်သည် ဝိဇယမင်း၏ အာဒိဖြစ်သောကြောင့် ထိုနှစ်နှင့်တကွ ၃၈ နှစ် ဓေသတည်း။ 'ဥဒယဘဒြမင်း ၁၄ နှစ်သို့ အရောက်'ဆိုသောကြောင့် ၁၃ နှစ်ပြည့်သာ ယူ။ ပရိနိဗ္ဗာန်ပြုတော်မူသောနှစ်, အဇာတသတ်မင်း၏အခါ ၂၄ နှစ်, ဥဒယဘဒြမင်း၏အခါ ၁၃ နှစ်တိုင်ရုံ၊ ဤကို ပေး၍ ၃၈ နှစ်ယူသတည်း။ ဥဒယဘဒြမင်းကား ၁၆ နှစ် မင်းပြုသောကြောင့် ၂ နှစ် ကြွင်းသေး၏။

ဥဒယဘဒြမင်း ၁၅ နှစ်မြောက်သောနှစ်၌ 'ပဏ္ဍုဝါသုဒေဝ'အမည်ရှိသော မင်းသားသည် ဤသိန်းခိုကျွန်း၌ မင်းအဖြစ်သို့ ရောက်၏။ ထိဓမ္မဒီပ်၌ နာဂဒသကမင်း အနှစ် ၂၀ မြောက်၌ ဤသိန်းခိုကျွန်း၌ ပဏ္ဍုဝါသုဒေဝမင်းသည် အနှစ် ၃၀ ပတ်လုံး မင်းပြု၍ အိန္ဒိယသို့ ရောက်၏။ ပဏ္ဍုဝါသုဒေဝမင်းကား ဝိဇယမင်း ညီတော်တည်း။

http://www.dhammadownload.com



ဝိဇယမင်းကြီး လွန်တော်မူလျှင် ဓမ္မာဒိပ်၌ မင်းလျာလပ်တန့်သည်ကို ငံ့လျက်၊ ဥပတိဿအမတ်ကြီး ဆုံးမလျက် သိန်းခိုကျွန်း၌ မင်းမရှိဘဲ ၁ နှစ် ပြတ်၏။ ထိုနှစ်သည်ကား ဓမ္မာဒိပ်၌ ဥဒယဘဒ္ဒြမင်း၏ စုဒ္ဒသမနှစ်လျှင် ကြုံကံလေသတည်း။

ဥဒယဘဒ္ဒြမင်း၏အခါ အကြွင်း ၂ နှစ်က စ၍ရသော်၊ နာဂဒသကမင်း၏ အနှစ် ၂၀ တိုင်ရုံသာလျှင် ပဏ္ဏာဝါသုဒေဝမင်းကြီး၏အနွယ် ဖြစ်သတည်း။ ပဏ္ဏာဝါသုဒေဝမင်းကား အနှစ် ၃၀ မင်းပြု၍ အနိစ္စသို့ရောက်၏။

ထိုနှစ်ပင်လျှင် အဘယမင်းသားသည် ဤသိန်းခိုကျွန်း၌ မင်းဖြစ်၏။ ဓမ္မာဒိပ်၌ သုသုနာဂမင်းသည် မင်းပြု၍ ၁၇ နှစ်ရောက်၍၊ သိန်းခိုကျွန်း၌ အဘယမင်း အနှစ် ၂၀ ပြည့်၏။ ဤ၌၌လည်း 'ခြောက်ဆယ်' ဆိုသောကြောင့် ဦးကာနှင့်အညီ ၁၆ နှစ်သာ ယူ။ နာဂဒသကမင်း၏ အကြွင်း ၄ နှစ်နှင့် သုသုနာဂမင်း၏အခါ ၁၆ နှစ်တိုင်ရုံ အနှစ် ၂၀ သည်လျှင် အဘယမင်း၏အခါ ဖြစ်၏။ အဘယမင်းကား အနှစ် ၂၀ မင်းပြု၍ အနိစ္စသို့ ရောက်၏။

ထိုနောင်မှ 'ပကုဏ္ဍဘယ' အမည်ရှိသော ခိုးသူမင်းသည် ၁ စိတ်သော မင်းအဖြစ်ကို ယူ၏။ ကျွန်းလုံးမပိုင်ဟူသည်။ ပကုဏ္ဍဘယမင်းကား မင်းသားပင်တည်း။ ခိုးသူ မဟုတ်။ အဘယမင်းကြီး၏ တူတော်တည်း။ ဦးရီးဖြစ်သော အဘယမင်းကြီး၏ညီတော် ၈ ယောက်တို့ကို အနိုင်အထက် လုယက်သတ်ညှဉ်းလျက် ဘိသိက်မခံဘဲ ၁၇ နှစ်ပတ်လုံး မင်းပြုသောကြောင့်သာလျှင် 'ဒါမရိက-ခိုးသူမင်း' ဟူ၍ ဆိုသည်။

ထိုဓမ္မာဒိပ်၌ ကာလာသောကမင်း ၁၆ နှစ်ရောက်လတ်သော် ဤသိန်းခိုကျွန်း၌ ပကုဏ္ဍဘယမင်း ၁၇ နှစ် ပြည့်၏။ ထို ၁၇ နှစ်အောက်၌ ရာဇသုညနှစ်နှင့်တကွ ၁၈ နှစ်သည် မင်းမရှိသော 'ရာဇသုည' ဖြစ်ကုန်၏။ သုသုနာဂမင်း၏အခါ အကြွင်း ၂ နှစ်က စ၍၊ ကာလာသောကမင်း၏အခါ ၁၅ နှစ်တိုင်ရုံလျှင် သတ္တရသ ဖြစ်သတည်း။ ရှေ့ဝိဇယနှင့် ပဏ္ဏာဝါသုဒေဝအကြား ၁ နှစ်။ ဤအလုံးစုံကိုပေါင်းသော် သိန်းခိုကျွန်း၌ မင်းမရှိသော ရာဇသုညနှစ်ကား ၁၇ နှစ် ဖြစ်သတည်း။

ထိုဓမ္မာဒိပ်၌ စဏ္ဍာဂုတ္တမင်း ၁၄ နှစ် ရောက်လတ်သော်၊ (ဤ၌၌လည်း ၁၃ နှစ်သာ ယူ။) ဤသိန်းခိုကျွန်း၌ ပကုဏ္ဍဘယမင်း အနှစ် ၇၀ ပတ်လုံး မင်းပြု၍ လွန်ခဲ့၏။ မုဋ္ဌသိဝ မင်းဖြစ်၏။ ။ ကာလာသောကမင်း၏အခါ ၂၈ နှစ်တွင် ၁၇ နှစ်ယူပြီး အကြွင်း ၁၁ နှစ်, ဒဿာတိက ၂၂, နဝနန္ဒာ ၂၂, စဏ္ဍာဂုတ္တမင်း၏အခါ ၁၁ နှစ် တိုင်ရုံ။ အနှစ် ၇၀ မင်းပြု၍၊ ပကုဏ္ဍဘယမင်း လွန်ခဲ့၏။ မုဋ္ဌသိဝမင်း ဖြစ်၏။

ထိုဓမ္မာဒိပ်၌ အသောကဓမ္မရာဇာမင်း ဘိသိက်ခံသည်မှ ၁၇ နှစ်မြောက်သောနှစ်၌ ဤသိန်းခိုကျွန်း၌ မုဋ္ဌသိဝမင်း အနှစ် ၆၀ ပတ်လုံး မင်းပြု၍ လွန်ခဲ့၏။ စဏ္ဍာဂုတ္တမင်း၏အခါ ၂၄ နှစ် ယူပြီး အကြွင်း ၁၃ နှစ်။ ဗိန္ဒုသာရ ၂၈ နှစ်, အသောကမင်းတရား အဘိသိက်မခံမီ ၄ နှစ်၊ အဘိသိက်ခံ၍ ၁၇ နှစ်ရောက်သောအခါ မုဋ္ဌသိဝမင်း အနှစ် ၆၀ မင်းပြု၍ လွန်ခဲ့၏။ အသောကမင်းတရား ၁ နှစ် ကြွင်းနှင့် ဒေဝါနံပိယတိဿမင်း အဘိသိက်ခံသောနှစ်ကား အပြိုင်ညီလျှင် ဖြစ်၏။

သိန်းခိုမင်းဖြစ် ၆ ဆက် သိခဲ့ရကား ဓမ္မာဒိပါမင်းတို့၏ အဆက်ဆက်သောရာဇဝင်ကို ဆိုလို၍၊ 'ပရိနိဗ္ဗုတေစ' အစရှိသည်ကို မိန့်ပြန်သတည်း။

မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူပြီးမှ အဇာတသတ်မင်း ၁၄ နှစ် မင်းပြု၏။

အဇာတသတ်မင်း- သား ဥဒယဘဒ္ဒြမင်းကား အဖကိုသတ်၍ မင်းပြုသည် ၁၆ နှစ်။ ဥဒယဘဒ္ဒြမင်း- သား အနုရုဒ္ဓါလည်း အဖကိုသတ်၍ မင်းပြုသည်။ အနုရုဒ္ဓါမင်း- သား မုဏ္ဍာလည်း အဖကိုသတ်၍ မင်းပြုသည်။

http://www.dhammadownload.com



ဤမင်း ၂ ဆက် အခါကား ၈ နှစ်သာ။ မုဏ္ဍာမင်း- သား နာဂဒသကလည်း အဖကို သတ်၍ မင်းပြုသည်။ ၂၄ နှစ်။

သုသုနာဂမင်း ၁၈ နှစ်။ ဤ သုသုနာဂမင်းကား ဝေသာလီပြည်၌ လိစ္ဆဝီမင်းမျိုးတည်း။

နာဂဒသကမင်း ရွှေလျှင် အဓာတသတ်မင်းမျိုး ပြတ်သတည်း။ ဤမင်းတို့၏အမျိုးကား 'အဖကိုသတ်၍ ပြုသော မင်းမျိုးတည်း' ဟု ပြည်သူအလုံး ညီ၍၊ နာဂဒသကမင်းကိုပယ်၍ သုသုနာဂအမတ်ကို မင်းမြှောက်လေသတည်း။

သုသုနာဂမင်း၏သားကား ကာလာသောကမင်း- ၂၈ နှစ်။ ကာလာသောကမင်း- သား ဒသဘာတုက မင်းညီနောင် ၁ ကျိပ်တို့ကား ၂၂ နှစ်ပတ်လုံး မင်းပြုလေကုန်၏။

မင်းညီနောင် ၁ ကျိပ်တို့၏အမည်ကား ဘဒ္ဒသေန, ကောရဗ္ဘ, ဝဏ္ဏမကုံရ, သဗ္ဗတ, ဘာတိယ, ဥဘတ, သယဉ္ဇ, ကောရဗျ, နန္ဒိဝဍ္ဎန, ပဉ္စမက။ ဤ ၁ ကျိပ်သော မင်းသားတို့ကား အစဉ်အတိုင်း မင်းပြုကုန်၏။

ထို ၁ ကျိပ်သောမင်းတို့တွင် အဆုံးသော ပဉ္စမကမင်းကို ခိုးမှူးငနှာလုပ်ကြံ၍ မင်းပြုလေသတည်း။ ။ နန္ဒ ၉ ယောက်တို့၏အမည်ကား ဥဂ္ဂသေနန္ဒ, ပဏ္ဍုကနန္ဒ, ကဏ္ဍုဂတိနန္ဒ, ဘူတပါလနန္ဒ, ဂေါဝိသာနကနန္ဒ, ဝသိဋ္ဌကနန္ဒ, ဓနနန္ဒ။ ဤနန္ဒ ၉ ယောက် ညီအစ်ကိုတို့သည်လည်း အစဉ်အတိုင်း မင်းပြုကုန်၏။

ဒသဘာတိကမင်းညီနောင် ၁ ကျိပ်, နန္ဒ ၉ ယောက်၊ ဤမင်းတို့ကား အသက် မရှည်ကုန်။ နန္ဒ ၉ ယောက်တို့တွင် အဆုံးစွန်သော ဓနနန္ဒကို ဇနက္ကပုဏ္ဏား မစ၍၊ စဏ္ဍဂုတ္တမင်းသားကို စစ်ပြု၍ သတ်ရပြီးသော် မင်းမြှောက်၏။ စဏ္ဍဂုတ္တမင်းသားကား သာကီဝင်မင်းမျိုးတည်း။ ။ နန္ဒ ၉ ယောက်တို့ကား ၂၂ နှစ်, စဏ္ဍဂုတ္တ ၂၄ နှစ်, ဗိန္ဒုသာရ ၂၈ နှစ်။

ထိုဗိန္ဒုသာရမင်း၏အဆုံး၌ အသောကမင်းတရားသည် မင်းပြု၏။ ထို အသောကမင်းတရား အဘိသိက် မခံမီ ၄ နှစ်, ဘိသိက်ခံပြီးမှ ၁၈ နှစ် မြောက်သောအခါသည် ဤသိန်းခိုကျွန်း၌ မဟိန္ဒထေရ်သည် တည်၏။

ဤသို့ဆိုခဲ့ပြီးသော ရာဇဝင်ကိုမှီသဖြင့် 'မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူသည်မှ ၂၃၆ နှစ် မြောက်၍ သိန်းခိုကျွန်း၌ တည်၏' ဟု ထိုသို့သောနှစ်တို့၏အရေတွက်ကို သိအပ်၏။

သိန်းခိုကျွန်း၌ဖြစ်သော ရာဇဝင်ကိုမှီ၍ ဆိုဦးအံ့။ အစစွာ ဝိဇယမင်းကြီး၏ ၃၈ နှစ်တို့တွင် အာဒိနှစ်သည်ကား နိဗ္ဗာန်ပြုတော်မူသောနှစ် ဖြစ်သောကြောင့်၊ ထိုအာဒိနှစ်ကို ကြဉ်၍ ၃၇ နှစ်။ ထိုနောင် ရာဇသုည ၁ နှစ်။ ဝိဇယမင်းညီတော်သား ပဏ္ဍုဝါသုဒေဝမင်း ၃၀ ။ သားတော် အဘယမင်း ၂၀ ။ အဘယမင်းညီတော်ကား ပကုဏ္ဍကာဘယဘိသိက်မခံမီ ၁၇ နှစ်, ဘိသိက်ခံပြီး အနှစ် ၇၀။ ပုဋ္ဌသီဝမင်း ၆၀။ ဒေဝါနံပိယတိဿမင်း ပထမ ၁ နှစ်။ ဤအလုံးစုံကို ပေါင်း၍လည်း ပရိနိဗ္ဗာန် ပြုတော်မူသည်မှ ၂၃၆ နှစ်တွင်း အရှင်မဟိန္ဒထေရ်ရောက်၍ တည်၏။ အရေအတွက်ကို သိအပ်၏။

ဤနှစ်တို့၏ အရေအတွက်၌ ဇမ္ဗုဒိပ်ကျွန်း၌ မင်းဆက်ကား ၂ ကျိပ် ၉ ယောက် ဖြစ်၏။ သိန်းခိုကျွန်း၌ မင်းဆက်ကား ဒေဝါနံပိယတိဿမင်းကြီးနှင့်သော် ၆ ယောက် ဖြစ်၏။

http://www.dhammadownload.com



ထိုမဟိန္ဒထေရ် ရောက်သောနှစ်၌လည်း သိန်းခိုကျွန်း၌ ဗေဠုမှုလနက္ခတ်နှင့် ယှဉ်သော နယုန်လပြည့်သဘင်သည် ဖြစ်၏။

ဒေဝါနံပိယတိဿမင်းသည် နက္ခတ်သဘင်ကိုကြွေးကြော်စေ၍ မောင်းကြွေးနင်း ခတ်ရသတည်း။ ''ရေမျှောသဘင်ကို ပြုလေကုန်'' ဟု အမတ်တို့ကို စေ၍၊ ဒေဝါနံပိယတိဿမင်းကြီးကား တောကစားလို၍၊ အချင်း ၄ သောင်းရံလျက် အနုရာဓပြည်မှ ထွက်လေ၍ မိဿကတောင်သို့ သွားလေ၏။

သမင်တောကစားလိုသည် ဖြစ်၍ သွားလေသောအခါ၊ ထိုမိဿကတောင်၌ ဓောင့်သော နတ်တစ်ပါးသည် 'မင်းကြီးအား အရှင်မဟိန္ဒထေရ်တို့ကို မြင်စေအံ့' ဟု စိုင်အသွင်ကို ယူ၍၊ အနီး၌ မြက်သစ်ရွက်တို့ကို စားသကဲ့သို့ သွား၏။ ဒေဝါနံပိယတိဿမင်းသည် ထိုစိုင်ကို မြင်၍၊ 'ယခု အမှေအလျောဖြစ်စဉ် ပစ်အံ့သောငှာ မသင့်။ ယခုပစ်၍သေလေက အပျော်အရွှင် မလိုက်ရပြီ' ဟု အမှတ်ရှိ၍၊ လေးညှို့ကိုပစ်၍ ခြောက်လိုက်သတည်း။ စိုင်သည်လည်း သရက်ပင်ရောက်သော ကုန်းထိပ်ခရီးကို ယူ၍ ပြေးလေ၏။ ဒေဝါနံပိယတိဿမင်းလည်း နောက်မှ - နောက်မှလိုက်လေသော် သရက်ပင်ရောက်သော ကုန်းထိပ်လျှင် တက်လေ၏။ စိုင်သည်လည်း အရှင်မဟိန္ဒ ထေရ်တို့၏အနီး၌ ကွယ်ခဲ့၏။

အရှင်မဟိန္ဒထေရ်သည် ဒေဝါနံပိယတိဿ အနီးသို့လာလတ္တံ့သည်ကို မြင်၍၊ 'ငါတစ်ယောက်ကိုသာ မင်းကြီး မြင်စေသတည်း။ ငါမှတစ်ပါး ၆ ယောက်သောသူတို့ကို မမြင်စေသတည်း' ဟု အဓိဋ္ဌာန်၍၊ မင်းကြီး ချည်းသာဖြစ်သောကြောင့် ကြောက်မည်စိုး၍ ဖိတ်မန်သတည်း။

''အို-တိဿ-တိဿ။ ဤသို့လာလတ္တည့်'' ဟု ဆိုတော်မူ၏။

မင်းကြီးလည်း ထိုစကားကိုကြား၍ ကြိုက်၏။

'ဤသိန်းခိုကျွန်း၌ ဖြစ်သောသူသည် ငါ့ကို 'တိဿ- တိဿ' ဟူ၍ ခေါ်ဝှေါ်သောသူသည် မရှိ။ ဓားငယ်ဖြင့်လိုးသော၊ ဆိုးရည်ဖြင့်ဆိုး၍ အဆင်းယုတ်သောပုဆိုးတို့ကို ဆောင်သော၊ ဖန်ရည်စွန်းသော သင်္ကန်းလည်း ဝတ်ထသော ဤဦးပြည်းသည် ငါ့ကို 'တိဿ' ဟူသောအမည်ဖြင့် ခေါ်ဘိ၏။ ဤဦးပြည်းကား အာယ်သူသည် ဖြစ်လတ္တံ့နည်း။ လူလော၊ နတ်လော' ဟု ကြံ၏။

ရှင်မဟိန္ဒထေရ်သည်လည်း 'သမဏာမယံ မဟာရာဇ၊ ဓမ္မရာဇဿ သာဝကာ။ တဝေဝ အနုကမ္မာယ၊ ဓမ္မဒီပါဂ္ဂဓာဂတာ' ဟူ၍ မိန့်တော်မူ၏။

''မဟာရာဇ၊ မြတ်သောမင်း။ မယံ၊ ငါတို့သည်။ ဓမ္မရာဇဿ၊ တရားမင်းဘုရား၏။ သာဝကာ၊ တပည့် ဖြစ်ကုန်သော။ သမဏာ၊ ရဟန်းတို့တည်း။ တဝ၊ သင်မင်းကြီးကို။ အနုကမ္မာယဇဝ၊ သနားသောကြောင့်လျှင်။ ဓမ္မဒီပါ၊ ဓမ္မဒီပ်ကျွန်းမှ။ ဣဓ၊ ဤသိန်းခိုကျွန်းသို့။ အာဂတာ၊ လာကုန်၏။''

ဤသို့ မိန့်တော်မူ၏။

ထိုအခါ၌ ဒေဝါနံပိယတိဿမင်းကြီးနှင့် အသောကဓမ္မရာဇာမင်းကြီးသည် မမြင်ကြဖူးဘဲလျက် အဆွေခင်ပွန်း ဖြစ်ကုန်၏။ ဒေဝါနံပိယတိဿမင်းကြီး၏ ရှေးကောင်းမှုအာနုဘော်ဖြင့် 'ဆာတ' အမည်ရှိသော တောင်ခြေရင်း၌ ဝါးတစ်လုံးတည်းတွင် လုံတံအရှည်ရှိကုန်သော ဝါးလုံတံ ၃ ချောင်းတို့သည် ဖြစ်ကုန်၏။ ဤအနက်ကား ဂဏိပုဒ် ၃ ပါး မဟာဝင်နှင့် အညီတည်း။ ရထားတန်းခုံရိုး အတိုင်းအရှည်ရှိကုန်သော ၃ လုံးတို့သည်

http://www.dhammadownload.com



ဖြစ်ကုန်၏။ ဤအနက်ကား သိန်းခိုကျွန်း ဂဏိပုဒ်နှင့်အညီ။ ရှေ့နည်းကား မင်းတို့၏ သိုင်းအဆောင်တည်း။ နောက်နည်းကား ရထားအမှတ် တံခွန်တိုင်တည်း။ ၁ ချောင်းကား 'လတာယဒ္ဓိ' မည်၏။ ၁ ချောင်းကား 'ပုပ္ပယဒ္ဓိ' မည်၏။ ၁ ချောင်းကား 'သကုဏယဒ္ဓိ' မည်၏။ ထို ၃ ချောင်းတို့တွင် လတာယဒ္ဓိကား ငွေအဆင်း ရှိ၏။ ထိုလတာယဒ္ဓိကို တန်ဆာဆင်၍ဖြစ်သော ခြူးပန်းခြူးနွယ်တို့ကား ရွှေအဆင်းကဲ့သို့ထင်၏။ ပုပ္ပယဒ္ဓိ၌ကား အညို, အရွှေ, အနီ, အဖြူ, အမည်း အဆင်းရှိကုန်သော ပန်းတို့သည် ကောင်းစွာ ဝေဖန်အပ်သော ပွင့်ညှာ, ရွက်ချပ်, ဝတ်ဆံ ရှိကုန်သည်ဖြစ်၍ ထင်ကုန်၏။ သကုဏယဒ္ဓိကား ဟသ်ာ, တောကြက်, ဇီဝဇိုး အစရှိကုန်သော ငှက်တို့သည် လည်းကောင်း၊ အထူးထူးအပြားပြား အခြေ ၄ ခုရှိသောသားတို့သည် လည်းကောင်း အရှင်ကဲ့သို့ ထင်ကုန်၏။

ဒီပဝင်္သလည်း 'ဆာတပဗ္ဗတပါဒမှိ၊ ဝေဠုယဒ္ဓိတယောအဟူ၊ သေတာရာဇတယဒ္ဓိဝ၊ လတာကဉ္စန သန္နိဘာ။ နိလာဒိယာဒိသံပုပ္ဖံ၊ ပုပ္ဖပယဒ္ဓိမိုတာဒိသံ။ သကုဏာသကုဏ ယဒ္ဓိမှိ။ သရူပေနေဝသဏ္ဌိတာဟု လာ၏။'

'ဆာတပဗ္ဗတပါဒမှိ၊ 'ဆာတ'အမည်ရှိသော တောင်ခြေရင်း၌။ တယော၊ ၃ ချောင်းကုန်သော- (၃ လုံးလည်းပေး)။ ဝေဠုယဒ္ဓိ၊ လှံတံတို့သည်။ အဟု၊ ဖြစ်ကုန်၏။ ဧကာ၊ တစ်ချောင်းသည်ကား။ ရဇတယဒ္ဓိစဝ၊ ငွေဖြင့်ပြီးသော လှံတံကဲ့သို့။ သေတာ-သေတဝဏ္ဏာ၊ ဖြူသောအဆင်းရှိ၏။ ။ တဏ္ဍာ၊ ထိုလတာယဒ္ဓိ၌။ ကဉ္စနသန္နိဘာ၊ ရွှေအဆင်းနှင့်တူကုန်သော။ လတာ၊ ဆန်းကြယ်စွာသော ခြူးနွယ်တို့သည်။ ခါယန္တိ၊ ထင်ကုန်၏။ ပုပ္ပယဒ္ဓိမှိ၊ ၌ကား။ နိလာဒိ၊ ညိုသောအဆင်း အစရှိကုန်သော။ ယာဒီသံပုပ္ဖံ၊ အကြင်သို့ပန်းသည်။ အတ္ထိ၊ ရှိ၏။ တာဒိသံပုပ္ဖံ၊ ထိုသို့သော ပန်းသည်။ ခါယတိ၊ ထင်၏။ ။ သကုဏယဒ္ဓိမှိ၊ ၌ကား။ သကုဏာ၊ ဆန်းကြယ်သော ငှက်တို့သည်။ သရူပေနဝ၊ မိမိသဘောဖြင့်သာလျှင်။ သဏ္ဌိတာ၊ တည်ကုန်၏။ (အလိုလိုသာ ဖြစ်သည်။ လူတို့မလုပ် ဟူသည်)။ ။

'ဆာတ' မည်သောတောင်ကား အနုရာဓပြည်၏ အရှေ့တောင်ထောင့် ၂ ယူဇနာမကသော အရပ်၌ ရှိသည် ဟူ၏။

သမုဒ္ဒရာမှလည်း ထိုဒေဝါနံပိယတိဿမင်းကြီးဘုန်းကြောင့် ဖြစ်သော ပုလဲ, ပတ္တမြား, ကြောင်မျက်ရွဲ အစရှိသော တစ်ပါးမကသောရတနာသည် ဖြစ်၏။ သိန်းခိုကျွန်း၌ ၈ ပါးသောပုလဲတို့သည် ဖြစ်ကုန်၏။ မြင်းရုပ်သဏ္ဌာန်ရှိသော ပုလဲ, ဆင်နှင့်တူသော ပုလဲ, ရထားသဏ္ဌာန်နှင့်တူသော ပုလဲ, သျှိသျှားသီးသဏ္ဌာန်နှင့်တူသော ပုလဲ, လက်ကောက်သဏ္ဌာန်နှင့်တူသော ပုလဲ, ခံတက်သီးသဏ္ဌာန်နှင့်တူသော ပုလဲ၊ ဤ ၈ လုံးသောပုလဲတို့သည် ဖြစ်ကုန်၏။

ထို ဒေဝါနံပိယတိဿမင်းကြီးသည် ထိုလှံတံ ၃ ချောင်းတို့ကို လည်းကောင်း (ဝါး ၃ လုံးလည်း ဟူ၏။) ထိုပုလဲတို့ကို လည်းကောင်း၊ ထိုမှတစ်ပါးသော များစွာသောရတနာတို့ကို လည်းကောင်း အသောကဓမ္မရာဇာ မင်းတရားအား ပဏ္ဏာကာရအလို့ငှာ ပို့လေစေ၏။

အသောကမင်းကြီးသည်လည်း ကြည်၍ ထိုဒေဝါနံပိယတိဿမင်းကြီးအား မင်းမြောက်တန်ဆာ ၅ ပါးတို့ကို ပို့စေလေ၏။ ထီးဖြူ, စာမရီသားမြီးယပ်, ရတနာသန်လျက်, သင်းကျစ်, ရတနာခြေနင်း၊ ထိုမှတစ်ပါး အဘိသိက်သွန်းစိမ့်သောငှာ များသောအပြားရှိသော ပဏ္ဏာကာရကို ပို့စေ၏။ အဘယ်နည်းဟူမူကား ခရုသင်း

http://www.dhammadownload.com



လက်ယာရစ်, အနဝတတ်အိုင်ရေ, မျက်နှာချေမှုန့် (ကသယ်မှုန့်လည်း ဟူ), နားသွယ်တန်ဆာ, ရွှေဖြင့်ပြီးသော ကြီးစွာသောကရား, မကန်းခံတွင်းသဏ္ဌာန်ကဲ့သို့ မင်းတို့သည် သုံးဆောင်စရာပြုသော ရွှေခွက်, အထူး ကျိုးသဏ္ဌာန်ပြုသော ဆန်းကြယ်သောရွှေခွက်, အထူးရွှေထမ်းစင်, မင်းသမီး ဖျင်ပွတ်၍ ဖြူသောပုဆိုး ၁ စုံ, ညစ် လျှင်မီးတိုက်သဖြင့် ဖြူသောပုဆိုး ၁ စုံ, ရွှေအဆင်းနှင့်တူသော လက်သုတ်စရာပုဆိုး, ရွှေအဆင်းနှင့်တူသော စန္ဓကူး, ('ဂေါသီတ'မည်သော စန္ဓကူးနီလည်း ဆို၏။ ထို 'ဂေါသီတ' အမည်ရှိသော သရက္ခန်စန္ဓကူးကား ကျိုက်ကျိုက်ဆူသော ဆီပူတွင်ထည့်သော် ဆီနှင့်တကွသောမီးကို ငြိမ်းစေတတ်သည်ဟူ၏။ ။ 'ဂေါဝိယ သီတံတိဂေါသီတံ။' ဥဒကံဝိယ၊ ရေကဲ့သို့။ သီတံ၊ ချမ်းသည်တည်း။ ရေကဲ့သို့ ချမ်းသည်။ ဂေါသဒ္ဒါကား ဥဒက ပရိယာယ်။), နေအရောင်အဆင်းကဲ့သို့ အဆင်းရှိသောမြေ (ဤအရောင်ဝတီမြေကိုကား နဂါးပြည်မှ နဂါး တို့ ဆက်သတည်း။), မျက်စဉ်း, ဆေးဖြစ်သော သဖန်းခါးကြစုသီး, ဆေးဖြစ်သော သျှိသျှားသီး၊ ဤသို့သော လက်ဆောင်လက်နက်ကို ပို့စေ၏။ ။ ဤစကားများကိုလည်း ဒီပင်၌ ဆို၏။

'ဝါဠဗီဇနိ' ဥဏှိသံ ဆတ္တံ ခဂ္ဂဉ္စ ပါဒုကံ။ ဝေဠုနံ သာရပါမဂ်ံ။ ဘိင်္ဂါရံ နန္ဒိဝဋ္ဋကံ။ သိဝိကံသဒ်ံဝဠံ သဉ္စ။ အဓောဝိမံ ဝတ္ထကောဋိကံ။ သောဝဏ္ဏေပါဠိ' ကဋ္ဌဆ္ဆုံ။ မဟဂ္ဃဟတ္ထပုဉ္ဆနံ။ အနောဒတ္တောဒကံကာ စံဥတ္တမံဟရိစန္ဒနံ။ အရုဏဝဏ္ဏမတ္တိကံ။ အဉ္ဇနံနာဂမာဟတံ။ ဟရိတကံအာမလကံ။ မဟဂ္ဃအမတောသဓံ။ သဋ္ဌိဝါဟသတံသာလိ။ သုဂန္ဓံသုဝကာဟဠံ။ ပုညကမ္မာဘိနိဗ္ဗတ္တံ။ ပါဟောသိအသောကဝ့ယော' ဟူ၍ ဆို၏။

''ဝါဠဗီဇနိ၊ စာမရိသားမြီးယပ်။ ဥဏှိသံ၊ သင်းကျစ်။ ဆတ္တံ၊ ထီးဖြူ။ ခဂ္ဂဉ္စ၊ သန်လျက်။ ပါဒုကံ၊ ရုတနာ ခြေနင်း။ ဝေဠုနံ၊ ဦးရစ် (ဦးပေါင်း-လည်းပေး)။ သာရပါမဂ်ံ၊ မြတ်သောရတနာဖြင့်ပြီးသော ဦးညွတ် ('ဆောက်လုံး' လည်းဟူ၏)။ ဘိင်္ဂါရံ၊ ရွှေကရား။ နန္ဒိဝဋ္ဋကံ၊ ကျိုးမြေသဏ္ဌာန်ရှိသော ရွေခွက်။ သိဝိကံ၊ ရွှေထမ်းစင်။ သဓိ၊ ခရုသင်းလက်ယာရစ်။ ဝဠံကဉ္စ၊ ဦးဆောက်ပန်း-နားတန်ဆာ ၂ သွယ် (ကြိုက်ရာပေး)။ အဓောဝိမံဝတ္ထ ကောဋိကံ၊ မီးဖြင့်ပွတ်၍ဖြူသော ပုဆိုး ၁ စုံ။ သောဝဏ္ဏေပါတိ၊ ရွှေအိုး။ ကဋ္ဌဆ္ဆုံ၊ ရွှေယောက်မ။ မဟဂ္ဃ၊ များသော အဖိုး ထိုက်သော (မြတ်သောသူတို့အားသာ ထိုက်သော်လည်းပေး)။ ဟတ္ထပုဉ္ဆနံ၊ ရွှေအဆင်းနှင့်တူသော လက်သုတ် စရာပုဆိုး။ ကည်၊ သတို့သမီး။ အနောဒတ္တောဒကံ၊ အနဝတတ်အိုင်ရေ။ ဥတ္တမံ၊ မြတ်သော။ ဟရိစန္ဒနံ၊ ရွှေ အဆင်းနှင့်တူသော စန္ဓကူး (ဂေါသီတသရက္ခန်-လည်းဟူ)။ နာဂမာဟတံ၊ နဂါးဆက်သော။ အရုဏဝဏ္ဏမတ္တိကံ၊ အရုဏဝဏ္ဏမြေ။ အဉ္ဇနံ၊ မျက်စဉ်း။ ဟရီတကံ၊ ကြစု။ အာမလကံ၊ ဆေးဖြစ်သောသျှိသျှားသီး။ မဟဂ္ဃ၊ များသောအဖိုးထိုက်သော။ အမတောသဓံ၊ အမြိုက်ကုလိကာဆေးလုံး။ သုဂန္ဓံ၊ ကောင်းသောအနံ့လည်း ရှိထသော။ ပုညကမ္မနိဗ္ဗတ္တံ၊ 'ဘုန်း'တည်းဟူသောကံကြောင့် ဖြစ်သော။ သုဝကာဟဠံ၊ ကျေးတို့သည် ဆောင်ခဲ့သော။ သဋ္ဌိ ဝါဟသတံသာလိ၊ သလေး အလှည်း ၆၀၀။ (၁ လှည်း-၁ လှည်းကား အတင်း ၄၀ တည်း)။ ဣမံသဗ္ဗံ၊ ဤ လုံးစုံသော လက်ဆောင်လက်နက်ကို။ အသောကဝ့ယော၊ 'အသောက'အမည်ရှိသောမင်းတရားသည်။ ပါဟောသိ၊ ပို့စေ၏။

သက်သက် ဤပစ္စည်းနှင့်စပ်သော ပဏ္ဏာကာရကိုသာ ပို့သည် မဟုတ်။ ဤ'တရား'တည်းဟူသော ပဏ္ဏာကာရကိုလည်း ပို့သ,စေ၏။

'အဟံဗုဒ္ဓဉ္စဓမ္မဉ္စ၊ သံဃဉ္စသရဏံဂတော။
ဥပါသကတ္တံဒေသသိ၊ သက္ယပုတ္တသသာသနေ။

http://www.dhammadownload.com



'ဣမေသုတီသုဝတ္ထူသု၊ ဥတ္တမေဇိနသာသနေ။
တံ့ဝိစိတ္တံ့ပသာဒေဟိ၊ သဒ္ဓါသရဏာ မုပေဟိ။ ။' ဟူ၍ ပို့သ,လေ၏။

''အဟံ၊ ငါကား။ သက္ကျပုတ္တသ၊ သာကီဝင်မင်းသား မြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ဗုဒ္ဓဿ၊ ဘုရားကိုလည်းကောင်း။ ဓမ္မဿ၊ တရားကို လည်းကောင်း။ သံဃဿ၊ သံဃာကိုလည်းကောင်း။ သရဏံဂတိ၊ ကိုးကွယ်ရာဟူ၍။ ဂတော၊ ဆည်းကပ်၏။ ဥပါသကတ္တံ၊ ဆည်းကပ်သောဒါယကာ၏အဖြစ်ကို။ 'ဒေသေသိ'-ပကာသေသိ၊ ပြ၏။ တံ့ဝိ၊ ငါ၏အဆွေဖြစ်သောမင်းသည်လည်း။ ဥတ္တမေ၊ မြတ်သော။ ဇိနသာသနေ၊ မြတ်စွာဘုရား သာသနာတော်၌။ အဟံဝိယ၊ ငါကဲ့သို့။ ဣမေသုတီသုဝတ္ထူသု၊ ဤရတနာ ၃ ပါးတို့၌။ စိတ္တံ့၊ စိတ်ကို။ ပသာဒေဟိ၊ ကြည်စေလော့။ သဒ္ဓါယ၊ ယုံကြည်သဖြင့်။ သရဏံပရာယဏံ၊ ဣတိ၊ ကိုးကွယ်ရာ, လဲလျောင်းရာဟူ၍။ ဥပေဟိ-ဥပဂစ္ဆာဟိ၊ ဆည်းကပ်လော့ (သိလော့-လည်းပေး)။

http://www.dhammadownload.com



## ဒေဝါနံပိယတိဿမင်း အဘိသိက်ခံသည်ကို ပြခြင်း

ထို ဒေဝါနံပိယတိဿမင်းသည်ကား ထိုနေ့၌ အသောကမင်းသည်ပေးအပ်သော ထိုအဘိသိက်ဖြင့် ဘိသိက်ခံ၍ ၁ လ ရှိ၏။

အဘိသိက်ခံသည်ကား ကဆုန်လပြည့်နေ့၌ ဒေဝါနံပိယတိဿမင်းကြီး အဘိသိက်ခံ၏။ ထိုမင်းကြီး အဘိသိက်ခံသည်ကား ၂ ကြိမ်တည်း။ ပထမကား နတ်တော်လဆန်း ၂ ရက်နေ့ ခံသတည်း။ ဓမ္မာသောက မင်းတရားပို့သ,သော မင်းမြော်တန်ဆာ ၅ ပါးရှိသော ပဏ္ဍာကာရကား ကဆုန်လဆန်း ၂ ရက်တွင် ရောက်သတည်း။ ကဆုန်လပြည့်နေ့လျှင် အဘိသိက်ခံကုန်သတည်း။ အရှင်မဟိန္ဒထေရ်ကား နယုန်လပြည့် သီတင်းနေ့လျှင် ရောက်လေသတည်း။ ထို့ကြောင့် အဘိသိက်ခံ၍ ၁ လရှိပြီး ဟူသည်တည်း။

ဓမ္မာသောက ပို့သ,လိုက်သည်ကား ခရုသင်း လက်ယာရစ် ၃ လုံး, အနဝတတ်အိုင်ရေ ၁ တန်, အရဏဝတီမြေ, မင်းသမီး ၈ ယောက်, ရွှေအိုး ၈ လုံး, ငွေအိုး ၈ လုံး, ကြေးအိုး ၈ လုံး, မြေအိုး ၈ လုံး, သူကြွယ်မျိုး ၈ ယောက်, အမတ်မျိုး ၈ ယောက်။ ဤခပ်သိမ်းသော ပဏ္ဍာကာရတို့နှင့်တကွ အဋ္ဌက-အဋ္ဌက* ပို့သ,လိုက်၍၊ "ဤအဆောက်အအုံတို့ဖြင့် ငါ၏အဆွေ ဒေဝါနံပိယတိဿမင်းကြီး အဘိသိက်ခံစေသော" ဟု မှာလိုက်၏။

အဘိသိက်သွန်းသော အစီအရင်ကား ဤသို့တည်း။

အဘိသိက်မင်္ဂလာပြုအံ့သောငှာ ခပ်သိမ်းသောတန်ဆာတို့ဖြင့် တန်ဆာဆင်သော မဏ္ဍပ်ကြီး၏အတွင်း၌ ရေသဖန်းပင်တို့ဖြင့် မဏ္ဍပ်ကို ပြုစေပြီးသော်၊ ထိုမဏ္ဍပ်အလယ်၌ ရေသဖန်းအင်းပျဉ်ကို ကောင်းစွာခင်းစေ၍၊ ထိုအင်းပျဉ်ထက် ရေ,မြေသခင်မင်းကို နေစေ၍၊ မင်္ဂလာရှိသော အဝတ်တန်ဆာရတနာတို့နှင့် တန်ဆာဆင်ပြီးသော် အမျိုးမြတ်သောမင်းသမီးလည်း ဂင်္ဂါရေဖြင့်ပြည့်သော ရွှေခရုသင်းလက်ယာရစ်ကို လက် ၂ ဖက်ဖြင့် ရိုသေစွာကိုင်၍၊ မင်းကြီး ထိပ်ထက်၌ရည်၍ သွန်း၏။

ဤသို့လည်း ဆို၏။

"မြတ်သောအရှင်မင်းကြီး။ ခပ်သိမ်းသောမင်းအပေါင်းသည် ကိုယ်ကို စောင့်ရှောက်ပါစိမ့်သောငှာ ဤအဘိသိက်ရေစင်ဖြင့် အရှင်မင်းကြီးကို သွန်းကုန်၏။ အရှင်မင်းကြီးသည် ခပ်သိမ်းသောတရားတို့၌ တည်လျက် တရားသဖြင့် မင်းဖြစ်သည်လည်း ဖြစ်စေ။ ထိုမင်းမျိုးအပေါင်းတို့၌ အရှင်မင်းကြီးသည် သားကဲ့သို့ ချစ်ခြင်း, သနားခြင်းနှင့်တကွ စိတ်ရှိ၍၊ စီးပွားချမ်းသာကို အလိုရှိလျက် တူမျှသော ချစ်ခြင်းမေတ္တာ ရှိသည်လည်း ဖြစ်စေ။ ကုံလုံစွာစောင့်ရှောက်ခြင်းတို့ဖြင့် မင်းမျိုးအပေါင်းတို့ကို ကောင်းစွာစောင့်ရှောက်သည်လည်း ဖြစ်စေ" ဟူ၍ ဆို၏။

* ၈ ခု - ၈ ခုစီ။

http://www.dhammadownload.com



ထိုနောင် ပုရောဟိတ်ပုဏ္ဏားလည်း ပုရောဟိတ်ပုဏ္ဏားအား လျောက်ပတ်သောအဝတ်တန်ဆာကို ဝတ်လျက် ဂင်္ဂါရေဖြင့်ပြည့်သော, ငွေဖြင့်ပြီးသော ခရုသင်းလက်ယာရစ်ကို လက် ၂ ဖက်ဖြင့် ရိုသေစွာကိုင်၍၊ မင်းကြီး ထိပ်ထက်၌ ရည်၍ သွန်း၏။

"မြတ်လှစွာသော အလောင်းမင်းကြီး။ အလောင်းမင်းကြီးကို ခပ်သိမ်းသော ပုဏ္ဏားအပေါင်းတို့သည် မိမိကိုယ်ကို စောင့်ရှောက်ပါစိမ့်သောငှာ အဘိသိက်ရေစင် သွန်းကုန်၏။ အရှင်မင်းကြီးသည် မင်း၏တရားတို့၌ တည်လျက် တရားနှင့်ညီစွာ မင်းပြုသည်လည်း ဖြစ်စေ။ ပုဏ္ဏားအပေါင်းတို့၌ သားကဲ့သို့ ချစ်ခြင်း, သနားခြင်းနှင့်တကွ စိတ်ရှိ၍ စီးပွားချမ်းသာဆောင်ခြင်း, တူမျှချစ်ခြင်း မေတ္တာရှိသည်လည်း ဖြစ်စေ။ ကံလုံစွာစောင့်ရှောက်ခြင်းတို့ဖြင့် ပုဏ္ဏားအပေါင်းတို့ကို စောင့်ရှောက်သည်လည်း ဖြစ်စေ"

ဤသို့ဆို၍ သွန်းသတည်း။

သူဌေးတို့လည်း သူဌေးအားလျောက်ပတ်သော အဝတ်တန်ဆာကိုဆင်လျက် ဂင်္ဂါရေဖြင့်ပြည့်သော, ရတနာဖြင့်ပြီးသော ခရုသင်းလက်ယာရစ်ကို လက် ၂ ဖက်ဖြင့် ရိုသေစွာကိုင်၍ သွန်း၏။ ကြွင်းသည်စကားသည် နည်းတူ၏။ သူဌေး, သူကြွယ်, အသည်အလာ အပေါင်းဟူသမျှသာလျှင် အတူတည်း။

ထိုမင်းသမီး, သူဌေးတို့သွန်းခြင်းကား "အကယ်၍ ဤဆိုတိုင်း အရှင်မင်းကြီးတည်း ပြုမူကား အပြစ်မရှိ။ အသက်တော်လည်း ရှည်ပါစေ။ ဘုန်းတန်ခိုးအာနုဘော်လည်း ထွန်းတောက်ပါစေ။ ဤဆိုတိုင်း မကျင့်မူကား ဦးခေါင်း ၇ စိတ်ကွဲလတ္တံ့"ဟူ၍ ကျိန်သည် တလဲလဲပင် ဆို၏။

http://www.dhammadownload.com



## အရှင်မဟိန္ဒထေရ် ကြွလာသည်ကို ပြခြင်း

ထို ဒေဝါနံပိယတိဿမင်းသည် မမြင်မီ ကြားခြင်းရှိသော ထိုသတင်းစကားအကြောင်းကို အောက်မေ့မိ၍၊ ''မြတ်သောမင်း။ ငါတို့ကား ရဟန်းတို့တည်း။ တရားမင်း ဘုရားတပည့်တို့တည်း၊ ဤသို့အရှင် မဟိန္ဒထေရ် မိန့်တော်မူသောစကားကို ကြား၍ မြတ်စွာဘုရားတပည့်တော်တို့သည် လာသတည်း''ဟု လက်နက်ကိုချ၍ တင့်အပ်သောအရပ်၌ နေ၏။ နေပြီး၍ များစွာသောအကျိုးရှိသော စကားကို နှစ်လိုဝမ်းသာပြောဟော၏။

ထို ဒေဝါနံပိယတိဿမင်းကြီးသည် နှစ်လိုဖွယ်သောစကားကို ပြောဟောစဉ်လျှင်၊ 'ငှ သောင်းသော အချင်းတို့သည် လာသတည်း' ဟုလက်နက်ချ၍ တင့်အပ်သောအရပ်၌ နေ၏။ နေပြီး၍ များစွာသောအကျိုးရှိသော ၆ ယောက်ကုန်သောသူတို့အား ပြောပေ၏။

မင်းကြီးလည်း အရှင်ထေရ်ကို မြင်၍၊ ''ဤသူတို့ကား အဘယ်ရောအခါ၌ လာကုန်နည်း''ဟု မေး၏။

''မြတ်သောမင်း။ ငါနှင့်လျင် တကွလာကုန်၏''ဟု ဆိုပေ၏။

''ယခု ဇမ္ဗူဒီပ်၌ သခင်တို့မှတစ်ပါး ရဟန်း ရှိကုန်သလော''ဟု မေး၏။

''မြတ်သောမင်း။ ယခုအခါ၌ ဇမ္ဗူဒီပ်ကျွန်းကား သင်္ကန်းရောင်ဖြင့် တောက်ပ၏။ ရဟန်းတို့၏ ကွေးခြင်း, ဆန့်ခြင်း, သင်္ကန်းဝတ်ရုံခြင်းကြောင့်ဖြစ်သော လေတို့ဖြင့် ထက်ဝန်းကျင်လာကုန်၏။ ထိုဇမ္ဗူဒီပ်၌

'တေဝိဇ္ဇာဣဒ္ဓိပတ္တာစ စေတော ပရိယကောဝိဓာ။
ခိဏာသဝါအရဟန္တာ၊ ဗဟူဗုဒ္ဓဿသာဝကာ။ ။'

''တေဝိဇ္ဇာ၊ ၃ ပါးသောဝိဇ္ဇာနှင့် ပြည့်စုံကုန်သော။ ဣဒ္ဓိပတ္တာစ၊ တန်ခိုးသို့လည်း ရောက်ကုန်ထသော။ စေတောပရိယကောဝိဓာ၊ စေတောပရိယ အဘိညာဉ်၌လည်း လိမ္မာကုန်ထသော။ ခိဏာသဝါ၊ အာသဝေါလည်း ကုန်ပြီးထသော။ အရဟန္တာ၊ ရဟန္တာအဖြစ်သို့လည်း ရောက်ကုန်ပြီးထသော။ ဗုဒ္ဓဿ၊ မြတ်စွာဘုရား၏။ သာဝကာ၊ တပည့်သားတို့သည်။ ဗဟူ၊ များစွာကုန်၏''

ဤသို့ဆိုကုန်၏။

''ရှင်ပင်ဘုရား။ အဘယ်ခရီးဖြင့် လာတော်မူသနည်း''ဟု မေး၏။

''မြတ်သောမင်း။ ရေဖြင့်လည်း မလာ။ ကုန်းဖြင့်လည်း မလာကုန်''ဟု ဆိုပေ၏။

မင်းကြီးလည်း 'ကောင်းကင်ဖြင့်လာသည်'ဟု သိ၏။

အရှင်မဟိန္ဒထေရ်လည်း မင်းကြီးအား 'ပညာရှိသလော'ဟု စူစမ်းအံ့သောငှာ အနီး၌ သရက်ပင်ကို အကြောင်းပြု၍ ပြဿနာကို မေး၏။

http://www.dhammadownload.com



"မြတ်သောမင်း။ ဤသစ်ပင်ကား အဘယ်အမည် ရှိသနည်း"

"ရှင်ပင်ဘုရား။ 'သရက်ပင်'အမည် ရှိ၏"ဟု ဆိုပေ၏။

"မြတ်သောမင်း။ ဤသရက်ပင်ကိုလွှတ်၍ တစ်ပါးသော 'သရက်ပင်'သည် ရှိသလော"ဟု မေးပြန်၏။

"ရှင်ပင်ဘုရား။ ဤသရက်ပင်မှ တစ်ပါးကုန်သောသရက်ပင်တို့သည် အများရှိ၏"ဟု ဆိုပေ၏။

"မြတ်သောမင်း။ သရက်ပင်ကို လည်းကောင်း, ထိုသရက်ပင်များတို့ကို လည်းကောင်း ထား၍ တစ်ပါးသောသစ်ပင်တို့သည် ရှိသလော"ဟု မေး၏။

"ရှင်ပင်ဘုရား။ ရှိ၏"

"ထိုသစ်ပင်တို့ကား သရက်ပင်တို့လော"ဟု မေး၏။

"ရှင်ပင်ဘုရား။ သရက်ပင် မဟုတ်"

"မြတ်သောမင်း။ သရက်ပင်တို့ကို လည်းကောင်း, သရက်ပင် မဟုတ်ကုန်သော သစ်ပင်တို့ကို လည်းကောင်း လွှတ်၍ တစ်ပါးသော သစ်ပင်တို့ကား သရက်ပင်တို့လော"ဟု မေး၏။

"ရှင်ပင်ဘုရား။ ဤသရက်ပင်တည်း"ဟု ဆိုပေ၏။

"မြတ်သောမင်း။ ကောင်း၏။ ပညာနှင့် ပြည့်စုံသည် ဖြစ်၏။ မြတ်သောမင်း။ မင်းကြီး အဆွေအမျိုးတို့သည် ရှိသလော"ဟု မေး၏။

"ရှင်ပင်ဘုရား။ များစွာသော အဆွေအမျိုးတို့သည် ရှိ၏"

"မြတ်သောမင်း။ ထိုဆွေမျိုးတို့ကိုထား၍ အမျိုးမတော်သောသူတို့သည် ရှိသလော"ဟု မေး၏။

"ရှင်ပင်ဘုရား။ အမျိုးမဟုတ်သောသူတို့သည်ကား ဆွေမျိုးထက် များကုန်၏"ဟု ဆိုပေ၏။

"မြတ်သောမင်းကြီး။ အဆွေအမျိုးတို့ကို လည်းကောင်း, အမျိုး မဟုတ်သောသူတို့ကို လည်းကောင်း လွှတ်၍ တစ်ပါး တစ်စုံတစ်ယောက်သောသူတို့သည် ရှိသလော"ဟု မေး၏။

"ရှင်ပင်ဘုရား။ အကျွန်ုပ်သည်"ဟု ဆိုပေ၏။

"မြတ်သောမင်း။ ကောင်း၏။ မိမိကိုယ်သည် အဆွေအမျိုးလည်း မဟုတ်၊ သူတစ်ပါးလည်း မဟုတ်။ ၂ ပါး လွှတ်၏"

ထိုအခါ၌ အရှင်မဟိန္ဒထေရ်သည် 'မင်းကြီးကား ပညာရှိ၏။ တရားကိုသိခြင်းငှာ တတ်နိုင်လတ္တံ့တည်း' ဟု စူဠဟတ္ထိပဒေါပမ သုတ်ကို ဟောပေ၏။ ဟောသောအဆုံး၌ ဒေဝါနံပိယတိဿမင်းကြီးသည် ၄ သောင်းသော သတ္တဝါတို့နှင့်တကွ သရဏဂုံ ၃ ပါး၌တည်၏။

ထိုခဏ၌ပင် ရှင်မင်းကြီးအား ထမင်းကို ဆောင်ခဲ့ကုန်၏။ မင်းကြီးအား သုတ္တန်ကို နာလျက်၊ 'ဤသခင်တို့အား နေလွဲသောအခါ၌ ဆွမ်းစားခြင်းသည် မအပ်'ဟု သိ၏။ 'ဝိရတော ဝိကာလဘောဇနာ'ဟုသုတ္တန်၌ ဟောသောကြောင့် သိသတည်း။

ထိုသို့သိလျှင်မူလည်း 'မမေးဦးဘဲ စားခြင်းငှာ မသင့်'ဟု ကြံ၍၊

"သခင်တို့။ ဘုဉ်းပေးပါကုန်အံ့လော"ဟု မေး၏။

"မြတ်သောမင်း။ ဤအခါ၌ ငါတို့အား ဆွမ်းခံခြင်းငှာ မအပ်"ဟု မိန့်တော်မူပေ၏။

http://www.dhammadownload.com



"ရှင်ပင်ဘုရား။ အသို့သောအခါ၌ အပ်သနည်း" ဟု မေး၏။

"မြတ်သောမင်း။ အရဏ်တက်သည်မှစ၍ မွန်းတည့်အခါတိုင်ရုံ အပ်၏" ဟု မိန့်တော်မူ၏။

"သခင်ဘုရား။ မြို့သို့ သွားကုန်အံ့" ဟု ဆို ပေ၏။

"မြတ်သောမင်း။ မသင့်။ ဤအရပ်၌ နေကုန်အံ့" ဟု မိန့်တော်မူပေ၏။

"ရှင်ပင်ဘုရား။ အကယ်၍ သခင်တို့သည် နေကုန်အံ့။ ဤသတို့သားငယ်သည် လိုက်ပါစေကုန်" ဟု လျှောက်၏။

"မြတ်သောမင်း။ ဤသတို့သားကား အနာဂါမိဖိုလ်သို့ ရောက်ပြီ။ သာသနာတော်ကို သိပြီ။ ရဟန်းအဖြစ်ကို ငဲ့သောသူတည်း။ ယခု ရဟန်း ဖြစ်လေကုန်အံ့" ဟု မိန့်တော်မူ၏။

"ရှင်ပင်ဘုရား။ ထိုသို့တပြီးကား။ နက်ဖန် ရထားပို့လာစေအံ့။ ရထားစီး၍လာတော်မူပါ" ဟု လျှောက်၍၊ ရှိခိုး၍ သွားလေ၏။

အရှင်မဟိန္ဒထေရ်သည်လည်း မင်းကြီးသွား၍ မမြင့်မီ သုမန သာမဏေကို ခေါ်တော်မူ၏။ သုမန သာမဏေ လာလျှင် "သင်သည် တရားနာအံ့သည်၏အခါကို ကြွေးကြော်လော့" ဟု မိန့်တော်မူ၏။

"ရှင်ပင်ဘုရား။ အဘယ်မျှလောက်သောအရပ်ကို ကြားစေလျက် ကြွေးကြော်စေအံ့နည်း" ဟု လျှောက်၏။

"အလုံးစုံသော သိန်းခိုကျွန်းကိုကြားစေလျက် ကြွေးကြော်လော့" ဟု မိန့်တော်မူပေသော်၊ "အရှင်ဘုရား။ ကောင်းပြီ" ဟု သာမဏေသည် အဘိညာဉ်၏အခြေဖြစ်သော စတုတ္ထစျာန်ကို ဝင်၍၊ ထိုစတုတ္ထစျာန်မှ ထ၍၊ အဓိဋ္ဌာန်၍ တည်ကြည်သောစိတ်ဖြင့် အလုံးစုံ သိန်းခိုကျွန်းကို ကြားစေလျက် ၃ ကြိမ် တရားနာခြင်း၏အခါကို ကြွေးကြော်၏။ (ဟစ်၏-လည်းဟူ)။

မင်းကြီးလည်း ထိုအသံကိုကြား၍ သခင်ထေရ်တို့၏အထံသို့ စေလိုက်၏။

"အရှင်ဘုရားတို့။ အဘယ်သို့ ဖြစ်တော်မူသနည်း။ တစ်စုံတစ်ခုသောရန်သည် ရှိသလော" ဟု စေလိုက်၏။

"မြတ်သောမင်း။ ငါတို့အား တစ်စုံတစ်ခုသော ဘေးရန်သည် မရှိ။ တရားတော်ကို နာခြင်း၏အခါကို ကြွေးကြော်စေကုန်၏။ မြတ်စွာဘုရား စကားတော်ကို ဟောလိုကုန်အံ့" ဟု ကြားလိုက်ပေကုန်၏။

သုမန သာမဏေကြွေးကြော်သောအသံကို ကြား၍ ဘုမ္မစိုးနတ်တို့သည် အသံဆင့်၍ ကြွေးကြော်၏။ ထိုသို့သောနည်းဖြင့် ဆင့်၍ကြွေးကြော်သဖြင့် ဗြဟ္မာပြည်တိုင်အောင် အသံသည် တက်၏။ ထိုအသံဖြင့် များစွာသော နတ်,ဗြဟ္မာတို့၏အစည်းအဝေးသည် ဖြစ်၏။

အရှင်မဟိန္ဒထေရ်သည်လည်း များစွာသော နတ်,ဗြဟ္မာတို့၏ အစည်းအဝေးကိုမြင်၍ သမစိတ္တသုတ္တန်ကို ဟောပေ၏။ ဟောသောအခါ၌ မရေတွက်နိုင်ကုန်သော နတ်တို့အား အကျွတ်တရားကိုရသည် ဖြစ်၏။ များစွာ ကုန်သော နဂါး, ဂဠုန်တို့သည်လည်း သရဏဂုံ၌ တည်ကုန်၏။ (အရှင်သာရိပုတ္တရာ ဤသမစိတ္တသုတ္တန်ကို ဟောတော်မူသောအခါ၌ အကြင်မျှလောက်လျှင် နတ်,ဗြဟ္မာတို့ အစည်းအဝေးသည် ဖြစ်၏။)

ထိုနောင်မှ ထိုညဉ့်လွန်သဖြင့် ဒေဝါနုံပိယတိဿမင်းကြီးသည် "သခင်ထေရ်တို့အား ရထားပို့လေ" စေ၏။

http://www.dhammadownload.com



ရထားထိန်းလည်း ရထားကို တင့်အပ်သောအရပ်၌ထား၍၊ ''သခင်ဘုရားတို့။ ရထား ရောက်ပြီ။ စီးတော်မူကုန်လော့'' ဟု သခင်ထေရ်တို့အား လျှောက်ပေ၏။

ထေရ်တို့လည်း ''ငါတို့အား မစီးကုန်။ သင်တို့အား သွားလေ။ ငါတို့သည် လာလတ်ကုန်အံ့'' ဟု ဆို၍၊ ကောင်းကင်သို့ ပျံတက်လေ၍ အနုရာဓပြည်၏ အရှေ့တောင်ထောင့် ပထမစေတီအရာ၌ သက်လေကုန်၏။ အရှင်မဟိန္ဒထေရ်တို့သည် ရှေးဦးစွာသက်ရာအရပ်၌ ထိုစေတီကို တည်သောကြောင့် 'ပထမစေတီ' ဟုဆိုအပ်၏။

မင်းကြီးလည်း ရထားထိန်းကို စေပြီး၍၊ ''အိမ်တော်တွင်း၌ မဏ္ဍပ်ကို စီရင်လေကုန်'' ဟု အမတ်တို့ကို စေ၏။ ထိုခဏ၌လျှင် အမတ်တို့သည် ဝမ်းမြောက်ဝမ်းသာ အတိုင်းထက်အလွန်လျှင် မဏ္ဍပ်ကို စီရင်လေကုန်၏။

တစ်ဖန်လည်း မင်းကြီး ကြွတော်မူပြန်၏။ 'ယမန်နေ့က 'သီလ'တည်းဟူသော ကျေးဇူးကို ဟောသည် ရှိသော်၊ 'မြတ်သောနေရာ, မြင့်သောနေရာကို မအပ်'ဟူ၍ ဟောစ၏။ သခင်တို့သည်နေရာတို့၌ နေကုန်လတ္တံ့လော' ကြံစည်လျှင် မြို့တံခါးသို့ ရောက်၏။

ထိုအခါ သခင်ထေရ်တို့သည် ရထားထိန်း၏ ရှေးဦးစွာရောက်နှင့်လေ၍၊ သင်းပိုင်, သင်္ကန်းဝတ်ရုံကုန်သော သခင်ထေရ်တို့ကို မြင်၍၊ အတိုင်းထက်အလွန်လျှင် ကြည်ညိုသောစိတ်ရှိသည် ဖြစ်၍၊ ''အရှင်မင်းကြီး။ အရှင်ထေရ်တို့သည် ရောက်တော်မူကုန်ပြီ'' ဟု မင်းကြီးအား လျှောက်ပေ၏။

မင်းကြီးလည်း ''သခင်ထေရ်တို့သည် ရထားစီးကုန်သလော'' ဟု မေး၏။

''အရှင်မင်းကြီး။ စင်စစ်လျှင် အကျွန်ုပ်နောက်မှလာတော်မူ၍၊ ရှေးဦးစွာ ရောက်တော်မူလေ၍ အရှေ့တံခါး၌ ရပ်တော်မူလတ်ကုန်၏'' ဟု လျှောက်ပေ၏။

မင်းကြီးလည်း 'ရထား မစီးကုန်'ဟု သိတော်မူ၍၊ 'ယခု သခင်တို့သည် ဥစ္စာသယနကို မသာယာကုန်'ဟု ကြံတော်မူ၍၊ ''အမတ်တို့။ သခင်ထေရ်တို့အား မြေ၌ ခင်း၍၊ အတွင်းပြင်နေရာတို့ကို ခင်းကုန်လော့'' ဟုဆို၍၊ 'ခရီးဦး ကြိုဆိုအံ့'ဟု သွားတော်မူလေ၏။ အမတ်တို့လည်း မြေ၌ သင်ဖြူးကို ခင်းစေ၍ အထက်၌ ကော်ဇော အစရှိကုန်သော ဆန်းကြယ်သောအခင်းတို့ကို ခင်းပေကုန်၏။

နိမိတ်ဖတ်တတ်သောလူတို့သည် မြင်ကုန်၍၊ 'ယခု ဤသခင်တို့သည် မြေကို ယူလေအပ်ကုန်ပြီ။ ဤအရှင်တို့သည် သိန်းခိုကျွန်း၏အရှင်တို့သည် ဖြစ်လတ္တံ့'ဟု နိမိတ်ဖတ်ကုန်၏။

မင်းကြီးလည်း သွားတော်မူလေ၍၊ သခင်တို့ကို ရှိခိုး၍၊ အရှင်မဟိန္ဒထေရ်၏လက်မှ သပိတ်ကို ယူ၍၊ များစွာသောပူဇော်သက္ကာအထူးဖြင့် ပူဇော်၍၊ သခင်ထေရ်တို့ကို မြို့သို့ သွင်း၍ ပြည်တွင်းသို့ ဝင်လေ၏။

အရှင်မဟိန္ဒထေရ်သည်လည်း နေရာခင်းသောအရာကို မြင်တော်မူ၍၊ 'ငါတို့၏ အား ၁၀ ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားသာသနာတော်သည် အလုံးစုံသောသိန်းခိုကျွန်း၌ မြေကြီးကဲ့သို့ နှံ့သည် ပြန့်သည်ဖြစ်၍ မတုန်မလှုပ်တည်လတ္တံ့'ဟု ကြံတော်မူ၍ နေတော်မူ၏။

မင်းကြီးလည်း သခင်တို့ကို မြတ်စွာသော ဆွမ်း, ခဲဖွယ် စားဖွယ်တို့ဖြင့် မိမိလက်ဖြင့် ရောင့်ရဲစေ၍၊ ''တန်ပြီ'' ဟု ဖြစ်စေ၏။

မင်းကြီးလည်း အနုလာဒေဝီမိဖုရား အမှူးရှိသော ၅၀၀ သော မောင်းမတို့ကို ''သခင်တို့အား အရိုအသေရှိခိုးခြင်းသည်လည်းကောင်း, ပူဇော်သက္ကာရအထူးကို လည်းကောင်း ပြုလတ်ကုန်'' ဟု စေတော်မူ၍၊ တင့်အပ်သော အရပ်၌ နေတော်မူ၏။

**ပန်းရွှေပြည်စာအုပ်တိုက်**

http://www.dhammadownload.com



အရှင်မဟိန္ဒထေရ်လည်း ဆွမ်းဘဉ်းပေးသောအဆုံး၌ ပရိသတ်နှင့်တကွ မင်းကြီးအား 'တရား' တည်း ဟူသောမိုးကို ရွာစေလျက် ပေတဝတ္ထုကို လည်းကောင်း၊ သစ္စသံယုတ်ကို လည်းကောင်း ဟောတော်မူ၏။ အရှင်မဟိန္ဒထေရ်ဟောသောတရားတို့ကို ကြား၍ ထို ၅၀၀ သောမောင်းမတို့သည် သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုကုန်၏။

အရှင်မဟိန္ဒထေရ်ကား တရားအစဉ်ကိုဟောခြင်း၌ လိမ္မာတော်မူသောကြောင့် ခပ်သိမ်းသောလူတို့၏ သံဝေဂကိုဖြစ်စိမ့်သောငှာ ရှေးဦးစွာ ပေတဝတ္ထုကို ဟောတော်မူသည်။ ထိုနောင်၌ကား သံဝေဂဖြစ်၍ ထိတ်လန့်သောသတ္တဝါတို့အား သက်သာရာကိုရစိမ့်သောငှာ သဂ္ဂကထာအားဖြင့် ဝိမာနဝတ္ထုကို ဟောတော်မူသည်။ ထိုအခြားမဲ့၌ကား ''သဂ္ဂကထာကိုကြား၍ သာယာသောသတ္တဝါတို့အား ဤနတ်တို့၏ စည်းစိမ်ချမ်းသာလည်း နိစ္စရူဝ မရှိ။ အနိစ္စ အရူဝ ဝိပရိဏာမ သဘောရှိ၏။ နိဗ္ဗာန်တရားသာလျှင် နိစ္စရူဝ သုခဖြစ်သည်။ ထိုကြောင့် နိဗ္ဗာန်တရားကိုရခြင်းငှာ လုံ့လပြုကုန်''ဟူ၍၊ သစ္စာတရားကိုသိစိမ့်သောငှာ ဥဿာဟကို ဖြစ်စေလို၍ သစ္စသံယုတ်ကို ဟောပေသတည်း။

အကြင်သူတို့သည် ရှေးဦးစွာသောနေ့၌ မိဿကတောင်၌ အရှင်ထေရ်တို့ကို မြင်ကုန်၏။ ထိုလူတို့သည် ထိုထိုသောအရပ်တို့၌ အရှင်ထေရ်တို့၏ကျေးဇူးကို ပြောဟောကုန်၏။ ထိုလူတို့၏စကားကို ကြား၍၊ လူများတို့အပေါင်းသည် မင်းရင်ပြင်၌ စည်းဝေး၍ ပြင်းစွာသောအသံကို ပြု၏။

မင်းကြီးလည်း ''ဤအသံကား အဘယ်အသံနည်း''ဟု မေး၏။

''အရှင်မင်းကြီး။ ပြည်သူတို့သည် အရှင်ထေရ်တို့ကို ဖူးမြင်ခြင်းငှာ မရပါကုန်'' ဟု လျှောက်ပေ၏။

မင်းကြီးလည်း 'အကယ်၍ ဤပြည်တွင်း၌ ဝင်လတ်ကုန်မူကား မဆုံရာ''ဟု ကြံတော်မူ၍၊ ''အမတ်တို့။ ဆင်တင်းကုပ်ကို သုတ်သင်၍၊ သဲကို ကြဲ၍၊ ၅ ပါးသောအဆင်းရှိကုန်သော ပန်းတို့ကို ကြဲ၍၊ ပုဆိုးပိတာန် ကြက်၍ မင်္ဂလာဆင်ထားရာအရပ်၌ သခင်ထေရ်တို့၏နေရာကို ခင်းလေကုန်''ဟု မိန့်တော်မူ၏။ အမတ်တို့လည်း မင်းကြီးဆိုတိုင်း စီရင်ကုန်၏။

အရှင်မဟိန္ဒထေရ်လည်း ထိုဆင်တင်းကုပ်သို့ ကြွတော်မူ၍၊ ဒေဝဒူတသုတ္တန်ကို ဟောတော်မူပေ၏။ ဟောတော်မူသောအဆုံး၌ ၁ သိန်းသောသတ္တဝါတို့သည် သောတာပတ္တိဖိုလ်၌ တည်လေကုန်၏။

ထိုနောင်မှ 'ဆင်တင်းကုပ်သည် အလွန်ကျဉ်းသေး၏'ဟု တောင်တံခါးအနီး၌ 'နန္ဒဝန်'အမည်ရှိသော ဥယျာဉ်၌ နေရာကို ခင်းပေကုန်၏။ အရှင်မဟိန္ဒထေရ်သည်လည်း ထိုနန္ဒဝန်ဥယျာဉ်၌ နေ၍ အာသီဝိသောပမသုတ်ကို ဟောတော်မူလေ၏။ ထိုသုတ်ကို ကြား၍ ၁ သောင်းသော သတ္တဝါတို့သည် သောတာပတ္တိဖိုလ်ကို ရ၏။

ဤသို့ ရောက်တော်မူသောနေ့မှ မိုးသောက်သောနေ့၌ ၂၅၀၀ သောသတ္တဝါတို့အား အကျွတ်တရားကို ရ၏။ နန္ဒဝန်ဥယျာဉ်၌ လာတိုင်းလာတိုင်းအမျိုးသားတို့နှင့် တကွ ပြောဟောစဉ်လျှင် ညချမ်းသောအခါ ကုန်သည်ဖြစ်၏။

အရှင်မဟိန္ဒထေရ်သည်လည်း အခါကိုမှတ်၍၊ 'ယခု မိဿကတောင်သို့သွားကုန်အံ့'ဟု နေရာမှ ထတော်မူ၏။

အမတ်တို့လည်း ''အရှင်ဘုရားတို့။ အဘယ်အရပ်သို့ကြွတော်မူကုန်အံ့''ဟု မေးတော်မူကုန်၏။

http://www.dhammadownload.com



''ငါတို့နေရာအရပ်သို့ သွားကုန်အံ့''ဟု ဆိုပေသော်၊ ထိုအမတ်တို့လည်း မင်းကြီးအား ကြားလျှောက်၍ မင်းကြီးအလိုအားဖြင့် ဆိုကုန်၏။

''အရှင်ဘုရား။ ယခု မိဿကတောင်သို့ သွားအံ့သောငှာ အခါမဟုတ်။ ဤနန္ဒဝန်ဥယျာဉ်သည်လျှင် အရှင်ဘုရားတို့၏ နေရာအရပ်တည်း''ဟု လျှောက်ပေကုန်၏။

''မသင့်။ ငါတို့ သွားကုန်အံ့'' ဟု မိန့်တော်မူသော်၊ တစ်ဖန် မင်းကြီးစကားဖြင့် လျှောက်ပေကုန်၏။

''အရှင်ဘုရား။ မင်းကြီးသည် မိန့်တော်မူ၏။ 'အကျွန်ုပ်၏ခမည်းတော်ဥစ္စာဖြစ်သော ဤမေဃဝန် ဥယျာဉ်သည်ကား မြို့နှင့် ဝေးလည်း မဝေးလွန်း။ အလားအလာနှင့် ပြည့်စုံ၏။ ထိုဥယျာဉ်၌ အရှင်တို့သည် နေတော်မူပါ'ဟု မင်းကြီး မိန့်တော်မူ၏''ဟု

မင်းကြီးစကားဖြင့် အမတ်တို့သည် လျှောက်ပေကုန်၏။

သခင်တို့လည်း မေဃဝန်ဥယျာဉ်၌ နေတော်မူကုန်၏။ (နန္ဒဝန်နှင့် မေဃဝန်ကား အမည်တူသည်ဖြစ်၍ ဆိုသည်။)

မင်းကြီးလည်း မိုးသောက်ပြီးသော် သခင်ထေရ်၏အထံသို့သွား၍၊ ''အရှင်ဘုရား။ ချမ်းသာစွာ ကိုန်းတော်မူရ၏လော''ဟု မေးတော်မူ၏။

''သခင်ဘုရား။ ရဟန်းသံဃာအား ကျောင်းအာရာမ်သည် အပ်မည်လော''ဟု မေး၏။

အရှင်မဟိန္ဒထေရ်လည်း ''မြတ်သောမင်း။ အပ်၏''ဟု မိန့်တော်မူ၍၊ 'အနုဇာနာမိ ဘိက္ခဝေအာရာမံ'ဟု ပါဠိကို မိန့်တော်မူ၏။

မင်းကြီးလည်း နှစ်လိုဝမ်းမြောက်တော်မူ၍၊ ရွှေကရားကို ယူ၍၊ အရှင်မဟိန္ဒ လက်တော်၌ အလျှုရေစက်ကို ချ၍ မေဃဝန်ဥယျာဉ်ကို လှူတော်မူ၏။ ရေစက်ချသည်နှင့်တကွ ဤမြေကြီးသည် လှုပ်၏။ မင်းကြီးလည်း ကြောက်သည်ဖြစ်၍၊ ''အရှင်ဘုရား။ အဘယ်ကြောင့် မြေသည် လှုပ်သနည်း''ဟု မေး၏။

''မြတ်သောမင်း။ မကြောက်လင့်။ ဤသိန်းခိုကျွန်း၌ မြတ်စွာဘုရားသာသနာတော်သည် တည်လတ္တံ့။ ဤအရပ်သည်ကား ရှေးဦးစွာ ဝိဟာရ၏အရာသည် ဖြစ်လတ္တံ့။ ဤမြေလှုပ်ခြင်းသည်ကား ထိုမဟာဝိဟာရ ဖြစ်လတ္တံ့သည် ပုဗ္ဗနိမိတ်တည်း''ဟု မိန့်တော်မူ၏။ မင်းကြီးလည်း အတိုင်းထက်အလွန် ကြည်ညိုစိတ်၏။

အရှင်မဟိန္ဒထေရ်သည်လည်း မိုးသောက်သောနေ့၌ မင်းအိမ်၌လျှင် ဆွမ်းဘဉ်းပေးတော်မူ၍ နန္ဒဝန် ဥယျာဉ်၌ အနုမတဂ္ဂသုတ်ကို ဟောတော်မူပေ၏။ မိုးသောက်သောနေ့၌ အဂ္ဂိခန္ဓောပမသုတ်ကို ဟောတော်မူပေ၏။ ထိုသို့သောနည်းဖြင့် ၇ ရက်ပတ်လုံး ဟောတော်မူ၏။ ၈ သောင်း ၅ ရာသောသတ္တဝါတို့အား အကျွတ်တရားကို ရကုန်၏။

(မေဃဝန်ဥယျာဉ်ကို နယုန်လပြည့်အထွက် ၂ ရက်နေ့လှူသည် ဟု ဋီကာ ဆို၏။)

ထိုအခါမှစ၍ နန္ဒဝန်ဥယျာဉ်သည် 'သာသနာတော်၏ ဥဇာ'တည်းဟူသော အလင်းဖြစ်ရာအရပ်သည် ဖြစ်၏။ ထိုကြောင့် 'ဇောတိဝန်' ဟူသောအမည်ကို ရ၏။

၇ ရက်မြောက်သောနေ့၌ကား အရှင်မဟိန္ဒ စသည်တို့သည် အိမ်တွင်း၌ မင်းကြီးတို့အား အပ္ပမာဒသုတ်ကို ဟောတော်မူပေ၍၊ စေတိယဂိရိသို့လျှင် ကြွတော်မူပေကုန်၏။

http://www.dhammadownload.com



('အပ္ပမာဒသုတ်' ဟူသည်ကား အဂုံတို့ဂရုနိကာယ်၌လာသော 'ရာဇောဝါဒသုတ်' ဟူ၏။)

ထိုသို့သွားလေသောအခါ၌ မင်းကြီးသည် အမတ်တို့ကို မေး၏။

''အရှင်ထေရ်သည် ငါတို့ကို မြင့်စွာသောဆုံးမခြင်းဖြင့် ဆုံးမ၏။ သွားခဲမည်လော''ဟု မေး၏။

အမတ်တို့လည်း ''အရှင်မင်းကြီးတို့သည် မတောင်းပန်ဘဲ အရှင်တို့အလိုလိုလျှင် လာတော်မူ၏။ ထိုကြောင့် သခင်တို့သည် မပန်ဘဲလျှင်သွားသည် ဖြစ်ရာ၏''ဟု လျှောက်ပေကုန်၏။

ထိုနောင်မှ မင်းကြီးလည်း ရထားကို စီး၍၊ ၂ ယောက်သော မိဖုရားတို့ကို တင်၍၊ ကြီးစွာသော မင်း၏အာနုဘော်ဖြင့် စေတီယဂိရိသို့ သွားတော်မူလေ၍၊ မိဖုရား ၂ ယောက်ကို သင့်တင့်သောအရပ်၌ နေစေ၍၊ မိမိသည် ထေရ်တို့၏အနီးသို့ ကပ်လေ၍ အလွန်လျှင်ပင်ပန်းသည် ဖြစ်၏။

ထိုအခါ၌ မင်းကြီးကို အရှင်မဟိန္ဒထေရ်သည် ''မြတ်သောမင်း။ အဘယ်ကြောင့် ပင်ပန်းစွာ လာလတ်သနည်း'' ဟု မိန့်တော်မူ၏။

''အရှင်ဘုရား။ အရှင်ဘုရားတို့သည် အကျွန်ုပ်အား မြင့်စွာဆုံးမတော်မူ၍၊ 'ယခု သွားတော်မူလို ကုန်သလော'ဟု သိစိမ့်သောငှာ လာသတည်း''ဟု လျှောက်ပေသော်၊ ''မြတ်သောမင်း။ ငါတို့သည် သွားလို ကုန်သည် မဟုတ်။ စင်စစ်ကား မင်းကြီး။ ဤအခါသည်ကား ဝါဆိုကပ်အံ့သော အခါမည်၏။ ထိုအခါ၌ ရဟန်းဖြစ်သောသူသည် ဝါဆိုအပ်သောအရပ်ကို သိခြင်းငှာ အပ်၏''ဟူ၍ မိန့်တော်မူပေ၏။

ထိုနေ့၌လျှင် 'အရိဋ္ဌ' အမည်ရှိသောအမတ်သည် ၅ ကျိပ် ၅ ယောက်သော အမတ်တို့နှင့်တကွ မင်းကြီး၏အနီး၌နေလျက် ''အရှင်မင်းကြီး။ အကျွန်ုပ်သည် သခင်တို့၏အထံ၌ ရဟန်းပြုခြင်းငှာ အလိုရှိ၏''ဟု လျှောက်ပေ၏။ အရိဋ္ဌအမတ်ကား မင်းကြီးတူတော်တည်း။

[၅ ကျိပ် ၅ ယောက်ကို '၅ ကျိပ် ၄ ယောက်'ဟု ဋီကာ ပြင်၏။ ယင်းသို့မှ အထက်၌ '၆ ကျိပ် ၂ ပါးသောရဟန္တာ' ဟုဆိုသည်နှင့် ညီသည်ဟု ဆို၏။]

''အမတ်။ ကောင်းလှ၏။ ရဟန်းပြုလေလော့'' ဟု မင်းကြီး ခွင့်ပြုတော်မူ၍၊ အရှင်ထေရ်ကို နှင်းပေ၏။ အရှင်မဟိန္ဒထေရ်လည်း ထိုနေ့ပင်လျှင် ရဟန်းပြုစေ၏။ ခပ်သိမ်းသောသူတို့သည် ဆဲရိတ်သော အဆုံး၌ပင်လျှင် ရဟန္တာအဖြစ်သို့ ရောက်လေကုန်၏။

မင်းကြီးလည်း ထိုခဏ၌လျှင် ဆူးစောင်ရန်းဖြင့် စေတီအပြင်ကို ရံစေ၍၊ ၆၈ ခုသောလိုဏ် ရှိသော စေတီယဂိရိ၌ ဝါဆိုတော်မူကုန်၏။

[ဝ ကျိပ်သော ညီနောင်'ဟူသည်ကား မုဋ္ဌိသီဝမင်းကြီးသားတော် ဒေဝါနံပိယတိဿ, အဘယ, မဟာနာဂ, ဥတ္တိယ, မတ္တာဘယ, သူရတိဿ အစရှိသော မင်းသားတို့တည်း။ စေတီယဂိရိ၌ ရှေးဦးစွာတို့၌ အမှုကို ဆောက်တည်စေ၍ မြို့သို့လျှင် သွားတော်မူပေ၏။ ထိုသခင်ထေရ်တို့သည်လည်း ၁ ကျိပ်သောညီနောင်တို့ဖြင့် ပြိမ်းထသောမင်းမျိုးတို့ကို ကြည်စေ၍ လူများအပေါင်းကို ဆုံးမကုန်စေလျက် ဝါဆိုတော်မူကုန်သောရဟန္တာတို့သည်ကား ၆ ကျိပ် ၂ ပါးတို့တည်း။ ၆ ကျိပ် ၂ ပါးကား စတုပ္ပဏ္ဏာသ[2]တွင် အရိဋ္ဌထေရ်တည်၍ ၅ ကျိပ် ၅ ယောက်, အရှင်မဟိန္ဒ စသည် ၇ ယောက်၊ ဘဏ္ဍုကကား ရဟန်းပြု၍ ရဟန်းဖြစ်ပြီ။ သုမနနှင့် ဘဏ္ဍုကကို

http://www.dhammadownload.com



ထည့်၍ ၇ ယောက် ဟူသတည်း။ စတုပ္ပဏ္ဏာသာပင်ယူမူကား အရိဋ္ဌထေရ်တို့နှင့်တကွ ၆၃ ယောက် ဖြစ်ခဲ့သတည်း။ မဟာဝင်၌လည်း 'စတုပ္ပဏ္ဏာသာယသဒ္ဓိ' ဟူ၍သာ ဆိုသည်။]

ထိုနောင်မှ အရှင်မဟိန္ဒထေရ်သည် ဝါကျွတ်ပြီးသော် ပဝါရဏာပြု၍ တန်ဆောင်မုန်းလပြည့် ဥပုသ်နေ့၌ မင်းကြီးကို ဤစကားကို မိန့်တော်မူ၏။

"မြတ်သောမင်း။ ငါတို့သည် မြတ်စွာဘုရားကို မဖူးမြင်ရသည် ကြာပြီ။ ကိုးကွယ်ရာမရှိသော နေခြင်းကို နေကုန်၏။ ဓမ္မဒိဗ်သို့သွားခြင်းငှာ အလိုရှိကုန်၏" ဟု မိန့်တော်မူ၏။

"အရှင်ဘုရား။ အကျွန်ုပ်သည် အရှင်ဘုရားတို့ကို ပစ္စည်း ၄ ပါးတို့ဖြင့် လုပ်ကျွေး၏။ ဤလူများတို့ အပေါင်းသည်လည်း အရှင်ဘုရားတို့ကို မှီ၍ သရဏဂုံတို့၌ တည်၏။ အဘယ်ကြောင့် အရှင်ဘုရားတို့သည် မမွေ့လျော်ကုန်သနည်း" ဟု မေးတော်မူ၏။

"မြတ်သောမင်း။ ငါတို့အား မြတ်စွာဘုရားကို မဖူးမြင်ရသည် ကြာပြီ။ အရိအသေရှိခိုးစရာ, ခရီးဦးကြိုဆိုလင့်ရာ, လက်အုပ်ချီရာ, ရိုသေမြတ်နိုးတနာ ပြုရာအရပ်သည် မရှိ။ ထိုကြောင့် ဆန့်ကျင်[1]ကုန်သည် ဖြစ်ကုန်၏"

[ဤအရာ၌ ဆရာကိုမြင်လျှင် အရိအသေရှိခိုးသည်ကား 'အဘိဝါဒန' တည်း။ ဆရာရှိရာ အရပ်သို့ ရှိခိုးမှ သွားသည်၊ ရှိခိုးမှ ရပ်သည်၊ ရှိခိုးမှ ထိုင်သည်၊ ရှိခိုးမှ အိပ်သည်၊ အလုံးစုံသည်ကား 'အဘိဝါဒန'မည်သတည်း။ ဆရာ အဝေးမှလာသည်ကိုမြင်သော် နေရာမှထ၍ ကြိုလင့်သည်ကား 'ပစ္စုပဋ္ဌာန'တည်း။ ဆရာကိုမြင်သော် လက်အုပ်ချီတင်လျက် ရှိခိုးသည်၊ ဆရာရှိရာအရပ်သို့ လက်အုပ်ချီမှ သွားသည်၊ လက်အုပ်ချီမှ ရပ်သည်၊ လက်အုပ်ချီမှ ထိုင်သည်၊ လက်အုပ်ချီမှ အိပ်သည်ကား 'အဉ္ဇလီကမ္မ'တည်း။ ဆရာအား သင်္ကန်းအဝတ်လှူသော်လည်း ဟုတ်ဟုတ် ငြားငြားသောအဝတ်သင်္ကန်းကို မလှူအပ်။ အဖိုးများထိုက်သော သင်္ကန်းကိုသာ လှူသည်၊ ကပ်သည်။ ၁၀၀ ထိုက်သော သင်္ကန်း, ၅၀၀ ထိုက်သော သင်္ကန်း, ၁၀၀၀ ထိုက်သော သင်္ကန်းကိုသာ လှူသည်၊ ကပ်သည်။ မိမိနှင့်လျော်ပတ်သောအမှုကို ပြုပေသည်၊ ထမ်းဆောင်ပေသည်ကား 'သာမီစိကမ္မ' မည်၏။ ဆွမ်း စသောပစ္စည်း၌လည်း အတူ။]

၁- ဆန့်ကျင်= ဟုင်းရိသည်။

http://www.dhammadownload.com



## သုမနသာမဏေ ဓာတ်တော်,မွေးတော်တို့ စုသည်ကိုပြခြင်း

''အရှင်ဘုရား။ 'မြတ်စွာဘုရားသည် ပရိနိဗ္ဗာန်ပြုတော်မူလေပြီ'ဟု အရှင်ဘုရားတို့ မိန့်တော်မူကုန်သည် မဟုတ်တုံလော'' လျှောက်ပေ၏။

''မြတ်သောမင်း။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူကုန်သည်ကား ဟုတ်၏။ ထိုသို့ ပရိနိဗ္ဗာန်ပြုတော်မူသော်လည်း သရီရဓာတ်တို့သည် တည်ကုန်သေး၏''ဟု မိန့်တော်မူပေသော်၊ ''အရှင်ဘုရား။ 'အရှင်တို့သည် စေတီတည်ခြင်းကို အလိုရှိတော်မူကုန်'ဟု သိပြီ။ အရှင်ဘုရား။ စေတီကို ပြုအံ့။ ယခု စေတီတည်အံ့သောအရာကို စူးစမ်းတော်မူကုန်လော့။ အရှင်ဘုရား။ စင်စစ်ကား ဓာတ်တော်တို့ကို အဘယ်မှာ ရကုန်အံ့နည်း'' ဟု မေးတော်မူ၏။

''မြတ်သောမင်း။ သုမနသာမဏေနှင့်တကွ တိုင်ပင်ကုန်လော''ဟု မိန့်တော်မူ၏။

''အရှင်ဘုရား။ ကောင်းပြီ''ဟု မင်းကြီးသည် သုမနသာမဏေသို့ ကပ်လေ၍၊ ''သခင်သာမဏော။ ယခု အဘယ်မှာ ဓာတ်တော်ကို ရကုန်အံ့နည်း''ဟု မေးတော်မူ၏။

သုမနသာမဏောလည်း ''မြတ်သောမင်း။ မင်းကြီးသည် မကြောင့်ကြလင့်။ ခရီးတို့ကိုသာ သုတ်သင်စေ၍၊ တံခွန်, ကုက္ကား, ကြာသွတ်အိုး အစရှိသည်တို့ဖြင့် တန်ဆာဆင်စေ၍၊ ပရိသတ်နှင့်တကွ ဥပုသ်ဆောက်တည်၍၊ ခပ်သိမ်းသော မောင်း, ကြေးနင်း, ခွက်ခွင်းအစရှိသော စည်, စောင်း, ငြင်းတို့ကို တီးမှုတ်စေ၍၊ မင်္ဂလာရှိသော ဆင်ကို တန်ဆာဆင်စေ၍၊ ထိုမင်္ဂလာရှိသော ဆင်ထက်၌ ထီးဖြူကို ဆောက်စေ၍၊ ညချမ်းသောအခါ၌ မဟာနာဂဥယျာဉ်သို့ ရှေးရှုသွားလေ။ မချုတ်လျှင် ထိုအရပ်၌ ဓာတ်တော်တို့ကို ရလတ္တံ့''ဟု ဆိုပေ၏။

(မဟာနာဂဥယျာဉ်ကား အနုရာဓပြည်၏ အရှေ့တည်း။ ညီတော်မဟာနာဂမင်း၏ ဥယျာဉ်တည်း။)

မင်းကြီးလည်း ''ကောင်းပြီ''ဟု ဝန်ခံ၏။

အရှင်ထေရ်တို့သည်လည်း မင်းအိမ်မှထွက်၍ စေတီယဂိရိသို့လျှင် ကြွတော်မူလေကုန်၏။

ထိုစေတီယဂိရိ၌ မဟာမဟိန္ဒထေရ်သည် သုမနသာမဏောကို ဤသို့ မိန့်တော်မူ၏။

''သုမနသာမဏော။ သင်သည် သွားလော။ ဖမ္မူဒီပါကျွန်း၌ သင်၏ဘိုးတော် အသောကဓမ္မရာဇာမင်းကြီးသို့ ကပ်လေ၍ ဤသို့ ဆိုလော်၏။ 'မြတ်သောမင်း။ သင်မင်းကြီး၏ အဆွေတော် ဒေဝါနံပိယတိဿမင်းကြီးသည် မြတ်စွာဘုရားသာသနာတော်၌ ကြည်သည်ဖြစ်၍ စေတီ တည်လို၏။ ရှင်မင်းကြီးတို့၏လက်တော်၌ ဓာတ်တော်သည် ရှိ၏။ ထိုဓာတ်တော်ကို အကျွန်ုပ်အား ပေးတော်မူလိုက်ကုန်'ဟု ဆိုလော်၍၊ ထိုဓာတ်တော်ကို ယူခဲ့၍၊ သိကြားမင်းထံသို့ ကပ်၍ ဤသို့ ဆိုလေ။ 'သိကြားမင်းတို့၏လက်၌ လက်ယာအထက်စွယ်တော်, လက်ယာညှပ်ရိုးတော်၊ ဤ ၂ ပါးသောဓာတ်တော်တို့သည် ရှိကုန်၏။ ထို ၂ ပါးသောဓာတ်တော်တို့မှ လက်ယာစွယ်တော်ကို သိကြားမင်းတို့သည် ပူဇော်ကုန်။ လက်ယာညှပ်ရိုးတော်ကိုကား ငါအား ပေးလိုက်'ဟု ဆိုလေ။ ဤသို့လည်း သိကြားမင်းကို ဆိုခဲ့။ 'သိကြားမင်း။ အဘယ်ကြောင့် သိကြားမင်းသည် ငါတို့ကို သိန်းခိုကျွန်းကို နှိုးဆော်၍ အမေ့အလျော့နေသနည်း'ဟု ဆိုခဲ့''

http://www.dhammadownload.com



ဤသို့ မဟာမဟိန္ဒထေရ်သည် သုမနသာမဏေကို မိန့်တော်မူ၏။

သုမနသာမဏေလည်း ''ရှင်ပင်ဘုရား။ ကောင်းပြီ'' ဟု ဝန်ခံ၍၊ ထိုခဏ၌လျှင် သပိတ်, သင်္ကန်းကို ယူ၍ ကောင်းကင်သို့ ပျံတက်လေ၏။ ပါဋလိပုတ်ပြည်၏တံခါးအနီး၌ သက်လေ၍၊ အသောကမင်းကြီးအထံသို့သွား၍ ထိုအကြောင်းကို ကြားပေ၏။

အသောကမင်းကြီးလည်း နှစ်သက်၍၊ သုမနသာမဏေလက်မှ သပိတ်ကို ယူ၍၊ နံ့သာတို့ဖြင့်လိမ်းကျံ၍၊ မြတ်သောပုလဲအဆင်းနှင့် တူသောဓာတ်တော်တို့ဖြင့် သပိတ်ကို ပြည့်စေ၍ ပေး၏။

သုမနသာမဏေလည်း ထိုဓာတ်တော်ကို ယူ၍၊ သိကြားမင်းအထံသို့ ကပ်လေ၍၊ သိကြားမင်းလည်း သုမနသာမဏေကိုမြင်လျှင်၊ ''အရှင်သုမနသာမဏေ။ အဘယ်ကြောင့် ရဟန်းတရားကိုမပြုဘဲ လှည့်ပတ်သနည်း'' ဟုဆို၏။

''သိကြားမင်းသည် ငါတို့ကို သိန်းခိုကျွန်းသို့နှိုးဆော်၍ အဘယ်ကြောင့် အမှေအလျော့နေသနည်း။ သိကြားမင်းတို့လက်မှ လက်ယာစွယ်တော်, လက်ယာညှပ်ရိုးတော်တို့သည် ရှိကုန်၏။ ထို ၂ ပါးသောဓာတ်တော်တို့မှ လက်ယာစွယ်တော်ကို သိကြားမင်းတို့သည် ပူဇော်ကုန်။ လက်ယာညှပ်ရိုးတော်ကိုကား ငါ့အား ပေးလိုက်''ဟုဆို၏။

''အရှင်သုမနသာမဏေ။ ကောင်းပြီ'' ဟု သိကြားမင်းသည် ၁ ယူဇနာရှိသောပတ္တမြားစေတီကိုဖွင့်၍၊ လက်ယာညှပ်ရိုးတော်ကို ထုတ်၍ သုမနသာမဏေအား ပေး၏။

သုမနသာမဏေလည်း ထိုလက်ယာညှပ်ရိုးတော်ကို ယူခဲ့၍ စေတီယဂိရိသို့လျှင် ရောက်လေ၏။

ထိုအခါ မဟာမဟိန္ဒထေရ်အမှူးရှိသော အလုံးစုံသောရဟန္တာမြတ်တို့သည် အသောကမင်းကြီးသည် ပေးတော်မူလိုက်သော ဓာတ်တော်တို့ကို စေတီယဂိရိလျှင် တည်စေ၏။ လက်ယာညှပ်ရိုးတော်ကား ယူ၍ နေမွန်းတိမ်းလတ်သော် မဟာနာဂဥယျာဉ်သို့ သွားတော်မူလေကုန်၏။

ဒေဝါနံပိယတိဿမင်းကြီးလည်း သုမနသာမဏေ ဆိုအပ်ပြီးသောအပြားရှိသော ပူဇော်သက္ကာရကို ပြု၍၊ မြတ်သောဆင်ထက် စီး၍ ထီးဖြူဆောင်းလျက် မဟာနာဂဝန်ဥယျာဉ်သို့ သွားတော်မူလေကုန်၏။

ဒေဝါနံပိယတိဿမင်းကြီး၏စိတ်သည် ဤသို့ဖြစ်၏။

'အကယ်၍ ဤဓာတ်တော်သည် မြတ်စွာဘုရားဓာတ်တော်ဖြစ်မူကား ထီးဖြူသည်လည်း ညွတ်စေသတည်း။ မင်္ဂလာဆင်သည်လည်း မြေ၌ ပုဆစ်တုပ်စေသတည်း။ အရှင်မဟိန္ဒလက်ထက်၌ပါသော ဓာတ်တော်ပန်းပုံတောင်းသည်လည်း ငါ၏ဦးခေါင်းထက် တည်စေသတည်း'ဟု အဓိဋ္ဌာန်တော်မူ၏။

မင်းကြီး အဓိဋ္ဌာန်တော်မူသောခဏ၌ ထီးဖြူသည်လည်း ညွတ်၏။ ဆင်သည်လည်း မြေ၌ ပုဆစ်တုပ်၏။ ဓာတ်တော်ထည့်သော ပုံတောင်းသည်လည်း မင်းကြီးဦးခေါင်းထက် တည်၏။

ဒေဝါနံပိယတိဿမင်းကြီးကား အဖြိုက်ရေစင်ဖြင့် ကိုယ်တော်ကိုသွန်းဘိသက်သို့ မြတ်သောနှလုံးဝမ်းမြောက်ခြင်း ဖြစ်၍၊ ''အရှင်ဘုရား။ ဓာတ်တော်ကို အဘယ်သို့ပြုကုန်အံ့နည်း'' ဟု မေးတော်မူ၏။

''မြတ်သောမင်း။ ဆင်ဦးကင်း၌ပင်လျှင် ထားတော်မူလော့''

မင်းကြီးလည်း ဓာတ်တော်ထည့်သောပုံတောင်းကို ယူ၍ ဆင်ဦးကင်း၌ ထားပေ၏။ ဆင်သည်လည်း ဝမ်းမြောက်သည်ဖြစ်၍၊ ကြိုးကြာသံနှင့် တူသောအသံကို ဟီ၏။ သန့်စွာသောမိုးသည် တက်လတ်၍၊ ကြာဖက်ရှိရှိသောတိမ်သည် ကောင်းကင်အလယ်၌ ဖြစ်၍ ကောင်းကင်အလုံးကို နံ့စေလျက်၊ စွတ်လိုသောသူတို့ကို စွတ်စေလျက်၊ 'ပေါက္ခရ'မည်သောမိုးသည် ရွာ၏။ ရေလျှင်အဆုံးရှိသော မြေကြီးသည်လည်း ပြင်းစွာတုန်လှုပ်၏။

http://www.dhammadownload.com



နတ်တို့သည်လည်း 'မြတ်စွာဘုရားဓာတ်တော်တို့သည် သိန်းခိုကျွန်းခ္ဒ တည်လတ္တံ့သတည်း' ဟု ဝမ်းမြောက်ကုန်၏။

ဤသို့လျှင် တန်ခိုးအာနုဘော် ကျက်သရေဖြင့် နတ်တို့၏ နှလုံးဝမ်းမြောက်ခြင်းကို ဖြစ်စေလျက် 'ပုဏ္ဏမာယံ မဟာဝိရော၊ စတုမာသိနိယာ ဣဓ။
အာဂန္တွာဒေဝလောက မှာ၊ ဟတ္ထိကုမ္ဘေ ပတိဋ္ဌိတော။ ။'

''မဟာဝိရော၊ ကြီးသောလုံ့လရှိတော်မူသော မြတ်စွာဘုရားသည်။ စတုမာသိနိယာ၊ မိုး ၄ လအဆုံးဖြစ်သော။ ပုဏ္ဏမာယံ၊ တန်ဆောင်မုန်းလပြည့်နေ့၌။ ဒေဝလောကမှာ၊ တာဝတိံသာနတ်ပြည်မှ။ ဣဓ၊ ဤသိန်းခိုကျွန်းသို့။ အာဂန္တွာ၊ ရောက်တော်မူလတ်၍။ ဟတ္ထိကုမ္ဘေ၊ ဆင်ဦးကင်း၌။ ပတိဋ္ဌိတော၊ တည်တော်မူ၏''

ထိုအခါ ထိုမင်း၏ဆင်ပြောင်ကြီးသည် များစွာသော ကြေးနင်း, မောင်း အစရှိသော စောင်း, ငြင်းတို့ဖြင့် ခြံရံလျက်၊ အလွန်လျင်မြတ်စွာသော ပူဇော်အထူးကိုပြုစေလျက် နာဂဝန်ဥယျာဉ်၏အနောက်တူရူ အနုရာဓပြည်၏ အရှေ့တံခါးရောက်အောင် နောက်ဆုတ်ပင်သွားလေ၍၊ တံခါးတိုင်မှ မျက်နှာလှည့်၍ဝင်လေပြီးသော် ပြည်သူအလုံးကို ပူဇော်စေလျက်။ အရှေ့မျက်နှာထူပါရုံသို့ ရှေးရှုလှည့်လတ်၏။

[ထိုအခါ ထူပါရုံသည် ရှေးခ္ဒဖြစ်ကုန်သော ကကုသန်, ကောဏာဂုံ, ကဿပ၊ ဘုရား ၃ ဆူတို့၏ ပရိဘောဂစေတီတော်၏ တည်ရာတည်း။]

http://www.dhammadownload.com



## ဘုရား ၃ ဆူ လက်ထက် သိန်းခိုကျွန်းအကြောင်း

လွန်လေပြီးသောအခါ ဤသိန်းခိုကျွန်းသည် 'ဩဇဒီပ' အမည်ရှိ၏။ မင်းသည်ကား 'အဘယ' အမည်ရှိ၏။ ပြည်သည်ကား 'အဘယပူရ' အမည်ရှိ၏။ စေတီယတောင်သည်ကား 'ဒေဝကူဋပဗ္ဗတ' အမည်ရှိ၏။ ထူပါရုံသည်ကား 'ပဋိယာရာမ' အမည် ရှိ၏။

ထိုအခါ ကကုသန်မြတ်စွာဘုရားသည် လူဦးရေ ဘုရား ဖြစ်တော်မူ၏။ ထို ကကုသန်မြတ်စွာဘုရား တပည့်တော် 'မဟာဒေဝ' အမည်ရှိသောထေရ်သည် ရဟန်း ၁၀၀၀ နှင့်တကွ စေတီယတောင်၌ အရှင်မဟိန္ဒထေရ်ကဲ့သို့ ဒေဝကူဋတောင်၌ တည်၏။ ထိုအခါ ဩဇကျွန်း၌ သတ္တဝါတို့သည် ယဉ်းအနာရှိ၍ ပျက်စီးခြင်းသို့ ရောက်၏။

ကကုသန်မြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လူတို့ကို ကြည့်တော်မူလတ်သော်၊ စီးပွားမရှိ ပျက်စီးခြင်းသို့ရောက်ကုန်သော ထိုသတ္တဝါတို့ကို မြင်တော်မူ၍ ၄ သောင်းသောရဟန်းတို့ဖြင့် ခြံရံလျက် ကြွတော်မူလေ၏။ ထိုကကုသန်မြတ်စွာဘုရား အာနုဘော်အားဖြင့် ရောက်တော်မူသောခဏ၌လျှင် ယဉ်းအနာသည် ငြိမ်း၏။

အနာငြိမ်းပြီးသော် မြတ်စွာဘုရားလည်း တရားဟောတော်မူပေ၏။ ၈ သောင်း ၄ ထောင်သောသတ္တဝါအပေါင်းတို့သည် အကျွတ်တရား ရကုန်၏။ မြတ်စွာဘုရားလည်း ဓမ္မကရိဏ် ရေစစ်တော်ကို ပေး၍၊ ထိုဓမ္မကရိဏ်ရေစစ်ကို အတွင်း၌ သွင်း၍၊ ပဋိယာရုံ၌ စေတီကို ပြုကုန်၏။ မဟာဒေဝထေရ်သည်လည်း ဩဇကျွန်းကို စောင့်ရှောက်လျက်နေ၏။

ကောဏာဂုံမြတ်စွာဘုရား ဖြစ်တော်မူသောအခါ ဤသိန်းခိုကျွန်းသည် 'ဝရဒီပ' အမည်ရှိ၏။ မင်းသည်ကား 'သမေဇ္ဈ' အမည် ရှိ၏။ ပြည်သည်ကား 'ဝမုမာနု' အမည် ရှိ၏။ တောင်သည်ကား 'သုဝဏ္ဏကူဋပဗ္ဗတ' အမည် ရှိ၏။

ထိုအခါ ဝရဒီပကျွန်း၌ မိုးခေါင်၍ မွတ်သိပ်၏။ သတ္တဝါတို့သည် မွတ်သိပ်ခြင်းအနာဖြင့် ပျက်စီးခြင်းသို့ ရောက်ကုန်၏။ ကောဏာဂုံမြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် ကြည့်တော်မူလတ်သော်၊ ပျက်စီးခြင်းသို့ ရောက်ကုန်သော ထိုသတ္တဝါတို့ကို မြင်တော်မူ၍၊ ၃ သောင်းသောရဟန်းတို့ဖြင့် ခြံရံလျက် ကြွတော်မူလေ၏။ မြတ်စွာဘုရားအာနုဘော်ဖြင့် မိုးသည် အယဉ်ထန်စွာရွာ၏။ ဝဖြော၏။

မြတ်စွာဘုရားလည်း တရားဟောတော်မူပေ၍ ၈ သောင်း ၄ ထောင်သောသတ္တဝါအပေါင်းတို့သည် အကျွတ်တရားကို ရကုန်၏။ ကောဏာဂုံမြတ်စွာဘုရားလည်း ရဟန်းအထောင် အရံရှိသော မဟာသုမနထေရ်ကို ဝရဒီပကျွန်း၌ထားတော်မူ၍ ကြွတော်မူလေ၏။ ဤနေရာ၌ စကားကျသည် တင်၏။ စကားမစပ်မိ ရှိ၏။ ခါးပန်းတော်ကို အတွင်း၌သွင်း၍ စေတီ ပြုကုန်၏။

http://www.dhammadownload.com



ကဿပမြတ်စွာဘုရား ဖြစ်တော်မူသောအခါ၌ကား ဤသိန်းခိုကျွန်းသည် 'မဇ္ဈာဒီပ' အမည်ရှိ၏။ မင်းသည်ကား 'ဇယန္တ' အမည်ရှိ၏။ ပြည်သည်ကား 'ဇယန္တပုရ'[1] အမည်ရှိ၏။ တောင်သည်ကား 'သုဘကူဋ ပဗ္ဗတ' အမည်ရှိ၏။

ထိုအခါ မဇ္ဈာကျွန်း၌ ကြီးစွာသောခိုက်ရန်သည် ဖြစ်၍၊ ဇယန္တမင်းကြီးနှင့် 'သမိဒ္ဓ' အမည်ရှိသော ညီတော်အိမ်ရှေ့မင်းသည် နှုတ်ဖြင့် ခိုက်ရန်ပြုခြင်း, ထိုးပစ်ခြင်း ရှိသည်ဖြစ်၍ ပျက်စီးခြင်းသို့ ရောက်ကုန်၏။

ကဿပမြတ်စွာဘုရားသည် ဗုဒ္ဓစက္ခုဖြင့် လူတို့ကို ကြည့်တော်မူလတ်သော် ပျက်စီးခြင်းသို့ရောက်ကုန်သော ထိုသတ္တဝါတို့ကို မြင်တော်မူ၍ ၂ သောင်းသောရဟန်းတို့ဖြင့် ခြံရံလျက် ကြွတော်မူလတ်၍၊ အငြင်းအခုံကို ငြိမ်းစေ၍၊ တရားဟောတော်မူ၍၊ ၈ သောင်း ၄ ထောင်သောသတ္တဝါတို့သည် အကျွတ်တရားကို ရကုန်၏။ ကဿပမြတ်စွာဘုရားသည် ၁ သောင်းသောရဟန်းအရံရှိသော 'သဗ္ဗနန္ဒီ' အမည်ရှိသောထေရ်ကို မဇ္ဈာကျွန်း၌ ထား၍၊ ရေသနုပ်တော်ကိုပေး၍ ကြွတော်မူလေ၏။

ထိုရေသနုပ်တော်ကိုလည်း အတွင်း၌သွင်း၍ စေတီပြုကုန်၏။ ထိုထူပါရုံ၌ ၃ ဆူသော ရှေးဘုရားတို့၏ စေတီတို့ တည်ကုန်၏။

'စိတိတဗ္ဗံ ပူဇေတပ္ပန္တီ စေတိယံ'

''သဗ္ဗဇနေဟိ၊ ခပ်သိမ်းသောသူတို့သည်။ ပူဇေတပ္ပံ၊ ပူဇော်အပ်၏။ ဣတိ၊ ထို့ကြောင့်။ စေတိယံ၊ စေတီ' မည်၏''

ခပ်သိမ်းသောသူတို့သည် ပူဇော်အပ်သောကြောင့် 'စေတီ' မည်၏။

'ဣဋ္ဌကာဒီဟိဝိ စိနိတဗ္ဗန္တီ စေတိယံ' ဝါ၊

တစ်နည်းသော်ကား-

''ဣဋ္ဌကာဒီဟိ၊ အုတ်, ကျောက် စသည်တို့ဖြင့်။ စိနိတဗ္ဗံ၊ စီအပ်၏။ ဣတိ၊ ထို့ကြောင့်။ စေတိယံ၊ 'စေတီ' မည်၏။

အုတ်,ကျောက် စသည်တို့ဖြင့် စီအပ်သောကြောင့်လည်း 'စေတီ' မည်သတည်း။ ။

ထိုစေတီတို့သည် 'ပရိယတ္တိသာသနာ, ပဋိပတ္တိသာသနာ, ပဋိဝေဓသာသနာ' တည်းဟူသော သာသနာတော် ၃ ပါး ကွယ်သဖြင့် ဓာတုပရိနိဗ္ဗာန် ဖြစ်လတ်သော် ထိုစေတီတို့ကား ကွယ်ကုန်၏။ အရာမျှသာ ကြွင်းကုန်သတည်း။ ။

'ပရိနိဗ္ဗာန်ကား ကိလေသပရိနိဗ္ဗာန်, ခန္ဓပရိနိဗ္ဗာန်, ဓာတုပရိနိဗ္ဗာန်' ဟူ၍ ၃ ပါးတည်း။ ထို ၃ ပါးသော ပရိနိဗ္ဗာန်တို့ကား ငါတို့မြတ်စွာဘုရားအားဖြင့် သိအပ်၏။ ကိလေသပရိနိဗ္ဗာန်ကား ဗောဓိပလ္လင်တော်၌ ဖြစ်၏။ ခန္ဓပရိနိဗ္ဗာန်ကား ကုသိနာရုံပြည်၌ ဖြစ်၏။ ဓာတုပရိနိဗ္ဗာန်ကား သာသနာတော် ၅၀၀၀ ဧသောအခါ ဖြစ်လတ္တံ့။

၁- နဂရံ ဝိသာလံနာမ (ပါရာဒိကံအဋ္ဌကထာ)

http://www.dhammadownload.com



ထိုအခါ ဤသိန်းခိုကျွန်းဌ၌ ဓာတ်တော်တို့ကား မဟာစေတီသို့ စုလတ်ကုန်အံ့။ မဟာစေတီမှသည် နာဂဒီပကျွန်းဌ၌ ရာဇာရတနစေတီသို့ချည်း စုလတ်ကုန်အံ့။ ရာဇာရတနစေတီမှသည် မဟာဗောဓိသို့ချည်း စုလတ်ကုန်အံ့။ နဂါးပြည်, နတ်ပြည်, ဗြဟ္မာပြည်တို့၌ ဓာတ်တော်တို့သည်လည်း မုန်ညင်းသီးမျှ မကြွင်း မဟာဗောဓိသို့ချည်း စု၍ မဟာဗောဓိပလ္လင်တော်၌ နက်သောရွှေစိုင်ကဲ့သို့ ဖြစ်၍ ရောင်ခြည် ၆ ပါးကို လွှတ်လတ်ကုန်အံ့။ ထိုရောင်ခြည် ၆ ပါးတို့ကား စက္ကဝါ* ၁ သောင်းလုံး နှံ့လတ္တံ့။

စက္ကဝါ ၁ သောင်း၌နေသော နတ်, ဗြဟ္မာတို့သည် စည်းဝေးကုန်၏။ ''ယနေ့လျှင် မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏။ 'ယနေ့လျှင် အဆုံးစွန်သောမြင်ခြင်းတကား' ဟူ၍ ပရိနိဗ္ဗာန် ပြုတော်မူသောနေ့ထက် အလွန်ကြီးစွာသောသနားဖွယ်ကို ပြုလတ်ကုန်အံ့။

အနာဂါမ်ရဟန္တာမှ တစ်ပါးသောနတ်တို့ကား မိမိတို့ကိုယ်၏အဖြစ်ဖြင့် တည်စိမ့်သောငှာ မတတ်နိုင်သည်ဖြစ်လတ္တံ့။

ထိုဓာတ်တော်မှ တဖောဖောတ် ထွက်လတ်၍ ဗြဟ္မာပြည်တိုင်အောင် တက်လတ္တံ့။ အလှူ တစ်ပြိုင်နက် ဖြစ်လတ္တံ့။ ဤသို့ ဓာတ်တော်ကွယ်သဖြင့် သာသနာတော်ကွယ်သတည်း။

ထိုအရာတို့၌ စေတီတို့သည် ပျက်ခဲ့ကုန်သော် နတ်တို့၏အာနုဘော်ဖြင့် ထိုစေတီရာသည် ဆူးအတိပြီးသော အခက်ရှိကုန်သော အထူးထူးသောချူတို့ဖြင့် ရံလျက်တည်၏။ ထိုစေတီရာကို တစ်စုံတစ်ယောက်သော သူသည်မျှ စားဖတ်, မစင်, အညစ်အကြေး, တံမြက်ချေး, အမှိုက်တို့ မပြစ်မှား။

ထိုထူပါရုံသို့ ဆင် ရောက်လေသောအခါ ထိုဆင်၏ရှေ့မှ သွား၍၊ မင်းကြီးလုလင်တော်တို့သည် ခပ်သိမ်းသောချူနွယ်တို့ကို ဖြတ်၍၊ မြေကို သုတ်သင်၍ ထိုစေတီရာကို လက်ဝါးပြင်နှင့် အတူပြုကုန်၏။ ဆင်သည်လည်း သွား၍၊ ထိုစေတီရာကို ရှေ့ထား၍၊ ထိုစေတီရာ၏ အနောက်မျက်နှာအဖို့၌ ဒက္ခိဏာသာခါဗောဓိအစေ့ကို စိုက်သောအရာ၌ ရပ်၏။ ထိုအခါ ထိုဆင်၏ဦးကင်းမှ ဓာတ်တော်ကိုချအံ့သောငှာ ထုတ်ကုန်၏။ ဆင်လည်း ချစိမ့်သောငှာ မပေး။

မင်းလည်း ထိုအကြောင်းကို အရှင်မဟိန္ဒထေရ်ကို မေးတော်မူ၏။

''မြတ်သောမင်း။ 'တင်ပြီးသောဓာတ်တော်ကို ချခြင်းငှာ မအပ်'ဟု နလုံးသွင်း၍ မပေးသတည်း'' ဟု မိန့်တော်မူ၏။

ထိုအခါ အဘယကန်၌ ရေပြတ်၍ ထက်ဝန်းကျင်မှမြေသည် ကွဲပပ်၏။ မြေစိုင်သည် ခွာလွယ်၏။ ထိုအဘယကန်မှ လူများသည် လျင်စွာ - လျင်စွာ မြေစိုင်ကို ဆောင်၍ ဆင်ဦးကင်းနှင့်အမျှ ဝတ္ထုအကျည်ကို ခင်း၏။

ထိုခဏ၌လည်း စေတီတည်အံ့သောငှာ အုတ်တို့ကိုပြုခြင်းငှာ အားထုတ်ကုန်၏။ အကြင်မျှလောက် အုတ်ကို သယ်ပြီးကုန်၏။ ထိုမျှလောက် ဆင်ပြောင်ကြီးသည် ၁ ရက်-၂ ရက် နေ၌ကား ဒက္ခိဏာသာခါဗောဓိရောက်ရာ၌ ဆင်ဦးကင်း၌ ထား၍ နေ၏။ ညဉ့်၌ကား ဓာတ်တော်ကို အကျဉ်း၌ထား၍ စေတီတည်အံ့သောအခင်းကို လှည်း၏။ ထိုနောင်မှ အကျည်ကို အုတ်ပြီးစီးစေ၍ မင်းကြီးသည် မဟိန္ဒထေရ်ကို မေး၏။

''ရှင်ပင်ဘုရား။ အသို့သောသဏ္ဌာန်ရှိသော စေတီကို ပြုရအံ့နည်း'' ဟုမေးတော်မူ၏။

* စကြဝဠာ

http://www.dhammadownload.com



"မြတ်သောမင်း။ စပါးစုနှင့် တူသောသဏ္ဌာန်ရှိသည်ကို ပြုအပ်၏" ဟု မိန့်တော်မူ၏။

"ရှင်ပင်ဘုရား။ ကောင်းပြီ" ဟု ဝန်ခံ၍၊ မင်းကြီးသည် အတိုင်းအရှည်ရှိသောစေတီကို တည်စေ၍ ဓာတ်တော်ကိုချအံ့သောငှာ ကြီးစွာသောပူဇော်သက္ကာကို ပြုပေ၏။

ပြည်သူစနပုဒ်တို့သည်လည်း ဓာတ်တော်ပူဇော်ခြင်း၊ ဖူးမြင်ခြင်းငှာ စည်းဝေးကုန်၏။ ထိုလူများအပေါင်း စည်းဝေးလတ်ပြီးသော်၊ အား ၁၀ ပါးနှင့်ပြည့်စုံတော်မူသော မြတ်စွာဘုရားဓာတ်တော်သည် ဆင်ဦးကင်းမှ ထန်း ၇ ဆင့် အတိုင်းအရှည်ရှိသော ကောင်းကင်သို့ ပျံလေ၍၊ ရေ၊မီး အစရှိသော ယမိုက်ပြာဋိဟာကို ပြတော်မူပေ၏။ ထိုထိုသော ဓာတ်တော်အစိတ်တို့မှ ၆ ပါးသောအဆင်းရှိသော ရောင်ခြည်တို့သည် ထွက်လတ်ကုန်၏။ ရေအယဉ်၊ မီးအလျှံတို့သည်လည်း ဖြစ်လတ်ကုန်၏။ သာဝတ္ထိပြည်၏အနီး 'ကဏ္ဍမ္ဗ'အမည်ရှိသော သရက်ပင်၏ အပါး၌ မြတ်စွာဘုရားသည်ပြတော်မူသော ပြာဋိဟာနှင့်အတူလျှင် အံ့ဖွယ်ရှိသော ပြာဋိဟာတန်ခိုးသည် ဖြစ်၏။

ဤသို့ဖြစ်ခြင်းသည်ကား မထေရ်တို့၏ အာနုဘော်ကြောင့်လည်း မဖြစ်။ နတ်တို့၏ အာနုဘော်ကြောင့်လည်း မဖြစ်။ စင်စစ်ကား မြတ်စွာဘုရား အာနုဘော်ကြောင့်သာလျှင် ဖြစ်သတည်း။

မြတ်စွာဘုရား ထင်ရှားရှိတော်မူကတည်းကလျှင် အဓိဋ္ဌာန်တော်မူသတည်း။

'ငါ ပရိနိဗ္ဗာန်လွန်ပြီးသော် သိန်းခိုကျန်း၌ အနုရာဓပြည်၏ အနောက်တောင်ထောင့် ၃ ဆူကုန်သော ရှေးဘုရားတို့၏ ပရိဘောဂစေတီ တည်ရာအရပ်၌ ငါ၏ လက်ယာညှပ်ရိုးတော်သည် တည်စေသောနေ၌ ရေ၊မီး အစုံသော တန်ခိုးပြာဋိဟာကိုပြသည် ဖြစ်စေသတည်း'ဟု အဓိဋ္ဌာန်တော်မူသတည်း။

'စဝံ ဝုတ္တနယေန ဗုဒ္ဓါ၊ ဗုဒ္ဓဓမ္မာ အစိန္တိယာ၊
အစိန္တိယေ ပသန္နာနံ၊ ဝိပါကော ဟောတိ အစိန္တိယော။ ။'

"စဝံ ဝုတ္တနယေန၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဗုဒ္ဓါ၊ ဘုရားရှင်တို့သည်။ အစိန္တိယာ၊ မကြံနိုင်ကုန် (သဗ္ဗဝိဘုရားကို ရည်သည်)။ ဗုဒ္ဓဓမ္မာ၊ ဘုရားကျေးဇူးတော်တို့သည်။ အစိန္တိယာ၊ ကြံနိုင်ဖွယ် မရှိကုန်။ အစိန္တိယေ၊ ကြံနိုင်ဖွယ်မရှိသော ကျေးဇူးရှိသောဘုရား၌။ ပသန္နာနံ၊ ကြည်ညိုသောသူတို့အား။ အစိန္တိယော၊ မကြံအပ်သော။ ဝိပါကော၊ အကျိုးသည်။ ဟောတိ၊ ဖြစ်၏။"

http://www.dhammadownload.com



## သိန်းခိုကျွန်းသို့ မြတ်စွာဘုရား ကြွတော်မူခြင်းအကြောင်း

မြတ်စွာဘုရားကား သိန်းခိုကျွန်းသို့ ၃ ကြိမ် လာတော်မူ၏။

ရှေးဦးစွာ ၁ ကြိမ်ကား ဘီလူးတို့ကို ဆုံးမအံ့သောငှာ လာတော်မူ၏။ ဘုရားအဖြစ်သို့ ရောက်တော်မူ၍၊ ၉ လမြောက်၌ ဘီလူးတို့၏နေရာ လင်္ကာကျွန်းသို့ သွားတော်မူလေ၍၊ အလျား ၃ ယူဇနာရှိသော စစ်မြေအရပ်၌ မဟာနာဂဝနဥယျာဉ်၌ ဘီလူးတို့၏အစည်းအဝေးတွင် ကောင်းကင်က ရပ်တော်မူလျက်၊

ကမ္ဘာပျက်လေ လာသကဲ့သို့ လာစေသဖြင့် လည်းကောင်း၊ ကမ္ဘာပျက်မိုး ရွာသကဲ့သို့ ရွာစေသဖြင့် လည်းကောင်း၊ လောကန္တရက်ငရဲကဲ့သို့ ကြောက်မက်ဖွယ်သော မိုက်ခြင်း၊ချမ်းခြင်းတို့ကို ဖြစ်စေသဖြင့် လည်းကောင်း၊ ကမ္ဘာပျက်လေ ချောက်ချားသဖြင့် မိုး ကြိုးသည်နှင့်တူသော ကောင်းကင်ကြိုးသော အသံကို ဖြစ်စေသဖြင့်လည်းကောင်း ဘီလူးတို့၏ ထိတ်လန့်ခြင်းကို ဖြစ်စေ၏။

ထိုဘီလူးတို့သည် ကြောက်လန့်သောအားဖြင့် ဘေးမဲ့ တောင်းပန်ရကား ''နင်တို့သည် အညီအညွတ်ဖြစ်၍၊ ငါ့အား နေရာပေးမူကား ဘေးမဲ့ ပေးအံ့သည်''ဟူ၍ မိန့်တော်မူ၏။ ထိုဘီလူးတို့လည်း ခွင့်ပေးကုန်၏။

ခပ်သိမ်းသော ချင်းတို့၏ထိတ်လန့်ဖွယ်တို့ကို ကွယ်စေပြီးသော် ကောင်းကင်မှ သက်တော်မူ၍၊ ရက္ခိုဿ ဘီလူးတို့၏အလယ်၌ စမ္မခဏ်ခင်း၍ နေတော်မူလျက်၊ ထက်ဝန်းကျင်မှ ရဲရဲကြီးသောစမ္မခဏ်ကို ဖြန့်လတ်သော်၊ ကမ္ဘာပျက်မီးနှင့် တူသောပူခြင်းတို့ဖြင့် သမုဒ္ဒရာနားကို လှည့်ကာသွားသောဘီလူးအား သောင်ကျွန်းတို့ကို ဖန်ဆင်းတော်မူ၍ နေစေပြီးသော် ကြပတေ့ဖြစ်စေလျက် စမ္မခဏ်ကိုရုံ၍ နေတော်မူ၏။

ထိုအခါ အညီအညွတ်စည်းဝေးသော နတ်ဘီလူးတို့၏အလယ်၌ တရားဟောတော်မူ၍၊ အကုဋေမကသော သတ္တဝါတို့အား အကျွတ်တရားကို ရစေ၏။ သုမနကူဋတောင်၌နေသော၊ သောတာပန်အဖြစ်သို့ ရောက်ပြီးသော မဟာသုမနနတ်သည် တောင်းပန်ရကား ဦးခေါင်းတော်ကို သုံးသပ်တော်မူ၍၊ ၁ ဆုပ်မျှသော ဆံတော် ဓာတ်တော်ကို ပေးတော်မူ၍ စမ္မဒီပသို့ လာတော်မူ၏။

၂ ကြိမ်မြောက်ကား ဘုရားဖြစ်တော်မူ၍ ၅ နှစ်မြောက်၌ 'စူဠောဒရ၊ မဟောဒရ' အမည်ရှိသော ကျင်းဉီနေသော နဂါးမင်းတူ၊ ဦးရီးတို့သည် ပတ္တမြားပလ္လင်ကို မှီ၍ စစ်ကြီးဖြစ်ကြလတ်သော်၊ ထိုနဂါးတို့၏ ပျက်စီးလတ္တံ့သည်ကို မြင်တော်မူ၍၊ တန်ခူးလကွယ် ဥပုသ်နေ့နံနက်က 'သုဒ္ဓ'အမည်ရှိသော နတ်သားသည် လင်းလွန်းပင်ကို ထီးပြု၍ကာလျက်၊ နာဂဒီပသို့ သွားတော်မူလေ၍ နဂါးတို့၏စစ်မြေအလယ်၌ အထက်ကောင်းကင်က ထက်ဝယ်ဖြင့် နေတော်မူလျက်၊ ကြောက်မက်ဖွယ်သောအခိုးကို ဖန်ဆင်းတော်မူသဖြင့် နဂါးတို့ကို ထိတ်လန့်စေပြီးသော် သက်သာရာကို ရစေလျက် အလင်းကို ပြတော်မူ၍၊ နှစ်လိုဝမ်းသာ ကပ်လတ်ကုန်သော နဂါးတို့အား ညီညွတ်စွာပြုအပ်သောတရားကို ဟောတော်မူ၍၊ နဂါးမင်းတူ၊ဦးရီး ၂ ယောက်တို့သည် ပူဇော်သောပတ္တမြားပလ္လင်ကို မြေ၌ခင်း၍ နေတော်မူပြီးသော် နဂါးတို့လှူသော ဆွမ်း၊အဖျော်ဖြင့် ရောင့်ရဲတော်မူလျက်၊ ကုဋေ ၈၀ မျှသော

http://www.dhammadownload.com



ကျင်း၌နေသော နဂါး, ရေ၌နေသော နဂါးတို့ကို သရဏာဂုံပဋ္ဌသီတို့၌ တည်စေ၍၊ ထိုနဂါးတို့အား ရှိခိုးကိုးကွယ်ရာဖြစ်စိမ့်သောငှာ ပတ္တမြားပလ္လင်၌ လင်းလွန်းပင်ကို တည်စေ၍ ဓမ္မဒိပ်သို့ လာတော်မူ၏။

၃ ကြိမ်မြောက်ကား ဘုရား ဖြစ်တော်မူ၍၊ ၈ နှစ်မြောက်၌ မဟောဒရနဂါးမင်း၏ ဦးရီးဖြစ်သော 'မဏိ ပက္ခိက' အမည်ရှိသော နဂါးမင်းသည် တောင်းပန်၍၊ ကဆုန်လပြည့် ဥပုသ်နေ့၌ ၅၀၀ သောရဟန်းတို့ဖြင့် ခြံရံလျက် ကလျာဏီအရပ်၌ မဏိပက္ခိက နဂါးမင်း၏ဗိမာန်သို့ ကပ်တော်မူလေ၍၊ နဂါးမင်းဖန်ဆင်းသော ရတနာမဏ္ဍပ်၌ခင်းသော မြတ်သောပလ္လင်ထက် နေတော်မူလျက် နဂါးမင်းသည် နတ်၏အဖျော် စသည်တို့ဖြင့် ရောင့်ရဲစေအပ်သည် ဖြစ်၍၊ နဂါးသမီးအပေါင်းခြံရံလျက် နတ်တို့၏ ပန်း, နံ့သာအပေါင်းတို့ဖြင့် ပူဇော်လတ်သော်၊ တရားဟောတော်မူ၍ သုမနကူဋတောင်ထိပ်၌ ခြေရာတော်ပြခဲ့ပြီးသော်၊ တောင်ခြေရင်း၌ နေ့သန့်စင်တော်မူပြီးမှ ကလျာဏီစေတီအရာ၌ ဒီဃဝါပိစေတီအရာ, မုတိယင်္ဂဏစေတီအရာ, ဒက္ခိဏာသာခါအရာ, မဟာဗောဓိအရာ, ထူပါရုံအရာ, မဟာစေတီအရာ၊ ဤအရပ်တို့၌ တပည့်သားတော်တို့နှင့်တကွ နေတော်မူ၍၊ နိရောဓသမာပတ် ဝင်စားတော်မူ၍၊ သီလာစေတီယအရပ်၌ တန့်တော်မူလျက် နတ်တကာတို့ကို ဆုံးမတော်မူ၍ ဓမ္မဒိပ်သို့ လာတော်မူ၏။ ။

ဤသို့ ထင်ရှားရှိတော်မူစဉ် ၃ ကြိမ်။ 'ဓာတ်'ဟူသော ကိုယ်တော်ဖြင့်လာခြင်းဖြင့် မြတ်စွာဘုရားကား ၄ ကြိမ်မြောက် လာခြင်းတည်း။

မြတ်စွာဘုရား သရီရဓာတ်တော်မှထွက်လတ်သော ရေပေါက်တို့ဖြင့် အလုံးစုံသော သိန်းခိုကျွန်းအပြင်၌ တစ်စုံတစ်ခုမျှ မတွေ့သောအရပ်မည်သည် မဖြစ်။ ဤသို့ မြတ်စွာဘုရား သရီရဓာတ်တော်သည် ရေပေါက်တို့ဖြင့် သိန်းခိုကျွန်းအပြင်၏ပူဇော်ခြင်းကို ငြိမ်းစေ၍၊ လူများအား ယမိုက်ပြာဋိဟာကို ပြပြီး၍၊ ကောင်းကင်မှ သက်၍ မင်းကြီးဦးခေါင်းထက်၌ တည်လေ၏။

မင်းကြီးလည်း အကျိုးရှိသော လူတို့၏အဖြစ်ရခြင်းကို အောက်မေ့လျက် ကြီးစွာသောပူဇော်သက္ကာရ ကိုပြု၍ ဓာတ်တော်ကို ဌာပနာသွင်းလေ၏။ ဓာတ်တော်ကို ဌာပနာသွင်းသည်နှင့်တကွ သည်းစွာသော မြေ၏ လှုပ်ခြင်းသည် ဖြစ်၏။ ထို ဓာတ်တော်၏တန်ခိုးပြာဋိဟာကို ပြသောအခါ၌ စိတ်ကို ကြည်စေ၍ မင်းကြီး၏ညီတော် 'အဘယ' အမည်ရှိသောမင်းသည် အချင်း ၁၀၀၀ နှင့်တကွ ရဟန်းပြု၏။ စေတရဋ္ဌရာမှ ၅၀၀ သော သတို့သား တို့သည် ရဟန်းပြုကုန်၏။ ထို့အတူ 'ဒွါရမဏ္ဍလ'အစရှိသောရွာတို့မှ ထွက်၍၊ ၅၀၀ သော သတို့သားတို့သည်လည်း ရဟန်းပြုကုန်၏။ ပြည်တွင်းပြည်ပမှ ထွက်၍ ရဟန်းပြုသောသူတို့ကား ၃ သောင်း ရှိကုန်၏။

http://www.dhammadownload.com



## အနုဠာဒေဝီ ရဟန်းပြုခြင်းအကြောင်း

စေတီပြိုးပြိုးသည်ရှိသော် ဒေဝါနံပိယတိဿမင်းကြီးသည် လည်းကောင်း၊ မင်းကြီးနောင်တော်၊ ညီတော်တို့သည် လည်းကောင်း (အဘယကား နောင်တော်အကြီးတည်း။)၊ မိဖုရားသည် လည်းကောင်း၊ နတ်၊ နဂါး၊ ဘီလူးတို့၏ အံ့ဖွယ်ကိုပြုတတ်သော အသီးအသီး ပူဇော်သက္ကာကို ပြုကုန်၏။

ဓာတ်တော်ပူဇော်ခြင်း ပြီးပြီးသည်ရှိသော်၊ မြတ်စွာဘုရားညွှတ်ရိုးတော်သည် တည်ပြီးလတ်သော် မဟာမဟိန္ဒထေရ်သည် မေဃဝန်ဥယျာဉ်သို့ လျင်စွာကြွတော်မူ၍၊ ဝါဆိုတော်မူလေ၏။

ထိုအခါ နောင်တော် အဘယမင်းကြီး၏မိဖုရား အနုဠာဒေဝီ*သည် ရဟန်းပြုလိုသည် ဖြစ်၍၊ မင်းကြီးအား ကြားလျှောက်ပေ၏။ မင်းကြီးလည်း ထိုအနုဠာဒေဝီမိဖုရား၏စကားကို ကြား၍၊ မဟာမဟိန္ဒထေရ်ကို လျှောက်၏။

"အရှင်ဘုရား။ အနုဠာဒေဝီသည် ရဟန်းပြုလို၏။ ထိုအနုဠာမိဖုရားကို ရဟန်းပြုကုန်လော့" ဟု နားတော်လျှောက်၏။

"မြတ်သောမင်း။ ငါတို့အား မင်းမိန်းမကို ရဟန်းပြုခြင်းငှာ မအပ်။ ပါဋလိပုတ်ပြည်၌ နှမတော် သဃ်မိတ္တာထေရီကို ပင့်လေစေလော့။ မြတ်သောမင်း။ ငါတို့မြတ်စွာဘုရား ထင်ရှားရှိတော်မူသောအခါ၌ ရောင်ခြည်ကို လွှတ်စေတော်မူသကဲ့သို့ ရောင်ခြည်ကွန်ရက်ကိုလွှတ်တတ်ထသော မဟာဗောဓိသည် ဤသိမ်းခို ကျွန်း၌ တည်အပ်၏။ ထို့ကြောင့် စေတော်မူသည်ရှိသော် သဃ်မိတ္တာထေရီသည် ဗောဓိကို ယူ၍ လာရာ၏" ဟု မိန့်တော်မူ၏။

မင်းကြီးလည်း "ရှင်ပင်ဘုရား။ ကောင်းပြီ" ဟု ဝန်ခံ၍၊ အမတ်တို့နှင့်တကွ တိုင်ပင်လတ်သော်၊ 'အရိဋ္ဌ'အမည်ရှိသော တူတော်ကို မိန့်တော်မူ၏။

"အရိဋ္ဌ။ သင်သည် ပါဋလိပုတ်ပြည်သို့ သွား၍၊ မဟာဗောဓိနှင့်တကွ သခင်မ သဃ်မိတ္တာထေရီကို ဆောင်ခြင်းငှာ တတ်နိုင်အံ့လော" ဟု မိန့်တော်မူ၏။

"အရှင်မင်းကြီး။ အကယ်၍ အကျွန်ုပ်အား ရဟန်းအဖြစ်သို့ ခွင့်ပြုပါမူကား တတ်နိုင်၏"ဟု နားတော်လျှောက်၏။ "အရိဋ္ဌ။ သွားလော။ အရှင်ထေရီမကို ဆောင်၍ ရဟန်းပြုလေလော့"ဟု မိန့်တော်မူ၏။

ထို တူတော် အရိဋ္ဌလည်း မင်းကြီး၏ လည်းကောင်း၊ အရှင်မဟိန္ဒထေရ်၏ လည်းကောင်း သတင်းစကား ကိုယူ၍ သွားလေသော်၊ မဟာမဟိန္ဒထေရ်၏အဓိဋ္ဌာန်အားဖြင့် နေ့ချင်းသည် 'ဇမ္ဗုကောလ' အမည်ရှိသော သဘောဆိပ်သို့ သွား၍၊ သဘောလှေ စီး၍၊ သမုဒ္ဒရာကို လွန်၍ ပါဋလိပုတ်ပြည်သို့ ရောက်လေ၏။

* အနုဠာဒေဝီ - ဝံသဒီပနီနှင့် ပါရာဓိကဏ်အဋ္ဌကထာ။

http://www.dhammadownload.com



အနုဠာမိဖုရားလည်း ၅၀၀၀ သော မင်းသမီး, ၅၀၀၀ သော မောင်းမတို့နှင့်တကွ အင်္ဂါ ၁၀ ပါးရှိသော ဒသသီတင်းတို့ကို ဆောက်တည်၍၊ ဖန်ရည်စွန်းသောပုဆိုးတို့ကို ဝတ်၍၊ မြို့၏ တစ်စိတ်သောအရပ်၌ ဘိက္ခုနီမတို့၏ နေရာကျောင်းကို ပြုစေ၍ နေခြင်းကိုပြု၏။

အရိဋ္ဌအမတ်လည်း ထို ရောက်သောနေ့ပင်လျှင် ဒေဝါနံပိယတိဿမင်းကြီး၏ ပေးလိုက်သောသတင်းစကားကို ဆက်ပေ၏။ ဤသို့ လျှောက်၏။

"အရှင်မင်းကြီး။ သားတော် အရှင်မဟိန္ဒထေရ်သည် ဤသို့ မိန့်တော်မူလိုက်၏။ 'ဖခင်မင်းကြီး၏ အဆွေတော်, ဒေဝါနံပိယတိဿမင်းကြီး၏ နောင်တော် အဘယမင်းကြီး၏မိဖုရား အနုဠာဒေဝီသည် ရဟန်းပြုပါလိုသည်။ ထိုအနုဠာမိဖုရားကို ရဟန်းပြုခြင်းငှာ သင်္ဃမိတ္တာထေရီနှင့်တကွ မဟာဗောဓိကို ပို့လိုက်စေကုန်' ဟု အရှင်မဟိန္ဒထေရ်၏ နှုတ်မှာလိုက်သောစကားတော်ကို လျှောက်ပေ၏။

လျှောက်ပြီးမှ သင်္ဃမိတ္တာထေရီအထံသို့ ကပ်လေ၍ ဤသို့လျှောက်၏။

"သခင်မ။ မောင်တော်မဟိန္ဒထေရ်သည် အကျွန်ုပ်ကို အထံတော်သို့ စေတော်မူ၏။ ဒေဝါနံပိယတိဿမင်းကြီး၏နောင်တော် အဘယမင်း၏မိဖုရား အနုဠာဒေဝီသည် ၅၀၀၀ သောမင်းသမီး, ၅၀၀၀ သောမင်းမောင်းမတို့နှင့်တကွ ရဟန်း ပြုပါလို၏။ လာ၍ ထိုအနုဠာဒေဝီမိဖုရားကို ရဟန်းပြုလာစေကုန်သတည်း' အကျွန်ုပ်ကို မောင်တော် စေတော်မူလိုက်၏" ဟု နှုတ်မှာလိုက်သောစကားကို လျှောက်ပေ၏။

သင်္ဃမိတ္တာထေရီလည်း ထိုစကားကို ကြားသောခဏ၌ပင်လျှင် အဆောတလျင် ခမည်းတော်အထံသို့ သွား၍ ဤသို့ဆို၏။

"မြတ်သောမင်း။ အကျွန်ုပ်မောင်တော် မဟိန္ဒထေရ်သည် ဤသို့ မှာလိုက်၏။ ဒေဝါနံပိယတိဿမင်းကြီး၏နောင်တော် အဘယမင်းကြီး၏မိဖုရား အနုဠာဒေဝီသည် ၅၀၀၀ သောမောင်းမတို့နှင့် တကွ ရဟန်းပြုပါလိုသည်ဖြစ်၍ အကျွန်ုပ်၏လာခြင်းကို မျှော်လင့်၏။' မြတ်သောမင်း။ အကျွန်ုပ် သိန်းခိုကျွန်းသို့ သွားလေအံ့" ဟုဆို၏။

ခမည်းတော်လည်း "ချစ်သမီး။ ငါ့သားမဟိန္ဒထေရ်, ငါ့မြေးသုမနသာမဏေတို့သည် လက်ရုံး, လက်မောင်းပြတ်သကဲ့သို့ပြုလျက် သိန်းခိုကျွန်းသို့ သွားခဲ့ကုန်၏။ ထို ၂ ယောက်တို့ကိုလည်း မမြင်ရသောကြောင့် စိုးရိမ်ခြင်း ရှိသော်လည်း ချစ်သမီးမျက်နှာကို မြင်ရသောငါ့အား ပူပန်ခြင်း ငြိမ်း၏။ ချစ်သမီး- မသင့်။ မသွားလေလင့်" ဟု မြစ်တော်မူ၏။

"မြတ်သောမင်း။ အကျွန်ုပ်မောင်တော်စကားသည် ဝန် ကြီး၏။ အနုဠာဒေဝီမိဖုရားသည်လည်း မင်းမိန်းမ ၁ သောင်းခြံရံလျက် ရဟန်းအဖြစ်သို့ ရှေးရှုဖြစ်၍ အကျွန်ုပ်ကို တောင့်တ၏။ မြတ်သောမင်း။ အကျွန်ုပ် သွားပါအံ့" ဟု ဆို၏။

"ချစ်သမီး။ ထိုသို့တပြီးကား မဟာဗောဓိကိုယူ၍ သွားလေ" ဟုမိန့်တော်မူ၏။

အဘယ်မှာ မင်းကြီးအား မဟာဗောဓိ ရှိသနည်းဟူမူကား အသောကမင်းကြီးသည် ထိုသိန်းခိုကျွန်းမှ ဓာတ်တော်ကိုယူအံ့သောငှာ သုမနသာမဏေတို့မလာမီ ရှေ့ကပင် သိန်းခိုကျွန်းသို့ မဟာဗောဓိကို ပေးလိုသည်ဖြစ်၍၊ အသို့လျှင် ဓားဖြင့်ဖြတ်ခြင်းငှာမထိုက်သော မဟာဗောဓိကို 'ပေးလိုက်ရအံ့လော' ဟု အကြောင်းကို

http://www.dhammadownload.com



မြင်၍၊ 'မဟာဒေဝ'အမည်ရှိသောအမတ်ကို မေးသော်၊ ''အရှင်မင်းကြီး။ ပညာရှိရဟန်းတို့သည် များကုန်၏'' ဟုဆိုသော်၊ ထိုစကားကို ကြား၍၊ မင်းလည်း ရဟန်းအပေါင်းကို ဆွမ်းကျွေး၍ မေး၏။

''အရှင်ဘုရားတို့။ ငါတို့မြတ်စွာဘုရားဟောဓိတော်သည် သိန်းခိုကျွန်းသို့ သွားအပ်မည်လော, မသွားအပ်လော''ဟု မေးတော်မူသော်၊ အရှင်မောဂ္ဂလိပုတ္တတိဿထေရ်လည်း ''မြတ်သောမင်း။ မဟာဗောဓိသည် သိန်းခိုကျွန်းသို့ သွားအပ်၏'' ဟုဆို၍၊

''မြတ်စွာဘုရားလည်း ၅ ပါး အပြားရှိသော ကြီးစွာသောအဓိဋ္ဌာန်ခြင်းတို့ကို မိန့်တော်မူပေ၏။ မင်းကြီး။ ၅ ပါးသော အဓိဋ္ဌာန်တော်မူခြင်းကား မြတ်စွာဘုရားသည် မြတ်သောပရိနိဗ္ဗာန် ပြုတော်မူရာ ညောင်စောင်း၌ လျောင်းတော်မူလျက်၊

'သိန်းခိုကျွန်းသို့ မဟာဗောဓိကိုတည်စိမ့်သောငှာ အသောကမဟာဓမ္မရာဇမင်းသည် မဟာဗောဓိကို ယူအံ့သောငှာ သွားလတ္တံ့။ ထိုအခါ မဟာဗောဓိ၏တောင်ခက်သည် အလိုလိုလျှင် ပြတ်၍ ရွှေဖျဉ်း၌ တည်စေသတည်း' ဟု ဓိဋ္ဌာန်တော်မူသည်လည်း ၁ ပါး။

'ထိုရွှေဖျဉ်း၌ တည်သောကာလ၌ မဟာဗောဓိသည် ဆီးနှင်းတိုက်သို့ဝင်လေ၍ တည်စေသတည်း'ဟု ဓိဋ္ဌာန်တော်မူသည်လည်း ၁ ပါး။

'၇ ရက်မြောက်သောနေ့ ဆီးနှင်းတိုက်မှသက်၍ ရွှေဖျဉ်း၌တည်စေသော မဟာဗောဓိသည် အရွက်,အသီးတို့မှ ၆ ပါးသောအဆင်းရှိသော ရောင်ခြည်တို့ကို လွှတ်စေသတည်း'ဟု ဓိဋ္ဌာန်တော်မူသည်လည်း ၁ ပါး။

'ထူပါရုံ၌ လက်ယာညာဉ်ရိုးတော်သည် စေတီ၌သွင်းသည်နေ့ ယမိုက်ပြာဋ္ဌိဟာကို ပြတော်မူစေသတည်း'ဟု ဓိဋ္ဌာန်တော်မူသည်လည်း ၁ ပါး။

'သိန်းခိုကျွန်း၌ လည်းကောင်း, ၁ တုမ္ဗ[1] မျှသောဓာတ်တော်သည် မဟာစေတီ၌ ဌာပနာသောကာလ ဘုရားအသွင်ကို ယူ၍၊ ကောင်းကင်သို့ ပျံတက်လေ၍ ရေ, မီး အစုံအစုံ အံ့ဖွယ်သော တန်ခိုးပြာဋ္ဌိဟာတို့ကို ပြစေကုန်သတည်း'ဟု ဓိဋ္ဌာန်တော်မူသည်လည်း ၁ ပါး။ ။ ဤ ၅ ပါးသော ဓိဋ္ဌာန်တော်ကို မိန့်တော်မူပေ၏။

[မဂဓရာဇ်ကွန်းစားဖြင့် ၁၆ ကွန်းစား ဟု ဋီကာ ဆို၏။ 'စရွတ်, တုမ္ဗ' ဟူသော စကားဝေါဟာရသာ ထူးသည်။ ပမာဏ မထူး။]

အသောကမင်းကြီးသည် ဤ ၅ ပါးသောအဓိဋ္ဌာန်တော်တို့ကို ကြားလျှင် ကြည်ညိုသောစိတ် ရှိသည်ဖြစ်၍၊ ပါဋလိပုတ်ပြည်မှ အကြင်မျှလောက် မဟာဗောဓိသည် ရှိ၏။ ထိုမျှလောက် ၇ ယူဇနာရှိသောခရီးကို သုတ်သင်စေ၍၊ ရွှေဖျဉ်းအလိုငှာ များစွာသောရွှေကို ကြ[2]မှ ထုတ်စေ၍၊ ထိုခဏ၌ မင်းကြီးစိတ်တော်ကို သိ၍၊ ဝိသကြိုနတ်သားသည် ရွှေပန်းထိမ်အသွင်ကို ဖန်ဆင်း၍၊ ရှေ့တော်မှ နေ၏။ မင်းကြီးလည်း ထိုရွှေပန်းထိမ်သည်ကို မြင်၍၊ ''အမောင်။ ဤရွှေကိုယူ၍ ရွှေဖျဉ်းလုပ်လော့''

''အရှင်မင်းကြီး။ ပမာဏကို မိန့်တော်မူလော့''

''အမောင်။ သင်သာလျှင် ပမာဏကို သင့်အောင်ပြုလော့''

၁- ၁ ဖြည်။ ၄ စလယ်။
၂- စပါး ၂၅၆ တင်းဆံ့သော အဆောက်အဦ။

http://www.dhammadownload.com



''အရှင်မင်းကြီး။ ကောင်းပြီ''ဟု ရွှေကို ယူ၍၊ မိမိ၏အာနုဘော်ဖြင့် သုံးသပ်၍၊ အဝန်း ၉၀၀၀, အစောက် ၅၀၀၀, အချင်း ၃၀၀၀, အထူ လက် ၈ သစ်, အနားရေး ဆင်နှာမောင်းအတိုင်းအရှည် ရှိသော ရွှေဖျဉ်းကို ဖန်ဆင်းပေ၏။

ထိုနောင်မှ မင်းကြီးလည်း အလျား ၇ ယူဇနာ, အနံ ၃ ယူဇနာရှိသော များစွာသောစစ်သည်ဖြင့် ပါဋလိပုတ်ပြည်မှ ထွက်လေ၍၊ အရိယာသံဃာအပေါင်းကို ယူ၍၊ မဟာဗောဓိသို့ သွားတော်မူလေ၏။ ဆောက် လတ်သော တံခွန်, ကုဋ္ဌား, အထူးထူးသောရတနာတို့ဖြင့် ဆန်းကြယ်သော၊ တစ်ပါးမကသော တန်ဆာတို့ဖြင့် ဆင်သော၊ အထူးထူးအပြားပြားသောပန်းတို့ဖြင့် ပြည့်သော၊ တစ်ပါးမကသော စည်, စောင်း, ငြင်းတို့ဖြင့် ချောက်ချားသော စစ်သည်တို့ဖြင့် မဟာဗောဓိကို ခြံရံ၏။

အသောကမင်းကြီးလည်း ၁၀၀၀ မျှလောက်သော, ဂိုဏ်း၏အကြီးဖြစ်ကုန်သော မဟာထေရ်တို့ကို ယူ၍၊ အလုံးစုံသောဓမ္မာဒီပါကျွန်း၌ အဘိသိက်သွန်းကုန်ပြီးသော၊ ၁ သောင်းသောမင်းတို့ဖြင့် အသောကမင်းကို လည်းကောင်း, မဟာဗောဓိကို လည်းကောင်း ခြံရံစေ၍ မဟာဗောဓိပင်ရင်း၌ နေ၏။

မဟာဗောဓိကို အထက်သို့ မျှော်၍ကြည့်သော်၊ 'မင်းကြီးယူမည့်အခက်ကား ဤအခက်တည်း'ဟု ညွတ်ဘိသကဲ့သို့ ယူအပ်သော တောင်ခက်မသည် ၄ တောင်သောအရပ်မျှ ကြွင်းစေ၍ ကွယ်ခဲ့၏။

အသောကမင်းကြီးကား ထိုသို့သောအံ့ဖွယ်ကို မြင်၍၊ နှစ်လိုဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍၊ ''အရှင်ဘုရားတို့။ အကျွန်ုပ်သည် ဤသို့အံ့ဖွယ်သရဲကို မြင်သောကြောင့် နှစ်လိုဝမ်းမြောက်ရကား မဟာဗောဓိကို ဓမ္မာဒီပါကျွန်းအလုံး မင်းအဖြစ်ဖြင့် ပူဇော်အံ့''ဟု ရဟန်းသံဃာအပေါင်းကို မိန့်တော်မူ၍ အဘိသိက်သွန်းပေ၏။ ထိုနောင်မှ ပန်း, နံ့သာ စသည်တို့ဖြင့် ပူဇော်၍၊ လက်ယာရစ် ၃ ကြိမ် လှည့်၍၊ ၈ ပါးသောအရပ်တို့၌ ရှိခိုး၍၊ ထ၍၊ လက်အုပ်ချီလျက် သစ္စာတော်ပြုသဖြင့် မဟာဗောဓိကို ယူလိုသည်ဖြစ်၍၊ မြေမှလည်း အကြင်မျှလောက် မဟာဗောဓိ တောင်ခက်မသည် ရှိ၏။ ထိုမျှလောက်မြင့်အောင် ပြု၍ထားအပ်သော အလုံးစုံ ရတနာအတိပြီးသော အင်းပျဉ်ထက် ရွှေဖျဉ်းကို တည်စေ၍၊ ရတနာအင်းပျဉ်သို့ တက်၍၊ ရွှေစုတ်ကို ကိုင်၍၊ ဆေးဒန်းမြင်းသီလာဖြင့် သား၍၊ ''အကယ်၍ မဟာဗောဓိသည် သိန်းခိုကျွန်း၌ထားအပ်သော အလုံးစုံကို ရည်၍၊ ငါသည်လည်း မြတ်စွာဘုရားသာသနာတော်၌ ယုံမှားကင်းခြင်းသည် ဖြစ်၍မူကား မဟာဗောဓိသည် အလိုလိုလျှင် ဤရွှေဖျဉ်း၌ တည်စေသတည်း''ဟု သစ္စာပြုတော်မူ၏။

သစ္စာပြုတော်မူသော ခဏ၌ မဟာဗောဓိသည် စုတ်ဖြင့်-စုတ်ဖြင့် သားရာအရပ်၌ ပြတ်၍ နံ့သာပျောင်းဖြင့် ပြည့်သော ရွှေဖျဉ်း၏အထက်၌ တည်၏။ ထိုဒက္ခိဏာသာခါ၏ကား အစောက်အားဖြင့် ၁၀ တောင် အတိုင်းရှိသော ပင်စည်သည် ဖြစ်၏။ ၄ တောင်-၄ တောင်အတိုင်းအရှည်ရှိသော ခက်မ ၅ ဖြာတို့သည်လည်း ဖြစ်ကုန်၏။ ၅ လုံး-၅ လုံးသော အသီးတို့ဖြင့်တန်ဆာဆင်ကုန်သော ခက်ငယ် ၁၀၀၀ သည် ဖြစ်၏။

ထိုနောင်မှ အသောကမင်းကြီးလည်း အရင်း၌ဖြစ်သော အရေး၏အထက် လက် ၃ သစ် အတိုင်းအရှည် ရှိသောအရပ်၌ တစ်ပါးသောအရေးကို သား၏။ ထိုအရေးမှ ထိုခဏ၌လျှင် အဖုတို့သည်ဖြစ်၍ ၁၀ ချောင်းသော မြစ်မတို့သည် ထွက်ကုန်၏။ တစ်ဖန် အထက် လက် ၃ သစ်-၃ သစ် ရှိကုန်သောအရပ်၌ တစ်ပါးကုန်သော ၉ တန့်သော အရေးတို့ကို သား၏။ ထိုအရေးတို့မှလည်း ၁၀ ခု-၁၀ ခုသော အဖုတို့သည် ဖြစ်၍၊ ၉၀ သော

http://www.dhammadownload.com



အမြစ်တို့သည် ထွက်ကုန်၏။ ရှေးဦးစွာ ထွက်ကုန်သောအမြစ်မှ ၁၀ ပါးတို့သည် လက် ၄ သစ် အတိုင်းအရှည် ထွက်လတ်၏။ ထိုမှတစ်ပါး ၉၀ သော မြစ် ၄ ဖြာတို့သည် နွားပ[1]စုရှုတ်အတူ, ကွန်ရက်တံခါးအတူ ရက်ကုန်သည်ဖြစ်၍ ထွက်ကုန်၏။

ဤသို့ ပြာဋိဟာ အံ့ဖွယ်သရဲကို မင်းကြီးသည် ရတနာအင်းပျဉ်ထက်၌ ရပ်လျက်ပင်လျှင် မြင်၍၊ လက်အုပ်ချီ၍ သည်းစွာသော ကောင်းချီးပေးသောအသံကို ကြွေးကြော်၏။ အထောင်မကသော ရဟန်းသံဃာတို့သည်လည်း ကောင်းချီးပေးကုန်၏။ အလုံးစုံသော မင်း၏စစ်သည်တို့သည်လည်း ပဲ့တင်ထပ်ကုန်သည် ဖြစ်ကုန်၏။ အသိန်းသော ဦးရစ်ပုဆိုးတို့သည် ဖြစ်ကုန်၏။ ဘုမ္မစိုးနတ်တို့က စ၍ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် နတ်, ဗြဟ္မာအပေါင်းတို့သည်လည်း ကောင်းချီးပေးကုန်၏။ ဤသို့ အံ့ဖွယ်သရဲကိုမြင်သော နှစ်လို ဝမ်းမြောက်ခြင်းဖြင့် မပြတ် နှုံသောကိုယ်တော်ရှိသော အသောကမင်းကြီး လက်အုပ်ချီ၍ ရပ်စဉ်ပင်လျှင် မဟာဗောဓိသည် အမြစ် ၁၀၀၀ နှင့် ရွှေဖျဉ်း၌ တည်လေ၏။ ၁၀ ချောင်းသော မြစ်မတို့သည် ရွှေဖျဉ်းအပြင်ကို ထိညှိ၍ တည်ကုန်၏။ ကြွင်းသော မြစ်သေး ၉၀ တို့သည်လည်း အစဉ်သဖြင့်ပွားသည် ဖြစ်၍၊ နံ့သာပျောင်း၌ သက်၍ တည်ကုန်၏။

ဤသို့ ရွှေဖျဉ်း၌ မဟာဗောဓိသည်တည်ကာမျှ မြေကြီး လှုပ်၏။ ကောင်းကင်၌ တောင်တို့သည် လည်းကုန်၏။ တောင်တို့၏ ထိုမှဤမျှမှ ညွှတ်ခြင်းတို့ဖြင့် လည်းကောင်း၊ နတ်တို့၏ ကောင်းချီးပေးသော အသံတို့ဖြင့် လည်းကောင်း၊ ဘီလူးတို့၏ ဟစ်သောအသံတို့ဖြင့် လည်းကောင်း၊ အသူရာနတ်၏ ကောင်းချီးကျူးသော အသံတို့ဖြင့် လည်းကောင်း၊ ဗြဟ္မာတို့၏ လက်ပန်းပေါက်ခတ်သောအသံတို့ဖြင့် လည်းကောင်း၊ ဗြဟ္မာတို့ကား ပီတိသောမနဿ ဖြစ်လတ်သော် လက်ဝဲလက်ကိုခွေ၍ လက်ယာလက်ဖြင့် လက်ပန်းပေါက်ခတ်သတည်း။ ဖောဋ္ဌဗ္ဗကိစ္စ မတတ်ကောင်းသော်လည်း တန်ခိုးအားဖြင့် အသံ ဖြစ်သတည်း။ စိတ္တပစ္ဆာယ ဥတုသမုဋ္ဌာန်တည်း။) မိုးကြိုးသောအသံတို့ဖြင့် လည်းကောင်း၊ ခြင်္သေ့တို့၏အသံတို့ဖြင့် လည်းကောင်း၊ ဌက်တို့၏ တွန်သော ကျူးသော အသံ, သမင်တို့၏ ဟောက်သောအသံ, ဆိတ်တို့၏ ဟစ်သောအသံ, ဒရယ်တို့၏ မြူးသောအသံ, နွားလားတို့၏ တွန်သောအသံ ဟူသော အခြေ ၄ ခုရှိသောသားတို့၏ အသံတို့ဖြင့် လည်းကောင်း၊ ခပ်သိမ်းသော မောင်း, ကြေးနင်း အစရှိသော စည်, စောင်း, ငြင်းတို့၏ မိမိ-မိမိတို့၏ အခြင်းအရာအသံတို့ဖြင့် လည်းကောင်း၊ မြေမှစ၍ အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် အုတ်အုတ်ကျက်ကျက် တစ်ပြိုင်နက် ပဲ့တင်ထပ်သော အသံသည် ဖြစ်၏။

ခက်မ ၅ ဖြာတို့ဖြင့် အသီးတိုင်း-အသီးတိုင်းတို့မှ အဆင်း ၆ ပါး ရှိကုန်သော အရောင်တို့သည် ထွက်လတ်၍ စကြဝဠာတိုက်အလုံး အချင်းဖြင့် မှေးဘိသကဲ့သို့ပြုလျက် တက်လေကုန်၏။ ထိုရွှေခွက်၌ တည်၍၊ အရောင် ၆ ပါးကို လွှတ်သောခဏမှ စ၍ ၇ ရက်ပတ်လုံး မဟာဗောဓိသည် ဆီးနှင်းတိုက်သို့ ရွှေဖျဉ်းနှင့်တကွ ဝင်လေသတည်း။ တစ်ယောက်သောသူသည်မျှ မဟာဗောဓိကို မမြင်။

အသောကမင်းကြီးလည်း ရတနာအင်းပျဉ်မှ သက်၍၊ ၇ ရက်ပတ်လုံး မဟာဗောဓိအား ပူဇော်ခြင်းကို ပြုစေ၏။ ၇ ရက်မြောက်သောနေ့၌ ခပ်သိမ်းသောအရပ်မျက်နှာတို့မှ ဆီးနှင်းတို့သည် လည်းကောင်း၊ ၆ ပါး သောရောင်ခြည်တို့သည် လည်းကောင်း လက်ယာရစ်လှည့်၍လျှင် ဝင်သကဲ့သို့ ကွယ်သည်ဖြစ်၏။ ဆီးနှင်းတိုက်

၁- နွားပါးချုပ်ကို ဆိုလိုသည်။

http://www.dhammadownload.com



ဝင်လတ်ပြီးသော်၊ စကြဝဠာတိုက်သည် ကြည်လင်ပြီးသော်၊ မဟာဗောဓိသည် ပင်စည်, ခက်မ, ခက်ငယ်တို့ဖြင့် ပြည့်စုံလျက်၊ ၅ လုံးသောအသီးတို့ဖြင့် တန်ဆာဆင်လျက် ရွေ့ဖျဉ်း၌ တည်သည်ဖြစ်၍လျှင် ထင်ကုန်၏။

မင်းကြီးလည်း မဟာဗောဓိကို မြင်၍၊ ထိုသို့သောအံ့ဖွယ်သရဲတို့ဖြင့် ကောင်းစွာဖြစ်သော နှလုံးဝမ်းမြောက်ခြင်းရှိသည် ဖြစ်၍၊ 'အလုံးစုံသောဓမ္မဒီပါကျွန်း၏ မင်းအဖြစ်ဖြင့် ဗောဓိပင်ငယ်ကို ပူဇော်အံ့'ဟု အာဘိသိက်ပေး၍ အနဝတတ်ရေဖြင့် သွန်းသတည်း။ မင်းကြီးလည်း ၇ ရက်ပတ်လုံး မဟာဗောဓိအရိပ်၌လျှင် နေတော်မူ၏။

မဟာဗောဓိသည် သီတင်းကျွတ်လပြည့် ပဝါရဏာနေ့ ညချမ်းသောအခါ၌ ရှေးဦးစွာ ရွေ့ဖျဉ်း၌ တည်၏။ ထိုနောင် ဆီးနှင်းတိုက်သို့ဝင်သော ၇ ရက်ကို လည်းကောင်း၊ ဘိသိက်သွန်း၍ ပူဇော်သည့် ၇ ရက်ကို လည်းကောင်း လွန်စေ၍၊ သီတင်းကျွတ်လကွယ်ပက္ခ ဥပုသ်နေ့၌ အသောကဓမ္မရာဇာမင်းကြီးသည် နေ့ချင်းလျှင် ပါဋလိပုတ်ပြည်သို့ ဝင်တော်မူ၍၊ တန်ဆောင်မုန်းလဆန်း ၁ ရက်နေ့၌ မဟာဗောဓိကို ပါဋလိပုတ်ပြည်၏ အရှေ့ အင်ကြင်းပင်ကြီးအပါး၌ မဏ္ဍပ်ပြု၍ ထားပေ၏။ ရွေ့ဖျဉ်း၌ တည်သောနေ့မှ ၁၇ ရက်မြောက်သော တန်ဆောင်မုန်းလဆန်း ၂ ရက် မဟာဗောဓိ၏ အသစ်သောအညွှန့်တို့သည် ထွက်၍ ထင်ရှားဖြစ်လတ်ကုန်၏။ ထိုသို့ အညွှန့်သစ်ဖြစ်လတ်သည်တို့ကို မြင်၍၊ ကြည်သောစိတ်ရှိသည် ဖြစ်၍၊ အသောကမင်းကြီးသည် တစ်ဖန် မဟာဗောဓိကို မင်းအဖြစ်ဖြင့် ပူဇော်လိုသည် ဖြစ်၍ ဓမ္မဒီပကျွန်းလုံး မင်းအဖြစ်၏အာဘိသိက်ကို ပေး၏။

http://www.dhammadownload.com



## မဟာဗောဓိကို ဇမ္ဗူကောလဆိပ်သို့ ဆောင်ခြင်း

သုမနသာမဏေလည်း တန်ဆောင်မုန်းလပြည့်နေ့၌ ဓာတ်တော်ယူအံ့သောငှာ သွားလေသော်၊ မဟာဗောဓိအား တန်ဆောင်မုန်းလပြည့်သဘင် ပူဇော်သည်ကို မြင်ခဲ့၏။

ဤမဟာဗောဓိမဏ္ဍိုင်မှ ဆောင်ခဲ့၍၊ ထားသောမဟာဗောဓိပင်ငယ်ကို ရည်၍၊ ''မိခင်။ မဟာဗောဓိကို ယူ၍ သွားလော့'' ဟု ဆို၏။ မယ်တော် သဃ်မိတ္တာလည်း ''ကောင်းပြီ'' ဟု ဝန်ခံ၏။

အသောကမင်းလည်း မဟာဗောဓိကို စောင့်ရှောက်စိမ့်သောငှာ ၁ ကျိပ် ၈ ယောက်သော နဂါး၊ ဘီလူး၊ ရက္ခိုဿ စသော နတ်အမျိုးတို့ကို လည်းကောင်း၊ အမှုခပ်သိမ်းတို့ကို စီရင်စိမ့်သောငှာ ၈ ယောက်သော အမတ်မျိုးတို့ကို လည်းကောင်း၊ ရေသွန်းစိမ့်သောငှာ ၈ ယောက်သော ပုဏ္ဏားမျိုးတို့ကို လည်းကောင်း၊ ပူဇော်ခြင်း၏အဆောက်အအုံတို့ကို ပြုစိမ့်သောငှာ ၈ ယောက်သော သူကြွယ်အမျိုးတို့ကို လည်းကောင်း၊ မဟာဗောဓိကို နို့ရည်ဖြင့်သွန်းစရာ နို့ထွက်သောနွားတို့ကို လည်းကောင်း၊ ကျောင်းစိမ့်သောငှာ ၈ ယောက်သော နွားထိန်းအမျိုးတို့ကို လည်းကောင်း၊ ထင်း၊ ရေ စသည်ကို ဆောင်စိမ့်သောငှာ အကြီးဖြစ်သောသူတို့၏ အမျိုးတို့ကို လည်းကောင်း၊ မဟာဗောဓိကို နို့ရည်သွန်းစရာ ၈ လုံးသောရေအိုးတို့ကို လည်းကောင်း ပေးတော်မူ၍၊ ဤအခြေအရံဖြင့် မဟာဗောဓိကို ဂင်္ဂါမြစ်၌ လှေထက်သို့ တင်၍၊ မင်းကြီးသည် မြို့မှ ထွက်၍ 'ဝိဿ'မည်သောတောအုပ်ကို လွန်၍ ၇ ရက်တို့ဖြင့် 'တာမလိတ္တ'မည်သော ဆိပ်သို့ ရောက်လေ၏။

> ဋီကာဆရာကား 'ဂေါပကအမျိုးတို့ကား မင်း၏အမှုကို ပြုသောသူ' ဟုဆို၏။ တန်ခိုးဂဏ္ဌိပုဒ်၌ကား 'ဂေါပကအမျိုးတို့ကား ရေသွန်းစိမ့်သောငှာ၊ တရစ္ဆအမျိုးတို့ကား နို့ညှစ်, နွားကျောင်းစိမ့်သောငှာ ပေးလိုက်သည်'ဟု ဆို၏။ ။'ကလိင်္ဂအမျိုးကား ပဓာနဖြစ်သော သူတို့နှင့် အကျွမ်းဝင်သောအမျိုး' ဟု ဆို၏။ မဟာဂဏ္ဌိပုဒ်၌ကား 'ရေ, ထင်း စသည်တို့ကို ဆောင်စိမ့်သောငှာသူတို့၏ အမျိုး'ဟု ဆို၏။ ။ 'ကလိင်္ဂရာဇ်တိုင်း၌ဖြစ်သော အမျိုးမြတ်သော သူတို့ကား ကလိင်္ဂအမျိုး မည်၏' ဆိုသည်ကား ကေစိဝါဒဆရာတို့အယူဟု ဆို၏။

ခရီးအကြား၌ နတ်, နဂါး, ဘီလူးတို့သည် မြတ်သောမဟာဗောဓိအား ပူဇော်ခြင်းကို ပြုကုန်၏။ အသောကမင်းကြီးလည်း သမုဒ္ဒရာအနား၌ ၇ ရက်ပတ်လုံး မဟာဗောဓိကိုထား၍ ဇမ္ဗူဒီပါကျွန်းအလုံး၌ မြတ်သောမင်းအဖြစ်ကို ပေး၏။ ဤသို့ပေးခြင်းသည်ကား ၃ ကြိမ်မြောက်သော ထိုမင်းအား ပူဇော်ခြင်းသည် ဖြစ်၏။

မဟာဗောဓိကို ဇမ္ဗူဒီပါကျွန်းအလုံး၏ မင်းအဖြစ်ဖြင့် ပူဇော်သောနေ့၌ ဇမ္ဗူဒီပ်ကျွန်းအလုံးမှဖြစ်သော အခွန်အတုတ်ကိုယူ၍ မဟာဗောဓိကို ပူဇော်စေ၏။ ဤသို့ မြတ်သောမင်းအဖြစ်ဖြင့် ပူဇော်၍ နတ်တော်လဆန်း

http://www.dhammadownload.com



၁ ရက်နေ့၌ အသောကဓမ္မရာဇဓိမင်းသည် မဟာဗောဓိကို ရွက်၍၊ လည်ရွေ့လောက်ရှိသော ရေသို့ သက်၍ လှေ၌ ထားစေ၏။

သဃ်မိတ္တာထေရီကိုလည်း အခြံအရံနှင့်တကွ လှေထက်သို့ တင်၍၊ 'အရိဋ္ဌ' အမည်ရှိသော အမတ်ကို ဤသို့မိန့်တော်မူ၏။

''အမောင်။ ငါသည် မဟာဗောဓိကို ၃ ကြိမ် အလုံးစုံသောဓမ္မာဒီပါကျွန်း၏ မင်းအဖြစ်ဖြင့် ပူဇော်၍၊ လည်ရွေ့လောက်ရှိသောရေသို့ သက်၍ ငါ၏အဆွေတော်အား ပို့လိုက်၏။ ထို ငါ၏အဆွေဖြစ်သော ဒေဝါနံပိယတိဿမင်းကြီးသည်လည်း ငါ၏အတူလျှင် မဟာဗောဓိကို ပူဇော်စေသတည်း''ဟု ခင်ပွန်းမင်းကြီးအား သတင်းစကားကို ပေး၍၊ ''ထင်ရှားရှိတော်မူသော မြတ်စွာဘုရားကဲ့သို့ ရောင်ခြည် ၆ ပါး တည်းဟူသော ကွန်ရက်ကိုလွှတ်လျက်၊ အား ၁၀ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏ မဟာဗောဓိပင်သည်ကား သွားခဲ့ပြီတကား''ဟု ရှိခိုးလက်အုပ်ချီ၍ မျက်ရည်ယိုလျက် ရပ်တော်မူ၏။

မဟာဗောဓိပင်ကို ကောင်းစွာတင်အပ်သော ထိုလှေသည်လည်း အသောကမင်းကြီး မြင်စဉ်ပင်လျှင် မဟာသမုဒ္ဒရာရေအပြင်သို့ ပြေးခဲ့၏။

မဟာသမုဒ္ဒရာ၌လည်း ထက်ဝန်းကျင်မှ အရပ်မျက်နှာ ၁ ယူဇနာနှင့်နှင် တံပိုးတို့သည် မထကုန်။ အဆင်း ၅ ပါးရှိသော ပဒုမ္မာကြာတို့သည်လည်း ပွင့်ကုန်၏။ ကောင်းကင်၌ နတ်တို့၏ စည်, စောင်း, ငြင်းတို့သည်လည်း မြည်ကုန်၏။ ကောင်းကင်မှ ရွှေရောက်သော သစ်ပင်, ကြည်းရောက်သော သစ်ပင်, တောင်တို့၌ ဖြိုး၍နေကုန်သော နတ်တို့သည် မြတ်သောပူဇော်ခြင်းဖြင့် ပူဇော်၏။

သဃ်မိတ္တာထေရီရဟန္တာမလည်း ဂင္ဂါနဒီအသွင်ဖြင့် မဟာသမုဒ္ဒရာ၌ နဂါးမျိုးတို့ကို ထိတ်လန့်စေ၏။ မဟာသမုဒ္ဒရာ၌နေသော နဂါးတို့ကား လေတို့ကို လာစေကုန်လျက်၊ မိုးကို ရွာစေကုန်လျက်၊ ကြိုးစွာသောအမိုက်တို့ကို ဖြစ်စေကုန်လျက် မဟာဗောဓိကို ယူအံ့သောငှာ လာလတ်ကုန်၏။ ထို့ကြောင့် သဃ်မိတ္တာထေရီလည်း ဂင္ဂါနဒီအသွင်ဖြင့် ကောင်းကင်သို့ပြည့်စေလျက် ဦးစွန်း၏အရိပ်ဖြင့် တစ်ခဲနက်သောအမိုက်တို့ကို ဖန်ဆင်း၍၊ အတောင်လေဖြင့် မဟာသမုဒ္ဒရာကို ချောက်ချားစေလျက်၊ ကြောက်မက်ဖွယ်သောအသံဖြင့် နှလုံးကွဲဘနန်း ထိတ်လန့်ကြောက်ခြင်းတို့ကို ဖြစ်စေလျက် နဂါးတို့ကို ပြေးစေ၏။ ထိတ်လန့်သောသဘောရှိကုန်သော နဂါးတို့သည် လာလတ်၍၊ ထိုသဃ်မိတ္တာထေရီမ၏ တန်ခိုး၏တင့်တယ်ခြင်းကို မြင်၍၊ မထေရ်မကို တောင်းပန်၍၊ မဟာဗောဓိကို နဂါးပြည်သို့ ဆောင်လေ၍၊ ၇ ရက်ပတ်လုံး နဂါးပြည်ဖြင့် ပူဇော်လေ၍ တစ်ဖန် တင်စေကုန်၏။

ထိုနေ့၌ပင်လျှင် လှေသည် ဓမ္မူကောလဆိပ်သို့ ရောက်လေ၏။

အသောကမဟာဓမ္မရာဇဓိမင်းလည်း မဟာဗောဓိနှင့်ကွေကွင်းသဖြင့် နှလုံးဆင်းရဲခြင်းရှိသည်ဖြစ်၍၊ အဖန်တလဲလဲ ငိုကြွေး၍၊ ကြည့်၍ မမြင့်မီလျှင် ပြန်တော်မူလေ၏။

http://www.dhammadownload.com



## မဟာဗောဓိကို ဒေဝါနံပိယတိဿမင်း ကြိုသည်ကိုပြခြင်း

ဒေဝါနံပိယတိဿမင်းကြီးလည်း သုမနသာမဏေ၏စကားကြောင့် နတ်တော်လဆန်း ၁ ရက်နေ့မှစ၍၊ မြောက်တံခါးမှသည် ဇမ္ဗူကောလဆိပ်တိုင်အောင် ခရီးကို သုတ်သင်စေ၍၊ မြို့မှထွက်သည့်နေ့၌ မြောက်တံခါး၏အနီး 'သမုဒ္ဒသာလ' အမည်ရှိသော ဇရပ်၏အရာ၌ ရပ်လျက်ပင်လျှင် ထိုသို့သောတင့်တယ်ခြင်းဖြင့် မဟာသမုဒ္ဒရာ၌ လာလတ်သော မဟာဗောဓိကို မထေရ်၏အာနုဘော်ဖြင့် မြင်၍၊ နှစ်လိုသောစိတ် ရှိသည်ဖြစ်၍၊ ထွက်၍ အလုံးစုံသောခရီးကို အဆင်း ၅ ပါးရှိသော ပန်းတို့ဖြင့် ကြဲစေလျက်၊ ခရီးအကြား၌ စုလစ်မွမ်းချွန်တင်သော ပြာသာဒ်သဏ္ဌာန်ပြုသော ပန်းစေတီတို့ကို ထားစေလျက်၊ နေ့ချင်းလျှင် ဇမ္ဗူကောလဆိပ်သို့ ရောက်၍ ခပ်သိမ်းသော ပဋ္ဌင်တူရိယာ ၅ ပါးတို့ဖြင့်ခြံရံလျက်၊ ပန်း, အနိုးအထုံ, နံ့သာ စသည်တို့ဖြင့် ပူဇော်လျက်၊ လည်ရွှေ့ရှိလောက်သော ရေသို့သက်၍ အား ၁၀ ပါးနှင့်ပြည့်စုံတော်မူသော, ထင်ရှားသော ဘုရားသခင်ကဲ့သို့ 'ရောင်ခြည်' တည်းဟူသော ကွန်ရက်ကို လွှတ်လျက်၊ 'မဟာဗောဓိသည် ကောင်းစွာရောက်လတ်ပြီတကား' ဟူ၍၊ ကြည်သောစိတ်ရှိသည်ဖြစ်၍၊ မဟာဗောဓိကို ရွက်၍၊ 'မြတ်သောအင်္ဂါ' ဟု ဆိုအပ်သော ဦးခေါင်းထက် တင်၍၊ မဟာဗောဓိကို ခြံရံလျက်လာလတ်ကုန်သော ၁ ကျိပ် ၆ ယောက်သော, ဇာတ်နှင့်ပြည့်စုံသော အမျိုးတို့နှင့်တကွ သမုဒ္ဒရာမှ တင်၍၊ သမုဒ္ဒရာနှား၌ မဟာဗောဓိကို ထား၍ ၃ ရက်ပတ်လုံး သိန်းခိုကျွန်း၏မင်းအဖြစ်ဖြင့် ပူဇော်၏။

(ဇရပ်ကို 'သမုဒ္ဒသာလ'တွင်သည်။ ဇရပ်၌ ကြည့်သည်ရှိသော် အံ့ဖွယ်ဖြစ်လျက် သမုဒ္ဒရာကိုမြင်သောကြောင့် 'သမုဒ္ဒသာလ' မည်သတည်း။ သမုဒ္ဒရာအနှားဖြစ်၍ မဆို။ ။ '၁ ကျိပ် ၆ ယောက်သော အမျိုး' ဆိုသည်ကား မင်းမျိုး ၈ ယောက်, ပုဏ္ဏားမျိုး ၈ ယောက် ဆိုသတည်း။)

၁ ကျိပ် ၆ ယောက်သော အမျိုးမြတ်သောသူတို့ကို စီရင်စေ၏။ ထိုနောင်မှရောက်၍၊ ၄ ရက်မြောက် နတ်တော်လဆန်း ၁၀ ရက်နေ့၌ မဟာဗောဓိကိုယူ၍ မြတ်သောပူဇော်ခြင်းကိုပြုလျက် အစဉ်သဖြင့် အနုရာဓပြည်သို့ ရောက်လေ၏။ အနုရာဓပြည်၌လည်း ကြီးစွာသောပူဇော်သက္ကာကို ပြု၍ နတ်တော်လဆန်း ၁၄ ရက်နေ့မြောက်လပြည့်အဖိတ်နေ့ ညနေချမ်းလတ်သော်၊ မဟာဗောဓိကို မြောက်တံခါးဖြင့်ဆောင်လျက် တောင်တံခါးဖြင့်ထွက်၍၊ တောင်တံခါးမှ ကုလ ၄ တာ အပြန် ၅၀၀ ရှိသော အကြင်အရပ်၌ ငါတို့မြတ်စွာဘုရားသည် နိရောဓသမာပတ်ဝင်၍ နေတော်မူ၏။ ရှေးဘုရား ၃ ဆူတို့သည်လည်း သမာပတ် ဝင်စားတော်မူ၍ နေတော်မူကုန်၏။ အကြင်အရပ်၌ ကကုသန်မြတ်စွာဘုရား၏ မြတ်သော ကုက္ကိဗောဓိ လည်းကောင်း, ကောဏာဂုံမြတ်စွာဘုရား၏ ရေသဖန်းဗောဓိသည် လည်းကောင်း၊ ကဿပမြတ်စွာဘုရား၏ ပညောင်ဗောဓိသည် လည်းကောင်း တည်၏။

မဟာမေဃဝန်ဥယျာဉ်၏ မှန်ကူသဖွယ်ဖြစ်သော သုမနသာမဏေ၏စကားဖြင့် မဆွကလျှင် ညီညွတ်စွာ ပြုသောမြေပြင် ရှိသော ထိုမင်း၏ ဥယျာဉ်တံခါးမုခ်အရပ်၌ တည်စေ၏။

ပန်းရွှေပြည်စာအုပ်တိုက်

http://www.dhammadownload.com



အသို့တည်စေသနည်း ဟူမူကား ဗောဓိကိုခြံရုံလျက်လာကုန်သော မင်းမျိုး ၈ ယောက်, ပုဏ္ဏားမျိုး ၈ ယောက်၊ ဤ ၁ ကျိပ် ၆ ယောက်သော, ဇာတ်နှင့်ပြည့်စုံသောအမျိုးတို့သည် မင်း၏အသွင်ကို ယူကုန်၏။ မင်းသည်ကား တံခါးစောင့်အသွင်ကို ယူ၏။ ၁ ကျိပ် ၆ ယောက်သောအမျိုးတို့သည် ယူ၍ တန်ဆာဆင်သော ရထား၌ တင်ခဲ့သော မဟာဗောဓိကို ချကုန်၏။ ထို ၁ ကျိပ် ၆ ယောက်သော အမျိုးတို့၏ လက်လွတ်သည်မှ အခြားမရှိသော ကာလ၌လျှင် အတောင် ၈၀ ရှိသော ကောင်းကင်သို့ ပျံတက်လေ၍ ၆ ပါးသောအဆင်း ရှိသောအရောင်တို့ကို လွှတ်၏။ ရောင်ခြည်တို့သည်ကား လဝန်းအမျှ ၄၉ ယူဇနာရှိသော အလုံးစုံသော သိန်းခိုကျွန်းကို နှံ့စေ၍၊ အထက် အကနိဋ္ဌဗြဟ္မာပြည်တိုင်အောင် ဆိုက်၍ တည်ကုန်၏။

ဤသို့ မဟာဗောဓိ၏ အံ့ဖွယ်သောတန်ခိုးပြာဋိဟာကို မြင်၍ ကောင်းစွာဖြစ်သောကြည်ညိုခြင်း ရှိကုန်ရကား၊ ၁ သောင်းသော သူတို့သည် အစဉ်အတိုင်း စီးဖြန်းအပ်သော, ခယဝယ အစရှိသောဝိပဿနာကို ပွားစေ၍ ရဟန္တာအဖြစ်သို့ ရောက်ကုန်၏။

(လူတို့ကား ရဟန္တာဖြစ်လျှင် ရဟန်း မပြုမူကား အသက် မရှည်ကုန်။ ရဟန်းပြုမှ အသက်ရှည်သတည်း။ အထက်နတ်တို့ကား ရဟန္တာဖြစ်လျှင် နိဗ္ဗာန် ပြုလေကုန်၏။ ဘုမ္မစိုးနတ်တို့ကား အသက်ရှည်ကုန်၏။ အထက်နတ်ပြည်ကား သုညာကာရ မရှိသောကြောင့်တည်း။)

မဟာဗောဓိကား နေဝင်အောင် ကောင်းကင်၌ တည်၏။ နေဝင်၍ ရောဟိဏီနက္ခတ်ဖြင့် မြေ၌တည်၏။ နက္ခတ် ၄ လုံးတည်း။

(မဟာဗောဓိသည် မြေ၌တည်သောခဏ၌ 'ရေအဆုံးရှိသည်ကိုပြု၍ မြေလှုပ်၏' ဟူသည်ကား ဥပလက္ခဏာသာ ဆိုသတည်း။) မဟာဗောဓိအမြစ်တို့ကား ရွှေခွက်အနားရေးမှ တက်လတ်ကုန်လျက်၊ ရွှေခွက်ကိုဖွဲ့ကုန်လျက် မြေသို့ သက်လတ်ကုန်၏။

ထက်ဝန်းကျင်မှ နတ်တို့၏ပန်းမိုးတို့သည် ရွာကုန်၏။ ကောင်းကင်မှ ပဉ္စင်တူရိယာ ၅ ပါးတို့သည်လည်း သာယာစွာသောအသံတို့ဖြင့် မြည်ကုန်၏။ မိုးကြိုးထန်စွာ ရွာပေကုန်၏။ လျှပ်စစ်နွယ်လည်း ပြိုးပြိုးပြက်ထွက်လတ်ကုန်၏။ နတ်တို့ ကောင်းချီးပေးကုန်၏။ ပန်း,နံ့သာစသည်တို့ဖြင့် ကျွန်းလုံး ပူဇော်ကုန်၏။ ကောင်းသောအနံ့ကိုဆောင်လျက် ညင်းညင်းသောလေတို့သည် လာပေကုန်၏။ ထက်ဝန်းကျင်မှ တစ်ခဲနက်ချမ်းသော ဆီးနှင်းတိုက်တို့သည်လည်း မဟာဗောဓိကို ဖုံးလွှမ်းကုန်၏။ ဤသို့သောအံ့ဖွယ်တို့သည်လည်း ဖြစ်ကုန်၏။

တည်ပြီး၍ မဟာဗောဓိသည် ၇ ရက်ပတ်လုံး ဆီးနှင်းတိုက်၌ ကောင်းစွာနေ၏။ လူ၏မမြင်ခြင်းသို့ ရောက်လေ၏။ ဤ၌ကား ကောင်းကင်သို့ မတက်။ ၇ ရက်မြောက်သောနေ့၌ ကောင်းကင်သည် တိမ်တိုက်ကင်း၏။ ၆ ပါးသောရောင်ခြည်တို့သည် ထွန်းပကုန်လျက် ပြိုးပြိုးပြက်ပြက် ထွက်လတ်ကုန်၏။ မဟာဗောဓိ၏ပင်စည်သည် လည်းကောင်း၊ ခက်မ,ခက်သေးတို့သည် လည်းကောင်း၊ ထို ၅ လုံးသောအသီးတို့သည် လည်းကောင်း ထင်ကုန်၏။

မဟာမဟိန္ဒထေရ်သည် လည်းကောင်း, သဃိမိတ္တာထေရီသည် လည်းကောင်း, ဒေဝါနံပိယတိဿမင်းကြီးသည် လည်းကောင်း အခြံအရံနှင့်တကွ မဟာဗောဓိတည်ရာအရပ်သို့လျှင် လာကုန်၏။ သိန်းခိုကျွန်း၌နေကုန်သော အလုံးစုံသောသူတို့သည်လည်း များသောအားဖြင့် စည်းဝေးကုန်၏။

http://www.dhammadownload.com



ထိုသူတို့ မြင်ကုန်စဉ်လျှင် မြောက်မှ အသီးတစ်လုံးသည် မှည့်၍ကြွေ၏။ မဟာမဟိန္ဒထေရ်လည်း လက်တော်ကိုညွတ်၍ ခံလင့်၏။ အသီးသည် မဟာမဟိန္ဒထေရ်၏လက်၌ တည်၏။ ထိုအသီးကို မဟာမဟိန္ဒထေရ်သည် ''မြတ်သောမင်း။ စိုက်စေလော့'' ဟု ပေး၏။

မင်းလည်း ယူ၍၊ ရွှေဖျဉ်း၌ ကောင်းသောမြေမှုန့်ကို ထည့်၍၊ နံ့သာပျောင်းကို ပြည့်စေ၍ စိုက်စေ၏။ အရှေ့မျက်နှာ ကျောက်ဖျာကြီးတည်ရာအရပ်၌ ထားစေ၏။ ခပ်သိမ်းသောသူတို့ ကြည့်စဉ်ပင်လျှင် ၄ တောင်-၄ တောင် အတိုင်းရှည်ရှိကုန်သော ဗောဓိပင်ငယ် ၈ ပင်တို့သည် ပေါက်လတ်ကုန်၏။ မင်းလည်း ထိုသို့သော အံ့ဖွယ်ကို မြင်၍၊ ဗောဓိပင်ငယ် ၈ ပင်တို့ကို ထီးဖြူဖြင့်ပူဇော်၍ ဘိသိက်ရေ သွန်းပေ၏။

ဗောဓိပင် ၈ ပင်မှ ဗောဓိတစ်ပင်ကို လာသောအခါ၌ မဟာဗောဓိသည် ရှေးဦးစွာတည်ရာအရပ် ဖြစ်သော ဇမ္ဗူကောလသဘော်ဆိပ်၌ စိုက်စေ၏။ တစ်ပင်ကိုကား နာဂဒီပ၌ စူဠောဒရ၊ မဟောဒရ နဂါးမင်း တူ-ဦးရီး ၂ ယောက်တို့ကို ဆုံးမ၍ နေတော်မူရာအရပ်ဖြစ်သော တဝဂ္ဂပုဏ္ဏားရွာ တံခါးအနီး၌ စိုက်စေကုန်၏။ တစ်ပင်ကိုကား ထူပါရုံအနောက် ဓာတ်တော်ကိုမချမီ ဆင်နေသောအရပ်၌ စိုက်စေကုန်၏။ တစ်ပင်ကိုကား ဣသရနိဗ္ဗာနကျောင်း၌ စိုက်စေကုန်၏။ (ယခုကား 'ဣသရနိဗ္ဗာနကျောင်း' ဟု မတွင်ပြီ။ 'ကဿပဂိရိဝိဟာရ' ဟူ၍သာ တွင်သည် ဟူ၏။) တစ်ပင်ကိုကား ပထမစေတီအရပ်၌ စိုက်စေကုန်၏။ တစ်ပင်ကိုကား စေတီယတောင်၌ စိုက်စေကုန်၏။ တစ်ပင်ကိုကား ရောဟဏီဓနုပဒ် ဘောဇနရွာ၌ စိုက်စေကုန်၏။ တစ်ပင်ကိုကား ရောဟဏီဓနုပဒ် စန္ဒနရွာ၌ စိုက်စေကုန်၏။

ဤမှတစ်ပါး ၄ လုံးသောအသီးတို့၏ အစေ့တို့မှ ရောက်ကုန်သော, ၃၂ ပင်သော ဗောဓိပင်ငယ်တို့ကို ၁ ယူဇနာ၏အတွင်း၌တည်သော အာရာမ်တို့၌ တည်စေကုန်၏။

ဤသို့သော မြေအဆက်ဆက်ဖြင့် ထက်ဝန်းကျင်မှ သိန်းခိုကျွန်း၌နေသောသူတို့၏ စီးပွားချမ်းသာကို ပြုခြင်းငှာ အား ၁၀ ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားတံခွန်သဖွယ်ဖြစ်သော မဟာဗောဓိသည် တည်ပြီးသော်၊ အနုဋ္ဌာဒေဝီမိဖုရားသည် ၅၀၀ သောမင်းသမီး, ၅၀၀ သောမောင်းမ၊ ဤ ၁၀၀၀ သောမိန်းမတို့နှင့်တကွ သဃ်မိတ္တာထေရီ၏အထံ၌ ရဟန်းပြု၍ မမြင့်မီလျှင်၊ အခြံအရံတို့နှင့်တကွ အရဟတ္တဖိုလ်၌ တည်လေကုန်၏။ (ရဟန္တာသာ ဖြစ်သည်။ ပဋိဘာန မဖြစ်သေး။ သိက္ခာမာန်အကျင့်ကိုလျှင် ၂ နှစ်ပတ်လုံး ကျင့်ပြီးမှလျှင် ပဋိဘာန ဖြစ်လတ္တံ့သတည်း။)

မင်းကြီးတူတော် အရိဋ္ဌသည်လည်း ၅၀၀ သော အချင်းတို့နှင့်တကွ မဟာမဟိန္ဒထေရ်၏အထံ၌ ရဟန်းပြု၍ မမြင့်မီလျှင်၊ အခြံအရံနှင့်တကွ အရဟတ္တဖိုလ်၌ တည်လေကုန်၏။ (ဤအရိဋ္ဌထေရ်ကား ရှေ့အရိဋ္ဌထေရ်မှ တစ်ပါးတည်း။)

http://www.dhammadownload.com



## ဒေဝါနုံပိယတိဿမင်းကြီး သာသနာ့ဝန်ဆောင်ခြင်း

ထိုနောင်မှ တစ်နေ့သ၌ ဒေဝါနုံပိယတိဿ မင်းကြီးသည် မဟာဗောဓိကိုရှိခိုး၍၊ မဟာမဟိန္ဒထေရ်နှင့် တကွ ထူပါရုံသို့ ကြွတော်မူလေ၏။ ထိုမင်းကြီးအား လောဟပါသာဒအရပ်သို့ရောက်လေသော် မင်းချင်းတို့သည် ပန်းတို့ကို ဆောင်ခဲ့ကုန်၏။ မင်းကြီးလည်း မထေရ်အား ပန်းတို့ကို ပေး၏။ မထေရ်လည်း ပန်းတို့ဖြင့် လောဟပါသာဒအရာကို ပူဇော်၏။ ပန်းတို့သည် မြေ၌ကျကာမျှ သည်းစွာသော မြေ၏လှုပ်ခြင်းသည် ဖြစ်၏။

မင်းကြီးလည်း ''အရှင်ဘုရား။ အဘယ့်ကြောင့် မြေလှုပ်သနည်း''ဟု မေးတော်မူ၏။

''မြတ်သောမင်း။ ဤအရပ်၌ နောင်လာလတ္တံ့သောအခါ၌ သံဃာတို့၏စည်းဝေးရာ ဥပုသ်အိမ်သည် ဖြစ်လတ္တံ့။ ဤမြေ၏လှုပ်ခြင်းသည်ကား ထိုဥပုသ်အိမ်၏ ပုဗ္ဗနိမိတ်တည်း''ဟု မိန့်တော်မူ၏။

('လောဟပါသာဒ' ဟူသည်ကား ဒုဋ္ဌဂါမဏိမင်းကြီးပြုသော လောဟပါသာဒ မဟုတ်။ ဒေဝါနုံပိယတိဿ မင်းကြီးပြုလတ္တံ့သော လောဟပါသာဒ' ဟု ဋီကာဆိုသောကြောင့် လောဟပါသာဒကား၂ပါး ရှိသတည်း။)

မင်းကြီးလည်း တစ်ဖန် မဟိန္ဒထေရ်နှင့်တကွ အမွှာဂဏအရပ်သို့ ရောက်လေသော် ထိုအမွှာဂဏအရပ်၌ မင်းကြီးသည် အဆင်း၊အနံ့၊အရသာနှင့်ပြည့်စုံသော၊ အလွန်ချိုသော သရက်သီးမှည့်တစ်လုံးကို ဆောင်ခဲ့ကုန်၏။ မင်းလည်း ထိုသရက်မှည့်ကို မထေရ်အား ဘုဉ်းပေးစိမ့်သောဉာ ပေး၏။ မထေရ်လည်း ထို၌ပင်လျှင် ဘုဉ်းဖေး၍၊ ဤသရက်စေ့ကို ''ဤ၌ပင်လျှင် စိုက်စေကုန်လော့''ဟု မိန့်တော်မူ၏။ မင်းလည်း ထိုသရက်စေ့ကိုယူ၍၊ ထိုအရပ်၌ ပင်လျှင် စိုက်စေ၍ ရေသွန်းစေ၏။ သရက်စေ့ကို စိုက်သော် မြေလှုပ်၏။

''အရှင်ဘုရား။ အဘယ်ကြောင့် မြေလှုပ်သနည်း'' ဟု မေးတော်မူ၏။

''မြတ်သောမင်း။ ဤအရပ်၌ နောင်လာလတ္တံ့သောအခါ 'အမွှာဂဏ'အမည်ရှိသော သံဃာ၏စည်းဝေးရာအရပ်သည် ဖြစ်လတ္တံ့သော ပုဗ္ဗနိမိတ်တည်း''ဟု မိန့်တော်မူ၏။

မင်းကြီးလည်း ထိုအမွှာဂဏအရပ်၌ ၈ ဆုပ်သောပန်းတို့ကိုကြဲ၍၊ ရှိခိုး၍၊ တစ်ဖန် မဟိန္ဒထေရ်နှင့် တကွသွားတော်မူလေသော် မဟာစေတီအရာသို့ ရောက်လေ၏။ ထိုမဟာစေတီအရာ၌ ထိုမင်းကြီးအား စံကားပန်းတို့ကို ဆောင်ခဲ့ကုန်၏။ ထိုစံကားပန်းတို့ကို မင်းကြီးသည် မထေရ်အား ကပ်၏။ မထေရ်လည်း မဟာစေတီအရာကို ပန်းတို့ဖြင့်ပူဇော်၍ ရှိခိုး၏။ ထိုခဏ၌ မြေလှုပ်၏။

မင်းလည်း ''အရှင်ဘုရား။ အဘယ့်ကြောင့် မြေလှုပ်သနည်း''ဟု မေးတော်မူ၏။

''မြတ်သောမင်း။ ဤအရာ၌ နောင်လာလတ္တံ့သောအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရား၏ အတု မရှိသော ကြီးစွာသောစေတီသည် ဖြစ်လတ္တံ့သော ပုဗ္ဗနိမိတ်တည်း'' ဟု မိန့်တော်မူ၏။

http://www.dhammadownload.com



''အရှင်ဘုရား။ အကျွန်ုပ်သည်လျှင် ပြုအံ့'' ဟု ဆိုလတ်သော်၊ ''မင်းကြီး။ မသင့်သေး။ မင်းကြီးတို့အား အမှုများ၏။ မင်းကြီးမြေးတော် 'ဒုဋ္ဌဂါမဏိအဘယ' အမည်ရှိသောမင်းသည် ပြုလတ္တံ့''ဟု မိန့်တော်မူပေ၏။

မင်းကြီးလည်း ''အရှင်ဘုရား။ အကယ်၍ အကျွန်ုပ်မြေး ပြုလတ္တံ့မူကား အကျွန်ုပ်ပြုသည်ပင် မည်၏'' ဟု ၁၂ တောင်အတိုင်းအရှည်ရှိသော ကျောက်စည်တိုင် ဆောက်စေ၍၊ 'ဒေဝါနံပိယတိဿမင်းကြီး၏မြေးဖြစ်သော 'ဒုဋ္ဌဂါမဏိအဘယ' အမည်ရှိသောမင်းသည် ဤအရပ်၌ စေတီကို ပြုစေသတည်း'ဟု အက္ခရာတို့ကို ရေးစေ၏။

[ 'ဒေဝါနံပိယတိဿမင်းကြီး အနှစ် ၄၀ မင်းပြု၏။ ဒေဝါနံပိယတိဿညီတော် ဥဒယ[၁] ၁၀ နှစ်။ ဥဒယညီတော် မဟာသီဝ ၁၀ နှစ်။ မဟာသီဝညီတော် သူရတိဿ ၁၀ နှစ်။ သူရတိဿကိုဖမ်း၍ ကျည်းညီအစ်ကို ၁၂ နှစ်။ ကျည်းညီအစ်ကိုကို ဖမ်းတုံ့၍[၂]လည်း သူရတိဿညီတော် အသေလ ၁၀။ အသေလမင်းကို ဖမ်းတုံ့၍ ဧလာရကျည်းမင်း ၄၄ နှစ်။ ၃၂ ပြည်နှင့်တကွသော ဧလာရကျည်းမင်းကိုဖမ်းတုံ့၍၊ ဒုဋ္ဌဂါမဏိ အဘယမင်းကြီးသည် မဟာဂါမမှလာ၍ မင်းပြု၏။ ။

[အတ္ထုပ္ပတ္တိကား ဒေဝါနံပိယတိဿမင်း ညီတော် ၉ ယောက်တို့တွင် မဟာနာမမင်းကား မဟာဂါမ၌ မင်းပြု၏။ မဟာနာမမင်း၏ သားကား 'ခုဒ္ဒလာသကတိဿ' မည်၏။ ခုဒ္ဒလာသကမင်း၏သားကား 'ကောဓာဘယ' မည်၏။ ကောဓာဘယမင်း၏သားကား 'ကာကဝဏ္ဏ တိဿ' မည်၏။ ကာကဝဏ္ဏတိုင်ရုံသော မင်း ၄ ဆက်ကား အနုရာဓပြည်၌ မင်း မဖြစ်ကုန်။ မဟာဂါမမှာ ဖြစ်ကုန်သတည်း။ ကာကဝဏ္ဏတိဿမင်း၏သားကား 'ဒုဋ္ဌဂါမဏိ, သဒ္ဓါတိဿ' ဟု ညီအစ်ကို ၂ ယောက်တည်း။ ဒုဋ္ဌဂါမဏိ, သဒ္ဓါတိဿမင်းတို့ကား အနုရာဓပြည်၌ မင်း ဖြစ်လာကုန်၏။ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍၊ ၃၇၁ နှစ် စေ့သောအခါလျှင် ဒုဋ္ဌဂါမဏိ မင်းပြု၍၊ သာသနာတော် ၃၈၀ တိုင်လတ်သော်အခါမှလျှင် မဟာစေတီကို တည်လတ္တံ့သတည်း။ အနုရာဓပြည်၌ ဒေဝါနံပိယတိဿမင်း၏အကြားဌ ဒုဋ္ဌဂါမဏိ မင်းဖြစ်သော် ၆ ဆက် ခြား၏။ ဒုဋ္ဌဂါမဏိမင်းကြီးကား ဒေဝါနံပိယတိဿမင်းကြီး၏ မြစ်တော်ဖြစ်သော ကာကဝဏ္ဏမင်း၏ သားတည်း။]

ဒေဝါနံပိယတိဿမင်းကြီးလည်း မဟာမဟိန္ဒထေရ်ကို မေးတော်မူ၏။

''အရှင်ဘုရား။ သိန်းခိုကျွန်း၌ သာသနာတော်သည် တည်ပါဦးလော''ဟု မေးတော်မူ၏။

''မြတ်သောမင်း။ သာသနာတော်သည် တည်ကား တည်ပြီ။ ထိုသာသနာတော်၏အမြစ်တို့သည် မသက်ကုန်သေး'' မိန့်တော်မူ၏။

''အရှင်ဘုရား။ အဘယ်သို့သောအခါ၌ သက်ကုန်သည် ဖြစ်လတ္တံ့သနည်း''ဟု မေးတော်မူပြန်၏။

''မြတ်သောမင်း။ အကြင်အခါ၌ သိန်းခိုကျွန်း၌နေကုန်သော မိခင်ဖခင်တို့၏ သိန်းခိုကျွန်း၌ဖွားကုန်သောသတို့သားတို့သည် သိန်းခိုကျွန်း၌ ရဟန်းပြု၏။ သိန်းခိုကျွန်း၌ပင်လျှင် ဝိနည်းကို သင်၍၊ သိန်းခိုကျွန်း၌ သုတ်သင်စေလတ္တံ့။ ထိုအခါ၌ သာသနာတော်၏အမြစ်တို့သည် သက်ကုန်သည် ဖြစ်လတ္တံ့''ဟု မိန့်တော်မူပေ၏။

''အရှင်ဘုရား။ ထိုသို့သောသူတို့သို့သော ရဟန်းတို့သည် ရှိပါအံ့လော''ဟု မေးတော်မူ၏။

၁- ဥတ္တိယ- ဝံသဒီပနီ။
၂- သူရတိဿညီတော်လုပ်ကြံ၍- ဝံသဒီပနီ။

http://www.dhammadownload.com



"မြတ်သောမင်း။ ရှိ၏။ ရှေးဦးစွာ စေတိယဂိရိ၌ ၅ ကျိပ် ၅ ယောက်သောသူတို့နှင့် ရဟန်းပြုသော အရိဋ္ဌအရှင်သည် ထို ဝိနည်းကိုသင်သောအမှုကို စွမ်းနိုင်၏"

"အရှင်ဘုရား။ အကျွန်ုပ်ကား ဤအရာ၌ အသို့ပြုအပ်မည်နည်း" ဟု မေးတော်မူ၏။

"မြတ်သောမင်း။ မဏ္ဍပ်ကိုပြုအံ့သောငှာ အပ်၏" ဟု မိန့်တော်မူပေသော်၊ "အရှင်ဘုရား။ ကောင်းပြီ" ဟု ဝန်ခံ၍၊ မင်းကြီးလည်း မေဃဝဏ္ဏာဘာယ မင်း၏အမတ်၏ ပုရပိုက်အရာ၌ ဝဿကာရဘရာဟ္မဏ အစရှိသော အဖာတသတ်မင်းသည်ပြုအပ်သော မဏ္ဍပ်နှင့် အတူမဏ္ဍပ်ကို မင်း၏အာနုဘော်ဖြင့်ပြုစေ၍၊ ခပ်သိမ်းသော ပဉ္စင်တူရိယာ တီးမှုတ်သောသူတို့ကို မိမိ - မိမိတို့၏တီးမှုတ်ခြင်း၌ တီးမှုတ်စေ၍၊ သာသနာတော်၏ အမြစ်သက်သည်တို့ကို မြင်ရအံ့ဟု အထောင်မကသောသူတို့သည် ခြံရံလျက် ထူပါရုံသို့ ရောက်လေ၏။

ထိုအခါ၌ ထူပါရုံ၌ ၆ သောင်း ၈ ထောင်သောရဟန်းတို့သည် စည်းဝေးကုန်၏။

မဟာမဟိန္ဒထေရ်၏နေရာကိုကား တောင်သို့ရှေးရှု ခင်း၏။ မဟာအရိဋ္ဌထေရ်၏ တရားပလ္လင်ကိုကား မြောက်သို့ရှေးရှု ခင်း၏။

ထိုခဏ၌ မဟာအရိဋ္ဌထေရ်ကို မဟာမဟိန္ဒထေရ်သည် တိုက်တွန်းအပ်သည်ဖြစ်၍၊ မိမိအားလျောက်ပတ်သော၊ရောက်သောအစဉ်ဖြင့် တရားပလ္လင်၌ နေ၏။ မဟာမဟိန္ဒထေရ်အမှူးရှိသော ၆ ကျိပ် ၈ ယောက်သော မဟာထေရ်တို့သည် တရားပလ္လင်ကို ခြံရံ၍နေ၏။

မင်းကြီးညီတော် အငယ်ဖြစ်သော မတ္တာဘာယထေရ်သည်လည်း အကြီးပြုသည်ဖြစ်၍၊ 'ဝိနည်းဓိရ သင်အံ့' ဟူ၍၊ ရဟန်း ၅၀၀ နှင့်တကွ မဟာအရိဋ္ဌထေရ်၏တရားပလ္လင်ကို ခြံရံ၍နေ၏။

ကြွင်းသောရဟန်းတို့သည် လည်းကောင်း၊ မင်းနှင့်တကွ ပရိသတ်တို့သည် လည်းကောင်း မိမိ - မိမိတို့၏ လျောက်ပတ်သောနေရာ၌ နေကုန်၏။

ထိုအခါ၌ အရှင်အရိဋ္ဌသည် 'တေနသမယေန ဗုဒ္ဓေါဘဂဝါ ဝေရဉ္ဇာရံဝိဟရတိ နဠေရုပုစိ မန္ဒမူလေ' ဟူ၍ ဝိနည်းနိဒါန်းကို ရွတ်ပေ၏။ အရှင်အရိဋ္ဌထေရ်သည် ဝိနည်းနိဒါန်းကို ရွတ်ပေသည်ရှိသော်၊ တိမ်တိုက်ကင်းသောကောင်းကင်၌ ကြီးစွာသောအသံ မြည်၏။ အခါမဲ့ လျှပ်စစ်နွယ်တို့သည် ထွက်လတ်ကုန်၏။ နတ်တို့သည် သာဓု ခေါ်ပေကုန်၏။ ရေလျှင်အဆုံးရှိသော မြေကြီးသည်လည်းကောင်း ကောင်းစွာလှုပ်၏။

ဤသို့အံ့ဖွယ်သရဲသော တန်ခိုးတို့သည် ဖြစ်ကုန်လျက်လျှင် အရှင်အရိဋ္ဌထေရ်သည် မဟာမဟိန္ဒထေရ် အမှူးရှိကုန်သော၊ အသီးအသီးဂိုဏ်းရှိကုန်သော ၆ ကျိပ် ၈ ယောက်သောရဟန္တာမထေရ်တို့ဖြင့် လည်းကောင်း၊ ထိုမှတစ်ပါး ၆ သောင်း ၈ ထောင်သောရဟန္တာတို့ဖြင့် လည်းကောင်း ခြံရံလျက် သီတင်းကျွတ်လပြည့်ပဝါရဏာပြုသောနေ့၌ ထူပါရုံကျောင်း၏အလယ်၌ 'မြတ်စွာဘုရား၏ ကရဏာတော်' တည်းဟူသော ကျေးဇူးကို ပြတတ်သော၊ မြတ်စွာဘုရားဆုံးမတော်မူတိုင်း ကျင့်သောသူတို့သည် ကာယဒါရ၊ ဝစီဒါရ ကိုယ်၌ဖြစ်သော ကိလေသာတို့၏တုန်လှုပ်ခြင်းကို ဖျောက်ပေတတ်သော ဝိနည်းပိဋကတ်ကို ပြတော်မူပေ၏။

ထိုသို့ပြပြီး၍၊ အသက်အတိုင်းတည်လျက် များစွာသောသူတို့အား သင်စေ၍၊ များစွာသောသူတို့ နှလုံး၌ တည်စေ၍ ကမ္မဇရုပ် အကြွင်းမရှိသော နိဗ္ဗာနဓာတ်ဖြင့် ပရိနိဗ္ဗာန် ပြုတော်မူပေ၏။

ထိုအစည်းအဝေး၌ အညီအညွတ်စည်းဝေးကုန်သော၊ အကြီးသည်ဖြစ်သော၊ အသီးသီးသောဂိုဏ်း လည်းရှိကုန်သော၊ တရားမင်းဘုရား၏တပည့်သားလည်း ဖြစ်သော၊ ကုန်ပြီးသောအာသဝေါ ရှိကုန်သော၊ ဝသီဘော်

http://www.dhammadownload.com



၅ ပါးသို့လည်း ရောက်ကုန်သော, ဝိဇ္ဇာ ၃ ပါးတို့နှင့်လည်း ပြည့်စုံသော, တန်ခိုးအရာ၌လည်း လိမ္မာတော်မူကုန်သော, မဟာမဟိန္ဒထေရ်လျှင် အမှူးရှိကုန်သော, ခဝ်သိမ်းကုန်သော ထို ၆ ကျိပ် ၈ ပါးသော မဟာထေရ်တို့သည် မြတ်သောအကျိုးစီးပွားကို သိ၍၊ ဒေဝါနံဝိယတိဿမင်းကြီးကို ဆုံးမတော်မူနေကုန်၏။

ထိုမဟာထေရ်တို့သည် 'ဉာဏ်'တည်းဟူသော အလင်းကို ပြဦး၍၊ ဤ သိန်းခိုကျွန်းမြေအပြင်ကို ထွန်းပစေပြီး၍ မီးပုံကြီးကဲ့သို့ထွန်းပလျက်၊ သီလကွန် အစရှိသော ကျေးဇူးအပေါင်းတို့ကို ရှာတော်မူပြီးသော ရဟန္တာမြတ်တို့သည် ပရိနိဗ္ဗာန် ပြုတော်မူလေကုန်၏။

အရှင်မဟိန္ဒထေရ်ကား ၁၂ ဝါ စေ့သောအခါ၌ သိန်းခိုကျွန်းသို့ ရောက်တော်မူ၏။ ၁၄ ဝါမြောက်သော အခါ၌ကား သိန်းခိုကျွန်း၌ ပဋ္ဌကတ်ကို တည်စေ၏။ ၆၂ ဝါပြည့်၍ သက်တော် ၈၂ နှစ် စေ့လတ်သောအခါလျှင် ပရိနိဗ္ဗာန် ပြုတော်မူ၏။

ထိုမဟာထေရ်တို့ ပရိနိဗ္ဗာန်ပြုသည်မှ တစ်ပါးသောအခါ၌ တစ်ပါးကုန်သော ထိုထေရ်တို့၏တပည့်သားတို့သည် လည်းကောင်း၊ အရှင်မဟာထေရ်၏ တပည့်ဖြစ်ကုန်သော တိဿဒတ္တထေရ်, ကာဠသုမနထေရ် အစရှိကုန်သောထေရ်တို့သည် လည်းကောင်း၊ ထိုထေရ်အဆက်ဆက်တို့သည် လည်းကောင်း၊ ဤသို့ ရှေ့၌ဆိုအပ်ခဲ့ပြီးသော နည်းဖြင့် ဆရာအဆက်ဆက်, တပည့်အဆက်ဆက်တို့သည် ဆောင်တော်မူကုန်၏။

http://www.dhammadownload.com



## ဒေသနာ, သာသနာ, ကထာစသည်တို့ကို ပြခြင်း

'ဒေသနာ သာသန ကထာ၊ ဘေဒံ တေသု ယထာရဟံ။
သိက္ခာပဟာန ဂန္ထိရ၊ ဘာဝဉ္စ ပရိဒီပယေ။ ။'

''တေသု-တိပိဋကေသု၊ ထိုပိဋကတ် ၃ ပုံတို့၌။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဒေသနာသာသန ကထာဘေဒံ၊ ဒေသနာအပြား, သာသနာအပြား, ကထာအပြားကို လည်းကောင်း။ တစ်နည်းကား-ဒေသနာအထူး, သာသနာအထူး, ကထာအထူးကို လည်းကောင်း။ သိက္ခာပဟာန ဂန္ထိရ ဘာဝဉ္စ၊ သိက္ခာပဟာန်နက်နဲသောအဖြစ်ကို လည်းကောင်း။ ပရိဒီပယေ၊ ပြရာ၏။''

'ပရိယတ္တိဘေဒံ သမ္မတ္တိ၊ ဝိပတ္တိဉ္စာ ဝိယံ ယဟိ။
ပါပုဏာတိ ယထာ ဘိက္ခု၊ တံပိသဒ္ဓံ ဝိဘာဝယေ။ ။'

''ပရိယတ္တိဘေဒံ၊ သင်ခြင်း၏အပြားကို လည်းကောင်း။ ယဟိ၊ အကြောင်ပိဋကတ် ၃ ပုံ၌။ ယထာ၊ အကြောင်အခြင်းဖြင့်။ ဘိက္ခု၊ ရဟန်းသည်။ ယံသမ္မတ္တိဉ္စ၊ အကြောင်ပြည့်စုံခြင်းသို့ လည်းကောင်း။ ယံဝိပတ္တိဉ္စာ၊ အကြောင်ပျက်ခြင်းသို့ လည်းကောင်း။ ပါပုဏာတိ၊ ရောက်၏။ တံပိသဒ္ဓံ၊ ထိုအလုံးစုံကိုလည်း။ ဝိဘာဝယေ၊ ပြရာ၏။''

ဤဂါထာတို့ကား အခြား ဝတ္ထုချည်းတည်း။ ထိုဂါထာတို့၏ အနက်အဓိပ္ပာယ်ကား

'ထိုပိဋကတ် ၃ ပုံတို့၌ ဒေသနာအပြား, သာသနာအပြား, ကထာအပြားကို လည်းကောင်း၊ ၃ ပါးသော သိက္ခာ, ၃ ပါးသော ပဟာန်, ၄ ပါးအပြားရှိသော နက်နဲခြင်းကို လည်းကောင်း ပြအပ်၏။ သင်ခြင်း၏အပြားကို လည်းကောင်း၊ ထိုပိဋကတ် ၃ ပုံတို့၌ အကြောင်အခြင်းဖြင့် ကျင့်သော, သင်သော ရဟန်းသည် ပြည့်စုံခြင်းသို့ ရောက်ခြင်းကို လည်းကောင်း၊ ပျက်ခြင်းသို့ ရောက်ခြင်းကိုလည်းကောင်း ထိုအလုံးစုံကိုလည်း ပြအပ်၏။'

အဘယ်သို့ ပြအပ်သနည်းဟူမူကား-

**ဒေသနာ ၃ ပါး**

ပိဋကတ် ၃ ပုံတို့သည် အစဉ်အတိုင်း အာဏာဒေသနာ, ဝေါဟာရဒေသနာ, ပရမတ္ထဒေသနာ အားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃ ပါးတို့တွင်

ဝိနည်းပိဋကတ်သည် အာဏာထားခြင်းကိုထိုက်သော မြတ်စွာဘုရားသည် အာဏာများသောအားဖြင့် ဟောတော်မူသောကြောင့် 'အာဏာဒေသနာ' မည်၏။

http://www.dhammadownload.com



သုတ္တန်ပိဋကတ်သည် ဝေါဟာရ ပညတ်များသောအားဖြင့် ဟောတော်မူသောကြောင့် 'ဝေါဟာရဒေသနာ' မည်၏။ ။

အဘိဓမ္မာပိဋကတ်သည်ကား ပရမတ္ထ၌ လိမ္မာတော်မူသော မြတ်စွာဘုရားသည် ပရမတ္ထများသောအားဖြင့် ဟောတော်မူသောကြောင့် 'ပရမတ္ထ ဒေသနာ' မည်၏။

**သာသနာ ၃ ပါး**

ပိဋကတ် ၃ ပုံတို့သည် 'ယထာပရာဓ သာသနာ, ယထာနုလောမ သာသနာ, ယထာဓမ္မ သာသနာ အားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃ ပါးတို့တွင်

ဝိနည်းပိဋကတ်သည်ကား အကြင်သတ္တဝါတို့သည် များသောအပြစ် ရှိကုန်၏။ ထိုသတ္တဝါတို့ကို အပြစ်အလျောက် ဆုံးမတော်မူသောကြောင့် 'ယထာပရာဓ သာသနာ' မည်၏။

သုတ္တန်ပိဋကတ်သည်ကား အကြင်သတ္တဝါတို့သည် တစ်ပါးမကသော အဇ္ဈာသယအနုသယ စရိုက်၌ နှလုံးသွင်းသည်အလျောက် ဆုံးမတော်မူသောကြောင့် 'ယထာနုလောမ သာသနာ' မည်၏။

အဘိဓမ္မာပိဋကတ်သည်ကား အကြင်သတ္တဝါတို့သည် ပရမတ္ထတရားတို့၏အစုမျှ၌ 'ငါတည်း, ငါ၏ဥစ္စာတည်း'ဟု အမှတ်ရှိကုန်၏။ ထိုသတ္တဝါတို့ကို ပရမတ္ထသဘောအလျောက် ဆုံးမတော်မူသောကြောင့် 'ယထာဓမ္မ သာသနာ' မည်၏။

**ကထာ ၃ ပါး**

ပိဋကတ် ၃ ပုံတို့သည် 'သံဝရသံဝရ ကထာ, ဒိဋ္ဌိဝိနိဝေဌန ကထာ, နာမရူပ ကထာ' အားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃ ပါးတို့တွင်

ဝိနည်းပိဋကတ်သည် ကိုယ်,နှုတ်တို့၏ လွန်ကျူးခြင်းဖြင့် ဆန့်ကျင်ဘက်ဖြစ်သော ငယ်သောစောင့်ခြင်း, ကြီးသောစောင့်ခြင်းကို ဤဝိနည်းပိဋကတ်၌ ဟောတော်မူသောကြောင့် 'သံဝရသံဝရ ကထာ' မည်၏။

သုတ္တန်ပိဋကတ်သည် ရှေးသောဒိဋ္ဌိအယူတို့၏ ဆန့်ကျင်ဘက်ဖြစ်သော 'တိတ္ထိ အယူ' တည်းဟူသော ကြိုးထုံး၏ဖြေခြင်းကို ဤသုတ္တန်ပိဋကတ်၌ ဟောတော်မူသောကြောင့် 'ဒိဋ္ဌိဝိနိဝေဌန ကထာ' မည်၏။

အဘိဓမ္မာပိဋကတ်သည် ရာဂ အစရှိသောကိလေသာတို့၏ ဆန့်ကျင်ဘက်ဖြစ်သော နာမ်, ရုပ်တို့၏အဝိုင်းအခြားကို ဤအဘိဓမ္မာပိဋကတ်၌ ဟောတော်မူသောကြောင့် 'နာမရူပပရိစ္ဆေဒ ကထာ' မည်၏။

**သိက္ခာ ၃ ပါး**

ထိုပိဋကတ် ၃ ပုံသည် အဓိသီလသိက္ခာ, အဓိစိတ္တသိက္ခာ, အဓိပညာသိက္ခာအားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃ ပါးတို့တွင်

ဝိနည်းပိဋကတ်သည် ကိလေသာတို့၏ လွန်ကျူးခြင်းတို့၏ပယ်ခြင်းကို ဟောတော်မူ၏။ အဘယ်ကြောင့် နည်းဟူမူကား ကိလေသာတို့၏လွန်ကျူးခြင်းသည် သီလ၏ဆန့်ကျင်ဘက် ဖြစ်သောကြောင့် ဝိနည်းပိဋကတ်သည် 'အဓိသီလ သိက္ခာ' မည်၏။

http://www.dhammadownload.com



သုတ္တန်ပိဋကတ်၌ ကိလေသာတို့ ထိုးကျင့်ခြင်းတို့၏ ပယ်ခြင်းကို ဟောတော်မူ၏။ အဘယ်ကြောင့်နည်း ဟူမူကား ကိလေသာတို့၏ ထိုးကျင့်ခြင်းသည် သမာဓိ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် သုတ္တန်ပိဋကတ်သည် 'အဓိစိတ္တသိက္ခာ' မည်၏။

အဘိဓမ္မာပိဋကတ်၌ 'ကာမ ရာဂါနုသယ' အစရှိသော ကိလေသာတို့၏ပယ်ခြင်းကို ဟောတော်မူ၏။ အဘယ်ကြောင့်နည်းဟူမူကား ကာမရာဂါနုသယ အစရှိသောကိလေသာတို့သည် အဘိညာဉ်ပညာ၏ ဆန့်ကျင်ဘက်ဖြစ်သောကြောင့် အဘိဓမ္မာပိဋကတ်သည် 'အဓိပညာသိက္ခာ' မည်၏။

**ပဟာန် ၃ ပါး**

ထိုပိဋကတ် ၃ ပုံသည် တဒင်္ဂပဟာန်, ဝိက္ခမ္ဘနပဟာန်, သမုစ္ဆေဒပဟာန်အားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃ ပါးတို့တွင်

ဝိနည်းပိဋကတ်သည် ကာမကုသိုလ်အင်္ဂါတို့ဖြင့် 'ဒုစရိုက်' တည်းဟူသော ညစ်ညူးစေတတ်သော ကိလေသာတို့ကို အခိုက်အတန့်မျှသာ ပယ်ခြင်းကို ဟောတော်မူသောကြောင့် ဝိနည်းပိဋကတ်သည် 'တဒင်္ဂပဟာန်' မည်၏။

သုတ္တန်ပိဋကတ်၌ မဟဂ္ဂုတ်စျာန်တို့ဖြင့် အိုင်၌ မှော်ကို အိုးဖြင့် ဝေးစွာတွန်းလိုက်သကဲ့သို့၊ 'တဏှာဒိဋ္ဌိ' တည်းဟူသော ညစ်ညူးစေတတ်သော ကိလေသာတို့သည် အမြစ်မပြတ်သော်လည်း စျာန်တန်ခိုးဖြင့် ဝေးစွာပယ်ခြင်းကို ဟောတော်မူသောကြောင့် သုတ္တန်ပိဋကတ်သည် 'ဝိက္ခမ္ဘနပဟာန်' မည်၏။

အဘိဓမ္မာပိဋကတ်သည် 'တဏှာဒိဋ္ဌိ' တည်းဟူသော ညစ်ညူးစေတတ်သောကိလေသာတို့ကို မဂ်စိတ်ဖြင့် သာလျှင် ခပ်သိမ်းတစ်ဖန် မဖြစ်စေမူ၍ အမြစ်ကိုဖြတ်လျက် ဟောတော်မူသောကြောင့် အဘိဓမ္မာပိဋကတ်သည် 'သမုစ္ဆေဒပဟာန်' မည်၏။

**ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ**

ထိုပိဋကတ် ၃ ပုံတို့တွင် ၁ ပါး ၁ ပါးသောပိဋကတ်၌ ၄ ပါး အပြားရှိသော ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓ အဖြစ်ကိုလည်း သိအပ်၏။

ထို ၄ ပါးတို့တွင် ဓမ္မကား ပါဠိတည်း။ ပါဠိ၏အနက်ကား အတ္ထတည်း။ ထိုပါဠိကိုဟောခြင်းသည် ဒေသနာတည်း။ ပါဠိကို လည်းကောင်း, ပါဠိ၏အနက်ကို လည်းကောင်း ဟုတ်သောအလျောက် သိသောဉာဏ်သည် ပဋိဝေဒတည်း။

ဤကား ဓမ္မကို မနသာဝတ္တာပိတ 'ပါဠိ' ယူ။ အတ္ထကို 'ပါဠိအနက်' ယူ။ ဒေသနာကို နှုတ်ပွက်၍ 'သဒ္ဒပညတ်' ယူ။ ပဋိဝေဓကို ပါဠိ, အနက် ၂ ပါးကိုသိသော 'ဉာဏ်' ယူ၍ ဆုံးဖြတ်သော အဓိပ္ပာယ်တည်း။

တစ်နည်းကား-

ဓမ္မကို 'အကြောင်း' ယူ။ အတ္ထကို 'အကျိုး' ယူ။ ဒေသနာကို 'သဒ္ဒပညတ်' ယူ။ ပဋိဝေဓကို အကြောင်းအားလျော်စွာအကျိုး-အကျိုးအားလျော်စွာအကြောင်းကို, ပညတ်အားလျော်စွာ ပညတ်ကို သိတတ်သော လောကီ, လောကုတ္တရာ 'ဉာဏ် ၂ ပါး' ကိုယူ၍ ဆုံးဖြတ်သော်ကား အဝိဇ္ဇာကား အကြောင်းတည်း။ သခါရကား အကျိုးတည်း။ သခါရဖြစ်သည်ကား အဝိဇ္ဇာကြောင့်တည်း။ အဝိဇ္ဇာကား သခါရကို ဖြစ်စေတတ်သတည်း။ ဤသို့

http://www.dhammadownload.com



အကြောင်းနှင့်လျော်စွာ အကျိုးကို, အကျိုးနှင့်လျော်စွာ အကြောင်းကို အာရုံပြု၍ သိသောဉာဏ်သည် 'ဝိသယ အဝဗောဓနဉာဏ်' တည်း။

မောဟကိုပယ်ပြီးသော လောကုတ္တရာမဂ်ဉာဏ်ဖြင့် 'သမုဒယသစ္စာ' တည်းဟူသော အဝိဇ္ဇာကြောင့် 'ဒုက္ခသစ္စာ' တည်းဟူသော သခါရကား ဖြစ်သတည်း။ သမုဒယကား အကြောင်း, ဒုက္ခကား အကျိုး။ သမုဒယ ကြောင့် ဒုက္ခ ဖြစ်သတည်း။ ဒုက္ခကား သမုဒယ ပြုသတည်းဟု သိသောဉာဏ်သည် 'အသံမောဟအဝဗောဓန ဉာဏ်' တည်း။

ထိုသို့ ပညတ်ခြင်း၏အကြောင်းကို သိပြီးမူကား 'အဝိဇ္ဇာဟေတု သခါရဟေတု သမုပ္ပန္နာ။ အဝိဇ္ဇာပစ္စယာ သခါရပစ္စယုပ္ပန္နာ' ဟူ၍ သဒ္ဒပညတ်ကို လောကီ,လောကုတ္တရာဉာဏ်တို့ဖြင့် သိသောဉာဏ်သည်ကား 'အနုရူပ ပညတ္တိအဝဗောဓနဉာဏ်' တည်း။

သခါရ ပစ္စယာ ဝိညာဏ အစရှိသည်၌လည်း ဤအတူလည်းကောင်းတည်း။ ဤကား အကြောင်း, အကျိုး စသည်ကို ဆုံးဖြတ်ခြင်းတည်း။

ဤသို့လျှင် ဝိဋ္ဌကတ် ၃ ပုံတို့၌ ဓမ္မ, အတ္ထ, ဒေသနာ, ပဋိဝေဓတို့၏ နက်နဲသောပညာအဖြစ်ကိုလည်း သိအပ်၏။ အဘယ်သို့နည်း ဟူမူကား ယုန်ငယ် အစရှိသောသတ္တဝါတို့သည် မဟာမုဒ္ဒရာကို သက်ိုင်ခဲသကဲ့သို့၊ ပညာနည်းသောအမျိုးသားတို့သည် သက်စွမ်းနိုင်ခဲကုန်၏။ တော်လည်း တော်စွမ်းနိုင်ခဲကုန်၏။ ထိုကြောင့် နက်နဲကုန်၏။

ဤသို့ ဝိဋ္ဌကတ် ၃ ပုံတို့၌ ၁ ပါးပါးသော ဝိဋ္ဌကတ်၌ ၄ ပါး အပြားရှိသော နက်နဲသောအဖြစ်ကိုလည်း သိအပ်၏။

http://www.dhammadownload.com



## ပိဋကတ် ၃ ပုံသင်ခြင်းခ် မကောင်းသဖြင့်သင်ခြင်းကို ပြခြင်း

ထိုပိဋကတ် ၃ ပုံတို့တွင် တစ်ပါးပါးသောပိဋကတ်ခ် သင်ခြင်းတို့၏အပြားတို့သည်ကား အလဂဒူပမာပရိယတ္တိ, နိဿရဏတ္ထပရိယတ္တိ, ဘဏ္ဍာဂါရိကပရိယတ္တိ အားဖြင့် ၃ ပါး အပြားရှိ၏။ ထို ၃ ပါးတို့တွင်

**အလဂဒူပမာ ပရိယတ္တိ**

အကြင်သူသည် သူ့ကို ချုပ်ချယ်ခြင်း, စောင်းမြောင်းခြင်း အစရှိသောအကြောင်းကြောင့် သင်၏။ ဤသို့သင်ခြင်းသည်ကား မြွေဖမ်းဥပမာ ရှိသော၊ 'အလဂဒူပမာ ပရိယတ္တိ' အမည် ရှိ၏။ အကြင် မကောင်းသဖြင့်သင်ခြင်းကို ရည်၍ မြတ်စွာဘုရားလည်း ဤသို့ ဟောတော်မူ၏။

"ချစ်သားရဟန်းတို့။ ဥပမာကား မြွေကိုအလိုရှိ၍ မြွေကိုရှာအံ့သောငှာ သွားလေသောယောကျ်ားသည် ကြီးစွာသောမြွေကို မြင်၍ ထိုမြွေကို အခွေခ် လည်းကောင်း, ကိုယ်ခ် လည်းကောင်း, အမြီးခ် လည်းကောင်း ကိုင်ငြားအံ့။ ထိုမြွေသည် ပြန်၍ ထိုယောကျ်း၏လက်ကို လည်းကောင်း, လက်ရုံးကိုလည်းကောင်း ခဲဘိ၏။ ထိုခဲခြင်းကြောင့် သေသော်လည်း သေရာ၏။ သေလောက်သော ဆင်းရဲသို့သော်လည်း ရောက်ရာ၏။ ထိုသို့ ဖြစ်ခြင်းသည်ကား မြွေဖမ်း မတတ်သောကြောင့်တည်း။

"ထိုသို့ ချစ်သားရဟန်းတို့။ ငါ၏သာသနာတော်၌ အချို့သောသူတို့သည် ပါဠိကို လည်းကောင်း, သုတ္တန်ကို လည်းကောင်း, ဂေယျကို လည်းကောင်း, ဝေယျာကရဏ်းကို လည်းကောင်း, ဓာတ်ကို လည်းကောင်း, အဿုတကို လည်းကောင်း, ဝေဒလ္လကို လည်းကောင်း သင်ကုန်၏။ ထိုသူတို့သည် ထိုတရားတို့၏အနက်ကို ပညာဖြင့် မဆင်ခြင်ကုန်။ ထိုသူတို့အား ထိုတရားတို့သည် ဆင်ခြင်ကို မခံလေကုန်။"

"အဓိပ္ပာယ်ကား 'ဤအရာ၌ သီလကို ဟောတော်မူ၏။ ဤအရာ၌ သမာဓိကို သင်ကုန်၏။ ထိုသူတို့သည် ထိုတရားတို့၏အနက်ကို ပညာဖြင့် မဆင်ခြင်ကုန်'။ ထိုသူတို့အား ထိုတရားတို့သည် ဆင်ခြင်ဟောတော်မူ၏။ 'ဤအရာ၌ ပညာကို ဟောတော်မူ၏။ ငါတို့လည်း ဖြည့်ပါအံ့ဟူ၍ ပါဠိတော်၏အနက်ကို မစူးမစမ်း မဆင်မခြင်ကုန်။' ထိုသူတို့အား 'တရားတော်၌ စူးစမ်းဆင်ခြင်ခြင်းကို မခံလေသည်' မည်၏။ ထိုသူတို့အား အသိမခံဟူလိုသည်။ ဤကား အတ္ထသန္ဒါကို အနက်ယူ၍ ဆုံးဖြတ်သည်။

"အတ္ထသန္ဒါကို အကျိုးမယူ ဆုံးဖြတ်သော်ကား 'မြတ်စွာဘုရားသည် ဤအရာ၌ သီလကို ဟောတော်မူ၏။ ဤအရာ၌ သမာဓိကို ဟောတော်မူ၏။ ဤအရာ၌ ပညာကို ဟောတော်မူ၏။ ငါတို့သည် သီလ အစရှိသည်ကို ပြည့်မှသာ အကျိုးရှိပါအံ့။ သီလသည် သမာဓိ၏အကြောင်း ဖြစ်သည်။ သမာဓိကား ဝိပဿနာပညာ၏ အကြောင်းဖြစ်သည်' ဟူ၍ ပရိယတ္တိသင်ပါသော်၊ အကျိုးကို မစူးမစမ်း မဆင်မခြင်ကုန်။ ထိုသူတို့အား 'တရားတော်သည် အကျိုးမပေးလေ' ဟူလိုသည်။

http://www.dhammadownload.com



"သူ့ကို ချုပ်ချယ်ခြင်း ရှိ၍ လည်းကောင်း၊ သူ၏ကဲ့ရဲ့ခြင်းမှ လွတ်စေသောအကျိုး ရှိသည်ဖြစ်၍ လည်းကောင်း သင်ကုန်၏။ ထိုအကျိုးလည်း မခံရကုန်။ အဓိပ္ပာယ်ကား-

"သူ့ကို အပြစ်တင်ရအောင်, သူတင်လတ်သောအပြစ်ကိုလည်း လွတ်အောင်' ဟူ၍ကား သင်၏။ ပါဠိတော်၏အနက်ကို အဟုတ်အဟတ်လျှင် မသိနိုင်ရကား၊ သူအားလည်း ဒေါသာရောပန ပြစ်တင်အံ့သောငှာလည်း မတတ်နိုင်ကုန်။ သူတင်လေသော အပြစ်ကိုလည်း လွတ်စိမ့်သောငှာ မတတ်နိုင်ကုန်'-ဟူလိုသည်။

"ထိုသို့ မကောင်းသဖြင့်သင်ကုန်သော ထိုတရားတို့သည် သူတို့အား အကျိုးမခံရခြင်း, အကျိုးမရှိခြင်း, ဆင်းရဲခြင်းသို့ ဖြစ်စေခြင်းသည်ကား ချစ်သားရဟန်းတို့။ တရားတို့ကို မကောင်းသဖြင့်သင်အပ်သည်၏ အပြစ်ကြောင့်တည်း။

"အကြင်သူတို့သည် သီလ အစရှိသောကျေးဇူးတို့၏ ပြည့်စုံခြင်းကိုသာလျှင် တောင့်တ၍ သင်၏။ သူ့ကို ချုပ်ချယ်ခြင်း အစရှိသောကြောင့် မသင်။ ဤသို့သင်ခြင်းသည်ကား 'သံသရာဝဋ်မှ ထွက်မြောက်ခြင်းအကျိုးရှိသော သင်ခြင်းတည်း' ဟူသော 'နိဿရဏတ္ထ ပရိယတ္တိ' မည်၏။

"ဤသို့သင်ခြင်းကိုရည်၍ မြတ်စွာဘုရားလည်း

'တေသံ တေဓမ္မာ သုဂဟိတာ၊ ဒီဃရတ္တံ ဟိတာယ သုခါယ သံဝတ္တန္တိ။

တံ ကိဿဟေတု သုဂဟိတတ္တာ၊ ဘိက္ခဝေ ဓမ္မာနံ။ ။' ဟူ၍ ဟောတော်မူ၏။

"ဘိက္ခဝေ၊ ရဟန်းတို့။ သုဂဟိတာ၊ ကောင်းစွာသင်အပ်ကုန်သော။ တေဓမ္မာ၊ ထိုတရားတို့သည်။ တေသံ၊ ထိုသူတို့အား။ ဒီဃရတ္တံ၊ ရှည်မြင့်စွာသော ကာလပတ်လုံး။ ဟိတာယ၊ စီးပွားခြင်းငှာ။ သုခါယ၊ချမ်းသာခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။ တံ၊ ထိုသို့ စီးပွား, ချမ်းသာတို့၏ ဖြစ်ခြင်းသည်ကား။ ကိဿဟေတု၊ အဘယ်ကြောင့်နည်း ဟူမူကား။ ဘိက္ခဝေ၊ ရဟန်းတို့။ ဓမ္မာနံ၊ တရားတို့ကို။ သုဂဟိတတ္တာ၊ ကောင်းစွာသင်အပ်သောအဖြစ်ကြောင့်။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

"အဓိပ္ပာယ်ကား- ချစ်သားရဟန်းတို့။ ကောင်းစွာ သင်အပ်သည်၏အဖြစ်ကြောင့်တည်း ဟု ဟောတော်မူ၏။ ဝိုင်းခြားသိပြီးသောခန္ဓာ ရှိသော, ပယ်ပြီးသောကိလေသာ ရှိသော, ပွားစေအပ်သောမဂ် ရှိသော, သိပြီးသော အရတ္တဖိုလ်ရှိသော ရဟန္တာတို့သည် သက်သက် အစဉ်အဆက်ကို စောင့်အံ့သောငှာ လည်းကောင်း၊ အနှယ်ကို စောင့်အံ့သောငှာ လည်းကောင်း သင်တော်မူကုန်၏။ ဤသို့သင်ခြင်းသည်ကား 'ဘဏ္ဍာဂါရိက ပရိယတ္တိ' တည်းဟူသော 'ဘဏ္ဍာဂါရိက ပရိယတ္တိ' မည်၏။

"အဘယ်သို့ပြည့်စုံသနည်း ဟူမူကား ဝိနည်း၌ လည်းကောင်း၊ ထို ကောင်းစွာကျင့်သောရဟန်းသည် သီလ၏ပြည့်စုံခြင်းကို မှီ၍ ဝိဘင်္ဂ ၃ ပါးသို့ ရောက်၏။ အဘယ်ကြောင့်နည်းဟူမူကား ဝိနည်းပိဋကတ်၌ ထို ဝိဘင်္ဂ ၃ ပါးတို့၏အပြားကို ဟောတော်မူသောကြောင့်တည်း။ ။ သုတ္တန်ပိဋကတ်၌ ကောင်းစွာကျင့်သောရဟန်းသည် သမာဓိ၏ပြည့်စုံခြင်းကို မှီ၍ ၆ ပါးသော အဘိညာဉ်တို့သို့ ရောက်၏။ အဘယ်ကြောင့်နည်းဟူမူကား သုတ္တန်ပိဋကတ်၌ ထိုအဘိညာဉ် ၆ ပါးတို့၏အပြားကို ဟောတော်မူသောကြောင့်တည်း။ အဘိဓမ္မာပိဋကတ်၌ ကောင်းစွာကျင့်သော, ကောင်းစွာသင်သော ရဟန်းသည် ပညာ၏ပြည့်စုံခြင်းကို မှီ၍ ပဋိသမ္ဘိဒါ ၄ ပါးသို့ ရောက်၏။ အဘယ်

http://www.dhammadownload.com



ကြောင့်နည်းဟူမူကား အဘိဓမ္မာပိဋကတ်၌ ပဋိသန္ဓိဒါတို့၏အပြားကို ဟောတော်မူသောကြောင့်တည်း။ ။ ဤသို့လျှင် ပိဋကတ် ၃ ပုံတို့၌ ကောင်းစွာကျင့်သော, ကောင်းစွာသင်သောရဟန်းသည် အစဉ်သဖြင့် ဝိဇ္ဇာ ၃ ပါး, အဘိညာဉ် ၆ ပါး, ပဋိသန္ဓိဒါ ၄ ပါး အပြားရှိသော ပြည့်စုံခြင်းသို့ ရောက်၏။

**ဝိနည်းပိဋကတ်**

အဘယ်သို့ပျက်သနည်း ဟူမူကား ဝိနည်းပိဋကတ်၌ မကောင်းသဖြင့်ကျင့်သော, မကောင်းသဖြင့် သင်သော ရဟန်းသည် မြတ်စွာဘုရား ခွင့်ပြုတော်မူအပ်သော နူးညံ့သောအတွေ့ရှိသော အခင်း,အရံ အစရှိသည်တို့၏အတွေ့နှင့် တူသောအားဖြင့် ပယ်အပ်သော မိန်းမအတွေ့ စသည်တို့၌မှီဝဲသော် အပြစ်မရှိ ဟူ၍ အမှတ်ရှိသည် ဖြစ်၏။ ထိုသို့ 'အပြစ်မရှိ' ဟူ၍ လွန်ကျူးခြင်းကြောင့် သီလမရှိသောအဖြစ်သို့ ရောက်၏။

အရိဋ္ဌဆေရိကား ဗဟုသုတခမ္မကထိက ဖြစ်၍ ကမ္မအန္တရာယ်, ဝိပါကအန္တရာယ်, ကိလေသအန္တရာယ်, ဥပဝါဒအန္တရာယ်, အာဏာဝိတိက္ကမအန္တရာယ်၊ ဤ ၅ ပါးသောအန္တရာယ်တို့တွင် ၄ ပါးသောအန္တရာယ်ကိုကား သိ၏။ ဝိနည်း အကောဝိဓဖြစ်ခဲ့ရကား အာဏာဝိတိက္ကမအန္တရာယ်ကို မသိ၍ ဆိတ်ငြိမ်သောအရပ်၌နေလျက် ဤသို့သောအကြံသည် ဖြစ်သတည်း။

'ဤလူတို့ကား ကာမဂုဏ် ၅ ပါးတို့ကို ခံစားကုန်လျက်လျှင် သောတာပန်, သကဒါဂါမ် ဖြစ်ကြကုန်သည်ချည်း။ ရဟန်းတို့လည်း နှစ်လိုဖွယ်ရှိသော ရူပါရုံကိုလည်း မြင်ပါကုန်၏။ သဒ္ဒါရုံကိုလည်း မြင်ပါကုန်၏။ ဂန္ဓာရုံကိုလည်း မြင်ပါကုန်၏။ ရသာရုံ, ဖောဋ္ဌဗ္ဗာရုံတို့ကိုလည်း တွေ့ပါကုန်၏။ နူးညံ့သောအတွေ့ရှိခြင်း အတူတူ' ဟူ၍ အနဝဇ္ဇဖြစ်သော ပစ္စည်းတို့ကို သုံးဆောင်ခြင်းကိစ္စနှင့် သာဝဇ္ဇဖြစ်သော ကာမဂုဏ်ချမ်းသာခြင်းကိစ္စကို နှိုးနှော၍ ဆန္ဒရာဂ သုံးဆောင်ခြင်းနှင့် နိစ္စန္ဒရာဂ သုံးဆောင်ခြင်း ထပ်တူပြု၍၊ ရုန့်ရင်းသောလျှော်မျှင်နှင့် သိမ်မွေ့စွာသောချည်ကို စပ်ဘိသကဲ့သို့, မုန့်ညင်းသီးနှင့် မြင်းမိုရ်တောင်ကို တိုင်းဘိသကဲ့သို့ မကောင်းသောဒိဋ္ဌိအယူကို ဖြစ်စေ၍၊ မြတ်စွာဘုရားကား မဟာသမုဒ္ဒရာကို ကန်သင်းဖို့ဘိသကဲ့သို့ ကြီးစွာသောအားထုတ်ခြင်းဖြင့် ပါရာဇိကကို ပညတ်တော်မူ၏။

ဤကား 'ကာမဂုဏ်ချမ်းသာကို ခံခြင်း' တည်းဟူသော အတွေ့သည်ကား သိမ်မွေ့နူးညံ့စွာသော အခင်း, အရံ, ဖုံမွေ့ရာစသည်တို့၏ အတွေ့နှင့်နူးညံ့ခြင်း တူသည်ဖြစ်ရကား 'အပြစ်မရှိ' ဟူ၍ သဗ္ဗညုတဉာဏ်နှင့် ဆန့်ကျင်စေလျက်၊ ဝေသာရဇ္ဇဉာဏ်ကို ပိတ်ပင်စေလျက်၊ အရိယမဂ် ၄ ပါး၌ ငြောင့်, တံသင်းကို ထိုင်သကဲ့သို့ 'မြတ်စွာဘုရားအာဏာစက်' တည်းဟူသော သာသနာတော်ကိုဒဏ်ပေးလျက် ဤသို့ အယူမှားသောစကားကို ဆိုသတည်း။

**အန္တရာယ် ၅ ပါးတို့တွင်**

'ကမ္မအန္တရာယ်' ဟူသည်ကား တိဟိတ်ပဋိသန္ဓေရှိသော်လည်း ပဉ္စာနန္တရိယကံကို ပြုမိရကား ဒေဝဒတ်စသောသူတို့ကဲ့သို့ မဂ်,ဖိုလ်မရထိုက်သော သူတို့တည်း။

'ကိလေသာအန္တရာယ်' ဟူသည်ကား နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိအယူကို ယူမိသောကြောင့် တိဟိတ်နေသော်လည်း မဂ်,ဖိုလ်မရထိုက်သော သူတို့တည်း။

http://www.dhammadownload.com



'ဝိပါကအန္ဓရာယ်' ဟူသည်ကား အဟိတ်, ဒွိဟိတ်နေ၍၊ မင်္ဂ,ဖိုလ် မရထိုက်သော သူတို့တည်း။

'ဥပဝါဒအန္ဓရာယ်' ဟူသည်ကား ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာ, သူတော်ကောင်းတို့ကို ပြစ်မှားမိ၍၊ စွပ်စွဲခြင်း, ဆဲရေးခြင်းတို့ကို ပြုမိ၍၊ မင်္ဂ,ဖိုလ် မရထိုက်သော သူတို့တည်း။ ကန်တော့သော်မှ အန္ဓရာယ် လွတ်သတည်း။

'အာဏာဝိတိက္ကမအန္ဓရာယ်' ဟူသည်ကား ပညတ်တော်ကို လွန်ကျူးမိ၍၊ အာပတ်သင့်သောကြောင့် မင်္ဂ,ဖိုလ်မရထိုက်သော သူတို့တည်း။ ။ ဒေသနာကံအာပတ်ကို ဒေသနာကြားမှ, ဝုဋ္ဌာနကံအာပတ်ကို ပရိဝတ် မာနတ်နေ၍ အာပတ်မှထသော်ကား မင်္ဂ,ဖိုလ် ရကောင်းသတည်း။

### သုတ္တန်ပဋ္ဌာန်

သုတ္တန်ပဋ္ဌာန်၌ မကောင်းသဖြင့် ကျင့်သော, မကောင်းသဖြင့် သင်သော သူသည် 'စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာသန္တော သံဝဇ္ဈမာနာ' ဟူ၍ ဟောတော်မူသောဒေသနာကား ပရမတ္ထဒေသနာ မဟုတ်။ 'သမုတိဒေသနာ' ဟူ၏။ မြတ်စွာဘုရား အလိုတော်ကို မသိ၍ မကောင်းသောယူခြင်းကို ယူ၏။ ထိုသို့ မကောင်းသော အယူကို ယူသောသူကိုရည်၍ မြတ်စွာဘုရားလည်း ဤသို့ဟောတော်မူ၏။

'အတ္တာနာ ဒုဂ္ဂဟိတေန၊ အမေ့စေဝ အဿာစိကွတိ။
အတ္တာနဉ္စ မူလံ ခဏတိ၊ ဗဟုဉ္စ အပုညံ ပသဝတိ' ဟူ၍ ဟောတော်မူ၏။

''အတ္တာနာ၊ မိမိသည်။ ဒုဂ္ဂဟိတေန၊ မကောင်းသောအယူကို ယူသောကြောင့်။ အမေ့စေဝ၊ ငါတို့ကိုလည်း။ အဿာစိကွတိ၊ စွပ်စွဲ၏။ အတ္တာနဉ္စ၊ မိမိကိုလည်း။ မူလံ၊ အရင်းကို။ ခဏတိ၊ တူးဖြို၏။ ဗဟုဉ္စ အပုညံ၊ များစွာသောမကောင်းမှုကိုလည်း။ ပသဝတိ၊ ပွားစေ၏။'' ဟူ၍ ဟောတော်မူ၏။ ထိုသို့မကောင်းသောအယူကို ယူခြင်းကြောင့် အယူမှားသောအဖြစ်သို့ ရောက်၏။

### အဘိဓမ္မာပဋ္ဌာန်

အဘိဓမ္မာပဋ္ဌာန်၌ မကောင်းသဖြင့်ကျင့်သော, မကောင်းသဖြင့်သင်သော ရဟန်းသည် ပရမတ္ထတရား၌ စိတ်သည် အလွန်ပြေးလေသည်ဖြစ်၍၊ မကြဲအပ်, မကြဲနိုင်သောတရားတို့ကိုလည်း ကြဲ၏။ ထိုသို့ကြဲသောကြောင့် နှလုံးပျံ့လွင့်ခြင်းသို့ ရောက်၏။ ထို့ကြောင့် မြတ်စွာဘုရားလည်း

'စတ္တာရိ မာနိ ဘိက္ခဝေ၊ အစိန္တေယျာနိန စိန္တေတဗ္ဗာနိ။
ယာနိ စိန္တေန္တော ပမာဒဿ၊ ဝိဃာတဿ ဘာဂီအဿ။ ။' ဟူ၍ ဟောတော်မူ၏။

'ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာရိ၊ ၄ ခုကုန်သော။ ကတမာနိအစိန္တေယျာနိ- စိန္တေတုံသတ္တော္တေယျာနိ၊ ဤ မကြဲအပ်, မကြဲနိုင်သောတရားတို့ကို။ နစိန္တေတဗ္ဗာနိ၊ မကြဲအပ်ကုန်။ ယာနိအစိန္တေယျာနိ၊ အကြင် မကြဲနိုင်သောတရားတို့ကို။ စိန္တေန္တော၊ ကြံသောသူသည်။ ဥမမာဒဿ၊ ရူးခြင်း၏။ ဘာဂီ၊ အဖို့သည်။ အဿဘဝေယျ၊ ဖြစ်ရာ၏။ ဝိဃာတဿ၊ ပင်ပန်းခြင်း၏။ ဘာဂီ၊ အဖို့သည်။ အဿဘဝေယျ၊ ဖြစ်ရာ၏' ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



အစိန္ဓေယျ ၄ ပါးကား

ဗုဒ္ဓဝိဿယော အစိန္ဓေယျော, ဣဒ္ဓိဝိပဿယော အစိန္ဓေယျော, ကမ္မဝိပါတော အစိန္ဓေယျော, လောကစိန္တာ အစိန္ဓေယျော၊ ဤ ၄ ပါးတည်း။

ဤသို့လျှင် ဝိဋ္ဌကတ် ၃ ပုံတို့၌ မကောင်းသဖြင့်ကျင့်သော, မကောင်းသဖြင့်သင်သော ရဟန်းသည် အစဉ်သဖြင့် သီလမရှိသော အဖြစ်, အယူမှားသော အဖြစ်, နှလုံးပျံ့လွင့်ပင်ပန်းခြင်း အပြားရှိသော ဤသို့ ပျက်ခြင်းစီးခြင်းသို့ ရောက်ရာ၏။ အဘယ်ပုဂ္ဂိုလ်တို့သည်နည်း ဟူမူကား အကြင်ပုဂ္ဂိုလ်တို့ အာပတ်မှ လည်းကောင်း မယုတ်သည် ဖြစ်၏။

ပတ္တမြားဖြင့်ပြီးသော အိုး၌သာ တည်သောခြေသုံးဆီကဲ့သို့ စိုးစဉ်းမျှ မယိုမယွင်း ဤသို့သောရှိကုန်သော၊ အလွန် သတိလုံ့လနှင့်ပြည့်စုံကုန်သော၊ ဒုစရိုက်တို့သည် ရောက်အံ့သည်ကို ရှုတတ်ကုန်သော အလို ရှိတတ်ကုန်သော၊ သိက္ခာ ၃ ပါးတို့၌ အလိုရှိကုန်သော လဖို့ပုဂ္ဂိုလ်၌ တည်၏ ဟု သိအပ်၏။ အကြင်ကြောင့် လဖို့ပုဂ္ဂိုလ်တို့၌ ဝိနည်းပိဋကတ်သည် တည်၏။

ထို့ကြောင့် ဝိနည်းကို တည်စိမ့်သောငှာ ဝိနည်းကိုသင်ခြင်း၏ အကျိုးကို မှတ်၍၊ သိက္ခာ ၃ ပါးကို အလိုရှိသောရဟန်းသည် ဝိနည်းကို သင်အပ်၏။

အဘယ်သို့ အကျိုးရှိသနည်းဟူမူကား ဝိနည်းကိုသင်ခြင်း၌ လိမ္မာကုန်သောပုဂ္ဂိုလ်တို့သည် သာသနာတော်၌ရအပ်သော သဒ္ဓါယုံကြည်ခြင်းရှိကုန်သော အမျိုးသားတို့၏ မိဘအရာ၌တည်သည် ဖြစ်၏။

အဘယ်ကြောင့်နည်းဟူမူကား ထိုအမျိုးသားတို့၏ ရဟန်းအဖြစ်သည် လည်းကောင်း၊ ပဗ္ဗင်းအဖြစ်သည် လည်းကောင်း၊ ဝတ်ကြီးဝတ်ငယ်တို့ကို ကျင့်ခြင်းသည် လည်းကောင်း၊ ကျင့်အပ်သည်-မကျင့်အပ်သည်၌ လိမ္မာသောအဖြစ်, ဆွမ်းခံအပ်သည်-မအပ်သည်၌ လိမ္မာသောအဖြစ်သည် လည်းကောင်း ထိုဝိနည်းဓိရ်နှင့် စပ်၏။

အကြောင်းတစ်ပါးလည်း ထို ဝိနည်းကိုဆောင်သော ပုဂ္ဂိုလ်အား ဝိနည်းသင်ခြင်းကို မှီ၍၊ မိမိ၏ 'သီလ' ဟူသောကျေးဇူးသည် ကောင်းစွာလုံ့လသည်, ကောင်းစွာစောင့်ရောက်အပ်သည် ဖြစ်၏။ ကုက္ကုစ္စဖြင့် နှိပ်စက်သော ရဟန်းတို့၏ ကိုးကွယ်ရာသည် ဖြစ်၏။ ရွံရှာခြင်းကင်းသည်ဖြစ်၍ သံဃာအလယ်၌ ဆုံးဖြတ်၏။ မိမိရန်သူ, သာသနာတော်၏ရန်သူတို့ကို ဝိနည်းတရား အကြောင်းနှင့်တကွ ကောင်းစွာနှိပ်ခြင်းကို နှိပ်၏။ သူတော်ကောင်းတရား ၃ ပါးတို့၏ တည်ခြင်းငှာ ကျင့်၏။

ထို့ကြောင့် မြတ်စွာဘုရားလည်း

'ပဠိမေဘိက္ခဝေ အာနိသံသာ၊ ဝိနယဓရေ ပုဂ္ဂလေ။

အတ္တနောသီလက္ခ န္ဓော၊ သုဂုတ္တော ဟောတိ။

'သုရက္ခိဒေါ ကုက္ကုစ္စပကတာနံ။ ဘိက္ခုနံပဋိသရဏံ ဟောတိ။

ဝိသာရဒေါ သံဃမဇ္ဈေဝေါဟရတိ၊ ပစ္စတ္ထိကေ သဟဓမ္မေန။

သုနိဂ္ဂဟိတံ နိဂ္ဂဏှာတိ။ သဒ္ဓမ္မဋ္ဌိတိယာပဋိပ္ပန္နောဟောတိ' ဟူ၍ ဟောတော်မူ၏။

http://www.dhammadownload.com



"ဘိက္ခဝေ၊ ရဟန်းတို့။ ဝိနယဓရေ၊ ဝိနည်းကိုဆောင်သော။ ပဂ္ဂလေ၊ ပုဂ္ဂိုလ်၌။ ဣမေပဉ္စအာနိသံသာ၊ ဤ ၅ ပါးသောအကျိုးတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ပဉ္စအာနိသံသာ။ ၅ ပါးသောအကျိုးတို့ဟူသည်။ ကတမာ၊ ကား။ အတ္တနော၊ မိမိ၏။ သီလက္ခန္ဓော၊ သီလဟူသော ကျေးဇူးသည်။ သုဂုတ္တော၊ ကောင်းစွာလုံသည်။ ဟောတိ၊ ဖြစ်၏။ ကောင်းစွာစောင့်အပ်သည်။ ဟောတိ၊ ဖြစ်၏။ ကုက္ကုစ္စပကတာနံ၊ ကုက္ကုစ္စဖြင့် နှိပ်စက်ကုန်သော။ ဘိက္ခုနံ၊ ရဟန်းတို့၏။ ပဋိသရဏော၊ ကိုးကွယ်ရာသည်။ ဟောတိ၊ ဖြစ်၏။ ဝိသာရဒေါ၊ ရဲရင့်သည်ဖြစ်၍။ ပုဂ္ဂလေ၊ ပုဂ္ဂိုလ်၌။ သံဃမဇ္ဈေ၊ သံဃာအလယ်၌။ ဝေါဟရတိ၊ ဆုံးဖြတ်၏။ ပစ္စတ္ထိကေ၊ မိမိ၏ရန်သူ, သာသနာတော်၏ ရန်သူတို့ကို။ ဓမ္မေနကာရဏောနံ၊ အကြောင်းနှင့်။ သဟ၊ တကွ။ သုနိဂ္ဂဟိတံ၊ ကောင်းစွာနှိပ်ခြင်းကို။ နိဂ္ဂဏှာတိ၊ နှိပ်၏။ သဒ္ဓမ္မဋ္ဌိတိယာ၊ သူတော်ကောင်းတရား ၃ ပါးတို့၏ တည်ခြင်းငှာ။ ပဋိပန္နော ဟောတိ၊ ကျင့်သည် ဖြစ်၏"

### ပထမသင်္ဂါယနာ

ဤသို့လျှင် ရှင်တော်ဘုရားဟောတော်မူသော နှုတ်နက်တော်ပိဋကတ် ၃ ပုံကို သာသနာတော် ၅၀၀၀ ပတ်လုံးတည်စိမ့်သောငှာ၊ မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၍ ၃ လ၊ ဝါခေါင်လပြည့်ကျော် ၅ ရက် သောကြာနေ့ ရာဇဂြိုဟ်ပြည်၌ အဓာတသတ်မင်းကို မှီ၍ ဓေဘာရတောင်ရံ စရည်းပင်ရောက်သော လိုဏ်၏အဝ အဓာတသတ်မင်းသည်ပြုအပ်သော ရတနာမဏ္ဍပ်၌ အရှင်မဟာကဿပ အမှူးရှိသော ၅၀၀ သောရဟန္တာမြတ်တို့သည် စည်းဝေး၍ ပထမသင်္ဂါယနာတင်သည်။ ၇[1]လမှ ပြီး၏။

### ဒုတိယသင်္ဂါယနာ

ရှင်တော်ဘုရားသာသနာတော် အနှစ် ၁၀၀ ရောက်သောအခါ ဝန္ဇီတိုင်းသားရဟန်းတို့၏ ၁၀ ပါးသော အဓမ္မဝတ္ထုကို ပြသည်ကိုအကြောင်းပြု၍ ဝေသာလီပြည် ဝါလိကာရုံကျောင်းတော်၌ ကာဠာသောကမင်းကို အမှီပြုပြီးလျှင် ရှင်ယသထေရ်အမှူးရှိသော ၇၀၀ သော ရဟန္တာအရှင်မြတ်တို့သည် စည်းဝေး၍ ဒုတိယသင်္ဂါယနာတင်ကြကုန်သည်။ ၇ လကြာမှ ပြီး၏။

### တတိယသင်္ဂါယနာ

ရှင်တော်ဘုရားသာသနာတော် ၂၃၅ နှစ်[2] ရောက်သောအခါ ပါဋလိပုတ်ပြည်၌ သိရိဓမ္မာသောကမင်းကို အမှီပြု၍၊ အသောကာရာမ၌ အရှင်မောဂ္ဂလိပုတ္တတိဿ အစရှိသော ၁၀၀၀ သော ရဟန္တာမြတ်တို့သည် စည်းဝေး၍ တတိယသင်္ဂါယနာတင်သည်။ ၉လမှ ပြီး၏။

ဤသင်္ဂါယနာ ၃ တန် တင်သော ပိဋကတ် ၃ ပုံကို အရှင်မဟိန္ဒထေရ်သည် သိန်းခိုက္ခုန်းသို့ဆောင်၍ ရောက်တော်မူသည်။ သာသနာတော် ၂၃၆ နှစ် နယုန်လပြည့်နေ့တည်း။

၁- '၅ လမှ ပြီးသည်'- ဝံသဒီပနီ။
၂- '၂၃၄ နှစ်'- ဝံသဒီပနီ

http://www.dhammadownload.com



နယုန်လပြည့်ကျော် ၂ ရက်နေ့ အရှင်မဟိန္ဒထေရ်ကို မေဃဝန်ဥယျာဉ်ကို လှူသည်။ သိန်းခိုကျွန်းဌ ၁ ဝါ ဆို၍၊ သာသနာတော် ၂၃၆ နှစ် ထူပါရုံကို တည်သည်။

၂ ဝါဆို၍၊ သီတင်းကျွတ် ပဝါရဏာနေ့ ဒက္ခိဏာသာခါသည် ရွှေဖျဉ်းဌ် တည်သည်။

နတ်တော်လဆန်း ၂ ရက်နေ့ သဘော်လှေသို့တင်၍ ၇ ရက် ပူဇော်သည်။ မဟာသမုဒ္ဒရာဌ်ကူးသောအခါ သဃ်မိတ္တာထေရိကို နဂါးတို့သည် တောင်းပန်၍၊ မဟာဗောဓိ ဒက္ခိဏာသာခါကို နဂါးပြည်သို့ ဆောင်၍၊ ၇ ရက် ပူဇော်ပြီးမှ လှေဌ် တင်စေ၍ ထိုနေ့ပင် သိန်းခိုကျွန်းသို့ ရောက်သည်။

သာသနာတော် ၂၃၈ နှစ်။ နတ်တော် လဆန်း ၁၄ ရက် ညနေချမ်း နေဝင်၍ ရောဟဏီနက္ခတ်ဖြင့် မြေမြှဳ် တည်သည်။

**စတုတ္ထသင်္ဂါယနာ**

ဒေဝါနံပိယတိဿမင်းအကြား မင်း ၆ ဆက် သာသနာတော် ၃၂၇ နှစ် ဒုဋ္ဌဂါမဏိ မင်းပြု၍၊ သာသနာ ၃၈၀ ရောက်သောအခါ မဟာစေတီကို တည်သည်။

သာသနာတော်အနှစ် ၄၅၀ တိုင်အောင်လျှင် ဝိဋကတ် ၃ ပုံကို နှုတ်ကျက်သာ ဆောင်တော်မူ၏။

သိန်းခိုကျွန်းဌ် မင်းဆက် ၁ ကျိပ် ၈ ယောက် စေ့လတ်သောအခါ ဝဋ္ဋဂါမဏိမင်းလက်ထက်တွင်မှ နှုတ်ကျက် မဆောင်နိုင်အံ့သည်ကို မြင်တော်မူ၍၊ ရဟန္တာ ၅၀၀ တို့သည် ပေဌ် ရေးတော်မူခဲ့ကုန်သည်။

**အရှင်ဗုဒ္ဓဃောသ**

သိန်းခိုကျွန်းဌ် မင်း ၆၂ ဆက်ဖြစ်၍၊ သာသနာတော် ၈၃၀[1] စေ့သောအခါ ကလိင်္ဂရာဇ်ပြည်မှ 'ကရုံသိဝ' မည်သော မင်း၏သမီး 'ဟေမမာလာ' မည်သောမင်းသမီးနှင့် 'ဝိန္ဒ'[2] မည်သောမင်းသားတို့သည် သဘော်ဖြင့် ကူးလေ၍၊ စွယ်တော်ဓာတ်ကို ဆောင်ကြဉ်းလေသောအားဖြင့် ကိတ္တိသိရိမေဃမင်း၏ လက်ထက်လျှင် သိန်းခိုပြည်သို့ စွယ်တော်ရောက်လေသတည်း။ သာသနာတော် အနှစ် ၉၃၀ လွန်၍၊ မင်း ၆၆ ဆက်စေ့လတ်သောအခါ သိန်းခိုဘာသာဖြင့် ထားလေသော အဋ္ဌကထာကို မဂဓဘာသာ ပြန်လိုသောငှာ မဟာနာမမင်း၏လက်ထက် ဓမ္မာဒိပ်ကျွန်းမှ သိန်းခိုကျွန်းသို့ အရှင်ဗုဒ္ဓဃောသ ရောက်တော်မူသည်။

ဤသို့ မြတ်စွာဘုရားဓမ္မစက်တော် ဝိဋကတ် ၃ ပုံတို့ကို သင်္ဂါယနာတင်ကြောင်း အတ္ထုပ္ပတ္တိ စကား အစီအစဉ်ကို အဋ္ဌကထာ, ဋီကာတို့ဌ် လာသောအတိုင်း ဝိဋကတ်တော်မ 'ဓမ္မနန္ဒ' ပုဂ္ဂိုလ်သည် အစွမ်းသတ္တိ ရှိပါသောအလျောက် စကားပြေစီစဉ်၍ ပြီးသည်ကား သာသနာတော် ၂၂၂၈ နှစ်[3]-သက္ကရာဇ်သနှ်ာ ၁၀၄၆ ခု တော်သလင်းလဆန်း ၄ ရက် စနေနေ့တွင် ပြီးပြည့်စုံ၏။ ။ နိဗ္ဗာန ပစ္စယော ဟောတု။

'ပု-ဒိ-အာ' နှင့် ပြည့်ပါလို၏။

၁- 'သာသနာတော်နှစ် ၈၃၅'- ဝံသဒီပနီ။ ၃- သာသနာသက္ကရာဇ် ၂၂၂၈ ဖြစ်သည်။
၂- 'ဒန္တမင်းသား'- ဝံသဒီပနီ။

http://www.dhammadownload.com

# ပုဒ္ဓဝင်အကျဉ်း ဇယား

ဆင္ခသဂိါယနာတင် စာတော်မူနှင့်အညီ ပြဆိုပါသည်။

| ကမ္ဘာ | ၁-ဒီပင်္ကရ | ၂-ကောဏ္ဍည | ၃-မင်္ဂလ | ၄-သုမန | ၅-ရေဝတ |
|---|---|---|---|---|---|
| ၁- ပွင့်ရာကမ္ဘာ | ၄ သင်္ချေ ကမ္ဘာ<br>၁ သိန်းအထက် | ၃ သင်္ချေ ကမ္ဘာ<br>၁ သိန်းအထက် | ၂ သင်္ချေ ကမ္ဘာ<br>၁ သိန်းအထက် | ၂ သင်္ချေ ကမ္ဘာ<br>၁ သိန်းအထက် | ၂ သင်္ချေ ကမ္ဘာ<br>၁ သိန်းအထက် |
| ၂- ပြည်တော် | ရမ္မဝတီပြည် | ရမ္မဝတီပြည် | ဥတ္တရပြည် | မေခလပြည် | သုဓညဝတီပြည် |
| ၃- ခမည်းတော် | သုဒေဝ | သုနန္ဒ | ဥတ္တရ | သုဒတ္တ | ဝိပုလ |
| ၄- မယ်တော် | သုမေဓာ | သုဇာတာ | ဥတ္တရာ | သိရိမာ | ဝိပုလာ |
| ၅- စံရာပြာသာဒ် | ဟံသ<br>ကောဉ္စ<br>မယူရ | သုစိ<br>သုရုစိ<br>သုဘ | ယသဝါ<br>သုစိမာ<br>သိရိမာ | စန္ဒ<br>သုစန္ဒ<br>ဝဠဲသ | သုဒဿန<br>ရတနဂ္ဃိ<br>အာဝေဠ |
| ၆- ကြင်ရာတော် | ပဒုမာ | ရုစိဒေဝီ | ယသဝတီ | ဝဠဲသိကာ | သုဒဿနာ |
| ၇- သားတော် | ဥသဘက္ခန္ဓ | ဝိဇိတသေန | သီဝလ | အနူပမ | ဝရုဏ |
| ၈- စည်းစိမ်စံနှစ် | ၁ သောင်း | ၁ သောင်း | ၉၀၀၀ | ၉၀၀၀ | ၆၀၀၀ |
| ၉- တောထွက်ခြင်း | ဆင်နှင့် | ရထားနှင့် | မြင်းနှင့် | ဆင်နှင့် | ရထားနှင့် |
| ၁၀- ဘုရားဖြစ်ရန် ကျင့်ရှိန် | ၁၀ လ | ၁၀ လ | ၈ လ | ၁၀ လ | ၇ လ |
| ၁၁- ပွင့်ရာသစ်ပင် | ညောင်ကြတ်ပင် | နပဲပင် | ကံ့ကော်ပင် | ကံ့ကော်ပင် | ကံ့ကော်ပင် |
| ၁၂- လက်ယာရံထေရ် | သုမင်္ဂလ | ဘဒ္ဒ | သုဒေဝ | သရဏ | ဝရုဏ |
| ၁၃- လက်ဝဲရံထေရ် | တိဿ | သုဘဒ္ဒ | ဓမ္မသေန | ဘာဝိတတ္တ | ဗြဟ္မဒေဝ |
| ၁၄- အလုပ်အကျွေး | သာဂတ | အနုရုဒ္ဓ | ပါလိတ | ဥဒေန | သမ္ဗဝ |
| ၁၅- လက်ယာရံထေရီ | နန္ဒာ | တိဿာ | သီဝလာ | သောဏာ | ဘဒ္ဒါ |
| ၁၆- လက်ဝဲရံထေရီ | သုနန္ဒာ | ဥပတိဿာ | အသောကာ | ဥပသောဏာ | သုဘဒ္ဒါ |
| ၁၇- ဥဏ်တော် | အတောင် ၈၀ | ၈၈ တောင် | ၈၈ တောင် | အတောင် ၉၀ | အတောင် ၈၀ |
| ၁၈- သက်တမ်း | နှစ် ၁ သိန်း | နှစ် ၁ သိန်း | နှစ် ၉ သောင်း | နှစ် ၉ သောင်း | နှစ် ၆ သောင်း |
| ၁၉- စေတီ | ၃၆ ယူဇနာမြင့် | ၇ ယူဇနာမြင့် | ယူဇနာ ၃၀ မြင့် | ၄ ယူဇနာမြင့် | စေတီအများ |
| ၂၀- ဘုရားလောင်း | သုမေဓာရသေ့ | ဝိဇိတာဝီစကြာမင်း | သုရုစိပုဏ္ဏား | အတုလနဂါးမင်း | အတိဒေဝပုဏ္ဏား |

http://www.dhammadownload.com

# ပုဒ္ဓဝင်အကျဉ်း ဇယား

ဆဋ္ဌသင်္ဂါယနာတင် စာတော်မူနှင့်အညီ ပြဆိုပါသည်။

| ကဏ္ဍ | ၆-ဟောဂီဇ | ၇-အနောဒေဿီ | ၈-ဝဒုဒ | ၉-နာရဒ | ၁၀-ဝဒုဒုတ္တရ |
|---|---|---|---|---|---|
| ၁- မွင့်ရာကမ္ဘာ | ၂ သရေ့ကမ္ဘာ<br>၁ သိန်းအထက် | ၁ သရေ့ကမ္ဘာ<br>၁ သိန်းအထက် | ၁ သရေ့ကမ္ဘာ<br>၁ သိန်းအထက် | ၁ သရေ့ကမ္ဘာ<br>၁ သိန်းအထက် | ကမ္ဘာ ၁ သိန်း အထက် |
| ၂- ပြည့်တော် | သုဓမ္မပြည် | စန္ဒဝတီပြည် | စမ္မကပြည် | ဧညဝတီပြည် | ဟံသဝတီပြည် |
| ၃- ဓမည်းတော် | သုမွေ | ယသဝါ | အသမ | သုဒေဝ | အာနန္ဒ |
| ၄- မယ်တော် | သုဓမ္မာ | ယသောဓရာ | အသမာ | အနောမာ | သုဇာတာ |
| ၅- စံရာပြာသာဒ် | ကုမုဒ<br>နာဠိန<br>ပဒုမ | သိရီ<br>ဥပသိရီ<br>ဝမု | နန္ဒ<br>ဝသု<br>ယသုတ္တရ | ဇိတ<br>ဝိဇိတ<br>အဘိရာမ | နရဝါဟန<br>ယသ<br>ဝသဝတ္တီ |
| ၆- ကြင်ရာတော် | မဏိလာ | သိရိမာ | ဥတ္တရာ | ဝိဇိတာသေနာ | ဝသုဒတ္တာ |
| ၇- သားတော် | သီဟ | ဥပဝါဏ | ရမ္မ | နန္ဒုတ္တရ | ဥတ္တမ |
| ၈- စည်းစိမ်စံနှစ် | ၉၀၀၀ | ၁ သောင်း | ၉၀၀၀ | ၉၀၀၀ | ၁ သောင်း |
| ၉- တောထွက်ခြင်း | ပြာသာဒ်နှင့် | ရွှေထမ်းစင်နှင့် | ရထားနှင့် | ခြေလျင်နှင့် | ပြာသာဒ်နှင့် |
| ၁၀- ဘုရားဖြစ်ရန် ကျင့်ဖို့ | ၇ ရက် | ၁၀ လ | ၈ လ | ၇ ရက် | ၇ ရက် |
| ၁၁- မွင့်ရာသစ်ပင် | ကံ့ကော်ပင် | ဖောက်ကြီးပင် (ထောက်ကြီးပင်) | ကြောင်လျှာပင် | ကြောင်လျှာပင် | ဆပ်သွားဖူးပင် |
| ၁၂- လက်ယာရံထေရ် | အသမ | နိသဘ | သာလ | ဘဒ္ဒသာလ | ဒေဝလ |
| ၁၃- လက်ဝဲရံထေရ် | သုနေတ္တ | အနောမ | ဥပသာလ | ဇိတမိတ္တ | သုဇာတ |
| ၁၄- အလုပ်အကျွေး | အနောမ | ဝရုဏ | ဝရုဏ | ဝါသေဋ္ဌ | သုမန |
| ၁၅- လက်ယာရံထေရီ | နကုလာ | သုန္ဒရီ | ရာဓာ | ဥတ္တရာ | အမိတာ |
| ၁၆- လက်ဝဲရံထေရီ | သုဇာတာ | သုမနာ | သုရာဓာ | ဖဂ္ဂုနီ | အသမာ |
| ၁၇- ဉာဏ်တော် | ၅၈ တောင် | ၅၈ တောင် | ၅၈ တောင် | ၈၈ တောင် | ၅၈ တောင် |
| ၁၈- သက်တမ်း | နှစ် ၉ သောင်း | နှစ် ၁ သိန်း | နှစ် ၁ သိန်း | နှစ် ၉ သောင်း | နှစ် ၁ သိန်း |
| ၁၉- စေတီ | စေတီအများ | ၂၅ ယူဇနာမြင့် | စေတီအများ | ၄ ယူဇနာမြင့် | ၁၂ ယူဇနာမြင့် |
| ၂၀- ဘုရားလောင်း | သုဇာတပုဏ္ဏား | ဘီလူးစစ်သူကြီး | ခြင်္သေ့မင်း | ရသေ့ရဟန်း | ဓဋ္ဌိလမင်း |

http://www.dhammadownload.com



ဆဋ္ဌသင်္ဂါယနာတင် စာတော်မူနှင့်အညီ ပြဆိုပါသည်။

| ကမ္ဘာ | ၁၁-သုဇာဒ | ၁၂-သုစာတ | ၁၃-ဗိဗာဒဿီ | ၁၄-အတ္ထဒဿီ | ၁၅-ဓမ္မဒဿီ |
|---|---|---|---|---|---|
| ၁- ပွင့်ရာကမ္ဘာ | ကမ္ဘာ ၃ သောင်း အထက် | ကမ္ဘာ ၃ သောင်း အထက် | ၁၁၈ ကမ္ဘာ အထက် | ၁၁၈ ကမ္ဘာ အထက် | ၁၁၈ ကမ္ဘာ အထက် |
| ၂- ပြည်တော် | သုဒဿနပြည် | သုမင်္ဂလပြည် | သုဓညပြည် | သောဘဏပြည် | သရဏပြည် |
| ၃- ဓမည်းတော် | သုဒတ္တ | ဥဠုတ | သုဒတ္တ | သာဂရ | သရဏ |
| ၄- မယ်တော် | သုဒတ္တာ | ပဘာဝတီ | စန္ဒာဒေဝီ | သုဒဿနာ | သုနန္ဒာ |
| ၅- စံရာပြာသာဒ် | သုစန္ဒ<br>ကဉ္စန<br>သိရိဝမှ | သိရီ<br>ဥပသိရီ<br>နန္ဒ | သုနိမ္မလ<br>ဝိမလ<br>ဂိရိဂုဟ | အမရဂိရီ<br>သုဂိရီ<br>ဝါဟန | အရဇ<br>ဝိရဇ<br>သုဒဿန |
| ၆- ကြင်ရာတော် | သုမနာ | သိရိနန္ဒာ | ဝိမလာ | ဝိသာခါ | ဝိစိကောဠီ |
| ၇- သားတော် | ပုနဗ္ဗသု | ဥပသေန | ကဉ္စနာဝေဠု | သေလ | ပုညဝမုန |
| ၈- စည်းစိမ်စံနန်း | ၉၀၀၀ | ၉၀၀၀ | ၉၀၀၀ | ၁ သောင်း | ၈၀၀၀ |
| ၉- တောထွက်ခြင်း | ဆင်နှင့် | မြင်းနှင့် | ရထားနှင့် | မြင်းနှင့် | ပြာသာဒ်နှင့် |
| ၁၀- ဘုရားဖြစ်ရန် ကျင့်ရိုန် | ၁၅ ရက် | ၉ လ | ၆ လ | ၈ လ | ၇ ရက် |
| ၁၁- ပွင့်ရာသစ်ပင် | ကျည်းပင် | ကြခတ်ဝါးပင် | ဖောက်ကြီပင် (ထောက်ကြီပင်) | စကားပင် | သံသတ်ပင် |
| ၁၂- လက်ယာရံထေရ် | သရဏ | သုဒဿန | ပါလိတ | သန္တ | ပဒုမ |
| ၁၃- လက်ဝဲရံထေရ် | သဗ္ဗကာမ | သုဒေဝ | သဗ္ဗဒဿီ | ဥပသန္တ | ဖုဿဒေဝ |
| ၁၄- အလုပ်အကျွေး | သာဂရ | နာရဒ | သောဘိတ | အဘယ | သုနေတ္တ |
| ၁၅- လက်ယာရံထေရီ | ရာမာ | နာဂါ | သုဇာတာ | ဓမ္မာ | ခေမာ |
| ၁၆- လက်ဝဲရံထေရီ | သုရာမာ | နာဂသမာလာ | ဓမ္မဒိန္နာ | သုဓမ္မာ | သစ္စနာမာ |
| ၁၇- ဥဏ်တော် | ၈၈ တောင် | အတောင် ၅၀ | အတောင် ၈၀ | အတောင် ၈၀ | အတောင် ၈၀ |
| ၁၈- သက်တမ်း | နှစ် ၉ သောင်း | နှစ် ၉ သောင်း | နှစ် ၉ သောင်း | နှစ် ၁ သိန်း | နှစ် ၁ သိန်း |
| ၁၉- စေတီ | စေတီအများ | ၃ ဂါဝုတ်မြင့် | ၃ ယူဇနာမြင့် | စေတီအများ | ၃ ယူဇနာမြင့် |
| ၂၀- ဘုရားလောင်း | ဥတ္တရလုလင် | စကြဝတေးမင်း | ကဿပပုဏ္ဏား | သုသီမရသေ့ | သိကြားမင်း |

http://www.dhammadownload.com

# ပုဒ္ဓဝင်အကျဉ်း ဇယား

ဆင္ခသင်္ဂါယနာတင် စာတော်မူနှင့်အညီ ပြဆိုပါသည်။

| ကမ္ဘာ | ၁၆-သိန်းတ္ထ | ၁၇-ဇီဃ | ၁၈-ဒုဃ | ၁၉-ဂီဃသီ | ၂၀-သိန် |
|---|---|---|---|---|---|
| ၁- ပွင့်ရာကမ္ဘာ | ၉၄ ကမ္ဘာ အထက် | ၉၂ ကမ္ဘာ အထက် | ၉၂ ကမ္ဘာ အထက် | ၉၁ ကမ္ဘာ အထက် | ၃၁ ကမ္ဘာ အထက် |
| ၂- ပြည်တော် | ဝေဘာရပြည် | ခေမကပြည် | ကာသိကပြည် | ဗန္ဓုမတီပြည် | အရုဏဝတီပြည် |
| ၃- ခမည်းတော် | ဥဒေန | ဇနသန္ဓ | ဇယသေန | ဗန္ဓုမာ | အရုဏ |
| ၄- မယ်တော် | သုဖဿာ | ပဒုမာ | သိရိမာ | ဗန္ဓုမတီ | ပဘာဝတီ |
| ၅- စံရာပြာသာဒ် | ကောက သုပ္ပလ ကောကနဒ | ဂုဟာသေလ နာရီသယ နိသဘ | ဂရုဠပက္ခ ဟံသ သုဝဏ္ဏဘာရ | နန္ဒ သုနန္ဒ သိရိမာ | သုစန္ဒက ဂိရိ ဝသဘ |
| ၆- ကြင်ရာတော် | သောမနသာ | သုဘဒ္ဒါ | ကိသာဂေါတမီ | သုတနု(သုဒဿနု) | သဗ္ဗကာမာ |
| ၇- သားတော် | အနူပမ | အာနန္ဒ | အနူပမ | သမဝတ္တက္ခန္ဓ | အတုလ(သဗ္ဗဒဿ) |
| ၈- စည်းစိမ်စံနှစ် | ၁ သောင်း | ၇၀၀၀ | ၉၀၀၀ | ၈၀၀၀ | ၇၀၀၀ |
| ၉- တောထွက်ခြင်း | ရွှေထမ်းစင်နှင့် | မြင်းနှင့် | ဆင်နှင့် | ရထားနှင့် | ဆင်နှင့် |
| ၁၀- ဘုရားဖြစ်ရန် ကျင့်ချိန် | ၁၀ လ | ၈ လ | ၆ လ | ၈ လ | ၈ လ |
| ၁၁- ပွင့်ရာသစ်ပင် | မဟာလေကားပင် | ဝိတောက်ပင် | ကြက်ဆူပင် | သခွတ်ပင် | သရက်ဖြူပင် |
| ၁၂- လက်ယာရံထေရ် | သမ္မလ | ဗြဟ္မဒေဝ | သုရက္ခိတ | ခဏ္ဍ | အဘိဘူ |
| ၁၃- လက်ဝဲရံထေရ် | သုမိတ္တ | ဥဒယ | ဓမ္မသေန | တိဿ | သမ္ဘဝ |
| ၁၄- အလုပ်အကျွေး | ရေဝတ | သမဂီ | သဘိယ | အသောက | ခေမင်္ကရ |
| ၁၅- လက်ယာရံထေရီ | သီဝလာ | ဖုဿာ | သာလာ | စန္ဒာ | သခီလာ |
| ၁၆- လက်ဝဲရံထေရီ | သုရာမာ | သုဒတ္တာ | ဥပသာလာ | စန္ဒမိတ္တာ | ပဒုမာ |
| ၁၇- ဥဏ်းတော် | အတောင် ၆၀ | အတောင် ၆၀ | ၅၈ တောင် | အတောင် ၈၀ | အတောင် ၇၀ |
| ၁၈- သက်တမ်း | နှစ် ၁ သိန်း | နှစ် ၁ သိန်း | နှစ် ၉ သောင်း | နှစ် ၈ သောင်း | နှစ် ၇ သောင်း |
| ၁၉- စေတီ | ၄ ယူဇနာမြင့် | ၃ ယူဇနာမြင့် | စေတီအများ | ၇ ယူဇနာမြင့် | ၃ ယူဇနာမြင့် |
| ၂၀- ဘုရားလောင်း | မင်္ဂလရသေ့ | သုဇာတမင်း | ဝိဇိတာဝီမင်း | အတုလနဂါးမင်း | အရိန္ဒမမင်း |

http://www.dhammadownload.com

# ပုဒ္ဓဝင်အကျဉ်း ဇယား

ဆဋ္ဌသင်္ဂါယနာတင် စာတော်မူနှင့်အညီ ပြဆိုပါသည်။

| ကဏ္ဍာ | ၂၁- ဓေဿဘူ | ၂၂- ကကုသန် | ၂၃- ကောဏာဂုံ | ၂၄- ကဿပ | ၂၅- ဂေါတမ |
|---|---|---|---|---|---|
| ၁- မွင့်ရာကမ္ဘာ | ၃၁ ကမ္ဘာ အထက် | ဤဘဒ္ဒကမ္ဘာ | ဤဘဒ္ဒကမ္ဘာ | ဤဘဒ္ဒကမ္ဘာ | ဤဘဒ္ဒကမ္ဘာ |
| ၂- ပြည်တော် | အနောမပြည် | ခေမာဝတီပြည် | သောဘဝတီပြည် | ဗာရာဏသီပြည် | ကပိလဝတ်ပြည် |
| ၃- ခမည်းတော် | သုပ္ပတိတ | အဂ္ဂိဒတ္တ | ယညဒတ္တ | ဗြဟ္မဒတ္တ | သုဒ္ဓေါဒန |
| ၄- မယ်တော် | ယသဝတီ | ဝိသာခါ | ဥတ္တရာ | ဓနဝတီ | မဟာမာယာ |
| ၅- စံရာပြာသာဒ် | ရှစ်<br>သုရှစ်<br>ရတိဝမုခ | ကာမ<br>ကာမဝတ္ထု<br>ကာမသုဒ္ဓိ | တုသိတ<br>သန္တုသိတ<br>သန္တုဋ္ဌ | ဟံသ<br>ယသ<br>သိရိနန္ဒ | ရမ္မ<br>သုရမ္မ<br>သုဘ |
| ၆- ကြင်ရာတော် | သုစိတ္တာ | ရောစိနီ | ရှစိဂတ္တာ | သုနန္ဒာ | ဘဒ္ဒကစ္စနာ |
| ၇- သားတော် | သုပ္ပဗုဒ္ဓ | ဥတ္တရ | သတ္တဝါဟ | ဝိဓိတသေန | ရာဟုလ |
| ၈- စည်းစိမ်စံနှစ် | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ | ၂၉ နှစ် |
| ၉- တောထွက်ခြင်း | ရွှေထမ်းစင်နှင့် | ရထားနှင့် | ဆင်နှင့် | ပြာသာဒ်နှင့် | မြင်းနှင့် |
| ၁၀- ဘုရားဖြစ်ရန် ကျင့်ရှိန် | ၆ လ | ၈ လ | ၆ လ | ၇ ရက် | ၆ နှစ် |
| ၁၁- မွင့်ရာသစ်ပင် | အင်ကြင်းပင် | ကက္ကိုပင် | ရေသဖန်းပင် | ပညောင်ပင် | ညောင်ဗုဒ္ဓဟောပင် |
| ၁၂- လက်ယာရံထေရ် | သောဏ | ဝိဓုရ | ဘီယျသ | တိဿ | ဥပတိဿ |
| ၁၃- လက်ဝဲရံထေရ် | ဥတ္တရ | သဉ္ဇီဝ | ဥတ္တရ | ဘာရဒ္ဒါဇ | ကောလိတ |
| ၁၄- အလုပ်အကျွေး | ဥပသန္တ | ဗုဒ္ဓိဇ | သောတ္ထိဇ | သဗ္ဗမိတ္တ | အာနန္ဒ |
| ၁၅- လက်ယာရံထေရီ | ရာမာ | သာမာ | သမုဒ္ဒါ | အနုဠာ | ခေမာ |
| ၁၆- လက်ဝဲရံထေရီ | သမာလာ | စမ္မာ | ဥတ္တရာ | ဥရုဝေဠာ | ဥပ္ပလဝဏ္ဏာ |
| ၁၇- ဥဏ်းတော် | အတောင် ၆၀ | အတောင် ၄၀ | အတောင် ၃၀ | အတောင် ၂၀ | ၁၆ တောင် |
| ၁၈- သက်တမ်း | နှစ် ၆ သောင်း | နှစ် ၄ သောင်း | နှစ် ၃ သောင်း | နှစ် ၂ သောင်း | နှစ် ၁၀၀ |
| ၁၉- စေတီ | စေတီအများ | ၁ ဂါဝုတ်မြင့် | စေတီအများ | ၁ ယူဇနာမြင့် | စေတီအများ |
| ၂၀- ဘုရားလောင်း | သုဒဿနမင်း | ခေမမင်း | ပဗ္ဗတမင်း | ဓောတိပါလလုလင် | |

http://www.dhammadownload.com

# မှာကြားနိုင်သောစာအုပ်များ

- **ဓိနတ္ထပကာသနီ** ၄၀၀၀ ကျပ်
  ကျိုးသဲလေးထပ်ဆရာတော်ဘုရားကြီး
- **ဇာတ်တော်ကြီးဆယ်ဘွဲ့ပေါင်းချုပ်** ၁၂၀၀၀ ကျပ်
  ဦးသြဘာသ, ဦးပညာတိက္ခ, ဦးနန္ဒမေဓာ
- **ရွှေဥမင်ဆရာတော်ဘုရားကြီး၏ သြဝါဒတရားတော်များ** ၁၅၀၀ ကျပ်
  ညီညီနိုင် ပူဇော်သည်။
- **ဓမ္မပဒ အဆုံးအမများ-အင်္ဂလိပ်,မြန်မာ,ပါဠိ** ၁၀၀၀ ကျပ်
  ဦးဒင်မောင်ကြီး ရန်ကုန်တက္ကသိုလ်-စီစဉ်သည်။
- **ပရိတ်ကြီး ၁၁ သုတ်** ၃၀၀ ကျပ်
- **လူငယ်များအတွက် အခြေခံဗုဒ္ဓဘာသာ** ၃၀၀ ကျပ်
  ဦးဒင်မောင်ကြီး ရန်ကုန်တက္ကသိုလ်
- **ကမ္မာပတ်၍ ဘုရားရှာခြင်း** ၅၀၀၀ ကျပ်
  ဦးစိန်ထွန်း(မာမက-သုတေသီ)
- **ဗုဒ္ဓဘာသာ သံဃာ့ဂိုဏ်းကွဲများနှင့် ဂိုဏ်းကြီး ၉ ဂိုဏ်း** ၁၅၀၀ ကျပ်
  မာမက-သုတေသီ
- **သာသနာတော်သန့်ရှင်းရေးအဓိန့်ပြုနိတမိန်းများ** ၂၀၀၀ ကျပ်
  မာမက-သုတေသီ
- **ထိုင်း-မြန်မာ မီးရထားလမ်း** ၅၀၀၀ ကျပ်
  **ကိုယ်တွေ့ချွေးတပ်မှတ်တမ်း**
  လင်းယုန်သစ်လွင်
- **ဓမ္မဝိလာသ** ၃၀၀၀ ကျပ်
  လင်းယုန်သစ်လွင်
- **ဖက်ဆစ်တော်လှန်ရေး ပြည်သူ့ရဲဒေါင်ပြောက်ကျား** ၃၀၀၀ ကျပ်
  ရဲဘော်မြ
- **ဘုံဘဝမှာဖြင့်** ၈၀၀၀ ကျပ်
  သခင်တင်မြ

http://www.dhammadownload.com

- ပန်းရွေပြည် ဘုရားရှိခိုးပေါင်းချုပ် ၁၅၀၀ ကျပ်
- မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး ၅၀၀၀ ကျပ်
  ပထမ ငါးခုန်ဆရာတော်ဘုရားကြီး
- ရောဘတ် တီ ကီယိုဆာကီ၏
  'သူဌေးဖေဖေ' စီးရီး စီးပွားရေးပညာပေးစာအုပ်များ
  ညီညီနိုင် မြန်မာပြန်သည်။
- စကားပြေသဘောတရား စကားပြေအတတ်ပညာ ၃၀၀၀ ကျပ်
  မောင်ခင်မင်-ဓနုဖြူ
- မြန်မာတို့ဆိုရိုး စကားပုံအမျိုးမျိုး ၁၅၀၀ ကျပ်
  ဦးခင်မောင်ကြီး-ရန်ကုန်တက္ကသိုလ်
- မြန်မာသူရဲကောင်း ၃၀၀၀ ကျပ်
  သတင်းစာဆရာ ဦးသိမ်းမောင်
- မော်ဝိဆရာသိန်း သိမီခဲ့သော ရဟန်းရှင်လူပုဂ္ဂိုလ်ထူးများ ၂၀၀၀ ကျပ်
  ၅၈ ဦးသော ပုဂ္ဂိုလ်ကျော်တို့၏ စိတ်ဝင်စားဖွယ်ရာများ
- မေတ္တာရှင်မကလေးပေါ်လီယာနာ ၂၀၀၀ ကျပ်
  ထင်လင်း မြန်မာပြန်သည်။
- တစ်ကျွန်းစံ၏အပြန်လမ်း ၁၅၀၀ ကျပ်
  ထင်လင်း မြန်မာပြန်သည်။
- အဆိပ် ၁၂၀၀ ကျပ်
  ထင်လင်း မြန်မာပြန်သည်။
- ကမ္ဘာတွင်စာတင်ခဲ့သူ ၁၀၀ ၃၀၀၀ ကျပ်
  မြတ်ငွေးမောင်
- မပြောသောစကားကိုနားလည်ရေး ၂၀၀၀ ကျပ်
  ညီညီနိုင်- မြန်မာပြန်သည်။
- တကယ်လုပ်၍အဟုတ်ဖြစ်သူများ ၂၅၀၀ ကျပ်
  အာဆီယံနိုင်ငံများမှ စံပြပုဂ္ဂိုလ်များအကြောင်း

http://www.dhammadownload.com


ပန်းရွေပြည်စာအုပ်တိုက် အသစ်ထုတ်ဝေသည့် စာအုပ်များ

ပထမငါးခုန်ဆရာတော် နှင့် ဒုတိယမြစ်ကွေးဆရာတော် ပြုစုတော်မူသည့်

## မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး

အစအဆုံးတစ်အုပ်တည်း အခုရုပ် ဆိုက်ကြီး ၅၀၀၀ ကျပ်

မောင်ခင်မင်(ခနုဖြူ)

## စကားပြေသဘောတရား စကားပြေအတတ်ပညာ

ပဉ္စမအကြိမ် ၂၀၀၀ ကျပ်

ညီညီနိုင်

## သူဌေးတို့လျှောက်သောလမ်း

ROGER HAMILTON'S WINK AND GROW RICH

ဒုတိယအကြိမ် ၇၀၀ ကျပ်

မောင်ယဉ်နွယ်

## အသက်ရှည်ဆေးဖက်ဝင် နွယ် မြက် သစ်ပင်

ဒုတိယအကြိမ် ၁၅၀၀ ကျပ်

## လက်တွေ့အသုံးဝင် ရိုးရာဆေးပင်နှင့် ဆေးနည်းများ

ဒုတိယအကြိမ် ၁၅၀၀ ကျပ်

ပင်စိသိန်း

## အာရှ ၈ နိုင်ငံ ဟင်းလျာများ

ထိုင်း, အိန္ဒိယ, အင်ဒိုနီးရှား, ဝီယက်နမ်, မလေး-စင်ကာပူ, တရုတ်, ကိုရီးယား, ဂျပန်

ပထမအကြိမ် ၁၂၀၀ ကျပ်

မန္တလေး - ထွန်းဦးစာပေ, နဂါးစာပေ, ရာပြည့်စာပေ, ညီစာပေ

ရန်ကုန် - ပန်းရွေပြည်စာအုပ်တိုက် ဖုန်း-၀၉ ၅၁၈၁၇၁၅, ၀၁-၂၉၄၃၇၇

http://www.dhammadownload.com

# မှာကြားနိုင်သောစာအုပ်များ

- **ဓိနတ္ထပကာသနီ**
  ကျိုက်သဲလေးထပ်ဆရာတော်ဘုရားကြီး
- **စာတ်တော်ကြီးဆယ်ဘွဲ့ပေါင်းချုပ်**
  ဦးညြာဘာသ, ဦးပညာတိက္ခ, ဦးနန္ဒမေတ
- **ရွှေမင်ဆရာတော်ဘုရားကြီး၏ သြဝါဒ**
  **တရားတော်များ**
  ညိညိနိုင် ပုံဂ်သည်။
- **ဓမ္မပဒ အဆုံးအမများ-အင်္ဂလိပ်,မြန်မာ,ပါဠိ**
  ဦးခင်ဟောင်ကြီး ရန်ကုန်တက္ကသိုလ်-စီစဉ်သည်။
- **ပရိတ်ကြီး ၁၁ သုတ်**
- **လူငယ်များအတွက် အခြေခံဗုဒ္ဓဘာသာ**
  ဦးခင်ဟောင်ကြီး ရန်ကုန်တက္ကသိုလ်
- **ကမ္မာပတ်၍ ဘုရားရှာခြင်း**
  ဦးဗိန်ထွန်း(ဟာဖက-သုတေသီ)
- **ဗုဒ္ဓဘာသာ သံဃာ့ဂိုဏ်းကွဲများနှင့် ဂိုဏ်းကြီး**
  **၉ ဂိုဏ်း**
  ဟာဖက-သုတေသီ
- **သာသနာတော်သန့်ရှင်းရေးအဓိန့်ပြုနိတမိန်းများ**
  ဟာဖက-သုတေသီ
- **ထိုင်း-မြန်မာ မီးရထားလမ်း**
  **ကိုယ်တွေ့ချွေးတပ်မှတ်တမ်း**
  လင်းယုန်သစ်လွင်
- **ဓမ္မဝိလာသ**
  လင်းယုန်သစ်လွင်
- **ဖက်ဆစ်တော်လှန်ရေး**
  **ပြည်သူ့ရဲ့ခေါင်ပြောက်ကျား**
  ရဲဘော်မြ
- **ဘုံဘဝမှာဖြင့်**
  သခင်တင်မြ
- **ပန်းရွှေပြည် ဘုရားရှိခိုးပေါင်းချုပ်**
- **မဟာဗုဒ္ဓဝင်ဝတ္ထုတော်ကြီး**
  ပထမ ငါးခုန်ဆရာတော်ဘုရားကြီး
- **ရောဘတ် တီ ကီယိုဆာကီ၏**
  **'သူဌေးဖေဖေ' စီးရီး**
  **စီးပွားရေးပညာပေးစာအုပ်များ**
  ညိညိနိုင် မြန်မာပြန်သည်။
- **စကားပြေသဘောတရား**
  **စကားပြေအတတ်ပညာ**
  ဟောင်ခင်မင်-ဝန်ဖြူ
- **မြန်မာတို့ဆိုရိုး စကားပုံအမျိုးမျိုး**
  ဦးခင်ဟောင်ကြီး-ရန်ကုန်တက္ကသိုလ်
- **မြန်မာသူရဲကောင်း**
  သတင်းစာဆရာ ဦးသိမ်းဟောင်
- **မော်ဝိဆရာသိန်း သိမီခဲ့သော**
  **ရဟန်းရှင်လူပုဂ္ဂိုလ်ထူးများ**
  **၅၈ ဦးသော ပုဂ္ဂိုလ်ကျော်တို့၏ စိတ်ဝင်စားဖွယ်ရာများ**
- **မေတ္တာရှင်မကလေးပေါ်လီယာနာ**
  ထင်လင်း မြန်မာပြန်သည်။
- **တစ်ကျွန်းစံ၏အပြန်လမ်း**
  ထင်လင်း မြန်မာပြန်သည်။
- **အဆိပ်**
  ထင်လင်း မြန်မာပြန်သည်။
- **ကမ္ဘာတွင်စာတင်ခဲ့သူ ၁၀၀**
  မြတ်ငွေးဟောင်
- **မပြောသောစကားကိုနားလည်ရေး**
  ညိညိနိုင်- မြန်မာပြန်သည်။
- **တကယ်လုပ်၍အဟုတ်ဖြစ်သူများ**
  **အာဆီယံနိုင်ငံများမှ စံပြပုဂ္ဂိုလ်များအကြောင်း**
  ညိညိနိုင်-မြန်မာပြန်သည်။

http://www.dhammadownload.com

- မြစ်ကွေးဆရာတော်ကြီး၏အမှာနှင့်အတူ
- မေဏ္ဍကသူဌေးကြီးအကြောင်းနှင့် ဝိသာခါသူဌေးမကြီးအကြောင်းပါ အပြည့်စုံဆုံးမူ
- ရောင်စုံပုံတော်အခန်းဖွင့်များနှင့်အတူ
- စာမျက်နှာအညွှန်းများနှင့် သပ်ရပ်ခံ့ညားစွာ

# ဇနတ္ထပကာသနီကျမ်း

## ကိုးသဲလေးထပ်သရဏဂုံဘုရားကြီး

- ရှင်တော်မြတ်ဘုရား၏အကြောင်းထုပ္ပတ်ကို ခြေခြေမြစ်မြစ်သိလိုသူ တိုင်းအတွက် စာအုပ်ကြီး
- မြန်မာစကားပြေအရေးအသားပိုင်းမှာ စံပြုရသည့်စာအုပ်ကြီး
- ဘယ်အခန်းကပဲဖတ်ဖတ် စိတ်ဝင်စားစွာဆွဲဆောင်နိုင်စွမ်းရှိသည့် စာအုပ်ကြီး

~~ကန့်မိုး-၄၀၀၀ကျပ်~~

စာမူခွင့်ပြုချက် - ၇၂/၂၀၀၄(၁)